www.burmeseclassic.com

တိုကျို

မောင်ထွန်းသူ



TOKYO BAY

BY ANTHONY GREY

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မြနန္ဒာစာအုပ် - ၂၄ -

တိုကျို

မောင်ထွန်းသူ

TOKYO BAY

by Anthony Grey

[ထုတ်ဝေကာလ
၂၀၀၉၊ ဇူလိုင်လ]

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၆၁၀၄၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၅၉၀၄၁၉

◉

ထုတ်ဝေသူ – ဦးမြင့်ဦး (ရွှေကျေးစာပေ) (မြ ၀၉၁၀)၊ အမှတ်(၁၂၁)၊ ၃၄ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ– ဦးမြင့်ဦး (သိန်းသန်းဦးပုံနှိပ်တိုက်)၊ အမှတ်(၁၂၁)၊ ၃၄–လမ်း၊ ကျောက်တံတား။ ကွန်ပျူတာ–မြနန္ဒာ၊ မျက်နှာဖုံးပန်းချီ–ကျော်သောင်း။

◉

အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး –

၂၅၂.၄၈

ထွန်းသူ၊ မောင်

တိုကျို / မောင်ထွန်းသူ ။ – ရန်ကုန် ၊
ရွှေကျေးစာပေ၊ ၂၀၀၉။
၄၈၁–စာ၊ ၁၃.၁ × ၂၀.၈ စင်တီ။
စာမူအမည် –TOKYO BAY BY ANTHONY GREY
(၁) မောင်ထွန်းသူ–ဘာသာပြန်သူ
(၂) တိုကျို

ဖြန့်ချိရေး

မြနန္ဒာစာအုပ်တိုက် – အမှတ် ၁၄၅၊ ၃၆လမ်း။ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း–၇၀၁၀၃၁

မြန်မာပြန်သူ၏အမှာ

၁

'တိုကျို'ဟု အမည်ပေးထားသော ဤဝတ္ထု၊ **Toky Bay A Novel of Japan** သည် ၂၀၀၀–ခုနှစ်အတွင်းက ကျွန်တော့်လက်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၀၄–ခုနှစ်မှ ပြန်၍ရေတွက်မည်ဆိုပါက လေးနှစ်ပြည့်သွားခဲ့ပေပြီ။

ဤစာအုပ်ကို 'အမှတ်တရလက်ဆောင်'အဖြစ်သို့ ပေးခဲ့သူမှာ ကျွန်တော့်စာဖတ်ပရိသတ်တစ်ဦးဖြစ်သော 'ကိုဦးခင်'ဖြစ်သည်။ သူသည် အကောက်ခွန အရာရှိဟောင်းတစ်ဦးဖြစ်၍ အငြိမ်းစားယူပြီး နောက်ပိုင်းတွင် စင်္ကာပူနိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်နေရသူ တစ်ဦးဖြစ်၏။

၂

ကျွန်တော်သည် စာရေးဆရာ အင်္ဂလိပ်ရေး **Anthony Grey** ၏ဝတ္ထုများကို နှစ်သက်သူဖြစ်သည်။ ကျွန်တော် ပထမဆုံးဖတ်ခဲ့ဖူးသည့် သူ့စာအုပ်မှာ **Hostage In Peking** ဖြစ်သည်။ ထိုစာအုပ်သည် အင်္ဂလိပ်ရေး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်၍ အလွန်ဖတ်သင့် ဖတ်ထိုက်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ထို့နောက် ကျွန်တော့်လက်သို့ အင်္ဂလိပ်ရေး၏ စာအုပ်သုံးအုပ် ရောက်လာသည်။ ပထမစာအုပ်မှာ **A Man Alone** အမည်ရှိ ဝတ္ထုတိုများ စာအုပ်ဖြစ်သည်။ ဒုတိယစာအုပ်မှာ**Peking** ဖြစ်သည်။ နှစ်အုပ်စလုံးသည် ဝတ္ထုရှည်ကြီးဖြစ်၍ နှစ်အုပ်စလုံးပင် ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်နှင့်အထူးသင့်တော်သည့် စာအုပ်များပင်ဖြစ်ပါသည်။

ကျွန်တော်သည် ပထမဆုံးဘာသာပြန်လိုသည့် ဝတ္ထုမှာ 'ပီကင်း **Peking**' ဖြစ်သည်။ကျွန်တော်တို့လူမျိုးအတွက် သင်ခန်းစာကောင်းများ ရနိုင်လိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ယူဆသဖြင့် ဘာသာပြန်လိုခြင်းဖြစ်၏။ သို့သော်လည်း အကြောင်းအမျိုးမျိုး ရှိနေသဖြင့် ထိုစာအုပ်ကို အလွန်ဘာသာပြန်ချင်ပါလျက်နှင့် ဘေးဖယ်ထားခဲ့ရပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် **Saigon** ဝတ္ထုကြီးကို 'ဆိုင်ဂုံ' အမည်ဖြင့်ပင် ဘာသာပြန်ဖြစ်ခဲ့သည်။ ကျွန်တော် မမေ့နိုင်သေးပါ။ 'ဆိုင်ဂုံ'ကို ဘာသာပြန်စဉ်က ကျွန်တော့်အိမ်တွင် လျှပ်စစ်မီးမရှိသဖြင့် ဖယောင်းတိုင်မီးဖြင့် ဘာသာပြန်ခဲ့ရသည်။ တစ်ခါတစ်ရံ ဘက်ထရီမီးကို အစားထိုး၍ သုံးကြည့်သော်လည်း အဆင်မပြေပါ။ ဘက်ထရီကို အားပြည့်အောင် သွင်းမပေးလိုက်သဖြင့် မကြာခဏ ကသိကအောက်ဖြစ်ကာ စိတ်ညစ်စိတ်ရှုတ်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ 'ဆိုင်ဂုံ'သည် '၁၉၉၃'ခုနှစ်တွင် ဘဝတက္ကသိုလ်မှ ထွက်လာခဲ့သည်။ အားလုံး'ရှစ်တွဲ' ရှိ၍ ရှစ်တွဲစလုံးကို တစ်ချိန်တည်း တပြိုင်တည်း ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်များစွာဝမ်းသာခဲ့ရပါသည်။

ဤနေရာတွင် အလျဉ်းသင့်လာသဖြင့် 'ပီကင်း' အကြောင်းကို စာဖတ်ပရိသတ်အား အနည်းငယ်မျှ ပြောပြချင်မိပါသည်။ ပီကင်းသည် ဆိုင်ဂုံနှင့်အပြိုင် နာမည်ကြီးခဲ့သော ဝတ္ထုကြီးဖြစ်၏။ ဆိုင်ဂုံလိုပင် ဇာတ်လမ်း ဇာတ်အိမ် အလွန်ကြီးမားသော ဝတ္ထုကြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ခေတ်သစ်တရုတ်ပြည် ဖြစ်လာရေးအတွက် ၁၉၂၀–ခုနှစ်မှ ၁၉၈၀–ခုနှစ်အထိ နှစ်ပေါင်း ခြောက်ဆယ်ကျော်–ခုနှစ်ဆယ်နီးပါးမျှ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိနေသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး မုန်တိုင်းများကို ခုခံတိုက်ခိုက်ကာ ရုန်းကန်လှုပ်ရှားခဲ့ရ၏။ နှစ်ပေါင်း လေးဆယ်နီးပါးမျှ သွေးမြေကျခဲ့ရ၏။

ယင်းအဖြစ်များကိုပင် အချက်အလက်များနှင့် ပေါင်းစပ်ကာ ဇာတ်အိမ် တည်ထားခြင်းဖြစ်သည်။ ဇာတ်ကောင်များမှာလည်း မော်စီတုန်းနှင့်ချူအင်လိုင်းလို ပုဂ္ဂိုလ်ကြီးများသာမက ထိုစဉ်က တရုတ်နိုင်ငံ၏ အရေးအခင်းတွင် ပါဝင်စွက်ဖက် လှုပ်ရှားခဲ့ကြသော အနောက်နိုင်ငံများမှ ထင်ရှားသောပုဂ္ဂိုလ်များ ပါဝင်ခဲ့ကြသည်။ စာရေးဆရာ အင်သိုနီဂရေးသည် ယင်းပုဂ္ဂိုလ်ကြီးများအား သူစိတ်ကူးယဉ်ဖန်တီးထားသော ဇာတ်ကောင်များနှင့်ပေါင်းစပ်ကာ အဖြစ်မှန်အချက်အလက်များကို နောက်ခံထား၍ အသက်သွင်းထားခြင်း ဖြစ်လေသည်။

၃

ဤဝတ္ထု 'တိုကျို' **Tokyo Bay** သို့မဟုတ် 'တိုကျို'သည် အထီးကျန်နေထိုင်ရေးဟူသော 'တံခါးပိတ်ဝါဒ' ကျင့်သုံးနေသည့် ဂျပန်နှင့်အနောက်နိုင်ငံများကြား၌ ပေါ်ပေါက်လာခဲ့သည့် ပြိုင်ဆိုင်မှုကို မီးမောင်းထိုးပြထားခြင်း ဖြစ်သည်။ အထူးသဖြင့်

ပါးလ်ဟာဘား(ပုလဲဆိပ်ကမ်း)၊ နာဂါစကီးနှင့်ဟီရိုရှီးမား စသောမြို့ကြီးများ၏ နောက်ပိုင်းဖြစ်ရပ်များဆီသို့ ဦးတည်သွားရာ သမိုင်းလမ်းကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

အံ့ဩလွမ်းမောဖွယ်ရာ ကောင်းလှသည့် ထိုဖြစ်ရပ်များသည် ၁၈၅၃–ခုနှစ်၊ ဇူလိုင်လထဲတွင် စတင်ခဲ့ခြင်းဖြစ်၏။ ထိုနှစ် ထိုလထဲတွင် အမေရိကန်ပြည်ထောင်စု ရေတပ်မှ စစ်သင်္ဘောများသည် မြူနှင်းများကြားမှ ထိုးဖောက်ဖြတ်သန်းကာ ဂျပန်နိုင်ငံ၏ 'တိုကျိုပင်လယ်အော်' အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ဤသည်မှစ၍ အမေရိကန်နှင့်ဂျပန်နှစ်နိုင်ငံကြား သို့မဟုတ် အမေရိကန်နှင့်ဂျပန်အမျိုးသားနှစ်ရပ်ကြားတွင် စစ်ရေးကို ရှေ့ရှုစေနိုင်သည့် ပဋိပက္ခသည် သန္ဓေတည်လာခဲ့သည်။ ဤတွင် စိတ်ကူးယဉ်တတ်သော နယ်ဝူးအင်္ဂလန်ပြည်နယ်သား လူငယ်အရာရှိ မေရာဘက်အီဒင်သည် ဇာတ်ကောင်တစ်ကောင်အဖြစ် အသက်ဝင်လာသည်။

ထို့နောက် မင်းသားတာနာကာယိုရှီအို ဦးဆောင်သည့် ဂျပန်ဆာမူရိုင်းများ၊ အလွန်ချစ်စရာကောင်းပြီး လှပသော ဂျပန်ဂေရှာမယ်တိုကီဝါ စသည့် ဇာတ်ကောင်များနှင့်ဆုံတွေ့ကာ အံ့ဩထိတ်လန့်ဘွယ်ရာဖြစ်ရပ်များနှင့် ရင်ဆိုင်လာရသည်။ ဤသို့ဖြင့် 'တိုကျို' အမည်ရှိ ဤဝတ္ထုသည် စာရေးဆရာ အင်သိုနီဂရေး '**Anthony Grey**'၏ ထူးခြားသော လက်ရာကောင်းဝတ္ထုကြီးအဖြစ် အသက်ဝင်လာခဲ့ရလေသည်။

၄

အင်သိုနီဂရေးသည် ရိုက်တာသတင်းဌာနမှ နိုင်ငံခြားသတင်းထောက် အလုပ်ဖြင့် အရှေ့ဥရောပနှင့်တရုတ်နိုင်ငံများ၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်။ ထို့နောက် သူသည် စာရေးဆရာဘဝသို့ ကူးပြောင်းသွားသည်။ သူ၏ ပထမဆုံးစာအုပ်မှာ 'ပီကင်းမှ ဓားစာခံ' '**Hostage In Peking**' အမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။

သူရေးခဲ့သည့် စာအုပ်များမှာ ဆယ်အုပ်မျှ ရှိခဲ့ပြီဖြစ်၍ ယင်းတို့အထဲမှ 'ဆိုင်ဂုံ'နှင့် 'ပီကင်း'သည် အရောင်းရဆုံး စာအုပ်နှစ်အုပ်ပင် ဖြစ်လာသည်။ ထိုစာအုပ်နှစ်အုပ်မှာ ဥရောပနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများ၊ တောင်အာဖရိက၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံများ၌ များစွာလူဖတ်များကာ ထင်ရှားကျော်ကြားခဲ့သည်။ သူ့စာအုပ်များကို နိုင်ငံပေါင်းရှိ ဘာသာရပ်ပေါင်း ဆယ့်ငါးဘာသာဖြင့် ဘာသာပြန်ဆိုထားပြီးပြီ ဖြစ်သည်။

စာရေးဆရာ အင်သိုနီဂရေးသည် ဤဝတ္ထုကို 'ဖွင့်'ရာ၌ ၁၆၄၀–ခုနှစ် အတွင်းက နိုင်ငံခြားသာသနာပြုများအတွက် ထုတ်ပြန်ကြေညာခဲ့သည့် ဂျပန်တို့၏ အမိန့်ပြန်တမ်းမှ သုံးနှုန်းခဲ့သော စာပိုဒ်တစ်ပိုဒ်ဖြင့် စခဲ့သည်။ ထိုစာပိုဒ်မှာ . . .

www.burmeseclassic.com

www.burmeseclassic.com

အဖွင့်

သန်းခေါင်ယံ

၇ ရက်၊ ဇူလိုင်-၁၈၅၃

ခရီးပြင်းနှင်လာခဲ့ရ၍ အဆမတန် ပင်ပန်းမောဟိုက်လျက်ရှိသော ခြေမြန်တော် မြင်း၏ နံဘေးနှစ်ဖက်သည် အသက်ရှုလိုက်တိုင်း နိမ့်ချီတစ်ခါ မောင်းချီတစ်လှည့် ဖြစ်လျက်ရှိသည်။ မြင်း၏ကိုယ်မှ အစုလိုက်အပြုံလိုက်ထွက်လာနေသော အဖြူရောင် မြူးမြုပ်များသည် ဘေးတစ်ဖက် တစ်ချက်ဆီသို့ လွင့်စင်သွားနေကြသည်။ ယီဒိုမှ ရှိုးဂန်း[၁] ရဲတိုက်ကြီးရှေ့မျက်နှာစာ၌ တည်ရှိနေသော ကျူးကူးတံတားသုံးခုအနက် နောက်ဆုံးတံတားကို ကျော်ဖြတ်နေသည့် သံခမောက်ဆောင်း ဆာမူရိုင်း[၂] စစ်သည်တော် သည်မောဟိုက်လွန်း၍ သေအံ့မူးမူးဖြစ်နေသော မြင်း၏တင်ပါးအား သူ၏ဖိနပ်သံဆူး ဖြင့် အညှာအတာကင်းမဲ့စွာ ထိုးဆွပြီး ဇွတ်အတင်း ခရီးနှင်လျက်ရှိလေ၏။

‘ချိုကူရီဒါ’ ဟု မြင်း၏ ကျောပေါ်မှစစ်သည်က ခံတပ်အဲတွင်းဘက်ရှိ သံနှင့် ဖစ်သားဂိတ်တံခါးကြီးများဘေးမှ လုံကိုင်စစ်သည်အစောင့်များဆီသို့ လှမ်းအော် သည်။ ‘ကင်ကျူချိုကူရီဒါ’ ဟုနောက်တစ်ကြိမ် ထပ်အော်လိုက်ပြီး သူ၏နက်ပြာ ပြောင်စစ်သည်ကိမိုနိုဝတ်စုံအကျီလက်မောင်းအတွင်းမှ ရွှေကြိုးမျှင်မျှင်ကလေးနှင့်

၁။ Sho gun - တစ်ချိန်က သားစဉ်မြေးဆက်ရာထူးအရိုက်အရာကို ဆက်ခံပိုင်ခွင့်ရရှိထားသော ဂျပန်စစ်ဗိုလ်ချုပ်၊ ၁၈၆၇-၆၈ခု တော်လှန်ရေးခေတ်အထိ ဂျပန်နိုင်ငံ၏ အုပ်ချုပ်ရေးလောကတွင် ဘုရင်ခံများအဖြစ် တွင်ကျယ်လာခဲ့ဖူးသူများဖြစ်၍ နောက်ပိုင်းတွင် ကွယ်ပျောက်သွားသည်။

၂။ Samurai - အသက်ထပ် ဂုဏ်သိက္ခာကို တန်ဖိုးထားသော ဘူရှိုဒို (Bushio)စိတ်ဓါတ်ပိုင်ရှင် ရှေးခေတ်ဂျပန်စစ်သူရဲကောင်း၊ သူတို့သည် ဂျပန်နိုင်ငံတွင် မြေရှင်ပဒေသရာဇ် ခေတ်က များစွာတွင်ကျယ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ထားသော စာလိပ်ကလေးကိုယူ၍ သူ့ဦးခေါင်းအထက်မှ မြှောက်ကာ ဝှေ့ရမ်းပြလေသည်။

ကြီးမားသော သံခမောက်ကြီးများဆောင်း၍ သားရေနှင့် ဝါးချပ်တန်ဆာများဝတ်ထားသည့် မျက်နှာထားဆိုးဆိုးနှင့် အစောင့်စစ်သားများသည် သူတို့၏လှံကြီးများကိုမြှောက်ကာ ဆာမူရိုင်းဆီသို့ ခြိမ်းခြောက်သော အမူအရာဖြင့် လှမ်းကြည့်နေကြသည်။ သို့သော်လည်း အသက်ငယ်ရွယ်သေးသော ဆာမူရိုင်းထံမှ ထွက်ပေါ်လာသည့် အမိန့်အာဏာသံသည် လှံကိုင်စစ်သည်များအား တန့်ခနဲဖြစ်ကာ ရပ်သွားစေသည်။

သူပြောလိုက်သော စကားလုံးများသည် ဤနေရာမှ အနောက်တောင်ဘက် မိုင်သုံးရာအကွာရှိ ကျူးတိုး၌ တစ်သီးတစ်ခြား စံမြန်းနေထိုင်လျက်ရှိသော ဧကရာဇ်မင်းမြတ်ထံမှ အရေးကြီးသည့် သတင်းတစ်ခုယူဆောင်လာကြောင်း ဖော်ပြလိုက်သည်။ ဆာမူရိုင်းအား အနီးကပ်ကြည့်ရလိုက်သည့်အခါတွင်မှ ကင်းစောင့်စစ်သားတို့၏ မျက်လုံးများသည် ဆာမူရိုင်း၏ရာထူးအဆောင်အယောင်နှင့် အဆင့်ကိုဖော်ပြသော ခြောက်ထောင့်ပါသည့် ကြယ်ကိုသာမက သူ၏စစ်ယူနီဖောင်း 'ဂျင်ဘာအိုရီ' ပေါ်၌ တပ်ထားသည် နေတံဆိပ်ကိုပါ မြင်ကြရ၏။ ယင်းတံဆိပ်မှာ မျိုးရိုးဇာတိကိုဖော်ပြသော အမှတ်တံဆိပ်ဖြစ်၍ ယခုတပ်ဆင်ထားသောအမှတ်တံဆိပ်အရ သူတို့မြင်နေရသော ဆာမူရိုင်းသည် အမြင့်ဆုံးမျူးမတ်နွယ်ဝင်တစ်ဦးဖြစ်ကြောင်း သိရှိကြရလေ၏။

'ဟာယာကု'

မြင်းစီးသမားက စိတ်မရှည်တော့သည့်ပုံစံဖြင့် လှမ်းအော်သည်။ သူသည် မငြိမ်မသက်ဖြစ်နေသော သူ့မြင်း၏ဇက်ကြိုးကို ဆောင့်ဆွဲကာ အစောင့်တပ်သားများ ဖွင့်ပေးသော အလွန်လေးလံကြီးမားသည့် ဂိတ်တံခါးကြီးဆီသို့ နှင်လာသည်။ သူသည် မြင်းကို ခပ်သွက်သွက်နှင်လာရင်းက တံခါးကိုမြန်မြန်ဖွင့်ရန် အမိန့်ပေးနေခြင်းပေတည်း။

လူဝင်သာအောင် ဂိတ်တံခါးပွင့်သွားသည်နှင့်တပြိုင်နက် သူသည် မြင်းကိုနှင်၍ အတွင်းသို့ဝင်သည်။ ရဲတိုက်မျက်နှာစာရှိ မြေကွက်လပ်ကို ကျော်ဖြတ်သည်။ သူ့နေရာနှင့်သူရှိနေသော အစောင့်များကြားမှ ဖြတ်သွားသည်။ ခံတပ်၏ ပင်မဝင်ပေါက်သို့ ဦးတည်ထားသည့် ကျောက်လှေခါးခြေရင်းသို့ ရောက်သည်အထိ လက်ထဲမှစာလိပ်ကိုမြှောက်၍ မြှောက်၍ပြကာ အော်ဟစ်ပြောဆိုလျက်ရှိ၏။ လှေခါးခြေရင်းရောက်၍ သူမြင်းပေါ်မှ ခုန်ဆင်းလိုက်သည့်အခါ မြင်းသည် ခြေပစ်လက်ပစ် လဲကျသွားသည်။ မြင်း၏ပါးစပ်ထဲမှ သွေးများသည် အပြင်သို့ထွက်ကျလာသည်။ မြင်း၏တစ်ကိုယ်လုံးသည် ဆိုးဆိုးဆတ်ဆတ်တုန်ကာ အကြောဆွဲလျက်ရှိ၏။ အသက်မထွက်မီ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရခြင်းပေတည်း။

သို့သော်လည်း လူငယ်ဆာမူရိုင်းအမတ်သည် လှေခါးခြေရင်းတွင် ရပ်လည်းမရပ်။ သူ့မြင်းကိုလည်း လှည့်မကြည့်ပဲ ကျောက်လှေခါးအတိုင်း ပြေးတက်သွားသည်။ သူ့ကိမိုနိုခါးပတ်တွင် ချိတ်ထားသည့်ဓါးများသည် အပေါ်သို့ထိုးထွက်ကာ လှုပ်ရှားဝါယမ်းလျက်ရှိကြ၏။ သူသည် လက်ထဲမှစာလိပ်နှင့် စာလိပ်ပေါ်မှ ဧကရာဇ်ဘုရင်၏ ဂျိပ်တံဆိပ်ကို ကင်းတပ်အရာရှိအားပြသည်။ ကင်းတပ်ဗိုလ်ကလည်း သူ့အား ဂျက်ခြင်းပင် ဝင်ခွင့်ပြုလိုက်လေ၏။

လူငယ်ဆာမူရိုင်းအမတ်သည် ပြေးသည့်အခါပြေး၍ ခပ်သွက်သွက်လျှောက်သည့်အခါလျှောက်သည်။ ရွှေပြားများကပ်ထားသဖြင့် တပြောင်ပြောင်တလက်လက်ဖြစ်နေသော နံရံများကြားရှိ အခုံးမြင့်မြင့်ကြီးများဖြင့် တည်ဆောက်ထားသော စင်္ကြံများကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်လိုက်လာခဲ့သည်။ လှေခါးတစ်ခုအရောက်တွင် သူသည် လှေခါးထစ်များကို တစ်ထစ်ချင်းမတက်၊ သုံးထစ်စီကျော်၍ အပြေးအလွှားတက်သည်။ သူ့ဦးခေါင်း၏ အထက်ဘက်တွင် ရောင်စုံပန်းချီကားကြီးများရှိနေ၏။ ဝါးတောကြီးများ၊ ထင်းရှူးတောကြီးများနှင့် ဝဲပျံနေကြသော ဒဏ္ဍာရီဆန်ဆန်ငှက်များဖြစ်၏။ 'အပေါ်ဘက်ယက်မများနှင့် မျက်နှာကြက်များတွင်လည်း တခမ်းတနားပွမ်းမံခြယ်လှယ်ထားသော ပွန်းပန်းချီပုံများရှိသည်။ ဆာမူရိုင်းလူငယ်သည် ရွှေရောင်နှင့်အနက်ရောင်များရောစွက်ပြီး လှသည်ထက်လှအောင် ဖန်တီးထားသော ထိုပုံများကို တစ်ချက်ကလေးမျှပင် လှည့်မကြည့်နိုင်။ တစ်ခါတစ်ရံတွင် သူသည် တစ်ခဏမျှရပ်သည်။ ယူနီဖောင်းဝတ်လှံကိုင်အစောင့်စစ်သည်များအား သူသွားလိုသည့်နေရာ ဘယ်မှာရှိသည်ကို စုံစမ်းမေးမြန်းရန် ရပ်ခြင်းဖြစ်ပေသည်။

ရှိုးဂန်းကောင်စီခန်းမကြီး၏ ရွှေချထားသော တံခါးကြီးများဆီသို့ ချဉ်းကပ်သွားဖနေသော လူငယ်ဆာမူရိုင်းသည် သူ၏သံခမောက်ကိုချွတ်လိုက်သည်။ ကိမိုနိုအင်္ကျီလက်မောင်းပွပွကြီးထဲ၌ သွင်းထားသော စာလိပ်ကို နောက်တစ်ကြိမ် ဆွဲထုတ်လိုက်ပြီး ကောင်စီခန်းမအစောင့်အရာရှိအားပြ၍ သူ့ကိစ္စကိုရှင်းလင်းပြောပြပြန်သည်။ နောက်တစ်ခဏမျှကြာသောအခါ သူသည် သူ၏သားရေ ဖိနပ် အားချွတ်လိုက်ကာ သူ့အား လမ်းပြခေါ်ဆောင်သွားသူ၏ နောက်သို့ ဖိနပ်မပါပဲ လိုက်ပါသွားသည်။

မျက်လုံးအစုံတစ်ရာသည် အမောတကောနှင့်ဝင်လာသည့် သူ့အားစူးစူးစိုက်ကြည့်နေကြသည်။ ငြိမ်ဆိတ်၍ ကြည့်နေကြခြင်းဖြစ်၏။ သူတို့အားလုံးသည် လွန်လွန်ပင်းမင်းပြောင်လက်တောက်ပသော ဝတ်စုံများကိုဝတ်ဆင်ထားကြသည်။ 'ဒိုင်မျိုး'များဖြစ်ကြသည်။ သူတို့သည် ရှိုးဂန်းကိုယ်တိုင်ထိုင်နေသော စင်မြင့်ထက်၌ ထူး အနိမ့်အမြင့်လိုက်၍ ဒူးထောက်ပြီး ထိုင်နေကြသည်။ ဂျပန်နိုင်ငံ၏ ပြည်နယ်နှင့်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

အလိုက် အုပ်ချုပ်ရေးအာဏာကိုပိုင်စိုးကြသော ပဒေသရာဇ်မှူးမတ်များပေတည်း။

နှန်းတွင်းဝတ်စုံများဖြစ်သော ပခုံးကျပ်ကျပ် ဂျက်ကတ်အင်္ကျီများ၊ ပိုးသားဘောင်းဘီရှည်အပွကြီးများနှင့် အနက်ရောင်ယွန်းဘိုးနက်ဦးထုပ်ရှည်ကြီးများ ဝတ်ဆင်ထားသည့် ဒိုင်မျိုး များသည် တစ်ကိုယ်လုံး မသပ်မရပ်ဖြစ်ကာ ညစ်ပတ်ပေရေနေသော လူငယ်ဆာမူရိုင်းအမတ်အား အံ့အားသင့်ပြီး ကြည့်နေကြသည်။ သူ ဒူးထောက်ထိုင်လိုက်ပြီး သူ့နဖူးကိုကြမ်းပြင်နှင့်ထိသည်အထိ ဦးခေါင်းကိုညွှတ်၍ အရိုအသေပေးလိုက်သည့်အခါ ဒိုင်မျိုးများသည် ပြောင်နေအောင်ရိတ်ထားသော ဦးခေါင်းထိပ်နှင့် အလည်တွင်ခွေ၍ထုံးထားသော ဆံပင်များပေါ်၌ ချွေးနှင့်ဖုန် အလိမ်းလိမ်းကပ်နေသည်ကို မြင်ကြရသည်။

လူငယ်ဆာမူရိုင်းသည် လေးဘက်သွား၍ အရိုအသေမပေးမီ သူ့ခါးတွင်ချိတ်ထားသည့် ဓါးနှစ်လက်ကို ဖြုတ်ယူလိုက်သည်။ ဓါးနှစ်လက်လုံးကို ကြမ်းပေါ်၌ခင်းထားသော ဖျာပေါ်၌ချထားသော သူ့သံခမောက်ဘေးနားတွင်ကပ်၍ တရိုတသေချထားလိုက်၏။ ဓါးအိမ်များနှင့် ဓါးရိုးများမှာလည်း သူ၏အဝတ်အစားများကဲ့သို့ပင် စွတ်စိုလျက်ရှိပြီး ရွှံ့စက်များ ပေကျံလျက်ရှိလေသည်။

စင်မြင့်အလယ်တည့်တည့် အမြင့်ဆုံးနေရာ၌ ထိုင်လျက်ရှိသော ရှိုးဂန်းသည် ထုံထိုင်းထိုင်းအမူအရာဖြင့် ကြည့်လျက်ရှိ၏။ သူဝတ်ထားသည့် မီးခိုးရောင်ပိုးသားဝတ်စုံရှည်ကြီးကြောင့် သူ့ခြေထောက်များကို မမြင်ကြရပေ။ သူထိုင်နေပုံသည် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ထိုင်နေပုံမျိုးနှင့် တူလျက်ရှိသည်။ သူထိုင်နေပုံသည် တောင့်တောင့်မတ်မတ်ရှိသော်လည်း သူ၏ပိန်လှီလှီမျက်နှာသည် ဖြူယော်ယော်ဖျော့တော့တော့ဖြစ်လျက်ရှိသည်။ သူ့နဖူးတွင် စို့နေသော ချွေးများသည် တပြောင်ပြောင် တလက်လက်ဖြစ်လျက်ရှိ၏။ ဤချွေးများသည် ရှိုးဂန်းတွင်ကြီးမားသော ရောဂါဝေဒနာတစ်ခုခု စွဲကပ်နေသည်ဟု ယူဆဖွယ်ရာရှိပေ၏။

ရုတ်တရက် အသက်ကိုမှ မှန်မှန်မရှူနိုင်လောက်အောင် ပင်ပန်းမောဟိုက်လျက်ရှိသော သတင်းပို့ခြေမြန်တော်တစ်ဦးရောက်လာခြင်းသည် ရှိုးဂန်းအဖို့ ထိတ်လန့်ဖွယ်ရာဖြစ်လျက်ရှိ၏။ သူ၏မျက်လုံးများသည် ထိတ်လန့်အံ့သြသည့် အရိပ်အငွေ့များကို ဖော်ပြလျက်ရှိသည်။ သို့သော်လည်း သူသည် သူ၏အခြေပျက်မှုကို လျှင်မြန်စွာပြန်လည်တည်ငြိမ်သွားအောင် ထိန်းသည်။ သူ့ဦးခေါင်းသည် မသိမသာကလေး လှုပ်ရှားသွားသည်။ ဤလှုပ်ရှားမှုကြောင့် စင်မြင့်အောက်မှ အရာရှိကြီးတစ်ဦးသည် ထိုင်နေရာမှ ထရပ်လိုက်ပြီး ရှိုးဂန်းဘက်သို့ ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။ သူသည် ရှေ့သို့တစ်လှမ်းနှစ်လှမ်းမျှတိုးကာ နောက်တစ်ကြိမ်ဦးညွှတ်၍ အရိုအသေ

ပေးလိုက်ပြန်၏။ ထို့နောက် ဆာမူရိုင်းလူငယ်ဘက်လှည့်၍ သက်တောင့်သက်သာဖြစ်အောင် နေရာပြင်ထိုင်ရန်နှင့် အကြောင်းစုံကို ကိုယ်တိုင်ရှင်းပြရန် ကိုယ်နှုတ်အမူအရာဖြင့်ပြသည်။

"ရှိုးဂန်းအရှင် ကျွန်တော်မျိုးဟာ ကူမာတိုရီနယ်က ကာဂိုမျိုးနွယ်ဝင်မင်းသားတာနာကာယိုရှီအို ဖြစ်ပါတယ် "ဟုဆာမူရိုင်းလူငယ်ကပြောသည်။ 'ကျို့တိုမှာ စံမြန်းနေတဲ့ ဧကရာဇ်ဘုရင်အရှင်မင်းမြတ်က အရှင့်ဆီကို အလွန်စိုးရိမ်ဖွယ်ကောင်းပြီးမြင်မတန်အရေးကြီးတဲ့ သတင်းတစ်ခု ပို့ပေးဖို့ ကျွန်တော်မျိုးကို ယုံကြည်စိတ်ချစွာနဲ့ လွှဲအပ်ခဲ့ပါတယ်....ခင်ဗျာ "

သူသည် ပြောပြောဆိုဆို စကားကိုဖြတ်၍ရပ်ကာ သူ့ အင်္ကျီလက်မောင်းအတွင်းမှစာလိပ်ကို ဆွဲထုတ်သည်။ ရှိုးဂန်းဘက်သို့ ဦးခေါင်းကို တအားညွှတ်၍ အရိုအသေပေးသည်။ သတင်းစာချွန်လွှာကို ဆံပင်များဆွတ်ဆွတ်ဖြူနေပြီသော သူ့ရှေ့မှအရာရှိကြီးဘက်ဦးညွှတ်ပြီးလှမ်းပေးသည်။ အရာရှိကြီးကလည်း ဦးခေါင်းကိုညွှတ်၍ တရိုတသေတလေးတစား အမူအရာဖြင့် စာချွန်လွှာကို လက်ခံသည်။

"အလုပ်ကတော့ဖြင့် ခါတိုင်းနဲ့မတူပဲ တစ်မူထူးခြားနေပါတယ်.. အို တာနာကာ-ဆန် "ဟု အရာရှိကြီးကပြောသည်။ "အဆင့်အတန်း အလွန်မြင့်မားပြီး မြင့်မြတ်တဲ့ပုဂ္ဂိုလ်တစ်ဦးက သာမန်ခြေမြန်တော်တပ်သား တစ်ယောက်အဖြစ် တာဝန်ယူတယ်ဆိုတာဟာ အံ့သြစရာဖြစ်နေပါတယ်.....ဘာ့ကြောင့် ဒီတာဝန်ကို ရွေးချယ်လက်ခံရပါသလဲ "

"ကျွန်တော်မျိုးအနေနဲ့ သတင်းရဲ့အရေးကြီးမှုကိုကြည့်ပြီး ဒီလိုမြင့်မြတ်တဲ့တာဝန်ကို ကိုယ်တိုင်တာဝန်ယူခဲ့ခြင်းဖြစ်ပါတယ် ....ခင်ဗျာ "ဟု တာနာကာကအသက်ကိုပင် ဖြောင့်ဖြောင့်မရှူနိုင်ပဲ ပြန်ပြောသည်။ " ကျွန်တော်မျိုးဟာ အခြားခြေမြန်တော်များနဲ့အတူ ထွက်လာခဲ့တာပါ ....ခင်ဗျာ။ တခြားလူတွေကတော့ ခရီးဆက်နိုင်လောက်အောင် ပင်ပန်းနွမ်းနယ်ပြီး သူတို့စီးလာတဲ့မြင်းတွေသေကုန်လို့ကျန်ရစ်ခဲ့ကြတာပါ။ ကျွန်တော်မျိုးကတော့ အရှိန်ကို မြန်နိုင်သမျှမြန်အောင် ခရီးနှင်လာတဲ့အတွက် အခုလို ဒီကိုဆိုက်ရောက်လာရတာပါ....."

"အခုလိုဆိုရင်တော့လည်း ရှင်းသွားပါပြီ "ဟုပြောကာ အရာရှိအဖိုးအိုသည် ရှိုးဂန်းဘက်သို့ ဖြည်းဖြည်းချင်းပြန်လှည့်သည်။ ဆာမူရိုင်းလူငယ်သည် နေးကွေးလေးလံလွန်းလှသော အဖိုးအို၏ အပြုအမူကိုကြည့်ကာ သည်းမခံနိုင်ဖြစ်လာသည်။

"အရှင်မြတ်. . . .ခင်ဗျား၊ ပြင်ပကမ္ဘာက နိုင်ငံခြားသားလူရိုင်းအများအပြားစီးသယ်ဆောင်လာတဲ့ သင်္ဘောနက်တပ်စုတစ်စု ယီဒိုဆိပ်ကမ်းကို ဆိုက်ရောက်လာ

www.burmeseclassic.com

ပါတယ် "ဟု သူ့ရင်ထဲ၌ ရှိနေသည့် စကားများကို အန်ထုတ်လိုက်သည်။ ဤကြား ထဲမှပင် သူ၏ရှေ့အလောတကြီးပြုလိုက်မိသည့် အပြုအမူကိုပြန်၍ သတိထားမိသဖြင့် အချိန်မီ ရှီးဂန်းဘက်သို့ ဦးညွှတ်လိုက်သည်။

"အလွန်စိုးရိမ်စရာကောင်းတဲ့ အန္တရာယ်ဟာ ရှိနေပါတယ်.....၊ သင်္ဘောတွေ ဟာ အင်အားအလွန်ကြီးမားတဲ့ အမြောက်တွေနဲ့ စစ်သားအများအပြားကို တင်လာ ပါတယ်.....၊ ပင်လယ်သမုဒ္ဒရာထဲက ရေတွေကို ဘီးကြီးတွေက တအားမွှေ့ပြီး အဖြူရောင်လှိုင်းလုံးဖွေးဖွေးကြီးတွေ ဖြစ်သွားအောင် လုပ်နိုင်တဲ့အတွက် အခုလိုရောက် လာတာပါ.....၊ သူတို့ရဲ့သင်္ဘောကြီးတွေဟာ အလွန်ကြီးတဲ့လေကိုတောင် အန်တုပြီး ရွက်လွှင့်ခုတ်မောင်းနိုင်ပါတယ်...ခင်ဗျာ"

သူသည် နောက်တစ်ကြိမ် စကားကိုဖြတ်၍ရပ်ထားလိုက်ပြီး အသက်ကိုဝအောင် ရှူလိုက်သည်။ သူသည် 'ဂေ–ဂျင်း' ဟူသော ကဲ့ရဲ့ရှုတ်ချသည့်စကားကို ကဲ့ရဲ့ ရှုတ်ချသည့် လေသံဖြင့် ပြောခဲ့ခြင်းဖြစ်၏။ ဂေ–ဂျင်း ၏အဓိပ္ပါယ်မှာ "ပြင်ပနိုင်ငံ သားလူရိုင်းများ" ဟုဖြစ်သည်။ ထိုစကားကို နောက်တစ်ကြိမ် ထပ်ပြောသည့်အခါ သူ့မျက်လုံးများသည် အရောင်တလက်လက် ထွက်လာသည်။

"ဂေ–ဂျင်း တွေဟာ အားလုံးက အမေရိကန်တွေပါ။ တချို့က အမည်းရောင် ဘီလူးကြီးတွေပါ။ သူတို့ဟာ ဆတ်ဆုမာမြစ်လက်တက်ထဲက ကူရှူးကျွန်းစုအတိုင်း အနောက်တောင်ဘက်ကမ်းခြေကို တက်လာကြပါတယ်။ သူတို့ကြည့်ရတာ အနိုင်ယူ မယ့်သဘောရှိပါတယ်။ ခရီးကို အမြန်နှင်နေတာဆိုတော့ ယီဒိုပင်လယ်ကွေ့ထဲကို ချက်ခြင်းရောက်လာလိမ့်မယ်လို့ ယူဆရပါတယ်"

စုဝေးရောက်ရှိနေကြသော ဒိုင်မျိုးများထဲမှ မသဲမကွဲရေရွတ်သံများနှင့် သက်ပြင်း ချသံများကို ကြားကြရ၏။ သို့သော်လည်း သူတို့သည် ချက်ချင်းပင် ပြန်လည် တိတ်ဆိတ်သွားကြသည်။ ရှီးဂန်းဆီသို့ ရောက်သွားသော အရာရှိကြီးကိုသာ မျက်ခြည် မပြတ်ကြည့်နေကြသည်။ သူသည် စာလိပ်ကို ဖြည်လိုက်ပြီး ရှီးဂန်းဘက်သို့ ဦးခေါင်း ကိုညွှတ်ကာ အရိုအသေပေးလိုက်သည်။ ခန်းမထဲတွင် အလွန်အမင်း ပြန်လည်ငြိမ် ဆိတ်သွားသည်။ အားလုံးသည် မျှော်လင့်ချက်ကြီးစွာဖြင့် နားစွင့်နေကြလေသည်။

"ပြင်ပကမ္ဘာမှ အင်အားအလွန်ကြီးမားသော သင်္ဘောကြီးများသည် လက်နက် ကိုင်တိရစ္ဆာန်ကြီးများကို တင်ဆောင်၍ ယီဒိုဘက်သို့ ချဉ်းကပ်လာနေကြပြီ"ဟု အရာ ရှိကြီးက ဧကရာဇ်မင်းပေးပို့လိုက်သော သတင်းစာချွန်လွှာကို ခန်းမထဲရှိ လူအများ ကြားလောက်အောင် ကျယ်လောင်စွာ အော်ဖတ်ပြသည်။ သူ့အသံသည် ထိတ်လန့် အံ့သြခြင်းကို ဖေါ်ပြလျက်ရှိ၏။ "သူတို့၏ဦးတည်ချက်သည် မြင့်မြတ်လှစွာသော

နိပွန်နိုင်ငံ၏ မြေပေါ်ကို အင်အားသုံး၍ ကျူးကျော်ရန်ဖြစ်သည်မှာ သံသယရှိဖွယ်ရာ မလိုပေ....။ အရိုင်းသတ္တဝါကြီးများသည် ယီဒိုရဲတိုက်၌ ဧကရာဇ်ဘုရင်မင်းမြတ် ဖြစ်နေတော်မူလျက်ရှိသည်ဟု ခိုင်မာစွာ ယုံကြည်လျက်ရှိကြပေသည်။ သူတို့အား အမြင်မှန် ရှိအောင် လုပ်နိုင်မည့်နည်းလမ်းများ ရှိလိမ့်မည်ဟု မျှော်လင့်၍ ရလိမ့်မည်မဟုတ်ပေ။ ဂျပန်နိုင်ငံမှ ယုတ်မာဆိုးညစ်သော တိရစ္ဆာန်များအား နားလည်မှုရှိလာအောင် လုပ်ရမည့် တာဝန်သည် သင်၏လက်တွင်း၌ လုံးဝဟည်မှီနေသည်။ ယခုကဲ့သို့ တစ်မျိုးသားလုံး အန္တရာယ်နှင့်ရင်ဆိုင်နေရချိန်တွင် ကျွန်ုပ်တို့၏ အထွတ်အမြတ်ပြုရာ နိုင်ငံနှင့်နိုင်ငံသား များ၊ ပြည်သူတို့အား အကာအကွယ်ပေးရန် အထူးလိုအပ်လှပေ၏။ ကျွန်ုပ်တို့နိုင်ငံနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံမှုရှိနေအောင် ထက်သန်ပြင်းပြသော စိတ်ဖြင့် ဆုတောင်းဆောင်ရွက်သွားကြရန်လည်း အထူးလိုအပ်ပေလိမ့်မည်။"

မျက်နှာဖြူဖတ်ဖြူရော်နှင့် တစ်ကိုယ်လုံးတုန်ယင်နေသော အရာရှိကြီးသည် စာလိပ်ကို ပြန်လိပ်လိုက်ပြီး ရှီးဂန်းဆီသို့ ဦးခေါင်းညွှတ်၍ အရိုအသေပေးသည်။ ထို့နောက် ရှီးဂန်းဆီသို့ တစ်ချက်မျှဝေ့ကြည့်လိုက်ပြီး "အခုကြားလိုက်ရတဲ့ သတင်း လွှာမှာ ကျွန်တော်မျိုးတို့ မျှော်လင့်ထားတဲ့အတိုင်း ဘုန်းတော်ကြီးမြတ်တော်မူလှသော 'ဧကရာဇ်မင်းမြတ်' ရဲ့ ကိုယ်ပိုင်တံဆိပ်တော်ကို ချိတ်တံဆိပ်ခပ်နှိပ်ထားတာ တွေ့ရ ပါတယ်...အရှင်" ဟုပြောသည်။

ဒိုင်မျိုးများ၏ကြားတွင် တင်းမာသော အခြေအနေတစ်ရပ် တည်ရှိလာသဖြင့် စက္ကန့်ပေါင်းများစွာ ကြာသည်အထိ တိတ်ဆိတ်လျက်ရှိ၏။ သူတို့ထဲမှ တစ်ဦး တစ်ယောက်မျှ လှုပ်ရှားခြင်းလည်းမရှိ၊ စကားလည်းမပြော...၊ ထို့နောက် ရှီးဂန်းသည် သတင်းပို့သူ သံတော်ဆင့်လုလင်ယဘက်သို့လှည့်၍ မသိမသာကလေး ခေါင်းဆတ်ပြ သည်။ ဆာမူရိုင်းလုလင်ယသည် သူ့ဓါးများနှင့် သံခမောက်ကို ကောက်ယူပြီး ဦးခေါင်းကို ငုံ့၍ တရိုတသေ တလေးတစား နောက်ပြန်ဆုတ်ကာ ခန်းမတွင်းမှ ထွက်ခွာသွား လေသည်။ သူထွက်လာ၍ တံခါးချပ်ကြီးများကို ပိတ်နေစဉ်အတွင်း ဒေါသူပုန်ထလျက် ရှိသော စကားပြောသံတစ်သံသည် တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး ထိုးထွက်လာသည်ကို ယူကြားလိုက်ရလေ၏။

"ဂျို–အီ–ဂေ–ဂျင်း၊ ဂျို–အီ–ဂေ–ဂျင်း...လူရိုင်းတွေကို မောင်းထုတ်ပစ်'

ချက်ခြင်းလိုလိုပင် ထိုအသံ၏ နောက်မှ အခြားသူများ၏ အော်သံကို ကြားရ သည်။ ခန်းမထဲတွင် ဒေါသတကြီးအော်နေသော သံပြိုင်အော်သံများ " ဂျို–အီ– ဂေ–ဂျင်း.... ဂျို–အီ–ဂေ–ဂျင်း.... ဂျို–အီ–ဂေ–ဂျင်း "

တစ်ခဏမျှရပ်၍ အသံများကို နားထောင်နေသော မင်းသားတာနာကာသည်

www.burmeseclassic.com

www.burmeseclassic.com

သူ၏ခါးနှစ်လက်အား သူ၏ကီမိုနိုခါးစည်းအတွင်းသို့ ထိုးထည့်လိုက်ပြီး သံခမောက် ကိုခေါင်းတွင်ဆောင်းလိုက်သည်။ စောစောက သူချွတ်ထားပစ်ခဲ့ရသော သားရေ ဇိုရီ အတွင်းသို့ သူ့ခြေထောက်များကို ထိုးသွင်းလိုက်ပြီး နောက်သို့လှည့်ထိုင်လိုက်သည်။ စောစောက သူဝင်လာခဲ့သော ရဲတိုက်ဝင်ပေါက်ဆီသို့ လျှင်မြန်စွာ လျှောက်လာ ခဲ့လေ၏။

1

မမြင်ရသော ဂျပန်ပင်လယ်ကမ်းရိုးတန်း၏အပေါ်ဘက် အဆမတန် အလှမ်းဝေး လှသောကြယ်များဖြင့် လင်းနေသည့် အမှောင်ထုကြီးအတွင်းမှ ထူးဆန်းသော ကန့်တော့ပုံသဏ္ဌာန်ရှိသည့် အဖြူရောင်အလင်းတန်းတစ်ခုသည် ရုတ်တရက် ဘွားခနဲ ပေါ်လာသည်။ အမေရိကန်ပြည်ထောင်စု ရေတပ်မတော် စစ်သင်္ဘော **ယူအက်စ်အက်စ် ဆတ်စ်ကွီဟန်နာ** မှ ဒု–ဗိုလ်ရောဘတ်အီဒင်သည် အရာရှိများအတွက် သီးသန့် လုပ်ပေးထားသော ကုန်းပတ်ခန်းမှနေ၍ ထိုအလင်းရောင်ကို စောင့်ကြည့်လျက်ရှိ၏။ အီဒင်အဖို့တော့ လင်းလက်တောက်ပနေသော အလင်းရောင်သည် ပစိဖိတ်သမုဒ္ဒရာ ကြီး၏အောက် အလွန်နက်ရှိုင်းသော နေရာတစ်နေရာမှ ကြိုတင်အချက်ပြခြင်းမရှိပဲ တိတ်တဆိတ်ရေပေါ်သို့ တက်လာခြင်းဖြစ်သည်ဟု ထင်မှတ်ရတော့မလိုဖြစ်နေသည်၊ သူသည် သူရဲလိုလို နဂါးသဘာဝလိုလို ထင်ဘွယ်ရာရှိနေသော ထိုအရာအား စိတ်ဝင် စားခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြင့် တအံ့တသြကြည့်နေသည်။ သူ့မျက်လုံးအစုံသည် ထိုအရာပေါ်မှ လွှဲဖယ်၍မရ။

သူ့အမြင်တွင် တောက်ပလွန်းလှသော ကန့်တော့ပုံအလင်းတန်းသည် ကောင်းကင် သို့အမြင့်နှစ်မိုင်အထိတက်၍ ဝဲပျံနေသည်ဟုထင်ရ၏။ ထိုအရာ၏အောက်တွင် ပိတ် ထားသောကမ်းရိုးတန်းသည် တည်ရှိနေသည်။ ထိုကမ်းရိုးတန်းနှင့် တဆက်တည်း တည်ရှိနေသော ကုန်းမြေသည် လှို့ဝှက်လွန်းလှပေသည်။ ထိုမြေဆီသို့ ဦးတည်ပြီး ရပ်နေသော ဘေးတစ်ဖက်တစ်ချက်တွင် လော့တက်ထိန်းဘီးများ တပ်ထားသည့် စစ်သင်္ဘောသည် အမှောင်ထုထဲတွင် ငြိမ်ဆိတ်လျက်ရှိ၏။ ဒု–ဗိုလ်အီဒင်သည် အရာရှိ ကုန်းပတ်၏ သံလက်ရန်းများဘေးတွင် တစ်ယောက်တည်း ရပ်နေခြင်းဖြစ်သည်။ သင်္ဘော၏ဘေးဘက်ရှိ လော့တက်များသည် မှန်မှန်လည်ပတ်လျက်ရှိလေရာ တိတ်· ဒိတ်သောည၏ အမှောင်ထုအတွင်းတွင် ထိုအသံသာလျှင် တစ်သံတည်း ထွက_ပေါ်လာလျက်ရှိလေ၏။

သူကြည့်နေစဉ်အတွင်းမှာပင် ရုပ်လွှာသည် သူ့စိတ်ကို ညို့ယူဖမ်းစားထားသလို ဖြစ်လာသည်။ ကျိုးကြောင်းမဆီလျော်သော ယုတ္တိမတန်သော အံ့သြစရာအတွေးတစ်ခု

ညီ သူ့စိတ်အာရုံတွင် ဖျတ်ခနဲဝင်လာသည်။ ယခု သူမြင်နေရသော အရာသည် ဂါကူးအာရုံတွင် ထင်ဟပ်လာသည့် အမြင်တစ်ခုလေလား . . . ၊ ကောင်းကင်နှင့် ပြကြီးကြား အလယ်တည့်တည့်တွင် ရပ်တည်နေသော ပိရမစ်ပုံနှင့်တူလှသော ထို လင်းတန်းအရာဝတ္ထုသည် သူ၏ပင်ကိုယ်သဘာဝအလင်းရောင်ဖြင့် ရှင်သန်တည်ရှိ နေသည်ဟု ယူဆဖွယ်ရာရှိ၏။

သူမြင်တွေ့နေရသော အရာသည် အံ့ဖွယ်သူရဲ တူးကဲလွန်းလှ၏။ သူ မယုံကြည် ဟုသည့် ဘုရားသခင်က တန်ခိုးဣဒ္ဓိပတ်ဖြင့် ဖန်ဆင်းထားသော အရာတစ်ခုများ ဖြစ်နေလေသလား . . .။ လူသားတို့အပေါ်၌ ကရုဏာထားတတ်သော မေတ္တာတရား ထားတတ်သော လူ့လောက၏ ဖန်ဆင်းတော်မူသော ဘုရားသခင်အပေါ် မယုံကြည်မှု နှင့် ပစ်ပယ်မှုတို့ကြောင့် သူ့အပေါ်အမျက်ရှကာ ဤအရာကို ပြနေလေသလား...၊ သူ့စိတ်တွင် ရိုင်းစိုင်းကြမ်းတမ်းသည့် ထိုအတွေးမျိုးဝင်နေသော်လည်း အလိုလိုဖြစ်ပေါ် လာသည့် စိတ်၏ထင်ဟပ်မှုတစ်ခုက သူ့အား သူ့အကြည့်ကို အောက်သို့နှိမ့်ချလိုက် ရန်တွန်းအားပေးလျက်ရှိသည်။ သူသည် သင်္ဘောလက်ရန်းအနီးတွင် မလှုပ်မရှက် ပေက်၍ရပ်နေရာမှ သူ့ဦးခေါင်းကိုအနည်းငယ်မျှငုံ့လိုက်၏။ ဘာကြောင့် ထိုကဲ့သို့ လုပ်မိသည်ကိုကား သူမသိ။

ဒု–ဗိုလ်ရောဘတ်အီဒင်သည် အရပ်အမြင့် ခြောက်ပေရှိ၍ အသက်မှာ နှစ်ဆယ့် လေးနှစ်မျှသာ ရှိပေသေးသည်။ ကိုယ်လုံးကိုယ်ထည်မှာ တောင့်တင်းဖြောင့်စင်း၍ အားကစားသမားပုံမျိုး ပေါ်လွင်လျက်ရှိ၏။ စစ်အရာရှိများ ဝတ်ဆင်သည့် ဖရော့ကုတ် အကျီပေါ်တွင် တပ်ဆင်ထားသည့် ရွှေရောင်ပန်းပွားများသည် သူ့အရပ်အမောင်း၊ ကိုယ်ခန္ဓာတို့နှင့် လိုက်ဖက်ညီနေပေသည်။ သူ့ပခုံးများသည် ကြီးမားကျယ်ပြန့်လှသည် ဖြစ်ရာ ဝတ်ဆင်ထားသည့် နက်ပြာရောင်စစ်ကုတ်အကျီနှင့် များစွာအဆင်ပြေလှ ပေသည်။

ဗိုလ်အီဒင်၏ ဘယ်ဖက်လက်သည် သူ့ခါးတွင် ချိတ်ထားသည့် ဓါးရှည်၏ဓါးရိုး ကိုဆုပ်ကိုင်ထားသည်။ ဖျတ်လတ်တက်ကြွသော အမူအရာနှင့် စူးရှသောမျက်လုံးအစုံ သည် ကာယနှင့်ပတ်သက်၍ မည်သည့် စိန်ခေါ်မှုမျိုးကိုမဆို လက်ခံရန် အဆင်သင့်ရှိ သည်ဟု ပြောနေသည့်နှယ်ရှိသည်။ သူ၏ခေါင်းပေါ်တွင် အပြာရောင် ကက်ဦးထုပ် ဆောင်းထားသဖြင့် မဲနက်သောဆံပင်များသည် ဦးထုပ်အောက်တွင် ပုန်းအောင်း နေသည်။ ရာသီဥတုဒဏ်ခံထားရ၍ ညိုမောင်းမောင်းဖြစ်နေသော အသားအရေသည် အင်္ဂလိုဘက်ဆွန် လူမျိုးတစ်ယောက်ဖြစ်ပါသည်ဟု သက်သေထူလျက်ရှိလေသည်။

သူ၏ချောမောလှပသော မျက်နှာသည် ငေါထွက်နေသော ပါးရိုးများနှင့်ကျဉ်းမြောင်း

www.burmeseclassic.com

www.burmeseclassic.com

သော မျက်လုံးများကြောင့် အဆင်မပြေသလို ဖြစ်လျက်ရှိသည်။ ယင်းလက္ခဏာရပ်နှစ်ရပ်သည် မြောက်အမေရိကန်အင်ဒီးယန်းသွေးနှင့် ရောစပ်မှုကို ဖုံးဖိ၍မရနိုင်အောင် ဖော်ပြလျက်ရှိကြသည်။ ထို့အပြင်လည်း သူသည် နယူးအင်္ဂလန်ပြည်နယ်တွင် ရှေ့ဦးပထမဆုံး အခြေစိုက်ခဲ့ကြသူများနှင့်လည်း သွေးမကင်းကြောင်း သူ့ရုပ်ရည်က ဖော်ပြလျက်ရှိ၏။ တကယ်တော့ နယူးအင်္ဂလန်ပြည်နယ်၌ ပထမဆုံးခြေချခဲ့သူများတွင် သူ၏ဘိုးဘေးဘီဘင်များ ပါခဲ့သည်မဟုတ်ပါလား...။

သူ့မျက်နှာထားသည် ကြမ်းတမ်းခက်ထန်သောအသွင်ကို ဆောင်နေရုံမျှမက အများအားဖြင့် တွေတွေငေးငေးရှိနေတတ်၏။ အလွန်တည်ငြိမ်ပြီး ပြုံးခဲ ရယ်ခဲသူဖြစ်၏။ ထို့ကြောင့်လည်း သူ့လက်အောက်မှ လူကောင်ထွားထွား အမြောက်တပ်သားများသည် သူ့ထံမှ အမိန့်ပေးသံကြားရသည့်အခါ အံချိန်ကြာမြင့်အောင် မလုပ်ရဲ။ အမြန်ဆုံးပြီးမြောက်အောင် အကောင်အထည် ဖော်ပေးလေ့ရှိကြသည်။

ဗိုလ်အင်ဒီသည် မတ်တပ်ရပ်ကာ ဦးခေါင်းကို ငုံ့ထားဆဲဖြစ်၏။ ယင်းကဲ့သို့လုပ်ခြင်းမှာ သူငယ်စဉ်ကလေးဘဝက သင်ကြားခဲ့ရသလို ဘုရားသခင်ထံ၌ ဆုတောင်းနေခြင်းမဟုတ်။ ထိုစဉ်တုန်းကတော့ သူသည် လောင်းအိုင်လင်ဆောင်းနှင့် မိုင်အနည်းငယ်မျှကွာ၍ ကွန်နက်တီးကပ်ပြည်နယ် အရှေ့ပိုင်းတောအုပ်များ ထူထပ်ရာ အမြင့်ပိုင်းရှိ မြို့ငယ်လေးတစ်မြို့၌ နေထိုင်ခဲ့ရ၏။ မိရိုးဖလာထုံးတမ်းစဉ်လာအရ ခရစ်ယာန်ဘာသာဝင်အဖြစ် သွတ်သွင်းခံခဲ့ရသည့်အခါ ဆုတောင်းပုံဆုတောင်းနည်းမျိုးစုံကို သင်ယူခဲ့ရ၏။ သို့တစေလည်း အခု သူ့ဦးခေါင်းကိုငုံ့၍ ငြိမ်ဆိတ်နေခြင်းမှာ ဆုတောင်းနေခြင်းမဟုတ်။ ယင်းကဲ့သို့ လုပ်လိုသောစိတ်လည်း သူ့တွင်မရှိတော့ . . .။

ယင်းဆန္ဒမျိုးရှိရမည့်အစား သူ့စိတ်သည် စိုးရိမ်ထိတ်လန့်ခြင်းနှင့် နက်ရှိုင်းသောအတွေးအမြင်ဝင်လျက်ရှိ၏။ ထိုစဉ်အတွင်းတွင် သူ့စိတ်သည် ထူးထူးခြားခြား ငြိမ်ဆိတ်နေသည်။ စစ်သင်္ဘောဆတ်စ်ကွီဟာန်နာ၏ လှော်တက်ဘီးများ ရိုက်ခတ်သံများနှင့် ပင်လယ်ပြင်၏ လှုပ်ရှားသံများသည် တဒင်္ဂမျှ ပျောက်ကွယ်သွားသည်။ သူ့စိတ်သည် တစုံတခု၏ အညှို့ကိုခံနေရသည့်အလား ထူးဆန်းသော ခံစားမှုကို ရရှိနေရသည်။

ဆိတ်ငြိမ်ခြင်းသည် လျှို့ဝှက်နက်နဲသော ထပ်တလဲလဲပေါ်လာခဲ့ဖူးသော အရာများကို ပြန်လည်ပေါ်ပေါက်လာစေသည်။ နက်ရှိုင်းသော ခံစားမှုကိုသာ ဖြစ်ပေါ်စေသည်မဟုတ်။ နှစ်ကာလအားဖြင့် ခြောက်နှစ်နီးပါးမျှ သူ့အား ခြောက်လှန့်ခဲ့သော ရုပ်ပုံလွှာများသည် မမျှော်လင့်ပဲနှင့် သူ့စိတ်ထဲသို့ ရောက်လာသည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင် ထိုရုပ်ပုံလွှာများသည် ယခင်ကထက်ပို၍ ပြင်းထန်သောသဘောကို သာဆောင်သည်မဟုတ်၊ ယခင့်ယခင် အချိန်များကထက်ပို၍ ထင်ရှားပြီးပီပြင်

ပျောက်သွားနေသည်။

မှောင်မဲကာ လေမုန်တိုင်းကျရောက် ရိုက်ခတ်ထားသော ကွန်နက်တီးကပ် ပဟာတွင်းတစ်နေရာဖြစ်သည်။ အသက်အရွယ် အလွန်ငယ်ရွယ်သေးသည့် သူ့ဂကိုးသည် သစ်ပင်တစ်ပင်၏ ခြေရင်းတွင် တစ်ဖက်သို့စောင်း၍ လဲကျနေသည်။ အနီးတွင် မှောက်နေသော လေးဘီးတပ်အမိုးဖွင့် လှည်းတစ်စီး . . .၊ လှည်းဘီးများမှာ ဖြည်းဖြည်းမှန်မှန်လည်နေဆဲ . . .၊ အလွန်နုနည်း ပျော့ပြောင်းသော သူမ၏ကိုယ်ခန္ဓာသည် ရရှိထားသောဝေဒနာကို ပြင်းစွာခံစားနေရသဖြင့် ကွန့်လိမ်ကွေးကောက်ကာ အကြောဆွဲလျက်ရှိ၏။ သူသည် မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် မွေးကင်းစ ကလေးငယ်ကိုပွေ့ထားသည်။ ကလေးငယ်မှာ ယခုအချိန်ထိ ချော်ချွတ်ချွတ်ဖြစ်နေဆဲ . . . သေငယ်စောနှင့်မျောနေသော မိခင်၏ပမ်းမှ မကျွတ်မလွတ်သေး။

မခံမရပ်နိုင်လောက်အောင် ပြင်းထန်ကြီးမားသော ဝေဒနာကို အီဒင်ခံစားနေရသည်။ သူ့စိတ်အာရုံ၌ ထင်ဟပ်နေသော ရုပ်ပုံလွှာများသည် ဝင်လာစဉ်ကကဲ့သို့ပင် လျှင်မြန်စွာ အစိုင်အခဲ့များဖြစ်ကာ ပျောက်ကွယ်သွားကြသည်။ သူ့အာရုံခံစားမှုများသည် လျှင်မြန်စွာ သက်သောင့်သက်သာဖြစ်သွားသဖြင့် များစွာအံ့အားသင့်လျက်ရှိ၏။ တစ်ခဏမျှတော့ဖြင့် စိတ်ငြိမ်းချမ်းမှုသည် ပြင်းထန်ကြီးမားနေရုံမျှမက ယခင်က ခံစားခဲ့ရဖူးသော နာကျင်မှုဝေဒနာကဲ့သို့ပင် ထိတွေ့သိရှိနိုင်သည့် အခြေအနေ၌ရှိနေသည်။ ထို့နောက် ထိုခံစားမှုအားလုံးသည် ရုတ်တရက်ပျောက်သွားပြီး သူသည် များစွာစိတ်ရှုပ်ကာ ကျန်ရစ်ခဲ့လေ၏။

"ဖူဂျီ . . . . . . ဖူဂျီ – ဆန်"

သူ၏နှုတ်မှထုတ်ဖော်၍ မမေးသောမေးခွန်းအတွက် အဖြေပေးသည်။ သူ့ဘေးမှမှောင်ထုအတွင်းမှကပ်၍ တီးတိုးပြောလိုက်သော အသံတစ်သံကို ကြားရ၏။ စကားပြောသံမှာ စူးစူးရှရှရှိလှရုံမျှမက ဆတ်စ်ကွီဟာန်နာသင်္ဘောမှ အမေရိကန်သင်္ဘောသားများ၏ စကားပြောပုံပြောနည်းနှင့် လုံးဝမတူပေ။ ကြားလိုက်ရသောအသံမှာ ကြားနေကျအသံမျိုးမဟုတ်ပေ။

အီဒင်သည် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ပုပုညှက်ညှက်နှင့်သေးငယ်လွန်းလှသော အာရှသားတစ်ယောက်သည် သူ့ဘေး၌ရောက်နေသည်။ အီဒင်သည် ထိုသူ့အားရက်ခြင်းမှတ်မိသည်။ ထိုသူသည် ဆင်တာရိုအမည်ရှိ ဂျပန်လူမျိုးတစ်ယောက်ဖြစ်သည်။ ဆင်တာရိုသည် ပစိဖိတ်သမုဒ္ဒရာအလယ်၌ နစ်မြုပ်သွားခဲ့သော တံငါလှေတစ်စီးမှ တံငါသည်တစ်ဦးဖြစ်၍ အမေရိကန်ကုန်တင်သင်္ဘောတစ်စီးက ကယ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဆန်ဖရန်စစ္စကိုသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။

ဆင်တာရိုသည် ဆန်ဖရန်စစ္စကိုမြို့ သင်္ဘောဆိပ်၌ ကုန်တင်ကုန်ချ အလုပ်သမားဘဝဖြင့် လေးနှစ်နီးပါးမျှနေထိုင်ခဲ့သည်။ ယခု ဆတ်စ်ကွိဟန်နာသင်္ဘောနှင့် ပါလာခြင်းမှာ သူ့ဇာတိနိုင်ငံသို့ ပြန်ရန်ဖြစ်၏။ အီဒင်သည် အရာရှိကုန်းပတ်ခန်းမဆီသို့ ဆင်တာရို ရောက်လာသည်ကို သတိမထားလိုက်မိသည့်အတွက် သူ့ကိုယ်သူကြိတ်ပြီး အပြစ်တင်နေမိသည်။ သို့သော်လည်း အခုမှတော့ သူဘာမှလုပ်မရတော့ . . .၊ ဆင်တာရိုသည် သူ့ရှေ့၌ဒူးထောက်ကာ အရိုအသေပေးလျက်ရှိပြီ။ ဆင်တာရို၏ မျက်နှာသည် တလက်လက်တောက်ပနေသော ကြေးဝါပုံသဏ္ဌာန် အလင်းရောင်ဘက်သို့ လှည့်လျက်ရှိ၏။

အီဒင်သည် ဆင်တာရိုလုပ်နေပုံကို စောင့်ကြည့်နေသည်။ ဆင်တာရိုသည် သူ့ရှေ့၌ဒူးထောက်ကာ သူ့နဖူးနှင့် ကုန်းပတ်ကြမ်းပြင်ထိသည်အထိ ခါးကိုကုန်း၍ အရိုအသေပေးလျက်ရှိ၏။ နောက်ဆုံးတွင် သူသည် ခါးကိုကုန်းထားရာမှ ဆန့်လိုက်ပြီး တည့်တည့်မတ်မတ်ထိုင်ကာ အီဒင်အား လှည့်ကြည့်သည်။ အီဒင်သည် ဆင်တာရို၏ ပါးနှစ်ဖက်ပေါ်၌ မျက်ရည်များ စီးကျလျက်ရှိသည်ကို မြင်တွေ့နေရ၏။

"ကျွန်တော့်လေ့ ပင်လယ်ထဲနစ်သွားပြီးကတည်းက ကျွန်တော်ဟာ ဖူဂျီတောင်ကိုအိပ်မက်ထဲမှာ အမြဲမြင်ခဲ့ရပါတယ် "ဟု ဆင်တာရိုက ဂျပန်စကားဖြင့် တိုးတိုးပြောသည်။ 'လရောင်ပတ်ဖျန်းထားတဲ့ညဆိုရင် ဖူဂျီတောင်ဟာ ငွေရောင်ဝိညာဉ်ဖြစ်သွားပြီး ညအမှောင်ထဲမှာ လွင့်မျောနေတတ်ပါတယ်။ အခုလို ဖူဂျီတောင်ကို ပြန်မြင်ရတဲ့အတွက် ကျွန်တော်သိပ်ကိုပျော်ပါတယ် . . .၊ ဒါပေမဲ့ . . ကျွန်တော့်ရင်ထဲမှာ ကြောက်စိတ်လည်း ဝင်နေပါတယ် "

ဂျပန်တံငါသည်၏ မျက်ရည်များကို မြင်လိုက်ရသဖြင့် စိတ်ထိခိုက်သွားသော အီဒင်သည် သူ့ထံသို့ တိတ်တဆိတ်ရောက်လာသည့်အတွက် ပြစ်တင်ကြိမ်းမောင်းလိုစိတ် ပျောက်သွားသည်။ အီဒင်သည် ရေတပ်သင်္ဘောနှင့်အခြေစိုက်စခန်းမှ ထွက်ခွာမလာမီကတည်းက ဤဂျပန်နှင့်ခင်မင်လာခဲ့ခြင်းဖြစ်၏။ ဝေးလွန်းလှသည့် ခရီးလမ်းတစ်လျှောက်တွင်လည်း စတိုခန်းအတွင်းရှိ နေရာတစ်နေရာ၌ ကျဉ်းကျဉ်းကြပ်ကြပ်အိပ်နေရရှာသော ဆင်တာရိုထံ မကြာခဏရောက်ခဲ့သည်။ ထို့ပြင်လည်း သူသင်ယူနေသော ဂျပန်စကားကို သွက်သွက်လက်လက် ပြောတတ်လာစေရန် လေ့ကျင့်လိုသဖြင့် ဆင်တာရိုအား သူ့အခန်းသို့ မကြာမကြာ အလည်ခေါ်ခဲ့လေသည်။

ရင်းနှီးခင်မင်လာသည့်အခါ ဆင်တာရိုသည် အီဒင်အပေါ်၌ ယုံကြည်စိတ်ချမှုကြီးမားလာသည်။ သူ၏ မွေးရပ်နိုင်ငံနှင့်နီးကပ်လာသည့်အခါ သူ့စိတ်သည် ယခင်ကထက်ပို၍ပျော်လာသည်။ အားတက်လာသည်ဟု သူကပြောသည်။ သို့တစေလည်း

ပမ်းသာအားတက်လာသည်နှင့်အမျှ ကြောက်စိတ်ကလည်း ဖိစီးလာသည်ဟု သူကဆိုသည်။ သူ့အနေဖြင့် သူ့နိုင်ငံနှင့်အလှမ်းဝေးရာ ဒေသတစ်ခု၌ ရောက်နေစဉ်က သူ့ပြီးသားစုနှင့် သူ့ဇာတိနိုင်ငံကိုအလွန်ပြန်ချင်လာခဲ့၏။ သို့သော်လည်း သူ့နိုင်ငံသည် နိုင်ငံပြင်ပသို့ ခရီးသွားလာခြင်းကို ဥပဒေနှင့်ပိတ်ပင်တားမြစ်ရာ၌ အလွန်တင်းကြပ်သဖြင့် ပြင်ပသို့ရောက်သွားပြီး ပြန်ရောက်လာခဲ့သော သူ့အဖို့ လုံခြုံမှုမှရှိပါ့မလား ဟူသော သံသယဖြင့် ကြောက်ရွံ့စိုးရိမ်စိတ် ဝင်လျက်ရှိလေသည်။

"အရာရာတိုင်းဟာ အဆင်ပြေသွားမှာပါ ဆင်တာရိုရယ် "ဟု အီဒင်က ဂျပန်ကာသာဖြင့် ဖျောင်းဖျစကားပြောသည်။ သူသည် သင်္ဘောလက်ရန်းပေါ်မှကျော်၍ ကုန်းမြေဆီသို့ မျှော်ကြည့်နေသည်။ "အခု ပထမဆုံးမြင်လိုက်ရတဲ့ ဖူဂျီတောင်ရဲ့ အလှဟာ မင်းအတွက် အတိတ်နိမိတ်ကောင်း ဖြစ်လိမ့်မယ်လို့ ငါပြောရဲပါတယ်ကွာ..."

ဆင်တာရိုကမူ အီဒင်၏မျက်နှာကို စိုက်ကြည့်နေသည်။ သံသယမကင်းသည့် အရိပ်လက္ခဏာများသည် ထင်ဟပ်လျက်ရှိ၏။ 'ကျွန်တော်လည်း အဲသလိုပဲ ဖြစ်လိမ့်မယ်လို့မျှော်လင့်ထားပါတယ် . . .မာစတာ 'ဟု ပြောကာ အီဒင်ဘက်သို့ ဦးခေါင်းကိုညွှတ်ထားသည်။ ထို့နောက် နောက်သို့ပြန်လှည့်ကာ အမှောင်ရိပ်အတွင်းသို့ ဝင်သွားပြီး သင်္ဘောကုန်းပတ် စတိုခန်းဆီသို့ဆင်းရာလှေခါးဘက်သို့ လျှောက်သွားသည်။ အီဒင်သည် ဂျပန်အမျိုးသားထွက်သွားရာဆီသို့ တွေဝေငေးမောလျက်ရှိလေ၏။

ထို့နောက်တွင်မူ သူသည် ဂျပန်တို့အထွတ်အမြတ်ပြုရာ မီးတောင်၏အလှကို နောက်တစ်ကြိမ် ထပ်ကြည့်နေပြန်သည်။ လရောင်သည် စောစောကထက် အရှိန်မြင့်လာသည်။ သူသည် ပထမဆုံးအကြိမ် အောက်ခြေအမှောင်ရိပ်ထဲမှ အပေါ်သို့ ထိုးထွက်လာသော ဖူဂျီတောင်တစ်တောင်လုံးကို အပီအပြင်မြင်လာရသည်။ ကန့်တော့ပုံသဏ္ဌာန်သည် အထင်အရှားဖြစ်လာသည်။ လေသည် အမြင့်ပိုင်းသို့ တက်လာနေပြီဖြစ်ရာ ဘေးပတ်ပတ်လည်မှ ဆီးနှင်းခဲများ ဖုံးအုပ်နေသော တောင်ထိပ်ကို မြင်နေရ၏။

လရောင်ဖြင့် အသစ်မြင်လိုက်ရသောရှုခင်းကြောင့် အီဒင်၏စိတ်ထဲတွင် ထင်ယောင်ထင်မှား ဖြစ်လာသည်။ ကိုယ်ကာယ ရုပ်ဝတ္ထုတစ်ခုမှ ထွက်ခွာသွားသော နာမ်ဝိညာဉ်တစ်ခုသည် လွတ်လပ်စွာ လွင့်မျောနေလေသလားဟုပင် ထင်ရလောက်ပါပေ၏။ စောစောကတော့ သူ့အမြင်သည် တစ်မျိုးဖြစ်သည်။ ညအမှောင်တွင်း၌ အပေါ်သို့ ထိုးထွက်နေသော ဖူဂျီတောင်သည် သူ့ပတ်လည်၌ လျှို့ဝှက်နက်နဲမှုများကို ဖန်တီးထားလေသလား ဟုထင်ခဲ့၏။

အီဒင်သည် သင်္ဘော၏ ဒုတိယအရာရှိအနေဖြင့် ညလည်ပိုင်းအစောင့်တာဝန် ယူရန် တက်မလာမီက သူ့အိပ်စင်ပေါ်၌ချထားပစ်ခဲ့ရသော စာအုပ်ကို သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစာအုပ်မှာ ဒတ်ချ်ဘာသာမှ ဘာသာပြန်ထားသော သမိုင်းစာအုပ်ဖြစ်၍ ယင်းစာအုပ်ထဲတွင် ဖူဂျီတောင်အကြောင်း ရေးထားသော စာပိုဒ်တစ်ပိုဒ်ပါသည်။ မီးတောက် မီးလျှံများထွက်လာသော ဤတောင်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကာလက ညတစ်ည၏ အရိပ်အောက်၌ မြေငလျင်များ ပြင်းထန်စွာ အဆက်မပြတ်လှုပ်ရာမှ အရှေ့ဘက်လွင်ပြင်ထက်ရှိ မြေတို့သည် ရွေ့လျားမြင့်တက်ကာ ဤနေရာ၌ တောင်အဖြစ် ရပ်တည်လာခြင်းဖြစ်သည်ဟု စာအုပ်ကဆိုသည်။

ထိုအချိန်က ဂျပန်နိုင်ငံတွင် ပထမဆုံးသော ဧကရာဇ်ဘုရင်သည် တမျိုးသားလုံးအားအုပ်ချုပ်သည့် မင်းဖြစ်လာခဲ့သည်ဟု ဆိုထားသည်။ ထိုအချိန် ထိုကာလမှစ၍ ဧကရာဇ်မင်းများနှင့် ဖူဂျီတောင်တို့အား အလွန်မြင့်မြတ်သည့် ထာဝရနတ်ဘုရားများအဖြစ် ကိုးကွယ်ခြင်း ခံခဲ့ရသည်ဟုလည်းဆို၏။ အီဒင်သည် ထိုအကြောင်းများကို တွေးတောရင်း ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော တောင်ထိပ်ကို စိုက်ကြည့်နေမိသည်။ ရုတ်တရက်ဝင်ရောက်လာသော ထိတ်လန့်ကြောက်ရွံ့စိတ်ကြောင့် ကျောရိုးတစ်ခုလုံးစိမ့်ခနဲ ဖြစ်သွားသည်။

" ဒီတောင်ဟာ ကမ္ဘာပေါ်မှာ အလှဆုံးတောင်ဖြစ်ရမယ် "ဟု ရေရွတ်သည်။

" ကြည့်ရတာ . . . တကယ့်တောင်နဲ့ မတူဘူး "

၂

ရေနွေးငွေ့ဖြင့် ခုတ်မောင်းသော စစ်သင်္ဘောနှင့် ယင်း၏ညီအစ်မသုံးဖော် စစ်သင်္ဘောများသည် ကမ်းရိုးတန်းဘက်သို့ ချဉ်းကပ်သွားနေသည်။ ပိရမစ်သဏ္ဌာန်အလင်းတန်းသည် ကမ်းရိုးတန်းနှင့်နီးလာလေလေ ပို၍ ပို၍ တောက်ပလာလေ ဖြစ်လျက်ရှိ၏။ အီဒင်သည် တောင်ကိုကြည့်ကာ အတွေးပင်လယ်တွင် နစ်ဝင်လျက်ရှိသည်။ ဤတောင်သည် အချက်ပြအလင်းရောင်အဖြစ် အမှောင်ထုအတွင်းမှ ဘွားခနဲထွက်ပေါ်လာလေသလား . . . ။ ပြင်ပကမ္ဘာမှ တိတ်ဆိတ်စွာ ချဉ်းကပ်လာနေသော လူစိမ်းသူစိမ်းများအား လမ်းပြရန်အတွက် ထွက်ပေါ်လာလေသလား။

ကမ္ဘာပေါ်ရှိ နိုင်ငံခြားသားတိုင်းအား လျှို့ဝှက်နက်နဲလွန်းလှသော ဤကျွန်းများပေါ်သို့ လာရောက်ခွင့်မပြုဟု အခိုင်အမာဆုံးဖြတ်ပြီး တားမြစ်ပိတ်ပင်ထားခဲ့သည်မှာ နှစ်ပေါင်းနှစ်ရာကျော်ခဲ့ပြီ။ အီဒင်သည် အသစ်ဖွင့်လှစ်လိုက်သော အင်နာပိုးလစ္စမြို့ရှိ အမေရိကန်ပြည်ထောင်စု ရေတပ်မတော် အကယ်ဒမီကျောင်း၌ နောက်ဆုံးနှစ် ပညာသင်ကျောင်းသားဘဝက ကျောင်းစာကြည့်တိုက်အတွင်း၌ ယနေ့အချက်ကို လေ့လာတွေ့ရှိခဲ့ရခြင်းဖြစ်၏။ ထိုအသိကို အကြောင်းပြု၍ သူသည် ဂျပန်နိုင်ငံခရီးတွင် လိုက်ပါရန် ဆန္ဒပြုခဲ့ခြင်းဖြစ်လေသည်။

အခုကျတော့လည်း နှစ်ပေါင်းများစွာ တသီးတခြားဖြစ်ကာ အထီးကျန်ခဲ့သော ...ချိန်ကာလသည် ကုန်ဆုံးရပေတော့မည်။ ထိုကုန်ဆုံးမှု ဇာတ်လမ်းတွင် မိမိသည် ...မသားအဖွဲ့အခန်းကဏ္ဍတွင် ဇာတ်ကောင်တစ်ကောင်အဖြစ် ပါဝင်ကပြရပေတော့မည်။ ...တ်စ်ကွီဟာန်နာ သင်္ဘောဖြင့် ပတ်ပတ်လည်ရှိ ငွေရောင်ဘောက်နေသော ပင်လယ် ...ပြင်ပေါ်တွင် အခြားသောအမေရိကန်ပြည်ထောင်စု ရေတပ်မတော် သင်္ဘောသုံးစီး၏ ...သဏ္ဌာန် အရိပ်များကို မြင်တွေ့နေရ၏။

သင်္ဘောသုံးစီးတွင် နှစ်စီးမှာ ရွက်မြင့်သင်္ဘောကြီးများဖြစ်၍ **ပလိုင်းမောက်** ...နှင့် **ဆာရာတိုဂါ** ဟုအမည်ပေးထားသည်။ ဒုတိယစစ်သင်္ဘောကြီးမှာ ဘေးတစ်ဖက် ...စ်ချက်တွင် သစ်သားဘီးများတပ်ထားသည်။ သင်္ဘောကြီးဖြစ်၍ **မစ်စစ္စပီ** ဟု ...ည်ပေးထားသည်။ သင်္ဘောများသည် ဂျပန်ပင်လယ်ကမ်းရိုးတန်းကိုဖြတ်၍ မြောက် ...ူးသို့ ခပ်ဖြည်းဖြည်းခပ်မှန်မှန် ရွေ့လျားသွားလာလျက်ရှိ၏။ သင်္ဘောအားလုံးသည် ...ရေတပ်မတော်၏ ဗိုလ်မှူးချုပ် ... မက်သူးကဲလ်ဘရိတ်ပါရီ၏ ဦးစီးမှုအောက်၌ ရှိကြ ...လသည်။

ရေတပ်ဗိုလ်ချုပ်သည် **ဆတ်စ်ကွီဟာန်နာ** အား တပ်ရင်းမှူးသင်္ဘောအဖြစ် ...တ်မှတ်ထားသည်။ သူသည် အမေရိကန်ပြည်ထောင်စုသမ္မတထံမှ တင်းကြပ်သော ...မိန့်များကို သယ်ဆောင်လာခဲ့ရသူဖြစ်၏။ သူ၏သံအဖွဲ့သည် အရှေ့တိုင်းနိုင်ငံ ...စ်နိုင်ငံမှ ပိတ်ဆို့ထားသောတံခါးများကို အမေရိကန်သင်္ဘောများအား ဖွင့်ပေးရန်နှင့် ...ျှတ်လပ်စွာကုန်သွယ်မှုကို ခွင့်ပြုပေးရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်ပါရီသည် အမေရိကန်သမ္မတ မစ်လတ်ဖစ်သ်လစ်မိုးထံမှ ဂျပန်နိုင်ငံ၏ ...က်ရှိဧကရာဇ်ဘုရင်ထံသို့ ပါးလိုက်သည့် မေတ္တာရပ်ခံစာသဝဏ်လွှာကို သယ်ဆောင် ...ာဖွဲ့သည်။ ထို့ပြင်လည်း လိုအပ်လာလျှင် အသုံးပြုရန်အတွက် လက်နက်အပြည့်အစုံ ...ပ်ဆင်ထားသော အမေရိကန်ပြည်ထောင်စု မရိန်းတပ်သားများနှင့် အမြောက်ကြီးများ ...ည်းယူလာခဲ့သည်။ ရေဘာတ်အီဒင်သည် လရောင်လွှမ်းခြုံထားသော အဝေးမှ ...ာင်ထိပ်ကို လှမ်းမျှော်ကြည့်ရှုရင်း သူတို့ဆောင်ရွက်ပေးရမည့် တာဝန်များကို သတိရ ...ျက်ရှိ၏။ ထိုအခါ ရှင်လန်းအားတက်နေသော စိတ်သည် ပထမဆုံးအကြိမ် မသက် ...ာဖြစ်လာလေသည်။

ကြည်လင်တောက်ပလျက်ရှိသော ဖူဂျီတောင်ထိပ်သည် အချက်ပြအလင်းရောင် ...ဖြစ် ဆောင်ရွက်ရမည့်အစား ကမ်းခြေဆီသို့ အမေရိကန်ရေတပ် သင်္ဘောတစ်စု ...ဉ်းကပ်လာနေပြီဟု သတိပေးနေသည့် အချက်ပြအလင်းတန်းတစ်ခုအဖြစ်သို့ များ ...ပြောင်းရောက်ရှိသွားလေသလား...။ အခု သူမြင်တွေ့နေရသော အလင်းရောင်သည်

www.burmeseclassic.com

www.burmeseclassic.com

သူတို့အား ဆုတ်ခွာသွားဖို့ သတိပေးနေသည့် အချက်ပြမှုတစ်ခုများ ဖြစ်သွားပြီလား…။ သို့တည်းမဟုတ် … ရှေးအလွန်ကျပြီး လျှို့ဝှက်လွန်းလှသော ဤမြေကို ချဉ်းကပ်ရာ၌ သတိကြီးစွာထား၍ ချဉ်းကပ်ရန် သတိပေးနေခြင်းများ ဖြစ်လေမလား…။

အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာလာခဲ့ရသည့် ခရီးရှည်ကြီး တစ်လျှောက်လုံး အီဒင်သည် ဒတ်ချ်သမိုင်းစာအုပ်ကို အငမ်းမရ ဖတ်ခဲ့ရ၏။ သတ္တုပစ္စည်းများနှင့် သားရေထည်ပစ္စည်းများကို ချုပ်ဝတ်တန်ဆာများပြုလုပ်၍ ဝတ်ဆင်ထားကြသော အလွန်ခက်ထန်ကြမ်းကြုတ်သည့် စစ်သည်တော်အုပ်စုများသည် အလယ်ခေတ်က တည်ဆောက်ထားခဲ့ကြသော ရဲတိုက်ကြီးများ၌ နေထိုင်လျက်ရှိကြသည်။ ပဒေသရာဇ် အရှင်သခင်များအား ယနေ့အချိန်ထိ သစ္စာရှိစွာဖြင့် အလုပ်အကျွေး ပြုနေကြဆဲဖြစ်၏။

ယနေ့အချိန်ထိ တောင်ပေါ်ဒေသ နတ်ကွန်းများတွင် စစ်သည်တော်များနှင့် တောင်သူလယ်သမားများသည် နေနတ်သမီး၊ နတ်ဘုံမှ ဆင်းသက်လာသော ဧကရာဇ်မင်းမြတ်နှင့် ဝိညာဉ်အမြောက်အများအား ဆည်းကပ်ကိုးကွယ်နေကြဆဲဖြစ်၏။ ထိုစစ်သည်တော်များသည် မြင်းများကိုနှင်ကာ ရောင်စုံအလံများကိုင်ဆွဲ၍ စစ်ပွဲအများအပြားကို တိုက်ခိုက်နေကြဆဲဖြစ်၏။ အောင်ပွဲရသည့်အခါ သူတို့သည် အညှာအတာကင်းမဲ့စွာဖြင့် ရန်သူတို့၏ခေါင်းများကို ဖြတ်ကြသည်။ သို့တစေလည်း စစ်ပွဲ၌ သူတို့ရှုံးသည့်အခါ သူတို့၏ ဂုဏ်သိက္ခာနှင့်အရှက်မကင်းမဲ့စေရန် ဗိုက်များကို ဓါးနှင့်ခွဲ၍သေကြသည်။

စာအုပ်ထဲ၌ ဖတ်၍ရသည့်အတိုင်းဆိုပါက သူတို့၏မြင့်မြတ်လှစွာသော ဧကရာဇ်မင်းမြတ်သည် လျှို့ဝှက်နက်နဲစွာဖြင့် ပြင်ပလောကနှင့် အဆက်အဆံ အဆက်အသွယ်မရှိပဲ အထီးကျန်နေသူဖြစ်သည်ဟု ယုံကြည်ကြသည်။ မြို့ငယ်များတွင် မကြာခဏဆိုသလို လမ်းများပေါ်၌ ရောင်စုံမီးများဖြင့် စီတန်းလှည့်လည်ပွဲများရှိသည့် မီးတထိန်ထိန်ဖြင့်ဓာတ်ရုံများလည်း ရှိလေသည်။

ဤကျွန်းစုများပေါ်မှ မြေကြီးသည် စိမ်းမြမြအရောင်ရှိပြီး မြေဩဇာထက်သန်ကောင်းမွန်သည်။ သစ်ပင်များသည် နွေဦးပေါက်ရာသီတွင် ပွင့်ဖူးလာတတ်သည့် ပန်းအလှများကြောင့် ကျော်ကြားကြသည်။ ဤမြေပေါ်မှ အမျိုးသမီးများသည် လှပကြသည်။ ကျက်သရေရှိကြသည်။ ယဉ်ကျေးသိမ်မွေ့ကြသည်။ အဆိုနှင့်အတီးတွင် ရိုးရာဓလေ့ထုံးစံအရ ထူးချွန်ပြောင်မြောက်ကြသည်။ အချို့မှာ အချစ်၏ တာဝန်ဝတ္တရားများကို လိမ္မာကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်အောင် စနစ်တကျ လေ့ကျင့်သင်ကြားပေးထားကြသည်ဟုပင် စာအုပ်ကဆိုထားသည် မဟုတ်ပါလား…။

စာအုပ်ထဲမှာ ရောင်စုံပုံကြမ်းများသည် သူ့စိတ်ထဲတွင် ကပ်ငြိလျက်ရှိ၏။ ယို

ပုံများသည် ဂျပန်အမျိုးသမီးများအား သေးသေးညှက်ညှက်နှင့် ကစားစရာ ယမင်းရုပ်ကလေးများနှင့် အလွန်တူသည်ဟုဖော်ပြသည်။ အလွန်အရောင်တောက်ပသော ပိုးသားမကျိုပွကြီးများကိုဝတ်၍ ဆံပင်များကို တခမ်းတနားဖြစ်အောင် စီမံကာ ဆင်ယင်ပုံးဖွဲ့ကြရုံမျှမက ထုံးဖွဲ့ထားသည့်ဆံပင်တွင် အလှအပ ပစ္စည်းမျိုးစုံဖြင့် မွမ်းမံခြယ်လှယ်ထားလေ့ရှိသည်။

အမျိုးသားစစ်သည်များမှာ မျက်စိမေါက်ကျဉ်းကျဉ်းနှင့် ခက်ထန်မာကြောသော မျက်နှာပေါက်ရှိသည်။ သူတို့ကျတော့လည်း ဆံပင်ကို ထူးဆန်းစွာ ပြုပြင်ကြသည်။ ဆံပင်ကို ထိပ်တွင် ထုံးခြင်းနှင့် ကျစ်ဆံမြီးကျစ်ခြင်းများ ပြုကြ၏။ သူတို့သည် ပိုးသားဝတ်စုံပွပွကြီးများကို ဝတ်စားဆင်ယင်ကြသည်။ အီဒင်သည် လရောင်ဆန်းထားခြင်းခံနေရသည့် ဖူဂျီတောင်အားကြည့်နေစဉ်အတွင်းမှာပင် ထူးဆန်းလှလေခြင်းဟူသော မသိနှင့် စိတ်လှုပ်ရှားမှုများကို သိသိသာသာ ခံစားနေရသည်။ အကယ်၍ ကုန်းမြေပေါ်သို့ သူတို့ခြေချမိပါက သူ့ခံစားချက်များသည် မည်ကဲ့သို့ ရှိလာလိမ့်မည်နည်း…။

သူသည် အမှောင်ရိပ်များကျနေသော ကုန်းမြေသို့ မကြာခဏ လှမ်းကြည့်သည်။ သူသည် ကုန်းပတ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လမ်းသလားရင်း စောစောက ခေါင်းထဲဝင်လာသည့်မေးခွန်းကို လေးနက်စွာ တွေးတောဆင်ခြင်လျက်ရှိသည်။ သူ၏ ကင်းလှည့်ပြီး၍ သူ့အခန်းသို့ ပြန်ရောက်သည့်အခါ အဝတ်အစားပင် မလဲတော့ပဲ အိပ်စင်ပေါ်၌ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

စောစောက သူချထားခဲ့သော သမိုင်းစာအုပ်ကို ကောက်ယူကာ ဖူဂျီတောင်အကြောင်းရေးထားသည့် အပိုင်းကိုရှာသည်။ လွန်လေပြီးခဲ့သော ကိုးရာစုနှစ်က ဂျပန်ကဗျာဆရာတစ်ဦး စပ်ဆိုခဲ့သော ကဗျာတစ်ပိုဒ်ကို တွေ့သည်။ ဖူဂျီတောင်ကို ချီးကျူးဖွဲ့ဆိုထားခြင်းဖြစ်၏။ သူ ဤကဗျာကို ထပ်ခါတလဲလဲ ဖတ်ခဲ့သည်မှာ အကြိမ်ပေါင်းများစွာရှိခဲ့ပြီ။ ကဗျာ၏ နောက်ဆုံးစာပိုဒ်များကို သူ အလွတ်ပင်ရနေပြီ။

ထူးထူးကဲကဲ ကြီးကျယ်ခမ်းနား
မိုးထိမြင့်မား၊ မဟာ ဖူဂျီယာမား …။
မတည်မြဲသော …လူသားအား
ပေးထားသည့်
အဖိုးထိုက် အဖိုးတန် အလှရတနာတစ်ပါး…။
ဂျပန်နိုင်ငံအား ကာကွယ်ပေးနေသည့်
နတ်ဘုရား …။
ကျွန်ုပ်…သင့်အား အစဉ်ထာဝရ ကြည့်နေပါရစေလား…။

www.burmeseclassic.com

www.burmeseclassic.com

အီဒင်သည် စာအုပ်ကို ဘေးတစ်ဖက်၌ ချထားလိုက်ပြီး မျက်စိကို မှိတ်ထားလိုက်သည်။ လင်းလက်တောက်ပနေသော တောင်ထိပ်သည် သူ့စိတ်အာရုံထဲတွင် တရစ်ဝဲဝဲ... ပေါ်နေဆဲ...' သူသည် အိပ်၍မပျော်။ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့် ဖြစ်နေသည်။ **ဆတ်စ်ကွီဟန်နာ** ၏ လှော်တက်ဘီးရိုက်ခတ်သံများကို သူ နားစွင့်လျက်ရှိသည်။ သူသည် နစ်ကြိမ်တိတိ အိပ်ရာမှထကာ ချောင်းကြည့်ပေါက်မှနေ၍ အပြင်ကုန်းပိုင်းကိုကြည့်သည်။ တောင်ကို မမြင်ရတော့ပေ။ သူသည် ဘေးတစ်ဖက်ရှိသေတ္တာကိုဖွင့်ကာ အထဲမှ သားရေဖုံးနေ့စဉ်မှတ်တမ်းစာအုပ်ကိုထုတ်၍ မိနစ်အတော်ကြာမျှ သူ့ခံစားချက်များကို ရေးနေသည်။ ရေးနေသည့်ကြားမှပင် ကမ်းခြေဘက်သို့ မကြာမကြာ လှမ်းမျှော်ကြည့်မိလေ၏။

နောက်ဆုံး သူ အိပ်ပျော်သွားသည့်အခါ တဝင်းဝင်း တလက်လက် တောက်ပနေသော ဖူဂျီတောင်ထိပ်သည် အိပ်မက်ထဲတွင် ပြန်ပေါ်လာသည်။ သူကိုယ်တိုင် တောင်ပေါ်သို့ ကျော်ဖြတ်၍ မီးတောင်ထိပ်သို့ သွားနေသည့်အခါ သူ့မျက်လုံးအစုံသည် ကြည်လင်တောက်ပလျက်ရှိ၏။ သူ့အထက်ရှိ မှောင်မဲနေသော ကောင်းကင်ပြင်တွင် သန်းပေါင်းများစွာသော ကြယ်များသည် တဝင်းဝင်း...တလက်လက်...။

သူသည် တဖြည်းဖြည်းနှင့် တောင်ထိပ်သို့ ရောက်သွားသည်။ သူသည် မီးတောင်ထိပ်ဝမှနေ၍ အတွင်းဘက်သို့ ငုံ့ကြည့်နေရမည့်အစား သူ့တစ်ကိုယ်လုံးသည် ညသန်းခေါင် မိုးကောင်းကင်ထဲ သူရောက်နေသည်။ သူသည် အခက်အခဲဟူ၍ လုံးဝမရှိဘဲ ဆန့်တန်းခံထားသော လက်နှစ်ဖက်ဖြင့် ကောင်းကင်ထက်မှ အရာများကို ဆွဲယူသည်။ ညဥ့်ယံထဲမှ ခပ်မဲမဲအရာများသည် သူ့လက်ထဲသို့ လိုက်ပါနေကြ၏။ သူ့လက်တွင်းသို့ အလွယ်တကူ ပါလာနေကြသော ထိုအရာများသည် ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းနေရုံမျှမက အရောင်တဝင်းဝင်း လက်နေကြလေသည်။

သူသည် ကြယ်များကို ခူးဆွတ်ကာ သူ့ခန္ဓာကိုယ်တွင် ရစ်ပတ်ပြီး စီနေသည်။ ရွှေရောင်ကြယ်ပွင့်များသည် အရောင်တဖျပ်...ဖျပ်ထွက်နေကြဆဲ။ ဆီးနှင်းပြင်တစ်လျှောက် သူ့နောက်မှ ဒရွတ်ဆွဲ၍ လိုက်ပါလာနေသော အပေါ်ဝတ်အင်္ကျီကြီးသည် ကြယ်များ တပ်ဆင်လိုက်သည့်အခါ တင့်တယ်လှပလာကြသည်။ ပွယောင်းယောင်းဖြစ်နေသော အင်္ကျီကြီးအား ခပ်တင်းတင်းဆွဲ၍ ပတ်လိုက်သည့်အခါ သူ့စိတ်အာရုံတွင် အံ့သြခြင်းနှင့် ရောင့်ရဲတင်းတိမ်ခြင်းများသည် ကိန်းအောင်းလာသည်။ ယခင်က သူ တစ်ကြိမ်တစ်ခါမှ မသိရှိခဲ့ဖူးသော အေးချမ်းသာယာမှုသည် တည်ရှိလာသည်။

တစ်ဖက်သို့ လှည့်လိုက်သည့်အခါ တောင်ထိပ်တွင် နတ်ကွန်းတစ်ခု ပေါ်လာသည်ကို မြင်ရ၏။ နတ်ကွန်း၏အမိုးများသည် ကွေးကောက်နေကြသည်။ သစ်သားထည်များမှာ နီရဲနေကြသည်။ တစ်ဖက်တွင် အဆမတန်ကြီးမားသော ငွေရောင်မှန်ကြီးတစ်ချပ်ရှိ၍ ယင်းမှန်ကြီးထဲတွင် နတ်ကွန်းသည် ပေါ်လျက်ရှိသည်။ သူသည် မှန်နှင့်အနီးဆုံးတစ်နေရာ၌ ရပ်လိုက်သည်။ မှန်ထဲတွင် သူမြင်ရသည့်အရာကို တွေးပြီး ဖြောက်လန့်နေသည်။ ထို့နောက် မှန်ထဲတွင် အံ့သြဖွယ်ကောင်းသည့် သူ၏ဝတ်စုံကို မြင်နေရ၏။ ကြယ်များသည် အခုအချိန်ထိ တောက်ပနေဆဲ...။

သူသည် သံသယကင်းစွာဖြင့် မှန်အနီးသို့ တိုးကပ်သွားသည်။ သို့သော်လည်း မှန်ထဲ၌ ထင်ဟပ်နေသော သူ့ရုပ်လွှာကို လှေ့လာလိုက်သည့်အခါ ရုတ်တရက် ပေါ်လာသည့် ထိတ်လန့်မှုကြောင့် သွေးလန့်သွားသည်။ သူသည် သူ့ရုပ်ပုံလွှာကို မြင်ရမည့်အစား မပြုံးမရယ်ပဲ မျက်နှာထားကြီးဖြင့် ကြည့်နေသော ဂျပန်ဆာမူရိုင်းတစ်ယောက်ကို မြင်နေရ၏။

ဆာမူရိုင်းကြီးသည် ဦးခေါင်းထိပ်ကို ပြောင်နေအောင် ရိတ်ထားသည်။ ကျစ်ဆံမြီးကျစ်ထားသော ဆံပင်သည် ဆီတရွှဲရွှဲဖြင့် နောက်ဖက်တွင် တွဲလောင်းကျလျက်ရှိ၏။ မဲနက်သော မျက်လုံးများသည် ရန်လိုသော သဘောကို ဖေါ်ပြနေသည်။ ထို့နောက် အီဒင်ကြည့်နေခိုက်မှာပင် ခက်ထန်တင်းမာသော မျက်နှာသည် တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်။ ထိုနေရာတွင် အလွန်လှပပြီး နူးညံ့သိမ်မွေ့သည့် ဂျပန်မလေးတစ်ယောက်၏ မျက်နှာဝင်လာသည်။

ဤတစ်ကြိမ်တွင် သူမ၏ မျက်လုံးအစုံသည် ရှေ့တည့်တည့်သို့ မကြည့်တော့ပဲ မျက်လွှာကိုချထားသည်။ ဆံပင်သည် ချောမွေ့ပြောင်လက်နေသည်။ ဆံပင်တွင် ငွေရောင်ဆံထိုးများနှင့် ဆံညှပ်များ ပြည့်နေသည်။ အံရောင်သည် တလက်လက်...။ သူမ၏ ဝတ်စုံတွင်လည်း သူမ၏ရှေ့မှ ပေါ်လာခဲ့သော ဆာမူရိုင်းကဲ့သို့ပင် ကြယ်များ တပ်ဆင်ထားသည်။

နောက်တစ်ခဏမျှ အကြာတွင် သူမ၏ ဦးခေါင်းသည် မော့လာပြီး သူ့အား လှမ်းကြည့်သည်။ သူတို့နှစ်ဦးစလုံး၏ မျက်လုံးများ ရင်မဆိုင်မိခင် တောင်ထိပ်နှင့် ထိုတောင်ထိပ်၏အပေါ်ဘက်မှ ကြယ်များသည် ကြိုတင်၍ အချက်ပေးခြင်းမပြုပဲ ရုတ်တရက် ပေါက်ကွဲသွားကာ အဖြူရောင်အလင်းရောင်ပေါ်လာသည်။ ပြီးတော့... အိပ်မက်သည် စတင်မက်သည့်အခါကလိုပင် ဖျတ်ခနဲ ပျောက်ကွယ်ပြီး အဆုံးသတ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းတစ်

သင်္ဘောနက်များဆိုက်ရောက်လာခြင်း

၈-ရက်၊ ဇူလိုင်-၁၈၅၃

စိမ်းမြမြတောင်တန်းကြီးများ ထူထပ်သော...၊ ယနေ့ခေတ်တွင် ဂျပန်နိုင်ငံဟု လူအများက သိနေကြသော ကျွန်းစုများသည် ၁၈၅၃-ခုနှစ်အတွင်းက ကမ္ဘာပေါ်တွင် အလျှို့ဝှက်အနက်နဲဆုံးနှင့် အရေးပါအရာရောက်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့လေသည်။ သန်းသုံးဆယ်မျှရှိသော လူဦးရေဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားတစ်ရပ်သည် အလွန်အထီးကျန်နိုင်လှသော လူမျိုးတစ်မျိုးအဖြစ် ရပ်တည်လာခဲ့သည်။ သူတို့သည် သူတို့ကိုယ်သူတို့ရော၊ သူတို့၏မင်းဧကရာဇ်ကိုပါ ကောင်းကင်ဘုံမှ ဆင်းသက်လာသည့် မြင့်မြတ်သော အဆက်အနွယ်များဟု ယုံကြည်ကြသည်။ သူတို့သည် သူတို့နိုင်ငံအား တမင်သက်သက် အခြားနိုင်ငံများနှင့် အဆက်အဆံမပြုလုပ်ပဲ နှစ်ပေါင်းရာကျော်မျှ အထီးကျန်နေခဲ့ကြသည်။

အာရှတိုက်၏ ပင်မကုန်းမြေကြီးနှင့် မိုင်တစ်ရာမျှကျယ်သော ပင်လယ်ပြင်က ပိုင်းခြားထားသဖြင့် တစ်သီးတစ်ခြားဖြစ်နေခဲ့သော ဂျပန်လူမျိုးတို့သည် သူတို့၏ လွတ်လပ်ရေးနှင့် မျိုးနွယ်စင်ကြယ်ရေးတို့နှင့် ဆက်စပ်ပတ်သက်လာလျှင် ကြမ်းတမ်းခက်ထန်စွာ အပြင်းအထန် ခုခံကာကွယ်တတ်သူများအဖြစ် သမိုင်းတွင် အမြဲတစေ ထင်ရှားကျော်ကြားခဲ့သော လူမျိုးများဖြစ်၏။ သူတို့သည် အလယ်ခေတ်ကာလတစ်လျှောက်လုံး သူတို့နိုင်ငံ၏ အိမ်နီးနားချင်းများဖြစ်သော အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် ကုန်ကူးသန်းရောင်းဝယ်မှုကို အစဉ်အမြဲ သတိကြီးစွာထား၍ ပြုခဲ့ကြသော်လည်း အများအားဖြင့်မူ တစ်သီးတခြား ခပ်ကင်းကင်း ခပ်ခွာခွာနေထိုင်ခဲ့ကြလေသည်။

မြန်မာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဆယ့်ခြောက်ရာစုနှစ်တွင်မှ ဥရောပတိုက်သားကုန်သည်များသည် ဂျပန်တို့၏ ပင်လယ်ကမ်းခြေပေါ်သို့ ဆိုက်ရောက်လာကြသည်။ ထိုဆိုက်ရောက်မှုသည် ထိုအချိန် အခါက ဂျပန်တစ်မျိုးသားလုံးအား အုပ်ချုပ်နေကြသော သားစဉ်မြေးဆက်ရာထူး အရိုက်အရာကို ရယူဆက်ခံခွင့်ရှိနေသည့် စစ်အာဏာရှင်ရှိုးဂန်းများ၏စိတ်ကို အကြီး အကျယ် ထိတ်လန့်ချောက်ခြားစေခဲ့သည်။ ဤကိစ္စသည် သူတို့အတွက် သတိပေး ခေါင်းလောင်းသံများ ကြားလိုက်ရသလို ဖြစ်သွားခဲ့၏။

ထိုကာလအတွင်းမှာပင် အလွန်စိတ်အားထက်သန် ပြင်းပြလျက်ရှိကြသော ခရစ်ယာန် သာသနာပြုများသည်... လောဘရမ္မက်ချောင်းချောင်းထွက်နေကြသော ပေါ်တူဂီနှင့် စပိန်ကုန်သည်များနောက်မှ လျင်မြန်စွာ နောက်ယောင်ခံပြီးလိုက်လာကြသည်။ ထို့နောက် ရာပေါင်း ထောင်ပေါင်းများစွာသော ဂျပန်တို့အား ခရစ်ယာန်ဘာသာဝင်များ အဖြစ်သို့ ပြောင်းလဲစေခဲ့သည်။ ယင်းလုပ်ရပ်နှင့် ယင်းအဖြစ်တို့သည် မိမိတို့၏ ဩဇာ အာဏာကို ကျဆုံးအောင်ခြိမ်းခြောက်နေသော အရာများဖြစ်သည်ဟု ရှိုးဂန်းများက ထင်မြင်ယူဆကြသည်။ ဤသို့ဖြင့် ရှိုးဂန်းများသည် နိုင်ငံခြားသား ခရစ်ယာန် ဘုန်းတော်ကြီးအမြောက်အများကို လက်ဝါးကပ်တိုင်တွင်ကပ်၍ သတ်ဖြတ်ခြင်း ပြုကြသည်။

သွေးချောင်းစီးခဲ့သော ထိုစစ်ပွဲသည် နှစ်ပေါင်းလေးဆယ်မျှ ကြာခဲ့၍ နောက်ဆုံး အဆင့်တွင် ဂျပန်လူမျိုးခရစ်ယာန်သုံးသောင်းအား ရှိုးဂန်းများက သူတို့၏ ရဲတိုက်ခံတပ် ကြီးများအတွင်း၌ သတ်ဖြတ်သုတ်သင်ခြင်းအားဖြင့် အဆုံးသတ်ခဲ့ကြသည်။ ချက်ခြင်း ပင် တင်းကြပ်သောဥပဒေများကို ပြဌာန်းခဲ့ကြသည်။ ဂျပန်လူမျိုးမှန်သမျှ နိုင်ငံရပ်ခြားသို့ မသွားရဟူသော တားမြစ်ချက်သည် ထွက်ပေါ်လာသည်။ ထို့ပြင်လည်း ပင်လယ်သို့ ထွက်နိုင်သော သင်္ဘောကြီးများ တည်ဆောက်ခြင်းသည် ရာဇဝတ်ပြစ်မှုတစ်ခုသို့ ကျူးလွန်သော လုပ်ရပ်ဖြစ်လာလေသည်။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် နိုင်ငံခြားသားအားလုံးကို ပြည်ဝင်ခွင့် ပိတ်ပင်လိုက်ရုံမျှမက အမိန့်တစ်ရပ်ကိုပါ ထုတ်ပြန်လိုက်သည်။ ထိုအမိန့်က . . .

'နောင်အနာဂတ်တွင် ဤကမ္ဘာမြေကြီးပေါ်၌ နေမင်းကြီးထွန်းလင်း တောက်ပနေသမျှ ကာလပတ်လုံး နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများသည် တစ်ဦးတစ်ယောက်မျှ ဂျပန်နိုင်ငံဘက်သို့ ရေကြောင်းဖြင့် ကူးသန်းလာခြင်း မရှိစေရ။ ဤအမိန့်သည် သံအမတ်တစ်ဦးကိုပင် ခြွင်းချက်မပေးရ' ဟု ညွှန်ကြားထားသည်။ ဤအမိန့်က ဆက်လက်၍ ဤကြေညာချက်ကို ဘယ်သော အခါမှ ပြန်လည်ရုပ်သိမ်းလိမ့်မည်မဟုတ်။ သေမင်းနှင့်ရင်ဆိုင်ရသည်အထိ အခိုင်အမာ တည်တံ့စေလိမ့်မည် ဖြစ်သည်ဟုဖော်ပြထားသည်။ ဤခေတ်ကာလ

ကွင်း ကံမကောင်း အကြောင်းမလှလွန်း၍ ဂျပန်နိုင်ငံကမ်းခြေဘက်သို့ ပတ်ပျက်ပြီး ရောက်ရှိသွားသော နိုင်ငံခြားသားသင်္ဘောသားများသည် တစ်ခါ စ်ရံတွင် တိရစ္ဆာန်များသဖွယ် လှောင်ချိုင့်ကြီးများထဲ၌ ထည့်ကာ လူအများ များ ပြသထားခြင်း ခံရတတ်လေသည်။

ပြင်းထန်တင်းကြပ်သော ဤဥပဒေများသည် ဂျပန်နိုင်ငံအား ကမ္ဘာပေါ် ၌ အထီးကျန်အနိုင်ဆုံး အမျိုးသားတစ်ရပ်အဖြစ်သို့ အသွင်ပြောင်းသွား ခဲ့သည်။ ယင်းပုံစံသည် အလယ်ခေတ်(ခရစ်နှစ် ၅၀၀ မှ ၁၄၀၀ အထိ) နှစ်ဝါနီးအထိ ခြေရာလက်ရာ မပျက်အောင် ထိန်းသိမ်းထားခဲ့လေရာ ဆယ့်ကိုး ရာစုခေတ်၏ ခေတ်လယ်အထိ တည်တံ့ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ရှိုးဂန်းများသည် ၁၁၉၂–ခုနှစ်မှစ၍ ဧကရာဇ်ဘုရင်များအား က်တွေ့ဘဝတွင် အာဏာကို အမှန်တကယ် ပိုင်စိုးခြင်းမရှိသောအဆင့်သို့ ရောက် များအောင် လျှော့ချပစ်ခဲ့ကြသည်။ သူတို့သည် 'ဒိုင်မြို' ဟု ခေါ်သော ဒေသခံမြေရှင် ဒေသရာဇ်ကြီးများ၏ ထောက်ခံပံ့ပိုးမှုကို ရယူကာ ပြည်သူများအား အုပ်ချုပ်ကြသည်။ 'ဒိုင်မြို' များမှာ နယ်မြေဒေသအတွင်း၌ ရဲတိုက်ကြီးများ အခိုင်အမာ တည်ဆောက်၍ နေထိုင်လျက်ရှိသူများဖြစ်၍ နယ်မြေအတွင်းရှိ လယ်သမားများ၊ ယာသမားများ၊ ပွဲကျွန်များအပေါ်၌ အလွန်ဩဇာ လွှမ်းမိုးနေကြသူများ ဖြစ်လေသည်။

ဒိုင်မြိုလူမျိုးများသည် သူတို့၏ ဘဝလုံခြုံရေးအတွက် လိုအပ်လာလျှင် အသုံးပြု နိုင်ရန် သစ္စာတော်ခံ ဆာမူရိုင်းစစ်သည်များအားလည်း စားနပ်ရိက္ခာပေး၍ ကိုယ်ပိုင် ပါဝိုက်ဆောင် စစ်တပ်များ ဖွဲ့စည်းတည်ထောင်ကြသည်။ ထိုစစ်တပ်များမှာ အင်အား တောင့်တင်းသော တပ်များဖြစ်ကြ၏။ မြေရှင်ပဒေသရာဇ်တို့အား အကာအကွယ် ပေးရသော တပ်များဖြစ်သည်။ မည်သို့ပင်ဖြစ်စေ (၁၆၃၈ ခုနှစ်မှ ၁၈၅၃ ခုနှစ်)အထိ နှစ်ပေါင်းနှစ်ရာ ကာလအတွင်း ဂျပန်နိုင်ငံသည် ကမ္ဘာသမိုင်းမှ မှန်တိုင်းအလွန်ထန်သော ဖြစ်စဉ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းဖြစ်စဉ်များ၏ အကြောင်းကို အနည်းဆုံး တစ်စွန်း တစ်စမျှ ဖြစ်စေသိခွင့်ရခဲ့ရလေသည်။

ဆယ့်ရှစ်ရာစုနှစ်နှင့် ဆယ့်ကိုးရာစုနှစ်များအတွင်းတွင် ဥရောပတိုက်အတွင်းရှိ မြေရှင်ပဒေသရာဇ်စနစ် ဓာတ်သိမ်းပြီဟု အချက်ပေးလိုက်သည့် 'ပြင်သစ်တော်လှန်ရေးကြီး' ပေါက်ဖွားလာခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင်လည်း ဂျော့ဝါရှင်တန်၏ ဦးဆောင်မှုဖြင့် အမေရိကန်တို့သည် ခေတ်သစ်ဒီမိုကရေစီစနစ်ထွန်းကားသော ခေတ်တစ်ခေတ် အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဗြိတိသျှနိုင်ငံမှ တီထွင်သူများနှင့် အင်ဂျင်နီယာ များကလည်း ကမ္ဘာကြီးတစ်ခုလုံးအား ခေတ်ဟောင်းမှခေတ်သစ်သို့ ကူးပြောင်းရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် အသစ်အသစ်သော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ကြသည်။ ယင်း ပြောင်းလဲမှုများမှာ ကမ္ဘာ့သမိုင်းတွင် 'စက်မှုတော်လှန်ရေး'ဟု အမည်တွင်ခဲ့ရသော ဖြစ်စဉ်ကြီးတစ်ခုပေတည်း။

ရေနွေးငွေ့ဖြင့် ခုတ်မောင်းသော သင်္ဘောများနှင့်မီးရထားများ၊ ကြေးနန်းလုပ်ငန်း များ၊ စစ်ပွဲများအတွက် ခေတ်မီတိုးတက်သော စစ်လက်နက်ပစ္စည်းများ စသည် စသည်တို့သည် ပေါ်ပေါက်လာသည်။ ယင်းတို့ကို လက်ဝယ်ရရှိထားပြီး ကုန်စည် ကူးသန်းရောင်းဝယ်ရေးကို ဆာလောင်မွတ်သိပ်နေကြသော ဥရောပတိုက်သားများနှင့် အရေအတွက်အားဖြင့် ယင်းတို့လောက် မများသော အမေရိကန်တို့သည် အားအင်ချိနဲ့ သော နိုင်ငံငယ်ကလေးများအား ကိုလိုနီနိုင်ငံများအဖြစ်ထိ သိမ်းပိုက်ရေးကို ဦးတည် သော ဩဇာအာဏာလွှမ်းမိုးရေး အလုပ်များကို စတင်လုပ်ဆောင်လာကြသည်။

နောက်ပိုင်းတွင် အမေရိကန်များနှင့် ဥရောပတိုက်သားများသည် နှစ်နိုင်ငံသဘောတူ စာချုပ်များဖြင့် ထိန်းချုပ်နိုင်ခွင့်ရှိသော ဆိပ်ကမ်းမြို့များနှင့် နိုင်ငံခြားသားတို့၏ အထူး အခွင့်အရေးများကို တရုတ်နိုင်ငံမှ အတင်းဖဲ့ယူကြသည်။ ပထမဘိန်းစစ်ပွဲဖြစ်ချိန်က ဟောင်ကောင်ကျွန်းကို ဗြိတိသျှတို့ သိမ်းယူခဲ့သည့်နည်းတူ အမေရိကန်နှင့် ဥရောပနိုင်ငံ များသည် အာဖရိက၊ လက်တင်အမေရိက၊ အိန္ဒိယနှင့် အာရှနိုင်ငံများတွင် ဝင်ရောက် ၍ ခြယ်လှယ်လွှမ်းမိုးခဲ့ကြလေသည်။

ယင်းဖြစ်ရပ်သတင်းများသည် ပင်လယ်ဒီရေများသဖွယ် လူးလိမ့်ပြေးသွားလျက် ရှိရာ နိုင်ငံခြားသားတစ်ချို့၏ သယ်ဆောင်လာမှုကြောင့် ဂျပန်နိုင်ငံ၏ အုပ်ချုပ်သူများ ထံသို့ ဆိုက်ရောက်လာကြသည်။ ဗြိတိသျှ၊ စပိန်နှင့် ပေါ်တူဂီကုန်သည်များသည် နောက်ဆုံးတွင် ဂျပန်တို့ပြဋ္ဌာန်းထားသော နိုင်ငံခြားသားကြောက်ရောဂါနှင့် ယှက်နွယ် နေသည့် ဥပဒေများအတိုင်း နာခံလိုက်နာပြီး ဂျပန်နိုင်ငံတွင်းမှ ဆယ့်ခုနှစ်ရာစု အစောပိုင်း ကာလတွင် ထွက်ခွာခဲ့ကြ၏။ သို့သော်လည်း ခေါင်းအလွန်မာသည့် ဒတ်ချ်ကုန်သည် အနည်းငယ်သည်...ဂျပန်နိုင်ငံမှ လုံးဝထွက်ခွာခြင်းမပြုပဲ ဆက်လက်နေထိုင်လျက်ရှိကြ လေ၏။

ဂျပန်တို့သည် သူတို့နိုင်ငံအား အလွန်မြင့်မြတ်ပြီး အဖိုးထိုက်တန်သော မြေဟု ယုံကြည်ကြသည်။ အခြားဘယ်နိုင်ငံနှင့်မှမတူ၊ တမူထူးခြားသော မြေဟုယူဆကြ သည်။ ထို့ကြောင့်လည်း သူတို့သည် သူတို့နိုင်ငံအား သူတို့ဘာသာစကားဖြင့် 'နိပွန်' သို့မဟုတ် 'နိဟန်'ဟုခေါ်ကြသည်။ ဤအမည်၏ အနက်အဓိပ္ပါယ်မှာ 'နေမှမွေးဖွား လာသောမြေ'ဟု ဖြစ်၏။ ထို့ကြောင့်လည်း ဂျပန်တို့သည် ဒတ်ချ်လူမျိုးကုန်သည် များအား တောင်ပိုင်းအကျဆုံးဖြစ်သော နာဂါစကီး ဆိပ်ကမ်းမြို့ရှိ လူတို့ စိမ်တည်ဆောက်

...သော ကျွန်း၌အကျဉ်းချထားခဲ့သည်။ ယင်းကဲ့သို့ အကျဉ်းချထားခဲ့သည်မှာ ...ယယ်ရာစု ကာလပတ်လုံးဖြစ်သည်။

အကျဉ်းခံနေရသော ဒတ်ချ်ကုန်သည်များအား ဂျပန်တို့က မျက်ခြည်မပြတ် ...ကြပ်ထားခဲ့သည်။ ဘယ်ကိုမှ သွားလာခွင့်မပြု။ တစ်နှစ်မှ တစ်ကြိမ်သာလျှင် ...ကြင့်အကြပ်များ ခြံရံ၍ မြို့တော်၌ ကျင်းပပြုလုပ်သော ပွဲတော်သို့ ရှိုးဂန်း၏ ခွင့်ပြု ...ဖြင့် တက်ရောက်ခွင့်ရသည်။ ထိုစဉ်က ရှိုးဂန်းမြို့တော်မှာ 'ယီဒို'ဖြစ်၍ ယနေ့ခေတ် ...ပ် 'တိုကျို'ဟု ခေါ်နေသော မြို့ဖြစ်ပေသည်။

ဒတ်ချ်ကုန်သည်များအား မြို့တော်သို့ခေါ်သွားသည့် ခရီးလမ်းတစ်လျှောက်ရှိ ...များနှင့် ရွာများကို ဖြတ်သွားရသည့်အခါတိုင်း ဂျပန်လူမျိုးတို့၏ စစ်မှန်မြင့်မြတ် ...သဘာဝကို နိုင်ငံခြားသားများ မမြင်နိုင်၊ မကြည့်နိုင်စေရန် လမ်းဘေးဝဲယာတွင် ...ဖျင်လိုက်ကာကြီးများချ၍ ပိတ်ကာထားတတ်သည်။ ဒတ်ချ်လူမျိုးများသည် ...တော်သို့ ရောက်သည့်အခါ ရှိုးဂန်း၏ရှေ့၌ အနောက်တိုင်းအကမျိုးစုံ ကပြ၍ ရှိုးဂန်း ...အား ဖြေဖျော်ကြရလေသည်။

သို့သော်လည်း ဤဒတ်ချ်ကုန်သည်များသည် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ...ကျိုးစီးပွားများကို ဟော်လန်နိုင်ငံမှ အတော်အသင့် ရရှိခဲ့ကြ၏။ အပြန်အလှန်အားဖြင့် ...တို့သည် ပြင်ပကမ္ဘာမှ သတင်းများကိုလည်း ရယူပေးကြသည်။ ရှိုးဂန်း၏အမိန့်အရ ...ချ်ကုန်သည်များသည် ဥရောပ၊ အမေရိကနှင့် အရှေ့အာရှနိုင်ငံများ၏ နိုင်ငံရေး ...တိုးတက်ဖွံ့ဖြိုးမှုများကို ပုံမှန်အစီရင်ခံစာများ ရေးသားပေးပို့ကြရသည်။ ထိုအစီရင် ...စာများမှတစ်ဆင့် ရရှိသောသတင်းများသည် ဂျပန်နိုင်ငံကို အုပ်ချုပ်နေသူများအတွက် ...ပဓာနစရာ ဖြစ်ကြရသည်သာမက သူတို့နိုင်ငံ၏ အမြတ်တနိုးပြုအပ်သည်ဟု ...ယူထားသော အရာများကို ဆက်လက်ထိန်းသိမ်းသွားရန် အခိုင်အမာတိုး၍ ...ဋ္ဌာန်းချစေခဲ့သည်။

ဆယ့်ကိုးရာစုနှစ်၏ ပထမပိုင်းနှစ်များအတွင်းတွင် အရေအတွက်အားဖြင့် ...နည်းငယ်မျှသော နိုင်ငံခြားသင်္ဘောများသည် ဂျပန်ဆိပ်ကမ်းမြို့များ၌ ဝင်ရောက် ...နားရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၈၄၆–ခုနှစ်တွင် အမေရိကန် ...ရေတပ်မှရေတပ်သားများသည် ယီဒိုပင်လယ်ကွေ့အတွင်းသို့ အစမ်းသဘောဖြင့်ဝင် ...ရောက်ခဲ့ကြ၏။ သို့တစေလည်း ဆိပ်ကမ်းစောင့်တပ်မှ အားကောင်းမောင်းသန် ...ကာမှုရှိုင်းစစ်သည်များသည် သမ္မာန်များကို တအားကုန်လှော်ခတ်ကာ အမေရိကန် ...ည့်သည်တော်စုရေတပ်မှ ရွက်သင်္ဘောနှစ်စီးကို ဖမ်းဆီး၍ ကြိုးနှင့်တွဲချည်ပြီး ပင်လယ်ပြင် ...သို့ပြန်လည်ပို့ပေးခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မတ်ဆူမူရာတိုကီဝါ သည် သူမ၏ ရှိုဂျိ ခန်းဆီးများ၏ အခြားတစ်ဖက်ရှိ ဖြို့တော်ကြီးဆီမှ ပြင်းထန်သော ဆူပူလှုပ်ရှားသံများ ကြားနေရသဖြင့် ချက်ခြင်းပင် သူမ၏ ရေချိုးခန်းထဲမှ အဝတ်အစားပင် မဝတ်တော့ပဲ ထွက်လာသည်။ သူမသည် လက်မောင်းများနှင့် ပခုံးများထက်ရှိ အရောင်တလက်လက်တောက်နေသော ပုလဲလုံးကလေးများနှင့် တူလှသည့် ရေစက်ရေပေါက်များကိုကြည့်ကာ အတွေးပင်လယ်တွင် နစ်မြောလျက်ရှိ၏။

အားနည်းလှသော မှန်အိမ်မီး၏ အလင်းရောင်၏အောက်တွင် မျက်ရည်စက် ကလေးနှင့် အလွန်တူသော ရေပေါက်ကလေးများသည် သူမ၏ ရွှေဝါရောင်သန်းနေသည့် ကိုယ်ပေါ်၌ တွဲလွဲခိုနေကြသည်။ ရေစက်ကလေးများသည် မီးရောင်ကို အမှီပြုကာ လင်းလက်နေကြသည်။ သူမသည် အလင်းနှင့်အမှောင်ကြား၌ ရောက်နေသော သူမ၏ ရင်နှင့်အောက်ဖက်မှဝမ်းဗိုက်တို့ကို အမှုမဲ့ အမှတ်မဲ့ စိုက်ကြည့်နေမိသည်။

သူမ၏စိတ်သည် အမြဲတစေ တိတ်တိတ်ကလေး ကြိတ်၍ငိုနေလေသလား . . . ။ အသံမထွက်ပဲ ကြိတ်၍ ကြိတ်၍ ငိုရှိုက်နေသည်ဟုပင် ထင်၏။ အထူးသဖြင့် လှုပ်သဘောအရ အပြုံးပန်းများနှင့် ဆင်၍ 'ဟိုက်ကူ' ကဗျာများကို ရွတ်ဆိုပြနေချိန် သို့မဟုတ် ကြိုးသုံးချောင်းတပ် 'ဆာမီဆင်း' တူရိယာကို တီးခတ်ပြနေချိန်များတွင် . . . သူမ၏အတွင်းစိတ်ထဲ၌ ကြိတ်၍များ ငိုရှိုက်နေမိလေသလား . . . ။

စိတ်ဆင်းရဲစရာများကို တွေးရင်းနှင့်ပင် သူမသည် တာတာမီဖျာများ ခင်းထားသည့် ကြမ်းပြင်ကိုဖြတ်၍ ညသန်းခေါင်ကျလျှင် ဝတ်နေကျဖြစ်သော ပိုးသားအပြာရောင် ကီမိုနိုဝတ်စုံ ချထားသည့်နေရာသို့ လျှောက်သွားသည်။ အထူးကိစ္စများရှိသော ညများ၌သာဝတ်လေ့ရှိသော ဤကီမိုနိုသည် ငွေကြယ်ရောင်ပွင့်များ တပ်ထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

တလက်လက်တောက်ပကာ ကြည့်ရှု၍မဝနိုင်အောင် လှပကျက်သရေရှိလေသည်။

သူမသည် ကီမိုနိုဝတ်စုံကို ဝတ်ဆင်ဖို့ အချိန်မကျသေးသော်လည်း အရောင်တလက်လက်ဖြင့် လှချင်တိုင်းလှနေသော ဝတ်စုံကို မထိပဲမကိုင်ပဲ မနေနိုင်။ သူမသည် ကီမိုနိုအား လက်တစ်ဖက်ဖြင့် အသာအယာကလေး လှမ်းကိုင်ကြည့်သည်။ ပိုးထည်၏ နူးညံ့ပျော့ပြောင်းမှုသည် သူမ၏စိတ်ကိုပါ နူးညံ့သိမ်မွေ့စေသည်ဟု ထင်မိ၏။ ထိုအခိုက်မှာပင် တောအုပ်နှင့်ရှိုဂျိခန်းဆီးများကာရံထားသည့် အိမ်ခန်း၏ အခြားသောဘက်မှ အော်ပာစ်သံများနှင့် ပြေးလွှားနေသံများသည် သူမထံသို့ ရောက်လာသည်။

ညပိုင်းတွင်ကြားနေရသော အသံများဖြစ်၍ စိတ်လှုပ်ရှားဖို့တော့ ကောင်း၏။ လေးဘက်လေးတန် အုတ်နံရံများ ကာရံထားသော ယီဒိုခရိုင် ယိုရှိဝါရာ၌ ကျင်းပပြုလုပ်နေသော ပျော်ပွဲရွှင်ပွဲများဆီမှ လွင့်မျောလာနေသော ဆူညံလှုပ်ရှားသံများဖြစ်သည်။ ထိုအသံများသည် လူငယ်တစ်ဦးမျှသာဖြစ်သော မတ်ဆူမူရာတိုကီဝါအဖို့ စိတ်လှုပ်ရှားစရာမဖြစ်၊ တကယ်တော့ မတ်ဆူမူရာတိုကီဝါသည် အသက်နှစ်ဆယ်ပင် မပြည့်သေး၊ သို့သော်လည်း သူမသည် 'ရွှေပေဗီလီယံဂေရှားရိပ်သာ'၏ အထက်တန်းစား အဆင့်မြင့်မြင့် ဖေါက်သည်များအား ဖြေဖျော်ရသည့် အလုပ်ကိုသာ လုပ်နေရခဲ့သည်မှာ သုံးနှစ်မျှရှိခဲ့ပြီ။

မည်သို့ပင်ဖြစ်စေ မတ်ဆူမူရာတိုကီဝါသည် ယိုရှိဝါရာ၌ လုပ်ကိုင်နေရသော အလုပ်အပေါ်၌ နှစ်သက်လိုလားခြင်းမရှိ။ ယင်းအလုပ်နှင့်ပတ်သက်၍ အလုပ်သဘောအရ ပြုံးရွှင်ရယ်မောနေရခြင်း၏ နောက်ကွယ်၌ မနှစ်သက်မလိုလားမှုများကို မျက်နှာဖုံးစွပ်၍ ဖုံးကွယ်ထားခဲ့၏။ တကယ်တော့ သူမသည် 'ရွှေပေဗီလီယံဂေရှားရိပ်သာ'သို့ စိတ်မပါလက်မပါဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ စီးပွားပျက်ကပ်ဆိုက်ကာ ဘဝပျက်သွားခဲ့သော သူမ၏ဖခင်အတွက် ငွေကြေးအမြောက်အများပေးရန် လိုအပ်လျက်ရှိ၏။ နောက်ဆုံးတွင် ထိုငွေနှင့်ညီမျှသော သူမ၏အလှသည် သူမ၏အဖေအား ကယ်တင်ပေးနိုင်ခဲ့လေသည်။

သူမ၏ဖခင်သည် ယခင်က ဆာမူရိုင်းတစ်ဦးဖြစ်၍ နောင်အခါတွင် ကုန်သည်ဖြစ်လာသည်။ သူမ၏အဖေသည် ယိုရှိဝါရာမှ လောင်းကစားဂေဟာတွင် စည်းကမ်းမဲ့လောင်းကစားခြင်း ပြုခဲ့သည်။ သူ၏လောင်းကစားမှုသည် ရှိရှိသမျှ စည်းစိမ်ပြုတ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့လေရာ မိသားစုမွဲတေမသွားစေရန်အတွက် မတ်ဆူမူရာတိုကီဝါသည် စိတ်မပါတပါဖြင့် အနစ်နာခံ၍ ဝင်ရောက်ကူညီခဲ့ရလေ၏။

ယခုကြားနေရသော အသံများမှာ ညစဉ်ညတိုင်းကြားခဲ့ရသော အသံများဖြစ်သည်။ ဆူလည်းဆူ၍ ကြမ်းလည်းကြမ်းတမ်းလွန်းသဖြင့် သူမအနေဖြင့် နားများကိုပင်

...ပိတ်ထားချင်သည်။ အများအားဖြင့် ထိုအသံများသည် အပြင်ဘက်လမ်းမပေါ်အထိပင် ...ရောက်လာ၏။ သို့တစေလည်း ယခုကြားနေရသော အသံများသည် ယခင့် ယခင် ...များက အသံများနှင့်မတူ . . .။ သူမ၏ လသာဆောင်ဆီထိ ဝင်လာနေသော ...အသံများသည် ယခင်ညတွေထက် ပို၍များ၏။ ပို၍လည်း စူးစူးရှရှနိုင်၏။ ပို၍လည်း ...ကျယ်လောင်သည်ထင်၏။

မတ်ဆူမူရာတိုကီဝါသည် ယခုအချိန်အထိ အဝတ်အစား မဝတ်သေး။ သူမ...သည် သူမနှင့်အနီးဆုံးသော ရှိုဂျိခန်းဆီးကို ဆွဲဖွင့်လိုက်ပြီး အပြင်လမ်းမဆီသို့ ဇေ့ဇေ့...ပ်စပ်ကြည့်နေမိသည်။ ဆူညံလှုပ်ရှားနေသော လူစုလူဝေးအလည်တွင် တစ်ခေါင်းလုံး ...ပင်တွေ ဖွေးဖွေးလှုပ်နေသည့် အဖွားအိုတစ်ဦးအား ကျောပိုးထားသည့်ယောကျ်ား...စ်ယောက်ကို ရှေးဦးစွာ သတိထားလိုက်၏။ အမျိုးသားသည် သူ့ကျောပေါ်မှ ...ထုပ်ဝန်ပိုးကြောင့် ခယိုးခရိုင် ဖြစ်လျက်ရှိ၏။ အဖွားအိုကမူ သူမအား ကုန်းပိုးထား...သည့် အမျိုးသား၏ ကျောကို တအားကုန်ဖက်တွယ်ထားသည်။

အဖွားအို၏ မျက်နှာသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို အပီအပြင်ဖေါ်ပြလျက် ...ရှိ၏။ အဖွားအိုမှာ တိုကီဝါ ခန့်မှန်းတွေးထင်ထားသည့်အတိုင်း ကျောပိုးထားသော ...မျိုးသား၏ မိခင်ဖြစ်သည်။ အမျိုးသားသည် ကျောပေါ်မှ အလေးဒဏ်ကြောင့် ပုံမှန် ...လျှောက်နိုင်။ တစ်ကိုယ်လုံး ယိမ်းထိုးကာ ဒယီးဒယိုင်ဖြစ်လျက်ရှိသည်။ အမေဖြစ်သူ...သည် မကြာခဏ နောက်သို့လှည့်ကြည့်လာသည်။ သူမ၏နောက်မှ ငရဲသားကြီးတွေ ...လိုက်လာမည်ကို စိုးရိမ်မကင်းဖြစ်နေသည့် ပုံမျိုးဖြစ်၏။

တိုကီဝါသည် အသက်ငယ်ငယ်အမျိုးသမီးများ၏ ကြောက်ရွံ့ထိတ်လန့်နေ...သော အမူအရာကိုလည်း မြင်နေရသည်။ ထိုမိန်းမများသည် သူတို့၏ ကလေးငယ်များ...ကို လက်နှစ်ဖက်ဖြင့်ပွေ့ကာ နောက်သို့ မကြာခဏ လှည့်ကြည့်ပြီး သုတ်သီးသုတ်ပြာ ...ပြေးသွားနေကြသည်။ ကလေးသူငယ်များသည် သူတို့အမေများကို ဖက်တွယ်ကာ ...ကြွေးနေကြသည်။ အိမ်ထောင်စုအများအပြားသည် သူတို့ပိုင်ဆိုင်သည့် အနည်း...ငယ်မျှသော တိုလီမိုလီပစ္စည်းများတင်ထားသည့် လက်တွန်းလှည်းများကို အမြန်...တွန်းကာ အလျင်စလို သွားလာနေကြသည်။

မြို့တွင်းရှိ နတ်ကွန်းများနှင့် ဘုရားကျောင်းများဆီမှ ခေါင်းလောင်းထိုးသံများ...သည် အဆက်မပြတ်ထွက်ပေါ်လာနေသည်။ ယခင်က ထိုပုံမျိုးမဟုတ် . . .။ ...ရေးကြီးသော အရေးပေါ်ကိစ္စရှိလာ၍ ထိုးနေသည့်ပုံမျိုးဖြစ်သည်။ ယောကျ်ားများနှင့် ...န်းမများသည် အရေးတကြီး ပြေးသွားနေရင်းမှ တစ်ဦးကိုတစ်ဦး အော်ကြ ခေါ်ကြ ...ပြောကြ ဆိုကြနှင့် အလုပ်ရှုပ်လျက်ရှိကြ၏။ သူတို့ဘာတွေပြော၍ ဘာတွေ...ဟာစ်

www.burmeseclassic.com

www.burmeseclassic.com

နေသည်ကို သဲသဲကွဲကွဲကြားလိုနေသော တိုကီဝါသည် လက်နှစ်ဖက်ကိုပိုက်၍ လသာဆောင်ဘက်သို့ လှမ်းဝင်လာခဲ့သည်။

" လူရိုင်းတွေက တို့အားလုံးကို ဖျက်ဆီးဖို့ ရေပေါ်မှာ ပေါ်နေတဲ့မီးတောင်တွေမျှောပြီး လွှတ်လိုက်တယ် "ဟု လသာဆောင်အောက်ဘက်မှ အပြေးအလွှား သွားနေသော ယောက်ျားတစ်ယောက်က အခြားတစ်ယောက်အား လှမ်းအော်ပြောနေသည်။

" သူတို့ကို အစ်ဖုးအငူကနေပြီး မြင်ကြရတယ် . . . ။ မီးခိုးလုံးနက်နက်ကြီးတွေ မှုတ်ထုတ်ပြီး လာနေတာတဲ့ . . .ကွ "

" အလွန်ရဲရင့်တဲ့ သာမူရိုင်းစစ်သည် နှစ်သောင်းကို ကမ်းရိုးတန်းတလျှောက်မှာ စောင့်ရှောက်ဖို့ ချထားတယ် "ဟု နောက်တစ်ဦးက အော်ပြောသည်။ " ဒါပေမဲ့ သူတို့ အားလုံးနဲ့လည်း ရမယ်မထင်ဘူး "

" အမွေးတွေ သိပ်ထူတဲ့ လူရိုင်းဘီလူးကြီးတွေက မီးတောင်တွေ နောက်က လိုက်လာတယ် "ဟု နောက်တစ်ဦးက ဝင်ပြောသည်။

" သူတို့ ယီဒိုတစ်မြို့လုံးကို မီးရှို့မှာ၊ ယီဒိုက မိန်းမတွေအားလုံးကိုလည်း မုဒိမ်းကျင့်ကြလိမ့်မယ် "ဟု မိန်းမတစ်ယောက် ပြောသံကို ကြားရသည်။ " ဘယ်သူမှ ကျွန်မတို့ကို ကယ်ဆယ်နိုင်မယ် မထင်ဘူး "

တိုကီဝါသည် ကြားလိုက်ရသည့် စကားများအတွက် ထိတ်လန့်အံ့သြခြင်း ဖြစ်ကာ တကိုယ်လုံး တုန်သွားသည်။ လူအများပြောနေသည့် ရေမျှောမီးတောင်ကြီးများ ဆီမှ ထွက်လာနေသည့် မီးခိုးလုံးကြီးများကို မြင်ရလို မြင်ရငြား မျက်စိရှာမိသည်။ သို့သော်လည်း မြို့တော်၏ အထက်ဖက်ရှိ ကောင်းကင်ပြင်တွင် ငြိမ်ဆိတ်စွာ တလက်လက် တောက်နေသော ကြယ်ပွင့်များမှတပါး အခြားဘာကိုမှ မမြင်ရ။ နွေလိုင်လ၏ ညများတွင် အစဉ်အမြဲမြင်ရလေ့ရှိသည့် အနေအထားအတိုင်းပင်ဖြစ်သည်။

တိုကီဝါအနေဖြင့် ဘေးအန္တရာယ်မကင်းသည့် အရိပ်အခြည်ကိုပင် မမြင်ရ။ ကောင်းကင်ယံတစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိသည်။ ကြယ်များသည် မြေထဲမှ ရရှိလာသည့်အဖိုးတန်ကျောက်မျက်ရတနာများသဖွယ် တလက်လက်တောက်ပနေကြသည်။ ကြယ်များကိုမြင်လိုက်ခါမှပင် စောစောက နာရီဝက်ခန့်စော၍ သူမ အနှစ်သက်ဆုံးသော ကီမိုနိုဝတ်စုံ ထုတ်ချထားခဲ့သည့်အဖြစ်ကို သတိရလာသည်။ ထိုဝတ်စုံကို သူ ဘာကြောင့်ချထားခဲ့ရသနည်း . . . ။ ကျိုတိုမှ မမျှော်လင့်ပဲ ဆိုက်ရောက်လာသော တောင်ပိုင်းကာဂိုဆွေမျိုးအုပ်စုဝင် မင်းသားတာနာကာယိုရှီအိုထံမှ လျှို့ဝှက်စာ တစ်စောင်ကို ရရှိခဲ့ခြင်းကြောင့်ဖြစ်လေသည်။

ထိုစာတွင် မင်းသားတာနာကာယိုရှီအိုက သူသည် ကေရာဇ်မင်းမြတ်စံမြန်းရာ မြို့တော်မှနေ၍ ယီဒိုမြို့သို့လမ်းတွင်အရပ်အနားဟူ၍ လုံးဝမရှိပဲ။ မြင်းကိုနှင်လာခဲ့ရကြောင်း၊ ယခုည တစ်ချိန်ချိန်တွင် ဘယ်သူမှ မရိပ်မိ မသိရှိအောင် တိတ်တဆိတ် ကြိတ်၍ " ရွှေပေဗီလီယံရိပ်သာ "သို့ လာလိုကြောင်းရေးထားသည်။ တိုကီဝါသည် အောက်ဖက်လမ်းပေါ်မှ အလန့်တကြား ပြေးသွားနေသော လူအုပ်ကြီးကို နောက်ထပ် ငုံ့ကြည့်ပြန်သည်။

တစ်မြို့လုံး အခုလို အုံးအုံးကျွက်ကျွက် ဖြစ်နေချိန်တွင် သူ လာမှလာပါ့မလားဟု တိုကီဝါ တွေးနေမိသည်။ မိမိကတော့ ဤကိစ္စကို တာဝန်ကြီးတစ်ခုသဖွယ် သဘောထားပြီး သူချိန်းသည့်နေရာမှ စောင့်ရမည်လော . . . ၊ သို့တည်းမဟုတ် မိမိအနေဖြင့် ကျူးကျော်ဝင်ရောက်လာမည့် လူရိုင်းများ၏ ဘေးမှလွတ်မြောက်အောင် ထွက်ပြေးနေကြသော လူအုပ်ကြီးနှင့်ရော၍ လိုက်သွားရလျှင် ကောင်းမလား . . . ။

တိုကီဝါသည် ရုတ်တရက် ချက်ခြင်း မဆုံးဖြတ်နိုင်၊ သူသည် ဦးခေါင်းကို ထောင်ကာ အသံဗလံများကို နားစွင့်နေသည်။ သူမ၏နောက်ဖက်ရှိ ဗွီလပေဗီလီယံ၏ အတွင်းခန်းများသည် ငြိမ်သက်တိတ်ဆိတ်နေကြသည်။ ရုတ်တရက်ဝင်လာသော အတွေးတစ်ခုကြောင့် သူမ၏စိတ်တွင် ကြောက်စိတ်ဝင်လာသည်။ သူ ရေချိုးနေစဉ်က အခြားသော ဂေရှာမိန်းမပျိုများနှင့် အစေအပါးများသည် လန့်ဖျပ်ပြီး ထွက်ပြေးကုန်ကြလေသလား။

တိုကီဝါသည် လမ်းမဆီသို့ နောက်တစ်ကြိမ် ငုံ့ကြည့်ပြန်သည်။ သူ မြင်ဖူးနေကျ မင်းသားတာနာကာ၏ ရုပ်လွှာကို လမ်းပေါ်၌ တွေ့ရလေမလားဟူသော အတွေးဖြင့် ထပ်မံကြည့်ရှုခြင်းဖြစ်၏။ တာနာကာသည် ခြေလှမ်းများကို ကြဲကြဲလှမ်း၍ရင်ကို ကော့ပြီးလျှောက်တတ်သည်။ ပြီးတော့ သူ့ခါးတစ်ဖက်တစ်ချက်၌ ချိတ်ထားသော ဓာမူရိုင်းဓါးနှစ်လက်သည် သူ့တင်ပါး၏အပေါ်ဘက်သို့ ထိုးထွက်နေကြသည် မဟုတ်ပါလား . . . ။ သို့သော်လည်း ရှုပ်ရှုပ်ထွေးထွေးနှင့် ပြေးလွှားနေကြသော လူအများကြားတွင် မင်းသား၏ အရိပ်လက္ခဏာကို မမြင်ရ။ မီးအိမ်များ ထွန်းထားသည့် ရွှေပေဗီလီယံရိပ်သာ၏ တံခါးများရှေ့တွင်လည်း ရှုံ့များပေရေနေသော အညိုရောင် ဖက်ရုံကြီးဝတ်ထားသည့် ခါးကုန်းကုန်းဘုန်းကြီးတစ်ပါးမှလွဲ၍ အခြားလူများ၏ အရိပ်အရောင်ကို မတွေ့ရ။ ဘုန်းကြီး၏ ပြုမူနေထိုင်ပုံမှာ သဘာဝမကျ ဖြစ်နေသဖြင့် တိုကီဝါ၏ အကြည့်သည် ဘုန်းကြီးအပေါ်၌ တရစ်ဝဲဝဲဖြစ်နေသည်။ ထိုခဏမှာပင် သူတောင်းစားဟုယူဆရသော ဘုန်းကြီးသည် လသာဆောင်ဆီသို့ မော့ကြည့်နေသည် ကို မြင်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တိုကီဝါသည် တစ်ခွန်းမျှလန့်အော်ပြီး အခန်းထဲသို့ ကပြာကရာ ပြေးဝင်သွားသည်။ ဝတ်လစ်စလစ်ဖြစ်နေသော ခန္ဓာကိုယ်အား ကီမိုနိုအတွင်းခံဖြင့် ဖုံးလွှမ်းလိုက်သည်။ ချက်ခြင်းပင် ဆံတိုး၊ ဆံညှပ်၊ လိပ်ခွံဘီး စသည်တို့ကိုယူကာ မှန်ရှေ့၌ထိုင်၍ သူမ၏ဆံပင်ကို ကပြာကရာဖြီးသည်။ ဆံပင်ကို တစ်ဝက်ခန့်မျှ ဖြီးအပြီးတွင် သူမ၏နောက်မှ ရှိုဂျိ ခန်းဆီးဆွဲသံကို ကြားလိုက်ရ၏။ ထို့နောက် စောစောက လသာဆောင်မှ လှမ်းမြင်ခဲ့ရသော ခေါင်းစွပ်ကြီးနှင့် သူတောင်းစားလိုလို လူ၏ရုပ်ပုံလွှာသည် သူမ၏ရှေ့ရှိ မှန်ထဲ၌ ထင်ဟပ်လာသည်။

တိုကီဝါသည် ထိတ်လန့်အံ့သြခြင်းဖြစ်ကာ အမှတ်တမဲ့ အော်လိုက်မိသော်လည်း လှုပ်ရှားခြင်းတော့မပြု။ သူမ၏ သေးသွယ်ပျော့ပြောင်းသော လက်တစ်ဖက်သည် ကီမိုနို ဝတ်စုံအောက်သို့ ရောက်သွားပြီး ချက်ခြင်းပင် ဓါးမြှောင်တစ်ချောင်းကိုကိုင်၍ အပြင်သို့ ပြန်ထွက်လာသည်။ သူမ၏ရှေ့မှ သူတောင်းစားလိုလို လူနှင့်ဖျတ်ခနဲ လှည့်၍ ရင်ဆိုင်သည်။ ထိုလူကလည်း စက္ကန့်ပေါင်းများစွာ ကုန်သွားသည်အထိ မတုန်မလှုပ် ကျောက်ရုပ်သဖွယ်ရပ်ကာ တိုကီဝါအား ကြည့်နေသည်။ ဘုန်းကြီးများ ဝတ်လေ့ရှိသော အပေါ်ဝတ်ရုံ ကေသီကို လွှမ်းခြုံထားသဖြင့် သူ့မျက်နှာကို ပီပီပြင်ပြင် မမြင်ရ။

ထို့နောက် ရုတ်တရက် ချက်ခြင်း သူ၏ညာလက်သည် ရှုံ့တွေပေနေသည့် ကေသီဝတ်ရုံအောက်မှ ဓါးရှည်ကြီးတစ်ချောင်းကိုင်၍ ထွက်လာသည်။ သူသည် ဓါးရှည်ကို သူ့မျက်နှာ၏ရှေ့တည့်တည့်၌ မြှောက်ကိုင်ကာ တိုကီဝါအား လှမ်းကြည့်နေသည်။ သူလုပ်နေပုံသည် တိုကီဝါအား အလေးပြုနေသည်နှင့်တူသည်။ သူ၏ ကျန်လက်တစ်ဖက်သည် ခေါင်းပေါ်၌ အုပ်ထားသည့် အစွပ်ကို ဖယ်ချလိုက်သည်။ အပြုံးအရယ်မရှိသော မင်းသားတာနာကာယိုရှီအို၏ မျက်နှာသည် ဘွားခနဲပေါ်လာသည်။ သူသည် တည်ငြိမ်အေးဆေးသော မျက်နှာထားကြီးဖြင့် တိုကီဝါအား ကြည့်နေရာမှ မြှောက်ထားသည့် ဓါးကိုပြန်ချကာ ဦးခေါင်းကိုညွှတ်၍ နှုတ်ဆက်သည်။

"သင့်ရဲ့ထူးခြားပြောင်မြောက်လွန်းတဲ့ သတ္တိဟာ သင့်ရဲ့ အရှားပါးဆုံးသော အလှနဲ့ လိုက်ဖက်ညီလှပါပေတယ် တိုကီဝါ–ဆန် "ဟု မင်းသားတာနာကာယိုရှီအိုက ပြောသည်။ "ကျုပ်ဟာ မင့်ရဲ့ 'ဟိုက်ကူ' ဘောသီချင်းနဲ့ 'ဆမိဆင်း' တူရိယာတီးတာကို ကြည့်ပြီး အံ့သြချီးမွမ်းခဲ့ရပါတယ်။ ဒါပေမဲ့ မင့်ရဲ့ အခုတွေ့ရတဲ့ အရည်အသွေးကိုတော့ အရင်တုန်းက တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး "

တိုကီဝါသည် လက်ထဲမှ ဓါးမြှောင်ကို ဘေးသို့ချလိုက်ပြီး ဒူးထောက်ထိုင်လိုက်သည်။ " တအံ့တသြဖြစ်ရတာဟာ အရှင်တစ်ယောက်တည်း မဟုတ်ပါဘူး "ဟု တိုကီဝါက ဦးခေါင်းကို မင်းသားဘက်ညွှတ်၍ ပြောသည်။ " သူတောင်းစားလို

ပတ်ဆင်ထားတဲ့ အရှင့်ကို ကျွန်မ လုံးဝ မမှတ်မိတာဟာလဲ အံ့သြစရာတစ်ခုပါပဲ "

မင်းသားသည် တိုကီဝါအား ငြိမ်ဆိတ်စွာရပ်၍ ကြည့်နေရာမှ ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။ သူ၏ ဓါးရှည်မှာ ခုချိန်ထိ ဓါးအိမ်အတွင်းသို့ ပြန်မသွင်းသေး၊ လက်လက်ထနေသော ဓါးကိုသတိပြုမိလိုက်သော တိုကီဝါသည် သူမ၏ ဦးခေါင်းကို ငုံ့လိုက်သည်။

" ဒီကိုလာရင် မကြာခဏ ရုပ်ဖျက်ပြီး လာသင့်တယ်လို့ ထင်မိတယ် "ဟု မင်းသားက အသံကို ထိန်းချုပ်ပြီးပြောသည်။ " ဒါမှလဲ ပြင်ဆင်ဖို့ အချိန်မရတဲ့ မင်းကို မေဂုလိုပုံစံမျိုးတွေ့ရမှာ၊ ဒီပုံစံမျိုးကလည်း ကိုယ့်မျက်လုံးထဲမှာ သိပ်ပြီးဆွဲဆောင်မှုရှိနေတာ တွေ့ရတယ် "

ကီမိုနိုအတွင်းခံအောက်ရှိ တိုကီဝါ၏ ကိုယ်ခန္ဓာသည် ဘာအဝတ်အစားမှမရှိ။ အရောင်အဆင်းက ရွှေဝါရောင် . . . ။ မင်းသားသည် မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ရပ်ကာ တိုကီဝါအားကြည့်နေသည်။ တိုကီဝါ၏ နောက်ကျောသည် သေးသွယ်ရှည်လျားပြီး လှပသော ဓါးကိုဖြစ်ပေါ်စေသည်။ သူမ၏ တင်ပါးနှစ်ဖက်သည် သေးသေးယောင်ယောင်ရှိသော်လည်း တင်းရင်းပြည့်ဖြိုးသည်။ ငယ်ရွယ်နုနယ်သေးသူတစ်ဦးဖြစ်သဖြင့် သူမ၏ရင်သားများသည် ကီမိုနိုအတွင်းခံအတွင်းမှ ရုန်းကန်လှုပ်ရှားကာ ကိုးထွက်ကာ တိုးထွက်လာတော့မည့်နှယ်ရှိသည်။ မင်းသား၏ မျက်လုံးအစုံသည် သူမ၏တစ်ကိုယ်လုံးအပေါ်တွင် အချိန်အတော်ကြာမျှ လှည့်လည်ကျက်စားလျက်ရှိလေ၏။

" ဒီမှာ ဆက်နေရင် လုံခြုံပါ့မလားဟု "ဟု တိုကီဝါက သောကမကင်းသော အသံဖြင့်မေးသည်။ " ရေပေါ်မှာ မျောနေတဲ့ မီးတောင်တွေနဲ့ပါလာတဲ့ လူရိုင်းတွေက ဒီညတစ်မြို့လုံးကို လာပြီး ဖျက်ဆီးကြလိမ့်မယ်လို့ အရှင် ထင်ပါသလား "

တာနာကာသည် တိုကီဝါ၏အမေးကို ဖြေမည့်အစား သူ့လက်ထဲမှဓါးကို မြှောက်ပြကာ တိုကီဝါ၏လက်ထဲမှ ဓါးမြှောင်ကို အသာအယာ ရိုက်ထုတ်လိုက်သည်။ ဓါးမြှောင်သည် တိုကီဝါ လက်လှမ်းမမှီနိုင်သည့် ထောင့်တစ်ထောင့်ဆီသို့ လွင့်ထွက်သွားသည်။ ထို့နောက် သူသည် သူ့ဓါးကို အသာမြှောက်ကာ တိုကီဝါ၏ လည်ကုပ်ဆီသို့ တိုးကပ်သွားသည်။ သူ၏ကျွမ်းကျင်သော ကိုင်တွယ်မှုဖြင့် သူ့ဓါးထိပ်ဖျားသည် သူမ၏ချောမွေ့ပြောင်လက်ပြီး မဲနက်နေသော ဆံပင်ဆီသို့ ရောက်သွားသည်။ သူ့လက်ဖျက်လှုပ်ရုံမျှဖြင့် သူမ၏ဆံပင်မှ ဆင်စွယ်ဘီးနှင့် ငွေဆံထိုးနှစ်ခုသည် သူမ၏ ပေါင်သို့လွင့်ကျလာသည်။

တိုကီဝါ၏ ဆံပင်သည် ပခုံးများပေါ်သို့ ဖြန့်ကျလာသည်။ မင်းသားတာနာကာ

www.burmeseclassic.com

www.burmeseclassic.com

သည် သူမ၏လှပသော ဆံပင်များကို ကြည့်နေရာမှ လက်ထဲမှ ဓါးရှည်ကို ကျင်လည်စွာ ကိုင်တွယ်ပြီး ကီမိုနိုအောက်ခံရင်စည်းကို ဓါးထိပ်ဖြင့် အသာအယာထိကာ ခွဲချ လိုက်သည်။

"တို့များရဲ့နိုင်ငံရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်ဟာ သိပ်ပြီးစိုးရိမ်ရတဲ့ အခြေအနေဖြစ်နေပြီ "ဟု မင်းသားတာနာကာက ပြောသည်။ "ဒီကိစ္စကို မင်း အခုလောက်ဆိုရင် သိနေလောက်ပြီလို့ထင်တယ်။ မင်းကိုယ်တိုင်လည်း ဘေးအန္တရာယ်မကင်းဘူးလို့ ယူဆရလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ မင်းက ကိုယ်နဲ့ ဆက်သွယ်နေတယ် မဟုတ်လား "

တိုကီဝါ၏ ဦးခေါင်းသည် ပထမဆုံးအကြိမ် မော့လာပြီး စိုးရိမ်မကင်းသော မျက်နှာထားဖြင့် တာနာကာအားကြည့်သည်။

"ဒီလိုဆိုရင် ကျွန်မတို့ အခုချက်ခြင်း ဒီနဲ့ဝေးရာကို ပြေးကြရမှာလား . . . . အရှင် "

"အန္တရာယ်တွေက သိပ်ကြီးမားပြီး များမယ်ဆိုရင်တော့ လွယ်လွယ်နဲ့ ပြီးသွားလိမ့်မယ်လို့ တွက်လို့မရဘူး "ဟု တာနာကာက ပြန်ပြောသည်။ "ယခုဒီက လူတွေရဲ့ အကြောက်ကတော့ ပုံကြီးချဲ့သလို ဖြစ်နေတယ် . . . ၊ ဒီလောက်အထိ ကြောက်ဖို့တော့လိုမယ် မထင်သေးပါဘူး "

အပြင်ဘက်လမ်းပေါ်မှ ကြောက်လန့်တကြား ပြောသံ၊ဆိုသံ၊ အော်သံ၊ ဟစ်သံများသည် တိုး၍သာလာနေသည်။ ခြေသံများ၊ ပြေးလွှားသံများနှင့် အော်သံများသည် ဆောဆောကထက်ပို၍ ကျယ်လောင်လာသည်။ အသံတွေမှာ ဘာသံတွေဟုပင် ခွဲခြား၍ မရအောင်ဖြစ်လာသည်။ တိုကီဝါသည် မင်းသား၏ခေါင်းဦး သူမ၏ ပခုံးပေါ်၌ ရောက်နေသည်ကို သတိထားမိလာသည့်ကြားမှပင် စိုးရိမ်စိတ်ကဝင်လာသည်။ "ဒါပေမဲ့ ပင်လယ်ပြင်ပေါ်မှာ ရွေ့လျားသွားနိုင်တဲ့ မီးတောင်တွေဟာ နိပွန်နိုင်ငံက လူအများအပြားကို သေတွင်းပို့ကြမှာ သေချာနေပြီ။ ဒါဆိုရင် ကြောက်ကြ၊ လန့်ကြတာကို မိုက်မဲမှုတစ်ခုလို့ ပြောလို့ဘယ်ရမှာလဲ "

"အဲဒီ ကောလဟာလသတင်းတွေဟာ လုပ်ကြံပြီး ပြောနေကြတာပါ။ လူရိုင်းတွေဟာ ရေပေါ်မှာ မျောသွားနေတဲ့ မီးတောင်တွေကို လွှတ်ပြီး တို့ကို ဆန့်ကျင်မယ်ဆိုတာ မဟုတ်ပါဘူး "တာနာကာသည် သူ့ခေါင်းအတုံးဘက်မှနေ၍ တိုကီဝါ၏ ဆံပင်ကို ချစ်စနိုးတို့ထိကာ ကျီဆယ်လျက်ရှိ၏။ သူသည် ဆံပင်ကို နောက်ကျောတစ်လျောက် သပ်သပ်ရပ်ရပ် ဆင်းသွားအောင် ဓါးဖြင့်ပွတ်သပ်ပေးနေသည်။

'မီးခိုးတွေဟာ သူတို့သင်္ဘောတွေက ထွက်လာနေတာပါ။ သင်္ဘောပေါ်မှာ

လုပ်ထားတဲ့ စက်တွေကလည်း သံထည်တွေနဲ့လုပ်ထားတာ။ အဲဒီစက်တွေထဲမှာ ကျောက်မီးသွေးထည့်လိုက်ရင် မီးလောင်တယ်၊ ပြီးတော့ လေကိုဆန့်ကျင်ပြီး သွားအောင် သင်္ဘောတွေကို တွန်းအားပေးတယ်၊ စက်တွေက သိပ်ကို အားကောင်းတယ် . . . ၊ တခြားသင်္ဘောတွေကို လွယ်လွယ်နဲ့ ကျော်သွားနိုင်တယ်'

သူမ၏ နောက်ကျောတလျောက် ရွေ့လျားနေသော သံမဏိဓါးသွားကြောင့် တိုကီဝါသည် တွန့်လိမ်လျက်ရှိ၏။ 'နေပါဦး . . . အရှင်၊ သူတို့က ဘာလိုချင်လို့လဲ . . . ၊ ဘာပြုလို့ ဒီကိုလာကြတာတဲ့လဲ '

'သူတို့က တို့လူမျိုးတွေကို အရှက်ခွဲဖို့လာကြတာပေါ့။ တို့လူမျိုးတွေကို ချွန်ပြုဖို့နဲ့ တို့နိုင်ငံကို ကိုလိုနီလုပ်ဖို့လာကြတာပဲ ဖြစ်မှာပေါ့။ အနည်းဆုံး သူတို့အနေနဲ့ ကိုဆန္ဒမပါပဲ သူတို့ရဲ့ ကုန်တင်သင်္ဘောတွေကို လက်ခံဖို့ ဖွတ်အဓမ္မ တို့ကိုလုပ်ကြမှာ ကတော့ ကျိန်းသေပဲ'

တာနာကာ၏လေသံသည် တင်းမာလှ၏။ သူ့မျက်နှာထားသည် ခက်ထန်လှ ချေသည်။ မည်သို့ပင်ဖြစ်စေ သူ့မျက်လုံးအစုံသည် ဗလာကျင်းလျက်ရှိသော တိုကီဝါ၏ တစ်ကိုယ်လုံးကို စေ့စေ့ကြည့်ကာ အပြောင်းအလဲရှိလာသည်။ သူ့တွင် အလိုဆန္ဒ တစ်မျိုးဝင်လာသည်ကို တိုကီဝါသတိထားမိ၏။

'အရှင်နဲ့ ဆက်သွယ်ရုံကလေးနဲ့ ကျွန်မဟာ ဘေးအန္တရာယ် ကျရောက်လိမ့်မယ်လို့အရှင်ကပြောတယ်။ အဲဒါ ဘာပြုလို့လဲ 'ဟု တိုကီဝါက မေးသည်။ 'ပြီးတော့ လူရိုင်းတွေလာတဲ့အတွက် အရှင့်အနေနဲ့ ဘာပြုလို့ အခုလို စွန့်စွန့်စားစား သွားလာ လှုပ်ရှားနေရတာလဲ . . . အရှင် '

'ဘာကြောင့်လည်းဆိုတော့ သူတို့ရောက်လာတဲ့အတွက် တို့ကို အုပ်ချုပ်တဲ့လူတွေကြားမှာ မကျေနပ်မှုတွေနဲ့ ခိုက်ရန်ပွားမှုတွေ ဖြစ်လာတယ်။ သူတို့ကို ဘယ်လို တုံ့ပြန်ရမလဲဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ အုပ်စုတွေ ကွဲသွားကြတယ် '

'ကျွန်မကတော့ နားမလည်ဘူး '

'မင့်အနေနဲ့ မင်းနားလည်ပါတယ်လို့ ဝန်ခံထားတာထက် ပိုပြီးနားလည်ချင် နားလည်နေမှာပါ အို တိုကီဝါ –ဆန်၊ ပြီးတော့ ငါ့ရဲ့ရန်သူတွေကို မင်း သိချင်သိနေ ရောပေါ့၊ ဒါမှမဟုတ်လည်း သူတို့က မင့်ကို ငွေအများကြီးပေးပြီး ဓါးမြှောင်ကိုလည်း ငါ့ကို သတ်ဖို့ မင့်လက်ထဲထည့်ချင်ထည့်ခဲ့မှာ . . . ၊ အခုဖြစ်နေတာဟာ အဲသလိုဖြစ်တာ လို့ကော မပြောနိုင်ဘူးလား '

မင်းသားတာနာကာသည် သူ့ဓါးဖြင့် တိုကီဝါဘက်သို့ ချိန်ရွယ်ထားသည်။ တိုကီဝါသည် မင်းသား၏မျက်နှာကို တစ်ချက်မော့ကြည့်သည်။ မင်းသား၏

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများသည် သံသယနှင့်ဆန္ဒရမက်တို့ကို ပေါင်းစပ်၍ဖော်ပြနေကြသည်။ အကယ်၍ သူမအနေဖြင့် ထိုင်နေရာမှ ဖြုန်းခနဲထပြီး သူမကိုယ်သူမ ကာကွယ်မည် ဆိုပါက မင်းသားဘက်မှ ဘယ်လိုတုံ့ပြန်လိမ့်မည်နည်း . . . ။ သို့သော်လည်း သူမထံ၌ အစိုင်အမာ ကိန်းဝပ်လျက်ရှိသော သဘာဝစိတ်က သူမအား ထိုင်နေရာမှ မထအောင် ဟန့်တားထားလေသည်။

တိုကီဝါသိထားသည့်အတိုင်းဆိုပါက ရှေးဟောင်းခေတ် 'ဘုရှီဒိုကျင့်ဝတ် ကျင့်ထုံးဥပဒေ 'တွင် ဆာမူရိုင်းတစ်ဦးသည် ပင်ကိုယ်သဘာဝစိတ်အရ သတ်ဖြတ်လိုစိတ် ပေါ်လာပါက သတ်ဖြတ်ပိုင်ခွင့်ရှိ၏။ ယင်းသတ်ဖြတ်မှုအတွက် ဆာမူရိုင်း၏လုပ်ရပ်ကို အပြစ်တစ်ခုဟု သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်ခြင်းမပြုပဲ ကင်းလွတ်ခွင့်ကိုပေးရသည်။ ထို့ကြောင့်လည်း ဆာမူရိုင်းအား ဧည့်ခံဖျော်ဖြေရသော ဂေရှာမယ်တိုင်းသည် ယင်းအချက် ကိုသိနားလည်ထားကြသည့်အားလျော်စွာ ဆာမူရိုင်းများနှင့်ဆက်ဆံကြရသည့်အခါတိုင်း ချင့်ချိန်တတ်သောဉာဏ်ကို လိမ္မာပါးနပ်စွာ အသုံးချလေ့ရှိကြသည်။

ယင်းအချက်ကို သတိရလျက်ရှိသော တိုကီဝါသည် ရက်ဟန်ကြောက်ဟန်ဖြင့် သူမ၏ဦးခေါင်းကို မသိမသာလေး ငုံ့ထားသည်။ သူမ၏အတွေ့အကြုံနှင့် ရယူခဲ့ရသည့် လေ့ကျင့်သင်ကြားမှုများအရ ကျိုးနွံနှိမ့်ချသော အမူအရာကိုသာ အထူးသတိထား၍ ဖော်ပြသည်။ တကယ်တော့ သူမ၏ အလုပ်သည် နိပ္ပွန်တစ်နိုင်ငံလုံးရှိ ယောကျ်ား အားလုံးကို ချစ်ရေးချစ်ရာကိစ္စအရပ်ရပ်တွင် ကျေနပ်မှုရှိအောင် ဆောင်ရွက်ပေးရမည်ဟု သင်ထားရသည် မဟုတ်ပါလား . . . ။ သူမသည် သူမ၏ဆံပင်ကို လက်တစ်ဖက်ဖြင့် ခပ်ဖြည်းဖြည်းသပ်ကာ ခေါင်းတစ်ဖက်သို့ ဖါးလျားချထားလိုက်သည်။ ထိုအခါ သူမ၏ လှပသော လည်တိုင်ကြော့ကြော့သည် ထင်းခနဲပေါ်လာသည်။

'အရှင် . . .ကျွန်မပြောတာကို ယုံကြည်ပါ 'ဟု တိုကီဝါက ပြောသည်။ 'အရှင့်မှာ အန္တရာယ်မဖြစ်ပါစေနဲ့လို့ ကျွန်မဆုတောင်းပေးပါတယ် . . . ။ ကျွန်မကတော့ အရှင့်မှာ အန္တရာယ် မဖြစ်စေချင်ပါဘူး။ အရင်က အရှင် ကျွန်မဆီ မကြာခဏ လာခဲ့ဖူးတော့ အဲဒီအလည်လာမှုတွေဟာ ကျွန်မရဲ့ဂုဏ်သိက္ခာကို အများကြီးတက်စေခဲ့ပါတယ်။ အဲဒီတုန်းက အဖြစ်တွေဟာ ကျွန်မကို အလွန်စိတ်ချမ်းသာစေခဲ့ပါတယ်။ အလွန် ကြီးမားတဲ့ သာယာမှုတွေကို ပေးခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ကျွန်မဟာ ကိုယ် မသိတဲ့ ကျူးကျော်သူတစ်ယောက်ရဲ့ အန္တရာယ်က ကျွန်မဘဝလုံခြုံအောင် ကာကွယ်ဖို့ ပြင်ဆင်နေရတဲ့သူ ဖြစ်နေပါတယ်။ ကျွန်မအနေနဲ့ အရှင်ရင်ဆိုင်နေတဲ့ ဘေးအန္တရာယ် ကိုလည်း မသိပါဘူး။ အုပ်ချုပ်သူတွေကြားမှာ ဖြစ်နေတဲ့ အငြင်းပွားမှုတွေကိုလည်း မသိပါဘူး'

တာနာကာ၏ ဓါးသည် ရပ်တန့်မသွား၊ ဆက်လက်ရွေ့လျားနေဆဲပင်ဖြစ်သည်။ တိုကီဝါသည် မင်းသား၏ဓါးဦးနှင့်မထိမိအောင် ရှောင်လိုစိတ်ရှိသော်လည်း သူမ၏ ကြောက်စိတ်ကို သူသိသွားအောင် ထုတ်ဖော်ပြသခြင်းမပြုဟု ဆုံးဖြတ်လိုက်သည်။ သူသည် ဖျာပေါ်၌ အသက်ကိုဖြောင့်ဖြောင့်မရှုနိုင်သော်လည်း မိမိ၏ကိုယ်ပေါ်၌ ရွေ့လျားသွားလာနေသည့် ဓါးကိုတော့ တည်ငြိမ်သော မျက်နှာထားဖြင့် ကြွေမပျက် ကြည့်နေသည်။

နှစ်ဦးစလုံး စကားမပြောပဲ တိတ်ဆိတ်နေသည့်အခါ လမ်းပေါ်မှ အသံများသည် တိုး၍ကျယ်လောင်လာသည်။ နတ်ကွန်းများနှင့် ဘုရားကျောင်းများမှ ထိုးနေသော ခေါင်းလောင်းသံများကြားမှပင် ပြေးလွှားနေကြသော လူအမြောက်အများ၏ အသံ များသည် တိုး၍များလာသည်။ သူမ၏ကိုယ်ခန္ဓာအား ထိလုနီးပါးဖြစ်နေသော ဓါး သည် ဆက်လက်ရွေ့လျားခြင်း မပြုတော့ပဲ ရပ်သွားသည်။ မင်းသားသည် အပြင်မှ လာနေသော အသံများကို သတိထား၍ နားစွင့်နေဟန်ရှိ၏။ သို့သော်လည်း တိုကီဝါ သည် ဦးခေါင်းကို မထောင်ရဲ၊ အကယ်၍ သူမ၏ဦးခေါင်းကို မော့လိုက်၍ မင်းသား ၏စိတ်တွင် အပြောင်းအလဲဝင်ကာ တစ်စုံတစ်ခုကို ရုတ်တရက် ထပြီးလုပ်လိုက်ခဲ့ သည်ရှိသော် . . . . ၊ တိုကီဝါသည် သူ့အတွေးနှင့်သူ တုတ်တုတ်မျှ မလှုပ်ဝံ့ . . .

'တောင်ပိုင်းက ဧကရာဇ်ဘုရင်မင်းမြတ်နဲ့ နီးနီးနားနားနေရတဲ့ တို့လူစုကတော့ ရောက်လာတဲ့ လူရိုင်းတွေရဲ့ လျှို့ဝှက်ချက်တွေကို လေ့လာနိုင်ဖို့ ကြိုးစားချင်ကြ တယ်။ အဲသလို ယုံကြည်နေကြတယ်' ဟု တာနာကာက တီးတိုးလေသံဖြင့်ပြောသည်။ 'သတ်ဆုမာနဲ့ ရျူရှူဆွေမျိုးစုကြီးတွေကတော့ တို့အဖေနဲ့ တစ်သဘောထဲပဲ၊ တို့အဖေလို တောင်ပိုင်းက ရိုးရာတူဆွေမျိုးအုပ်စုကလေးတွေကို ခေါင်းဆောင်ကြတဲ့ လူတွေက လည်း တစ်သဘောထဲပဲ၊ တို့ကတော့ နည်းပရိယာယ်တွေသုံးပြီး ဒီလူရိုင်းတွေ ဘာကြောင့် ဒီလောက်အထိ အင်အားကြီးမားလာရသလဲဆိုတာ သိအောင်စုံစမ်းနိုင်ဖို့ ကြိုးစားကြမှ ဖြစ်မယ်လို့ ယုံကြည်ကြတယ်၊ အဲသလိုသိလာတဲ့အခါကျမှ တို့ဟာတို့ ကိုယ်တိုင်အင်အားကြီးမားနိုင်ခဲ့အောင် လုပ်ပြီး တို့တစ်မျိုးသားလုံးကို ကယ်တင်နိုင်မှာပဲ မဟုတ်လား'

'ဒါဆိုရင် အရှင့်ကို ဆန့်ကျင်ပြီး အတိုက်အခံလုပ်နေတာ ဘယ်သူလဲ' ဟု တိုကီဝါက ကြားဖြတ်၍မေးသည်။ သူလွတ်ရာ လွတ်ကြောင်းအတွက် အခွင့်ကောင်း တစ်ခု ပေါ်လာကောင်း ပေါ်လာလိမ့်မည်ဟူသော အထင်ဖြင့် သူသည် အားတက် လာသည်။

'ဒီမြောက်ပိုင်းဒေသမှာ နေကြတဲ့ မျိုးတူရိုးတူ ဆွေမျိုးအုပ်စု အများအပြားရဲ့

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်တွေကတော့ တို့ရဲ့သဘောထားမျိုး မရှိကြဘူး . . .။ သူတို့က အပ ချက်ခြင်းတိုက်ချင်ကြတယ်။ တို့များရဲ့ မြင့်မြတ်တဲ့မြေပေါ်က တိုင်းတစ်ပါးသား လူရိုင်းတွေကို အမြန်ဆုံးမောင်းထုတ်နိုင်တဲ့နည်းဟာ ဒီတစ်နည်းပဲရှိတယ်လို့ သူတို့က ယုံကြည်နေကြတယ် . . .။ ဟိုင်ဖုးက လော့ဒ်ဒိုင်ဇိုလို ပုဂ္ဂိုလ်တွေနဲ့ သူ့ကိုထောက်ခံ နေကြတဲ့ လူများစုတွေကတော့ ကံယုံပြီး ဆူးပုံနင်းကြမယ်လို့ ဆုံးဖြတ်ထားကြတယ်။ လူတွေထောင်ပေါင်းများစွာ အသေခံပြီး လုပ်ရလည်း အရေးမကြီးဘူးလို့ သူတို့ကတော့ တွက်ထားကြတယ်'

မင်းသားတာနာကာသည် အကြောင်းစုံကို ရှင်းပြနေရင်းမှ ဒေါသတကြီးဖြစ် လာသည်။ သူ၏ခေါင်းသည် တိုကီဝါဆီသို့ ဦးတည်ထားပြန်သည်။ တိုကီဝါကတော့ ကြောက်ရွံ့ခြင်းကို မဖော်ပြတော့ပဲ ငြိမ်ဆိတ်စွာ ထိုင်နေသည်။

'အရှင်ရွေးထားတဲ့လမ်းဟာ ပညာအရှိဆုံးနဲ့ အကောင်းဆုံးနည်းလမ်းပါ . .။ ကျွန်မကတော့ အရှင့်ကို မဆန့်ကျင်ပါဘူး' ဟု တိုကီဝါက ပြောသည်။ 'ကျွန်မကတော့ အရှင့်အပေါ် သစ္စာဖေါက်ဖို့ အကြောင်းမရှိပါဘူး။ အရှင့်အနေနဲ့ ကျွန်မရဲ့ သစ္စာစောင့်သိမှုကို အမြဲတစေ အပြည့်အဝရနေလိမ့်မယ်ဆိုတာ အရှင်သိစေချင်ပါတယ်'

တိုကီဝါသည် လက်တစ်ဖက်ဖြင့် အရောင်တလက်လက် ထွက်နေသော ဓါးသွားကိုကိုင်တွယ်နေသည်။ သူမ၏ ရန်ခုန်သံသည် မြန်လျက်ရှိ၏။ သူမသည် မင်းသား၏ မျက်လုံးများဖြင့် ရင်ဆိုင်ကာ စူးစူးရဲရဲကြည့်နေသည်။

'အရှင့်ရဲ့ ဓါးကို ဓါးအိမ်ထဲ ပြန်မသွင်းသေးဘူးလား . . . .အရှင်' ဟု သူမက တီးတိုးမေးသည်။ 'ဓါးကို ပြန်ထည့်လိုက်ပါတော့ . . ။ ကျွန်မအနေနဲ့ အရှင့်လိုပဲ ဆန္ဒကပြင်းပြနေလေတော့ . . . . ။'

တိုကီဝါသည် ဖျာပေါ်၌ထိုင်နေရာမှ သူမ၏လက်နှစ်ဖက်ကို မင်းသားဆီသို့ ဆန့်တန်းလိုက်သည်။ မင်းသားသည် ရုတ်တရက် ဝေခွဲ၍မရသေးသော အခိုက်အတန့်တွင် ဓါးရိုးကိုတင်းကြပ်စွာ ဆုပ်ကိုင်ကာ ငြိမ်ဆိတ်နေသည်။ သူ့မျက်လုံးများသည် သူ၏ပြင်းပြသော ဆန္ဒကိုဖော်ပြနေကြ၏။ သူ၏အသက်ရှုပြင်းထန်မှုကြောင့် ရင်သည် လှိုင်းထလျက်ရှိ၏။

'ငါ မင့်ဆီကို မြင်းစီးလာတုန်းက မင်းဟာ ငါ့အပေါ်မှာ သစ္စာရှိပါစေလို့ ကာမိဆီမှာ ဆုတောင်းလာခဲ့တယ် အို တိုကီဝါ–ဆန်' ဟု မင်းသားတာနာကာက ပြောသည်။ 'ငါ့မှာက မင့်ရဲ့ မှန်ကန်တဲ့ စိတ်ခံစားမှုကို သိဖို့အတွက် စမ်းသပ်စရာဆိုလို့ ဒီဓါးပဲရှိတယ်။ ငါပြောတဲ့စကားကို မင်းနားလည်လိမ့်မယ်လို့ ထင်ပါတယ်'

'ကျွန်မ နားလည်ပါတယ် . .အရှင်' ဟု တိုကီဝါက သူမ၏ စိတ်သက်သာရာ

ရမှုကို မင်းသားမရိပ်မိအောင် ဖုံးကွယ်ရင်းပြန်ပြောသည်။

'ဒါဆိုရင် သိပ်ကောင်းတာပေါ့ တိုကီဝါ . . . ။ မင့်ဆီက ဒီလိုစကားမျိုး ကြားရလိမ့်မယ်လို့ မျှော်လင့်ထားခဲ့မိတဲ့အတွက် မင့်အတွက် ပုန်းအောင်းစရာနေရာ တစ်နေရာကိုတောင် ငါရွေးထားပြီးပြီ။ အဲဒီနေရာမှာသာဆိုရင် မင်းဟာ တိုင်းတစ်ပါးသား လူရိုင်းတွေနဲ့ ငါ့ရန်သူတွေရဲ့ဘေးက လွတ်မြောက်မှာ သေချာပါတယ်'

'အဲဒီနေရာက ဘယ်မှာပါလဲ . . . အရှင်'

'အလွန်ခရီးဝေးပြီး ခေါင်တဲ့တောပိုင်းဒေသက တည်းခိုရိပ်သာတစ်ခုမှာပါ။ အဲဒီရိပ်သာကနေကြည့်ရင် အလှမ်းအလွန်ဝေးကွာတဲ့နေရာက ဖူဂျီတောင်ကို မြင်နေရတယ်။ ယီဒိုနဲ့မိုင်နှစ်ဆယ်လောက် ဝေးလိမ့်မယ် . . .။ ငါ . . .တောင်ပိုင်းကနေပြီး ပြန်ကိုလာတော့ ငါ့ရဲ့အစေအပါးတွေနဲ့ ကိုယ်ရံတော်တွေဟာ ငါနဲ့အတူလိုက်လာကြတယ် . . . ။ သူတို့လူစုဟာ မင်းကို အဲဒီတည်းခိုရိပ်သာဆီပို့ပေးဖို့ ဒီအနီးအနားက စောင့်နေကြတယ်'

'အရှင့်ရဲ့ ကြင်နာမှုဟာ အဆမတန်ကြီးမားလှပါတယ် . . . အရှင်' ဟု တိုကီဝါက သူမ၏ဦးခေါင်းကိုညွှတ်၍ပြောသည်။ သူမ၏ အောင်မြင်မှုသည် တည်ရှိလာပြီဖြစ်သော်လည်း နိုင်မာရန် လိုနေသေးသည်ကို သတိထားမိသော တိုကီဝါသည် လက်နှစ်ဖက်ကို မင်းသားဘက်သို့ ဆန့်တန်းလိုက်ပြီး . . . 'အရှင့်အနေနဲ့ ကျွန်မဘာကို တမ်းတမ်းတတ ဖြစ်နေသလဲဆိုတာ သိလိမ့်မယ်ထင်ပါရဲ့ . . . ။ ကျွန်မတို့ လူချင်းမခွဲမီ နှစ်ဦးစလုံးမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒရမ္မက်ကို ဖြည့်ဆည်းနိုင်ကြမယ်ဆိုရင် . . . . ။

တာနာကာသည် သူ့ဓါးကို ဓါးအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ ခါးတွင် ချိတ်ထားသည့် ဓါးအိမ်ကိုဖြုတ်၍ တာတာမီဖျာ၏ တစ်နေရာ၌ ချထားလိုက်သည်။ ရုပ်ဖျက်ထားသည့် ခန္ဓာကိုယ်ထက်မှ ရွံ့အလူးလူးဖြစ်နေသော ဝတ်ရုံကို ချွတ်ချလိုက်သည်။ သူသည် တိုကီဝါ၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ဟာကာမာ ခါးစည်းကို ဖြုတ်ချလိုက်ကာ တိုကီဝါအား ခပ်ကြမ်းကြမ်းပွေ့ယူလိုက်သည်။

တိုကီဝါသည် မျက်လုံးများကို စုံမှိတ်ထားကာ တာနာကာပြုသမျှ နုရန်အသင့်ပြင်ထားလိုက်သည်။ တိုကီဝါမျှော်လင့်ထားသည့်အတိုင်းပင် တာနာကာသည် သူမအား အငမ်းမရတင်းကြပ်စွာ ဖက်ထားသည်။ တိုကီဝါအဖို့တော့ သူမအား လေ့ကျင့်ပေးထားသည့်အတိုင်း ကိုယ့်ဆန္ဒကို အရေးမထား . . . ။ သူ့ဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးရန်သာ အဓိကထား၍ လိုက်လျောရန် ဆုံးဖြတ်ထားသည်။ သို့သော်လည်း တာနာကာ၏ ပွေ့ဖက်ထားသော လက်များသည် ငြိမ်သက်သွားသည်။ သူ့ခေါင်းသည် ဖျတ်ခနဲထောင်လာပြီး နားစွင့်လျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရွှေပေဇီလီယံရိပ်သာ၏ အပြင်ဘက်မှ ဆူဆူညံညံ အသံဗလံများသည် ကျယ်လောင်လာနေသည်။ အောက်ထပ်မှ ရုတ်တရက် ပြိုလဲသံများကြားရသည်။ ထို့နောက် တစ်ဆက်တည်းပင် လှေခါးထစ်များပေါ် ပြေးတက်လာနေသည့် ခြေသံများ . . .။ တာနာကာသည် လျှင်မြန်စွာထရပ်လိုက်ပြီး သူ့ဟာကာမာ ကိုပြန်ဝတ်သည်။ သူ့ဓါးကို ဖျတ်ခနဲ ကောက်ယူလိုက်သည်။ သူသည် အခန်းထဲတွင် လှည့်ပတ်ကြည့်ရှုလိုက်ပြီး လသာဆောင်နှင့်အခန်းကြားမှ ရှိုဂျီဆီသို့ပြေးသွားသည်။ သူသည် ခန်းဆီးများကို ဆွဲဖယ်လိုက်ပြီး အပြင်ဘက်သို့ငုံ့ကြည့်သည်။

'ထ . . . မြန်မြန်လာ . . .၊ ငါ့နောက်ကလိုက်ခဲ့ 'တာနာကာသည် သူ့လက်ကို တိုကီဝါအားလှမ်းပေးသည်။ 'တကယ်လို့ မင်း ဒီမှာနေခဲ့ရင် မင်း အသတ်ခံရမှာ သေချာတယ် '

အတွင်းဘက် လှေခါးထစ်များပေါ် နင်းလာသည့် ခြေသံများသည် ပို၍ကျယ်လောင်လာသည်။ တိုကီဝါသည် ကြောက်လန့်တကြားဖြစ်ကာ လှဲနေရာမှ ထသည်၊ သူမသည် တာနာကာဆီသို့ ဦးတည်ပြီးသွားနေရာမှ တုန့်ခနဲရပ်သွားသည်။ သူမသည် ဝတ်လစ်စလစ်ဖြစ်နေဆဲ မဟုတ်ပါလား . . .။ သူမသည် သန်းခေါင်ယံဝတ်စုံဟု ခေါ်သည့် အပြာရောင်ကီမိုနိုကို ကောက်ယူကာ မင်းသားတာနာကာရှိရာ လသာဆောင်ဘက်သို့ထွက်လာခဲ့သည်။

လသာဆောင်ရောက်သည့်အခါ တာနာကာက သူမအား သူ့နောက်မှလိုက်ရန် လက်ပြသည်။ တိုကီဝါသည် တာနာကာနောက်သို့ အပြေးအလွှားလိုက်နေရင်းမှ ကီမိုနိုဝတ်စုံကို ကပြာကရာဝတ်သွားသည်။ နောက်တစ်ခဏမျှအကြာတွင် သူတို့နှစ်ယောက်သည် လမ်းပေါ်၌ ပြေးလွှားလှုပ်ရှားနေသော လူအများကြားသို့ ရောက်သွားကြလေ၏။

1

(၂)

အရုဏ်တက်နေပြီ။ ဗိုလ်ရောဘတ်အီဒင်သည် ဆတ်စ်ကွီဟန်နာ သင်္ဘော ကုန်းပတ်ပေါ်၌ရပ်ကာ သူ့ရှေ့တည့်တည့်သို့ စူးစူးစိုက်စိုက်ကြည့်လျက်ရှိ၏။ သူ့လက် တစ်ဖက်သည် ဓါးအိမ်ထဲမှ ထုတ်ထားသော ဓါးကိုဆုပ်ကိုင်ထား၍ ကျန်လက် တစ်ဖက်သည် ဓါးတွင်ချိတ်ထားသည့် ပို့င့်သုံးခြောက်–ကိုးလ်အမျိုးအစား ရေ ပ်မတော်သုံး ပစ္စတိုအိတ်ပေါ်တင်ထားသည်။ သူသည် သူမသိသေးသော ဂျပန် ကမ်းခြေကို စိတ်ဝင်တစားကြည့်နေခြင်းဖြစ်၏။ သို့သော်လည်း ရွက်တိုင်များအား ချိတ်တွယ်ထားကြသည့် ဖွေးဖွေးလှုပ်နေသော မြူများကြောင့် မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ အထူးသဖြင့် ဂျပန်ကျွန်း၏ ပင်လယ်ကမ်းရိုးတန်းတလျှောက်ကို အသေးစိတ်၍ ပီပီပြင်ပြင် မြင်လိုပါသော်လည်း မမြင်နိုင် . . .။

ပြန့်ပြူးကျယ်ပြောလှသော ပင်လယ်ပြင်သည် တည်ငြိမ်တိတ်ဆိတ်လျက်ရှိ၏။ သိမ်မွေ့လှသည့် လေသည် ရုတ်တရက်ငြိမ်ကျသွားသည်။ လေဆက်လက်တိုက်ခတ် မည့် အရိပ်လက္ခဏာများကို မမြင်ရ။ ကြောက်စဖွယ်ကောင်းလှသော တိတ်ဆိတ် ငြိမ်သက်မှုသည် နံနက်ခင်း ကျဆင်းလျက်ရှိသော မြူနှင်းများနှင့်အတူ ပတ်ဝန်းကျင် တစ်ခွင်သို့သက်ဆင်းလာသည်။ သဘာဝတရားသည် ဤအခိုက်အတန့်အတွင်း ဖြစ်ပွားလာမည့် ထူးဆန်းသောဖြစ်ရပ်ကို ကြိုတင်၍ သိနေသဖြင့် အသက်ပင်ရဲရဲဝံ့ဝံ့ မရှုနိုင်ပဲ မျက်ခြည်မပြတ် စောင့်ကြည့်နေသည်ဟုထင်ရ၏။ အလွန်တိတ်ဆိတ်လျက် ရှိသော ဤဆိတ်ငြိမ်မှုကြားတွင် ဖရီးဂိတ်စစ်သင်္ဘော၏ အင်ဂျင်စက်သံများကို လည်းကောင်း၊ လှော်တက်ထိန်းဘီးများနှင့် ရေပြင်တို့၏ ထိတွေ့ရိုက်ခတ်သံများကို လည်းကောင်း ပီပီပြင်ပြင် မကြားရ။ သင်္ဘော၏ ဦးပိုင်းနှင့်ပဲ့ပိုင်းကြား သင်္ဘော အလယ်ပိုင်းရှိ ခေါင်းတိုင်ဆီမှ မဲနက်သော မီးခိုးလုံးများသည် တလိပ်လိပ်ထွက်ကာ

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောပဲ့ပိုင်းဘက်သို့ ရွေ့လျားသွားလာလျက်ရှိကြလေသည်။

'တော်တော်ကိုကြောက်စရာကောင်းတဲ့ အရုဏ်တက်ချိန်ပဲ . . . ဗိုလ်ကြီး' ဟု ဗိုလ်အီဒင်၏ ဘေး၌ရပ်နေသော မရိန်းတပ်သားတစ်ဦးက ရေရွတ်သည်။ 'အခုကျနေတဲ့ မြူတွေမရှိတော့တဲ့ အချိန်ကျရင် ကမ်းခြေပေါ်မှ လက်နက်ကိုင်ဂျပန်တပ်တွေ စောင့်နေတာ မြင်ရလိမ့်မယ်လို့ ထင်သလား ဗိုလ်ကြီး'

'ဒါကတော့ လူတိုင်းရဲ့အထင်ပဲ ရဲဘော်' ဟု ဗိုလ်အီဒင်က ပြန်ဖြေသည်။

'လောလောဆယ် အရေးကြီးတာက မင့်အနေနဲ့ စည်းကမ်းအတိုင်းနေသွားဖို့နဲ့ နှုတ်ဆိတ်နေဖို့ပဲ'

တပ်မှူး၏ သင်္ဘောလက်ရန်းများနှင့် တစ်ပြေးညီတည်း ရင်ဘောင်တန်း၍ ရပ်ထားကြသော အခြားစစ်သင်္ဘောများပေါ်တွင် မရိန်းတပ်သားများသည် တန်းစီ၍ ရပ်နေကြ၏။ သူတို့သည် ဦးထုပ်ချွန်ချွန်များ ဆောင်းထားကြပြီး အဖြူရောင်တီရှပ်အင်္ကျီများနှင့်အပြာရောင်ဂျက်ကတ်အင်္ကျီ ယူနီဖောင်းများကို ဝတ်ဆင်ထားကြသည်။ သူတို့၏ ရင်ဘတ်များတွင် ကျည်ဆံများအပြည့်ထည့်ထားသည့် ကျည်စလွယ်များကို သိုင်းထားကြ၏။ သူတို့လက်များထဲတွင် အသင့်ကိုင်ထားသော ကာဘိုင်သေနတ်ပြောင်းဝများသည် သူတို့ရှေ့တည့်တည့်ရှိ ကမ်းခြေဘက်သို့လှည့်ကာ တည့်တည့်မတ်မတ် ချိန်ရွယ်ထားကြလေသည်။ သူတို့၏မျက်လုံးများသည် မျှော်လင့်ချက်ကြီးစွာဖြင့် ကမ်းခြေဆီသို့ စူးစူးစိုက်စိုက်ကြည့်နေကြလေသည်။

သင်္ဘောအားလုံး၏ဦးပိုင်းရှိ အမြောက်ချိန်ပေါက်အားလုံးကို အဆင်သင့်ဖွင့်ထားကြပြီး အမြောက်ဆံများကိုလည်း အမြောက်များထဲ၌ အဆင့်သင့်ထည့်ထားပြီး အမြောက်ပြောင်းများမှာလည်း အမြောက်ချိန်ပေါက်တွင် အသင့်အနေထား၌ ရှိနေကြပြီ။ လက်နက်အားလုံးကို သူ့နေရာနှင့်သူ အစုအပြုံလိုက် စီထားသည်။ လက်နက်များမှာ မတ်စကက်ပြောင်းရှည်သေနတ်များ၊ ကာဘိုင်သေနတ်များ၊ ပစ္စတိုသေနတ်များနှင့် ဓါးရှည်များဖြစ်သည်။ သင်္ဘောအားလုံးတွင် ထိုလက်နက်များကို အလုံအလောက် တင်ထားကြခြင်းဖြစ်၏။ သင်္ဘောဦးပိုင်းနှင့် ပဲ့ပိုင်းများ၌ တာဝန်ကျနေကြသော အဆောင့်စစ်သားများသည် သင်္ဘောများ၏ လက်ရန်းများပေါ်မှကျော်၍ ကမ်းခြေဘက်သို့ ကြည့်နေကြသည်။ သူတို့သည် ကမ်းခြေဘက်မှ ပေါ်ပေါက်လာမည့်ပြဿနာကို သတိကြီးစွာဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေကြခြင်းပေတည်း။

အီဒင်သည် မြူများကြားမှဖြတ်၍ ဖူဂျီတောင်ရှိမည့်နေရာကို မှန်းဆပြီးကြည့်သည်။ သို့သော်လည်း သူကြည့်ချင်နေသည့်တောင်ကို အရိပ်အရောင်ပင် မမြင်ရ။ ညက တစ်ညလုံး သူ့မျက်လုံးများကို ကျိန်းစပ်စေခဲ့သည့် မီးတောင်ကို နေ့ခင်းကျလျှင်

မြင်ရပါဦးမည်လောဟု တွေးနေမိသည်။ အကယ်၍ တွေ့မြင်ရမည်ဆိုပါက ထူးခြားသောအမြင်ကို နေ့ခင်းဘက်တွင်ကော မြင်နိုင်ပါမည်လော . . .။

သူ့အနေဖြင့် ထိုမေးခွန်းများ၏အဖြေကို စဉ်းစားရှာဖွေနေဆဲမှာပင် ဖူဂျီတောင်နှင့် ပတ်သက်၍ မက်ခဲ့သောအိပ်မက်သည် သူ၏အသိစိတ်အတွင်းသို့ ပြန်ဝင်လာပြန်သည်။ ဤအိပ်မက်၏ဩဇာသည် သူ့အပေါ်၌ လွှမ်းမိုးလျက်ရှိသည်ဖြစ်ရာ သူသည် အိပ်မက်အကြောင်းကို တွေးရင်း တွေးရင်းနှင့် သူ့အတွင်းစိတ်သည် ချောက်ချောက်ခြားခြား ဖြစ်လာသည်။ အိပ်မက်ထဲ၌မြင်ခဲ့ရသော ဖူဂျီတောင်ထိပ်၏အလှသည် သူ့စိတ်ကို လွှမ်းမိုးနေဆဲဖြစ်သဖြင့် အခြားဘာကိုမှ မတွေးနိုင် . . .။

စိတ်အာရုံထဲ၌ အလွန်ရှင်းလင်းပြတ်သားလျက်ရှိသော ဖူဂျီတောင်၏အလှသည် သူ့စိတ်တွင် ဖျောက်ဖျက်၍မရနိုင်အောင် စွဲလျက်ရှိ၏။ ထို့နောက် . . . ကြယ်များဖြင့် လင်းလက်နေသောည . . .၊ သူ့တစ်ကိုယ်လုံးအား ထိတွေ့ပွတ်သပ်သွားနေသည့်လေ . . .။ အိပ်မက်ထဲ၌ သူခံစားထိတွေ့ခဲ့ရသမျှသည် မေ့ဖျောက်နိုင်စရာမရှိ၊ ထို့နောက် အိပ်မက်၏ ထူးဆန်းသော အဆုံးသတ်ပုံ. . .။ ဤအပိုင်းတွင် သူသည် နတ်ကွန်းကိုရော မီးတောင်ထိပ်မှ အဆမတန်ကြီးမားလှသော မှန်ချပ်ကြီးကိုပါ မြင်ရ၏။ ပြီးတော့ ငွေရောင်လွှမ်းနေသော မျက်နှာပြင်ထက်မှ ဂျပန်တို့၏မျက်နှာများ . . .၊ ထို့နောက် ယင်းမျက်နှာများ၏ နေရာ၌ အစားဝင်ရောက်သွားသည့် မိမိတို့၏ မျက်နှာများ . ..။ ထိုအခါ အေးမြစိုစွတ်သော အရုဏ်တက်ချိန်တွင် သူ့တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားလေသည်။

'ကြည့်ရတာတော့ ကျွန်တော်တို့ ထူးထူးခြားခြား အရာတစ်ခုကို တွေ့ကြရလိမ့်မယ်လို့ ထင်တယ် . . . ဗိုလ်ကြီး' ဟု ဗိုလ်အီဒင် ဘေး၌ရပ်နေသော ကင်းစောင့်တပ်သားက ကမ်းခြေဘက် လက်ညှိုးထိုးပြပြီး ပြောသည်။

သူ့အတွေးနှင့်သူ နစ်မြောနေသော ဗိုလ်အီဒင်သည် မရိန်းတပ်သား၏ အသံကို ကြားခါမှပင် အသိပြန်ဝင်လာသည်။ သူသည် မရိန်းတပ်သား လက်ညှိုးထိုးပြလိုက်သည့်ကမ်းခြေတစ်နေရာသို့ လှမ်းကြည့်သည်။ မြူများကြားမှနေ၍ ခပ်နိမ့်နိမ့်တောင်တန်းနှစ်ခုက တစ်ဖက်တစ်ချက်မှ အနားသတ်ထားသည့် ပင်လယ်ဘက်သို့ ကိုးထွက်နေသောကုန်းမြေကို မြင်နေရ၏။ သူ့အိပ်မက်ထဲမှ အမှတ်တရဖြစ်ရပ်များသည် သူ့စိတ်အား ရှင်ပျအားတက်ခြင်းကိုလည်းဖြစ်စေ၍ အနှောင့်အယှက်ကိုလည်း ဖြစ်စေ၏။

သူသည် အထူးသတိထားကာ ကမ်းခြေဘက်သို့ မျှော်ကြည့်ပြန်သည်။ အားသဖြင့် အသက်ကင်းမဲ့သလိုဖြစ်နေသော ကမ်းခြေတလျှောက်တွင် အသက်ပြန်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com

အောင် လှုပ်လှုပ်ရှားရှားဖြစ်လာအောင် လုပ်ပေးမည့် လူ့ရုပ်လွှာကွေကိုများ မြင်ရကို မြင်ရငြား အသေအချာဂရုစိုက်၍ကြည့်သည်။ သို့သော်လည်း သူမြင်တွေ့နေရသည် များမှာ ခမ်းနားကြီးကျယ်လွန်းလှသော ချောက်ကမ်းပါးကြီးများနှင့် တောင်စ တောင်တန်းကြီးများသာလျှင် ဖြစ်လေသည်။

'အဲဒါ – အီဒါရှအငူပေါ့'ဟု ဂျပန်ဘာသာဖြင့် ခပ်တိုးတိုးပြောလိုက်သော အသံ သည် ဗိုလ်အီဒင်၏တဲတောင်ဆစ်နားမှ ထွက်ပေါ်လာသည်။ 'ကျွန်တော်တို့အခု ယီဒို ပင်လယ်ကွေ့ထဲကို ဝင်လာနေပြီ'

အီဒင်သည် သူ့ဘေးသို့ ဖျတ်ခနဲလှည့်ကြည့်သည်။ သင်္ဘောပျက်မှ အကယ်တင် ခံခဲ့ရသူ ဂျပန်အမျိုးသားဆင်တာရိုသည် သူ့ဘေးတွင်ရောက်နေပြီး မြူများကြားသို့ စိတ်ဝင်တစားကြည့်လျက်ရှိ၏။ သူသည် မှုန်ဝါးဝါးဖြစ်နေသောကမ်းရိုးတန်း တလျှောက်ကို ပိုက်စိတ်တိုက်၍ ကြည့်နေကြခြင်းဖြစ်သည်။ သူ့မျက်လုံးများသည် သူ့စိတ်၌ ခံစားနေရသော သာယာကြည်နူးမှုကို ပီပြင်စွာဖော်ပြလျက်ရှိလေ၏။

'အခုဆိုရင် ကျွန်တော့်မှာ မွေးဇာတိနိုင်ငံကို မမြင်ရတာ လေးနှစ်တောင်ရှိသွားပြီ . . . မာစတာ'ဟု ဆင်တာရိုက ပြောသည်။ 'ကိုယ့်နိုင်ငံကိုယ် တွေ့ချင်မြင်ချင်လွန်းလို့ တမ်းတခဲ့ရတဲ့အချိန်တွေဟာ အတော့်ကိုကြာခဲ့ပြီ . . . ။ ဒါပေမဲ့ အရင်တုန်းက ကျွန်တော်ပြောခဲ့ဖူးသလို ကျွန်တော်သိပ်ပြီးစိုးရိမ်နေတာက . . . ။

ကမ်းရိုးတန်းကို ဖုံးလွှမ်းထားသော မြူများသည် ဖြည်းဖြည်းချင်း ပျက်ပြယ်စ ပြုနေပြီ။ ထိုအခါ မှန်သားပြင်ကဲ့သို့ကြည်လင်နေသော ပင်လယ်ရေပြင်သည် တဖြည်းဖြည်း ပေါ်လာသည်။ ကြည်လင်တောက်ပသောရေပြင်နှင့် ကျောက်တုံးကျောက်ဆောင် ထူထပ် သော ကမ်းရိုးတန်းတစ်လျှောက်တွင် လှေသင်္ဘောဟူ၍ တစ်စီးမျှမရှိ။ မျက်စိတစ်ဆုံး မြင်နေရသော မြင်ကွင်းထဲ၌အရာရာတို့သည် ငြိမ်ဆိတ်ကာ လူသူကင်းမဲ့ ခြောက်သွေ့ လျက်ရှိလေသည်။

'ဒီဘက်က အခြေအနေကိုကြည့်ရတာတော့ သိပ်ပြီးစိတ်ပူစရာရှိမယ် မထင်ပါဘူး' ဟု အီဒင်က သူ့ခေါင်းရှည်ကို အနီးရှိလက်နက်များထားရာ စင်ထက်သို့ လှမ်းတင်လိုက် ပြီးပြောသည်။ 'လက်နက်ကိုင်ထားတဲ့ လူတွေကို အရိပ်အယောင်တောင် မမြင်ရဘူး'

'ဒီဘက်မှာက ခံတပ်တွေမရှိဘူး မာစတာ'ဟု ဂျပန်အမျိုးသားက ကမ်းခြေ ဘက်သို့ကြည့်ရင်းပြန်ပြောသည်။ 'ပင်လယ်အော်ထဲမှာရှိတဲ့ ယီဒိုဘက်ကို နီးသွားတဲ့ အခါကျမှ ခံတပ်တွေအများကြီးတွေ့ရမှာ၊ ခံတပ်တွေကို ချောက်ကမ်းပါးကြီးတွေထိပ်မှာ တည်ဆောက်ထားတာဆိုတော့ အမြင့်ကြီးတွေပဲ၊ အမြောက်တွေ သေနတ်တွေကလည်း အများကြီးရှိတယ်။ ဘယ်နိုင်ငံကသင်္ဘောမှ သူတို့ရှေ့ကျော်ဖြတ်သွားဖို့ မစဉ်းစားဝံ့ဘူး

...ပိုကြတယ်'

မြူနှင်းများ ဆုတ်ခွာသွားပြီဖြစ်၍ ရေတပ်မတော်မှ အခြားသင်္ဘောသုံးစီးသည် ...ည်းဖြည်းချင်း ရုပ်လုံးပေါ်လာသည်။ **ဆတ်စ်ကွီဟန်နာ** နှင့် **မစ်စစ္စပီ** စစ်သင်္ဘော ...စီးမှာ မြောက်အမေရိကရှိ မြစ်ကြီးနှစ်သွယ်၏ အမည်များကိုယူ၍ မှည့်ထားခြင်း ...၏။ လုံခြုံရေးကိုအကြောင်းပြု၍ ဤသင်္ဘောနှစ်စီးအား တစ်စီးနှင့်တစ်စီး ကွဲကွာ ...သွားစေရန် ကြိုးဖြင့်ပူးချည်ထားသည်။ နေတက်လာပြီဖြစ်၏။ သင်္ဘောနှစ်စီးစလုံးကို ...ပီအပြင်မြင်လာရသည်။ သင်္ဘောနှစ်စီးမှ သင်္ဘောသားအားလုံးအဖို့ မြင်ကွင်းသည် ...ပျင်းစဖွယ်တင့်တယ်လျက်ရှိသည်။ ကမ်းခြေဆီမှ မမြင်ရသေးသော ဂျပန်တို့၏မျက်လုံး ...များသည် အမေရိကန်စစ်သင်္ဘောနှစ်စီး၏တခမ်းတနားရှိလှသော မြင်ကွင်းကို ...အံ့ဩဘက်လန့်တကြား ကြည့်နေကြလိမ့်မည်ဟု ထင်မှတ်ရပေ၏။

ထိုသင်္ဘောနှစ်စီးသည် တစ်စီးလျှင် တန်ချိန်နှစ်ထောင်စီရှိသည်။ စစ်သင်္ဘော ...နှစ်စီးစလုံးသည် ခေတ်မီပြီး အလွန်တိုးတက်သည့်အသွင်အပြင်များကို တွေ့နေရ၏။ ...ကတ်က သင်္ဘောများ၌မရှိခဲ့ဖူးသော အဆင်အပြင် အမွှမ်းအမံများကိုလည်း မြင်နေ ...ရ၏။ နှစ်စီးစလုံးမှာ သုံးပင်တိုင်ရွက်သင်္ဘောများချည်းဖြစ်၍ ထုထည်ကြီးမားရုံမျှမက ...ာ်လှော်တက်ထိန်းဘီးများကို ဘေးတစ်ဖက်တစ်ချက်တွင် တပ်ထားသည်။ မီးခိုး ...ခေါင်းတိုင်များသည် အနာဂတ်တွင် တိုးတက်ဖြစ်ထွန်းလာမည့် ခေါင်းတိုင်များ၏ ...ရှေ့ပြေးဟုဆိုနိုင်သည်။ သင်္ဘောများသည် အလွန်တည်ငြိမ်ခံ့ညားလှသည်သာမက ...ပိုင်ရှစ်မိုင်နှုန်းဖြင့် ပင်လယ်ပြင်ပေါ်၌ သွားနေသည့်အခါ ရန်သူဘက်မှ တိုက်ခိုက်ရန် ...ခဲယဉ်းလွယ်ကူသော အခြေအနေ၌ ရှိနေလေသည်။

ဆတ်စ်ကွီဟန်နာ သင်္ဘော၏တစ်ဖက်တွင် တန်တစ်ထောင်အလေးချိန်ရှိသော **ပလိုင်းမောက်** သင်္ဘောရှိ၏။ မြူနှင်းများပြယ်သွားသည့်အခါ **ပလိုင်းမောက်** သည် ...ပီအပြင်ပေါ်လာသည်။ **ပလိုင်းမောက်**နှင့်နှစ်ဖာလုံခန့်အကွာတွင် **မစ်စစ္စပီ** သင်္ဘော ...ရှိ၍ ခေါင်းတိုင်မှ မဲနက်သော မီးခိုးလုံးကြီးများသည် တလိပ်လိပ်တက်လာနေသည်။ **မစ်စစ္စပီ** သင်္ဘောသည် သူ့နောက်ဖက်ရှိ **ဆာရာတိုဂါ** သင်္ဘောနှင့်အတူ အခိုင်အမာ ...ယူထားသည့်နေရာ၌ ငြိမ်ဆိတ်စွာရပ်လျက်ရှိလေ၏။

အီဒင်သည် သင်္ဘောလေးစီးပေါ်၌ အသင့်နေရာယူထားကြသော မရိန်းတပ်သား ...များနှင့် သင်္ဘောသားများကို မြင်တွေ့နေရသည်။ ဆတ်စ်ကွီဟန်နာသင်္ဘော၏ ပုံပိုင်း ...နှင့်အနီးဆုံးရွက်တိုင်၌ တပ်ထားသည့် အချက်ပြအလံများသည် လေတွင်တဖြတ်ဖြတ် ...လွင့်လျက်ရှိ၏။ 'သင်္ဘောအားလုံးတိုက်ပွဲဝင်ဖို့ အသင့်ပြင်'ဟူသောအမိန့်ကို မျှော်လင့် ...စောင့်စားနေသည့်နှယ်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော သုံးရက်အတွင်းက အီဒင်နှင့်သူ့အဖေါ်အရာရှိများသည် အမြောက်တပ်သားများအား အလွန်ထုထည်ကြီးမားသော ခြောက်ဆယ့်လေးပေါင်ဒါအမြောက်ကြီးများထံ သတ်မှတ်ချိန်အတွင်းရောက်အောင် အပြေးသွားခြင်း၊ အသင့်နေရာယူခြင်း၊ စနစ်တကျပြင်ဆင်ခြင်းနှင့်ပစ်ခတ်ခြင်း စသည်များကို အမြန်ဆုံးလုပ်နိုင်အောင် ထပ်တလဲလဲ လေ့ကျင့်ပေးခဲ့ကြရသည်။ စစ်သင်္ဘောအားလုံး၏ အမြောက်ပစ်အားများကို တိုးပွားသည်ထက် တိုးပွားအောင်လည်း လေ့ကျင့်မြှင့်တင်ပေးခဲ့ကြရလေသည်။

သင်္ဘောအားလုံးပေါ်ရှိ အမြောက်များကိုလိုအပ်လျှင် အသင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားပြီးပြီ၊ ထို့ပြင်လည်း သင်္ဘောများ၏ ဦးပိုင်းနှင့်ပဲ့ပိုင်းများတွင် ကင်းများကို အသင့်ချထားပြီးပြီ။ တပ်သားအားလုံးကို ကမ်းခြေတက်တိုက်ပွဲများ၌ ရန်သူအားဖိ၍ စီးနင်းတိုက်ခိုက်နိုင်ရန် အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ပေးထားပြီးပြီ၊ အကယ်၍ ဂျပန်တို့က ရေကူးလာပြီး သင်္ဘောများပေါ်တက်၍ တိုက်ခိုက်ပါက မည်ကဲ့သို့ ခုခံကာကွယ်ရမည်ကိုလည်း လေ့ကျင့်သင်ကြားပေးထားပြီးပြီ။

ယီဒိုပင်လယ်အော်ဆီသို့သွားရာ ရေလက်ကြားသည် အကျယ်ရှစ်မိုင်ခန့်ရှိသည်။ သို့သော်လည်း စနစ်တကျနှင့် အသေးစိတ်ရေးဆွဲထားသော ရေကြောင်းပြမြေပုံများ မရနိုင်သဖြင့် အမေရိကန်ပြည်ထောင်စု ရေတပ်သင်္ဘောများသည် အရှိန်ကို လျှော့ချကာ သငေ်္ကြီးစွာထား၍ တဖြည်းဖြည်းချင်း ခုတ်မောင်းလျက်ရှိကြသည်။ ရှေ့ဆုံးမှ ဦးဆောင်၍သွားနေသော ဆတ်စ်ကွိဟန်နာ စစ်သင်္ဘောကြီး၏ နောက်မှနေ၍ အခြားစစ်သင်္ဘောများသည် နံနက်ခင်းအလင်းရောင်ကိုခိုကာ နှစ်မိုင်မျှသာ ကွာဝေးသည့်ပင်လယ်အော်၏ မြောက်ဖက်ကမ်းခြေဆီသို့ ဦးတည်ပြီး ရွေ့လျားလျက်ရှိကြလေ၏။

မွန်းလွဲပိုင်းဝင်စအချိန်တွင် ကမ်းရိုးတန်းတလျှောက်၌ ကျဆင်းလျက်ရှိသော မြူများသည် လွင့်ပျယ်သွားကြသည်။ ထိုအခါကျမှပင် ဗိုလ်အီဒင်သည် ကမ်းခြေထက်မှ လှုသူလေးပါးနေထိုင်ရာ အရိပ်အခြည်များကိုမြင်ရသည်။ ပထမဆုံး သူမြင်ရသည်မှာ ကျောက်ဆောင်ထူထပ်ပြီး မတ်စောက်သော ကမ်းပါးကြီးတစ်ခု၏ အရိပ်အောက်၌ တည်ရှိနေသော ရွာတစ်ရွာဖြစ်ပေသည်။

ချက်ခြင်းလိုလိုပင် ရွာထဲရှိ အိမ်များအတွင်းမှ လူများထွက်လာကြပြီး ပြေးလွှားနေကြသည်။ ကမ်းခြေတစ်လျှောက်တွင် မဲနက်သောရုပ်ပုံလွှာများ၏ လှုပ်ရှားမှုများကို မြင်နေရ၏။ ယောကျ်ားများဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် လက်ဟန်ခြေဟန်နှင့် စကားပြောနေကြသည်။ ရေလက်ကြား၏ အထက်ဖက်တွင်မူ တံငါလှေတစ်ဒါဇင်ခန့်သည် ပင်လယ်ကွေ့ကလေးတစ်ခု၏ အပေါ်ဘက်၌ လိုဏ်ခေါင်းတစ်ခုအတွင်းမှ ထွက်လာကြသည်။

အမေရိကန်သင်္ဘောကြီးများကို မြင်သည့်အခါ တံငါလှေများသည် ဘာလုပ်[illegible]သိဖြစ်ကာ တစ်မိနစ် နှစ်မိနစ်ခန့် ချာချာလည်နေကြ၏။ ထို့နောက် သူတို့ထဲမှ [illegible]ပက်ခန့်သည် အုပ်စုထဲမှခွဲထွက်လာကာ ယီဒိုဘက်သို့ ထွက်ခွာသွားနေကြသည်။ [illegible]ကမ်းခြေ၌ ရန်သူတွေရောက်နေကြပြီဟု သတိပေးရန်သွားသည်ဟု ထင်ရလေ[illegible]။

တံငါလှေနှစ်စီး သုံးစီးမှာမူ စစ်သင်္ဘောကြီးများဆီသို့ ချဉ်းကပ်လာခဲ့ပြီးနောက် [illegible]ကြည့်တည့်မှကျော်ဖြတ်ကြသည်။ သူတို့အနေဖြင့် စစ်သင်္ဘောကြီးများ၏ လှုပ်ရှားမှု[illegible]ကြီးမားသည်ကို ကောင်းစွာသိကြသည်။ **ဆတ်စ်ကွိဟန်နာ** သင်္ဘောကြီးက [illegible]ဘက် ဦးတည်ပြီး ချဉ်းကပ်သွားသည့်အခါ ဂျပန်တံငါသည်များသည် အထိတ်[illegible]အလန့်လန့်ဖြစ်ကာ ရွက်တိုင်ထိပ်မှ ရွက်များကို အမြန်ဆွဲချနေကြသည်။

ထို့နောက် ရှည်လျားသောတက်များကို ဒလကြမ်းလှော်ခတ်ကြသည်။ သူတို့၏ [illegible]ပေါ့လေးလံလွန်းလှသော တံငါလှေကြီးများသည် ကမ်းခြေဆီသို့ ဦးတည်ကာ [illegible]ရွေ့လျားလျက်ရှိကြ၏။ သူတို့လှေများသည် အမေရိကန်စစ်သင်္ဘောကြီးများအနီးမှ [illegible]၍ဖြတ်သွားကြခြင်း ဖြစ်လေရာ **ဆတ်စ်ကွိဟန်နာ** သင်္ဘောထက်မှ ဗိုလ်အီဒင်နှင့် [illegible]အစောင့်တပ်သားများသည် တံငါသည်များ၏ မျက်နှာပေါ်မှ ထိတ်လန့်ကြောက်ရွံ့[illegible]လှုံ့လက္ခဏာများကို အသေအချာ မြင်တွေ့လိုက်ကြရလေ၏။

လှေများဖြတ်သွားနေသည်ကို ကြည့်နေနိုက်မှာပင် သူ့အကျီလက်မောင်းကို [illegible]ဆွဲဖမ်းလိုက်ရသဖြင့် ငုံ့ကြည့်လိုက်မိသည်။ သူ့ဘေးနား၌ကပ်၍ ရပ်နေသော ဆင်တာရို [illegible]။ ဆင်တာရိုသည် ဗိုလ်အီဒင်အား ကမ်းခြေပေါ်ရှိ တစ်နေရာဆီသို့ လက်ညှိုးထိုးပြ[illegible]နေသည်။ သူ့လက်ညှိုးနောက် လိုက်၍ကြည့်သည့်အခါ လှေနှစ်ဆယ်ခန့်ရှိမည်ဟု [illegible]ဆရသော လှေအုပ်စုတစ်စုကို လှမ်းမြင်နေရသည်။ ထိုလှေများသည် သူတို့ဘက်သို့ [illegible]ခတ်လာနေကြပြီ၊ လှေတစ်စင်းစီတွင် ဦးပိုင်းထိပ်၌ အသွေးအရောင်တူ အလံတစ်ခုစီ [illegible]ထားသည်။ အလံပေါ်တွင် ဂျပန်အက္ခရာ စာလုံးတစ်လုံးမျှသာပါသည်။ ဤလှေများ [illegible]တွေ ကမ်းခြေကို ကာကွယ်မည့် စနစ်တကျဖွဲ့စည်းထားသော တပ်တစ်တပ်ပါလာ[illegible]ည်မှာ သိသာထင်ရှားလျက်ရှိပေ၏။

ဆင်တာရို၏ မျက်နှာတွင် အရေးအကြောင်းများပေါ်လာသည်။ စိတ်ပျက်[illegible]ပျက်ဖြစ်နေသဖြင့် စကားတစ်ခွန်းကို ထပ်တလဲလဲရွတ်နေသည်။ ' ရှင်မ် တောဟင်[illegible]ပ်' ကျွန်တော်စိတ်ပူတယ် . . . မာစတာ . . . ကျွန်တော် စိတ်သိပ်ပူတယ်'

အီဒင်သည် လှေများကို စက္ကန့်ပေါင်းများစွာ စောင့်ကြည့်နေသည်။ ထို့နောက် [illegible]သည် သင်္ဘောပျက်၍ကယ်ဆယ်လာသူ ဂျပန်အား ပခုံးကို တရင်းတနှီးပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မပူပါနဲ့ . . . အခုပဲ သူတို့နောက်မှာ ကျန်ရစ်ခဲ့ကြပြီ၊ ကျွန်တော်တို့ကို သူတို့မှီအောင် မလိုက်နိုင်ပါဘူး၊ စိတ်ခါတ်မကျပါနဲ့' ဟုပြောသည်။

အီဒင်သည် ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်ပြီး အရာရှိများအတွက် လုပ်ပေးထားသည့် သီးသန့်ကုန်းပတ်ခန်းများဆီသို့ လှမ်းကြည့်သည်။ မှန်ရိပ်တွင် ထင်ဟပ်နေသည့် တုတ်ခိုင်ခိုင်ရုပ်လွှာသည် ကွန်မိုဒိုမက်သူးပါရီ ဖြစ်၏။ သူသည် နက်ပြာရောင် ကျူးနစ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ထားသည်။ ပခုံးနှစ်ဖက်တွင် ရွှေရောင်ပန်းပွားများ တပ်ထား၍ ရင်ဘတ်တွင် ရွှေကြယ်သီးများ တပ်ထားသဖြင့် ဝင်းလက်နေသည်။ သူသည် ရာသီဥတုခန့်မှန်းရာစင်၌ ကပ်၍ရပ်ကာ ရှည်လျားသော တယ်လီစကုပ်ဖြင့် ရှေ့ဘက်ရှိ မြူများဆိုင်းလျက်ရှိသောနေရာကို အထူးသတိထား၍ ကြည့်ရှုလျက်ရှိလေသည်။

မွန်းတည့်ချိန်တွင် သူတို့စစ်သင်္ဘောများသည် ဆာဂါမီအငူဆီသို့ ချဉ်းကပ်လာကြသည်။ ထိုအခါ အထူးတာဝန်ဖြင့်ရောက်လာသော စစ်သင်္ဘောလေးစီးအုပ်စုမှ ကက်ပတိန်များမှတဆင့် အရာရှိအားလုံးကို အမိန့်ထုတ်ပေးလိုက်သည်။ အရာရှိအားလုံးကွန်မိုဒိုသင်္ဘောအခန်းသို့ လာရောက်ကြရန် အမိန့်ထုတ်လိုက်ခြင်းဖြစ်သည်။ အခုအတိုင်းဆိုလျှင် ဂျပန်အား မိမိတို့စစ်အင်အားကို ပြသ၍ သို့မဟုတ် မိမိတို့ စစ်အင်အားကို ပြောင်ပြောင်တင်းတင်း အသုံးပြု၍ ကုန်သွယ်မှုတံခါးကို ဖွင့်ခိုင်းရန်သာ ရှိတော့၏။ ထိုနည်းနှစ်နည်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီ။

အကယ်၍ မိမိတို့၏အင်အားကြီးမားသော စစ်သင်္ဘောများတွင် ရှိနေသည့် အမြောက်များနှင့် လက်နက်ကိုင်တပ်သားများအား ပြသရုံမျှဖြင့် မလုံလောက်ပါက မိမိအနေဖြင့် ထိုအမြောက်များနှင့် လက်နက်ကိုင်များကို အသုံးပြုရန် ကြိုတင်ပြင်ဆင်ထားပြီးခဲ့လေပြီ။ မိမိ၏သင်္ဘောလေးစီးမှ တပ်သားအင်အားသည် တစ်ထောင်မျှသာရှိ၍ မရေတွက်နိုင်လောက်အောင် များပြားလှသော ဂျပန်တို့အား တိုက်ခိုက်ရမည်ဆိုဦးတော့ တိုက်ရတော့မည်သာ ဖြစ်ပေသည်။

ဤလုပ်ငန်းတွင် ရဲရင့်မှုနှင့်ယုံကြည်မှုတို့သည် အရေးပါဆုံးသော အရာများဖြစ်သည်။ လွန်ခဲ့သော နှစ်များအတွင်းက သူမှတ်မိနေသည့်အတိုင်းဆိုလျှင် အမေရိကန်သင်္ဘောတစ်ချို့သည် ဤပင်လယ်အော်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့ဖူး၏။ ထိုစဉ်က တပ်မှူးများသည် ဂျပန်တို့၏ နှောင့်ယှက်ခြင်းကို ခံခဲ့ရသည်။ အရှက်ခွဲခြင်းကိုလည်း ခံခဲ့ရလေသည်။

ဤအဖြစ်မျိုး နောက်ထပ်အဖြစ်မခံနိုင်၊ ဘယ်လိုအခြေအနေမျိုးနှင့် ကြုံရသည်ဖြစ်စေ ဤအဖြစ်မျိုး ဖြစ်မလာအောင်တော့ ကြိုးစားမှဖြစ်မည်။ ဤအကြောင်းကြောင့်

ပြည်း သူသည် သူ့တပ်သားများအား စစ်စခန်းများ၌ မရပ်မနား လေ့ကျင့်စေခဲ့သည်။ ရေတပ်သားများကိုသာမက မရိန်းတပ်သားများကိုပါ စံချိန်အမြင့်ဆုံး ရောက်သည်အထိ တပ်တလဲလဲ လေ့ကျင့်စေခဲ့သည်။

သူ့အနေဖြင့် အရာရှိ အရာခံ အကြပ်တပ်သားအားလုံးအား အမေရိကန် ပြည်ထောင်စု သမ္မတမှ ဂျပန်နိုင်ငံ၏အင်ပါယာဧကရာဇ်ဘုရင်မင်းမြတ်ထံ ပေးလိုက်သည့်စာ၏ အရေးကြီးပုံကိုလည်း အသိပေးထားခဲ့ပြီးပြီ။ ယင်းစာကို ဂုဏ်သိက္ခာအမြင့်ဆုံး နည်းလမ်းဖြင့် ဂျပန်ဧကရာဇ်ဘုရင်လက်သို့ ဆက်သနိုင်အောင် လုပ်ဖို့လိုအပ်၏။ အကယ်၍ ငြိမ်းချမ်းသောနည်းဖြင့် ဂျပန်အင်ပါယာဧကရာဇ်ဘုရင်လက်သို့ သူကိုယ်တိုင် ပေးအပ်နိုင်ခွင့်မရပါမူကား နောက်ဆုံးအနေဖြင့် မိမိ၏တပ်အား ယီဒိုသို့ အလုံးအရင်း ဖြင့်ဝင်ရောက်ကာ စာကို ဘုရင့်လက်သို့ ဆက်ရလိမ့်မည်ဖြစ်သည်။

အမှန်တော့ ထိုဆုံးဖြတ်ချက်သည် အစိုးရမ်ပြကုံယ်မရှိ ပြောနေသော စကားမဟုတ်၊ ယင်းဆုံးဖြတ်ချက်များကို ပြုလုပ်ခဲ့သူမှာ သေနတ်ယမ်းဆောင့်တံလို တင်းမာခိုင်ခန့်လှသည့် ကွန်မိုဒိုမက်သူးပါရီဖြစ်၏။ သူ့စိတ်သည် သံမဏိသဖွယ် ခက်ထန်ကြောလွန်းလှ၏။ ထို့ကြောင့်လည်း လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သူသည် ယခုလို စစ်အင်အားအပြည့်နှင့်အဖွဲ့တစ်ဖွဲ့ ဂျပန်သို့ စေလွှတ်ရန် အကြံပြုခဲ့ခြင်း ဖြစ်လေသည်။

ယခုကဲ့သို့ သူ့အကြံအတိုင်း တာဝန်ပေး စေလွှတ်ခြင်းခံရသည့်အခါ သူသည် ယုံကြည်ချက်ကိုဖြစ်မြောက်အောင် လုပ်ဆောင်လိုသည့်ဆန္ဒ ပြင်းပြပုံရသည်။ အလွန် လျှို့ဝှက်လှသည့် ဤနိုင်ငံအပေါ် သူချမှတ်ပေးရမည့် တာဝန်အတွက် သူသည် သူ့မျက်စိများကို မသုံးချကာ မြူများကိုဖြတ်၍ နောက်ကွယ်မှ အခြေအနေများကို လေ့လာလျက်ရှိ၏။

ကမ်းခြေဆီမှ ပစ်လိုက်သော အမြောက်သံများသည် အီဒင်၏အတွေးကိုရပ်သွားစေရုံမျှမက သူ့စိတ်ဝင်စားမှုကိုပါ အခြားတစ်နေရာသို့ ရောက်သွားစေခဲ့သည်။ သူသည် ကုန်းဘက်သို့ မျှော်ကြည့်လိုက်မိ၏။ မဲနက်သော မီးခိုးလုံးကြီးတစ်ခုသည် ချောက်ကမ်းပါးခံတပ်တစ်ခု၏ အထက်ဘက်သို့ လွင့်တက်လာနေသည်ကို မြင်ရပေ၏။

ဖိုးကျည်တစ်လုံး သို့မဟုတ် အမြောက်တစ်ချက် ပစ်ခတ်လိုက်သည်ဟု ဗိုလ်ကြီးထင်သည်။ ဤပစ်ခတ်မှုသည် စစ်သင်္ဘောများအား ရှေ့သို့တိုးမလာရန် ဟန့်တားကြိုးစားခြင်း ဖြစ်မည်ထင်၏။ ထိုအချက်ကို သိမြင်လိုက်သော ဗိုလ်အီဒင်သည် နောက်သို့ ချာခနဲပြန်လှည့်ကာ သူတို့ကွန်မိုဒိုပါရီ၏ အခြေအနေကိုလေ့လာသည်။

ပါရီ၏အလံကိုင်ဗိုလ်သည် သူနှင့်မလှမ်းမကမ်း၌ရပ်ကာ သူ့ထံမှ အမိန့်ကို

www.burmeseclassic.com

www.burmeseclassic.com

တလေးတစား စောင့်စားလျက်ရှိသည်။ အရာခံဗိုလ်များသည်လည်း သူတို့ဗိုလ်ချုပ်ထံမှပေးလာမည့်အမိန့်ကို တဆင့်ထပ်မံ၍ ပေးရန်စောင့်စားလျက်ရှိကြ၏။ သို့တစေလည်း ကွန်မိုဒိုကတော့ သူ့နေရာ၌ ရွေ့လျားခြင်းမရှိ။ သူသည် တယ်လီစကုပ်ဖြင့် ကမ်းခြေမှ ပေါက်ကွဲသံလာရာဆီသို့ လှမ်းမျှော်၍ ကြည့်နေဆဲ . . . ၊ သူ့ပါးစပ်မှ ဝေဖန်သံကိုရော အမိန့်ပေးသံများကိုပါ မကြားရ။

ဗိုလ်အီဒင်သည် သူ့ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်သည်။ သင်္ဘောသားများနှင့်မရိန်းတပ်သားများသည် တင်းမာသောစိတ်ဖြင့် တစ်စုံတစ်ခုကို စောင့်မျှော်နေကြသည့်နှယ်ရှိ၏။ အလွန်ကွာဝေးသော ချောက်ကမ်းပါးများထက်မှ ခံတပ်များကို ပို၍ထင်ရှားပြတ်သားစွာ မြင်တွေ့နေရလေပြီ။ သို့တစေလည်း နောက်ထပ် ပစ်ခတ်သံများကိုကား မကြားရတော့ပေ။

ဗိုလ်အီဒင်သည် သူ့ကိုယ်ပိုင်မှန်ပြောင်းငယ်တစ်ခုကို သူ့ဂျက်ကက်အင်္ကျီထဲမှ ဆွဲထုတ်ကာ အလှမ်းကွာဝေးသော နေရာများကို ပိုက်စိတ်တိုက်၍ကြည့်သည်။ ခံတပ်အများစုတွင် အမြောက်များ ချထားသည်ကို မြင်နေရ၏။ နောက်ထပ် တံငါလှေများသည် တိုး၍ တိုး၍ များလာသည်။ လက်နက်ငယ်များ တပ်ဆင်ထားသည့် မော်တော်ဘုတ်များကိုလည်း မြင်နေရ၏။ ယင်းမော်တော်ဘုတ်များတွင် အလံများ လွှင့်ထူထားကြသည်ကိုလည်း မြင်နေရ၏။ ယင်းတို့သည် အစုလိုက် အပြုံလိုက် မိမိတို့စစ်သင်္ဘောများဆီသို့ လာနေကြသည်ကိုလည်း ဗိုလ်အီဒင်မြင်နေရသည်။ သူ့ဘေးပတ်လည်ရှိ သင်္ဘောသားတစ်ချို့၏ မျက်နှာများသည် စိုးရိမ်သောကဖြစ်ခြင်းကို ဖော်ပြနေကြလေသည်။

'မာစတာ . . . ၊ တားမြစ်ပိတ်ပင်ထားတဲ့ အတွေးအခေါ်တွေကို ဂျပန်နိုင်ငံထဲ သွင်းလာရမလားဆိုပြီး ကျွန်တော့်ကို စွပ်စွဲကြတော့မယ်' ဟု ဆင်တာရိုက အီဒင်အား ပြောသည်။ 'လူရိုင်းစစ်သင်္ဘောတစ်စီးနဲ့ ကိုယ့်နိုင်ငံထဲ ပြန်ရောက်လာတာကိုက အပြစ်မြင်နေပြီ . . . မာစတာ . . . ၊ ကျွန်တော့်အတွက် အဲဒါဟာ အဆိုးတစ်ခုပဲ၊ ကျွန်တော့်ကို သူတို့သတ်မယ်ဆိုရင်တောင်မှ သတ်ပိုင်ခွင့်ရှိနေပြီ'

'ခင်ဗျားဂျပန်မှာ နေခဲ့ဖို့မလိုဘူး ဆင်တာရို' ဟု အီဒင်က မှန်ပြောင်းဖြင့် ကမ်းရိုးတန်းတစ်လျှောက်ကို ကြည့်နေရာမှ ပြန်ပြောသည်။ 'ခင်ဗျား ဒီသင်္ဘောပေါ်က မဆင်းပဲ နေလို့ရတယ်။ အပြန်ကျတော့ ကျွန်တော်တို့နဲ့အတူတူ အမေရိကန်ကို လိုက်ခဲ့ရုံပဲ'

၂

'ဘာ . . ဘယ်လို' ဟု ဆင်တာရိုက အလန့်တကြားပြန်မေးသည်။ 'ကျွန်တော့်ကို

ပါခဲ့ဖို့ ကျွန်တော်က တောင်းခံခဲ့တာ။ အခုကျတော့ ကျွန်တော့်ကို ဘယ်သူက ဘယ်လိုကူညီမှာလဲ. . .'

အီဒင်က ချက်ခြင်းပြန်၍ အဖြေမပေး။ ထပ်မံ၍မြင်လာနေရသော တောင်ထိပ်ကပ်များကိုသာ စိတ်ဝင်တစား ကြည့်နေသည်။ ခံတပ်များအတွင်း၌ စနစ်တကျ လှုပ်ကျင့်နေကြသော လက်နက်ကိုင်လူများကိုလည်း အသေအချာ ထပ်ကြည့်နေသည်။

မွန်းလွဲပိုင်းနေရောင်သည် ထူးထူးခြားခြားလှသည့် ရှုခင်းအလှပေါ် ဖြာကျနေသည်။ ချောက်ကမ်းပါးကြီးများကြောင့် ဖြစ်လာသည့် နက်ရှိုင်းသော လျှိုကြီးများကြားတွင် စိုစိမ်းစိမ်း ခိုက်ခင်းများရှိနေသည်။ ယင်းစိုက်ခင်းများသည် ပင်လယ်ရေပြင်နှင့် တစ်ပြေးတစ်ညီတည်းရှိနေသည့် မြေပြင်နှင့်ရေပြင်ကြားရှိ ရေလက်ကြားဆီသို့ ထိုးထွက်လာနေကြသည်။

ရေလက်ကြား ပတ်ပတ်လည်တွင် ရွာငယ်အများအပြားသည် ဟိုတစ်ရွာသည်တစ်စု တည်ရှိနေကြသည်။ ရွာများဆီမှ လူအများအပြားသည် အမေရိကန်စစ်သင်္ဘောများကို ကြည့်ရှုရန် အပြေးအလွှားလာလျက်ရှိသည်။

'ခင်ဗျားကို ကျွန်တော်ကူညီမှာပေါ့ . . . ဆင်တာရိုရယ်' ဟု နောက်ဆုံးတွင် အီဒင်ကပြောသည်။ 'ခင်ဗျားရဲ့မေတ္တာရပ်ခံချက်ကို ကွန်မိုဒိုပါရီက လက်ခံအောင် ကျွန်တော်ကပါ ထောက်ခံပေးမှာပေါ့။ ပြီးတော့ ကျွန်တော့်အိမ်က သင်္ဘောသားတွေ အများကြီးနေတဲ့ 'လောင်းအိုင်လင်ဆောင်း' နားမှာရှိတာ။ ခင်ဗျားကို အဲဒီမှာ အလုပ်တစ်ခုရအောင် ကျွန်တော်ကူညီမယ်။ ခင်ဗျားအနေနဲ့ ဘဝသစ်တစ်ခု ပြန်စလို့ရတာပဲ'

'မာစတာကသာ ကျွန်တော့်ကို အမေရိကန်ခေါ်သွားမယ်ဆိုရင် မာစတာအတွက် ကျွန်တော် ဘာမဆိုလုပ်ပေးမှာပါ .. မာစတာ' ဟု ဆင်တာရိုက ပြောသည်။ သူသည် အီဒင့်ခြေရင်းတွင် ဒူးနှစ်ဖက်ထောက်၍ ထိုင်ချလိုက်ကာ အီဒင်၏ ခြေသလုံးများကို ဖက်ထားသည်။

'ဟာ . . အဲသလို မလုပ်ပါနဲ့ ဆင်တာရို' ဟုပြောကာ အီဒင်က ဂျပန်အား အတင်းဆွဲထူပြီး ရပ်ခိုင်းသည်။ 'နောက်ကိုလည်း အဲဒါမျိုး ဘယ်တော့မှ ထပ်မလုပ်ပါနဲ့ . . ။ တကယ်လို့ ကျွန်တော်က ခင်ဗျားကိုကူညီတယ်ဆိုရင် ခင်ဗျားဟာ ကျွန်တော့် မိတ်ဆွေမို့ ကူညီတာပါ။ ကျွန်တော်ပြောတာ ခင်ဗျားနားလည်တယ် . . . နော်'

'ဟုတ်ကဲ့ . . ၊ နားလည်ပါတယ် . . မာစတာ . . ၊ အခုလိုလုပ်မိတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ် . . . မာစတာ၊ ကျေးဇူးတင်ပါတယ်'

ကျွန်တော်တို့ဒီကိစ္စကို နောက်ပိုင်းကျမှ ထပ်ပြောကြမယ်။ အခု လောလောဆယ်တော့ . . .ခင်ဗျားကိုယ်ခင်ဗျား မကြောက်အောင် ကြိုးစား. . .'

www.burmeseclassic.com

www.burmeseclassic.com

အီဒင်သည် သူ့မှန်ပြောင်းကို မြှောက်၍ မျက်စိများတွင်အပ်ကာ ကမ်းရိုးတန်းဆီသို့ ပိုက်စိတ်တိုက်ပြီး ကြည့်နေပြန်သည်။ ရွာများ၏ အပေါ်ဘက်ရှိ ကုန်းမြင့်များထက်တွင် စိုက်ပျိုးထားသော လယ်ကွက်များနှင့် အရိပ်ကောင်းသော တောအုပ်များကို မြင်နေရ၏။ ယင်းလယ်ကွက်များနှင့် တောအုပ်များ၏ အခြားတစ်ဖက်တွင်မူ ခပ်နိမ့်နိမ့်တောင်စဥ်တောင်တန်းများသည် ဒိုးဒလိမ့်ပြေးကာ မှုန်မှိုင်းမှိုင်းနှင်းမြူများကြားသို့ တိုးဝင်သွားသည်။ အီဒင်သည် မိမိတို့တပ်ခွဲများ၌ ဘေးအန္တရာယ်များ ရှိနေသည်ကို သိနေသော်လည်း အလှမ်းဝေးကွာလွန်းလှသော ရှုခင်းများထဲ၌ သူမြင်တွေ့ရလိမ့်မည်ဟု ယူဆထားသော အရာတစ်ခုကို မမြင်ရသဖြင့် မကျေမနပ် ဖြစ်လျက်ရှိလေ၏။

'ဘယ်လိုဖြစ်တာပါလိမ့်၊ နေ့ခင်းကြီးဖြစ်ရက်နဲ့ ဖူဂျီတောင်ကို ကျွန်တော် မမြင်ရတာဘာကြောင့်လဲ . . ဆင်တာရို' ဟု သူကလှမ်းမေးသည်။ 'ဒီတောင်ကို အစအနတောင် မမြင်ရပါလား'

ဆင်တာရိုက အီဒင်၏ လက်မောင်းကိုဆွဲ၍ သူ့ခေါင်းကို မော့ပြသည်။ 'မာစတာကအောက်ဖက်ကိုပဲ ကြည့်နေတာကိုး . . ။ ခေါင်းကို သိပ်ငုံ့ပြီးကြည့်လို့မရဘူး၊ ခေါင်းကိုမော့ကြည့်မှ ဖူဂျီဆန်ကို ရှာတွေ့မှာပေါ့'

အီဒင်ကမော့ကြည့်သည်။ ကောင်းကင်ဆီသို့ မြင့်မားစွာ တိုးတက်နေသည့်တောင် . . . ။ မီးတောင်၏ ဖွေးဖွေးလှုပ်နေသောတိမ်သည် နေရောင်ခြည်၏ နွေးထွေးသော ယုယပိုက်ထွေးမှုကို ခံယူလျက်ရှိ၏။ ယမန်နေ့ညက ပုံစံအတိုင်း တောင်သည် ကောင်းကင်ဘုံ၏ အလယ်တွင် ဆွဲငင်အားကို အန်တုကာ လွင့်မျောနေသည့်နှယ် ရှိသည်။

သို့သော်လည်း သူ ထပ်မံပြီး အသေအချာကြည့်လိုက်သည့်အခါ နိမ့်ဆင်းကျနေသော တိမ်များသည် ကျယ်ပြန့်သောအောက်ခြေကို လုံးဝဖုံးကွယ်မသွားအောင် ရစ်ပတ်လွှမ်းခြုံထားသည်ကို တွေ့ရသည်။ တောင်သည် သူ၏ အမြင်အာရုံအပေါ်၌ များစွာ ညြဇာညောင်းပြီး လွှမ်းမိုးလျက်ရှိလေရာ အီဒင်သည် တစ်မိနစ်၊ နှစ်မိနစ်ကြာမျှ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေ၏။

ထို့နောက် သူသည် မျက်လုံးများကို မှိတ်ထားလိုက်သည်။ ထိုအခါ သူ့အိပ်မက်ထဲမှ ရုပ်လွှာများသည် သူ့စိတ်အာရုံထဲသို့ ပြန်ရောက်လာသည်။ သူသည် သူ့မျက်လုံးအစုံကို ပြန်မဖွင့်မိ၊ သူ ယခုမြင်နေရသော မြင်ကွင်းကို သူ အရင်က စိတ်ကူးယဥ်အိပ်မက်ထဲ၌ တွေ့များတွေ့ဖူးခဲ့လေသလားဟု တွေးနေမိသည်။

သူသည် တောင်ထိပ်ဆီသို့ ထပ်ကြည့်မိပြန်သည်။ နံနက်ခင်း အလင်းရောင်ဝင်စ ကောင်းကင်ယံတွင် ဖူဂျီတောင်၏ အလှသည် ခန့်ငြားထည်ဝါလှချေသည်။ သူ

ကြည့်နေခိုက်မှာပင် တောင်ထိပ်သည် ပို၍လင်းကာ ပို၍တောက်ပလာသည်။ ဖြည်းဖြည်းချင်း ပါလာနေသော မြူနှင်းများကြားတွင် အရောင်သည် တိုး၍ တိုး၍ ဖြူ . . . ဖြူလာ နေသည်။ ဤမြင်ကွင်းကြောင့် စိတ်လှုပ်ရှားနေသော ရောဘတ်အီဒင်သည် သူ့ရင်ထဲ၌ ကြည်မှန်းချက်သစ်တစ်ခု ပေါ်ပေါက်လာနေသည့်နှယ် ခံစားနေရလေသည်။

'ဆင်တာရို . . . ခင်ဗျားတို့ အထွတ်အမြတ်ပြုထားတဲ့ တောင်ပေါ်ကို လူတွေက တက်ကြရဲ့လား' ဟု ဆင်တာရိုဘက်လှည့်၍ မေးသည်။ 'သူတို့တက်ကြတော့ကော တောင်ထိပ်အရောက် တက်ကြရဲ့လား'

'တက်ကြပါတယ် . . . မာစတာ' ဟု ဆင်တာရိုက ခေါင်းကိုငြိမ့်၍ အဖြေပေးသည်။ 'ရှေးဟောင်းဘုရားတွေကို ကိုးကွယ်ကြတဲ့လူတွေအားလုံး သူတို့ တစ်သက်မှာ တောင်ထိပ်ရောက်အောင် တစ်ကြိမ်တော့ တက်ကြရပါတယ်။ အဲဒါကြောင့် ည်း နိပ္ပန်နိုင်ငံရဲ့ နယ်မြေဒေသအားလုံးကလူတွေဟာ ဖူဂျီဆန်ကို တက်ကြရပါတယ်'

'တောင်ထိပ်မှာ ဘာကိုတွေ့ကြရသတဲ့လဲ . . ' ဟု အီဒင်ကမေးသည်။ 'တောင်ထိပ်မှာ နတ်ကွန်းရှိသတဲ့လား'

'ဟုတ်တယ်၊ တောင်ထိပ်မှာ အလွန်လှပချောမွေ့တဲ့ ရှင်တိုနတ်သမီးနတ်ကွန်း တွေ့ရတယ် . . ။ တောင်ထိပ်ကို တက်ကြတဲ့လူတွေဟာ ရှင်တိုနတ်သမီးကို တွေ့ကြရတယ်တဲ့။ သူတို့အနေနဲ့ မီးတောင်ထိပ်ဝက တွင်းပေါ်မှာ တိမ်တစ်ခုလို ပျံ့မျောနေတဲ့ ရှင်တိုနတ်သမီးကို မြင်ကြရသတဲ့ . . .'

'သူတို့အနေနဲ့ ရှင်တိုနတ်ကွန်းရှေ့မှာ ဆုယူ ဆုတောင်းပြုကြတယ်။ တောင်ထိပ် နေပြီး တက်လာနေတဲ့နေကို အလေးပြုကြတယ်။ ဒါပေမဲ့လို့ အဲသလိုလုပ်တာဟာ ရာယ်များတယ်လို့ ယူဆကြတယ်။ သူတို့ပြောနေတာက ရှင်တိုနတ်သမီးရဲ့ အစောင့် ရောက်ဝိညာဉ်တွေဟာ မသန့်မစင်တဲ့ နှလုံးသားနဲ့တက်လာတဲ့လူတွေကို အပြစ် ဖို့ အပေါ်မှာပုန်းပြီးစောင့်နေကြတယ် . . .တဲ့'

အခိုက်အတန့်အားဖြင့်တော့ ရောဘတ်အီဒင်သည် ပင်လယ်ပြင်အား ကြည့်နေ ည်။ မိမိတို့၏ သင်္ဘော ဆတ်စ်ကွီဟန်နာ ဆီသို့လာနေကြသော ဂျပန်လှေများကို ကြည့်နေသည်။ ထို့နောက် သူသည် ဖူဂျီတောင်ကို တစ်ချက်လှမ်းကြည့်သည်။ စ်နေ့ကျရင် ခင်ဗျားတို့ အထွတ်အမြတ်ပြုထားတဲ့ ဖူဂျီတောင်ထိပ်ကို ကျွန်တော် က်ချင်တယ်' ဟု ပြောသည်။

'မဖြစ်နိုင်ပါဘူး . . မာစတာ' ဟု ဆင်တာရိုက ပြန်ပြောသည်။

'ဘာပြုလို့ မဖြစ်ရမှာလဲ'

'ဘယ် ဂေ–ဂျင် မှ ဖူဂျီတောင်ကို မတက်ရပါဘူး . . မာစတာ၊ နိပ္ပန်နိုင်ငံရဲ့

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေကိုတောင် ကျွန်တော်တို့ အတွက်အမြတ်ပြုထားတဲ့ တောင်ပေါ်ကို ခြေချခွင့် မပေးပါဘူး'

အီဒင်သည် ဆင်တာရီ၏ စကားကို ငြိမ်ဆိတ်စွာ စဉ်းစားနေသည်။ သူသည် အတွေးတွင်နစ်မြောကာ ဖူဂျီတောင်အား လှမ်းကြည့်နေဆဲ . . .၊ 'ဒီလို အလှမျိုးကို လူမျိုးတစ်မျိုးတည်းကသာ ပိုင်ဆိုင်ခွင့်ရှိတယ်ဆိုတာ မဖြစ်သင့်ပါဘူး' ဟုပြောသည်။

'ဒီအလှကို ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး ပိုင်ဆိုင်သင့်ပါတယ်'

'တကယ်လို့ မာစတာအနေနဲ့ ဖူဂျီ–ဆန်ကိုတက်ဖို့ ကြိုးစားရင် မာစတာကို သတ်မှာပဲ' ဟု ဆင်တာရီကပြောသည်။ 'မာစတာတက်ဖို့ မကြိုးစားပါနဲ့'

'ဒါပေမယ့် ကျွန်တော် ဖူဂျီ–ဆန်ကို တက်ခဲ့ပြီးပြီ' ဟု အီဒင်ကပြန်ပြောသည်။

'ဘယ်လိုလုပ်ပြီး ခင်ဗျားတက်နိုင်မှာလဲ . . မာစတာ . .၊ အရင်က ဒီနေရာကို မာစတာရောက်မှ မရောက်ဘူးတာ'

'ကျွန်တော်ဆိုလိုတာက ဖူဂျီ–ဆန်ကို ကျွန်တော့်နှလုံးသားထဲမှာ တက်ပြီး နေပြီလို့ပြောတာ' ဟု အီဒင်က ဆင်တာရီအား လှည့်ကြည့်ပြီးပြောသည်။ 'မနေ့ညက အိပ်မက်ထဲမှာ ကျွန်တော်တောင်ထိပ်ကို ရောက်ခဲ့ပြီးပြီ။ ကျွန်တော့်စိတ်ထဲမှာ အလွန် လှပပြီး ထူးဆန်းတဲ့အရာကို ခံစားခဲ့ရတယ်။ အဲဒီခံစားမှုကို တခြားလူတွေ နားလည် အောင် ကျွန်တော်ရှင်းမပြနိုင်ဘူး။ အဲဒီခံစားမှုကို အခုအချိန်ထိ ကျွန်တော် မမေ့နိုင် သေးဘူး။ ကျွန်တော် အဲဒီတောင်ထိပ်ကို အခုထိ တက်ချင်နေတုန်းပဲ'

'ကျွန်တော်ကတော့ .. မာစတာ အဲသလို မလုပ်ဘူးလို့ မျှော်လင့်နေပါတယ် . . . မာစတာ' ဟု ဆင်တာရီက ထိတ်လန့်တကြားပြောသည်။

'ဘာပြုလို့လည်း ဆိုတော့ တကယ်လို့ မာစတာ တောင်ပေါ်ကို တက်ရင် မာစတာသေမှာပဲ'

(၃)

အရာရှိများအတွက် သီးသန့်ပေးထားသည့် ပုံပိုင်းကုန်းပတ်ပေါ်တွင် ကွန်မိုဒို ပါဒို၏ အလံကိုင်ဗိုလ်ဂျွန်ရိုက်စ်သည် သူ့တပ်မှူးနှင့် အလှမ်းဝေးဝေးနေရာ၌ရပ်ကာ ..ပန်သီသီဖြင့် ပေးလာမည့်အမိန့်ကို စောင့်မျှော်လျက်ရှိသည်။ သူ့ဘေး၌ ရပ်နေသူမှာ ..ရာခံဗိုလ်ဖြစ်၍ သတိအနေအထားဖြင့် ရပ်နေခြင်းဖြစ်၏။

နှစ်ဦးစလုံးသည် သူတို့၏ တပ်မှူးကဲ့သို့ပင် အေးဆေးတည်ငြိမ်သည်။ သူတို့ ..သည် ကမ်းခြေခံတပ်တစ်ခုဆီမှ ပစ်လွှတ်လိုက်သော သတိပေးအမြောက်သံကို ကြားခဲ့ ..ကြ..ဖြစ်၏။ သူတို့သည် တလှုပ်လှုပ်ထွက်ကာ ကောင်းကင်ဆီသို့တက်သွားနေသော ..ိုးလုံးကြီးကိုကြည့်ကာ နောက်ထပ်ထွက်လာမည့် အမြောက်သံများကို စောင့်မျှော် ..ျက်ရှိကြသည်။

ဂျွန်ရိုက်စ်ကတော့ သူ့တပ်မှူးအား မျက်ခြည်မပြတ်ကြည့်နေဆဲ . . .၊ ကွန်မိုဒို ပါဒိုသည် လက်ထဲမှမှန်ပြောင်းဖြင့် ကောင်းကင်ဆီသို့ တက်သွားနေသော မီးခိုးလုံးကို ..ကြည့်နေသည်။ သို့တစေလည်း သူ့ထံတွင် အမိန့်တစ်စုံတစ်ရာ ပေးမည့်အရိပ်လက္ခဏာ ..ကို မမြင်ရသဖြင့် ဂျွန်ရိုက်စ် စိတ်အေးသွားသည်။

'ဗိုလ်ချုပ်အနေနဲ့ သင့်တော်တဲ့အချိန်မှာ ထိုက်သင့်တဲ့ တုံ့ပြန်မှုတစ်ခုကိုတော့ ပေးမှာပါ' ဟု ရိုက်စ်က တိုးတိုးပြောသည်။ အသက်ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသော ..ရာခံဗိုလ်ကလေးက ဗိုလ်ရိုက်စ်စကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြ ..မှုမက နှုတ်ဖြင့်လည်း 'ဟုတ်တယ် . . . အဲသလို လုပ်မယ့်ပုံရှိတယ်' ဟု ပြန်ပြော ..သည်။

ရိုက်စ်သည် သင်္ဘောကုန်းပတ်ကို မကြာခဏလှမ်းကြည့်ကာ သူ စောစောက ..ပေးထားသည့်အမိန့်များကို အကောင်အထည်ဖော်ခြင်း ရှိ မရှိ စစ်ဆေးသည်။ ..ပိုက်တွင် သူတို့ကယ်ဆယ်ခဲ့သော ဂျပန်ဆင်တာရီက ဗိုလ်အီဒင်၏ရှေ့၌ ဒူးထောက်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ချလိုက်သည်ကိုလည်းကောင်း၊ ဗိုလ်အီဒင်က ဆွဲထုလိုက်သည်၊ ပြီးတော့ စကားပြောနေသည်ကိုလည်းကောင်း တွေ့လိုက်ရ၏။

တစ်စက္ကန့် နှစ်စက္ကန့်မျှအကြာတွင် ရိုက်စ်သည် သူ့တပ်မှူးအား လှမ်းကြည့်သည်။ ဗိုလ်အီဒင်နှင့်ဆင်တာရိုတို့၏အဖြစ်ကို မြင်သွားလေသလားဟူသော အတွေးဖြင့်သတိထား၍ ထပ်မံကြည့်ရှုခြင်းဖြစ်၏။ သို့သော်လည်း ဗိုလ်ချုပ်ပါရိုကတော့ ကမ်းခြေထက်မှ ခံတပ်များကိုသာ မှန်ပြောင်းဖြင့် ပိုက်စိတ်တိုက်၍ ကြည့်နေသည်။

တစ်စုံတစ်ခုကို တွေးနေသည့်မျက်နှာထားဖြင့် ရိုက်စ်သည် သူ့မှတ်စု စာအုပ်ငယ်ကိုထုတ်ယူလိုက်သည်။ တပ်မှူး၏အမိန့်များကိုမှတ်၍ တဆင့်ပို့လေ့ရှိသော စာအုပ်ကလေးဖြစ်၏။ သူသည် စာအုပ်ထဲတွင် အီဒင်နာမည်ကိုရေးကာ စာတစ်ကြောင်းနှစ်ကြောင်း ရေးလိုက်သည်။ စာရွက်ကိုဆုတ်ယူပြီး ခေါက်လိုက်ကာ အရာခံဗိုလ်ကလေး၏ လက်သို့လှမ်းပေးသည်။

'မင်း အောက်ဆင်းတဲ့အခါ ဒီစာကို ဗိုလ်အီဒင့်လက်ထဲ ထည့်လိုက်ပါ' ဟု ရိုက်စ်ကပြောသည်။ 'ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု သတင်းပေးတာ အမိန့်စာ မဟုတ်ဘူး'

'ကောင်းပါပြီ . . . ခင်ဗျာ'

အရာခံဗိုလ်ကလေးသည် ရိုက်စ်ပေးသောစာကို သူ့ကျူးနစ်အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်သည်။ ထို့နောက် ရိုက်စ်နှင့်အတူ အီဒင်နှင့်ဂျပန်အမျိုးသား ဆင်တာရိုတို့ကို လှမ်းကြည့်နေသည်။ အီဒင်တို့သည် ကမ်းခြေထက်မှ ဖူဂျီတောင်ကိုကြည့်ကာ စကားပြောနေကြသည်ကို သတိထားမိနေကြသည်။

'သူ့လူတွေပြောပြောနေတာ ကျွန်တော်ကြားဖူးတယ်၊ ဗိုလ်အီဒင်ဟာ အလွန်ကိုသတ္တိကောင်းတယ် . . . တဲ့' ဟု အရာခံဗိုလ်ကလေးက မဝံ့မရဲဖြင့် ပြောသည်။ သူတို့အားလုံး ဗိုလ်အီဒင်အပေါ်မှာ အရမ်းလေးစားကြတယ်'

'အဲဒီလေးစားမှုဟာ ရသင့်ရထိုက်တဲ့ဟာပဲ' ဟု ရိုက်စ်က ပြောသည်။ ကိုယ်က ဗိုလ်အီဒင်အကြောင်းကို တခြားလူတွေထက် ပိုပြီးသိတယ်။ ဘာကြောင့်လည်းဆိုတော့ ကိုယ်တို့ အင်နာပိုလစ္စမှာ ပထမနှစ်ကျောင်းသားဘဝတုန်းက အတူတူပဲ . .။ အဲဒီနှစ်ကပဲ ရေတပ်သိပ္ပံတက္ကသိုလ်ကို စပြီးတည်ထောင်လာခဲ့တာ . . .။ မက္ကဆီကိုစစ်ပွဲမှာ တို့နှစ်ယောက်ဟာ အရာခံဗိုလ်တွေပေါ့ . . .။ အဲဒီတုန်းက သူဟာ ရန်သူတွေရဲ့ အမြောက်တွေကိုတက်ပြီး ဖျက်ဆီးဖို့ လုပ်ခဲ့တယ်။ သူ့အနေနဲ့ ထူးခြားတဲ့သတ္တိကို ပြခဲ့တဲ့လူပဲ'

'အဲဒီသတ္တိမျိုးကို ကျွန်တော်လည်း ရချင်တယ်။ ရလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်' ဟု အရာခံဗိုလ်က ကမ်းခြေဘက်သို့ မျှော်ကြည့်နေရင်းမှပြောသည်။ 'ကျွန်တော့်အနေနဲ့ ဗိုလ်အီဒင်ဆီက ရော–ဗိုလ်ရိုက်စ်ဆီကပါ လေ့လာဖို့ အများကြီး

ရှိနေဦးမှာပါ'

သူ့သတ္တိမျိုးက သင်ယူလို့ရမှာ မဟုတ်ဘူးလို့ ကိုယ်ထင်တယ် – မစ္စတာဟာရစ္စ' ဟု ရိုက်စ်က ပြန်ပြောသည်။ 'လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဗိုလ်အီဒင်ရဲ့ဘေးကြီးဟာ ဖိုင်ရိုကွစ္စအင်ဒီးယန်တွေက အရှေ့ပိုင်း ကွန်နက်တီကပ်ပြည်နယ်ထဲက ရွာတစ်ရွာကို ဝင်တိုက်ရာမှ ဖမ်းမိသွားတယ်။ နောက်နှစ်အနည်းငယ်ကြာတော့ သူဟာ အိုင်ရိုကွစ္စ အင်ဒီးယန်းသတ္တိခဲတွေကို ဦးဆောင်ပြီး တခြားရွာတစ်ရွာကို ဝင်တိုက်ခဲ့ကြတယ်'

'နောက်ပိုင်းမှာ သူဟာ သူ့ဇာတိမြေကို ပြန်လာခဲ့တယ်။ သူနဲ့အတူ အင်ဒီးယန်း ကပြားသားတစ်ယောက် ပါလာခဲ့တယ်။ အဲဒီသားဟာ ဗိုလ်အီဒင်ရဲ့ အဖိုးဖြစ်လာခဲ့တယ် . . .'

ရိုက်စ်၏စကားသည် လူငယ်အရာခံဗိုလ်ကလေးအတွက် အံ့အားသင့်စရာလည်းဖြစ်ရ၏။ အားရကျေနပ်စရာလည်း ဖြစ်ရ၏။ သူသည် ဗိုလ်အီဒင်အား အားကျလေးစားသော မျက်နှာထားဖြင့် လှမ်းကြည့်နေရာမှ 'အဲဒါတွေကို ကျွန်တော် မသိခဲ့ပါဘူး ခင်ဗျာ၊ အခုလိုဆိုတော့ ဗိုလ်အီဒင်ဟာ ထူးခြားတဲ့ လူတစ်ယောက်ဖြစ်နေတာပေါ့' ဟု ထင်မြင်ချက်ပေးသည်။

'မင်းထင်သလို ဟုတ်ချင်လည်း ဟုတ်ပေလိမ့်မယ်' ဟု ရိုက်စ်ကပြန်ပြောသည်။ သူသည် သူသိထားသမျှကို ဆက်၍ပြောရန် သင့် မသင့် စဉ်းစားနေသည်။ 'ဗိုလ်အီဒင်သည် သူသိထားသမျှကို ဆက်၍ပြောရန် သင့် မသင့် စဉ်းစားနေသည်။ 'ဗိုလ်အီဒင်ဟာ အလွန်ချမ်းသာတဲ့ ကုန်သည်မိသားစု မွေးဖွားလာတဲ့လူ . . ပဲ။ ဒါပေမဲ့ သူ့ဘေးကြီးလို တော်လှန်ပုန်ကန်ချင်စိတ်ရှိတယ်။ အသက်ဆယ့်ခြောက်နှစ်မှာ သူ့ငယ်ဘဝချစ်သူကို လက်ထပ်ဖို့ အိမ်ကထွက်ပြေးသွားတယ်။ သူ့ချစ်သူကလည်း အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ သူနဲ့သက်တူရွယ်တူပေါ့။ သူ့ချစ်သူဟာ ကြေကွဲစရာအဖြစ်နဲ့ သေဆုံးခဲ့ရတယ်။ အဲဒီအဖြစ်အတွက် ဗိုလ်အီဒင်ဟာ အခုအချိန်အထိ သူ့ကိုယ်သူ အပြစ်တင်နေတုန်းပဲလို့ထင်တယ်'

အရာခံဗိုလ်ကလေးသည် ရိုက်စ်ထံမှ ဆက်ပြောမည့်စကားကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားလျက်ရှိ၏။ တစ်ဖက်မှ ရုတ်တရက် ဆက်မပြောသည့်အခါ ပြောလာအောင် မေးလိုမြန်းလိုသည့်စိတ်က ဖြစ်လာသည်။ သို့သော်လည်း သူ မမေးရဲ၊ နောက်ဆုံးတွင်မှ သူ့ပါးစပ်မှ 'ကြားရတာ ဝမ်းနည်းစရာပဲ' ဟု စကားတစ်ခွန်း ထွက်လာသည်။

'ဟုတ်တယ်၊ စိတ်ထိခိုက်စရာပဲ၊ လမစေ့ခင် ကလေးမွေးရမယ့်အဖြစ်နဲ့ ရင်ဆိုင်ရတဲ့အတွက် ပြစ်လာရတဲ့ကိစ္စပဲ' ဟု ရိုက်စ်က ဆက်ပြောသည်။ 'မုန်တိုင်းကျနေတဲ့ ညရဲ့သန်းခေါင်ကျော်အချိန်မှာ သူဟာ သူ့မိန်းမကို ဆရာဝန်ဆီပို့ပေးဖို့ မြင်းလှည်းနဲ့ ထွက်လာတယ်။ သစ်တောထဲက လမ်းတစ်လမ်းပေါ်မှာ မြင်းရထားမှောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့သားလေးကတော့ အသက်ရှင်တယ်။ သူ့မိန်းမကတော့ အသက်ဆုံးသွားရှာတယ်'

ရိုက်စ်သည် စကားကို မဆက်သေးပဲ ရပ်နေသည်။ ပြောရန် သင့် မသင့် စဉ်းစား ချိန်ဆနေသည့် သဘောဖြစ်သည်။ 'အခုပြောမှာကတော့ ကိုယ့်အထင်ပါ၊ သူရဲ့သတ္တိ ဟာ အဲဒီအဖြစ်က ပေါက်ဖွားလာတာ ဖြစ်ကောင်းဖြစ်မယ်။ သူချစ်တဲ့သူ ဆုံးသွား ကတည်းက သူဟာ သူ့အသက်သူ တန်ဖိုးမထားတော့တာ ဖြစ်ချင်လည်းဖြစ်မယ် .'

'ဗိုလ်အီဒင်ဟာ အမြဲတန်းလိုလို သူတစ်ယောက်တည်းကိုပဲ နေတာတွေ့ရတယ်။ တခြားလူတွေနဲ့ သိပ်ပြီးတရောတနှောမနေဘူး . . . ခင်ဗျ။ အဲဒါကြောင့်လားတော့ မသိဘူး' ဟု အရာခံဗိုလ်ကလေးက ပြောသည်။

ရိုက်စ်က ခေါင်းညိတ်သည်။ 'တစ်ခါတုန်းက သူပြောဖူးတယ်. . . မြင်းရထား မှောက်တဲ့ညက သူဘုရားသခင်ကို ကျိန်ဆဲခဲ့ဖူးတယ် . . . တဲ့၊ အဲဒီညကစပြီး သူ ဘုရားသခင်ကို လုံးဝအာရုံမပြုဘဲ နေလာခဲ့တာ ကြာပြီ . . . တဲ့၊ အဲဒီနောက် ရေတပ် ထဲဝင်တယ်၊ သူနဲ့တပ်ထဲမှာ စသိတာ . . . ၊ စသိကတည်းက သူဟာ တခြားလူတွေနဲ့ မရောပဲ တသီးတခြားနေတတ်တဲ့ အကျင့်ရှိတာကို သတိထားမိခဲ့တယ်'

ရိုက်စ်သည် အီဒင်ဆီသို့ နားမလည်နိုင်သည့် မျက်နှာထားဖြင့် လှမ်းကြည့်နေ သည်။ 'စဉ်းစားစရာ အကြောင်းတစ်ခုက ကိုယ့်မှာရှိလာတယ် မစ္စတာဟာရစ္စ . . . ဗိုလ်အီဒင်ဟာ ဟိုဂျပန်နဲ့ကျမှ ဘာ့ကြောင့် တရင်းတနီး စကားပြောနေရတာလဲ . . .၊ ကိုယ်တို့နဲ့ကျတော့ စကားပြောဖို့မလွယ်ဘူး'

'ဗိုလ်ရိုက်စ် . . . ၊ တပ်ကို နောက်တစ်ကြိမ်ထပ်ပြီး တပ်လှန့်ထားလိုက်တော့'

ဗိုလ်ချုပ်မက်သူးပါရီ၏ အသံဖြစ်သည်။ ဗိုလ်ရိုက်စ်သည် သူ့မှတ်စုစာအုပ်နှင့် ခဲတံကိုအသင့်ကိုင်ကာ သူ့တပ်မှူးဘေးသို့ အပြေးအလွှား ရောက်သွားသည်။

ဗိုလ်ချုပ်ပါရီကတော့ လက်ထဲမှမှန်ပြောင်းဖြင့် ကမ်းခြေဆီသို့ ထပ်မံကြည့်ရှု နေဆဲ . . . ။ ဂျပန်ကမ်းခြေစောင့်လှေများသည် အဖက်ဖက်တွင် ပေါ်လာနေကြသည်။ အင်အားကြီးသော ကမ်းခြေစောင့်ရှက်လှေကြီးများသည်လည်း ကျောက်ဆောင်များ နောက်ကွယ်၌ ပုန်းအောင်းနေရာမှ အလျှိုလျှိုထွက်လာကြသည်။ လှေအားလုံးသည် စစ်သင်္ဘောကြီးများဆီသို့ ဦးတည်၍လာနေခြင်းဖြစ်၏ ။ သို့သော်လည်း မည်သည့်လှေ မှ ကျူးကျော်လာသော သင်္ဘောများ၏ အရှိန်ကို မမှီနိုင်ကြချေ။

'ငါ့ရဲ့ သတိပေးချက်က "ကမ်းခြေနဲ့ မည်သည့်အဆက်အသွယ်မှမရ"၊ အဲဒါပဲ' ဟု ဗိုလ်ချုပ်ပါရီက အမိန့်ပေးသည်။ "ပြီးတော့ ကမ်းခြေမှ လှေများ ထွက်မလာစေနဲ့"

'ဟုတ်ကဲ့ပါ ဗိုလ်ချုပ်'

ဗိုလ်ရိုက်စ်သည် သူ့တပ်မှူး၏ အမိန့်ကို နားလည်နာခံကြောင်း အသိပေးသည်။

ဖျတ်ခနဲ အလေးတစ်ချက်ပြုလိုက်ပြီး ရေးထားသည့် အမိန့်စာရွက်ကို ပေးရန်၊ အရာခံ ဗိုလ်ကလေးဆီသို့ ပြန်လျှောက်လာသည်။

သူ့လက်အောက်မှ အရာရှိငယ်သည် လှေခါးမှ ကပြာကယာ ဆင်းသွားသည်။ အချက်ပြ ဆက်သွယ်ရေးအရာရှိ၏ ကုန်းပတ်အလယ်မှ ရုံးခန်းဆီသို့ ပြေးသွားသည်။ ။ကွန့်ပိုင်းအတွင်းမှာပင် အရောင်မျိုးစုံဖြင့် ပြုလုပ်ထားသော အချက်ပြအလံများသည် သင်္ဘောပဲ့ပိုင်းနှင့် အနီးဆုံးရွက်တိုင်ထိပ်တွင် တလူလူလွင့်လျက်ရှိသည်။

အရာခံဗိုလ်ကလေး ဟာရစ္စသည် လာလမ်းအတိုင်း ပြန်လှည့်ကာ ဗိုလ်အီဒင်ထံ သွားသည်။ ဗိုလ်ရိုက်စ်က ပေးလိုက်သည့်စာကို ပေးရန်ဖြစ်၏ ။

'ဗိုလ်ရိုက်စ်က ပေးခိုင်းလိုက်တာပါ . . . ခင်ဗျာ'

အရာခံဗိုလ်ဟာရစ္စက စာကို ဗိုလ်ရေဘတ်အီဒင်လက်သို့ လှမ်းပေးပြီး တစ်ချက်မျှ အလေးပြုလိုက်သည်။ အနီးကပ်ကြည့်ခွင့်ရသည့်အခါ သူသည် အီဒင်၏ မျက်နှာထက် မှ အင်ဒီးယန်းသွေး၏ အရိပ်လက္ခဏာများကို သတိထား၍ကြည့်သည်။

အီဒင်သည် ဟာရစ္စအား တည့်တည့်မကြည့်၊ ပေးလိုက်သည့် စာအတွက် ကျေးဇူးတင်သည့်အနေဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ထို့နောက် ဗိုလ်ရိုက်စ်ရှိရာ ဘက်သို့တစ်ချက်လှမ်းကြည့်သည်။ စာကို မဖတ်ခင် ပတ်ဝန်းကျင် ပင်လယ်ကမ်းခြေ နှင့်ပင်လယ်ပြင်ကို တစ်ချက်မျှ လှမ်းကြည့်သည်။ သူ့အမြောက်တပ်သားများအား အမြောက်များနှင့် ပစ်ခတ်တိုက်ခိုက်ရန် အမိန့်ပေးတော့လေမလားဟူသော အတွေးဖြင့် ကြည့်ခြင်းဖြစ်၏ ။ ရုတ်တရက် အမိန့်ပေးဦးမည့် အရိပ်လက္ခဏာကို မမြင်ရသည့်အခါ သူသည် လက်ထဲမှ စာရွက်ခေါက်ကို ဖြန့်လိုက်သည် - - - -

ရေဘတ် - - - ပထမတစ်ချက်က ကျွန်တော် ခင်ဗျားကို မိတ်ဆွေချင်း ရင်းနှီးတဲ့ အနေနဲ့ အကြံပြုပါရစေ . . . ၊ ကျွန်တော်တို့ ကမ်းခြေဆီ ချဉ်းကပ်နေတဲ့ အချိန်တာ ဘေးအန္တရာယ်များတဲ့ ကာလပါ၊ ဒီအချိန်မှာ ကျွန်တော်တို့ ကယ်လာတဲ့ဂျပန်ကို အများက မမြင်မတွေ့နိုင်အောင် သူ့နေရာမှာပဲ နေပါစေ၊ သင့်တယ်လို့ ကျွန်တော်ထင်ပါတယ် . . . ၊ သူ့အတွက်ရော ကျွန်တော်တို့အတွက်ပါ ကောင်းစေချင်လို့ ပြောတာပါ၊ ရေဘတ်အနေနဲ့ သူ့ကိုသင့်တော်မယ့် ညွှန်ကြားချက်တွေ ပေးလိမ့်မယ်လို့ တွက်ထားပါတယ် . . . ၊ ဒုတိယအချက်က ပုဂ္ဂိုလ်ရေး မေတ္တာရပ်ခံချက်တစ်ခုပါ၊ ဗိုလ်ချုပ်က သံတမန်ရေးရာ အချက်အလက်တွေပေါ် အခြေခံပြီး ကျွန်တော့်ကို အမိန့်ပေးထားတာရှိပါတယ်၊ သူ့အမိန့်က သူ့ကိုယ်စား ပဏာမစေ့စပ်ဆွေးနွေးမှု လုပ်ဖို့ပါ၊ သူ့အနေနဲ့ကတော့ အဲဒီကိစ္စမှာ လူ အသိအမြင် မခံချင်ပါဘူး၊ နောက်ဆုံးကျလို့ အမြင့်ဆုံးနန်းတွင်းပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံ ရတော့မယ်ဆိုမှသာ သူ့အတွေ့ခံချင်တဲ့ ဆန္ဒရှိနေပါတယ် . . . ၊ တကယ်လို့ လက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စေ၊ လက်နက်မဲ့ဖြစ်စေ ဂျပန်တစ်ဦး သင်္ဘောပေါ်တက်လာရင် ဘယ်သူဖြစ်ဖြစ် ကျွန်တော့်အစောင့်တစ်ဖွဲ့ဆီ ခေါ်မလာစေချင်ဘူး။ ဗိုလ်အီဒင်ကလည်း သဘောတူလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ် . . . .

ဗွန်ရိုက်ခ်

အီဒင်သည် စာရွက်ကိုပြန်ခေါက်ကာ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်ပြီး ဆင်တာရိအား လှည့်ကြည့်သည်။ ဆင်တာရိသည် အခုအချိန်ထိ ကုန်းပတ်ထက်၌ ရပ်ကာ ကမ်းခြေဘက်သို့ မျှော်ကြည့်နေဆဲ . . . ။ ဆင်တာရိကြည့်နေရာဘက်သို့ လိုက်ကြည့်သည့်အခါ အီဒင်သည် ဖူဂျီတောင်ကိုမြင်ရသည်။ ဖူဂျီတောင်သည် ရုတ်တရက် ချက်ခြင်းကြီးထွားလာသည်ဟု ထင်ရ၏။ တောင်၏အောက်ခြေကိုလည်း ပထမဆုံးအကြိမ် မြင်တွေ့ရပြီဖြစ်၏။ သို့သော်လည်း တဖြည်းဖြည်းဝင်လာနေသော အလင်းရောင်၏အောက်တွင် တောင်၏အောက်ဖက် ဆင်ခြေလျှောများသည် ပြာမှိုင်းမှိုင်းဖြစ်လျက်ရှိလေရာ နံနက်ခင်းကောင်းကင်၏ ဖျော့တော့တော့အရောင်နှင့် တစ်သားတည်းလို ဖြစ်နေသည်။

ဖူဂျီတောင်၏အလှသည် အပြီးအပြင်ရှိလွန်းလှ၏။ ညာဘက်တွင် ဆွဲဆောင်မှုရှိသလို အခုလိုနေ့ဘက်ကျတော့လည်း ဆွဲဆောင်မှုကအပြည့် . . . ။ သူသည် ဖူဂျီ၏အလှတွင် နစ်မျောနေရာမှ နောက်သို့လှည့်ကာ ဆင်တာရိ၏ပခုံးကို လှမ်းပုတ်လိုက်သည်။

'နောက် နာရီအနည်းငယ်ဆိုရင် ကုန်းပတ်ပေါ်မှာ ပြဿနာတွေ ရှိလာနိုင်တယ် . . . ဆင်တာရိ' ဟု အီဒင်က ဂျပန်ဘာသာဖြင့် ပြောသည်။ 'အဲဒီတော့ ခင်ဗျားနေရာမှာ ခင်ဗျားပြန်နေတာ အကောင်းဆုံးဖြစ်လိမ့်မယ်'

'ဟုတ်ကဲ့ပါ . . . မာစတာ' ဟု ဆင်တာရိက ပြန်ပြောသည်။ ကျွန်တော် အခုချက်ခြင်းပဲ သွားပါမယ် . . . ခင်ဗျာ'

'ကျွန်တော်က ဘေးကင်းပြီလို့ မပြောမချင်း ခင်ဗျား အဲဒီမှာပဲနေပါ'

'ဟုတ်ကဲ့ပါ . . . မာစတာ'

ဆင်တာရိသည် ဝပ်နေရာမှ ထရပ်လိုက်သည်။ ဆင်တာရိ၏ မျက်လုံးများထဲတွင် ကြောက်စိတ်များကို မြင်နေရ၏။ သူသည် ဆင်တာရိ၏ ပခုံးထက်သို့ ကြင်နာစိတ်ဖြင့် လက်တစ်ဖက် လှမ်းတင်လိုက်သည်။ 'ကျွန်တော်တို့အားလုံး ဘေးအန္တရာယ်ထဲမှာရောက်နေကြတာပါ . . . ဆင်တာရိ။ ဒါပေမဲ့ တည်တည်ငြိမ်ငြိမ်နေနိုင်ဖို့ ကြိုးစားပါ။ ကျွန်တော်ကတော့ ခင်ဗျားကို အစွမ်းကုန်ကာကွယ်နိုင်သမျှ ကာကွယ်သွားပါမယ်'

(၄)

ပင်လယ်အော်၏အောက်ဖက်ပိုင်းရှိ ကမ်းပါးတစ်ခု၏ထိပ်တွင် မင်းသား တာနာကာ ...ကိုသည် ဂျပန်အဆင့်မြင့်အရာရှိကြီးတစ်စု၏ အလယ်၌ရပ်ကာ ယီဒိုဘက် ဦးတည် ...လျားနေကြသည့် အမေရိကန်စစ်သင်္ဘောများအား မျက်ခြည်မပြတ် စောင့်ကြည့် ...ျက်ရှိသည်။

နေ့ခင်းမွန်းလွဲပိုင်းအချိန်ကာလသည် တစ်ဝက်ကျိုးခဲ့ပြီ။ သူတို့လူစုသည် သူတို့ ...ပွန်ကမ်းခြေစောင့်လှေများနှင့် ရွက်သင်္ဘောများ၏ အရာမရောက်သော လှုပ်ရှား ...များကို မြင်နေရ၏။ စစ်သင်္ဘောများဆီမှ မီးခိုးလုံးကြီးများသည် မိုးကောင်းကင်ဆီသို့ ...ိုးတက်သွားနေကြသည်။ ကမ်းခြေအမြောက်တပ်များဆီမှ သတိပေး ပစ်ခတ်သံများ ...ည် အဆက်မပြတ် ပေါ်နေသော်လည်း အမေရိကန်ပြည်ထောင်စု ရေတပ်စစ်သင်္ဘော ...စု၏ အရှိန်အဟုန်ကို မဟန့်တားနိုင်ခဲ့ကြချေ။

'သူတို့က ပင်လယ်အော်ထဲကို ထိုးဖေါက်ပြီး ဝင်လာနေကြပြီ၊ နိုင်ငံရပ်ခြား ...ိုင်းတစ်ပါးက တခြားသင်္ဘောတွေထက် ပိုပြီးအားကြီးပုံရတယ်' ဟု တောင်ဘက်သို့ ...းတည်သွားနေသော သင်္ဘောကြီးများကိုကြည့်နေသည့် 'ဒိုင်မျို' တစ်ဦးက ရေရွတ် ...ည်။ 'သူတို့ရပ်သွားအောင် အင်အားသုံးမှ ဖြစ်တော့မယ်'

'ကျွန်ုပ်တို့အနေနဲ့ လက်နက်အင်အားသုံးပြီး သူတို့ကို ဟန့်တားဖို့ဆိုတာ မဖြစ် ...ိုင်ဘူး . . . အမတ်ကြီးလော့ဒ်ဒိုင်ဗို' ဟု မင်းသားတာနာကာကပြောသည်။ 'အခု ...တ်တလောမှာတော့ ဒီလိုအင်အားမျိုးကို ခုခံကာကွယ်နိုင်ဖို့ ကျွန်ုပ်တို့မှာ လုံလောက် ... အင်အားမရှိသေးဘူး'

'ကျွန်တော်မျိုးတို့မှာ မရေမတွက်နိုင်လောက်အောင် များပြားတဲ့သူရဲကောင်း ...ာမှုရိုင်းတွေရှိနေတာပဲ။ သူတို့အနေနဲ့ သွေးမြေကျတိုက်ပွဲဝင်ကြမှာပါ . . . ရှင်'

www.burmeseclassic.com

www.burmeseclassic.com

ဟု ထည်ဝါလှသော ဝပေါ်ရုံအင်္ကျီကြီးကို ဝတ်ထားသည့် ဒိုင်မျို ကပြန်ပြောသည်။ သူ့မျက်နှာသည် ဒေါသအရှိန်ဖြင့် တင်းမာခက်ထန်လျက်ရှိ၏။ 'အရှင် အဲဒီအချက်ကို တော့မမေ့ပါနဲ့' ဟု ထပ်ပြောသည်။

'သူတို့ဟာ တကယ့်ကို **ကူရှုဖူနီ** တွေပဲ၊ ကောလဟာလ သတင်းတွေထဲမှာ ပြောနေကြသလို အလွန်ဆိုးဝါးမယ့် သဘော်ာနက်တွေပဲ' ဟု ဂျပန်စစ်အရာရှိတစ်ဦး ကပြောသည်။ သူသည် လက်ပွပွအစိမ်းရောင် ပိုးသားဝတ်ရုံအင်္ကျီကြီး ဝတ်ထားပြီး ယွန်းဘိုးနက်ဦးထုပ်ဆောင်းထားသည်။ **ကာမိကာဇေ**ကြောင့် ကူဘလိုင်ခန်ရဲ့ ရေတပ်ကြီးပျက်သွားသလို တန်ခိုးကြီးတဲ့ နတ်ဘုရားတွေရဲ့ လေအရှိန်နဲ့ကျမှပဲ ဒီစစ် သဘော်ာတွေ ပြေးကြလိမ့်မယ်ထင်တယ်'

စာပေပညာရှင်ပုံပေါက်နေသည့် ဒုတိယအရာရှိ စကားပြန်တစ်ဦးသည် သာယာ ကြည်လင်နေသော မိုးကောင်းကင်ကိုမော့ကြည့်ပြီး ခေါင်းတရမ်းရမ်း လုပ်နေသည်။

'ဒီနေ့အဖို့ လေအကြီးအကျယ် တိုက်မှာမဟုတ်ဘူး။ ဒါပေမဲ့လို့ ရှီးဂန်းကောင်စီ က ညွှန်ကြားထားတဲ့အတိုင်းလုပ်ရင် သူတို့ကို ကျောက်ဆူးမချနိုင်အောင်တော့ တားမြစ် နိုင်စရာရှိပါတယ်'

'ကျွန်ုပ်အနေနဲ့ ဒတ်ချ်ဘာသာစကားကိုအသုံးပြုပြီး အမိန့်တစ်ခုကို ထုတ်ပြန် ထားခဲ့ပါတယ်။ သူတို့ကို ဒီကမ်းခြေက အမြန်ဆုံးထွက်ခွာပြီး နာဂါစကီးကို သွားဖို့ ခိုင်းစေတဲ့ အမိန့်ပါ . . .'

'ခင်ဗျားရေးခဲ့တဲ့ အမိန့်ကဘယ်လိုအမျိုးအစားလဲ၊ ဟာနီဝါရာတိုကူမာ' ဟု ဒိုင်မျို တစ်ယောက်ကမေးသည်။ 'ကျွန်ုပ်တို့ ကြည့်ပါရစေလား'

စကားပြန်ပညာရှင်သည် သူ့လက်ထဲမှ စာရွက်လိပ်ကြီးကို လက်နှစ်ဖက်ဖြင့် ကိုင်၍ အများမြင်သာအောင် ဖြန့်ပြသည်။ စာရွက်ပေါ်တွင် ရေးထားသည့် ဒတ်ချ် ဘာသာစကား စာလုံးကြီးများမှာ အဝေးကလှမ်း၍ ဖတ်နိုင်လောက်အောင် ကြီးမား လှပေ၏။ အမိန့်စာတွင် ရေးထားသည်မှာ အမေရိကန်စစ်သဘော်ာများ နာဂါစကီးသို့ ပြန်လည်ထွက်ခွာသွားရန် ရာဇသံပေးထားသည်။

နာဂါစကီးမှာ ဂျပန်နိုင်ငံ၏ တောင်ပိုင်းအကျဆုံးနေရာ၌ တည်ရှိသော သဘော်ာ ဆိပ်မြို့ဖြစ်၍ ရာစုခေတ်နှစ်ခေတ်မျှ နိုင်ငံခြားသားများကို လုံးဝ အဝင်မခံခဲ့သော မြို့ ဖြစ်၏။ ယခုအခါတွင်မူ ဤမြို့၌ နယ်သာလန်နိုင်ငံမှ ကုန်သည် လက်တစ်ဆုပ်စာကို ကုန်သွယ်ခွင့်ပြုထားသည်သာမက အနောက်တိုင်းနိုင်ငံအချို့နှင့် ကူးသန်းရောင်းဝယ် ခြင်းကိုပါ လုပ်ဆောင်လျက်ရှိလေသည်။

'မင်းရဲ့အမိန့်စာဟာ ဥပေက္ခာအပြုခံရမှာ သေချာတယ် ဟာနီဝါယာ–ဆန်'

ဟု အမတ်ကြီးလော့ဒ်ဒိုင်ဇိုက ခက်ထန်မာကြောသော အသံဖြင့် ပြောသည်။ 'ဒီအမိန့် စာဟာ အသုံးဝင်မှာ မဟုတ်ပါဘူး'

ဘာပဲဖြစ်ဖြစ် ဒီကိစ္စက ကျွန်ုပ်ရဲ့တာဝန်ဖြစ်ပါတယ် . . . အမတ်ကြီး' ဟု စကားပြန်က သူ၏အမိန့်စာ စာချွန်တော်ကို ပြန်လိပ်နေရာမှ အမတ်ကြီးဘက်သို့ တစ်ချက်မျှ ဦးညွှတ်ကာ ပြန်ပြောသည်။ 'ကျွန်ုပ်ကို ဒီအမိန့်စာရေးဖို့ ညွှန်ကြားခဲ့ ပါတယ်။ ဒီအမိန့်စာဟာ အနည်းဆုံး ကျွန်ုပ်တို့ရဲ့ အခြေအနေကိုတော့ ဖေါ်ပြနိုင်မှာပါ'

'ကံမကောင်း အကြောင်းမလှလေတော့ အမတ်ကြီးလော့ဒ်ဒိုင်ဇိုက မှန်နေတယ်' ဟု ပင်းသားတာနာကာက ပြောသည်။ မင်းသားသည် အမေရိကန်စစ်သဘော်ာများ ကို လှမ်းကြည့်နေကြသည့် ဒိုင်မျို များအား လှည့်ကြည့်သည်။ 'အမေရိကန်တွေ မှာ အမြောက်တွေ အများကြီး ရှိနေပါတယ်။ အခု ရေးထားတဲ့ တောင်းဆိုချက်မျိုးကို ယပ်ခံမှာ မဟုတ်ဘူး'

'ဒါပေမဲ့လို့ ကျွန်ုပ်တို့အနေနဲ့ ခုခံတိုက်ခိုက်ဖို့ အသင့်ရှိနေတယ်ဆိုတာကို ဒီသူတွေသိအောင်ပြရမယ်' 'မကြာခင်မှာ ကျွန်ုပ်တို့ဘက်က ကြိုတင်ပြင်ဆင်ကြ ရလိမ့်မယ်' ဟု အမတ်ကြီးလော့ဒ်ဒိုင်ဇိုက မင်းသားတာနာကာအား ပြန်ပြောသည်။ ပြီးနောက် သူသည် သူ့လက်တစ်ဖက်ဖြင့် ကမ်းပါးထိပ်တလျှောက်ရှိ ခြေလျင်တပ်သား နှင့် မြင်းတပ်သားများဘက်သို့ လက်ဝှေ့ယမ်းပြသည်။

'ကျွန်ုပ်တို့မှာ တပ်သားနှစ်သောင်းရှိတယ်။ ကျွန်ုပ်ပိုင် နယ်မြေတွေနဲ့ တခြား နယ်မြေတွေထဲက စုထားတာပဲရှိတယ်။ ဒီလူတွေထဲမှာ လူရိုင်းတွေကိုရော သူတို့ရဲ့ သဘော်ာနက်တွေကိုပါ ကြောက်မယ့်လူ တစ်ဦးမှမရှိဘူး'

တပ်သားများသည် ရိုးရာတူ အုပ်စုဝင်ချင်း ကိုယ့်အုပ်စုနှင့်ကိုယ် တန်းစီ၍ ရပ် နေကြခြင်းဖြစ်၏။ လန်ကွတ်တီဝတ် လယ်သမားများသည် ရှေးဟောင်းအမြောက်ကြီး များကို တပင်တပန်းဆွဲယူကာ စစ်သားများကြားတွင် နေရာချထားပေးလျက်ရှိသည်။ ကမ်းရိုးတန်းတလျှောက်တွင် ရောင်စုံရွက်ထည် လိုက်ကာကြီးများကို လိုက်၍ စိုက်ထူ နေကြသည်။ စစ်သားများနှင့်လက်နက်များကို ပင်လယ်အော်ဘက်မှ မမြင်အောင် ကာအကွယ် ပြုလုပ်နေကြခြင်းဖြစ်၏။

ပိနှစ်အနည်းငယ်မျှအတွင်း သားရေနှင့်သတ္တု ချပ်ဝတ်တန်ဆာဝတ် တပ်သားများ ပါဝင်သော တပ်ခွဲများသည် တောင်စောင်းများ တလျှောက်ဆင်းလာနေကြသည်။ ထို တပ်ခွဲများသည် မိုန်းများ၊ လှံများ၊ လေးနှင့်မြှားများ ကိုင်ဆောင်ကြသည့် တပ်သား များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ တပ်ခွဲတစ်ချို့မှာ ရှေးဟောင်းပြောင်းရှည် မတ်စကတ် သေနတ်ကိုင်များဖြစ်သည်။ သူတို့ကျတော့ သေနတ်များကို ပခုံးများပေါ်၌ထမ်း၍

www.burmeseclassic.com

www.burmeseclassic.com

တန်းစီပြီး လျှောက်လာနေကြခြင်း ဖြစ်လေသည်။

'အခုချက်ခြင်း ပြောင်ပြောင်တင်းတင်း ထွက်တိုက်လို့ကတော့ ကျွန်ုပ်တို့အတွက် အကျိုးမရှိနိုင်သေးဘူး' ဟု မင်းသားတာနာကာက သူတို့အင်အားကို စနစ်တကျကြည့် သုံးသပ်ပြီး ပြောသည်။ 'အမေရိကန်အမြောက်တွေနဲ့ သေနတ်တွေဟာ သိပ်အား ကောင်းတယ်၊ အရေအတွက်အားဖြင့် နည်းကောင်းနည်းပေလိမ့်မယ်၊ ဒါပေမဲ့ သဘော်တွေကို ဦးဆောင်တဲ့လူတွေက သူတို့အင်အားကို အလွန်အမင်း ယုံကြည် ကြတယ်'

'မင်းသားတာနာကာ . . .၊ အရှင့်စကားတွေဟာ အကြောင်းတွေအမျိုးမျိုး မြပြီး ရန်သူကိုတိုက်ဖို့ စိတ်မပါဖြစ်နေတဲ့ လူတစ်ယောက်ရဲ့ စကားပဲ' ဟု အမတ်ကြီး လော့ဒ်ဒိုင်ဖိုက မခန့်လေးစား အမူအရာဖြင့် ပြောသည်။ 'အရှင်မင်းသားက ဒါတွေ အားလုံးကို ဘယ်လိုနည်းနဲ့ သိတာလဲ'

တာနာကာသည် ထိုစကားကြားသည့်အခါ ဒိုင်မျို အားလုမ်းကြည့်သည်၊ သူ့အား စော်ကားမော်ကား ပြောလိုက်သော စကားအတွက် စိတ်ဆိုးဟန်မပြ၊ 'အမတ်ကြီး လျူချူးကျွန်းမှာ အမေရိကန်စစ်သဘော်တွေ ကျောက်ချပြီး ရပ်နားနေတုန်းကပို့ လိုက်တဲ့ သတင်းတွေအရ ကျွန်ုပ်သိရတာပဲ . . .။ အခုလောလောဆယ် သူတို့ရဲ့ အင်အားပမာဏကို မသိရသေးဘူး။ အဲဒါကြောင့်မို့ သူတို့ကို ကျွန်ုပ်တို့ဘက်မှ စတင် တိုက်ခိုက်ခြင်းဟာ ပညာအမြော်အမြင် ကင်းမဲ့ရာ ရောက်ပေလိမ့်မယ်'

'ဆာမူရိုင်းခါးရဲ့အားဟာ အမြဲတမ်းသေချာတဲ့ ကျွန်ုပ်တို့ရဲ့ လက်နက်ပါ အရှင် မင်းသား' ဟု မှုးမတ်နွယ်ဝင်လူငယ်တစ်ဦးက ပြောသည်။ ထိုလူငယ်သည် အမတ်ကြီး လော့ဒ်ဒိုင်ဖို၏ဘေး၌ ရေငုံနှုတ်ပိတ်လုပ်၍ ရပ်နေသူဖြစ်၏။ အခုမှသာ သူသည် စကား ဝင်ပြောခြင်း ဖြစ်လေသည်။

သူသည် စကားကို မဆက်သေးပဲ တာနာကာအား မျက်နှာထားတင်းတင်းဖြင့် စူးစူးရဲရဲကြည့်လျက်ရှိသည်။ သူ့လက်တစ်ဖက်သည် သူ့ခါး၌ ချိတ်ထားသည့် ဓါးရိုးကို ဆုပ်ကိုင်ထားသည်။ 'စပြီးတိုက်တဲ့ အလုပ်ကို ကျွန်ုပ်တို့ကသာ ပထမဆုံး စသင့်ပါ တယ် . . . အရှင်' ဟုထပ်ပြောသည်။

ဤလူငယ်၏ ကြန်အင်လက္ခဏာနှင့် ပုံပန်းသဏ္ဍာန်မှာ သူ့ဘေးရှိ အဖိုးအိုနှင့် တူနေသည်မှာ သိသာထင်ရှားလှပေ၏။ သူသည် စကားအဆုံးတွင် သူ့ပတ်ဝန်းကျင်ရှိ လူများအား စိန်ခေါ်ချင်သည့် မျက်နှာထားဖြင့် ကြည့်လျက်ရှိသည်။ ထို့နောက် . . . 'အခုဒီမှာ ရှိနေကြတဲ့ လူအားလုံးထဲက အများစုဟာ မိမိတို့အသက်တွေကို တိုင်းပြည် အတွက် စွန့်လွှတ်ဖို့ ပန်လေးကြမယ် မထင်ပါဘူး။ ကျွန်ုပ်တို့ရဲ့ မြင့်မြတ်တဲ့ နယ်မြေ

ကွယ်တဲ့နေရာမှာ ကျွန်ုပ်တို့ဟာ ကြောက်စိတ်ကင်းမဲ့ကြတယ်ဆိုတာ ရန်သူတွေ သွားစေရမယ်'

'ကျွန်ုပ်ရဲ့သား ယာကာမိုချီရဲ့ စိတ်ခံစားမှုတွေဟာ ခင်ဗျားတို့အားလုံးရဲ့ လုံးသားတွေက ထွက်လာနိုင်တဲ့ဟာတွေပါ' ဟု လော့ဒ်ဒိုင်ဖိုက ပြောသည်။ 'အဲဒီ ကာ ကျွန်ုပ်ဝမ်းသာတာက သူ့လိုသတ္တိမျိုးရှိတဲ့လူဟာ သူနဲ့အတူတူတွဲပြီး မေရိကန်သဘော်တွေဆီ ချဉ်းကပ်မှာ မလွဲပါဘူး'

'ဘာကြောင့် ဒီစကားကို ခင်ဗျားပြောလိုက်တာလဲ . . . အမတ်ကြီး' ဟု နာကာက မေးသည်။

'ဘာကြောင့်လည်းဆိုတော့ အမေရိကန်သဘော်တွေပေါ်ကို ကလိန်ဉာဏ်သုံးပြီး က်သွားနိုင်ရင် သူတို့ရဲ့တပ်မှူး ဒါမှမဟုတ် သူတို့ရဲ့အရာရှိတွေကို ကိုးက်လို့ရနိုင် ယ် . . .။ အဲဒါဆိုရင် နိုင်ငံခြားသားလူရိုင်းတွေအနေနဲ့ ကျွန်ုပ်တို့ရဲ့ ပြင်းထန်တဲ့ သဘောထားကို မမြင်ပဲ ဘယ်နေမလဲ'

တာနာကာသည် အမတ်ကြီး၏စကားကို ပြန်လည်ချေပခြင်းမပြုမီ သူ့ပတ်ပတ် ည်ရှိ လူအများ၏ မျက်နှာများကို အကဲခတ်သည်။ အားလုံး၏ မျက်နှာများသည် ညီတညွတ်တည်းမဟုတ်၊ မရေမရာရှိလွန်းလှသည့် သဘောကို ဖေါ်ပြနေသည်။

'ကျွန်ုပ်တို့တပ်သားတွေရဲ့ သတ္တိအပေါ်မှာ ဘယ်သူကမှ သံသယမရှိကြပါဘူး။ တို့အားလုံးဟာ ဂုဏ်သိက္ခာရှိရှိနဲ့ သေဖို့အဆင့်သင့်ပဲဆိုတာလည်း နားလည်ကြ တယ်။ ကျွန်ုပ်တို့က တိုက်ပွဲကို စတိုက်ပြီး ရန်သူအင်္ဂလည်းငယ်ကို သတ်နိုင်ခဲ့ပြီဆိုပါ ။' ဒါပေမဲ့ . . .တကယ်လို့ ချက်ခြင်းရရှိလာမယ့် အကျိုးဆက်တွေက ဘာတွေ ဖြစ်လာမလဲ'

'အဲဒါဆိုရင် သူတို့အနေနဲ့ သူတို့ရဲ့ ရည်မှန်းချက်ဟာ အချည်းနှီးပဲဆိုတာကို လည်သွားကြပြီး နောက်ဆုတ်သွားကြမှာပါ' ဟု ယာကာမိုချီက ပြောသည်။ 'သူတို့ က ကျွန်ုပ်တို့ကို ဆက်မနှောင့်ယှက်တော့ပဲ ထားခဲ့ကြမှာပေါ့'

တာနာကာက ခေါင်းခါသည်။ 'မဖြစ်နိုင်ဘူး၊ သူတို့အနေနဲ့ ကျွန်ုပ်တို့ကို ပြောက်ကြီးတွေနဲ့ ဒလစပ်ပစ်ခတ်ဘိုက်ခိုက်ကြမှာ သေချာတယ် . . .။ သူတို့က ရာယ်ကင်းတဲ့ အကွာအဝေးကနေပြီး ပစ်ကြမှာ . . .။ အဲဒီအခါကျရင် လူ များကြီး အသက်ဆုံးရှုံးကြရမှာ ။ သူတို့ဘက်က အင်အားအလုံးအရင်းနဲ့ ယီဒိုကို လာကြမှာ၊ သူတို့ဝင်လာပြီဆိုရင် ယီဒိုမှာ သူတို့ ဘာတွေ့ကြမယ်ထင်သလဲ'

တာနာကာသည် သူ့လူများထံမှ ပေးလာမည့် အဖြေကို စောင့်သည်။ သို့သော် ည်း သူ့လူများသည် သူတို့မဖျော်လင့်သော မေးခွန်းအတွက် စဉ်းစားရခက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း မည်သည့်အရာရှိ မည်သည့် ဒိုင်မျိုကမှ ထိုမေးခွန်း၏ အဖြေကို မမေးကြ။

'သူတို့ ပထမဆုံးတွေ့ရမှာက သူတို့ရဲ့ အသိဉာဏ်ကင်းမဲ့မှုပဲ . . .၊ လျှုံးချုံးကျွန်းစုမှာ ရှိနေကြတဲ့ ကျွန်ုပ်တို့ သူလျှိုတွေဆီက ရတဲ့သတင်းအရဆိုရင် အမေရိကန်တွေအနေနဲ့ ကျွန်ုပ်တို့ရဲ့ဧကရာဇ်ဘုရင်မင်းမြတ်ဟာ ယီဒိုကရဲတိုက်မှာ စံနေတော်မူတယ်လို့ ထင်နေကြတယ်။ အဲဒီအထင်ကြောင့်လည်း သူတို့ဟာ ဒီနေရာကို လာကြတာ။ ကျွန်ုပ်တို့ဘုရင်ဆီကို သူတို့စာတစ်စောင် ပေးဖို့ရှိတယ်။ စာထဲမှာက ကျွန်ုပ်တို့ဘုရင်ကို စော်ကားတဲ့ တောင်းဆိုချက်တွေပါတယ် . . .'

'တကယ်လို့ ကမ်းခြေကိုကပ်မိရင် ယီဒိုရဲတိုက်ကိုသွားကြမှာပဲ။ ရဲတိုက်ကိုရောက်သွားရင်တော့ အဲဒီရဲတိုက်ဟာ ရှိုးဂန်း' နေထိုင်ရာ ရဲတိုက်ပါလားဆိုတာ သိသွားလိမ့်မယ်။ ဒါပေမဲ့လို့ ရှိုးဂန်းဟာ အလွန်အမင်း မမာမကျန်းဖြစ်ပြီး ကွယ်လွန်ဖို့ နီးနေပြီဆိုတာကို သိသွားကြလိမ့်မယ်။ နောက်ပြီးတော့ ကျွန်ုပ်တို့ရဲ့ အစိုးရအုပ်ချုပ်ရေးကောင်စီအားနည်းနေတာရယ်၊ သူတို့ကို ဘယ်လိုခုခံတိုက်ခိုက်ရမလဲဆိုတာ မဆုံးဖြတ်နိုင်ဖြစ်နေတာရယ်ကို သိသွားကြတော့မယ်'

သူတို့ ယီဒိုကို ဘယ်တော့မှမရောက်ဘူး' ဟု လော့ဒ်ဒိုင်ဗိုက ပြောသည်။ 'တိုက်ပွဲဝင်မယ့် လူတွေကို ပတ်ဝန်းကျင်နယ်မြေက အမြန်ဆုံးလာကြဖို့ ဆင့်ခေါ်ထားပြီးပြီ၊ အရှေ့၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ အနောက်ပိုင်းက တိုက်ပွဲဝင်မယ့်လူတွေ အဆက်မပြတ် ရောက်လာနေကြတယ်။ နောက်ဆုံးမှာ ဒီကမ်းပါးတွေကို ကာကွယ်ဖို့ စစ်သည်တစ်သိန်းရှိလာလိမ့်မယ်'

'ကျွန်ုပ်တို့ဟာ အခုထက်ထိ သူတို့သင်္ဘောတွေနဲ့ လက်နက်တွေရဲ့ စွမ်းအားကြီးမားမှုကို နားမလည်ကြသေးဘူး' ဟု တာနာကာက ပြောသည်။ 'သူတို့ဘက်က ကမ်းပေါ်တက်မိတာနဲ့ တစ်ပြိုင်နက် ကျွန်ုပ်တို့ဘက်မှာ အမြောက်တွေ သေနတ်တွေ အနည်းငယ်ပဲရှိတာကို သိသွားကြတော့မယ်။ လက်နက်တွေအားလုံးဟာ အသေးစားတွေချည်း ဖြစ်ရုံမကဘူး ထိရောက်မှု လုံးဝမရှိနိုင်ဘူးဆိုတာကိုပါ သိကုန်ကြတော့မယ်။ သူတို့လက်နက်တွေကို ကျွန်ုပ်တို့ဘက်က မယှဉ်နိုင်ဘူးဆိုတဲ့အချက်ကိုလည်း သိကုန်ကြတော့မယ်'

တာနာကာသည် စကားကိုဖြတ်ကာ မတ်စောက်သော ကမ်းနဖူးတလျှောက်ရှိ ရှက်ထည်လိုက်ကာများကို မျှော်ကြည့်နေသည်။ 'သူတို့အနေနဲ့ ကျွန်ုပ်တို့ရဲ့ ကမ်းရိုးတန်း

Sho gun - ရှိုးဂန်း၊ သားစဉ်မြေးဆက် ရာထူးအရိုက်အရာ ဆက်ခံခွင့်ရှိသော ဂျပန်စစ်သေနာပတိချုပ်

ကွယ်ရေးစနစ်ရဲ့ အားနည်းမှုအားလုံးကိုလည်း တွေ့သွားကြတော့မယ်။ သူတို့
နေနဲ့ ကျွန်ုပ်တို့ဘက်က ဖုံးကွယ်ထားတဲ့ အားနည်းချက်တွေကိုရော ဟို . . လိုက်
တွေရဲ့နောက်ကွယ်မှာ အင်အားလုံးဝမရှိဘူးဆိုတာကိုပါ သိမြင်ကုန်ကြတော့မယ်။

'အဲသလိုသိသွားရင် သူတို့ဟာ သူတို့နိုင်ငံကို အမြန်ဆုံးပြန်သွားပြီး အခုထက်
ပေါင်းများစွာ အားကြီးတဲ့တပ်ကြီးနဲ့ တစ်နိုင်ငံလုံးကို အနိုင်ရအောင်တိုက်ဖို့ အား
တ်ကြတော့မယ်။ ဒတ်ချ်တွေက ကျွန်ုပ်တို့ကို ပြောပြသွားတဲ့ ဟာမျိုးတွေဖြစ်လာ
မယ်။ ကျွန်ုပ်တို့အနေနဲ့ ကျွန်ုပ်တို့ရဲ့ ကာကွယ်ရေးစနစ်တွေကို တိုးတက်အောင်
ပ်ထားဖို့ အချိန်လိုတယ် . . .'

ကျွန်ုပ်တို့ နိပွန်စစ်သည်တွေဟာ ကျွန်ုပ်တို့ရဲ့ မြင့်မြတ်တဲ့မြေကို ကာကွယ်ဖို့
တန်းအဆင်သင့်ပါ' ဟု ဝတ်ရုံရှည်ကြီးဝတ်ထားသည့် လော့ဒ်ဒိုင်ဗိုအနီးမှ ဒိုင်မျို
ပင်ပြောသည်။ 'အခုလည်း သူတို့ဟာ အဆင်သင့်ရှိနေကြတာပဲ မဟုတ်လား'

မင်းသားတာနာကာကတော့ ထိုသူများ၏ စကားကို သူ သဘောမတူ၊ လက်
ကြောင်း ပြတ်သားစွာပင် ခေါင်းခါ၍ငြင်းသည်။ 'နိပွန်နိုင်ငံဟာ ကမ္ဘာကြီးနဲ့အဆက်
ပြီး တံခါးပိတ်ထားခဲ့တာ နှစ်ပေါင်းနှစ်ရာ ရှိသွားခဲ့ပြီ။ ဒီကာလတလျှောက်လုံး
ငြိမ်းချမ်းနေတာပါ။ အဲဒီတော့ ကျွန်ုပ်တို့စစ်သည်တွေဟာ စစ်ပွဲအတွေ့အကြုံမရှိ
ကြပြီး ကြံ့ခိုင်မှုကလည်း သိပ်နည်းနေပြီ . . .

'သူတို့ရဲ့ တိုက်ပွဲဝင်လိုစိတ်ဟာ နိမ့်နေတယ်။ သူတို့ရဲ့ လှံတွေနဲ့ မတ်စကက်
တ်တွေလည်း သံချေးတက်ကုန်ပြီ။ သူတို့မြားတွေမှာလည်း အမွေးအတောင်
တော့ဘူး။ ရန်သူသင်္ဘောတွေရဲ့ ရဲရင့်မှုနဲ့ ပတ်သက်လို့ကလည်း တိုက်ချင်ခိုက်
တ် အကြီးအကျယ်ပြင်းပြနေတဲ့အကြောင်းကို ဂေ-ဂျင် တွေက ပြနေတယ်'

'မင်းသားအနေနဲ့ ကျွန်ုပ်တို့အားလုံး ရန်သူလူရိုင်းတွေကို လုံးဝခုခံတိုက်ခိုက်
ပြုပဲနဲ့ ခြွင်းချက်မရှိ၊ အလျှော့ပေးဖို့ လက်နက်ချဖို့ အကြံပြုနေတာလား . . .'
ကာမိုရှိက အော်ပြောသည်။ 'မင်းသားက လုံးဝအညံ့ခံ အရှုံးပေးဖို့ တိုက်တွန်း
တာကိုး'

'အဲဒါ မဟုတ်ဘူး၊ တကယ်လို့ ကျွန်ုပ်တို့က လူရိုင်းတွေကို ဆန့်ကျင်တိုက်ခိုက်
ရန်သူဖြစ်သွားအောင် လုပ်လိုက်ကြရင် ကျွန်ုပ်တို့ပြည်သူတွေရဲ့ ရှေ့မှောက်မှာ
ရှုက်ကွဲရတော့မယ် . . . ။ အဲသလိုဖြစ်ရင် အခြေအနေတွေ ရှုပ်ထွေးကုန်မယ်။
လှုန်ပုန်ကန်မှုတွေတောင်မှ ဖြစ်လာနိုင်စရာရှိတယ်'

'အဲဒါကြောင့်မို့ ကျွန်ုပ်တို့ဘက်က ရန်သူကို လှည့်စားဖို့ လိုအပ်လိမ့်မယ်
တွေနဲ့ လိမ္မာပါးနပ်စွာ စေ့စပ်ဆွေးနွေးဖို့လိုမယ် . . ။ ဒါမှသာ ကျွန်ုပ်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com

အင်အားအစစ်အမှန်ကို သူတို့မသိအောင် ရှောင်လို့ရမှာ'

'အဲဒီနည်းဟာ အန္တရာယ်များတယ် . . မင်းသား'ဟု လော့ဒ်ဒိုင်ဖိုက ကြားဖြတ်ပြောသည်။ 'တကယ်လို့ ကျွန်ုပ်တို့က သူရဲဘောကြောင်သူတွေလို လုပ်လိုက်ရင် ရန်သူတွေအနေနဲ့ ကျွန်ုပ်တို့ရဲ့ အားနည်းချက်ကို သိသွားကြမှာ သေချာတယ်။ ဒီတော့ကာ အင်အားသုံးမှုကို စွန့်ပယ်လိုက်ရင် ရှုံးခြင်းတစ်မျိုး ဖြစ်သွားလိမ့်မယ်'

ကျွန်ုပ်တို့အနေနဲ့ လမ်းမှားကိုရွေးမိရင် ရန်သူလူရိုင်းကွေဘက်က ယီဒိုကို လွယ်လွယ်ကလေးနဲ့ သိမ်းသွားလိမ့်မယ်လို့များ မတွေးမိဘူးလား . . 'ဟု တာနခါကာက လေသံအေးအေးဖြင့် ပြန်မေးသည်။ သူသည် အနက်ရောင်စစ်သင်္ဘောကြီး လေးစီးရှိရာ ပင်လယ်အော်ထဲသို့ တစ်ချက်မျှ လှမ်းကြည့်သည်။ သင်္ဘောကြီးများသည် မိမိတို့ဘက်မှရွေ့လျားနေကြသည့် ရွက်သင်္ဘောများနှင့် လှေများကြား၌ ဖြတ်၍သွားနေခြင်းပေတည်း။

'ဟိုမှာ ကြည့်ကြပါဦး . . 'ဟု တာနခါကာက ပြောသည်။ 'ကျွန်ုပ်တို့ မြို့တော်ကြီးအတွက် ရိက္ခာတင် လှေတွေ၊ တုန်ကင်းတွေ သွားလိုက် ပြန်လိုက် လုပ်နေကြတာအများကြီးပဲ။ ကျွန်ုပ်တို့ မြို့ကြီးကို ကျွေးဖို့အတွက် သွားလာနေကြရတာ။ ရန်သူဘက်က ကျွန်ုပ်တို့မြို့ရဲ့ စားစရာတွေဟာ ပင်လယ်ဘက်က ဝင်လာနေကြတယ်ဆိုတာ မသိပဲ ဘယ်နေမလဲ။ အဲဒီတော့ သူတို့သင်္ဘောကြီးတွေနဲ့ တစ်ချက်ကလေး ပိတ်ဆို့လိုက်ရင် ယီဒိုက လူတစ်သန်းဟာ အစာပြတ်လုနီးပါးဖြစ်ကုန်မှာ သေချာတယ်'

'မင်းသားရဲ့စကားဟာ မှန်ချင်လည်း မှန်မှာပဲ'ဟု ယာကာမိုချီက ဒေါသဖြင့် ပြန်ပြောသည်။ သူသည် ရှေ့သို့တိုးလာပြီး မင်းသားတာနခါကာနှင့် မျက်နှာချင်းဆိုင်၍ ရပ်နေသည်။ 'ဒါပေမဲ့ ကျွန်ုပ်တို့အနေနဲ့ ငတ်သေရတာထက် တိုက်ပွဲဝင်ပြီး သေရတာ ပိုကောင်းတယ်လို့ ယုံကြည်တယ်။ အဲဒါကြောင့်လည်း ကျွန်ုပ်တို့အနေနဲ့ သာမန်ဆာမူရိုင်းအစောင့်တစ်ယောက်အဖြစ် ရုပ်ဖျက်ပြီး လူရိုင်းသင်္ဘောတွေဆီ လွှတ်မယ့် ကိုယ်စားလှယ်အဖွဲ့နဲ့လိုက်ဖို့ ဆန္ဒပြုခဲ့တာပေါ့'

ယာကာမိုချီသည် စကားကိုဖြတ်၍ရပ်ကာ သူ့ခါးရှိ ဓါးအိမ်ထဲမှ ဓါးကို သူ၏ ကီမိုနိုဝတ်စုံထဲသို့ ထိုးသွင်းကာ ဖုံးကွယ်ထားလိုက်ပြီး တာနခါကာအား ဒေါသဖြင့် စူးစူးရဲရဲကြည့်နေသည်။ 'တကယ်လို့သာ နိုင်ငံခြားသား လူရိုင်းခေါင်းဆောင်တွေ ပေါ်လာလို့ကတော့ တစ်ယောက်ပဲဖြစ်ဖြစ် ရသလောက် အခွင့်အလမ်းကိုသုံးပြီး သတ်မှာပဲ။ အမြန်ဆုံးသတ်နိုင်အောင် ဒီပုံစံအတိုင်းပဲ ကြိုတင်ပြင်ဆင်ထားမယ်။ တကယ်လို့ ကျွန်ုပ်တို့အနေနဲ့ နိပွန်နိုင်ငံကို ကယ်တင်ရတော့မယ်ဆိုရင် ကျွန်ုပ်တို့အားလုံး ရဲဝံ့ပြတ်သားဖို့လိုမယ်လို့ ယုံကြည်တယ်' ဟုပြောသည်။

မင်းသားတာနခါကာသည် တိတ်ဆိတ်စွာရပ်၍ သူ့အားကြည့်နေကြသော ပျူပေါက်နွယ်ဝင် လူငယ်များ၏ ရင်ဆိုင်မှုကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ပြန်ကြည့်နေသည်။ ထို့နောက် သူသည် လော့ဒ်ဒိုင်ဖိုဘက်လှည့်၍ တစ်ချက်မျှ ဦးညွှတ်လိုက်ခြင်းအားဖြင့် ဆွေးနွေးပွဲပြီးဆုံးသွားပြီဟု ကိုယ်အမူအရာဖြင့် ပြလိုက်သည်။

'ကျွန်ုပ်ကိုယ်တိုင်လည်းပဲ ကိုယ်စားလှယ်အဖွဲ့ လှေနဲ့လိုက်မယ်။ အစောင့်ကပ်သားတစ်ယောက်လို ရုပ်ဖျက်ပြီးလိုက်မှာ . . 'ဟု တာနခါကာက အားလုံးကိုပြောသည်။ 'ဒါပေမဲ့ ကျွန်ုပ်လုပ်နိုင်သမျှကို အစွမ်းကုန်လုပ်သွားဖို့ စိတ်ကူးထားတယ်။ တစ်ခု သတိပေးချင်တာက အချိန်မကျသေးခင်မှာ ကျွန်ုပ်တို့ဘက်က ဓါးလုံးဝ မသုံးရဘူး . . .'

'ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာ မကြာခင် သိကြရတော့မှာပါ'ဟု ဗိုလ်ကြီးလော့ဒ်ဒိုင်ဖိုက ဝတ်ကျေတန်းကျေ အမူအရာဖြင့် ဦးခေါင်းကို မင်းသားဘက်လှည့်၍ ညွှတ်လိုက်ပြီးပြောသည်။ 'ကဲ . . သွားကြစို့၊ ဒီလူရိုင်းတွေနဲ့ သူတို့ရဲ့ သင်္ဘောနက်တွေကို ကျွန်ုပ်တို့ရင်ဆိုင်ဖို့ အချိန်ကျပြီ'

လော့ဒ်ဒိုင်ဖိုသည် နောက်သို့ ချာခနဲလှည့်ကာ သူ့သားနှင့် သူ့ကိုယ်ရံတော်ကပ်သားများအား စိတ်အလွန်မရှည်သည့် အမူအရာဖြင့် လက်ဖွေ့ရမ်းပြလိုက်ပြီး ကြိုးများနှင့် ချည်နှောင်ထားသည့် သူတို့မြင်းများဆီသို့ ဦးဆောင်၍ခေါ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

'နေရာယူ'

ရောဘတ်အီဒင်၏ အမိန့်ပေးသံသည် ပြတ်သားစွာ ထွက်လာသည်။ သူ့ မြောက်တပ်သားများသည် ထုထည်ကြီးမားလှသော ခြောက်ဆယ့်လေးပေါင်ဒါ မြောက်ကြီးဆီသို့ ပြေးသွားကြပြီး ပြောင်းတပ်ရန် ဖေါက်ထားသည့် သဘော်ာနံရံ ပေါက်ဆီသို့ ဆွဲယူသွားကြသည်။

'ကျည် . . . ထည့် . . . အသင့်ပြင်'

ရောဘတ်အီဒင်ထံမှ နောက်ထပ်အမိန့်ပေးသံ ထွက်ပေါ်လာသည်။ တပ်သား သည် အမြောက်ထိုးတံကြီးများကို ယူသွက်ယူ၍ ကျည်လုံးကြီးများကို သယ်သူက ပ်ယူကြသည်။ သူတို့နားများကို ဂွမ်းစများဖြင့် ဆို့သူကဆို့ကာ အမြောက်များကို ပင်သင့်ဖြစ်နိုင်ရန် ပြင်ဆင်ထားကြသည်။

အီဒင်သည် သူ့ခါး၏ ခါးရိုးကိုဆုပ်ကိုင်ကာ အမိန့်တစ်ခုကို ထပ်ပေးသည်။ မြောက်ပြောင်းဝများကို နံရံအပေါက်များမှ အပြင်သို့ထုတ်ရန် စေခိုင်းခြင်းဖြစ်၏၊ မြောက်ကြီးများသည် ဂျပန်နိုင်ငံကမ်းခြေဆီသို့ စနစ်တကျ ချိန်ရွယ်လျက် ရှိနေကြပြီ။

အီဒင်သည် သူ့တပ်သားများ၏ စံချိန်ကို သူ့အိတ်ဆောင်နာရီဖြင့် ချိန်ကိုက် ရှုနေသည်။ တပ်သားအားလုံး၏ လှုပ်ရှားမှုများသည် သတ်မှတ်ထားသော စံချိန်ကို ညှို့အဝ မီလျက်ရှိ၏။ ချွေးများစိုရွှဲနေသည့် တပ်သားများသည် အမြောက်များကို ချပ်သော ကြိုးခွေများအား လိုက်လံကြည့်ရှု စစ်ဆေးနေကြဆဲ . . ။ အီဒင်သည် ကိုဆွဲထုတ်ကာ အားလုံးမြင်သာအောင် အပေါ်သို့ မြှောက်လိုက်ပြီး နောက်ဆုံး နှံ့ကို အော်၍ပေးလိုက်သည်။

'ပစ်'

www.burmeseclassic.com

www.burmeseclassic.com

အမြောက်သံများသည် ဟိန်း၍ထွက်လာသည်။ ကျည်များသည် ရည်မှန်းချက်အတိုင်း ကမ်းခြေဆီသို့ အရှိန်ပြင်းစွာဖြင့် ပြေးထွက်သွားသည်။ အမြောက်တပ်သားများသည် ကျည်များထွက်သွားပြီးနောက် ကျန်ရစ်ခဲ့သည့် အမြောက်များအား ပြန်လည်စစ်ဆေးနေကြသည်။

အီဒင်သည် သူ့တပ်သားများ၏ လုပ်ရပ်ကို သဘောကျလက်ခံကြောင်း ခေါင်းတစ်ချက် သတ်ပြလိုက်ပြီး အသိပေးသည်။ သူသည် အမြောက်ကြီးများကို တစ်ခုပြီးတစ်ခု ကြည့်ရှုစစ်ဆေးသွားရုံမျှမက အမြောက်တပ်သားများကိုလည်း ချီးမွမ်းစကားပြောခြင်းဖြင့် အားပေးသမှုပြုခဲ့၏။

အီဒင်သည် သူ့တပ်သားများအား ဤလေ့ကျင့်မှုများကို ထွက်လာခဲ့ရသည့် ခရီးစဉ်တစ်လျှောက်လုံး နာရီပေါင်းများစွာ လေ့ကျင့်သည်။ ထို့ကြောင့်လည်း သူ့တပ်သားများသည် ဘယ်အချိန်ချိန်ပဲခိုင်းခိုင်း အမြင့်မားဆုံးသောစံချိန်နှင့် တာဝန်ကို ကျေပြွန်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည် မဟုတ်ပါလား . . ။

အမြောက်အားလုံးကို လှည့်လည်ကြည့်ရှုအပြီးတွင် အီဒင်သည် အမြောက်ဘစ်လက်အနီး၌ရပ်ကာ ပြောင်းဝတစ်လျှောက်လိုက်၍ ကမ်းခြေဆီသို့ အသေအချာကြည့်နေမိသည်။ ယဲဒိုရေပြင်ထက်၌ ထူထပ်စွာ တည်ရှိနေသော အမဲစက်များစွာကို မြင်နေရ၏။ ဂျပန်ရေယာဉ်များပေတည်း၊ ယင်းရေယာဉ်ငယ်များမှာ အလွန်နှေးကွေးသည့် တံငါလှေများနှင့် ကုန်တင်ရွက်လှေများ ဖြစ်လေသည်။

ယင်းတို့ကြား၌ အရောင်ပြောင်ပြောင်လက်လက်ရှိသည့် ကမ်းခြေစောင့်လှေများကိုလည်းမြင်ရ၏။ ယင်းလှေများသည် ကျွမ်းကျင်သော လှေသမားများ၏ လှော်ခတ်မှုကြောင့် လျှင်မြန်စွာ ရွေ့လျားလျက်ရှိကြသည်။ ထိုလှေများ နီးလာသည့်အခါ လှေတစ်စင်းစီတွင် လှော်သူခြောက်ဦးမှရှစ်ဦးအထိ ပါလာသည်ကို အီဒင်မြင်ရသည်။

လှေသမားဂျပန်များ၏ အပေါ်ပိုင်းတွင် ဘာမှဝတ်မထား၊ အားလုံးကိုယ်လုံးတီးဖြစ်သည်။ လှေထဲ၌ တောင့်တောင့်မတ်မတ်ရပ်ကာ ရှေ့တည့်တည့်သို့ မျက်နှာပြုပြီး ရှေ့သို့ငိုက်ခြင်း၊ ငုံ့ခြင်း၊ ကုန်းခြင်း မရှိပဲ တက်များကို တစ်ညီတစ်ညွတ်တည်း စည်းချက်ကျကျ မှန်မှန်လှော်ခတ်လျက်ရှိကြ၏။ လှေအားလုံးတွင် ဂျပန်အက္ခရာစာလုံးများပါသော အလံပေါင်းများစွာသည် ပဲ့ပိုင်းများဘက်၌ တဖျပ်ဖျပ်လွင့်လျက် ရှိလေသည်ကို သူသတိထားနေမိလေသည်။

လှေတစ်စီးချင်းပေါ်တွင် စစ်သားနှစ်ဆယ်ဆီပါသည်။ ထိုင်နေကြသော တိုစစ်သားများအား အရာရှိနှစ်ဦးက ကြီးကြပ်အုပ်ချုပ်ထားသည်။ အရာရှိနှစ်ဦးအနက် တစ်ဦးမှာ လှေဦးပိုင်းကွင်ရပ်နေပြီး ကျန်တစ်ဦးသည် ပဲ့ပိုင်း၌ရပ်နေသည်။ စစ်သားများ

ကျည် သားရေချပ်ဝတ်တန်ဆာများ ဝတ်ထားသည်။ လက်မောင်းပွပွ ဂျက်ကက်အင်္ကျီများနှင့် ဘောင်းဘီပွပွများကို ဝတ်ဆင်ထားသည်။

အချို့သည် သူတို့လက်များတွင် မတ်စကက်သေနတ်များ ကိုယ်စီကိုင်ထားကြသည်။ အားလုံးသည် သူတို့၏ခါးစည်းများ၌ ဓါးနှစ်လက်ထိုးထားကြသည်။ မျက်စိမောက်ကျဉ်းကျဉ်းနှင့် မျက်နှာများသည် ရန်လိုခြင်းကို ဖော်ပြနေသည်။ သူတို့၏ ပါးစပ်များသည် ဟနေကြသည်။

စစ်သင်္ဘောကြီးများ၏ အင်ဂျင်စက်သံများကြောင့် တခြားဘာသံကိုမှ ပီပီပြင်ပြင် မကြားရသော်လည်း လှေသမားများနှင့် စစ်သည်များ သံပြိုင်သီဆိုနေကြသည့် စစ်သီချင်းသံများသည် အမေရိကန်စစ်သင်္ဘောကြီးများဆီသို့ ပျံ့လွင့်လာနေသည်။

အခြားလှေတစ်စီးသည် သူ့မျက်လုံးကို ဖမ်းစားနေသည်။ ထိုလှေမှာ ဦးပိုင်းတွင် အနက်ရောင် ပန်းပွားများကို လှပစွာ ချိတ်ဆွဲ၍ တန်ဆာဆင်ထားသည်။ လှေပေါ်၌ အခြောင်ဆာမှုရှိင်း ဒါဇင်ဝက်ခန့် လိုက်ပါလာသည်။ သူတို့အားလုံးသည် အမေရိကန် စစ်သင်္ဘောများအား ရန်မူလိုသည့် မျက်နှာထားဖြင့် စူးစူးရဲရဲ ကြည့်နေကြသည်။ သူတို့၏ ဦးခေါင်းထိပ်ပိုင်းများကို ပြောင်နေအောင်ရိတ်ထားပြီး ကျစ်ဆံမြီးများကိုမူ ခွေလိပ်ထုံးဖွဲ့ထားသည်။ ယင်းတို့ထဲတွင် အရောင်တောက်ပလှသည့် ပိုးသားဝတ်ရုံကြီးများကို ဝတ်၍ ဘိုးနက်ဦးထုပ်ကြီးများကို ဆောင်ထားသော လက်နက်မဲ့အရာရှိတစ်ဦးကိုလည်း အီဒင်မြင်တွေ့နေရလေသည်။

အီဒင်စောင့်ကြည့်နေခိုက်မှာပင် လှေသမားများသည် သူတို့လှေများကို ပို၍ တိုးကပ်လိုက်ပြီး လှော်ခတ်နေကြသည်။ လှိုင်းတံပိုးများဖြင့် အပြင်းအထန် လှုပ်ရှားထကြွလျက်ရှိနေသော ရေပြင်ကျယ်ကိုဖြတ်၍ စစ်သင်္ဘောကို အမှီလိုက်ရန် အားထုတ်နေကြခြင်းဖြစ်၏။ နောက်တစ်မိနစ် နှစ်မိနစ်ခန့် အားသွန်ခွန်စိုက် လှော်ခတ်အပြီးတွင် ပထမဦးဆုံးလှေသည် စစ်သင်္ဘော၏ ဦးပိုင်းလက်ဝဲဘက်အောက်သို့ ရောက်လာသည်။

'သူတို့လူစု သင်္ဘောပေါ်တက်ဖို့ ကြိုးစားကြလိမ့်မယ်' ဟူသော အသံသည် သူ၏ဘေးနားမှ ထွက်ပေါ်လာသည်။ 'ကြိုတင်ကာကွယ်နိုင်ဖို့အတွက် လုံကိုင်တပ်စုတစ်ခုကို အဆင်သင့်ပြင်ထား'

အီဒင်သည် သူ့နောက်နား၌ကပ်၍ ရပ်နေသော လက်ဖတင်နင်ရိုက်စ်အား လှည့်ကြည့်သည်။ သူသည် ချက်ခြင်းနောက်ပြန်လှည့်ကာ သင်္ဘောအောက်ဖက်မှ လှေကြီးကို မျက်ခြည်အပြတ်မခံပဲ စောင့်ကြည့်ရင်း စကားကိုဆက်ပြောသည်။

'ကွန်မိုဒိုပါရီက သင်္ဘောတွေကို ပင်လယ်အော်တစ်လျှောက် ငြိမ်ငြိမ်ဆိတ်ဆိတ် မြင်ချင်တဲ့ ဆန္ဒရှိတယ် . . ။ ယူရာဂါမြို့ရှေ့ကျမှ ကျောက်ဆူးချရမယ် ..'

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မတိုင်ခင်မှာ ဘယ်လိုလုပ်ရမလဲဆိုတာ သူအမိန့်ပေးထားပြီးပြီ။ တလေးတစား ဆက်ဆံမှုနဲ့ သံတမန်ပုံစံ အနေအထားမရှိရင် ဘယ်သူ့ကိုမှ သင်္ဘောပေါ်တက်ခွင့် မပေးရဘူး . . တဲ့။ ဒါပေမဲ့လို့ အားလုံးကို အစွမ်းကုန် ကိုယ်ပိုင်ဉာဏ်သုံးပြီး ဆုံးဖြတ်ရမယ်လို့လည်း မှာထားတယ်။ အသက်ဆုံးရှုံးသည်အထိ တိုက်အောင်နိုက်အောင်လည်း လှုံ့ဆော်မပေးရဘူးလို့လည်း ပြောထားတယ်'

အီဒင်သည် လျှင်မြန်စွာ ခေါင်းညိတ်ပြလိုက်ပြီး သူနှင့်အနီးဆုံးသော အမြောက်တပ်သားဘက်သို့ လှည့်လိုက်သည်။ မလှမ်းမကမ်းရှိ လှံများထားရာ ခုံဘက်သို့ လက်ဖဝါးပြလိုက်ပြီး လေသံဖြင့်လှမ်းပြောသည်။ 'လှံတွေယူကြတော့၊ အခု ဟာကမှ တကယ်ဖြစ်လာမယ့်ကိစ္စ'

ရေတပ်သားများသည် လှံများကို တစ်ချောင်းစီ ဆွဲယူလာကြသည်။ လှံသွားများသည် နေရောင်တွင် တလက်လက် တောက်ပနေကြသည်။ သူတို့သည် လှံများကို ကိုယ်စီကိုင်ကာ အီဒင်အား လှမ်းကြည့်နေသည်။

'ဦးပိုင်းဘယ်ဘက်အောက တက်လာနေတဲ့ လူတွေကို တွန်းချနိုင်အောင် ပြင်ထားကြ' ဟု ပြောကာ ထိုနေရာနှင့် အနီးဆုံးသို့ ခေါ်သွားသည်။

သူသည် တည်ငြိမ်အေးဆေးစွာနှင့်ပင် သူ့လူများအား တန်းစီ၍ နေရာချထားပေးသည်။ အောက်ဖက်ရှိ လှေကြီးများပေါ်မှ တက်လာမည့်လူများအား လှံဖြင့် ထိုးချရန် အသင့်ပြင်ထားကြသည်။ သင်္ဘောတစ်စီးလုံးတွင် ထိုအတိုင်း လိုက်နာလုပ်ကိုင်ကြရန် အမိန့်ပေးသံများ ပေါ်ထွက်လာသည်။ နောက်တစ်ခဏအတွင်းမှာပင် သင်္ဘောပေါ်ရှိ အမြောက်စင်များနှင့် သင်္ဘောလက်ရန်းတစ်လျှောက်ရှိ လှံသွားများ ဖွေးဖွေးလှုပ်နေကြလေပြီ။

အောက်ဖက်ရှိ တလှုပ်လှုပ်ဖြစ်နေသော ဂျပန်လှေကြီး၏အလယ်တွင် အစိမ်းရောင်ပိုးသားဝတ်ရုံကြီး ဝတ်ထားသည့် အရာရှိတစ်ဦး ရပ်နေသည်။ သူသည် ရွှေရောင်တံဆိပ်တပ်ဆင်ထားသည့် ရေတပ်အရာရှိ ဦးထုပ်ကို မြင်လိုက်ရသည့်အခါ အီဒင်အား အရာရှိတစ်ဦးမှန်း ချက်ခြင်းသိသွားသည်။

သူသည် သူ့အင်္ကျီလက်မောင်းအတွင်း၌ ဝှက်ယူလာသည့် စာလိပ်ကြီးကို ထုတ်ယူလိုက်ပြီး ဦးခေါင်း၏အထက်ထိ မြှောက်ကာ ဖြည်ချလိုက်သည်။ ဆတ်စ်ကွီဟန်နာ သင်္ဘော၏ လှော်တက်ထိန်းဘီးများ လည်ပတ်မှုအရှိန်ဖြင့် ဂျပန်လှေကြီးသည် တလှုပ်လှုပ် . . . ။ သို့သော်လည်း ဂျပန်အရာရှိသည် သူ့ကိုယ်သူ လှုပ်ရှားခြင်း မဖြစ်အောင် အထူးသတိထား၍ထိန်းကာ စာရွက်လိပ်ကြီးကို ဖြန့်ပြထားသဖြင့် စာလိပ်ပေါ်မှ စာလုံးများကို အပီအပြင်မြင်နိုင်သည်။

ပထမမြင်စတွင် စာလုံးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ဟု ထင်ရ၏။ သို့သော်လည်း ဂျပန်လှေနီးကပ်လာသည့်အခါ စာရွက်ကြီးအပေါ်၌ ရေးထားသော စာလုံးများသည် ဥရောပနိုင်ငံ တစ်နိုင်ငံမှ ဘာသာစကားဖြစ်သည်ကို အီဒင်သိလာရ၏။ ထိုအခိုက်မှာပင် ရေယက်ဘီးကြီးများကြား၌ ဆောက်လုပ်ထားသည့် ကွပ်ကဲစင် ဆီမှ ...ချုပ် ကွန်မိုဒိုမက်သူးပါရီ၏ စကားပြောသံများ ကြားလိုက်ရသည်။ စာရွက်လိပ် ...ပေါ်၌ ရေးထားသည့် စာလုံးများ၏ အနက်အဓိပ္ပါယ်ကို သူ့စကားပြန်အား ဘာသာ ...ပိုင်းနေခြင်းဖြစ်၏။

'ဒတ်ချ်ဘာသာ စကားနဲ့ရေးထားတာပါ . . ကွန်မိုဒို' ဟု တရုတ်နိုင်ငံဆိုင်ရာ ...ယာန်သာသနာပြု ဆင်မြူရယ်အမ်းစထရောင်းက ပြန်ပြောသည်။ အမ်းစထရောင်း ...ည် ဘာသာစကား အတော်များများကို လေ့လာတတ်ကျွမ်းသူဖြစ်၍ ဟောင်ကောင်၌ ...ပြီး စစ်သင်္ဘောများနှင့်ပါလာသည့် အမေရိကန်ရေတပ်၌ စကားပြန်အဖြစ် လိုက်ပါ ...ခြင်း ဖြစ်လေသည်။

သူသည် စာလိပ်ပေါ်မှ စာတမ်းများကို တစ်ချက်မျှ ကြည့်လိုက်ပြီး စကားကို ...ပြောသည်။ 'စာတမ်းမှာရေးထားတာက – 'ချက်ခြင်း ပြန်ထွက်သွား၊ နိုင်ငံခြား ...သင်္ဘောတွေကို ဆိပ်ကမ်းမှာ ကျောက်ဆူးချခွင့် မပေးဘူး 'တဲ့။

'ကျွန်တော် ဘာပြန် ပြောလိုက်ရမလဲ'

'ဘာမှ ပြန်မပြောနဲ့' ဟု ကွန်မိုဒိုပါရီက ပြန်ပြောသည်။ 'ကျွန်တော်တို့အနေနဲ့ ...င့်တော်တဲ့ ဆက်သွယ်မှုတွေအားလုံးကို ဥပေက္ခာ မပြုလို့ မဖြစ်ဘူး'

စစ်သင်္ဘောဆီမှ တုံ့ပြန်မှုမရသည့်အခါ ဂျပန်အရာရှိသည် စာရွက်လိပ်ကြီးကို ...လိပ်ကာ ပိုးကြိုးဖြင့် ပြန်ချည်လိုက်သည်။ ထို့နောက် လှေပေါ်ရှိ အခြားလူများ ...းတူ အမေရိကန်သင်္ဘောသားများအား မော့ကြည့်နေသည်။ သူ၏သတင်းပေးမှုကို ...လျစ်လျူရှုခြင်း ခံနေရသည့်အတွက် သူသည် နောက်ထပ်လှုပ်ရှားမှုတစ်ခုကို ...၍ ပြုသည်။

ပထမ သူသည် ဆတ်စ်ကွီဟန်နာ သင်္ဘော၏ ကျောက်ဆူးကို လက်ညှိုး ...ပြသည်။ ထို့နောက် ပင်လယ်အော်ဘက်သို့ ဒေါသတကြီးဖြင့် လက်ညှိုးထိုးပြ ...။ စစ်သင်္ဘောများအား အခုချက်ခြင်း ကျောက်ဆူးနုတ်ကာ ပင်လယ်ပြင်ဘက်သို့ ...သွားဟု စေခိုင်းနေခြင်းဖြစ်၏။ သူ့တောင်းဆိုချက်ကို အပြတ်အသား သိစေရန် ...ပြက် သူသည် သူ့လက်ထဲမှ စာလိပ်ကြီးကို စစ်သင်္ဘောဆီသို့ တအားကုန် ပစ်တင် ...က်သည်။ ရေတပ်သားတစ်ဦးသည် သူ့လှံကို ဘေးနားချကာ စာရွက်လိပ်ကို ...ကောက်၍ အီဒင်အား လှမ်းပေးသည်။ အီဒင်က ချက်ခြင်းပင် ကွပ်ကဲစင်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com

မော့ကြည့်ပြီး ညွှန်ကြားချက်ကို နာခံသည်။

'ချက်ခြင်း ပြန်ချပေးလိုက် လက်ဖတင်နင်' ဟု ကွန်မိုဒိုပါရီက လှမ်းအော်သည်။

'အဲဒီစာလိပ်ကို သင်္ဘောပေါ်မှာ မထားချင်ဘူး'

အီဒင်သည် အောက်ဖက်ရှိ ကမ်းခြေစောင့်လှေကို ငုံ့ကြည့်သည်။ အစိမ်းရောင် ဝတ်ရုံကြီးဝတ်ထားသည့် အရာရှိဘေးမှ သူ့အားစူးစိုက်ကြည့်နေသည့် ဆံပင်ကို ထိပ်တွင် စုစည်းထုံးထားသော ဆာမူရိုင်းအား အီဒင် သတိထားလိုက်မိသည်။ ဆာမူရိုင်း၏ မျက်နှာထားသည် ရန်လိုသည့် အသွင်မဟုတ်၊ အထူးအဆန်းတစ်ခုကို ကြည့်နေရသဖြင့် အံ့ဩနေသည့် အရိပ်လက္ခဏာကို ဖေါ်ပြနေသည်။

အီဒင်ကတော့ ဂျပန်စစ်သည်ဆာမူရိုင်းကို အနီးကပ်မြင်လိုက်ရသည့်အတွက် သူ့အိပ်မက်ကို သတိရသည်။ အိပ်မက်ထဲမှ တင်းမာခက်ထန်သော ဆာမူရိုင်းမျက်နှာကို စိတ်အာရုံတွင် မြင်ယောင်လာသည်။ အခု သူမြင်လိုက်ရသော ဆာမူရိုင်း၏ မျက်နှာသည် အိပ်မက်ထဲမှ လူ၏မျက်နှာနှင့် တစ်ထေရာတည်း တူသည်တော့ မဆိုသာ ...။ ဘာပဲဖြစ်ဖြစ် အီဒင်ကတော့ ထိုဆာမူရိုင်းအား တအံ့တဩကြည့်နေမိသည်။ အဆင့်ရှိ ဆာမူရိုင်းဝတ်စုံ ဝတ်ထားသည့် မင်းသားတာနာကာကလည်း နိုင်ငံခြားသားလူရိုင်း အရာရှိတစ်ယောက်ကို မြင်လိုက်ရသည့်အခါ စိတ်ဝင်တစား ကြည့်နေမိသည်။

သူတို့နှစ်ယောက်သည် စက္ကန့်များစွာ ကြာသည်အထိ တစ်ယောက်ကိုတစ် ယောက်ကြည့်နေကြသည်။ ထို့နောက် အီဒင်သည် သူ့လက်ထဲမှစာလိပ်ကို ဆာမူရိုင်း ဆီသို့ ပစ်ချပေးလိုက်သည်။ ဆာမူရိုင်းကလည်း သူ့ညာလက်ကိုမြှောက်၍ စာလိပ်ကို ဆီးဖမ်းလိုက်သည်။ သူသည် ဖမ်းမိထားသော စာလိပ်ကို သူ့နောက်၌ထိုင်နေသော စကားပြန်အား လှမ်းပေးလိုက်ပြီး အီဒင့်ဘက်သို့ပြန်လှည့်ကာ စောစောကအတိုင်း စူးစူးရဲရဲ ဆက်ကြည့်နေသည်။

မည်သို့ပင်ဖြစ်စေ သူ့နဘေးမှ အစိမ်းရောင်ဝတ်ရုံကြီးနှင့်အရာရှိသည် သူ့တင်ပြ ချက်ကို ချက်ခြင်းပယ်ချလိုက်သည့်အတွက် အကြီးအကျယ် ဒေါသပွလျက်ရှိသည်။ သူသည် **ဆတ်စ်ကွီဟာန်နာ** စစ်သင်္ဘော၏ဆူညံနေသော စက်သံများကြားမှနေ၍ စကားတစ်လုံးကို အကြိမ်ပေါင်းများစွာ တအားကြုံး၍အော်သည်။

'**နာဂါစကီး . . . ၊ နာဂါစကီး . . . ၊ နာဂါစကီး**'

'သူတို့ဘက်က မိုင်ငါးရာကွာတဲ့ နာဂါစကီးကို ပြန်သင့်တယ်လို့ ကျွန်တော်တို့ ကို ပြောနေဟန်တူတယ် . . . ကွန်မိုဒို၊ 'ဟု ဆင်မြူရယ်အမ်းစထရောင်းက ပြောသည်၊ 'သူတို့ကို ဘယ်လိုအဖြေပေးရလဲ'

' ဘာမှမပေးဘူး' ဟု ကွန်မိုဒိုပါရီက ပြန်ပြောသည်။ ' မလျော်ကန်ဖ

...ဂ်သွယ်မှုတွေ အားလုံးကို ဥပေက္ခာပြုရမယ် . . . ။ ဒီသင်္ဘောတွေပေါ် စည်းကမ်းမဲ့ ...ကျော်လာမှု ဟူသမျှကို ခွင့်မပြုရဘူး' ဆိုတဲ့အမိန့်ဟာ အခုအချိန်ထိ တည်နေ ...နဲ့လဲ'

ရောဘတ်အီဒင်သည် စာရွက်လိပ်ကို မိမိတို့ဘက်မှ ပယ်ချလိုက်သည့်အတွက် ...ဖက်မှ လှုပ်ရှားမှုအသစ်ကို ချက်ခြင်းမြင်ရသည်။ ဖြုန်းခနဲ လက်နက်အခိုင်အမာ ...ပ်ဆင်ထားသော ရွက်လှေများသည် ဆတ်စ်ကွီဟာန်နာနှင့် အခြားသင်္ဘောသုံးစီး၏ ...ဂ်ပတ်လည်၌ လှုပ်ရှားလာကြသည်။ ထိုလှေများ၏ ဦးပိုင်းနှင့်ပဲ့ပိုင်းများတွင် လှံများ ...များနှင့် လေးမြားကိုင် စစ်သားများရပ်နေကြသည်။

ယင်းလှေများဆီမှ အော်သံ ဟစ်သံများနှင့် အမိန့်ပေးသံများကို ကြားနေရသည်။ ...အတွင်းမှာပင် ကမ်းစောင့်လှေသုံးစီးကို အီဒင်မြင်လိုက်ရ၏။ ယင်းလှေများသည် ...ခြားလှေများဆီမှ ခွဲထွက်ကာ ဦးဆောင်သင်္ဘော၏ ဦးပိုင်းဆီသို့ လျှင်မြန်စွာ လာ ...လျက်ရှိသည်။

'ဟိုမှာ လာနေကြပြီ' ဟု ကွပ်ကဲစင်ထက်မှ အော်ပြောလိုက်သည့် လက်ဖတင်နင် ...စ်၏အသံကို ကြားလိုက်ရသည်။ 'သင်္ဘောသားအားလုံး အသင့်ဖြစ်နေကြပြီ'

ကမ်းခြေစောင့်လှေများသည် ရွေ့လျားလျက်ရှိသော **ဆတ်စ်ကွီဟာန်နာ** သင်္ဘော ...နီးသို့ ရောက်လာကြသည်။ နောက်တစ်ခဏမျှအကြာတွင် လန်ကွတ်တီမျှသာ ဝတ် ...ထားသည့် ဂျပန်စစ်သည်ဒါဇင်ဝက်သည် သင်္ဘောဦးပိုင်းဘေးတစ်ဖက်၌ ချထားသည့် ...လှေခါးအတိုင်း အော်ဟစ်သံပေးကာ တွယ်တက်လာကြလေ၏။

'သူတို့ကို တွန်းချရင် အားကိုသိပ်မသုံးနဲ့'

ရောဘတ်အီဒင်သည် ထိုအမိန့်ကို အခိုင်အမာပေးသည်သာမက သူ့ဓါးကိုပါ ...ကာလိုက်သည်။ သူသည် သူ့တပ်စုအား တက်လာမည့် ရန်သူများအား ဝင်မလာနိုင် ...အောင် ကာကွယ်ဖို့ အမိန့်ပေးနေပြီဖြစ်၏။ သူ့တပ်စုမှ တပ်သားများကလည်း လှံများ ...အသင့်အနေထားကိုင်ကာ တက်လာသူများအား ထိုးချရန် အသင့်ပြင်လျက်ရှိသည်။

'ခဏနေကြဦး' ဟု အီဒင်က လှမ်းပြောသည်။ 'အချိန်ကျလာအောင် စောင့် ...ဦး'

ရှေ့ဆုံးမှ တက်လာနေကြသော ဂျပန်များသည် အဆက်မပြတ် အော်ဟစ်လာ ...သည်။ အပေါ်မှ လှံများကို မြင်ကြသည့်အခါ ပို၍အော်ဟစ်လာကြသည်။ ပထမ ...ဘ တစ်စက္ကန့်မျှ ရပ်ကာကြည့်နေကြသေးသည်။ ထို့နောက် ဒေါသပိုကြီးကာ သံကုန် ...စ်၍အော်ပြီး လျှင်မြန်စွာတက်လာကြသည်။ အမေရိကန်အမြောက်တပ်သား ...လည်း ဂျပန်များဘက်သို့လှည့်၍ တစ်ချက်ပြန်အော်ပြီး လက်ထဲမှလှံဖြင့် အောက်မှ

www.burmeseclassic.com

www.burmeseclassic.com

တက်လာသူ၏ မျက်နှာတည့်တည့်ကို ချိန်ရွယ်ထားသည်။

'နောက်ဆုတ်'

အီဒင်က သူ့လက်ထဲမှ ဓါးဖြင့် အမြောက်တပ်သား၏လှံကို ဘေးတစ်ဖက်သို့ တွန်းထုတ်လိုက်သည်။ တပ်သားသည် အီဒင်အား အံ့အားသင့်ပြီး ကြည့်နေသည်။ အီဒင်ကတော့ သူ့ဓါးကို ဓါးအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး တပ်သားလက်ထဲမှ လှံကို ဆွဲယူလိုက်သည်။ ထို့နောက် လှံကို အောက်ထိုး ပြင်ကိုင်လိုက်သည်။

သူသည် လှံရိုးဖြင့် တက်လာနေသော ဂျပန်၏ရင်ဘတ်ကို ချိန်ရွယ်ထားသည်။ ထိုဂျပန်မှာ ကြိုးလှေခါး၏ထိပ်သို့ ရောက်နေပြီဖြစ်၏။ အီဒင်သည် ထိုဂျပန်၏ ရင်ဘတ်ကို ခပ်ဆတ်ဆတ် ထိုးချလိုက်သည်။ ဂျပန်သည် ခြေကားယား လက်ကားယား ဖြစ်ကာ အောက်ဖက်ရှိ အမြှုပ်များထနေသည့် ရေထဲသို့ ကျသွားလေသည်။

'အားကို အနည်းခုံးသုံး'

ဟု အီဒင်က နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး သူ့လူများအား လှမ်းပြောသည်။ 'သွေးထွက်သံယို မဖြစ်အောင် ရှောင်ဖို့ကြိုးစား'

အီဒင်၏ လုပ်ဟန်ကိုယူကာ ကျန်သင်္ဘောသားများသည် သူတို့လှံများကို အောက်ထိုးကိုင်လိုက်ကာ တက်လာနေသော ဂျပန်များ၏ လက်များနှင့် ရင်ဘတ်များကို ထိုးချကြသည်။ ဂျပန်များသည် တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်ကာ ရေထဲသို့ လန်ကျနေကြသည်။ အောက်ဖက်ရှိ ကမ်းခြေစောင့်လှေပေါ်မှ ဂျပန်များကလည်း ဒေါသတကြီး အော်ဟစ်ကာ လှေခါးမှ ထပ်တက်လာနေကြသည်။

ရေထဲသို့ ကျွမ်းပျံကျသွားခဲ့ကြသည့် ဂျပန်များသည် ချက်ခြင်းပင် သူတို့လှေများပေါ်သို့ အမြန်ဆုံးတွယ်ဖက်ပြီး တက်လာကြသော်လည်း စစ်သင်္ဘောပေါ် ထပ်တက်ရန်ကား မကြိုးစားကြတော့ချေ။ အီဒင်ထံမှ ထပ်မံ၍ ထွက်လာသည့်အမိန့်အရ ရေတပ်သားတစ်ဦးသည် ကြိုးလှေကားကို တွယ်ဆင်း၍ သွားသည်။ ချိတ်ဆွဲရန် သံချိတ်များပါသော ကြိုးများကို ဖြုတ်ပစ်လိုက်သည်။ ဂျပန်လှေနှစ်စီးသည် ဆတ်စ်ကွီဟန်နာနှင့်ဝေးရာသို့ ရေစီးနှင့်အတူ လိုက်ပါသွားကြလေသည်။

သင်္ဘောပေါ်တက်ရန် အဖွဲ့ဝင်များပါသော လှေနှစ်စီး နောက်ဆုတ်သွားကြသည်ကို မြင်တွေ့နေရသည့်အခါ ဆတ်စ်ကွီဟန်နာသင်္ဘောဆီသို့ ကပ်လာနေကြသော လှေများသည် အရှိန်ကို လျှော့သွားကြသည်။

'သိပ်ကောင်းတယ်' ဟု ထိန်းကွပ်ရေးစင်ပေါ်မှ ပြောလိုက်သည့် လက်ဖတင်နင် ရိုက်စ်၏ အသံကိုကြားရသည်။ 'အားလုံးသတိနဲ့နေကြ၊ တို့များ ကျောက်ဆူးချတဲ့ အချိန်မှာ ဒီကောင်တွေ တို့ဆီကို ပြန်လာကြလိမ့်ဦးမယ်'

အီဒင်သည် သင်္ဘောပဲ့ပိုင်းနှင့်ဦးပိုင်းကို ကြည့်သည်။ **မစ်စစ္စပီ** နှင့် **ပလိုင်းမောက်** ...တော်များသာမက **ဆာရာတိုဂါ** သင်္ဘောတွင်လည်း လှံများကို မြင်နေရသည်။ ...သင်္ဘောသုံးစီး၏ ပတ်ပတ်လည်တွင် ဂျပန်ကမ်းခြေစောင့် တပ်လှေများကိုပါ မြင်နေ...ည်။ ထိုလှေပေါ်မှ လန်ကွတ်တီဝတ် ဂျပန်များ ကြိုးလှေကားဖြင့် တက်သွားနေ...ည်ကိုလည်း မြင်တွေ့နေရ၏။ ထိုဂျပန်အားလုံးသည် တစ်ဖက်ရှိ **ဆာရာတိုဂါ** ...ဘော်မှ တွန်းချနေသည့်ဒဏ် ခံနေရသည်ကိုလည်း သူမြင်နေရလေသည်။

အမေရိကန်စစ်သင်္ဘောများသည် သူတို့တာစူထားသည့် ခရီးအတိုင်း ဆက်လက် ...ကက်လျက်ရှိ၏။ စစ်သင်္ဘောလေးစီးပေါ်မှ ရေတပ်သားများနှင့် မရိန်းတပ်သားများ ...ည် ရန်သူပေါ်ထွက်လာပါက ဆီး၍တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်ထားနေကြလေပြီ။ ...ဆောင်သင်္ဘော **ဆတ်စ်ကွီဟန်နာ** သည် အရှေ့ဘက်ကမ်းခြေနှင့် တစ်မိုင်ခန့်အတွင်း ...ို့ ဝင်ရောက်လာခဲ့လေရာ ကျန်သင်္ဘောသုံးစီးသည်လည်း နောက်မှ ထပ်ကြပ်မကွာ ...လာကြလေသည်။

များစွာအလှမ်းဝေးနေသေးသည့်နေရာ၌ ကျဆင်းလျက်ရှိသော မြူများကြားမှ ...၍ ရှေ့သို့ငေါထွက်နေသော မတ်စောက်စောက်ကမ်းပါးကို မြင်နေရသည်။ ထိုနေရာ ...စ်ပိုက်တွင် ဆောက်လုပ်ထားသည့် ခံတပ်များသည် မြင်ကွင်းအတွင်းသို့ ဝင်လာ...ည်။ စစ်ရေးအရ အချက်အချာကျသော နေရာများတွင် အမြောက်များ ချထားသည် ...လည်း မြင်နေရ၏။ သို့တစေလည်း သူတို့သင်္ဘောများ ကမ်းပါးအောက်ခြေသို့ ...များပြီး အမြောက်များနှင့် လက်တစ်ကမ်းအကွာရောက်ချိန်အထိ ပစ်သံခတ်သံဟူ၍ ...စ်ချက်မှ မကြားရသည့်အခါ အီဒင်သည် စိတ်သက်သာရာ ရသွားခဲ့လေသည်။

နောက်ဆုံးတွင် ဂျပန်တို့၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ ဆောက်လုပ်ထားသည့် ...စ်သားစက္ကူအိမ်များသည် သစ်ပင်များအုပ်ဆိုင်းလျက်ရှိသော ကမ်းပါးအောက်ခြေ၌ ...ခနဲပေါ်လာသည်။ မိမိတို့သင်္ဘောများသည် ယူရာဂါမြို့ဆီသို့ ချဉ်းကပ်လာနေ ...ဟု အီဒင် ခန့်မှန်းသည်။ ယူရာဂါသည် မိမိတို့ သင်္ဘောလေးစီးစလုံး ကျောက်ဆူးချ ...များပြီး ခြောက်ဆယ်ပေါင်ဒါအမြောက်ကြီးများ၏ ကြီးမားသောအားကို အသုံးပြု၍ ...နှင့်ခံတပ်များကို ဖိအားပေးရန် အစီအစဉ်ရှိထားသည် မဟုတ်ပါလား . . .။

ဆတ်စ်ကွီဟန်နာသင်္ဘောသည် အရှိန်ကိုလျှော့ချကာ ကမ်းဘက်သို့ ဘေးတိုက် ...၍ ခပ်ဖြည်းဖြည်း ခုတ်မောင်းနေသည်။ အတော်ကြီးစောင်းနေပြီဖြစ်သော နေရောင် ...ည် မြူနှင်းများအားခွဲလိုက်ပြီဖြစ်၍ အလွန်ကွာဝေးသောနေရာမှ ခပ်နိမ့်နိမ့် တောင်စဉ် ...ပင်တန်းများသည် အပီအပြင် ပေါ်ထွက်လာသည်။

ထိုရှုခင်းကို သတိပြုမိလိုက်သော အီဒင်သည် သူ့မျက်လုံးများကို...ကာ

www.burmeseclassic.com

www.burmeseclassic.com

တောင်စဉ်တောင်တန်းများကို လှမ်းကြည့်နေသည်။ ဖူဂျီတောင်၏ ဆီးနှင်းများ ဖုံးလွှမ်းနေသည့် အလှကို သူမြင်နေရ၏။ အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသော နေသည် ရွှေရောင်တောက်နေသော ရောင်ခြည်ဖြင့် သဘာဝရှုခင်းများကို ပက်ဖြန်းထားသည်။ တောင်စဉ်တောင်တန်းများ၏ အလှသည် အီဒင်၏အာရုံကို အပြည့်အဝဆွဲဆောင်နေသည်။

ထို့နောက် ချောက်ကမ်းပါးထိပ်ရှိ ခံတပ်တစ်ခုဆီမှ အမြောက်သံတစ်ချက် ထွက်ပေါ်လာသည်။ သူသည် ရုတ်တရက် ဝပ်ချလိုက်၏။ နောက် စက္ကန့်အနည်းငယ်မျှ အကြာတွင် အမြောက်သံတစ်ချက် ထပ်မံထွက်ပေါ်လာပြန်သည်။ မီးခိုးလုံးများသည် တလိပ်လိပ်တက်လာသည်ကို မြင်ရ၏။

အမေရိကန်စစ်သင်္ဘော လေးစင်းစလုံးသည် သူတို့ကျောက်ချရန် ရာထားသည့် နေရာများဆီသို့ သတိကြီးစွာထား၍ ချဉ်းကပ်သွားလျက်ရှိသည်။ သို့သော်လည်း ပြင်းထန်ကျယ်လောင်သော အမြောက်သံများကြောင့် ဆတ်စ်ကွီဟန်နာ သင်္ဘော၏ ကုန်းပတ်နင်းကြမ်းဆီမှ အမိန့်ပေးသံတစ်သံ ထွက်လာသည်။ သင်္ဘောအားလုံးကို ရပ်တန့်ခိုင်းသည့် အမိန့်ပေတည်း။

သင်္ဘောများဆီမှ သွက်လက်လျှင်မြန်စွာ လှုပ်ရှားသံများ ကြားကြရသည်။ စစ်သင်္ဘောကြီးနှစ်စီးနှင့် တိုက်ရေယာဉ်အငယ်စားများဆီမှ သံကျောက်ဆူးကြီးများသည် အေးချမ်းငြိမ်ဆိတ်နေသော ရေပြင်ပေါ်သို့ ဝုန်းခနဲကျသွားကြသည်။ ထို့နောက် ကျောက်ဆူးကြီးများ ကျသွားရာနောက်သို့ လိုက်ပါသွားနေကြသည့် ကြေးနန်းကြိုးကြီးများ၏ အသံများသည် နားကွဲလုမတတ် ဆူညံလျက်ရှိ၏။ ကမ်းခြေဘက်ရှိ ချောက်ကမ်းပါးကြီးများဆီမှ ထွက်လာနေသည့် ပွဲတင်သံများသည် ဆူညံလျက်ရှိသည်။ ကမ်းပေါ်၌ အလန့်တကြားပြေးသွားနေကြသော ဂျပန်စစ်သားများကို အီဒင်မြင်နေရလေသည်။

မီးခိုးလုံးများ တလူလူထွက်နေသည့် သင်္ဘောကြီးများဆီမှ ပြူထွက်လာသော အမြောက်ဝကြီးများသည် ကမ်းဘက်သို့ တည့်မတ်စွာ ချိန်ရွယ်လျက်ရှိကြ၏။ စစ်ပွဲစတော့မည်ဟု ခြိမ်းခြောက်နေသည့် ပုံမျိုးဖြစ်သည်။ ထိုမြင်ကွင်းကြောင့် ကမ်းခြေစောင့်လှေများပေါ်မှ လှေသမားများသည် လှုပ်ရှားလာကြသည်။ ယခင်ကထက် အားနှစ်ဆမြှင့်ကာ သူတို့လှေများကို စစ်သင်္ဘောများဘက်သို့ ဦးတည်၍ လှော်လာကြပြီ၊ အမေရိကန်သင်္ဘောကြီးများ၏ ပတ်ပတ်လည်၌ ကျက်စားနေကြသည်။

အီဒင်သည် အမြောက်စင်ချောင်းကြည့်ပေါက်မှနေ၍ လှုပ်လှုပ်ရွရွဖြစ်နေသော ဂျပန်လှေများကို ဂရုတစိုက်ကြည့်သည်။ လှေတိုင်းတွင် ရိက္ခာသေတ္တာများ၊ သောက်ရေ

ကျည်များနှင့် ဗျာများပါလာသည်ကို တွေ့နေရ၏၊ ဤလှေများသည် နိုင်ငံခြားသင်္ဘောများ၏ ပတ်ပတ်လည်၌ နေရာယူ၍ ဝိုင်းထားရန် ပြင်ဆင်နေကြခြင်းပေတည်း။ ထို့ပြင်တည်း ယူရာဂါမြို့ ရှေ့တည့်တည့်ကမ်းခြေဆီမှ ကမ်းခြေစောင့်စစ်လှေများ ထွက်ပေါ်လာပြီး ကျောက်ဆူးချထားသည့် သင်္ဘောကြီးများဆီသို့ အပြင်းလှော်ခတ်လာနေသည်ကို မြင်တွေ့နေရလေ၏။

တစ်ခဏမျှအကြာတွင် ရေနွေးငွေ့ဖြင့်မောင်းသော စစ်သင်္ဘောကြီးနှစ်စီးသည် အင်ဂျင်စက်များကို သတ်လိုက်သည်။ နောက်ဖက်မှ လည်ပတ်နေသော ယက်ဘီးကြီးများသည် ရပ်သွားသည်။ ကမ်းဆီမှ ဆူဆူညံညံအသံများကို ကြားနေရသည်။ အသံများမှာ အမျိုးစုံဖြစ်၏။ ဤအထဲတွင် မောင်းတီးသံများကိုပါ ကြားနေရသည်၊ ပြီးတော့ စစ်သားများနှင့် အရပ်သားများ၏ အော်ဟစ်သံများနှင့် သီချင်းဆိုသံများ...၊

ဘုရားကျောင်းများဆီမှ ခေါင်းလောင်းသံများကိုလည်း ကြားနေရ၏။ အများကို သတိပေးနေသည့် သတိပေးခေါင်းလောင်းသံများကိုပေတည်း။ ခွေးဟောင်သံများမှာလည်း ဆူညံလျက်ရှိ၏။ အထုပ်များသယ်၍ ရွေ့လျားနေကြသော လူတန်းရှည်ကြီးများကိုလည်း မြင်တွေ့နေရသည်။ ယူရာဂါမြို့မှ ထွက်လာသည့် မြွေလိမ်မြွေကောက် လှည်းလမ်းပေါ်၌ လျှောက်သွားနေကြခြင်းပေတည်း။ အခြိမ်းခြောက်ခံနေရသော တောင်ရိုးတန်းနှင့် ဝေးရာသို့ ထွက်သွားနေကြခြင်း ဖြစ်လေသည်။

'ကြည့်ရတာ တအားကြီးကို ဆိုးတာပဲ . . . မာစတာ' ဟူသော အသံသည် ဘေးမှ ထွက်လာသည်။ 'သူတို့က စစ်မောင်းသံတွေတောင် ပေးနေကြပြီ'

အီဒင်က သူ့ဘေးနားရှိ အမြောက်ဘေး၌ ဒူးထောက်ထိုင်ကာ ပုန်းနေသော ဆင်တာရိအား ငုံ့ကြည့်သည်။ ဆင်တာရိသည် ကြောက်လန့်စိတ်ဖြင့် အမြောက်ပြောင်းပေါ်မှ ကမ်းပေါ်သို့ ချောင်းကြည့်နေသည်။ သင်္ဘောပတ်ပတ်လည်ရှိ ဝိုင်းရံနေသော ဂျပန်ကမ်းခြေစောင့်လှေများကို မြင်နေရသည်။

'ခင်ဗျားအနေနဲ့ အိပ်ရာပေါ်မှာပဲ ရှိနေသင့်တယ် ဆင်တာရိ' ဟု အီဒင်က ပြောသည်။ 'ခင်ဗျားရဲ့အကျိုးအတွက် ခင်ဗျားဟာ ဒီမှာဖြစ်ပေါ်လာမယ့် မြင်ကွင်းတွေကို ကျွန်တော် မမြင်ခင် မမြင်သင့်ဘူးလို့ ထင်တယ်'

'တကယ်လို့ ဒီပွဲမှာ သူတို့ဘက်က တိုက်ဖို့ဆုံးဖြတ်ရင် ကျွန်တော်တို့အားလုံး ထိခိုက်ခံကြရတော့မှာပဲ မာစတာ' ဟု ဆင်တာရိက ရေရွတ်သည်။

ချောက်ကမ်းပါးထိပ်မှ အမြောက်သံ နောက်တစ်ချက်ထွက်ပေါ်လာသည်။ မီးခိုးလုံးများသည် အထက်ဖက်ကောင်းကင်ဆီသို့ လွင့်တက်သွားနေကြသည်။ အီဒင်သည် အနက်ဖက်ရှိ လှေများနှင့် အော်ဟစ်နေကြသော လှေသားများကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူသည် တောင်ကုန်းထိပ်များပေါ်မှ ခံတပ်များကို ကြည့်နေသည်။ ထိုနေရာတစ်ပိုက်တွင် လက်နက်ကိုင်စစ်သားများ စုနေကြသည်ကို ကောင်းစွာမြင်နေရ၏။

'ကျွန်တော်တို့ မကြာခင် သိလာကြမှာပါ။ ခင်ဗျား ကိုယ့်နေရာ ကိုယ့်အိပ်ရာကို ပြန်သွားပါ'

ဆင်တာရီသည် အီဒင်စကားကို ရိုသေစွာလိုက်နာသည်။ အီဒင်သည် ကမ်းခြေသို့ လှမ်းကြည့်ပြန်သည်။ ကမ်းပေါ်မှ အသံများနှင့် လှုပ်ရှားမှုများကို ကြည့်ပါက ဂျပန်များသည် စစ်သင်္ဘောများအား အပြင်းအထန် ခုခံတိုက်ခိုက်မည့် အရိပ်လက္ခဏာများကို မြင်နေရ၏။ သူသည် သူ့သင်္ဘော၌ရှိနေသည့် အမြောက်တပ်သားများနှင့် မရိန်းတပ်သားများကို ကြည့်မိသည်။ အားလုံးသည် သူတို့ရှေ့မှ မြင်ကွင်းကို သူ့လိုပင် ကြည့်လျက်ရှိသည်ကို မြင်နေရလေသည်။

သူသည် ခါးတွင်ချိတ်ထားသည့် ဓါး၏ဓါးရိုးကို ဆုပ်ကိုင်ကာ အလှမ်းများစွာ ကွာဝေးသည့် မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ထိုနေရာတွင် အလွန် စင်ကြယ်လှပပြီး ဖြူဖွေးနေသည့် ဖူဂျီတောင်သည် အပီအပြင် အထင်းသားပေါ်လျက် ရှိသည်။ နေ့ခင်းနေ့လည်၏ ကောင်းကင်ပြာပြာသည် အပေါ်မှ အုပ်မိုးလျက်ရှိ၏။ ယီဒိုပင်လယ်ကွေ့အတွင်း၌ ဖြစ်ပွားနေသည့် ဆူပူလှုပ်ရှားနေမှုနှင့် ဖူဂျီ၏ လှပသာယာမှုတို့သည် နှိုင်းယှဉ်မရအောင်ပင် ကွာခြားလျက်ရှိပေသည်။

သူ့သဘောပတ်ပတ်လည်တွင် ရုတ်ရုတ်သဲသဲဖြစ်မှုများနှင့် ချောက်ချောက်ခြားခြား ဖြစ်မှုများသည် ဆက်လက်ဖြစ်ပေါ်နေဆဲ . . . ။ သို့သော်လည်း အီဒင်သည် အလှမ်း များစွာကွာဝေးလှသည့် ဖူဂျီကို မေ့မရ။ သူ့သင်္ဘောနှင့် သူ့တပ်သားများတွင် ဘေးအန္တရာယ်ရှိနေသည်ကို သူသိရှိနားလည်ထားသည်။ ဤကြားထဲမှပင် တစ်နေ့နေ့တစ်ချိန်ချိန်၌ သူကိုယ်တိုင် ဖူဂျီ၏အလှပဆုံးနှင့် အထူးခြားဆုံးသော ကန်တော့ပုံ တောင်ထိပ်သို့ တက်ရလိမ့်ဦးမယ်ဟူသော အတွေးသည် သူ့စိတ်ထဲသို့ အဆက်မပြတ် ဝင်ရောက်လာနေဆဲ . . . . ။

(၆)

မတ်ဆူမူရာတိုကီဝါသည် ယီဒို၏အနောက်ဘက် မိုင်နှစ်ဆယ်အကွာ ကျေးရွာ [illegible]ည်းခိုရိပ်သာ၏ ပြတင်းပေါက်ရှိဂျိန်းဆီးကို ဘေးသို့ဆွဲဖယ်လိုက်ပြီး အလှမ်း [illegible]ကွာဝေးလှသည့် ဖူဂျီတောင်ကို လှမ်းကြည့်နေသည်။ မွန်းလွဲပိုင်းနေရောင်သည် [illegible]ပ်လက်တောက်ပနေသည်ဖြစ်ရာ ဘေးတစ်ဖက်တစ်ချက်တွင် ပိရမစ်ပုံသဏ္ဌာန် ပေါက်[illegible]နေသော ဖူဂျီတောင်၏အလှသည် ပီပြင်လျက်ရှိ၏။

စောစောပိုင်းကတော့ ဖူဂျီသည် မြူနှင်းများ လွှမ်းခြုံထားသဖြင့် အပြင်သို့ ထွက်ပြူ[illegible]လာနိုင်၊ ပြာသောကောင်းကင်၏ အရောင်ကို အမှီပြုကာ မှုန်တုန်တုန် ဝါးတားတား [illegible]ဖြစ်လျက်ရှိ၏။ ပြိုင်ဘက်ကင်းအောင် ဖွေးဖွေးလှုပ်မျှ ဖြူနေသော တောင်ထိပ်အောက် [illegible]ယှဉ် မီးတောင်ဖြစ်ခဲ့ဖူးသည့် လက္ခဏာရပ်များဖြစ်သော ချော်ရည်စီးကြောင်းများကို [illegible]မြင်နေရသည်။ မည်သို့ပင်ဖြစ်စေ ဖူဂျီတောင်သည် အချိုးအစား ပြေပြစ်လှပလွန်းလှပါ[illegible]သည်။

တိုကီဝါ့အဖို့တော့ ဖူဂျီတောင်၏မြင်ကွင်းထဲ၌ ကြီးပြင်းလာခဲ့ရသူ ဖြစ်လေရာ [illegible]ဘဝတစ်လျှောက်လုံး ထည်ဝါခန့်ငြားလွန်းလှသည့် ဖူဂျီတောင်အား ချစ်ခင်မြတ်နိုးမှု [illegible]ပြည့်ဖြင့် ကြီးပြင်းလာခဲ့ရပါသည်ဟု ဆိုပါက မှားနိုင်အံ့ မထင်ပေ။ သူသည် ဖူဂျီတောင် [illegible]ကြောင်း ကောင်းစွာသိသူဖြစ်၏။ ဖူဂျီသည် အမြင်အာရုံများကို မကြာခဏ [illegible]ပြောင်းလွဲအောင် ဖန်တီးနိုင်စွမ်းရှိသဖြင့်လည်း ကျော်ကြားလျက်ရှိခြင်း ဖြစ်ပေသည်။

'အထဲပြန်ဝင်၊ မင့်ကိုအမြင်ခံတာဟာ မလိမ္မာရာကျလိမ့်မယ်'

တိုကီဝါ၏ အာရုံသည် လသာဆောင်အောက်သို့ ရောက်သွားသည်။ ပြောလိုက်[illegible]မှာ ဤတည်းခိုရိပ်သာတွင် သူ့အား အကာအကွယ်ပေးရန် အစောင့်အဖြစ် မင်းသား[illegible]ကာကာ တာဝန်ချထားပေးခဲ့သည့် ဆာမူရိုင်းအကြီးအကဲဖြစ်သည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com

တိုကီဝါအား ပေါ့ပေါ့တန်တန် နေရကောင်းလားဟု အပြစ်တင်လိုဟန်ရှိ၏။ သူ့အား ကျဉ်းမြောင်းသော မျက်လုံးအစုံဖြင့် ဒေါသတကြီး ကြည့်နေသည်။

'မင့်အနေနဲ့ မင့်အခန်းထဲမှာပဲ နေရမယ်။ ခန်းဆီးတွေကိုလည်း အချိန်ရှိသမျှ ပိတ်ထားရမယ်'

အစောင့်သည် စကားအဆုံးတွင် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ အထိုက်အလျောက်အားဖြင့် သင့်တင့်လျောက်ပတ်သော တည်းခိုရိပ်သာဖြစ်၏။ လူမသိ သူမသိဖြစ်အောင် ခပ်လျှိုလျှိုနေလိုသူများအတွက် ပို၍သင့်တော်သော နေရာဖြစ်သည်။ ဤနေရာတွင် ခရီးသွားကုန်သည်များနှင့် လယ်သမားများ တည်းခိုကြသည်။ ယင်းတို့မှာ အများအားဖြင့် ခြေလျင်ခရီးသွားများနှင့် မြင်းစီးခရီးသည်များဖြစ်၏။ သူတို့သည် တစ်ညတာ တည်းခိုရေးကို ရှေ့ရှုသူများ ဖြစ်ကြလေသည်။

ဤနေရာမျိုးတွင် အများဆုံးတည်းခိုတတ်သူများမှာ ဇာပို့ခြေမြန်တော်များဖြစ်၏။ သူတို့သည် တစ်နေရာမှ တစ်နေရာသို့ အပြေးအလွှား သွားနေကြသူများဖြစ်၍ ဤတည်းခိုရိပ်သာသို့ တောပိုင်းဒေသမှ ရိပ်သာများတွင် တစ်ညတာမျှ ဝင်ရောက်တည်းခိုလေ့ရှိသည်။ အခုလည်း ထိုလူစု အဝင်အထွက် လုပ်နေကြသည်ကို မြင်နေရလေသည်။

တောက်တောက်ပြောင်ပြောင် ဝတ်စားထားပြီး တန်းစီ၍ ချီတက်လာနေကြသည့် လေးသည်တော်များနှင့် လှံကိုင်စစ်သည်များကိုလည်း မြင်နေရ၏။ သူတို့သည် အရပ်လေးမျက်နှာမှ ခြေလျင်လာနေကြခြင်းဖြစ်၏။ သူတို့၏ ဆာမူရိုင်းအရာရှိများသည် သူတို့၏မြင်းများပေါ်မှ ဆင်းကာ စိတ်အပန်းဖြေစရာများကို လိုက်လံရှာဖွေလျက်ရှိကြ၏။

ညနေခင်းလေထဲတွင် အသံမျိုးစုံ လိုက်ပါလာလျက်ရှိသည်။ ရိပ်သာ၏ ရှေ့ဘက်မျက်နှာစာ လသာဆောင်အပေါ်၌ ကိုယ်လုံးသွယ်သွယ်နှင့် မိန်းမတစ်ယောက် ရပ်နေသည်ကို မြင်ကြရသည့်အခါ အပြင်ဘက်လမ်းပေါ်၌ ရေးကြီးသုတ်ပြာ သွားလာလှုပ်ရှားနေကြသော ယောက်ျားများသည် အထူးအဆန်းတစ်ခုကို မြင်ကြရသည့်နှယ် မော့ကြည့်ကြသည်။

'အထဲဝင်ပါတော့လေ'

အသံနှင့်အတူ အညိုရောင်ကီမိုနိုဝတ်ထားသည့် အစေအပါးမိန်းကလေး တစ်ယောက်အခန်းထဲဝင်လာသည်။ တိုကီဝါ၏နောက်တွင် ဝင်ရပ်ကာ လက်တစ်ဖက်ကို ပခုံးပေါ်လှမ်းတင်လိုက်ပြီး တိုကီဝါအား အခန်းထဲသို့ ဆွဲခေါ်သွားသည်။ ခန်းဆီးများကို ကပြာကရာဆွဲပိတ်လိုက်ပြီး တိုကီဝါဘက်လှည့်၍ ဦးညွှတ်လိုက်သည်။ သူ့မျက်နှာသည် သောကမကင်းခြင်းကို ဖော်ပြလျက်ရှိလေသည်။

'အစောင့်တွေရဲ့ အကြီးအကဲ ဂိုတာရို–ဆန်ကပြောတယ်၊ တကယ်လို့များ ...ဦးတစ်ယောက်က ရှင့်ကို မှတ်မိသွားရင် ကျွန်မတို့အားလုံး ဘေးအန္တရာယ်နဲ့ ...ရလိမ့်မယ် . . တဲ့၊ အတိုက်အခိုက်တောင် ခံရဖို့ရှိတယ် . . . တဲ့'

တိုကီဝါသည် သက်ပြင်းချမိသည်။ ညကြီးမင်းကြီး ယီဒိုမှ အပြေးအလွှားလာခဲ့ ...သည့် ခရီးမှာ ရှည်လွန်းလှ၍မှုမကာ သက်သောင့်သက်သာမရှိလှ၊ မင်းသားတာနာကာ ...ယူချင်းအမြန်ခွဲလာပြီးနောက် သူ့အား ခန်းဆီးများ ကာရံထားသည့် နိုရိမိုနိုခရီး ...ထမ်းစင်ဖြင့် သယ်ဆောင်လာခဲ့သည်။ သူ့အားမြင်းစီးအစောင့်သုံးဦးက တာဝန်ယူ ...ဝင့်ရောက်လာခဲ့ကြလေသည်။

အစောင့်များက တိုကီဝါအား မျက်နှာကို လူအများမြင်အောင် မပြရန် အမိန့် ...ထားခဲ့၏။ လမ်းတစ်လျှောက်တွင် ခဏတဖြုတ်သာ ရပ်နားခဲ့ရ၏။ ထိုခဏမှာ ...ည်း မြင်းများနှင့်အထမ်းသမား ကူလီများလဲရန် ရပ်နားခဲ့ခြင်းသာဖြစ်၏။ တစ်ခါ ...ရံတွင် တိုကီဝါသည် ခန်းဆီးကို အသာလှစ်ကာ အပြင်ကိုချောင်းကြည့်လေ့ ...သည်။ ထိုအခါမျိုးတွင် ညအမှောင်ထုအောက်ရှိ လမ်းမကြီးများပေါ်တွင် ချီတက် ...နေကြသော စစ်သားများကို မြင်ခဲ့ရလေသည်။

နောက်ဆုံး မိုးလင်းလုနီးပါးအချိန်တွင် သူတို့သည် သိပ်ပြီး သပ်သပ်ရပ်ရပ် ...ရှိသော ကျေးလက်တည်းခိုရိပ်သာတစ်ခုသို့ ဆိုက်ရောက်ကာ ရပ်နားခဲ့ကြသည်။ ...အတွက် အစေအပါးမိန်းကလေးကိုလည်း အစောင့်များက ဒေသထဲမှ ရှာဖွေငှားရမ်း ...ခဲ့ကြ၏။ အစေအပါးမိန်းကလေး၏ အကူအညီဖြင့် သူသည် အခန်းတစ်ခန်းထဲ၌ ...ဘက်ရိုးဖျာတစ်ချပ်ဖြင့် အိပ်ခဲ့ရသည်။

အခန်းမှာ အခန်းကျဉ်းကလေးဖြစ်၍ ကျပ်ကျပ်သပ်သပ် နိုင်လွန်းလှသည်။ ...တာမိ ဖျာတစ်ချပ်၊ စားပွဲသေးသေးနိမ့်နိမ့်တစ်လုံးနှင့် မှန်အိမ်လေး တစ်လုံးမျှသာ ...၏။ အခန်းထဲတွင် တလှုပ်လှုပ်လျှောက်သွားနေသူမှာ အစေအပါးမိန်းကလေးတစ်ဦး ...ရှိသည်။ သူအိပ်ရာက နိုးလာသည့်အခါ မိန်းကလေးက သူ့ယာယီသခင်မ ...ကီဝါအား ရေချိုးမလား၊ အစားဘာစားမလဲ စသည်ဖြင့် မေးခဲ့သည်။

အခုလည်း မိန်းကလေးက တိုကီဝါအား အထဲသို့ ဝင်ဖို့ပြောနေသည်။ တိုကီဝါ ...ဖို့ အံ့သြစရာတစ်ခုဖြစ်နေသည်။ 'ဒါတွေကို မင်း ဘယ်လိုလုပ်ပြီး သိထားတာလဲ' ...ု တိုကီဝါကမေးသည်။ 'ဘာလဲ . . .၊ မင့်ကို အစောင့်တွေက ပြောပြထားသလား'

'ကျွန်မ အားလုံးကို မသိပါဘူး၊ အခုပြောသလောက်ပဲ သိတာပါ' ဟုပြောကာ ...န်းကလေးက တိုကီဝါဘက်လှည့်၍ ဦးခေါင်းတစ်ချက်ညွှတ်သည်။ 'ကျွန်မ သိထား... ...တစ်ခုပဲရှိပါတယ်။ သခင်မအတွက် လူမြင်မခံပဲ ပုန်းနေဖို့ကိစ္စဟာ အရေးကြီးတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့အချက်ပါ'

'မီးခိုးတွေထွက်နေတဲ့ သင်္ဘောကြီးတွေအကြောင်း နောက်ထပ် ဘာသတင်းတွေ ကြားသေးလဲ' ဟု တိုက်ဂီဝါက မေးသည်။ 'သူတို့ ယီဒိုကို ရောက်ကြပြီလား . . . ၊ မြို့ကိုတိုက်နေကြပြီလား'

မိန်းကလေး၏ မျက်နှာတွင် စိုးရိမ်ကြောင့်ကျမှုများ ဝင်လာပြန်သည်။ သူသည် အပြင်ဘက်စင်္ကြံလမ်းနှင့် ခန်းဆီးများသာခြားသော အခန်းကလေးထဲမှ စကားများကို အပြင်မှကြားသွားမည်ကို စိုးရိမ်ဟန်ရှိ၏။ သူသည် ခန်းဆီးများဘက် တစ်ချက်မျှ လှည့်ကြည့်ပြီး တိုက်ဂီဝါ၏အမေးကို နှစ်ကိုယ်ကြားလေသံဖြင့် အဖြေပေးသည်။

'ကမ်းရိုးတန်းဘက်က ရောက်လာတဲ့ ကောလဟာလ သတင်းတွေကတော့ အများကြီးပဲ၊ နိုင်ငံခြားသားလူရိုင်းတွေရဲ့ သင်္ဘောကြီးတွေဟာ လှော်တက်မပါ၊ လေ မရှိပဲနဲ့ အမြန်ပြေးနိုင်သတဲ့၊ ဒီရေအတက်အကျကိုလည်း ဂရုစိုက်စရာမလိုဘူး ..တဲ့'

'သူတို့ပြောနေကြတာကတော့ လူရိုင်းတွေဟာ စုန်းတွေ၊ ကဝေတွေ၊ မှော်ဆရာတွေတဲ့၊ လူတစ်ပိုင်း သားရဲတိရစ္ဆာန်တစ်ပိုင်းကောင်တွေ . . တဲ့၊ ကျွန်မတို့နဲ့ လုံးဝမတူဘူး . . တဲ့၊ သူတို့ရဲ့တန်ခိုးတွေကို သင်္ဘောကြီးတွေထဲ ပြောင်းပေးထားတယ် . . . တဲ့၊ သူတို့ဟာ တန်ခိုးတွေကို သူတို့နှစ်သက်သလို ထိန်းချုပ်လို့ရတယ် . . .တဲ့၊ ရွာတွေအားလုံးက ဘုရားကျောင်းတွေနဲ့ နတ်ကွန်းတွေထဲမှာ နေ့ရောညပါ ရွာသူရွာသားတွေရှိခိုး ပြည့်နေတယ် . . . ၊ သူရဲသဘက်လို သတ္တဝါကြီးတွေ လက်ထဲက လွတ်မြောက်အောင် ကယ်တင်ပေးဖို့ ဆုတောင်းနေကြတာ . . တဲ့'

'သူတို့ဘက်က ဝင်တိုက်ကြပြီတဲ့လား' ဟု တိုက်ဂီဝါက မေးသည်။

မိန်းကလေး၏ မျက်လုံးအစုံသည် ပြူးသွားပြီး ခေါင်းခါသည်။ 'အဲဒါကိုတော့ ကျွန်မ မသိဘူး . . .' ဟု ပြောသည်။

ထိုအခိုက်တွင် လသာဆောင်ဘက်မှ ရှိုဂျီခန်းဆီးများ ဆွဲဖွင့်သံကို ကြားလိုက်ရသဖြင့် မိန်းကလေးထံမှ လန့်၍အော်သံထွက်လာသည်။ ခန်းဆီးကိုဖွင့်၍ ဝင်လာသူမှာ အစောင့်အကြီးအကဲဖြစ်၏။ သူသည် အထဲသို့လျှင်မြန်စွာ ဝင်လာပြီး သူ့ဓါးမှ ဓါးရိုးကို ဆုပ်ကိုင်ကာ သူတို့နှစ်ယောက်အား ဒေါသတကြီးဖြင့် စူးစူးဝါးဝါးကြည့်နေသည်။

'မင့်တို့အနေနဲ့ ရှိုးဂန်းရဲ့အမိန့်တော် ထုတ်ပြန်ထားတာကို သိသင့်တယ်' ဟု အစောင့်အကြီးအကဲက ပြောသည်။ 'တိုင်းတစ်ပါးသား လူရိုင်းတွေရဲ့ သင်္ဘောနက်တွေ အကြောင်း အများပြည်သူတွေ မပြောရ၊ မဆိုရ၊ မဆွေးနွေးရလို့ ပိတ်ပင်ထားတယ်၊ ဒီအကြောင်းကို လုံးဝမပြောပဲ ပါးစပ်ပိတ် နှုတ်ဆိတ်လုပ်နေတာဟာ အကောင်းဆုံးပဲ'

သူသည် စကားကို ဆက်မပြောသေးပဲ ရပ်ထားပြီး တိုက်ဂီဝါဘက် လှည့်ကြည့်သည်။

'မင်းလည်း အချိန်ရှိသမျှ မှန်းနေမှဖြစ်မယ် . . . ၊ ရေချိုးသွားရင်လည်း လူခြေ တိတ်ချိန်ကျမှ တစ်ကိုယ်လုံး လုံအောင်ခြုံပြီးမှသွားပါ'

သူသည် အစေအပါးမိန်းကလေးအား လက်ပြ၍နှင်သည်။ မိန်းကလေးသည် အခန်းထဲမှ ကပြာကရာထွက်သွားပြီး ခန်းဆီးကို အသံမထွက်အောင် ပြန်ပိတ်ပစ်ခဲ့သည်။

'ကျွန်မကို ဒီနေရာမှာ ဘယ်လောက်ကြာကြာ ဆက်ထားဦးမှာလဲ . . ဂိုတာရို–ဆန်' ဟုတိုက်ဂီဝါက အစောင့်အား မေးတစ်ချက် ငေါ့၍မေးသည်။ 'ကျွန်မအနေနဲ့ အကျဉ်းသားတစ်ယောက်အဖြစ်မျိုးနဲ့ နောက်ထပ်ဘယ်လောက်ကြာကြာ နေရဦးမှာလဲ'

'မင့်လုံခြုံရေးအတွက် လိုအပ်သည်အထိတော့ နေရဦးမှာပဲ' သူသည် စကားကို ဆက်သေးပဲ ရပ်ထားလိုက်ပြီး တိုက်ဂီဝါအား စူးစူးရဲရဲစိုက်ကြည့်နေသည်။ သူ့အကြည့်တွင် ဆန္ဒရမ္မက်ပြင်းပြနေသည့် အရိပ်အငွေ့များ ထင်ဟပ်လျက်ရှိသည်ကို တိုက်ဂီဝါ သတိထားမိ၏။ 'ကျုပ်ကို ပေးထားခဲ့တဲ့အမိန့်ကတော့ မင်းသားတာနာကာ ပြန်ရောက်လာချိန်အထိ မင့်ကို ဘာမှမဖြစ်အောင် ကာကွယ်စောင့်ရှောက်ထားဖို့ပဲ တိုက်ဂီဝါ– ဆန်၊ ကျုပ်ကတော့ အဲဒီအတိုင်းပဲ လုပ်ရမှာပဲ'

တိုက်ဂီဝါသည် အစောင့်၏ မျက်နှာကို စိုးရိမ်ခြင်း မကင်းသည့် မျက်နှာထားဖြင့် ကြည့်နေသည်။ သူသည် သူ၏နောက်ဆုံးစကားများကို အလွန်အလေးအနက်ထားပြီး ပြောနေဟန်ရှိသည်ဟု တိုက်ဂီဝါထင်သည်။ 'မင်းသားတာနာကာ ဘယ်တော့လောက် ပြန်လာမယ်လို့ ရှင်ထင်သလဲ' ဟုမေးသည်။

'စစ်ဖြစ်နေချိန်မှာ ဘာကိုမှ အတိအကျပြောလို့ မရနိုင်ဘူး တိုက်ဂီဝါ–ဆန်'

တိုက်ဂီဝါသည် အသက်ကိုပင်မရှူပဲ ခဏမျှ အောင့်ထားလိုက်သည်။ 'ဒါဆိုရင် အဓိကစစ်ပွဲက စနေပြီလား'

ဂိုတာရိုသည် တိုက်ဂီဝါအား စေ့စေ့ကြည့်၍ အကဲခတ်နေသည်။ စိုးရိမ်မကင်းဖြစ်နေသော မျက်လုံးအစုံပိုင်ရှင်သည် ထူးထူးခြားခြား လှပနေသည်။ ခရီးပန်းလာခဲ့သည့် အရှိန်ကြောင့် တိုက်ဂီဝါသည် သူ့ကိုယ်သူ အလှမပြင်နိုင်သေး၊ ဆံစအခွေအလိပ်ကလေးများသည် အဖုံးအလွှမ်းမရှိသည့် လည်တိုင်ကြော့ကြော့တွင် ဝဲပျံနေသည်။

တိုက်ဂီဝါ၏ ကီမိုနိုမှာ ခရီးဝေးသွားခဲ့ရဖြင့် ယခုအချိန်ထိ ကြေမွနေဆဲ . . . ၊ တရုတ်ဂျို့နေရာများတွင် တွန့်လိမ်၍ စောင်းနေကြသည်ဖြစ်ရာ တိုက်ဂီဝါ၏ လှပသော ပခုံးတစ်ဖက်ကိုသာမက ရင်ဖုံးအတွင်းမှနေ၍ ရင်ညွန့်အလှကိုပါ မြင်နေရလေသည်။

'ကူရူဖူနီ' တွေဟာ ယီဒိုဘက်ကို နီးလာပြီလို့ ကျုပ် သတင်းကြားတယ်' ဟု အစောင့်ကပြောသည်။ 'ယောကိုဟားထောင်ပေါင်းများစွာဟာ ဒိုင်နီပွန်ကို သွေးမြေကျ

www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ဖို့ အဆင်သင့်ဖြစ်နေကြပြီး မင်းသားတာနာကာ ကိုယ်တိုင်ကလည်း စစ်ပွဲကို စွန့်ပစ်သွားမှာ မဟုတ်ဘူး'

အစောင့်သည် ရုတ်တရက်စကားကို မဆက်သေးပဲ တိုကီဝါအား စိုက်ကြည့်နေသည်။ 'တကယ်လို့ မင်းသားတာနာကာ ပြန်မလာရင် မင့်အနေနဲ့ ကြောက်စရာဘာမှမလိုဘူး တိုကီဝါ–ဆန်၊ သူ မရှိချိန်မှာ ကျုပ်ဟာ မင်းလုံခြုံရေးအတွက် တစ်ဦးတည်း တာဝန်ရှိရမယ့်လူပဲ'

တိုကီဝါ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ အစောင့်၏ စကားပြောပုံနှင့် စကားလုံးသုံးသွားပုံများသည် မရိုးမသားဟုပင် သံသယဝင်စရာရှိနေသည်။ သူသည် ရင်ဘတ်မှ ကွဲနေသော ကီမိုနိုအကျီစများကို ဆွဲစေ့လိုက်ကာ မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။ သူ့အပြုအမူကို မြင်ရသည့်အခါ အစောင့်ကပြုံးသည်။ သူသည် တိုကီဝါအားအလေးပြုလိုက်ပြီး ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

အစောင့်သည် ခန်းဆီးကိုဆွဲ၍ ပိတ်သွားသည်။ တိုကီဝါကတော့ အခန်း၏ အလယ်တည့်တည့်တွင် မတ်တပ်ရပ်လျက် ကျန်ရစ်သည်။ သူသည် ခြံဝင်းထဲမှ အသံဗလံများကို နားစွင့်လျက်ရှိ၏။ သူသည် မြင်းခွာသံများ၊ လူခြေသံများ၊ သံပတ်လက်နက်ပစ္စည်းများ၏ အသံများကိုကြားနေရ၏။

ထို့ပြင်လည်း ဝင်းခြံ၏အပြင်ဘက်ဆီမှ မြင်းခွာသံများ၊ စစ်လက်နက်ချင်၊ ထိခိုက်မိသံများ၊ ကူလီများ၏အော်သံများ၊ အမိန့်ပေးနေသံများကိုပါ ကြားနေရ၏။ သူကြားနေရသမျှ အသံတိုင်းတွင် သောကရိပ်နှင့်မကင်း . . . ။ သူကိုယ်တိုင်ကလည်း အတွေးပေါင်းများစွာဖြင့် စိတ်လှုပ်ရှားလျက်ရှိနေသည် မဟုတ်ပါလား . . . ။ သူသည် ပိတ်ထားသည့်ခန်းဆီး၏ အစွန်းတစ်ဖက်သို့ ခြေသံမကြားအောင် လျှောက်လာခဲ့သည်။

ပထမတော့ သူသည် ချက်ခြင်း မဆုံးဖြတ်နိုင်၊ အတန်ကြာတော့မှ သူ့ညာဘက်လက်ညှိုးဖြင့် အပေါက်လေးတစ်ပေါက် ထိုးဖောက်လိုက်သည်။ သူသည် ထိုအပေါက်မှနေ၍ အပြင်သို့ချောင်းကြည့်သည်။ လက်နက်ကိုင်စစ်သားအများအပြားသည် ယီဒိုသို့ သွားရာ အရှေ့ဘက်သို့ ဦးတည်ပြီး ချီတက်နေကြသည်။

စစ်သားများနှင့်ဆန့်ကျင်ဘက်ဆီသို့ စီးသွားနေသည့် လူရေစီးကြောင်းတွင် လမ်းတလျှောက်ရှိ မြို့များနှင့် ကျေးရွာများမှ အရပ်သားများနှင့် လယ်သမားများ ပါဝင်သည်။ အများစုမှာ ထမ်းလာ၊ ရွက်လာသည့် ဝန်ထုပ်ဝန်ပိုးများကို မနိုင်ကြ၊ ဒယီးဒယိုင်နှင့် ဒရွတ်သီထိုးဖြစ်လျက်ရှိကြ၏။ ကလေးသူငယ်များမှာ ကြောက်လန့်တကြားဖြစ်ကာ သူတို့မိဘများအား အတင်းဖက်တွယ်ထားကြသည်။ အချို့သော အုပ်စုများသည် သွားလာနေရာမှရပ်ကာ နောက်သို့လှည့်၍ ကောင်းကင်ဆီသို့ မျှော်ကြည့်နေကြသည်။

ပွဲကို့နောက်မှ မကောင်းဆိုးဝါးတွေ လိုက်လာမည်ကိုစိုး၍ သောကကြီးစွာဖြင့် မျှော်ကြည့်နေကြသည့်ပုံမျိုး ဖြစ်လေသည်။

ထိုလူတန်းကြီး၏ တစ်ဖက်တွင် ဖူကျိတောင်သည် ပတ်ဝန်းကျင် ရေမြေတောတောင်များ၏ ရှုခင်းအားလုံးကို အုပ်မိုးထားသည်။ ယီဒိုမှပြေးလာသည့် သူ့အား ဖူကျိတောင်က ကြို၍ ထွေးပိုက်ထားသည့်နှယ် ခံစားနေရသည်။ သူ့အနေဖြင့် ကြောက်လန့်တကြားဖြစ်နေသော အသံများကိုသာ ကြားနေရ၏။ သူကိုယ်တိုင်မှာလည်း ရွာတစ်ရွာ၏ ငြိမ်းချမ်းသာအတွင်း၌ အကျဉ်းသားတစ်ယောက်သဖွယ် ဖြစ်နေရ၏။ သို့သော်လည်း ကြောက်စရာအကောင်းဆုံး အချိန်ကာလမှာပင် သူချစ်သော ဖူကျိ–ဆန်သည် သူ့အား ပေးသောကြည်နူးခြင်းကို ပေးစွမ်းနိုင်ဆဲပင် . . .။

သူသည် ခန်းဆီးပေါက်ကလေးမှနေ၍ ဖူကျိ–ဆန်အား မျက်စိတစ်ဖက်တည်းဖြင့် ချောင်းကြည့်နေရသည်ကို အားမရ၊ သို့တစေလည်း သူ့ရင်ထဲမှာကတော့ ဤမျှလောက်ကလေးမြင်လိုက်ရသည့်အတွက် ကြည်နူးခြင်းကိုသာမက စိတ်အေးချမ်းခြင်းကို ရရှိထားနေရသည်မှာ အမှန် . . . ။

သူသည် ဖူကျိ–ဆန်အား မိနစ်အနည်းငယ်ကြာသည်အထိ ကြည့်နေပြန်သည်။ ထို့နောက် သူသည် ဒူးထောက်၍ထိုင်ချလိုက်ကာ ဖူကျိ–ဆန်ဘက်လှည့်ပြီး ဦးခေါင်းငုံ့လိုက်သည်။ ဖူကျိ–ဆန်မှတဆင့် တန်ခိုးကြီးသော နတ်ဘုရားများအား တိုင်တည်သည်။ နတ်ဘုရားများအနေဖြင့် မိမိတို့၏ အင်ပါယာဧကရာဇ်ဘုရင်နှင့်တကွ နိပွန်လူမျိုးအားလုံးအား တိုင်းတစ်ပါးသားလူရိုင်းများ၏ စစ်သင်္ဘောများ၏ အန္တရာယ်မှ အကာအကွယ်ပေးပါရန် တိုင်တည်သည်။

ထို့ပြင်လည်း သူ့မိသားစု အသက်ဘေးအန္တရာယ် လွတ်မြောက်ရေးနှင့် မင်းသားတာနာကာတစ်ယောက် ဘေးမသီ ရန်မခပဲ ပြန်ရောက်လာပြီး မိမိအား အကျဉ်းသားဘဝမှ ကယ်တင်နိုင်ပါစေဟုလည်း ဆုတောင်းသည်။ နောက်ဆုံးအနေဖြင့် သူ့အား အစောင့်တို့၏ အကြီးအကဲဖြစ်သော ဂိုတာရို၏ ရန်မှ ကယ်တင်ပေးရန်နှင့် အခုလို မြေအနေအရပ်ရပ် ရှုပ်ထွေးနေချိန်တွင် ဂိုတာရိုက မိမိအား မုဒိမ်းမကျင့်ရန် သို့မဟုတ် သတ်ဖြတ်ရန် ကာကွယ်ပေးဖို့ကိုပါ ဆုတောင်းသည်။

'တကယ်လို့သာ ဖူကျိရဲ့ မြင့်မြတ်တဲ့ ကာမိ က တပည့်တော်ရဲ့ လှို့ဝှက်တဲ့ ဆုတောင်းမှုတွေကို အရေးတယူပြုခဲ့မယ်ဆိုရင် တပည့်တော်မအနေနဲ့ ကာမိ က တပည့်တော်မနဲ့ ထိုက်တန်တယ်လို့ ယူဆသတ်မှတ်ပေးတဲ့ ဘယ်လိုယောကျာ်းမျိုးကိုမဆို တာဝန်သိသိ သစ္စာရှိရှိနဲ့ ချစ်ခြင်းမေတ္တာကို ပေးအပ်ပါတယ်လို့ တပည့်တော်မ သစ္စာဆိုပါတယ်။ ပြီးတော့လည်း တပည့်တော်မရဲ့ ဘဝတလျှောက်လုံး သူ့ဆန္ဒတွေနဲ့အညီ သစ္စာရှိစွာနေထိုင်ပြီး အလုပ်အကျွေး ပြုသွားပါမယ်' ဟု တိုးတိုးလေး သစ္စာဆိုခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

သူ့ဆုတောင်းမှုကို အဆုံးသတ်လိုက်လေသည်။

တိုက်ကီဝါသည် ခန်းဆီးဘေး၌ မျက်လုံးများကို စုံမှိတ်ကာ ဒူးထောက်၍ ထိုင်နေဆဲ၊ သူသည် သူ့စိတ်အာရုံအတွင်းသို့ ယီဒိုပင်လယ်ကွေ့ ရှုခင်းမြင်လာအောင် အားထုတ်သည်။ သူ့စိတ်အာရုံသည် အမဲရောင် ပိရမစ်ကြီးများနှင့်တူသော အလွန်ကြီးမားသည့် **ကူရှုဖူနီ** ကြီးများစွာကို မြင်နေရ၏။

ကူရှုဖူနီကြီးများဆီမှ နက်မှောင်သော မီးခိုးလုံးကြီးများသည် တလိပ်လိပ်တက်လာနေကြသည်။ ယင်းမီးခိုးလုံးကြီးများသည် ပြင်းထန်စွာ လှုပ်ရှားနေကြသည့် လှိုင်းလုံးကြီးများကဲ့သို့ပင် ကမ်းခြေတစ်လျှောက်၌ ရွေ့လျားနေကြသည်။ လူ့ဘီလူးကြီးများနှင့်တူလှသော လူစိမ်းများသည်လည်း သားမွေးဝတ်စုံများကိုဝတ်ကာ လှုပ်ရှားနေကြသည်။

လေထဲတွင် ထူးဆန်းသော နိုင်ငံရပ်ခြားဘာသာစကားများ လွင့်မျောနေသည်။ ထို့နောက် နားကွဲမတတ် ကြီးမားပြင်းထန်သည့် အမြောက်သံများ . . . ။ ကမ်းပေါ်တွင် ဖြူဖွေးနေသော မီးခိုးလုံးများသည် ကျရောက်ကာ ပြေးသွားနေကြသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတို့၏ မယုံကြည်နိုင်လောက်အောင် ကြီးမားသည့် စွမ်းပကားကို မြင်နေရ၏။

သတ္တိအလွန်ကောင်းပြီး ရဲရင့်သော နိပွန်လုံ့ကိုင်စစ်သည်တော်များနှင့် မတ်စကက်သေနတ်ကိုင်စစ်သည်တော်များသည် ပင်လယ်ကွေ့ရေပြင်တွင်းသို့ဆင်း၍ ကူးခတ်သွားနေကြသည်။ ရေသည် သူတို့၏ရင်ခေါင်းကို ထိနေကြသည်ဖြစ်ရာ သူတို့အားလုံး လက်နက်များကို ခေါင်းများအထက်တွင် မြှောက်ထားကြသည်။ သို့သော်လည်း သူတို့အနားမှကပ်၍ ခုတ်မောင်းသွားကြသော **ကူရှုဖူနီ** များက သူတို့၏ကြီးမားသော အရှိန်ဖြင့် နိပွန်စစ်သည် ရာပေါင်းများစွာအားဆွဲယူပြီး ရေထဲသို့ နှစ်ပစ်ကြသည်။

ကြောက်စရာကောင်းလှသည့် ထိုရုပ်လွှာများကြောင့် တိုက်ကီဝါသည် မှိတ်ထားသည့် မျက်စိများကို ပြန်ဖွင့်လိုက်သည်။ သူ့စိတ်ကူးအာရုံထဲ၌ ဖြည်းဖြည်းချင်းကွယ်ပျောက်လုနီးပါးဖြစ်နေသော အရာများသည် ဖြုန်းခနဲ ပျောက်သွားသည်။ သူသည် မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်အထိ ဒူးထောက်၍ ထိုင်နေရာမှ မထ . . . ။ ရိပ်သာ၏အပြင်ဘက်လမ်းပေါ်မှ အဆက်မပြတ်လျှောက်သွားနေသော ခြေသံများကို အမှတ်တမဲ့ နားစွင့်နေမိ၏။

ထို့နောက် သူ့စိတ်သည် မြို့တော်ဆီသို့ ရောက်သွားသည်။ အခုအချိန်တွင် မြို့တော်တွင်း၌ ဘာတွေများဖြစ်နေမလဲဟု တွေးနေမိသည်။ သူသည် ဦးခေါင်းကို ပြန်ငုံ့ကာ လေသံတိုးတိုးဖြင့် သူလိုချင်သည့် ဆုများကို ထပ်ခါတလဲလဲ တောင်းလျက်ရှိလေသည်။

(၇)

'ထိုးချ' ဟု ရေဘာတ်အီဒင်က အော်၍အမိန့်ပေးသည်။

'မိမိရရထိုး'

စက္ကင်းလက်ဖတင်နင်ရေဘာတ်အီဒင်သည် ကမ်းခြေစောင့်လှေများပေါ်မှ ညာသံ ...ပြီး ဆတ်စ်ကွီဟန်နာ သင်္ဘောနံရံကို တွယ်ဖက်၍ တက်လာနေကြသော လန်ကွတ် ...ဂီဝတ် ဂျပန်များအား စောင့်ကြည့်နေသည်။ ဤအုပ်စုမှာ အသစ်တက်လာနေသော ...ပူစုဖြစ်သည်။ သူတို့သည် စောစောကလိုပင် ကုန်းပတ်ပေါ်ရောက်ရန် ထပ်မံ၍ အား...ယုဟ်နေကြခြင်းဖြစ်သည်။ အမေရိကန်အမြောက်တပ်သားများကလည်း စောစောက ...ပိုင်းပင် တက်လာနေကြသော ဂျပန်တို့၏လက်များနှင့် လက်မောင်းများကို လှံများဖြင့် ...ပိုးဆွကာ ရေထဲသို့ပြန်ကျသွားအောင် မောင်းချလျက်ရှိလေ၏။

ယခုအခါတွင် အမေရိကန်စစ်သင်္ဘောလေးစီးသည် ငြိမ်ဆိတ်လျက်ရှိသော ...ပင်လယ်အော်ရေပြင်ထက်၌ ကျောက်ဆူးများချကာ အနိုင်အမာ ရပ်ထားခဲ့ပြီးဖြစ်ရာ ...ဂျပန်တို့အတွက် ပို၍လွယ်ကူသော ပစ်မှတ်များ ဖြစ်နေခဲ့လေပြီ။

သင်္ဘောတစ်စီးချင်း၏ ပတ်ပတ်လည်တွင် ကမ်းခြေစောင့်တပ်လှေ တစ်ဒါဇင် ...ကို့စီဝိုင်းရံလျက်ရှိ၏။ ကျန်လှေများကမူ ခပ်လှမ်းလှမ်းမှနေ၍ ရေပြင်ပေါ်၌ ဝိုင်းကြီး ...ဖတ်လည် ပြုလုပ်ကာ သူတို့လူများ၏ သင်္ဘောများပေါ်တက်ရန် အားထုတ်မှုများကို ...စောင့်ကြည့်နေကြသည်။

'ခုခံတိုက်ခိုက်ဖို့အတွက် ကုန်းပတ်တွေကို ရှင်းထား' ဟူသော အမိန့်သည် ...နစ်အနည်းငယ်ကြာမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်၏။ အပြာရောင်ဂျက်ကတ်အင်္ကျီဝတ် ...ရိန်းတပ်သားများနှင့် ရိုးရိုးသင်္ဘောသားအားလုံးသည် ရန်သူများ တက်လာနိုင်ဖွယ်ရာ ...သည့် နေရာတိုင်းတွင် နေရာယူထားကြသည်။ သူတို့သည် ကာဘိုင်သေနတ်များ၊

www.burmeseclassic.com

www.burmeseclassic.com

လုံကြီးများ၊ သင်္ဘောသားကိုင် ဓါးရှည်ကြီးများနှင့် ပစ္စတိုများကို ကိုင်ဆောင်ထား ကြလေသည်။

သူတို့သည် ဓါးများကိုဝင့်၍ လုံများကိုမြှောက်ကာ သေနတ်များဖြင့်ချိန်၍ တက်လာနေသည့် ဂျပန်ကမ်းခြေစောင့် တပ်သားများအား ဆီး၍တားရန် အော်ကာ ဟစ်ကာ အားထုတ်နေကြသည်။ အချို့အားကောင်းမောင်းသန် ဂျပန်များသည် ကျောက်ဆူး ကောဘယ်ကြိုးကြီးများကို တွယ်၍တက်လာနေကြသည်။ တချို့ကတော့ သင်္ဘောဦးနံရံတွင်ချိတ်ထားသည့် ကျောက်ဆူးနှင့်ဆက်ထားသော ချိတ်ကြိုးများကို အားပြုကာ တက်ကြသည်။ သို့သော်လည်း ယင်းကြိုးများကို ဓါးများဖြင့် ခုတ်ဖြတ်ခြင်း သို့မဟုတ် ဖြုတ်ချလိုက်ခြင်း စသည်တို့ကြောင့် တက်လာနေသူအားလုံး ရေထဲသို့ ကျွမ်းပျံ၍ ကျကုန်ကြသည်။ မည်သို့ပင်ဖြစ်စေ ကမ်းခြေစောင့်တပ်မှ ဂျပန်များသည် အရှုံးပေး မသွားကြချေ။

အီဒင်သည် ဒုတိယမြောက်အုပ်စု တက်လာနေသည်ကိုကြည့်ကာ သူ့လူများအား အမိုင်အမာ နေရာယူထားဖို့ အမိန့်ပေးသည်။ ဂျပန်တို့၏အော်သံမှာ စောစောက လူများထက် ပို၍ကျယ်လောင်လာသည်။ သူသည် ထိုးချ၍ ရနိုင်မည့်အကွာအဝေး ရောက်လာအောင် စောင့်ကြည့်နေပြီးမှ လိုအပ်သည့် အမိန့်ကိုပေးသည်။ သူ့လူများကလည်း ကျင်လည်စွာဖြင့် တက်လာသူအားလုံးကို ထိုးချကြသည်။

အရပ်ခပ်ပုပုနှင့် သန်မာတောင့်တင်းလှသော ဂျပန်တစ်ယောက်သည် သင်္ဘောကိုယ်ထည်ထိပ်သို့ အောင်မြင်စွာ ရောက်လာခဲ့သည်။ သူသည် ကုန်းပတ်ပေါ်သို့ ခုန်ချရန်တာစုလျက်ရှိ၏။ ထိုအခိုက်တွင် တောင့်တင်းသန်မာလှသော အမြောက်တပ်သား သုံးဦးက ထိုဂျပန်အား ဖမ်းယူချုပ်ကိုင်ကာ ရေထဲသို့ ပစ်ချသည်။ ဂျပန်သည် ယက်ကန် . . .ယက်ကန်ဖြစ်ကာ ရေထဲသို့ ပြန်ကျသွားလေ၏။

ခဏမျှအကြာတွင် တတိယလူစု ညာသံပေး၍ တက်လာကြပြန်သည်။ ဤအုပ်စုမှာလည်း အပေါ်မှ အစွမ်းကုန်ခုခံမှုကြောင့် ကုန်းပတ်ပေါ်မရောက်ပဲ . . . ခြေကားယားလက်ကားယားဖြင့် ပြန်ကျလာကြသည်။ အောက်ဖက်လှေများဆီမှ ဒေါသတကြီး အော်သံများသည် တိုး၍ တိုး၍ ဆူညံလာသည်။

'တကယ်လို့ သူတို့ဘက်က အစွမ်းကုန်တိုက်ကြမယ်လို့ ရည်ရွယ်ချက် ရှိထားရင် အားလုံးဟာ အလွန့်ကို မသက်သာစရာတွေနဲ့ ရင်ဆိုင်ကြရဖို့ရှိတယ်' ဟု အီဒင်ဘေးနားရှိ အမေရိကန်တစ်ဦးထံမှ ထင်မြင်ချက်ထွက်လာသည်။ 'ကျုပ် တွက်လို့ရတာကတော့ သူတို့လူစုဟာ သန်းပေါင်းများစွာရှိနေတာပဲ။ ရာဂဏန်းလောက်သာရှိတဲ့ ကျုပ်တို့ကို ဘယ်ဂရုစိုက်မှာလဲ'

အီဒင်က ဖျတ်ခနဲ လှည့်ကြည့်သည်။ ဆင်မြူရယ် အမ်းစထရောင်းပေတည်း။ သူသည် တရုတ်နိုင်ငံ ခရစ်ယာန်သာသနာပြုအဖွဲ့မှ အတွေ့အကြုံများလှပြီဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ သင်္ဘောများနှင့်ဟောင်ကောင်၌ ဆုံမိခဲ့ရာမှ ကွန်မိုဒိုပါရီ၏ မေတ္တာရပ်ခံချက်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ သူသည် အာရှ၌ ဂျပန်ဘာသာစကားကို ကောင်းစွာတတ်ကျွမ်းသည့် တစ်ဦးတည်းသော အမေရိကန်ဖြစ်သဖြင့် ကွန်မိုဒိုပါရီက ရမက ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ဟောင်ကောင်မှ ထွက်လာကတည်းက ဆင်မြူရယ်အမ်းစထရောင်းသည် ကွန်မိုဒိုဘေး၌ အထူးတစ်နေရာ ရထားခဲ့သူဖြစ်၏။ လမ်းခရီးတစ်လျှောက်လုံး သူ့ကို မြင်ရတွေ့ရသည်မရှိ။ ကွန်မိုဒို၏အနားမှ တစ်ဖဝါးမခွာနေခဲ့သူက ယခုကျခါမှ အန္တရာယ် ကွက်ကွင်းထဲဝင်လာသဖြင့် အီဒင်မှာ များစွာအံ့အားသင့်နေသည်။

'ကိုယ့်နေရာကိုယ် ချက်ခြင်းပြန်သွားရင် လူကြီးမင်းဟာ အန္တရာယ်က ကင်းလွတ်ရှိပါတယ်' ဟု ရေဘာတ်အီဒင်က ပြောသည်။ 'ဒီနေရာမှာ လာနေရင်တော့ စိတ်ချမ်းသာစရာ ရှိမယ်မထင်ပါဘူး'

ရေဘာတ်အီဒင်၏ စကားသည် သူ့အတွက် အရေးကြီးသည်ကို ဆင်မြူရယ် အမ်းစထရောင်း နားလည်သည်။ နှစ်ဦးစလုံးသည် သင်္ဘောများပေါ် တက်ရောက်ရေးနှင့် အတက်မခံရေး ဟူသောမူဝါဒနှစ်ခုကြောင့် များစွာရှုပ်ထွေးနေရ၏။ မည်သို့ပင်ဖြစ်စေ ဤကိစ္စသည် မကြာခင် ပြေလည်သွားစရာရှိနေသည်ဟု နားလည်ထားကြသည်။

'မဟုတ်သေးဘူး – လက်ဖတင်နင်' ဟု အမ်းစထရောင်းက ရှင်းပြသည်။ 'ကျုပ်တို့ကို ရောက်လာတာဟာ ကွန်မိုဒိုပါရီရဲ့ အမိန့်ကြောင့်ပါ' သူသည် ပြောပြောဆိုဆို အောက်ဖက်မှ လှေတစ်စီးကို ညွှန်ပြနေသည်။ 'အဲဒီလှေကိုကြည့်ရတာ အခွင့်လမ်းကောင်းတစ်ခု ပေါ်လာဖွယ်ရှိတယ်လို့ ကွန်မိုဒိုပါရီက ယူဆနေပါတယ်။' အဲဒီလှေနဲ့ ဆက်သွယ်ရင် အလားအလာကောင်းတွေ အများကြီး ရှိလာနိုင်လိမ့်မယ်လို့ သူက ယုံကြည်နေတယ်

အီဒင်သည် အမ်းစထရောင်း လက်ညှိုးထိုးပြနေသော လှေကိုလှမ်းကြည့်သည်။ ထိုလှေပေါ်မှ စာလိပ်တစ်လိပ် ဖြန့်ပြထားသည်ကို မြင်နေရ၏။ ထိုစာကို ပြထားသူမှာ အစိမ်းရောင်ဝတ်ရုံကြီးကို ဝတ်ထားသည့် အရာရှိကြီးပင်ဖြစ်၏။

'ဒီတစ်ခါတော့ ဒတ်ချ်ဘာသာနဲ့ မဟုတ်တော့ဘူး၊ ပြင်သစ်ဘာသာနဲ့' ဟု အမ်းစထရောင်းက ပြောသည်။ 'စာကတော့ သင်္ဘောတွေကို အမြန်ဆုံး ဆုတ်ပါ အခြားသင်္ဘောတွေ ဒီနေရာမှာ ကျောက်ဆူး မချရဘူးလို့ အမိန့်ထုတ်ထားတာပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com

အမ်းစထရောင်းသည် ပြောပြောဆိုဆိုနှင့်ပင် လက်နှစ်ဖက်ကို မြှောက်၍ တွေ့ယမ်းပြလေသည်။ သူတို့ပြောသည့် စကားများကို မိမိတို့ဘက်မှ နားလည်ကြောင်း၊ သူတို့ပြောသည့်စကားကို မိမိတို့လက်မခံကြောင်း ပြောပြလိုသည့် သဘောများပါသည်။ ထိုအခိုက်မှာပင် ကမ်းခြေစောင့်တပ်လှေမှ လှေတစ်စီးသည် သင်္ဘောဆီသို့ ချဉ်းကပ်လာသည်။

'ကျုပ် ဒတ်ချ်ဘာသာစကားပြောနိုင်တယ်' ဟူသော အသံသည် အင်္ဂလိပ်ဘာသာစကားဖြင့် ဟာနီဝါရာတိုကူမာ ထံမှထွက်ပေါ်လာသည်။ သူသည် ဝတ်ရုံစိမ်းစိမ်းကို ဝတ်ထားသူ၏ ဘေးမှထရပ်လာသူဖြစ်သည်။ 'ခင်ဗျား ဒတ်ချ်ဘာသာစကားကို နားလည်သလား'

'ပြောစရာရှိတာ ပြောပါ' ဟု အမ်းစထရောင်းက ဒတ်ချ်ဘာသာဖြင့် ပြန်ပြောသည်။ 'ကျွန်တော် ဒတ်ချ်ဘာသာစကားကို ဂျပန်စကားထက် ပိုပြီးနားလည်တယ်'

'ကျုပ်တို့ကို သင်္ဘောပေါ် တက်ခွင့်ပြုပါ' ဟု စကားပြန်က ပြန်ပြောသည်။

'ကျုပ်တို့မှာ အရေးပါအရာရောက်တဲ့ အရာရှိတစ်ဦးပါလာတယ်။ ကျုပ်တို့ကို တလေးတစားလက်ခံဖို့ ကြိုတင်ပြင်ဆင်ကြစေချင်ပါတယ်'

အမ်းစထရောင်းက အီဒင်အား လှမ်းကြည့်သည်။ အီဒင်က ပြန်၍ကြည့်သော်လည်း စောစောကပြောလိုက်သည့် ဒတ်ချ်စကားများကို သူ နားမလည်။

'ကျွန်တော်တို့အနေနဲ့ အခုလောလောဆယ် ပဋိပက္ခမဖြစ်အောင် ရှောင်လို့ရနိုင်တယ် . . .' ဟု အမ်းစထရောင်းက ရေရွတ်သည်။

'ကျုပ်တို့ကို သင်္ဘောပေါ်တက်ခွင့်ပြုပြီး စကားပြောခွင့်ပေးပါ' ဟု စကားပြန်က ထပ်ပြောပြန်သည်။ 'ကျုပ်တို့ကို လက်ခံဖို့ ကြိုတင်ပြင်ဆင်မှု လုပ်ပေးကြပါ'

'ကျွန်တော်တို့က ခင်ဗျားတို့ကို ဆီးကြိုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး' ဟု အမ်းစထရောင်းက ပြန်အော်ပြောသည်။ 'ကျွန်တော်တို့ရဲ့အကြီးအကဲဟာ ကျွန်တော်တို့နိုင်ငံမှာ အမြင့်ဆုံးရာထူးရှိသူပါ။ သူဟာ ကျွန်တော်တို့နိုင်ငံသမ္မတကို ကိုယ်စားပြုပါတယ်။ ကျွန်တော်တို့သမ္မတဟာ ခင်ဗျားတို့ရဲ့ အင်ပါယာဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ အဆင့်အတန်း အတူတူပါ။ အဲဒါကြောင့်မို့လည်း ကျွန်တော်တို့အကြီးအကဲအနေနဲ့ ခင်ဗျားတို့ နိုင်ငံက နိမ့်ပွန်တွေရဲ့ အမြင့်ဆုံးနဲ့ အထက်တန်းကျဆုံးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့သာ စကားပြောမှာပါ'

အီဒင်သည် ဂျပန်စကားပြန်နှင့် အမ်းစထရောင်းတို့ အပြန်အလှန်ပြောနေကြသည်များကို အသက်ပင် မှန်မှန်မရှူနိုင်ပဲ နားထောင်လျက်ရှိသည်။ မမြင်နိုင်သော အချက်ပေးမှုတစ်ခု ပြထား၍လားမသိ။ ကမ်းခြေစောင့်တပ်မှ ဂျပန်များသည် ဦးစီးသင်္ဘော

ပေါ်တက်ရန် နောက်ထပ် အားမထုတ်ကြတော့ပေ။

ထိုအဖြစ်ကို မြင်နေကြသော အမြောက်တပ်သားများသည် သင်္ဘောလက်ရန်းတန်းများအနီး၌ ရပ်နေကြသေးသော်လည်း လုံများနှင့်အခြားလက်နက်များကို ကြိုတင်ပြင်ဆင်ခြင်း မပြုကြတော့ပေ။ သူတို့အားလုံး မျက်စိများကိုဖွင့်၍ နားများကိုသာစွင့်နေကာ သာသနာပြုနှင့်ဂျပန်တို့၏ အရိပ်အခြည်ကို အကဲခတ်နေကြသည်။

ဒီလှေပေါ်မှာ ယူရာဂါပြည်နယ် ဒုတိယဘုရင်ခံချုပ် ပါလာပါတယ်' ဟု ဂျပန်စကားပြန်က သူ့ဘေးမှ အစိမ်းရောင်ပိုးသားဝတ်စုံဝတ်ထားသည့် ခက်ထန်တင်းမာသော မျက်နှာပိုင်ရှင်အား လက်ညှိုးထိုးပြနေပြီး ပြန်ပြောသည်။ 'ဒုတိယဘုရင်ခံအား လက်ခံပြီး တွေ့ဆုံဖို့လုံလောက်တဲ့ ရာထူးဖြစ်မှာပါ'

အမ်းစထရောင်းသည် အောက်ဖက်ရှိလှေမှ လူများအား ငုံ့ကြည့်သည်။ 'ဒီသင်္ဘောတွေကို အုပ်ချုပ်လာတဲ့ ဗိုလ်ချုပ်ဟာ ပြည်တွင်းမှာ အမြင့်ဆုံးရာထူးကို ရထားတဲ့ပုဂ္ဂိုလ်ပါ' ဟု အော်ပြောသည်။ 'သူ့အနေနဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးထက် ရာထူးနိမ့်နိမ့်သူနဲ့ တွေ့လိမ့်မယ် မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ လုံခြုံရေးအတွက် အခုရောက်နေတဲ့အဖွဲ့ကို ကမ်းခြေဘက် ချက်ခြင်းပြန်ခေါ်သွားစေချင်ပါတယ်'

ဂျပန်အရာရှိများသည် အကြံရခက်သွားဟန်တူ၏။ သူတို့ချင်း ခေါင်းချင်းဆိုင်၍ ဆွေးနွေးတိုင်ပင်လျက်ရှိကြသည်။ သူတို့အရိပ်အကဲကို မျက်ခြည်မပြတ် ကြည့်နေသော အမ်းစထရောင်းက အီဒင်အား လှမ်းကြည့်သည်။

'အလုပ်ဖြစ်ပြီလို့ထင်တယ် . . လက်ဖတင်နင်' ဟု သူက လေသံတိုးတိုးဖြင့် ပြောသည်။ 'ခင်ဗျားတို့ရဲ့ ကွန်မိုဒိုက သိပ်ခေါင်းမာတယ်။ နိုင်လိုမင်းထက်ပြုချင် ပြုချင်တတ်တဲ့ လူတစ်ယောက်'

အခု ကစားနေတဲ့ပွဲတွေဟာ အန္တရာယ်မများဘူးလား . . မစ္စတာအမ်းစထရောင်း' အီဒင်က အောက်ဖက်ရှိ ရေထဲတွင် ရှိနေသော လှေများကို တစ်ချက် ငုံ့ကြည့်ပြီး ပြောလိုက်သည်။ 'ကျွန်တော်တို့က ရန်လိုတဲ့လုပ်ရပ်တွေ အများကြီး ပြခဲ့ပြီးပြီ၊ မလိုလားတဲ့ သွေးမြေကျမှုတွေ ဖြစ်မလာအောင် အမြော်အမြင်ကြီးကြီးနဲ့ စကားပြောကြရင် ကောင်းမပေဘူးလား'

ကမ်းပေါ်မှ မောင်းသံများနှင့် ဗုံသံများသည် တိုး၍ကျယ်လာသည်။ ဘုရားကျောင်းများနှင့် နတ်ကွန်းများဆီမှ ခေါင်းလောင်းသံများမှာလည်း အဆက်မပြတ် ထွက်ပေါ်လာသည်။ ကမ်းခြေစောင့်တပ်သားများက စစ်သင်္ဘောများအပေါ် ဆန့်ကျင်ပြီး အော်လိုက်သည့် ကြွေးကြော်သံများသည် တခဲနက်ထွက်ပေါ်လာနေဆဲ . . . ။

'မကြာသေးခင် နှစ်တွေအတွင်းက ဂျပန်သင်္ဘောဆိပ် တစ်ခုခုကို ဝင်ကပ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသင်္ဘောတိုင်းဟာ အခုလိုပဲ ကြိုဆိုတဲ့ သဘောမပါပဲနဲ့ ဂျပန်တွေ တက်လာ တတ်ကြတယ် . . . လက်ဖတင်နင်' ဟု အမ်းစထရောင်းက မြော်သည်။ 'သူတို့က သင်္ဘောအရာရှိတွေကို တွန်းလား ထိုးလားလုပ်တယ်။ အရှက်ကွဲအောင် ပြောဆို ဆက်ဆံတာ ခံရတယ်။ သင်္ဘောကမ်းကပ်ခွင့်ကိုလည်း မပေးဘူး။ ကျွန်တော်တို့အနေနဲ့ အဲသလိုအတွေ့အကြုံမျိုးကို မရချင်ဘူး . . . အဲဒါပဲ'

' အကောက်ဌာနက လူတွေအနေနဲ့ ဝင်လာသမျှ သင်္ဘောတွေ အားလုံးကို စစ်ဆေးကြတာပဲ။ အဲဒါဟာ နိုင်ငံတိုင်းက လုပ်လေ့ရှိတဲ့ အလုပ်ပါ' ဟု အီဒင်က အေးအေးသာသာ ပြန်ပြောသည်။ 'ဂျပန်တွေအနေနဲ့လည်း သင်္ဘောပေါ်တက်ခွင့်ကို တောင်းပိုင်ခွင့်ရှိတာပဲ မဟုတ်လား'

'လက်ဖတင်နင်ပြောတဲ့အထဲမှာ ကျိုးကြောင်းဆီလျော်မှု ရှိတန်သလောက် ရှိပါတယ်' ဟု အမ်းစထရောင်းက စကားစသည်။ ထိုခဏမှာပင် ဂျပန်စကားပြန်သည် ထိုင်နေရာမှ နောက်တစ်ကြိမ် ပြန်ထလာသည်ကို မြင်လိုက်ရသဖြင့် ပြောလက်စ စကားကို မဆက်သေးပဲ ရပ်ထားလိုက်သည်။ စကားပြန်က လက်မြှောက်ပြလျက် ရှိသဖြင့် အမ်းစထရောင်းက ငုံ့ကြည့်သည်။

'ကျွန်ုပ်တို့ဘက်က အကြံပြုစရာ တစ်ခုရှိပါတယ်' ဟု စကားပြန်ဟာနိဝါရာက ဒတ်ချ်ဘာသာဖြင့် လှမ်းပြောသည်။ 'အဆင့်အမြင့်ဆုံး အမေရိကန်အရာရှိကြီးအနေနဲ့ ယူရာဂါဒုတိယဘုရင်ခံကို လက်ခံတွေ့ဆုံဖို့အတွက် သူ့လက်အောက်က အဆင့်တူ အရာရှိတစ်ဦး ရွေးချယ်ပေးသင့်တယ်လို့ ထင်ပါတယ်'

အမ်းစထရောင်းသည် တစ်ခဏမျှငိုင်၍ စဉ်းစားနေသည်။ ထို့နောက် သူ့ခေါင်းကို တစ်ချက်မျှ ငြိမ့်လိုက်သည်။ ကျုပ်ရဲ့ အထက်အရာရှိကြီးဆီသွားပြီး ဒီအချက်ကို တင်ပြပါမယ်၊ မကြာခင်ပြန်လာပြီး သူ့မေးတဲ့အဖြေကို ပြောပြပါမယ်'

အမ်းစထရောင်းသည် နောက်သို့လှည့်ကာ အောက်ဖက်ရှိလှေများထဲမှ ဂျပန်များ မမြင်နိုင်လောက်သည့် နေရာအထိ လျှောက်သွားသည်။ သူသည် ထိုနေရာ၌ရပ်၍ ခါးပိုက်ဆောင်ရွှေနာရီကို အိတ်ကပ်ထဲမှ ထုတ်ယူကာ အချိန်ကိုကြည့်သည်။ အချိန် အတန်ကြာသည့်အခါ သူသည် နာရီကို အိတ်ထဲပြန်ထည့်၍ အီဒင်ထံ ပြန်လျှောက် လာပြီး ဂျပန်များ မမြင်နိုင်မည့် နေရာ၌ ပုန်းလျှိုး ကွယ်လျှိုးရပ်လိုက်သည်။

'ကျွန်တော်တို့ ကြိုတင်ပြီး တွက်ထားတဲ့အတိုင်း ဖြစ်လာဖို့ကတော့ ရှိနေပြီ လက်ဖတင်နင်။ ကျုပ်တို့အရာရှိကြီးက တဆင့်နိမ့်အရာရှိတစ်ယောက် ရွေးချယ်ပြီး သူ့ဘက်က အဆင့်တူသူနဲ့ တွေ့ဆုံဖို့အကြံပြုလာလိမ့်မယ်လို့ ထင်ထားတာကပေါ့ မှန်နေပြီ' ဟု အမ်းစထရောင်းကပြောသည်။ 'အဲဒီတော့ ဘာပဲဖြစ်ဖြစ် အဲသလို

ဆင့်နိမ့်ဆွေးနွေးပွဲတစ်ခုမှာ လက်ဖတင်နင်ဟာ လက်ထောက်အဖြစ် ပါသင့်တယ်။ ကလည်း ခင်ဗျားကို သူ့သက်တော်စောင့်အဖြစ်တော့ ရွေးမှာပဲ . . ။ အေးလေ စ်အနည်းငယ်လောက် စောင့်ခိုင်းထားတာကတော့ ကိစ္စမရှိနိုင်ပါဘူး . . ။ လူရှိသေ ရှိသဖြစ်အောင် လုပ်ရတဲ့သဘောလို့ပဲ ယူဆရတော့မှာပေါ့'

အမ်းစထရောင်းသည် သူ့အိတ်ဆောင်နာရီကို ထုတ်ကြည့်ပြန်သည်။ အီဒင်က ညီ၊ သူ့တပ်သားများဘက် တစ်ချက်လှမ်းကြည့်သည်။ တပ်သားများသည် တာဝန် ပေးထားသည့် နေရာများ၌ရပ်ကာ နောက်ထပ် ဖြစ်လာဖွယ်ရာရှိနေသေးသည့် ပွဲ ကွက် အသင့်ပြင်ထားကြသည်။ သူတို့သည် အီဒင်နှင့်စကားပြန်တို့အား နားမလည် သည့် မျက်နှာထားများဖြင့် ကြည့်နေကြသည်။

'သူတို့ရဲ့ ဒုတိယဘုရင်ခံ လှေခါးက တက်လာပြီဆိုရင်တော့ အမေရိကန်ပိုင် ယ်မြေထဲကို ပထမဦးဆုံးခြေချတဲ့ ဂျပန်အရာရှိလို့ ပြောရတော့မှာပဲ။ ပြီးတော့လည်း မေရိကန် လိုချင်တဲ့ပုံစံကို ရတာလို့ ပြောနိုင်တယ်။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာတော့ ံခြားသားတွေကို ဂျပန်ဆက်ဆံနေတဲ့ မထီလေးစားမှုတွေကို ရပ်တန်းက ရပ်သွား အောင် ကျုပ်တို့ လုပ်နိုင်တော့မှာပါ'

'ဒါပေမဲ့ အင်အားသုံးဖို့ ခြိမ်းခြောက်ထားတာက ရှိနေတယ်' ဟု အီဒင်က ပြန် ပြောသည်။ 'ပြီးတော့လည်း မဖိတ်ခေါ်ပဲ လာရမှာဆိုတော့ သူတို့ဟာ ကျူးကျော်သူ ဖြစ်မနေဘူးလား'

အမ်းစထရောင်းသည် လူငယ်လက်ဖတင်နင်အား စူးစူးစိုက်စိုက် ကြည့်နေသည်။

'လက်ဖတင်နင်ရဲ့ မိသားစုသမိုင်းကြောင်းက လက်ဖတင်နင်ရဲ့ စိတ်ကို အနိုင်ခံရ တွေဘက်က နေချင်တဲ့ ကိုယ်ချင်းစာစိတ် ပေးချင်လည်း ပေးထားခဲ့ပေလိမ့်မယ်' ဟု အမ်းစထရောင်းက ပြောသည်။

'အဲဒီစိတ်မျိုးအပေါ်မှာ ကျုပ်ဟာ ဘယ်လောက်အထိ အုံ့ဩကြည်ညိုတယ် ဆိုတာကို လက်ဖတင်နင် သိစေချင်တယ်'

'ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ အုံ့ဩကြည်ညိုမှုကို မရလိုပါဘူး' ဟု အီဒင်က ပြောသည်။ သူ့မျက်လုံးအစုံသည် ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။ 'အကောင်းဆုံး ကတော့ ဒီအကြောင်းကို ဆက်မပြောဖို့ပဲ'

'ကျုပ်အပေါ် အမြင်မလွဲပါနဲ့ . . . လက်ဖတင်နင်' ဟု အမ်းစထရောင်းက ပြောကာ အီဒင်၏ လက်မောင်းကို သူ့လက်ဖြင့် လှမ်းကိုင်ထားသည်။ 'ခင်ဗျားရဲ့ လွတ်လပ်မှုမျိုးဟာ လူငယ်ရေတပ်အရာရှိတစ်ဦးဆီမှာ တွေ့ရဖို့ မလွယ်ပါဘူး။ ဒါပေမဲ့ အခုကိစ္စဟာ တစ်ဖက်သတ်မဟုတ်ဘူးဆိုတာ မေ့မပစ်ပါနဲ့။ ကျုပ်တို့ဘက်က

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တွေကို တရားမျှတစွာနဲ့ တန်းတူရှယ်တူထားပြီး ဆွေးနွေးဖို့ ကမ်းလှမ်းထားရဲ့ပါတယ်'

သူသည် သူ့အိတ်ဆောင်နာရီကို ထုတ်ကြည့်ပြန်သည်။ ပြီးတော့ ပြန်ထည့်သည်။ ကုန်းပတ်ဝင်ပေါက်ဆီသို့ လျှောက်သွားကာ အောက်သို့ ငုံ့ကြည့်သည်။ ကမ်းစောင့်လှေပေါ်မှ ဂျပန်စကားပြန်ဆီသို့ လက်ဝှေ့ယမ်းပြသည်။

'ခင်ဗျားတို့ရဲ့ ဒုတိယဘုရင်ခံကို ကျွန်တော်တို့ရဲ့ လက်အောက်အရာရှိတွေထဲက တစ်ဦးနဲ့ ပဏာမဆွေးနွေးဖို့အတွက် သင်္ဘောပေါ် တက်ခွင့်ပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်' ဟု အမ်းစထရောင်းက ဒတ်ချ်ဘာသာစကားဖြင့် အော်ပြောလိုက်ပြီး ဘေးတစ်ဖက်သို့ ဖဲ့၍ရပ်လိုက်သည်။ အီဒင်က လက်ပြလိုက်သဖြင့် သင်္ဘောသားနှစ်ယောက်သည် ကုန်းပတ်ဝင်ပေါက်မှ လှေခါးချပေးရန် ပြေးသွားကြသည်။

ကမ်းခြေစောင့်လှေသည် **ဆတ်စ်ကွဲဟန်နာ**အနီးသို့ ကပ်မိသည့်အခါ ဂျပန်စကားပြန်သည် ယူရာဂါပြည်နယ် ဒုတိယဘုရင်ခံအား ရှေ့မှလမ်းပြကာ လှေခါးပေါ်သို့ တက်လာသည်။ နောက်မှလိုက်ပါလာသည့် အခြွေအရံများထဲတွင် သက်တော်စောင့်သုံးဦးလိုက်ပါလာ၏။ အပေါ်စီးမှကြည့်နေသော အီဒင်သည် ထိုသုံးယောက်ထဲမှ စာရွက်လိပ်ကြီးကို သူပြန်ပြီး ပစ်ချလိုက်စဉ်က အောက်မှနေ၍ ကျင်လည်စွာ ဖမ်းယူခဲ့သော လူငယ်ဆာမူရိုင်းကို သတိထားမိသည်။ သူ့မျက်လုံးအကြည့်သည် ရုပ်ဖျက်ထားသော ထိုသူ မင်းသားတာနာကာထံမှ ခွာမရ . . . ။

ထို့နောက် သူ့မျက်လုံးအကြည့်သည် အညိုရောင် ကီမိုနိုဝတ်ထားသည့် အရပ်မြင့်မြင့် ဆာမူရိုင်းထံ ရောက်သွားသည်။ ထိုသူကလည်း ခက်ထန်သော မျက်နှာထား၊ ရန်လိုသော အကြည့်များဖြင့် အီဒင်အား မော့ကြည့်လျက်ရှိသည်။ ထိုသူမှာ ယောဖူးမှ လော့ဒ်ဒိုင်မြို့၏ အရိုက်အရာကို ဆက်ခံမည့်သား ယာကာမိုရှိ ဖြစ်လေသည်။

သူသည် အများတကာထက် ရန်ပြုလိုသော လမ်းကြောင်းကို နှစ်သက်လက်ခံသူဖြစ်သည်။ ဂျပန်တစ်စု ဝင်ပေါက်ဆီသို့ လှေကားမှ တက်သွားနေစဉ်အတွင်း သူသည် နိုင်လိုမင်းထက်ပြုလိုသော အမူအရာကို ပေါ်ပြနေသည်။ ထို့ကြောင့်လည်း အီဒင်သည် ယုံကြည်စိတ်ချမှုကို အပြည့်အဝ မထားနိုင်တော့ပဲ သူ့ခါးမှ ဓါးရိုးပေါ် လက်တင်ထားလိုက်မိလေ၏။

(ဂ)

'အေနာတာကာ ချီဝါ အမေရိကာ – ဂျင်ဒီဆူကာ'

ယူရာဂါပြည်နယ် ဒုတိယဘုရင်ခံ၏ နှုတ်မှထွက်လာသည့် ပထမမေးခွန်းဖြစ်သည်။ သူသည် ကက်ပတိန်၏ အခန်းထဲရှိ ကုလားထိုင်တွင် ထိုင်လျက်ရှိသည်။ အစိမ်းရောင်ဝတ်ရုံကြီး ဝတ်ထားသည့် ဤအရာရှိသည် မျက်နှာဝိုင်းဝိုင်းနှင့် အေးဆေးတည်ငြိမ်သည့် မျက်နှာထားရှိသည်။

သူ့မေးခွန်းကို သူ့ဘေး၌ထိုင်နေသော သူ့စကားပြန် ဟာနီဝါရာတိုကူမာက ဒတ်ချ်ဘာသာပြန်ပေးသည်။ ဒုတိယဘုရင်ခံ၏ မျက်လုံးအစုံသည် မျက်တောင် တဖျပ်ဖျပ်ခတ်ကာ အခန်းတစ်ခန်းလုံးကို လှည့်ပတ်ကြည့်ရှုနေသည်။ တစ်ခါတစ်ရံတွင် သူ့အကြည့်သည် ဖလက်–လက်ဖတင်နင်ရိုက်စ်ပေါ်သို့ ရောက်လာတတ်၏။

ဖလက်–လက်ဖတင်နင်ရိုက်စ်သည် ပြောင်လက်နေသော စားပွဲနောက်၌ ကောင့်တောင့်မတ်မတ်ထိုင်နေသည်။ သူ၏ အဆောင်အယောင်တစ်ခုဖြစ်သော ဓါးကို ဓါးအိမ်မှ မချွတ်ပဲ စားပွဲပေါ်၌ တင်ထားသည်။

ထိုစားပွဲတွင် ရိုက်စ်၏ ဘေး၌ထိုင်နေသော ဆင်မြူရယ်အမ်းစထရောင်းသည် သူ့ဆေးတံကို အေးအေးဆေးဆေး ဖွာလျက်ရှိရာမှ ဂျပန်စကားပြန်၏ စကားကို ကြားရသည့်အခါ ပြုံးသည်။ သူသည် ကုလားထိုင်ကို ကျောနှင့်မှီ၍ နေရာပြင်ထိုင်လိုက်သည်။

'ဒုတိယဘုရင်ခံက ကျွန်တော်တို့ကို အမေရိကန်တွေလားလို့ မေးနေတယ်' ဟု ရိုက်စ်အား လှမ်းပြောသည်။

ရိုက်စ်က ခေါင်းတစ်ချက် ညိတ်ပြသည်။ 'ကျွန်တော်တို့ဟာ အမေရိကန်တွေပါလို့ ပြောပေးပါ'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ အမေရိကန်တွေပါ' ဟု အမ်းစထရောင်းက

www.burmeseclassic.com

www.burmeseclassic.com

ဒတ်ချ်ဘာသာစကားဖြင့် ပြန်ပြောသည်။ ဂျပန်စကားပြန်သည် အမ်းစထရောင်း၏ အဖြေကို သူ့ဘုရင်ခံအား ဂျပန်ဘာသာဖြင့် ပြန်ပြောပြနေသည်။

'အမေရိကန် ဘာကြောင့်ဂျပန်ကို ရောက်လာကြတာလဲ' ဟု ဒုတိယဘုရင်ခံက မေးသည်။ 'ခင်ဗျားတို့ ရောက်လာတဲ့ ရည်ရွယ်ချက်က ဘာလဲ'

'ကျွန်တော်တို့ လာတာဟာ အကြောင်းတစ်ကြောင်း ရှိလို့ပါ' ဟု ရိုက်စ်က သတိထား၍ ပြန်ပြောသည်။

'အဲဒီအကြောင်းက အမေရိကန်ပြည်ထောင်စုသမ္မတဆီက စာကို ဂျပန်ဧကရာဇ် ဘုရင်ရဲ့ လက်ကိုဆက်သဖို့ပါ'

ရိုက်စ်၏နောက်တွင် ရပ်နေကြသူများမှာ အရာခံဗိုလ်ဟာရစ္စနှင့် ဆတ်စ်ကွီဟန်နာသင်္ဘော၏ အလုပ်သင်အရာရှိ ပေါက်စများဖြစ်၏။ သူတို့သည် ဓါးများကို ခါးတွင်ချိတ်၍ ရပ်နေကြခြင်းဖြစ်သည်။ သူတို့သည် တောင့်တောင့်မတ်မတ်ရပ်၍ ရှေ့တည့်တည့်သို့ ကြည့်နေကြသော်လည်း သူတို့ရှေ့မှောက်၌ ပြောနေကြသည့် စကားများကို ကြားနေသည့် အရိပ်လက္ခဏာမပြ . . .။

စားပွဲ၏တစ်ဖက်၌ နေရာယူထားသူမှာ စတ္တင်းလက်ဖတင်နင် ရောဘတ်အီဒင် . . .။ သူသည် ခြေနှစ်ဖက်ကို ခွဲကာ သက်သာအနေအထားဖြင့် ရပ်နေခြင်းဖြစ်၍ သူ့ဘယ်ဘက်လက်သည် ဓါးမှဓါးထိပ်ကို အုပ်ကိုင်ထားသည်။ သူသည် နှစ်ဖက်ပြောနေကြသည့် စကားများကို ဂရုစိုက်၍ နားထောင်နေသော်လည်း မျက်စိများကတော့ လခြမ်းပုံသဏ္ဌာန်ဝိုင်း၍ ရပ်နေကြသည့် ဂျပန်ကိုယ်စားလှယ် အရာရှိနှစ်ဦး၏နောက်မှ ဆာမူရိုင်းသုံးယောက်ထဲ ရောက်နေသည်။

လှေပေါ်တွင် ရှိနေခဲ့စဉ်က မိမိအား စိတ်ဝင်တစားကြည့်ခဲ့သော ဆာမူရိုင်းကို အီဒင် ကောင်းစွာသတိထားမိသည်။ ထိုသူသည် ဂျပန်ရိုးရာခလေ့ထုံးစံနှင့်အညီ ဓါးရှည်နှင့်ဓါးမြှောင်အစုံကို ခါး၌ချိတ်ထားသည်။ မင်းသားတာနာကာသည် အခြားဆာမူရိုင်းနှစ်ယောက်၏ ကြား၌ရပ်နေခြင်းဖြစ်၏။

ထိုဆာမူရိုင်းနှစ်ဦးသည် အခန်း၏ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေကြသော်လည်း အလယ်လူ မင်းသားတာနာကာကတော့ သူ့ရှေ့မှလူများ၏ မျက်နှာများကို လိုက်လံကြည့်နေသည်။ သူ့မျက်လုံးအစုံသည် အီဒင်ပေါ်ရောက်တိုင်း အမေရိကန်အရာရှိအီဒင်သည် မိမိအားစူးစမ်းထောက်လှမ်းခြင်းခံရသလို ဖြစ်ပေါ်ခံစားရသည်သာမက ဂျပန်ဆာမူရိုင်း၏ မျက်နှာထားသည် ရန်လိုသောအသွင် ပေါ်လာသည်ဟု ထင်ရသည်။

အီဒင်သည် အခြားဆာမူရိုင်းနှစ်ဦးအား အသေအချာ လေ့လာနေမိသည်။ ထိုနှစ်ဦးသည် သူတို့၏လက်များကို ကီမိုနိုဝတ်စုံ၏ ပွယောင်းယောင်း လက်မောင်းများ အတွင်းသို့ ထိုးသွင်းထားကြသည်။ ထို့ပြင်လည်း ဆာမူရိုင်းတစ်ဦး (ဒိုင်မိုယာကာမိုရီ)

...ပုံမှာ သဘာဝကျကျမဟုတ်။ သူသည် ကိုယ်ကို ရှေ့သို့ အနည်းငယ်မျှ ကုန်းထား...ည်။ ထိုအခိုက်မှာပင် အီဒင်သည် ထိုလူ၏ အင်္ကျီလက်မောင်းပွပွကြီးထဲ၌ လက်နက်...ဖုံ့ ဝှက်ထားသည်ကို သတိထားလိုက်မိလေ၏။

'...စာကလေး တစ်စောင်ပေးဖို့အတွက် အမေရိကန်သမ္မတအနေနဲ့ ဘာ့ကြောင့် ...သင်္ဘောလေးစီး လွှတ်ရတာလဲ . . . လိုအပ်လို့လား'

ဒုတိယဘုရင်ခံနှင့် သူ့စကားပြန် တီးတိုးစကားပြောအပြီးတွင် ထိုမေးခွန်းသည် ...က်လာသည်။ ထိုမေးခွန်းကို ကြားလိုက်ရသော အမ်းစထရောင်းထံမှ ဘာသာပြန် ...က်သည် လက်ဖတင်နင်ရိုက်စ်၏ နားသို့ ချက်ခြင်းရောက်သွားသည်။ ရိုက်စ်သည် ...က်ဖုံးများကိုပင့်လိုက်ပြီး ခေါင်းဆတ်ပြသည်။ ထိုလူမှာ အခန်းတံခါးဝမှရပ်ကာ အပြန်...လှန် ပြောနေကြသည့် စကားများကို သတိထား၍ နားထောင်နေသူ ဖြစ်လေသည်။

ရိုက်စ်အချက်ပေးသည်ကို မြင်လိုက်ရသော အရာခံဗိုလ်သည် သူ့ကိုယ်ခန္ဓာအား ...မ်းစထရောင်းဘက်သို့ကိုင်းကာ နှစ်ကိုယ်ကြားလေသံဖြင့် ကွန်မိုဒိုပါရီက အခြေခံ...ကျဆုံး မေးခွန်းများ မေးလာလျှင် မိမိတို့အခန်းနှင့်အနီးဆုံးဖြစ်သော သူ့အခန်းထဲ၌ ...ရသည့် သူ့ထံလာရောက်အသိပေးပြီးမှ ဖြေဖို့ညွှန်ကြားထားသည်ဟု ပြောပြသည်။

အရာခံဗိုလ် ပြန်ရောက်အလာကို စောင့်နေစဉ်အတွင်း ရိုက်စ်သည် ဂျပန်များ...က်မှ ချက်ခြင်းအဖြေမပေးမှုအပေါ် သံသယမဝင်အောင် အထူးသတိထား၍ နေထိုင်...ျက်ရှိ၏။ ဤအတောအတွင်း အလှမ်းဝေးသော ကမ်းခြေဘက်ဆီမှ မောင်းသံများနှင့် ...လ်များသည် တိုး၍ကျယ်လောင်လာသည်။ ဒုတိယဘုရင်ခံ၏ မျက်နှာသည် တစ်မျိုး...ဖြစ်လာသည်။ ထိုင်ခုံပေါ်၌ ထိုင်နေရသည်မှာလည်း မငြိမ်မသက် ဖြစ်လာသည်။

နောက်ထပ် မိနစ်အနည်းငယ်မျှ ကုန်သွားသည်။ မကြာမီ အရာခံဗိုလ်၏ ခြေသံများ ...ရသည်။ သူသည် အခန်းထဲသို့ဝင်လာပြီး စားပွဲဆီသို့ လျှောက်လာကာ အလေး...သည်။ လက်ဖတင်နင်ရိုက်စ်၏ အနီးသို့ကပ်ကာ စကားတီးတိုးပြောသည်။ အရာခံ...လ်၏ စကားကို နားထောင်လျက်ရှိသော လက်ဖတင်နင်ရိုက်စ်သည် စားပွဲပေါ်မှ ...လောင်တံကို လှမ်းယူကာ သူ့ရှေ့မှစာရွက်ပေါ်၌ အချက်အလက်များကို ချရေးသည်။ ...ရာခံဗိုလ်သည် သူပြောစရာရှိသမျှကို ပြောအပြီးတွင် စောစောက သူရပ်နေသော ...ါးပေါက်ဆီသို့ ပြန်သွားသည်။ ထိုအခါကျမှ ရိုက်စ်သည် ဒုတိယဘုရင်ခံဘက် ...ည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။

'စာတစ်စောင်ကို စစ်သင်္ဘောလေးစင်းက ယူလာဖို့ ဘာ့ကြောင့်လိုအပ်တာ ...ည်းလို့ လူကြီးမင်းက မေးခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ အဖြေက . . .ဒီလိုပါ၊ ...တော်တို့အနေနဲ့ ခင်ဗျားတို့ရဲ့ ဧကရာဇ်ဘုရင်မင်းမြတ်ကို သင့်တင့်လျှောက်ပတ်... ...သသမှု ပြဖို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

ထိုပြန်ကြားချက်ကို ကြားသည့်အခါ ဒုတိယဘုရင်ခံ၏ မျက်နှာထားသည် စိတ်လှုပ်ရှားမှု အသစ်ဖြစ်ပေါ်လာခြင်းကို ဖေါ်ပြနေသည်။ 'ဒီမှာက ဘယ်လိုစာမျိုးကိုမှ လက်ခံလို့မရဘူး' ဟု သူက ပြောသည်။ 'ကျွန်ုပ်တို့ရဲ့ ဥပဒေအရ နိုင်ငံခြားတိုင်းပြည်တွေက ဆက်သွယ်မှုတွေကို နာဂါစကီး ဆိပ်ကမ်းမြို့မှာသာ လက်ခံလို့ ရပါတယ်။ တခြားလုပ်နိုင်တဲ့ နည်းလမ်းမရှိပါဘူး။ ခင်ဗျားတို့ရဲ့စာ အဲဒီကိုပဲ ယူသွားပါ'

တစ်ခဏမျှ လက်ဖတင်နင်ရိုက်စ်သည် သူ့ရှေ့ရှိ စာရွက်ပေါ်၌ သူရေးထားသည့် မှတ်စုများကို ကြည့်နေသည်။ ထို့နောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ဂျပန်အရာရှိအားကြည့်သည်။

'ကျွန်တော်တို့ရဲ့ ကွန်မိုဒိုနဲ့ သူ့တပ်ကတော့ ကျွန်တော်တို့သမ္မတထံဆီ အဖြစ်မှန်တင်ပြပြီး အဖြေရလာတဲ့အထိ ဒီနေရာမှာပဲ နေရပါလိမ့်မယ်' ဟု ရိုက်စ်က ပြောသည်။

'ကျွန်တော်တို့ ဒီနေရာကိုလာတာက ဘာ့ကြောင့်လည်းဆိုတော့ ဒီပင်လယ်အော်ဟာ ယီဒိုမှာရှိနေတဲ့ ခင်ဗျားတို့ အင်ပါယာဘုရင်ရဲ့ နန်းတော်နဲ့ အနီးဆုံးဖြစ်နေလို့ပါ။ ကျွန်တော်တို့ ကွန်မိုဒိုအနေနဲ့ ဂျပန်ရဲ့ ချစ်ကြည်မှုကလွဲပြီး တခြား ဘာကိုမှ မလိုလားပါဘူး။ သူ့အနေနဲ့ သူ့နိုင်ငံကိုရော သူ့သမ္မတကိုပါ ဂုဏ်သိက္ခာ မကင်းစေချင်ပါဘူး'

ရိုက်စ်သည် စကားပြန်က ဘာသာပြန်ပြောနေသည်ကို စောင့်နေသည်။ ဤအတွင်းတွင် သူသည် ဒုတိယဘုရင်ခံ၏ မျက်နှာကိုသာ ကြည့်နေသည်။ စကားပြန်၏ စကားကို နားမလည်လိုက်သော ဒုတိယဘုရင်ခံသည် မလိုတမာသံဖြင့် တစ်ချက်ရယ်လိုက်ပြီး အဖြေပြန်ပေးရန် ဟန်ပြင်သည်။ သို့သော်လည်း လက်ဖတင်နင်ရိုက်စ်က သူပြောနေသည့်စကား မပြီးဆုံးသေးဟု အသိပေးသည့်အနေဖြင့် လက်တစ်ဖက်မြှောက်ပြပြီးတားသည်။

'ကျွန်တော်တို့ အကြံပြုချင်တာက အင်ပါယာဧကရာဇ်ဘုရင်ရဲ့ ကိုယ်စားလှယ်တော်တစ်ဦးကို စနစ်တကျ ရွေးချယ်ပြီး ယီဒိုပင်လယ်အော်ထဲမှာ ကျောက်ချပြီး ရပ်နေတဲ့ ဒီသင်္ဘောပေါ်ကို အမြန်ဆုံးလွှတ်ပေးဖို့ပါ' ဟု ရိုက်စ်က ဆက်ပြောသည်။

'အဲဒီ ကိုယ်စားလှယ်ဆိုရင် ကျွန်တော်တို့သမ္မတရဲ့ မိတ္တူစာကို ရပါလိမ့်မယ်။ အဲဒီနောက် ကွန်မိုဒိုကိုယ်တိုင် သူ့အစောင့်အဖွဲ့နဲ့အတူ နန်းတော်အထိလာပြီး သမ္မတရဲ့ စာမူရင်းကို သာ[illegible]မှတ်ပေးထားတဲ့အချိန်မှာ ပေးအပ်ပါလိမ့်မယ်'

ထိုအချိန်ကာလအတွင်းတွင် ရေဘတ်အိဒင်သည် ဂျပန်ငါးဦး၏ မျက်နှာအမူအထားကို အကဲခတ်လျက်ရှိ၏။ ထိုအချိန်တွင် ဂျပန်စကားပြန်က သူ့အထက်အရာရှိအား ပြောပြနေပြီဖြစ်သည်။ သည်စကားပြန်၏ ပြောပြချက်များကို အပြည့်အစုံကြားရသည့်အခါ သူတို့မျက်နှာထားများသည် မှန်းဆရခက်လောက်အောင်ပင် ကျောခြေကြီး

[illegible]သည်။ တည်ငြိမ်တင်းမာလာသည်။

လူချောကြွန်အင်လက္ခဏာနှင့်ပြည့်စုံသော မင်းသား တာနာကာကတော့ [illegible]အေးတည်ငြိမ်သယောင် ရှိသော်လည်း မျက်လုံးများကတော့ ခက်ထန်လာသည်။ [illegible]ဘေးတစ်ဖက်တစ်ချက်၌ ရပ်နေကြသော လက်နက်မဲ့အစောင့်နှစ်ဦးသည် တစ်ဦး[illegible]တစ်ဦး ကြည့်ကြသည်။ ထို့နောက် ဒိုင်ဗိုယာကာမိုချိသည် အမေရိကန်တစ်ယောက်[illegible]ဆီကို လိုက်ကြည့်ပြီး မျက်လွှာများကို ချ၍ကြမ်းပြင်ကို ကြည့်နေကြသည်။

'လက်နက်ကိုင်လူစုတွေနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင်တော့ . . . ' ဟု [illegible]စ်က သူ့စကားကို ဆက်ပြောသည်။ 'ကျွန်တော့်အနေနဲ့ တာဝန်အရ သတိပေး[illegible]မှာပဲ၊ ခင်ဗျားတို့ရဲ့ကမ်းခြေစောင့်လှေတွေ ကျွန်တော်တို့ သင်္ဘောတွေနားလာပြီး [illegible]တာကို လက်မခံနိုင်တော့ပါဘူး။ ကျွန်တော်တို့ကို စောင့်ကြည့်ပြီး စုံစမ်းနေတာ [illegible]န်တော်တို့ မလိုလားပါဘူး'

ဒုတိယဘုရင်ခံသည် ရိုက်စ်၏စကားဘာသာပြန်ချက်ကို နားထောင်အပြီးတွင် [illegible]လားထိုင်ပေါ်၌ ဂဏှာမငြိမ်ဖြစ်လာသည်။ 'ကမ်းစောင့်တပ်က လှေတွေ ဒီရောက်[illegible]ဟာက ဂျပန်တွေရဲ့ ဓလေ့ထုံးစံနဲ့ ဥပဒေအရပဲ . . . ' ဟု ဒုတိယဘုရင်ခံက ပြန်[illegible]သည်။

'ကျွန်ုပ်တို့အနေနဲ့ ကျွန်ုပ်တို့ရဲ့ ဥပဒေအတိုင်း ရှိသေလိုက်နာကြရမှာပါ၊ ကျွန်ုပ်[illegible]ရဲ့ ဥပဒေအတိုင်း လုပ်ကိုင်ကြရမှာပါ'

'ဒီလိုဆိုရင်လည်း ကျွန်တော့်အနေနဲ့ ကျွန်တော့်တာဝန်အရ အမေရိကန်[illegible]ဆောင်စုရဲ့ ရေတပ်မှာလည်း သူ့ထုံးစံတွေနဲ့ သူ့ဥပဒေတွေ ရှိနေပါတယ်' ဟု [illegible]က ပြန်ပြောသည်။ 'ကျွန်တော်တို့ တပ်တွေနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ [illegible]တွေနဲ့ သိပ်မကွာတဲ့ နေရာတွေမှာ တခြားလှေသင်္ဘောတွေ မရှိစေရဘူးလို့ တားမြစ်[illegible]တဲ့ ဥပဒေတွေ ရှိနေပါတယ်'

သူသည် နောက်ဆက်ပြောရမည့် စကားများအတွက် ပို၍အလေးအနက်[illegible]ရန် စကားလုံးရှာလျက်ရှိသည်။ 'ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ရဲ့ [illegible]တွေ အသက်ဝင်အောင် လုပ်မှဖြစ်လိမ့်မယ်ဆိုတာ လူကြီးမင်းတို့ဘက်က နားလည်[illegible]တယ်လို့ ထင်ပါတယ်'

ဒုတိယဘုရင်ခံနှင့် စကားပြန်တို့သည် ခေါင်းချင်းဆိုင်၍ တီးတိုးပြောနေကြပြန်[illegible]။ ထို့နောက် ဒုတိယဘုရင်ခံသည် ရင်ကိုကော့၍ ခေါင်းကိုမတ်ကာ အမေရိကန်[illegible]ရှိအား စကားပြောသည်။ 'ခင်ဗျားတို့ဘက်က ဒီသင်္ဘောရဲ့နာမည်၊ ဒီသင်္ဘော[illegible]ပါလာတဲ့ လူနဲ့အမြောက်အရေအတွက်ကို ကျွန်ုပ်တို့ သိရအောင် သတင်းပေး[illegible]

ရိုက်စ်ကလည်း ခေါင်းကိုမော့၍ ရင်ကိုကော့ကာ တည့်တည့်မ[illegible]မတ်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်လိုက်သည်။ 'ကျွန်တော် လူကြီးမင်းကို သိအောင်ပြောပြနိုင်တာ တစ်ခုပဲရှိပါတ ကျွန်တော်တို့သင်္ဘောတွေဟာ လက်နက်တပ်ဆင်ထားတဲ့ စစ်သင်္ဘောတွေပါ ကျွန်တော်တို့ ဓလေ့ထုံးစံက အခုမေးတဲ့ မေးခွန်းမျိုးကို ဘယ်တော့မှ အဖြေပေး မရှိပါဘူး'

'ဒါ့အပြင်လည်း အခု ကျွန်တော်ပြောမယ့် တောင်းဆိုချက်တွေကို ချက်ခြ လက်ခံပြီး လိုက်နာလုပ်ကိုင်ပေးစေချင်ပါတယ်။ ခင်ဗျားတို့ရဲ့ လှေတွေကို အခုချက်ခြ ကမ်းခြေဘက် ပြန်ကြဖို့ အမိန့်ပေးပါ။ တကယ်လို့ အဲဒီအမိန့်ကို မပေးဘူးဆို လှေတွေကို ကျွန်တော်တို့ အမြောက်နဲ့ ပစ်ရပါလိမ့်မယ်'

ရိုက်စ်သည် စကားကို ဆက်မပြောပဲ ရပ်ထားလိုက်ပြီး သူ့ဂျက်ကက် အ အိတ်ကပ်ထဲမှ အိတ်ဆောင်နာရီကို ထုတ်ယူပြီး ကြည့်သည်။ ထို့နောက် အရာခံဗို ဟာရစ္စဘက်လှည့်၍ ဂျပန်များကြားအောင် အသံကိုမြှင့်၍ ညွှန်ကြားချက်များပေးသည

'အပေါ်ကုန်းပတ်ပေါ်ကို ချက်ခြင်းသွားပါ မစ္စတာဟာရစ္စ၊ လက်နက်တပ်ဆ ထားတဲ့ တပင်တိုင်ရွက်လှေနှစ်စီး၊ ရေထဲချခိုင်းပါ၊ အခုအချိန်ကစပြီး နောက် ဆယ့် မိနစ်ကြာသည်အထိ သင်္ဘောနားက ဝိုင်းနေတဲ့ ဂျပန်လှေတွေကို ဆုတ်ခွာ မသွ သေးရင် ယော်ဝစ်ဇာအမြောက်နဲ့ ပစ်မှတ်တွေကို ပစ်ခိုင်းပါ၊ ကျွန်တော်ပြောတာ ရှ ရဲ့လား . . .'

'ရှင်းပါတယ် . . . ခင်ဗျာ'

အရာခံဗိုလ်သည် အခန်းထဲမှ သုတ်သီးသုတ်ပြာ ထွက်သွားသည်။ ရိုက်စ်သ ဒုတိယဘုရင်ခံအား တည်ငြိမ်အေးဆေးစွာ ကြည့်နေသည်။ 'ခင်ဗျား အမိန့်ပေ ကျွန်တော်တို့ ဆယ့်ငါးမိနစ် အချိန်ပေးပါမယ်၊ တကယ်လို့ ဆယ့်ငါးမိနစ်ပြည့်သွား အထိ လှေတွေရှိနေဦးမယ်ဆိုရင်တော့ လှေပေါ်ကသူတွေ ခံရဖို့ပဲ . . .။ ဘယ်ဟာ ရွေးမလဲ၊ ကြိုက်တာသာရွေးပါ'

ဂျပန်ဒုတိယဘုရင်ခံသည် သူ့စကားပြန်နှင့် တီးတိုးဆွေးနွေးပြန်သည်။ ခဏ စောင့်နေသော ရိုက်စ်သည် ထိုင်နေရာမှ ထရပ်လိုက်သည်။ 'ကျွန်တော် ခင်ဗျား သင်္ဘောဦးပိုင်းဘက် ခေါ်သွားမယ်။ ကျွန်တော်တို့ရဲ့လက်နက်အင်အားကို ခင်ဗျ ဘာသာ ခင်ဗျား ကြည့်နိုင်ပါလိမ့်မယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ ပြောတဲ့အတို လုပ်လို့ ဖြစ်မဖြစ်ဆိုတာ ခင်ဗျားခန့်မှန်းနိုင်မှာပါ။ အဲဒီနေရာကနေပြီး ခင်ဗျားတို့ လှေတွေကို ပြန်ဆုတ်သွားဖို့ အမိန့်ပေးမယ်ဆိုရင်လည်း ပေးလို့ရပါတယ်'

လက်ဖတင်နင်ရိုက်စ်သည် စားပွဲပေါ်၌ ချထားသောခါးကို ကောက်ယူကာ သ ခါးပတ်တွင် ပြန်ချိတ်လိုက်ပြီး အမ်းစထရောင်းနှင့်အတူ အခန်းထဲမှ ထွက်သွားသည အရာခံဗိုလ်အားလုံး နောက်မှလိုက်ပါသွားကြသည်။ ဂျပန်အရာရှိ နှစ်ဦးသည်လည

ပြမှ ကပြာကယာထကာ လိုက်သွားကြသည်။ ရောဘတ်အီဒင်သည် ဆာမူရိုင်း ၏ နောက်မှလိုက်ပါသွားလေသည်။

အရာရှိအခန်းများရှေ့၌ ရှိနေကြသော မရိန်းတပ်သားအစောင့်များကို လွန်မိ ဖြစ်ခါ ကုန်းပတ်ပေါ်တက်သည့် လှေခါးသို့ ရောက်ကြသည်။ အားလုံးလှေခါးမှ သွားကြသည်။ နောက်ဆုံးမှလိုက်ပါလာသော အီဒင်သည် ဆာမူရိုင်းသုံးဦးအား ခြည်မပြတ် ကြည့်လာသည်။ အထူးသဖြင့် အရပ်မြင့်မြင့်၊ ခက်ထန်မာကြောသော လုံးအစုံပိုင်ရှင်ဖြစ်သူအား အခြားနှစ်ဦးထက်ပို၍ ဂရုစိုက်လာသည်။ ထိုသူမှာ ဒ်ခိုင်ဗို၏ နာမည်မသိရသေးသော သားဖြစ်၏။ ထိုသူသည် အခုအချိန်အထိ လက်ကို အင်္ကျီလက်မောင်းပွပွကြီးထဲသို့ ထိုးထည့်ကာ ရင်ဘတ်ပေါ်၌ တင်ထား မဟုတ်ပါလား . . .။

သင်္ဘောကုန်းပတ် ရှေ့ပိုင်းသို့ ရောက်လာသည်။ အမြောက်တပ်သားများသည် ကို့အမြောက်များတွင် တာဝန်ယူနေကြဆဲ။ လက်ဖတင်နင်ရိုက်စ်သည် ဂျပန် ယ်စားလှယ်အဖွဲ့အား အပြာရောင် ဂျက်ကတ်ဝတ်စုံဝတ် မရိန်းတပ်သားများရှေ့မှ ဖြ ခေါ်လာသည်။ တန်းစီ၍ရပ်နေကြသော သူတို့လက်ထဲတွင် ကာတိုင်သေနတ် အသင့်ကိုင်ထားသည်။ မွန်းလွဲပိုင်းနေရောင်တွင် သေနတ်များ၌ တပ်ထားသည့် ရှပ်များသည် တလက် . . . လက် . . ။ တစ်ဦးချင်းဆီ၏အကြည့်သည် . . . ခြေစောင့်လှေများပေါ်တွင် စူးစိုက်ထားကြလေသည်။

'လူကြီးမင်းတို့အနေနဲ့ ကျွန်တော်တို့ရဲ့ အမြောက်တွေနဲ့ ကျည်ဆံတွေကို ည့်ချင်ရင် ကြည့်ကြပါ' ဟု ရိုက်စ်က ပြောသည်။ 'ဒါတွေကို ကြည့်လိုက်ရင် န်တော်တို့ လက်နက်အင်အားကို နားလည်နိုင်ရပါလိမ့်မယ်'

ဒုတိယဘုရင်ခံသည် သူ့အနီးရှိ အမြောက်အပေါ် အာရုံဝင်စားလျက်ရှိသည်။ က်သန်ပြင်းပြသော သိချင်စိတ်၏ တွန်းအားကြောင့် သူသည် အနီးရှိ ကျည်ဆန် မှ အမြောက်ဆန်တစ်လုံးကို မ–ကြည့်ရန် အားထုတ်သည်။ သို့သော်လည်း မ၍မရ မြောက်ဆံသည် နေရာမှပင်မရွေ့ . . .။

သူသည် ကျည်ဆံကို လက်ချောင်းများဖြင့် အုပ်ကာ . . . အရှယ်ပမာဏကို ထွာကြည့်နေသည်။ ထို့နောက် သူ့လူများဘက်လှည့်၍ နှစ်ကိုယ်ကြား လေသံဖြင့် သည်။ သူ့နောက်လိုက်များသည် အမြောက်များကို အထူးအဆန်းများသဖွယ် တအံ့တသြ ကြည့်ရှုနေကြသည်။

စကားပြန်သည် သူ့အင်္ကျီလက်မောင်းထဲနှိုက်၍ စာအုပ်တစ်အုပ်ကို ထုတ်ယူ ည်။ အမြောက်နှင့်ပတ်သက်၍ သူမြင်တွေ့သမျှကို ရေးမှတ်သည်။ ထိုအခိုက်တွင် ယဘုရင်ခံသည် ခါးကိုကုန်းကာ အမြောက်၏ပြောင်းကို နောက်မှနေ၍ချောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည်။ ပြောင်းဝသည် အလွယ်တကူ ဝင်သွားနိုင်သည်ကို တွေ့ရ၏။ ထိုအဖြစ်ကိုကြည့်ကာ သူ့မှတ်စုစာအုပ်ထဲ၌ ကပြာကယာ မှတ်သားနေပြန်သည်။

'အဲဒီအမြောက်ကို ကျွန်တော်တို့က ခြောက်ဆယ့်လေးပေါင်ဒါ အမြောက်လို့ ခေါ်ပါတယ်' ဟု ရိုက်စ်က ချောင်ယဉ်ကျေးသောလေသံဖြင့် ပြောသည်။ 'အမြောက်ရဲ့ အရှည်က အလျားဆယ့်တစ်ပေ သုံးလက်မ ရှိတယ်။ ကျည်တစ်လုံးရဲ့ အလေးချိန်က ခြောက်ဆယ့်လေးပေါင်ရှိတယ်။ အပေါက်က ဆယ့်ရှစ်လက်မ ကျယ်တယ် . . .။ အမြောက်ပြောင်းက သိပ်ရှည်တယ်။ ကျွန်တော်တို့ရဲ့ အမြောက်အားလုံးဟာ သိပ်ပြီး ရှည်လျားတဲ့အတွက် ပစ်လိုက်လို့ ကမ်းခြေပေါ်က ပစ်မှတ်ကိုထိရင် အလွယ်တကူနဲ့ ပျက်စီးနိုင်ပါတယ်'

ဒုတိယဘုရင်ခံသည် ကုန်းပတ်တလျှောက်ချထားသော အမြောက်များ၏ အနေအထားကို ကြည့်နေသည်။ သူ့မျက်နှာသည် ညိုလျက်ရှိ၏။ သူသည် ပတ်ပတ်လည်ရှိ မရိန်းတပ်သားများအား ကြည့်ပြန်သည်။ မသာယာသော မျက်နှာဖြင့် သူ့စကားပြန်အား လေသံတိုးတိုးဖြင့် စကားပြောသည်။

'ဒုတိယဘုရင်ခံက အခုမြင်နေတဲ့ အမြောက်မျိုး ဘယ်နှစ်လက်ရှိသလဲဆိုတာ သူ သိချင်တယ်လို့ ပြောတယ်' ဟု ဟာနီဝါရာတိုကူမာက ပြောသည်။

'ခင်ဗျားတို့ လက်နက်တွေဟာ အားလုံး အခုလိုအားကြီးတာချည်းပဲလား'

'ကျွန်တော်တို့မှာ ရည်ရွယ်ချက် ပြည့်ဝအောင်လုပ်ဖို့ အမြောက်အင်အားဟာ လိုအပ်တာထက် ပိုပြီးများများရှိနေပါတယ်' ဟု လက်ဖတင်နင်ရိုက်စ်က ဖြေသည်။ သူသည် အိတ်ကပ်ထဲမှ နာရီကိုထုတ်ယူပြီး ကြည့်ပြန်သည် . . .။

'အခုဆိုရင် ပေးထားတဲ့အချိန်ဟာ ကုန်သွားပါပြီ။ ကျေးဇူးပြုပြီး ခင်ဗျားတို့ရဲ့ လှေတွေအားလုံး ကမ်းခြေဘက်ပြန်သွားဖို့ အမိန့်ပေးစေချင်တယ်'

ပြောပြောဆိုဆိုပင် ရိုက်စ်သည် ဂျပန်များအား သင်္ဘောလက်ကျဲဘက် ဦးပိုင်းဆီသို့ ခေါ်သွားသည်။ ထိုနေရာသည် အောက်ဖက်ကို ကောင်းစွာ မြင်နိုင်နေသည် မဟုတ်ပါလား။ ဒုတိယဘုရင်ခံသည် . . .တွန့်ဆုတ်ဆုတ်အမူအရာဖြင့် ရိုက်စ်၏ ဘေးသို့ရောက်လာပြီး အောက်ဖက်ရှိ လှေတစ်ဒါဇင်ခန့်ကို ငုံ့ကြည့်သည်။

သူ့ကိုမြင်လိုက်သည့်အခါ အောက်ဖက်လှေများဆီမှ အော်ဟစ်ကြွေးကြော်သံများ ထွက်ပေါ်လာသည်။ ဆတ်စ်ကွီဟန်နာသင်္ဘောဆီသို့ ပို၍တိုးကပ်လာသည်။ သူတို့ဘက်မှ သင်္ဘောပေါ်တက်ခွင့်ကို ရပြီဟု ယူဆနေကြပုံပေါ်၏။

'ယူမီကီအီးကေရီ' ဟူသော အော်သံသည် ဒုတိယဘုရင်ခံ၏ နှုတ်မှ ထွက်လာသည်။ သူ့ပွယောင်းယောင်း အင်္ကျီလက်ထဲမှ ထွက်လာသည့် ယပ်တောင်ကို ယမ်းပြသည်။ လှေများအား ဆုတ်ခွာရန် အရိပ်အခြေ ပြနေခြင်းပေတည်း။ 'ယူမီကီ အီးကေရီ' ဟု ထပ်အော်ပြန်သည်။ ကမ်းခြေဘက်ကို ချက်ခြင်း ဆုတ်ခွာသွားကြဟု

အမိန့်ပေးနေခြင်းပေတည်း။

အော်ဟစ်သံများသည် ထွက်ပေါ်လာသည်။ အားလုံးရှုပ်ထွေးကုန်သည့် သဘောပြ၏။ အချို့လှေများသည် ပြန်လှည့်ကာ ကမ်းခြေဆီသို့ ပြန်၍လှော်ခတ်နေကြသည်။ အချို့ကတော့ အမိန့်ကိုမကြား၍ သို့မဟုတ် အမိန့်ကို အာခံလို၍လားမသိ. . .၊ သင်္ဘောဆီသို့ ပို၍နီးကပ်လာအောင် လှော်ခတ်လာကြသည်။ ထိုအခါ ဂျပန်ဒုတိယ ဘုရင်ခံသည် သူ့လက်ကို ဝှေ့ယမ်းပြကာ အမိန့်ကို ထပ်တလဲလဲ အော်ပြောသည်။

'ယူမီကီ အီး ကေရီ၊ ယူမီကီ အီး ကေရီ'

ထိုတစ်ခဏတွင် ဒိုင်ဖိုယာကာမိုချီသည် ဒုတိယဘုရင်ခံ၏ နောက်ဖက် ပေအနည်းငယ်ကွာတွင် ရပ်နေရာမှ ပထမဆုံးအကြိမ် တောင့်တောင့်မတ်မတ် ရပ်လိုက်သည်။ သူသည် ရှေ့သို့ ခြေနှစ်လှမ်း တိုးလိုက်သည်။ သူ့မျက်လုံးများသည် လက်ဖတင်နင်ရိုက်စ်အား စူးစူးရဲရဲကြည့်လျက်ရှိ၏။ သူ့ဘယ်ဘက်လက်သည် သူ့ကီမိုနိုအင်္ကျီလက်မောင်းထဲသို့ ဝင်သွားပြီး ပြန်ထုတ်လိုက်သည်။ ဤအခိုက်မှာပင် ရေဘတ်အီဒင်၏လက်သည် နောက်မှနေ၍ ဒိုင်ဖိုယာကာမိုချီ၏ လည်ပင်းကို သိုင်းဖက်ထားသည်။

အီဒင်သည် သူ့ဘယ်လက်ကို ကီမိုနိုလက်မောင်းထဲသို့ ထိုးသွင်းလိုက်သည်။ ထိုအခါ သူ့လက်ချောင်းများသည် ဓါးမြှောင်တစ်ချောင်း၏အရိုးကို ဆုပ်ကိုင်ထားသည့် ဂျပန်၏ လက်ကိုထိတွေ့မိသည်။ အီဒင်၏ လက်တစ်ဖက်သည် ယာကာမိုချီ၏ လည်ပင်းကို တအားညှစ်ထားသည်။ အီဒင်သည် ညှစ်အားကို တိုးလိုက်ပြီး ဂျပန်၏ လက်ထဲမှ ဓါးကို ကျန်လက်တစ်ဖက်ဖြင့် လွတ်ကျသွားအောင် အားထုတ်သည်။

ယာကာမိုချီ၏ လက်ထဲမှ ဓါးသည် ကုန်းပတ်ပေါ် ကျလာသည်။ ကျလာသော ဓါးကို ကုန်းကောက်လိုက်သူမှာ မင်းသားတာနာကာ . . .။ တာနာကာ၏ မျက်နှာသည် ဒေါသဖြင့် နီရဲလျက်ရှိ၏။ အံ့အားသင့်စရာကောင်းသည်ကား . . .တာနာကာ၏ ဒေါသသည် မိမိအပေါ်တွင်မဟုတ်၊ အခုအချိန်အထိ မိမိလက်ထဲမှ လွတ်မြောက်ရန် အားထုတ်ရန်းကန်နေဆဲဖြစ်သူ ဆာမူရိုင်းအပေါ်၌ဖြစ်၏။

'ဘာကာ မီ၊ အရူး' ဟု တာနာကာက ဒေါသတကြီး ပြောသည်။

'ဘာကာ န ကိုတို အိုရှီတာ ဆူရိုနာ အလွန့်ကို ဆိုးဝါးမိုက်မဲတဲ့ လုပ်ရပ်ကြီး တစ်ခုပါလား . . . ကွာ'

ထိုအချိန်အထိ ယာကာမိုချီအား အပြင်းအထန်စိတ်ဆိုးလျက်ရှိသော တာနာကာသည် ကြမ်းပေါ်မှဓါးကို ကောက်ယူပြီး သူ့ခါးတွင် ထိုးလိုက်သည်။ ထို့နောက် အီဒင် မျက်နှာကို စိုက်ကြည့်နေသည်။

'ဟွန်တိုနီဘာကာဒါနာ' ဟု အမေရိကန်အရာရှိက ဂျပန်ဘာသာဖြင့် နှေးကွေး လေးလံစွာ ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ် . သူလုပ်ပုံဟာ အလွန့်ကိုမိုက်မဲတယ်' ဟု ပြောလိုက်ခြင်း ဖြစ်လေသည်။ ပတ်ဝန်းကျင်ရှိ လူအားလုံးသည် ဖြုန်းခနဲ နောက်လှည့်သွားကြသည်။ သူတို့သည် ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေတစ်ရပ်ကို မြင်တွေ့ကြရခြင်းကြောင့် ဖြစ်၏။ ဆတ်စ်ကွီဟာန်နာ ထက်မှ လှေငယ်တစ်စီးသည် အောက်ဖက်ရှိ ရေပြင်ထက်သို့ကျလာသည်။ လှေပေါ်တွင် လက်နက်ကိုင် မရိန်းတပ်သား တစ်ဒါဇင်ခန့် ပါလာ၍ သူတို့နှင့်အတူ ရှစ်လက်မ ဟော်ဝစ်ဇာအမြောက်ငယ် တစ်လက်လည်းပါသည်။

လှေထက်သို့ရောက်လာသည့် အမြောက်ငယ်များအား လှေသမားများက စနစ်တကျ နေရာချထားပေးကြသည်။ ထိုတစ်ခဏမှာပင် ဂျပန်ကမ်းခြေစောင့်လှေ အကျန်များသည် စက္ကန့်ပိုင်းအတွင်း သူတို့ကမ်းခြေဆီသို့ လှော်ခတ်သွားနေကြလေပြီ။ သင်္ဘောပေါ်မှ မရိန်းတပ်သားများနှင့် အမြောက်တပ်သားများ၏ ဝမ်းသာအားရ အော်ဟစ်ကြွေးကြော်သံများသည် တခဲနက် ထွက်ပေါ်လာလျက်ရှိလေ၏။

'ကျွန်တော် သူ့ကို ယုံကြည်စိတ်ချစွာနဲ့ ခင်ဗျားလက်အပ်လိုက်မယ်' ဟု အီဒင်က ဂျပန်စကားဖြင့် လှမ်းပြောကာ သူချုပ်ကိုင်ထားသည့် ဒိုင်မိုယာကာမိုရီအား တာနာကာဆီသို့ တွန်းပို့လိုက်သည်။ သူသည် ခါးမှ ခြောက်လုံးပြူးအိတ်ကိုဖွင့်၍ အတွင်းမှ ပစ္စတိုကို အလွယ်တကူ ဆွဲထုတ်နိုင်ရန် သေနတ်ဒင်ကို အပေါ်သို့ ဆွဲတင်ထားလိုက်သည်။ 'ကျွန်တော်တို့ဘက်က သွေးမြေကျတာကို မလိုလားဘူး . . . ။ ဒါပေမယ့်လို့ တစ်ဖက်က တိုက်လာတဲ့အခါ လိုအပ်သလို ခုခံကာကွယ်ဖို့တော့ ရှိနေပါတယ်' ဟုလည်း တာနာကာအား လှမ်းပြောသည်။

တာနာကာသည် တစ်စက္ကန့် နှစ်စက္ကန့်ကြာမျှ အံ့အားသင့်ကာ အီဒင်အား စိုက်ကြည့်နေသည်။ သူ့အဖို့ အမေရိကန်အရာရှိ၏ အပြုအမူသည် အံ့သြစရာ ဖြစ်နေပုံရ၏။ ထို့နောက်တော့ သူသည် လော့ဒ်ဒိုင်ဖို၏ သားရှေ့သို့ သွားရပ်ကာ တစ်စုံတစ်ရာ ပြောတော့မည့်ဟန်ပြင်သည်။ အီဒင်က တာနာကာ့အနီးသို့သွားသည်။

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောဖို့မလိုပါဘူး' ဟု သူက တာနာကာအား နှစ်ကိုယ်ကြားပြောသည်။ 'ဒီလို မိုက်မဲမှုမျိုး နောက်ထပ်မလုပ်မိဖို့သာ လုပ်ထားပါ'

'သူ့လုပ်ရပ်ဟာ အသိအမှတ်ပြုထားတဲ့ တရားဝင်ကိစ္စ မဟုတ်ပါဘူး' ဟု တာနာကာက အီဒင်အား စေ့စေ့ကြည့်၍ပြောသည်။ 'ကံမကောင်းလို့ ဖြစ်ပေါ်လာတဲ့ တွန်းအားတစ်ခုကြောင့် . . . '

ရုတ်တရက် ဟော်ဝစ်ဇာအမြောက်ပစ်သံ ထွက်လာသဖြင့် တာနာကာ၏ စကားပြောသံ ပြတ်သွားသည်။ ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ ဆုတ်ခွာသွားနေကြသော ကမ်းခြေစောင့်လှေများဆီမှ အော်ဟစ်သံများ ကြားကြရ၏။ ဆတ်စကွီဟာန်နာဆီမှ ကြွေးကြော်သံအသစ်များ ထပ်၍ကြားကြရသည်။

အီဒင်သည် ရှေ့သို့တိုးကာ မျှော်ကြည့်သည်။ ဟော်ဝစ်ဇာအမြောက်ပြောင်းဝဆီမှ ...မှေ့တလူလူထွက်နေဆဲ . . . ။ သို့တစေလည်း ဂျပန်လှေများဆီမှ ထိခိုက်ဒဏ်ရာ ...များ တစ်ဦးမှ မမြင်ရ၊ သတိပေးသည့်အနေဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်မည်ဟု အီဒင် ...ကျက်သည်။ ကမ်းခြေစောင့်လှေအများစုမှာ ကမ်းခြေဆီသို့ လျှင်မြန်စွာ ရှေ့လျား ...ကြရှိကြသော်လည်း လှေအနည်းငယ်မှာမူ ဘေးအန္တရာယ်ကင်းလောက်သည့်နေရာမှ ...ဟာ အမေရိကန်စစ်သင်္ဘောကြီးများဆီသို့ လှမ်းမျှော်ကြည့်နေကြလေသည်။

ဒုတိယဘုရင်ခံနှင့် ဟာနီဝါရာတိုကူမာတို့၏ မျက်နှာများသည် ရုတ်တရက် ...ဆုတ်သလို ဖြစ်သွားသည်။ သူတို့ချင်း စကားတိုးတိုးပြောအပြီးတွင် စကားပြန်က ...လက်ထဲမှ ယပ်တောင်ဖြင့် သူတို့သင်္ဘောပေါ်မှ အမြန်ဆုံးဆင်းလိုသည့် အရိပ် ...ညှိုကိုပြသည်။

'ကျွန်တော်တို့ ပြန်ကြဖို့ အချိန်သင့်ပါပြီ' ဟု သူက ရိုက်စ်နှင့် အမ်းစထရောင်း ...အား မျက်စိပျက် မျက်နှာပျက်ဖြင့် ကြည့်၍ပြောသည်။ ထို့နောက် အောက်သို့ငုံ့ကြည့် ...လှေသမားအား သူတို့ဆင်းလာလျှင် ဆင်းလာခြင်း ကမ်းခြေသို့ အမြန်ပို့ပေးရန် ...ဂါရိပ် မျက်နှာကဲပြ၍ညွှန်ကြားသည်။ ထို့နောက် ရိုက်စ်တို့ဘက် ပြန်လှည့်လိုက် ...ည်။

'ဒုတိယဘုရင်ခံက လူကြီးမင်းတို့ဆီကို အကြောင်းကြားခိုင်းပါတယ်' ဟု ...ပြန်က ဒုတ်ချ်ဘာသာဖြင့် လှမ်းပြောသည်။ 'မနက်ဖြန် မနက်ကျရင် အဆင့်မြင့် ...ရှိ တစ်ဦးရောက်လာပြီး ဆွေးနွေးစရာရှိတာတွေ ဆက်ဆွေးနွေးပါလိမ့်မယ်တဲ့၊ ...ပမဲ့လို့ လူကြီးမင်းတို့ အဖြေအပြည့်အစုံရဖို့ကတော့ အနည်းဆုံး သုံးရက်တော့ ...ငံ့ရလိမ့်မယ်လို့ သူက ပြောခိုင်းပါတယ်'

သူတို့သည် တစ်ဖက်မှပေးလာမည့် အဖြေကိုပင် မစောင့်တော့ပဲ ကတိုက်ကရိုက် ...သွားကြသည်။ ဆာမူရိုင်းသုံးယောက်သည်လည်း သူတို့နောက်မှ လိုက်သွားကြ ...ည်။ အီဒင်သည် ယာကာမိုရီအား လုံးဝအလစ်မပေးပဲ မျက်ခြည်မပြတ် ကြည့် ...သည်။ ယာကာမိုရီ၏ မျက်နှာထားကတော့ ထုံပေပေကပ်တတ်တတ် . . . ။ ...သည် အီဒင်နှင့် မျက်နှာချင်းဆိုင်၍ မကြည့်ပဲ မျက်လွှာအောက်ချကာ လှေခါးမှ ...သွားကြပြီး လှေပေါ်တက်သွားသည်။

တာနာကာသည် နောက်ဆုံးထွက်ခွာသူဖြစ်၏။ သူသည် အီဒင်ရှေ့မှ ဖြတ် ...များတွင် ခဏမျှရပ်သည်။ 'တေဟာင်အွန်နီနာရှ' ဟု ပြောသည်။ ပြီးတော့ ...သည် အီဒင်အား စူးစူးရဲရဲကြည့်ကာ 'ဆူမီမာဆင်' ဟု ထပ်ပြောသည်။

တာနာကာ ပြောသည့်စကားများသည် အီဒင်ကြားဖို့သာ ရည်ရွယ်ခြင်းဖြစ်... ...ပျှင့်တိုးသည်။ အီဒင့်အနေဖြင့် အဓိပ္ပါယ်ကို ကောင်းစွာကောက်၍မရ၊ သူကြား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသော စကားအတွက် စဉ်းစားနေစဉ်အတွင်းမှာပင် တာနာကာသည် အောက်ဖက်သို့ လှေဆီသို့ ဆင်းသွားသည်။ ထိုဆာမူရိုင်းသည် နောက်ထပ် ဘာတစ်ခွန်းမှ မပြော၊ လှည့်၍လည်းမကြည့်၊ အီဒင့်အဖို့တော့ သူ့ဘဝအတွက် အမှတ်တရဖြစ်စေမည့် စကားများဟု သတ်မှတ်ရုံမှတပါး အခြားဘာကိုမှမရှိ။

တာနာကာတို့၏ လှေထွက်သွားသည့်အခါ လက်ဖတင်နင်ရိုက်စ်ထံမှ စိတ်သက်သာရာ ရသွားသည့် သက်ပြင်းချသံကို အီဒင်ကြားရသည်။ ကမ်းခြေဘက်မှ အော်ဟစ်သံများကိုလည်း ကြားနေရ၏။ အလှမ်းအလွန်ဝေးသော နေရာများ၌ ရပ်ထားသော ကမ်းခြေစောင့်လှေများသည် ဆတ်စ်ကွီဟန်နာသင်္ဘောနှင့် အခြားသင်္ဘောများကို ကြည့်နေဆဲ . . . ။

'ကျွန်တော်တို့ စစ်ပွဲတစ်ပွဲ ဖြစ်မလာအောင် ရှောင်နိုင်လိမ့်မယ်လို့ ခင်ဗျား ထင်ပါသလား မစ္စတာအမ်းစထရောင်း' ဟု လက်ဖတင်နင်ရိုက်စ်က မေးသည်။

ဆင်မြူရယ်အမ်းစထရောင်းက ခေါင်းညိတ်သည်။ ထို့နောက် သူ့ဆေးတံကို မီးညှိကာ မီးခိုးငွေ့များ ထောင်းထောင်းထလာသည်အထိဖွာသည်။ 'ကျုပ်ကတော့ ရှောင်နိုင်လိမ့်မယ်လို့ ထင်တယ်လေ . . . ၊ အနည်းဆုံး အခုလောလောဆယ်တော့ စစ်ဖြစ်လာနိုင်စရာ မရှိပါဘူး . . လက်ဖတင်နင်'

ဆုတ်ခွာသွားကြပြီဖြစ်သော ကမ်းခြေစောင့်လှေများဆီမှ အမေရိကန်စစ်သင်္ဘောများအား နောက်ထပ်ကြည့်နေသည်ကို မမြင်ရ။ သို့တစေလည်း ကြည့်နေသူ တစ်ဦးကတော့ရှိ၏။ ထိုသူကား ဆာမူရိုင်းအသွင် ရုပ်ဖျက်ထားသည့် မင်းသားတာနာကာပေတည်း။

မင်းသားတာနာကာသည် သင်္ဘောဝင်ပေါက်အနီး၌ ရပ်နေသော ရောဘတ်အီဒင်အား လှမ်းကြည့်နေသည်။ ရောဘတ်အီဒင်၏ ပြောဆိုပြုမူပုံနှင့် နေထိုင်ပုံများကို ကြည့်ရသည်မှာ စိတ်သက်သာရာ ရဖွယ်ရှိ၏။ ထိုအမေရိကန်သည် စောစောက ဖြစ်ပွားခဲ့သမျှ အရာရာတိုင်းအတွက် အဆင်ပြေသွားအောင် လုပ်ဆောင်သွားလိုသော သဘောထားရှိလိမ့်မည်ဟု သူထင်နေမိသည်။

ရောဘတ်အီဒင်သည် သင်္ဘောအနီးမှ ခွာသွားသော လှေများ တဖြည်းဖြည်းချင်း ဝေးသွားသည်ကို လှမ်းကြည့်နေရာမှ စောစောက ဆာမူရိုင်းပြောသွားသည့် စကားကို သတိရနေမိသည်။ သူသည် ထိုစကားများကို ဘာသာပြန်ရန် အားထုတ်ပါသော်လည်း မရ။ သူသည် ညနေခင်း နေရောင်ထဲ၌ ဖြည်းဖြည်းချင်း ကွယ်ပျောက်သွားနေကြသော လှေများကို ကြည့်ရင်း ဆာမူရိုင်းပြောခဲ့သည့် စကားများ၏ အနက်အဓိပ္ပါယ်ကို ဖေါ်မရသည့်အတွက် စိတ်ရှုပ်လျက်ရှိလေသည်။

(၉)

နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ နေရောင်ခြည်သည် အစောင့်များကြား၌ ရောက်ရှိသော မတ်ဆူမူရာတိုကီဝါ တည်းခိုနေထိုင်လျက်ရှိသည့် ကျေးရွာတည်းခိုရိပ်သာ ပက်ဖျန်းလွှမ်းခြုံထားသည်။ တိုကီဝါသည် မငြိမ်မသက် ဖြစ်လွန်းလှသည့် စိတ်ဖြင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက် ရှိလေသည်။

သူသည် ကီမိုနိုဝက်စုံအောက်မှခံဝတ်သည့် အဖြူရောင်ဇာအင်္ကျီ ပါးပါးလေးသာ ဝတ်ထားသဖြင့် သူ၏သေးသွယ်သော ခါး၊ တင်းတင်းရင်းရင်း ရှိလှသည့်တင်၊ ပြောင်းသော လက်မောင်းများကို ပီပြင်စွာ မြင်နေရသည်။ လှပသောမျက်နှာသည် ရှားပြတ်သားစွာ ပေါ်လွင်လျက်ရှိပေသည်။

လမ်းမကြီးပေါ်မှ လျှောက်သွားနေသော ခြေသံများသည် စောစောပိုင်းကလို တ် များစွာလျော့နည်းသွားခဲ့လေပြီ၊ သို့သော်လည်း သူ၏ နှစ်ထပ်တည်းခိုရိပ်သာ ထောက်အဦအတွင်းမှ ထွက်ပေါ်လာနေသည့် လူပ်ရှားသံများနှင့် စကားပြောသံ မှ ပို၍များပြားလာနေသဖြင့် မကြာခဏရပ်၍ နားစွင့်နေမိ၏။ တစ်ဖက်ခန်းမှ ဘာသာတစ်ယောက်၏ ကျယ်လောင်သော ဘုရားရှိခိုးသံကို ကြားနေရ၏။

သီပ်မဝေးလှသော နေရာတစ်နေရာမှ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သည့် တီးသံ ဂ်သံများနှင့် သီချင်းဆိုသံများသည် လေထဲတွင် လွင့်မျောလာလျက်ရှိ၏။ သူ့ ရှိဂျီ ခြားတစ်ဖက်ရှိ စကြံလမ်းပေါ်မှ ပြေးသွားသည့် ခြေသံများကို မကြာခဏ ကြား မြင်ရသော ရေချိုးခန်းတစ်ခန်းဆီမှ အသံသေး အသံကြောင်ဖြင့် စူးစူးရှရှ သံများနှင့် ရေကျသံများ ကြားနေရလေသည်။

သူ စောစောက ဖေါက်ထားခဲ့သည့် စက္ကူလိုက်ကာ ခန်းဆီးပေါက်မှ ချောင်းကြည့် သည့်အခါ ဝင်စပြုနေသည့် နေ၏ရောင်ခြည်များကို မြင်နေရ၏။ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

သောနေရောင်ခြည်များသည် ဖူဂျီတောင်ထိပ်ကို လွှမ်းခြုံထားသည်။ ဖူဂျီတောင်၏ အခြားတစ်ဖက်ရှိ မိုးကောင်းကင်သည် နက်ပြာရောင်သန်းလျက်ရှိ၏။

အခုလို ဆည်းဆာချိန်ဆိုလျှင် ဖူဂျီတောင်ထိပ်ဆီမှ လျှို့ဝှက်ဆန်းကြယ်သော ကာမိများသည် ထွက်လာနေပြီဟု တိုကီဝါ တွေးနေမိသည်။ ကာမိများအနေဖြင့် အောက်ဖက်နယ်မြေဒေသအတွင်းမှ ဖြစ်ပျက်လာသမျှကို စောင့်ကြည့်ကာ အားလုံးကို ရှင်းလင်းစင်ကြယ်သွားအောင် ဆောင်ရွက်ပေးလိမ့်မည်ဟုလည်း စိတ်ကူးယဉ်နေမိလေသည်။

တည်းခိုရိပ်သာ၏ ပတ်ပတ်လည်တွင် အမှောင်ရိပ်များ ထူထပ်စွာကျဆင်းလာနေသဖြင့် ဘာကိုမှ သဲကွဲစွာ မမြင်ရသော်လည်း သူ့နားများကမူ သူ့ပတ်ဝန်းကျင်၌ ဘာတွေဖြစ်နေသည်ကို ပြောပြနေသည်။ အပြင်ဘက်လမ်းများပေါ်၌ လူများနှင့် တိရစ္ဆာန်များသည် သွားလာလှုပ်ရှားလျက်ရှိကြ၏။ ယင်းလူအုပ်များထဲတွင် အများစုသည် အရပ်သားများဖြစ်ကြ၏။

ဤလူအုပ်များကြားတွင် မြင်းများနှင့် သွားလာနေသံများကိုပါ ကြားနေရသည်၊ ထိုလူစုသည် တည်းခိုရိပ်သာ အဝင်တံခါးများရှေ့မှဖြတ်ကာ အနောက်ဇူးစူးသို့ ရှေ့ရှုလျက်ရှိကြ၏။ ထိုလူစုတွင် အစောင့်အရှောက်များသာမက ခြေလျှင်လိုက်ပါလာသော အစေခံများပါ ပါလာသည်။

မြင်းများ၏ကျောများပေါ်၌ ခုံ၍တင်ထားသော ခြင်းတောင်းများထဲမှ မင်းနိုရာဇာနွယ်ဝင်ကလေးများအား ထည့်ထားသည်။ တည်းခိုရိပ်သာရှေ့၌ ထွန်းထားသည့် စက္ကူဖယောင်းတိုင်များ၏ အလင်းရောင်ဖြင့် ခြင်းတောင်းများထဲမှ ကလေးသူငယ်များ၏ အပြစ်ကင်းစင်သော မျက်နှာများကို မြင်နေရသည်။ တိုကီဝါသည် ထိုကလေးသူငယ်များ၏ သက်သောင့်သက်သာရှိမှုနှင့် ဘေးရန်ကင်းမှုများကို ကြည့်ကာ စိတ်ထဲတွင် မလိုလားသလိုလို၊ ဘာလိုလိုနှင့် မရေမရာ စိတ်တစ်မျိုး ဝင်လာသည်။

အမှောင်ထုအတွင်းသို့ ယုံကြည်စိတ်ချစွာဖြင့် တိုးဝင်သွားနေကြသော ထိုလူစုကို ကြည့်ရင်းနှင့် သူ့ရင်ထဲတွင် အလိုဆန္ဒတစ်ခု ဝင်လာသည်။ သူ့အနေဖြင့် ဤတည်းခိုရိပ်သာအတွင်း၌ မိမိဆန္ဒမပါပဲ မင်းသားတာနာကာ၏ ရန်သူများက သူ့အားအန္တရာယ်တစ်ခုခု ပေးလာသည်ကို ခံရကောင်း ခံရပေလိမ့်မည်ဖြစ်သော်လည်း အမှန်တကယ်ပေးလာလိမ့်မည်ဟုကား အခိုင်အမာ အတိအကျ ပြောနိုင်သည်မဟုတ် . . . ။

ထို့ပြင်လည်း . . အခု မိမိရောက်နေသည့် တည်းခိုရိပ်သာသည် မိမိအတွက် လုံခြုံမှု တကယ်ရှိမည့် ခိုလှုံရာ စခန်းဖြစ်နိုင်ပါမည်လော . . . ၊ အခြေအနေအားလုံးရှုပ်ထွေးနေသည့် အခုလိုအချိန်တွင် မိမိ၏ဘဝသည် အစောင့်အဖွဲ့၏ အကြီးအကဲ

ဟာရီ၏ အန္တရာယ်စက်ကွင်းအတွင်းသို့ ကျရောက်သွားနိုင်လေမလား . . . ။ အဲသလိုကော ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင် . . . ။

လက်ရှိအခြေအနေအရ သူ့ပတ်ဝန်းကျင်တွင် လူပေါင်းအမြောက်အများသည် များလာလှုပ်ရှားနေကြ၏။ လူအများအပြားသည် ကြောက်လန့်ခြင်းကို ရင်ဝယ်ကာ ရပ်တည်ရာ ရှာနေကြ၏။ ဤသို့သော ထိတ်လန့်ကြောက်ရွံ့မှုများနှင့် လှုပ်ရှားမှုများကြားတွင် မိမိတစ်ယောက်တည်း ကျေးရွာတည်းခိုရိပ်သာတစ်ခုထဲ၌ အထီးကျန်ဖြစ်နေရခြင်းကို ဆက်လက်သည်းခံနိုင်ပါမည်လော . . . ။

အကယ်၍ မိမိအနေဖြင့် မိမိပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသမျှကို အရှိကို အရှိအတိုင်း မှန်ကိုအမှန်အတိုင်း နားလည်ထားမည်ဆိုပါက မိမိအနေဖြင့် တခြားလူများ၏ ကာအကွယ်ကို ယူနေရခြင်းထက် မိမိကိုယ်မိမိ တာဝန်ယူ၍ ကာကွယ်သွားနိုင်ဖွယ်သည်ဟု ယုံကြည်စိတ်ဝင်လာသည်။ ဤသို့ဖြင့် တိုကီဝါသည် ဘယ်လိုစွန့်စားမှုမျိုးကျွပဲလုပ်ရ . . . လုပ်ရ၊ သူ့အနေဖြင့် ဤနေရာမှ လွတ်မြောက်အောင် ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ရှည်လျားလျား လသာဆောင်မှာ သူ့အခန်းအပြင်ဘက်၌ ကပ်လျက်တည်ရှိ၏။ လသာဆောင်ပေါ်တွင် အမှောင်ထုသည် အုပ်ဆိုင်းလျက်ရှိနေလေပြီ။ လသာဆောင် တစ်ဖက်သောဒေါင့်တွင် တည်းခိုရိပ်သာဝင်းအတွင်းသို့ ဆင်းသွားနိုင်သည့် လှေခါး စုရှိသည်။ အောက်ဖက်တွင် အစောင့်တစ်ယောက် ချထားသည်ကို တွေ့ရ၏။ သော်လည်း အကယ်၍သာ အစောင့်ငိုက်မျဉ်းနေခိုက်နှင့် ကြုံကြိုက်မည်ဆိုပါက သာဆောင်အရိပ်ကိုခို၍ လစ်ထွက်သွားနိုင်ဘွယ်ရာရှိသည်။ ထွက်သည့်အခါ ရပ်ဖျက်ထွက်မည်ဆိုပါက သူ့အတွက် ပို၍လွယ်ကူချောမောနိုင်မည်ဟု ယူဆရလေသည်။

ထိုအခိုက်အတန့်အတွင်းမှာပင် သူ့ခေါင်းထဲသို့ အသိတစ်ခု ဝင်လာသည်။ စောက သူမြင်ခဲ့ရသော မင်းဆိုးရာဇာတို့၏ နည်းကို မလိုက်ပဲ အခြေအနေအရပ်ရပ်ကို ညို့၍ သင့်တော်သလို လုပ်သွားရန်ဟူသော အသိဖြစ်၏။ ထိုအသိအတိုင်းဆိုလျှင် ကီဝါသည် ဘယ်သူမှ မသိနိုင်သော အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်ရန်သာ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် ယီဒိုသို့ ပြန်နိုင်မလား . . . ။ ယိုရှီဝါယာနယ်သို့ နိုင်မလား၊ သို့မဟုတ် သူ၏ဘဝသစ်တစ်ခုကို အစပြုနိုင်ရန်အတွက် အခြားသော ရာသစ်တစ်ခုဆီသို့ သူ သွားရလျှင် ကောင်းမလား၊ ဤအချက်မှာ သူ အခုအချိန်ထိ ယီရသေးသော အရာတစ်ခု ဖြစ်လျက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ဘဝသစ်တစ်ခု အစပြုရန်ဟူသော အတွေးသည် သူ့ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com

များစွာမှပင် လှုပ်ရှားစေခဲ့၏။ သူ့အနေဖြင့် ဂေရှာမယ်ဘဝ ရောက်လာကတည်းက တမ်းတခဲ့သော အရာတစ်ခုသည် ရှိခဲ့သည်။ ထိုအရာမှာ သူ မွေးဖွားကြီးပြင်းလာခဲ့ရသည့်ဘဝအတွင်း၌ ယောကျာ်းများ ပြောသမျှ ဆိုသမျှ လုပ်သမျှ ကိုင်သမျှကို ကျိုးကြောင်းဆင်ခြင်တုံတရား အသုံးမပြုပဲ မိန်းမများက လိုက်နာရမည် ဟူသောအချက် ဖြစ်သည်။ ထိုအချက်သည် သူ့အတွက် အစုအချိန်အထိ ဘဝင်မကျသော အချက်တစ်ချက်ဖြစ်နေဆဲ . . . ၊ တကယ်တော့ ထိုအချက်သည် သူ၏ဆာမူရိုင်းဖခင်ထံမှ သမီးအကြီးတစ်ယောက်အနေဖြင့် အမွေဆက်ခံပြီး ရရှိခဲ့ခြင်းဖြစ်လေလား . . . . ။

ကော်ရစ်ဒါဆီမှ ရှိုရှို ခန်းဆီးဆွဲလိုက်သော အသံသည် နောက်မှ ထွက်ပေါ်လာသဖြင့် သူ့အတွေးစများသည် ပြတ်သွားသည်။ နောက်လှည့်ကြည့်လိုက်သည့်အခါ ဝင်လာသူမှာ လယ်သူမ အစေအပါး မိန်းကလေး . . . ။ သူမသည် ဇင်တစ်လုံးကို မ၍သယ်လာသည်။ ဇင် မှာ စားပွဲအနိမ့်စားကလေးဖြစ်၍ စားပွဲပေါ်တွင် ထမင်းတစ်ပန်းကန်၊ ကြက်ဥပြုတ်တချို့၊ လွှက်ရည်အိုးသေးသေးတစ်လုံးနှင့် လက်ဆေးရေ ကြွေဇလုံတစ်ခွက် တင်ထားသည်။ မိန်းကလေးသည် သူမ၏နောက်မှ ခန်းဆီးကို သတိထား၍ပိတ်လိုက်ပြီး တိုကီဝါဘက်လှည့်၍ ဦးညွှတ်ကာ အရိုအသေပေးသည်။ ထို့နောက် စားပွဲကိုမ၍ အခန်းအလယ်ရှိ တာတာမီဖျာပေါ် ချလိုက်သည်။

'စားစရာယူလာပါတယ် အို တိုကီဝါ–ဆန်' ဟု မိန်းကလေးက ပြောသည်။

'အစောင့်တွေက အခုချက်ခြင်း စားစေချင်တယ်လို့ မှာပါတယ်။ မနက်ကတည်းကတိုကီဝါ–ဆန် ဘာမှ မစားသေးဘူးလို့ ပြောလိုက်ကြပါတယ်'

တိုကီဝါသည် မိန်းကလေးအား ဘာမှပြန်မပြော၊ မလှမ်းမကမ်းတွင် တင်ထားသည့် မိုးကာဖျင်စတစ်စဖြင့် ထုပ်ထားသည့် အနီရောင်ယွန်းသေတ္တာဆီသို့ ကပြာကယာသွားသည်။ ယီဒိုမှ သူယူလာသည့် ငွေကိုသေတ္တာလေးထဲ၌ သိမ်းထားသည် မဟုတ်ပါလား . . . ။

တိုကီဝါသည် သေတ္တာကိုဖွင့်ကာ အထဲမှ ငွေသား ငါးအီချီဘူ ထုတ်ယူပြီး သူ့ကီမိုနိုအကျီ၏ လက်မောင်းပွပွအတွင်းသို့ ထိုးသွင်းထားလိုက်သည်။ ထို့နောက် မိန်းကလေးအားလက်ပြ၍ ကော်ရစ်ဒါနှင့် အဝေးဆုံးနေရာသို့ လာရောက်ရန် ခိုင်းသည်။ တစ်ချိန်တည်းမှာပင် သူသည် လက်ညှိုးကိုပါးစပ်တွင် ကပ်၍ စကားကို တိုးတိုးပြောရန် သတိပေးသည်။

'မင့်နာမည် ဘယ်သူလဲ' ဟု တိုကီဝါက နှစ်ကိုယ်ကြားလေသံဖြင့် တိုးတိုးကလေးမေးသည်။

'ကျွန်မနာမည် အီကို . . ပါ' ဟု မိန်းကလေးက စိုးရိမ်မကင်းဖြစ်နေသော

အသံဖြင့် ဖြေသည်။ 'ဘာပြုလို့ အခုလိုလုပ်ရတာပါလဲ . . တိုကီဝါ–ဆန်' ဟုလည်း မေးသည်။

'တိုကီဝါ မင့်ဆီက အကူအညီ လိုချင်တယ် . . အီကို' ဟု တိုးတိုးကပ်ပြောကာ ကီမိုနိုလက်မောင်းအတွင်း၌ ထိုးဝှက်ထားသည့် ငွေသား ငါးအီချီဘူကိုယူကာ ကလေး၏ပါးပေါ်တင်၍ ဖြန့်ပြသည်။ 'မင်း တိုကီဝါကို ဒီကလွတ်အောင် ကူညီမယ်ဆိုရင် ဒီငွေကို မင်း အပိုင်ယူတော့'

မိန်းကလေး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။ လယ်သူမကလေး တစ်ဦးမျှသာဖြစ်သော ဤမိန်းကလေးသည် ဤမျှလောက်သောငွေကို သူမ၏ လက်တွင် အခုတစ်ကြိမ် ပထမဦးဆုံး မြင်ဖူးခြင်းဖြစ်၏။ သူမသည် ကြောက်လန့်တကြားစိတ်ဖြင့် အခန်းထဲကို လှည့်ကြည့်သည်။ စကြန်လိုက်ကာအားလုံး အလုံပိတ်ထားပါလေစ။ အခန်းထဲမှ စကားပြောသံများကို အပြင်မှ ကြားသွားမှဖြင့် . . ၊

'ကျွန်မ . . . ကျွန်မ ကြောက်တယ် တိုကီဝါ–ဆန်' ဟု မိန်းကလေးက တုန်ယင်စိတ်ထင်အသေဖြင့် ပြန်ပြောသည်။ တိုကီဝါထံမှ ငွေကိုယူချင်စိတ်နှင့် အစောင့်များကို ကြောက်သောစိတ် နှစ်စိတ်ကြားတွင် သူမသည် ဝေခွဲ၍မရဖြစ်နေသည်မှာ ထင်ရှားနေသည်။

'ကျွန်မက တိုကီဝါ–ဆန်ကို ကူညီလိုက်ရင် သူတို့က ကျွန်မကို သတ်ချင်သတ်ကြမှာ'

'သူတို့ လုံးဝသိဖို့ မလိုဘူး' ဟု တိုကီဝါက ပြောသည်။ ' မကြောက်နဲ့၊ တိုကီဝါ ဒီကထွက်သွားတဲ့အခါကျရင် ဒီကိစ္စ ကျွန်မဘာမှ မသိဘူးလို့သာပြော . . ၊ ပေါ့'

'ဒါပေမဲ့ သူတို့က ကျွန်မကိုယုံကြမှာ မဟုတ်ဘူး တိုကီဝါ–ဆန်' ဟု လှုပ်ရှားသောစိတ်ဖြင့် ပြန်ပြောသည်။

'မင်း စိတ်ကို အေးအေးထားပြီး တည်တည်ငြိမ်ငြိမ်နေလိုက်ရင် သူတို့ဘက်က သံသယမဖြစ်ပါဘူး' ဟု တိုကီဝါက ချော့ချော့မော့မော့လေသံဖြင့်ပြောသည်။

'တိုကီဝါပြောတာကို အသေအချာ နားထောင်ပါ၊ ဒီငွေထဲက တစ်ချို့တစ်ဝက်နဲ့ မြင်းတစ်ကောင်ရယ်၊ လယ်သူမ အဝတ်အစား တစ်စုံလောက်ရယ် ဝယ်ပေးပါ'

'ဘယ်လို အဝတ်မျိုးတွေလဲ' ဟု မိန်းကလေးက ဝေခွဲ၍မရနိုင်သေးသည့် မျက်နှာထားဖြင့်မေးသည်။

တိုကီဝါက သူခိုင်းထားသမျှကို လုပ်ချင်စိတ်ဝင်လာအောင် အားပေးသည့် မျက်နှာထားဖြင့် ပြုံးပြသည်။ 'ပထမ ဝါးခမောက် အကြီးကြီးတစ်လုံးဝယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

တိုကီဝါရဲ့ခေါင်းကိုစီးဖို့ အပြာရောင်ပုဝါတစ်ထည်နဲ့ အပြာရောင် ဘောင်းဘီပွအရှည် နည်းနည်းပါးပါးဝယ် . . . ၊ သစ်သားခုံဖိနပ် အနည်းအပါးဝယ်၊ ပြီးရင် အလုပ်လုပ်စဉ် အခါ ဝတ်တဲ့ ရှပ်တစ်ထည်ထပ်ဝယ် . . . '

အီကိုသည် သူမ၏ပါးတစ်ဖက်ကို လက်ဖဝါးဖြင့်ပွတ်ကာ တိုကီဝါ့လက်ထဲမှ ငွေကိုကြည့်နေသည်။ သူမသည် ခေါင်းကိုခါသည်။

'ကိုယ် –မင်းကို ဆယ်အီချီဘူ ပေးမယ်' ဟု တိုကီဝါက တီးတိုးထပ်ပြော သည်။ အနီရောင်ယွန်းသေတ္တာထဲကို ထပ်ဖွင့်ကာ ငွေသားတစ်ချို့ နှိုက်ယူသည်။

'ဘယ့်နှယ့်လဲ . . . ၊ မင်း ကိုယ့်ကို ကူညီမယ် မဟုတ်လား . . .ကွယ်'

တိုကီဝါသည် လယ်သူမ မိန်းကလေးအား စိုက်ကြည့်နေသည်။ မိန်းကလေးမှာ အသက်အားဖြင့် ဆယ့်ခွန် သို့မဟုတ် ဆယ့်ရှစ်နှစ်ထက် ပိုမည်မထင် . . .။ သူမသည် တိုကီဝါနှင့်မျက်နှာချင်းဆိုင်၍မကြည့်။ သူမ၏ မျက်လုံးနက်နက်များကို အောက်စိုက် ထားပြီး လက်တစ်ဖက်ဖြင့် ပါးကိုသာ ပွတ်နေသည်။

တိုကီဝါ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ မိန်းကလေးအနေဖြင့် သူပေးထား သည့်ငွေကိုယူ၍ အမှောင်ထုအတွင်းသို့ ထွက်ပြေးကာ သူ့ထံ လုံးဝပြန်မလာခဲ့သည် ရှိသော် . . .။ ထို့နောက် သူခိုင်းသမျှ အရာရာတိုင်းကို အစောင့်များထံ သွား၍ ပြောမည်ဆိုပါက . . .။ သက်သေခံအဖြစ် သူပေးထားသော ငွေသားဒင်္ဂါးပြား တစ်ပြားကို ထုတ်ပြလိုက်ပြီး ကျန်ဒင်္ဂါးပြားများကို သူ့အတွက်ဝှက်ထားမည် ဆိုလျှင် လည်း . . . သို့သော်လည်း တိုကီဝါအဖို့ ဤမိန်းကလေးမှလွဲ၍ အခြားယုံကြည် စိတ်ချရရာ လူတစ်ဦးမျှမရှိ . . . ၊ သူသည် လက်ထဲမှငွေ လှမ်းပေးပြန်သည်။

'အဝတ်တွေကို မင်းကိုယ်ပေါ်မှာ အောက်ခံထားပြီး ဝတ်လာခဲ့ရင် ရတယ်၊ ကိုယ်က ဒီမှာအဝတ်အစားလဲပြီး သိပ်မှောင်လာတဲ့အခါကျမှ ဆင်းလို့ရတယ် ...'ဟု တိုကီဝါကပြောသည်။ 'ဒါဆိုရင် အစောင့်တစ်ယောက်ကမြင်လဲ ကိုယ့်ကို ယိုရှိဝါယာ ကလာတဲ့ ဂေရှာမယ်တစ်ယောက်လို့ မမှတ်မိနိုင်တော့ဘူး . . . ။ ဒါပေမဲ့ အဲသလို လုပ်ဖို့က မင်းမကူညီရင် ကိုယ်လုပ်နိုင်မှာ မဟုတ်ဘူး . . . အီကို'

မိန်းကလေးသည် စိတ်လှုပ်ရှားစွာဖြင့် သူ့အားကြည့်နေသည်။ ခဏမျှ အကြာ တွင် တိုကီဝါပြောသမျှ သူနားလည်ကြောင်း ခေါင်းညိတ်ပြသည်။

'အန္တရာယ်သိပ်များတယ် တိုကီဝါ–ဆန်၊ အဝတ်တွေကို ဘယ်တော့ယူမှာလဲ'

'မြန်လေကောင်းလေပဲ . . . ၊ ဖြစ်နိုင်မယ်ဆိုရင် ဒီညပေါ့'

'မနက်ဖြန်ညအထိ စောင့်ရင် မကောင်းဘူးလား။ မနက်ခင်း ကျွန်မလာတဲ့အခါ အိမ်ကအဝတ်တွေ ယူလာနိုင်တယ် . . လေ'

'မင်း ကောင်းသလိုသာလုပ်ပါ' ဟု တိုကီဝါက ပြောသည်။ 'ဒါပေမဲ့ လာတာ ...ဟာ မြန်မြန်လာလေ ကောင်းလေပဲ၊ ကိုယ်က မင်း ရောက်အလာကို စောင့်နေရမှာ'

'မြင်းက ဘယ်လိုမြင်းမျိုး လိုချင်တာလဲ'

'မြင်းအိုပေါ့ . . ၊ ဖြည်းဖြည်းသွားတတ်တဲ့ မြင်းမျိုး . . ၊ မြင်းရဲ့ ကျောပေါ်မှာ ...တင်ထားတဲ့ ဘေးနှစ်ဖက်ခွ၊ ခြင်းတောင်းကြီး နှစ်တောင်းပါအောင်တော့ လုပ် ...နှ်၊ ခြင်းတွေထဲမှာ ဆန်ထည့်ထားဖို့လည်း မမေ့နဲ့၊ အဲဒါမှ ဈေးသွားမယ့် ခရီးသည် ...ယ်သူမတစ်ယောက်အဖြစ်နဲ့ သွားရလွယ်မှာ'

'မြင်းကိုရလာရင် ကျွန်မဘယ်လိုလုပ် ထားပေးရမလဲ'

'တည်းခိုရိပ်သာရဲ့ အနောက်ဘက်က ပထမဆုံး သစ်ပင်မှာ ချည်ထားခဲ့' ဟု ...ကီဝါက ပြောသည်။ သူ့အလှပြင်ပစ္စည်းများထည့်သည့် ဗူးကလေးထဲမှ အပြာရောင် ...ည်းကြိုးလေး နှစ်ခုကို ထုတ်ယူကာ အီကို့လက်သို့ လှမ်းပေးသည်။ 'ကြိုးတစ်ကြိုး ...မြင်းရဲ့ လည်ဆံမွေးမှာ ချည်ထားပေးခဲ့ . . .။ ဒါဆိုရင် ဒီမြင်းဟာ ကိုယ့်မြင်းပဲဆိုတာ ...မြင်းသိနိုင်မယ်၊ ဒီပိုးစည်းကြိုး တစ်ပင်ကတော့ မင့်အတွက် လက်ဆောင် . . .။ ...၊ လှ . . .မလှကြည့်ချင်တဲ့အခါ အဲဒီကြိုးကလေးနဲ့ မင့်ဆံပင်ကို စည်းထား . . .။

'ကျေးဇူးပါပဲ အို တိုကီဝါ–ဆန်' ဟုပြောကာ အီကိုသည် ပိုးစည်းကြိုးနှစ်ချောင်း ...ပြုံးဖြင့် လက်ခံသည်။ သူမ၏ ရိုးသားဖြူစင်သော မျက်နှာတွင် သံသယရိပ် ...ဘာ ထင်ဟပ်နေဆဲ . . .။ သို့တစေလည်း သူမသည် ငွေဒင်္ဂါးဆယ်ပြားကို ဖျတ်ခနဲ ...ကိုယူကာ အိမ်တွင်းရက္ကန်းစင်မှ ထွက်သည့် ကီမိုနို အင်္ကျီလက်မောင်းအတွင်းသို့ ...ထားလိုက်သည်။ 'ကျွန်မ ရှင်ခိုင်းသမျှအားလုံးကို လုပ်ပေးနိုင်အောင် ကြိုးစား ...ယ်' ဟု ပြောသည်။

အစေအပါးမိန်းကလေးသည် ကော်ရစ်ဒါဆီသို့ ရေးကြီးသုတ်ပြာ ထွက်သွား ...ည်။ သူ့နောက်မှ လိုက်ကာကို အသံမကြားအောင် အသာကလေး ပိတ်ထားခဲ့သည်။ ...န်း၏အလယ်၌ တစ်ယောက်တည်းရပ်၍ ကျန်ရစ်ခဲ့သော တိုကီဝါသည် မိမိ၏ ...န်းဘက်သို့ လျှောက်လာနေသော အစောင့်အကြီးအကဲ၏ ခြေသံများကို နားစွင့်ရင်း ...ကျက်စိတ်ဝင်ကာ တစ်ကိုယ်လုံး တုန်ယင်လျက်ရှိ၏။

အကယ်၍သာ မိန်းကလေးက မိမိထံမှ သူသိထားသမျှကို အစောင့်အကြီးအကဲ ...သတင်းပေးလိုက်မည်ဆိုပါမူကား ထိုလူသည် မိမိထံ ဒေါသတကြီးဖြင့် ရောက် ...ပြီး ထိပ်တိုက်တွေ့ချေတော့မည်။ တိုကီဝါသည် သူ၏တရှူးထိုးလုပ်လိုက်မိခြင်း ...ချက် နောင်တရနေမိ၏။ သို့သော်လည်း များစွာနောက်ကျသွားခဲ့လေပြီ . . .။

တိုကီဝါသည် အခန်းအလယ်တွင် နှစ်မိနစ် သုံးမိနစ်ခန့်ရပ်ကာ သူ၏ ရဲရင့်မှုအတိ

www.burmeseclassic.com

www.burmeseclassic.com

အံအားသင့်နေမိ၏။ ထို့နောက် အနည်းငယ်မျှသော ကြောက်ရွံ့တုန်လှုပ်စိတ်ဖြင့် နှုတ်ဆက်လှသော တာတာမီဖျာကိုဖြတ်၍ နောက်တစ်ကြိမ် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေမိပြန်လေ၏။

(၁၀)

'ဟို . . အပြင်ဘက်မှာ ဘာတွေဖြစ်နေသလဲ . . . ဆင်တာရို'

သဘော်ပျက်၍ ဒုက္ခရောက်လာသော ဆင်တာရို၏ နောက်သို့ ရောက်လာသည့် ...ဟတ်အီဒင်က ဆင်တာရို၏ ပခုံးကို တရင်းတနှီး လက်နှင့်လှမ်းပုတ်လိုက်ပြီး ...လိုက်ခြင်းဖြစ်၏။ ဆင်တာရိုမှာ အမြောက်စင်တစ်ခု၏ အပေါ်က်မှနေ၍ အပြင်သို့ ...ျော်ကြည့်လျက်ရှိသည်ဖြစ်ရာ အပေါ်ကုန်းပတ်ပေါ်တက်လာသည့် အီဒင်သည် ...တာရို မြင်နေသမျှကို သိလို၍ မေးလိုက်ခြင်းပေတည်း . . .။

ကမ်းခြေတစ်ခုလုံးကို လွှမ်းခြုံထားသည့် အမှောင်ထုထဲတွင် အချက်ပြမီးပုံကြီး ...ည့် တထိန်ထိန်တငြီးငြီး တောက်ပလျက်ရှိ၏။ ကမ်းစပ်ဖျား တစ်လျှောက်တွင်လည်း ...မများအပြားကို မြင်နေရသည်။ ဘာသာရေးဆိုင်ရာ ရွတ်ဆိုသံများသည် ယခု ...ရှိန်အထိ လေထဲတွင် လွင့်မျောနေဆဲ . . .။

မောင်းသံတစ်သံသည် မကြာခဏ ထွက်ပေါ်လာသည်။ သတိပေးသည့်အနေဖြင့် ...နေခြင်းဖြစ်၏။ ကမ်းခြေထက်မီးပုံကြီးများဆီမှ လာနေသော မီးရောင်ဖြင့် ...ဟတ်အီဒင်သည် သဘော်ပျက်၍ရောက်လာသော ဂျပန်ဒုက္ခသည်၏ မျက်နှာကို ...ာင်းစွာမြင်နေရ၏။ ဂျပန်ဒုက္ခသည် ဆင်တာရို၏ မျက်နှာသည် တင်းမာလျက်ရှိ ...သည်။

'ကျွန်တော့်နိုင်ငံသားတွေဟာ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့နေပုံ ပေါ် ...ယ် . . . မာစတာ' ဟု မပီမသ မမှန်မကန်လေသံ၊ အင်္ဂလိပ်စကားဖြင့် ဆင်တာရို ...ပြောသည်။

'သူတို့လုပ်ထားတဲ့ အချက်ပြမီးရောင်တွေ အားလုံးလိုလိုဟာ သတင်း ...မျိုးတည်းကိုပဲ ပို့ပေးနေတာပဲ'

'သူတို့သတင်းက ဘာတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com

ဆင်တာရီသည် အတန်ကြာမျှ တုံ့ဆိုင်းနေသည်။ အီဒင်အား မော့ကြည့်လိုက်သည့် သူ့မျက်လုံးများသည် ကြောက်လန့်စိတ်ဖြင့် ပြူးထွက်နေသည်။ 'ပြောရမှာ ဆောရီးပဲ မာစတာ၊ သူတို့က ပြောနေကြတယ်၊ 'နိုင်ငံခြားသား အရိုင်းအစိုင်းတွေကို မောင်းထုတ်ဖို့ လက်နက်ကိုင်ကြတဲ့'

'ကျွန်တော်တို့ကို သူတို့ တကယ်တိုက်ကြလိမ့်မယ်လို့ ခင်ဗျားထင်သလား . . . ဆင်တာရီ'

'အဲဒါတော့ ကျွန်တော် မသိဘူး မာစတာ . . . 'ဟု ဆင်တာရီက ခေါင်းတခါခါဖြင့် ပြန်ပြောသည်။ 'မာစတာရဲ့ ညီအစ်ကိုတော် အရာရှိတွေကလည်း ဒီမေးခွန်းမျိုး ကျွန်တော့်ကို မေးကြတယ် . . ။ တိုက်ချင်လည်း တိုက်ကြမှာပဲ မာစတာ၊ အတိအကျတော့ မသိဘူး'

တည်ငြိမ်လျက်ရှိသော ပင်လယ်အော်ရေပြင်ထဲတွင် လမ်းပေါ်မှ လိမ္မော်ရောင်မီးတောက်များ၏ အရိပ်များသည် တဖျတ်ဖျတ် ထင်ဟပ်လျက်ရှိသည်။ ကမ်းစပ်နှင့် ကပ်နေသော နေရာများတွင် ကမ်းခြေစောင့်လှေများမှ တပ်သားများသည် အမေရိကန် စစ်သင်္ဘောကြီးများအား မျက်ခြည်မပြတ် စောင့်ကြည့်နေဆဲ . . . ။

ညဉ့်၏နက်ရှိုင်းသော တိတ်ဆိတ်မှုထဲတွင် ထက်သန်တက်ကြွသော တေးဆိုသံများကြားနေရ၏။ အမေရိကန်စစ်သင်္ဘောများအပေါ်မှ မအိပ်ကြသေးသူများ၏ နားများတွင် ထိုအသံများသည် လေနှင့်လိုက်ပါကာ ရောက်လာလျက် ရှိကြလေသည်။

'ဘုရားကျောင်းတွေနဲ့ နတ်ကွန်းတွေထဲမှာ လူတွေ အများကြီးရောက်နေကြတယ်။ သူတို့က ကျွန်တော်တို့ရဲ့ ကာမိဆီမှာ နိုင်ငံခြားသားလူရိုင်းတွေရဲ့ သင်္ဘောနက်တွေကို အမြန်ဆုံးမောင်းထုတ်ပေးဖို့ ဆုတောင်းနေကြတာ' ဟု ဆင်တာရီက ကမ်းခြေဘက်မှလာနေသော အသံများကို သတိထား၍ နားထောင်နေရာမှ ရှင်းပြသည်။

'ဒီညတော့ ဘယ်သူမှ အိပ်မယ့်ည မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်'

အီဒင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ဆတ်စ်ကွီဟန်နာ ၏ကိုယ်ထည်ကြီးနှင့် ရွက်တိုင်၊ ရွက်ကြိုးများအား မော့ကြည့်မိသည်။ ကင်းမျှော်စင် သို့မဟုတ် စောင့်ကြည့်စင် အများအပြားကို မြင်နေရ၏။ စင်ပေါ်မှ လူများသည် မျက်စိများကိုဖွင့်၍ နားများကိုစွင့်ကာ ကမ်းခြေဘက်သို့ မျက်ခြည်မပြတ် ကြည့်လျက်ရှိကြလေသည်။

ဆတ်စ်ကွီဟန်နာ ဆီမှ မီးခိုးလုံးကြီးများသည် တလိပ်လိပ်တက်ကာ မိုးကောင်းကင်ဆီသို့ လွင့်ပါသွားလျက်ရှိသည်။ အောက်ကုန်းပတ်ဆီမှ ထွက်ပေါ်လာနေသော အသံများအရ သင်္ဘော၏ အင်ဂျင်စက်များမှာ အရေးကြုံလာလျှင် အဆင်သင့် လှုပ်ရှားနိုင်ရန် နှိုးထားသည်မှာ သေချာလျက်ရှိလေ၏။

ဂျပန်စေ့စပ်ဆွေးနွေးရေးအဖွဲ့ ပြန်သွားလျှင် ပြန်သွားချင်း ကွန်မိုဒိုပါရီသည်

...ဘက်ထပ်အစောင့်များ နှစ်ဆတိုး၍ ချထားရန်သာမက ဦးပိုင်းနှင့်ပဲ့ပိုင်းတို့တွင် ကင်းများတိုး၍ချထားရန် အမိန့်များ ထုတ်ခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် သူ့တပ်များအား စစ်ဆေးရန် တာဝန်ကျခဲ့သော အီဒင်သည် သူ့တပ်သားများနှင့် အမြောက်များကို စနစ်တကျ ပိုက်စိတ်တိုက်၍ စစ်ဆေးခဲ့လေသည်။

အစောပိုင်း မိနစ်အနည်းငယ်ခန့်က ဆတ်စ်ကွီဟန်နာသင်္ဘောမှ ခေါင်းလောင်းထိုးသံ ရှစ်ချက် ထွက်လာခဲ့လေသည်။ ထိုရှစ်ချက်သည် ညသန်းခေါင်ယံ အချိန်ရှိသွားပြီဟု အသိပေးလိုက်ခြင်း ဖြစ်ရုံမျှမက အီဒင်တာဝန်ကျနေသည့် လေးနာရီတာဝန် ကုန်ဆုံးသွားပြီဟု အသိပေးလိုက်ခြင်းလည်း ဖြစ်၏။

အီဒင်သည် တာဝန်ရှိန်စေ့သွားပြီဖြစ်၍ အပေါ်ထပ်မှနေ၍ လှေခါးအတိုင်း ဆင်းလာခဲ့သည်။ သူသည် အမြောက်စင်ဘေးပေါက်မှနေ၍ ကမ်းခြေဘက်သို့ ချောင်းကြည့်နေသော ဆင်တာရီကိုမြင်သည်။ စောစောပိုင်း တာဝန်ကျစဉ်က သူသည် ကင်းတပ်သားများအား လှည့်လည်စစ်ဆေးရင်းနှင့် ဆင်တာရီအား တွေ့ခဲ့ရသည်။ ထိုစဉ်က အမှောင်ထဲ၌သာနေရန်နှင့် အကယ်၍အရေးပေါ်ကိစ္စ ပေါ်လာပါက ပို၍လုံခြုံသောနေရာသို့ သွား၍ ပုန်းရှောင်နေရန် ပြောပြခဲ့မိသေးသည် မဟုတ်ပါလား . . .။

'အခု အိပ်တော့မယ်လို့ ခင်ဗျားစိတ်ကူးပြီလား ဆင်တာရီ' ဟု အီဒင်က ပခုံးကို ပုတ်လိုက်ပြီး မေးသည်။ 'ဒါမှမဟုတ်ရင်လည်း ဒီညတစ်ညလုံး ခင်ဗျားတို့ရဲ့ ကာမိက ကျွန်တော်တို့ သင်္ဘောတွေကို မောင်းထုတ်ပေးဖို့ ဆုတောင်းနေတော့မှာလား'

'ကျွန်တော့်မှာ စိတ်နှစ်မျိုး ရှိနေပါတယ် . . မာစတာ' ဟု ဆင်တာရီက ခါးကို ကုန်းပြီး ချောင်းကြည့်နေရာမှ အီဒင့်ဘေးသို့ လျှောက်လာလိုက်ပြီး ခါးကိုဆန့်၍ မတ်မတ်ရပ်လိုက်သည်။ ထို့နောက်တွင် သူ့ညာလက်ဖြင့် သူ့နဖူးအလယ်တည့်တည့်ကို ထိလိုက်ပြီး ရင်ဘတ်ကို ထပ်ထိလိုက်သည်။ 'ကျွန်တော်တို့ရဲ့ စိတ်တစ်ပိုင်းက နိပွန်ပြည်မှာ နေချင်တယ်။ ဒါပေမဲ့ ကျွန်တော့်တစ်ပိုင်းက အမေရိကန်ကို ပြန်ချင်နေတယ်'

'ခင်ဗျားရဲ့ ဘယ်အပိုင်းက ဘယ်နေရာမှာ နေချင်တာလဲ' ဟု အီဒင်က ပြန်မေးသည်။

ဂျပန်၏ မျက်နှာသည် အလေးအနက်ဖြစ်လာသည်။ သူသည် သူ့လက်ဖဝါးကို သူ့ရင်ဘတ်အလယ်တည့်တည့်ပေါ် တင်ထားလိုက်သည်။ 'ကျွန်တော့်နှလုံးသားက ပြောင်းမဲ့ပါတယ် . . .မာစတာ၊ သူ့မွေးရပ်မြေပေါ်ရောက်တော့ ခုန်ချင်ပြန်ပါတယ်၊ သူက ကျွန်တော့်သားနဲ့ သမီးကိုရော ကျွန်တော့်ဇနီးကိုပါ မြင်ချင်တွေ့ချင်နေပြန်ပါတယ်။

ကျွန်တော် သူတို့ကို မမြင်ရတာ လေးနှစ်ရှိသွားပါပြီ . . . မာစတာ'

သူသည် ဝမ်းနည်းစွာပြုံးသည်။ သူ့အပြုံးကြောင့် ကျိုးနေသောသွား အများအပြား ပေါ်လာသည်။ ထို့နောက် သူသည် သူ့နဖူးကို လက်ညှိုးဖြင့် ထောက်လိုက်သည်။ 'ဒါပေမဲ့ ကျွန်တော့်ခေါင်းက ပညာဉာဏ်ပိုကြီးတယ်၊ သူကပြောတယ် . . . ။

www.burmeseclassic.com

www.burmeseclassic.com

မင်းသွားသင့်ပြီ . . .တဲ့၊ ကျွန်တော့်ခေါင်းက ကျွန်တော်ကမ်းခြေကိုသွားရင် အသ ခံရလိမ့်မယ်လို့ သိနေတယ်၊ အဲဒါဆိုရင်တော့ ကျွန်တော့်နှလုံးသားဟာ နောက်ထ ဘယ်ခုန်နိုင်တော့မလဲ'

အီဒင်သည် ဆင်တာရှိအား စဉ်းစဉ်းစားစား မျက်နှာထားဖြင့် ကြည့်နေသည်၊ ထို့နောက် ကမ်းခြေဆီမှ ထိန်ထိန်ညီးနေသော မီးပုံများဆီသို့ မျှော်ကြည့်သည်။

'ခင်ဗျားရဲ့ ဇာတိရွာက ဒီကနေပြီး ဘယ်လောက်ဝေးသလဲ . . . ဆင်တာရှိ'

'ပင်လယ်အော်ရဲ့ အနောက်ဘက် ကမ်းပေါ်မှာရှိနေတဲ့ ယူရာဂါကဆို ဆယ်မိုင်ပဲဝေးပါတယ် . . မာစတာ' ဟုပြောကာ လက်တစ်ဖက်ဖြင့် တောင်ဖက်ဆီ လက်ညှိုးထိုးပြသည်။ 'ရွာနာမည်က ယူရုတာကီလို့ခေါ်ပါတယ်'

'ခင်ဗျားသားနဲ့သမီးက ဘယ်အရွယ်တွေလဲ'

'အခုဆိုရင် တာရိုက ကိုးနှစ်ပေါ့' ဟု ဆင်တာရှိက ပြန်ပြောသည်။ 'သူ့ညီ ဟာရုက ငါးနှစ် . . .'

'ဒါဆိုရင် ခင်ဗျားရဲ့နှလုံးသားနဲ့ ဦးခေါင်းနှစ်ခုစလုံး ကျေနပ်အောင် လု သင့်တယ်'

ဆင်တာရှိသည် အမေရိကန်အရာရှိအား နားမလည်နိုင်သည့် မျက်နှာထားဖြ ကြည့်နေသည်။ 'ကျွန်တော် ဘယ်လိုလုပ်ရမလဲ . . မာစတာ'

'ခင်ဗျား ရေကူးသမားကောင်းတစ်ယောက် မဟုတ်လား ဆင်တာရှိ'

ဆင်တာရှိက ခေါင်းညိတ်သည်။ 'ဟုတ်ပါတယ် . . မာစတာ၊ ကျွန်တေ ရေကောင်းကောင်း ကူးတတ်ပါတယ်'

'ဒါဆိုရင် ခင်ဗျားသင်္ဘောရဲ့တန်းကိုကျော်ဆင်းပြီး အမှောင်ထဲမှာ ကမ်း အရောက် ကူးသွားနိုင်တယ်။ ကမ်းရောက်တော့ မြင်းတစ်ကောင်ရှာပြီး ခင်ဗျားရွာ ဘယ်သူမှ မသိအောင် စီးသွားလို့ရတယ်။ အနည်းဆုံး ခင်ဗျားမိန်းမနဲ့ သားသမီးတွေ တော့တွေ့ရမှာပေါ့။ တကယ်လို့ အဲဒီအချိန်အထိ ကြောက်စိတ်ဝင်နေသေးတယ်ဆို အသွားတုန်းက ပုံစံအတိုင်း သင်္ဘောဆီကို ပြန်လာနိုင်တာပဲ . . .။ ကျွန်တော်ကပေ ပေးထားတဲ့ကတိအတိုင်း ခင်ဗျားကို အမေရိကန်ပြန်သွားနိုင်အောင် ကူညီမှာပဲ'

ဆင်တာရှိသည် အံ့အားသင့်လွန်း၍ အသက်ကိုပင် မှန်မှန်မရှူနိုင် . . .၊ ဒါပေ . . . မာစတာ ကမ်းခြေဆီကို တိတ်တိတ်ကလေးသွားဖို့ဆိုတာ သိပ်ကိုအန္တရာ များပါတယ်။ မြို့တိုင်း၊ ရွာတိုင်းမှာ ရဲထောက်လှမ်းရေး စပိုင်တွေ ရှိနေပါတယ် ကျွန်တော့်အတွက် ကြောက်စရာကြီးပါ'

အီဒင်သည် ကမ်းခြေဆီမှ အချက်ပြမီးပုံကြီးကိုကြည့်ကာ တစ်စုံတစ်ခုကို စ နေသည်။ ထို့နောက် ဆင်တာရှိအား လှမ်းကြည့်သည်။ သူ့မျက်လုံးအစုံသည် တလ

က်တောက်ပနေသည်။ 'တကယ်လို့ ကျွန်တော် ခင်ဗျားနဲ့လိုက်လာမယ် ဆိုရင်ကော ဗျားကြောက်မှာပဲလား'

'ကျွန်တော်နဲ့လိုက်လာမယ် . . . ဟုတ်လား . . မာစတာ' ဆင်တာရှိ၏ က်လုံးအစုံသည် အံ့သြခြင်းကြီးစွာဖြင့် တအားကုန်ပြူးသွားသည်။ 'မာစတာက ျွန်တော်နဲ့ ဘာ့ကြောင့် လိုက်ချင်ရတာလဲ'

'ဟိုးက မီးပုံတွေရဲ့နောက်မှာ အမှန်တကယ် ဘာတွေဖြစ်နေသလဲဆိုတာ ိုင်အောင် ကြံစားဖို့ပေါ့' အီဒင်က ရင်ထဲ၌ရှိနေသည့် ပြင်းထန်သော ဆန္ဒအတိုင်း သည်။ 'ကျွန်တော်တို့ဟာ ခင်ဗျားတို့မြေနဲ့ ခင်ဗျားတို့ လူမျိုးတွေအကြောင်း မှမသိဘူး။ အဲသလို မသိတဲ့ကြားကပဲ အချိန်မရွေးထပြီး မမှန်မကန်တဲ့ အတွေး ပေါ်၊ အယူအဆနဲ့ ကြောက်စရာ စစ်ပွဲတစ်ပွဲကို စမိချင် စမိလိမ့်မယ်။ တကယ်လို့ ဗျားတို့အတူ ကျွန်တော်လိုက်လာရင် ပိုပြီးခိုင်လုံတဲ့ သတင်းတွေကို ကျွန်တော်ပြန်ပြီး ပ်လာနိုင်မယ်'

'တစ်ဦးတစ်ယောက်က အဲသလိုလုပ်ပေးဖို့ မာစတာကို အမိန့်ပေးထားသလား' ဆင်တာရှိက အံ့သြခြင်းကြီးစွာဖြင့် တီးတိုးပြန်မေးသည်။ 'မာစတာရဲ့ အကြီးဆုံး ရှိကပေါ့။ သူက မာစတာကို ကမ်းပေါ်တက်ရမယ်လို့ အမိန့်ပေးထားပြီလား စ်ဝါ မက္ကဆီကိုမှာတုန်းက မာစတာ လုပ်ခဲ့သလိုမျိုးလေ'

အီဒင်က အနီးတစ်ဝိုက်တွင် ကြားမည့်သူ ရှိ မရှိ သတိထား၍ကြည့်သည်။ ောက် သူ့ခေါင်းကို ခါလိုက်ပြီး သူ့အသံကို နှိမ့်လိုက်သည်။ 'ဘယ်သူကမှ လိုလုပ်ဖို့ အမိန့်မပေးပါဘူး . . .ဆင်တာရှိ၊ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ တခြား ွက ညွှန်ကြားတဲ့အထိ အမြဲတစေ စောင့်နေလို့ကတော့ မသင့်ဘူး။ တစ်ခါ လ ကျွန်တော်တို့ကိုယ်တိုင်က ကျွန်တော်တို့ကို ခိုင်းပါလို့ ပြောရဲရတယ်'

'ကျွန်တော်ကတော့ အလွန့်ကိုကြောက်ပါတယ် . . .မာစတာ' ဟု ဆင်တာရှိက သည်။ 'ကျွန်တော့်အနေနဲ့ အဲသလို လုပ်ဖို့ မလွယ်ပါဘူး၊ သိပ်ကိုကြောက် ယ်'

အီဒင်က ဆင်တာရှိအား မျက်မှောင်ကုပ်၍ကြည့်သည်။ 'ကြောက်တယ်ဆိုတော ဗျားဟာ ပညာရှိပဲ . . . ဆင်တာရှိ၊ ခင်ဗျားသင်္ဘောပေါ်မှာ နေတာဟာ မှန်ကန် ပ်ရပ်ပဲ'

'မာစတာကကော . . .၊ အခုအတိုင်းဆိုရင် ဘယ်လိုလုပ်မလဲ' ဟု ဆင်တာရှိက သည်။

အီဒင်က တစ်ကြန့်မျှရပ်နေသည်။ 'ကျွန်တော်တစ်ယောက်ထဲပဲ ကမ်းခြေကို ်အောင်သွားမယ်၊ ဟိုမှာ ဘာတွေဖြစ်နေသလဲဆိုတာ ကြည့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

'မဖြစ်နိုင်ဘူး' ဟု ဆင်တာရိုက ရေရွတ်သည်။ 'ခင်ဗျားတစ်ယောက်တည်၊ သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး . . . မာစတာ၊ နိုင်ငံခြားသားအရိုင်းအစိုင်းတွေကို နိပ္ပွန်မြေပေါ် ခြေချခွင့်မပေးခဲ့တာ နှစ်ပေါင်းနှစ်ရာ ကျော်ခဲ့ပါပြီ။ ခင်ဗျားကို သူလျှိုတစ်ယောက် အဖြစ်ဖမ်းပြီး တရားစီရင်ခံရမှာပါပဲ။ နောက်ဆုံး အကျဉ်းသားတစ်ယောက်ပဲဖြစ်မှာပါ'

အီဒင်က သူ့ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီးပြုံးသည်။ 'မဖြစ်နိုင်ပါဘူး . . .၊ ခင်ဗျားက ကျွန်တော့်ကို ခင်ဗျားတို့ဘာသာစကား နည်းနည်းပါးပါး ပြောတတ်အောင် သင်ပေးထားတာပါ . . .ဆင်တာရို၊ ကျွန်တော့်အနေနဲ့ ရုပ်ဖျက်ပြီး လိုက်လာရပ်ရတာပဲ၊ ကျွန်တော် ခင်ဗျားရဲ့ဇာတိရွာကိုတောင် ရောက်သွားနိုင်တယ်၊ ခင်ဗျားရဲ့ မိသားစုကို ခင်ဗျားမသေသေးဘူး၊ ကျန်းမာစွာ ရှိနေတယ်လို့ ပြောလို့ရတယ်'

ဂျပန်ဆင်တာရိုသည် ကမ်းခြေဘက်သို့ ချောင်းကြည့်ပြန်သည်။ အချက်ပြ မီးပုံများသည် ပို၍ကြီးမားလာသည်။ မီးရောင်နှင့်အတူ လက်နက်ကိုင်လူစုကို မြင်နေရ၏။ အမှောင်ထုအတွင်းမှ မောင်းထုသံသည် ဆက်လက်ထွက်ပေါ်နေဆဲ ၊ နောက်တစ်ကြိမ် သူသည် အီဒင်အားလှည့်ကြည့်သည်။ သူ့မျက်နှာထားသည် မရေမရာဖြစ်နေခြင်းကို ပေါ်ပြလျက်ရှိလေ၏။

'ဘာပဲဖြစ်ဖြစ်–မာစတာ ကမ်းခြေကိုသွားမယ်ဆိုရင်တော့ ကျွန်တော် မာစတာနဲ့ လိုက်ရမှာပဲ၊ ကျွန်တော် မပါရင် မာစတာ အသက်ရှင်မှာ မဟုတ်ဘူး'

အီဒင်က ဆင်တာရို၏စကားကို ငြိမ်ဆိတ်စွာ စဉ်းစားနေသည်။ ထို့နောက်မှ သဘောတူလက်ခံကြောင်း ခေါင်းညိတ်ပြသည်။ 'ကောင်းပြီ ဆင်တာရို၊ ခင်ဗျားဘက်က အဲသလို စွန့်စားဖို့ ဝန်မလေးဘူးဆိုရင် ကျွန်တော်လက်ခံတယ်။ ခင်ဗျား ကျွန်တော့်ကို အများကြီး ကူညီနိုင်ဖို့ရှိတယ်'

'ကျေးဇူးပါပဲ . . . မာစတာ' ဟု ဆင်တာရိုကပြောသည်။ သူ့မျက်နှာသည် ပြုံးနေသည်။ ထို့နောက် သူသည် ကမ်းခြေဘက် လှမ်းကြည့်သည်။ 'ကျွန်တော်တို့ ဘယ်အချိန်မှာ ထွက်ကြမလဲ . . . မာစတာ'

မြန်မြန်သွားနိုင်လေ ကောင်းလေပဲ . . . ၊ အရုဏ်မတက်ခင် ထွက်နိုင်ရင် ပိုကောင်းမယ် . . . ၊ ဒါပေမဲ့ ကြိုတင်ပြင်ဆင်မှုတွေကို သတိထားပြီး လုပ်သွားရလိမ့်မယ်'

'ကျွန်တော်တို့မှာ ဘာတွေလိုမလဲ . . . မာစတာ'

အီဒင်က အမြန်စဉ်းစားသည်။ 'မိုးကာနဲ့ချုပ်ထားတဲ့ အိတ်နှစ်လုံးလိုမယ်။ ခင်ဗျား အိတ်နှစ်လုံးတော့ချုပ်၊ ခါးပတ်မှာတွဲချုပ်မှဖြစ်မှာ၊ ဒါမှ ကျွန်တော်တို့ပစ္စည်းတွေ ခြောက်သွေ့နေမှာ . . . ၊ ကျွန်တော်က ပစ္စတိုတစ်လက်နဲ့ကျည်ဆံ၊ ဓါးမြှောင်တစ်ချောင်း၊ ကွန်ပါတစ်ခုနဲ့ မှန်ပြောင်းတစ်လက်ယူခဲ့မယ်'

'အစားအစာကော မယူဘူးလား . . . မာစတာ' ဟု ဆင်တာရိုက မေးသည်။

အီဒင်က ခေါင်းခါသည်။

'ဟင့်အင်း . . မယူဘူး၊ ကျွန်တော်ဟောင်ကောင်ဝင်တုန်းက စုလာခဲ့တဲ့ တရုတ် ဂါးပြားတစ်ချို့ ယူခဲ့မယ်။ အဲဒီငွေတွေနဲ့ ခင်ဗျားက အစားအစာ ဝယ်ပေးနိုင်မှာပါ။ ပေမဲ့ ကျွန်တော် ရုပ်ဖျက်ဖို့ ခင်ဗျားရဲ့ အဝတ်ဟောင်းတွေ လိုလိမ့်မယ်။ အထူးသဖြင့် ဗျားကယ်လီဖိုးနီးယားမှာတုန်းက ရက်ထားတဲ့ ကောက်ရိုးဦးထုပ်အကြီးကြီး ရ ိတယ်။ အဲဒီ ဦးထုပ်နဲ့ဆိုရင် ကျွန်တော့်မျက်နှာကို ကွယ်ထားလို့ရမယ်'

'ဟုတ်ကဲ့ပါ . . . မာစတာ'

'ကျွန်တော် ခင်ဗျားအိပ်ခန်းဆီ ထပ်လာပြီး ပြောစရာရှိတာ ထပ်ပြောဦးမယ်'

'ကောင်းပါပြီ . . . မာစတာ' ဟု ဆင်တာရိုက ပြန်ပြောသည်။

'ကျွန်တော် သွားတော့မယ် . . .'

'နေဦး' ဟု အီဒင်က ပြောသည်။ 'မေးစရာတစ်ခုရှိတယ်၊ ဒီနေ့ ကျွန်တော် မလည်တဲ့ ဂျပန်စကားတစ်ချို့ ကြားခဲ့ရတယ်၊ ဂျပန်တစ်ယောက် ကျွန်တော့်နားမှာ ပြောသွားတာ၊ 'တေဟောင်းအွန်နီနာရ'

'အဲဒီစကားက 'ကျွန်တော့်အပေါ်မှာ ခင်ဗျားရဲ့ကျေးဇူးတွေ အများကြီးရှိသွားပြီ' လို့မပြောတာပါ' ဟု ဆင်တာရိုကပြောသည်။ 'အဲဒီစကားလုံးတွေဟာ စိတ်စေတနာ ဖြူစင်စင်နဲ့ အရိုးခံသဘော ပြောသွားတာ သေချာပါတယ်၊ ဘယ်သူ ပြောသွား ကလဲ'

'စောစောပိုင်းက ဒီသင်္ဘောပေါ်ကို ရောက်လာတဲ့ ဂျပန်သံအဖွဲ့ထဲက အစောင့် စ်ယောက်ပြောသွားတာ၊ ပြီးတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိလိုက်တဲ့ ကားတစ်ခွန်းနဲ့ သူ့စကားကို အဆုံးသတ်သွားတယ်၊ သူပြောသွားတာ . . . ဘာတဲ့ 'ဆူမိမာဆန်' ဆိုလား၊ ဘာလား'

ဆင်တာရိုသည် နဖူးကြောများ ရှုံ့သွားသည်အထိ အားယူကာ စဉ်းစားလျက် သည်။ 'မာစတာ့စကားက 'ဆူမီမာဆင်' ဆိုတဲ့ စကားတစ်လုံးတည်း ဖြစ်ကောင်း ဖြစ်မယ်'

'"ဆူမီမာဆင်" ဆိုတာ 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့စကားကို သီးသန့် သုံးအနှုန်းနဲ့ အထူးပြုပြီး ပြောတဲ့စကားပါ . . မာစတာ' ဟုပြောကာ ဆင်တာရိုသည် ဂလိပ်စကားနှင့် တူညီသော စကားကို စဉ်းစားကြံဆလျက်ရှိ၏။ 'ဒါပေမဲ့ အဲဒါဟာ စတာရဖို့ မမျှော်လင့်နိုင်တဲ့ စကားတစ်လုံးတည်းပါ။ ဒုက္ခပေးသလိုဖြစ်နေလို့ ဟာင်းပန်တဲ့စကားလည်း ဖြစ်နိုင်တယ် . . . မာစတာ'

'ခင်ဗျားကိုကျေးဇူးတင်ပါတယ်' ဟု အီဒင်က သူ့စိတ်ကူးနှင့်သူ ရေရွတ်၏

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့မျက်နှာသည် အေးဆေးကြည်လင်လျက်ရှိ၏။ ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်ကာ '**ဆူမီမာဆင် . . . ဆူမီမာဆင် . . .**' ဟု ရေရွတ်နေသည်။ 'ဟုတ်တယ်၊ ကျွန်တော်လည်း အဲသလိုပဲထင်တယ်'

အခုဖြစ်နေတဲ့ အခြေအနေတွေကြားမှာတောင် လက်ဖတင်နင်က ဘာသာစကားသင်ကြားမှုကို မေ့မထားဘူး။ အခုလိုအားထုတ်တာ မြင်နေတော့ ဝမ်းသာတယ် လက်ဖတင်နင်'

ပြောင်ပြောင်နောက်နောက်ပြောလိုက်သော ဆင်မြူရယ်အမ်းစထရောင်း၏ အသံ။ သာသနာပြုစကားပြန်သည် မှောင်ရိပ်ထဲမှ ထွက်လာသည်။ သူ့အသံကြောင့် အီဒင်၏ အတွေးစသည် ပြတ်တောက်သွားသည်။

''**ဆူမီမာဆင်**' ဆိုတဲ့စကားလုံးကို စာသံပေသံပေါက်အောင် ပြောရမယ်ဆိုရင် ဒီစကားလုံးဟာ ဂျပန်ဘာသာနဲ့ပြောတဲ့ တောင်းပန်စကား ဒါဇင်ဝက်လောက်ထဲမှာ တစ်လုံးအနေနဲ့ ပါဝင်တယ်' ဟု အမ်းစထရောင်းက ရှင်းပြသည်။ ''**ဆူမီမာဆင်**' ကို စာပေသဘောအရ ပြန်ရင် စိတ်ဝင်စားဖို့ကောင်းတယ်။ သူ့အဓိပ္ပါယ်က 'တာဝန်ဝတ္တရားဟာ ဘယ်တော့မှ မကုန်ဆုံးဘူး' လို့ ပြောတဲ့သဘောရှိတယ်'

အီဒင်သည် တရုတ်နိုင်ငံသာသနာပြုအား စူးစမ်းသော မျက်နှာထားဖြင့် ကြည့်နေသည်။ သူနှင့်ဆင်တာရို ပြောနေကြသည့် စကားများထဲမှ တစ်စိတ်တစ်ပိုင်းကို မစ္စတာအမ်းစထရောင်း ကြားများသွားလေသလား . . .၊ သို့သော်လည်း မျက်နှာကို ခပ်ပြုံးပြုံးထားပြီး ဆေးတံကို ဖွာရှူနေသော အမ်းစထရောင်းသည် ကြားခဲ့သည့် အရိပ်လက္ခဏာ ရှိ။

'မစ္စတာအမ်းစထရောင်းက ကျွန်တော့်ဘာသာစကားကို ကောင်းကောင်းပြောတတ်တယ် . . နော်' ဟု ဆင်တာရိုက ရေရွတ်ကာ အမ်းစထရောင်းဘက် လှည့်၍ ဦးခေါင်းကိုညွှတ်လိုက်သည်။ 'ကျွန်တော့်ကိုခွင့်လွှတ်ပါ . . မာစတာ၊ ကျွန်တော် သွားတော့မယ်'

ဆင်တာရိုသည် အီဒင်ဘက်လှည့်၍ ဦးညွှတ်လိုက်ပြီး အနီးမှ ထွက်ခွာသွားသည်။ စကားပြန်အမ်းစထရောင်းသည် အမြောက်ဘေးတွင် ဝင်ရပ်လိုက်ကာ ကမ်းခြေဆီသို့မျှော်ကြည့်သည်။ သူသည် အချက်ပြမီးဖိုများကို စိတ်ဝင်တစား လေ့လာလျက်ရှိလေသည်။

'ကျုပ်အနေနဲ့ ဂျပန်စကားကို သိပ်ကောင်းကောင်း မပြောတတ်သေးပါဘူး။ ခင်ဗျားလိုပဲ အနည်းအပါးလောက် သိတာပါ။ ဟောင်ကောင်နဲ့ကန်တုံမှာနေတုန်းက တတ်တာလေးတွေပါ။ အဲဒီတုန်းက တရုတ်နိုင်ငံတောင်ပိုင်းက ဖြတ်သွားဖြတ်လာလုပ်လေ့ရှိတဲ့ ဒတ်ချ်ကုန်သည်တွေနဲ့ မကြာခဏဆုံမိခဲ့တယ်။ သူတို့က နာဂါစကီးက

ပြန်လာတဲ့လူစုဆိုတော့ သူတို့နဲ့ ဂျပန်စကားပြောရင်း ကိုယ်တတ်ထားတာလေးတွေ ပျောက်အောင်လုပ်ခဲ့ရတယ်ဆိုပါတော့'

အမ်းစထရောင်းသည် အီဒင်အားရှင်းပြနေရင်းမှ ခါးကိုဆန့်၍ မတ်မတ်ရပ်လိုက်သည်။ 'ဘာပဲဖြစ်ဖြစ် လက်ဖတင်နင်က အချိန်တိုတိုအတွင်းမှာ အတော်လေး ပြောတတ်အောင် အားထုတ်ထားတာပဲ၊ ခင်ဗျားရဲ့ဂျပန်စကားဟာ ကျုပ်တတ်သလောက် နီးပါးဖြစ်နေပြီ၊ ခင်ဗျားကြည့်ရတာ သာမန်ရိုးရိုးစိတ်ဝင်စားမှုမျိုးထက် ပိုတဲ့လက္ခဏာရှိတယ်၊ ကျုပ်ထင်တာ မှန်နေမလားပဲ'

'ဘာသာစကားတတ်ထားရင် ကျွန်တော်တို့ ဒီမှာလုပ်ဖို့ အားထုတ်နေတဲ့ကိစ္စတွေအပေါ်မှာ နားလည်နိုင်မယ်လို့ထင်တယ် . . . လေ' ဟု အီဒင်က ပြန်ပြောသည်။

'အင်မတန်ကို ချီးကျူးဖို့ကောင်းတဲ့ သဘောထားပါပဲ . . လက်ဖတင်နင်၊ ဒီလိုတွေးတဲ့လူမျိုးဟာ အရေအတွက် သိပ်နည်းပါတယ်' ဟု အမ်းစထရောင်းက မှတ်ချက်ချသည်။ 'အခုဆိုရင် အခြေအနေတွေကို အတော်ကြီးသိနေပြီလား'

'များများစားစား မသိသေးပါဘူး ခင်ဗျာ၊ ဆုံးဖြတ်ဖို့ သိပ်စောနေပါတယ်'

'ခင်ဗျားရဲ့ပါးစပ်က ဖွင့်ပြောလို့ မရနိုင်တဲ့ ခံစားမှုတွေဟာ ခင်ဗျားရဲ့ နှလုံးသားထဲမှာ အများကြီးရှိနေတယ်ဆိုတာ ကျုပ်သိပါတယ် လက်ဖတင်နင်' ဟု အမ်းစထရောင်းက ပြောသည်။ 'ခင်ဗျားစိတ်ထဲမှာ ခံစားနေရတဲ့အတိုင်း ကျွန်တော်နဲ့ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်။ ကျုပ်ဟာ အရပ်သားတစ်ယောက်ဆိုတာ သတိရပါ။အစောပိုင်းတုန်းက ကျုပ်တို့နှစ်ယောက် စိတ်ဝင်စားစရာတွေ ပြောခဲ့ကြပြီးပြီ၊ ဆက်ပြောကြသေးတာပေါ့'

အီဒင်ကတော့ အချိန်အတော်ကြီးကြာမျှ စဉ်းစားနေသည်။ သူ့အနေဖြင့် နောက်ထပ် ဘာမှမပြောတော့ဟု စောစောကတည်းက ဆုံးဖြတ်ထားလေသလားမသိ၊ ထို့နောက် သူသည် ဦးခေါင်းကိုရှေ့ငိုက်ကာ ကမ်းရိုးတန်းဆီသို့ကြည့်သည်။

'ကျွန်တော်တို့ဟာ ကြီးမားတဲ့ စွန့်စားမှုတွေကို လုပ်နေသလို ဖြစ်မနေဘူးလား . . မစ္စတာအမ်းစထရောင်း' ဟု အီဒင်စကားစသည်။ 'ကျွန်တော်တို့ လုပ်လိုက်လို့ ကမ်းရိုးတန်းပေါ်မှ အကြီးအကျယ် ဆူပူလှုပ်ရှားပြီး ရုတ်ရုတ်သဲသဲဖြစ်နေကြပြီ။ အဲဒါ ဘာကြောင့်လဲ . . .၊ ဒီလူတွေဟာ ကျွန်တော်တို့ကို ဘာအန္တရာယ်မှ မပေးကြပါဘူး။ ကျွန်တော်တို့နှစ်နိုင်ငံဟာ မိုင်ထောင်ပေါင်းများစွာကွာတဲ့ နိုင်ငံတွေပါ။ အခု ကျွန်တော်တို့လုပ်နေတာတွေအားလုံးဟာ ဘာအတွက်လဲ'

'ကျုပ်တို့တတွေဟာ သမိုင်းရဲ့အကြီးမားဆုံးသော ပြောင်းလဲမှုကြီးတစ်ခုရဲ့ ဂုဟ်စမ်းပေါ်မှာ ရပ်နေကြပြီ ... လက်ဖတင်နင် ... ။ အာရှတိုက်အတွက်နဲ့ တစ်ကမ္ဘာလုံး အတွက်ပါလို့ ပြောမယ်ဆိုရင်တောင် ရနိုင်စရာရှိတယ်' ဟု ဆင်မြူရယ်အမ်းစထရောင်း

www.burmeseclassic.com

www.burmeseclassic.com

ကကမ်းခြေဘက်သို့ လှမ်းမျှော်ကြည့်ပြီး ပြောသည်။ 'ဒီလူတွေဟာ နှစ်ရာပေါင်း များစွာ လုံးဝအပြောင်းအလဲမရှိပဲ အလယ်ခေတ်နတ်သမီးပုံပြင်တစ်ခုထဲမှာ နေမနေ ကြတာ'

'သူတို့ဟာ ကမ္ဘာရဲ့ ကျန်အစိတ်အပိုင်းတွေနဲ့ အဆက်ပြတ်နေကြတယ်၊ ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ မြင့်မြတ်သော အင်ပါယာကေရာဇ်ဘုရင်တစ်ပါးရဲ့ အုပ်ချုပ်မှုအောက်မှာ နေကြရတယ်။ ဒါပေမဲ့ ဘုရင်မင်းမြတ်ကို ဘယ်သူမှ မမြင်ကြ ရဘူး။ နိုင်ငံချို့ လို့ခေါ်တဲ့ နယ်မြေဒေသအတွင်းက နယ်စား၊ ပယ်စား၊ မှူးမတ်ကြီးတွေ ကျတော့လည်း အလွန်အလှမ်းဝေးတဲ့ ရဲတိုက်တွေထဲမှာ တစ်ထီးတစ်နန်းနေပြီး အပဲ လိုက်ကြ၊ သူတို့ချင်း ရန်ဖြစ်ကြနဲ့ပဲ အချိန်ကုန်နေကြတယ်'

'ပြီးတော့ သူတို့ဟာ အခုအချိန်အထိ ကိုယ်ပိုင်စစ်သည်တွေနဲ့ ကိုယ်ပိုင်စစ်တပ် တွေဖွဲ့စည်းထားပြီး သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ကာကွယ်နေကြတုန်းပဲ။ အလယ် ခေတ်တုန်းက ဥရောပတိုက်ဘက်မှာ နောက်ဆုံးလုပ်ခဲ့ကြတဲ့ မြင်ကွင်းတွေအတိုင်းပဲ လယ်သမားတွေမျာလည်း စပါးခင်းတွေထဲမှာ တကယ့်ကျွန်တွေ အတိုင်းပဲ၊ သူတို့ ခိုင်းသမျှ လုပ်ပေးနေကြရတယ်'

'မြို့သူမြို့သားတွေကျတော့ . . . ၊ ဘာများထူးလို့လဲ . . . ၊ သူတို့ခိုင်းသမျှကို လုပ်ပေးနေကြရတဲ့ ကျွန်တွေပါပဲ။ သူတို့ချမှတ်ပြီး လုပ်နေတဲ့စနစ်ကိုက သူတို့ကလွဲပြီး ကျန်တဲ့လူတွေအပေါ်မှာ ရက်ရက်စက်စက် မတော်မတရား ဖိနှိပ်ချုပ်ချယ်တဲ့စနစ်ပဲ ။ တကယ့်လွတ်လပ်မှုဆိုတာ သူတို့ကလွဲပြီး ဘယ်သူ့မှာမှ မရှိဘူး။ အဲဒီတော့ သူတို့ဟာ ကျုပ်တို့ရဲ့နောက်မှာ နှစ်ရာပေါင်းများစွာ နောက်ကျကျန်ရစ်ခဲ့ကြပြီ . . . လက်ဖတင်နဲ့ အမှန်တော့ ကျုပ်တို့ဟာ ခေတ်သစ်ကိုသယ်လာပြီး သူတို့ရဲ့ တံခါးဝဆီမှာ ဒီညှ ချပေးလိုက်တာပဲ'

သာသနာပြုစကားပြန်၏ စကားများကို နားထောင်နေသော အီဒင်သည် တစ်ချက်မျှ မော့ကြည့်သည်။ စစ်သင်္ဘောလေးစင်း၏ အပေါ်ဘက်ရှိ မှောင်မဲနေသော ကောင်းကင်ယံတွင် ကြယ်များဖြင့် ပြည့်လျက်ရှိ၏။ သို့သော်လည်း လထွက်လာမည့် အရိပ်လက္ခဏာကိုမှ မမြင်ရ၊ သူ့ခေါင်းကို တစ်ဖက်သို့လှည့်လိုက်သည့်အခါ အနောက် တောင်ဘက်တွင် အလင်းရောင်ဖျော့ဖျော့ကို မြင်နေရသည်။ ထိုအလင်းရောင်အောက် တွင် အမေရိကန်စစ်သင်္ဘောလေးစင်း . . . ။

'ခင်ဗျားပြောပုံအတိုင်းဆိုရင် ပြဿနာဆိုတာ မရှိသလိုပါပဲ . . .မစ္စတာ အမ်းစ ထရောင်း၊ ကျွန်တော်တို့ဘက်က တစ်ကိုယ်ကောင်းဆန်တဲ့ သဘောမရှိပါဘူး' ဟု အီဒင်က ယဉ်ကျေးစွာ ပြန်ပြောသည်။ 'ဒါပေမဲ့လို့ ယန်ကီးနိုင်ငံသားတွေ ဂုဏ်သိက္ခာ ပြန်တက်အောင် လုပ်နိုင်ဖို့အတွက် သူတို့ကို အမြောက်တွေနဲ့ပဲ ချိန်ရွယ်ထားပါတယ်၊

ကမြှားဘာကိုမှမလုပ်ပါဘူး . . . ။

'အမှန်တော့ ကျွန်တော်တို့ကို ဒီလာဖို့ ဘယ်သူကမှ မဖိတ်ခေါ်ခဲ့ပါဘူး။ ဂျပန် ကကလည်း မခေါ်ခဲ့တာအမှန်ပါ၊ ဂျပန်တွေအနေနဲ့ ကျွန်တော်တို့ကို ပြောတာက ဂါစကီး ရောက်သည်အထိ သွားဖို့ပါ၊ ဒီစကားကို ကျွန်တော်တို့က ဥပေက္ခာပြုနိုင်တဲ့ မြှင့်အလမ်း ရှိပါသလား'

အမ်းစထရောင်းက သူ့မုတ်ဆိတ်မွေး ဖွေးဖွေးများကိုကိုင်ကာ အတန်ကြာမျှ ဉ်စားနေသည်။ ထို့နောက်တော့ ပြုံးသည်။

'ကျုပ်ကတော့ ခင်ဗျားရဲ့ လူငယ်အတွေး ကိုချီးမွမ်းမိပါတယ် ...လက်ဖတင်နှင့် စ်ရှိန်တုန်းကတော့ ကျုပ်လည်း ခင်ဗျားနဲ့ သိပ်ကိုတူပါတယ်။ အသက်ကြီးလာ ကာလည်း အရာရာတိုင်းကို အချိန်အဆနဲ့ မြင်လာခဲ့ပါတယ်'

'မှန်ပါတယ်၊ ကျုပ်တို့သမ္မတက သူတို့ရဲ့အင်ပါယာကေရာဇ်ဆီ ပေးလိုက်တဲ့ ဟာ သူတို့ရဲ့သင်္ဘောဆိပ်တွေကို ကျုပ်တို့သင်္ဘောတွေနဲ့ ကုန်သွယ်မှုတွေ တရားဝင် ဖွင့်ပေးဖို့ တံခါးဖွင့်ခိုင်းတာပါ။ ကျုပ်တို့ကို သူတို့က ကျောက်မီးသွေး၊ ရေနဲ့တခြား ာတွေ ရောင်းပေးစေချင်ကြပါတယ်။ ပြီးတော့ သင်္ဘောတွေပျက်ပြီး သူတို့ရဲ့ ကျွန်း ပေါ်ရောက်သွားကြတဲ့ အမေရိကန်ဝေလငါးဖမ်းသင်္ဘောသားတွေကို အတိနိုင်ငံ ပို့ပေးဖို့လည်း ကျုပ်တို့က တောင်းခံထားပါတယ်'

အီဒင်သည် ကမ်းခြေဆီမှ စစ်မောင်းသံများကို နားစွင့်လျက်ရှိ၏။ သူသည် ကပြင်းတစ်ချက် ချလိုက်သည်။ 'ကျွန်တဲ့ကမ္ဘာနဲ့ဆက်သွယ်ဖို့ကိစ္စကို သူတို့ဖာသာ တို့ ဆုံးဖြတ်ခွင့် မပေးနိုင်ဘူးလား . . . ၊ အချိန်ကိုလည်း သူတို့ဖာသာသူတို့ တ်မှတ်ခွင့် ပေးလို့မရနိုင်ဖူးလား'

အမ်းစထရောင်းက ပြုံးသည်။ အီဒင်ပခုံးထက်သို့ သူ့လက်တစ်ဖက်ကို တင်သည်။ 'လူ့ဘဝဟာ အဲသလိုချည်းဖြစ်လာနိုင်တာ မဟုတ်ဘူးဆိုတာ လည်ရမယ် . . . ။ သူ့ရဲ့အကျိုးကျေးဇူးအတွက် ဂျပန်ဟာ ကမ္ဘာကြီးရဲ့ ကျန်တဲ့ ိုင်းက လူတွေ ဘယ်လိုလုပ်ကိုင်နေကြတယ်ဆိုတာ သင်ယူလေ့လာဖို့ လိုတယ်'

'တကယ်လို့ ဂျပန်အနေနဲ့ သူတို့ရဲ့ ကိုယ်ပိုင်လမ်းကို သူတို့ဖာသာသူတို့ ရှာချင် ယ်ဆိုရင် သူတို့ဖာသာသူတို့ အချိန်အခါရွေးပြီး ရှာကြပစေပေါ့' ဟု အီဒင်က ာသည်။ 'ကျွန်တော်တို့က ဘာပြုလို့ သူတို့ဦးခေါင်းတွေကို သေနတ်တွေနဲ့ ချိန်ပြီး နေရတာလဲ'

'ဂျပန်တွေဟာ အနောက်နိုင်ငံသား ဒတ်ချ်ကုန်သည်တွေနဲ့ နာဂါစကီးကို အခြေ ပြီး ကုန်သွယ်လာခဲ့တာ နှစ်ပေါင်းနှစ်ရာရှိခဲ့ပြီ' ဟု အမ်းစထရောင်းကပြောသည်။

'ဒါပေမဲ့ ဂျပန်တွေဟာ ဒတ်ချ်တွေကို အကျဉ်းသားအဖြစ် ချုပ်နှောင်ထားပြီးမှ

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံတာမျိုးလုပ်ခြင်းအားဖြင့် ဂုဏ်သိက္ခာကင်းမဲ့အောင် လုပ်ခဲ့ကြတယ်'

'ဒတ်ချ်တွေကို ဆိပ်ကမ်းတက်ခွင့် မပြုဘူး၊ ဒတ်ချ်သင်္ဘောတစ်စီး ရောက်လာရင် သင်္ဘောဆိပ်ရဲ့အပြင်မှာ ရပ်နိုင်းထားပြီး တစ်စင်းလုံးကို ပိုက်စိတ်တိုက်ပြီး ရှာတယ်။ သမ္မာကျမ်းစာ စာအုပ်တွေကို တွေ့ရင်သိမ်းတယ် . . . ၊ ကုန်ကုန်ပြောရရင် ကြက်ဥ ဘဲဥကိုတောင် ခွဲပြီးအထဲမှာ ခိုးဝှက်ပြီးထည့်လာတဲ့ ပစ္စည်းပါ မပါကြည့်ခဲ့ရတယ်'

အမ်းစထရောင်းသည် သူ့ဆေးတံကိုခေါက်၍ ဆေးချေးများကိုခါသည်။ အထဲမှ မီးစရဲရဲများသည် ကုန်းပတ်ပေါ်သို့ လွင့်ကျလာကြသည်။ သူသည် ဂျပန်အကောင် အရာရှိများအကြောင်း တွေးမိသောအခါ ပြုံးနေမိ၏။ ထို့နောက်တော့ သူ့မျက်နှာသည် ပြန်လည်တည်ငြိမ်လာသည်။

'ပြင်ပကမ္ဘာအနေနဲ့က ဂျပန်နဲ့ ကုန်ကူးသန်းမှုကို ဒီပုံစံအတိုင်း ဆက်လုပ်နေလို့ မဖြစ်နိုင်ဘူးလေ . .' ဟု အမ်းစထရောင်းက ဆက်ပြောသည်။ 'ဒီနေ့တော့ ခင်ဗျားတို့ ကွန်မိုဒိုက တိုင်းတစ်ပါးသားတွေအပေါ် ကြောက်စရာကောင်းလောက်အောင် အရှက် သိက္ခာကင်းမဲ့အောင် ဆက်ဆံပြုမူနေတဲ့ ဂျပန်တွေကို နောက်မလုပ်အောင် အတင်း အကြပ်ဆုံးမတားမြစ်ရတော့မယ်' . . .၊

'ကွန်မိုဒိုအနေနဲ့ ဂျပန်ကမ်းခြေစောင့်တပ်က လှေတွေကို သင်္ဘောကြီးတွေကို တရစ်သီသီမလုပ်အောင် အင်အားပြပြီး မောင်းထုတ်ထားခဲ့ပြီးပြီ၊ ဂျပန်အရာရှိတွေ ဘက်က သူ့ကို တရိုတသေ တံလေးတစားဖြစ်သွားအောင်လည်း လိမ္မာပါးနပ်စွာ လုပ်ခဲ့ပြီးပြီ . . . ။ ဂျပန်အရာရှိတွေဘက်က တရားဝင် သူ့ဆီလာပြီး ဆွေးနွေးညှိနှိုင်း အောင်လည်း အသိပေးခဲ့ပြီးပြီ'

အမ်းစထရောင်းသည် စကားကိုဖြတ်၍ ခြောက်ဆယ့်လေးပေါင်ဒါ အမြောက်ကြီး ပေါ် သူ့လက်ကိုတင်ထားလိုက်ပြီး ပြုံးနေပြန်သည်။

'ခင်ဗျားအဖို့တော့ ကျုပ်ရဲ့စကားတွေဟာ အထူးအဆန်းတွေ ဖြစ်နေကောင်း ဖြစ်နေမှာပဲ . . . 'လက်ဖတင်နင်၊ ကျုပ်လို သာသနာပြုတစ်ဦးဆီက ဒီစကားမျိုးတွေ ထွက်လာနေတာဟာ အံ့သြစရာကော ကောင်းမနေပေဘူးလား . . . ၊ တကယ်တော့ ကျုပ်ဟာ 'ဘုရားသခင်ရဲ့နောက်လိုက်တပည့် တစ်ယောက်ပါ'

'ကျုပ်အနေနဲ့ စစ်သင်္ဘောတစ်စီးနဲ့ ခရီးသွားဖူးတဲ့လူ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုလို သွားဖူးလာတဲ့အခါကျတော့ အခုလိုအခြေအနေမျိုးမှာ မဲတင်းပေးနိုင်တဲ့ အမြ အထားကို ကျုပ်တွေ့လာရတယ် . . . ။ ဒီကိစ္စမှာ ဘုရားသခင်ကိုယ်တော်တိုင်ကလည်း အရှေ့ဖျားအာရှက လူမျိုးတွေကို ထာဝရ တစ်သီးတစ်ခြားဖြစ်ပြီး အမှောင်ထုအတွင်းက မထွက်နိုင်တာကို လိုလားမယ် မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ်လေ ကုန်ကူးသန်း ရောင်းဝယ်မှုနဲ့ နိုင်ငံချင်းသံတမန် ဆက်ဆံမှုတွေရဲ့ နောက်ကွယ်က လျှို့ဝှက်နည်းလမ်း

ကို အသုံးပြုပြီး ဘုရားသခင်ကလည်း လှုပ်ရှားမှာပါ။ အမေရိကန်ပြည်ထောင်စု ကပ်ရဲ့စစ်သင်္ဘောတွေ နောက်ကလိုက်ပြီးတောင်မှ လှုပ်ရှားပေးလိမ့်မယ်လို့ ကျုပ် ငင်မိတယ်'

'ဒီလူတွေမှာလည်း သူတို့ကိုးကွယ်တဲ့ ကိုယ်ပိုင်ဘုရားတွေရော ယုံကြည်မှု ပါရှိနေကြတာပဲ' ဟု အီဒင်က ပြန်ပြောသည်။ 'ကျွန်တော်တို့နဲ့ကတော့ အလွန် ခြားပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က လေးစားမှုရှိသင့်တယ်'

အမ်းစထရောင်းက အီဒင်၏တင်းမာသော လေသံကြောင့် အံ့အားသင့်ကာ ဂနဲ မော့ကြည့်သည်။ လက်ဖတင်နင်၏ မျက်နှာထားသည် တင်းလွန်းချေသည်။ တစ်ဖက်၌ တွဲလောင်းချထားသော ညာလက်သည် လက်သီးကို ကျစ်ကျစ် အောင် ဆုတ်ထားသည်။

'ဘုရားသခင်ရဲ့ အလိုဆန္ဒဆိုတာကို ခင်ဗျားမယုံဘူးလား . . . လက်ဖတင်နင်' ဟု အမ်းစထရောင်းက မေးသည်။ 'ခင်ဗျားမှာ ယုံကြည်မှုဆိုတာ မရှိဘူးလား'

အီဒင်သည် ထိုမေးခွန်းကို ချက်ခြင်း အဖြေပြန်မပေး၊ သူသည် ညအမှောင်ထဲမှ ကမ်းခြေဆီသို့သာ ကြည့်မြဲတိုင်း ကြည့်နေသည်။ သူ့ခေါင်းအထက် ရွက်တိုင်များ ဖက်တွင် အပြာရောင်နုနုသန်းနေသော ကောင်းကင်ကို မြင်နေရ၏။ ထို့နောက် သည် အမ်းစထရောင်းဘက် ဖျတ်ခနဲလှည့်ကြည့်သည်။

'ကျွန်တော်ရဲ့ ယုံကြည်မှုတွေဟာ ကျွန်တော့်လက်ပေါ်မှာ ကျွန်တော့်ဇနီးဆုံး ကဲ့အချိန် လွန်ခဲ့တဲ့ ခုနစ်နှစ်ကပဲ ဆုံးရှုံးသွားခဲ့ရပါတယ် ... မစ္စတာအမ်းစထရောင်း၊ အချိန်က သူဟာ သားဖွားရင်း . . .'

'ကျုပ် အများကြီးဝမ်းနည်းပါတယ် . . .' ဟု အမ်းစထရောင်းက ပြောသော်လည်း က လှည့်မကြည့် . . .။

'ဇနီးဟာ အသက်ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ် . . ၊ ကျွန်တော်တို့ လက်ထပ် ယ်တစ်လပဲ ရှိပါသေးတယ် . . ၊ အဲဒီအချိန်ကစပြီး ကျွန်တော် ဘုရားရှိမရှိ ဘူး၊ ဘယ်တော့မှရှိမရှိတော့ဘူးလို့လည်း သစ္စာဆိုထားတယ် . . ၊ ကျွန်တော် မှာ ဘယ်လောက်ကြာကြာပဲနေရ . . နေရ . . အခုအတိုင်းပဲ နေသွားဖို့ဆုံးဖြတ် တယ်'

အီဒင့်အသံသည် ပျောက်သွားသည်။ သူ့ဦးခေါင်းသည် ငိုက်စိုက် . . . ။ စထရောင်းသည် မတုန်မလှုပ် . . . ။ စကားမပြောပဲ ငြိမ်ဆိတ်နေသည်။

'တစ်ခါတစ်လေမှာ ကျုပ်တို့တတွေဟာ ဘုရားသခင်ရဲ့အလိုဆန္ဒကို နားမလည် ကြရတယ်' ဟု အမ်းစထရောင်းက ပြောသည်။

'ကျုပ် ခင်ဗျားနဲ့ နောက်ထပ် စကားပြောချင်ပါသေးတယ် . . လက်ဖတင်နင်၊

www.burmeseclassic.com

www.burmeseclassic.com

အခုထက်ပိုကောင်းပြီး သင့်တော်မယ့် အချိန်တစ်ချိန်မှာပေါ့ . . .'

အီဒင်သည် လက်ကာပြသည်။ သူ့ထံမှ နောက်ထပ်စကားပြောသံ ထွက်လာသည့်အခါ လေသံသည် အေးစက်တင်းမာရုံမျှမက ခက်ထန်မာကြောလာသည်။

'နောက်ထပ်ပြောစရာ ဘာမှမရှိတော့ပါဘူး . . မစ္စတာအမ်းစထရောင်။ ဘုရားသခင်အကြောင်းကို ခင်ဗျားနဲ့လည်း မပြောချင်ဘူး၊ တခြား ဘယ်သူနဲ့မှလည်း ကျွန်တော် မပြောချင်ဘူး'

နှစ်ဦးစလုံး ငြိမ်ဆိတ်သွားသည်။ အမ်းစထရောင်းသည် ဦးခေါင်းကိုမော့ကာ ယီဒိုပင်လယ်အော်၏ အထက်ဘက်မှ လင်းနေသော မိုးကောင်းကင်ကို လှမ်းကြည့်သည်။ လင်းလက်နေသော အရောင်ကို ပထမဆုံးအကြိမ် မြင်ရခြင်းဖြစ်၏။ ဆတ်စ်ကိုဟန်နာသင်္ဘောနှင့် အဖေါ်သင်္ဘောများ၏ ရွက်များ၊ ရွက်တိုင်များနှင့် ကိုယ်ထည်ကြီးများသည် မိုးကောင်းကင်ကို နောက်ခံပြုကာ မားမားမတ်မတ် ရပ်နေကြသည်။ အနောက်တောင်ဘက်သို့ လှည့်ကြည့်လိုက်မိသော အမ်းစထရောင်းသည် များစွာအံ့အားသင့်သွားလေသည်။

'ကြည့်စမ်းပါဦး . . . လက်ဖတင်နင် . . .အလွန့်ကိုထူးခြားတဲ့ မြင်ကွင်းတစ်ခုပါလား'

အီဒင်မျက်လုံးများသည် အမ်းစထရောင်းကြည့်ရာဘက်သို့ ရွေ့လျားသွားသည်။ အရောင်တလက်လက်လင်းနေသော အပြာရောင်လုံးဝန်းဝန်း အရာတစ်ခုသည် မိုးကုပ်စက်ဝိုင်း၏ အထက်ဘက်သို့ ဖြည်းဖြည်းချင်း မြင့်တက်လာနေသည်။ ဖြာထွက်နေသော အလင်းရောင်နှင့်အတူ ထိုအရာသည် မိုးကောင်းကင်အတွင်း၌ တဖြည်းဖြည်းချင်း ကြီးလာနေသည်။ ထိုနေရာ၌ စို့သဏ္ဍာန် အနီရောင် မီးစုန်းတစ်ခု ပေါ်လာသည်။ ထိုမီးစုန်းမှ ဖြာထွက်နေသော အလင်းရောင်သည် ကျယ်ဝန်းကြီးမားသော မြေပြင်နှင့် ပင်လယ်ပြင်ထက်သို့ ကျဆင်းလွှမ်းခြုံလျက် ရှိလေသည်။

မြေပြင်ထက်မှ စောစောက တီးနေသော မောင်းသံသည် ရုတ်တရက် ရပ်သွားသည်။ သံပြိုင်သီဆိုနေကြသော အသံများသည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ထို့နောက် ကမ်းခြေမြေပြင်တစ်ခုလုံးသာမက ပင်လယ်အော်တစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။

'ကျွန်တော်တို့ ဒါကိုဘယ်လိုလုပ်ကြမလဲ . . အမ်းစထရောင်း' ဟူသော အသံသည် အပေါ်ဘက်ကုန်းပတ်ဆီမှ ထွက်လာသည်။ ကွန်မိုဒိုပါရီ၏ အသံမှန်း သိလိုက်သောအီဒင်က သတိအနေအထား ရပ်လိုက်သည်။

နောက်ခဏမျှအကြာတွင် လူပုံထွားထွားနှင့် တုတ်တုတ်ခိုင်ခိုင် ရှိလွန်းလှသော စစ်ဦးစီးချုပ်သည် အီဒင်တို့ထံ လျှောက်လာသည်။ ရွှေပန်းပွားတပ် ယူနီဖောင်းဝတ်စုံ၏

ကြက်ကက်အကျီ ကော်လာကြယ်သီးကို တပ်မထား၊ သင်္ဘောလေးစီးပေါ်မှ အခြားလူများကဲ့သို့ပင် သူသည်လည်း မယုံကြည်နိုင်သည့် မျက်နှာထားဖြင့် မိုးကောင်းကင်ကိုသို့ မော့ကြည့်နေသည်။

'ကြည့်ရတာ ကြယ်ပျံတစ်ခုလို့ ထင်ရတယ် . . ကွန်မိုဒို' ဟု အမ်းစထရောင်းကပြောသည်။ 'ဒါမှမဟုတ်ရင် ကြယ်တံခွန်တစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ကွန်မိုဒိုရေနဲ့ ဘယ်လိုပဲခေါ်ခေါ် ကျွန်တော်အရင်က တစ်ခါမှ မမြင်ဖူးတဲ့ အရာတစ်ခုဆိုတာကတော့ သေချာတယ်'

လူအများကြားတွင် ဆွေးနွေးမှုများ ပေါ်လာသည်။ သူတို့မြင်နေရသော အရာများသည် ဘာများပါလိမ့် . . . ။ အားလုံးအတွက် စိတ်ဝင်စားစရာဖြစ်နေသဖြင့် ၎င်း၏ ကောင်းကင်ကို အဆက်မပြတ် ကြည့်နေကြသည်။

'ကျွန်တော် ထင်တာကတော့ ရှေးခေတ်လူတွေအနေနဲ့ ဒါမျိုးကို အလားအလာ မပိကောင်းတဲ့ အတိတ်နိမိတ်တစ်ခုလို့ အဓိပ္ပါယ်ကောက်တတ်ကြတယ် . . မစ္စတာ အမ်းစထရောင်း' ဟု ပါရီက ပြောသည်။ 'အခုကျတော့ ခင်ဗျားဘာပြောမလဲ'

'သူတို့ရဲ့ အကောက်အဆဟာ မှန်တယ်လို့ ကျွန်တော်ထင်ပါတယ် . . ခင်ဗျာ' ဟု အမ်းစထရောင်းက ပြောသည်။ 'ဒါပေမဲ့ ကမ်းခြေပေါ်က ဂျပန်တွေကတော့ ကောင်းပြန်မြင်မှာပါ၊ ကျွန်တော်တို့ဟာ မကောင်းဆိုးဝါးနဲ့ ပူပေါင်းထားတဲ့ 'လူရိုင်းတွေ' လို့ပဲ သတ်မှတ်ကြမှာပါ'

အတန်ကြာမျှ ငြိမ်ဆိတ်နေပြန်သည်။ ကွန်မိုဒိုသည် ထိုအချိန်ထိ မိုးကောင်းကင်ကိုကြည့်နေဆဲ . . ၊ 'ဘာပဲဖြစ်ဖြစ်ပေါ့ . . အမ်းစထရောင်းရယ်' ဟု သူက ပြောသည်။

'ကျွန်တော်တို့လုပ်ရမယ့် တာဝန်အတွက် အကူအညီတော့ ဖြစ်ကောင်းပါရဲ့'

'ဖြစ်တန်ကောင်းရဲ့လို့ ကျွန်တော်ထင်ပါတယ်' ဟုအမ်းစထရောင်းက ပြန်ပြောသည်။ 'အပေါ်ထပ်ကနေကြည့်ရင် ပိုပြီးကောင်းမယ်လို့ထင်ပါတယ်၊ ကျွန်တော် လိုက်လာခဲ့ပါမယ်'

'လိုက်လာခဲ့ပါ၊ ချက်ခြင်း အပေါ်ကိုလိုက်ခဲ့ပါ'

ကွန်မိုဒိုသည် ချက်ခြင်းအပေါ်ထပ် ပြန်တက်သည်။ အမ်းစထရောင်းကလည်း ကပြာကရာ လိုက်သွားသည်။ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အီဒင်သည် အရှေ့မြောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်နေသည်။ စောစောက သူမြင်ထားသော အလင်းရောင်တန်းသည် တိုး၍ . . တိုး၍ တောက်ပကာ ပင်လယ်ပြင်အထက်မှဖြတ်၍ အရှေ့မြောက်အရပ်သို့ ဦးတည်ပြီး ရွေ့လျားလျက်ရှိလေသည်။

တဖြည်းဖြည်းနှင့်ထိုအလင်းရောင်တန်းသည် ကုန်းမြေအတွင်းပိုင်းသို့ ပျံ့နံ့ကာ တောင်တန်းများဆီသို့ ရောက်သွားသည်။ ထိုအခါ ကန်တော့ပုံသဏ္ဍာန်ရှိသော ဖူဂျီ

www.burmeseclassic.com

www.burmeseclassic.com

တောင်သည် မြင်ကွင်းအတွင်းသို့ ဝင်ရောက်လာသည်။ သူ့အထက်သို့ ရောက်လာသည့် အလင်းရောင်တန်းကြောင့် ဖုဂျိမီးတောင်သည် သဘာဝမီးဖိုကြီးတစ်ခုအဖြစ် အသွင်ပြောင်းသွားသည်။ အပြာရောင်သန်းနေသည့် တကယ့်စရာမ မီးပုံကြီးပေတည်း။ ဤသို့ဖြင့် ကမ်းခြေတစ်လျှောက် လူအများဖိုထားသည့် မီးဖိုများသည် ဖုဂျိတောင်၏ သဘာဝမီးရောင်အောက် ပြားပြားဝပ် ရောက်ကုန်ကြသည်။ အီဒင့်စိတ်ထဲတွင် ယမန်နေ့ ညခင်းက မက်ခဲ့သော အိပ်မက်သည် ရုတ်တရက် ဝင်ရောက်လာလေ၏။

ထိုအခါ အိပ်မက်မက်စဉ်က ခံစားခဲ့ရသည့် ထိတ်လန့်ခြင်းနှင့် အံ့သြခြင်းတို့ ဒွန်တွဲနေသော ခံစားမှုသည် သူ့တစ်ကိုယ်လုံးအား ချုပ်ကိုင်ထားသည်။ အိပ်မက်ထဲတွင် သူသည် ကောင်းကင်ဘုံမှ ကြယ်များစီခြယ်ထားသည့် ဝတ်ရုံကြီးကို ဆွဲချခဲ့သည် မဟုတ်ပါလား . . .။ တစ်နေ့လုံး တပင်တပန်း ရှိခဲ့သော်လည်း သူ့စိတ်သည် တည်ငြိမ် အေးဆေးကာ နိုးကြားတက်ကြွလျက် ရှိလေသည်။

အမြောက်များကြား၌ သူရပ်နေမိသည်မှာ ဘယ်လောက်ကြာပြီကို သူမသိ၊ ကောင်းကင်ထက်မှ အလင်းရောင်တန်းသည် အရှေ့မြောက်ဘက်ဆီသို့ လိပ်ခုံးသဏ္ဍာန် အသွင်ပြောင်းကာ အောက်ဖက်သို့ စိုက်၍ရွေ့လျားလျက်ရှိနေဆဲ . . .။ ယခုအခါတွင် အလင်းရောင်တန်းသည် ပင်လယ်ပြင်ဆီသို့ ဦးတည်လျက် ရှိနေလေပြီ။ ရွေ့လျားသွားနေပုံမှာ နှေးကွေးလွန်းလှ၏။ အီဒင်ကတော့ အလင်းရောင်တန်းပေါ် ရောက်နေသည့် အကြည့်ကို လွှဲဖယ်၍မရ။

'အဲဒါဟာ ကောင်းတဲ့အတိတ်နိမိတ်လား . . .၊ ဆိုးတဲ့အတိတ်နိမိတ်လား-မာစတာ'။ 'ကျွန်တော်တို့ကို ကမ်းခြေဘက် မသွားသင့်ဘူးလို့ ပြောနေတဲ့ အတိတ်နိမိတ် ဖြစ်ချင်လည်းဖြစ်မှာ'

သူ့နောက်၌ ပြန်ရောက်နေသော ဆင်တာရို၏ အသံဖြစ်၏။ သူသည် ထိုမေးခွန်းကို စိုးရိမ်သောက မကင်းသောလေသံဖြင့် မေးလိုက်ခြင်းဖြစ်သည့်အားလျော်စွာ အီဒင်အားစိုက်ကြည့်နေသည့် မျက်နှာထားကလည်း အဖြေရချင်စိတ် ပြင်းပြလျက်ရှိသည်ကို ဖေါ်ပြနေပေသည်။

'အဲဒါ ဘာလဲဆိုတာ ကျွန်တော်လည်း မသိဘူး၊ ဘာကိုဆိုလိုသလဲဆိုတာလည်း နားမလည်ဘူး' ဟု အီဒင်ကဖြေသည်။ 'ဘာဆိုတာ သိအောင်လည်း ကျွန်တော် မစဉ်းစားဘူး၊ သိဖို့လည်း မကြိုးစားဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ သေချာတာ တစ်ခုကိုတော့ အသေအချာ သိနေတယ်' ' အဲဒါ ဘာလဲ . . . မာစတာ'

'အဲဒါ ဘာလဲဆိုရင် ဒီအချိန်ဟာ ချီတုံချတုံလုပ်နေရမယ့် အချိန်မဟုတ်ဘူး။ ခင်ဗျားအိပ်ရာကို ပြန်သွားပြီး ခါးပတ်မှာ အိတ်တွေကပ်ချုပ်တဲ့အလုပ်ကို ပြီးအောင်လုပ်။ ကျွန်တော်တို့ ဒီညရေကူးပြီး ကမ်းပေါ်တက်မယ်။ အဲဒါပဲ'

(၁၁)

မတ်ဆူမူရာတိုကီဝါသည် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ မှောင်မဲနေသော ...မန်းထဲတွင် အပြာရောင်အလင်းတန်းတစ်ခုသည် ကျရောက်လွှမ်းခြုံလျက်ရှိ၏။ ...ရောင်သည် တိုကီဝါ့အတွက် ကြောက်စရာကောင်းသည့် အထူးအဆန်းတစ်ခု ဖြစ်နေသည်။ ပထမတော့ တိုကီဝါသည် သူ့ကိုယ်သူ ထမင်းလုံးတစ္ဆေအချောက်ခံ ...ယလို ဖြစ်နေသည်ဟု ထင်သည်။ ကြောက်စိတ်ဖြင့် အသံထွက်သည်အထိ တစ်ချက်မျှ ...နဲ့အော်လိုက်မိသည်။

ထို့နောက် လသာဆောင်နှင့်သူ့အခန်းကို ခြားထားသည့် ရှိုဂျီခန်းဆီးဘက်မှ ...ခေါက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထိုအခါကျမှပင် သူသည် သူ့ကိုယ်သူ အိပ်မက် ...မက်နေခြင်း မဟုတ်ကြောင်း သိလာရလေ၏။

ထူးဆန်းသော အပြာရောင်အလင်းတန်းသည် တိုကီဝါအား စိတ်ရှုပ်စေရုံမျှမက ...အံ့သြခြင်းကိုပါ ဖြစ်စေသည်။ သူသည် ခြုံထားသည့် ဂွမ်းစောင်အောက်မှ အသာထကာ ...ခန်းဆီးဘက်သို့ ခြေဖျားထောက်၍သွားသည်။ သူ့လက်တစ်ဖက်သည် ကန့်လန့်ကာ ...ပေါ်ဝဲလျက်ရှိ၏။ ထိုအခိုက်မှာပင် ခေါက်သံသဲ့သဲ့ကို ထပ်၍ ကြားရပြန်သည်။ ...စ်ဆက်တည်းမှာပင် သူ့နာမည်ကိုခေါ်နေသည့် မိန်းမတစ်ယောက်အသံ တိုးတိုးကို ...ကြားရသည်။

'ကျွန်မ အထဲဝင်ပါရစေ အို တိုကီဝါ–ဆန်၊ ကျွန်မ အီကိုပါ'

တိုကီဝါသည် ခန်းဆီးကိုဖယ်လိုက်သည်နှင့် တပြိုင်နက် သူ့အစေအပါး ...န်းကလေးသည် အခန်းထဲသို့ လျှင်မြန်စွာ ဝင်လာသည်။ ကြောက်လန့်စိတ်ဖြင့် သူ့ ...ကိုယ်လုံးသည် တုန်နေသည်။ နောက်ဖက်ကိုလည်း မကြာခဏ လှည့်ကြည့်နေ ...သည်။ မိန်းကလေး၏ နောက်သို့လှမ်းကြည့်လိုက်သော တိုကီဝါသည် အပြာရောင်

www.burmeseclassic.com

www.burmeseclassic.com

အလင်းတန်းကို လှမ်းမြင်ရသည်။ ထိုအလင်းတန်းသည် ကောင်းကင်ကိုရော မြေပြင်ကိုပါ အလင်းပေးလျက်ရှိ၏။

တိုကီဝါသည် အလင်းရောင်ကိုကြည့်နေရာမှ 'အဲ ဟိုဟာ ဘာလဲ . . အီကို' ဟုမေးသည်။ 'အပြင်မှာ ဘာတွေဖြစ်နေလဲ'

'ရှိုဂျိ ပိတ်ထားလိုက်ပါ တိုကီဝါ–ဆန်' ဟု မိန်းကလေးက ပြန်ပြောသည်။ 'မြန်မြန်ပိတ်လိုက်ပါ'

တိုကီဝါသည် ခန်းဆီးများကို ဆွဲပိတ်လိုက်ပြီး နောက်သို့ပြန်လှည့်ကာ အီကိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အီကိုသည် ဝါးခမောက်ကြီးကို ကျောပေါ်၌ တင်ထားပြီး အဝတ်အထည်ထုပ်ကို ချိုင်းတွင်ညှပ်ထားသည်။

'ဒါတွေကို အခုယူတော့မလား တိုကီဝါ–ဆန်' ဟု အီကိုက မေးသည်။ သူသည် အပြာရောင် အဝတ်ထည်များကို ထုတ်ပြသည်။ 'လွတ်အောင်ပြေးဖို့ ကြိုးစားဦးမှာလား'

'ဟိုအလင်းရောင်က ဘာလဲ . . ထူးဆန်းလိုက်တာ' ဟု တိုကီဝါက လေသံဖြင့် မေးသည်။ သူသည် ခန်းဆီးများကြားမှ ထွက်ပေါ်လာနေသော အလင်းရောင်တန်းကို လှမ်းကြည့်နေသည်။ 'ဒါဟာ တိုင်းတစ်ပါးသား လူရိုင်းတွေက လွှတ်ထားတာလား'

'ဘာဆိုတာ ဘယ်သူမှ မသိဘူး တိုကီဝါ–ဆန်၊ ဒါပေမဲ့ လူအများကတော့ ဒါဟာ ကျွန်မတို့ ကာမိတွေက ဒေါသဖြစ်နေပြီလို့ ပြတဲ့လက္ခဏာလို့ ထင်နေကြတယ်၊ ကျွန်မတို့ရွာက ဘုရားကျောင်းထဲမှာ လူတွေအများကြီးပဲ။ မိန်းမတွေအားလုံး ငိုနေကြတယ်'

'တခြားကောက်ချက်တွေကော မရှိဘူးလား၊ ဖြစ်နိုင်စရာရှိတယ်လို့ထင်ပြီး ပြောတဲ့ကောက်ချက်တွေကို ပြောတာ . . '

'တစ်ချို့ကတော့ တိုင်းတစ်ပါးသား လူရိုင်းတွေရဲ့ နတ်ဘုရားတွေဟာ သိပ်ပြီး တန်ခိုးကြီးကြောင်း ဖော်ပြတဲ့ အတိတ်နိမိတ်လို့ ပြောနေကြတယ်။ အဲဒါမှ မဟုတ်ရင်လည်း လူရိုင်းကောင်တွေက သူတို့ရဲ့ မီးတောင်သင်္ဘောတွေကနေပြီး ကောင်းကင်ထဲကို အမြောက်တွေနဲ့ ပစ်တာလို့ ပြောကြတယ်'

ရုတ်တရက် အီကိုက သူ့လက်ထဲမှ အဝတ်ထုပ်ကို တိုကီဝါ့ဘက် ထိုးပေးသည်။

'ကျွန်မ ဒီအဝတ်တွေကိုယူပြီး လသာဆောင်ဘက်က တက်လာတာ၊ အစောင့်တွေအားလုံး တည်းခိုရိပ်သာဂိတ်ကနေ အပြင်ထွက်သွားတာ မြင်လိုက်ရတယ်။ သူတို့အားလုံး လမ်းပေါ်မှာစုနေတဲ့ လူတွေနဲ့အတူ မိုးကောင်းကင်ကို မော့ကြည့်နေကြတယ်'

'အဲဒါတွေ ဒီမှာလာပြီး ဝှက်လှည့် . . ၊ မြန်မြန်လုပ်' ပြောပြောဆိုဆို တိုကီဝါ

ည် သူ့အိပ်ရာဆီသို့သွားကာ မွေ့ရာကို မပေးသည်။ အီကိုကလည်း အဝတ်ထုပ်ကို ရာအောက် ထိုးသွင်းလိုက်သည်။ 'ဦးထုပ်ကိုတော့ စောင်အောက်မှာထား'

အီကိုသည် လည်ပင်း၌ချိတ်ထားသည့် ခမောက်ကို ဦးခေါင်းမှဖြုတ်ကာ စောင် အောက်သို့ သွင်းလိုက်သည်။ ထို့နောက် လသာဆောင်ခန်းဆီးများဆီသွား၍ အသာ ဖွင့်လိုက်သည်။ ကောင်းကင်ထက်မှ အလင်းရောင်သည် လျင်မြန်စွာ ဆင်းလာ သည်။ အရောင်ကလည်း ယခင်ကထက်တိုး၍ လင်းလာနေသည်။ တည်းခိုရိပ်သာ အပြင်ဘက်လမ်းမပေါ်တွင် ရှိနေသည့် လူအုပ်စုသည် ငြိမ်ဆိတ်စွာရပ်၍ ကောင်းကင် သို့ ကြည့်နေကြသည်။ လသာဆောင်၏အောက်ဖက်တွင်မူ လူသူမရှိ။

'ငါထွက်ဖို့အကောင်းဆုံးဟာ ဒီအချိန်ပဲလို့ထင်တယ်' ဟု တိုကီဝါက တီးတိုး ပြောသည်။ 'အလင်းရောင်ဟာ အားသိပ်နည်းသွားပြီ၊ မကြာခင် အမှောင်ပြန်လာမယ့် ပုံဟာရှိတယ် . . ၊ အခုအချိန်မှာ လူတိုင်းရဲ့အာရုံဟာ တခြားနေရာတွေကို ရောက် နေတယ်'

အီကိုက ဇဝေဇဝါမျက်နှာထားဖြင့် ခေါင်းညိတ်သည်။ 'သွားရမှာ မကြောက် ဘူးလား တိုကီဝါ–ဆန်'

'အင်း . . ကြောက်တာပေါ့' ဟု ဂေရှာမယ်က ပြန်ဖြေသည်။ 'ဒါပေမဲ့လို့ ကိုယ်လွတ်မြောက်ဖို့အတွက် နတ်ဘုရားတွေက ဒီအလင်းရောင်ကို လွှတ်သလားမှ မသိတာ . . ၊ ကိုယ့်အနေနဲ့ ဒီအခွင့်ကောင်းကို အလဟဿဖြစ်သွားအောင် လုပ်လို့ မရဘူးလား . . ၊ အခုဆိုရင် ကြည့်နေမယ့်လူ တစ်ဦးမှ မရှိဘူး၊ ဒီအခွင့်အရေးမျိုး ရဖို့ မလွယ်ဘူး၊ မင်း မြင်းကော ရခဲ့လား'

'ရခဲ့တယ်၊ မြင်းကို လမ်းဘေးတစ်နေရာက သစ်ပင်တစ်ပင်မှာ ချည်ထားခဲ့တယ်၊ တည်းခိုရိပ်သာရဲ့ အနောက်ဘက် မိုင်ဝက်လောက် အကွာမှာရှိတယ်၊ မြင်းရဲ့ ကျောပေါ်မှာ ခြင်းတောင်းကြီးနှစ်လုံး ခွတင်ထားတယ်၊ ရှင့်ရဲ့ ပိုးစည်းကြိုးအပြာကို လည်ဆံမွေးမှာ ချည်ထားခဲ့တယ်'

'မင်းလုပ်တာ သိပ်ကိုစေ့စပ်တာပဲ' ဟုပြောကာ တိုကီဝါသည် ယွန်းသေတ္တာ ကလေးကိုဖွင့်၍ အချိုဘူးငွေဒင်္ဂါးလေးပြားကို ထုတ်ကာ အီကိုအား လှမ်းပေးသည်။

'ဒါ အပိုပေးတာ . . ၊ ယူပါ၊ ကိုယ် အဝတ်မြန်မြန်လဲချင်တယ်၊ မင်း ကူပါအုံး'

တိုကီဝါသည် သူ၏ ကီမိုနိုအောက်ခံများကို ချွတ်လိုက်ပြီး ကိုယ်တုံးလုံး ရပ်နေ ည်။ အီကိုသည် ဝှက်ထားသည့် လယ်သမားဝတ်စုံများကို ယူလာပြီး လဲဖယ်ပေး ည်။ အီကိုသည် တိုကီဝါအား အားကျခြင်းနှင့် အံ့အားသင့်ခြင်းတို့ ပေါင်းစပ် သည့် မျက်နှာထားဖြင့် ကြည့်နေသည်။ အပြင်ဘက် မိုးကောင်းကင်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com

လာနေသော အလင်းရောင်တွင် တိုကီဝါ၏ ကိုယ်ကာယအလှသည် အပီအပြင် ပေါ်လွင်လျက်ရှိပေ၏။

'ဒီလောက်လှတာမျိုးကို ကျွန်မ တစ်ခါမှ မမြင်ခဲ့ဖူးဘူး တိုကီဝါ–ဆန်' ဟု အီကိုက ရေရွတ်သည်။ သူသည် တိုကီဝါအား ရှပ်အင်္ကျီဝတ်ပေးနေရင်းမှ တိုကီဝါ၏ အလှတွင် ငေးမောနေသည်။ 'ကောင်းကင်ဆီကလာနေတဲ့ အလင်းရောင်ထုးထူး ဆန်းဆန်းကြောင့် တိုကီဝါ–ဆန်ဟာ ကျွန်မတို့ရဲ့ ဝိညာဉ်နတ်နိမယ်တစ်ပါးနဲ့ သိပ် တူတာပဲ'

တိုကီဝါက ပြုံးသည်။ အီကိုသည် ချည်ကြမ်းဘောင်းဘီရှည်ကို ဝတ်ပေးပြီ၊ ရှပ်အင်္ကျီကြီးကို ခါးတွင်မတ်၍ ချည်ပေးသည်။ ကောက်ရိုးဖွတ်မြီးထိုး သဲကြိုးတပ် ထားသည့် ညှပ်ဖိနပ်ကို တိုကီဝါ၏ နူးညံ့သော ခြေနစ်ဖက်တွင် ဝတ်ပေးသည်၊ ထို့နောက် ဝါးခမောက်ကိုယူ၍ တိုကီဝါ၏ ဦးခေါင်းတွင် ဆောင်းပေးသည်။

အီကိုသည် ရှပ်ဖျက်ထားပြီးပြီဖြစ်သော တိုကီဝါအား အချိန်အတန်ကြာမျှ ကြည့် နေသည်။ 'အနားကပ်ကြည့်လိုက်ရင်တော့ ရှင့်အလှကို မြင်ကြမှာပဲ၊ လယ်သူမ အဝတ် တွေ ဝတ်ထားပေမယ့် အလှကို ဖုံးလို့မရဘူး၊ ဒါပေမယ့် ရှင် ဒူးနှစ်ဖက်ကို ကွေးပြီ၊ လယ်သူမတစ်ယောက်လို လျှောက်လိုက်ရင်တော့ ဘယ်သူကမှ မသိနိုင်တော့ဘူး။ ကျွန်မယူလာတဲ့ ဝါးထမ်းပိုးနဲ့ ခြင်းတောင်းနှစ်လုံးကို လှေခါးနား အမှောင်ရိပ်ထဲမှာ ချထားခဲ့တယ်၊ ဝါးထမ်းပိုးကို ပခုံးပေါ်တင်ပြီး ခပ်သုတ်သုတ်သာ သွားပေတော့..၊ အစောင့်တွေကလည်း ရှင့်ကို မှတ်မိမှာ မဟုတ်ပါဘူး'

တိုကီဝါက ခေါင်းညိတ်လိုက်ပြီး သူ့ကီမိုနိုနှင့် အဝတ်အထည် အနည်းငယ်ကို စုကာ အီကို့လက်သို့ လှမ်းပေးသည်။ 'ဒါလေးတွေနဲ့ ယွန်းသေတ္တာနီကလေးကို စုထုပ်ပေးပါ၊ မြင်းပေါ်က ခြင်းတစ်လုံးထဲ ထည့်သွားလို့ ရမှာပါ'

တိုကီဝါသည် ဝါးခမောက်ကို သူ့မျက်နှာကွယ်သွားသည်အထိ ရှေ့သို့ငိုက်၍ ဆွဲချလိုက်သည်။ ထို့နောက် အီကိုနှင့်အတူ လသာဆောင်ဘက်သို့ ထွက်လာခဲ့သည်၊ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။ အီကိုက သူထုပ် ထားသည့် ကီမိုနိုအဝတ်ထုပ်ကို တိုကီဝါအား လှမ်းပေးလိုက်ပြီး ရှိုဂျိ ဖွင့်လိုက်သည်၊

စောစောက အလင်းတန်းသည် ကောင်းကင်တွင် နိမ့်ဆင်းလာသည်။ အလင်း ရောင်အားကလည်း ပို၍ကောင်းလာသည်။ တည်းခိုရိပ်သာ၏ အပြင်ဘက်တွင် လူ အများအပြား စုမိလျက်ပင်ရှိ၏။ ထိုလူစုသည် မိုးကောင်းကင်ဆီသို့ တအံ့တဩ မော့ကြည့်နေကြဆဲ ...။

'ရှင်ပြောတာ မှန်တယ်လို့ ကျွန်မထင်ပါတယ် တိုကီဝါ–ဆန်' ဟု အီကို

ပြောသည်။ 'အလင်းရောင်ဟာ ဖြည်းဖြည်းချင်း အားနည်းသွားပြီ၊ မကြာခင် အမှောင် ပြန်လာတော့မယ်'

'ကောင်းတာပေါ့ ...၊ ဝင်းထဲမှာလည်း လူမရှိဘူး၊ အခုချက်ခြင်း ထွက်မှဖြစ်မယ်' ကီဝါသည် အီကိုအား ကျေးဇူးတင်ခြင်းနှင့် ခင်မင်ခြင်းတို့ကို ဖေါ်ပြသည့် မျက်နှာထား ကြည့်သည်။ 'မင်း ကိုယ့်အတွက် ဆုတောင်းပေးပါ၊ ကိုယ့်အတွက် ကံကောင်း စေလို့ ဆုတောင်းပေးပါ'

'ကျွန်မ ဆုတောင်းပေးပါ့မယ် အိုတိုကီဝါ–ဆန်၊ အခု တိုကီဝါ–ဆန် ဘယ်ကို သွားမှာလဲ'

တိုကီဝါသည် ချက်ခြင်း မဖြေနိုင်၊ 'ကိုယ့်အနေနဲ့ ယီဒိုဘက် သွားတဲ့လမ်းအတိုင်း လိုက်ရင်လိုက်မယ်၊ ကိုယ့်မိဘတွေရဲ့ရွာက ယီဒိုမြို့ရဲ့ မြောက်ဘက်မှာ ၊ ဒါပေမဲ့ ကိုယ် သွားရောက်တော့ မပြောနိုင်သေးဘူး၊ ကိုယ့်အနေနဲ့ ဒီနေရာကဝေးနိုင်သမျှ ဝေး ... သွားစေချင်တယ်'

ကြီးမားသော အလင်းရောင်တန်းကြီးသည် ကောင်းကင်တွင် ပြည့်လျှံသွားသည်။ ရုတ်တရက် လမ်းမပေါ်ရှိ လူများ၏ အလန့်တကြားအော်သံများ ထွက်ပေါ်လာသည်။ ထို့နောက် ကောင်းကင်ထက်မှ အလုံးကြီးသည် အလင်းရောင်မှေးမှိန်ကာ ပင်လယ် သို့ကျသွားသည်။ လူတိုင်း၏ မျက်လုံးများသည် ထိုအရာပေါ်၌သာ စူးစိုက်လျက် ကြလေသည်။

'သွားပါတော့ တိုကီဝါ–ဆန်' ဟု အီကိုက ပြောသည်။ 'ဒီဘက်ကို ဘယ်သူမှ ကြည့်ကြဘူး၊ ကာမိက တိုကီဝါ–ဆန်ကို အမြဲတမ်း ကာကွယ်ပေးပါစေ'

အဝတ်ထုပ်ကလေးကို ချိုင်း၌ကျစ်ကျစ်ပါအောင် ညှပ်ထားသော ဂေရှာမယ် သည် လသာဆောင်ဘက်သို့ ဖျတ်ခနဲထွက်ကာ ခြေထောက်များကို ခပ်ဖေါ့ဖေါ့နင်း၍ လှေခါးမှဆင်းသည်။ ဒုတိယအလင်းတန်းသည် ကောင်းကင်ယံတွင် ဝင်းခနဲ လက်လာ သည်။ သူသည် ဝါးလုံးထမ်းပိုးကိုယူရန် ဆင်းလာခဲ့ခြင်းဖြစ်၍ လှေခါးအောက်သို့ ရောက်တွင် လမ်းပေါ်ရှိ လူအုပ်ဆီမှ အော်ဟစ်ရေရွတ်သံများ ထွက်လာပြန်သည်။

အတန်ကြာသောအခါ အစေအပါးမိန်းကလေးအီကိုသည် တည်းခိုရိပ်သာ တံခါးမှ ဘယ်သူမှမမြင်ပဲ ထွက်သွားသော တိုကီဝါကို မြင်သည်။ တိုကီဝါသည် ချည်ထားခဲ့သော မြင်းရှိရာ အနောက်ဘက်ဆီသို့ ကသုတ်ကရက် သွားလျက်ရှိ၏။ ခြင်းနှစ်လုံးကို ထမ်းထားသဖြင့် သူ့ပခုံးများသည် ခပ်ကိုင်းကိုင်း ...။ တကယ်တော့ ထမ်းထားသည့် တောင်းများထဲတွင် လေးလေးပင်ပင် ဘာတစ်ခုမှ ပါသည်မဟုတ်၊ ပါလျက်နှင့်ပင် တိုကီဝါသည် အလေးအပင်များကို ထမ်းထားရသည့်နှယ် အများကို

www.burmeseclassic.com

www.burmeseclassic.com

ကွေး၍ ပြေးသွားလျက် ရှိလေသည်။

နောက်တစ်စက္ကန့်မျှအကြာတွင် ကောင်းကင်ထက်မှ အလင်းရောင်သည် လုံ ပျောက်သွားသည်။ လမ်းပေါ်မှလူစု၏ အော်သံများကြားမှပင် အမှောင်ထုကြီးသ မြေပြင်ထက်သို့ နောက်တစ်ကြိမ် ဖြန့်ကျက်လွှမ်းခြုံသွားသည်။

(၁၂)

'ကျွန်တော် လျှို့ဝှက်မစ်ရှင်တစ်ခုကို တာဝန်ယူချင်တယ် . . . ဖွန်'

'တံခါးကို တစ်ချက်မျှခေါက်၍ ဝင်ရောက်လာသူ ရောဘတ်အီဒင်အား ဖလက် ဖတင်နှင်ရိုက်စ်က မျက်ခုံးနဲ့မော့ကြည့်သည်။ မှန်အိမ်မီးရောင်ကို အားပြု၍ ယနေ့ တွေ့ခဲ့ရသည့် ထူးဆန်းသော အလင်းတန်းအကြောင်း အစီရင်ခံစာ အသေးစိတ် ရသည့် လက်ဖတင်နှင်ရိုက်စ်သည် သူ့အလုပ်ကို ခဏမျှရပ်လိုက်သည်။ ဤ ကြားရသည်မှာ ရိုက်စ်အဖို့ အံ့အားသင့်စရာ ဖြစ်နေသည်။ တကယ်တော့ ဤ သည် အီဒင်၏အရေးတကြီး လာရောက်တောင်းခံနေသည့် မေတ္တာရပ်ခံချက် စ်ဝုလို ဖြစ်နေသည် မဟုတ်ပါလား'

'ဘယ်လို လျှို့ဝှက်မစ်ရှင်မျိုးကို ပြောတာလဲ . . .ရောဘတ်၊ ပြီးတော့ ဘယ်ကို ကျတ်ရမှာလဲ'

'ကုန်းပေါ်ကိုလေ . . .ဒီပင်လယ်အော်ထဲမှာပေါ့'

လက်ဖတင်နှင်ရိုက်စ်သည် လက်ထဲမှ မင်တံကို စားပွဲပေါ်ချထားလိုက်ပြီး အရာရှိ ငယ်အား မော့ကြည့်သည်။ အရာရှိများ၏ အခန်းများအား ကာရံထားသည့် သစ်သား ကာအရံများသည် ထူထူထဲထဲ မဟုတ်၊ ခပ်ပါးပါးဖြစ်ရာ မကြားစေချင်သည့် စကား ပြောသည့်အခါ နှစ်ကိုယ်ကြားလေသံဖြင့် တိုးတိုးသာသာ ပြောကြရ၏။ အခုလည်း စ်ယောက်သည် သူတို့လိုက်နာနေကျ စည်းကမ်းအတိုင်း လိုက်နာလျက် ရှိကြ လသည်။

'ကိုယ်တို့အနေနဲ့ အဲသလို အန္တရာယ်များတဲ့ လျှို့ဝှက်မစ်ရှင်တစ်ခု လွှတ်သင့် ယ်လို့ ဘာ့ကြောင့်တွေးရတာလဲ' ဟု ရိုက်စ်က မေးသည်။ 'ကိုယ်တို့ဟာ သတ္တိ ည်းကောင်း၊ ခေါင်းလည်း အလွန်မာတဲ့ လူမျိုးနဲ့ ရင်ဆိုင်နေကြရတာ၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com

အရှုံးနဲ့ရင်ဆိုင်ခဲ့ရဖူးတဲ့ လူမျိုးလည်း မဟုတ်သေးဘူး၊ ကိုယ်တို့နဲ့လည်း စစ်ဖြစ်... သေးတာ မဟုတ်ဘူး၊ အခုအချိန်ထိ သိမ်မွေ့လွန်းလှတဲ့ နိုင်ငံတကာဆက်ဆံ... ပရိယာယ်ကိုပဲ သုံးနေကြတုန်းပဲ၊ တစ်ယောက်ကိုတစ်ယောက် ဖြီးတုန်း၊ ညာတုန်း... ရှိကြသေးတယ်'

'ဒါပေမဲ့ ကျွန်တော်တို့ သုံးနေတဲ့ပရိယာယ်တွေ မှန် မမှန် ဘယ်သူမှ ဆုံးဖြတ်... မရသေးပါဘူး..'ဟုအီဒင်က ပြန်ပြောသည်။ 'ကျွန်တော်တို့အနေနဲ့ ဟိုကမ်းခြေမှ... ဘာတွေဖြစ်နေတယ်ဆိုတာ လုံးဝသိကြသေးတာ မဟုတ်ဘူး။ ဒီနေ့ သင်္ဘောပေါ်... ရောက်လာတဲ့ ဂျပန်တွေကတော့ တင်းမာတဲ့ပုံတွေပဲ'

အီဒင်သည် အတန်ကြာမျှ စဉ်းစားချိန်ဆနေသည်။ ထို့နောက် သူသိထားသမျှ... ဖုံးကွယ်မထားသင့်ဟု ဆုံးဖြတ်သည်။ 'ကျွန်တော် သူတို့ထဲက အစောင့်တစ်ယော... ဝှက်ယူလာတဲ့ ဓါးမြှောင်ကို သိမ်းလိုက်ရတယ်။ လက်ဖတင်နင် သူ့ကိုကျောပေးလို... တဲ့အချိန်မှာ ဓါးနဲ့ထိုးမလို့ ရည်ရွယ်ဟန်တူတယ်'

ရိုက်စ်က အီဒင်အား အံ့အားသင့်ပြီး ကြည့်နေသည်၊ အဲဒီတော့ ဘာဖြ... ကုန်သလဲ'

'သူ့လက်ကို လိမ်ချိုးပြီး ဓါးကို လုယူလိုက်တယ်၊ ဘယ်သူမှ မမြင်ဘူး၊ သူ့ကို... ထဲမှာ ပါလာတဲ့ရာထူးကြီးပုံပေါ်တဲ့ အစောင့်ကတော့ မြင်တယ်၊ သူကတော့ သူ့လုပ်ပုံ... ကိုကြည့်ပြီး ဒေါသဖြစ်နေပုံပေါ်တယ်၊ ကျွန်တော်က အခုလို လုပ်လိုက်တဲ့အတွက် စိတ်သက်သာရာ ရသွားပုံလည်းပေါ်တယ်၊ သူက လွတ်ကျသွားတဲ့ ဓါးမြှောင်ကို ကောက်ယူပြီး ဟိုအစောင့်ကိုကြိမ်းတယ်၊ ကျွန်တော်ဝင်ပြီး တားလိုက်တာကို သူသိပ် ဝမ်းသာသွားပုံပဲ'

ရိုက်စ်သည် လေတစ်ချက်ချွန်လိုက်ပြီး အဖြစ်ကိုပြန်ပြီး ဆင်ခြင်စဉ်းစားလျက် ရှိသည်။ ထိုစဉ်က သူ့အသက်သည် အန္တရာယ်စက်ကွင်းထဲ ရောက်နိုင်သည်ကို မြင်သည်။ 'ဟုတ်တယ်၊ သူတို့ကိုကြည့်ရတာ အတော်တင်းမာတဲ့ပုံရှိတယ်၊ ဒါပေမဲ့ ကိုယ်သတိမထားမိခဲ့ဘူး။ မင်း သတိရှိခဲ့တဲ့အတွက် ကျေးဇူးတင်တယ်....ရောဘတ်'

'ကျွန်တော့်ကို ကျေးဇူးတင်ဖို့ မလိုပါဘူး'ဟု အီဒင်က ပြန်ပြောသည်။

'ကျွန်တော် အဲဒီမှာရောက်နေတာကိုက အဲဒီတာဝန်ကို ဆောင်ရွက်ဖို့မဟုတ်လား'

'ဒီကိစ္စကို စောစောစီးစီး သတင်းမပို့တာ ဘာ့ကြောင့်လဲ'ဟု ရိုက်စ်က မျက်မှောင်တစ်ချက်ကုပ်၍မေးသည်။

အီဒင်က ပခုံးများကို တွန့်လိုက်သည်။ 'အဲဒီအချိန်ကတော့ ဒါတွေကို ပြောဖို့ မလိုအပ်သေးဘူးလို့ ထင်တယ်လေ...။ အဲဒီနောက် ဖြစ်လာတာတွေက များလာတယ်

...ကလား'

လက်ဖတင်နင်ရိုက်စ်သည် သူ၏သင်္ဘောနေ့စဉ်မှတ်တမ်းစာအုပ်ထဲတွင် ထို ...ကြောင်းကို မှတ်စုအဖြစ် ရေးသွင်းလိုက်သည်။ 'အဲဒါနဲ့ ပတ်သက်တဲ့ အသေးစိတ် ...ရင်ခံစာ ရေးပေးပါ၊ ရောဘတ်'ဟုပြောသည်။ 'မြန်နိုင်သမျှ မြန်မြန်လုပ်ပေးပါ'

'ဟုတ်ကဲ့ပါ၊ ရပါစေမယ်'ဟု အီဒင်က စိတ်မရှည်သံဖြင့် ပြန်ပြောသည်။

'ဒါပေမဲ့ လက်ဖတင်နင်က ကမ်းခြေပေါ်မစ်ရှင် တစ်ခုလွှတ်ပေးဖို့ဆိုတဲ့ ကျွန်တော့် ...ပ်ပြုချက်တွေကို ထောက်ခံမှာလား'

'ဒီကိစ္စကို မင်းသိပါတယ်၊ တို့များရဲ့ ရည်မှန်းချက်က ဒွေးမြေကျမှုကို ရှောင်ဖို့ပဲ' ...ရိုက်စ်က သူ့မင်တံကို ဒေါးချပြီးပြောသည်။ 'အဲဒီအကြောင်းတစ်ခုတည်းနဲ့ပဲ ...ဂ္ဂက်မစ်ရှင်တစ်ခုကို လွှတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး'

'ဒါပေမဲ့ သူတို့ဘက်က အခြေအနေတွေကို ကျွန်တော်တို့ဘက်က အခုထက် ...အသေးစိတ်သိထားနိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက် အဖက်ဖက်မှာ အဆင်ပြေ ...ယ်ထင်တယ်'ဟု အီဒင်က ပြောသည်။ 'ဆိုကြပါစို့....၊ သူတို့ရဲ့ စစ်အင်အား။ ...လက်မှာ အမြောက်တွေ ဘယ်နှစ်လက်ရှိမလဲ..။ အမှန်တကယ် ကျွန်တော်တို့ကို ...ဖို့ အဆင်သင့်ရှိနေပြီလား။ ကမ်းခြေရဲ့နောက်ကွယ်မှာ သူတို့ဘာတွေဝှက်ထားကြ ...ယ်.... ဆိုတဲ့အချက်တွေဟာ ကျွန်တော်တို့ သိသင့်တဲ့အချက်တွေပဲ။ ဒါပေမဲ့ ...န်တော်တို့ မသိကြသေးဘူးဆိုတော့...'

'မင်းပြောတာ မှန်ပါတယ် ရောဘတ်၊ တို့အနေနဲ့ အဲဒီမေးခွန်းတွေရဲ့ အဖြေကို ...ချင်တာအမှန်ပဲ။ အဲဒါတွေကို သိထားရရင် အလွန်ဘေးအန္တရာယ်များတဲ့ ဒီအလုပ်ကို ...က်တောင့်သက်သာ ဖြစ်သွားအောင် လုပ်ပေးနိုင်စရာ ရှိပါတယ်...'။ ရိုက်စ်သည် ...ားကိုရပ်ထားပြီး ခေါင်းတစ်ချက်ယမ်းသည်။ 'ဒါပေမဲ့ အခြေအနေက အခုဆိုရင် ...င်းမာနေပြီ၊ ဒီတော့ကာ'...

'မှန်တော့မှန်ပါတယ်၊ တစ်ခုခက်တာက ကျွန်တော်တို့ဟာ အမှောင်ထဲမှာ ...လုပ်လုပ်နေရသလို ဖြစ်နေတယ်၊ အဲဒီတော့ လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ ကမ်းပေါ်ကိုလွှတ်ပြီး ...တင်းယူခိုင်းထားတာဟာ အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်မယ်'

'မင့်အတွက်ကတော့ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ မတော်တဆ တစ်ခုခုဖြစ် ...ိုက်ရင် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ပဋိပက္ခက အများကြီး ကြီးသွားမှာ'ဟု ...ိုက်စ်ကပြောသည်။ 'ကမ်းတက်လျှို့ဝှက်အဖွဲ့တစ်ဖွဲ့ရဲ့ ကြားဝင်မှုဆိုတာက သူလျှို ...လုပ်တာပဲ၊ ဒီအလုပ်က တို့ရှောင်ဖို့ အားထုတ်နေတဲ့အရာကို ချက်ခြင်းထိပ်တိုက် ...ဖြစ်သွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားနိုင်တယ်။ ပြီးတော့လည်း အခုလို

www.burmeseclassic.com

www.burmeseclassic.com

ဘေးအန္တရာယ် ထူပြောမယ့် အဖွဲ့မျိုးနဲ့ ဘယ်သူက လိုက်ချင်မှာလဲ'

'ဒီကိစ္စမှာ တခြားလူတွေရှာနေစရာ မလိုပါဘူး' ဟု အီဒင်က ပြောသည်။

'ကျွန်တော်တို့ ကယ်ထားခဲ့ဖူးတဲ့ သင်္ဘောပျက်သမား ဂျပန်ဆင်တာရိုက ကျွန်တော်သာ ကမ်းခြေတက်မယ်ဆိုရင် သူ လိုက်မယ်လို့ပြောတယ်။ လိုအပ်သလို ကူညီသွားဖို့လည်း အဆင်သင့်ပဲတဲ့'

'မဟုတ်သေးပါဘူး . . . ရောဘတ်၊ မင့်စိတ်ကူးက ကိုယ့်ကိုယ်ကိုယ် သတ်သေသလိုဖြစ်နေမယ့် မစ်ရှင်တစ်ခုဖြစ်လာဖို့ပဲရှိတယ်' ဟု ရိုက်စ်ကပြောသည်။

'မက္ကဆီကိုမှာတုန်းက မင်းရန်သူရဲ့နောက်ပိုင်းကို သွားခဲ့တဲ့နည်းဟာ အတော်ကို အဆင် ပြေခဲ့တယ်။ဒါပေမဲ့ အခု ဒီမှာကျတော့ အခြေအနေတွေ မတူဘူး၊ သိပ်ကိုခြားနား နေတယ်'

အီဒင်က သက်ပြင်းချလိုက်သည်။ 'ကျွန်တော်ကတော့ လုပ်ကြည့်ချင်တယ်'

လက်ဖတင်နင်ရိုက်စ်သည် မတ်တပ်ရပ်လိုက်ကာ အခန်းကျဉ်းကျဉ်းကလေးထဲ၌ တစ်ပတ်နှစ်ပတ်မျှ လှည့်လျှောက်လိုက်ပြီး အီဒင်ရှေ့၌ လာရပ်သည်။ 'မင့်ကို ကိုယ့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် သတ်မှတ်ခွင့်ရတဲ့အတွက် ကိုယ်ဂုဏ်ယူပါတယ်။ မင်းဟာ တကယ့်ကိုလည်း ရဲရင့်တဲ့လူပါ။ ဒါပေမဲ့ တစ်ခါတလေကျတော့ မင်းဟာ မင်းရဲ့အသက်ကို တန်ဖိုးထားမှု သိပ်နည်းတယ်လို့ထင်တယ်။ အခုပြောနေတဲ့ မစ်ရှင် မျိုးနဲ့ပတ်သက်လို့ စွန့်စားမှုတွေကိုသာ မင်းမြင်နေပုံလည်းပေါ်တယ်'

သူ့စကားအဆုံးတွင် ရိုက်စ်က ပြုံးနေသည်။ အီဒင်အပေါ် လေးစားခြင်းနှင့် ချစ်ခင်ခြင်းကို သူ့မျက်နှာထားက ဖေါ်ပြနေသည်။ 'မင်းကြည့်ရတာ ဒီကိစ္စနဲ့ ပတ်သက်ပြီး အတော်ကြီးကို စနစ်တကျ စဉ်းစားထားပြီးပုံ ပေါ်နေတယ်။ မင်းအနေနဲ့ ကမ်းပေါ်မှာ ဘယ်လောက်ကြာကြာနေမယ်လို့ စီစဉ်ထားသလဲ။ နာရီပိုင်းလောက်နေပြီး အရုဏ် မတက်ခင် ပြန်ရောက်သွားမှာလား'

'သင့်တော်တဲ့ သတင်းအချက်အလက်တွေရဖို့က နှစ်နာရီ သုံးနာရီလောက်နဲ့ မလုံလောက်ဘူး'

'မိုးလင်းပြီးတဲ့နောက်ပိုင်း အထိဆိုတာကတော့ ဖြစ်နိုင်ဖို့ မလွယ်ဘူး' ဟု ရိုက်စ်ကပြောသည်။ 'မင်း ဘာလာလုပ်သလဲဆိုတာ စုံစမ်းခံရမယ်၊ ပြီးရင်အဖမ်းခံရမယ်'

'ဂျပန်စကားပြန် ပြောသွားတာကတော့ ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေအတွက် အဖြေရဖို့ အနည်းဆုံး သုံးရက်ကြာမယ်တဲ့။ အဲဒီတော့ ကျွန်တော် စုံစမ်းမယ့် ရက်ဟာ တစ်ရက်မက ကြာဖို့တော့လိုမယ်။ မက္ကဆီကိုမှာတုန်းကဆိုရင် တိုက်ခိုက်ရေး အဖွဲ့နဲ့သွားတာ ကျွန်တော်လေးရက် ကြာခဲ့တယ်'

'ဒါပေမဲ့ အဲဒါက စနစ်တကျစီစဉ်ပြီး သွားခဲ့တဲ့ခရီး။ အခုဟာက ကိုယ့်ဘက်က ဘာမှမသိနားမလည်တဲ့ မြေပေါ်ကို တစ်ဦးတည်း သွားရမှာ။ ကြိုတင်ပြီး မှန်းဆနိုင်တဲ့ ဘေးအန္တရာယ်တွေကများမှာ'

'ကျွန်တော်ကတော့ အများကြီး အထောက်အကူပြုနိုင်မယ့် အလုပ်တွေကို လုပ်နိုင်မယ်လို့ ယုံကြည်နေတာပဲ'

'မင်း ဘာပြုလို့ ဒီလိုလုပ်နေတာလဲဆိုတာ ကိုယ်နားမလည်တော့ဘူး ရောဘတ်' ဟုပြောကာ ရိုက်စ်က ခေါင်းခါသည်။ 'တကယ်လို့ မေရီသာ မသေသေးရင် မင်း ကိုယ်မင်း ဒီလောက်အထိ ပစ္စလက္ခသဘောထားမယ် မထင်ဘူး'

အီဒင်က ဘာတစ်ခွန်းမှ ပြန်မပြော နှုတ်ခမ်းများကို တင်းကြပ်စွာစေ့ပြီး ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေသည်။ သူတို့နှစ်ဦးကြား၌ရှိနေသော တိတ်ဆိတ်မှုကို ကမ်းခြေဆီမှ စစ်မောင်းသံများက နှောင့်ယှက်ဖျက်စီးလိုက်သည်။ မောင်းသံများနောက်မှ ပေါ်ထွက်လာသည့် အသံများမှာ ဆုတောင်းစာ ရွတ်သံများဖြစ်၏။ လူနှစ်ယောက်သည် ထိုအသံများကို အတန်ကြာမျှရပ်၍ နားထောင်နေကြသည်။ ထို့နောက် အီဒင်သည် အခန်း တံခါးဆီသို့ လျှောက်သွားသည်။

'ကျွန်တော့်ရဲ့ အကြံပြုချက်ကို ကွန်မိုဒိုပါရီဆီအထိ တင်ပြပေးမှာလား' ဟု အီဒင်က ပြောင်ပြောင်မေးသည်။

ရိုက်စ်က အီဒင်အားကြည့်နေသည်။ ပြီးတော့ ခေါင်းခါသည်။ 'မထင်ဘူး ... ရောဘတ်၊ ဒီကိစ္စ တို့ဒီမှာပဲ ရပ်လိုက်မယ်၊ မင်းလည်း တို့များနဲ့အတူတူ စောင့်တဲ့ အလုပ်ကိုပဲ လုပ်ပါတော့'

'ဒါဟာ လက်ဖတင်နင်ရဲ့ နောက်ဆုံးစကားလား'

'ဟုတ်တယ်' ဟု ရိုက်စ်က ပြုံး၍ပြောသည်။ 'ဒါပေမဲ့ အခု ကိုယ့်ဖါကိုယ် ဝိုင်ခမ်းနေရတယ်။ မင်းနဲ့ ဟိုဂျပန်ဆင်တာရိုကို ဖမ်းပြီးနှစ်ရက်လောက် ချုပ်ထားရင် ကောင်းမလားလို့ . . .။ ဘာကိုမှ ဆင်ကန်းတောတိုး အလုပ်မျိုး မလုပ်အောင် မင်းကို ခြေကျင်းတွေပါ ခပ်ထားရင် ကောင်းမလား မသိဘူး'

'လက်ဖတင်နင်က အဲသလို တကယ်လုပ်မှာလား' ဟု အီဒင်က စိန်ခေါ်သံဖြင့် ပြန်မေးသည်။

'မလုပ်ပါဘူး . . .ရောဘတ်၊ အဲဒီဟာမျိုးက ကိုယ့်ရဲ့လုပ်ဟန်မှ မဟုတ်တာ'

အီဒင်သည် လက်ဖတင်နင်ရိုက်စ်အား ချက်ခြင်းအလေးပြုကာ အခန်းထဲမှ ထွက်လာခဲ့သည်။ သူ့အခန်းပြန်ရောက်သည့်အခါ ပထမဆုံး သူ့ခါးမှ ဓါးကို ဖြုတ်သည်။ ရေနံဆီမီးအိမ်ကို ထွန်းသည်။ ကမ်းခြေဆီမှ အသံဗလံများကို ကြားနေရဆဲ။

www.burmeseclassic.com

www.burmeseclassic.com

သူသည် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်ကို ထုတ်၍ မင်တံကိုယူကာ စားပွဲခုံထိုင်၍ ယနေ့ တစ်နေ့တာအတွက် မှတ်သင့်သည်များကို ရေးမှတ်လျက်ရှိလေသည်။

သူ၏မှတ်တမ်းရေးနေစဉ်အတွင်း ကမ်းခြေဆီမှ မီးဖိုများကို မြင်နေရ၏၊ ဆုတောင်းသံများကိုလည်း ကြားနေရသည်။ စစ်မောင်းသံများကိုလည်း ပို၍ပီပြ ပြတ်သားစွာ ကြားနေရ၏။ သူသည် ထိုအသံများကို ဥပေက္ခာပြုနိုင်ရန် အားထုတ် သည်။ သူ့ရင်ထဲတွင် သူ့စိတ်ကူးနှင့် အကြံပြုချက်ကို ရိုက်စ်က ပယ်ချလိုက်သည် ကိစ္စသည်ရှိနေဆဲ . . . ။

ထို့ပြင်လည်း သူမြင်တွေ့ခဲ့သည့် ဖုဂျီတောင်နှင့် မိုးကောင်းကင်ထဲ၌ ပေါ်လာ သည့် အလင်းရောင်တို့သည် သူ့စိတ်တွင် ပေါ်လာနေဆဲ . . .။ သူသည် ကလောင်ဖ ကိုချ၍ နေ့စဉ်မှတ်တမ်းကို ပိတ်လိုက်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။

သူသည် သူ့ပစ္စတိုသေနတ်နှင့် သေတ္တာထဲမှ ကျည်ဆံများကိုယူ၍ ခါးပတ်တွ ချိတ်ကာ ခါးတွင်ပတ်သည်။ သူ့အင်္ကျီအိတ်ကပ်ထဲသို့ အသေးစားကွန်ပါတစ်ခု၊ အော်ပရာ ဓာတ်ပွဲကြည့်မျက်မှန်၊ ခါးမြှောင်တစ်ချောင်း၊ မှတ်စုစာအုပ်တစ်အုပ်နှင့် ခဲတံ များကို စုထည့်ထားသည်။ ထို့နောက် မှန်အိမ်မီးကို ဂရုတစိုက်ငြိမ်းလိုက်ပြီး အပြင်သို့ ထွက်၍ သင်္ဘောအပေါ်ထပ်သို့ တက်လာခဲ့သည်။

လက်နက်စင်ရှေ့အရောက်တွင် အချိန်အတန်ကြာမျှရပ်၍ သင်္ဘောသားကိုင် ဓါးတိုကောင်းကောင်းတစ်ချောင်း ရွေးယူသည်။ ထို့နောက်တော့ သူသည် ဆင်တာ ဆီသို့ လျှောက်လာခဲ့သည်။ ကြိုးခွေကြီးတစ်ခုပေါ်၌ တင်ပလ္လင်ခွေထိုင်ကာ ဖယော တိုင်တစ်တိုင် မီးဖြင့်အလုပ်ရှုပ်နေသော ဆင်တာရိုသည် အီဒင်ကိုမြင်သည့်အခါ သွာ ပြလေသည်။

'အားလုံးအိုကေတယ် မဟုတ်လား . . . မာစတာ'

'အင်း . . အိုကေတယ်' ဟု အီဒင်က တိုးတိုးပြန်ပြောသည်။ 'ကျွန်တော်သွား အသင့်ဖြစ်နေပြီ'

'အခုသွားမယ် . . ဟုတ်လား' ဟု ဆင်တာရိုက တအံ့တဩမေးသည်။

'ဟုတ်တယ် . . ၊ အခုပဲသွားမယ်၊ ခင်ဗျား ကျွန်တော်နဲ့လိုက်ချင်စိတ် ရှိသေး ရဲ့လား'

ဆင်တာရိုက ခေါင်းညိတ်သည်။ 'ကျွန်တော် မာစတာကို ကတိပေးပြီးပြီ၊ မာစတာသွားရင် ဆင်တာရိုလည်း သွားမှာပဲ'

'ဒါဆိုရင် . . သွားဖို့ပြင်တော့၊ မြန်မြန်လုပ်'

ဆင်တာရိုသည် ဒုတိယဆီစိမ်သားရေအိတ်ကို အမြန်ပြီးအောင်ချုပ်ကာ သူ

ခါးပတ်တွင် ကပ်လိုက်သည်။ အိတ်ထဲသို့ သူ့အဝတ်အထည်တချို့နှင့် ကိုယ်ပိုင်သုံး ပစ္စည်းအတိုအထွာလေးများထည့်သည်။ အီဒင်သည် ဆင်တာရိုလုပ်ကိုင်နေပုံကို ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်လျက်ရှိ၏။

'ခင်ဗျားလုပ်တာ စနစ်သိပ်ကျတယ် . . ဆင်တာရို၊ ခင်ဗျား ကျွန်တော်ရုပ်ဖျက်ဖို့ ဂျပန်ဝတ်စုံတွေကော ရလာရဲ့လား'

'ကျွန်တော် ဟောဒီအဝတ်ဟောင်းတွေ ရထားတယ် . . မာစတာ၊ အတိအကျ တော့ ကိုက်ချင်မှတော်မယ်၊ ဒါပေမဲ့ ဝတ်လို့တော့ရမှာပါ'

ဆင်တာရိုက အရောင်အဆင်းမရှိတော့သည့် လက်မောင်းကျယ်ပွပွ လယ်သမားဝတ် ဂျပန်အင်္ကျီ၊ သရက်ထည်စ အပြာရောင်၊ ဘောင်းဘီပွပွ အပြာရောင်များနှင့် ဖွတ်ခြမ်းထိုး ဖိနပ်ရိုးသဲကြိုးတပ် ညှပ်ဖိနပ်တို့ကို မြှောက်ပြသည်။ ထို့နောက် အဝတ်များကို ခေါက်လိုက်ပြီး သူချုပ်ထားသည့် ဆီစိမ်သားရေအိတ်ထဲသို့ ထိုးထည့်ကာ အီဒင့်ခါးတွင် ခါးပတ်နှင့်တွဲ၍ ချည်ပေးသည်။

အီဒင်သည် သူ့ပစ္စတိုကျည်ဆံ၊ ကွန်ပါ၊ မှန်ပြောင်းနှင့် အခြားအတိုအထွာ ပစ္စည်း အားလုံးကို အိတ်ထဲထည့်သည်။ သင်္ဘောသားကိုင် ဓါးတိုကို ရှက်ထည်စ တစ်ပိုင်းနှင့် ပတ်ကာ သူ့ကျောပေါ် ကန့်လန့်ဖြတ်တင်၍ ကြိုးခိုင်ခိုင်တစ်ချောင်းဖြင့် မြဲနေအောင် ချည်လိုက်သည်။

'ကျွန်တော်တို့ ကမ်းပေါ်ရောက်တဲ့အခါကျရင် မာစတာ ဒီဦးထုပ်ကို ဆောင်းပေါ့' ဟု ပြောကာ ဆင်တာရိုသည် ခမောက်ကို ကျောပေါ်တင်၍ ကြိုးတစ်ချောင်းဖြင့် စည်း လိုက်သည်။ 'အဲဒါဆိုရင် မာစတာ မျက်နှာကို ဘယ်သူမှ မမြင်ရတော့ဘူး'

'ဒါပေါ့'

အီဒင်သည် သူ့ယူနီဖောင်းဝတ်စုံကို လိပ်လိုက်ပြီး အပေါ်မှ သူ့ကက်ဦးထုပ်ကို တင်ကာ စုတ်ပြဲနေသော ရွက်များကြားသို့ ထိုးသွင်းလိုက်သည်။ သူသည် ချက်ခြင်း ပင် မတ်တပ်ရပ်လိုက်သည်။ သူ့ခြေထောက်တွင် ဖိနပ်မရှိ၊ ကိုယ်အပေါ်ပိုင်းတွင်လည်း အင်္ကျီမရှိ၊ ဘောင်းဘီတိုသာလျှင် ဝတ်ထားသည်။

'ခင်ဗျား အဆင်သင့်ဖြစ်ပြီဆိုရင် အခုပဲသွားကြစို့' ဟု အီဒင်က လက်တစ်ဖက် ဖြင့် ဆင်တာရို၏ပခုံးကို လှမ်းပုတ်လိုက်ပြီး ပြောသည်။ 'ကျွန်တော့်နောက်က လိုက်ခဲ့၊ ကျွန်တော်တို့ လကျာ်ဘက်ကုန်းပတ်လှေခါးဆီ သွားကြမယ်၊ အဓိက ကျွန်တော်တို့သင်္ဘောပေါ်က ဆင်းတဲ့အခါ ဘယ်သူမှမမြင်အောင် ဆင်း ရမယ်'

အီဒင်သည် ကုန်းပတ်ပေါက်မှနေ၍ အပြင်သို့ချောင်းကြည့်သည်။ မှောင်မိုက်

www.burmeseclassic.com

www.burmeseclassic.com

နေသည့် ကုန်းပတ်ပေါ်တွင် လှုပ်ရှားမှုဟူ၍ ဘာမှမရှိ၊ လူသူမရှိဟု သေချာသည့်အခါ အီဒင်သည် ဆင်တာရီအား လက်ပြ၍ခေါ်သည်။ သူသည် အပေါက်မှဖြတ်၍ အပြင်သို့ ပြေးထွက်သည်။ နှစ်ဦးသည် အလျားခြောက်ပေရှိ သင်္ဘောအရိပ်ကိုခိုကာ လက်ျာ ကုန်းပတ်လှေခါးဆီသို့ ပြေးသွားကြသည်။

သူတို့နှင့်အနီးဆုံးနေရာ၌ အစောင့်ကျနေသူများမှာ မရိန်းတပ်သားနှစ်ဦးဖြစ် သည်။ နှစ်ဦးစလုံး သေနတ်များကိုထမ်း၍ မျက်နှာချင်းဆိုင်ကာ အပြန်အလှန် လျှော နေကြခြင်းဖြစ်၏။ အသာစောင့်ကြည့်နေသော အီဒင်သည် မရိန်းတပ်သားနှစ်ဦး ကျော ပေးသည်နှင့် တပြိုင်နက် ဆင်တာရီ၏လက်ကိုဆွဲ၍ ရှေ့သို့ဆက်ပြေးသည်။ လှေခါး ထိပ်မှအပေါက်သို့ ဆင်းသည်။ ထို့နောက် ရေအောက်သို့ငုပ်လိုက်ကာ ဆတ်စ်ဂျ ဟန်နှာပေါ်မှ လူများမမြင်အောင် ဖြည်းဖြည်းချင်းဆက်၍ ကူးခတ်သွားကြလေ၏။

အပိုင်းနှစ်
ကျောက်ချထားသည့်သင်္ဘောနက်များ
၉၊ ဇူလိုင်-၁၈၅၃

အခြားသော နိုင်ငံများနှင့် လုံးဝအဆက်အသွယ်မပြုပဲ အထီးကျန်နေခဲ့သော လူမျိုးတစ်မျိုးသည် ၁၈၅၃–ခုနှစ်၊ ဇူလိုင်လထဲတွင် 'သင်္ဘောနက်များ' ပေါ်မှ တိုင်း ခြားစီပါးသား လူရိုင်းများ သူတို့နိုင်ငံကမ်းခြေထက်သို့ တက်လာမည်ကို စောင့်ကြည့် နေကြသည်။ ထိုလူမျိုးသည် အလွန်ရဲရင့်ကြံ့ခိုင်သော မွန်ဂိုလူမျိုးစုများမှ ဆင်းသက် လာကြသူများ ဖြစ်လေသည်။

သူတို့၏ အစောပိုင်းဘိုးဘွားများသည် အာရှတိုက်၏အလယ်ပိုင်းရှိ လူသူ ဝေးပါးနှင့် အလွန်အလှမ်းဝေးကွာလွန်းလှသော သဲကန္တာရကြီးများ၏ တောင်စူးစူး မရပ်များ၌ လှည့်လည်သွားလာကျက်စားခဲ့ကြသည်ဟု ယုံကြည်ရ၏။ နောက်ပိုင်းတွင် မူကိုသည် အစောပိုင်းကာလ နှစ်ပေါင်းနှစ်ထောင်ကျော်ခန့်က ဖေါင်များနှင့် လှော်လှေ ပေါ်စားများစီးကာ ပင်လယ်ပြင်ကိုဖြတ်၍ ဂျပန်ကျွန်းများဆီသို့ ကူးလာခဲ့ကြလေ သည်။

ခေတ်သစ်ဂျပန်ဘာသာစကားနှင့် ယနေ့ခေတ်ဂျပန်တို့၏ ရုပ်ပိုင်းဆိုင်ရာ ကြွန်အင်လက္ခဏာများသည် ထိုခေတ် ထိုအချိန်ကာလက နေရာတစ်နေရာရာ၌ အခြေ ကျက်ရန် လှည့်လည်သွားလာနေကြသူများသည် မလေးနှင့် ပိုလီနီရှန်လူမျိုးစုများနှင့် များရင်းလာရင်း ဆက်သွယ်မိကြပုံပေါ်သည်။

ပထမဆုံး ဂျပန်ကျွန်းစုထက်၌ အခြေစိုက်နေထိုင်ခဲ့ကြသူများကို အေနု ဟုခေါ်ခဲ့ ကြသည်။ ယင်းတို့သည် မုတ်ဆိတ်မွေးများထားကြ၍ မွန်ဂိုလီယန်များ မတိုင်မီခေတ်က မူယိုးများဖြစ်သည်။ သူတို့သည် ဩစတြေးလျတိုက်၏ မူလတိုင်းရင်းသားများနှင့်

www.burmeseclassic.com

www.burmeseclassic.com

သဘောသဘာဝ တူညီကြသည်။

အေနုတို့သည် လွန်ခဲ့သောနှစ်ပေါင်း တစ်သိန်းကျော်က ဆိုက်ဘေးရီးယားနိုင်ငံဘက်က ရောက်လာကြသည်ဟု ယူဆဖွယ်ရာရှိ၏။ ရေခဲခေတ်အချိန်ကာလဖြစ်၍ အာရှတိုက်၏ ပင်မကုန်းမြေကြီးနှင့် ဆက်စပ်နေသော မြေများဖွဲ့စည်းဖြစ်ပေါ်နေခိုက် ဖြစ်သည်။ နောက်ပိုင်းရောက်လာခဲ့ကြသော မွန်ဂိုလီယန်များသည် သူတို့အရင် ရောက်နေကြသည့် အေနုလူမျိုးစုများနှင့် လက်ထပ်ထိမ်းမြားခြင်းဖြင့် သွေးနှောမှုများ ရှိခဲ့သော်လည်း သူတို့ဘက် ခေတ်နောက်ကျသည့် အေနုများအား သူတို့၏လက်အောက်ခံများအဖြစ် ထားခဲ့ကြသည်။ အေနုအများစုမှာ မြောက်ဘက်သို့ မောင်းအထုတ်ခံခဲ့ကြရ၍ လူ့အရေအတွက် အနည်းငယ်မျှသည် ယနေ့အထိ ဟိုကိုင်းဒိုးကျွန်းဘက်၌ ကျန်ရှိနေပေသေးသည်။

တောင်ထူထပ်သော ဂျပန်နိုင်ငံ၏ မြေတစ်ဆယ့်ခုနစ်ရာခိုင်နှုန်းမျှသာလျှင် စိုက်ပျိုး၍ရ၏။ အသစ်အခြေချလာခဲ့ကြသော မွန်ဂိုများသည် လျှင်မြန်စွာပင် ကျူရှူကျွန်း၊ တောင်ပိုင်းရှိ မြေဩဇာကောင်းသော ဒေသများ၌ စပါးစိုက်ပျိုးသူများ ဖြစ်လာကြလေသည်။

ထိုစဉ်က ကျေးရွာတစ်ရွာချင်းစီတွင် အိမ်ထောင်စုကို မိခင်က ဦးစီးအုပ်ချုပ်ရသော စနစ်ကိုကျင့်သုံးသည်။ ထိုစဉ်က ကျူရှူမြေ၏ အကြီးအကဲအား **'အေမာတာစု' တန်ခိုးထက်သော နေနတ်သမီး'** ဟုခေါ်ခဲ့ကြသည်။ တစ်မျိုးသားလုံး၏ ယုံကြည်မှုများနှင့် ပတ်သက်၍ စိတ်ကူးယဉ်မှုများ၊ ယုံတမ်းစကားများနှင့် ဒဏ္ဍာရီများသည်သာလျှင် လွှမ်းမိုးခဲ့၏။ သို့သော်လည်း ဒဏ္ဍာရီနှင့်သမိုင်းသည် ပထမဆုံး အင်ပါယာဧကရာဇ်ဘုရင်ဂျင်မူလက်ထက်၌ အခိုင်အမာဖြစ်လာသည်။ ဂျင်မူသည် ခရစ်သက္ကရာဇ် စတင်ပေါ်ပေါက်လာချိန်မှစ၍ စစ်သည်များ၏ အကြီးအကဲအဖြစ် ထင်ရှားလာသူဖြစ်၏။ သူသည် အေမာတာရာဆူအဖြစ် မွေးဖွားကြီးပြင်းလာရသူဖြစ်လေရာ ယနေ့လက်ရှိ အင်ပါယာဘုရင်သည် ဂျင်မူဧကရာဇ်ဘုရင်ဆီမှ တိုက်ရိုက်ဆင်းသက်လာရသူ ဖြစ်လိမ့်မည်ဟူသော အယူအဆသည် လုံးဝသံသယဖြစ်ဖွယ် အကြောင်းမရှိပေ။

ဂျင်မူသည် သူ့ကိုယ်သူ ဂျပန်နိုင်ငံ၏အဓိကဖြစ်သော ဗဟိုကျွန်းဟွန်းရှူးကို အုပ်ချုပ်သူအဖြစ် ကြေညာခဲ့၏။ သူသည် သူ၏နိုင်ငံတော်အား ယာမာတိုဟု ခေါ်ခဲ့သည်။ ယင်းကို 'အသစ်အောင်နိုင်ရာလမ်း' ဟု ဘာသာပြန်လျှင် ရနိုင်အံ့ထင်သည်။

သူသည် ပထမတွင် ယနေ့ခေတ် ကျိုတို၊ အိုဆာကာနှင့်ကိုဘေးစသော နယ်မြေများပါဝင်သည့် ဒေသများကို ဘုရင်လုပ်၍ အုပ်ချုပ်ခဲ့သည်။ နောက်ပိုင်းတွင် ရာစုနှစ်များအတွင်းတွင် သူနှင့်သူတို့ဆက်ခံသူများသည် သူတို့၏ အုပ်ချုပ်မှု အာဏာစက်ကို

ပေါင်းများစွာသို့ ပျံ့နှံ့ကျယ်ပြန့်သည်အထိ တိုးချဲ့လာခဲ့ကြသည်။

အေဒီခုနှစ်ရာစုအတွင်းက တရုတ်နိုင်ငံမှ ရရှိလာခဲ့သော ကွန်ဖြူးရှပ်အယူဝါဒသည် သူ၏ဧကရာဇ်နိုင်ငံတော်အား ယခင်ကထက်ပို၍ အားပြည့်လာအောင် တွန်းအားပေးခဲ့သည်။ ဘိုးဘွားမိဘများ ကိုးကွယ်မှုနှင့် စည်းကမ်းကြီးမှုကို အသားပေးလွန်းသော ထိုတရုတ်ဗုဒ္ဓဘာသာအယူဝါဒသည် နိုင်ငံတွင်း၌ တည်ရှိပြီးဖြစ်သော ရှင်တိုဘာသာ၏ အယူသည်းမှုများနှင့် ပေါင်းစပ်လာခဲ့သည်။

အေဒီကိုးရာစုတွင် ဂျပန်နိုင်ငံ၏ ဧကရာဇ်ဘုရင်သည် **'မီကာဒို'** ဆိုသည်မှာ 'ခမ်းနားကြီးကျယ်သော ... စားကြည်ညို ကိုးကွယ်သောပုဂ္ဂိုလ်' ဟု အဓိပ္ပါယ်ရသည်။ ဤသို့ဖြင့် ထိုအချိန်မှစ၍ ၁၈၆၈–ခုနှစ်အထိ ဂျပန်တို့၏ 'ကျိုတိုမြို့' သည် ဧကရာဇ်ဘုရင် ရုံးစိုက်ရာမြို့တော်ဖြစ်လာခဲ့ရလေသည်။

နောက်ပိုင်းတွင် ကျိုတိုမြို့အလယ်၌ အနီရောင်ဝတ်ရုံကြီးများကို တခမ်းတနားဖြစ်အောင် မွမ်းမံခြယ်လှယ်ပြီး ဝတ်ဆင်ထားသည်။ ဘုရင်အဆက်ဆက်သည် တစ်မျိုးသားလုံး၏ နာမ်ပိုင်းဆိုင်ရာသခင်ကြီးများအဖြစ် မင်းလုပ်၍ အုပ်ချုပ်ခဲ့ကြသည်။ ယင်းတို့အား ဧကရာဇ်ဘုရင်များ သို့မဟုတ် 'အနီစွနတ်ဘုရားများ' ဟု အမည်ပေးခဲ့ကြလေသည်။

သူတို့သည် မယားပေါင်းအများအပြားကို ယူထားကြသည်။ အပျော်မယားများစွာလည်းရှိ၏။ ယင်းတို့မှတဆင့် သားသမီးအများအပြား မွေးခဲ့ကြလေသည်။ ... ၏မြေပေါ်တွင် သူတို့မှမွေးသည့် သားများနှင့်ဆွေမျိုးများအား ရဲတိုက်များ ပိုင်ဆိုင်ခွင့် ... ဒေသထိုင်ပိုင်ခွင့်များကိုသာမက မြေယာပိုင်ဆိုင်ခွင့်များကိုပါ ပေးထားခဲ့ကြသည်။ ဤသို့ဖြင့် ထိုသူများသည် မျိုးနွယ်တူ ရိုးရာတူ အုပ်စုများ၏ ခေါင်းဆောင်များ ဖြစ်လာကြလေသည်။

ဤသို့ဖြင့် မျိုးရိုးအနိမ့်ဆုံး မှူးမတ်များပိုင် နယ်မြေများပေါ်၌ ပုဂ္ဂလိကပိုင် ... အမှုရိုင်းစစ်သည်များဖြင့် ဖွဲ့စည်းထားသော ခါးပိုက်ဆောင် စစ်တပ်များသည် မှိုတွေ ပေါက်သလို အပြိုင်းအရိုင်း ပေါ်လာခဲ့ကြသည်။ ထိုအခါမှစ၍ ဒိုင်မျိုများသည် မသမာမှုများကို လုပ်ဆောင်ခဲ့ကြရာမှ အစပြု၍ အချင်းချင်းတိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် ကျိုတိုနန်းတွင်းအပေါ် ဩဇာသက်ရောက်ရေးအတွက် အာဏာလုပွဲများသည် စဉ်ဆက်မပြတ် ပေါ်လာခဲ့လေသည်။

ဆယ့်နှစ်ရာစုအကုန်တွင် အချင်းချင်းတိုက်နေကြသော စစ်ပွဲများကြောင့် တည်ရှိနေရသည့် ကစင့်ကလျားဖြစ်မှုကြီးများကို အကြောင်းပြုကာ သမိုင်းဝင် ပြောင်းလဲမှု ... စ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ ယင်းမှာ ဂျပန်နိုင်ငံ၏ အုပ်ချုပ်မှုစနစ်တွင် အပြောင်း

www.burmeseclassic.com

www.burmeseclassic.com

အလဲရှိလာခြင်းပေတည်း။

နိုင်ငံမြောက်ပိုင်းမှ မင်းသားများသည် အာခံရန်ပြုလျက်ရှိကြသော တောင်ပိုင်းမှ မျိုးနွယ်တူ မဟာမိတ်အဖွဲ့များအား အောင်နိုင်ခဲ့သည်။ ယနေ့ခေတ် ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုအနီးရှိ ကာမာကူရမြို့ကိုအခြေခံ၍ အုပ်ချုပ်မှုဆိုင်ရာ စစ်ကောင်စီဖွဲ့ တည်ထောင်သည်။ ကောင်စီအကြီးအကဲအား 'ရှိုးဂန်း' ဟူသောဘွဲ့ကို ပေးအပ်သည်။ ရှိုဂန်းဆိုသည်မှာ 'လူရိုင်းများ နှိမ်နင်းရေး မဟာစစ်သေနာပတိချုပ်' ဟု အဓိပ္ပါယ်ရသည်။

ရှိုးဂန်းကို ခန့်ထားသူမှာ အင်ပါယာဘုရင်ဖြစ်၍ ယင်းရာထူး အရိုက်အရာကို သားစဉ်မြေးဆက် ခံစားခွင့်ပေးထားသည်။ တဖြည်းဖြည်းနှင့် ရှိုးဂန်းနှင့်သူ့ရာထူးကို ဆက်ခံသူများသည် ထိရောက်စွာ အုပ်ချုပ်နိုင်သော စစ်အာဏာရှင်များ ဖြစ်လာ၍ ကြယ်ပွဲမျှမက ဧကရာဇ်ဘုရင်များနှင့်အပြိုင် မင်းဆက်များ ဖြစ်လာခဲ့ကြလေသည်။

ထို့နောက် နှစ်ပေါင်းခုနစ်ရာအတွင်း မီကာဒိုအား အာဏာကင်းမဲ့သော ရုပ်သေးအဖြစ်လျှော့ချကာ သူ၏ ကျိုတိုကို နန်းတော်အတွင်း၌ အထီးကျန်ထားခဲ့သည်။ ပြပ်ပကမ္ဘာမှ လူများသည် အဖြစ်မှန်ကို မသိနားမလည်ကြသည့်အားလျော်စွာ ယီဒိုခံတပ်မှ ရှိုးဂန်းသည် အင်ပါယာဧကရာဇ်ဘုရင်ဟု အမှတ်မှားနေကြသည်။

ကွန်မိုဒိုပါရီသည် အမေရိကန်ပြည်ထောင်စုသမ္မတနှင့်သာမက အမေရိကန်အစိုးရရော အခြားနိုင်ငံခြား တိုင်းပြည်များမှ ပုဂ္ဂိုလ်များနှင့်ပါ ရောနှောပြီး ဤအမှတ်မှားမှုကို လက်ခံထားခဲ့သည်။ ဤသို့ဖြင့် ဆယ့်ကိုးရာစု အလယ်ပိုင်းတွင်ရော ကွန်မိုဒိုပါရီနှင့် ထိပ်တိုက်တွေ့နေသည့် ၁၈၅၃–ခုနှစ်အတွင်း၌ပါ ထိုအမှားကို အမှန်ဖြစ်သွားအောင် မပြင်နိုင်ခဲ့ကြပေ။

ထို့ကြောင့်လည်း နောင်နှစ်ပေါင်း တစ်ရာသုံးဆယ်အကြာတွင် ခေတ်သစ်ကမ္ဘာ၏ အင်အားအကြီးဆုံး နှစ်နိုင်ငံဖြစ်လာမည့် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့သည် သူတို့၏ ပထမဆုံးသော ဆက်သွယ်မှုများကို ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖျားခြင်း စသည့် နည်းလမ်းများကို အပြန်အလှန်သုံး၍ ပြုလုပ်ခဲ့ကြလေသည်။

ယခုကဲ့သို့သော နောက်အနည်းငယ်မျှအတွင်း ဖြစ်လာရသည့် ဆက်ဆံမှုနှင့် တင်းမာမှုများကြားတွင် အမေရိကန်နှင့်ဂျပန် နှစ်ဖက်စလုံးမှ လူများသည် သူတို့လူမျိုးများအတွက် ထိရောက်သော အကျိုးဖြစ်ထွန်းမှုတစ်ခု ပိုင်နိုင်စွာ ဆုပ်ကိုင်နိုင်ရေးအတွက် မလျှော့သော ဇွဲလုံ့လများဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြလေသည်။

(၁၃)

ယီဒိုပင်လယ်အော်၏ ကမ်းခြေများတလျှောက်တွင် မဲနက်သော အမှောင်ထုကြီးဖုံးလွှမ်းလျက်ရှိ၏။ အနက်ရောင်ကတ္တီပါစကြီးတစ်စ လွှမ်းခြုံဖြန့်မိုးထားသည်နှင့်တူပေသည်။ မင်းသားတာနာကာသည် သူ့ဒူးများဖြင့် သူ့မြင်း၏ဘေးတစ်ဖက်တစ်ချက်ကို တအားဖိညှပ်ကာ အရှိန်အဟုန်ပြင်းစွာဖြင့် ဒုန်းစိုင်း၍ ပြေးသွားရန် တွန်းအားပေးလျက်ရှိလေသည်။

တစ်ခါတစ်ရံတွင် သူသည် မြင်းခြေနင်းကွင်းများကိုနင်း၍ သူ့ကိုယ်ခန္ဓာအားရှေ့သို့ ကြွထားသည်။ မြင်းပေါ်၌ မတ်တတ်တစ်ဝက်ရပ်နေသည့် ပုံစံမျိုးဖြစ်နေ၏။ ကိုယ်အလေးချိန်ကို မြင်းကျောပေါ်မှ အလေးချိန်လျှော့သွားပြီး အပြေးကို အရှိန်မြင့်သွားစေရန် လုပ်ပေးခြင်းဖြစ်လေသည်။

ချပ်ဝတ်တန်ဆာများ ဝတ်ထားသည့် အစောင့်စစ်သည် ဆာမူရိုင်းလေးဦးသည် နှစ်ယောက်စီ တွဲကာ မင်းသား၏နောက်မှ လိုက်ပါလာကြသည်။ သူတို့သည် မင်းသား၏ နောက်မှ လိုက်မီနိုင်ရန်အတွက် သူတို့မြင်းများ၏ အရှိန်ကို တအားကုန် မြှင့်တင်လျက် ရှိကြသည်။

သူတို့သည် တောင်ကုန်းထူထပ်ပြီး တောအုပ်များ ထူထပ်သည့် တောင်ပိုင်းဒေသများကို ကျော်ဖြတ်သွားနေခြင်းဖြစ်၏။ မကြာခဏဆိုသလို လှေခါးထစ်နည်းဖြင့် စိုက်ပျိုးထားသည့် စပါးခင်းများကြားမှ ဖြတ်သန်းကြရသည်။ ကျဉ်းမြောင်း၍ အသုံးမပြုသော တောင်ကုန်းထိပ်လမ်းများမှာ ဘေးတစ်ဖက်တစ်ချက်မှ တန်းစီ၍ ပေါက်နေသော ထင်းရှူးပင်များကြောင့် အမှောင်ရိပ်ထဲကျနေသည်။ အလွန်တိတ်ဆိတ်သည့် လမ်းကြောင်းတွင် မြင်းခွာသံများနှင့် သံချပ်ဝတ်တန်ဆာများ၏ ထိခိုက်မိသံများသည် ပျက်ကျကျ ထွက်ပေါ်လာလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြင်းကိုခုန်းစိုင်းနေရင်းမှပင် မင်းသားတာနာကာသည် အေးမြသော ညဥ့်ေ အားပါးတရ ရှူရှိုက်လျက်ရှိသည်။ သူတို့ ယီဒိုမှထွက်လာခဲ့သည်မှာ လွန်ခဲ့ တစ်နာရီခန့်ကဖြစ်၏။ အခုအချိန်အထိတော့ သူ့ခန္ဓာကိုယ်ထဲရှိ အသွေးအသာ အကြောများသည် အလွန်ရှင်သန်တက်ကြွနေဆဲ . . . ။

အမေရိကန်စစ်သင်္ဘောများ ဆိုက်ရောက်လာခြင်းအတွက် ရှိုးဂန်း၏ မြို့တော် များစွာ ထိတ်လန့် လှုပ်ရှားကုန်ကြသည်။ ရှုပ်ထွေးသော အယူအဆများ၊ သဘော များနှင့် အငြင်းအခုံများလည်း ဖြစ်ပွားလာခဲ့သည်။ ထိုပြဿနာသည် သူနှင့် အ လူများစွာ၏ စိတ်ကို များစွာညစ်ညူးရှုပ်ထွေးစေခဲ့၏။ နာရီပေါင်းများစွာ ကုန် သွားသည်အထိ အေးချမ်းသာယာမှုကို မရခဲ့။ ထို့ကြောင့် သူသည် ညဆယ်နာရီထို နောက်နှစ်နာရီအကြာတွင် ယီဒိုရဲတိုက်ဝင်းအတွင်း၌ ချည်ထားသော သူ့မြင်းထ ခုန်တက်လိုက်ကာ စိတ်၏ အေးချမ်းမှုကို ရလိုရငြား တောပိုင်းဘက်သို့ ထွက်လ ခြင်းဖြစ်၏။

ပတ်ပန်းကျင်တွင် အမှောင်ထုလွှမ်းနေသော်လည်း ယီဒိုလွင်ပြင်အား နယ်နိ သတ်မှတ်ထားသည့် တောင်စဉ်တောင်တန်းများကို မြင်နေရသည်။ တာနာကာ မြောက်ဘက်ဆီသို့ ခရီးဆက်နေသည့်ကြားမှပင် ကြီးမားသော တောင်တန်းကြီးမျ ပမာဏနှင့်အားကြီးမှုကို သတိပြုမိသည်။ သူသည် လမ်းဘေးဝဲယာ မှောင်ရိပ် လေနောက်သို့ လိုက်ပါလာနေသည့် နှင်းပန်း–သစ်ခွပန်း စသည့် အရိုင်းပန်းပေါင် အနံ့များကို ရနေသည်။

တစ်ခါတစ်ရံတွင် သူသည် သူ့ခေါင်းအထက်ဘက် ကောင်းကင်ပြင်ရှိ တလက်လ တောက်ပနေသော ကြယ်များကို မော့ကြည့်မိသည်။ ထောင်နှင့်ချီနေသော ကြယ် ၏အလင်းရောင်သည် အောက်ဖက်မြေပြင်ကို မြင်သာအောင် ဖန်တီးပေးထားသ သူနှင့်သူ့လူများ၏ အောက်ဖက်ရှိ မြေပြင်ကိုသာမက သူတို့၏ပုံရိပ်များ ထင်ပ နေသည့် ကန်ရေပြင်များကိုပါ မြင်နေရ၏။ တစ်ခါတစ်ရံတွင်မူ သူတို့သည် မြစ် ချောင်းများ၏ ရေတိမ်ရာနေရာများကို ဖြတ်ကြရ၏။ ယင်းသို့သော အခြေအနေမျ ဆုံမိသည့်အခါတိုင်း တင်းမာနေသော တာနာကာ၏စိတ်သည် ပြေစပြု . . ပြ သည်။

တစ်ခါတစ်ရံကျတော့လည်း ညမှောင်မှောင် ကောင်းကင်ပြင်ကို သူ့အတွေ သူ မော့ကြည့်တတ်သည်။ ထိုအခါ သူ့စိတ်သည် တိုကီဝါဆီသို့ ရောက်သွားတတ် ကြယ်ပွင့်ကလေးများ စီခြယ်ထားသည့် အပြာရောင်ကီမိုနိုကိုဆွဲယူကာ ဗလာ နေသော ခန္ဓာကိုယ်အား ဖုံးအုပ်ရန် အားထုတ်လိုက်သည့် တိုကီဝါအား မြင်ယေ

ညီ။ ထိုစဉ်က သူတို့သည် ယီဒိုရှိ 'ရွှေပေဗီလီယံရိပ်သာ'မှ အတူတူတွဲ၍ ကမြော ထွက်လာခဲ့ကြရသည် မဟုတ်ပါလား။

တောင်ကုန်းတစ်ကုန်း၏ထိပ်ကို ရောက်သွားတိုင်း တာနာကာသည် သူ့ရှေ့ ဟည့် အမှောင်ထုအတွင်း၌ မှန်မီးအိမ် အရိပ်လက္ခဏာများ ရှိ–မရှိ ရှာဖွေမိသည်။ မီးအိမ်များသည် လွန်ခဲ့သောညက တိုကီဝါအား ပုန်းအောင်းနေရန် အစောင့်များ ကူ သူစေလွှတ်လိုက်သည့် ယာဒိုဝါ ကို ညွှန်ပြခြင်း ဖြစ်သည်မဟုတ်ပါလား။ ရိပ်သာတည်ရှိရာ ရွာဘက်သို့ နီးလာလေလေ သူ့စိတ်အာရုံသည် သူနှစ်သက် က်နှာသာပေးထားခဲ့သော ဂေရှာမယ်နှင့် ထိတွေ့ဆက်ဆံလိုစိတ် ပြင်းပြလေ လာနေသည်။

လွန်ခဲ့သောညက သူတို့နှစ်ဦး ဆုံခဲ့ရသည်ကို ပြန်၍သတိရလာသည့်အခါ သူ့ သည် တိုး၍ကြီးမားလာသည်။ သူသည် တောင်ကုန်းအဆင်း လမ်းတစ်လမ်းသို့ ရောက်တွင် သူ့မြင်းအား ဖိနပ်ဆူးများဖြင့် တအားထိုးဆွပေးနေမိ၏။ သူလာခဲ့ရာ ဆုံးတွင် လက်နက်ကိုင် လူတစ်စုနှင့် လယ်သမားများသည် ဝဲယာလမ်းနှစ်ဖက် လာနေကြသည်ကို တွေ့ရ၏။

'ကျွန်တော်တို့ ရောက်ခါနီးလာပါပြီ . . အို ကာမိ–ဆန်'ဟု တာနာကာ၏ စောင့်တစ်ဦးက တာနာကာအား လှမ်းပြောသည်။ 'နောက်တစ်တောင်ကျော်ရင် ကို ရောက်တော့မှာပါ'

တာနာကာသည် ကျေးဇူးတင်စကားပြန်ပြောကာ သူ့မြင်းကို အရှိန်မချပဲ ဆက်၍ သည်။ နောက်ဆုံးတွင် သူ့မြင်းသည် မှန်အိမ်မီးထွန်းထားသည့် ယာဒိုဝါတည်းခို ာ၏ ဂိတ်တံခါးဆီသို့ ချဉ်းကပ်မိသည်။ ကောင်းကင်ယံမှ အပြာရောင်အလင်း ကြီး ပျောက်သွားခဲ့သည်မှာ နှစ်နာရီကျော်ကျော် ကြာခဲ့ပြီဖြစ်သော်လည်း ရွာသူ းများနှင့် ရိပ်သာမှ ဧည့်သည်များသည် အစုအအုံလိုက် လမ်းပေါ်၌ရှိနေဆဲ ...။

သူတို့သည် အခုအချိန်ထိ ကောင်းကင်သို့မော့ကြည့်ကာ တောင်စဉ်ရေမရ စကား ကို ပြောနေဆဲ . . . ။ သို့သော်လည်း မြင်းခွာသံများ ကြားသည့်အခါ သူတို့အာရုံ သွားသည်။ လူစုလူဝေးထဲ၌ ရောက်နေသော အစောင့်အကြီးအကဲသည် ရှေ့ဆုံးမှ ယောင်လာသော မြင်းစီးသမားကို မြင်သည့်အခါ တည်းခိုရိပ်သာ ဂိတ်တံခါးဆီသို့ သွားပြီး ဆီးကြိုရန် စောင့်နေသည်။ သူသည် တာနာကာနှင့်မြင်းစီးအစောင့် ယာက်အား ဆီး၍ဦးညွှတ်လိုက်သည်။

'ကြိုဆိုပါတယ် . . အို ကာမိ–ဆန်' ဟု ဂိတ်ဘရိက ခါးကိုမတ်လိုက် ဆက်သည်။ တာနာကာ့မြင်းဇက်ကြိုးကို ဆွဲရန်ပြေးသွားသည်။ 'အခုလို

www.burmeseclassic.com

www.burmeseclassic.com

ချက်ခြင်းကြီး ရောက်လာလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့မိဘူး'

'ဒီညအဖို့ ယီဒိုဟာ သူ့အရှုပ်နဲ့သူ မွန်းကျပ်နေတယ်' ဟု တာနာကာက ပြ ပြောကာ သူ့မြင်းအား ဂိတ်တံခါးမှ ဖြတ်ကာ တည်းခိုရိပ်သာဆီသို့နှင်သည်။

'ဒီမှာကော အားလုံးအဆင်ပြေကြရဲ့လား'

'ပြေပါတယ် . . အို ကာမိ–ဆန်' ဟု ဂိုတာရိုက ပြန်ဖြေကာ . . .တာနာကာ မြင်းဘေးမှကပ်၍ ရိပ်သာမြင်းဇောင်းအထိ လိုက်လာသည်။

'အားလုံးကျေနပ်စရာ ကောင်းပါတယ်၊ ဟိုး . . .ကောင်းကင်က ထူးဆန်း အလင်းရောင်ကတော့ လူတိုင်းကို ကြောက်လန့်တကြား ဖြစ်စေခဲ့တာကလွဲလို့ တဖြ ဘာပြဿနာမှ မရှိပါဘူး'

တည်းခိုရိပ်သာ၏ အတွင်းတွင် တေရှီ (တည်းခိုရိပ်သာပိုင်ရှင်)သည် ဒိုး ခလေ့ထုံးစံအတိုင်း အပြေးအလွှားရောက်လာပြီး ကြိုဆိုသည်။ တာနာကာ ဝင်လာခို တွင် သူသည် ဒူးထောက်၍ထိုင်ကာ လက်နှစ်ဖက်ကိုဆက်၍ ယှက်ထားသည်၊ ကိုယ်ကိုရှေ့သို့ဝပ်စင်းကာ သူ့နဖူးနှင့်ကြမ်းပြင်ကို သုံးကြိမ်ကိုတိထိ၍ အရိုအ ပေးသည်။

တာနာကာနှင့်စကားစမြည်ပြောကြသည့်အခါ တေရှီသည် သူပိုင်တည် ရိပ်သာ တန်ဘိုးမရှိကြောင်းနှင့် အသေးအဖွဲ့မျှသာ ဖြစ်ကြောင်းကို ထပ်တလဲလဲ ပြ သည်။ သူသည် အနီး၌ရပ်နေသော အစေခံတစ်ယောက်အား လက်ထဲ၌ အသင့်ကို ထားသည့် ဂျပန်အရက်ဆာကေးနှင့်တာနာကာအား ဧည့်ဝတ်ပြုရန် စေခိုင်းသည်၊ အစေခံကလည်း ပိုင်ရှင်ခိုင်းသည့်အတိုင်း တာနာကာနှင့်သူ့အဖွဲ့အား ဧည့်ခန်းတစ် အတွင်းသို့ ခေါ်သွားပြီး နေရာချထားပေးသည်။ သူ့လက်ထဲ၌ ပါလာသည့် ဆာကေးနှ ဧည့်ခံသည်။

'တိုကီဝါ–ဆန်ကော၊ ဘယ်လိုလဲ' ဟု တာနာကာက သူ့အား ဆာကေးဆ အရက်နှင့် ဧည့်ခံလိုက်သည့်အခါ မေးသည်။ 'သူ့ကိုရော ကောင်းကောင်း အ အကွယ် ပေးထားကြရဲ့လား'

'သူ အခုလောက်ဆိုရင် အိပ်နေပါပြီ' ဟု တာနာကာ၏ရှေ့၌ တင်ပလ္လင်ခွေ ထိုင်နေသော ဂိုတာရိုက အဖြေပေးသည်။ 'သူလည်း ကောင်းကင်မှာရှိနေတဲ့ အလ တန်းကြောင့် အလန့်တကြားဖြစ်မှာ သေချာပါတယ်။ ဒါပေမဲ့ သူ့အတွက် ထားပေး အစေအပါးမလေးကတော့ ကျွန်တော့်ကိုပြောတယ်၊ သူ တိုကီဝါ–ဆန်နဲ့ ဒီည တစ် လုံးနေပြီး စိတ်သက်သာရာရအောင် ဖျောင်းဖျပေးမယ်တဲ့'

တာနာကာက ခေါင်းညိတ်သည်။ 'အစေအပါးမလေးကို ပြန်လွှတ်လိုက်

သွားပြောခိုင်းပါ၊ တာနာကာ ရောက်နေပြီလို့ တိုကီဝါ–ဆန်ကို အသိပေးပါ၊ ကိုယ် လာတာကို ကြိုဆိုဖို့ အခုချက်ခြင်း အဆင်သင့်ဖြစ်ပါစေလို့ သူ့ဆီ အကြောင်းကြား ပေးပါ'

'ဟုတ်ကဲ့ပါ အို ကာမိ–ဆန်၊ အခုချက်ခြင်း အကြောင်းကြားခိုင်းပါ့မယ်' ဟု ပြောကာ ဂိုတာရိုသည် သူ့လက်ထောက်များထဲမှ တစ်ယောက်အား သတင်းပို့ခိုင်း သည်။ ထို့နောက် သူ့သခင်မင်းသားဘက် လှည့်လိုက်သည်။ 'ယီဒိုက သတင်းတွေ ပြောပြပါဦး . . အို ကာမိ–ဆန်၊ တိုက်ပွဲတွေကော စနေပြီလား'

တာနာကာက ခေါင်းခါသည်။ 'အခုချိန်ထိ လူရိုင်းတွေနဲ့ရော၊ သူတို့သင်္ဘော ရုက်ကြီးတွေပါ တိုက်ပွဲမဖြစ်သေးဘူး။ ဒါပေမဲ့ သူတို့ကတော့ တို့ကို အမြောက်ကြီး တွေနဲ့ ပစ်မယ်လို့ ခြိမ်းခြောက်နေကြတယ်။ အဲဒါကြောင့်မို့ စစ်ကတော့ အချိန်မရွေး ဖြစ်နိုင်တယ်'

'အားလုံးထဲမှာ အဆိုးဆုံးက ဘာကျူဖူ ထဲမှာ ကြောက်စရာကောင်းလောက် အောင် ဆိုးဝါးပြင်းထန်တဲ့ ငြင်းခုံပွဲဖြစ်နေတဲ့ ကိစ္စပဲ။ အစည်းအဝေးတွေ အဆက်မပြတ် ပေါ်ပြီး တိုင်ပင်ကြ၊ ဆွေးနွေးကြနဲ့ ရှုပ်နေတာပဲ။ ဒိုင်မျိုတွေကြားမှာ သံသယတွေနဲ့ ငြင်းစရာအသစ်တွေပဲ ထွက် . . ထွက်လာနေတာပဲ . . .

'အများစုက တို့ဘက်ကရှိသမျှ အင်အားကို ပုံအောပြီး တိုက်ချင်နေကြတယ်။ ကျန်တဲ့တစ်စုက မရေမရာဖြစ်နေကြတယ်။ ဘာ့ကြောင့်လဲဆိုတော့ တို့များရဲ့ တပ်တွေနဲ့ လက်နက်တွေက သိပ်အားနည်းနေလေတော့ . . .

'ရှိုးဂန်းက ဘယ်လိုအမိန့်ပေးသလဲ . . အို ကာမိ–ဆန်' ဟု ဂိုတာရိုက ထပ်မေး သည်။ 'ဘာပဲဖြစ်ဖြစ် သူက ပြဿနာကို ဆုံးဖြတ်ရမယ့်လူပဲ'

တာနာကာက ခေါင်းယမ်းပြသည်။ 'ရှိုးဂန်းက သိပ်ပြီး နာမကျန်းဖြစ်နေတယ်၊ သူ မကြာခင် သေလိမ့်မယ်လို့ တွက်ရတယ်၊ အခုဆိုရင် သူ အိပ်ရာပေါ်က မထနိုင် တော့ဘူး၊ အရေးအခင်းတွေ ပါဝင်ဖို့ဘောင် မဖြစ်နိုင်တော့တဲ့ အနေအထား ရောက်နေပြီ'

ဂိုတာရိုက တာနာကာ၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ 'လူရိုင်း တွေက ကျွန်တော်တို့ကို အမြောက်တွေနဲ့ ပစ်မယ်လို့ ခြိမ်းခြောက်နေတာ ဘာ့ကြောင့်လဲ အို ကာမိ–ဆန်'

'သူတို့ပြောနေတာကတော့ သူတို့ရဲ့ အမြင့်ဆုံးခေါင်းဆောင်က တို့နဲ့ အဆက် အသွယ်လုပ်ဖို့အတွက် ယီဒိုရဲတိုက်မှာနေတဲ့ တို့ရဲ့ 'ဧကရာဇ်ဘုရင်' ဆီကို စာတစ် စောင်ပေးလိုက်တယ် , . .တဲ့။ အမှန်တော့ သူတို့ဟာ 'ဧကရာဇ်ဘုရင်' နဲ့ 'ရှိုးဂန်း'ကို အမှတ်မှားနေကြတယ်။ တို့ရဲ့ ခေါင်းဆောင်ထားမှုစနစ်ကို လုံးဝ မသိနားမလည်

www.burmeseclassic.com

www.burmeseclassic.com

ကြဘူး။

'အခု သူတို့ပြောနေတာက သူတို့ရဲ့ 'ဆက်သွယ်မှုကို လက်မခံမချင်း ဒီမှာနေပြီး ပစ်မယ်၊ ခတ်မယ်လို့ ခြိမ်းခြောက်နေတဲ့ သဘောပဲ။ လိုအပ်လာရင် တို့ကမ်းခြေကို တက်ပြီး စာကိုပေးမယ်လို့လည်း ပြောနေတယ်'

'စာထဲမှာ ဘာပါလို့လဲ၊ အို ကာမိ–ဆန်၊ ဒီစာကို ဘာပြုလို့ လက်နက်တွေ တပ်ဆင်ထားတဲ့ စစ်သင်္ဘောကြီးတွေနဲ့ ယူလာရတာတဲ့လဲ'

'နာဂါစကီးမှာနေကြတဲ့ ဒတ်ချ်လူရိုင်းတွေရဲ့ စကားအရဆိုရင်တော့ အမေရိကန် တွေရဲ့ ဆက်သွယ်မှုဟာ လိမ်လည်လှည့်စားမှု တစ်ခုပဲတဲ့ ။ တို့ကို အရှက်တကွဲ ဖြစ် အောင်နိမ်မှာတဲ့။ သူတို့က ငါတို့ကို အတင်းအကြပ် နိုင်ထက်စီးနင်းပြုပြီး ဆိပ်ကမ်း တွေကို ဖွင့်ပေးရမယ်၊ ကုန်သင်္ဘောတွေကို အဝင်ခံရမယ်၊ တို့ရဲ့ သဘောဆန္ဒကို ဆန့်ကျင်ပြီး ဇွတ်လုပ်မှာ . . . ။

'နောက်ပြီးတော့ သူတို့သင်္ဘောတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို အတင်း ရောင်းခိုင်းမယ်။ သူတို့ရဲ့ အလွန်ကြီးမားတဲ့ အမြောက်ကြီးတွေနဲ့ ယူရာဂါမြို့ကို ချိန်ထား တယ်။ ယူရာဂါက မင်းသိတဲ့အတိုင်းပဲ။ ယီဒိုနဲ့ မိုင်အနည်းငယ်ပဲဝေးတာ၊ မြို့ထဲမှာ လူတွေကတော့ အတွင်းပိုင်းကို ထွက်ပြေးကုန်ကြပြီ'

'ဘာတွေထပ်ဖြစ်လာဦးမယ်လို့ ထင်ပါသလဲ အို ကာမိ–ဆန်' ဟု ဂိုတာရိုက စိုးရိမ်လေသံဖြင့်မေးသည်။ 'အဲဒီဘက်မှာ တိုက်ပွဲတွေ ဖြစ်လာမလား'

'ဖြစ်လာချင် ဖြစ်လာမှာပဲ၊ ငါကိုယ်တိုင် ဆွေးနွေးညှိနှိုင်းရေး ပထမအဖွဲ့နဲ့အတူ သင်္ဘောနက်တစ်စီးပေါ် ရောက်ခဲ့တယ်။ လူရိုင်းတွေဟာ သူတို့ကိုယ်သူတို့ ယုံကြည်မှု လည်းရှိတယ်။ ဘဝင်မြင့်နေပုံလည်း ပေါ်တယ် ။ သူတို့အနေနဲ့ အဖက်ဖက်မှာ တခြား လူတွေထက် သာလွန်နေတယ်ဆိုတာလည်း သိနေကြတယ်'

'အလွန်ခေါင်းမာတဲ့ အထက်တန်းစား မှူးမတ်အုပ်စုဝင် တစ်ယောက်က လူရိုင်း အရာရှိတစ်ယောက်ကို သတ်ဖို့ကြိုးစားတယ်။ ကံအားလျော်စွာပဲ သူ့လက်နက်ကို လုယူထားလိုက်လို့ ဘာမှဖြစ်မသွားဘူး။ တကယ်လို့များ သူ့ရဲ့လုပ်ကြံမှုသာအောင်မြင် သွားရင် အခုလောက်ဆို စစ်ပွဲကြီးစနေပြီ . . .'

ဂိုတာရို၏မျက်လုံးများသည် ကျဉ်းမြောင်းသွားသည်။ 'တကယ်လို့ လိုအပ်လာ တဲ့အတွက် ကျွန်တော်တို့က ပြန်တိုက်ရင် ကျွန်တော်တို့ဘက်က နိုင်ပါ့မလား'

တာနာကာ၏မျက်ခုံးများသည် ကုပ်နေကြသည်။ 'ပြည်နယ်အများအပြားက ရာနဲ့ ထောင်နဲ့ ချီနေတဲ့ တိုက်ခိုက်ရေးသမားတွေကတော့ ပင်လယ်ကမ်းခြေဘက်ကို သွားနေကြတာပဲ။ ဒါပေမဲ့ တို့ဘက်က အမြောက်တွေက နည်းနည်းပဲရှိတာ၊ ရှေးဟောင်း

ပတ်စကတ်သေနတ်တွေကလည်း လူရိုင်းတွေရဲ့ သေနတ်တွေနဲ့ မယှဉ်နိုင်ဘူး။

'တကယ်လို့ စစ်ဖြစ်ပြီဆိုရင်တော့ တို့ဘက်က သူတို့ကို ဓါးနဲ့ခုတ်သတ်ကြဖို့ ပဲရှိတယ်။ နှစ်ဖက်စလုံးမှာ အသေအပျောက် များမှာပဲ။ ပြီးတော့ လူရိုင်းတွေက နောက် ထပ်ကြိမ် စစ်သင်္ဘောတွေ၊ အမြောက်တွေ၊ သေနတ်ကိုင်စစ်သားတွေ အများကြီး ထပ်ရောက်လာကြဦးမှာပဲ . . .။

' ကျွန်တော်တို့ မြင်လိုက်ရတဲ့ အလင်းရောင်တန်းကြီးဟာ လူရိုင်းသင်္ဘော တွေဆီက လာတာလား' ဟု ဂိုတာရိုက မေးသည်။ 'ဒါမှမဟုတ်ရင် ကျွန်တော်တို့ကို စောင့်ရှောက်နေကြတဲ့ နတ်တွေအတွက် ဆိုးဝါးတဲ့ အတိတ်နိမိတ်ပြတာလား'

တာနာကာက သက်ပြင်းတစ်ချက် မှုတ်လိုက်သည်။ 'အဲဒါက သဘာဝတရား ရဲ့ ဖြစ်ရပ်ပဲ၊ ဘာအဓိပ္ပါယ်လည်းဆိုတာ ဘယ်သူက ပြောနိုင်မှာလဲ'

'သင်္ဘောနက်တွေဆီကို ပြန်ဦးမှာလား အို ကာမိ–ဆန်' ဟု ဂိုတာရိုက မေး သည်။ 'နောက်ထပ် စကားပြောစရာ ရှိနေသေးသလား'

တာနာကာက ခေါင်းညိတ်သည်။ ထို့နောက် ဆာကေးလက်ကျန်ကို အကုန် မော့ချလိုက်၏။ 'တကယ်လို့ ဖြစ်နိုင်ရင်တော့ သင်္ဘောနက်တွေဆီပြန်မယ်။ အရှက် တက်ပြီးတာနဲ့ တပြိုင်နက် အဆင့်မြင့်အရာရှိကြီးတွေ ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ သင်္ဘောပေါ် တက်ကြလိမ့်ဦးမယ်။ ကိုယ် ဒီကိုလာခဲ့တာက ယီဒိုမှာ ဖြစ်နေတဲ့ အခြေအနေကို စိတ် ပျက်လို့ . . .။ တစ်နာရီ နှစ်နာရီလောက် သူတို့နဲ့ကင်းကွာနေချင်လို့' သူသည် ထရပ် လိုက်ပြီး ပြုံးသည်။ 'ငါ့မှာ အချိန်သိပ်မရှိတော့ဘူး၊ ဂိုတာရို–ဆန်'

တာနာကာသည် တစ်ဖက်သို့ လှည့်ထွက်သွားရန် ဟန်ပြင်သည်။ ဤအခိုက် မှာပင် အပြင်ဘက်ကော်ရစ်ဒါဆီမှ ဆူဆူညံညံအသံများ ကြားရသည်။ မိန်းမ တစ်ယောက်၏ ထိတ်လန့်တကြား ငိုကြွေးနေသံကိုလည်း ကြားရ၏။ နောက် တစ်ကောမျှအကြာတွင် ရှိုဂျီ ကို တအားဆွဲဖယ်လိုက်သံ ထွက်လာသည်။ ရှိုဂျီ ၏ နောက်မှ ပေါ်လာသူမှာ ဂိုတာရို၏လက်ထောက် အစောင့်တစ်ယောက်ပေတည်း။

အစောင့်၏ လက်တစ်ဖက်သည် ဓါးကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်သည် ဒီကို၏ သေးသွယ်သော လည်ကုပ်ကို ဆုပ်ကိုင်ထားသည်။ အီကို၏ မျက်နှာတွင် ညိုအမဲ ဒဏ်ရာများရှိနေသည်။ ဆံပင်မှာလည်း ပြေကျနေသည်။ ကီမိုနိုမှာလည်း စုတ်ပြဲနေသည်။ အစောင့်သည် တစ်ခွန်းမျှ ဆဲဆိုလိုက်ပြီး အဆေအပေါ မိန်းကလေးအား စောင့်တွန်းကာ အခန်းထဲသို့သွင်းလိုက်သည်။ တာတာမီ မြက်ဖျာပေါ် အလျားမှောက် ကျလာသော အီကိုသည် သူ့ရှေ့မှ တာနာကာအား မော့ကြည့်သည်။

'ကျွန်တော် ပြောရမှာတော့ စိတ်မကောင်းဘူး၊ တိုကီဝါ–ဆန် မရှိတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဟု တာနာကာဘက်သို့ ဦးခေါင်းတစ်ချက် ညွှတ်လိုက်ပြီး ပြောသည်။ 'သူ့အခန်းထဲမှာ သူ မရှိတော့ဘူး။ လွန်ခဲ့တဲ့ နှစ်နာရီလောက်က ထွက်သွားတယ်လို့ ယူဆရပါတယ်' သူသည် လက်ထဲမှဓါးဖြင့် အစေအပါးမိန်းကလေး အီကိုဆီ ထိုးပြသည်။ 'ကျွန်တော် ဒီကောင်မလေး စတိုခန်းထဲ ဝင်ပုန်းနေတာ တွေ့ပါတယ်။ သူ တိုကီဝါဆန်ဆီက ငွေကြေးလာဘ်ယူပြီး သူ့ရဲ့လယ်သူမအဝတ်အထည်တွေ ရောင်းတယ်။ မြင်းတစ်ကောင်လည်း ဝယ်ပေးတယ် . . .'

အခန်းအလယ်တွင် အလွန်ငြိမ်ဆိတ်စွာ ရပ်နေသော တာနာကာသည် အဝတ်အစားများ စုတ်ပြတ်ကာ ထိတ်လန့်တုန်လှုပ်လျက်ရှိနေသော လယ်သူမ မိန်းကလေးအားငုံ့ကြည့်သည်။ မိန်းကလေးမှာ ငိုရှိုက်နေဆဲ . . .၊ 'တိုကီဝါဆန်က ဘာပြုလို့ အဲသလိုလုပ်တာလဲ' ဟု တာနာကာက အေးစက်စက်လေသံဖြင့်မေးသည်။

'ကျွန်မ မသိပါဘူးရှင်' ဟု အီကိုက ဖြေသည်။ 'ဒီမှာနေရတာ ယီဒိုမှာ နေရတာထက် ဘေးအန္တရာယ်တွေ ပိုပြီးပိုများမယ်ထင်တယ်လို့ သူကပြောတယ်။ ကျွန်မက သူ့ကို ဒီမှာပဲ ဆက်နေသွားအောင် ကြိုးစားပြီး နားချပါတယ်ရှင်၊ ဒါပေမဲ့ . . .'

'သူ ဒီလာဘ်ကို ယူတာ' ဟု အစောင့်က သူ့လက်ထဲမှ ငွေပြားများကို အီကို့ဘေးနားသို့ ပစ်ပေါက်လိုက်ပြီးပြောသည်။ 'ကျွန်တော်တို့ရဲ့ ယုံကြည်မှုကို သူ သစ္စာဖောက်တာပဲ'

ဒေါသအရှိန်ဖြင့် ဂိုတာရိုသည် သူ့ခါးမှ ဓါးရှည်ကြီးကိုဆွဲထုတ်ကာ လက်နှစ်ဖက်ဖြင့်ကိုင်၍ သူ့ခေါင်းအထက်သို့ တအားလွှဲ၍ မြှောက်လိုက်သည်။ ထို့နောက် အီကို၏သေးသွယ်သော လည်ဂုတ်ဆီသို့ ချိန်ရွယ်ကာ အားယူလိုက်သည်။ တစ်စက္ကန့်မျှအတွင်း တာနာကာသည် သူ့ခြေထောက်များကိုပင် လှုပ်ရှားခြင်းမပြုပဲ သူ့ခါး၌ ချိတ်ထားသည့် ဓါးအိမ်အတွင်းမှ ဓါးရှည်ကို ဆွဲထုတ်လိုက်ပြီး အီကိုပေါ် ကျရောက်လာသည့် ဓါးကို ဆီး၍ခံကာ ရိုက်ထုတ်လိုက်သည်။ ဓါးရှည်နှစ်လက်၏ အသွားများသည် အီကို၏ဦးခေါင်းအထက်နားတွင် အရှိန်ပြင်းစွာ ထိခိုက်မိကြသည်။ ထို့နောက် ဂိုတာရို၏ဓါးသည် အခန်း၏ ဘေးတစ်ဖက်ရှိ စက္ကူခန်းဆီးများဆီသို့ လွင့်ထွက်သွားသည်။

ဂိုတာရိုသည် မျက်နှာဖြူဖတ်ဖြူရော်ဖြင့် သူ့နေရာ၌ရပ်ကာ သူ့သခင်အား ကြည့်နေသည်။ သူ့မျက်နှာထားမှာ သူ့သခင်က သူ့အသက်ကိုချွေလိမ့်မည်ဟု ယူဆခြင်းကိုဖော်ပြနေသည်။ သို့တစေလည်း တာနာကာသည် သူ့ဓါးကို ဓါးအိမ်အတွင်းသို့ ပြန်သွင်းလိုက်သည်။

'တကယ်လို့ မင်းသာ မင်းတာဝန်ကို မှန်မှန်ကန်ကန် လုပ်ခဲ့မယ်ဆိုရင် တိုကီဝါ-

မင်းလက်ထဲက အခုလို ဘယ်လွတ်သွားမှာလဲ' ဟု တာနာကာက ပြောသည်။ ကလေးလည်း တိုကီဝါ-ဆန် ဆီက လာဘ်ယူဖို့ အခွင့်အရေး ရမတဲ့လား'

'အခုလိုဖြစ်ရတာဟာ ကောင်းကင်မှာ ပေါ်လာတဲ့ အလင်းတန်းကြီးကြောင့်ပဲ မယ်' ဟု ဂိုတာရိုက ရှက်စိတ်ဖြင့် တိုးတိုးရေရွတ်သည်။

'တိုကီဝါ-ဆန် ဘယ်ဘက်ကို ထွက်သွားသလဲ' ဟု တာနာကာက မိန်းကလေး ကို့ဘေး၌ ဒူးတစ်ဖက်ထောက်၍ထိုင်ကာ မေးသည်။ 'သူ ဘယ်လို ဝတ်စားထား လဲ'

အီကိုက မော့ကြည့်သည်။ 'သူ ယီဒိုဘက်သွားမယ်လို့ ပြောသွားပါတယ်...။ ယီမှာ ပါသွားတဲ့ မြင်းက မြင်းအိုကြီးပါ၊ ကျနေပါပြီ . . .၊ ကျောပေါ်မှာ တောင်း တောင်း ခွတင်ထားပါတယ်၊ မြင်းလည်ဆံမှာ အပြာရောင် ပိုးစည်းကြိုးလေး တစ်စ ထားပါတယ်၊ သူကတော့ ဝါးခမောက်အကြီးကြီး ဆောင်းထားပြီး လယ်သမားလို ထားပါတယ် . . .'

'ကျေးဇူးပဲ' ဟု ပြောကာ တာနာကာသည် ဘေးနား၌ ကျနေသော ငွေပြားများ ကောက်ယူပြီး အီကို့လက်ထဲ ထည့်ပေးသည်။ 'မင်းမှာ အပြစ်မရှိပါဘူး၊ ငွေကိုယူပြီး ရဲ့မိသားစုရှိရာ အိမ်ကိုပြန်ပေ့'

သူသည် ထရပ်လိုက်ပြီး သူ့နောက်လိုက် လက်နက်ကိုင်များကို ကြည့်သည်။

'တို့ ယီဒိုကိုပြန်ရင် လမ်းသုံးလမ်းရှိတယ်' ဟု တာနာကာက ပြောသည်။

'အဲဒီတော့ ငါတို့ အုပ်စုသုံးစုခွဲပြီး ပြန်မယ်၊ လမ်းမှာ တိုကီဝါ-ဆန်ကို ရှာသွား မယ်'

သူသည် အခန်းထဲမှ ခြေလှမ်းများကို ခပ်ကြဲကြဲလှမ်း၍ ထွက်သွားသည်။ ဝင်း ရောက်သည့်အခါ သူတို့မြင်းများကို ယူလာရန် အော်ဟစ်အမိန့်ပေးသည်။ အချိန် ကြာသည့်အခါ တာနာကာသည် သူ့မြင်းကို ဒုန်းစိုင်းကာ တည်းခိုရိပ်သာဂိတ်မှ သွားသည်။ သူ့နောက်မှ သူ့နောက်လိုက် အစောင့်အရှောက်အားလုံး သုံးစုခွဲ၍ ပါသွားကြသည်။ အုပ်စုအားလုံး တစ်စုပြီးတစ်စု မှောင်ထဲတွင် တိုးဝင်ပျောက်ကွယ် ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

သူဆင်းနေသော တောင်ကုန်းသည် မတ်စောက်လွန်းလှ၏။ မတ်ဆူမှုရာ ဂီဝါသည် အပြေးဆင်းနေရသလို ဖြစ်နေသည်။ တစ်ခါတစ်ရံတွင် သူသည် ကိုယ်သူ မနည်းထိန်းကာ လျှောဆင်းနေရသည်။ ဤကြားထဲမှာပင် မြင်းဖက်ကြီးကို အားကုန်ထိန်းထားရသဖြင့် ဒုက္ခတ်သီထိုးဖြစ်လျက်ရှိ၏။ သူ့ခြေထောက်များအောက်မှ ကျောက်ခဲများသည် ကောက်ရိုးလျှာချင်းဖိနပ်ထဲမှ ခြေထောက်များကို စူးသဖြင့် နာကျင်မှုဒဏ်ကို ခံရသည်။

ကောင်းကင်သို့ မော့ကြည့်မိသည့်အခါ တစ်ခြမ်းပဲ့လကို မြင်ရသည်။ အရှေ့ဖျားမှ ကျပြီးမှ တက်လာနေသည့် လတစ်ခြမ်း ပဲ့ပေတည်း။ လ၏အလင်းရောင်သည် ဘက်ဖက်ရှိ ရေမြေတောတောင် ရှုခင်းများအပေါ် ပက်ဖျန်းလွှမ်းခြုံထားသည်။ ခင်ကျောပေါ်မှ တောင်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ အမှောင်ဖုံးရှိသည့် ပင်လယ်ပြင်ကို မြင်နေရလေသည်။

မတ်စောက်လွန်းလှသည့် တောင်ကုန်းကို ခဲယဉ်းပင်ပန်းစွာ ဆင်းနေစဉ်အတွင်း ဂီဝါသည် သူတည်းခိုရိပ်သာမှ ထွက်လာခဲ့သည့်အချိန်ကို တွက်နေမိ၏။ ယာဒီယာမှ ထွက်လာခဲ့သည်မှာ နာရီပေါင်းမည်မျှကြာပြီနည်း။ တစ်နာရီ သို့မဟုတ် တစ်နာရီ ကျော်ပြီဟု ခန့်မှန်းမိ၏။ သို့မဟုတ် အနည်းဆုံးနှစ်နာရီတော့ ရှိပြီဟုထင်၏။

သူသည် အကျဉ်းထောင်သဖွယ် ဖြစ်နေခဲ့ရသော တည်းခိုရိပ်သာနှင့် မည်မျှ ကွာလာပြီနည်း . . .၊ တိုက်ခိုက်ရေးသမားများစွာသည် သူ့ရှေ့မှ သူ့နောက်မှ ပုန်းမီးအိမ်များကို ကိုင်ကာ ချီတက်နေကြ၏။ ယင်းအုပ်စုသည် နယ်မြေတစ်ချို့မှ မြို့များ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များဖြစ်သည်မှာ သေချာလျက်ရှိပေ၏။ ထို့ပြင် ခြေလျင်သွားနေသူများနှင့် မြင်းစီးခရီးသည်များသည်လည်း လမ်းအတိုင်းသွား

www.burmeseclassic.com

www.burmeseclassic.com

လာနေကြသည်။ မည်သို့ပင်ဖြစ်စေ တိုက်ဇီဝါကတော့ သူရုပ်ဖျက်ထားသည့်အတိုင်း ဣန္ဒြေမပျက် ခရီးဆက်လျက်ရှိလေ၏။

သူ့ခရီးသူဆက်နေသော တိုက်ဇီဝါသည် သူ့နောက်မှ အန္တရာယ်လိုက်လာမည်ကို စိုးရိမ်သည့်အားလျော်စွာ မကြာခဏရပ်၍ နောက်သို့လှည့်ကြည့်သည်။ မင်းသား တာနာကာ၏ အစောင့်များဟု ယူဆနိုင်လောက်သည့် မြင်းခွာသံများကို နားစွင့်သည်။ သို့သော်လည်း ထိုလူစု သူ့နောက်က လိုက်လာသည်ဟု ပြောနိုင်လောက်သည့် အရိပ် လက္ခဏာများကို မမြင်ရ။

သို့သော်လည်း တိုက်ဇီဝါသည် ဤမျှလောက်ဝေးသောခရီးကို အခုလောက် အချိန်ကြာကြာ သွားခဲ့ဖူးသည် မဟုတ်သဖြင့် မောပန်းနွမ်းနယ်လှပြီ။ အကယ်၍ တောင်ကုန်းပေါ်မှနေ၍ တောင်ကုန်းခြေရင်းရှိ မြေပြန့်သို့ရောက်ပါက ခဏတဖြုတ် ပုန်းအောင်း နားနေနိုင်မည့်နေရာကို ရှာမှဖြစ်တော့မည်ဟု တွက်ထားပြီးပြီဖြစ်၏။

တောင်ကုန်းခြေရင်းသို့ ရောက်သည့်အခါ လမ်းသည် စပါးခင်းများ၏ အလယ်မှ ဖြတ်သွားသည်ကို တွေ့ရသည်။ ရေဝပ်နေသော စပါးခင်းများသည် လရောင်အောက် တွင် တလက်လက် တောက်ပနေကြသည်။ လမ်းသေးလမ်းမွှာများသည် ကျွန်းပေါ်မှ ရွာများဆီသို့ ဦးတည်နေကြသည်ကို တွေ့ရ၏။

ရွာတစ်ရွာချင်းစီကို ဂျုံ၊ ပဲမျိုးစုံ၊ ကြက်သွန်နှင့်အခြားသီးနှံ စိုက်ခင်းများက ဝိုင်း၍ ထားသည်။ ရွာတိုင်းမှာ ငြိမ်ဆိတ်လျက်ရှိပြီး ညအမှောင်ထုအောက်၌ တိတ်ဆိတ် လျက်ရှိကြ၏။ အချိန်မှာ ညဥ့်နက်သန်းခေါင် ကျော်နေပြီဖြစ်သော်လည်း ရွာသူ ရွာသား အချို့သည် အစုလိုက်ထွက်လာပြီး အချိန်မတော် သွားလာလှုပ်ရှားနေကြသည့် လက်နက်ကိုင်များကို တအံ့တဩ စောင့်ကြည့်နေကြလေသည်။

တိုက်ဇီဝါသည် သူပုန်းရန် နေရာရှာရခက်တော့မည်ကို ရိပ်စားမိသည်။ သူ့ အနေဖြင့် ရွာသူရွာသားများအား အခြေအနေအရပ်ရပ် ရှင်းပြရခက်မည်ကိုလည်း မြင် သည်။ သူသည် အခြေအနေများကို တွေးကာ ရုတ်တရက် ရပ်လိုက်ပြီး တခြားရှေ့ စရာလမ်းကို ရှာသည်။ တကယ်တော့ ထိုအတွေးများသည် သူ့စိတ်ကိုများစွာ ချောက်ချားစေခဲ့၏။

သူသည် ရုတ်တရက် မဆုံးဖြတ်နိုင်ပဲ ရပ်နေမိသည်။ ထိုအခိုက်မှာပင် မြင်းခွာ သံများကြားရသည်။ ခွာသံများသည် တဖြည်းဖြည်းနှင့် တိုးနေရာမှ ကျယ် ..ကျယ် လာသည်။ အသံများသည် သူ့နောက်ဖက်ရှိ တောင်ကုန်းဆီသို့ နီးကပ်လာနေလေပြီ၊ သူသည် တစ်ခဏမျှရပ်ကာ မြင်းဘယ်နှစ်ကောင် လာနေသည်ကို အသံနားစွင့်၍ ခန့်မှန်းသည်။ အနည်းဆုံးနှစ်ကောင် အများဆုံး သုံးကောင်ရှိရမည်။ သူသည် သူ့မြင်း

ဇက်ကြိုးကို ဖျတ်ခနဲဆောင့်ဆွဲလိုက်သည်။

'**ဟာယာကု** (မြန်မြန်လုပ်စမ်း)'ဟု သူ့မြင်းကို အော်ကာ တောင်ကုန်းခြေရင်း ..က်လည်၌ရှိနေသော တောအုပ်ငယ်အတွင်းသို့ ဆွဲခေါ်သွားသည်။ '**ဟာယာကု**' ..ူသော အော်သံဝေါက်သံများသည် ထပ်မံထွက်ပေါ်လာပြန်သည်။

မြင်းသည် တစ်ချက်မျှဟီလိုက်ပြီး သူ မျှော်လင့်မထားသော အမိန့်ကို ချက်ခြင်း ..ာခံပဲ ဆုတ်ကန် .. ဆုတ်ကန် လုပ်နေသည်။ မြင်းမှာ အိုလှပြီဖြစ်၍ နောက်ခြေ ..စ်ဖက်သည် လေးလံသော ကုန်ပစ္စည်းများစွာကို နှစ်များစွာ သယ်လာခဲ့ရသဖြင့် ချိနဲ့နဲ့ ..ပ်တင်တင်ဖြစ်နေသော်လည်း ခေါင်းကတော့မာဆဲ . . .။

မြင်းသည် ဝါကျင်နေသော သွားများကိုဖြဲ၍ ဒေါသတကြီးဖြင့် တိုက်ဇီဝါ၏ ..က်ကို ကိုက်ရန် အားထုတ်နေသည်။ မြင်းခွာသံများသည် ပို၍နီးကပ်လာနေလေပြီ၊ ..စ်ခဏအတွင်း မြင်းသမားများသည် တောင်အစွန်းတစ်ဖက်တွင် ဘွားခနဲ ပေါ်လာ ..ည်။ သည်အတိုင်းဆိုလျှင် သူတို့သည် တောင်ခြေရင်းရှိ မိမိအား မြင်သွားကြ ..ျတော့မည်။

တိုက်ဇီဝါသည် စိုးရိမ်စိတ်ဖြင့် သူ့မြင်း၏ ကုန်းနှီးခါးပတ်ကြိုးကို မြဲမြံဆုပ်ကိုင်ကာ ..ပ်၊ကျောပေါ်သို့ ခြင်းများ၏ နောက်ဖက်တစ်နေရာသို့ ခုန်တက်လိုက်သည်။ အရှိန် ..ာရှိတော့သည့် မြင်း၏ကျောသည် နိမ့်သွားသည်ဟု ထင်လိုက်ရ၏။ သူသည် ရှေ့သို့ ..ုန်းကာ မြင်းလည်ဆံမွေးကို လက်နှစ်ဖက်ဖြင့်ဆွဲ၍ ခြေထောက်များဖြင့် မြင်းကို ..အားကုန်ထိုးပြီး နှင်သည်။

မြင်းသည် ပြောင်းသွားသော အခြေအနေအရ အခုအခံမရှိတော့ပဲ တောအုပ်ဆီသို့ ..ုန်းစိုင်းသည်။ တောအုပ်အတွင်းသို့ ဝင်မိသည်နှင့်တပြိုင်နက် တိုက်ဇီဝါသည် မြင်းပေါ်မှ ..ုန်ဆင်းလိုက်သည်။ မြင်းဇက်ကြိုးကိုဆွဲယူသွားပြီး သစ်ပင်တစ်ပင်တွင် ချည်ထား ..ိုက်သည်။ သူကတော့ ပင်စည်ကြီးမားသော သစ်ပင်တစ်ပင်နောက်သို့ ဝင်ပုန်းသည်။

အချိန်အတော်ကြာသည့်အခါ မြင်းစီးစစ်သည်နှစ်ဦး ပေါ်လာသည်။ မတ်စောက် ..သာ တောင်ကုန်းအဆင်းတိုင်း ခက်ခက်ခဲခဲ ဆင်းလာနေကြခြင်းဖြစ်၏။ သူတို့ ဝတ် ..ားသည့် ချပ်ဝတ်တန်ဆာများသည် မင်းသားတာနာကာ၏ ဆာမူရိုင်းအဖွဲ့မှ ဖြစ် ..ကြောင်းဖော်ပြနေသည်။ သူ့ဘက်သို့ နီးလာသည့်အခါ သူတို့ကိုယ်ပေါ်မှ ခြောက် ..ပြာင့်ကြယ်ပွင့်တံဆိပ်ကို မြင်ရသည်။ ယင်းအဆောင်အယောင် တံဆိပ်သည် ကာဂို ..ရာတူအဖွဲ့ပိုင် တံဆိပ်ဖြစ်၍ သူတို့ ဂျင်ဘာအိုရီ ၏လက်မောင်းများ၌ တပ်ဆင် ..ားခြင်းဖြစ်လေသည်။

လရောင်သည် ဦးဆောင်လာသူ မည်သူမည်ဝါဖြစ်သည်ကိုပင် ခွဲခြားမြင်

www.burmeseclassic.com

www.burmeseclassic.com

စေသည်။ ရှေ့ဆုံးမှလူမှာ အစောင့်များ၏ အကြီးအကဲ ဂိုတာရိုပေတည်း၊ ဂိုတာရိုမှန်း သိလိုက်သည့်အခါ သစ်ပင်နောက်တွင် ကပ်နေမိသည်။

တာလမ်းထိပ်အရောက်တွင် ဂိုတာရိုသည် သူ့မြင်းဇက်ကြိုးကို သပ်လိုက်သည်။ သူတို့သည် မြင်းများကို ပတ်ချာလှည့်စီးကာ စပါးခင်းများ၏ တစ်ဖက်သို့ လှမ်းမျှော်ကြည့်နေကြသည်။ သုံးဦးသား အသံကိုနှိမ့်၍ စကားပြောနေကြလေသည်။

ပုန်းနေသည့် တိုကီဝါသည် အသက်ကို မှန်မှန်မရှူနိုင်၊ သူ့နောက်၌ ရှိနေသော သူ့မြင်းကိုကြည့်၍ အသံမပြုလိုက်ပါစေနှင့်ဟု ကြိတ်၍ဆုတောင်းနေမိ၏။ မြင်းသည် ခေါင်းတလှုပ်လှုပ် လုပ်နေရင်းမှ ကြိုးကိုဝါးလျက်ရှိသည်။ အကယ်၍ ကြိုးကိုသာ ဝါးမနေပါက တိတ်တိတ်ဆိတ်ဆိတ် နေလိမ့်မည်မဟုတ်။

တိုကီဝါသည် ဂိုတာရိုအား မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ဂိုတာရိုသည် ခြေနင်းကွင်းပေါ်ထရပ်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေသည်။ တစ်ကြိမ်သော် အမှောင်ထုထဲ၌ရှိနေသည့် မိမိဆီသို့ တည့်တည့်ကြီး ကြည့်နေသည်ဟုပင် ထင်လိုက်မိလေသည်။

ညသည် နွေးထွေးလျက်ရှိနေသော်လည်း ထိုတစ်ခဏတွင် တိုကီဝါတစ်ကိုယ်လုံး အေးစက်သွားသည်။ သို့သော်လည်း နောက်တစ်ခဏတွင် မြင်းစီးသမားနှစ်ဦးသည် သူတို့မြင်းများကို နောက်ပြန်လှည့်ကာ တာလမ်းအတိုင်း ရှေ့သို့ဆက်စီးသွားသည်။ တိုကီဝါသည် သူ့ပါးတစ်ဖက်ဖြင့် ပင်စည်တွင်ကပ်ကာ မျက်လုံးအစုံကို မှိတ်ထားလိုက်၏။ မြင်းခွာသံများသည် တဖြည်းဖြည်းနှင့် ဝေး . . .ဝေးသွားသည်။

(၁၅)

ရောဘတ်အီဒင်သည် ချောက်ကမ်းပါးထိပ်အရောက်တွင် ကျန်နေသေးသော ုက်အနည်းငယ်ကို လေးဘက်တွား၍သွားကာ ခေါင်းကိုတစ်ချက် ထောင်လိုက်ပြီး ုင်းတွင်းဘက်ကို လှမ်းမျှော်ကြည့်သည်။ ရုတ်တရက် မြင်လိုက်ရသည့် မြင်ကွင်းကို ည့်ကာ အံ့အားသင့်လျက်ရှိ၏။ သူမြင်နေရသည်မှာ ကြီးမားသော အမြောက်ကြီး စ်လက် ဖြစ်လေသည်။

အမြောက်ကြီးများမှာ ချောက်ကမ်းပါးထိပ်နှင့် ကိုက်နှစ်ဆယ်၊ သုံးဆယ်ခန့်သာ ၏။ အမြောက်ပြောင်းသည် ယင်းအားကာထားသည့် ဆယ်ပေအမြင့်ရှိ ကင်းဗတ် ကာ၏ အပေါက်မှ အပြင်သို့ ထိုးထွက်နေခြင်းဖြစ်၍ ပင်လယ်ဘက် မျက်နှာမူ ျက်ရှိသည်။ ယင်းပုံစံမျိုးဖြင့် နေရာချပေးထားသည့် အမြောက်များမှာ နှစ်လက်၊ ုံးလက်ခန့်မျှ ရှိသည်ကို သူမြင်တွေ့နေရလေသည်။

'ကျွန်တော်တို့ အမြောက်တွေချထားတဲ့နေရာကို ရောက်နေတယ်'ဟု အီဒင်က ူ့ခေါင်းကို ကပြာကရာပြန်ငုံ့ကာ သူ့နောက်ဖက်၌ ဝပ်နေသော ဆင်တာရိုအား တိုးတိုး ုပ်းပြောသည်။ 'ဒါပေမဲ့ အမြောက်တွေနဲ့ ပတ်သက်လို့ ထူးဆန်းတာတစ်ခု တွေ့နေရတယ်'

'ဘာများလဲ . . မာစတာ'ဟု ဆင်တာရိုက တိုးတိုးပြန်မေးသည်။

'အမြောက်တပ်သား တစ်ယောက်မှ မရှိဘူး၊ တခြားတပ်သားတွေလည်း မရှိဘူး၊ ာစ်ယောက်မှကို မမြင်တာ'

ဂျပန်သဘောသားလူထွက်၏ မျက်နှာသည် အစဉ်းစားရခက်သည့် ပုံမျိုး ဖြစ် ွားသည်။ 'အဲဒါဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ . . . မာစတာ'

'အနားထိကပ်သွားပြီး ကြည့်ကြရအောင်လား'

www.burmeseclassic.com

www.burmeseclassic.com

အီဒင်သည် ကမ်းပါးအစွန်းထိ လျှင်မြန်စွာသွားသည်။ သူ့နောက်မှ ဆင်တာရီအား သူ့အနားရောက်လာသည်အထိ ဆွဲခေါ်သည်။ ကမ်းပါးထိပ်သည် မြက်ထူသော်လည်း ချောနေသဖြင့် လေးဘက်တွားဍသွားခြင်းကို အထူးသတိထား၍ လုပ်နေရသည်။ အမြောက်ဆီသို့ အဦးဆုံးရောက်သွားသူမှာ ရောဘတ်အီဒင် . . ။ သူ့ထံမှ တအံ့တသြရေရွတ်သံကို သူ့နောက်မှ ဆင်တာရီကြားသည်။

'မာစတာ . . ဘာထပ်တွေ့ပြန်ပြီလဲ' ဟု သူ့ဘေးသို့ရောက်လာသော ဆင်တာရီက မေးသည်။

'အမြောက်ကြီးက အစစ်မဟုတ်ဘူး၊ အတုကြီး' ဟု အီဒင်က မယုံကြည်နိုင်သော မျက်နှာထားဖြင့် ခေါင်းယမ်းပြီး ပြောသည်။ သူသည် လက်တစ်ဖက်ဖြင့် အမြောက်ကြီးအား လှမ်းပုတ်သည်။ 'ကိုင်ကြည့်၊ သစ်သားအမြောက်ကြီး . . ။ အားလုံးဟာ လုံးဝသုံးလို့မရတဲ့ အတုကြီးတွေ . . ၊ ခင်ဗျား ဒီနေရာမှာ ခဏနေဦး'

အီဒင်သည် အခြားအမြောက်များဆီသို့ ခပ်သုတ်သုတ်သွားပြန်သည်။ ဆင်တာရီကတော့ ပထမသစ်သားအမြောက်ဘေး၌ ဒူးထောက်ကာ အီဒင်သွားရာဘက်သို့ ကြည့်နေသည်။ သူသည် အမှောင်ထုအတွင်း၌ အသံမကြားအောင်၊ လူမမြင်အောင်၊ လှုပ်ရှားလျက်ရှိသော အီဒင်အား စိတ်ဝင်စားစား လှမ်းကြည့်နေသည်။

သူတို့သင်္ဘောပေါ်မှဆင်းပြီး ရေကူးလာခဲ့သည်မှာ တစ်နာရီနီးပါးခန့်ကြာပြီ၊ ယူရာဂါ၏ အနောက်တောင်ဘက် သုံးမိုင်အကွာရှိ လူသူမရှိသော သဲသောင်ယံဆီသို့ ကူးလာပြီး ထိုနေရာမှာပင် ခြေချခဲ့ကြခြင်းဖြစ်၏။ အီဒင်သည် မလိုအပ်သော စွန့်စားမှုများကို လုံးဝမပြုပဲ မတ်စောက်သော ချောက်ကမ်းပါးများထက်သို့ သတိကြီးစွာထား၍ တက်လာခဲ့ခြင်းပေတည်း။

အီဒင်သည် ခြေချရမည့်နေရာကို အလွန်သတိကြီးစွာဖြင့် ရွေးခဲ့သည်။ သူရွေးထားသောနေရာသည် အချက်ပြမီးဖိုကြီးတစ်ဖိုနှင့် တစ်မိုင်ခန့်ဝေးသည်။ ထိုမီးဖိုမှ မီးတောက်သည် အလွန်အားနည်းနေသဖြင့် မီးရောင်သည် အလွန်အားနည်းလှသည်။ မကြာသေးခင်ကမှ ထွက်လာသော လတစ်ခြမ်းပုံ၏အရောင် မြေပြင်ထက်သို့ အလင်းရောင်မပေးနိုင်သေး။ အမှောင်ရိပ်များသည် သူတို့နှစ်ယောက်၏ လှုပ်ရှားမှုများကို ဘေးမှမမြင်သာအောင် အကာအကွယ်ပေးထားကြ၏။

အီဒင်သည် မြက်ဦးထုပ်ကြီးကို ဆောင်းထားသည်။ ခပ်အုပ်အုပ်ဆောင်းထားခြင်းဖြစ်၍ သူ့မျက်နှာကို မမြင်ရ။ ဝတ်ဆင်ထားသည်မှာ ဂျပန်ချည်ထည်ဝတ်စုံဖြစ်၍ ဖိနပ်မှာ ကောက်ရိုးလျှော်ချင်းဖိနပ်ဖြစ်၏။ သူတို့ကမ်းပေါ်ရောက်သည့်အခါ အီဒင်သည် ပစ္စတိုခါးပတ်ကို ရုပ်အင်္ကျီအောက်၌ ထား၍ပတ်လိုက်သည်။ သူ့ခါးကိုမူ ကျောတွင် ပိုးထားသည်။

ဤကြိုတင်ပြင်ဆင်မှုများကြောင့် အီဒင်သည် သွက်လက်ထိရောက်စွာ လှုပ်ရှားပြီသည်။ ဆင်တာရီသည် အမြောက်ကြီးများဆီသို့ ခါးကိုကုန်း၍ ပြေးသွားနေသော မရိကန်အရာရှိ၏ လှုပ်ရှားမှုများကိုကြည့်ကာ စိတ်ထဲမှကြိတ်၍ အံ့သြချီးမွမ်းလျက်ရှိ၏။ ပထမအမြောက်ကြီးဆီသို့ ပြန်ရောက်လာသည့်အခါ အီဒင့်မျက်နှာသည် အောင်နိုင်မှုတစ်ခုကို ရလာသည့် မျက်နှာဖြစ်နေသည်။

'ကျွန်တော်မှန်တယ်၊ ဆင်တာရီ၊ ဒီအမြောက်တွေအားလုံး အတုတွေချည်းပဲ'

'သတိထား... မာစတာ'

ဆင်တာရီသည် အီဒင်အား ဖျတ်ခနဲဆွဲယူကာ အမြောက်တုကြီးဘေးနား၌ ဝပ်၍ ဝပ်ခိုင်းထားပြီး သူကိုယ်တိုင်ကတော့ အရှေ့ဘက်သို့ ချောင်းကြည့်နေသည်။

'ဘာလဲ ... ဟင်' ဟု အီဒင်က လေသံနှင့်မေးသည်။

'ဘာမြင်လို့လဲ'

'အစောင့်နှစ်ယောက် ဒီဘက်ကိုလာနေကြတယ်'

အီဒင်က အမှောင်ထဲသို့ချောင်းကြည့်နေသည်။ အရိပ်နှစ်ခုသည် ရွေ့လျားလာကြသည်။ သူတို့ကိုင်လာသည်မှာ မိန်းတွေလား၊ မတ်စကတ် သေနတ်တွေလား၊ သေသေချာချာ မမြင်ရ၊ လက်နက်များကို ထမ်းလာကြခြင်းဖြစ်၏။ မိမိတို့နှင့် ကိုက်စီရာခန့်သာ ကွာမည်ဟု ခန့်မှန်းရ၏။ သူတို့၏ သွားဟန်၊ လာဟန်နှင့် ပြုမူပုံများသည် အမြောက်တုကြီးဘေးမှ အနေအထားများပေါ် သံသယဝင်ဟန်မရှိ။

'မြန်မြန်ထွက်ကြစို့' ဟု အီဒင်ကပြောကာ မျက်နှာချင်းဆိုင် ကမ်းတစ်ဘက်သို့ ရှိုးပိုင်းအတွင်းသို့ ဦးတည်နေသော 'လှိုဏ်ကလေး' ထဲသို့ တဟုန်ထိုး ပြေးဆင်းသည်။ နောက်မှ ပါလာသည့် ဂျပန်ကိုပါ လှိုဏ်ကလေးထဲ ရောက်နေနှင့်သည့် သူ့ဘေးသို့ ဆွဲချလိုက်သည်။

'ခင်ဗျားတော်တယ်... ဆင်တာရီ' ဟု အီဒင်က အသက်ကို အမောတကောရှူ ရင်းမှပြောသည်။ 'ကျွန်တော်သတိလစ်သွားတယ်၊ ခင်ဗျားသတိရှိလိုက်ပေလို့သာ အသက်မသေတာ...'

ဂျပန်က ခေါင်းညိတ်ရုံသာ ညိတ်သည်။ ဘာမှ ပြန်မပြော...။

'ကျွန်တော် အရေးကြီးတာ တစ်ခုမေ့သွားတယ်' ဟု အီဒင်က တိုးတိုးကပ်၍ လော်ပြောသည်။ 'အခုဆိုရင် ခင်ဗျားရဲ့မြေပေါ် ခင်ဗျားပြန်ရောက်နေပြီ။ ခင်ဗျားရဲ့ ရွာကို ဖွင့်ချင်တဲ့အချိန် ပြန်နိုင်တယ်ဆိုတာ သိစေချင်တယ်'

ဂျပန်သည် သူ့ပတ်ဝန်းကျင်ရှိ အမှောင်ထုကို လှည့်ပတ်ကြည့်သည်။ ပြန်ရောက်နေသည် အခုမှ ပထမဦးဆုံးအကြိမ် သတိထားလိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ သူသည် ထူးထူးခြားခြား ပြောင်းလဲသွားသည့် အရိပ်လက္ခဏာကို မပြ။ သူ
သည် ခေါင်းတခါခါ လုပ်နေသည်။

'ခင်ဗျားစိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ' ဟု အီဒင်က မေးသည်။ 'ခင်ဗျား စိတ်ကိုပြောင်းချင်နေသေးလား'

'တကယ်လို့ ကျွန်တော်သင်္ဘောနက်တွေနဲ့ ပါလာတဲ့ကောင်ဆိုတာ သိသွားရင် ကျွန်တော် အသတ်ခံရမှာ. . .၊ ရွာပြန်သွားရင်လည်း သူတို့ ကျွန်တော့်ကို သတ်ကြမှာ သေချာတယ်'

အီဒင်က ဆင်တာရီ၏ပခုံးကို အသာပုတ်သည်။ 'ခင်ဗျား ကျွန်တော်တို့သင်္ဘော တွေပေါ် ပါလာတယ်ဆိုတာ မသိအောင် လုပ်လို့ရတာပဲ။ အခု ပြဿနာတွေ မပြီးမချင်း အိမ်မပြန်နဲ့ဦး၊ တံငါ အလုပ်တစ်ခုရှာပြီး လအနည်းငယ်လောက် ဝင်လုပ်နေ။ ဒါမှ မဟုတ်ရင်လဲ၊ တစ်နေရာရာမှာ လယ်ဝင်လုပ်နေပေါ့'

ဆင်တာရီက ခေါင်းခါသည်။ 'ဒီမှာ အလုပ်လုပ်ရင် လူတိုင်းမှတ်ပုံတင်ရတယ်၊ မာစတာ၊ လူတိုင်းကို ထောက်လှမ်းရေးသမားတွေက စောင့်ကြည့်နေကြတာ။ ဘယ် နေရာမှာမှ ပုန်းနေဖို့မလွယ်ဘူး။ ကျွန်တော့်အတွက် အခုလောလောဆယ် အလုံခြုံဆုံး အိမ်ကတော့ ဆတ်စ်ကွီဟန်နာ ပဲ။ အဲဒီတော့ ကျွန်တော့်ကို သင်္ဘောပေါ်မှာပဲ မာစတာ နဲ့အတူနေခွင့်ပေးပါ'

အီဒင်သည် ဆင်တာရီ့မျက်နှာကို အချိန်အတော်ကြာသည်အထိ ကြည့်နေသည်၊ ထို့နောက် ခေါင်းတစ်ချက် ညိတ်လိုက်သည်။ 'ကောင်းပြီလေ၊ ခင်ဗျားရဲ့ဆန္ဒက ဒီအတိုင်းပဲဆိုရင် အဲဒီအတိုင်းပဲ ဖြစ်ရမှာပေါ့'

'ကျွန်တော်ကတော့ အဲဒီအတိုင်းပဲ ဖြစ်ချင်ပါတယ် မာစတာ'

'ကောင်းပါတယ်လေ၊ ကဲ ကျွန်တော့် အနောက်ကသာ လိုက်ခဲ့တော့'

ဆင်တာရီသည် စိတ်ချမ်းသာသွားဟန်ဖြင့် သွားဖြဲလျက်ရှိသည်။ သူတို့သည် လှိုဏ်ထဲမှထရန် ဟန်ပြင်ကြသည်။ ထိုအခိုက်မှာပင် ရုတ်တရက် ချီတက်လာနေကြသည့် ခြေသံများကြားလာရ၏။ နှစ်ဦးစလုံး လှိုဏ်ထဲသို့ ပြန်ငုံ့ကာ ဝပ်နေလိုက်ကြသည်။ ခြေသံ များသည် ပို၍ကျယ်လောင်လာသည်။

အီဒင်သည် ခေါင်းတစ်ချက်ထောင်ကာ လှမ်းကြည့်သည်။ အတွင်းပိုင်းမှနေ၍ တောင်ကုန်းနံရံဆီသို့ လာနေကြခြင်းဖြစ်၏။ သူတို့ပုန်းနေသည့်နေရာနှင့် ကိုက်အနည်း ငယ်ကွာသည်။သူကြည့်နေစဉ်အတွင်းမှာပင် ဦးဆောင်ချီတက်လာနေကြသူများ၏ ဦးခေါင်းများနှင့် ပခုံးများသည် မြင်ကွင်းထဲ ဝင်လာသည်။ နောက်မှ လိုက်ပါလာနေ ကြသူများမှာလည်း အများအပြား။

သူတို့သည် အီဒင်တို့ဘက်သို့ ဦးတည်လျက်ရှိကြ၏။ နီးလာသည့်အခါ ချီတက် လာနေသူများမှာ တိုက်ခိုက်ရေးတပ်သားများ ဖြစ်နေသည်။ သူတို့သည် လှံများ၊ လေးမြားများနှင့် ရှေးဟောင်းမတ်စကာက်သေနတ်များကို ပခုံးများထက်တွင် ထမ်းလာ ကြသည်။

'ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ မာစတာ'ဟု ဆင်တာရီက ထိတ်လန့်တကြား ...သည်။ 'သူတို့ ကျွန်တော်တို့နားက ကပ်ပြီးဖြတ်ကြမှာ'

'မျက်နှာကို မှောက်ထား'ဟု အီဒင်က အမိန့်ပေးသည်။ သူကိုယ်တိုင်လည်း ...င်တာရီ့ဘေးတွင် အလျားမှောက်လိုက်သည်။ 'သူတို့လွန်သွားချိန်ထိ ငြိမ်ငြိမ် ...ပလေးနေ'

သူသည် ကန်တော့ပုံခမောက်ကို ဆွဲချကာ မျက်နှာကို ဖုံးလိုက်သည်။ မျက်လုံး ...ရှု့တည့်တည့်တွင် တစ်လက်မခန့် ပွင့်နေအောင် မ,၍ တင်ထားသည်။ ချီတက်လာ ...သူများမှာ သူတို့နှင့် တည့်တည့်သို့ရောက်သည့်အခါ အသက်ကိုပင် မရှူဘဲအောင့် ...ထားသည်။ လက်နက်ကိုင်များထဲမှ တချို့သည် မုန်မီးအိမ်အနည်းငယ် ကိုင်ဆောင် ...လာကြသည်ကို မြင်ရ၏။ ထို့ကြောင့်လည်း သူတို့ရှေ့မှဖြတ်သည့်အခါ သူတို့ ...ပ်ဝယောက်သည် အမှောင်ရိပ်ထဲမှာပင် ရှိနေကြသည်။ မည်သို့ပင်ဖြစ်စေ အီဒင်ကတော့ ...ချီတက်သွားနေကြသူများ၏ ခြေထောက်များကို မြင်တွေ့နေရလေသည်။

တစ်ခဏမျှအကြာတွင် သူသည် ဦးခေါင်းကို မသိမသာမော့ကာ နောက်တစ်ကြိမ် ...ပ်ကြည့်သည်။ သေနတ်များမှာ ရှေးဟောင်းယမ်းထိုး သေနတ်များဖြစ်၏။ လူအများ ...သည် သံခမောက်များ ဆောင်းထားကြသည်။ ဝါးဖြင့်ပြုလုပ်ထားသော ကိုယ်ကျပ် ...ပ်ဝတ်တန်ဆာ၊ သားရေဖြင့်ပြုလုပ်ထားသော ချပ်ဝတ်တန်ဆာများ ဝတ်ထားကြ သည်။

တပ်သားအားလုံးသည် စည်းကမ်းတကျ ငြိမ်သက်စွာ ချီတက်နေကြခြင်းဖြစ်၏။ ...ကို့အားလုံး သူတို့အထက်မှ အရာရှိများဖြစ်ကြသော ဓားနှစ်လက်ကိုင် ဆာမူရိုင်းများ ... အသစ်အသစ် ပေးလာမည့်အမိန့်များကို သတိထား၍ နားစွင့်လာကြပုံပေါ်၏။ ...ချီတက်လာသူအားလုံး သူတို့ပုန်းနေသည့်နေရာကို လွန်သွားသည်အထိ ဆယ်မိနစ်ခန့် ...ကြာသည်ကို အီဒင်သတိထားလိုက်မိ၏။ နောက်ဆုံးတွင် သူသည် ခေါင်းကို ပြန်ထောင် ...ကာ အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။ ချီတက်သွားနေကြ သူများအား မျှော်ကြည့်နေမိလေ၏။

သူသည် လှိုဏ်ထဲမှအပေါ်သို့ပြန်တက်ကာ ချီတက်သွားသူများဘက်သို့ ဆက်ကြ ...ည့်နေသည်။ 'တချို့လက်နက်တွေက သိပ်ကိုရှေးကျနေပြီ၊ နှစ်ပေါင်းတစ်ရာ...ောက်

www.burmeseclassic.com

www.burmeseclassic.com

တောင် 'သက်တမ်းရှိလောက်ပြီ' ဟု တစ်ယောက်တည်း ရေရွတ်နေမိသည်။ 'ဒီ လက်နက်ကိုင်တပ်ဟာ ခံတပ်တုလုပ်မယ့် နေရာကို ချီတက်နေကြတာနဲ့ တူတယ်၊ သူတို့ကို လွင်ပြင်တစ်ခုထဲမှာ စစ်စခန်းအဖြစ်ချထားပြီး အစောင့်တပ်တစ်တပ် အဖြစ် အသုံးပြုမယ့်ပုံပဲ' ဟုလည်း တွေးနေမိသည်။

'ကျွန်တော်တို့ သိပ်ကံကောင်းတယ် . . မာစတာ' ဟု သူ့ဘေး၌ရပ်နေသော ဆင်တာရိုက ပြောသည်။ 'တကယ်လို့သာ မြင်သွားရင် ကျွန်တော်တို့ နှစ်ယောက်စလုံး ဒီနေရာမှာတင် ချက်ခြင်းအသတ်ခံကြရမှာ၊ ငြိမ်းချမ်းနေတဲ့ ကာလပဲဖြစ်ဖြစ် စစ်အတွင်းပဲဖြစ်ဖြစ် ဆာမူရိုင်းစစ်သည်ဟာ ချက်ခြင်းသတ်မှာပဲ၊ အမြဲတမ်းလိုပါပဲ၊ ဓါးကို ထုတ်လိုက်ပြီး ခုတ်သတ်မှာပဲ၊ ဘာမှမေးခြင်း၊ မြန်းခြင်း စုံစမ်းစစ်ဆေးခြင်း မရှိဘူး . . .မာစတာ'

'ဒါဆိုရင် ကျွန်တော်တို့ကို ကောင်းတဲ့ကံက နောက်ထပ်အခွင့်လမ်းသစ်တွေ ပေးတယ်လို့ ဆိုရမှာပဲ' ဟု အီဒင်ကပြောကာ ဆင်တာရိုအား သူ့နောက်မှ လိုက်ခဲ့ရန် လက်ပြသည်။ 'အဲဒီအခွင့်အလမ်းတွေကို ကျွန်တော်တို့ အလဟဿဖြစ်အောင် မလုပ်ဘူးဆိုတာ ပြကြရလိမ့်မယ်'

ဆင်တာရိုသည် အီဒင့်နောက်မှ ကပ်လိုက်လာသည်။ သူတို့သည် ရွေ့လျားသွားနေသော ခံတပ်၏ ဘေးတစ်ဖက်လမ်းကိုယူ၍ မြောက်ဘက်သို့ ဦးတည်ကြသည်။ သူတို့လိုက်နေသော လမ်းသည် ကမ်းခြေနှင့်တစ်ပြေးညီ တစ်ညီတည်း ဖြစ်ဖွယ်ရာရှိ၏။ လရောင်မှာ ပို၍လင်းလာပြီဖြစ်သဖြင့် သူတို့အတွက် ဆူးခြုံများနှင့် သစ်ပင်များကို လွယ်လင့်တကူ ရှောင်ရှားနိုင်ကြသည်။ အကယ်၍ အစောင့်များ ကင်းများနှင့် ဆုံမိပါကလည်း အလွယ်တကူ ပုန်းနိုင်ကြသည်။

မိနစ်ပေါင်းများစွာ ကြာသည့်အခါ သူတို့မြင်ကွင်းအတွင်းသို့ ခံတပ်တစ်ခု ဝင်လာပြန်သည်။ လေးမြားကိုင် ခြေလျင်တပ်သားများဖြစ်၍ အုပ်စုငယ်များဖြစ်၏။ လှံနှင့် ဒိုင်းကိုင်များ အုပ်စုကိုပါ မြင်ကြရသည်။ သူတို့သည် ပေါ်ယိုးစရိုင်ဖြစ်နေသော သစ်သား အဆောက်အဦများ ပတ်ပတ်လည်တွင် စုနေကြသည်။ ကျန်ယူနီဖောင်းဝတ်များသည် ရှေးခေတ်သုံး အမြောက်ဆံများနှင့် ယမ်းမှုန့်စည်ပိုင်းများကို ထိုသစ်သား အဆောက်အဦ များထဲမှ သယ်ထုတ်လာနေကြသည်။

သူတို့သည် အစစ်အမှန်ဖြစ်သော အမြောက်ငယ်ဒါဇင်ဝက်အတွက် ကျည်များကို ပို့ပေးနေကြခြင်းဖြစ်၏။ အမြောက်ငယ်များမှာ အမြောက်ပြောင်းတပ် နံရံပေါက်များတွင် အသင့်တပ်ထားပြီး ဖြစ်သည်ကို အီဒင်မြင်နေရသည်။ မြေပြင်ဝိုင်းရံနေသည့် သုံးဘက် ပတ်ပတ်လည်တွင် မြေကတုပ်များ တူးထားသည်။

လောလောဆယ်တွင် ယောကျ်ား၊ မိန်းမနှင့် ကလေးသူငယ်များအထိ ပါဝင် ...ပသော ရာနှင့်ချီနေသည့် အရပ်သူအရပ်သားများသည် ဝါးထမ်းပိုးများဖြင့် မြေသယ် ...ပုံးကြီးများကိုထမ်းကာ တူးထားသမျှမြေများကို ကတုပ်များအပေါ်သို့ ပို့၍ဖို့ပေး ...ရကြရသည်။

'အနီးကပ်ကြည့်ကြရအောင်' ဟု အီဒင်က တိုးတိုးပြောသည်။ 'ကိုယ်ကို ...ာက်နှိမ့်ထား'

သူသည် ကိုယ်ကိုနှိမ့်ကာ ခံတပ်ဆီသို့ ချဉ်းကပ်သည်။ ခံတပ်ထဲမှ ဂျပန်တို့၏ ...ပြောသံ၊ ဆိုသံများကို ကြားနိုင်လောက်သော နေရာအထိ ချဉ်းကပ်ခဲ့ခြင်းဖြစ်၏။ အီဒင် ...ည် သူ့ခါး၌ချိတ်ထားသည့် အိတ်ထဲမှ အော်ပရာကြည့်မှန်ပြောင်းကို ထုတ်ယူကာ ...ပ်ပအဆောက်အဦကြီးနှင့် အမြောက်ဒါဇင်ဝက်ကိုပါ ကြည့်သည်။

'လက်နက်တိုက်နဲ့ စစ်တန်းလျားတွေကို သစ်သားတွေနဲ့ ဆောက်ထားတာ' ဟု ...က တိုးတိုးပြောသည်။ 'အမြောက်နဲ့ပစ်လိုက်လို့ တိုက်ရိုက် တစ်ချက်ထိရင် ခံတပ် ...စ်ခုလုံး ပြုဆင်းသွားမှာပဲ၊ သူတို့အမြောက်တွေက ကိုးပေါင်ဒါ အမြောက်တွေထက် ...မကြီးဘူး။ ဒီကနေပြီး ပစ်ရင် ကျွန်တော်တို့ သင်္ဘောတွေဆီ ရောက်ဖို့တောင် ...လွယ်ဘူး'

'ကျွန်တော်တို့ရဲ့ ကာကွယ်မှုက စနစ်တကျ မဟုတ်ဘူး' ဟု ဆင်တာရိုက ...ပြာသည်။ သူသည် မလှမ်းမကမ်းရှိ မြေသယ်နေသူများဘက် ခေါင်းတစ်ချက် ဆတ် ...ပြသည်။ 'ဒီအရပ်သားတွေဟာ သနားဖို့ သိပ်ကောင်းတယ်။ အားလုံးညည်းကြ ...ာတယ်။ တံငါသည်တွေ၊ လယ်သမား၊ ယာသမားတွေ၊ သူတို့ရဲ့ မယားတွေနဲ့ သား ...မီးတွေ . . .၊ သူတို့အားလုံးကို တပ်ကအတင်းဆွဲထားပြီး ခံတပ်ကို ပြန်ဆောက် ...ိုင်းတာ၊ အခကြေးငွေလည်း တစ်ပြားတစ်ချပ်မှ ပေးတာမဟုတ်ဘူး'

'တခြားကော သူတို့ ဘာတွေပြောကြသေးလဲ' ဟု အီဒင်က ခေါင်းကိုထောင်၍ ...တပ်တွင်းသို့ တစ်ချက်မျှ လှမ်းကြည့်ရင်း မေးသည်။

'သူတို့ကပြောတယ်၊ ရာစုနှစ်ပေါင်းများစွာ ကျွန်တော်တို့ရဲ့ ဘိုးဘွားအစဉ် ...ဆက်က ရှိလာခဲ့တဲ့ နတ်ဘုရားတွေဟာ ကျွန်တော်တို့ကို နိုင်ငံခြားသင်္ဘောတွေရဲ့ ...ားအန္တရာယ်က ကာကွယ်ခဲ့ကြတယ် . . တဲ့။ ဒါပေမဲ့ အခုကျတော့ အုပ်ချုပ်တဲ့ ...ပ်းတွေက အသိနဲ့သတိ မရှိကြတော့ဘူး။ မင်းကျင့်တရားနဲ့ မညီကြတော့ဘူး။ ...ိယ်ကျင့်တရားတွေ တအားပျက်ပြားပြီး သိပ်ဖေါက်ပြန်လာကြတယ်တဲ့။ အခုပြော ...ကြတာကတော့ နိုင်ငံခြားသင်္ဘောကြီးတွေကသာ ပင်လယ်အော်ကို လနဲ့ချီပြီး ပိတ် ...ားရင် ယီဒိုကလူတွေအားလုံး ထမင်းငတ်ကြတော့မှာ သေချာတယ် . . တဲ့'

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် အီဒင်က မြေဖို့နေသူများဘက်သို့ လက်ညှိုးထိုးပြသည်။ 'ဟိုမှာ မြင်လား . . ၊ ဝါးထမ်းပိုး အပိုတွေ၊ မြေကြီးပေါ်မှာ ချထားတယ်။ ကျွန်တော်တို့ ဝင်လုပ်ရင်ရတယ်။ အဲဒါဆိုရင် အခြေအနေကို ပိုသိရတယ်' ဟု ပြောသည်။

'မလုပ်ပါနဲ့၊ အန္တရာယ်သိပ်များတယ်' ဟု ဆင်တာရိုက အလန့်တကြား ပြန် ပြောသည်။ သို့တစေလည်း အီဒင်သည် ပုန်းအောင်းနေရာမှ ထွက်သွားခဲ့လေပြီ။ သူ သည် ဦးထုပ်ကို မျက်နှာအုပ်ဆောင်းကာ မြေကတုပ်များဆီသို့ ရောက်သွားခဲ့ပြီဖြစ်၏။

တစ်ခဏအတွင်းမှာပင် သူသည် ဝါးထမ်းပိုးတစ်ချောင်းကို ကောက်ယူကာ ခြင်း နှစ်လုံးကိုတပ်၍ ထမ်းသွားနေလေပြီ။ သူသည် နောက်ကိုပင် လှည့်မကြည့်တော့ဘဲ မြေတူးနေသည့် ဂျပန်အရပ်သားများထံ ရောက်သွားသည်။ ကြောက်စိတ်ဖြင့် တွန့်ဆုတ်ဆုတ် ဖြစ်နေသော ဆင်တာရိုသည် ဝါးထမ်းပိုးတစ်ချောင်းကို ကောက်ယူကာ မြေသယ် ခြင်းနှစ်တောင်းကိုယူ၍ နောက်မှ အပြေးအလွှားလိုက်သွားသည်။ သူ ရောက်သွားချိန် တွင် အီဒင်သည် မြေသယ်ခြင်းနှစ်ခြင်း၏ အလေးချိန်ကို ထမ်းကာ ဒယီးဒယိုင်ဖြင့် ထွက်သွားသည်။

'ကျွန်တော့်နောက်က လိုက်ခဲ့' ဟု လူချင်းဆုံမိသည့်အခါ ဂျပန်ဘာသာဖြင့် တီးတိုးလှမ်းပြောသည်။ အမြောက်ပြောင်းဝ ထုတ်ထားသည့် အပေါက်တစ်ပေါက်ဆီ သို့လည်း ခေါင်းတစ်ချက် ဆတ်ပြသည်။ 'အဲဒီနေရာမှာ အရာရှိတစ်ချို့ စကားပြော နေကြတယ်၊ မြေကြီးတွေကို သူတို့နဲ့ အနီးဆုံးနေရာမှာ ချကြရမယ်'

ဆင်တာရိုသည် သူ့ခြင်းတောင်းများထဲသို့ မြေကြီးများ ကသောကမျောထည့်ပြီး အီဒင့်နောက်မှလိုက်သည်။ ပင်လယ်ဘက်မျက်နှာပြုထားသည့် ကတုတ်များဆီ ရောက် သည့်အခါ အမြောက်ပြောင်းဝ သွင်းထားသည့် အပေါက်နှင့် မလှမ်းမကမ်း၌ ထိုင်နေ ကြသည့် ဆာမူရိုင်းအရာရှိ ငါးယောက်၊ ခြောက်ယောက်ခန့်ကို မြင်ရသည်။ သူတို့သည် အကြောင်းအရာ တစ်ခုခုနှင့်ပတ်သက်၍ ပြင်းထန်စွာ ငြင်းခုန်လျက် ရှိကြလေသည်။

မြေသယ်ခြင်းများကို မထမ်းတတ် ထမ်းတတ်ဖြင့် ထမ်းလာသော အီဒင်သည် အထမ်းကြီးနှင့် ကတုပ်အမြင့်ပိုင်းသို့ တက်သွားသည်။ သူသည် အောက်ဖက်မှ လူစုကို တည့်တည့်မကြည့်၊ ဆင်တာရိုကိုသာ သူ့ဘေးမှ လိုက်တက်လာရန် လက်ဟန် ခြေဟန် ပြ၍ ပြောသည်။

'သူတို့ကိုကြည့်ရတာ ဒေါသဖြစ်နေကြသလိုပဲ' ဟု အီဒင်က မနီးမဝေးမှ အော်ဟစ် ပြောဆိုနေကြသံများကို နှစ်မိနစ် သုံးမိနစ်ခန့် နားစွင့်အပြီးတွင် ရေရွတ်သည်။

'ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားမှုတွေ လုပ်လိုက်ရင် ကမ်းတက်တိုက်ပွဲ ဖြစ် သွားမှာစိုးလို့ ၊ ဒိုင်မျိုး ကမလုပ်ရဘူးလို့ အမိန့်ပေးထားတာ ခံရပုံပေါ်နေတယ်။

တို့ အဲဒါကို မကျေနပ်ကြဘူးထင်တယ်'

'ဟုတ်တယ် . . မာစတာ' ဟု ဆင်တာရိုက တိုးတိုးပြန်ပြောသည်။ 'ဒီအုပ်စု က တစ်ချို့လူတွေက ပြောနေကြတယ်။ သူတို့က အရိုင်းအစိုင်းတွေရဲ့ သင်္ဘော ကို တိုက်ပါရစေလို့ ခွင့်တောင်းခဲ့ကြတယ် . . တဲ့။ ဒါပေမဲ့ သူတို့ကို မတိုက်ရဘူး ထားတယ် . . တဲ့။ ပြီးတော့ ပြောနေကြတယ်၊ ဘာကူဖူ (ရှိုးဂန်းအစိုးရ)ဟာ တို့က စတိုက်ရင် လူရိုင်းနိုင်ငံခြားသားတွေက နိပွန်တစ်နိုင်ငံလုံးကို ဝင်တိုက်ပြီး သွားမှာ ကြောက်နေတယ် . . တဲ့။ သူတို့က တို့အားလုံး တရုတ်တွေလို ကိုလိုနီ တွေ ဖြစ်ကုန်ကြမှာ ကြောက်နေကြတယ် . . .'

'အထူးအမိန့်တွေ ဘာတွေ ထုတ်ထားသေးသလား' ဟု အီဒင်က ဒုတိယ ထဲမှ မြေများကို သွန်ချလိုက်ရင်း တိုးတိုးပြန်မေးသည်။ 'သူတို့ပြောနေကြတဲ့ထဲမှာ တာ မကြားမိဖူးလား'

'အတင်းကြပ်ဆုံး အမိန့်တွေကတော့ လုံးဝ အပစ်အခတ် မလုပ်ရဘူးလို့ ပြစ်ပိတ်ပင်ထားတဲ့ အမိန့်ပဲ' ဟု ဆင်တာရိုက ပြန်ပြောသည်။ 'သူတို့ကို အမိန့် ထားတာက နိုင်ငံခြားသားအရိုင်းအစိုင်းတွေက ဘယ်လိုပဲ မထီလေးစား လုပ်လုပ် သေနတ်လုံးဝ မသုံးရဘူးတဲ့။ 'သွေးထွက်သံယိုဖြစ်အောင် မလုပ်ရဘူး'လို့ ကြားထားတယ် . . .တဲ့'

'သူတို့မှာ ကျည်အလုံအလောက် မရတဲ့အတွက်လည်း မကျေနပ်ကြဘူး . . တာရို' ဟု အီဒင်က ပြောသည်။

ဆင်တာရိုက သူ့ခြင်းများထဲမှ မြေများကို သွန်ချလိုက်ပြီး ခေါင်းညိတ်ပြသည်။

'သူတို့မှာ ဒီအမြောက်တစ်လက်စီအတွက် ကျည်ဆယ်တောင့်ပဲ ရှိတယ် . . တခြားခံတပ်တွေမှာလည်း ဒီပုံစံတွေချည်းပဲ . . တဲ့။ တစ်ယောက်က ပြောတာ ဖြင့် သူ့မတ်စကတ်သေနတ်က အိုလွန်း ဟောင်းလွန်းလို့ ပစ်ရမှာတောင် ကြောက် တယ် . . တဲ့'

'ကျွန်တော်တို့ဘက်က သူတို့လက်နက်တွေနဲ့ ပတ်သက်လို့ ကြောက်စရာ မရှိဘူးဆိုတာ ထင်ရှားနေပြီ' ဟု အီဒင်က သူ့ခြင်းအလွတ်များကို ပခုံးတွင် ပြန် ရင်း ရေရွတ်သည်။ သူသည် အနိမ့်ပိုင်းထဲမှ ဆာမူရိုင်းအရာရှိတစ်စုကို ခမောက် ကမ်မှ မသိမသာ ချောင်းကြည့်သည်။ လူစုသည် စကားအခြေအတင် ပြောနေကြဆဲ ။ ဤအခိုက်မှာပင် သူ့နားထဲသို့ ကူရုဖူနီ (သင်္ဘောနက်) ဟူသော စကားလုံး လာသည်။ ပင်လယ်အော်ထဲ၌ ကျောက်ဆူးချထားသော သူတို့သင်္ဘောများ ကြောင်း ပြောနေကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

'သဘော်နက်တွေပေါ်က လူရိုင်းတွေဟာ တို့ရဲ့အရာရှိတွေကို သူတို့ တိုက်မ ဆိုတာ အခိုင်အမာပြောပြီးနေပြီ' ဟု ဆာမူရိုင်းအရာရှိတစ်ဦးက ပြောသည်။ 'ကော ဟာလသတင်းတွေကတော့ အများကြီးပဲ။ ဘာကူဖူ (ရှိုးဂန်းအစိုးရ)ဟာ ဒူးတုန်နေ တစ်ဖက်က တောင်းဆိုသမျှကို ဒူးထောက်အညံ့ခံပြီး ပေးမှာသေချာတယ်။ လူရို တွေဆီက ဧကရာဇ်ဘုရင်မင်းမြတ်ဆီပေးတဲ့ စာကိုတောင် နာဂါစကီးအထိ မသယ် ဒီမှာတင်ပေးဖို့ လက်ခံကြမှာ . .'

'ဒီစာကို ကျုပ်တို့က ဘယ်လိုနည်းနဲ့ အမြန်ဆုံးလက်ခံကြမှာလဲ' ဟု နောက် အရာရှိတစ်ဦးကမေးသည်။

'နောက်သုံးရက် လေးရက်အကြာမှာ လက်ခံဖို့များတယ်' ဟု ပထမအရာရှိ ပြောသည်။ 'တတ်နိုင်သမျှ အချိန်ကြာအောင်တော့ လုပ်ကြလိမ့်မယ်'

'ဘာပြုလို့လဲ'

'အဲဒီနည်းလမ်းထက် ကောင်းတဲ့နည်းကို သူတို့ရှာလို့မှ မရတာကိုး . .'

'အဲဒါကို မာစတာ နားလည်ရဲ့လား' ဟု ဆင်တာရိုက မေးသည်။ 'သူ ပြောနေကြတာက မာစတာတို့သမ္မတရဲ့စာကို လက်ခံလိမ့်မယ် ဆိုတဲ့သဘောရှိတ'

'ကျွန်တော်နားလည်တယ်' ဟု အီဒင်က ပြန်ပြောသည်။ သူသည် လက်တစ် ကို ဆင်တာရို့ ပခုံးထက်သို့ လှမ်းတင်လိုက်သည်။ 'ပုံမှန်ပဲသွားပါ၊ ကျွန်တော် အပေါ် သူတို့အာရုံစိုက်လာအောင် မလုပ်စေချင်ဘူး'

သတိပေးနေသည့်ကြားမှပင် ဆင်တာရို့ခြင်းထဲမှ မြေကြီးများ သွန်ချသံသ ဆာမူရိုင်းစစ်သည်တစ်ဦးအား အာရုံပြောင်းအောင် လုပ်သလိုဖြစ်သွားသည်။ ဆာမူရိုင်းစစ်သည်၏ မျက်လုံးအကြည့်သည် အီဒင်နှင့်ဆင်တာရိုတို့ဘက်သို့ ရော လာသည်။ အီဒင်တို့နှစ်ယောက်သည် သူတို့မျက်နှာများကို မမြင်အောင်ကွယ် ကတုတ်ပေါ်မှ ဆင်းခဲ့ကြ၏။ သို့သော်လည်း သူတို့အပြုအမူများသည် ဆာမူရိုင် စစ်သည်အရာရှိ၏ သံသယကို ပိုမို၍ ကြီးထွားလာစေသလားမသိ။

'ဟေ့ . . နေဦး၊ မင်းတို့ ဘာလုပ်နေကြတာလဲ' ဟူသော မေးသံထွက်လာသည်၊

တစ်ခဏအတွင်းမှာပင် ဆင်တာရိုက လှည့်ကြည့်ပြီး အဖြေပေးသည်။ 'အမိန့် ထားတဲ့အတိုင်း ခံတပ်ကို ကျွန်တော် တိုးချဲ့ပေးနေတာပါ'

'ဒီအပိုင်းမှာ ဒီညလုပ်စရာ ဘာမှမရှိဘူးကွ၊ ဒီကတုပ်တွေ မနေ့ကတည်း ပြီးသွားပြီ' ဟု ဆာမူရိုင်းက ပြန်ဟောက်သည်။

'တောင်းပန်ပါတယ် . . ခင်ဗျာ' ဟု ဆင်တာရိုက ထစ်ထစ်ငေါ့ငေါ့ ပြန်ပြော သည်။ 'ကျွန်တော်တို့ နားလည်မှုလွဲသွားလို့ပါ၊ အခုချက်ခြင်း ဟိုဘက်ကို သွားလု

ယ်'

ထိုအချိန်မှာပင် အီဒင်သည် အောက်သို့ပြန်ဆင်းနေပြီဖြစ်၍ လမ်းတစ်ဝက်သို့ ရောက်သွားခဲ့လေပြီ။ သူသည် ဆင်တာရို၏ လက်မောင်းကို တစ်ချက်မျှတို့၍ နောက်လိုက်ခဲ့ရန် သတိပေးခဲ့ပြီဖြစ်၏။ သူသည် ဆာမူရိုင်းဘက်ဦးညွှတ်၍ အရို သေပေးပြီး သူ့လူအမေရိကန်နောက်မှ ကပြာကသီ လိုက်သွားသည်။

'ဟေ့ . . ရပ်' ဟု အရာရှိကအော်သည်။ 'မင်းတို့ချောင်းပြီး နားထောင်တာ ဖြစ်ရမယ်' ဟု ပြောပြောဆိုဆို သူနှင့်မနီးမဝေးမှ လှံနှင့်ဒိုင်းကိုင်၊ လက်နက်ကိုင် ဝင်ဝက်ခန့်အား လှမ်း၍လက်ပြသည်။ 'အဲဒီနှစ်ယောက်ကို ခဏဖမ်းထား၊ မေးစရာ ရှိလို့'

အီဒင်သည် ဆင်တာရို၏လက်မောင်းကိုဆွဲ၍ ခံတပ်ထဲသို့ လျှောဆင်းသည်။

'ပြေးတော့ . . မြန်မြန်သာပြေး' ဟု တီးတိုးအမိန့်ပေးကာ အလယ်ရှိ လက်နက်တိုက် လက်ညှိုးထိုးပြသည်။ 'ခဲယမ်းမီးကျောက်စတိုတွေဘေးမှာ မြင်းတပ်က မြင်း ရှိတယ်'

သူတို့သည် ဝါးထမ်းပိုးများကို လွှင့်ပစ်ပြီး သစ်သားအဆောက်အဦများဘက် တအားကုန်ပြေးသည်။ နောက်မှလိုက်သူများမှာ ကိုင်ထားသည့် ဒိုင်းနှင့်လှံရှည်ကြီး ကြောင့် စိတ်ရှိသလောက် မပြေးနိုင်၊ ခပ်လှမ်းလှမ်းမှ လူများအား ရှေ့မှဆီးဖမ်းရန် ပြောနေကြသည်။ ထိုအော်သံများကြောင့် အခြားလူများကလည်း နောက်မှ လိုက်လာကြလေသည်။

'ကျွန်တော်တို့ မလွတ်နိုင်တော့ဘူး . . မာစတာ' ဟု ဆင်တာရိုက ပြောသည်။

'ကျွန်တော်တို့ကို ဝိုင်းထားပြီ'

'ပြေးသာပြေး' ဟု အီဒင်က ဖွတ်တိုက်တွန်းသည်။ သူသည် ဆင်တာရို၏ က်မောင်းကို လွှတ်မပေး . . .၊ 'မြင်းတွေနားရောက်ရင် လွတ်နိုင်တယ်'

သူကိုယ်တိုင်လည်း အမြန်ပြေးသည်။ နောက်မှ လိုက်လာသူများ၏ အော်ဟစ်သံ သည် ဆူညံလျက်ရှိ၏။ သူတို့မြင်းများဆီ ပြေးမှန်းသိလေ . .. အော်သံများ ညံ လေ . . .။

'မြင်းကိုရရင် ခံတပ်နောက်ဘက်က ကမ်းပါးဘက်သို့စီး' ဟု အီဒင်က သတိပေး ည်။ 'ဘယ်ဂိတ်တံခါးဘက်ကိုမှ စီးမသွားနဲ့ . . ၊ အမိခံရလိမ့်မယ် . .. '

ဆူညံလှုပ်ရှားမှုများကြောင့် မြင်းများသည် ခေါင်းများကိုတမော့မော့ . . ၊ ခြေများ လှုပ်လှုပ်ဖြစ်ကာ ရုန်းကန်လှုပ်ရှားနေကြလေပြီ။ အီဒင်သည် သူ့ကျောပေါ်မှ ဓါးရှည် ဖြုတ်ကာ မြင်းအားလုံး၏ ကြိုးများကိုဖြတ်၍ မြင်းခြောက်ကောင်စလုံးကို

www.burmeseclassic.com

www.burmeseclassic.com

လွှင့်ပစ်လိုက်သည်။ ဆင်တာရိုကိုလည်း မြင်းတစ်ကောင်ပေါ်သို့ တွန်းထိုးပြီး တင် သည်။

'သွားတော့'ဟု ဂျပန်လိုပြောကာ မြင်းတင်ပါးကို ဓါးဖျားဖြင့် ရိုက်လိုက်သည်၊

'ကျွန်တော် ခင်ဗျားကိုမှီအောင် လိုက်ခဲ့မယ်'

ဆင်တာရိုတစ်ယောက် မြင်း၏လည်ဆံမွေးကို ဆွဲ၍ပါသွားချိန်တွင် အီဒင်သည် ဒုတိယမြင်းတစ်ကောင်၏ ကျောပေါ်သို့ ခုန်တက်သွားသည်။ လက်နက်ကိုင်လူတစ်စု၏ အော်ဟစ်သံများသည် ဆူညံလျက်ရှိနေသည်။

'ဟေ့ကောင် .. ရပ်လိုက်' ဟု ရှေ့တည့်တည့်မှ ပြေးလာသော မှိန်းကိုင်တပ်သား တစ်ဦးက မှိန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ချိန်ထားသည်။ 'ရပ် ..၊ မြင်းပေါ် ကဆင်း'

မှိန်းကိုင်တပ်သားထံမှ နောက်ထပ်အော်သံကြားလိုက်ရပြန်သည်။ အီဒင်သည် သူ့မြင်းကို ဘေးတစ်ဖက်သို့တိမ်း၍ တပ်သားအား ရှောင်ပြေးရန် အားထုတ်သည်၊ သို့သော်လည်း တပ်သားသည် ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်ပြီး သူ့လက်တွင်းမှ မှိန်းဖြင့် တအားကုန်လှမ်းထိုးသည်။ လေးလံကြီးမားပြီး ပုဆိန်ငယ်အရွယ် အသွား ရှိသောလှံသည် မြင်း၏လည်ပင်းကို ဖေါက်ထွက်သွားသည်။ အီဒင်သည် လဲကျသွား သည့် မြင်းပေါ်မှ အရှိန်ပြင်းစွာဖြင့် မြေကြီးပေါ်သို့ ကျသွားသည်။ သူသည် ချက်ခြင်း ကုန်းရုန်း၍ထကာ သူ့လက်ထဲမှ ဓါးဖြင့်ခုခံရန် ဟန်ပြင်သည်။ သူလိမ့်ကျစဉ်က ဖူ ခမောက်သည် ကျွတ်ကျသွားပြီဖြစ်၍ သူ့မျက်နှာသည် ပေါ်နေပြီဖြစ်၏။ သူ့အား ဝိုင်းထားသူတစ်ချို့ ကိုင်လာသည့် မှန်မီးအိမ်များမှ အလင်းရောင်သည် သူ၏မြင့်မား လွန်းလှသော အရပ်အမောင်း၊ အညိုရောင်ဆံပင်နှင့် ဖျော့တော့တော့ အင်္ဂလို–ဆက်စ်သွန် မျက်နှာကို အပီအပြင် ပေါ်လွင်လာစေသည်။

တစ်စက္ကန့် နှစ်စက္ကန့်မျှ ငြိမ်ဆိတ်သွားသည်။ စကားပြောသူ လှုပ်ရှားသူ တစ်ဦးမှမရှိ၊ ဝိုင်းထားသူအားလုံးသည် ပထမဆုံးမြင်ရဖူးသည့် နိုင်ငံခြားသားလူရိုင်း အားကြည့်နေကြသည်။ သူနှင့်ခြောက်ပေအကွာတွင် သူ့အားမှိန်းနှင့်ထိုး၍ မြင်းပေါ်မှ ကျစေခဲ့သော တပ်သားသည် သွေးစွန်းနေသော မှိန်းကိုကိုင်၍ သူ့အားကြည့်နေသည်၊

'ရှု–အီ' ဟု သူ့ပါးစပ်မှ အသံထွက်သည်။ 'သိပ်အရုပ်ဆိုးတဲ့ နိုင်ငံခြားသား ပါလား' ဟု ရေရွတ်ခြင်းဖြစ်၏။

'ဘန်ဇိုကု' ဟု ဒုတိယတပ်သားက ရေရွတ်သည်။ 'ဓါးပြအရိုင်းကောင်' ဟု ခေါ်လိုက်ခြင်းဖြစ်၏။

'ဘန်ဇိုကု ကိုသတ်ကြ' ဟု တတိယအသံ ထွက်လာသည်။ တခြားလူများက

ပါ ညီး ထိုအတိုင်း လိုက်အော်လာကြသည်။

'မသတ်နဲ့၊ ဒီကောင်ကို တို့အရှင်ဖမ်းကြ' ဟု သွေးစွန်းနေသော လှံပိုင်ရှင်က ပြောသည်။ ထိုခဏမှာပင် သူသည် မှိန်းနှင့်ချိန်ကာ အီဒင့်ဆီ ချဉ်းကပ်လာသည်။

မှိန်းတပ်သား သူ့ထံလျှောက်လာနေခိုက်တွင် အမေရိကန်အရာရှိသည် သူ့ဦးထုပ် ကို အေးအေးဆေးဆေး ကောက်နေသည်။ ထို့နောက် တစ်ခွန်းမျှ သံကုန်ဟစ်၍အော် လိုက်ပြီး ကျန်နေသေးသည့် မြင်းတစ်ကောင်၏ ကျောပေါ်သို့ ခုန်တက်လိုက်သည်။ သူ့ပါးကို ခေါင်းပေါ်၌ ဝှေ့ယမ်းကာ မြင်းကိုနှင်သည်။

သူသည် မြင်းကို မှိန်းတပ်သားထံ တည့်တည့်မတ်မတ် ဦးတည်၍ စီးသည်။ ပျပန်သည် ဘေးသို့ခြေတစ်ဖက်ချကာ သူ့လှံကို လက်နှစ်ဖက်ဖြင့် တအားဆုပ်ကိုင်ကာ မြင်းနှင့်မြင်းရှင်ကို ထိုးသည်။ သို့သော်လည်း အီဒင်က သူ့အားအပေါ်စီးယူ၍ လျှင်မြန် စွာယိုးကြို့တိုက်ခိုက်သည်။ သူ၏ပြင်းထန်သော ဓါးချက်သည် မှိန်းသမား၏ သစ်သား ပုံရိုးကို နှစ်ပိုင်းပြတ်သွားစေခဲ့သည်။

မြင်းကို အရှုးအမူးစီးနေပြီဖြစ်သော အီဒင်သည် မြေကတုတ်တာရိုးထက်သို့ ပြေးတက်သည်။ အော်ဟစ်သံများမှာ ဆူညံလျက်ရှိသည်။ သူ့နောက်သို့ ပြေးလိုက် လာသော စစ်သားများထံမှ 'ရှု–အီ' နှင့် 'ဘန်ဇိုကု' ဟူသော အသံများ ကြားနေ ရသည်။

အီဒင်သည် မြင်းကို တာရိုးအောက်ခြေသို့ စီး၍ဆင်းသည်။ ကမ်းပါးအခြေသို့ ရောက်သည့်အခါ မျက်စိရှုပ်သည်။ သူ့လူ ဆင်တာရိုအား အစအနပင် မမြင်ရ၊ သို့သော် လည်း မလှမ်းမကမ်းရှိ သစ်ပင်ကြားမှ ဘွားခနဲထွက်လာသော ဆင်တာရိုသည် သူ့ ဆီသို့ မြင်းကိုဒုန်းစိုင်း၍ လာနေသည်။

'ကျွန်တော်တို့ ဘယ်ဘက်ကို သွားကြမလဲ' ဟု အီဒင်က ဆီးမေးသည်။ သူတို့၏အပေါ်ဘက်မှ အသံများသည် တာရိုးဆီသို့ နီး၍ နီး၍ လာနေလေပြီ။

'မပြောတတ်ဘူး .. မာစတာ' ဟု ဆင်တာရိုက ဖြေသည်။ 'တစ်ခုတော့ ရှိတယ် .. မာစတာ၊ ဘယ်ဘက်ကိုပဲသွားသွား အမြန်ဆုံးသွားမှဖြစ်မှာ'

အီဒင်က အပေါ်မော့ကြည့်သည်။ လရောင်အား ကောင်းလာနေသည်ကို မြင် ရ၏။ ထိုစက္ကန့်အတွင်းမှာပင် အီဒင်သည် အရာဝတ္ထုတစ်ခုကို မြင်လိုက်ရသည်။ သစ်ပင် များ၏ အထက်ဘက်မှ အလွန်အလှမ်းဝေးသည့်နေရာမှ အရောင်တလက်လက် တောက်ပနေသော ဖူဂျီတောင်ထိပ် ..၊ ညအမှောင်ထုကို ကျောပေးကာ ရပ်လျက်ရှိ နေသည်။

'ကျွန်တော်တို့ ဒီဘက်လမ်း သွားမယ်' ဟု အီဒင်ကပြောကာ သူ့မြင်း၏တင်ပါး

www.burmeseclassic.com

www.burmeseclassic.com

ကို ဖိနပ်စူးဖြင့် တို့၍နှင်သည်။ သူ့ရှေ့ရှိ သစ်ပင်များကြားကို ဖြတ်၍ဝင်သွားသော လမ်းသည် အထွတ်အမြတ် မီးတောင်ဆီ ဦးတည်လျက်ရှိ၏။ 'ကျွန်တော့်နောက် လိုက်ခဲ့' ဟူသော အော်ပြောသံ ထပ်မံထွက်ပေါ်လာလေသည်။

(၁၆)

မတ်ဆူမူရာတိုကီဝါသည် မြေလိမ်မြွေကောက်ဖြစ်နေသော လူသွားလမ်း
…မ်းကျဉ်းပေါ်တွင် သူ့မြင်းကို တွန့်ဆုတ်ဆုတ် သတိဖြင့်စီးလာသည်။ လမ်းသည်
…ပေါက်နေသော စပါးခင်းများကြားမှ ဖြတ်သန်းလာခြင်းဖြစ်၏။ သူသည် သူ့ရှေ့
…ညို့တည့်မှ ခမ်းနားထည်ဝါပြီး ကျက်သရေရှိလွန်းလှသော ဖူဂျီတောင်၏ ဖွေးဖွေး
…ပွင့်နေသော တောင်ထိပ်ကို မြင်တွေ့နေရလေ၏။

အလွန်အလှမ်းဝေးသော မြောက်ဘက်ကောင်းကင်ပြင်တွင် မီးတောင်သည်
…ကစ်ခြမ်းပုံ၏ အလင်းရောင်ဟူသမျှကို သံလိုက်ဓါတ်ဖြင့် သူ့ဆီသို့ ဆွဲယူလျက်ရှိ
…သလားဟုပင် ထင်မှတ်မှားလောက်ပေ၏။ ဖူဂျီ၏အထက်နှင့် အခြားတစ်ဖက်တွင်
…ရေမတွက်နိုင်လောက်အောင် များပြားသော ကြယ်များကို မြင်နေရသည်။ တိုကီဝါ
…ည် သူ့မြင်းကို စိုးရိမ်မကင်းစိတ်ဖြင့် တတ်အားသရွေ့ မြန်မြန်နှင်လျက် ရှိနေသော်
…ညီး အကြိမ်ပေါင်းများစွာ လမ်းပေါ်၌ရပ်၍ ည၏တိတ်ဆိတ်သောအလှကို ကြည့်
…တွေဝေငေးမောနေတတ်လေသည်။

သူရွေးထားသော လမ်းသည် လူသွားလူလာမရှိသော လယ်ကြိုလယ်ကြားမှ
…သွားလမ်းဖြစ်၍ သူ့လုံခြုံရေးအတွက် တမင်သက်သက် ရွေးချယ်ခဲ့သော လမ်းဖြစ်
…ည်။ ထိုလမ်းအတိုင်း လိုက်လာခဲ့သော တိုကီဝါသည် တိတ်ဆိတ်ခြောက်သွေ့နေကာ
…သွားလူလာ ကင်းမဲ့သည့် လမ်းကျဉ်းတစ်လမ်းထဲသို့ ရောက်သွားခဲ့ပြန်သည်။ ထို
…မ်းမှာ စပါးခင်းများတည်ရှိရာ တောင်ကြားဖြစ်၍ ဘေးတစ်ဖက်တစ်ချက်တွင် တောင်
…ကုန်းများနှင့် သစ်တောများ တည်ရှိလေသည်။

သူသည် တောင်ကြားထဲမှနေ၍ တောင်ကုန်းများကြားသို့ မြင်းကိုဖြည်းဖြည်း
…ကာ တက်လာခဲ့သည်။ ထိုအခိုက်မှာပင် သူ့ရှေ့တည့်တည့်မှ ရေတံခွန်ကျနေသံများကို

www.burmeseclassic.com

www.burmeseclassic.com

ခပ်သဲ့သဲ့ကြားရသည်။ ရေသံသည် သူ၏ပင်ပန်းနွမ်းနယ်အားငယ်နေသော ကိုယ်စိတ်နှစ်ပါးကို အားသစ်တစ်ဖန် ပြန်လောင်းပေးနေသည့်နှယ် ရှိလှချေသည်။ နောက်ဆုံးတွင် သူသည် တွန့်ဆုတ်မနေတော့ပဲ သစ်ပင်ကြီးများကြားမှဖြတ်၍ ရေတံခွန်ဆီသို့ တက်သွားရာ လမ်းကျဉ်းအတိုင်း သူ့မြင်းကိုစီး၍ တက်လာခဲ့လေ၏။

'ဟိုဟာ တိုကီဝါဖြစ်နိုင်တယ်' ဟု မင်းသားတာနာကာက သူမြင်နေရသည့် သေးသွယ်သွယ် ရုပ်ပုံလွှာကို လှမ်းကြည့်ပြီးပြောသည်။ ခြင်းများတင်ထားသည့် မြင်းပေါ်မှ ရုပ်လွှာသည် သစ်ပင်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ 'တို့ လူရှာနေတဲ့ လုပ်ငန်းဟာ မကြာခင်ပြီးသွားနိုင်တယ်'

စောစောပိုင်း မိနစ်အနည်းငယ်ခန့်က တာနာကာသည် သူ့မြင်းအား ဂိုတာရိနှင့် ကျန်အစောင့်နှစ်ယောက်ဘေးမှ ကပ်၍စီးကာ တောင်ကြားလွင်ပြင်ထက်ရှိ မြေလိမ်မြေကောက်လမ်းအတိုင်း လိုက်လာခဲ့သည်။ အမြောက်ဆွဲလှည်းများကိုသာမက လက်နက်များနှင့် ရိက္ခာများတင်ထားသည့် လှည်းများကိုပါ အမှောင်ထုအတွင်း၌ ဖြတ်ဝင်သွားနေသည်ကို မြင်နေရ၏။ ယင်းတို့အထဲတွင် ပစ္စည်းများကို ဝါးထမ်းပိုးများဖြင့်ထမ်းကာ အပြေးအလွှား သွားနေကြသည့် အလုပ်သမားပေါ်တာများ ပါဝင်လျက်ရှိသည်ကိုလည်း တွေ့မြင်နေရလေသည်။

သို့သော်လည်း တာနာကာသည် ထိုအခိုက်အတန့်တွင် ယင်းလှုပ်ရှားမှုများကို သတိမထားနိုင်၊ သူသည် စပါးခင်းများ၏ အပေါ်ဘက် ပေပေါင်းရာနှင့်ချီ၍ ရှိနေသောနေရာမှ လှမ်းကြည့်လိုက်လျှင် မြင်နေရသည့် ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်နှင့်ရုပ်လွှာကိုသာ အာရုံစူးစိုက်လျက်ရှိလေသည်။

သူမြင်နေရသော မြင်းပေါ်မှရုပ်လွှာသည် သူ့ဘက်သို့ ရွေ့လျားလာနေသည်ဖြစ်ရာ သူ့အနေဖြင့် တိတ်တိတ်ဆိတ်ဆိတ်ပင် ကြည့်နေမိ၏။ သူသည် သူမြင်နေရသည့်အရာကို သူ့အစောင့်များအား မပြော . . .၊ သူမြင်နေရသော မြင်းနှင့်မြင်းရှင်သည် နောက်ဆုံးတွင် သစ်ပင်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

'ဟိုလူသွားလမ်းဟာ ကျွန်တော်တို့ အခုရောက်နေတဲ့ လမ်းမကြီးနဲ့ ဆက်နေတယ်။ ဒါပေမယ်လို့ ဟိုတောင်ဘက်ကို ပိုနီးနေတော့ ဒီဘက်နဲ့ အလှမ်းဝေးသွားတယ် . . . အို ကာမိ-ဆန်' ဟု ဂိုတာရိကပြောသည်။ 'ကျွန်တော်တို့ လမ်းဆုံကိုရောက်အောင် အမြန်ဆုံးစီးသွားကြပြီး အပေါ်ထိပ်ကနေစောင့်ရန် ကောင်းမလားမသိဘူး'

'အင်း . . လုပ်နိုင်တာပဲ' ဟု တာနာကာက တွေးတွေးဆဆပြောသည်။

'ငါထင်တယ်၊ သစ်ပင်တွေကြားမှာ ဘုရားကျောင်းတစ်ကျောင်း မြင်မိသလိုပဲ၊ ယာခြံတစ်ခြံ နှစ်ခြံတောင်ရှိတယ် ထင်တယ်'

ဂိုတာရိသည် တာနာကာလက်ညှိုးထိုးပြရာဆီသို့ လိုက်ကြည့်သည်။ ထိုအခါ ဘုရားကျောင်း၏ ကွေ့ကွေ့ကောက်ကောက် တံစက်မြိတ်များကို လရောင်ဖြင့် အပီပြင်မြင်နေရ၏။ ထို့ပြင်လည်း သက်ငယ်မိုးယာခြံ အဆောက်အဦများကိုပါ သစ်ပင်များကြား၌ ရှိနေသည်။

'ဟိုအစောင့်နှစ်ယောက်ကို လမ်းထိပ်မှာ အစောင့်ချထားခဲ့ပြီး ကျွန်တော်က စတောထဲဝင်ရှာရင် ကောင်းမယ်ထင်တယ်' ဟု ဂိုတာရိက အကြံပြုသည်။

'ကျွန်တော့်အမှားကို ပြုပြင်ချင်လို့ပါ အို ကာမိ-ဆန်'

တာနာကာက ချက်ခြင်းအဖြေပြန်မပေးပဲ တောင်ကြားထဲကိုသာ ငုံ့ကြည့်နေသည်။ 'သေချာပေါက်ဖြစ်သွားဖို့အတွက် တစ်ဦးက တောင်နံရံအတိုင်း အောက်ဖက်ကို ဆင်းသွားဖို့လိုတယ်။ ပြီးတော့ လူသွားလမ်းအတိုင်း သစ်ပင်တွေကြားက ဖြတ်သွားရမယ်။ ဒါဆိုရင် သူ့ကိုခြေရာခံလို့ ရနိုင်စရာရှိတယ်'

'ဟုတ်တယ် . . .၊ အရှင်ပြောတာမှန်တယ် . . အို ကာမိ-ဆန်' ဟု ဂိုတာရိက ပြန်ပြောသည်။

'နောက်ဆုံးတာဝန်ကို ငါကိုယ်တိုင် ယူရင်လည်းရတယ်' ဟု တာနာကာက ပြောသည်။ 'ဂိုတာရိ မင်းက မင်းလူနှစ်ယောက်နဲ့ လူသွားလမ်းဆီကိုသွား၊ လမ်းထိပ်ရောက်ရင် သူတို့ကို အစောင့်ချထားခဲ့၊ မင်းကတောင်ကြားထဲ ဆင်းရှာ၊ သူ့ကိုတွေ့တွေ့ မတွေ့တွေ့ ကိစ္စပြီးရင် လူသွားလမ်းနဲ့ လမ်းမကြီးဆုံတဲ့ နေရာမှာ တို့ပြန်ပြီး တွေ့ကြမယ်'

ဂိုတာရိနှင့် ဆာမူရိုင်းနှစ်ဦးသည် သူတို့မြင်းများကို လှည့်ကာ တောင်ဘက်သို့ ဆက်တည်လိုက်သည်။ ထိုခဏမှာပင် သူတို့၏ နားများဆီသို့ မြင်းခွာသံများနှင့် အော်ဟစ်သံများရောက်လာသည်။ သူတို့ကြားနေကြရသည်မှာ 'ဘန်ဇိုက၊ ဘန်ဇိုက' ဟု အော်ဟစ်နေကြခြင်းဖြစ်၏။ အရှိုင်းအစိုင်းဓါးပြတွေဟု အော်နေကြခြင်းပေတည်း။ အော်သံများမှာ ထပ်တလဲလဲပေါ်လာနေပြီဖြစ်၍ တာနာကာသည် လက်တစ်ဖက်ကို မြှောက်၍ လမ်းဘေးတစ်နေရာသို့ ဖဲ့ဆင်းပြီး ပုန်းနေရန် အရိပ်အခြည်ပြသည်။

အော်သံများသည် ပို၍ကျယ်လာပြီး နောက်တစ်ခဏအတွင်းမှာပင် သူတို့ဘက်သို့ နီးကပ်လာနေသော လက်နက်ကိုင် မြင်းသမားတစ်စုကို မြင်ကြရသည်။ ထိုလူစုသည် ပေါ်တာများ၊ မြင်းလှည်းများနှင့် အမြောက်ဆွဲလှည်းများကြားမှ မြင်းများကို ဒုန်းစိုင်း၍ လာနေကြခြင်း ဖြစ်သည်။ သူတို့သည် အော်ဟစ်နေရုံမျှမက လှည်းသမားများနှင့် ပေါ်တာများအား အော်ဟစ်ပြီး မေးနေကြသည်။ ရှေ့ဆုံးမှလူစုသည် တာနာကာနှင့် သူ၏ရွှေရောင်ဝင်းနေသော 'ကာရိကလင်းအုပ်စုတံဆိပ်' ကိုမြင်လိုက်ရသည့်အခါ အားလုံး၏ မြင်းဇက်များကိုသပ်၍ ဦးညွှတ်ပြီး အရိုအသေပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ရှိသေစွာနဲ့ ကျွန်တော့်ကို မေးခွင့်ပြုပါ အို ကာမိ–ဆန်၊ မြောက်ဘက်ကိုသွား မသကာစရာ မြင်းစီးသမားတွေ မြင်လိုက်မိပါသလား' ဟု ခေါင်းဆောင်လုပ်သူ မေးသည်။

'မင်းတို့ ဘာကိုလိုက်ရှာနေကြတာလဲ' ဟု တာနာကာက အေးအေးဆေး ပြန်မေးသည်။

'ဘန်ဇိုကု တစ်ယောက်ကို လိုက်ရှာနေကြတာပါ။ လူရိုင်းခါးပြတစ်ယောက် အနည်းဆုံးနှစ်ယောက်ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မယ် ခင်ဗျာ'

တာနာကာ့မျက်လုံးအစုံသည် ပြူးသွားသည်။ သို့တစေလည်း ကြားလို ရသော သတင်းအတွက် နောက်ထပ်အံ့သြသည့် လက္ခဏာကို မပြတော့ချေ။ ' တော့ဖြင့် ဒီလမ်းမပေါ်မှာ ဘန်ဇိုကု တစ်ယောက်မှ မမြင်မိဘူး။ အဲဒီအကြောင်း ထပ်ရှင်းစမ်းပါဦး'

' ကျွန်တော်တို့ကတော့ အဲဒီကောင်ဟာ ပင်လယ်အော်ထဲမှာ ရပ်ထား သင်္ဘောနက်တွေပေါ်က ဆင်းလာတယ်လို့ ထင်ပါတယ် ..အိုကာမိ–ဆန်' ခေါင်းဆောင်က ပြောသည်။ 'ကမ်းခြေဘက်က ခံတပ်တစ်ခုထဲဝင်ပြီး စုံစမ်းလာ တွေ့ရတယ်။ သူက မှိန်းသမားတစ်ယောက်ရဲ့ လက်နက်ကို ဓါးနဲ့ခုတ်ပစ်ခဲ့ရုံမကဘူး သူ့အဖေါ်နဲ့အတူ မြင်းတွေခိုးသွားတယ်'

'သူတို့ မြင်းအတူတူ စီးလာကြသလား'

'ဟုတ်ပါတယ် အို ကာမိ–ဆန်၊ နှစ်ယောက်စလုံး မြင်းတွေကို တအားဒုန်းစိုင် သွားကြတာပါ' ဟု ခေါင်းဆောင်က ထပ်ရှင်းပြသည်။ 'အဲဒီပုံမျိုးနဲ့လူကို တစ်ယော တလေမှ မမြင်လိုက်ဖူးလား'

'မမြင်လိုက်ဘူး' ဟုပြောကာ တာနာကာက ခေါင်းခါသည်။ 'အဲဒီရုပ်မျိုးနဲ့လူ တစ်ယောက်မှ ဖြတ်သွားတာ မမြင်လိုက်ရဘူး'

'အတော်ထူးဆန်းတာပဲ' ဟု ခေါင်းဆောင်က သူ့လူများနှင့် အပြန်အလှန်ကြ ပြီး ပြန်ပြောသည်။ 'နောက်ဘက်မှာ ဆုံမိခဲ့တဲ့ လူတွေကို မေးလာတာ၊ သူတို့ကတေ အဲဒီလူတွေ ဒီလမ်းအတိုင်း သွားကြတာ မြင်ကြတယ်လို့ . . .'

တာနာကာက တောအုပ်များ ဖုံးလွှမ်းနေသည့် တောင်ထိပ်များဆီ မော့ကြ သည်။ 'သူတို့ သစ်တောထဲ ဝင်ချင်ဝင်သွားမှာပေါ့ . . .။ ပုန်းနေရင် လွတ်နိုင်တယ် မဟုတ်လား'

ခေါင်းဆောင်က ခေါင်းညိတ်သည်။ 'ဟုတ်ပါတယ် . . ၊ အဲဒါ ဖြစ်နိုင်ပါတယ် ကျွန်တော့် လူတစ်ချို့ကို ပြန်လွှတ်ပြီး နောက်ဆုံးမြင်ခဲ့ရတဲ့ နေရာတွေမှာ ရှာခိုင်

ဦးမှဖြစ်မယ်'

သူသည် ပြောပြောဆိုဆို သူ့လူများထံ ပြန်သွားပြီး နှစ်စုခွဲလိုက်သည်။ လူ ပါသောတစ်စုကို သူတို့လာလမ်းဘက်သို့ ပြန်လွှတ်၍ ကျန်တစ်စုကို မြောက် သို့စေလွှတ်သည်။ ခေါင်းဆောင်သည် တာနာကာဘက်လှည့်ကာ ဦးခေါင်း တ်၍ နောက်တစ်ကြိမ် အရိုအသေပေးသည်။

'ကျွန်တော် အရှင့်ကိုသိပ်ပြီး ကျေးဇူးတင်ပါတယ် အို ကာမိ–ဆန်၊ အခုလို ရှားတဲ့ မှူးမတ်အနွယ်ဝင် တစ်ဦးဆီက အကူအညီရတာဟာ ကျွန်တော်တို့အဖို့ သိက္ခာသိပ်ကြီးပါတယ်'

တာနာကာက လက်ပြသည်။ 'မင်းရှာနေတဲ့ လူကိုတွေ့ပါစေလို့ ငါ ဆုတောင်း ပါတယ်။ ဒါပေမဲ့ မင်းမသွားခင် ငါတစ်ခုမေးချင်တယ်။ မင်းတို့ကိုပေးထားတဲ့ အမိန့် အကျ ဘာတဲ့လဲ'

'ခံတပ်ရဲ့ တပ်ရင်းမှူးပေးလိုက်တဲ့ အမိန့်ကတော့ တိုက်ခိုက်ရေးတပ်တွေနဲ့ ထဲက အရပ်သားအားလုံးကို အန္တရာယ်များတဲ့ ဘန်ဇိုကု အကြောင်း သိထား ပြောပြထားရမယ် . . .တဲ့။ သူ့ကို အသေရရ၊ အရှင်ရရ ဖမ်းမိဖို့အတွက် နည်းကိုမဆို သုံးရမယ် . . .တဲ့'

'အကောင်းဆုံးကတော့ ဘန်ဇိုကု ကို အရှင်ဖမ်းမိအောင် ကြိုးစားဖို့ပဲ' ဟု ကာက ပြောသည်။ 'ဘာကူဖူကတော့ သွေးမြေမကျအောင် ရှောင်ချင်နေတယ်၊ ကို မင်းသိလိမ့်မယ်လို့ ငါထင်တယ်၊ တို့အနေနဲ့ အရှင်မိထားတဲ့ စစ်သုံ့ပန်းတွေ သတင်းတွေအများကြီး ရနိုင်တယ်'

သူ့ရှေ့မှ လူသည်မြင်းပေါ်မှနေ၍ တာနာကာအား ဦးညွှတ်ပြီး အရိုအသေပေး ။ 'အရှင်ပြောတဲ့စကားကို ကျွန်တော်မှတ်ထားပါတယ်၊ အို ကာမိ–ဆန်၊ ဒါပေမဲ့ ဇိုကု ဟာ အလွန်ကို ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်ရေးသမား တစ်ယောက် ရတယ်။ တကယ်လို့ ကျွန်တော်တို့ ဖမ်းတဲ့အခါ သူကအပြင်းအထန် ခုခံရင် သွေးမြေမကျလို့ကတော့ မဖြစ်နိုင်ဘူးလို့ ထင်တာပဲ'

သူသည် လက်တစ်ဖက်မြှောက်၍ အလေးပြုလိုက်ပြီး သူ့မြင်းကို ပြန်လှည့်ကာ အတိုင်း တောင်ဘက်ဆီသို့ ဒုန်းစိုင်းသည်။ တာနာကာသည် ထိုမြင်းသမား ပွင်းထဲမှ ပျောက်သွားချိန်အထိ စောင့်ကြည့်နေပြီးနောက် သူ့အစောင့်များဘက်သို့ လိုက်သည်။

'တို့လုပ်ထားတဲ့ အစီအစဉ်အတိုင်း ဆက်လုပ်ကြ၊ ဒါပေမဲ့ ဘန်ဇိုကု ကိုလည်း ထားပြီး ကြည့်ကြ။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာမှ ထွက်ခွာကြသည့်အခါ တာနာကာသည် သူ့မြင်းကို နက်ရှိုင်း မတ်စောက်သော ချောက်ကမ်းပါးအစွန်းဆီသို့ နှင်သည်။ ပထမတော့ မြင်းသည် အစွန်း၌ ရပ်လိုပုံမရ။ ကြောက်စိတ်ဖြင့် ဆုတ်ကန် ဆုတ်ကန် လုပ်နေသေးသည်။ သို့သော်လည်း နောက်ဆုံးကျတော့ သစ်ပင်များကြားမှဖြတ်၍ မတ်စောက်စောက် လမ်းအတိုင်းဆင်းသွားသည်။ အောက်ဖက်ပေပေါင်းများစွာ ကွာဝေးသည့် နေရာရှိ လူသွားလမ်းဆီသို့ ဦးတည်နေခြင်းဖြစ်သည်။ ထိုလမ်းသည် စောစောက မတ်ဆူမူရာ တိုကီဝါအား သူမြင်တွေ့ခဲ့ရသည့် လမ်းပေတည်း . . .။

1

တိုကီဝါသည် မတ်စောက်သော တောင်ခါးပန်းကို မြင်းစီး၍ တက်သွားလျက် ရှိ၏။ မကြာခဏ ပေါ်ပေါ်လာတတ်သည့် သစ်ပင်ကြီး သစ်ပင်ကြားမှနေ၍ ကြည့်လိုက်သည့်အခါတိုင်း အောက်ဖက်ကျောက်သား မျက်နှာပြင်ထက်သို့ အရှိန်ပြင်းစွာဖြင့် အဆက်မပြတ် စီးကျနေသော ရေတံခွန်ဖွေးဖွေးကို မြင်နေရသည်။ လင်းလက်နေသော လရောင်အောက်တွင် ရေတံခွန်ဆီမှ ကျလာနေသည့် ရေမြှုပ်များသည် ဖွေးဖွေးလှုပ် နေသည်။ တိုကီဝါ၏စိတ်သည် ရေတံခွန်ကို မြင်လိုက်တိုင်း အေးမြကြည်လင်ခြင်းကို ရရှိခံစားနေရလေ၏။

အမှန်တော့ ရေတံခွန်သည် သူနှင့်အလှမ်းဝေးနေဆဲ . . ။ သို့သော်လည်း သူ့စိတ်ထဲတွင် ရေတံခွန်မှ ရေများသည် သူ့အပေါ် တဖွားဖွားကျနေသည်ဟုထင်သည်။ ပင်ပန်းနွမ်းနယ်လျက်ရှိသော သူ့မြင်းသည်ပင်လျှင် ရေနံ့ကိုရကာ ရေနှင့်နီးကပ်နေသည်ကို သတိထားမိနေဟန်တူပေ၏။ မြင်းသည် စောစောကလို မဟုတ်တော့ပဲ သွက်လက်တက်ကြွစွာဖြင့် တောင်ဆင်းအတိုင်း ဆက်သွားလျက်ရှိလေသည်။

ရေတံခွန်သည် တိုကီဝါ၏ မြင်ကွင်းထဲ ဝင်လာသည်။ ရေများသည် ဒလဟော ထိုးစီးကျကာ ချောမွေ့သော ကျောက်သားပြင်ပေါ်တွင် ရေကန်လေးတစ်ကန် ဖန်တီးတည်ဆောက်ပေးထားသည်။ ဘေးတစ်ဖက်တွင် လူအများခြေဖြင့် နင်း၍လျှောက်သွားနိုင်သော ကျောက်တုံးများသည် အစီအရီတည်ရှိကာ ရေတံခွန်ဆီသို့သွားရာ လူသွားလမ်းကလေး ဖြစ်ပေါ်နေသည်။

ဘေးပတ်ပတ်လည်မှ ဝိုင်းရံနေသော ကျောက်တုံးများသည် ရေကန်ကို အနားသတ်ပေးထားသော်လည်း တစ်ဖက်သော ထွက်ပေါက်မှရေသည် အောက်ဖက်သို့ ညင်သာစွာ စီးဆင်းခြင်းဖြင့် စမ်းချောင်းငယ်တစ်ခုကို တည်ဆောက်ပေးထားသည်။ တိုကီဝါသည် သူ့မြင်းအား ရေတိုက်သည်။ ထို့နောက် သူသည် သူ့မြင်းအား ရေတံခွန်နှင့် ကိုက်နှစ်ဆယ် သုံးဆယ်ခန့်အကွာရှိ သစ်ပင်တစ်ပင်၌ ချည်ထားလိုက်သည်။

တိုကီဝါသည် ရေတံခွန်ဆီပြန်သွားကာ တစ်နေရာမှ ရပ်၍ကြည့်နေသည်။ သူ့စိတ်သည် ရှိုတုံ့ချတုံ့ ဖြစ်လျက်ရှိ၏။ ရေကန်ငယ်အား ဝိုင်းရံနေသော သစ်ပင်များဆီသို့တစ်ချက်လှမ်းကြည့်သည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သူသည် သူ့ခေါင်းပေါ်မှ ဝါးခမောက်ကြီး၊ သူ့ခြေထောက်မှ လွှာချင်းဖိနပ်၊ အပြာရောင် ဘောင်းဘီနှင့်ဖျင်ကြမ်းရှပ်အင်္ကျီတို့ကို ချွတ်၍ မနီးမဝေးရှိ ကျောက်တုံးများပေါ် စုပုံထားလိုက်သည်။ ထို့နောက် သူ့ဆံပင်မှ ဆံညှပ်များကိုဖြုတ်ချကာ ရှည်လျားသော ဆံပင်ကို ကျောပေါ်သို့ ဖါးလျားချလိုက်သည်။

တိုကီဝါသည် ကျောက်တုံးတစ်တုံးမှတစ်တုံးသို့ ကူး၍ ရေကန်ထဲဆင်းသည်။ ထိုမှတဆင့် ကန်ကိုဖြတ်၍ ရေတံခွန်ဆီသို့ လျှောက်သွားသည်။ ရေတံခွန်အောက်ရောက်၍ ရေနှင့်ထိတွေ့လိုက်သည့်အခါ အေးလွန်းလှသဖြင့် အသက်ရှုပင် ရပ်တော့မလိုဖြစ်သွားသည်။ သူ့နှုတ်မှလည်း သာယာမှုကို အခြေခံသော အာမေဋိတ်သံ တစ်သံ ထွက်သွားသည်။ သူသည် ဦးခေါင်းကိုလှန်၍ မျက်လုံးများကို စုံမှိတ်ကာ အဆက်မပြတ်ကျလာနေသော ရေ၏ပိုက်ထွေးမှုကို ရယူသည်။

တိုကီဝါ၏နားများသည် သူ့အပေါ်ကျဆင်းနေသည့် ရေသံများမှတပါး အခြားဘာသံမှ မကြားရ။ အလှမ်းအတော်ဝေးသော နေရာများမှ လှုပ်ရှားသွားလာနေကြသည့် လှည်းသံများ၊ မြင်းခွာသံများနှင့် လူသံများသည် သူ့ဆီသို့ ရောက်မလာ၊ နောက်ထပ် အဆက်မပြတ်လာနေကြသော လူများနှင့် မြင်းများသည်လည်း သူမကြား မမြင် မသိပဲ နှင့်လွင်ပြင်ပေါ်မှ ဖြတ်သွားခဲ့ကြပြီ။

တိုကီဝါသည် သူ့လက်မောင်းများနှင့် ခန္ဓာကိုယ်အထက်ပိုင်း၌ တင်နေကြသော ဖန်နှင့်တူလှသည့် ရေသီးရေစက်ကလေးများကို ကြည့်နေမိသည်။ သူ့စိတ်အာရုံသည် 'ရွှေပေဗီလီယံဂေဟာရိပ်သာ' ကို ထင်ယောင်မြင်ယောင်လာသည်။ ထိုစဉ်က သူ ရေချိုးနေခိုက် ယီဒိုမြို့အတွင်း လမ်းများပေါ်မှ သောသောရုတ်ရုတ် အသံများကို သူ ပြန်၍ ကြားယောင်လာသည်။

ထိုအဖြစ်နှင့် သူကြုံခဲ့ရသည်မှာ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီကျော်ကျော်က ဖြစ်သည်။ ထိုအဖြစ်နှင့်ကြုံခဲ့ရပြီးနောက် ဖြစ်ရပ်များသည် များစွာပေါ်ပေါက်လာ ခဲ့သည်။ တကယ်တော့ သူ့ဘဝနှင့်သန်းပေါင်းများစွာသော အခြားသူများ၏ ဘဝများ သည် ယီဒိုပင်လယ်အော်အတွင်းသို့ ဆိုက်ရောက်လာပြီး ကျောက်ချရပ်နားနေကြသည့် သင်္ဘောနက်များကြောင့် ကသောင်းကနင်းတွေ ဖြစ်ရလေမလား။ အခုတော့ဖြင့် နေရာတိုင်းမှလူများသည် ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် နေထိုင်နေကြရ၏။

သူ့စိတ်ထဲတွင် မသက်မသာဖြစ်မှုသည် လွှမ်းမိုးလျက်ရှိသည်။ ကြွက်စားရှိနေ

www.burmeseclassic.com

www.burmeseclassic.com

သည့်ကြားမှပင် သူ့စိတ်၏ တစ်စိတ်တစ်ပိုင်းသည် ဘေးအန္တရာယ်နှင့် အပြောင်းအလဲကို လိုလားကြိုဆိုလျက်ရှိ၏။ ရွှေပေဗီလီယံဂေရှားရိပ်သာ၌ ညပေါင်းများစွာ စိတ်မပါကိုယ်မပါ နေခဲ့ရခြင်းများနှင့် ငြီးငွေ့ခြင်းများကို သတိရနေမိသည်။

သူ့အနေဖြင့် စိတ်ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ ရိပ်သာကို လာလေ့ရှိသော လူချမ်းသာများ၊ ကိုယ်ခန္ဓာဝဝပြဲပြဲနှင့်အသက်ကြီးရွယ်အိုများအား ဖျော်ဖြေရ၏။ သူ့အနေဖြင့် ဖျော်ဖြေနေရပေမဲ့လည်း စိတ်ထဲမှာကတော့ တိတ်တဆိတ်ကြိတ်၍ ငိုကြွေးနေခဲ့ရ၏။ ကံမကောင်းလွန်းလှသည့် သူ့ဘဝအကြောင်းတွေးကာ စိတ်၏ ချမ်းမြေ့ခြင်းကိုမရရှိခဲ့ချေ။

အခုအချိန်မှာတော့ဖြင့် ဘာတွေပဲဖြစ်လာ . . ဖြစ်လာ အရင်ကလို အခြေအနေမျိုးကိုတော့ ပြန်ရောက်လိမ့်မည်မထင်။ ရေတံခွန်အောက် ရောက်နေသည့် တိုကီဝါသည် သူ့ဘဝကို အရင်ကထက်ပို၍ လွတ်လပ်မှုရှိသည်ဟု ထင်မြင်ယူဆလျက်ရှိသည်။ သူ့ဘဝတစ်လျှောက်လုံး အခုအချိန်သည် အလွတ်လပ်ဆုံးအချိန်ဟု သူထင်နေမိသည်။ ထို့ကြောင့်လည်း အခုလောလောဆယ် သူ၏စိတ်ခံစားမှုသည် စိတ်ချမ်းသာမှုဘက်ကိုသာ ဦးတည်လျက်ရှိလေသည်။

(၁၇)

'ဒီနေရာကစပြီး ကျွန်တော်တို့လမ်းအတိုင်း မသွားတော့ဘူး။ ဟိုဘက်က သွားရမယ်အောင်'

ရောဘတ်အီဒင်သည် သူ့မြင်း၏အရှိန်ကိုသပ်ပြီး အမောတကော လှမ်းပြောသည်။ သူ့မြင်းမှာ တစ်ကိုယ်လုံး ချွေးတွေစိုရွှဲလျက်ရှိ၏။ သူသည် မြင်းကို ခပ်နှေးနှေး ... လမ်းနှင့်ကိုက်အနည်းငယ်ကွာသည့် သစ်ပင်ထူထပ်သော တောအုပ်ဆီသို့ ...လာခဲ့သည်။ ဆင်တာရိုသည် သူ့နောက် ကိုက်အနည်းငယ်ခန့်အကွာမှ လိုက်...သည်။

မိနစ်အနည်းငယ်မျှအကြာတွင် သူတို့သည် လရောင် မထိုးဖောက်နိုင်သည့် ...ပင်အလွန်ထူထပ်သော တောအုပ်တွင်းသို့ ရောက်လာခဲ့ကြသည်။ သူတို့အား ...ဘက် လမ်းဆီမှ မမြင်သာသည့် အတွင်းဘက်ပိုင်းရောက်လာသည့်အခါ အီဒင် ... သူ့မြင်းကို ရပ်လိုက်သည်။

'ကျွန်တော်တို့ ဒီမှာ ခဏနားကြမယ်'ဟု အီဒင်က တိုးတိုးသာသာ ပြောသည်။

'တကယ်လို့ ကျွန်တော်တို့နောက်က လူတွေလိုက်လာနေသေးတယ်ဆိုရင်လည်း ...အသံကို ကျွန်တော်တို့ ကြားနိုင်စရာရှိတယ်'

...နှစ်ဦးသား နားစွင့်ကြသည်။ မြင်းခွာသံ၊ လူသံ၊ ဘာသံမှ မကြားရ၊ သူတို့ကြား...သည့် အသံဟူ၍ တစ်သံသာ ရှိသည်။ ယင်းမှာ အတော်ဝေးဝေးမှ လာနေသည့် ...သံနှင့် ရေတံခွန်ကျသံများ...၊ ထူထပ်သော တောအုပ်၏ တိတ်ဆိတ်မှုကို ဖေါက်ထွင်း...ည့် အသံများဖြစ်သည်။ တစ်မိနစ်ခန့် နားစွင့်အပြီးတွင် အီဒင်သည် ဆင်တာရိုပခုံး...ပုတ်လိုက်သည်။

'ဝင်ဗျား မြင်းစီးကောင်းပဲ ဆင်တာရို'ဟု အီဒင်က ဂျပန်ဘာသာဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့နောက်က လိုက်လာတဲ့လူတွေကို အပြတ်ဖြတ်ပစ်နိုင်ခဲ့တယ်'

ဆင်တာရိုက ခေါင်းညိတ်သည်။ 'ဟုတ်တယ်...မာစတာ၊ ဒါပေမယ့် အရုပ်ဆိုး လူရိုင်းတစ်ယောက် ကမ်းပေါ်ရောက်နေပြီဆိုတဲ့သတင်းက နေရာအနှံ့ ရောက်သွားတော့မှာသေချာတယ်။ ဒီနယ်တစ်ပိုက်က လူတွေအနေနဲ့ ကျွန်တော်တို့ကို သတိထားပြီး ကြည့်နေတော့မှာ သေချာတယ်'

'မပူပါနဲ့...၊ ဘာပဲဖြစ်ဖြစ် သူတို့ထက် ရှေ့တစ်လှမ်းသာအောင်၊ နေသွားရင် ရမှာပါ...၊ ကျွန်တော်တို့ ရေတံခွန်ဘက်သွားကြမယ်...'၊ လူရော မြင်းပါ ရေငတ်ကုန်ပြီ'

သူတို့သည် နားများကို စွင့်၍ ရေသံလာရာဆီသို့ သစ်ပင်များကြားမှ ဖြတ်သွားကြသည်။ ရေသံသည် ပို၍ကျယ်လောင်လာသည်။ နောက်ဆုံးတွင် သူတို့သည် ရေတံခွန်စီးဆင်းလျက်ရှိသော ကုန်းမြင့်ကို မြင်ကြရ၏။ အီဒင်သည် သူ့မြင်းဇက်ကြိုးကို အသာဆွဲကာ ရေတံခွန်၏အလှတွင် ငေးမောနေသည်။

လသည် ကောင်းကင်တွင် အမြင့်ပိုင်းသို့ ရောက်နေလေပြီ။ ပတ်ဝန်းကျင်တွင် လရောင်၏ ပက်ဖျန်းလွှမ်းခြုံမှုကြောင့် အရာရာတိုင်းကို မြင်နေရ၏။ လရောင်ဆမ်းသော ညသည် သာယာအေးမြလှပါဘိခြင်း...။ အီဒင်သည် ဘွားခနဲ တွေ့လိုက်ရသော တောင် ပေါ်မြေကွက်လပ်၏အလှသဘာဝအလှတွင် နစ်မျောလျက်ရှိလေသည်။

သူ့ရင်ထဲတွင် ရေကန်ထဲသို့ ခုန်ဆင်းလိုက်လိုစိတ် ပြင်းပြလျက်ရှိသည်။ ဤ အခိုက်မှာပင် ရေတံခွန်အောက်မှ လှုပ်ရှားမှုတစ်ခုကို မြင်ရသည်။ ပထမတော့ ဘာရယ် သို့ ခွဲခြားပြီး မသိ၊ တဖြည်းဖြည်းနှင့် လူတစ်ယောက်၏ ပုံလွှာဖြစ်နေသည်ကို သိလာ ရ၏။

ပထမတော့ အလင်းရောင်၏လှည့်စားမှုကြောင့် သူ့မျက်လုံးများ အမြင်မှားနေ ခြင်းဟု ထင်မိသည်။ နောက်ကျတော့ ပခုံးထက်၌ ကျလျက်ရှိသော ဆံပင်များကို အပီအပြင် ခွဲခြားပြီး သိလာရသည်။ ထို့နောက် အဝတ်မပါ ဗလာကျင်းလျက်ရှိသော ကျောပေါ်မှ ရှည်လျားလှပသောဆံပင်...။ ဖြည်းဖြည်းချင်း လှည့်လာသည့်ဦးခေါင်း...၊ ချစ်စရာကောင်းလှသည့် လှပသော မျက်နှာ...။ ထိုမျက်နှာသည် တစ်ဖွဲဖွဲကျဆင်း နေသော ရေများဆီသို့ မော့ထားသည်။ လရောင်သည် သူ့ရင်သားနှင့် သေးသွယ်သော သက်မောင်းများပေါ် ပက်ဖျန်းထားသည်။ နောက်ဆုံးကျတော့ သဲသဲကွဲကွဲ မြင်လာ ရ၏။ သူ့အမြင် မလွဲမှားနိုင်...။ ဝတ်လစ်စားလစ်နှင့် မိန်းမပျိုတစ်ယောက် . . .။

'သိပ်ကိုချစ်စရာကောင်းတာပဲ'ဟု အီဒင်က ရေရွတ်သည်။ သူ့နောက်မှလိုက် လာသော ဆင်တာရိုသည် သူ့ဘေးနားသို့ ရောက်လာသည်။ 'စောစောကတော့ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ကူးယဉ်နေမိပြီလို့ ထင်တယ်။ အခုကျတော့ ဒဏ္ဍာရီ

ပုံပြင်ထဲက ဂျပန်ရေနတ်သမီးလေးကို မြင်နေရတာပါလို့ တွေးမိတယ်'

သူသည် စကားကိုဆက်မပြောသေးပဲ ရပ်ထားသည်။ ဆင်တာရို၏ မျက်နှာကို ရှုမှမ်းသည့်အနေဖြင့် ကြည့်နေသည်။ 'ခင်ဗျား ဘယ်လိုထင်သလဲ . . ဆင်တာရို၊ သူ ဘယ်သူလဲ . .။ ဘာပြုလို့ အခုလိုညဥ့်နက်သန်းခေါင် အချိန်ကြီးမှာ ဒီနေရာကို တစ်ယောက်ထဲ ရောက်နေရတာလဲ'

ဆင်တာရိုသည် ရေတံခွန်ဘက်သို့ လှမ်းကြည့်သည်။ 'ဒီဟာက ဘာမှ ထူးခြား တဲ့ အဖြစ်မဟုတ်ပါဘူး . . .မာစတာ။ ကျွန်တော်တို့ တိုင်းပြည်မှာ ကိုယ်တုံးလုံး ရေချိုးတာ အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ မြို့ကြီးပြကြီးတွေနဲ့ ရွာတွေမှာ အများသုံး ရေချိုးခန်းတွေ အများကြီးရှိပါတယ်။ မာစတာတို့ဆီမှာလို ကိုယ်တုံးလုံး ရေချိုးတာဟာ ရှက်စရာအလုပ်တစ်ခု မဟုတ်ပါဘူး'

သူသည် စကားကို ဆက်မပြောပဲ ရပ်သွားသည်။ ကျောက်တုံးကျောက်ဆောင် များ၏ခြေရင်း သစ်ပင်တစ်ပင်၌ ချည်ထားသော မြင်းဆီ လက်ညှိုးထိုးပြသည်။ 'မာစတာ မြင်တယ်မဟုတ်လား . . ၊ အဲဒီမြင်းဟာ သူ့မြင်းပဲ၊ သူ ဒီအနီးအနားမှာ နေတာဖြစ်ချင်ဖြစ်မယ်။ ညကျမှ ဒီနေရာကို လာ . . လာပြီး ရေချိုးတာ ဖြစ်ချင်လည်း ဖြစ်မယ်။ သဘာဝရဲ့ တိတ်ဆိတ်မှုထဲမှာ အေးမြတဲ့ရေကို ချိုးရတာဟာ သူ့ အနှစ်သက် ဆုံးအရာတစ်ခု ဖြစ်ချင်လည်း ဖြစ်မယ်။ အတိအကျတော့ ကျွန်တော်လည်း မသိဘူး၊ ဒါပေမဲ့ သူသိပ်လှတယ်လို့ ပြောလိုက်တဲ့ မာစတာ့စကားကတော့ မှန်ပါတယ်'

'ကျွန်တော်တို့ သူ့ကို စကားပြောလို့ရမလား' ဟု အီဒင်က ရေကန်ဆီသို့ တစ်ချက်လှမ်းကြည့်ပြီး မေးသည်။ 'သူနဲ့တူတူ သူ့လိုပဲ ရေကန်ထဲ ရေဆင်းချိုးလို့ကော ရမလား'

ဆင်တာရို ခေါင်းခါသည်။ 'ရေဆင်းမချိုးတာ အကောင်းဆုံးပါ .. မာစတာ၊ ဒီနားမှာနေတာကိုက အန္တရာယ်ရှိတယ်။ ကျွန်တော်တို့အဖို့ အသက်တောင် ပေးချင် ပေးနေရမှာ'

အီဒင်သည် သက်ပြင်းတစ်ချက်ချကာ ရေတံခွန်ဘက်သို့ လှမ်းကြည့်သည်။ ကိုယ်လုံးတီး မိန်းမပျိုသည် ရေတံခွန်အောက်မှ ထွက်လာပြီး ရေကန်ဆီသို့ လျှောက်လာ သည်။ သူသည် ခေါင်းကိုယမ်း၍ ဆံပင်များကို ခါသည်။ ဆံပင်များသည် မျက်နှာတွင် ရစ်ပတ်ကာ ဘေးတစ်ဖက်တစ်ချက်တွင် ဝဲပျံနေကြသည်။ လရောင်ထဲတွင် မိန်းမပျို၏ နှာကိုယ်သည် ရွှေရောင်ဝင်းနေသည်။

'မာစတာ . . ၊ ကျွန်တော်တို့ သတိထားရမယ့် နောက်တစ်ခု ရှိနေသေးတယ်၊ ဟောဟိုမှာကြည့်'

www.burmeseclassic.com

www.burmeseclassic.com

ဆင်တာရိုသည် သူ့လက်တစ်ဖက်ဖြင့် အီဒင့်လက်ကို အသာဆွဲပြီး သစ်ပင်ကျ ချည်ထားသည့် မြင်းဆီသို့ လက်ညှိုးထိုးပြသည်။ ကျောက်တုံးကြီးများအောက်ရှိ အရိ များထဲတွင် ရှိနေသူမှာ တာနာကာ၏ အစောင့်အကြီးအကဲ ဂိုတာရို . . .။ သူသ သူ့မြင်းပေါ်မှ တိတ်တိတ်ကလေးဆင်းကာ ရေကန်ဘက်သို့ လျှောက်သွားနေသေ ဝတ်လစ်စားလစ် တိုကီဝါအား လှမ်းကြည့်နေသည်။ သူ့ကို တိုကီဝါ မမြင်မှန်း သေ သွားသည့်အခါ ဂိုတာရိုသည် သူ့မြင်းကို တိုကီဝါ၏ မြင်းဘေး၌ ကပ်၍ချည်ထားလို ပြီး သူ့ခါးမှဓါးရှည်ကို ဆွဲထုတ်ကာ ရေတံခွန်ဆီသို့ အသာကလေး လျှောက်သွ သည်။

'သူက ဘာလုပ်မလို့လဲ' ဟု အီဒင်က တိုးတိုးရေရွတ်သည်။ 'ကြည့်ရပ ဟိုအမျိုးသမီးမှာ အန္တရာယ်များ ရှိနေမလား'

'ဟုတ်တယ်၊ ရှိချင်ရှိနိုင်မယ်လို့ ထင်ရတယ်' ဟု ဆာမူရိုင်းဓါးသမားအ မျက်ခြည်မပြတ် ကြည့်နေသော ဆင်တာရိုက ပြန်ပြောသည်။ 'သူတို့နှစ်ယော ကြားမှာ ကိုယ်ရေးကိုယ်တာ ပြဿနာရှိချင်ရှိနေမှာ'

အမျိုးသမီးသည် ရေကန်ဆီသို့ကူးရာ နောက်ဆုံးကျောက်တုံးဆီသို့ ရောက်လာ သည်။ ထိုကျောက်တုံးပေါ်တွင် သူချွတ်ပြီး ပုံထားခဲ့သည့် အဝတ်များ ရှိနေသ မဟုတ်ပါလား . . .။ ထိုအခိုက်မှာပင် တိုကီဝါသည် သံခမောက်ဆောင်းထားသ ဂိုတာရိုအား မြင်သွားသည်။ ဂိုတာရိုသည် သူ့ဓါးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင် ကပ်လာနေခြင်း ဖြစ်သည်။

တိုကီဝါသည် အလန့်တကြားဖြစ်ကာ စူးစူးဝါးဝါးအော်သည်။ ရေတံခွန်ဘ သို့ပြေးသည်။ သို့သော်လည်း ဂိုတာရိုက လက်မောင်းကို ဖမ်းဆွဲလိုက်သဖြင့် အပိ လိုက်ရ၏။ ဂိုတာရိုသည် တိုကီဝါအား ပွေ့ယူကာ သူ့ပခုံးပေါ်တွင်တင်၍ မြင်းရှိ ကောင်ဆီသို့ သွားသည်။ တိုကီဝါသည် ပခုံးထက်မှနေ၍ အော်ဟစ်ကာ ရုန်းကန်လျ ရှိ၏။ သို့တစေလည်း သူ့ခွန်အားသည် ဂိုတာရိုနှင့် ယှဉ်နိုင်စွမ်းမရှိ။

'မတ်တီကုခါဆိုင်း' ဟု အီဒင်က အော်ပြောပြီး သူ့မြင်းပေါ်မှ ခုန်ဆင်းသည်။

အကြီးအကျယ် အံ့အားသင့်သွားသော ဓါးကိုင်ဆာမူရိုင်းသည် ရေကန်ငယ်၏ အစွန်း၌ရပ်ကာ ဓါးကိုအသင့်ကိုင်၍ အမှောင်ထဲမှ ခုန်ထွက်လာသော လူနှင့်ဆိုး ရင်ဆိုင်သည်။ အီဒင်မှာ အခုအချိန်အထိ သူ့ခမောက်ကို မျက်နှာလုံအောင် ဆောင် ထားဆဲ၊ သူ ဝတ်ထားသည့် အပြာရောင်ဝတ်စုံနှင့် ကောက်ရိုးညှပ်ဖိနပ်များကြော သူ့အား လယ်ကွင်းထဲမှ နိုပွန်လယ်သမားတစ်ယောက်ဟုပင် ထင်မှတ်ရ၏။ သို့သော် လည်း အီဒင်ကို မြင်လိုက်ရသည့်အခါ ဂိုတာရို၏ မျက်နှာထားသည် ဝေခွဲ၍မရသည့်

လက္ခဏာကို ပြသည်။ သူ့ရှေ့၌ ရပ်လာသော အမေရိကန်သည် သူ့ခါးမှ ဓါးရှည် ဂုတ်ထားပြီးဖြစ်၏။

'ကာနိ ဂျိုအို ဟာနာဆာ နတ်ခါတာရာ ကိရ–ဇို' ဟူသော ဂျပန်ဘာသာ သည် အီဒင့်ထံမှ ထွက်လာသည်။ အီဒင်သည် သူ့လက်ထဲမှ ဓါးကိုမြှောက်၍ တိုးလာသည်။ 'သူ့ကို မလွှတ်ရင် မင်းသေမယ်' ဟု ပြောလိုက်ခြင်းဖြစ်၏။

'မင်းနဲ့မဆိုင်တဲ့ကိစ္စမှာ မင်း ဝင်မပါနဲ့' ဟု ဂိုတာရိုက ရပ်နေသည့်နေရာမှ ဆုတ်ပဲ ပြန်ပြောသည်။ 'မင်းဝင်ပါရင် သေရမယ့်ကောင်ဟာ မင်းပဲဖြစ်ရမယ်'

အီဒင်သည် နောက်ထပ်သတိပေးစကား မပြောတော့ပဲ သူ့ဓါးဖြင့် ဆာမူရိုင်း၏ တအားလွှဲ၍ ခုတ်သည်။ ဂိုတာရိုကလည်း သူ့ဓါးကိုမြှောက်၍ အီဒင်၏ ချက်ကို ဆီးခံသည်။ ယင်းခုခံမှုကြောင့် အီဒင်ဓါးသွားသည် ဂိုတာရို၏ ပခုံးကို ကာ သွေးထွက်လာသည်။ သို့သော်လည်း ဂိုတာရို၏ လက်ထဲမှ ဓါးသည် ထွက်မသွား။ အပြင်းအထန် ဒေါသထွက်နေပြီဖြစ်သော ဂိုတာရိုသည် တစ်ခွန်းမျှ လိုက်ပြီး သူ့လက်တွင်းမှ တိုကီဝါကို လွှတ်ပစ်လိုက်ပြီး အီဒင်ဘက်သို့လှည့်၍ ကြည့်မတ်မတ် ရင်ဆိုင်သည်။

'အိုက်ကီအူမာနိဟိုအီးအိုက်ကီ (ကိုယ့်မြင်းဆီကိုပြေး)' ဟုအီဒင်က ရေကန် ကြောက်လန့်တကြား ဝပ်နေသော ကိုယ်တုံးလုံးမိန်းမပျိုဘက်သို့ လှည့်ပြော ။ 'ဆုရှူအိုက်ကီ' (မြန်မြန်သွား)

အီဒင်သည် သူရင်ဆိုင်နေရသည့် ဆာမူရိုင်းအား အမျိုးသမီးဆီမှ အာရုံပြောင်း ရန် ရည်ရွယ်လုပ်ဆောင်နေခြင်း ဖြစ်၏။ သူသည် ဆာမူရိုင်း၏ မျက်နှာကိုလည်း ပေး... ။

'အမျိုးသမီးကို ကူညီပါ ဆင်တာရို' ဟု သူက အော်ပြောသည်။

'သူ့ကို ဝေးရာရောက်သွားအောင် ပို့ပေးပါ'

ဆာမူရိုင်းသည် တစ်ခွန်းမျှ တအားကုန် အော်လိုက်ပြီးသော် သူ၏ဓါးကို ရိကန်ဘက်သို့ စနစ်တကျ ချိန်ရွယ်ပြီး ခုတ်ချလိုက်သည်။ ထိုဓါးချက်သည် ရိကန်၏ ဦးခေါင်းကို ထက်ခြမ်းကွဲသွားစေရန် ရည်ရွယ်သည့် ဓါးချက်ဖြစ်၏။ လည်း လိမ္မာပါးနပ်လွန်းလှသည့် အမေရိကန်သည် တစ်ဖက်သို့ လျှင်မြန်စွာ လိုက်ခြင်းအားဖြင့် လွတ်အောင်ရှောင်သည်။

ဂိုတာရိုသည် သူ့အရှိန်ကို ပြန်၍တည်ငြိမ်အောင် ထိန်းသိမ်းသည်။ ပါးစပ် ဟင်းသားဖြင့် သူ့ရှေ့မှ အမေရိကန်ဆိုသည့်လူကို အသေအချာကြည့်သည်။ ဘေး က်သို့ တိမ်းရှောင်သည်။ ဓါးဖြင့် တအားလွှဲခုတ်သည်။ သို့သော်လည်း ထိုဓါး

www.burmeseclassic.com

www.burmeseclassic.com

သည် အီဒင်အားမထိ။

'မင်းဟာ ဘန်ဇိုက ပဲ' ဟု ဆာမူရိုင်းက အော်သည်။ 'မင်းဟာ လူရိုင်းတွေ့ သူလျှိုပဲ'

အီဒင်သည် တစ်ပတ်မျှ ပြန်လှည့်လိုက်သည်။ ဆာမူရိုင်းဂိုတာရိုသည် တိုက် ဘက်သို့ လှည့်ကြည့်သည်။ တိုကီဝါသည် ရေကန်ဘေးတွင် ဝပ်နေရာမှ ထရပ်လိုက် တိုက်ပွဲကို ကြည့်သည်။ အီဒင့်မျက်နှာကို မြင်လိုက်သည့်အခါ သူသည် အံ့အားသ လျက်ရှိ၏။ သူ့ပါးစပ်ကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ တအံ့တဩဖြစ်လျက်ရှိသ

'နင်ဟာ ဘန်ဇိုက နဲ့ မဟာမိတ်ဖြစ်နေတာပါလား' ဟု ဂိုတာရိုက အော်သ

'နင်က နိုင်ငံခြားသား သူလျှိုကို ကူညီနေတာပဲ'

'မဟုတ်ဘူး .. ၊ မဟုတ်ဘူး' ဟု တိုကီဝါက ခေါင်းတခါခါဖြင့် ငြင်းသည်။

'ကျွန်မ ဘန်ဇိုက ကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။ အခုမှ မြင်ဖူးတာ'

တိုကီဝါသည် ကျောက်တုံးပေါ်မှ အဝတ်အစားများကိုယူ၍ ကပြာကယာဝ သည်။ ဆင်တာရိုသည် သစ်ပင်များနောက်တွင် ဝင်ပုန်းနေရာမှ ထွက်လာပြီး တိုက် အား အားပေးစကားပြောလျက်ရှိသည်။ ပြောနေရင်းမှပင် အီဒင်နှင့်ဂိုတာရိုတို့ တိုက်ပွဲကို သောကမကင်းသည့် မျက်နှာထားဖြင့် စောင့်ကြည့်နေသည်။

'သူ အမှန်အတိုင်းပြောနေတာ' ဟု အီဒင်က ဂျပန်ဘာသာဖြင့် အော်ပြောသ

'မင်း သူ့ကို မနှောင့်ယှက်ပါနဲ့၊ သူ့ဆန္ဒမရှိပဲ ဒီနေရာက ခေါ်သွားလို့ မရနိုင်ဘူ'

'အဲဒါကို ဆုံးဖြတ်ရမှာက ငါကွ ..။ မင်း မဟုတ်ဘူး' ဟု ဂိုတာရိုက အော်ပြော အီဒင်အား သူ့ဓါးနှင့် အတင်းဝင်ရောက် တိုက်ခိုက်သည်။ သူသည် အီဒင်၏ လည်ပ ကို တစ်ချက်တည်းနှင့် ခုတ်ရန် အားထုတ်လျက်ရှိလေသည်။

အီဒင်ကလည်း နောက်သို့အမြန်ဆုတ်သည်။ သူသည် တစ်ဖက်လူ ဆာမူရိ ကဲ့သို့ပင် ဓါးရိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကျလာသမျှ ဓါးချက်များကို ခု ကာကွယ်လျက်ရှိသည်။ သံမဏိဓါးသွားချင်း ထိခိုက်မိသံသည် အဆက်မပြတ် ထွ ပေါ်လာနေသည်။ မည်သို့ပင်ဖြစ်စေ သူ၏ခုခံကာကွယ်မှုများသည် သူ့ပြိုင်ဘက်ထ အဆပေါင်းများစွာ သာလွန်နေသည်ဖြစ်ရာ တစ်ဖက်လူ၏ တိုက်ခိုက်မှုများသည် သ အပေါ်၌ ထိရောက်ခြင်း မရှိလှချေ။

တစ်ဖက်လူဆာမူရိုင်းသည် အီဒင်၏ တိုက်ခိုက်မှုများကို အလူးအလဲခု ကာကွယ်နေရသည်။ ဤအဖြစ်ကို မြင်တွေ့နေရသော အီဒင်သည် ဆာမူရိုင်းအာ အနီးကပ်တိုက်ခိုက်ခြင်းကို ပြုသည်။ သူ့ဓါးကို လက်နှစ်ဖက်ဖြင့် တင်းကြပ်စွာ ဆုပ်ကို ပြီးသော် တအားကုန်ခုတ်သည်။ ဓါးချက်သည် ဆာမူရိုင်း၏ ဦးခေါင်းထက်သို့ ပြင်း

ပျံရောက်သည်။

ဆာမူရိုင်းသည် အီဒင်၏ ပြင်းထန်သော ဓါးချက်ကြောင့် ဒယီးဒယိုင်ဖြစ်သွား ည်။ သူ့မျက်လုံးများသည် ကြောင်ငေးငေး ဖြစ်သွားသည်။ သူ့လက်ထဲမှ ဓါးသည် က်ကျသွားသည်။ တစ်ခဏမျှအကြာတွင် သူသည် ကျောက်တုံးကျောက်ဆောင်များ ပ်သည့် စမ်းချောင်းစီးဆင်းရာ ရေကန်ငယ်ထဲသို့ ကျသွားသည်။ ထို့နောက် ၎င်းကိုယ်သည် ရေစီးနောက်သို့ လိုက်ပါသွားလေ၏။

'မြန်မြန်လုပ်ပါ .. မာစတာ' ဟု ဆင်တာရိုက ဓါးကို ဓါးအိမ်ထဲ ပြန်သွင်းနေ ည့် အီဒင်အား ကြည့်နေရာမှ လှမ်းပြောသည်။ 'မာစတာတို့ တိုက်ခိုက်နေကြတဲ့ ပ်တွေကို ဘေးက မကြားပဲ မနေဘူး။ သူ့ဘက်တော်သားတွေ လာကုန်ပြီ'

အီဒင်က နားစွင့်သည်။ အပေါ်ဘက် လမ်းမပေါ်မှ တောအုပ်များကို ဖြတ်၍ င်းလာနေသော မြင်းခွာသံများ .. ။ သူ့အကြည့်သည် ဆင်တာရိုနှင့် ဂျပန်မိန်းမချော ထံရောက်သွားသည်။ နှစ်ဦးစလုံး မြင်းများဆီ ရောက်သွားခဲ့ကြလေပြီ။ ခဏအကြာ င် သူသည် ဂျပန်မလေးရှေ့မှောက်သို့ ရောက်သွားပြီး ဦးခေါင်းကိုညွှတ်၍ နှုတ်ဆက် ည်။

'ကိုယ်က လက်ဖတင်နင် ရောဘတ်အီဒင်ပါ' ဟု ဂျပန်ဘာသာဖြင့် သူ့ကိုယ်သူ ဆက်သည်။ 'အခုလို ကူညီခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ် . . .'

တိုကီဝါသည် ပထမတော့ အီဒင့်မျက်နှာကို ပြတ်ပြတ်ထင်ထင် မမြင်ရ။ ပြီးတော့ ဘဝတွင် ပထမဆုံးအကြိမ် ဘန်ဇိုက အားမြင်ဖူးခြင်းဖြစ်၍ ထိတ်လန့်တုန်လှုပ် ည်။ အခု သူမြင်နေရသော လူ၏ဆံပင်သည် နီရဲရဲ .. ။ ပြူးနေသော မျက်လုံးအစုံ ည် ခပ်ဝိုင်းဝိုင်း၊ ပြီးတော့ ရင်အုပ်ကျယ်ကျယ် . . ။ အရပ်ကမြင့်မြင့် ထောင်ထောင် င်းမောင်း . . ။ သူ့အား အပေါ်မှနေ၍ အုပ်မိုးထားသည့်နှယ်ရှိ၏။ ဖြုန်းခနဲ လူချင်း ပုံမိလိုက်ခြင်းဖြစ်၍ တိုကီဝါသည် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

'သူ့နာမည်က မတ်ဆူမူရာတိုကီဝါပါ မာစတာ' ဟု ဆင်တာရိုက စကား မပြောနိုင်ဖြစ်နေသော တိုကီဝါ့ကိုယ်စား ဝင်ပြောသည်။ 'တိုကီဝါ–ဆန်က ကျွန်တော့်ကို ပြောပြတာကတော့ သူ့ကို အစောင့်တွေရဲ့ကာကွယ်မှုအောက်မှာ အထားခံခဲ့ရတယ် . . တဲ့၊ ဒါပေမယ့် သူ့မှာ အန္တရာယ်ရှိလာမယ်ထင်လို့ ထွက်ပြေးလာခဲ့တယ် . . တဲ့'

'ဒီလိုဆိုရင် ကိုယ်တို့နှစ်ယောက်စလုံး ဘဝတူတယ်၊ ဝရမ်းပြေးတွေပေါ့' ဟု ပင်က ကြားနေရသည့် မြင်းခွာသံများကို နားစွင့်ရင်းပြောသည်။ 'တို့ မင်းကို ခေါ်သွား ရမလား'

တိုကီဝါက မဆုံးဖြတ်နိုင်ဖြစ်နေသည့် မျက်နှာထားဖြင့် ဆင်တာရိုအား လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည်။ 'ကျွန်မ . . .မ . . .မသိ' ဟု ရေရွတ်သည်။

'သံသယတွေဖြစ်နေဖို့ တို့မှာ အချိန်မရှိဘူး' ဟု အီဒင်က တိကျပြတ်သားသော လေသံဖြင့်ပြောကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ 'မြင်းပေါ်ကိုတက်တော့ . . .ဆင်တာရို၊ သူ့မြင်းပေါ်က ခြင်းတွေကို ဖြုတ်ချခဲ့၊ ကျွန်တော်တို့ တောင်ပေါ်လမ်းကို လိုက်လို့လည်း မဖြစ်ဘူး၊ တောင်အောက်ကို ဆင်းလို့လည်း မရဘူး၊ ရေတံခွန်ကို ဖြတ်ထွက်ရင် တောင်ကုန်းဘေးအတိုင်း သွားနေတဲ့ လူသွားလမ်းတစ်လမ်း မြင်ရတယ်။အဲဒီလမ်းအတိုင်း လိုက်ရင် အဆင်ပြေဖို့ရှိတယ်'

အီဒင်သည် မြင်းပေါ်မှငုံ့၍ လက်တစ်ဖက်တည်းဖြင့် တိုကီဝါ၏ခါးကို သိမ်းဖက်ကာ သူ့ရှေ့တွင် တင်လိုက်သည်။ ဆင်တာရိုအား သူ့နောက်မှလိုက်ရန် လှမ်းပြောပြီး သူ့မြင်းကို နောက်ပြန်လှည့်ကာ ကန်ရေထဲဆင်းသည်။ ထိုမှတဆင့် ရေတံခွန်ကို ဖြတ်ထွက်သည်။ သူ့လက်တစ်ဖက်သည် ဂျပန်မလေးအား တင်းကြပ်စွာ ပွေ့ဖက်ထားသည်။

အီဒင်သည် သူ့မြင်းအား တဖွားဖွားကျလာနေသည့် ရေတံခွန်အောက်မှ ဖြတ်ထွက်စေသည်။ ဂျပန်မလေးအား ပွေ့ဖက်ထားသည့် သူ့လက်သည် ပို၍တင်းကျပ်လာသည်။ ကိုယ်ခန္ဓာ၏ သေးသွယ်ပျော့ပါးမှုနှင့် အသားအရေ၏ နူးညံ့မှုများကို သိရှိရသော အီဒင်သည် အံ့သြလျက်ရှိ၏။ သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်ကို အီဒင် သတိထားမိနေသည်။ သို့သော်လည်း ဂျပန်မလေးထံမှ စကားပြောသံမကြားရ။ သူ့အားပွေ့ပိုက်ထားသည့် အီဒင့်လက်ထဲမှ ရုန်းထွက်ရန်လည်း မကြိုးစား၊ အီဒင့်မြင်းကတော့ သူ့သခင်နှင်သည့်အတိုင်း လာရောင်ဆမ်းထားသည့် တောအုပ်အတွင်းသို့ လျှင်မြန်စွာပြေးဝင်လျက်ရှိလေသည်။

(၁၈)

'ကြည့်ရတာ နန်းတော်နဲ့တော့ မတူပါဘူး . . ၊ ဒါပေမဲ့ ခဏတဖြုတ်တော့ ကျွန်တော်တို့ကို အကာအကွယ်ပေးနိုင်မှာပါ'

ရောဘတ်အီဒင်က ဆင်တာရိုအား ဂျပန်မလေးနှင့်အတူ သူ့အားစောင့်နေရန် မှာကြားပြီး သူသည် သူ့မြင်းပေါ်မှ ခုန်ဆင်းကာ စွန့်ပစ်ထားသော ကျီတစ်လုံး ရှိပတ်၍ တလှုပ်လှုပ်ယိမ်းထိုး လှုပ်ရှားနေသော ဝါးရုံပင်များကြားသို့ တိုးဝှေ့ဝင်ရောက် သွားသည်။ ကျီ၏ သက်ငယ်အမိုးမှာ အပေါက်တွေ ဗလပွဖြစ်နေသည်။ သစ်သားနံရံ များမှာလည်း ပြုတ်ပျက်ကျကာ ယိမ်းယိုင်နေကြသည်။ သို့သော်လည်း ကျီ၏ အတွင်းဖက်၌မူ ကောက်ရိုးပုံများ ရှိနေသည်ကို တွေ့ရ၏။

လရောင်သည် ခေါင်မိုးအပေါက်များမှတဆင့် အတွင်းသို့ ဝင်ရောက်လျက် ရှိသည်။ အထဲတွင် ကွေးကောက်လိမ်တွန့်နေသော လှည်းဘီးများ၊ တစ်စစီ တစ်ပိုင်းစီ ဖြစ်နေသည့် မြင်းကုန်းနှီးက ကြိုးတန်ဆာပလာများ၊ ပြန့်ကျဲနေသည့် ဖျာစုတ်များနှင့် ပုံးစုတ်များကို မြင်ရသည်။ မည်သို့ပင်ဖြစ်စေ ကျီ၏အတွင်းပိုင်းသည် ခြောက်သွေ့၍ လေကလည်း သန့်စင်လတ်ဆတ်သည်။ အီဒင်သည် ကျီထဲမှ ချက်ခြင်းပြန်ထွက်လာပြီး ပါးရွက်များကို လက်နှင့်တွန်းဖယ်ကာ ဆင်တာရိုအား လက်ယပ်ခေါ်သည်။

'မြင်းတွေကို အပေါ်ထပ်နိုးပေါ်တက်တဲ့ လှေခါးမှာ ချည်ပစ်ခဲ့' ဟု အီဒင်က ပြောသည်။ 'နောက်ထပ် မြက်ခြောက်တွေ ရနိုင်မလားဆိုတာ ရှာကြည့်'

'ဟုတ်ကဲ့ပါ . . . မာစတာ'

ဆင်တာရို မြင်းများကို ကြိုးဖြင့်ချီနေခိုက်တွင် အီဒင်သည် ကျီ၏ဝင်ပေါက်ရှေ့၌ ရပ်နေသော ဂျပန်မလေးဘက်သို့ လှည့်လိုက်သည်။

'ဒီမှာ တိုကီဝါ–ဆန်၊ မင်းရဲ့အဝတ်အစားတွေဟာ အခုထက်ထိ စိုနေတုန်းပဲ'

www.burmeseclassic.com

www.burmeseclassic.com

ဟု ဂျပန်ဘာသာဖြင့် ပြောသည်။ 'မင်းရဲ့မြင်းပေါ်က ခြင်းတွေထဲမှာ ခြောက်သွေ့တဲ့ အဝတ်တွေ မရှိဘူးလား'

တိုကီဝါထံမှ ဘာသံမှမကြားရသော်လည်း ခေါင်းတစ်ချက် ညိတ်လိုက်သည်ကို တွေ့မြင်လိုက်ရ၏။ 'တိုကီဝါရဲ့ခြင်းတွေကို ဒီယူခဲ့ပါ ဆင်တာရို' ဟု အီဒင်က ပြောသည်။ 'ခြောက်သွေ့တဲ့ အဝတ်တွေ အဲဒီထဲမှာ ရှိတယ်လို့ သူက ပြောနေတယ်၊ တကယ်လို့ ခင်ဗျားမှာ မီးအိမ်ရှိရင် အပြင်က မမြင်အောင် ထွန်းလိုက်ရင် ကောင်းမယ်'

သူသည် ကျီ၏ အလယ်၌ရပ်ကာ အပြင်မှအသံများကို နားစွင့်လျက်ရှိသည်။ ငြိမ်ဆိတ်နေသော လောကတွင် ငှက်သံများမှတပါး အခြားဘာသံကိုမှ မကြားရ။ အီဒင်သည် အခြေအနေအရပ်ရပ်ကို စဉ်းစားကာ ဘယ်လိုဆက်လုပ်ရမည်ကို ကြံဆလျက်ရှိသည်။

ဘာပဲဖြစ်ဖြစ် အခုလောလောဆယ် ဒီမှာနေရမယ်ဆိုရင် ကျွန်တော်တို့အတွက် လုံခြုံမှုရှိတယ်လို့ ထင်တယ်' ဟု အီဒင်က ပြောသည်။ ဆင်တာရိုသည် တိုကီဝါ၏ မြင်းပေါ်မှ ယူလာသော ခြင်းများကို ဂျပန်မလေး၏ ရှေ့၌ချထားပေးသည်။ သူ့လက်ထဲ၌ ပါလာသည့် စက္ကူမီးပုံးကိုလည်း လှမ်းပေးသည်။ 'ကျွန်တော်တို့ ခဏလောက် နားနိုင်အောင် ကြိုးစားသင့်တယ်'

စက္ကူမီးပုံးကို လက်တစ်ဖက်ဖြင့်ကိုင်ကာ တိုကီဝါသည် သူ့ခြင်းများရှေ့၌ ဒူးထောက်၍ ထိုင်သည်။ ခြင်းများထဲမှ ပစ္စည်းများကို နှိုက်၍ ရှာဖွေနေသည်။ သူသည် အကြိမ်ပေါင်းများစွာ ဦးခေါင်းကိုမော့၍ အီဒင်အား လှမ်း . . လှမ်းကြည့်သည်။

တိုကီဝါ၏ မျက်နှာသည် စိတ်လှုပ်ရှားခြင်းကို ဖေါ်ပြလျက်ရှိ၏။ သူ့အရိပ်အ[ကဲ] ကိုသတိထား၍ ကြည့်နေသော ဆင်တာရိုသည် တိုကီဝါ၏ စိတ်လှုပ်ရှားမှုကို မြ[င်] သည်။ ဆင်တာရိုသည် တိုကီဝါ့ဘေး၌ ဒူးနှစ်ဖက်ထောက်၍ ထိုင်ချလိုက်သည်။

'သူ့ကိုကြောက်စရာ မလိုပါဘူး အို တိုကီဝါ–ဆန်' ဟု ဆင်တာရိုက ပြေ[ာ] သည်။ 'ကျွန်တော်တို့က အယူအဆမှားပြီး နိုင်ငံခြားသားအားလုံးကို 'အရုပ်ဆိုး[တဲ့] အရိုင်းတွေ' လို့ ခေါ်ကြတယ်။ 'သူရဲသဘက်ကြီးတွေ' လို့ ဆိုကြတယ်။ ဒါပေ[မဲ့] လက်တွေ့မှာ ကြောက်စရာကောင်းတဲ့ လူတွေ မဟုတ်ကြပါဘူး'

ဆင်တာရို၏ အသံသည် ယုံကြည်စိတ်ချရသည့် လေသံဖြစ်သော်လည်း တိုကီ[ဝါ] သည် မော့၍လည်းမကြည့်၊ စကားပြန်ပြောခြင်းလည်း မပြု၊ သူသည် ခေါင်းကိုသ[ာ] ငုံ့၍ ခြင်းထဲနှိုက်နေသည်။

ခင်ဗျားကို ကူညီခဲ့တဲ့ အမေရိကန်အမျိုးသားဟာ လူကောင်းပါ' ဟု ဆင်တာရို[က] ဆက်ပြောသည်။ 'သူနဲ့ကျွန်တော် ခင်လာခဲ့တာ လပေါင်းကြာခဲ့ပါပြီ၊ ကျွန်တေ[ာ်]

[အ]တွက်တော့ မိတ်ဆွေကောင်း တစ်ယောက်ပါ'

ဆင်တာရိုသည် နောက်သို့လှည့်၍ အီဒင်အား သူ့ဘေး၌ ဒူးထောက်ထိုင်ရန် [လ]က်ဟန်ခြေဟန် ပြပြီးခေါ်သည်။ 'ခင်ဗျား .. ရှုအီ ကိုအနီးကပ်ကြည့်ပါ အို တိုကီဝါ–[ဆ]န်၊ ဒါဆိုရင် ကျွန်တော် အမှန်တွေ ပြောတယ်ဆိုတာ သိလာမှာပါ'

ဆင်တာရိုသည် တိုကီဝါ့လက်ထဲမှ စက္ကူမီးပုံးကို ယူ၍ အီဒင့်ရှေ့၌ မြှောက်ပြ[ထ]ားသည်။ မီးရောင်ဖြင့် အီဒင့်မျက်နှာကို အပီအပြင် မြင်နေရ၏။ အီဒင်သည် ကြမ်း[ပ]ေါ်၌ ဖင်ချ၍ထိုင်ကာ ခေါင်းပေါ်မှ ကောက်ရိုးခမောက်ကို ချွတ်လိုက်သည်။ နောက်ဆုံး[တ]ွင် တိုကီဝါသည် ဦးခေါင်းကိုမော့၍ အီဒင်အား လှမ်းကြည့်သည်။

'မကြောက်ပါနဲ့' ဟု အီဒင်က ဂျပန်ဘာသာဖြင့် ပြောသည်။ 'တို့လည်း မင်း[ရဲ့မိတ်]ဆွေပါ'

တိုကီဝါ၏ ရှည်လျားမဲနက်သော ဆံပင်သည် အခုအချိန်အထိ မခြောက်သေး၊ [သ]ူ့မျက်နှာတစ်ခြမ်းကို ဖုံးနေသည့် ဆံပင်အား လက်တစ်ဖက်ဖြင့် အသာအယာ [သ]ယ်လိုက်သည်။ သူသည် အီဒင်အား တအံ့တသြကြည့်နေသည်။

'ကိုယ့်မှာ အစွယ်တွေ မရှိပါဘူး၊ ချိုလည်း မပေါက်ပါဘူး' ဟု အီဒင်က [ပြ]ုံး၍ပြောသည်။ 'နိုင်ငံခြားသား လူရိုင်းတွေ' လို့ မင်းတို့အမည်ပေးထားတဲ့ တို့လည်းပဲ [မင်းတို့]လို ငါလို ရိုးရိုးလူသားတွေပါပဲ'

'ရှင့်မျက်လုံးတွေက သိပ်ကိုပြာတယ် . . ၊ ပင်လယ်သမုဒ္ဒရာပြင်နဲ့ တူတယ်' ဟု တိုကီဝါကပြောသည်။ 'ပြီးတော့ ရှင့်ဆံပင်အရောင်က အညို . . ၊ ဆောင်းဦးပေါက် [သ]စ်ရွက်တွေနဲ့ တူတယ် . . .'

အီဒင်က ခေါင်းညိတ်ပြီး ပြုံးသည်။ 'တို့နိုင်ငံထဲမှာတော့ အဲဒါတွေဟာ အထူး[အ]ဆန်း မဟုတ်ပါဘူး'

'ဒါဆိုရင် 'လူရိုင်းတွေ' အားလုံးဟာ . . . ' တိုကီဝါသည် အမှတ်တမဲ့ [ပ]ြောလိုက်ပြီးခါမှ သူ့ကိုယ်သူ ပြန်သိကာ ရပ်ထားလိုက်သည်။ 'ကျွန်မပြောချင်တာက [အ]မေရိကန်မှာ နေတဲ့လူတွေအားလုံးဟာ ရှင့်ရုပ်လိုချည်းပဲလား'

'မဟုတ်ဘူး' ဟု အီဒင်က ခေါင်းယမ်းပြီးပြောသည်။ 'တစ်ကမ္ဘာလုံးမှာရှိတဲ့ [လ]ူမျိုးပေါင်းစုံဟာ တို့နိုင်ငံထဲမှာလာပြီး နေကြတာ၊ လူအများအပြားဟာ ဆံပင် အညို [ရ]ောင်ကအစ မတူကြဘူး၊ အညို၊ အနက်၊ အဝါနဲ့ အနီရောင်တွေ ရှိကြတယ်။ မျက်လုံး [တ]ွေကျတော့ တချို့က ပြာတယ်၊ တချို့က စိမ်းတယ်၊ တချို့က ညိုတယ်၊ တချို့ [က]ျတော့ မီးခိုးရောင် . . .'

စကားကို ဆက်တိုက်ပြောလာနေသော အီဒင်သည် ဒူးများကိုထောက်၍ ကျုံ့

www.burmeseclassic.com

www.burmeseclassic.com

ယှံ့ယှံ့ကလေးထိုင်ကာ သူ့အား တအံ့တသြကြည့်နေသော ဂျပန်မလေး၏ မျက်ဝှာကို စိတ်ဝင်တစား ကြည့်နေမိသည်။ သူ့ဆံပင်သည် ရေစိုနေဆဲဖြစ်၍ သပ်သပ်ယပ်ယပ် ဖီးထားခြင်း မရှိသော်လည်း သဘာဝအလှကတော့ ပြတ်သားစွာ ပေါ်လွင်လျက်ရှိလေသည်။

'ကျွန်မရဲ့ဘဝတစ်လျှောက်လုံးမှာ မျက်လုံးပြာပြာနဲ့ ယောကျ်ားတစ်ယောက်ကို လုံးဝ မမြင်ဖူးခဲ့ဘူး' ဟု တိုကီဝါက ပြောသည်။ သူသည် မျက်လွှာများကို ပြန်ချလိုက်ပြီး ခြင်းများအတွင်းသို့ လက်နှိုက်ကာ ရှာနေပြန်သည်။

'ရှင့်ကို စိုက်ကြည့်နေမိတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ'

ဆင်တာရိုသည် သူ့လက်ထဲမှ စက္ကူအိတ်ကို မြေပြင်ထက်သို့ ချထားလိုက်သည်၊ ထို့နောက် အီဒင့်မျက်နှာကို လှမ်းကြည့်ပြီး ပြုံးသည်။ 'တိုကီဝါက ကျွန်တော့်ကို အသိပေးတယ်၊ သူဟာ လယ်ကွင်းတွေထဲက လယ်သူမ အစစ်မဟုတ်ပါဘူး . . တဲ့၊ သူ ထွက်ပြေးလာရတာမို့ ရုပ်ဖျက်ထားတာပါတဲ့၊ ပုံမှန်ကတော့ သူ ယီဒိုမှာ နေတယ်၊ ဂုဏ်သိက္ခာရှိပြီး ထင်ရှားတဲ့ဂေရှာမယ် တစ်ယောက်ပါတဲ့၊ သူဟာ တေးဂီတ၊ ကဗျာရဲ့ အကတွေ သင်ယူခဲ့ရပြီး အဆင့်မြင့် အထက်တန်းစား မှူးမတ်နွယ်ဝင်တွေကို ဧည့်ခံ ဖြေဖျော်ခဲ့ရပါတယ် . . တဲ့'

'ခင်ဗျားကို ကျေးဇူးတင်တယ် . . ဆင်တာရို' ဟု အီဒင်က ပြောသည်။ သူသည် ဂျပန်မလေးအား စူးစူးစိုက်စိုက် ကြည့်နေဆဲ . . ၊ အခုတော့ ကျွန်တော်နားလည်သွားပြီ' ဟုပြောသည်။ သူသည် စကားကိုဖြတ်၍ ခေါင်းမျှရပ်ကာ တိုကီဝါ့ဘက် တစ်ချက်မျှ ဦးညွှတ်လိုက်သည်။ 'ကိုယ်-မင်းကို သိခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ် အို တိုကီဝါ-ဆန်'

အီဒင်သည် မတ်တပ်ရပ်လိုက်ပြီး ကျီ၏အခြားတစ်ဖက်သို့ လျှောက်သွားသည်။ ခါးတွင် ပတ်ထားသည့် ခါးပတ်ကို အရင်ဆုံး ချွတ်လိုက်သည်။ ထို့နောက် ရွှဲရွှဲစိုနေသော ရှပ်အင်္ကျီကို ချွတ်ကာ အပေါ်ဘက် ထုတ်တန်းပေါ်သို့ ပစ်တင်လိုက်သည်။ ည၏ပူနွေးသောလေဖြင့် ခြောက်သွေ့သွားစေရန် လှန်းထားလိုက်ခြင်း ဖြစ်သည်။ တိုကီဝါသည် ခြင်းထဲမှ အနက်ရောင် အပေါ်ဝတ်အင်္ကျီနှင့် မျက်နှာသုတ်ပဝါတစ်ထည် ထုတ်ယူကာ အထပ်ခိုးအောက် မှောင်ရိပ်ထဲ ဝင်သွားသည်ကို အီဒင်မြင်လိုက်သည်။ သူသည် ကျီတံခါးဝသို့သွားကာ တိုကီဝါအား ကျောပေး၍ ရပ်နေသည်။ သူတို့နောက်သို့ လိုက်လာသူများ ရှိ-မရှိ နားစွင့်သည်။

'မာစတာ ဒီကိုလာပြီး ကြည့်လှည့်ပါဦး' ဟု ဆင်တာရိုကခေါ်သည်။ ဆင်တာရိုသည် ခပျော့်ခပျော့် ဖြစ်နေသော လှေခါးမှနေ၍ အထပ်ခိုးပေါ် တက်သွားခဲ့ခြင်း ဖြစ်၏။

အီဒင်သည် သတိကြီးစွာထား၍ လှေခါးမှတက်သွားပြီး ဆင်တာရို့ဘေး၌ လေးဘက်ထောက်ထားသည်။

'ဘာလဲ . . ဆင်တာရို၊ ဒီဘက်ကို လူ လာနေသလား' ဟု အီဒင်က မေးသည်။

'မလာပါဘူး . . မာစတာ၊ ဟိုဘက်ကို လှမ်းကြည့်စမ်းပါ'

ပြောပြောဆိုဆို ဆင်တာရိုက အနီးရှိ အပေါက်မှနေ၍ အပြင်သို့ လက်ညှိုးထိုးပြသည်။ အီဒင်မြင်လိုက်ရသည်မှာ ဆတ်စ်ကွီဟန်နာ၏ကုန်းပတ်ပေါ်မှ လှမ်းမြင်ရဖူးသည့် မြင်ကွင်းမျိုးဖြစ်၏။ ထိုစဉ်ကတော့ ညသန်းခေါင်ယံ အခုဟာက . . .။

'ဖူဂျီ-ဆန်ပဲ မာစတာ' ဟု ဆင်တာရိုက ရေရွတ်သည်။ 'ဒီနေရာက မြင်ရတာက တခြားနေရာက မြင်နေရတာထက် ပိုလှတယ် . . လို့' ကျွန်တော်ထင်တယ်'

ဆီးနှင်းများ ဖုံးအုပ်နေသော ဖူဂျီမီးတောင်၏ အလှသည် ကောင်းကင်ယံတွင် ပြူးပြူးပြက်ပြက် ဝင်းလက်နေသည်။ လတစ်ခြမ်းပဲ့နှင့် ကောင်းကင်ယံ၌ ပြန့်ကြဲနေသော ကြယ်များ၏ အလင်းရောင်သည် ဖူဂျီတောင်ထိပ်အား လွှမ်းခြုံထားသည်။ ဖူဂျီတောင်ထိပ်၏အလှကို ပီပြင်အောင် ပို၍ကျက်သရေရှိအောင် ပို၍ထည်ဝါခန့်ငြားအောင် ဖန်တီးပေးလျက်ရှိလေသည်။

အီဒင်သည် တိတ်ဆိတ်နေသော ညကို နားအေးပါးအေး ထိုင်ကြည့်နေသည်။ လက်တစ်ဖက်သည် ဆင်တာရို၏ ပခုံးကို ကိုင်ထားသည်။ သူ့ရင်ထဲတွင် တောင်ထိပ်သို့တက်သွားချင်သော ဆန္ဒပြင်းပြလျက်ရှိသည်။ ထိုဆန္ဒသည် မကြာခဏ ပေါ်လာတတ်သော ဆန္ဒဖြစ်ချေသည်။

'ကျွန်တော် ခင်ဗျားတို့ရဲ့ မြင့်မြတ်တဲ့ ဖူဂျီတောင်ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တက်ဖြစ်မယ်လို့ ယုံကြည်ထားတယ် . . ဆင်တာရို' ဟု အီဒင်ကပြောသည်။ 'ဘယ်နိုင်ငံခြားသား လူရိုင်းမှ ဒီတောင်ထိပ်ပေါ် ခြေမချဖူးဘူးဆိုတာ ကျွန်တော်သိတယ်။ ဒါပေမဲ့ တစ်နေ့ကျရင် အဲဒီတောင်ထိပ်ပေါ်မှာ ကျွန်တော် ရပ်နေနိုင်မှာပါ'

'မာစတာ ဖူဂျီဆန်ကို တက်မယ်ဆိုရင် ကျွန်တော်လည်း မာစတာနဲ့ လိုက်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်' ဟု ဆင်တာရိုက ပြောသည်။

'ကျွန်တော်ကလည်း အဲသလိုပဲ မျှော်လင့်ပါတယ် . . ဆင်တာရို'

အတွေးပင်လယ်ပြင်၌ နစ်ဝင်လျက်ရှိသော အီဒင်သည် ဖူဂျီမီးတောင်၏ အလှကျွင်လွှင့်မျောလျက်ရှိ၏။ ည၏မြူနှင်းများသည် ဖူဂျီတောင်၏အနီးရှိ လယ်ခင်းများ၊ ဟင်းခင်းများနှင့် သစ်တောများပေါ်၌ ရွေ့လျားလျက်ရှိသည်။ နက်ရှိုင်းလှသော တိတ်ဆိတ်မှုသည် ကျီနှင့်ပတ်ဝန်းကျင်တောင်ပိုင်း ဒေသတစ်ခုလုံးကို စိုးမိုးထားသည်။

'တောင်ကုန်းပေါ်မှာ ဘုရားကျောင်း သေးသေးလေး တစ်ကျောင်း ရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သတိထားမိတယ်. . .မာစတာ' ဟု ဆင်တာရိုက ပြောသည်။ 'ကျွန်တော် အဲဒီကိုသွားပြီး ဘိုးစဉ်ဘောင်ဆက်ကတည်းက ရှိလာခဲ့တဲ့ နတ်ဘုရားတွေကို ကျွန်တော်ကန်တော့ချင်တယ်။ သူတို့ရဲ့ ကျေးဇူးကြောင့် ကျွန်တော်ဟာ ကိုယ့်နိုင်ငံကို ပြန်ရောက်လာရတာပါ။ ခဏလောက် သွားပါရစေ' သွားလေ . . . ရပါတယ်၊ ဒါပေမဲ့ . . . သတိတော့ ထားသွားပါ' ကျွန်တော် မကြာစေရပါဘူး မာစတာ'ဟု ပြောကာ ဆင်တာရို လှေခါးမှ ဆင်းသည်။ 'ကျွန်တော် ကာမိ ဆီမှာ ကျွန်တော်တို့ကို လုံခြုံအောင် ကာကွယ်ပေးဖို့ ဆုတောင်းခဲ့ပါတယ်'

အီဒင်သည် တောအုပ်ဖုံးနေသော တောင်ကုန်းဆီသို့ သွားနေသည့် ဆင်တာရို၏ ခြေသံကိုနားစွင့်နေသည်။ ခြေသံကို မကြားရတော့သည့်အခါ အီဒင်သည် သစ်သား အကာတစ်ခုကို ကျောပေးကာ ကောက်ရိုးပုံပေါ်၌ လှဲလိုက်သည်။ ထိုနေရာမှ လှမ်းကြည့်လျှင် လရောင်ဖျန်းထားသည့် ဖူဂျီတောင်ထိပ်ကို မြင်နေရသည်။ သူသည် ခါးပတ်တွင် ချိတ်ထားသည့် ဓါးကိုဖြုတ်ကာ သူ့ဘေး၌ချထားလိုက်ပြီး မျက်လုံးများကို မှိတ်ထားသည်။ သူ့စိတ်အာရုံတွင် တစ်နေ့လုံးကြုံခဲ့ရသည့် အဖြစ်အပျက်များသည် ထင်ဟပ်လာနေသည်။ သို့သော်လည်း တစ်ခဏမျှသာ ကြာ၏။ မကြာခင် ပင်ပန်း နွမ်းနယ်လွန်းမှုကြောင့် အိပ်ပျော်သွားလေ၏။

သူ့နောက်ဖက်မှ ထွက်လာသော အသံတစ်သံကြောင့် အီဒင်လန့်နိုးလာသည်။ သူသည် ဘေး၌ချထားသည့် ဓါးကိုဖျတ်ခနဲ ကောက်ယူကာ ခုန်ထလိုက်၏။ သို့သော် လည်း အထပ်ခိုး လှေခါးထိပ်၌ စက္ကူမီးပုံးကိုဆွဲ၍ ရပ်နေသော တိုကီဝါကိုသာ တွေ့ရသည်။

သူသည် တောင်းပန်စကားပြောကာ ဓါးကို ကောက်ရိုးပုံထဲသို့ ပြန်ပစ်ချလိုက်ပြီ၊ သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ပွတ်သည်။ 'ကိုယ်အိပ်ပျော်သွားတာကိုး . . .' ဟုလည်း ရေရွတ်သည်။

အထိတ်တလန့်ဖြစ်သွားသော ဂျပန်မလေး၏ မျက်နှာသည် ပြန်၍ပျော့ပျောင်း သွားသည်။ သူသည် လှေခါးထိပ်တွင် ရပ်နေရာမှ နေရာရွှေ့ခြင်းမရှိ။ ခြေထောက်တွင် ဖိနပ်မပါ၊ သူ့ဆံပင်ကိုတော့ ရသည့်နည်းဖြင့် ခြောက်အောင် ဖြီးထားသည်။ ကိုယ်ပေါ် တွင် အပြာရောင် ပိုးသားကီမိုနို ဝတ်ထားသည်။ ကီမိုနိုထက်မှ ငှက်ကြယ်ပွင့်များသည် တလက်လက်

'တအားကို တိတ်ဆိတ်တာပဲ' ဟု တိုကီဝါက ပြောသည်။ 'ရှင်ပါ ထွက်ပြေး ပြီထင်လို့ ကျွန်မလာကြည့်တာ

စိတ်မပူပါနဲ့ ဆင်တာရိုက ဘုရားကျောင်းသွားပြီး ဆုတောင်းတာ'ဟု အီဒင်က အိပ်ချင်စိတ် ပျောက်ရန် ခေါင်းကို တစ်ချက်ခါလိုက်ပြီး ပြောသည်။

'ကျွန်မခြင်းထဲက ထမင်းအေး နည်းနည်းပါးပါး တွေ့တယ်' ဟု တိုကီဝါက ပြောသည်။ 'ရှင် ဆာနေရင် စားဖို့ ကျွန်မယူလာတယ်'

'ကောင်းတာပေါ့၊ ကျေးဇူးပဲ၊ တို့ အရမ်းကို ဆာနေတာ'

တိုကီဝါသည် သူ့ထံရောက်လာသည်။ သူမလက်ထဲတွင် သစ်သားဇလုံ သေးသေးတစ်လုံးပါလာသည်။ ဇလုံထဲတွင် ထန်းရွက်နှင့်ထုပ်ထားသည့် ထမင်းဆုပ် များထည့်ထားသည်။ ဂျပန်လယ်သမားများ လုပ်လေ့ရှိသည့် အပြင်အဆင်ဖြစ်၏။ တိုကီဝါ သူ့အနားရောက်လာသည့်အခါ ကီမိုနို၏ အရောင်ကို အီဒင်သတိထားမိ သည်။ မိုးပြာရောင်ပေတည်း။ ကောင်းကင်ပြာပြာတွင် ကြယ်ပွင့်တွေ ဆီခြယ်ထား လေလား။

တိုကီဝါသည် လက်ထဲမှ စက္ကူမီးပုံးကို ချထားလိုက်ပြီး သစ်သားပန်းကန်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ သူ့ဆီသို့ တရိုတသေ လှမ်းပေးသည်။ သို့သော်လည်း အီဒင်၏ အာရုံသည် ပန်းကန်အပေါ်၌ ကျက်စားခြင်းမရှိ၊ သူသည် အကောင်းဆုံးပိုးသားထည် ဖြင့် ချုပ်လုပ်ထားသည့် ကီမိုနိုနှင့် ကြယ်ပွင့်များကိုသာ ငေးမောနေသည်။

'ဘာဖြစ်လို့လဲ' ဟု တိုကီဝါက မေးသည်။ 'ရှင် မဆာတော့ဘူးလား'

အီဒင်က ခေါင်းခါသည်။ 'မဟုတ်ပါဘူး' ဟု ပြောသည်။

'မနေ့ညက ကိုယ်အိပ်မက်မက်တယ်၊ တို့ပင်လယ်ပြင်ထဲကနေပြီး ဖူဂျီတောင် ကို ပထမဆုံးမြင်ရတယ်၊ အလွန့် အလွန်ကို ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းကို တွေ့ရ တာ၊ အဲဒီနောက် ချက်ခြင်းပဲ တို့အိပ်ပျော်သွားတယ်၊ ကိုယ်တစ်ယောက်တည်း ဖူဂျီ တောင်ထိပ်ကို တက်သွားတယ်လို့ အိပ်မက်မက်တယ်၊ တကယ်တက်နေသလိုမျိုးပဲ'

'ရိုးရိုးသာမန် အိပ်မက်တစ်ခုနဲ့ မတူဘူး'

အီဒင်သည် စကားဆုံးသည့်အခါ ဖူဂျီတောင်ကို လှမ်းကြည့်သည်။ တောင်ထိပ် ပတ်လည်တွင် မြူနှင်းများ ရစ်ဆိုင်းနေသည်။ တောင်ထိပ်ကို ဝါးတားတားသာ မြင် ရသည်။ သူ့စိတ်သည် အတွေးထဲတွင် နစ်ဝင်နေပြန်လေပြီ၊ ထိုအခိုက်တွင် တိုကီဝါ၏ လက်ချောင်းများသည် သူ့လက်ကို လာထိသည်။

'ရှင့်အိပ်မက်ထဲမှာ နောက်ထပ် ဘာတွေဆက်ဖြစ်သေးသလဲ . . .' ဟု တိုကီဝါက မပွံ့မရဲလေသံဖြင့် မေးသည်။ 'ရှင် ကျွန်မကို ပြောပြနိုင်မယ်ဆိုရင် . . .'

'တောင်ထိပ်မှာ သိပ်ကိုထူးဆန်းတာပဲ' ဟု အီဒင်က တိုကီဝါအား ကြည့်၍ ပြောသည်။ 'ကိုယ်က တောင်ထိပ်ရဲ့ အပေါ်ကိုရောက်သွားပြီး ကျောင်းဝင်းထဲက

www.burmeseclassic.com

www.burmeseclassic.com

အရာဝတ္ထုကို ဆွဲ . . ဆွဲချနေတယ်၊ အဲဒီထဲမှာ ကြယ်တွေအားလုံးလည်း ပါတယ်၊ ကိုယ့်တစ်ကိုယ်လုံးကို အမှောင်တွေနဲ့ရော ကြယ်တွေနဲ့ပါ ရစ်ပတ်ပြီး ခြုံထားထယ်၊ မှော်ဆရာတွေ ဝတ်တဲ့ဝတ်ရုံကြီးလိုပဲ . . ၊ နူးညံ့ပျော့ပျောင်းလိုက်တာ အလွန်ပဲ'

သူသည် စကားကို ဆက်မပြောပဲ တိုကီဝါ၏ ကီမိုနိုပိုးစကို သူ့လက်ချောင်းထိပ်ဖျားကလေးများဖြင့် ထိတွေ့ပွတ်သပ်နေသည်။ ပြီးတော့ တိုကီဝါမျက်နှာကို စိတ်ဝင်တစားကြည့်နေသည်။

'အဲဒီနောက်တော့' ဟု အီဒင်က စကားပြန်စသည်။ 'ရေခဲမှန် အကြီးကြီး ပေါ်လာတယ်။ ကိုယ်ဝတ်ရုံအင်္ကျီကြီးပေါ်က ကြယ်တွေကို မြင်ချင်လို့ မှန်ထဲမှာ သွားကြည့်တယ်၊ ဒါပေမဲ့ ကိုယ့်အရိပ်ကို မှန်ထဲမှာ မမြင်ရဘူး . . ၊ အဲဒီတော့ . . .'

အီဒင်အသံသည် ပျောက်သွားသည်။ နှစ်ဦးသား မတ်တပ်ရပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။

'မှန်ထဲမှာ တခြားဘာမြင်ရသေးလဲ' ဟု တိုကီဝါက မေးသည်။ 'ဘာပဲဖြစ်ဖြစ် . . . တစ်ခုခုပေါ့'

အီဒင်က ခေါင်းညိတ်သည်။ 'မြင်ခဲ့တယ်၊ မှန်ထဲမှာ အလွန်ချော အလွန်လှတဲ့ နီပွန်မလေး တစ်ယောက်ရှိတယ်၊ ကိုယ့်ကို ပြန်ကြည့်နေတယ်၊ သူဟာ ကောင်းကင်ဘုံကဝတ်ရုံကို ဝတ်ထားတယ်'

အီဒင်သည် စကားကို ဆက်မပြောသေးပဲ ချိတုံချတုံ ဖြစ်နေသည်။ တိုကီဝါ၏ ကီမိုနိုပိုးစကို လှမ်းကိုင်ပြန်သည်။ 'အခုကျတော့ တကယ့်ဖူဂျီတောင်ကို မြင်နေရတဲ့ နေရာမှာ အိပ်မက်ထဲက ဝတ်ရုံမျိုးဝတ်ထားတဲ့ မိန်းကလေးတစ်ယောက် ပေါ်လာပြီ၊ ကိုယ့်ကို အိပ်ရာက နိုးလာအောင် နှိုးလိုက်တာပဲ' ဟု ပြောသည်။

တိုကီဝါသည် အီဒင့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ပထမတွေ့စက ပေါ်ခဲ့သည့် ထိတ်လန့်ကြောက်ရွံ့ခြင်းသည် သူမ၏ မျက်လုံးများတွင် ပြန်လည်ထင်ဟပ်လာသည်။ နှစ်ဦးစလုံး လှုပ်ရှားခြင်းမရှိ၊ စကားလည်းမပြော၊ ဖူဂျီတောင်ဘက်တွင် ကျနေသော မြူနှင်းများသည် ပို၍ . . ပို၍ ထူထပ်သိပ်သည်းလာသည်။

'မှန်ထဲက မိန်းကလေးက လှတော့လှပါတယ်' ဟု အီဒင်က ပြောသည်။ 'ဒါပေမဲ့ မင်းလောက်တော့ မလှဘူး'

တိုကီဝါသည် မျက်လွှာကိုချကာ သစ်သားဇလုံကို ဆင့်တစ်ခုပေါ် ချထားလိုက်သည်။ 'ရှင့်အိပ်မက်အကြောင်းပြောပြလို့ ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ 'ကျွန်မကိုယ်တိုင်လည်း ရှင့်ကို ပြောပြချင်နေတာ ရှိနေတယ်၊ အိပ်မက်တစ်ခုတော့ မဟုတ်ဘူး။ ဒါပေမဲ့ အခုကျတော့ အိပ်မက်တစ်ခုနဲ့ တူသလိုပဲ'

'အဲဒါဘာလဲ'

'ကျွန်မရှင်နဲ့ တိုက်ခိုက်ခဲ့တဲ့ ဆာမူရိုင်းဆီက ထွက်မပြေးခင် သိပ်ကို ထိတ်လန့်တယ်။ ကျွန်မ အခန်းကကြည့်နေရင် ဖူဂျီဆန်ကို မြင်နေရတယ်။ အဲဒါကြောင့် ကျွန်မဟာ ကျွန်မတို့ရဲ့ မြင့်မြတ်တဲ့တောင်ကိုစောင့်တဲ့ ကာမိ ဆီမှာ ဆုတောင်းခဲ့ဖူးတယ်'

သူမသည် စကားကို မဆက်သေးပဲ ရပ်၍ အီဒင့်၏ မျက်လုံးပြာပြာများကို ကြည့်နေသည်။ 'ကျွန်မဆုတောင်းတာက ကျွန်မကိုကယ်ဖို့ပါ၊ တကယ်လို့ ကျွန်မကိုသာ ကယ်ခဲ့ရင် နောင်အနာဂါတ်ကာလမှာ သူတို့အလိုဆန္ဒအတိုင်း အမြဲတစေ လုပ်ပါမယ်လို့လည်း ကတိပေးခဲ့တယ်'

'သူတို့က ကူညီတယ်လို့ကော မင်းထင်ခဲ့သလား'

တိုကီဝါက ခေါင်းညိတ်သည်။ 'ကျွန်မ ဆုတောင်းပြီးတော့ ချက်ခြင်းပဲ ကောင်းကင်မှာအလင်းတန်းတစ်ခုကြောင့် ကျွန်မလန့်နိုးခဲ့ရတယ်။ အဲဒီ အလင်းတန်းဟာ ကျွန်မရဲ့ အခန်းကိုပါ လင်းသွားအောင် လုပ်ခဲ့တယ်။ အရင်က တစ်ခါမှ မမြင်ဖူးခဲ့တဲ့ အလင်းတန်းဆိုတော့ တွေ့စမှာ ကျွန်မ သိပ်ကိုကြောက်ခဲ့တယ်'

'အဲဒီအချိန်မှာ ကျွန်မကို စောင့်ဖို့ထားခဲ့တဲ့ အစောင့်တွေဟာ အဲဒီအလင်းတန်းကိုကြည့်ဖို့ အပြင်ကို ထွက်သွားကြတယ်။ ကျွန်မကတော့ ကျွန်မကိုကူညီဖို့ ကာမိဆီကလာတဲ့ လက္ခဏာပဲလို့ ထင်ထားခဲ့တယ်။ အဲဒါကြောင့်လည်း လွတ်အောင် ထွက်ပြေးတော့မယ်လို့ ချက်ခြင်းဆုံးဖြတ်ခဲ့တာ'

'ကိုယ်လည်း အဲဒီအလင်းတန်းကို မြင်ခဲ့ရတယ်' ဟု အီဒင်က ပြန်ပြောသည်။

'အဲဒီဟာကိုမြင်တော့ ကိုယ်လည်းပဲ လုပ်စရာရှိတာကို အချိန်မဆွဲပဲ လုပ်သင့်တယ်လို့ စိတ်ကထင်လာတယ်။ အဲဒီအလင်းတန်းလည်း ပျောက်သွားရော ကိုယ် ပတ်ဘာပေါ်က ခုန်ဆင်းပြီး ကမ်းခြေကို ကူးလာခဲ့တာပဲ'

တိုကီဝါ၏မျက်လုံးများသည် ပြူးလာသည်။ 'ဒါဆိုရင် ကာမိ ဟာ ရှင့်ကိုလည်း ကူညီခဲ့တယ်လို့ ကျွန်မထင်တယ်' ဟု သူမက ပြောသည်။ 'ကျွန်မကို ကူညီနိုင်အောင် ရှင့်ကို လုပ်ပေးခဲ့တာဖြစ်မယ်'

'ဟုတ်ချင်ဟုတ်မှာပေါ့' ဟု အီဒင်က ပြောသည်။ 'ကိုယ့်အိပ်မက်ကို ကိုယ့်ဆီ ရောက်လာတာလည်း မင်းရဲ့ ကာမိ ပဲဖြစ်ချင်ဖြစ်မှာပဲ၊ ဘယ်သူက မဟုတ်ပါဘူးလို့ ပြောနိုင်မှာလဲ'

တိုကီဝါသည် မျက်မှောင်ကုပ်ကာ စဉ်းစားလျက်ရှိ၏။ ထို့နောက် လက်တစ်ဖက်ကို မြှောက်ကာ အီဒင့်ရင်ဘတ်ကို စမ်းနေသည်။ 'ရှင်ဟာ နီပွန်က ယောကျ်ားတွေနဲ့ မတူဘူး၊ ရှင့်မျက်လုံးတွေက ပင်လယ်ပြင် အရောင်လိုပဲ . . ၊ အရပ်အမောင်းကျတော့လည်း သိပ်ကိုမြင့်တယ် . . ။ ဒါပေမဲ့ သိမ်မွေ့နူးညံ့တဲ့နေရာမှာ ရှင်က အ ကြီး

www.burmeseclassic.com

သာနေတယ်'

တိုကီဝါ၏ အပြောနှင့်လှုပ်ရှားမှုများသည် ဦးတည်ချက် ရှိနေသည်။ သူမ၏ ကိုယ်ပေါ်မှ ပိုးသားကီမိုနိုသည် ကောက်ရိုးအခင်းပေါ် လျှောကျသွားသည်။ သေးသွယ် ပျော့ပြောင်းသော ခန္ဓာကိုယ်အလှသည် ထင်းခနဲ ပေါ်လာသည်။ သူမထံမှ ဘာသံမှ မကြားရ။ မျက်လုံးအစုံကို မှိတ်ထားသည်ကိုသာ မြင်ရ၏။

'ကိုယ် မင်းကို ပြောပြချင်နေတာ ရှိသေးတယ်' ဟု အီဒင်က ပြောသည်။

'တစ်ချိန်က ကိုယ့်မှာ မိန်းမရှိခဲ့ဖူးတယ်။ သူ့အသက်က ဆယ့်ခြောက်နှစ် ရှိသေးတယ်။ ကိုယ် သူ့ကို သိပ်ချစ်ခဲ့တယ်။ ညတစ်ညမှာ မုန်တိုင်းကျတယ်၊ အ တို့ရောက်နေတဲ့ သစ်တောလို တောအုပ်ထဲမှာ မတော်တဆ အဖြစ်တစ်ခုကြော သူ့ကိုယ့်လက်ပေါ် မှာတင် အသက် သေသွားခဲ့ရတယ်'

တိုကီဝါထံမှ စကားပြောသံ မကြားရ၊ အီဒင်သည် တိုကီဝါအား တိုး၍ တင်းကျ စွာဖက်ထားသည်။ 'အဲဒီညကစပြီး ကိုယ်ဟာ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ဘူ ဘယ်မိန်းမနဲ့လည်း တရေ့တနော မနေခဲ့တော့ဘူး၊ နေချင်စိတ်လည်း မရှိတော့ဘူ အခုကျတော့'

ဖူဂျီတောင်ထိပ် ပတ်ပတ်လည်လည်၌ ရှိနေသော မြူနှင်းများသည် ကျလာစဉ် လျှင်မြန်ခဲ့သလို ပျက်ပြယ်ပျောက်ကွယ်ရာ၌လည်း လျှင်မြန်လှချေသည်။ မြူနှင်းမျ လွှမ်းခြုံလျက်ရှိသော တောင်ထိပ်သည် လရောင်အောက်တွင် ဖွေးဖွေးလှုပ်လျက်ရှိသည့် ည၏ ပြာသော ကောင်းကင်တွင် ကြယ်များသည် တဝင်းဝင်း တစ်လက်လက် . . .

'အီဒင်သည် တိုကီဝါအား တယုတယ ပွေ့ဖက်ထားသော်လည်း သူ့စိတ်အာ ကတော့ သူ့ဇနီးမေရီ၏ ချစ်စရာမျက်နှာကိုသာ မြင်ယောင်လျက်ရှိ၏။ သူသည် မေရီ၏ အသံကိုပင် ကြားယောင်နေမိ၏။ သို့တစေလည်း သူ တကယ် တွေ့နေ မြင်နေရသူမှ တိုကီဝါ

'ကိုယ် မင်းကိုချစ်တယ်' ဟူသော အသံသည် အင်္ဂလိပ်ဘာသာစကားဖြ အီဒင့်နှုတ်မှ ထွက်လာသည်။

(၁၉)

ဆင်တာရိုသည် တောင်ကုန်းနံရံတလျှောက်၌ ဖေါက်လုပ်ထားသည့် ကျဉ်းမြောင်း ကျောက်လှေခါးပေါ် တစ်ထစ်ပြီးတစ်ထစ် တက်လာခဲ့သည်။ နောက်ဆုံး ကျောက်တုံးလှေခါးထစ် တက်အပြီးတွင် သူသည် ဆေးနီရောင်သုတ်ထားသည့် စိသား တော်ရီး အောက်၌ ခဏမျှရပ်နားသည်။ တံခါးဝ၏ အခြားတစ်ဖက်တွင်မှ ရှူးပင်များ တန်းစီနေသည့် လမ်းသွယ် . . .၊ ထိုလမ်းသွယ်၏အဆုံး တောင်ကုန်း တွင်မှ ဘုရားကျောင်း . . .။

လရောင်အောက်တွင် ဘုရားကျောင်း၏ ကွေးကွေးကောက်ကောက် အမိုးသည် မရောင်သန်းနေသည်။ ရှေးဟောင်း ရှင်တိုနတ်ဘုရားများ၏ ကျောင်းတော်အတွင်းသို့ မရောက်နိုင်ခဲ့သည်မှာ နှစ်ပေါင်းလေးနှစ်မျှ ကြာခဲ့ပြီ။ ယခုတစ်ဖန် ဝင်ရမည့် အခြေအနေ လာသည့်အခါ သူ့ရင်ထဲတွင် ကြောက်စိတ်ဝင်ကာ မဝံ့မရဲ ဖြစ်လျက်ရှိ၏။ သူသည် ငါး၌ဆောင်းထားသည့် ဦးထုပ်ကို လက်နှစ်ဖက်ဖြင့် ချွတ်၍ကိုင်ထားသည်။

ဘုရားကျောင်း၏ ဂိတ်တံခါးအပေါ်ဖက် ဆင်ဝင်ထိပ်တွင် အလင်းရောင်အားနည်း သည့် မီးအိမ်လေးတစ်လုံးရှိသည်။ ကျောင်း၏အတွင်းဘက်တွင် ဝတ်ဖြူစင်ကြယ် အသက်ကြီးကြီး ဘုန်းကြီးတစ်ပါး ရှိနေသည်။ ဆင်တာရိုသည် သူ့ဦးထုပ်ကို တတ်၌အပ်ကာ လူသွားလမ်း တစ်ဖက်တစ်ချက်တွင် တန်းစီနေကြသည့် ကျောက် ိုင်များနှင့် မာန်ဖီနေကြသည့် ခြင်္သေ့ရုပ်ထုများကြားမှ ဖြတ်လာခဲ့သည်။ ဘုရားကျောင်း သို့ဝင်ရာ သစ်သားလှေခါးပေါ် တက်တော့မည်အပြုတွင် သူသည် ခြေထောက်မှ ာက်ရိုးညှပ်ဖိနပ်ကို ချွတ်ထားလိုက်သည်။ ထို့နောက် ရိုးရာဓလေ့ထုံးစံနှင့်အညီ လက်နှစ်ဖက်ကို ကျောက်ရေအိုးထဲရှိ ရေစင်ထဲနှစ်၍ ဆေးကြောသည်။ ပါးစပ်ကို ပ်ကျင်း၍ သန့်စင်သည်။ ပြီးတော့ နောက်သို့ လှည့်မကြည့်တော့ပဲ လှေခါးအတိ

www.burmeseclassic.com

www.burmeseclassic.com

တက်လာခဲ့လေသည်။

အနီရောင် တော်ရီးအောက်တွင် တက်လာနေသည့် အခြားလူနှစ်ဦး ရှိ သည်။ မတ်စောက်သော လမ်းအတိုင်း တက်လာရသဖြင့် အမောတကော ဖြစ်ေ သည့်ကြားမှပင် ဘုရားကျောင်းထဲသို့ ဆင်တာရို ဝင်သွားသည်ကို မျက်ခြည်အပြ မခံပဲ ဂရုတစိုက် စောင့်ကြည့်နေကြသည်။ နှစ်ဦးစလုံး ဆာမူရိုင်းစစ်သည်ဝတ်စုံ သ အင်္ကျီများဝတ်ကာ သံခမောက်များ ဆောင်းထားကြလေသည်။

ဆင်တာရို ဘုရားကျောင်းထဲ ဝင်သွားသည့်အခါ ဓါးကိုင်တစ်ဦးက နောက် အပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း သူ့အပေါ်က ဓါးသမား လက်မောင်းကို ဖျတ်ခနဲ ဖမ်းဆွဲကာ ဟန့်တားသည်။

'နေဦး ဂိုတာရို' ဟု မင်းသားတာနာကာက တိုးတိုးအမိန့်ပေးသည်။ 'အ မကြားအောင် နောက်ကအသာလိုက်၊ အဲဒါမှ ပိုသေချာမှာ'

ဆင်တာရို ဝင်ရောက်သွားချိန်တွင် ဘုရားကျောင်းအတွင်းမှ လေသည် အ တိုင်နံ့များဖြင့် ထောင်းထောင်းထနေသည်။ ရှေးခေတ်က သစ်များဖြင့် ဆောက်လု ထားသည့် နံရံများပေါ်တွင် မည်သည့်အပြင်အဆင် အမွှမ်းအမံမှမရှိ၊ အားလုံးမဲ နေသည်။ စင်မြင့်အလည်တွင်ရှိနေသော ဆွမ်းတင်ခုံပေါ်၌ ငါးကြော်များ၊ သစ်သီးမျာ ဆွမ်းများကို ပန်းကန်များနှင့်ထည့်၍ ကပ်လှူပူဇော်ထားသည်။ ကြမ်းပြင်ပေါ် တာတာမီ မြက်ဖျာများ ခင်းထားသည်။ ဖိနပ်မပါသဖြင့် ဆင်တာရို၏ ခြေသံ မကြားရ။

'မင်းဘုရားကျောင်းလာတာ အထူးကိစ္စတစ်ခုအတွက် ဆုတောင်းဖို့ လာတာလ'

ဘုန်းကြီးက မမျှော်လင့်သော မေးခွန်းကို မေးလိုက်သဖြင့် ဆင်တာရိုသ များစွာအံ့အားသင့်ကာ ငေးကြည့်နေသည်။ ဤအချိန်သည် ဘုန်းကြီးအား အမ တွေ့ရမည်မဟုတ်၊ ဘာ့ကြောင့် သူရှိရသနည်း၊ မည်သို့ပင်ဖြစ်စေ သူသည် ဆွမ်းတ ရှေ့၌ ဒူးနှစ်ဖက်ထောက်၍ ထိုင်လိုက်သည်။ ဦးခေါင်းကိုငုံ့ကာ လက်ဝါးနှစ်ဖက် ဆက်၍ သူ့ရင်ဘတ်ပေါ် တင်ထားလိုက်သည်။

'တပည့်တော်လာတာဟာ . .' ဟု ဆင်တာရိုက စကားစသည်။ 'နှစ်ပေါင်းများ ဘေးအန္တရာယ်အပေါင်းက ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ ကာမိ ကျေးဇူးစကားဆိုပြီး ကန်တော့ဖို့ပါ. . .ဘုရား'

'မင်းဆန္ဒဟာ ဒါအကုန်ပဲလား' ဟု ဘုန်းကြီးက မေးသည်။

'မဟုတ်သေးပါဘူး. . .ဘုရား. . .၊ တပည့်တော် တခြားအကြောင်းတစ် အတွက်လည်း ကာမိကို ကျေးဇူးစကားဆိုပြီး ကန်တော့ချင်ပါသေးတယ်'

'အဲဒီအကြောင်းက . . ဘာလဲ' ဟု ဘုန်းကြီးက ပြန်မေးသည်။

'တပည့်တော်ရဲ့ မွေးရပ်မြေကို ဘေးကင်းစွာနဲ့ ပြန်ရောက်လာအောင် ဆောင်ကျဉ်း လို့ပါ . . ဘုရား'

မင်းလက်နှစ်ဖက်ကိုဆန့်ပြီး လက်ဖဝါးတွေကို ဖြန့်လိုက်' ဟု ဘုန်းကြီးက သည်။ သူသည် လက်ကိုင်ရှည်တပ်ထားသော ဝါးမှုတ်ကို လင်ပန်းထဲက လှမ်း လိုက်သည်။

'တို့အတူတူ ဝတ်ပြုကြမယ်'

ဆင်တာရိုက လိုက်နာသည့်အခါ ဘုန်းကြီးသည် ရှေ့သို့ထွက်လာပြီး ဆင်တာရို သို့ တိုးလာသည်။ မှုတ်ထဲမှ ရေစင်ဖြင့် လက်နှစ်ဖက်ကိုရော၊ မျက်နှာကိုပါ တောက် သည်။ သူ့လက်ထဲမှ မှုတ်ကို လင်ပန်းပေါ် ပြန်တင်နေခိုက်တွင် ဘုန်းကြီး၏ အာရုံ ည်ပွင့်နေသော တံခါးဆီမှ လှုပ်ရှားမှုတစ်ခုပေါ် ရောက်သွားသည်။

မှောင်ထဲသို့ စူးစိုက်လျက်ရှိသော ဘုန်းကြီး၏ မျက်လုံးများသည် ဓါးရှည်ကို ၍ တံခါးဘေးတွင် ဝင်ပုန်းလိုက်သော ဆာမူရိုင်းတစ်ယောက်ကို မြင်သည်။ ခဏမျှ ကြာတွင် ပို၍ခန့်ငြားထည်ဝါသော အဝတ်များကို ဝတ်ဆင်ထားသည့် ဆာမူရိုင်း စ်ယောက်ဝင်လာပြန်ပြီး အမှောင်ရိပ်တွင် ခိုလိုက်သည်ကို မြင်ရပြန်လေ၏။

'တပည့်တော်အနေနဲ့ အခုလောလောဆယ် ရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်တွေ ကွက်လည်း ဆုတောင်းချင်ပါသေးတယ်၊ ဘုရား' ဟု ဆင်တာရိုက ပြောသည်။ 'ပည့်တော်အနေနဲ့ အရင်းနှီးဆုံး မိတ်ဆွေနဲ့ တပည့်တော်တို့ဟာ အလွန်ကြောက်စရာ ကောင်းတဲ့ ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ် . . ဘုရား . . ၊ အဲဒါက ကာမိ မှာတင်ပြပြီး ဆုတောင်းဖို့ . .'

ဘုန်းကြီးအို၏မျက်လုံးများသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြနေကြ၏။ သည် တံခါးပေါက်မှ ဝင်လာနေသော ဂိုတာရိုအား သတိထားလိုက်မိ၍ ဖြစ်သည်။ ဂျပ်အင်္ကျီအောက်ရှိ ညာဘက်ပခုံးမှ သွေးများထွက်နေသည်ကို မြင်လိုက်ရသောအခါ န်းကြီးအိုသည် တိုး၍ထိတ်လန့်လာသည်။ ဂိုတာရိုက သူ ရောက်လာသည်ကို အောင် မလုပ်ဖို့ အရိပ်အခြည်ပြသည့်အခါ ဘုန်းကြီးသည် ချက်ခြင်းနားလည်သည်။

ဆင်တာရိုသည် ဦးခေါင်းကို ငုံ့ထားဆဲ . . ။ သူသည် လှုပ်ရှားခြင်းမပြု . . ၊ က်လုံးများကို မှိတ်ထားသည်။ ဘုန်းကြီးအိုသည် သူ့အားငုံ့ကြည့်နေသည်။

'မင်းဟာ ဒီနယ်မှာ လူစိမ်းတစ်ယောက် ဖြစ်တယ်။ ဘုရားကျောင်းကို ရောက် တာလည်း အချိန်သိပ်နောက်ကျတယ်' ဟု ဘုန်းကြီးက ပြောသည်။ 'မင်း ဘုရား ကျောင်းကို လာတာဟာ ယခုဒီပင်လယ်အော်ထဲမှာ လောလောဆယ်ဖြစ်နေတဲ့ ရေး

www.burmeseclassic.com

www.burmeseclassic.com

အခင်းကြီးနဲ့ ဆက်စပ်နေသလား'

ဆင်တာရီသည် တုံ့ဆိုင်းနေသည်။ အချိန်နည်းနည်း မဟုတ်၊ အတော်ကြီးကြာသည်။ အမှန်ကိုလည်း ပြောချင်သည်။ သူ့ကိုယ်သူလည်း ကာကွယ်ချင်သည်။ နောက်ဆုံးတွင် သူ့ထံမှ 'ဆက်စပ်မှုရှိနေပါတယ်' ဟု ပြောသည်။ 'ဒါပေမယ်လို့ အခုအချိန်မှာတော့ တပည့်တော် အများကြီးမပြောလိုသေးပါဘူး'

'ဒါဆိုရင် နှုတ်ဆိတ်နေတော့၊ ငါပဲ ဆုတောင်းပေးမယ်'

ဘုန်းကြီးသည် သူ့လက်များကို ဆက်လိုက်သည်။ သို့သော်လည်း သူ့မျက်လုံးများကတော့ ပွင့်နေသော တံခါးဆီသို့ ကြည့်နေသည်။ သူ့ရှေ့မှာတော့ ဦးခေါင်းကို ငုံ့ထားသည့် .. ဆင်တာရီ၊ သူကတော့ တံခါးကို ကျောပေးလျက် . . ။

စိတ်ဝင်တစား ကန်တော့နေခိုက်မှာပင် သူ့ဆံပင်အား လက်တစ်ဖက်က တအားဆုပ်ပြီး ဆောင့်ဆွဲလိုက်သည့်အခါ ဆင်တာရီသည် အလန့်တကြား ထအော်သည်။ နောက်တစ်ခဏအတွင်းမှာပင် အလွန်ထက်လှသည့် ဓါးသွားတစ်ချောင်းသည် သူ့လည်ပင်းကို ထိထားသည်။ အော်သံများသည် ချက်ခြင်းရပ်သွားသည်။

'မင်းဟာ နိုင်ငံခြားသားရဲ့ ကြံရာပါကောင်ပဲ' ဟု ဂိုတာရီက တအားအော်ပြောသည်။ 'ဟိုရေတံခွန်မှာ ဟိုနိုင်ငံခြားသားနဲ့ အတူတူတွဲနေတာ . . ၊ ဟုတ်တယ် . . မဟုတ်ဘူး အမြန်ဖြေ'

သူသည် ဆင်တာရီ၏ ဆံပင်ကို တအားဆောင့်ဆွဲသည်။ တာတာမီဖျာပေါ်မှ ဆင်တာရီ မတ်တပ်ရပ်လာသည်အထိ ရက်စက်စွာ ဆွဲနေခြင်းဖြစ်၏။ တစ်ပြိုင်တည်းမှာပင် သူသည် ဓါးသွားဖြင့် ဆင်တာရီ့လည်ပင်း၏ ဘေးတစ်ဖက်ကို ဖျတ်ခနဲ ရှလိုက်သည်။ လည်ပင်းတွင် သွေးများစို့လာသည်ကို မြင်ရ၏။ ဘုန်းကြီးကတော့ ဂိုတာရီလုပ်သမျှကို မတုန်မလှုပ် ကြည့်နေသည်။ ဝင်၍တားမြစ်ခြင်းလည်း မပြု၊ တောင်းပန်ပေးမည့် အရိပ်လက္ခဏာလည်းမပြ၊ သူသည် ရွတ်စရာရှိသည်များကိုသာ အဆက်မပြတ် ရွတ်လျက်ရှိသည်။

'ဟေ့ကောင် .. ဖြေလေ' ဟု ဂိုတာရီက ထပ်အော်ပြန်သည်။ သူ့အော်သံသည် ဘုရားကျောင်းထဲ၌ ပဲ့တင်ထပ်သွားသည်။ 'ဖြေလေ .. ကွာ မင်းမဖြေရင် အခုချက်ခြင်း သတ်ပစ်လိုက်မယ်'

'ဟုတ်ပါတယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်' ဟု ဆင်တာရီက ဖြေသည်။ 'ကျွန်တော် အဲဒီနိုင်ငံခြားသားနဲ့ ခရီးသွားနေတာပါ'

'အဲဒီကောင် အခုဘယ်မှာလဲ'

ဆင်တာရီသည် အလွန်စိတ်မသက်သာသည့် မျက်နှာထားဖြင့် ဘုန်းကြီးအား

ကြည့်သည်။ သူ့အားကူညီပါဦးဟု အသနားခံသည့် သဘောပါသည်။ သို့သော်လည်း ဘုန်းကြီးအို၏ တုံ့ပြန်မှုသည် မကောင်း၊ ဤကိစ္စတွင် သူသည် ဆင်တာရီအား ပစ်ပယ်ထားပုံရ၏။

'သူ .. အခု ဒီနေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာ ပုန်းနေပါတယ်' ဟု ဆင်တာရီက ပြောသည်။ 'သွားရင်မိနစ်ပိုင်းလောက်နဲ့ ရောက်နိုင်တဲ့ နေရာတစ်ခုပါ'

'ဘယ်နေရာလဲ၊ အတိအကျပြော' ဟု ဆာမူရိုင်းက ဆင်တာရီ၏ ဆံပင်ကို ...သည်ထက်တင်းအောင် ဆွဲညှစ်ထားပြီး လည်ပင်းမှ နောက်ထပ်သွေးထွက်လာအောင် ဓါးဖြင့် မသိမသာလေး လှီးလိုက်သည်။ 'အဲဒီနေရာ ဘယ်နေရာလဲ .. ပြော၊ မပြောရင် သွေးထွက်လွန်ပြီး သေအောင်လုပ်မယ်'

'သူ ကျီပျက်တစ်လုံးထဲမှာ ပုန်းနေတယ်' ဟု ဆင်တာရီက ကြောက်ရွံ့စွာဖြင့် ပြောသည်။ 'ဒီတောင်ကုန်းအဆင်း ခရီးတစ်ဝက်လောက်ပဲ ဝေးမယ်'

'မင်းကိုယ်တိုင် အခုချက်ခြင်း လိုက်ပို့'

ဆာမူရိုင်းသည် ဆင်တာရီအား ခပ်ကြမ်းကြမ်း ဆွဲထူကာ အပြင်သို့ ထုတ်သွားသည်။ ဘုန်းကြီးအိုသည် ကြားမှဝင်၍ ဟန့်တားခြင်း၊ တောင်းပန်ခြင်း မပြု၊ သူသည် ...မူရိုင်းနှင့် ဆင်တာရီတို့ ထွက်သွားချိန်အထိ သူ့နေရာ၌ မလှုပ်မယှက် ရပ်နေသည်။ ...အချိန်ထိ သူ ရွတ်စရာရှိသည်များကို ရွတ်နေဆဲ .. ။ အပြင်ဘက်မှ စောင့်နေသူမှာ ...သားတာနာကာ . . ။ သူသည် ဂိုတာရီနှင့်ဆင်တာရီတို့ ပြောနေသည့် စကားများ ကြားသိခဲ့ပြီ၊ သူတို့နှစ်ယောက် သူ့အနားရောက်လာသည့်အခါ တာနာကာက ...တာရီအား ချုပ်ကိုင်ထားမှုကို နည်းနည်းပါးပါး လျှော့ပေးဖို့ ခိုင်းသည်။

'ကူမာတိုရီက မင်းသားတာနာကာကို သင့်တော်တဲ့ ရိုသေလေးစားမှုကို ...ရမယ်ဆိုတာ မင်းသိရဲ့လား' ဟု ဂိုတာရီက ပြောသည်။ 'အဲဒါကိုမှ မင်းမသိတတ်...ဆိုရင်တော့ မင်းကို ငါ့ဓါးစာ ကျွေးရတော့မှာပဲ'

ဆင်တာရီသည် ထိုအခါကျမှ မင်းသားတာနာကာ၏ ရုပ်ရည်နှင့် ဝတ်စား...ဆင်ယင်ပုံများကို အထူးသတိထားမိလာသည်။ ဤနာမည်ကို အရင်ကတည်းက သူ ကြားခဲ့ဖူး၏။ တပ်ဆင်ထားသည့် တံဆိပ်ကိုမြင်လိုက်ရသည့်အခါတွင်မူ ကာဂိုဆွေမျိုး ...ယ်ဝင်မှူးမတ်တစ်ဦးဖြစ်ကြောင်း ချက်ခြင်းသိသည်။

သူသည် တာနာကာရှေ့တွင် လျှင်မြန်စွာ ဒူးထောက်ထိုင်ချလိုက်သည်။ သူ့နဖူး မြေပြင်နှင့်ထိသည်အထိ ဦးခေါင်းကို ငုံ့လိုက်သည်။ စကားတစ်ခွန်းမှ မပြော၊ ...တန်ကြာခါမှ ဂိုတာရီက သူ့အားခြေထောက်နှင့်ကန်၍ ထခိုင်းသဖြင့် ထလာသည်။

'မင်းဘယ်သူလဲ' ဟု တာနာကာက မေးသည်။ သူနှင့်မျက်နှာချင်းဆိုင်၍ ရပ်

www.burmeseclassic.com

www.burmeseclassic.com

နေသူအား စေ့စေ့စပ်စပ်ကြည့်သည်။ 'မင်းကိုယ်မင်း ဘယ်သူဘယ်ဝါဆိုတာ ပြော ငါအမိန့်ပေးတယ်'

'ကျွန်တော် ဆင်တာရိုပါ . . ၊ ဘာအဆင့်အတန်းမှ မရှိတဲ့ အောက်တန်းစ တံငါသည် တစ်ယောက်ပါ အို ကာမိ–ဆန်'

'မင်းလို သာမန်တံငါသည် နိပွန်တစ်ယောက်က ဘာပြုလို့ နိုင်ငံခြားသ လူရိုင်းတစ်ယောက်နဲ့ မိတ်ဆွေဖြစ်နေရတာလဲ၊ အဲဒါကိုတော့ မင်းအသေးစိတ် ရှင်း လိုတယ်'

'လွန်ခဲ့တဲ့ လေးနှစ်က ကျွန်တော်ဟာ ပင်လယ်ပြင်မှာ သင်္ဘောပျက်လို့ ဒုက္ခ ရောက်ခဲ့ရပါတယ် . . အို ကာမိ–ဆန်'ဟု ဆင်တာရိုက ခေါင်းကိုကုန်း၍ အရိုအသေ ပေးပြီး ပြောသည်။ 'ကံကကောင်းတော့ ကျွန်တော့်ကို သူ့အရပ်သူ ပြန်လာနေ ဝေလငါးဖမ်းသင်္ဘောကတွေ့လို့ ကယ်ဆယ်ပြီး အမေရိကန်ကို ခေါ်သွားခဲ့ပါတယ်။ ကျွန်တော့်ကို သူတို့က သူတို့နိုင်ငံရဲ့ အနောက်ဖက်ကမ်းခြေက သင်္ဘောဆိပ်မြို့တစ်မြို့ မှာချထားပေးခဲ့ပါတယ်။ ကျွန်တော် အဲဒီမှာနေဖို့ကလွဲပြီး ရွေးစရာလမ်း မရှိပါဘူး။ အဲဒီမှာပဲ နေခဲ့ရပါတယ်။ အခုကျတော့ သူတို့ရဲ့ သင်္ဘောနက်ကြီးတွေနဲ့ လိုက်ချ ရင်လိုက်ခဲ့၊ မင်း တိုင်းပြည်ကို ပြန်ရောက်မယ်ဆိုလို့ လိုက်လာခဲ့တာပါ'

'ဒါဆိုတော့ မင်းက နိုင်ငံခြားသားလူရိုင်းတွေကြားမှာ လေးနှစ်နေခဲ့ရတာကို' ဟု တာနာကာက သူ့ဖာသာသူ ပြောနေသလို ရေရွတ်သည်။ ' ဒီလိုဆိုရင် မင်း သူတို့ရဲ့ နေမှုထိုင်မှုနဲ့ ပြောဆိုဆက်ဆံမှု သဘာဝတွေကို သိမှာပေါ့'

'ဟုတ်ကဲ့ပါ အို ကာမိ–ဆန်၊ ဒါပေမယ့် နည်းနည်းပါးပါးပဲ သိတာပါ' ဆင်တာ သည် စကားကို ဆက်မပြောသေးပဲ သူ့ကံကြမ္မာအတွက် တာနာကာ၏မျက်နှာ ကြည့်၍ မဝံ့မရဲအကဲခတ်သည်။ 'ကျွန်တော့်မှာ ဆန္ဒမရှိပါဘူး . . ခင်ဗျာ၊ ကျွန်တော့် နိုင်ငံရဲ့ ဥပဒေတွေကို ချိုးဖောက်ပြီး ဒီမြေပေါ်က ထွက်ပြေးသွားခဲ့တာ မဟုတ်ပါဘူး'

'နိုင်ငံခြားသား လူရိုင်းတွေက မင်းကို အာဏာပိုင်တွေဆီ ပြန်အပ်ပေးဖို့ ရည်ရွယ် ထားသလား'

ဆင်တာရိုက ခေါင်းညိတ်သည်။ ' ရည်ရွယ်ထားပါတယ် အို ကာမိ–ဆန် ဒါပေမဲ့ ကျွန်တော်တို့ ယီဒိုပင်လယ်အော်ထဲရောက်တော့ ကျွန်တော်သိပ်ကြောက် လာပါတယ်။ စစ်ပြင်ဆင်မှုတွေ လုပ်နေတာ မြင်တော့ ကျွန်တော် စဉ်းစားမိလာတယ်၊ နိပွန်နိုင်ငံသားတွေဟာ နိပွန်နိုင်ငံကို မစွန့်ခွာရဘူးဆိုတဲ့ ရှေးဟောင်းဥပဒေအရဆိုရင် ကျွန်တော် အသတ်ခံရမှာ သေချာတယ် မဟုတ်လား . . ။ အဲဒါကြောင့် ကျွန်တော် နိုင်ငံခြားသားလူရိုင်းတွေကို တောင်းပန်ထားရတယ်။ ကျွန်တော့်ကို နိပွန်အာဏာပို

ကျွလက်ထဲ ချက်ခြင်းမအပ်ဖို့နဲ့ အခြေအနေအားလုံး ရှင်းသွားပါမှ အပ်ပေးဖို့ မေတ္တာ ရပ်ခံထားရပါတယ်'

တာနာကာသည် ဆင်တာရိုအား သတိထား၍ကြည့်ကာ အကဲခတ်နေသည်။ ပို့နောက် 'ဒီကိစ္စကို နောက်ပိုင်းကျမှ ထပ်ဆွေးနွေးကြမယ်'ဟု ပြောသည်။ 'အခု ယောလောဆယ် နိုင်ငံခြားသား လူရိုင်းပုန်းနေတဲ့နေရာ တို့ကိုလိုက်ပြ'

ဆာမူရိုင်းအစောင့်သည် ဆင်တာရို၏ လက်မောင်းကို ဆုပ်ကိုင်ကာ တောင်ထိပ် မှ အောက်သို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။ အောက်သို့မရောက်မီ လမ်းခုလတ် ရှင် ဆင်တာရိုသည် အစောင့်၏ အအော်အငေါက်ကို ခံရပြန်သည်။

'မတ်ဆူမူရာ တိုကီဝါကော နိုင်ငံခြားသားဆီမှာလား'ဟု မေးသည်။

' ဟုတ်ပါတယ် . . ၊ သူ ကျွန်တော်တို့နဲ့ အတူတူပါပဲ' ဟု ဆင်တာရိုက ပြောသည်။

'သူအခု ကျီပေါင်းထဲမှာ နေခဲ့ပါတယ်'

ဂိုတာရိုက တာနာကာအား ဖျတ်ခနဲ လှမ်းကြည့်သည်။ မင်းသား၏ မျက်နှာ သည် ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိ၊ ဆင်တာရို့ထံမှ ကြားလိုက်ရသည့် စကား အတွက် ဘာထင်မြင်ချက်မှလည်း မပေး။

'တို့ကို သူတို့ဆီလိုက်ပို့'ဟု ဂိုတာရိုက ပြောပြီး ခေါင်းကို ဆင်တာရို့လည်ပင်း ရှပ်တင်ထားသည်။ 'ဖြည်းဖြည်းသွား၊ အသံမထွက်စေနဲ့၊ အော်ဟစ်ပြီး သတိပေးရင် ခေါင်းနဲ့ကိုယ်နဲ့ အိုးစားကွဲမယ် . . ၊ နားလည်လား'

ဆင်တာရိုသည် လရောင်လွှမ်းနေသည့် ထင်းရှူးပင်များကြားမှ လမ်းသွယ် တိုင်းရှေ့မှသွားသည်။ သူ့နောက်မှ ဂိုတာရိုနှင့်တာနာကာ . . ။ လှေခါးများ၏ထိပ် ပို့ရောက်သည့်အခါ သူသည် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ သူ့အပေါ် များစွာကရုဏာ ထားခဲ့သည့် အမေရိကန်အရာရှိအပေါ် သစ္စာဖောက်ရမည့် အရေးသည် တွေးဝံ့စရာမရှိ။

ထိုအခိုက်မှာပင် ဂိုတာရို၏ခါးသွားသည် သူ့လက်ဖျံရိုးထဲသို့ စူးဝင်သွားသည်။ သူသည် ရှေ့သို့ ဟပ်ထိုး . . ဟပ်ထိုးဖြစ်ကာ လဲကျတော့မလို ဖြစ်သွားသည်။ သူ သည် လှေခါးထိပ်မှနေ၍ ကျီပေါင်းရှိရာသို့ ဆင်းသွားသည်။ သူ့အဖို့ အစောင့် ဆာမူရိုင်း၏ အမိန့်ကို နာခံရုံမှတစ်ပါး အခြားရွေးစရာ လမ်းမရှိ . . .။

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

'မင်း ဘာပြုလို့ အကျဉ်းသား ဖြစ်ခဲ့ရတာလဲ၊ ဘာပြုလို့ အခုလို လယ်သူမ ယောင်ဆောင်ပြီး ထွက်ပြေးလာခဲ့ရတာလဲ'

ရောဘတ်အီဒင်သည် သူ၏ချည်ဘောင်းဘီကို ပြန်ဝတ်နေရာမှ ထိုမေးခွန်းကို မျှ ဂျပန်မလေးထံမှ ပေးလာမည့် အဖြေကို စောင့်သည်။ တစ်ဖက်မှလည်း အဝေးမှ ပေါ်လာမည့် လူသံနှင့်မြင်းခွာသံများကို သတိထား၍နားစွင့်သည်။ သို့သော်လည်း ယဖြစ်ဖွယ်ရာ အသံများကို မကြားရ၊ သူရပ်နေသည့်နေရာမှ လှမ်းကြည့်လိုက် ၍အခါ လရောင်အောက်တွင် ပြိုးပြိုးပြက်ပြက် လက်နေသည့် ဖူဂျီတောင်ကို မြင်နေရဆဲ . . .။

'တိုကီဝါ့ဓာတ်လမ်းက နားလည်ဖို့ ခက်ချင်ခက်လိမ့်မယ်'

'ကိုယ် နားလည်အောင် ကြိုးစားကြည့်ချင်တယ်' ဟု အီဒင်က တိုကီဝါ့ဘက် ညို့ကြည့်ပြီး ပြောသည်။ 'တကယ်လို့ မင်းပြောတဲ့အခါ နားလည်လွယ်မယ့် အားလုံးတွေသာ သုံးမယ်ဆိုရင်ပေါ့'

တိုကီဝါသည် မျက်လုံးများကို စုံမှိတ်ပြီး လက်တစ်ဖက်ကို မျက်နှာပေးတင်ကာ ကက်ရိုးအခင်းပေါ်တွင် လှဲနေဆဲ . .။ စက္ကူမီးပုံးဆီမှ ခပ်ဖျော့ဖျော့ အလင်းရောင် ည် သူ့ခန္ဓာကိုယ်အောက်မှ အပြာရောင်ပိုးသားကီမိုနိုပေါ် ကျဆင်းလျက်ရှိ၏။ သူ့ အားလှမ်းကြည့်နေသော အီဒင်သည် တိုကီဝါ၏ သေးသွယ်ပျော့ပြောင်းသော အလှတွင် နစ်မြောလျက် ရှိပြန်သည်။

'ရှင် နီပွန်စကားကို ကောင်းကောင်းပြောတတ်တယ် . . နော်' ဟု တိုကီဝါက ရွတ်သည်။

'ကိုယ်တို့ အမေရိကန်က ထွက်မလာခင် နှစ်အတော်ကြာကြာကတည်းက

www.burmeseclassic.com

www.burmeseclassic.com

ဆင်တာရှိ ကိုယ်တို့သင်္ဘောကို ရောက်လာတာ၊ ကိုယ်က နိပွန်စကား သူ့ဆီမှ သင်တာ လပေါင်းအများကြီး ကြာခဲ့ပြီ၊ အခု ဒီကိုလာခဲ့တဲ့ ခရီးလမ်းတစ်လျှောက်လုံး မှာလည်း နေ့စဉ်သင်လာတာ'

အီဒင်သည် တိုကီဝါဆီပြန်လျှောက်လာပြီး အနီး၌ထိုင်သည်။ ပြီးတော့ တိုကီဝါ အား တယုတယ ပွေ့ယူလိုက်သည်။ တိုကီဝါသည် ရုတ်တရက် စကားမပြော . . . အချိန်အတော်ကြီး ကုန်သွားသည်အထိ နှုတ်ဆိတ်နေသည်။ ထို့နောက် . . . ။

'အားလုံးဟာ ရုတ်တရက် မြန်းစားကြီး ဖြစ်လာတာပဲ၊ တိုကီဝါ့မှာ တွေးဖို့တော့ အချိန်မရခဲ့ဘူး' ဟုပြောသည်။ 'သင်္ဘောနက်ကြီးတွေ လာနေပြီဆိုတဲ့ သတင်းကို တိုကီဝါတို့ ကြားရချိန်မှာ ယီဒိုမြို့ရဲ့ လမ်းမတွေပေါ်မှာ အထိတ်တလန့်ဖြစ်ပြီး ပြေးကြ လွှားကြတာတွေ ဖြစ်လာတာပဲ . . ။ ကြောက်လန့်ပြီး အိမ်ထဲက ထွက်ပြေးလာကြတဲ့ လူတွေကလည်း အများကြီးပဲ။ အများစုက သူတို့ပိုင် အဖိုးတန်ပစ္စည်းတွေကို ဖက်ပြီး တယ်။ မြို့ကထွက်ပြေးတဲ့ လူတွေကလည်း အများကြီးပဲ၊ ဘာတွေဖြစ်လာမလဲ ... စစ်ဖြစ်တော့မှာလား . . ။ တွေးနေ ပြောနေကြတာတွေကတော့ အများကြီးပဲ'

အီဒင်သည် တိုကီဝါအား ငုံ့ကြည့်သည်။ 'အမေရိကန်က နိပွန်နဲ့ ငြိမ်းချမ်းစွာ ကုန်သွယ်လိုတဲ့ ဆန္ဒတစ်ခုပဲရှိတာပါ' ဟု ပြောသည်။ 'ဒီစကားကို မင်းတို့ကတော့ လိမ်လည်မှုတစ်ခုလို့ ထင်မှာပဲ၊ ဒါပေမဲ့ . . ကိုယ်တို့ဘက်က စစ်ကို မလိုလားကြ တာအမှန်ပါ'

'တိုကီဝါကြားတာက ကြောက်စရာသိပ်ကောင်းတဲ့ အမြောက်ကြီးတွေ ပါလာတဲ့ သင်္ဘောနက်ကြီးတွေ လာနေကြပြီ . . တဲ့' ဟု တိုကီဝါက ပြောသည်။ 'ရှင်တို့ဘက်က မတိုက်ခိုက်ချင်ဘူးဆိုရင် အမြောက်ကြီးတွေကို ယူလာဖို့ လိုသလား'

အီဒင်က ပခုံးများကို တွန့်လိုက်သည်။ 'ကိုယ်တို့အနေနဲ့ လက်နက်တွေ တပ်ဆင် ပြီးလာခဲ့ရတာ အကြောင်းရှိတယ်။ ကိုယ်တို့ ရှေ့ကရောက်သွားခဲ့တဲ့ နိုင်ငံခြားသား အရိုင်းအစိုင်းသင်္ဘောတွေဟာ နိပွန်တွေရဲ့ မောင်းထုတ်တာ ခံခဲ့ကြရတယ်။ ကိုယ်တို့က အဲသလို အဖြစ်မခံချင်ဘူး'

'နိပွန်နိုင်ငံဟာ တခြားလူမျိုးတွေနဲ့ လုံးဝအဆက်အသွယ် မလုပ်ပဲ နေလာခဲ့တာ နှစ်ပေါင်းနှစ်ရာတောင် ရှိသွားပြီ။ ကိုယ်တို့နိုင်ငံက ခေါင်းဆောင်တွေက သူတို့ရဲ့ ကိုယ်ကျိုးအတွက်ပဲဆိုဆို မင်းတို့နိုင်ငံတွေထဲ ပြန်ဆွဲသွင်းဖို့ ဆုံးဖြတ်ခဲ့ကြတယ် ...'

'တိုကီဝါတို့ကို ကိုယ့်ဖာသာကိုယ်နေခွင့် ဘာ့ကြောင့် မပြုရတာလဲ' ဟု တိုကီဝါ ကပြန်မေးသည်။ 'ဘာပြုလို့ သူတို့က ဒီထိအောင် လာခဲ့ကြတာလဲ'

'သူတို့က အခုလို သူတို့လုပ်တာဟာ မှန်တယ်လို့ ယုံကြည်နေကြလို့ပဲပေါ့

ကတော့ ဒါကိုသဘောမတူပါဘူး၊ ကိုယ်ယုံကြည်ထားတာက အေးအေးချမ်းချမ်း ကဲ့ တခြားနိုင်ငံတွေကို ခြိမ်းခြောက်တာတို့ အနိုင်ကျင့်တာတို့ မလုပ်သင့်ဘူး . . ။ စစ်ပွဲဆိုတာ အမှတ်မထင်ဖြစ်ပြီး ပေါ်ပေါက်လာတာမျိုးပဲ ဖြစ်သင့်တယ်လို့ ထင်တယ်'

'ရှင်တို့ သင်္ဘောနက်တွေပေါ်မှာ ပါလာတဲ့ စစ်သည်တွေက နိပွန်ကို ကျူးကျော် လိုက်ပြီး ကျွန်မတို့ကို ကျွန်လုပ်ခိုင်းကြမှာလား' ဟု တိုကီဝါက အီဒင့်မျက်နှာ သာကမကင်းသော မျက်နှာဖြင့် ကြည့်၍မေးသည်။

အီဒင်က တိုကီဝါ၏ဆံပင်ကို သူ့လက်ဖြင့် အသာအယာ ဖွဖွကလေးကိုင်နေ သည်။ 'ကိုယ် ကမ်းပေါ်ကို တိတ်တိတ်ကလေး ရေကူးပြီး ရောက်လာတာ၊ ခွင့်ပြုချက် ဘူး။ ကိုယ့်အနေနဲ့ စစ်မဖြစ်အောင် ကြိုတင်တားဆီးနိုင်မယ့် နည်းလမ်း ရှိ-မရှိ ချင်လို့လာခဲ့တာ၊ ဒါပေမယ့် ဖြစ်နိုင်ချေ ရှိချင်မှ ရှိမယ်လို့ . . .'

တိုကီဝါက သူမ၏မျက်နှာကို အီဒင့်ပခုံးတွင် အပ်ထားသည်။ အီဒင်ကလည်း ဝါအား ပို၍တင်းကြပ်စွာ ပွေ့ပိုက်ထားသည်။ များစွာ မဝေးကွာလှသည့် တောင်ကုန်း ပေါ်ခုဆီမှ ညဥ့်ငှက်တစ်ကောင်၏ ရူးရူးရှရှအော်သံနှင့် အလန့်တကြားထ၍ ပြေးသွားသံများ ကြားလိုက်ရ၏။ အီဒင့်ခေါင်းသည် ဆတ်ခနဲထောင်လာပြီး နားစွင့် သည်။ ငှက်အော်သံနောက်မှ အခြားသံသယဖြစ်စရာ အသံတွေ လိုက်ပါလာလေ လား . . . ။

အီဒင်က တိုကီဝါ၏မေးကိုကိုင်၍ မျက်နှာမော့လိုက်ပြီး မျက်နှာချင်းဆိုင် ကြည့် သည်။ 'ဘာပြုလို့ မင်း ရုပ်ဖျက်ပြီး ပြေးလာရသလဲဆိုတာ ကိုယ့်ကို အခု ပြောပြမယ် ဟုတ်လား' ဟု မေးသည်။

တိုကီဝါက လှဲနေရာမှ ထထိုင်ပြီး သူ့ပခုံးပေါ်မှ ကီမိုနိုကို သေသေသပ်သပ် ဖြစ်သွားအောင် ပြုပြင်သည်။ 'အထက်တန်းစား မှူးမတ်အနွယ်ထဲက လူငယ် တစ်ယောက်ရှိတယ်၊ သူ့ကို တိုကီဝါက ယီဒိုမှာ မကြာခဏ ဖြေဖျော်ခဲ့ရဖူးတယ်၊ သင်္ဘောနက်တွေ သတင်းကြားရလို့ ယီဒိုက လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေချိန် သူ တိုကီဝါ့ဆီ ရောက်လာတယ်'

'သူ့နာမည်က ကူမာတိုရီက မင်းသားတာနာကာ . . တဲ့၊ သင်္ဘောနက်တွေနဲ့ ရှိင်းတွေရောက်လာတဲ့အတွက် သူတို့အုပ်စုတွေထဲမှာ အငြင်းပွားမှုတွေ အများကြီး ဖြစ်နေတယ်လို့ သူကပြောတယ်။ တချို့ ဒိုင်မျိုး တွေက သင်္ဘောနက်တွေကို အခု ချက်ခြင်းတိုက်ချင်နေကြတယ် . . တဲ့၊ တကယ်လို့ တိုက်ရင်လည်း အသက်တွေ အများကြီး စတေးရမယ် . . တဲ့၊ ကျန်လူစုတွေကတော့ အဲသလို လုပ်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com

နိပွန်တွေအတွက် ပျက်စီးမယ့်ကိန်းမို့ အခြေအနေကို စောင့်ကြည့်ချင်ကြတယ် . .တဲ့'

အီဒင်က မျက်မှောင်ကုပ်သွားသည်။ 'အဲဒါတွေက မင်းအပေါ် ဘယ်လို ပတ်သက်ပြီး အကျိုးသက်ရောက်မှု ရှိလာရတာလဲ'

'မင်းသားတာနာကာက ဒီအရေးကိစ္စတွေမှာ သူဟာ ဆက်စပ်ပတ်သက် နေတယ် .. တဲ့၊ သူ့ရန်သူတွေက တိုကီဝါ့ကို ပြန်ပေးဆွဲချင်ဆွဲမယ်၊ သတ်ချင်သတ်မယ် . . တဲ့၊ သူ့ကို ရန်ပြုချင်လို့ လုပ်ကြမှာစိုးရတယ် . .တဲ့၊ အဲဒီတော့ တိုကီဝါ့ လုံခြုံရေး အတွက် သူချပေးထားတဲ့ အစောင့်တွေနဲ့ ယီဒိုက ထွက်သွားပါလို့ ပြောတယ် . . .'

'သူတို့က မင်းကို ဘယ်ခေါ်သွားကြသလဲ'

'ဒီနေရာရဲ့ မြောက်ဘက် ဆယ်မိုင်ကွာလောက်မှာရှိတဲ့ တည်းခိုရိပ်သာ တစ်ခုကို ခေါ်သွားကြတယ်၊ အဲဒီမှာ တိုကီဝါ့ကို အကျဉ်းသားတစ်ယောက်လို ထားခဲ့ကြတယ်၊ တိုကီဝါကြောက်လာတယ်၊ လူတွေအများကြီး ထွက်ပြေးနေကြတာကိုလည်း မြင်ရ ရတယ် မဟုတ်လား၊ တိုကီဝါတို့ဆီမှာ စစ်ကြီးတစ်ခု ဖြစ်နေပြီလို့လည်း ထင်မိတယ်၊ တိုကီဝါ့အနေနဲ့ မိသားစုနဲ့ ပြန်မတွေ့ရမှာကိုလည်း စိုးရိမ်လာတယ်'

'ဘာပြုလို့ သူတို့နဲ့ရိပ်သာမှာ မနေချင်ရတာလဲ'

'အစောင့်တွေကို တိုကီဝါ ကြောက်လာလို့ . . ၊ ရေတံခွန်မှာ ရှင်နဲ့ တိုက်ခဲ့တဲ့ လူဟာ အစောင့်တွေထဲက အကြီးအကဲပဲ၊ တကယ်လို့ မင်းသားတာနာကာ အသတ်ခံ ရရင် ဒါမှမဟုတ်လို့ ပြန်မလာခဲ့ရင် သူတို့တိုကီဝါကို ဘာလုပ်ကြမလဲဆိုတာ မသိ နိုင်ဘူး၊ ဒါ့ကြောင့် တိုကီဝါအတွက် ငှားပေးထားတဲ့ အစေအပါးမလေးကို လာဘ် ထိုးပြီး လယ်သူမအဝတ်နဲ့ မြင်းတစ်ကောင် ရှာခိုင်းခဲ့တယ်'

'မင်းဟာ သတ္တိလည်းကောင်းတယ်၊ လှလည်း လှတယ်'

တိုကီဝါက အီဒင်အား တစ်ချက်မျှ မော့ကြည့်သည်။ 'တိုကီဝါ့ အဖေဟာ ဆာမူရိုင်းတစ်ယောက်ပဲ၊ မျိုးတူအုပ်စုဝင်တွေ အချင်းချင်း တိုက်ခိုက်နေကြတဲ့ စစ်ပွဲကြီး အပြီးမှာ အဖေ့လိုလူတွေဟာ ဆင်းရဲပြီး ဒုက္ခရောက်ကုန်ကြတယ်။ နောက်ဆုံးမှာ အဖေ ဟာကုန်သည်ဖြစ်သွားခဲ့တယ်။ ဒါပေမယ့် ဝမ်းနည်းဖို့ကောင်းတာက အဖေဟာ လောင်းကစားကို သိပ်ဝါသနာကြီးတယ်'

'အဲဒီတော့ . .'

'သူပိုင်သမျှ ပစ္စည်းအားလုံးကို ယီဒိုမြို့က အပျော်အပါးသိပ်အားကြီးတဲ့ ဆိုင် ထဲမှာ တစ်ညတည်းနဲ့ ရှုံးကုန်တယ်။ သူ့ဘဝ မပျက်သွားအောင် တိုကီဝါ့ကို ဂေရှာမယ် အဖြစ်အရောင်းခံရဖို့ တိုကီဝါ သဘောတူခဲ့ရတယ်။ ဆာမူရိုင်းရဲ့သမီးတွေနဲ့ သားတွေ ဟာ ဘဝကို နောက်မတွန့်ပဲ ရင်ဆိုင်ရဲအောင် ငယ်ငယ်ကတည်းက သင်ပေးထားတာ'

'ကံကြမ္မာဟာ သိပ်ကိုထူးဆန်းတယ်' ဟု တိုကီဝါက ရေရွတ်သည်။ 'တိုကီဝါ နှစ်ယောက်စလုံး ကောင်းကင်က အလင်းတန်းကြီးကို မြင်ခဲ့ရတယ်။ နှစ်ယောက် တစ်ညထဲမှာပဲ လယ်သမား အဝတ်အစားတွေနဲ့ ထွက်ပြေးကြရတဲ့ ဝရမ်းပြေးတွေ ဖြစ်လာကြရတယ်'

'ဟုတ်တယ် . . အလွန်ထူးဆန်းတာပဲ' ဟု အီဒင်က အလိုက်သင့် ပြန်ပြော သည်။

'တိုကီဝါ ယာဒိုယာ မှာဆုတောင်းတုန်းက တိုကီဝါစိတ်ထဲက ကြိတ်ပြီး ကတိပြု ခဲ့ပါတယ်' ဟု တိုကီဝါကဆက်ပြောသည်။ 'ကာမိ က တိုကီဝါနဲ့ ထိုက်တန်တယ်လို့ သတ်မှတ်ပေးထားတဲ့ အမျိုးသားဆိုရင် ဘယ်သူ့ကိုမဆို တိုကီဝါ့အချစ်ကို ပေးပါမယ် လို့ ကတိပေးထားခဲ့တယ်။ အဲဒီကတိကြောင့်လည်း တိုကီဝါ့ ခန္ဓာကိုယ်ကို အလွယ် တကူနဲ့ ရှင့်လက်ထဲ ပေးအပ်ခဲ့မိတာပါ။ ရှင်နဲ့တိုကီဝါတို့ အခုလို ဆုံရကြုံရတာဟာ ကံကြမ္မာကြောင့်လို့ဆိုရင် ရှင်ယုံပါ့မလား'

အီဒင်က ချက်ခြင်းအဖြေမပေး၊ 'ကိုယ့်မိန်းမ တောအုပ်ထဲမှာ ဆုံးသွားတဲ့ အချိန် ကစပြီး ကိုယ် ဘာကိုမှမယုံကြည်တော့ဘူး' ဟုဖြေသည်။ 'အဲဒီကာလအတွင်းမှာ ကိုယ်ကိုယ်ကိုလည်း တန်ဘိုးမထားတော့ဘူး၊ သေချင်သေ ၊ ရှင်ချင်ရှင်၊ ဖြစ်ချင်တာ ဖြစ်စေလို့ပဲ သဘောထားတယ်၊ ဒါပေမယ့် အခုတော့လည်း ကိုယ့်မှာ အဲဒီစိတ် မရှိတော့ပြန်ဘူး'

သူ့အသံသည် တိမ်ဝင်သွားသည်။ သူသည် တိုကီဝါအား တင်းကြပ်စွာ ပွေ့ဖက် ထားသည်။ တိုကီဝါကလည်း သူ့အား တအားပြန်ဖက်ထားသည်။ အီဒင်က တိုကီဝါ့ နှုတ်ခမ်းကို နမ်းရန်ခေါင်းငုံ့လိုက်သည်။ ထိုအခိုက်တွင် အထပ်ခိုးလှေခါးဆီမှ လျှင်မြန်စွာ တက်လာနေသည့် ခြေသံများ ကြားလိုက်ရသည်။

ထို့နောက် ပေါက်ပြဲနေသော ခေါင်းမိုးမှ ဝင်လာနေသည့် လရောင်ဖြင့် မြင်လိုက် ရသည့် ဂိုတာရို . . ။ သူဆွဲထုတ်လိုက်သည့် ဓါးရောင်သည် လက်ခနဲဖြစ်သွားသည်။ ထို့နောက် သံကုန်ဟစ်၍ အော်လိုက်ပြီး တအားလွှဲ၍ခုတ်လိုက်သည့် ဓါးချက် . . . ။ အီဒင်သည် ကြမ်းပေါ်သို့ဘေးတိုက် လှိမ့်ချလိုက်ပြီး သူ့ဓါးကိုယူကာ ထရပ်လိုက်သည်။

ဆာမူရိုင်း၏ ပထမဓါးချက်သည် အရှိန်လည်းပြင်း၏။ မြန်လည်းမြန်၏။ ... ဂါဝါ့ထံမှ စူးစူးရှရှအော်သံကြားလိုက်ရ၏။ အီဒင်သည် သူ့ဓါးကို အချိန်မှီရယူကာ ... မြှင့်မှီ မြှောက်လိုက်နိုင်သော်လည်း အရှိန်ကမပြင်း၊ တစ်ဖက်မှ ကျလာသည့် ဓါးချက် ... ကိုထိမ်မိမိမခံနိုင်၊ သူ့ဓါးသည် သူ့လက်ထဲမှ လွင့်ထွက်သွားပြီး သူကိုယ်တိုင်မှာလည်း ... ကိုယ်သူ မထိန်းနိုင်၊ ဒယီးဒယိုင်ဖြစ်ကာ ဒူးထောက်လဲကျသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂိုတာရိုသည် အထက်စီးရမှုကို အခွင့်ကောင်းယူကာ နောက်ထပ် အသေသတ် သူ့ဓါးကို တအားမြှောက်လိုက်သည်။ တိုကီဝါ၏ အလန့်တကြားအော်သံသ ဒုတိယအကြိမ် ထွက်ပေါ်လာသည်။ သူသည် နောက်သို့အမြန်ဆုတ်ကာ သစ်သ နံရံကို ကျောနှင့်မှီထားသည်။

'တိုးမီးမတ်စ် (ရပ်လိုက်)'

အမိန့်ပေးသံမှာ မင်းသားတာနာကာ့ထံမှ ထွက်လာခြင်းဖြစ်၏။ ဂိုတာရိုသ မြှောက်ထားသည့်ဓါးကို ပြန်မချပဲ ရပ်ထားလိုက်ပြီး အီဒင်၏လက်မှ လွတ်ကျသွား ဓါးကိုကောက်ယူသည်။ ဒူးထောက်လျက် လဲကျနေသော အီဒင်ကိုလည်း သဟော သဟပြုသည်။

'သူ့ကို အလစ်မပေးနဲ့'

တာနာကာက ဂိုတာရိုအား လှမ်းသတိပေးပြီး စက္ကူမီးအိမ်ကိုယူကာ တိုကီ အားကြည့်သည်။ သူသည် စကားတစ်ခွန်းမှ မပြောပဲ တိတ်ဆိတ်စွာ ကြည့်နေ တိုကီဝါဆီသို့ တိုးကပ်လာသည်။

'မင်းက လူရိုင်းသူလျှိုနဲ့ ဘာပြုလို့ နှစ်ယောက်ထဲ နေရတာလဲ' ဟု ဒေါသ မကင်းသည့် အသံဖြင့် တာနာကာက မေးသည်။ 'ဘယ်လိုကြောင့် အတူတူ ကြတာလဲ'

'ကျွန်မက ရေတံခွန်မှာ ရေချိုးနေတာပါ အို ကာမိ-ဆန်' ဟု တိုကီဝါက ပြောသည်။ 'ကျွန်မ သူ့ကိုမမြင်ပါဘူး၊ ဒါပေမယ့် ကျွန်မကို ဖမ်းဖို့ကပ်လာ ဂိုတာရိုကို သူကမြင်သွားတော့ သစ်ပင်တွေကြားက ပြေးထွက်လာပြီး ကျွန်မကို ခဲ့တာပါ၊ ကျွန်မက အကူအညီ မတောင်းခဲ့ပါဘူး'

'အဲဒီစကားတွေက မင်းဒီနေရာမှာ သူနဲ့ဘာပြုလို့ ရောက်နေရသလဲဆို မေးခွန်းရဲ့အဖြေမဟုတ်ဘူး' ဟု တာနာကာက ကြားဖြတ်ပြောသည်။ 'မင်း တိုင်း ရဲ့ ရန်သူတစ်ယောက်နဲ့ မင်းတစ်ယောက်ထဲ ဘာပြုလို့ အတူတူဖြစ်နေရတာလဲ'

'အရပ်လေးမျက်နှာက မြင်းစီးသမားတွေ အများကြီးလာနေကြပါတယ် ကာမိ-ဆန်' ဟု တိုကီဝါက စကားစသည်။ သို့သော်လည်း အီဒင့်အသံက ကြား လာသည်။

'သူ့ကို ကျွန်တော်ဇွတ်အတင်းခေါ်လာတာ၊ သူ့မှာ ရွေးစရာလမ်းမရှိ ကျွန်တော် မြင်းပေါ်ကို ဆွဲတင်ပြီး ခေါ်လာတာ'

တာနာကာ့မျက်လုံးအစုံသည် ဒေါသရောင်သန်းနေသည်။ သူသည် အီဒင် လှည့်မကြည့် . .။ 'ဒီလူရိုင်းသူလျှိုက မင်းကို သူနဲ့အတူတူ ကောက်ရိုးအခင်း

ပေါ်မှာ လှဲနေဖို့ ဇွတ်အတင်းခိုင်းခဲ့တယ် . . ပေါ့၊ ဟုတ်လား'

တိုကီဝါသည် မျက်လွှာကိုချထားသည်။ တာနာကာ့ အမေးကိုမဖြေ၊ နောက် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ 'သူ့ကို ကျွန်တော် အတင်းခေါ်ထားတာ'ဟု ဒင်ကပြောသည်။ 'ကျွန်တော် သူနဲ့စကားပြောချင်လို့'

'သူပြောတာ အမှန်ပဲလား' ဟု တိုကီဝါအား မေးသည်။

တိုကီဝါသည် ချက်ခြင်းမဖြေ၊ အတန်ကြာမှ ခေါင်းညိတ်သည်။ 'ဟုတ်ပါတယ်၊ မှာ နိုင်ငံခြားသားလူရိုင်းက ကျွန်မကိုပြောခဲ့တယ်၊ သူ ကမ်းပေါ်တက်လာတာ လျှိုလုပ်ဖို့ မဟုတ်ဘူး . . တဲ့၊ အရှင် . . သူ့အပေါ် အထင်လွဲနေတယ်လို့ ပါတယ်'

'ဘယ်သူ့ဆီက ခွင့်ပြုချက်မှ မပါပဲ . .၊ မှောင်ကြီးထဲမှာ ကမ်းပေါ်တက်လာတာ သူလျှိုလုပ်ဖို့ကလွဲပြီး တခြားဘာရှိဦးမှာလဲ'

'သူ တိတ်တိတ် တက်လာတာ စစ်မဖြစ်အောင် တားချင်လို့ . . တဲ့၊ သူက လိုပြောတယ်'

တာနာကာ၏မျက်လုံးများသည် ကျဉ်းမြောင်းသွားသည်။ သူသည် တစ်စုံ ရာ တွေးနေသည့်နှယ် ငြိမ်ဆိတ်နေရာမှ အီဒင်အား လှမ်းကြည့်သည်။ သို့သော် ၊ သူ ဘာမှမပြောခင် ဆင်တာရိုထံမှ အော်ဟစ်ပြောဆိုနေသံများ ကြားရသည်။

'ကျွန်တော့်ကို ဘုရားကျောင်းထဲမှာ အလစ်ဝင်ဖမ်းကြတာပါ . . မာစတာ'ဟု ဟာရိုက အင်္ဂလိပ်ဘာသာဖြင့် အီဒင်အား လှမ်းပြောသည်။ 'ကျွန်တော့်ကို ဒဏ်ရာ တရဖြစ်အောင်လုပ်ပြီး အကြောင်းစုံကို မေးပါတယ်။ ပြီးတော့ ဒီနေရာကို ပို့ခိုင်း တယ်၊ မာစတာကို မေးနေတဲ့ ပုဂ္ဂိုလ်ဟာ လေးစားထိုက်သူပါ၊ ကာဂိုမျိုးနွယ်တူ က မင်းသားတာနာကာပါ'

'မင်း ပါးစပ်ပိတ်ထားစမ်း' ဟု ဆာမူရိုင်းအစောင့်က အော်သည်။ 'မင်းကို သက်လုံး ပါးစပ်ပိတ်သွားအောင် လုပ်လိုက်ရမလား'

ဆင်တာရိုသည် ခေါင်းတစ်ချက်ငုံ့၍ အရိုအသေပေးကာ နောက်သို့ ဆုတ်သွား ။ သူသည် အီဒင်အား မကြည့်ရဲ။

'ခင်ဗျားနောက်ထပ် ဘာမှမပြောတော့နဲ့ ဆင်တာရို' ဟု အီဒင်က မတ်တပ် ကာ အင်္ဂလိပ်ဘာသာဖြင့် ပြောသည်။ 'ခင်ဗျားကိုယ်ခင်ဗျား ဒုက္ခရောက်အောင် လုပ်ပါနဲ့တော့'

'တိတ်စမ်း၊ ရှေ့မတိုးနဲ့ . .။ အဲဒီမှာပဲ ရပ်နေ' ဟု တာနာကာက လှမ်း ထားသည်။ သူသည် စက္ကူမီးအိမ်ကို ကိုင်မြှောက်ပြီး အီဒင်အားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်လုံးများသည် ပြူးသွားသည်။ ချက်ခြင်း သူ မှတ်မိသွားသည်။ တစ်ချိန်တည်း မှာပင် အီဒင်ကလည်း တာနာကာအား မှတ်မိသည်။ လွန်ခဲ့သော နာရီအတော်ကြာကြာ က ဆတ်စ်ကွီဟန်နာ သင်္ဘောပေါ်သို့ ယူရာဂါပြည်နယ်၏ လက်ထောက်ဘုရင်ခံ လာခဲ့သည်။ ထိုစဉ်က သူနှင့်လိုက်ပါလာသည့် အထက်တန်းသက်တော်စောင့်သူ ယခုမြင်နေရသည့် လူငယ်မဟုတ်ပါလား . .။

'ကျွန်တော်ရဲ့ ဓါးသမားမိုက်ရူးရဲ့ဆီက ဓါးကိုလုယူလိုက်တာ ခင်ဗျားပဲ မဟုတ် လား၊ ကျွန်တော်တို့နှစ်ယောက် တွေ့ဖူးခဲ့ပြီးပြီ' ဟု တာနာကာက ပြောသည်။

'ဟုတ်ပါတယ် အို ကာမိ–ဆန်' ဟု အီဒင်က ဂျပန်ရိုးရာဓလေ့ထုံးစံနှင့် အညီအညွတ်ဖြစ်သော စကားကို တရိုတသေပြောသည်။ 'ခင်ဗျား မှတ်မိတာ အမှန် ပါပဲ'

တာနာကာ့မျက်နှာသည် အံ့အားသင့်ခြင်းကို ဖော်ပြနေသည်။ 'ခင်ဗျား ကြည့်ရတာ ကျွန်တော်တို့ ဘာသာစကားကို ကောင်းကောင်းကြီး နားလည်နေပုံပဲ'

'ကျွန်တော် နိပ္ပွန်စကား သင်ခွင့်ရခဲ့ပါတယ်' ဟု အီဒင်ကပြောသည်။ 'ဆင်တာ ဟာ ကျွန်တော့်ရဲ့ ဆရာကောင်းတစ်ယောက်ပါ'

တာနာကာ့မျက်နှာသည် မီးရောင်ဖြင့် ပိုပိုပြင်ပြင်မြင်နေရသော အီဒင့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်။ အီဒင်ကလည်း ငြိမ်ဆိတ်ဖွာရပ်နေသော ဂျပန်အား တအံ့တသြ ပြန်ကြည့်နေသည်။ သူသည် သူ့ရင်ထဲ၌ ဖြစ်ပေါ်လာနေသည့် ဒေါသအမျက် ကို အထူးတလည် ကြိုးစားပြီး နှိမ်နင်းနေရဟန် ရှိ၏။

'ခင်ဗျားတို့ သင်္ဘောနက်တွေက ကျွန်တော်တို့ကို စစ်ပြုဖို့ ခြိမ်းခြောက်နေ အချိန်မှာ ခင်ဗျားက ညကြီးမင်းကြီး တိတ်တိတ်ကလေး ကျွန်တော်တို့ ကမ်းခြေ တက်လာရဲ့တယ်နော်' ဟု တာနာကာက ဒေါသကို ထိန်းချုပ်ထားသည့် လေသံဖြင့် ပြောသည်။ 'ခင်ဗျားရဲ့ အပြုအမူတွေဟာ သူလျှိုတစ်ယောက်ရဲ့ အမူအကျင့်ကို ဖေါ် နေတယ်၊ နိပ္ပွန်နိုင်ငံကို ဝင်ပြီး သူလျှိုလုပ်တာဟာ ချက်ခြင်း သတ်ပစ်နိုင်တဲ့ ရာဇဝတ် တစ်ခုပဲ'

'သူ့ကို အခုချက်ခြင်း ကျွန်တော်သတ်လိုက်ရမလား အို ကာမိ–ဆန်' ဟု ဓါး ကိုင်ထားသော ဂိုတာရိုက အီဒင်နားသို့ လျှောက်သွားပြီး ပြောသည်။ 'ဒီကောင်ဟာ သေသင့်တဲ့ ကောင်ပဲ'

'နေဦး . . ။ အချိန်မကျသေးဘူး'

တာနာကာက သူ့လူအား လက်ပြပြီး နောက်ဆုတ်ခိုင်းသည်။ သူ့အကြည့် အီဒင့်မျက်နှာပေါ်မှ ဖယ်မသွား၊ သူသည် သူ့ဓါးရိုးကို အသင့်ဆုပ်ကိုင်ကာ အီဒင့်အား

ကပ်သွားသည်။

'ခင်ဗျားကို တခြားလူတွေကသာ အခုလိုမိရင် သေပြီ' ဟု တာနာကာက ပြောသည်။ 'ခင်ဗျားကို မိထားတယ်ဆိုတဲ့ သတင်းသာ ပျံ့နှံ့သွားလို့ကတော့ ခင်ဗျားကို ချက်ခြင်းသတ်ဖို့ တောင်းဆိုကြတော့မှာ သေချာတယ်'

အီဒင်ကတော့ ဂျပန်၏အကြည့်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ပြန်ကြည့်သည်။ ဘာမှတော့ ပြန်မပြော . . ။ သူသည် မျက်လုံးကို ဒေါင့်ကပ်ကာ သူ့သေနတ်အိတ်ချထားသည့် နေရာကို တိတ်တခိုးကြည့်သည်။ သေနတ်အိတ်တပ်ထားသည့် ခါးပတ်မှာ သူ ကက်ရီးပေါ် ခဏတဖြုတ်လှဲစဉ်က ဖြုတ်၍ဘေးနား၌ ချထားမိခဲ့ခြင်းဖြစ်၏။

အခုတိုင်းဆိုလျှင် သူ့ပစ္စတိုသည် သူနှင့်ခြောက်ပေခန့် အကွာ၌ရှိနေသည်။ ပရောင်ကျနေသည့် နေရာ၏ အစွန်းနား၌ ရှိနေခြင်းဖြစ်၏။ သူသည် တိတိလင်းလင်း ကြည့်ဝံ့၊ အကယ်၍ သူ ဘာကြည့်နေမှန်းသိသွားလျှင် . . ။ ဘယ်လိုပဲဖြစ်ဖြစ် ဂိုတာရိုက သူ့အားဓါးနှင့် မခုတ်နိုင်မီ သူ့သေနတ်ဆီသို့ တအားခုန်ထိုးပြီး ကောက်ယူ နိုင်ရနိုင်လေမလား . . .။

'ခင်ဗျားကပြောတယ် . . ။ ခင်ဗျားဟာ သူလျှိုမဟုတ်ပါဘူး . . တဲ့၊ ခင်ဗျား ကမ်းခြေကို တက်လာတာဟာ စစ်ကိုရှောင်နိုင်မယ့် နည်းလမ်းရှာဖို့ပါ . . တဲ့၊ ဒါပေမယ့် သူလျှိုဆိုတာ ဘယ်တော့မှ အမှန်မပြောဘူး၊ လိမ်တာချည်းပဲ၊ ခင်ဗျားကို ကျွန်တော် တို့က ဘာကြောင့်ယုံကြည်ရမှာလဲ'

'ကျွန်တော် အမှန်ပြောလို့ ယုံကြည်သင့်ပါတယ် အို ကာမိ–ဆန်' ဟု အီဒင်က အေးဆေးဆေးပင် ပြန်ပြောသည်။ 'ကျွန်တော်အခု ကမ်းပေါ်တက်လာတာဟာ ကျွန်တော့်အထက်အရာရှိတွေရဲ့ အမိန့်ကို ဆန့်ကျင်ပြီး လာခဲ့တာပါ၊ တကယ်တော့ ကျွန်တော်တို့ဟာ နိပ္ပွန်နိုင်ငံရဲ့ နိပ္ပွန်လူမျိုးတွေအကြောင်းကို ပါးပါးလေးပဲ သိတာပါ၊ ပိုပြီးမလည်ပဲနဲ့ လုပ်တဲ့အလုပ်ဟာ အန္တရာယ်အလွန်များပါတယ်'

'ခင်ဗျားရဲ့သင်္ဘောကို ဘယ်သူမှမသိပဲ ပြန်သွားနိုင်လိမ့်မယ်လို့ ခင်ဗျားက ထင်ထားတယ် . . ပေါ့၊ ဟုတ်လား'

'ဟုတ်တယ်'

တာနာကာက အေးစက်စက်ပြုံးသည်။ 'ဒါဆိုရင် ခင်ဗျားရဲ့ ပထမဆုံးအမှားက ကျွန်တော်လူမျိုးတွေကို အထင်သေးခြင်းပဲ'

'ဟုတ်ချင် ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ အဲသလို အမှားမျိုးကိုလုပ်တာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး'

တာနာကာ မျက်မှောင်ကုပ်သွားသည်။ 'ခင်ဗျား ဘာဆိုလိုတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'"နိုင်ငံခြားသားအရိုင်းအစိုင်းတွေ" လို့ ခင်ဗျားခေါ်နေတဲ့ လူတွေအပေါ်မှာ ခင်ဗျားလည်း အထင်သေးခဲ့တာပဲ . . ။ အထူးသဖြင့် မနေ့က ကျွန်တော်တို့ သင်္ဘောပေါ် တက်လာတုန်းက . . လေ'

'ဘယ်လိုအထင်သေးတာလဲ'

'ခင်ဗျားလူ ခါးထုတ်လိုက်တာကို ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး သိမ်းလိုက်တော့ ခင်ဗျားအများကြီး အံ့အားသင့်သွားခဲ့တယ် မဟုတ်လား'

တာနာကာက အီဒင့်စကားကို ဝန်ခံသည့်အနေဖြင့် ခေါင်းတစ်ချက်မျှ မသိမသာ ကလေးညိတ်သည်။ နှုတ်ကတော့ ဘာထင်မြင်ချက်မှမပေး . . .။

'ပြီးတော့ ခင်ဗျား ကျွန်တော်တို့ဆီလာတုန်းက သာမန်ဆာမူရိုင်းအစောင့် တစ်ယောက်အဖြစ် အယောင်ဆောင်ပြီး လာခဲ့တယ် မဟုတ်လား။ ခင်ဗျားဟာ ကာဂို မျိုးနွယ်တူစုက မှူးမတ်တစ်ယောက်ကို ဘယ်သူကမှ ကျွန်တော်တို့ကို အသိမပေးခဲ့ကြဘူး'

'ကျွန်တော် ရုပ်ဖျက်ပြီး မထင်မရှားလာခဲ့တာဟာ မိုက်မဲတဲ့ လုပ်ရပ်မျိုး မလုပ်အောင် တားနိုင်ဖို့ပါ' ဟု တာနာကာက မခံချင်စိတ်ဖြင့် တုံ့ပြန်သည်။ 'ကျွန်တော့် ရည်မှန်းချက်တွေဟာ ရိုးသားဖြောင့်မတ်တဲ့အတွက် ဂုဏ်သိက္ခာရှိပါတယ်'

'ဒီလိုဆိုရင် ကျွန်တော့်ရည်မှန်းချက်တွေဟာလည်း ရိုးသားဖြောင့်မတ်တဲ့ အတွက် ဂုဏ်သိက္ခာရှိတယ်လို့ မြင်သင့်ပါတယ်' ဟု အီဒင်ကပြောသည်။

တာနာကာသည် မိနစ်အတော်ကြာသည်အထိ ငြိမ်ဆိတ်နေသည်။ သူ့မျက်နှာသည် တစ်စုံတရာကို တွေးခေါ်နေခြင်းကို ဖော်ပြနေသည်။ သူသည် အီဒင့်အနားသို့ ပို၍တိုးကပ်လာသည်။ 'ခင်ဗျားကို ဖမ်းမမိခင်မှာ ဒီနေရာတဝိုက်မှာ တန်ဖိုးရှိတဲ့အချက် အလက်ကို ခင်ဗျားတွေ့ခဲ့ပြီလို့ ထင်သလား'

'ကျွန်တော်မြင်တွေ့ခဲ့ရတာတွေဟာ ကျွန်တော်သင်္ဘောက ထွက်မလာခင်က ရှိခဲ့တဲ့ ခံစားမှုတွေကို မှန်ကန်တယ်လို့ ထောက်ခံနေတယ်။ အဲဒီထက်တော့ မပိုပါဘူး' ဟု အီဒင်ကပြောသည်။

'ခင်ဗျားပြောတဲ့ ခံစားမှုတွေက ဘာတွေများလဲ'

'တကယ်လို့ စစ်ဖြစ်ရင် ကျွန်တော်တို့ နှစ်နိုင်ငံစလုံးအတွက် အင်မတန်ကြီးမားတဲ့ ကြေကွဲစရာတစ်ခု ဖြစ်လာလိမ့်မယ်ဆိုတဲ့ ခံစားမှုပါ။ နှစ်ဘက်စလုံးမှာ အသက်ဆုံးရှုံးမှုတွေဟာ ကြောက်စရာကောင်းလောက်အောင် ဖြစ်လာမယ်။ ဘယ်သူ့ကိုမှလည်း အကျိုးဖြစ်ထွန်းစရာ မရှိဘူး'

တာနာကာသည် အီဒင့်အဖြေပေါ်တွင် စိတ်ဝင်တစား စဉ်းစားလျက်ရှိ၏။

မှာက် ထပ်ခိုးမှုဆင်းရာ လှေခါးထိပ်သို့ လျှောက်သွားသည်။ အီဒင်ကတော့ ာနာကာအား မျက်ခြည်မပျက် ကြည့်နေသည်။ တာနာကာ၏ ခြေထောက်များသည် မြင်ခဲ့ရသော ပစ္စတိုသေနတ်နှင့် လက်မအနည်းငယ်မျှသာကွာ၏။ သို့သော်လည်း ာနာကာပြန်လှည့်လာသည့်အခါ သေနတ်ကို မြင်တွေ့ခဲ့သည့် အရိပ်လက္ခဏာကို ပြ။

'ခင်ဗျားပြောသလိုဆိုရင် ခင်ဗျားရဲ့ အထက်အရာရှိတွေဆီကို ယူသွားမဲ့သတင်း ရှဲ့ဒါပဲလား'

'ဟုတ်တယ်'

တာနာကာသည် တိုကီဝါနှင့်ဆင်တာရိတို့အား လှည့်ကြည့်သည်။ သို့သော် ည်း သူကြည့်နေပုံသည် သူတို့နှစ်ယောက်စလုံးအား မြင်သည့်အရိပ်လက္ခဏာမရှိ ပါးထိပ်မှ အီဒင့်ထံ ပြန်လျှောက်လာချိန်တွင် သူ့မျက်နှာထက်၌ ပြောင်းမှုကို ပ်ရသည်။

'ခင်ဗျားနာမည်က ဘယ်သူလဲ' ဟု တာနာကာက မေးသည်။

'အီဒင်ပါ...၊ ရောဘတ်အီဒင်ပါ၊ အမေရိကန်ပြည်ထောင်စုရေတပ်မှာ ကျွန်တော် လက်ဖတင်နင်ပါ'

တာနာကာသည် ငြိမ်ဆိတ်စွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ထို့နောက် ယ်ကိုနှိမ့်၍ စကားပြောသည်။

'ခင်ဗျားဟာ ခင်ဗျားရဲ့လုပ်ဖော်ကိုင်ဖက် လူရိုင်းတွေနဲ့မတူပါဘူး အီဒင်–ဆန် ဗျားဟာ ကျွန်တော်တို့အစောင့်တွေထဲက မိုက်မဲတဲ့ အစောင့်တစ်ယောက်ရဲ့ လုပ်ရပ် ကားမြစ်ခဲ့ပါတယ်။ ဖုံးထားနိုင်အောင်လည်း ကူညီခဲ့ပါတယ်။ ခင်ဗျားဟာ တိုက်ရည် က်ရည်ပြည့်ဝအောင် လေ့ကျင့်သင်ကြားထားတဲ့ အရာရှိတစ်ယောက်ပါ။ အဲဒီလို စ်ပါလျက်နဲ့ စစ်မဖြစ်အောင် တားချင်တဲ့ဆန္ဒ ခင်ဗျားမှာရှိတယ်လို့ ခင်ဗျားပြောခဲ့ ယ်။ ပြီးတော့ ကျွန်တော်တို့ဘာသာစကားကို ခင်ဗျားသင်ထားခဲ့တယ်။ အဲဒါတွေကို ဗျား ဘာပြုလို့လုပ်ခဲ့တာလဲ'

သူ့စေတနာကို အတိအကျပြောပြရန် ရုတ်တရက် အမေးခံလိုက်ရသည့်အခါ င်သည် ချက်ခြင်းမဖြေနိုင်၊ အချိန်ယူ၍ စဉ်းစားကာ ချီတုံချတုံဖြစ်လျက်ရှိ၏။ သူ ည် သူ့ပစ္စတိုအားလှမ်းကြည့်ကာ သူနှင့်ပစ္စတိုကြား အကွာဝေး မည်မျှရှိလိမ့်မည်ကို ှန်းလျက်ရှိလေသည်။

သူ့ပစ္စတိုတွင် ကျည်ဆံအပြည့်ထည့်ထားသည်ကို သူသိသည်။ အကယ်၍ ထို ာတ်ဆီကိုခုန်၍ သေနတ်ကိုကောက်ယူနိုင်ခဲ့သည်ရှိသော် . .။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်ဟာ အရေပြားတစ်ခုနဲ့ လူနှစ်ယောက်ပါ၊ အိုကာမိ–ဆန်' ဟု အီဒင်ကပြောသည်။ 'အဲဒါဟာ ဖြစ်နိုင်လောက်တဲ့ တစ်ခုတည်းသော အကြောင်း

တာနာကာ၏နဖူးတွင် အရေးကြောင်းများ ထင်ဟပ်လာသည်။ 'ကျွန်တော် ခင်ဗျားပြောတာ နားမလည်ဘူး'

အီဒင်သည် ပထမဦးစွာ တာနာကာအား ကြည့်သည်၊ ထို့နောက် ဂိုတာရို... သူသည် ကောက်ရိုးအောက်၌ ရောက်နေသော သေနတ်ခါးပတ်နှင့် နီးစေရန် တစ် နှစ်ပေခန့် မသိမသာ တိုးသွားသည်။

'လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော်ကစပြီး ဥရောပတိုက်ရဲ့ နိုင်ငံအများအပြား ကလူတွေဟာ ပင်လယ်သမုဒ္ဒရာတွေကိုဖြတ်ပြီး အမေရိကန်ကိုရောက်လာပြီး အခြေ စိုက်ခဲ့ကြတယ်။ အဲဒီလူတွေ ရောက်မလာခင်ကတော့ သတ္တိအလွန်ကောင်းတဲ့ ရှေးဟောင်း လူမျိုးတွေဟာ အမေရိကန်မှာ ငြိမ်းချမ်းစွာ နေခဲ့ကြတယ်' ဟု အီဒင်က စပြောသည်၊

'သူတို့ကို 'ရက်အင်ဒီးယန်း' လို့ ခေါ်ကြတယ်'

'နောက်မှရောက်လာပြီး ဒီနိုင်ငံထဲမှာ အခြေချခဲ့တဲ့လူတွေက သူတို့ မြေရဖို့ အတွက် ရက်အင်ဒီးယန်းတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ သူတို့မှာရှိနေတဲ့ လက်နက် တွေက ပိုကောင်းတော့ ရက်အင်ဒီးယန်းတွေကို အောင်နိုင်ခဲ့ကြပါတယ်'

'ကျွန်တော်ရဲ့ဘိုးကြီးဟာ အမေရိကန်ကိုရောက်လာပြီး အခြေချခဲ့တဲ့ လူစုတွေ ကတစ်ယောက်ပေါ့၊ တစ်နေ့မှာ ရက်အင်ဒီးယန်းတွေက သူတို့နေရာကိုဝင်ပြီး စီးနင်း တိုက်ခိုက်ခဲ့ကြတယ်။ သူငယ်လေး ဘဝသာရှိသေးတဲ့။ ကျွန်တော့်ဘိုးကြီးကို ရက်အင် ဒီးယန်းတွေက ပြန်ပေးဆွဲသွားခဲ့ကြတယ်'

'သူဟာ ရက်အင်ဒီးယန်းလူမျိုးစုနဲ့အတူ ကြီးပြင်းလာခဲ့တယ်။ သူဟာ အလွန် ရဲရင့်တဲ့ တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်လာတဲ့အတွက် ရက်အင်ဒီးယန်းတွေရဲ့ ခေါင်းဆောင်အကြီးအကဲ ဖြစ်လာခဲ့တယ်။ နောက်ပိုင်းမှာ သူဟာ ရက်အင်ဒီးယန်းတွေကို ဦးဆောင်ပြီး လူဖြူအခြေချသူတွေကို ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ သူဟာ အင်ဒီးယန်း မလေးတစ်ယောက်နဲ့ လက်ထပ်ခဲ့ပြီးတဲ့နောက် သားသုံးယောက်ရခဲ့တယ်...' အီဒင် သည် စကားကို ဆက်မပြောပဲ ရပ်ထားသည်။ ပြီး ဂိုတာရိုနှင့်တာနာကာအား ကြည့် သည်။ 'အခုလောက်ပြောရင် ခင်ဗျားတို့ နားလည်ကြပြီ မဟုတ်လား'

ဂိုတာရို မျက်မှောင်ကုတ်ပြီး ပြန်ကြည့်သည်၊ ဘာမှတော့ ပြန်မပြော၊ သို့သော် လည်း တာနာကာသည် သူ မရှင်းသေးဟု ပြောနေသည့်နှယ် ခေါင်းခါသည်။

'ရက်အင်ဒီးယန်းတွေဟာ သတ္တိရှိရှိနဲ့ မှော်လင့်ချက်ကင်းမဲ့တဲ့စစ်ပွဲတွေ အများကြီး ဆင်နွှဲခဲ့ပါတယ်' ဟု အီဒင်က ဆက်ပြောသည်။ 'စောစောကပြောခဲ့တဲ့ သား

ယောက်ထဲက တစ်ယောက်ဟာ ကျွန်တော့်အဖိုးပဲ၊ သူတစ်ဦးပဲ အသက်ရှင်ပြီး ကျန်ခဲ့တယ်၊ နောက်ဆုံးမှာ သူဟာ ဥရောပတိုက်သားတွေကြားမှာ ပြန်နေခဲ့ပါတယ်။ ဒါတော့ ကျွန်တော့်သွေးသားထဲမှာ အင်ဒီးယန်းသွေးပါသလို ဥရောပသား အခြေချသူ တွေရဲ့သွေးလည်း ပါခဲ့ပါတယ်...'

'အဲဒီလိုဆိုရင် ခင်ဗျားရဲ့စောင့်သိမှုဟာ ဘယ်သူ့ဆီမှာရှိမလဲ' ဟု တာနာကာက မေးသည်။ 'ဘယ်သူ့ဘက်မှာရှိမလဲလို့ ကျွန်တော်မေးတာပါ'

'ကျွန်တော်ခင်ဗျားကို ပြောခဲ့ပြီးပြီလေ၊ ကျွန်တော်ဟာ အရေပြားတစ်ခုနဲ့ လူနှစ် ယောက်ပါ' ဟု အီဒင်က ထပ်ပြောသည်။ 'ကျွန်တော်ဟာ ဥရောပတိုက်သား ခရစ်ယာန် တစ်ယောက်အဖြစ် ပြုစုပျိုးထောင်တာ ခံခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ဘိုးဘွား ဟောင်းအင်ဒီးယန်းတွေကို ကျွန်တော်ချစ်တယ်၊ ကျွန်တော့်အနေနဲ့ ရေမြေခြား တိုင်း ပါးကရောက်လာပြီး အင်းဒီးယန်းတွေလက်ထဲက မြေတွေကို တိုက်ခိုက်လုယူခဲ့ ကြတဲ့လူတွေရဲ့ မတရားမှုတွေကို ကျွန်တော်သိပ်မုန်းတယ်'

'ဒီနေ့ ခင်ဗျားတို့တတွေ ပင်လယ်ကိုဖြတ်ပြီး ခင်ဗျားတို့မသိတဲ့ မြေတွေကို သိမ်းပိုက်ဖို့ ရောက်လာကြသလိုပဲပေါ့' ဟု တာနာကာက ပြောသည်။ 'သူတစ်ပါးရဲ့ ပစ္စည်းကို လုယူဖို့၊ ခိုးယူဖို့နဲ့ အောင်နိုင်ဖို့ပဲဆိုပါတော့'

အီဒင်က ဘာမှပြန်မပြောပဲ တာနာကာအား ကြည့်နေသည်။ ထို့နောက် သူ့ မျက်လုံးထောက်များသည် ဂဏှာမငြိမ်ဖြစ်လာကြသည်။ တစ်နည်းတစ်ဖုံအားဖြင့် သူ့ပစ္စတို သို့ နီးကပ်သွားရန် ကြံစည်အားထုတ်နေခြင်းပေတည်း။

'ကျွန်တော်တို့ ဒီကိုရောက်လာတာနဲ့ပတ်သက်လို့ ခင်ဗျားပြောတာ မှန်တယ်လို့ ထင်ရမှာပဲ၊ ဒါပေမဲ့ ဒီခရီးရဲ့ ရည်ရွယ်ချက်တွေဟာ တရားမျှတမှု မရှိဘူးလို့ ကျွန်တော် ဘက်မှာ ခံစားနေရတာ ခင်ဗျားသိနေတာပဲ'

'တကယ်လို့ ဒီခရီးရဲ့ ရည်ရွယ်ချက်ကို ခင်ဗျားဆန့်ကျင်တယ်ဆိုရင် ဘာပြုလို့ ဒီအထိ လိုက်လာရတာလဲ' ဟု တာနာကာက မသင်္ကာစိတ်ဖြင့် ကြည့်၍မေးသည်။

'ခင်ဗျား ဘာပြုလို့ သူတို့နဲ့ကင်းအောင် မနေတာလဲ'

ကျွန်တော် ဆင်တာရို့ဆီမှာ ခင်ဗျားတို့ရဲ့ဘာသာစကားကို သင်နေတုန်း သိခဲ့ ရတာက နိပ္ပွန်လူမျိုးတွေဟာ အမေရိကန်နိုင်ငံရဲ့ ရှေးခေတ်လူမျိုး ရက်အက်ဒီးယန်း တွေနဲ့ အကျင့်စရိုက်တွေ အတော်များများ တူနေတယ်။ ဘာသာစကား နှစ်မျိုးစလုံးမှာ အလွန်တူတာတွေလည်း တွေ့ခဲ့ရတယ်။ မျက်နှာတွေကျတော့လည်း တူကြတာများ တယ်..။ ကျွန်တော်တို့ လူမျိုးနှစ်မျိုးစလုံးဟာ နေနဲ့ မမြင်ရတဲ့ သဘာဝရဲ့ ဝိညာဉ်တွေ ကိုးကွယ်ကြတယ်။ ပြီးတော့ ကျွန်တော့်ဘိုးဘွားဘီဘင်တွေဟာ တောင်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

မြစ်တွေကို မြင့်မြတ်တဲ့အရာတွေအဖြစ် တမြတ်တနိုး ကိုးကွယ်ကြတယ် . . .။

အီဒင်သည် နောက်တစ်ကြိမ် စကားကိုဖြတ်၍ ရပ်ထားသည်။ သူ့အကြည့်သ[illegible] သူ့ပစ္စတိုဆီ တိတ်တခိုး ရောက်သွားသည်။ သူသည် အလှမ်းဝေးလှသည့် မီးတောင်[illegible] သို့ လှမ်းမျှော်ကြည့်ရင်း . . . ။ ပစ္စတိုဆီ ရောက်ရေးကို တွေးလျက်ရှိသည်။

'ကျွန်တော့်ရဲ့ ရက်အင်ဒီးယန်း ဘိုးဘွားဘီဘင်တွေဟာ ခင်ဗျားတို့ရဲ့ မှ[illegible] ဆန်နဲ့ ခင်ဗျားတို့ရဲ့ လယ်ယာမြေတွေနဲ့ သစ်တောတွေရဲ့ ဝိညာဉ်တွေအပေါ်ထား[illegible] ရှိသေမြတ်နိုးမှုတွေအပေါ် နားလည်မှု အများကြီးရှိခဲ့ပါတယ်။ ရက်အင်ဒီးယန်း စစ်သ[illegible] တွေဟာ မြင်းတွေကိုစီးပြီး လှံတွေ၊ လေးမြားတွေနဲ့ ခင်ဗျားတို့စစ်သည်တွေ ဒီမ[illegible] ဒီအချိန်ထိ တိုက်ခိုက်နေသလို တိုက်ခိုက်ခဲ့ကြတာပါ'

သူသည် ရုတ်တရက်ထ၍ အော်လိုက်ပြီး ကောက်ရိုးအခင်းဆီသို့ တအားက[illegible] ခုန်၍ထိုးလိုက်သည်။ တစ်ချက်တည်းနှင့် အိတ်ထဲမှ ပစ္စတိုကို ဆွဲထုတ်လိုက်ပြီး တာနာကာ[illegible] ၏ လက်ထဲမှ မီးအိမ်ကို ချိန်ရွယ်ပြီး ပစ်လိုက်သည်။ တာနာကာ၏ အလန့်တကြာ[illegible] အော်သံထွက်ပေါ်လာသည်။ သူ့လက်ထဲမှ မီးအိမ်သည် လွင့်ထွက်သွားပြီး ငြိမ်[illegible] သွားသည်။

'ဆင်တာရို၊ လှေခါးအောက်ကိုသွား၊ ပြီးရင် မြင်းတွေကို ကြိုးဖြေ'

အီဒင်သည် သူကိုယ်တိုင် လှေခါးဆီသို့ ပြေးသွားရင်းက သူ့လူ ဆင်တာရိုအ[illegible] အော်ဟစ်ပြီး အမိန့်ပေးသည်။ သူသည် လက်ထဲမှပစ္စတိုဖြင့် တာနာကာနှင့်ဂိုတာရို[illegible] အားချိန်ထားသည်။ ထိုနှစ်ယောက်ကလည်း သူ့ထံသို့ ချဉ်းကပ်လာနေကြ၏။

'အနားကို ကပ်မလာကြနဲ့'

အီဒင်က တာနာကာတို့နှစ်ယောက်၏ အပေါ်ဘက်ခေါင်မိုးဆီသို့ လက်ထဲ[illegible] သေနတ်ဖြင့် တစ်ချက်လှမ်းပစ်သည်။ တာနာကာနှင့်ဆာမူရိုင်းဂိုတာရိုသည် ရှေ့သို့တို[illegible] မလာတော့ပဲ လမ်းခုလတ်တွင် ရပ်နေကြသည်။

'မြန်မြန်လုပ် . . ဆင်တာရို' ဟု အီဒင်က ထပ်အော်သည်။ 'မြန်မြန်လုပ်၊ မလုပ်ရင် ကျွန်တော်တို့ နောက်ကျန်လိမ့်မယ်'

တိုကီဝါထံမှ အလန့်တကြားအော်သံ ထွက်လာသည်။ ဂိုတာရို၏ လက်ထဲ[illegible] ရုန်းကန်နေသော တိုကီဝါ . . ။ ဂိုတာရိုသည် သူ့လက်မောင်းဖြင့် တိုကီဝါ၏ လည်ပင်[illegible] ကိုနောက်မှ ပိုက်ပြီးညှစ်ထားသည်။ သူ့ရှေ့၌ထားခြင်းဖြစ်၍ အီဒင်သေနတ်ရန်မှ သူ့အ[illegible] တိုကီဝါက ကာကွယ်ပေးထားသည်။

'မင်း နောက်ထပ်ပစ်ရင် ဒီကောင်မကို သတ်ပစ်မယ်' ဟု ဂိုတာရိုက ပြောသည်။

'မင်းသေနတ်ကို အခုချက်ခြင်း ချလိုက်'

ဂိုတာရိုက ပြောပြောဆိုဆို တိုကီဝါ့လည်ပင်းကို တိုး၍ညှစ်လိုက်ရုံမျှမက လက်[illegible] မှုမါးဖြင့် မျက်နှာကို ထိထားသည်။ တိုကီဝါ့ထံမှ အော်သံကြားရပြန်သည်။ အီဒင် [illegible] ဘာလုပ်ရမှန်းမသိ၊ တာနာကာအား လှမ်းကြည့်သည်။ တာနာကာသည် သူ့ဓါး [illegible] ဆွဲထုတ်လိုက်လေပြီ။

'သေနတ်ကို သူခိုင်းတဲ့အတိုင်း ပစ်ချလိုက်' ဟု တာနာကာက အမိန့်ပေးသည်။

လှေခါးထိပ်သို့ ပြန်ပြေးတက်လာသော ဆင်တာရိုက အီဒင့်ဆီသို့ လှမ်းအော် [illegible]။ 'တိုကီဝါ–ဆန်ကို ကယ်ချင်ရင် လုပ်စရာရှိတာ မြန်မြန်လုပ်ပါ . . မာစတာ၊ [illegible]ပ်ရင် တိုကီဝါ–ဆန်ကို သူတို့သတ်မှာ သေချာတယ်'

အီဒင်သည် တိုကီဝါအား လှမ်းကြည့်သည်။ သူမသည် ရုန်းကန်ခြင်း မပြုနိုင် [illegible] . . ။ အားကိုးရာမဲ့နေသည့် မျက်နှာဖြင့် အီဒင်အား လှမ်းကြည့်နေသည်။

'သူ့ကိုလွှတ်လိုက်ပါ' ဟု အီဒင်က ပြောကာ သူ့လက်ထဲမှ ပစ္စတိုကို တာနာကာ [illegible] ဖြေရင်းသို့ ပစ်ချပေးလိုက်သည်။ 'သူ့ကို ဒုက္ခမပေးပါနဲ့'

တာနာကာသည် ပစ္စတိုကို လျင်မြန်စွာ ကောက်ယူလိုက်ပြီး တိုကီဝါအား လွှတ် [illegible]ရန် သူ့တပည့်ဆာမူရိုင်းအား အမိန့်ပေးသည်။ ဂိုတာရိုက လွှတ်လိုက်သည်နှင့် [illegible]ပ်နက် တိုကီဝါသည် ကောက်ရိုးအခင်းပေါ်သို့ လဲကျသွားသည်။ အီဒင်ကတော့ [illegible]တစ်ဖက်တွင် ပစ္စတိုကိုင်၍ အခြားတစ်ဖက်တွင် ဓါးကိုကိုင်ကာ သူ့ထံသို့ လာ [illegible]ည့် တာနာကာအား ကြည့်နေသည်။

တာနာကာ၏ထံမှ ဂိုတာရိုအား ခေါ်လိုက်သည့် အသံကြားရသည်။ ပခုံးဒဏ်ရာ [illegible]များ ထွက်နေပြန်သည့် ဂိုတာရိုသည် တာနာကာ့ထံ ရောက်လာသည်။

'ကျွန်တော် အသင့်ရှိနေပါတယ်' ဟု ပြောသည်။

'မင်း ဓါးကို ဓါးအိမ်ထဲ ပြန်ထည့်လိုက်'

တာနာကာသည် သူ့ဓါးကို ဓါးအိမ်ထဲ ပြန်ထည့်လိုက်သည်။ ထို့နောက် ပစ္စတို [illegible]၏ ဂျင်ဘာအိုရီ အတွင်းဘက်သို့ ထိုးထည့်လိုက်ပြီး အီဒင့်မျက်နှာကို စေ့စေ့ [illegible] ထပ်ကြည့်နေသည်။

'လူရိုင်းရဲ့ ဓါးကိုဆွဲထုတ်လိုက် . . ဂိုတာရို'

ဂိုတာရိုသည် အံ့အားသင့်ကာ ကြောင်နေသည်။ ထို့နောက် ဓါးကို ဆွဲထုတ် [illegible]သည်။

'သူ့ဓါးကို ပိုင်ရှင်လက်ထဲ တလေးတစား ပြန်ပေးလိုက်' ဟု တာနာကာက [illegible]သည်။ 'ဓါးရိုးကို အရင်ပေး'

ဂိုတာရို၏ မျက်လုံးအစုံသည် ပို၍ပြူးသွားသည်။ သူသည် မယုံကြည်နိုင်[illegible]ည့်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာထားဖြင့် သူ့သခင်တာနာကာအား ကြည့်နေသည်။ ထို့နောက် သူ့ခေါင်းကို ညွှတ်၍အရိုအသေပေးလိုက်ပြီး သူ့လက်ထဲမှ ဓါးကို အီဒင့်လက်သို့ လှမ်းပေးသည်။

အီဒင်ကတော့ သူတို့ဘက်မှ လုပ်ပုံကို နားမလည်သဖြင့် ဂိုတာရိုပေးသည့် ဓါးကို ချက်ခြင်းလှမ်းမယူ . . . ။

'သင်္ဘောနက်ပေါ်မှ ခင်ဗျားလုပ်လိုက်တဲ့ကိစ္စဟာ ကျွန်တော့်အတွက် ကျေးဇူးတင်စရာတစ်ခု ဖြစ်သွားခဲ့တယ်' ဟု တာနာကာက ပြောသည်။ သူသည် ဆံပင်ထုံးထားသည့် ဦးခေါင်းကို အီဒင့်ဘက်ညွှတ်၍ လေးစားသမှုပြသည်။ 'အခု ခင်ဗျားရဲ့ ဓါးကို ခင်ဗျားလက်ထဲ ပြန်အပ်လိုက်ပြီ၊ ကျွန်တော့်အပေါ်မှာ တင်နေတဲ့ ကြွေးကို ပြန်ဆပ်ပြီးသွားပြီ'

အီဒင်သည် များစွာအံ့အားသင့်လျက်ရှိရုံမျှမက စိတ်သက်သာရာလည်း ရသွားသည်။ သူကိုယ်တိုင် ဦးခေါင်းကိုပြန်၍ ညွှတ်ကာ တာနာကာအား အရိုအသေပေးပြီး သူ့ဓါးကို လက်ခံသည်။ ဂိုတာရိုက သေနတ်မပါသည့် ဓါးပတ်ကို ပြန်ပေးသည်။ အီဒင်ကလည်း ဓါးပတ်ကိုယူ၍ သူ့ဓါးအိမ်နှင့်တွဲကာ သူ့ခါးတွင် ပြန်ပတ်လိုက်လေသည်။

'တစ်ခုတော့ သတိထားပါ၊ နိပ္ပွန်နိုင်ငံထဲဝင်ပြီး သူလျှိုလုပ်ရင် ချက်ခြင်းသေဒဏ်ကို ပေးတယ်' ဟု တာနာကာက ပြောသည်။ 'အခုလောလောဆယ် သေဒဏ်ပေးရမယ့်ကိစ္စကို ကျွန်တော်က ပုဂ္ဂိုလ်ရေးအရ တာဝန်ယူပြီး လွှတ်ပေးလိုက်မယ်။ ခင်ဗျားရဲ့ ဓါးကို ခင်ဗျားဘက်က အခုချက်ခြင်း သင်္ဘောဆီပြန်ပါမယ်ဆိုတဲ့ အချက်ကို လိုက်နာရမယ်လို့ သတ်မှတ်ပြီး ပြန်ပေးလိုက်တာပဲ . . ။ အပြန်လမ်းမှာတော့ ကိုယ့်လုံခြုံရေးအတွက် ကိုယ့်ဖာသာကိုယ်ပဲ တာဝန်ယူပေတော့၊ တကယ်လို့ နောက်တစ်ကြိမ်ထပ်ပြီး အဖမ်းခံရရင် ခင်ဗျားဟာ သေဒဏ်က မလွတ်တော့ဘူးလို့သာမှတ်'

'ခင်ဗျားရဲ့ရက်ရောမှုအတွက် ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်ပါတယ် အိုကာမိ-ဆန်' ဟု အီဒင်က ပြန်ပြောသည်။ သူသည် တာနာကာကိုရော ဂိုတာရိုကိုပါ ညွှတ်၍ အလေးပြုသည်။

သူသည် တိုကီဝါဘက်သို့ လှည့်ကြည့်သည်။ တိုကီဝါသည် ကောက်ရိုးအခင်းပေါ်တွင် ထိုင်နေဆဲ . . . ။ သူသည် အီဒင်တို့ ပြောဆိုလုပ်နေသမျှကို နားထောင်သည်။ စောင့်ကြည့်သည်။ အီဒင့်မျက်လုံးများနှင့် အကြည့်များဆုံမိသည့်အခါ မျက်လွှာကို ချထားလိုက်သည်။

'ကျွန်တော်မပြန်ခင် လူကြီးမင်းဆီက အာမခံချက်တစ်ခု တောင်းခံပါရစေ' ဟု အီဒင်က ပြောသည်။

'ခင်ဗျားအနေနဲ့ ဘာကိုမှ တောင်းပိုင်ခွင့်မရှိပါဘူး' ဟု တာနာကာက ပြောသည်။ 'ခင်ဗျားချက်ခြင်း ပြန်သွားဖို့ အရေးကြီးပါတယ်'

'ကျွန်တော် တောင်းခံချင်တာ တစ်ခုတည်းပါ၊ တိုကီဝါ-ဆန်ကို နောက်ထပ် ကျွန်ကျူးသားတစ်ယောက်အဖြစ် မထားပါနဲ့တော့' ဟု အီဒင်က ပြောသည်။ 'သူ့ကို မိဘတွေဆီ ပြန်ခွင့်ပေးလိုက်စေချင်ပါတယ်'

'တိုကီဝါ-ဆန်ရဲ့ လုံခြုံရေးဟာ ကျွန်တော့်ကိုယ်ရေးကိုယ်တာ တာဝန်ပါ' ဟု တာနာကာက အဖြေပေးသည်။ သူ့မျက်လုံးများသည် တင်းမာခက်ထန်လျက်ရှိ၏။

'အဲဒီကိစ္စက ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး'

အီဒင်သည် တိုကီဝါဘက်သို့ လှမ်းကြည့်ပြန်သည်။ သို့သော်လည်း အခုအကြိမ်တွင် တိုကီဝါက သူ့အားပြန်မကြည့်ပဲ အကြည့်ကိုလွှဲထားသည်။ ခဏမျှကြာတွင် အီဒင်သည် သူ့အကြည့်ကို လွှဲလိုက်သည်။ လှေခါးထိပ်တွင်မူ ဆင်တာရို ရပ်လျက် . . .။ သူ့မျက်နှာသည် ဖြူယော်ယော် . . . ။

'ဆင်တာရိုကို ကျွန်တော်နဲ့အတူ သင်္ဘောဆီပြန်ခွင့်ပေးပါ' ဟု အီဒင်က ထပ်ပြောသည်။ 'အခုဆိုရင် သူဟာ သူ့အသက်ဘေးအတွက် သိပ်ပြီးစိုးရိမ်နေရှာပါတယ်။ အိမ်သူပြန်ဖို့ကိစ္စက ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိနေတဲ့ ပြဿနာတွေ ငြိမ်းချမ်းစွာ ပြေပြတ်ပြီးမှ ဆုံးဖြတ်တာ ကောင်းပါလိမ့်မယ်'

တာနာကာက ဆင်တာရိုအား လှမ်းကြည့်သည်။ ဘယ်လိုအဆုံးအဖြတ် ပြုရမည်ကို ရုတ်တရက်ချက်ခြင်း ဝေခွဲနိုင်ပုံမရ၊ အတန်ကြာမှ ခေါင်းညိတ်သည်။ 'ကောင်းပြီလေ . . ။ သူ ခင်ဗျားနဲ့ ပြန်ပစေပေါ့၊ ဒါပေမဲ့ နောက်ထပ် ဘာမှမတောင်းခံပါနဲ့တော့၊ ပြန်ဆုံး ဒီကထွက်သွားပါတော့'

'ကျေးဇူးတင်ပါတယ် အို ကာမိ-ဆန်' ဟု အီဒင်က ပြန်ပြောသည်။

ဆင်တာရိုသည် လျှင်မြန်စွာ ဒူးထောက်ထိုင်ချလိုက်ပြီး နဖူးနှင့်ကြမ်းပြင် ထိသည်အထိ အကြိမ်ကြိမ်ဝပ်စင်းကာ တာနာကာအား ကျေးဇူးတင်ကြောင်း ဖော်ပြသည်။ အီဒင်သည် ဆင်တာရိုရှေ့မှနေ၍ လှေခါးမှ ဆင်းမသွားမီ တိုကီဝါအား နောက်တစ်ကြိမ် လှည့်ကြည့်သည်။ ကိမိုနိုအပြာသည် တိုကီဝါ့ကိုယ်ပေါ်တွင် ပြန့်ရောက်နေပြီး တိုကီဝါသည် ပုဆစ်ဒူးတုပ်၊ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လျက်ရှိနေလေပြီ . . ။ အီဒင့်အမြင်တွင် တိုကီဝါသည် လှသည်။ နူးညံ့သည်။ သိမ်မွေ့သည်။

အပြင်ဘက်တွင် မြူများ လွှမ်းခြုံနေသည့် ဖူဂျီတောင် . .။ ကျီပေါင်းထဲတွင် ဖြစ်နေသမျှကို ကောင်းကင်မှ အုပ်မိုးပြီး ငုံ့ကြည့်နေသလားဟု ထင်ရ၏။ အီဒင့်အဖို့တော့ အဝေးမှ ဖူဂျီတောင်၊ ကျုံ့ကျုံ့ကလေးထိုင်နေသော အရုပ်ကလေးလို …

www.burmeseclassic.com

www.burmeseclassic.com

သည့်တိုက်ဝါ . . . ။ ပြန့်ကြဲနေသည့် ကောက်ရိုးများ၊ ထည်ဝါခန့်ငြားလှသ တာနာကာ . . . ။ လက်စားချေရန် ဝန်မလေးသည့် ဆာမူရိုင်းဂိုတာရို၏ ခက်ထန်ေ မျက်နှာ . . . ။ သူ့ဘဝတစ်သက်တာပတ်လုံး ဤရှုခင်းများသည် သူ့မှတ်ဉာဏ်ဖ ကွယ်ပျောက်သွားတော့မည်မဟုတ် . . . ။

သူသည် လှေခါးမှ အပြေးအလွှားပင် ဆင်းလာခဲ့သည်။ သူ့ရှပ်အင်္ကျီနှင့် ခါးပတ်တို့ကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြုပြင်သည်။ အောက်ရောက်သည့်အ သူသည် ဆင်တာရိုက ကိုင်ပေးထားသည့် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည် ဆင်တာရိုအား သူ့နောက်မှလိုက်လာရန် အချက်ပြပြီးသော် ကောက်ရိုးဦးထုပ် အစုတ် ကို သူ့မျက်လုံးများ ဖုံးသွားအောင် ဆောင်းလိုက်သည်။ ထို့နောက် ပတ်ဝန်းကျင် တောအုပ်တွင်းသို့ မြင်းကိုစီး၍ ဝင်ရောက်သွားလေ၏။

(၂၁)

အီဒင်သည် လရောင်အောက်၌ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော မြောင်းငယ်ကို မြင်နေရသည်။ ချောင်းငယ်ပေါ် ဖြတ်ဆောက်ထားသည့် ကျဉ်းကျဉ်း ကြောင်းမြောင်း သစ်သားတံတားပေါ်မှ ဖြတ်လာသည့်အခါ သူ့မြင်းဆီမှ မြင်းခွာသံများ သည် ကျယ်လောင်စွာ ထွက်ပေါ်လာလျက်ရှိ၏။

အီဒင်သည် သားရေအိတ်ဖြင့် ထည့်ထားသော ကွန်ပါကိုဖွင့်ကာ သူ့လက် ခစ်ဖက်ဖြင့် ကိုင်ထားပြီး မြင်းကိုနှင်ရင်းဖြင့် မကြာခဏ ငုံ့-ငုံ့ကြည့်သည်။ အကယ်၍ သစ်တောထဲမှ ထွက်လာ၍ လမ်းဆုံလမ်းခွသို့ ရောက်သည့်အခါ အီဒင်သည် တစ်ခဏမျှ ရပ်နားပြီး လရောင်ကို အမှီပြု၍ ကွန်ပါ၏လမ်းညွှန်မှုကို အသေအချာ လှေ့လာကြည့်ရှု ရတတ်လေသည်။

ကျိုဟောင်းထဲမှ ထွက်လာချိန်ကတည်းက အီဒင်နှင့်ဆင်တာရိုသည် စကား မပြောကြ။ သစ်တောထူထပ်သော တောအုပ်များရှိရာ တောင်ကုန်းများအတွင်း၌ မြင်းစီး လာခဲ့ကြရသည်မှာ နာရီဝက်ခန့်ကြာ၏။ ထိုအချိန်အတွင်း လူတစ်ဦးမျှ မတွေ့ရ။ အီဒင်၏ အပြုအမူကလည်း တစ်စုံတစ်ခုကို တွေးတောနေသည့်နှယ်ရှိသဖြင့် ဆင်တာရို သည် စကားစ၍ မပြောဝံ့။ မည်သို့ပင်ဖြစ်စေ လမ်းကြောင်းပြောင်းသည့်အခါတိုင်း အီဒင်သည် ဆင်တာရိုအား လှည့်ကြည့်တတ်သည်။ သူ့အား ဆင်တာရို မျက်ခြည်ပြတ် သွားမည်ကို စိုး၍ဖြစ်သည်။ ထိုအခါ ဆင်တာရိုကလည်း သူ့နောက်က လိုက်လျက် ရှိသည်ကိုသိအောင် လက်တဖက်မြှောက်ပြပြီး အဖြေပေးတတ်လေသည်။

မြင်းများသည် မှောင်လွန်းသည့် တောအုပ်တွင်းသို့ ဝင်လာခဲ့ကြသည် ။ ပတ်ဝန်းကျင် ရှိ ပန်းရနံ့များသည် သင်းပျံ့မွှေးကြိုင်လျက်ရှိ၏ ။ ဆင်တာရိုသည် ခေါင်းအထက် ကမှ သစ်ခက်၊ သစ်ကိုင်းများ၊ ပန်းကိုင်းများနှင့်လွတ်စေရန် သူ့ဦးခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com

မြင်းလည်ဆံမွေးနှင့်ထိသည်အထိ ငုံ့၍ဖက်ထားသည်။

သူသည် အီဒင်အားမှီရန် သူ့မြင်းကို ဒုန်းနှင်သည်။ သို့သော်လည်း သူရောက်သွားသည့်အခါ အီဒင်သည် သူ့မြင်းကို ဇက်သပ်ကာ ရပ်နေသည်ကို တွေ့ရ၏။ အီဒင်က သူ့အား တအံ့တသြကြည့်နေသည့် ဆင်တာရိုအား တိတ်တိတ်နေရန်နှင့် သူ့အနီးသို့ တိုးလာရန် အရိပ်အခြည်ပြသည်။

'ဘာလဲ . . မာစတာ၊ ဘာပြုလို့ ရပ်နေတာလဲ' ဟု ဆင်တာရိုက တိုးတိုးကပ်မေးသည်။

'ကျွန်တော်တို့ကို နောက်ယောင်ခံပြီး လိုက်နေတယ်လို့ထင်တယ်၊ နားထောင်စမ်း'

သူတို့သည် မြင်းနှစ်ကောင်ကို ယှဉ်၍ရပ်ထားသည်။ ဘာသံများကြားရမလဲ ဟူသောအတွေးဖြင့် နားများကို စွင့်ထားကြသည်။ ထို့နောက် အဝေးတစ်နေရာမှ မြင်းတစ်ကောင်၏ ခွာသံများ . . . ။ သူတို့ဖြတ်လာခဲ့သော တံတားပေါ်မှ ဖြတ်လာနေခြင်း . . ။ ဆင်တာရိုက အီဒင့်ဘက်လှည့်၍ ခေါင်းညိတ်ပြသည်။

'မာစတာပြောတာ ဟုတ်တယ်၊ ဒါပေမဲ့ လိုက်လာတဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ . . . မာစတာ'

'တာနာကာက သူ့အစောင့်တစ်ယောက်ကို နောက်ယောင်ခံပြီးလိုက်ဖို့ လွှတ်ချင်လွှတ်မှာပေါ့' ဟု အီဒင်က နှစ်ကိုယ်ကြားပြောသည်။ 'နောက်ပိုင်းမှာ သူစိတ်ပြောင်းသွားပြီး ကျွန်တော်တို့ကို သတ်ချင်လို့နေမှာပေါ့'

'ဘယ်သူပဲဖြစ်ဖြစ်ပေါ့လေ၊ သူ့အနေနဲ့ ကျွန်တော်တို့ကို ခွာပြီး လိုက်ရမှာပဲ . . . မာစတာ' ဟု ဆင်တာရိုက ပြန်ပြောသည်။ သူသည် နောက်တစ်ချီထပ်၍ နားစွင့်နေပြန်သည်။ 'သူဟာ ကျွန်တော်တို့နောက်က နှစ်မိနစ် သုံးမိနစ် ခွာပြီးလိုက်လာတာဖြစ်မယ်။ ကျွန်တော်တို့ တကယ်ပြန်တယ် မပြန်ဘူးဆိုတာ သိချင်လို့ လွှတ်တာဖြစ်မယ်၊ ပြီးတော့ သူလွှတ်လိုက်တဲ့လူက မင်းသားတာနာကာ့ဆီ သတင်းပြန်ပို့ရမှာပဲ'

အီဒင်က ခေါင်းညိတ်သည်။ 'ခင်ဗျားပြောတာ မှန်နိုင်တယ်၊ ဒါပေမဲ့ ဘာကြောင့်ပဲ လိုက်လာ . . လိုက်လာ . . လိုက်လာတဲ့လူ အနံ့မခံနိုင်အောင်တော့ လုပ်ရမှဖြစ်မယ်'

ပြောပြောဆိုဆို အီဒင်သည် ပတ်ဝန်းကျင်ကို လျင်မြန်စွာ လှည့်ကြည့်လိုက်ပြီး ဘေးတစ်ဖက်ရှိ ကျောက်တုံးကြီးများကြားသို့ ဝင်သွားသည်။ ဆင်တာရိုကိုလည်း လက်ပြ၍ခေါ်သည်။ သူတို့နှစ်ယောက် ကျောက်တုံးကြီးများ၏ အအက်ကြား၌ ပုန်းနေခိုက်တွင် မှော်လင့်မထားပဲနှင့် ဖူဂျီတောင်ကို လှမ်းမြင်ရပြန်သည်။ ဖူဂျီတောင်ထိပ်၏ အလှသည် ယခင်ကလိုပင် အပီအပြင်ပေါ်လာပြန်သည်။

မှောင်တစ်ဝက် လင်းတစ်ဝက် ပတ်ဝန်းကျင်တွင် ဖြူဖွေးသော ဖူဂျီသည် လှပနေဆဲ။

အီဒင်သည် အချိန်အတော်ကြာမျှ ဖူဂျီ၏အလှတွင် တွေဝေလျက်ရှိ၏။ ရုတ်တရက် မြင်းပေါ်၌ထိုင်နေသော ခန္ဓာကိုယ်သည် တင်းခနဲ ဖြစ်သွားသည်။ သူ နားစွင့်လိုက်သည့်အခါ သူတို့ဘက်သို့ ချဉ်းကပ်လာနေသည့် မြင်းခွာသံများ ကြားရသည်။

'သူက ကျွန်တော်တို့ထက် တစ်မိနစ်တော့ နောက်ကျနေတုန်းပဲ' ဟု ဆင်တာရိုကထင်မြင်ချက်ပေးသည်။ 'ဒီလူ မြင်းကို အမြန်စီးတာကတော့ သေချာတယ်'

အီဒင်က ထပ်၍ နားစွင့်နေရာမှ ဆင်တာရို့စကားကို ခေါင်းညိတ်၍ ထောက်ခံသည်။

ဆင်တာရိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်လုံးများကို စုံမှိတ်ထားလိုက်ကာ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ သူသည် ပတ်ဝန်းကျင်မှ ပန်းရနံ့များကို ရှူရှိုက်သည်။ သစ်ရွက်၏ မြေနံ့နှင့် ပန်းနံ့များသည် ညဥ့်ယံတွင် လွင့်မျောလိုက်ပါလာလျက်ရှိ၏။

'ကျွန်တော့်တိုင်းပြည် ဘယ်လောက်လှသလဲဆိုတာ ကျွန်တော့်မေ့သွားတယ် . . . မာစတာ' ဟု ဆင်တာရိုကပြောသည်။ 'ကျွန်တော် ပြန်ရောက်လာတာဟာ ကောင်းပါတယ်၊ တစ်ခဏပဲဖြစ်ဖြစ်ရပါတယ်'

'အဲဒါလုပ်ရင် ဘယ်လောက်ကြာမလဲ . . ဆင်တာရို' ဟု အီဒင်က မေးသည်။

'အကြမ်းဖျဉ်းပြောပြပါ'

'ဘာကိုမေးတာလဲ . . မာစတာ၊ ကျွန်တော်တို့ကို မြင်းသမားမှီလာနိုင်မဲ့ အချိန်ကာလကို မေးတာလား' ဟု ဆင်တာရိုက ပြန်မေးသည်။

'မဟုတ်ဘူး . . ဆင်တာရို၊ ဖူဂျီ–ဆန်တောင်ထိပ်ကိုတက်ရင် ဘယ်လောက်ကြာမလဲလို့ မေးတာ'

ဆင်တာရိုက အံ့ဩသော မျက်နှာထားဖြင့် အီဒင်အား လှည့်ကြည့်သည်။ ထိုမေးခွန်းသည် အခုလိုအချိန်တွင် အထူးဆန်းဆုံးတစ်ခု ဖြစ်နေသည်ကို မဟုတ်ပါလား။

'အပင်ပန်းခံပြီး မရပ်မနားတက်မယ်ဆိုရင် ရှစ်နာရီကနေ ဆယ်နာရီအထိ ကြာနိုင်တယ်လို့ထင်တယ် . . မာစတာ၊ အဲဒါဟာ တောင်ခြေကနေ တောင်ထိပ်ရောက်တဲ့အထိကိုပြောတာ'

'အဲသလောက် မြန်မြန်ဆန်ဆန်နဲ့ ရောက်နိုင်ပါ့မလား'

'ကျွန်တော့်ကို ပြောပြခဲ့ဖူးတယ်၊ တစ်ချိန်က တက်တာ၊ တောင်ထိပ်ရောက်တဲ့အထိ ခြောက်နာရီခွဲလောက်ကြာတယ် . . တဲ့ မာစတာ' ဟု ဆင်တာရိုက တိုးတိုးပြန်ပြောသည်။ 'ပြန်ဆင်းရင် အနည်းဆုံးသုံးနာရီလောက် ကြာတယ် . . တဲ့၊ အများအားဖြင့် တောင်ထိပ်ကိုတက်ရင် ဘုရားဖူးတွေဟာ တောင်ထိပ်မှာ တစ်ည နှစ်ညတော့

www.burmeseclassic.com

www.burmeseclassic.com

နေကြတယ်။ တောင်ထိပ်မီးတောင် ချိုင့်ဝှမ်းကြီးအထိ ရောက်အောင်တက်ကြရတဲ့ အတွေ့အကြုံဟာ သိပ်ကိုအံ့ဩစရာ ကောင်းတယ်လို့ ပြောကြတယ်။ မီးတောင်အဝရဲ့ နှုတ်ခမ်းနားကနေပြီး အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီက တက်လာနေတဲ့နေရောင်ကို ကြည့်ပြီး နေ့သစ်တစ်နေ့ရဲ့အစကို မြင်ရတာ သိပ်ကိုအံ့ဩဖို့ကောင်းတယ် . . . တဲ့'

'အခု ကျွန်တော်တို့ ရောက်နေတဲ့နေရာဟာ ဖူဂျီ–ဆန်နဲ့ ဘယ်လောက်ဝေးမလဲ . . . ဆင်တာရို' ဟု အီဒင်က ရုတ်တရက် ကြားဖြတ်၍မေးသည်။ 'ဘယ်နှစ်မိုင်လောက်ရှိမယ်လို့ထင်သလဲ'

' အပီအပြင် မြင်ရုံမကဘူး၊ နီးနီးကပ်ကပ်ကို မြင်ရတာ . . မာစတာ' ဟု ဆင်တာရိုက ပြန်ပြောသည်။ ' ဒါပေမဲ့ ဖူဂျီ–ဆန်ဟာ ထင်ယောင်ထင်မှား ဖြစ်မှုတွေ အများကြီးဖန်တီးတတ်တယ်၊ ဖူဂျီ–ဆန်ဟာ ယီဒိုနဲ့မိုင်ခြောက်ဆယ်လောက်ပဲ ကွာတယ်၊ အခုရောက်နေတဲ့နေရာကဆိုရင် မိုင်လေးဆယ်လောက်တော့ ဝေးမယ်။ ဒါပေမဲ့ နားထောင်ဦး . . မာစတာ၊ မြင်းစီးသမား လာနေပြီ'

နှစ်ဦးသားခေါင်းများကို ဖျတ်ခနဲ ငုံ့လိုက်ကြသည်။ သစ်ပင်ထူထပ်သော တောအုပ်အတွင်းမှ ဖြတ်လာနေသည့် မြင်းခွာသံများသည် ကျယ်လောင်လာသည်။ မြင်းသမားကို မြင်ကြရပြီ၊ တာနာကာ၏ ဆာမူရိုင်း ဂိုတာရိုပေတည်း။ သူသည် ရိုးရိုးလမ်းအတိုင်း သူ့မြင်းကိုစီးသွားနေခြင်းဖြစ်၍ သူ့အား မမြင်သာအောင် မြင်းပေါ်တွင် ခါးကိုကုန်းထားသည်။ အီဒင်တို့နှစ်ယောက်သည် မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ အတန်ကြာသည့်အခါ မြင်းခွာသံရော လူပါပျောက်သွားသည်။

' ကျွန်တော်တို့ ဘယ်လမ်းကို လိုက်ကြမလဲ . . မာစတာ' ဟု ဆင်တာရိုက ကပ်၍မေးသည်။ အီဒင်သည် လမ်းညွှန်အိမ်မြှောင်(ကွန်ပါ)ကိုထုတ်၍ ကြည့်နေရာမှ

' မြန်မြန်သွားမှဖြစ်မယ်၊ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်တော်တို့ခြေရာ ပျောက်သွားတာကို ခဏကြာရင် သူ သိတော့မှာ'

'ဖူဂျီ–ဆန်က အနောက်မြောက်တည့်တည့်မှာရှိတာ' ဟု အီဒင်က သူ့ဖါသာသူ ပြောနေသည့်နှယ် ရေရွတ်သည်။ ထို့နောက် မျက်နှာကို မော့၍ ဖူဂျီတောင်အား လှမ်းကြည့်နေသည်။

'ဟုတ်တယ် . . မာစတာ၊ ဒါပေမဲ့ ကျွန်တော်တို့သွားရမှာက ယူရာဂါနယ်ထဲက ပင်လယ်ကမ်းခြေဆိုတော့ တောင်ဘက်ကိုသွားရမှာ'

ထူးထူးဆန်းဆန်း ရှိလှချေ၏။ အီဒင်သည် ဘာမှပြန်မပြောပဲ တိတ်ဆိတ်နေသည်။ ဆင်တာရို လှည့်ကြည့်သည့်အခါ ဖူဂျီတောင်ဆီသို့ တွေဝေငေးမောနေသော အီဒင်ကို မြင်ရသည်။

'ခင်ဗျားရဲ့ဇာတိရွာနာမည်က ဘာလဲ' ဟု အီဒင်က လှည့်မကြည့်ပဲ မေးသည်။

'ကျွန်တော့်ကို မွေးတာက ပင်လယ်ကမ်းခြေက ယူရူတာကိရွာပါ . . မာစတာ၊ ...ျလို့မေးတာလည်း . . မာစတာ'

'ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော် ခင်ဗျားကို ခင်ဗျားရဲ့မိသားစုဆီ ပြန်ဖို့ ...ဆုံးအခွင့်အရေးပေးချင်တယ်'

'ဒါပေမဲ့ ကျွန်တော် မာစတာကို ပြောခဲ့ပြီးပါပြီ' ဟု ဆင်တာရိုက ပြောသည်။

'ကျွန်တော် သိပ်ကြောက်တယ် . . မာစတာ၊ ကျွန်တော့်ကို သတ်ကြမှာ'

'ယူရူတာကိရွာဟာ ဒီနေရာနဲ့ ဆယ့်ငါးမိုင် မိုင်နှစ်ဆယ်ထက် ပိုမဝေးဘူးလို့ ...တယ်၊ ခင်ဗျား အခုလို မှောင်နေချိန်မှာ အမှောင်ထုကို အရိပ်ခိုပြီး ပြန်ရင်ရနိုင်တယ်၊ ...ရင် ခင်ဗျားအခုထက်ထိ မသေသေးဘူးဆိုတာ ခင်ဗျားချစ်တဲ့လူတွေကို အသိပေး ...ပေါ့၊ သူတို့နဲ့ နာရီအနည်းငယ်လောက်တောင် နေလို့ရနိုင်တယ်၊ ဆက်နေလို့ ...နိုင်လောက်အောင် အန္တရာယ်ကြီးလာရင်တော့ ဆတ်စ်ကွီဟန်နာ ဆီကို တိတ် ...တ်ကြိတ်ပြီး ပြန်လာနိုင်တယ် . . .'

'မဖြစ်ဘူး . . မာစတာ၊ ကျွန်တော် မာစတာနဲ့ ခွဲမသွားချင်ဘူး'

'ဒီလိုဆိုရင် ကျွန်တော် ခင်ဗျားကို အခုချက်ခြင်း သင်္ဘောကိုပြန်ဖို့ အမိန့်ပေး ...' ဟု အီဒင်က ဆင်တာရိုအား တစ်ချက်မျှ စိုက်ကြည့်ပြီးပြောသည်။ 'ကျွန်တော် ...မ်းပေါ်တက်လာခဲ့တဲ့ ချောက်ကမ်းပါးဆီကို ရောက်အောင်ပြန်၊ ပြီးရင် လာတုန်းက ...အတိုင်း ဆတ်စ်ကွီဟန်နာ ဆီရေကူးသွား၊ ကံကောင်းရင် ခင်ဗျားသင်္ဘောပေါ် ...ရဏ်မတက်ခင် တက်နိုင်မှာပါ'

'ဒါပေမဲ့ . . မာစတာ၊ ကျေးဇူးပြုပြီး . . ကျွန်တော် . . .'

အီဒင်က ဆင်တာရိုအား စကားဆက်မပြောရန် လက်ပြ၍တားသည်။ မှတ်စု ...ပ်နှင့် ခဲတံကို ခါးပတ်အိတ်ထဲမှ ဆွဲထုတ်ကာ လရောင်ကိုအားယူပြီး ရေးစရာရှိ ...ည်များကို အမြန်ရေးသည်။

'ဒီစာကို သင်္ဘောပေါ်ပြန်ရောက်တာနဲ့တပြိုင်နက် ဖလက်–လက်ဖတင်နင်ရိုက်စ် ...က်ထဲကို ပေးစေချင်တယ်' ဟု အီဒင်က စာရေးအပြီးတွင် ပြောသည်။ 'ဟို . . . ...ပ်ထဲမှာ မြင်ခဲ့၊ ကြားခဲ့သမျှအားလုံးကို ဒီစာထဲမှာ ရေးထားတယ်။ ပြီးတော့ ဘယ်လို ...ပြအနေမျိုးနဲ့ပဲတွေ့တွေ့ စပြီးမတိုက်ခိုက်ဖို့ သူတို့ကို တိုက်တွန်းထားတယ်။ ခင်ဗျား ...ရဲ့ ကျွန်တော်ပြန်ရောက်ရင် အသေးစိတ်အစီရင်ခံစာ အပြည့်အစုံ တင်ပြလိမ့်မယ်လို့ ...ပြထားနှင့် . . . ၊ ကျွန်တော် စုံစမ်းစရာရှိတာ စုံစမ်းပြီးလို့ ကမ်းခြေမှာ နောက်ထပ် ...ပ်ရက်နေလိမ့်ဦးမယ်လို့ ပြောပြထားပါ'

www.burmeseclassic.com

www.burmeseclassic.com

ဆင်တာရိသည် အီဒင်ပေးသော စာကိုမယူပဲ ခေါင်းတစ်ခါခါ လုပ်နေသည်။

'ကျွန်တော် မသွားချင်ပါဘူး . . မာစတာ၊ မာစတာကို ထားမပစ်ခဲ့နိုင်ပါဘူး'

'ကျွန်တော်ပြောနေတာ အမိန့်ပဲ' ဟု အီဒင်က ခေါက်ထားသည့် စာရွက်ကို လှမ်းပေးရင်းပြောသည်။ 'ကျွန်တော် ခင်ဗျားကို ကျွန်တော်နဲ့အတူတူ ဆက်နေခွင့်မပြုနိုင်တော့ဘူး'

ဆင်တာရိသည် အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက် အီဒင့်လက်ထဲမှစာကို မယူချင့်ယူချင်ဖြင့် လှမ်းယူပြီး ခါးတွင်တပ်ထားသည့် အိတ်ထဲသို့ ထည့်လိုက်သည်။ 'အခု မာစတာ ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ' ဟု မေးသည်။

'ကျွန်တော် ဖူဂျီတောင်ထိပ်ကို တက်မယ်'

ဆင်တာရိသည် ပါးစပ်အဟောင်းသားဖြင့် အီဒင်အားကြည့်နေသည်။ ထို့နောက် သူ့အကြည့်သည် အီဒင်ကြည့်နေသော မီးတောင်ဆီသို့ ကူးပြောင်းသွားသည်။

'မာစတာ အသေအချာ အပြည့်အစုံ နားမလည်ဘူးထင်တယ်။ နိပ္ပန်နိုင်ငံရဲ့ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်တွေဟာ ကျွန်တော်တို့နိုင်ငံက အထွတ်အမြတ်ထားတဲ့ တောင်ပေါ်ကိုတက်တဲ့ နိုင်ငံခြားသားလူရိုင်းတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေးကြတယ်။ ဂေ–ဂျင် ဆိုရင် ဘယ်သူမှ တောင်ပေါ်ကို တက်ခွင့်မရှိဘူး။ မာစတာတက်ရင် မာစတာအနေနဲ့ ကာမိ ရဲ့ မြတ်သောပရိဝုဏ်ကို ယုတ်ညံ့အောင် လုပ်တာပဲလို့ ယူဆခံရမယ်။ အဲဒါဟာ အထွတ်အမြတ်ထားရာနေရာကို ပြစ်မှားတာမို့ ကြောက်စရာကောင်းတဲ့ ပြစ်မှုကို ကျူးလွန်ရာရောက်သွားလိမ့်မယ်'

'ဘယ်သူမှ မသိပါဘူး' ဟု အီဒင်က အေးအေးဆေးဆေး ပြန်ပြောသည်။

'ကျွန်တော် ဖူဂျီတောင်ကို တက်မှာက တိတ်တိတ်တက်မှာပဲ'

ဆင်တာရိသည် အလွန်ကြောင်တက်တက် ဖြစ်နေသည့် မျက်နှာထားဖြင့် အီဒင်အားငေးကြည့်နေသည်။ 'တက်ရတာ လွယ်တယ်လို့ မထင်ပါနဲ့ . . . မာစတာ၊ တကယ်တန်းကျတော့ အလွန်အန္တရာယ်များပါတယ်။ ဘုရားဖူးတွေဆိုရင် ဇူလိုင်လ မရောက်မချင်း မတက်ကြဘူး၊ တောင်ထိပ်က ဆီးနှင်းတွေ ပျော်ကြတာက အဲဒီလကျမှ ပျော်ကြတာ၊ အခုအချိန်မှာ တောင်အောက်မှာ နွေရာသီဖြစ်နေပေမယ့် တောင်ပေါ်မှာက ဆောင်းရာသီမကုန်သေးဘူး . . မာစတာ'

'ကျွန်တော် တောင်ထိပ်မှာ အကြာကြီး မနေပါဘူး'

'ဒါပေမဲ့ ဆီးနှင်းတွေက သိပ်ထူပြီး လေက သိပ်သိပ်သည်းသည်း မရှိဘူး၊ တောင်ထိပ်မှာ ဆီးနှင်းတောင်ကြီးတွေ ပြိုတာတို့၊ မြူတွေဆိုင်းပြီး မိုးရွာတာနဲ့ ရင်ဆိုင်ရတတ်တယ်၊ မုန်တိုင်းကျတတ်တယ်၊ တောင်ထိပ်မှာသာမကဘူး၊ တောင်ခုလတ်ရဲ့

. . .က်အနိမ့်ပိုင်းတွေမှာပါ ကျတတ်တာ . . .။ ဒီတောင်ပေါ်မှာ လူတွေ မကြာခဏ . . .ကြတယ်၊ မာစတာမှာ အထူးချုပ်ထားတဲ့ အနွေးထည်တွေကို လိုတယ်၊ အတွေ့ . . .ကြုံသိပ်များတဲ့ ဂိုရိကီ (တောင်တက်သမား) တစ်ယောက်လိုတယ်၊ သူနဲ့ဆိုရင် . . .တာကို လမ်းပြနိုင်မယ်၊ ခိုနားရာတဲကလေးဆီကိုလည်း ခေါ်သွားနိုင်မယ်၊ သိပ်ပြီး . . .ရှိုင်းမတ်စောက်တဲ့ နေရာတွေကျတော့ လမ်းမှန်တွေကိုပြမယ့် လူရှိမှဖြစ်မယ်'

'ခင်ဗျား ဖူဂျီ–ဆန်ကို တက်ခဲ့ဖူးသလား . . ဆင်တာရိ'

'မတက်ဖူးဘူး . . မာစတာ၊ ဒါပေမဲ့ နှစ်တစ်ထောင်လောက်အတွင်းမှာ နိပ္ပန်နိုင်ငံလုံးမှာရှိတဲ့ ရွာတွေက တစ်ရွာတစ်ယောက်ကျ ဖူဂျီ–ဆန်ကို တက်ဖို့ စေလွှတ်ခဲ့ပါတယ်။ သူတို့ဟာ ဖူဂျီ–ဆန်ကိုတက်ပြီး တောင်ထိပ်ရောက်တော့ သူတို့အတွက် . . .ို့မိတ်ဆွေအတွက် သူတို့မိသားစုတွေအတွက် ဆုတောင်းတာတွေ လုပ်ခဲ့ကြပါ . . .။ အဲဒီတုန်းက ကျွန်တော်က အသက်ငယ်ငယ် သူငယ်လေးဘဝပါ။ ဖူဂျီ–ဆန် . . .ာက်ခဲ့စဉ်က တွေ့ကြုံခဲ့ရသမျှကို ကျွန်တော့်အိမ်နီးနားချင်း လူကြီးတစ်ယောက် . . .ပြနေတာ နားထောင်ခဲ့ရဖူးပါတယ်။ သူတက်တုန်းက တစ်ယောက်ထဲတက်တာ၊ . . .စ်ယောက်သေသွားတာ မြင်ခဲ့ရဖူးတယ် . . . တဲ့'

'မီးတောင်ဝရောက်တဲ့အထိ ဘေးရန်မရှိတဲ့လမ်းကို ကျွန်တော် ရှာတွေ့ချင် . . .မှာပေါ့ . . ဗျာ'

'ဘာပြုလို့ အခုချက်ခြင်းကြီး သွားချင်ရတာလဲ . . မာစတာ'

'အခုလို အခွင့်ကောင်းမျိုးကို နောက်တစ်ခါ ရချင်မှရမှာ . . ဆင်တာရိ၊ ကျွန်တော့် . . .ထဲမှာ ဖူဂျီတောင်က ကျွန်တော့်ကို ခေါ်နေတယ်လို့ ခံစားနေရတယ်'

'မင်းသားတာနာကာက မာစတာကို သတိပေးလိုက်တယ် မဟုတ်လား၊ နောက် . . .ကြိမ် ကမ်းပေါ်မှာတွေ့ရင် အသတ်ခံရမယ် . . .တဲ့'

'ကျွန်တော့်ကို မတွေ့နိုင်ပါဘူး'

'ဒါပေမဲ့ မာစတာ မြင်းစီးသွားရမှာက လယ်ကွင်းတွေနဲ့ ရွာတွေကို ဖြတ်သွား . . . နေ့ခင်းကြောင်တောင်ကြီးဖြတ်ရမှာ . . . မာစတာ၊ အဲဒီတော့ . . .'

'လိုအပ်ရင် နေ့ခင်းမှာ သစ်တောတွေထဲ ပုန်းနေမယ်၊ မှောင်လာချိန်အထိပေါ့'

'မာစတာပြောသမျှကို ကျွန်တော်နားလည်ချင်လိုက်တာ' ဟု ဆင်တာရိက . . .သည်။ 'တကယ်လို့ ဖူဂျီ–ဆန်ကို မာစတာ တစ်ယောက်တည်း တက်ဖို့ကြိုးစား . . .တော့ မာစတာသေမှာပဲလို့ သေချာပေါက် ပြောရဲတယ်'

အီဒင်သည် ဆင်တာရိအား ငုံ့ကြည့်ပြီး ပြုံးသည်။ 'ဖူဂျီ–ဆန်က ကျွန်တော့်ရဲ့ . . .ပ်ဒီးယန်းဘိုးဘွားဘီဘင်တွေကို သဘောကျချင် ကျမှာပါ'

www.burmeseclassic.com

www.burmeseclassic.com

ဆင်တာရှိသည် မျက်ခုံးများကို တွန့်လိုက်သည်။ 'ကျွန်တော် နားမလည် တော့ဘူး . . . မာစတာ'

'ကျွန်တော့်စိတ်မှာ ရှိနေတဲ့အရာက ဖူဂျီဟာ လျှို့ဝှက်ချက်တွေကို ထိန်းသိမ်း ထားတယ်လို့သိနေတယ်၊ အဲဒီလျှို့ဝှက်ချက်တွေ ဖူဂျီ–ဆန် ထိန်းသိမ်းထားခဲ့ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ အခုကျတော့ ပြန်လည်တွေ့ရှိဖို့ အချိန်တန်လာပြီလို့ တယ်၊ ဒါမှမဟုတ်ရင်လည်း ရှေးဘိုးဘွားမိဘတွေရဲ့သွေးက မြင့်မြတ်တဲ့ တောင် ပေါ်ကနေပြီး နေထွက်လာတာကို ကန်တော့စေချင်လို့လားမှ မသိတာ'

ဆင်တာရှိသည် ကျေကျေလည်လည် နားမလည်ပါလျက်နှင့်ပင် မြင်းပေါ်မှ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ သူသည် သူ့ထက်များစွာ အရပ်မြင့်သော အီ မျက်နှာကို မော့ကြည့်ကာ နားမလည်နိုင်အောင် ဖြစ်နေသော်လည်း မဲနက်သော မျက် အစုံနှင့်ပါးရိုးများကို အသေအချာကြည့်မိသည့်အခါ စိတ်ထဲတွင် တစ်မျိုးဖြစ် သည်။

'တစ်ခါတလေကျတော့လည်း မာစတာ ပြော . . ပြောနေတဲ့ ဘိုးဘွားဘိ တွေရဲ့ပုံဟာ မာစတာ့မျက်နှာမှာရှိနေတာ ကျွန်တော် မြင်ရပါတယ်'ဟု ဆင်တာရှိ ပြောသည်။ 'နောက်ပြီးတော့ ကျွန်တော့်လူမျိုးတွေရဲ့ ရုပ်ရည်မျိုးကိုလည်း ပြ တယ်လို့ ထင်ပါတယ်'

အီဒင်သည် ဆင်တာရှိအား ကြည့်နေသည်။ 'ခင်ဗျားအနေနဲ့ အရေပြားတစ် လူနှစ်ယောက်ဖြစ်သွားတဲ့အခါကျရင် ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူမျိုးအားလုံး ညီအစ်ကိုတွေပဲဆိုတာ နားလည်လာလိမ့်မယ်'ဟု အီဒင်က ပြောသည်။ 'လူတိုင်း အဲဒီအချက်ကို နားမလည်သေးသမျှ ဘယ်ဟာမှ အမှန်မဖြစ်နိုင်ဘူး'

'အရင်က မာစတာ ပြောဖူးတယ်၊ ကျွန်တော်တို့နှစ်ယောက် ဖူဂျီ–ဆန် အတူတူတက်မယ် . . . တဲ့၊ အမေရိကန်နဲ့နိပ္ပွန် မဟာမိတ်တွေဖြစ်တော့မှ တက်ရမှာ လား . . .'

အီဒင်က ပြုံး၍ခေါင်းညိတ်သည်။ 'အင်းပေါ့ . . ဒါပေမဲ့ အဲဒီကိစ္စဖြစ်လာဖို့ အချိန်အများကြီး စောင့်ရဦးမှာ'

'ဒါဆိုရင် ဘာပြုလို့၊ အခုတစ်ယောက်တည်း သွားရတာလဲ၊ ကျွန်တော့် အခုတစ်ခါတည်း ဘာပြုလို့ လိုက်ခွင့်မပေးတာလဲ'

'ဘာကြောင့်လည်းဆိုတော့ အခုကိစ္စဟာ ကျွန်တော့်ဘဝကိုရင်းပြီး စွန့်စားရမှာ . . . ဆင်တာရှိ၊ ကျွန်တော် ခင်ဗျားဘဝကိုယူပြီး မစွန့်စားချင်ဘူး၊ ခင်ဗျား သဘောကို ပြန်ရမယ်'

ဆင်တာရှိ၏မျက်နှာထားသည် တည်ငြိမ်သွားသည်။ သူသည် အနားလေး ကျယ်ကျယ်၊ ကောက်ရိုးဦးထုပ်ကို ချွတ်၍ အီဒင်အားပေးသည်။

'ဒါကို မာစတာ ဆောင်းသွားပါ'

'ဘာပြုလို့လဲ'

'မာစတာအတွက် ရုပ်ဖျက်လို့ ပိုကောင်းတယ်၊ ပြီးတော့ ကျွန်တော့်အတွက် မလိုတော့ဘူး'

အီဒင်က ပြုံးကာရယ်ကာဖြင့် ဦးထုပ်ကို ယူဆောင်းသည်။ ဆင်တာရှိ၏ လက်ကို ပါးရ ဆွဲညှစ်ပြီး နှုတ်ဆက်သည်။ 'ကျေးဇူးတင်တယ် . . . ဆင်တာရှိ၊ ခင်ဗျား ကျွန်တော့်ရဲ့ ညီအစ်ကိုအရင်းပါ၊ မကြာခင် ဆတ်စ်ကွီဟန်နာ ပေါ်မှာ ခင်ဗျားနဲ့ တွေ့ပါမယ်'

အီဒင်သည် သူ့မြင်းကို လမ်းပေါ်သို့ပို့သည်။ ဂိုတာရှိသွားသည့် လမ်းမဟုတ်၊ သည် သူ့လမ်းညွှန်အိမ်မြှောင်ဖြင့် ကြည့်ရှုထားပြီးပြီဖြစ်၍ တုံ့ဆိုင်းခြင်းမဖြစ်၊ သူ ရမည့်လမ်းကို သိနေပြီးဖြစ်၏။ သူသည် သူ့မြင်းအား လျှို၏တစ်ဖက်စွန်းသို့ ခဲ့သည်။ ထို့နောက် မတ်စောက်သော လမ်းအတိုင်းစီး၍ဆင်းကာ ဖူဂျီ–ဆန်ကို မြင်နေရသည့်လမ်းအတိုင်း အနောက်မြောက်စူးစူးသို့ ဦးတည်ပြီး ဒုန်းစိုင်းသည်။

'ကံကောင်းပါစေ . . မာစတာ၊ ကာမိက မာစတာကို ကာကွယ်စောင့်ရှောက် ပါစေ'

ဆင်တာရှိက အီဒင်အား အင်္ဂလိပ်ဘာသာဖြင့် လှမ်းနှုတ်ဆက်သည်။ သူ့မျက်နှာ ကြေကွဲနေသော အဖြစ်ကိုဖော်ပြနေသည်။ အီဒင်၏ရုပ်လွှာသည် သူ့မြင်းနှင့် အနက်ရောင်ကမ္ဗလာ လွှမ်းခြုံနေသော တောင်ကုန်းများနှင့် သစ်ပင်များဆီသို့ ဖြည်းချင်း ရွေ့လျားသွားနေသည်။ တကယ်တော့ ဤတောင်နှင့်ဤရှုခင်းများ ဟို . . . အဝေးရှိ မိုးကုပ်စက်ဝိုင်းဆီအထိ ရောက်သည်မဟုတ်ပါလား . . .။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၂၂)

၁၈၅၃– ခုနှစ်၊ ဇူလိုင်လ–၉ ရက်၊ စနေနေ့နံနက်ခင်းတွင် အရုဏ်၏အလင်းရောင် ယီဒိုပင်လယ်အော်ထက်သို့ သက်ဆင်းလာသည်။ တက်လာသောနေ၏ ပထမ ဖြည်များသည် ကမ်းခြေတစ်လျှောက်ရှိ မြူများကို လွင့်ပါးသွားအောင် မောင်း ပိုက်သည်။ ထို့နောက် လုံးဝလှုပ်ရှားခြင်းမရှိဟု ပြောရလောက်အောင် ငြိမ်ဆိတ် ည့် ပင်လယ်ရေမျက်နှာပြင်သည် မှန်ကြီးတစ်ချပ်သဖွယ် ဖြစ်လာသည်။ ထို ရေပြင် ားပေါ်၌ အမေရိကန်စစ်သင်္ဘောကြီးများ၏ ရုပ်ပုံလွှာများသည် ပီပြင်စွာ ဖြည်းချင်း ပေါ်လာသည်။

ပထမဆုံးရောက်လာသည့် အလင်းရောင်နှင့်အတူ သင်္ဘောကြီးများပေါ်၌ တစ်ညလုံး မြပေါင်းများစွာ ကင်းတာဝန်ကျလာခဲ့ကြသော တပ်သားများသည် ပထမဆုံး ပါ ကျွန်းနိုင်ငံကမ်းခြေ၏ ထည်ဝါခန့်ငြားသောအလှကို အပြည့်အဝ သတိထား ကြသည်။ ထိုအခါ အချိန်မရွေး တိုက်ခိုက်မှု စလာမိလိမ့်မည်ဟု ခန့်မှန်းထားသော နိုင်ငံ၏ ကမ်းခြေအပေါ်တွင် များစွာစိတ်ဝင်စားလာကြလေသည်။

အရှေ့ဘက်ဆီမှနေ၍ ရေပြင်ထက်သို့ အလျားလိုက်နှင့်အစောင်းလိုက် ကျဆင်း သော နေရောင်ခြည်များသည် ပင်လယ်အော်၏အနောက်ဘက်ဆီမှ ပြာမှိုင်းမှိုင်း က်ဆောင်ကျောက်တုံးများအား လင်းလက်နေသည့် အရောင်များ ပေးထားလေသည်။

ယင်းတို့၏တစ်ဖက်တွင် စိမ်းစိုနေသော တောင်ကုန်းပေါင်း အများအပြားသည် ကွင်းပိုင်း တစ်ခုလုံးကို ဖုံးလွှမ်းလျက်ရှိ၏။ အချို့နေရာများတွင် မြစ် သို့မဟုတ် မ်းများက ဖြတ်တောက်ထားသည်။ ပင်လယ်အော်၏ အထက်ဘက် မြို့တော်ဆီ ည့်ရာ နေရာတစ်လျှောက်ရှိ ကမ်းရိုးတန်းဒေသများတွင် စိုက်ပျိုးရေးကို ကျယ်ပြန့် ပ်ကိုင်ထားသည်။ သင်္ဘောများပေါ်မှ ကြည့်လိုက်လျှင် မြို့သိပ်မြို့ငယ်များနှင့် ကို မြင်တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ကမ်းသည် သစ်ပင်ဝါးပင် မပေါက်ရောက်သော မြေဖြစ်၍ တော ထူထပ်သောနေရာဖြစ်သည်။ လူသူနေသည့် အရိပ်လက္ခဏာကို မမြင်ရ၊ မြေလွ မြေရိုင်းများသာလျှင် ပေါများသည့် အနေအထားဖြစ်ချေသည်။

ယူရာဂါမြို့တွင်းမှ သစ်သားနှင့်စက္ကူ အသုံးပြု၍ ဆောက်လုပ်ထားသော အိမ် သေးသေးတစ်ချို့မှာ သဘောများနှင့် နီးကပ်လျက်ရှိသဖြင့် သဘောပေါ်မှ လှမ်းမျှော် ကြည့်လိုက်လျှင် အထင်အရှား မြင်နေရ၏။ အိမ်များ၏ ခေါင်မိုးများသည် သုံးထောင့် များဖြစ်၍ သုတ်ထားသော အိမ်တစ်ချို့မှာမူ အမေရိကန်တို့၏ မျက်စိများအတွ အဆန်းမဟုတ်ကြတော့ပေ။

ရေလက်ကြားများနှင့် ဆိပ်ကမ်းများတွင် တံငါလှေများ ရပ်ထားသည်။ အစုလို အပြုံလိုက် ရပ်ထားကြခြင်းဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အရှေ့တက်မျို တွင် မြင်တွေ့နေကြရသည့် ရှုခင်းများနှင့် နေထိုင်သူ လူသားများ၏ကြား၌ အလွန်တွေ့ မြင်ရခဲသော သဘာဝသဟာဇာတဖြစ်မှုသည် ပေါ်လွင်လျက်ရှိပေ၏။

'ကျွန်တော်တို့ဟာ လှလည်းလှပြီး ဘေးအန္တရာယ်လည်း အင်မတန်များတဲ့ နိုင် တစ်နိုင်ငံရဲ့ ဝင်ပေါက်တံခါးတွေနားမှာ ရပ်နေကြတာပဲ . . မစ္စတာဟာရစ္စ' ဟု သဘေ လက်ဝဲဘက်ဦးပိုင်းတွင် အစောင့်ကျနေသော အရာခံဗိုလ်ဘေး၌ ရပ်နေသည့် ဆင်မြူ အမ်းစထရောင်းက ပြောသည်။ 'ဒီမနက် **'တက်နေသော နေမင်းနိုင်ငံတော်'** ကျက်သရေအပြည့်ပဲ'

သာသနာပြုစကားပြန်၏ ဖြူဖွေးသော ဆံပင်များသည် အိပ်ရာမှထလာစဖြစ် ဖရိုဖရဲ . . .။ သူသည် မျက်လုံးအစုံကို ပွတ်နေရာမှ တစ်ချက်မျှ အားရပါးရ သန်းလို သည်။ ထို့နောက် လက်ထဲတွင် အသင့်ရှိနေသည့် တယ်လီစကုပ်(အဝေးကြည့်မှ ပြောင်း)ဖြင့် ကမ်းခြေတစ်လျှောက်ကို ပိုက်စိတ်တိုက်၍ ကြည့်နေသည်။ အရာခံဗို ကတော့ အခုမှ စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။

' အရှေ့ကို မြင်လိုက်ရတာ ကျွန်တော်သိပ်ဝမ်းသာတာပဲ . . . မစ္စ အမ်းစထရောင်း' ဟု အရာခံဗိုလ်က ပြောသည်။ သူသည် တောင့်တင်းနေခဲ့ အကြောများကို ဖြေလိုက်ပြီး ခါးပတ်မှခါးကို အလိုက်သင့်ဖြစ်သွားအောင် ပြုပြင် ပြန်လည်နေရာချထားလိုက်သည်။ 'ညတာကလည်း ရှည်လိုက်တာ အလွန်ပါပဲ'

ဗုံသံများနှင့် စစ်မောင်းသံများ တီးခတ်သံကို ကြားနေရဆဲ . . .။ ညတစ်ည အမှောင်ထုထဲမှ တီးခတ်နေသံများဖြစ်၏။ တယ်လီစကုပ်ဖြင့် ကြည့်နေခဲ့ အမ်းစထရောင်းသည် ဆူဆူညံညံအသံများနှင့် ဆက်စပ်ပတ်သက်နေသည့် အရာမျ ကို ရှာ၍မတွေ့ရချေ။ အနီးဆုံးသော သဲသောင်ပြင်များ တလျှောက်တွင်မူ ယူနီဖောင်း စစ်သားများကို သူမြင်နေရ၏။ သူတို့သည် အလံများ၊ မိန်းများနှင့် လေးမြားများ

ကိုင်ဆောင်ထားကြလေသည်။

သူတို့သည် အုပ်စုလိုက် သွားလာလှုပ်ရှားနေကြခြင်းဖြစ်၏။ အားလုံးသည် သင်္ဘောကြီးများဆီသို့ မျက်ခြည်မပြတ် ကြည့်နေကြသည်။ သူတို့သည် ကုန်းမြင့်အငူ များပေါ်ရှိ ခံတပ်များကြား၌ လှုပ်ရှားသွားလာနေကြခြင်းဖြစ်ရာ ရည်ရွယ်ချက်တစ်ခု ရှိဟန်သည်မှာ သိသာထင်ရှားလျက်ရှိပေသည်။

သဲသောင်များနှင့် ချောက်ကမ်းပါးထိပ်များမှ တပ်များမှာလည်း သင်္ဘောကြီးများ ပေါ်၌သာ အာရုံစူးစိုက်နေကြသည်။ ကမ်းခြေစောင့်လှေတပ်များမှာ ယမန်နေ့ညကမှ ရောက်လာကြခြင်းဖြစ်၍ အခုအချိန်ထိ ကိုက်သုံးရာ လေးရာခန့်အကွာမှနေ၍ စစ် သင်္ဘောကြီးများ လုံးဝအလစ်မပေးပဲ စောင့်ကြပ်ကြည့်ရှုလျက် ရှိကြလေ၏။

'ကျွန်တော်တို့ သင်္ဘောသားတွေကြားမှာ ကောလဟာလ သတင်းတစ်ခု ပျံ့ နေတယ်၊ ကျွန်တော်တို့ဘက်က ညပိုင်းမှာ လူတစ်ယောက် သင်္ဘောပေါ်က ရေထဲ ကို ခုန်ချပြီး ဆုံးရှုံးလိမ့်မယ် . . . တဲ့' ဟု အရာခံဗိုလ်ဟာရစ္စက ပြောသည်။ 'အဲဒီ သတင်းကို မစ္စတာအမ်းစထရောင်း ကြားမိပါသလား'

သာသနာပြုစကားပြန်သည် ကြောင်ငေးငေးဖြစ်နေပြီး ခေါင်းခါပြသည်။

'မကြားမိဘူး မစ္စတာဟာရစ္စ' ဟု ပြန်ပြောသည်။

အမ်းစထရောင်းသည် အဝေးကြည့်မှန်ပြောင်းဖြင့် မြူများလွှမ်းခြုံထားဆဲဖြစ်သော အနောက်ဘက်ကမ်းခြေ၏ အပေါ်ဘက် သစ်တောများ ဖုံးနေသော တောင်ကုန်းများ ပေါ်က်မှ ခံတပ်များကို ထပ်မံ၍ ပိုက်စိတ်တိုက် ကြည့်ရှုနေပြန်သည်။ ထိုကဲ့သို့ ကြည့်ရှု နေစဉ်မှာပင် သူ့အမြင်အာရုံတွင်းသို့ ရုတ်တရက် . . . ဖူဂျီတောင် ဝင်ရောက်လာသည်။ ဖူဂျီသည် အနောက်ဘက်ကမ်း မိုးကောင်းကင်ဆီသို့ တိုးတက်ကာ မားမားမတ်မတ် ရပ်နေခြင်းဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံးအား ကျက်သရေရှိလာအောင် ဖန်တီးပေး လျက် ရှိလေသည်။

'သူတို့ အထွတ်အမြတ်ပြုထားတဲ့ တောင်ကဖြင့် အလွန်လှ၊ အလွန်ကျက်သရေ ရှိတာပါလား' ဟု မျက်လုံးအစုံတွင် ကပ်ထားသည့် မှန်ပြောင်းကို ခွာလိုက်ပြီး အမ်းစထရောင်း ပြောရရှာသည်။ ' ပြိုင်ဘက်ကင်းအောင်လှပနေတဲ့ မနက်ခင်းမှာ ဖူဂျီရဲ့အလှဟာ ပြုစုဆောင်းနေတယ်လို့ပြောရင် မမှားဘူး'

ယင်းအခိုက်မှာပင် **ဆတ်စ်ကွီဟာန်နာ** သင်္ဘော၏ လက်နက်တပ်ဆင်ထား သောရွက်လှေများထဲမှ တစ်စီးအား သင်္ဘောဦးပိုင်း၏ လက်ျာဘက်မှနေ၍ ပင်လယ် ပြင်ဘက်သို့ ချလိုက်သံကြားရသည်။ စကားပြန် အမ်းစထရောင်းသည် အသံလာရာ သို့ ပြေးသွားကာ အောက်သို့ငုံ့ကြည့်သည်။ ကာဘိုင်သေနတ်များ၊ ပစ္စတိုများနှင့် ဓါးရှည်များ ကိုင်ဆောင်ထားသည့် လက်နက်ကိုင် သင်္ဘောသားများပါဝင်သော တိုက်

www.burmeseclassic.com

www.burmeseclassic.com

ရေယာဉ်တစ်စီးကို မြင်ရသည်။

ထို့ပြင်လည်း ရေယာဉ်၏ဦးပိုင်းတွင် ဟော်ဝစ်ဇာအမြောက် တပ်ဆင်ထားသည် ကိုတွေ့ရ၏။ ပင်လယ်ရေပြင်ထက်သို့ တိုက်ရေယာဉ်ချောချောမောမော ကျသွားသည် ကိုမြင်သည့်အခါ စစ်သင်္ဘောကြီးများဆီမှ အော်ဟစ်အားပေးသံများ ကြားရသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် ပလိုင်းမောက်၊ ဆာရာတိုဂါ နှင့် မစ်စ… သင်္ဘောကြီးပေါ်မှ တိုက်ရေယာဉ်တစ်စီးချင်းစီ ပင်လယ်ရေပြင်ပေါ်သို့ သက်ဆင်း… ကြသည်။ ထို့နောက် တိုတောင်းလှသည့် အချိန်ကာလအတွင်း တိုက်ရေယာဉ်လေး… အုပ်စုသည် ကမ်းခြေသဲသောင်ပြင်များဆီသို့ ဦးတည်ကာ သွားလာနေကြလေပြီ။

'ဒီတိုက်ရေယာဉ်တွေကို လွှတ်တာ ဘာရည်ရွယ်ချက်နဲ့လဲ မစ္စတာ အမ်းစထရော…' ဟု အရာခံဗိုလ်ဟာရစ္စက ထိတ်လန့်အံ့သြနေသည့်အသံဖြင့် မေးသည်။

'ကျွန်တော်လည်း မသိဘူး' ဟု အမ်းစထရောင်းက ဖြေသည်။ 'ဒါပေမဲ့… ဟိုဘက်လက်ရမ်းမှာရပ်နေတဲ့ လက်ဖတင်နင်ရိုက်စ်ဆီ သွားပြီးမေးကြည့်ဦးမှ ဖြစ်မယ်'

အမ်းစထရောင်းသည် အဝေးကြည့်မှန်ပြောင်းကို အိတ်ထဲ ပြန်ထည့်လိုက်… ဦးပိုင်းလက်ဝဲဘက်သို့ လျှောက်သွားသည်။ တိုက်ရေယာဉ်များဆီသို့ လှမ်းကြ… နေသော လက်ဖတင်နင်ရိုက်စ်၏ ဘေးနား၌ ရပ်နေသည်။ တိုက်ရေယာဉ်များကဗေ… ကမ်းခြေဆီသို့ ဦးတည်ကာ သွားနေကြလေပြီ။

'တိုက်ရေယာဉ်တွေကို သူတို့တပ်တွေရှိတဲ့ ကမ်းခြေဘက်လွှတ်တာ ဘေးအန္တရာ… မများဖူးလား လက်ဖတင်နင်ရိုက်စ်' ဟု အမ်းစထရောင်းက မေးသည်။

'များချင်လည်း များလိမ့်မယ် မစ္စတာအမ်းစထရောင်း' ဟု လက်ဖတင်နင်ရိုက်… ကဖြေသည်။ 'ဒါပေမဲ့ သူတို့သွားတာက ကျွန်တော်တို့ရဲ့ ကွန်မိုဒိုပါရီရဲ့ အမိန့်အ… သွားကြတာ၊ သူ အမိန့်ပေးတာကလည်း သမ္မတရဲ့စာအတွက် ဖိအားပေးတဲ့ သဘော… ပါ၊ သူတို့ ဘာလုပ်ကြမယ်ဆိုတာ ခင်ဗျား မြင်ရပါလိမ့်မယ်'

ထိုအခါကျမှပင် အမ်းစထရောင်း သတိထားမိသည်။ တိုက်ရေယာဉ် တစ်စီးချ… စီ၏ ဦးပိုင်းတွင် သင်္ဘောသားတစ်ယောက်စီ ရပ်နေသည်။ သူတို့သည် ရေအနက်တို… သည့် ခဲလုံးများကို လွဲ၍ . . .လွဲ၍ ရေထဲသို့ ပစ်ချနေကြသည်။ ရေအတိမ်အနက်ကို… တိုင်းတာနေကြခြင်းဖြစ်၏။ ကျန်သင်္ဘောသားများသည် သူတို့ဒူးများထက်၌ ဖြန့်ခင်… ထားသည့် မြေပုံများပေါ်၌ဖြတ်၍ တိုင်းထွာရလာသည့် ရေအတိမ်အနက်များကို… ရေးမှတ်နေကြသည်။ ထို့နောက် ရေတိမ်ရေနက် တစ်ကြိမ် တိုင်းပြီးတိုင်း တိုက်ရေယာ… ကို နေရာရွှေ့ . . .ရွှေ့သွားကြသည်။ ကမ်းပေါ်မှ ဂျပန်စစ်သားများသည် သူတို့ဘက်သို့… နီး . . .နီးလာနေသော တိုက်ရေယာဉ်များအား အလွန်မလိုလားသည့် မျက်နှာထား… များဖြင့် ကြည့်နေကြလေသည်။

'အခုလို လုပ်နေတာဟာ ပဋိပက္ခဖြစ်အောင် မီးမွှေးနေသလို ဖြစ်မနေပေဘူးလား …က်ဖတင်နင်ရိုက်စ်၊ ကမ်းပေါ်က လူတွေရဲ့ မျက်နှာထားတွေကဖြင့် အမျက်ဒေါသ …ကျက်နေတယ်ဆိုတာ အထင်အရှား ပြနေတယ်။ အခုလို စွန့်ပြီးလုပ်ရတဲ့ အလုပ်က …ကျိုးရှိလာနိုင်ပါ့မလား'

'ကွန်မိုဒိုကတော့ ဖိအားတွေ စုပုံလာအောင် ဆုံးဖြတ်ပြီး လုပ်နေတာပဲ' ဟု …က်စ်ကပြောသည်။ 'အလွန်ရိုးစင်းတဲ့ နည်းဗျူဟာ တစ်ခုပါ'

'ဒီရည်မှန်းချက် ဖြစ်မြောက်လာဖို့အတွက် နောက်ထပ် သူ ဘာတွေကို ဘယ်လို …လုပ်ဦးမှာတဲ့လဲ'

ရိုက်စ်သည် အမ်းစထရောင်း၏ အမေးကို ချက်ခြင်းမဖြေ။ သူသည် အဝေးကြည့် …မှန်ပြောင်းဖြင့် ကမ်းပေါ်မှဂျပန်များ၏ လှုပ်ရှားမှုကိုသာ ဆက်၍ကြည့်ရှုလေ့လာနေ …သည်။ 'ဂျပန်တွေကို ဒီနေ့သိအောင် လုပ်ရမှာက ကျွန်တော်တို့သမ္မတရဲ့ ပေးစာကို …မှတို့အင်ပါယာ စကေရာဇ်ဆီရောက်ဖို့အတွက် လိုအပ်ရင် အင်အားကြီးကြီးမားမား …ပြီး ကျူးကျော်တိုက်ခိုက်ရလိမ့်မယ်ဆိုတာ သိအောင် နားလည်အောင် လုပ်ပြဖို့ပဲ။

'အဲဒါကြောင့် ကွန်မိုဒိုက ဂျပန်တွေကို ကျွန်တော်တို့ ဘာတွေလုပ်နေတယ် …တာ မြင်စေသိစေချင်နေတယ်၊ သူတို့ရဲ့ မြို့တော်ကိုတိုက်ဖို့ ခြိမ်းခြောက်နေပြီ …တာရယ် . . .၊ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေကြပြီ ဆိုတာရယ် . . ။ အဲဒါတွေကို …မြစေချင်နေတယ်' ဟု ရှင်းပြသည်။

'အင်မတန် ရဲရင့်တဲ့ ထိုးနှက်ချက်တစ်ခုပါလား . . .' ဟု အမ်းစထရောင်းက …ပြောကာ သူ့မေးစေ့ကို ပွတ်နေတယ်။ 'ဒါပေမဲ့ ကျွန်တော့်သဘောကတော့ အလွန် …ရှရာယ်များတယ်လို့ ထင်တာပဲ . . .'

ထိုအခိုက်တွင် အပေါ်ဘက်ကင်းဆီမှ အော်သံတစ်ချက် ကြားလိုက်ရသည်။ …ကျယ်လောင်လွန်းလှသည့် အော်သံကြောင့် လူနှစ်ယောက် ပြောလက်စ စကားကို …ဖြတ်သွားသည်။ ကင်းတာဝန်ကျ သင်္ဘောသားဆီသို့ မော့ကြည့်ကြသည်။ သင်္ဘော …သားသည် ဆတ်စ်ကွီဟန်နာ သင်္ဘောဆီသို့ ဦးတည်၍ လှော်ခတ်သွားနေသော …ဂျပန်လှေတစ်စီးကို လက်ညှိုးထိုးပြနေသည်။

ရိုက်စ်နှင့်အမ်းစထရောင်းတို့သည် လှေဆီသို့ လှမ်းကြည့်သည်။ လှေထဲတွင် …ရပ်သားဂျပန်ပါလာသည်။ သူတို့သည် ယူနီဖောင်းများ ဝတ်မထားကြ။ လက်နက် …များကိုင်ဆောင်လာသည်ကိုလည်း မတွေ့ရ။

'ထူးဆန်းလိုက်တာ' ဟု အမ်းစထရောင်းက ရေရွတ်သည်။ သူသည် ချဉ်းကပ် …လာနေသော လှေဆီသို့ မှန်ပြောင်းဖြင့် ကြည့်နေဆဲ . . . ။ 'လှေပေါ်မှ ပန်းချီဆရာ …တွေနဲ့ပြည့်နေသလိုပဲ၊ ကြည့်ရတာတော့ဖြင့် မြင်မြင်သမျှအားလုံးကို ပန်းချီဆွဲလာတယ်

www.burmeseclassic.com

www.burmeseclassic.com

လို့ထင်ရတာပဲ'

လှေနီးကပ်လာသည့်အခါ အရာအားလုံးကို အပီအပြင် မြင်လာရသည်။ လှေပေါ်ပါလာသူများသည် စစ်သင်္ဘောကြီးများကိုကြည့်ကာ မြင်ရသမျှကို အသေးစိတ်ပုံယူနေကြ၏။ ရွက်တိုင်များ၊ ရွက်များ၊ လှော်တက်ဘီးကြီးများ၊ ခေါင်းတိုင်များ၊ သံများ၊ သင်္ဘောသားများနှင့် အမြောက်ကြီးများ. . .။

လက်ဖတင်နင်ရိုက်စ်က အရာခံဗိုလ်အား လှမ်းအမိန့်ပေးသည်။ လိုအပ်လျှင် လှေဆီသို့ သေနတ်ဖြင့် အပေါ်ထောင်ပစ်ပြီး လှန့်ထုတ်ရန်ဖြစ်၏။ မိနစ်အနည်းငယ်အတွင်း ဂျပန်လှေသည် သိသာစွာ နောက်ဆုတ်သွားသည်။ သို့သော်လည်း သင်္ဘောပုံကို အမိအရ ရေးဆွဲနေကြသည်ကိုတော့ မြင်တွေ့နေရဆဲ. . .။

'ကျွန်တော်တို့ ဆန့်ကျင်နေတဲ့ လူမျိုးဟာ အသေးအဖွဲကအစ သိပ်ပြီးဂရုစိုက်တတ်တဲ့ လူတွေပါလား' ဟု ဆုတ်ခွာစပြုနေသည့်လှေကို လှမ်းကြည့်နေသည့် ရိုက်စ်ကရေရွတ်သည်။ 'ဒီလူတွေဟာ ချော့လို့မရနိုင်တဲ့ ရန်သူတွေပဲ. . .၊ ပြီးတော့ အသစ်အဆန်း ဟူသမျှကို သင်ကြားလေ့လာချင်တဲ့ လူတွေပါလား'

အမ်းစထရောင်းက ရိုက်စ်၏ စကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ 'ကျွန်တော် အခုနကသတင်းကြားတယ် လက်ဖတင်နင်၊ ကျွန်တော်တို့သင်္ဘောပေါ်က ညက လူတစ်ယောက်လိမ့်ကျပြီး ဆုံးရှုံးသွားတယ်. . .တဲ့၊ အဲဒီအဖြစ်ကတော့ အတော်ကံဆိုးတာပဲ'

'အဲဒီ ကောလဟာလသတင်းကို ဘယ်ကကြားတာလဲ . . . မစ္စတာ အမ်းစထရောင်း'

'မစ္စတာဟာရစ္စက ပြောတာပဲ'

ရိုက်စ်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကမ်းခြေဘက်သို့ လှမ်းကြည့်နေသည်။ သူသည် တစ်မိနစ် နှစ်မိနစ်ခန့်မျှ နှုတ်ဆိတ်နေသည်။ 'ကျွန်တော် အခုပြောမဲ့ကိစ္စဟာ ခင်ဗျားအပေါ်မှာ အကြွင်းမဲ့ ယုံကြည်စိတ်ချလို့ ပြောတာလို့ ယုံကြည်စေချင်တယ် မစ္စတာအမ်းစထရောင်း' ဟု ရိုက်စ်က ပြောသည်။ 'ဘယ်လို သတင်းမျိုးတွေကိုပဲ ကြားနေရ–ကြားနေရ၊ အခု ကျွန်တော်ပြောမဲ့သတင်းကတော့ သင်္ဘောသားတွေကို လုံးဝပြောလို့မဖြစ်ဘူး။ တကယ်လို့ ပေါက်ကြားသွားရင် ခင်ဗျားရဲ့တာဝန်ဝတ္တရားတွေကိုပါ ထိခိုက်စရာရှိတယ်လို့ သိထားရပါလိမ့်မယ်'

'သိပါတယ်' ဟု သာသနာပြုစကားပြန်က ပြောသည်။ 'ပျောက်သွားတာ ဘယ်သူလဲ'

'လက်ဖတင်နင် ရောဘတ်အီဒင်ပဲ၊ ခင်ဗျား ကောင်းကောင်းကြီး သိနေတဲ့လူပါ'

'ဖြစ်မှဖြစ်ရပလေ. . .၊ ကျွန်တော်ဖြင့် မယုံနိုင်ဘူး'

'လက်ဖတင်နင်အီဒင်ဟာ အရက်မတက်မီ နှစ်နာရီကြာယူရမယ့် ကင်းတာဝန်ကို မယူဘူး' ဟု ရိုက်စ်ကပြောသည်။ 'အဲဒါကြောင့် သူ့ကို သင်္ဘောပေါ်မှာ လိုက်ရှာဖို့ အမိန့်ပေးခဲ့တယ်၊ နောက်ဆုံးမှာ သူ့ယူနီဖောင်းဝတ်စုံနဲ့ဦးထုပ်ကို ရွက်ဟောင်းတွေအောက်မှာ ဝှက်ထားတာတွေ့ရတယ်'

'သူ့ကို ဘုရားသခင် စောင့်ရှောက်တော်မူပါစေ' ဟု အမ်းစထရောင်းက ဆုတောင်းသည်။ 'ဒီလူ ဘယ်လိုများ ဖြစ်သွားတာပါလိမ့်'

'အဲဒီဘက်မှာ တာဝန်ချထားခဲ့တဲ့ ဂျပန်အမျိုးသား ဆင်တာရိုလည်း ပျောက်နေတယ်' ဟု ရိုက်စ်က ဆက်ပြောသည်။ 'ပြီးတော့ လက်ဖတင်နင်အီဒင်ရဲ့ ပစ္စတိုလည်း သူ့အခန်းထဲမှာ မတွေ့ဘူး၊ ပျောက်နေတယ်'

'ဒါဆိုရင် သူဟာ သင်္ဘောပေါ်က လက်နက်ယူပြီး ဆင်းသွားတယ်။ ဟို ဆင်တာရိုဆိုတဲ့ ဂျပန်ကို သူ့လမ်းပြအဖြစ် ခေါ်သွားတယ်။ အဲသလို တွက်ရမလား' ဟု အမ်းစထရောင်းကပြောသည်။ 'ဒါဆိုရင်လည်း သူ ဘာဖြစ်လို့ အဲသလို လုပ်ရတာလဲ'

'ညသန်းခေါင်ကျော်လောက်မှာ ကျွန်တော့်အခန်းကို လက်ဖတင်နင်အီဒင်ရောက်လာပြီး ကမ်းခြေကို လျှို့ဝှက်သူလျှိုတစ်ယောက် လွှတ်ဖို့အကြံပေးတယ်။ တစ်ချိန်က သူဟာ လျှို့ဝှက်သူလျှိုအဖြစ်နဲ့ မက္ကဆီကိုနိုင်ငံထဲက ရန်သူ့နောက်ဆွယ်ကို သွားခဲ့ဖူးတယ် မဟုတ်လား။ အခုလည်း အဲဒီလိုလုပ်ခဲ့ရင် ဒီနိုင်ငံရဲ့ အရေးအခင်းမှာ သွေးထွက်သံယိုမှု မဖြစ်အောင် ရှောင်ဖို့ကူညီနိုင်လိမ့်မယ်လို့ သူ ယုံကြည်နေပုံရတယ်' ဟု ပြောကာ ရိုက်စ်က သက်ပြင်းချသည်။

'အဲဒီလို လာပြောစဉ်က သူ့အနေနဲ့ ဆင်တာရိုကိုခေါ်ပြီး သူတစ်ယောက်တည်း သွားမယ်လို့ ပြောခဲ့ဖူးတယ်'

'သူ လုပ်သွားပုံက အသတ်ခံရမယ့် အနေအထားပဲ' ဟု အမ်းစထရောင်းက ပြောသည်။ သူသည် ကမ်းခြေဘက်မှ ခံတပ်များနှင့်သစ်တောများ ဖုံးနေသည့် တောင်ကုန်းများဆီသို့ လှမ်းကြည့်နေသည်။ စစ်မောင်းသံများနှင့် ဗုံတီးသံများသည် သင်္ဘောများဘက်မှ လွှတ်လိုက်သည့်လှေများ ကမ်းခြေနှင့်နီးကပ်လာလေလေ ဆူညံစွာ တီးခတ်လာလေ ဖြစ်လျက်ရှိသည်။

'ဒီအကြောင်းကို ကွန်မိုဒိုပါရီ သိသွားပြီလား' ဟု အမ်းစထရောင်းက မေးသည်။

'ကျွန်တော့်အနေနဲ့ အီဒင်မရှိတော့ဘူးလို့ သိတာနဲ့တပြိုက်နက် ကျွန်တော့်သင်္ဘောက တပ်မှူးဆီ သတင်းပို့ခဲ့တယ်၊ တပ်မှူးကလည်း ကွန်မိုဒိုပါရီဆီ ချက်ခြင်းပို့ထားတာပဲ'

'ဒီအရှုံးထမှုဟာ နှစ်ဦးနှစ်ဖက်ကို ပြေလည်အောင်များ ဖျန်ဖြေပေးသွားနိုင်မလား'

www.burmeseclassic.com

www.burmeseclassic.com

ရိုက်စ်က ခေါင်းခါသည်၊ 'ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီကတော့ သူ လာရပဲ့ ကိစ္စရဲ့ အဓိကအချက်ကိုပဲ အရေးထားတယ်။ အဲဒီကိစ္စကို အဟန့်အတားဖြစ်မယ့် ပြဿနာဟူသမျှကို သူ ခွင့်မလွှတ်ဘူး။ သူ့ဆုံးဖြတ်ချက်က ချက်ခြင်းပဲ ကျလာတယ်။ ရိုးရိုးရှင်းရှင်းပဲ လက်ဖတင်နင်အီဒင်ကို ဒီတပ်က ပိုင်ဆိုင်တယ်လို့ တရားဝင် အသိအမှတ် မပြုတော့ဘူး'

အမ်းစထရောင်းက တအံ့တသြကြည့်သည်၊ 'ဘယ်လို . . .'

'ကွန်မိုဒို ညွှန်ကြားထားတာက နောက်ထပ်သင်္ဘောပေါ်ကို ဂျပန်တွေ ထပ်လာရင် ခင်ဗျားက သူတို့ရဲ့ ယုံကြည်မှုကို ရယူနိုင်အောင် လုပ်ရမယ် . . . တဲ့'ဟု ပြောသည်။ ထို့နောက် လေသံကိုထပ်၍ တိုးလိုက်ပြီး ဆက်ပြောသည်။ 'သူတို့နဲ့ တရားဝင်ဆွေးနွေးပြီးတာနဲ့ တပြိုင်နက် ခင်ဗျားက သူတို့ရဲ့စကားပြန်ကို သောဘက်တစ်နေရာကိုခေါ်သွားရမယ်၊ ပြီးတော့ . . . ။

'ကျွန်တော်တို့ အရာရှိတွေထဲက တစ်ယောက်ဟာ အမိန့်ကို မနာခံပဲ သင်္ဘောကိုစွန့်ခွာပြီး ထွက်သွားကြောင်း၊ ဒီမိုက်မဲမှုအတွက် ကျွန်တော်တို့အားလုံး စိတ်ထိခိုက်ကြရကြောင်း၊ အဲဒါကြောင့် သူ့ကိုရှာဖွေပြီး ဒီသင်္ဘောဆီကို အမြန်ဆုံး ပြန်ပို့ပေးစေလိုကြောင်း ပြောပြရမယ်တဲ့'

'နောက်ပြီးတော့ တကယ်လို့ အီဒင်ကို ဖမ်းဆီးဖို့ ကြိုးပမ်းချိန်မှာ အီဒင်ဒဏ်ရာအနာတရဖြစ်ရင် ဒါမှမဟုတ် သေသွားရင် ကျွန်တော်တို့ဘက်က ဘာမှကန့်ကွက်မှာမဟုတ်ပါဘူးလို့လည်း ခင်ဗျားက နှစ်ကိုယ်သီသဘောနဲ့ ပြောပြထားရမယ် . . .တဲ့။ ပြီးတော့ သူ့ကို အရှင်ဖမ်းမိလို့ သင်္ဘောပေါ်ပြန်ပို့ရင် သူ့ကို ကျွန်တော်တို့က ချက်ခြင်းဖမ်းမယ်ဆိုတာလည်း အသိပေးရမယ် . . .တဲ့'

'ဒါဆိုရင် ဟိုဂျပန်ဆင်တာရိုကျတော့ ဘာလုပ်ရမတဲ့ . . .လဲ၊ သူလည်းပဲ အန္တရာယ်ထဲ ရောက်နေမှာပဲ' ဟု အမ်းစထရောင်းက မေးသည်။

'အဲဒါနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့က သူ့ကို စေတနာမေတ္တာနဲ့ ကရုဏာထားပြီး ဇာတိနိုင်ငံကို ပြန်ခေါ်လာခဲ့ကြကြောင်း၊ သူလည်းပဲ ကျွန်တော်တို့ဆီက ခွင့်ပြုချက်မယူပဲ ထွက်သွားခဲ့ကြောင်း၊ ဒါ့ကြောင့်မို့ ကျွန်တော်တို့ဆန္ဒက သူ့ကိုဘာအန္တရာယ်မှ မပေးပဲ၊ သူ့ဇာတိနိုင်ငံက လူတွေရဲ့လက်ထဲ အပ်နှံလိုကြောင်း၊ ဒါပေမဲ့ သူ့ရဲ့ အမိန့်မနာခံမှုကို အကြောင်းပြုပြီး သူ့ကံကြမ္မာကို သူ့နိုင်ငံသားတွေကသာ ဆုံးဖြတ်စေလိုကြောင်း စသည်ဖြင့် မစ္စတာအမ်းစထရောင်းက သူတို့ကို ရှင်းပြပေးရပါလိမ့်မယ်' ဟု ရိုက်စ်က ပြောပြသည်။ 'အခု ကျွန်တော်ပြောတာတွေ အားလုံးကို နားလည်ပါတယ် . . .နော်'

အမ်းစထရောင်းက ခေါင်းညိတ်သည်။ 'နားလည်ပါတယ် . . .လက်ဖတင်နင်'

ဟု ပြောသည်။ 'ခင်ဗျားပြောသလိုဆိုရင် ရောဘတ်အီဒင်နဲ့ ဆင်တာရိုတို့ ထွက်သွားကဟာ သူတို့ဆန္ဒအလျောက်ပဲ . . . ပေါ့၊ အဲဒါဟာ တကယ်ကော မှန်ရဲ့လား'

'ခင်ဗျားစိတ်ထဲမှာ အဆုံးဖြတ်ဟာ သိပ်ပြင်းထန်တယ်လို့ ထင်မှာပဲ' ဟု ရိုက်စ်က ပြောသည်။ 'ဒါပေမဲ့ ဒီအမိန့်တွေကို ကျွန်တော်က တာဝန်အရ ထပ်ဆင့်ပြောပြလို့ မိန့်ထုတ်သူတွေနဲ့ တစ်သဘောတည်းလို့တော့ မထင်ပါနဲ့၊ ရောဘတ်အီဒင်ဟာ ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ယောက်ဆိုတော့ . . .'

အမ်းစထရောင်းက စိတ်မကောင်းခြင်းကြီးစွာဖြင့် သက်ပြင်းချသည်။ 'အတော်ပါးနည်းစရာကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်သွားတာပေါ့။ ဒါပေမဲ့ လုပ်ရမယ့်နည်းလမ်းက တစ်လမ်းပဲရှိတယ်၊ တခြားရွေးစရာ မရှိဘူး . . .။ အီဒင်လုပ်ပုံတွေကလည်း အတော်ပေါင်းမာတာပဲ'

'မနေ့ညက ကျွန်တော် သူ့ဟို့ကို သံခြေကျဉ်းခတ်ထားမယ်လို့ ခြိမ်းခြောက်ခဲ့သေးတယ်' ဟု ရိုက်စ်က ပြောသည်။ 'အဲသလို မလုပ်ခဲ့မိတဲ့အတွက် အခုမှ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိတယ်'

'အဲသလိုတော့လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့' ဟု အမ်းစထရောင်းက ပြောသည်။ 'အခုမှတော့ ဘာမှလုပ်လို့ မရနိုင်တော့ဘူး။ သူတို့အတွက် ဘုရားသခင်ဆီမှာပဲ ဆုတောင်းရတော့မှာ။ အခုဖြစ်နေတဲ့ အခြေအနေတွေအရ ကျွန်တော်တို့အတွက်တောင် ဘုရားသခင်ဆီမှာ ဆုတောင်းဖို့ မကြာခင် လိုအပ်လာမှာ စိုးနေရတယ်'

အမ်းစထရောင်းသည် သူ့အဝေးကြည့်မှန်ပြောင်းကို ထပ်ထုတ်ပြန်သည်။ ငလယ်ကမ်းခြေဆီသို့ ချဉ်းကပ်သွားနေကြသည့် တိုက်ရေယာဉ်လေးစီးကို ထပ်မံ၍ ကြည့်ရှုနေပြန်သည်။ ကမ်းပေါ်တွင် ကြက်သွေးရောင် ယူနီဖောင်းများ ဝတ်ထားသည့် စစ်သားများ ချီတက်လာနေကြသည်ကို မြင်နေရ၏။

'သူ့ကို့လာနေပုံကို ကြည့်ရတာ ကျွန်တော်တို့ လွှတ်လိုက်တဲ့ ရေယာဉ်တွေကို ကြားက ဖြတ်တားကြမယ့် ပုံပေါ်တယ်' ဟု အမ်းစထရောင်းက ပြောသည်။ 'ထိပ်တိုက်ရင်ဆိုင်တွေ့ရမယ့် အနေအထားကို ရှောင်ဖို့ခက်လိမ့်မယ်'

သူတို့ကြည့်နေခိုက်မှာပင် ဂျပန်တိုက်ရေယာဉ်အုပ်စုတစ်စုသည် အမေရိကန်တိုက်ရေယာဉ်အုပ်စု၏ ရှေ့မှဖြတ်ရန် လှုပ်ရှားလာကြသည်။ အခြားရေယာဉ်အုပ်စုများကလည်း အမေရိကန်တိုက်ရေယာဉ်များအား အဖက်ဖက်မှ ဝိုင်းနိုင်ရန် အားထုတ်လာနေကြသည်။ သူတို့သည် အမေရိကန်စစ်သင်္ဘောများဆီသို့ ချဉ်းကပ်ရန် ပထမအကြိမ်အားထုတ်စဉ်က ပုံစံအတိုင်း လှုပ်ရှားနေကြခြင်းပေတည်း။

'အခုပုံစံဟာ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို စိန်ခေါ်တဲ့ လုပ်ရပ်တစ်ခုပဲ' ဟု

www.burmeseclassic.com

www.burmeseclassic.com

ရိုက်စ်က သူ့အဝေးကြည့်မှန်ပြောင်းနှင့် ကြည့်နေရာမှ ရေရွတ်သည်။ 'ကျွန်တော်တို့ တိုက်ရေယာဉ်ပေါ်က အရာရှိတွေကိုတော့ နောက်မဆုတ်ဖို့ အမိန့်ပေးထားပြီးပြီ'

ထိုအခိုက်မှာပင် တိုက်ရေယာဉ်လေးစီးပေါ်မှ လက်ဖတင်နင်များ၏ အော်ဟစ် အမိန့်ပေးသံများ ကြားလိုက်ရ၏။ တစ်ခဏအတွင်းမှာပင် လေ့များပေါ်မှ တပ်သားများ သည် သူတို့၏ ကာဘိုင်သေနတ်များကို အသင့်အနေအထားသို့ ပြောင်းကိုင်ကာ ကမ်းခြေဆီသို့ ချိန်ရွယ်ထားကြသည်။

တိတ်ဆိတ်မှုသည် တစ်စက္ကန့် နှစ်စက္ကန့်ကြာမျှ ပင်လယ်အော်ထက်သို့ လွှမ်းခြုံ ထားသည်။ အမိန့်ပေးသံများ ကြားရပြန်သည်။ တိုက်ရေယာဉ်ပေါ်မှ တပ်သားများ သည် သူတို့၏ ကာဘိုင်သေနတ်များတွင် လုံစွပ်များ တပ်လိုက်ကြသည်။ ဂျပန် တိုက်လေ့များသည် တိုက်ရေယာဉ်များအား ဝန်းရံပိတ်ဆို့ထားကြသည်။ နံနက်ခင်း နေရောင်အောက်တွင် လုံစွပ်များသည် တပြောင်ပြောင် တလက်လက် . . .။

ယခုအချိန်ထိ အဝေးကြည့်မှန်ပြောင်းဖြင့် ရေယာဉ်များ၏ လှုပ်ရှားမှုကို ကြည့် နေဆဲဖြစ်သော အမ်းစထရောင်းက လှမ်းမေးသည်။ 'သူတို့ ဘယ်လောက်ဝေးဝေး အထိ သွားကြရမှာလဲ'

'ပင်လယ်အော်ရဲ့ အထက်ဖက်လေးမိုင်အထိ တက်သွားဖို့ အမိန့်ပေးထားတယ်' ဟု ရိုက်စ်ကဖြေသည်။ 'တစ်လမ်းလုံး ရေအတိမ်အနက်ကို ခဲကြိုးတွေချ . . . ချပြီး တိုင်းကြည့်သွားရမယ်လို့လည်း ညွှန်ကြားထားတယ်။ ကျွန်တော်တို့ သဘောဆိုက အမြောက်နဲ့ပစ်ပြီး အချက်ပေးသံ မကြားမချင်း ပြန်လှည့်လာတာတို့ ဆုတ်ခွာလာ တာတို့ မလုပ်ရဘူး'

အားလုံးကို ဦးဆောင်၍ ရှေ့ဆုံးမှသွားနေသော တိုက်ရေယာဉ်သည် ခပ်ဖြည်းဖြည်း ရွေ့လျားသွားနေသည်။ သူ့လမ်းကြောင်းကို ပိတ်ထားသော ဂျပန်တိုက်လေ့များ၏ လမ်းကြောင်းဆီသို့ ချဉ်းကပ်သွားနေခြင်းဖြစ်၏။ ဂျပန်လေ့များဆီမှ ဖွေးဖွေးလှုပ်နေ သော လုံများကို မြင်နေရသော အမ်းစထရောင်းသည် အချိန်မရွေး တိုက်ပွဲထ၍ ဖြစ်လာ နိုင်ဖွယ်ရှိသည့် အခြေအနေကို ကြည့်ကာ စိတ်မောလျက်ရှိလေ၏။

ဆတ်စ်ကွိုဟန်နာမှ စေလွှတ်လိုက်သော ပထမဆုံးတိုက်ရေယာဉ်၏ ဦးပိုင်းသည် ဂျပန်တိုက်လေ့တစ်စီး၏ ဘေးတစ်ဖက်ကိုတိုက်ကာ ပွတ်ဆွဲသွားသည်။ လေ့ပေါ်မှ အော်သံများကြားရသည်။ လုံများကို ဒေါသတကြီးမြှောက်၍ အမေရိကန်တိုက်ရေယာဉ် အားနောက်ပြန်သွားရန် အရိပ်လက္ခဏာ ပြလျက်ရှိ၏။ အမေရိကန်တိုက်ရေယာဉ်မှ တပ်သားများကလည်း သေနတ်များကို မြှောက်၍ ဂျပန်များဆီသို့ ချိန်ရွယ်ထားကြ သည်။

ရှေ့ဆုံးတိုက်ရေယာဉ်၏ ဦးပိုင်း၌ ရပ်နေသော ခေါင်းဆောင်သည် လေ့သမားများ

ထက်၍ လှော်ရန်သာ အမိန့်ပေးလျက်ရှိသည်။ သူသည် ခုခံကာကွယ်မည့်အနေ ထား၌ရှိနေသော တန်းစီနေသည့် ဂျပန်လေ့များကြားမှ အလွယ်တကူ ဖြတ်သွားနိုင် သူ့လူများအား အမိန့်ပေးလျက်ရှိ၏။ နောက်မှ လိုက်ပါလာနေသည့် တိုက်ရေယာဉ် ဖီးကလည်း ရပ်နားခြင်းမရှိပဲ ဆက်တိုက်လိုက်ပါလျက်ရှိသည်။

ဂျပန်တို့ဘက်မှ အော်ဟစ်သံများသည် သောသောညံလျက်ရှိ၏။ ဂျပန်လေ့များ ည် အမေရိကန်တိုက်ရေယာဉ်များနောက်မှ ထပ်ချပ်မကွာ လိုက်လာလျက်ရှိသည်။ မ်းခြေဘက်မှလည်း လေ့များသည် တစ်ခုပြီးတစ်ခု ထွက်လာနေကြဆဲ . . .။ ဖြည်းဖြည်းနှင့် အမေရိကန်တိုက်ရေယာဉ်များသည် ဂျပန်လေ့များ၏ကြား၌ ပျောက် ဖြစ်သွားသည်။ အမ်းစထရောင်းသည် အခြေအနေကိုကြည့်ကာ ထိတ်လန့်လာသည်။

'ကျုပ်တို့လေ့တွေကို ဒုတိယအကြိမ်တော့ဖြင့် လွှတ်ပေးမယ် မထင်တော့ဘူး လက်ဖတင်နင်' ဟု အမ်းစထရောင်းက သောကမကင်းသော လေသံဖြင့် ပြော ည်။ 'သူတို့ကိုပြန်ခေါ်တဲ့ အချက်ပေးအမြောက် မပစ်သေးဘူးလား'

ထိုအခိုက်တွင် အပေါ်ဘက် ရွက်တိုင်ထိပ်ရှိ ကင်းစင်ထက်မှ အော်ဟစ်သံ စ်သံထွက်လာသည်။ အားလုံးရှေ့ဘက်သို့ မျှော်ကြည့်လိုက်ကြသည်။ တစ်မိုင်ခန့် ကွာရှိ ရေပြင်ထက်၌ ယူရာဂါသင်္ဘောဆိပ်အတွင်းမှ ထွက်လာနေသော ရေယာဉ်များ ည် အရှိန်ကိုမြှင့်တင်ကာ ဆတ်စ်ကွိုဟန်နာ ဆီသို့ လှော်ခတ်လာနေကြလေသည်။

အမ်းစထရောင်းသည် တာဝန်ရှိအစိုးရယာဉ်ဟု ယူဆရသည့်လေ့အား မျှော်လင့်ချက် ယစ်ဖြင့် လှမ်းမျှော်ကြည့်နေသည်။ လေ့၏အလယ်တွင် ငွေရောင်နှင့်ရွှေရောင်အနား ကွပ်ထားသည့် အပြာရောင်ဝတ်ရုံကြီး ဝတ်ထားသည့် ဂျပန်အမျိုးသားတစ်ယောက် ပ်နေသည်။ သူ့ခေါင်း၌ဆောင်းထားသည့် ဘိုးနက်ဦးထုပ်သည် နေရောင်တွင် ပြောင်လက်နေသည်။

လေ့သည် တဖြည်းဖြည်းနှင့်နီးလာနေသည်။ ထိုပုဂ္ဂိုလ်၏ ကိုယ်ပေါ်ရှိ ပိုးသား ရုံထက်မှ ဒေါင်းရုပ်ဒီဇိုင်းများကို မြင်နေရ၏။ သူ၏ ဝတ်စားဆင်ယင်ပုံနှင့် ဝတ်ထား ည့် အဝတ်တန်ဆာများကို ကြည့်ရသည်မှာ ယခုပုဂ္ဂိုလ်သည် စောစောက ရောက် လာခဲ့သော ပုဂ္ဂိုလ်များထက် အဆင့်ပို၍ မြင့်လိမ့်မည်ဟု ထင်ရ၏။

'ကျွန်တော်တို့ဆီကို ဒီနေ့တော့ အလွန်အဆင့်မြင့်တဲ့ ခေညသည်တော်တစ်ဦး ရောက်လာလိမ့်မယ် ထင်တယ်' ဟု အမ်းစထရောင်းက ပြောသည်။ 'သူ့ကို ကျွန်တော် တယ်လိုဆီးကြိုကြမလဲ'

'သံတမန်ရေးရာ ဆွေးနွေးဇာစပ်မှုအားလုံးကို တစ်ပုံစံထဲပဲ လုပ်ကြရမှာပဲ' ဟု က်ဖတင်နင်ရိုက်စ်က ပြန်ပြောသည်။ 'ကွန်မိုဒိုပါရီကတော့ အဆင့်အမြင့်ဆုံး ဂျပန် တမန် ရောက်မလာမချင်း လူများရဲ့မြင်ကွင်းထဲက အပြင်ကိုထွက်နေမှာပဲ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

က သူ့ကိုယ်စား ဟိုဘက်က သံတမန်တွေနဲ့ ဆက်ဆံပြောဆိုနေရဦးမှာပဲ၊ ခင်ဗျ ကလည်း ဘာသာပြန်အလုပ်ကို ဆက်ပြီးလုပ်ပေးသွားရုံပဲ'

အမ်းစထရောင်းသည် ဂျပန်သံတမန် ရောက်လာဖွယ်ရာရှိသည့်နေရာသို့ ဆ လာခဲ့သည်။ 'သူလာတဲ့အခါ ပတ်ဝန်းကျင်အခြေအနေ မတင်းမာကြောင်းပြဖို့ ဘယ် လုပ်ရင်ကောင်းမလဲ' ဟု လက်ဖတင်နင်ရိုက်စ်အား မေးသည်။

'ကွန်မိုဒိုပါရီကတော့ ထိထိရောက်ရောက် အသုံးဝင်လာမယ်ထင်ရင် ကျွန်ုပ် တို့သမ္မတရဲ့ မှုရင်းစာကို ပြလိုက်ဖို့ ခွင့်ပေးထားတယ်' ဟု ရိုက်စ်က အရာခံဗိုလ်အ သူ့အနီးသို့လာရန် လက်ဟန်ခြေဟန်ပြ၍ လှမ်းခေါ်ပြီး ပြန်ပြောသည်။ 'သူတို့ တရားဝင်တံဆိပ် ကြည့်ခွင့်ပေးရမယ်လို့လည်း မှာထားတယ်'

'အဲသလောက်လေးပဲလား' ဟု အမ်းစထရောင်းက စိတ်မကောင်း ဖြစ်သွားသ လေသံဖြင့် ပြန်မေးသည်။

'ဟုတ်တယ် . . . ။ အဲသလောက်ပဲ ခွင့်ပြုထားတယ်' ဟု ရိုက်စ်က ပြန်ဖြေ အရာခံဗိုလ်ဘက်လှည့်၍ အမိန့်ပေးသည်။ 'တို့ဘက်က အနိုင်အမာ ဖြစ်ရမယ် . . . တို့လိုတာမရရင် အလျှော့ပေးဖို့ မစဉ်းစားနိုင်ဘူး'

'သူတို့ရဲ့ ဂုဏ်သိက္ခာကို ဆယ်နိုင်မယ့် အခွင့်အရေး အသေးအဖွဲ့ကော ပေ စိတ်မကူးဘူးလား . . .။ နှစ်ဦးနှစ်ဖက် စေ့စပ်ဖျန်ဖြေနိုင်ဖို့ လမ်းပွင့်သွားစေမယ့်ဟာမျိုး ပြောတာပါ'

'ကွန်မိုဒိုပါရီရဲ့ ရည်မှန်းချက်က အဲဒါမရှိဘူး' ဟု ရိုက်စ်က ဖြေသည်။ 'ကျွန်ုပ် တို့ကို သူညွှန်ကြားထားတာက ဆက်ဆံရာမှာ ယဉ်ကျေးသိမ်မွေ့ရမယ်။ ဒါပေမဲ့ ကို မူအပေါ်မှာ အခိုင်အမာရပ်ရမယ်တဲ့၊ အခုတစ်ခေါက် သံတမန်တွေလာရင် ဝါးပါလာ ဂျပန်မှန်သမျှ သင်္ဘောပေါ် တက်ခွင့်မပေးရဘူး . . .တဲ့၊ အဆောင်အယောင်အဖြစ် တပ်ဆင်ထားတဲ့ လက်နက်ကိုတောင် ယူခွင့်မပေးဘူး၊ သူတို့လှေပေါ်မှာပဲ ထာ ရမယ် . . .တဲ့'

'ကောင်းပါပြီ . . . လက်ဖတင်နင်' ဟု အမ်းစထရောင်းက ပြန်ပြောသည်။

'ခင်ဗျား အခုပြောပြတဲ့အတိုင်းပဲ ကျွန်တော်လုပ်ပါ့မယ်၊ ဒါပေမဲ့ ကွန်မိုဒိုပါ အနေနဲ့ အပေါ်စီးယူတာ လွန်မသွားဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ ချောင်ပိတ်မိနေ ကြွက်တစ်ကောင်ဟာ သူ့မှာပြေးပေါက်မရှိတဲ့အခါ လာတိုက်တဲ့လူရဲ့ လည်ပင်း ခုန်ပြီး ကိုက်တတ်ပါတယ်'

ဂျပန်ရေယာဉ်သည် သင်္ဘောဘေးသို့ ရောက်လာသည်။ အမ်းစထရောင်းသ အသက်ကို အားပါးတရ ရှူလိုက်ပြီး သင်္ဘော၏အပေါ်ကုန်းပတ်ထက်မှ ဆင်းလာ သည်။ ဂျပန်သံတမန်နှင့် သူ့နောက်လိုက်များအား ကြိုဆိုဧည့်ခံရန် ဖြစ်လေသည်။

(၂၃)

'ကျွန်တော်တို့ဆီ အခုရောက်လာတဲ့ ဧည့်သည်တော်ရဲ့ ပြောပြချက်အရ သူဟာ ရာဂါပြည်နယ်ဘုရင်ခံ ရှူးဒိုင်းကာဆာဝါရာ ဖြစ်ကြောင်း သိရပါတယ်' ဟု ဆင်မြူရယ် စထရောင်းက ကြေညာသည်။ 'သူ ပထမဆုံး မေးလိုက်တဲ့မေးခွန်းက– အမေရိကန် သင်္ဘောလေးစီး နိပ္ပွန်နိုင်ငံ ကမ်းခြေနားကပ်ပြီး ရပ်နေတာ ဘာကြောင့်လဲ. . .တဲ့'

'သံတမန်ကြီးကို ပြောပြပေးဖို့ အချက်သုံးချက် ရှိပါတယ်။ ပထမဆုံးအချက်က အခုလို အမေရိကန်ပြည်ထောင်စုရေတပ်ရဲ့ ဦးစီးသင်္ဘောပေါ် ကြွရောက်လာတာကို ကျက်လှဲစွာ ကြိုဆိုပါတယ်လို့ ပြောပြပေးပါ။ ဒုတိယအချက်က အခုမနက် မိုးလင်း ရဲ့ တပြိုင်နက် ယီဒိုပင်လယ်အော်ရဲ့ သင်္ဘောဆိပ်နဲ့ ကျောက်ချနိုင်တဲ့ နေရာတွေကို သေးစိတ် စစ်ဆေးတိုင်းထွာဖို့ ကျွန်တော်တို့ဘက်က ရေယာဉ်တွေ လွှတ်ထားကြောင်း ပြဖို့ပါ။ တတိယအချက်ကတော့ အခုလုပ်ထားတဲ့ တိုင်းထွာချက်တွေကို လိုအပ် ရင် အမြန်ဆုံး အသုံးချရလိမ့်မယ်ဆိုတာ အသိပေးဖို့ပါပဲ။ လိုအပ်လာရင် သူ့ရဲ့ တော်ရှေ့မှာပဲ ကျောက်ဆူးချပြီး နေရာယူသင့်ရင် ယူရလိမ့်မယ်ဆိုတာလည်း ပြောပြ ပါ'

အမ်းစထရောင်းက လက်ဖတင်နင်၏စကားများကို ဒတ်ချ်ဘာသာစကားဖြင့် ဆိုပေးသည်။ ဂျပန်သံတမန်၏ စကားပြန်မှာ ပထမတစ်ခေါက် ရောက်လာသည့် အဖွဲ့နှင့် လိုက်ပါလာခဲ့သူပင်ဖြစ်၏။ ယခင်တစ်ခေါက်ကလိုပင် သံအဖွဲ့ဝင်များသည် ပ်စုဖွဲ့၍ မျက်နှာချင်းဆိုင် ထိုင်ကြသည်။ တစ်ဖက်တွင် ယူရာဂါဘုရင်ခံနှင့်အဖွဲ့. . .၊ မျက်နှာချင်းဆိုင်တွင် လက်ဖတင်နင်ရိုက်စ်နှင့်အဖွဲ့. . .၊

ရိုက်စ်သည် သူ့ယူနီဖေါင်းဝတ်စုံကို အပြည့်ဝတ်ထားသည်။ ဦးထုပ်နှင့်ဓါးကို သူ့ရှေ့စားပွဲပေါ်၌ ချထားသည်။ သူ့နောက်တွင် ဟာရစ္စနှင့် အခြားအရာရှိ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် တောင့်တောင့်မတ်မတ် ရပ်နေကြသည်။ ဘေးတစ်ဖက် တစ်ချက်တွင် ရပ်နေသူများမှာ လက်နက်ကိုင် မရိန်းတပ်သားများ . . .။

အမ်းစထရောင်းသည် စားပွဲအစွန်း၌ ထိုင်နေသည်။ ယူရာဂါဘုရင်ခံနှင့် လိုက်ပါလာသူများမှာ အရာရှိလေးဦးဖြစ်၍ စကားပြန်ဟာနီဝါရာတိုကူမာသည် ရောက်လျှင်ရောက်ချင်း အမ်းစထရောင်းနှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ အခြားအရာရှိအားလုံးသည် ကုလားထိုင်များပေါ်၌ ခါးများကိုဆန့်၍ တောင့်တောင့်မတ်မတ် ထိုင်နေကြသည်၊ ဂျပန်ဘုရင်ခံသည် နေသားတကျဖြစ်သည်နှင့်တပြိုင်နက် သူ့ကန့်ကွက်ချက်ကို တင်ပြလေသည်။

'ပြည်နယ်ဘုရင်ခံက တင်ပြတယ်၊ နိပ္ပန်နိုင်ငံရဲ့ ဥပဒေက နိုင်ငံခြားသင်္ဘောတွေ အခုလို စုံစမ်းစစ်ဆေးတိုင်းထွာခြင်းကို တားမြစ်ထားပါတယ်၊ လုပ်ခွင့်မပေးပါဘူး . . တဲ့'ဟု အမ်းစထရောင်းက ဘာသာပြန်ပြောသည်။

'ဒါကြောင့်မို့ ကျွန်တော့်ရေယာဉ်တွေ အခုလုပ်နေကြတဲ့အလုပ်တွေကို အခုချက်ခြင်း ရပ်ပေးပါလို့ တောင်းခံနေပါတယ်'

လက်ဖတင်နင်ရိုက်စ်က အရာခံဗိုလ်ဟာရစ္စဘက်သို့ ခေါင်းညိတ်ပြသည်။ ဟာရစ္စသည် ချက်ခြင်းပင် အခန်းထဲမှ ထွက်သွားသည်။ ယူရာဂါပြည်နယ်ဘုရင်ခံ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် သူ့နောက်လိုက်များကဲ့သို့ပင် အမေရိကန်အဖွဲ့၏ နောက်ဖက်ရှိ နံရံဆီသို့ စူးစိုက်လျက်ရှိသည်။

အခန်းထဲတွင် စကားပြောသံ မကြားရ၊ အားလုံးတိတ်ဆိတ်လျက်ရှိ၏။ ကမ်းခြေဘက်မှ ဗုံသံများနှင့်မောင်းသံများသည် တိုး၍ဆူညံလာနေသည်။ ထိုအခိုက်မှာပင် တံခါးဖွင့်သံနှင့် ပိတ်သံများ ကြားလိုက်ရပြီး အရာခံဗိုလ်ဟာရစ္စ ဝင်လာသည်ကို မြင်ရသည်။ ဟာရစ္စသည် ချက်ခြင်းပင် ရိုက်စ်၏ နားတစ်ဖက်၌ကပ်၍ တီးတိုးပြောသည်။

'ပြည်နယ်ဘုရင်ခံကြီးကို ကျွန်တော်ပြောပြရမှာက တခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့ အမေရိကန်ဥပဒေတွေကလည်း ကျွန်တော်တို့ကို 'လေ့လာဆန်းစစ်ချက် စစ်တမ်းတွေလုပ်ရမယ်လို့ ခိုင်းနေပါတယ်'ဟု ရိုက်စ်က ပြောသည်။ 'ဂျပန်ပြည်သူတွေအနေနဲ့ ဂျပန်နိုင်ငံရဲ့ ဥပဒေတွေအတိုင်း လိုက်နာရမယ့် တာဝန်ရှိသလို ကျွန်တော်တို့မှာကလည်း အမေရိကန်ဥပဒေတွေအတိုင်း လိုက်နာရမယ့် ဝတ္တရားရှိနေပါတယ်'

'အဲဒီရေယာဉ်တွေနဲ့ ကမ်းပေါ်တက်ဖို့အထိ ရည်မှန်းချက် ရှိနေပါသလား'ဟု ဘုရင်ခံက စကားပြန်မှတဆင့် ပြန်မေးသည်။ 'လူတွေကို ကမ်းပေါ်တက်ခိုင်းဖို့ အစီအစဉ်ကော ရှိထားပါသလား'

လက်ဖတင်နင်ရိုက်စ်က အမ်းစထရောင်းဘက်လှည့်ကြည့်ပြီး ခေါင်းခါသည်။

'ကျွန်တော်တို့ ကွန်မိုဒိုအနေနဲ့ လက်နက်ကိုင်တပ်သားတွေကို ကမ်းတက်ခိုင်းမယ့် ရည်ရွယ်ချက် မရှိဘူးဆိုတာ . . . ဘုရင်ခံကို ပြောပြပေးပါ . . .။ လောလောဆယ်မှာ အဲဒီရည်မှန်းချက် မရှိပါဘူး။ အထူးသဖြင့် အခုလောလောဆယ်ဆိုတဲ့ စကားလုံးကို လေးလေးအနက်ထားပြီး ပြောပြပါ'

'ကျွန်တော်တို့အဖွဲ့ရဲ့ အဓိကတာဝန်က အမေရိကန်ပြည်ထောင်စုသမ္မတရဲ့ စာကို ပေးဖို့ပဲ၊ အဲဒါကို နားလည်အောင် ထပ်ပြောပြပါ။ ဂျပန်နိုင်ငံစကြာဧ ဘုရင်မင်းမြတ်ရဲ့ ကိုယ်စားလှယ်က . . . အဲဒီစာကို လက်ခံရယူဖို့ဟာ အရေးကြီးကြောင်းနဲ့ ဘုရင့်ကိုယ်စားလှယ်ရဲ့ အဆင့်ဟာလည်း အနည်းဆုံးဝန်ကြီးအဆင့် ဖြစ်ရလိမ့်မယ်ဆိုတာကိုပါ ပြောပြပါ'

အမ်းစထရောင်းသည် ထိုစကားများကို ချက်ခြင်းဘာသာပြန်၍ မပြောသေးပဲ လက်ဖတင်နင်၏ နားနား၌ကပ်၍ . . . နှစ်ကိုယ်ကြားလေသံဖြင့် အကြံပြုသည်။

'အခု လောလောဆယ် ဘုရင်ခံကို ခဏလောက် အနားပေးထားရင် မကောင်းဘူးလား' ဟုပြောသည်။ 'သူ့အနေနဲ့ ကမ်းပေါ်က တပ်တွေဆီကို လူတစ်ယောက် လွှတ်ပြီး အမေရိကန်တပ်သားတွေအနေနဲ့ လေ့လာဆန်းစစ်မှုကိုသာ လုပ်နေတာ၊ ကမ်းခြေကိုတက်ဖို့ အမိန့်ပေးထားခြင်း မရှိဘူးဆိုတဲ့စကား သွားပြောခိုင်းထားလိုက်ရင် ကောင်းပေဖူးလား . . .၊ အဲဒါဆိုရင် အခြေအနေတင်းမှုဟာ လျော့သွားနိုင်လိမ့်မယ် ထင်တယ် . . .'

လက်ဖတင်နင်ရိုက်စ်သည် အချိန်အတန်ကြာမျှ စဉ်းစားနေသည်။ ထို့နောက် ခေါင်းကို လျှင်မြန်စွာညိတ်သည်။ 'ကောင်းသားပဲ မစ္စတာအမ်းစထရောင်း' ဟု ပြောသည်။ 'လောလောဆယ် ကွန်မိုဒိုဘက်က ကမ်းခြေပေါ်တက်ဖို့ မရည်ရွယ်ကြောင်း၊ သမ္မတရဲ့စာနဲ့ ပတ်သက်လို့ စကြာဧဘုရင်ရဲ့ အဆုံးအဖြတ်ကို စောင့်နေစဉ်အတွင်း ဘာမှမလုပ်သေးဘူးဆိုတာ ယုံကြည်စေလိုကြောင်း ပြောပြထားရင် ကောင်းမယ်'

ရိုက်စ်၏စကားကို အမ်းစထရောင်းက ပြောပြသည့်အခါ ဂျပန်သံအဖွဲ့ဝင်များသည် တီးတိုးဆွေးနွေးနေကြသည်။ ထို့နောက် . . . စားပွဲပေါ်တွင် စာတစ်စောင် ချနေသော စကားပြန်ဟာနီဝါရာတိုကူမာက အမ်းစထရောင်းအား လှမ်းကြည့်သည်။

'လူကြီးမင်းတို့ရဲ့ သဘောထားကို ကျွန်တော်တို့ ဘုရင်ခံက ကြိုဆိုပါတယ်'ဟု တိုကူမာက ပြောသည်။ 'လူကြီးမင်းတို့ရဲ့ လှေကြီးတွေပေါ်က လက်နက်ကိုင်တွေအနေနဲ့ မြတ်သော နိပ္ပန်မြေပေါ် ခြေမချဘူးဆိုတဲ့အတွက် သတင်းဟာ သတင်းကောင်းပါ။ ဒီသတင်းကို ကျွန်တော်တို့အရာရှိတွေထဲက တစ်ဦးနဲ့ ကမ်းပေါ်က ကျွန်တော်တို့ ကာကွယ်ရေးတပ်တွေဆီ အကြောင်းကြားပါရစေ'

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ခံ၏ နောက်လိုက်များထဲမှ ပိုးသားဝတ်ရုံကြီး ဝတ်ထားသည့် အရာ တစ်ဦးသည် ထိုင်ရာမှ ထရပ်လိုက်သည်။ ရိုက်စ်က ခေါ်ပြီး အမိန့်ပေးသဖြင့် အရာခံဗိုလ်တစ်ဦးသည် ထိုအရာရှိအား လိုက်ပို့ပေးသည်။ သူတို့နှစ်ဦး၏ ခြေသံ ပျောက်သွားသည့်အခါ ဂျပန်စကားပြန်သည် လက်ဖတင်နှင့်ရိုက်စ်အား လှည့်ကြ သည်။

'ကျွန်တော်တို့ဘုရင်ခံက ခင်ဗျားတို့ သဘောပေါက်သွားအောင် ရှင်းပြဖို့ ကျွန်တော့် ကိုတာဝန်ပေးထားတာ တစ်ခုရှိပါတယ်' ဟု သူက ပြောသည်။ 'နိပွန်နိုင်ငံရဲ့ တရား ဥပဒေတွေအရ အမေရိကန်ပြည်ထောင်စုသမ္မတရဲ့ ပေးစာကို ယူရာဂါမြို့က လက်ခံ ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ တကယ်လို့ ဖြစ်နိုင်သည့်တိုင်အောင် အဖြေအတွက် နာဂါ စကီးကို ပို့ရမှာပါ၊ နာဂါစကီးဟာ နိုင်ငံရပ်ခြား တိုင်းပြည်တွေနဲ့ ဆက်ဆံမှု အားလုံး တာဝန်ယူဆောင်ရွက်ရတဲ့မြို့ပါ။ ဒါကြောင့်မို့ အမေရိကန်ရေတပ်တွေဟာ အခုချက်ချင်း ယီဒိုပင်လယ်အော်က ထွက်ခွါပြီး နာဂါစကီးကို ခရီးဆက်ကြပါ'

ရိုက်စ်သည် တစ်ဖက်ကပြောလာသည့် စကားကို ချက်ခြင်း လက်မခံနိုင်သည့် သဘောဖြင့် ခေါင်းခါသည်။ ဝေဖန်ခြင်းတော့မပြု . . .၊ ထို့နောက် သူသည် အရာခံဗိုလ် ဟာရစ္စအား ကွန်မိုဒိုထံ ထပ်သွားရန် ညွှန်ကြားသည်။

'မနေ့က ပြောသွားတဲ့စကားကို ထပ်ပြီးအခိုင်အမာပြောနေတာပဲ– လက်ဖတင်ဂုဂ်' ဟု အမ်းစထရောင်းက နှစ်ကိုယ်ကြား လေသံဖြင့် ပြောသည်။ 'အခုလို အချိန်မှာ . . . သမ္မတရဲ့စာကို ပြလိုက်ရင် သင့်မယ်လို့ထင်တယ်'

ပြောပြောဆိုဆို သူသည် သမ္မတစာ ထည့်ထားသည့် သေတ္တာဆီသို့ ခေါင်းတဲ့ ချက်ငဲ့ပြသည်။ သေတ္တာမှာ အပေါ်ဘက်တွင် ရွှေကြိုးများဖြင့် ချည်ထားပြီး ဘေး တစ်ဘက်ရှိ စားပွဲငယ်တစ်လုံးပေါ်၌ တင်ထားသည်။ "ဘာပဲဖြစ်ဖြစ် စာကို မြင်ရင် လေးစားသမှု ရှိချင်ရှိလာမယ် . . .၊ တင်းမာနေတဲ့ အခြေအနေကိုလည်း သက်သာသွား စေနိုင်မယ်လို့ ထင်တယ်"

ရိုက်စ်က ခေါင်းညိတ်သည်။ အမ်းစထရောင်းက ထိုင်ရာမှ ထရပ်ကာ သဝဏ်လွှာ ထည့်ထားသည့် သေတ္တာကိုကောက်ယူပြီး အဖုံးကိုဖွင့်၍ ဘုရင်ခံ ရှဒိုင်းကာဆာဝါရာ၏ ရှေ့မှောက်သို့ ထိုးပြသည်။

'ဘုရင်ခံအနေနဲ့ အမေရိကန်သမ္မတက ဂျပန်ဧကရာဇ်ဘုရင်ဆီ တလေးတစား ရေးလိုက်တဲ့ စာကို ကြည့်ချင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ် . . . ခင်ဗျာ' ဟု အမ်းစထရောင်းက တရိုတသေပြောကာ အတွင်းမှစာကို မြင်သာအောင်ပြသည်။

'စက္ကူထူပေါ်မှာ လက်လေးလှလှနဲ့ ရေးထားတဲ့စာလုံးတွေကို မြင်တယ် မဟုတ်လား။

. . .အောက်က လက်မှတ်ထိုးထားတာ သမ္မတမစ်လတ်ဖစ်သ်လစ်မိုး ကိုယ်တိုင်ပဲ၊ ထားတဲ့ ရွှေတံဆိပ်က အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံတော်တံဆိပ်၊ ဒီသေတ္တာ လုပ်ပေးတဲ့လူက ကျွန်တော်တို့နိုင်ငံရဲ့ အတော်ဆုံး လက်မှုပညာသည် တစ်ဦးပါ'

ထိုစကားများကို သူတို့စကားပြန်က ရှင်းပြနေသည့်အခါ ပြည်နယ်ဘုရင်ခံနှင့် လူများသည် စိတ်ဝင်တစား နားထောင်ကြသော်လည်း မျက်လုံးများကတော့ သာယမကင်းသည့် မျက်နှာထားဖြင့် သေတ္တာကိုရော စာကိုပါ ကြည့်နေကြသည်။

'ကျွန်တော်တို့အနေနဲ့ စာကို ဒတ်ချ်ဘာသာ၊ တရုတ်ဘာသာနဲ့ အင်္ဂလိပ်ဘာသာ မျိုးရေးထားပါတယ်' ဟု အမ်းစထရောင်းက ဆက်ပြောသည်။ 'အဲဒီ စာမိတ္တူ ကို လိုအပ်ရင် ဘုရင်ခံကြို့တင်လေ့လာနိုင်အောင် ပေးမယ်လို့ စီစဉ်ထားပါတယ်။ င်းစာကို ခင်ဗျားတို့ ဧကရာဇ်ဘုရင်ဆီ ဆက်သဖို့ သဘောတူညီချက်ရတာနဲ့ တပြိုင်နက် မှာပါ'

'အဲဒီလိုဆိုရင် စာထဲက ကောက်နုတ်ချက်တချို့ကို ဘုရင်ခံသိနိုင်အောင် ဘာသာ ပေးနိုင်မလား' ဟု စကားပြန်က မေးသည်။ 'အဲသလို လုပ်ပေးနိုင်ရင် အများကြီး င်ပြေလာနိုင်စရာရှိမယ်'

အမ်းစထရောင်းသည် စကားပြန်၏ စကားကို လက်ဖတင်နှင့်ရိုက်စ်အား ပြောပြ လုပ်ပိုင်ခွင့်တောင်းသည်။ ခွင့်ပြုချက်ရသည့်အခါ ချက်ခြင်းသေတ္တာထဲမှ စာကိုယူ၍ ဧကရာဇ်ဘုရင်အား နှုတ်ခွန်းဆက်သည့် ပဏာမစကားများကိုဖတ်၍ ဘာသာ ပေးသည်။ ထို့နောက် 'ကျွန်ုပ်တို့ သင်္ဘောကြီးများသည် ကယ်လီဖိုးနီးယား ည်နယ်မှ ဂျပန်နိုင်ငံသို့ ဆယ့်ရှစ်ရက်နှင့် ရောက်နိုင်သည်ဖြစ်ရာ အကယ်၍သာ ကရာဇ်ဘုရင်မင်းမြတ်က ဂျပန်နိုင်ငံ၏ ရှေးဟောင်းဥပဒေများကို ပြုပြင်ပြောင်းလဲပြီး ကျွန်ုပ်တို့နှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ကို ပြုမည်ဆိုပါက ကျွန်ုပ်တို့ နှစ်နိုင်ငံစလုံးအား လွန်အမင်း အကျိုးဖြစ်ထွန်းဖွယ်ရာရှိနေပါသည် . . .

တစ်ခါတစ်ရံတွင် မုန်တိုင်းထန်သော ရာသီနှင့်ကြုံကြိုက်ပါက ကျွန်ုပ်တို့၏ သင်္ဘောအများအပြားထဲမှ တစ်စင်းတစ်လေသည် အရှင်မင်းမြတ်တို့၏ ကမ်းခြေ၌ ပျက်စီးကောင်း ပျက်စီးဖွယ်ရာရှိပါသည်။ ယင်းသို့ဖြစ်လာပါက ကျွန်ုပ်တို့အနေဖြင့် မကောင်း အကြောင်းမသင့် ဖြစ်ရရှာသော ကျွန်ုပ်တို့ နိုင်ငံသားများအား ကြင်နာမှု ပြည့်ဖြင့် စောင့်ရှောက်ကူညီခြင်း၊ သူတို့၏ ပစ္စည်းများကို ကျွန်ုပ်တို့နိုင်ငံမှ သင်္ဘော လာပြီး သယ်ဆောင်ချိန်အထိ အကာအကွယ်ပေးခြင်း စသည်များကို ပြုလုပ်ပေးလိမ့် မည်ဟုလည်း မျှော်လင့်ပါ၏။ ကျွန်ုပ်တို့သည် ယင်းအရေးကိစ္စမျိုးအတွက် လိုအပ် သည့်အတိုင်းဖြစ်လာစေလိုသည့် အားလျှော်စွာ . . .'

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စကားပြန်သည် တစ်ဖက်မှ ပြောသမျှကို တိုက်ရိုက်ဘာသာပြန်ယူကာ ဂျပန်ဘာသာဖြင့် ပြောဆိုလျက်ရှိ၏။ သူ့ဘေးမှ ပြည်နယ်ဘုရင်ခံနှင့် သူ့နောက်လိုက်များသည် သူပြောပြနေသမျှ စကားလုံးတိုင်းအပေါ် များစွာအာရုံစူးစိုက်လျက်ရှိလေသည်။

'သမ္မတကြီးက ထပ်မံပြောဆိုတာက– ဂျပန်အင်ပါယာအတွင်း၌ ကျောက်မီးသွေးအလွန်ပေါများသည်ဟု ကျွန်ုပ်တို့ သိရှိနားလည်ထားသည်ဖြစ်ရာ . . . ကျွန်ုပ်တို့၏ သင်္ဘောများနှင့် အခြားကုန်တင်သင်္ဘောများအား ဂျပန်နိုင်ငံ၌ ရပ်နားခွင့်ပေး၍ ကျောက်မီးသွေးများ၊ စားနပ်ရိက္ခာများနှင့် ရေများ တင်ဆောင်ခွင့်ကို ပေးစေလိုပါသည်။ ယင်းပစ္စည်းများအတွက် အခကြေးငွေအဖြစ် ငွေပေးခြင်း သို့မဟုတ် ဧကရာဇ်ဘုရင်မင်းမြတ်၏ တိုင်းသူပြည်သားများ နှစ်သက်သည့် ပစ္စည်းများပေးခြင်းကို ကျွန်ုပ်တို့ဘက်မှ တာဝန်ယူမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဧကရာဇ်ဘုရင်မင်းမြတ်အား မေတ္တာရပ်ခံလိုသည်မှာ ဂျပန်အင်ပါယာနိုင်ငံ၏တောင်ပိုင်းတွင် ယင်းအရေးကိစ္စများ ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့သင်္ဘောများ ရပ်နားနိုင်မည့် သင်္ဘောဆိပ်တစ်ခု ဖွင့်လှစ်ပေးရန်ဖြစ်ပါသည် . . .'

အမ်းစထရောင်းက တစ်ခဏမျှ စာဖတ်ပြနေခြင်းကို ရပ်လိုက်သည်။ စာဆုံးတော့မည်ကို စကားပြန်သိစေလို၍ အရိပ်လက္ခဏာ ပြလိုက်ခြင်းဖြစ်၏။

'သမ္မတကြီးက . . . သူ့စာကို အခုလို ပြောပြီး အဆုံးသတ်ထားပါတယ်'

"ကျွန်ုပ် ကွန်မိုဒိုပါရီအား လက်နက်ကိုင်တပ်များဖြင့် ယီဒိုမြို့တော်သို့ စေလွှတ်ခြင်းမှာ မဟာမိတ်ဖွဲ့ရေး၊ ကုန်သွယ်ရေး၊ ကျောက်မီးသွေးနှင့်စားနပ်ရိက္ခာ ရရှိရေး၊ ကျွန်ုပ်တို့၏ သင်္ဘောပျက်များမှ လူများအား အကာအကွယ်ပေးရေး စသည်တို့အတွက် ဖြစ်ပါသည်။ ယင်းအချက်အားလုံးကို ကျွန်ုပ်တို့ဘက်မှ များစွာ အလိုရှိနေသည်ဖြစ်ရာ"

ရုတ်တရက် ကွန်မိုဒိုပါရီထံမှ ပြန်လာသော အရာခံဗိုလ်ဟာရစ္စ၏ ခြေသံများကြောင့် အမ်းစထရောင်းသည် စာကို ဆက်မဖတ်နိုင်တော့ပဲ ရပ်လိုက်သည်။ ဟာရစ္စသည် လက်ထဲတွင် စာရွက်တစ်ရွက် ကိုင်လာသည်။ စာရွက်ပေါ်တွင် ခပ်ကြမ်းကြမ်းရေးခြစ်ထားသော စာများကို မြင်နေရ၏။ ဟာရစ္စသည် လက်ထဲမှစာကို လက်ဖတင်နင်ရိုက်စ်၏ ရှေ့မှောက်၌ ချထားပေးလိုက်ပြီး သူ့နေရာသူပြန်သွားကာ စောစောကလိုပင် သက်သာအနေအထားနှင့်ရပ်နေသည်။

'ကျွန်တော်တို့ စစ်သင်္ဘောတွေ အခုချက်ခြင်း နာဂါစကီးကို ခရီးဆက်ပါလို့ ပြောနေတဲ့ လူကြီးမင်းရဲ့ တောင်းဆိုချက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က အဖြေပေးလိုပါတယ်' ဟု လက်ဖတင်နင်ရိုက်စ်က ယူရာဂါဘုရင်ခံ၏ မျက်နှာကို စူးစူးရဲရဲ

ကြည့်၍ပြောသည်။ 'ဒီကိစ္စမှာ ကျွန်တော်တို့ဘက်က အလွန်အရေးကြီးတဲ့ အချက်သုံးချက်ကို တင်ပြလိုပါတယ်။

'ပထမအချက်က ကျွန်တော်တို့ရဲ့ စစ်သေနာပတိ ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီအနေနဲ့ လူကြီးမင်း လိုလားနေတဲ့ အစီအစဉ်မျိုးကို . . . ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ကြုံရ . . . ကြုံရ ဘယ်တော့မှ သဘောတူခွင့်ပြုလိမ့်မယ် မဟုတ်ပါဘူး'

'ဒုတိယတစ်ချက် . . . ကျွန်တော်တို့ရဲ့ ကွန်မိုဒိုဟာ ကျွန်တော်တို့သမ္မတက လူကြီးမင်းတို့ အင်ပါယာဆီ ပေးလိုက်တဲ့စာကို ဒီနေရာ ယီဒိုပင်လယ်အော်ထဲက ပဲပြီးပဲ ပေးဖို့ အနိုင်အမာ ဆုံးဖြတ်ထားပါတယ်'

ရိုက်စ်က စကားကို မဆက်သေးပဲ ရပ်ထားကာ အမ်းစထရောင်း ဘာသာပြန်ပြီးသည်အထိ စောင့်ကြည့်နေသည်။ အမ်းစထရောင်း၏ စကားဆုံးခါမှ သူသည် နောက်ဆုံးအချက်ကို ဆက်ပြောသည်။ 'နောက်ဆုံးအချက်က– ကျွန်တော်တို့သမ္မတရဲ့ စာကို လက်ခံရယူဖို့ သင့်တော်တဲ့သံတမန်ကို ရွေးချယ်ခန့်ထားခြင်း မပြုဘူးဆိုရင် ကျွန်တော်တို့ စစ်သေနာပတိအနေနဲ့ လက်နက်ကိုင်တပ်ဖွဲ့ အင်အားကို ခေါ်ဆောင်ပြီး သူကိုယ်တိုင် ယီဒိုရဲတိုက်ကို လာပါလိမ့်မယ်။ စာကို သူကိုယ်တိုင်ပဲ ပေးပါလိမ့်မယ်၊ ကိစ္စအတွက် ဘာတွေနဲ့ပဲ ရင်ဆိုင်ရ . . . ရင်ဆိုင်ရ သူ ရင်ဆိုင်မှာပဲဆိုတာ သိစေချင်ပါတယ်'

တတိယအချက်ကို ဘာသာပြန်၍ ပြောပြပြီးသည်နှင့်တပြိုင်နက် အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ဂျပန်တစ်ဦးမှ စကားမပြော . . .။ အားလုံးသည် မျက်နှာပျက်ကာ ငြိမ်သက်နေကြသည်။ သူတို့ရင်ထဲ၌ ခံစားနေရသည့် မကျေနပ်မှုများသည် မျက်နှာတွင် အထင်းသားပေါ်နေသည်။

'လူကြီးမင်း ပြောပြသမျှကို ကြားခဲ့ပြီးပါပြီ၊ အခုချက်ခြင်းပဲ ယူရာဂါကို ပြန်မယ်' ဟု ဘုရင်ခံက ပြောသည်။ 'အကျိုးအကြောင်းတွေ ပြောပြလို့ ယီဒိုနဲ့ ဆက်သွယ်ရပါလိမ့်ဦးမယ်။ နောက်ထပ် အခုလို ဆွေးနွေးပွဲမျိုး မကျင်းပခင်မှာ ယီဒိုက ညွှန်ကြားချက်အသစ်တွေ တောင်းခံရပါလိမ့်ဦးမယ်'

'ကောင်းပါပြီ' ဟု လက်ဖတင်နင်ရိုက်စ်က ပြန်ပြောသည်။ 'ကျွန်တော်တို့ဘက်ကတော့ လူကြီးမင်းတို့ဆီက ပေးလာမယ့်အဖြေကို စိတ်ဝင်တစားနဲ့ စောင့်မျှော်နေကြပါမယ်'

'အဖြေရဖို့ အနည်းဆုံး လေးရက်တော့ ကြာပါလိမ့်မယ်' ဟု ဘုရင်ခံက ထပ်ပြောသည်။ သူ့အသံတွင် မကျေနပ်သည့်အရိပ်အငွေ့ ထင်အပ်နေသည်။ 'အဲဒီထက် ပိုပြီးကြာချင်လည်း ကြာမှာပါ'

www.burmeseclassic.com

www.burmeseclassic.com

ရိုက်စ်က ဟာရစ္စဘက်လှည့်၍ ခေါင်းတစ်ချက် ဆတ်ပြပြန်သည်။ အရာခံဗိုလ်သည် ချက်ခြင်းပင် အခန်းထဲမှ ထွက်သွားသည်။ ရိုက်စ်သည် ဘုရင်ခံဘက် ပြန်လှည့်လိုက်ပြီး 'ကျွန်တော်တို့ စစ်သင်္ဘောတွေဟာ ယီဒိုကို ရောက်ဖို့ တစ်နာရီလောက်ပဲ ခုတ်မောင်းရပါလိမ့်မယ်' ဒီနဲ့ ယီဒိုဟာ မိုင်သုံးဆယ်လောက်ပဲ ကွာပါတယ်။ အဲဒီတော့ ညွှန်ကြားချက်တွေရဖို့ လေးရက်တောင် ကြာမယ်ဆိုတာ မများလွန်းဖူးလား' ဟု ပြောသည်။

'လေးရက်ပဲကြာမယ်' ဟု ဘုရင်ခံက ခေါင်းမာစွာဖြင့် တုံ့ပြန်သည်။ 'သင့်တော်တဲ့ သတင်းတွေ အပြန်အလှန် ပေးကြ ပို့ကြဖို့အတွက် အဲဒီရက်လောက်ရဖို့ လိုအပ်တယ်'

အရာခံဗိုလ်ဟာရစ္စသည် စာရွက်တစ်ရွက်ကိုင်၍ ဒုတိယတစ်ခေါက် ပြန်ရောက်လာသည်။ စာလုံးအနည်းငယ်မျှသာ ရေးခြစ်ထားသော စာရွက်ကို ဟာရစ္စက လက်ဖတင်နင်ရိုက်စ်လက်သို့ လှမ်းပေးသည်။

'ကျွန်တော်တို့ ကွန်မိုဒိုက ပြန်ကြားချက်ရယူဖို့ လူကြီးမင်းကို သုံးရက် ပဲ ပေးပါမယ်။ အဲဒီထက် လုံးဝ မပိုနိုင်ပါဘူး' ဟု ရိုက်စ်က ပြောသည်။ 'လူကြီးမင်းဆီ စာပြန်ပြီးဆက်သွယ်တာကို ဇူလိုင်ဆယ့်နှစ်ရက် အင်္ဂါနေ့ နောက်ဆုံးရပါလိမ့်မယ်။ အဲဒီအချိန်ထိ နိပွန်နိုင်ငံသား ဧည့်သည်များကို ကျွန်တော်တို့ လက်မခံတော့ပါဘူး။ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒီနေ့-ဆွေးနွေးပွဲဟာ ဒီနေရာမှာပဲ ပြီးဆုံးကြောင်း အသိပေးလိုပါတယ်'

စကားဆုံးသည်နှင့်တပြိုင်နက် ရိုက်စ်သည် ထိုင်နေရာမှ ထရပ်လိုက်ပြီး စားပွဲပေါ်မှ ခါးနှင့်ဦးထုပ်ကို ကောက်ယူလိုက်သည်။ ဘုရင်ခံနှင့် သူ့နောက်လိုက်အရာရှိများအား အရာခံဗိုလ်များက ခေါင်းဆောင်သွားသည်ကို ကြည့်နေသည်။ စကားပြန် သာသနာပြုဆင်မြူရယ်အမ်းစထရောင်းသည် နောက်မှလိုက်သွားကာ ဂျပန်စကားပြန်အား ဘေးတစ်ဖက်သို့ ဆွဲခေါ်သွားပြီး နှစ်ကိုယ်ကြားလေသံဖြင့် စကားပြောသည်။

'ဟာနီဝါရာ-ဆန် . . .၊ ကျွန်တော် ခင်ဗျားကို တစ်ခုလောက် ပြောပြလိုက်ပါရစေ' မနေ့ညက ကျွန်တော်တို့ရဲ့ လူငယ်အရာရှိတစ်ယောက် သင်္ဘောပေါ်က ပျောက်သွားခဲ့ပါတယ်'

ဂျပန်စကားပြန်သည် ကြားလိုက်ရသည့် စကားအတွက် များစွာအံ့အားသင့်လျက်ရှိ၏။ သူသည် ကမ်းခြေဘက်ဆီမှ ရေအနက်တိုင်းထွာနေသည့် အမေရိကန်ရေယာဉ်များဆီသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။ နှစ်ဖက်စလုံးတွင် အခြေအနေတင်းမာနေသည့် သဘောကို မြင်နေရ၏။ 'ခင်ဗျား အခုပြောတဲ့အရာရှိက သင်္ဘောပေါ်က လိမ့်ကျပြီး ရေနစ်သွားတာလား' ဟု ဂျပန်စကားပြန်က ပြန်မေးသည်။

အမ်းစထရောင်းက ခေါင်းယမ်းပြသည်။ 'ကျွန်တော်တို့ဘက်က တင်းကြပ်တဲ့ အမိန့်တွေ ထုတ်ထားပါလျက်နဲ့ ရေထဲဆင်းပြီး ကမ်းခြေကို ကူးသွားတာပဲ။ လွန်ခဲ့တဲ့နှစ် အနည်းငယ်လောက်က ဂျပန်တံငါလှေတစ်စီး ပျက်ခဲ့တယ်။ အဲဒီလှေက တံငါသည် တစ်ယောက်ကို ကုန်တင်သင်္ဘောတစ်စီးကတွေ့လို့ ကယ်ဆယ်ပြီး အမေရိကန်ကို ခေါ်လာခဲ့တယ်။ အခု သူ့ကို ကျွန်တော်တို့က သူ့ဇာတိနိုင်ငံကို ပြန်ခေါ်လာခဲ့တယ်။ သူလည်း အရာရှိနဲ့အတူတူ သင်္ဘောပေါ်က ပျောက်သွားတယ်။

စကားပြန်၏ မျက်လုံးများတွင် သံသယစိတ်ဝင်လာသည်။ သူ့လေသံသည် ချက်ခြင်းမာကြောလာသည်။

'ခင်ဗျားတို့အရာရှိ ကမ်းခြေပေါ်တက်လာတာက နိပွန်နိုင်ငံရဲ့ လူတွေအပေါ်မှာ သူလျှိုလုပ်ချင်လို့ပဲ ဖြစ်မှာပေါ့'

'ဟာ . . . မဟုတ်ပါဘူး , . .၊ ခင်ဗျားထင်တာနဲ့တခြားစီပဲ၊ ကျွန်တော့်ဘက်က အမှန်အတိုင်း ပြောပြနေတာ' ဟု အမ်းစထရောင်းက ပြောသည်။ 'သူပျောက်သွားတာကို တာဝန်ရှိတဲ့လူတွေ ဘယ်သူမှမသိကြဘူး၊ အမှန်ကတော့ သူ့ရဲ့မိုက်မဲမှုပဲ ...။ အခုပြောနေတာက သူ့ကိုခြေရာခံပြီး ဖမ်းဖို့နဲ့ မိလာရင် ဒီသင်္ဘောကို ပြန်ပို့ပေးဖို့ပါ'

'တကယ်လို့ သူက ကမ်းပေါ်တက်သွားတာမှန်ရင် ကျွန်တော်တို့စစ်သားတွေက သူ့ကိုတွေ့မှာပဲ' ဟု စကားပြန်က ပြောသည်။ 'တွေ့ရင်လည်း ချက်ခြင်း အသတ်ခံရမှာပဲ'

အမ်းစထရောင်းသည် ဘယ်လိုပြန်ပြောရမည်ကိုမသိ၊ သို့သော်လည်း မတတ်နိုင်။ ကွန့်ဆုတ်သော စိတ်ဖြင့် သူပြောစရာရှိသည်များကို ပြောသည်။ 'ကျွန်တော့်ကို ညွှန်ကြားထားတဲ့အတိုင်း ပြောရရင်တော့ အဲဒီအရာရှိကို ခင်ဗျားတို့က ဖမ်းမိဖို့ အားထုတ်နေစဉ်အတွင်းမှာ သေသွားရင် ကျွန်တော်တို့ဘက်က ဘာစကားမှ ကန့်ကွက်ပြောဆိုခြင်း ပြုလိမ့်မယ် မဟုတ်ဘူး . . .တဲ့'

စကားပြန်သည် အမ်းစထရောင်း၏ စကားကိုကြားရသည့်အခါ တိုး၍ အံ့သြသင့်နေပြန်သည်။ ထိုအချိန်တွင် ယူရာဂါပြည်နယ်ဘုရင်ခံသည် သင်္ဘောလှေခါးမှ ဆင်းကာ သူ့လှေပေါ်သို့ ရောက်သွားခဲ့လေပြီ။ ထိုအဖြစ်ကို မြင်လိုက်သော စကားပြန် ဟာနီဝါရာသည် သူ့လူများနောက်သို့ ကပြာကသီလိုက်သည်။ အမ်းစထရောင်း ဘက်သို့ လှည့်၍လည်း ပြောစရာစကားများကို လှမ်းပြောသည်။ 'ဟိုရောက်ရင် တာဝန်ရှိတဲ့ အာဏာပိုင်တွေကို ပြောပြလိုက်မယ်။ တကယ်လို့ သူတို့က ဒီကိစ္စကို သိပ်အရေးကြီးတယ်လို့ သတ်မှတ်ချင် သတ်မှတ်မှာ၊ အဲဒါဆိုရင်တော့ ကျွန်တော် ဘာမှမတတ်နိုင်ဘူး'

အမ်းစထရောင်းက ဂျပန်စကားပြန်၏ လက်မောင်းကို လှမ်း၍ ဆုပ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com

သည်။ 'ကျွန်တော် ခင်ဗျားကို ပြောပြခဲ့တာဟာ တရားဝင် ခိုင်းထားတာကို ပြော တာပါ၊ ဒါပေမယ့်လို့ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးမေတ္တာရပ်ခံချင်တာ တစ်ခုရှိ ပါတယ်'

'ပြောစရာရှိတာကို မြန်မြန်ပြောစေချင်ပါတယ်' ဟု ဂျပန်စကားပြန်က ပြောသည်။

'အောက်ဖက်က ရေပြင်ထက်ရှိ လှေပေါ်မှ သူ့လူများက သူတို့နှစ်ယောက်း လှမ်းကြည့်နေကြပြီ မဟုတ်ပါလား'

'ကျွန်တော်တို့ ပျောက်နေတဲ့ လက်ဖတင်နင်ဟာ . . . ဂမူးရှူးထိုးလုပ်တတ် တယ်၊ စိတ်ကူးလည်း ယဉ်တတ်ပါတယ်' ဟု အမ်းစထရောင်းက ပြောသည်။ 'ဒါပေ သူဟာ လူတော်လူကောင်းကလေးပါ။ သူဟာ ခင်ဗျားတို့ ဘာသာစကားကိုလည် သင်ယူထားပါတယ်။ သူ့အနေနဲ့ ကမ်းပေါ်ကို သူရောက်သွားရင် ကျွန်တော်တို့ ၂ဝ် နိုင်ငံကြား စစ်ပွဲဖြစ်မလာအောင် ကာကွယ်တားဆီးပေးနိုင်လိမ့်မယ် ထင်နေဟန် ရှိ တယ်၊ သူ့နာမည်က အီဒင်ပါ၊ လက်ဖတင်နင်အီဒင်လို့ ခေါ်ပါတယ်။ အရေးကြီးတာ ခင်ဗျားအနေနဲ့ တတ်နိုင်သမျှ သူ့ကို အသက်အန္တရာယ်မဖြစ်အောင် ကူညီပေးဖို့ပါဘဲ'

'အဲသလောက်အထိ လုပ်ပေးဖို့ ကျွန်တော် အာမမခံနိုင်ဘူး' ဟု စကားပြန် ဟာနီဝါရာက ပြန်ပြောသည်။ 'လူရိုင်းသူလျှိုဟာ နိပွန်လူမျိုးတွေကြားမှာ ရှာမတွေ့ အကြာကြီး လျှိုပ်ရှားမနေနိုင်ပါဘူး။ အခုလောက်ဆိုရင် ခင်ဗျားရဲ့ လက်ဖတင်နင်အီဒ ရဲ့အသက်ကိုကယ်ဖို့ နောက်တောင်ကျနေပြီလားမှ မသိတာ'

(၂၄)

ဖူဂျီတောင်၏ တောင်ဘက် မိုင်သုံးဆယ်ခန့်အကွာတွင် သစ်တောများ ဖုံးလွှမ်း ထားသည့် လျှိုမြောင်တောင်ကြား တစ်ခုရှိသည်။ တောင်ကြားသည် အလွန်နက်ရှိုင်းပြီး ကွေ့အကောက်များသော လမ်းရှိသည်။ ဆန်အိတ်များနှင့် ဟင်းသီးဟင်းရွက်ထုပ်များ ကို ဆောင်ထားသည့် မြင်းများနှင့်ခရီးသည် အုပ်စုများသည် တောင်တက်လမ်းအတိုင်း ဖြည်းဖြည်း တက်သွားလျက်ရှိသည်။

မြင်းများကို တစ်ကောင်နောက် တစ်ကောင်ထားကာ နှာခေါင်းများနှင့် အမြီးများ ချည်ထားခြင်းဖြစ်သည်။ တစ်ခါတရံတွင် မြင်းများသည် ကျောပေါ်၌ တပ်ထားသည့် ဝန်များ၏အလေးဒဏ်ကြောင့် ဒယီးဒယိုင်ဖြစ်ကာ တစ်ကောင်နှင့်တစ်ကောင် တိုးမိ ကြသည်။ မြင်းများကို မောင်းကြသူများမှာ ယီဒိုပင်လယ်အော် ကမ်းခြေ တွင် လျှောက်၌ တန်းစီ၍နေကြသော စစ်သားများအတွက် ရိက္ခာများ လာပို့ကြသူများ ဖြစ်၏။ သူတို့သည် မြင်းများအား မကြာခဏ ကျယ်လောင်စွာ အော်ငေါက်ပြီး မောင်း နှင်လျက်ရှိကြသည်။ တစ်ခါတရံတွင်မူ သူတို့သည် အသင့်ကိုင်ထားသည့် ဓါး၊ တုတ်များ နှင့် တင်ပါးများကို ရိုက်လေ့ရှိသည်။

လျှိုမြောင်တောင်ကြားအတွင်းတွင် မြင်းမောင်းသမားများ၏ အော်သံများနှင့် မြင်းဟီသံများသည် ပဲ့တင်ထပ်လျက်ရှိသည်။ သို့သော်လည်း ထိုခရီးသည်အုပ်စု၏ အထက်ဘက် ပေရှစ်ဆယ်အကွာ ကျောက်စွန်းဆင့်တစ်ခုရှိ၍ ယင်းအဆင့်တွင် ပေါက်တစ်ပေါက်ရှိလေရာ ထိုအပေါက်မှ ဝင်သွားလျှင် ဂူတစ်ခုအတွင်းသို့ ရောက် နိုင်၏။ ထိုဂူအတွင်း၌ လောလောဆယ်ရှိနေသူမှာ ရောဘတ်အီဒင် . . .၊ သူသည် အသံများကို လုံးဝမကြားရချေ . . .၊

အီဒင်သည် ထိုနေရာတစ်ဝိုက်ရှိ သစ်တောအုပ်အတွင်းမှ ဖြတ်၍ ယူလာသော ပင်ကောက်ပင်များကို အိပ်ရာအဖြစ် ဖြန့်ခင်းထားသည်။ သူသည် ထိုအိပ်ရာထက်၌

www.burmeseclassic.com

www.burmeseclassic.com

ခြေပစ်လက်ပစ်လှဲကာ အဝတ်ထုပ်တစ်ထုပ်ကို ခေါင်းအုံးလုပ်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိသည်။ အနောက်ဘက်သို့ ငုပ်လျှိုးစပြုနေသော နေရောင်သည် တွဲလောင်းကျနေသော သစ်ကိုင်းသစ်ရွက်များကြားမှ တိုးထွက်ကာ သူ့မျက်နှာထက်၌ ကွက်တိကွက်ကျား ကျဆင်းနေကြသည်။

သူသည် တုပ်တုပ်မျှပင်မလှုပ် . . .။ လေးဘက်ထောက်၍ တွားသွားနေသော လူတစ်ယောက်သည် ဂူပေါက်ဝသို့ ရောက်လာသည်။ သူ့အရိပ်သည် အိပ်မော ကျနေသော အီဒင့်ကိုယ်ပေါ်သို့ ကျလာလျက်ရှိ၏။ သို့တစေလည်း သူကတော့မသိ။ ဂူဝမှ လူသည် ခပ်ပုပုခပ်သေးသေးဖြစ်၍ ခေါင်းတွင် အနားကျယ် ကောက်ရိုးဦးထုပ်ရိုင်းကို ဆောင်းထားသည်။ သူသည် အိပ်ပျော်နေသည့် အီဒင်အား ငုံ့ကြည့်နေသည်။

ထိုနေရာနှင့်ကိုက်နှစ်ဆယ် သုံးဆယ်ခန့်အကွာတွင် ချည်ထားသော အီဒင်၏ မြင်းသည် ကျောက်တုံးများခြေရင်း၌ ပေါက်နေသည့် မြက်များကို ဆွဲယူစားသောက် လျက်ရှိ၏။ အောက်ဖက်မှ ဖြတ်ဝင်သွားနေကြသော မြင်းများနှင့် လူအများ၏ အသံ ကြောင့် ဂဏှာမငြိမ်၊ မကြာခဏ နားရွက်များနှင့် ဦးခေါင်းကိုထောင်၍ နားစွင့်နေပေ သည်။ သို့သော်လည်း လေးဘက်တွား၍ လာနေသူကိုမူ လုံးဝဂရုမထားချေ။

ထိုလူသည် ဂူပေါက်မှနေ၍ အတွင်းသို့ ငုံ့ဝင်လာခဲ့သည်။ သူ့အရိပ်သည် အီဒင်၏ မျက်နှာထက်သို့ ကျသွားသည်။ ထိုအခိုက်မှာပင် အီဒင်သည် ဖျတ်ခနဲ လန့်နိုး သည်။ သူ့မျက်လုံးအစုံကို နေရောင်က ထိုးထားသဖြင့် ဝင်လာသူအား သဲသဲကွဲကွဲ မမြင်ရ။ ဦးခေါင်းနှင့် ပခုံးအရိပ်များကိုသာ မြင်ရသည်။ သူသည် အနောက်ဖက်သို့ ဖျတ်ခနဲ လှိမ့်ကာ တိမ်းရှောင်ပြီး သူ့ဓါးကိုယူသည်။

'ရှေ့မတိုးနဲ့ . . .၊ ရပ်လိုက်' ဟု အီဒင်က ဂျပန်ဘာသာဖြင့် လှမ်းပြောကာ ဒူးထောက်၍ ထိုင်လိုက်ပြီး ဓါးကိုင်ထားသည့် ညာလက်ကို မြှောက်လိုက်သည်။

'မင်း ဘယ်သူလဲ'

'မာစတာ . . .၊ ကျွန်တော်ပါ၊ မာစတာ့ မိတ်ဆွေ ဆင်တာရိုလေ'

'ဆင်တာရို' အီဒင်က ရေရွတ်ကာ မြှောက်ထားသည့်လက်ကို ချလိုက်သည်။

'ခင်ဗျား . . . ဒီမှာ ဘာလာလုပ်တာလဲ'

'ကျွန်တော် မာစတာ့ စကားကို မလိုက်နာတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ၊ မာစတာ မြင်းစီးပြီးထွက်သွားတော့ ကျွန်တော့် သဘော်ဆီ ပြန်မလို့ လုပ်ပါ တယ်၊ ဒါပေမယ့် ကျွန်တော်မသွားနိုင်ဘူး၊ ချက်ခြင်းပြန်လှည့်ပြီး မာစတာ့နောက် လိုက်လာခဲ့တာပါ . . .'

အီဒင်က ခေါင်းခါသည်။ သို့သော်လည်း သူ့မျက်နှာသည် ဒေါသရိပ်ကို ဖော်ပြခြင်း မရှိ။

'တစ်ချိန်လုံး ကျွန်တော်နောက်က လိုက်လာခဲ့တာပါ။ မာစတာ အိပ်သွားချိန်ကျမှ ကျွန်တော် အပေါ်တက်လာခဲ့တာပါ။ မာစတာ ပေးထားခဲ့တဲ့ငွေနဲ့ ကျွန်တော့်အတွက် ...ုပ်သစ်တစ်လုံးနဲ့ ကျွန်တော့်တို့နှစ်ယောက်အတွက် အစားအစာ ဝယ်ခဲ့ပါတယ်။ ...မှာ မြင်လား . . .။ ကြက်ဥတွေ၊ ထမင်းနဲ့သခွားချဉ် . . .' ပြောပြောဆိုဆို ဖက်များဖြင့် ...ပ်ထားသည့် အစားအစာများကို ပြသည်။ 'မာစတာ ဆာနေရောပေါ့'

အီဒင်က ခေါင်းညိတ်သည်။ 'ဟုတ်တယ် . . .၊ ကျွန်တော် တအားကို ဆာနေပြီ'

'ဒါဆိုရင် စားပါ၊ မာစတာ' ဟု ပြောကာ ဆင်တာရိုသည် အစာများကို အီဒင် ...၍ ခွဲချပေးသည်။ 'ကျွန်တော်တို့ မြင်းတွေအတွက်လည်း အစာတချို့ ယူလာတယ်၊ ...ဂျီ–ဆန်ကို ရောက်ဖို့ခရီးက သိပ်ကို ဝေးနေသေးတယ်– မာစတာ'

'ဘာကြောင့် ကျွန်တော့်နောက်ကိုလိုက်ဖို့ ဆုံးဖြတ်ရတာလဲ' ဟု အီဒင်က အစာ ...စားရင်းနှင့်မေးသည်။ 'ပြန်သွားရင် အခုလောက်ဆို **ဆတ်စ်ကွီဟာန်နာ** ပေါ်ရောက် ...ို့ လုံခြုံမှု အပြည့်ရနေမှာ'

'ကျွန်တော့် စိတ်ထဲမှာ ရုတ်တရက် ရှက်စိတ်ဝင်လာတာနဲ့'

'ဘာကြောင့် ရှက်စိတ်ဝင်လာရတာလဲ'

'ဒီနိုင်ငံဟာ ကျွန်တော်ချစ်တဲ့ ကျွန်တော့်နိုင်ငံပါ . . . မာစတာ၊ ကျွန်တော် ဒီနိုင်ငံ ...ကင်းကွာလာခဲ့ရတာ နှစ်ပေါင်းအနည်းငယ် ကြာခဲ့ပါပြီ။ ကျွန်တော့်အနေနဲ့ ကိုယ့် ...ားစုကိုတောင်မှ မတွေ့တော့ပဲ အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေတဲ့ ယုန်သူငယ် ...လေးလို အမေရိကန်ကို ပြန်သွားရမယ်ဆိုရင် ရှက်စရာ မကောင်းပေဘူးလား... မာစတာ၊ ...တာက ရဲဝံ့စွာနဲ့ ဖူဂျီ–ဆန်ဆီကိုသွားနေတယ် . . .၊ မာစတာက ရဲစွမ်းသတ္တိကို ...ပြနေတယ်၊ ကျွန်တော်က သူရဲဘောကြောင်တဲ့ လူကြောက်တစ်ယောက် ဖြစ်နေတယ် . . .၊ အဲဒါ ရှက်စရာ မကောင်းဘူးလား'

'အဲဒါ မမှန်ဘူး – ဆင်တာရို' ဟု အီဒင်ကပြောသည်။ 'ဒါကို ခင်ဗျား သိသားနဲ့'

'မာစတာပြောတာ မှန်ပါတယ်၊ မာစတာအနေနဲ့ ကျွန်တော့်ကိုသိပ်ပြီး အလေး ...နက်တွေးအောင် လုပ်ပေးခဲ့ပါတယ်၊ အမှန်က ဖူဂျီ–ဆန်ကိုတက်ပြီး **ကာမိ** ဆီမှာ ...တောင်းသင့်တာက **ကျွန်တော်** ပါ၊ တကယ်တော့လည်း ကျွန်တော်ဟာ ကိုယ့်အိမ် ...ျာ၊ ကိုယ့်ရွာယူရတာကိုကို မပြန်ခင် **ကာမိ** ဆီမှာ ဆုတောင်းရမယ့် လူပါ'

'ဒါဆိုရင် . . . ခင်ဗျား . . . ရွာပြန်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့ . . .၊ ဟုတ်လား'

'ဟုတ်ပါတယ် . . . မာစတာ၊ ဒါပေမယ့် . . .ကျွန်တော်တို့ရဲ့ မြင့်မြတ်တဲ့ ...တောင်ပေါ်ကို ကျွန်တော်ကိုယ်တိုင် တက်ပြီးမှ ရွာကိုပြန်မှာပါ။ မာစတာ မြင်းနဲ့ထွက် ...သွားတာကို ကြည့်ပြီး ကျွန်တော်လည်း ဖူဂျီ–ဆန်ကို တက်မှဖြစ်မယ်လို့ အသိဝင်လာ ...ကာ အခုလို ဆုံးဖြတ်ခဲ့တာပါ'

www.burmeseclassic.com

www.burmeseclassic.com

'တကယ်လို့ ခင်ဗျား အခိုင်အမာ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ကျွန်တော်နဲ့အတူ တက်တာကို လက်ခံရတော့မှာပေါ့'

ဆင်တာရိုက ခေါင်းညိတ်သည်။ 'ကျွန်တော့်စိတ်ကို အခိုင်အမာ ပိုင်းဖြတ်ပြီး ပါပြီ–မာစတာ၊ မာစတာရဲ့ စိတ်က ကျွန်တော့်ကို တွန်းအားပေးခဲ့တာပါ'

အီဒင်သည် အစာကို ငြိမ်ဆိတ်စွာ စားနေရင်းမှ ဂူပေါက်ဝ၌ ကျနေသော သစ်ကိုင်းများကြားမှ အပြင်သို့ တစ်ချက်လှမ်းကြည့်သည်။ ဖူဂျီတောင်သည် အပေါ် နေ၍ အုပ်မိုးလျက်ပင်ရှိသည်။ နေ့ခင်းက တဖွဲဖွဲကျဆင်းကာ မီးတောင်အား လွှမ်း ထားသည့် မြူများသည် ညနေခင်း နေရောင်အောက်တွင် လွင့်ပြယ်စ ပြုနေလေပြီ။

'ကျွန်တော်တို့ အခု ဖူဂျီ–ဆန်နဲ့ ဘယ်လောက်ဝေးသေးလဲ' ဟု အီဒင် မေးသည်။

'ဒီနေရာကဆိုရင် အမေရိကန် မိုင်သုံးဆယ်လောက်တော့ ဝေးလိမ့်မယ်'

'အခုညသွားရင် တောင်ခြေကို အေးအေးဆေးဆေး ရောက်နိုင်မှာပဲ၊ မနက် မိုးလင်းတော့မှ တောင်ပေါ်တက်ကြတာပေါ့'

'ကောင်းပါတယ် . . .မာစတာ' ဟု ဆင်တာရိုက ပြန်ပြောသည်။ 'အခု ပုန်းစရာနေရာတွေ့ပြီး အားမွေးနိုင်ခဲ့တာ သိပ်ကောင်းတယ်–မာစတာ'၊ ဖူဂျီ–ဆန် တက်တဲ့အခါ အားသိပ်လိုတယ် မဟုတ်လား'

'ကျွန်တော် မရည်ရွယ်ပဲနဲ့ အကြာကြီး အိပ်ပျော်သွားခဲ့တယ်'

'အဲဒါလည်း ကောင်းတာပဲ . . .' လုံခြုံရေးအတွက် နေရောင်ရှိနေချိန်မှာ ထွက်ပြေး မကောင်းသေးဘူး . . . မာစတာ။ မှောင်သွားမှ ခရီးဆက်ကြတာပေါ့'

အီဒင်က ခေါင်းညိတ်သည်။ ထို့နောက် ဆင်တာရိုအား သူချထားသည့် အစ အစာထုပ်ဘက်သို့ လက်ညှိုးထိုးပြသည်။ 'ကျွန်တော် မစားတော့ဘူး မာစတာ၊ လမ်းမှာ စားခဲ့ပြီးပြီ၊ အခုဝယ်လာတာက မာစတာ့အတွက်ပါ' ဟု ဆင်တာရိုက ပြောသည်။

'ခင်ဗျား ကြည့်ရတာ ဒီနေ့အလုပ်တော်တော်များလာပုံပဲ၊ အိပ်ကောအိပ်ရရဲ့လား'

ဆင်တာရိုက ခေါင်းခါသည်။ 'ဂျပန်တံငါသည် တစ်ယောက်ဟာ အချိန်ရရင် ရသလို အိပ်တက်တယ်၊ မာစတာ၊ ဒါပေမယ့် ဒီနေ့တော့ အချိန်မရခဲ့ဘူး'

'ဒါဆိုရင် အခုအိပ်လိုက်၊ အချိန်တစ်နာရီ နှစ်နာရီလောက်တော့ ရမှာပါ၊ ကျွန်တော် မအိပ်ဘူး စောင့်ပေးမယ်၊ မြင်းတွေကို အစာကျွေးထားမယ်၊' 'အိပ်မယ် ကျွန်တော့် အိပ်ရာပေါ်မှာအိပ်'

အီဒင်သည် ဂူပေါက်ဝ၌ ထိုင်ကာ အပြင်သို့ လှမ်းမျှော်ကြည့်နေသည်။ ဖူဂျီတောင် ပတ်ပတ်လည်မှ မြူများသည် မရှိတော့ပြီ၊ တောင်ထိပ်၏ အလှသည် ပီပြင်လျက် ရှိ၏။ ဆင်တာရိုထံမှ ဟောက်သံများ ထွက်လာသည့်အခါ သူသည် ထိုင်ရာမှထကာ မြင်းနှစ်ကောင်ဆီသို့ လျှောက်လာခဲ့လေ၏။

(၂၅)

ထိုအချိန်တွင် အီဒင်တို့ရောက်နေသည့် နေရာ၏ အရှေ့တောင်ဘက် မိုင်သုံးဆယ် ကွာရှိ အဆောက်အဦတစ်ခုအတွင်း၌ မက်ဆူမူရာတိုကီဝါသည် ဒူးထောက်၍ ကြိုးတပ်တူရိယာ ဆမိဆင်း ကို တီးခတ်လျက်ရှိသည်။ ဂီတသံသည် ဘက်လေးတန် ဖွင့်ထားသည့် ခန်းမကြီးထဲ၌ ပဲ့တင်ထပ်လျက်ရှိ၏။ အဆောက်အဦ ရှေ့ဘက်တွင် ဥယျာဉ်ငယ်လေးတစ်ခုရှိ၍ ယင်းအထဲတွင် ကျောက်တုံးများ ခင်းထားသည့် လူသွားလမ်းများရှိလေသည်။

လူတို့စီမံဖန်တီးထားသည့် ရေတံခွန်ငယ်တစ်ခုမှ ရေတို့သည် ရှေ့တည့်တည့်ရှိ ကန်ငယ်တစ်ခုထဲသို့ စီးကျလျက်ရှိသည်။ ထိုကန်ပေါ်ကို ကူးဖြတ်ထားသည့် သစ်သား တံတားတစ်ခုသည် လှပစွာ တည်ရှိနေသည်။ အနီးတစ်ပိုက်၌ ချိတ်ဆွဲထားသော လှောင်ချိုင့်များအတွင်းမှ တေးဆိုငှက်များသည် နေဝင်ဆည်းဆာချိန်ကို ကြိုဆိုသည့်နှယ် သာယာစွာ တွန်ကျူးလျက်ရှိကြသည်။ အလွန်တိကျ ပြောင်မြောက်သော လက်ရာများဖြင့် ဖန်တီးထားသည့် ဥယျာဉ်တို့၏ အလှသည် နေဝင်ချိန်ဆည်းဆာ အောက်မှ ဖူဂျီတောင်ဆီသို့ လှမ်းမျှော်ကြည့်နေသည်ဟုပင် ထင်ရလောက်ပေ၏။

တောင်ပိုင်းကာဂိုမျိုးတူ အုပ်စုနှယ်ဝင် မင်းသားတာနာကာယိုရှိအိုသည် မတ်ဆူမူရာတိုကီဝါနှင့် မလှမ်းမကမ်း၌ တင်ပလ္လင်ခွေ၍ ထိုင်နေသည်။ သူသည် လက်ထဲမှ ယပ်တောင်ဖြင့် တဖျပ်ဖျပ်ခပ်ကာ တစ်စုံတစ်ရာကို အလေးအနက်ထား၍ စဉ်းစားသည့်နှယ် ဖူဂျီမီးတောင်ဆီသို့ တွေဝေငေးမောလျက်ရှိသည်။

'တို့မျိုးရဲ့ မြတ်သောတောင်ထိပ်ဟာ ဒီညနေ တစ်မျိုးဖြစ်နေတယ်' ဟု တာနာကာ ကပြောသည်။ 'တစ်ခုခု ပြောင်းလွဲသွားသလိုပဲ'

'ဘယ်ပုံပြောင်းလွဲသွားတာလဲ အို ကာမိ–ဆန်' ဟု တိုကီဝါက သူ့လက်တွင်း တူရိယာကြိုးကို တစ်ချက်မျှ ဆွဲလိုက်ရင်း လေအေးကလေးဖြင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီည–နေဝင်ချိန်မှာ ဆီးနှင်းပြင်ပေါ် ကျလာနေတဲ့ နေရောင်ဟာ ခါတိုင်းလို ထယ်ဝါခန့်ညားမှု မရှိဘူး၊ ရက်စိတ်တွေ လွှမ်းနေသလို ဖြစ်နေတယ်'

တိုကီဝါသည် နူးညံ့သော တာတာမိမြက်ဖျာထက်၌ ပဆစ်ဒူးတုပ် ထိုင်နေသည်။ သူ့ရင်ခွင်ထက်တွင် ကြိုးသုံးချောင်းတပ် တူရိယာ ဆမိဆင်း ကို တင်ထားသည်။ သူ့ကိုယ်ပေါ်တွင် ဂေရှာဝတ်စုံကို အပြည့်ဝတ်ထားသည်။ သူ့မျက်နှာသည် ပေါင်းပါ ထူထူဖို့ထားသဖြင့် ဖြူဖွေးလျက်ရှိ၏။ သူဝတ်ထားသည်မှာ ပန်းပွင့်ပြာပြာများ ထိုးထား သည့် နွေရာသီဝတ်စုံကီမိုနိုဖြစ်သည်။ မင်းသားတာနာကာ စကားများ ကြားသည့်အခါ တိုကီဝါကိုယ်ခန္ဓာသည် တောင့်တင်းသွားသည်။ သို့သော်လည်း ချထားသည့် မျက်လွှာ ကိုမတင် . . .။ တူရိယာတီးနေခြင်းကိုလည်း မရပ် . . .။

'ကိုယ် ဘာဆိုလိုတယ်ဆိုတာ မင်းနားလည်ရဲ့လား 'ဟု တာနာကာက တိုကီဝါ ဘက်လှည့်ကြည့်ကာ ပြင်းထန်သည့် ဒေါသသံဖြင့် မေးသည်။ 'နေဝင်ချိန်ထဲမှာ အရုဏ် ကိုမြင်နေရတာ ဘာကြောင့်လည်းဆိုတာကိုရော မင်းသိလား'

တိုကီဝါသည် လက်ထဲမှ ဆမိဆင်းကိုသာ တီးခတ်လျက်ရှိ၏။ တာနာကာထံမှ ဘာလာမည်ကို သူသိနေသည်. . , မဟုတ်ပါလား။ သူသည် . . . ဘာမှ ပြန်မပြော၊ မော့၍ပင်မကြည့်။

'မင်း ကိုယ့်ကို အဖြေပေးပါ။ အို တိုကီဝါ –ဆန်' ဟု တာနာကာက ထပ်ပြော သည်' 'ကိုယ် မင်းကို မေးခွန်းတစ်ခု မေးနေတယ် . . .လေ'

'အို ကာမိ–ဆန် . . .'

'ရှင့်စိတ်ထဲမှာ ခံစားနေရတာ တစ်ခုရှိနေပါတယ်။ နိပွန်နိုင်ငံအနေနဲ့ အခုရောက် လာတဲ့ နိုင်ငံရပ်ခြားလူရိုင်းတွေရဲ့ စစ်သင်္ဘောကြီးတွေနဲ့ မယှဉ်ပြိုင်နိုင်တဲ့ ကိစ္စပါ။ အခု ရှင်မြင်နေတာဟာ အဲဒီခံစားမှုနဲ့ ဆက်စပ်နေပါတယ်' ဟု တိုကီဝါက ပြန်ပြော သည်။ 'ဟိုက်ကူ' တစ်ခုကို ရေးနေတဲ့အချိန်မှာ အဲဒီခံစားမှုတွေအားလုံးကို ဖယ်ထား လိုက်တာ ကောင်းလိမ့်မယ်လို့ ထင်တယ်'

တိုကီဝါသည် တူရိယာကို တီးနေရာမှ ရပ်လိုက်ပြီး ဘေးနားတွင် ချထားလိုက် သည်။ သူသည် ထိုင်နေရာမှထရပ်ကာ စားပွဲပေါ်မှ မင်ခဲတစ်ခု၊ စုတ်တံတစ်ချောင်း၊ ရေထည့်ထားသော ကြွေခွက်ကလေးတစ်လုံးနှင့် ပုံဆွဲ၍ရသော စက္ကူအဖြူတစ်ထုပ် ထည့်ထားသည့် လင်ပန်းကိုယူသည်။ သူသည် လင်ပန်းကို တာနာကာ၏ဘေးရှိ တာတာမိဖျာပေါ်သို့ ချလိုက်သည်။

သူသည် ကျွမ်းကျင်စွာဖြင့် မင်ကို ဖျော်လိုက်သည်။ စက္ကူများကို တာနာကာ့ ရှေ့၌ချပေးသည်။ စုတ်တံကို မင်အိုးတွင် နှစ်ပေးလိုက်ပြီး ဦးညွတ်၍ အရိုအသေပေးကာ နောက်သို့ အနည်းငယ်မျှဆုတ်၍ ရပ်သည်။ တာနာကာကတော့ ဘာမပြော ညာမပြော

တိုကီဝါ၏ လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆွဲ၍ဆုပ်ကိုင်ထားသည်။

'မင်း ပြောလိုက်တဲ့ စကားဟာ တစ်ဝက်ပဲ မှန်တယ်'

တိုကီဝါအား စူးစူးရဲရဲ ကြည့်နေသော တာနာကာ၏ မျက်နှာသည် ဒေါသကို လွှစ်ချုပ်တီးနေရကြောင်း ဖော်ပြနေသည်။ 'တစ်ဝက်ပဲ မှန်တယ်လို့ပြောတာ ဘာ ကြောင့်လဲဆိုတာ မင်းသိရဲ့လား' ဟု မေးသည်။ တိုကီဝါကတော့ ဘာမှမပြော . . .

'မင်း မဖြေရင် ငါပြောပြမယ် အို တိုကီဝါ–ဆန်' ဟု သူက ဆက်ပြောသည်။

'နေဝင်ချိန်မှာ တောက်နေတဲ့ ဖူဂျီ–ဆန်ပေါ်က နေရောင်ထဲမှာ အရုဏ်ကို မြင်နေ ရတာဟာ တခြားကြောင့်မဟုတ်ဘူး၊ မင်းပြုခဲ့တဲ့ လုပ်ရပ်တွေကြောင့်ပဲ'

'အရှင့်ကြောင့် ကျွန်မလက် နာနေပါတယ်၊ အို ကာ မိ –ဆန် 'ဟု တိုကီဝါက မျက်လုံးအစုံကိုမှိတ်၍ ပြောသည်။ 'ကျွန်မ လက်ကို လွှတ်ပေးပါ'

မင်းသားတာနာကာသည် ဆုပ်ကိုင်ထားခြင်းကို အနည်းငယ်မျှ လျှော့ပေးသော် လည်း လက်ကိုမူ မလွှတ်။ သူသည် တိုကီဝါ၏ မျက်နှာကိုသာ စူးစူးရဲရဲ ကြည့်နေ သည်။ သူ့မျက်လုံးအစုံသည် ဒေါသအရှိန်ဖြင့် တဝင်းဝင်းတောက်နေသည်။

'ညက ကျိုထဲမှာ နိုင်ငံခြားသား လူရိုင်းတစ်ယောက်ရဲ့လက်ထဲ မင်းရောက်နေ တယ်၊ ဟိုက ပွေ့ဖက်ထားတာကို ခံနေတယ်။ မင့်ကိုယ်ပေါ်မှာ အဝတ်အစား မရှိ တော့ဘူးလားကဲ။ မင်းကြောင့် တို့အားလုံး အရှက်ရခဲ့တဲ့အတွက် ငါ ဒေါသဖြစ်တာ အံ့သြ စရာလား . . .ငါ မင်းလက်ကို တအားဆုပ်ကိုင်ထားတာ အံ့သြစရာလား'

တိုကီဝါသည် ဦးခေါင်းကိုထောင်ပြီး မော့လိုက်၏။ သို့သော်လည်း သူသည် တာနာကာအား မျက်နှာချင်းဆိုင်၍မကြည့်၊ သူ့မျက်လုံးများကို ပိတ်ထားသည်။ ပြင်ဘက်မှ ရေတံခွန်ကျသံကိုလည်းကောင်း၊ လှောင်ချိုင့်တွင်းမှ ငှယ်ငယ်များ၏ တေးချင်းဆိုသံကိုလည်းကောင်း ကြားနေရလေသည်။

'မင်းက နိုင်ငံခြားသား လူရိုင်းအတွက် မင်းအဝတ်တွေကို ချွတ်ပေးခဲ့တယ် မဟုတ်လား . . .' ဒါမှမဟုတ်ရင်လည်း ငါအချိန်မှီရောက်လာလို့ မင်းမှာ ဘာမှမဖြစ်ပဲ လွတ်သွားတာလား'

တိုကီဝါ၏မှိတ်ထားသော မျက်လုံးများမှ မျက်ရည်များ ကျလာသည်။ 'ရှင့်လက် ကြောင့် ကျွန်မရဲ့ လက်ကောက်ဝတ် သိပ်နာနေပါတယ် အို ကာ မိ–ဆန်' ဟု ပြော သည်။ 'ကျွန်မ လက်ကို လွှတ်ပေးပါရှင်'

မင်းသားတာနာကာသည် တအားဆုပ်ကိုင်ထားသည့်လက်ကို ဖျတ်ခနဲ လွှတ်ပေးလိုက်သည်။ အနည်းငယ် နေရာပြင်ထိုင်လိုက်ပြီး လက်ထဲမှ ယပ်တောင်ဖြင့် ကိုယ်သူ ယပ်ခတ်လျက်ရှိသည်။ 'မင်း ငါမေးတာကိုဖြေပါ တိုကီဝါ–ဆန်' ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဖြေရင်လည်း အမှန်အတိုင်းဖြေဖို့ အရေးကြီးတယ်ဆိုတာ သတိထားပါ'

'လွန်ခဲ့တဲ့ နှစ်ရက်ဟာ ကျွန်မအတွက် နေရခက်တဲ့ရက်တွေပါ အို ကာမိ–ဆန်' ဟု တိုကီဝါက ပြောသည်။ 'နေရာတိုင်းမှာ လူတွေ လှုပ်ရှားနေကြပါတယ်၊ ရွေ့ပြောင်းကြ၊ ပြေးကြ၊ လွှားကြနဲ့ သိပ်ကိုကြောက်စရာကောင်းပါတယ်။ တထိတ်ထိတ် တလန့်လန့်နဲ့နေရတာမို့ တခြားနိပ္ပွန်မိန်းမတွေလိုပဲ ဘဝလုံခြုံမှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ လို့ အရှင် ကျွန်မကို တွေ့ခဲ့တဲ့နေရာကိုသွားဖို့ ကျွန်မ စိတ်မကူးခဲ့ပါဘူး' . . .၊

'ကျွန်မ ရင်ထဲမှာ တွေးပြီးကြောက်နေရတဲ့ဟာတွေ အများကြီးရှိခဲ့ပါတယ်. . .။ အော်ကြ ဟစ်ကြ ဆူကြ ပူကြနဲ့ နေရာတိုင်းမှာ ဗရုတ်သုကစ္စတွေ ဖြစ်နေတာပါ။ ကျွန်မ အဖို့ စိတ်အမြဲပူပင်နေရတာပါ။ ဒီအခြေအနေမျိုးမှာ ကျွန်မ အခြေအနေ ဘယ်လိုရှိမလဲ၊ ကျွန်မရဲ့အဖြစ်ကို အရှင်ကောင်းမယ်ထင်သလိုသာ ဆုံးဖြတ်ပါ အို ကာမိ–ဆန်'

'မင်း ငါ့မေးခွန်းကို မဖြေသေးဘူး' ဟု တာနာကာက ပြောသည်။ 'မင်း ငါ့ မေးခွန်းကိုရှောင်ဖို့ အားထုတ်နေတယ်'

'အရှင့်မေးခွန်းထဲမှာ ခါးမြှောင်တစ်ချောင်း ဝှက်ထားတယ် အိုကာမိ–ဆန်' ဟု တိုကီဝါက မျက်လွှာကိုချ၍ ပြောသည်။ 'ကျွန်မအနေနဲ့ အဲဒီခါးမြှောင်ကို မရှောင်ဘဲ ကိုယ့်ကိုယ်ကိုယ် ဒဏ်ရာရအောင်တော့ မဖြေနိုင်ပါဘူး' 'အိုကာမိ–ဆန်'

'မင်းကို နိုင်ငံခြားသား အရိုင်းကောင်က ဘာလုပ်တယ်ဆိုတာ မပြောသေးဘူး'

တိုကီဝါက ဖျတ်ခနဲ မော့ကြည့်သည်။ မျက်လုံးအစုံတွင် မျက်ရည်များ အပြည့် . . .၊

'ကျွန်မ ယီဒိုနဲ့ဝေးရာကို ရောက်လာခဲ့တယ်၊ ယိုရှိဝါရာခရိုင်နဲ့လည်း အများကြီး ခွာလာခဲ့တယ်၊ မြင့်မြတ်တဲ့ မှူးမတ်တွေကို ခည့်ခံရင်းနဲ့ပဲ ကျွန်မဘဝဟာ အဆင်မြင့် လာခဲ့တယ် . . .' နိပ္ပွန်နိုင်ငံရဲ့ မရေမတွက်နိုင်လောက်အောင် များပြားတဲ့ ယောကျာ်း တွေကို အက၊ အဆိုနဲ့ ဖျော်ဖြေခဲ့တဲ့ မိန်းမပါ၊ အနာဂတ်ကာလမှာလည်း ကျွန်မ ဒီထက်မက ဖြေဖျော်နိုင်စရာ ရှိနေသေးလေတော့ . . .'

'ဒါက တစ်ကိစ္စပဲ' ဟု တာနာကာက ဒေါသတကြီး ကြားဖြတ်ပြောသည်။

'မင်းက သိရက်သားနဲ့ နားမလည်ချင် ဟန်ဆောင်နေပုံပေါ်တယ်'

'မနေ့ညက ကျွန်မသိပ်ပင်ပန်းနေတယ်၊ ရွံ့တွေပေနေတဲ့ လယ်သူမအဝတ်ပေါ ဝတ်ပြီး ကိုယ်မရောက်ဖူးတဲ့ နယ်မြေထဲမှာ ဖြတ်လာခဲ့ရတာ၊ နိုင်ငံခြားသား လူရိုင်း တွေဟာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါကြီးတွေဆိုတဲ့ ကောလဟာလသတင်း တွေကလည်း နေရာအနှံ့မှာ ပြောဆိုနေကြတယ်။ ပြီးတော့ သင်္ဘောနက်ကြီးတွေဟာ မီးတောင်တွေလို . . .မီးခိုးတွေထုတ်နိုင်တယ်လို့လည်း လူတွေက ပြောနေကြတယ်၊ ကျွန်မ ခရီးရှည်ကြီးကို လာခဲ့ရတာပါ။ အဲဒီတော့ . . .'

'တကယ်လို့သာ မင်း ယာဒိုယာ မှာနေရင် လုံခြုံမှာပေါ့'

'ကျွန်မ ပြောခဲ့ပြီးပါပြီ အို ကာမိ–ဆန်၊ အဲဒီမှာနေရတာ ကျွန်မ သိပ်ကြောက် ပါတယ်' ဟု ပြောသည်။ 'နေရတာ တစ်ယောက်တည်းပါ၊ သိပ်ပြီး အထီးကျန်နိုင်ပါတယ်၊ ဘာဖြစ်လာမှာလားဆိုတာလည်း အတိအကျ မသိပါဘူး။ ကျွန်မဘဝကို အရှင်တာဝန် ယူထားပေးခဲ့တဲ့ အစောင့်တွေလက်မှာ ဝကွက်အပ်ထားရတာပါ။ ကျွန်မကိုယ်ကျွန်မ ယုံကြည်တယ်လို့ မထင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မထွက်ပြေးလာတာပါ'

'မင်းကို ကြည့်ရတာ နိုင်ငံခြားသား အရိုင်းကောင်တစ်ကောင်ရဲ့လက်ထဲရောက် တဲ့ နှစ်ယောက်ထဲ လူသူမရှိတဲ့ကျိုထဲမှာ နေရတာကျတော့ ပျော်ရွှင်နေသလိုပါပဲလား' တာနာကာက မလိုတမာသံဖြင့် ပြောသည်။

တိုကီဝါ့ထံမှ ကြိတ်၍ ငိုရှိုက်သံထွက်လာသည်။ 'ကျွန်မ ၊ နိုင်ငံခြားသားလူရိုင်း တစ်ယောက်နဲ့ တွေ့ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့ပါဘူး၊ သူက ကမ်းခြေကို ခိုးတက် ပြီး ဒီအထဲကို ရောက်လာတာပါ'

တာနာကာက ထရပ်သည်။ 'မင်း ရှောင်လွှဲပြီး ပြောနေတာတွေကို စိတ်ကုန်ပြီ၊ အမှန်အတိုင်း လိုရင်းကိုသာပြော၊ သူဝင်လာတော့ ဘာဖြစ်လဲ၊ သူ့အတွက် အဝတ်တွေ ချွတ်ပေးတာလား . . .၊ သူက မင်းကို အတင်းချွတ်ခိုင်းတာလား'

'နှစ်ခုစလုံး မဟုတ်ဘူး အို ကာမိ–ဆန်' ဟု တိုကီဝါက မော့မကြည့်ပဲ ပြန်ပြော သည်။ 'ကျွန်မကလည်း အဝတ်ချွတ် မပေးခဲ့ပါဘူး၊ ကျွန်မရဲ့ အဝတ်တွေကို အတင်း ဆွဲချွတ်ပစ်ဖို့လည်း သူ့မှာအချိန်မရဘူး' တိုကီဝါသည် သူလိမ်ပြောနေသည်ကို ရိပ်မိ မှာစိုးသဖြင့် တာနာကာနှင့် မျက်လုံးချင်းဆိုင်၍ မကြည့်ရဲ။ 'အရှင် အချိန်မီ ရောက်လာလို့ အကာအကွယ်ပေးသလို ဖြစ်သွားတာ'

'မင်း အခုပြောနေတာ အမှန်ပဲလား' ပြောပြောဆိုဆို တာနာကာသည် တိုကီဝါ ထံသို့ ခြေတစ်လှမ်းတိုးလာပြီး ငုံ့ကြည့်သည်။ 'မင်းကို ကြည့်ရတာ တစ်ခုခုကြောင့် အားကြောက်နေသလိုပဲ'

'ကျွန်မ အမှန်အတိုင်း ပြောနေတာပါ၊ ယုံပါ၊ အရှင့်ဒေါသ သိပ်ပြင်းထန်နေတော့ ကျွန်မ မကြောက်ပဲ ဘယ်နေနိုင်မှာလဲ'

တာနာကာသည် တိုကီဝါ့မျက်နှာကို စူးစူးရဲရဲကြည့်နေသည်။ သူ့ ညာဘက် လက်သည် . . . သူ့ခါးမှ ဓါးရိုးကို အုပ်ကိုင်ထားဆဲ . . .၊ 'ကောင်းပြီလေ၊ ငါ့မေးခွန်းကို မင်းဖြေပြီးသွားပြီ'

'ကျေးဇူးတင်ပါတယ် . . . အို ကာမိ -ဆန်' ဟု တိုကီဝါက တီးတိုးပြောသည်။

'ကျွန်မအပေါ်မှာ နားလည်သွားတဲ့အတွက် အရှင့်ကို ကျေးဇူးသိပ်တင်ပါတယ်'

'မင်းအပေါ်မှာ အပြည့်အဝ နားလည်ပြီဆိုတာတော့ ငါ မပြောနိုင်သေးဘူး'

www.burmeseclassic.com

www.burmeseclassic.com

တိုကီဝါသည် မျက်လွှာကို ချ၍ငြိမ်နေသည်။ အတန်ကြာမှ 'အရှင်တို့ ဘာပြု၍ ဒီနေရာကို ရောက်လာရသလဲဆိုတာတော့ ကျွန်မကို ပြောပြထားရင် ကောင်းမှာပဲ' ဟု ပြောသည်။

'ဒီရဲတိုက်ဟာ တို့မျိုးနွယ်တွေနဲ့ ခင်မင်ရင်းနှီးတဲ့ မြို့စားတစ်ယောက်ရဲ့ ရဲတိုက်ပဲ' ဟု တာနခါကက ပြောသည်။ 'ဒီမှာကတော့ မင်းအတွက် လုံခြုံမှုရှိတယ်၊ ဘယ်လောက် ကြာကြာပဲနေနေ မင်း နေလို့ရတယ်၊ အတွေ့အကြုံများတဲ့ အမျိုးသမီးအစေအပါးတွေ လည်းရှိတယ်။ မင်းကို အနှောင့်အယှက်ပေးမယ့် အစောင့်တွေလည်း မရှိဘူး'

'ကျွန်မတို့ ယီဒိုကိုတော့ ပြန်မယ် မဟုတ်လား'

'မကြာသေးခင်ကပဲ ယီဒိုက သတင်းရောက်လာတယ်။ ယီဒိုကို နိုင်ငံခြားသား လူရိုင်းတွေက လက်နက်ကိုင်တွေနဲ့ တက်သိမ်းဖို့ ခြိမ်းခြောက်နေကြတဲ့အတွက် မလုံခြုံဘူး . . .တဲ့'

'ဒီလိုဆိုရင် ယီဒိုမြို့တော်နဲ့ မြို့သူမြို့သားအားလုံး အန္တရာယ်ရှိနေတာ့န်းပဲပေါ့'

တာနခါကက ခေါင်းညိတ်သည်။ 'ဟုတ်တယ်၊ သူတို့ရန်ကို ဘယ်လိုမှပဲ ကာကွယ်ရမယ်ဆိုတာ တို့ဘက်က ဆွေးနွေးနေတုန်းပဲ။ အခု လတ်တလော အုပ်စု နှစ်စု ဖြစ်နေတယ်။ တစ်စုက အခုချက်ခြင်း သင်္ဘောနက်တွေကို တိုက်ချင်နေကြတယ်။ တို့အုပ်စုကတော့ အင်အားကြီးမားလာအောင် စုဖို့ အချိန်ယူချင်ကြတယ်'

'ဒါဆိုရင် ကျွန်မ ဒီမှာ ဘယ်လောက်ကြာကြာနေရမှာလဲ' ဟု တိုကီဝါက မေး သည်။

'အခု ရင်ဆိုင်နေရတဲ့ အရေးအခင်းပြီးပြတ်သွားတဲ့အထိပေါ့၊ ဒီထက်ပိုပြီး ပြော နိုင်ဖို့ကတော့ မဖြစ်နိုင်ဘူး'

'အဲသလို ကြာကြာနေရမယ်ဆိုရင်တော့ ကျွန်မကို ကျေးဇူးတစ်ခု ပြုစေချင်ပါ တယ် အို ကာမိ–ဆန်'

'ဘာများလဲ . . .တိုကီဝါ'

'ယာဒိုယာ က အစေအပါးမကလေး အီကို. . .ကို ကျွန်မရဲ့ ကိုယ်ရေးအစေ အပါးအဖြစ် ခေါ်ထားပေးပါ။ သူ ကျွန်မကို အကူအညီပေးခဲ့တဲ့အတွက် သူ့ကို မတရား သဖြင့် အထင်လွဲပြီး အနိုင်ကျင့်ခံရမှာ စိုးလို့ပါ။ သူ ကျွန်မနဲ့နေရရင် ဘဝလုံခြုံမှုရှိသွား မှာပါ'

တာနခါကာသည် တိုကီဝါ၏ တောင်းဆိုမှုကို ချက်ခြင်းလက်မခံပဲ အချိန်ယူ၍ စဉ်းစားနေသည်။ 'သူ့ကို မတရားအနိုင်ကျင့်တာတော့ မရှိပါဘူး၊ ဒါပေမယ့် သူရှိမှ မင်း အဆင်ပြေမယ်ဆိုရင် ခေါ်ပေးပါ့မယ်'

တိုကီဝါက ခေါင်းကိုညွှတ်၍ အရိုအသေပေးသည်။ ထို့နောက် တာနခါကာအား

မျက်နှာချင်းဆိုင်၍ ကြည့်သည်။ 'ကမ်းပေါ်မှာ နိုင်ငံခြားသား အရိုင်းတစ်ယောက်ရှိ နေတာကို ကျွန်မသိနေတဲ့အတွက် ကျွန်မကို ဒီမှာ အကျယ်ချုပ်သဘောနဲ့ ထားတာလား အို ကာမိ–ဆန်'

တာနခါကာသည် တိုကီဝါ၏ မေးခွန်းကြောင့် အံ့အားသင့်သွားသည်။ သူသည် တစ်ဓဏမျှ ငြိမ်နေသည်။ 'ကိုယ် မင်းကို ပြောခဲ့တာဟာ အမှန်တွေပဲ အို တိုကီဝါ– ဆန်' ဟု ပြောသည်။ 'ယီဒိုမှာ မင်းအတွက် အန္တရာယ်များတယ်'

'တကယ်လို့ အရှင့်ရန်သူတွေအနေနဲ့ ကမ်းပေါ်ကို တိတ်တခိုးတက်လာတဲ့ နိုင်ငံခြားသား လူရိုင်းအကြောင်းသိသွားရင် အရှင့်အတွက်လည်း အန္တရာယ်များလိမ့် မယ်ထင်တယ်။ အရှင်က နိုင်ငံခြားသား သူလျှိုတစ်ယောက်ကို လွှတ်ပေးလိုက်တဲ့ အတွက် သူတို့က အပြစ်ရှာကြမှာ'

'ဒီအကြောင်းကို နောက်ထပ် မပြောသင့်တော့ဘူးလို့ ထင်တယ်' ဟု တာနခါကာ လေသံပြတ်ဖြင့်ပြောသည်။ 'အန္တရာယ်ဖြစ်လာနိုင်မယ်လို့ ထင်တယ်၊ တကယ်လို့ နိုင်ငံခြားသားလူရိုင်း သူ့သင်္ဘောကို ပြန်မရောက်ရင် ပိုပြီးအန္တရာယ်များမယ်၊ မင်းအနေနဲ့ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့ . . .၊ ပြောတာ နားလည်လား'

'ဟုတ်ကဲ့ပါ၊ အို ကာမိ–ဆန်' ဟု တိုကီဝါက ပြန်ပြောသည်။ ကျွန်မ နားလည် ပါတယ်ရှင်'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အတန်ကြာမျှ ငြိမ်ဆိတ် နေကြသည်။

'ဒီအရေးအခင်းပြီးသွားရင် ဘာတွေဖြစ်လာမလဲ အို ကာမိ–ဆန်၊ အရှင်နဲ့ ကျွန်မရဲ့ ပက်သက်နေမှုကိစ္စကလည်း ယီဒိုမှာ အတင်းအဖျင်းအဖြစ် ပျံ့နှံ့နေပြီ။ ကျွန်မဆီကို အရှင် ဆက်ပြီးလာနေမှာပဲလို့ ကျွန်မဘက်က မျှော်လင့်နိုင်မှာလား'

ထိုအခိုက်တွင် အပြင်မှ စကားပြောသံကို ကြားရသည်။ 'ကျွန်တော့်ကို ခွင့်လွှတ် ပါ။ အို ကာမိ–ဆန်၊ ကျွန်တော် အရှင်နဲ့ အခုချက်ခြင်း တွေ့ပါရစေ'

အော်ပြောနေသံနှင့်အတူ တံခါးခေါက်သံကိုပါ ကြားရသည်။ အထဲမှ ပြန်ဖြေသံ မကြားရသည့်အခါ တံခါးခေါက်သံပြန်ထွက်လာသည်။ ထို့နောက် စောစောကထက် ပို၍ ကျယ်လောင်သော အသံကို ထပ်ကြားရသည်။

'အခုလို လာခေါ်ရတာကို ခွင့်လွှတ်ပါ အို ကာမိ–ဆန်၊ မခေါ်ရင် မဖြစ်လို့ပါ၊ အရှင့်ကို ကျွန်တော် အခုချက်ခြင်း စကားပြောမှ ဖြစ်မှာမို့ပါ'

ယခုတစ်ကြိမ်တွင်မူ တာနခါကာသည် အပြင်မှ အော်ပြောနေသူ မည်သူမည်ဝါ ဖြစ်သည်ကို သိသွားသည်။ သူ့တပည့် ဂိုတာရိုပေတည်း။ 'မင်းသတင်း ခဏထားလို့ ရတယ်၊ တော်တော်ကြာမှ တစ်ခေါက်ပြန်လာခဲ့' ဟု ဒေါသတကြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်သတင်းကို ခဏထားလို့ မရပါဘူး-အရှင်'ဟု ဂိုတာရိုက အော်ပြေ သည်။ 'ဒီသတင်းကို ချက်ခြင်းအသိမပေးရင် အရှင် ကျွန်တော့်ကို ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ပါဘူး'

'ဒီလိုဆို ဝင်ခဲ့ . . .ကွာ'ဟု တာနာကာက ပြန်အော်သည်။ သူသည် သူ့ရှေ့သို့ ရောက်လာသော ဂိုတာရိုအား ဆီး၍မေးသည်။

'မင်း သတင်းက ဘာလဲ'

'ကျွန်တော့်သတင်းက နိုင်ငံခြားသား လူရိုင်းနဲ့ပတ်သက်ပါတယ် အို ကာမိဆာန်'

တာနာကာ၏ ဦးခေါင်းသည် ဖျတ်ခနဲထောင်လာပြီး နားစွင့်နေသည်။

'သူနဲ့ ပတ်သက်တာ ဘာသတင်းလဲ'

'သူဟာ အမိန့်ပေးလိုက်တဲ့တိုင်း သူ့သင်္ဘောကို မပြန်ပါဘူး. . .' အရှင်ခိုင်း လိုက်တဲ့အတိုင်း ကျွန်တော် သူ့နောက်က လိုက်သွားခဲ့ပါတယ်။ ဒါပေမယ့် သူက ခြေရာပျောက် သွားခဲ့ပါတယ်'

'ဘယ်လိုဖြစ်တာလဲ'

'သူက ညမှောင်ထဲ တစ်နေရာမှာ ပုန်းနေပါတယ်၊ ပြီးတော့မှ လမ်းကြောင်း ပြောင်းသွားတာပါ'

'ဒါဆို သူ အခု ဘယ်ရောက်နေလဲ'

'ကျွန်တော် မသိပါဘူး အို ကာမိ-ဆာန်၊ ကျွန်တော် သူ့နောက်ကို လိုက်ပါ သေးတယ်။ ဒါပေမယ့် နောက်ဆုံးမှာ မျက်ခြည်ပြတ်သွားတာပဲ' ဘယ်နယ်မှာ မျက်ခြည်ပြတ်သွားတာလဲ။

'သူသွားတာ မြောက်ဘက်ကိုပါ၊ သင်္ဘောနက်ကြီးတွေနဲ့ တစ်လမ်းစီပါ၊ သူ့ မြင်းကို ဖူဂျီ-ဆန်ဘက် ဦးတည်ပြီး စီးသွားနေတယ်လို့ ထင်ပါတယ်။ ကျွန်တော် သိတာ အဲသလောက်ပါပဲ'

'ဖူဂျီ-ဆန်ဘက်ကို. . .၊ ဟုတ်လား'ဟု တာနာကာက ရေရွတ်သည်။ သူ့အသံ တွင် ဒေါသသံနှင့်အံ့ဩသံ ရောနေသည်။

'မင်းသေချာရဲ့လား'

'သေချာပါတယ်. . . အို ကာမိ-ဆာန်၊ ဖူဂျီ-ဆန်ဘက်ကို စီးသွားတာပါ'

'ငါ့စစ်သူရဲကောင်းနှစ်ဆယ်ကို စုထားလိုက်၊ မြင်းအသစ်တွေ . . .ပြင်ထား၊ တကယ်လို့ ဖမ်းမိသွားရင် စစ်တိုက်ဖို့ အကြောင်းပြစရာ. . .ရသွားလိမ့်မယ်။ ဒီကောင် ကို ငါတို့ဖာသာ ငါတို့ မိအောင်ဖမ်းရမယ်၊ ကဲ . . .သွားတော့ ၊ လုပ်စရာရှိတာ မြန်မြန်လုပ်'

'ဟုတ်ကဲ့ပါ'- အရှင်ဟု ဂိုတာရိုက ဦးညွှတ်ပြီးပြောသည်။ ထို့နောက် ချက်ခြင်းပင် အခန်းထဲမှ ထွက်သွားလေ၏။

အပိုင်းသုံး

သင်္ဘောနက်ကြီးများမှပိတ်ဆို့ခြင်း

၁၀-၁၂-ဇူလိုင်-၁၈၅၃

မည်ကဲ့သို့သော နစ်နာဆုံးရှုံးမှုမျိုးနှင့်ပင် ရင်ဆိုင်ရ-ရင်ဆိုင်ရ မိမိတို့ ...ဓဖြင့် နိုင်ငံခြားကျူးကျော်မှုကို ခုခံတွန်းလှန်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ...င်းကဲ့သို့ အခိုင်အမာဆုံးဖြတ်ခဲ့ခြင်းသည် ဂျပန်နိုင်ငံ၏ ထူးခြားချက်တစ်ခု ...ဖြစ်၏။ ယင်းဆုံးဖြတ်ချက်ကို ၁၈၅၃-ခုနှစ်၊ နွေရာသီတွင် လက်တွေ့ပြသခဲ့ ...ခဲ့လေရာ ဂျပန်နိုင်ငံ၏သမိုင်းတွင် အလွန်အရေးပါ အရာရောက်သည့် အတွေ့ ...ကြုံတစ်ခု ဖြစ်ခဲ့လေသည်။

ရှေးခေတ် တစ်ချိန်သောအခါက ဂျပန်နိုင်ငံသည် ရိုးဂန်းအုပ်ချုပ်သော ...ခေတ် တည်ရှိခဲ့သည်။ ထိုစဉ်က ဂျပန်လူမျိုးတို့သည် ကူဗလေခန်၏ မွန်ဂိုခေါ် ...ပူအုပ်ဖြင့် လုယက်ဖျက်ဆီးတတ်သော လူမျိုးများ၏ တိုက်ခိုက်မှု အများ ...ပြားကို ခုခံတွန်းလှန်ခဲ့ကြရသည်။ ထိုအချိန်က မွန်ဂိုများသည် ဆယ့်သုံး ...ရာစုနှစ် ကုန်ခါနီးအချိန်ထိ တရုတ်နိုင်ငံနှင့် အာရှဘက်တလွှား နေရာအနှံ့ ...ပြားကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးနေချိန်ဖြစ်၏။

၁၂၈၁-ခုနှစ်တွင် အင်အားအလွန်ကြီးမားသော မွန်ဂိုတပ်သား တစ်သိန်း ...လေးသောင်း ပါဝင်သည့် ရေတပ်တစ်တပ်ကို လွှတ်၍ ဂျပန်တို့၏ခုခံမှုကို အမြစ်ပြတ် ...သွားအောင် တိုက်ခိုက်စေခဲ့သည်။ ဂျပန်တို့အတွက် အရာရာတိုင်းသည် လက်လွှတ် ...ဆုံးရှုံးရတော့မည်ဟု ထင်မှတ်ရတော့မည့် အခြေအနေမျိုးဖြစ်၏။ သို့သော်လည်း ...ပြတ်သောလေ'ဟု ခေါ်သော ကာမိကာဇေ တစ်စု၏ တိုက်ခတ်မှုကြောင့် မွန်ဂို ...ရေတပ်အုပ်စုသည် ပျက်စီးသွားခဲ့ပြီး တပ်သားတစ်ဝက်ကျော်ခန့်သည် ရေနစ်သေဆုံး ...ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှစ၍ ဂျပန်တို့သည် သူတို့အား တန်ခိုးအင်အားကြီးမားသည့် ရန်သူများရန်မှ လွတ်မြောက်အောင် ကာကွယ်ပေးမှု တစ်ခုရှိနေသည်ဟု လည်းကော ယင်းကာကွယ်ပေးမှုသည် မဖြစ်နိုင်သော အံ့ဘွယ်သုရဲ ထူးကဲလှသည့် မြတ်သော အရာများဆီမှ လာသည်ဟုလည်းကောင်း စွဲမြဲစွာ ယုံကြည်ခဲ့ကြသည်။ ယင်းယုံကြည် စရိုက်လက္ခဏာတစ်ရပ်အဖြစ် သို့မဟုတ် 'အမျိုးသားစရိုက်လက္ခဏာတစ်ခု' အဖြစ် ယနေ့အချိန်ထိ တည်ရှိလာခဲ့လေသည်။

ဂျပန်လူမျိုးတို့သည် ရှိုးဂန်းများ၏ အုပ်ချုပ်မှုကို တစ်ခေတ်ပြီးတစ်ခေတ် ခံယူ ကြရ၏။ ဤကြားထဲမှာပင် အအောင်မြင်ဆုံး၊ အရက်စက် အကြမ်းကြုတ်ဆုံးနှင့် ကိုယ်ချင်းစာတရား အကင်းမဲ့ဆုံးသော ရှိုးဂန်းတစ်ဦးဖြစ်သည့် တိုကူဂါဝါအီယီယာ လက်ထက်တွင် အင်အားခိုင်မာတောင့်တင်းသော အမျိုးသားတစ်ရပ် ဖြစ်လာခဲ့၏။ သူသည် ဆယ့်ခုနစ်ရာစုဝင်စကတည်းက တိုင်းပြည်ကို အုပ်ချုပ်လာခဲ့ခြင်းဖြစ်၍ တစ်နိုင်ငံလုံးကို စနစ်တကျ စုစည်းနိုင်ရန် ကြိုးပမ်းခဲ့လေသည်။

ဂျပန်နိုင်ငံ၏ စစ်မင်းဆက်သည် အင်ပါယာဧကရာဇ်ဘုရင်၏ ပိညာဉ်ပိုင်းဆိုင်ရာ လောက၌ အကြီးမြင့်ဆုံးဖြစ်ခြင်းကို အသိအမှတ်ပြုသော်လည်း နှစ်ပေါင်းနှစ်ရာ ငါးဆယ်ကြာ နိုင်ငံကို စည်းလွတ်ဝါးလွတ် အုပ်ချုပ်ခဲ့ကြသည်။ ပထမဆုံးသော စစ်သူ ကောင်းမင်းဆက်များ လက်ထက်တွင် ပြင်းထန်တင်းကြပ်ပြီး၊ လူအများအား နှိပ်စက် သော ဥပဒေများကို နည်းအမျိုးမျိုးဖြင့် ပြဋ္ဌာန်းအုပ်ချုပ်ခဲ့သည်။ နိုင်ငံတွင်းမှ ခရစ်ယာန် ဘာသာအယူဝါဒကို သုတ်သင်ရှင်းလင်းပစ်ခဲ့ရုံမျှမက ဂျပန်နိုင်ငံအား ဆယ့်ကိုးရာစု အလယ်ရောက်ချိန်အထိ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်မရှိအောင် ပိတ်ဆို့ထား ကြလေသည်။

ထိုအချိန်က ရက်စက်ရိုင်းပြသော အမိန့်များကိုလည်း ထုတ်လေ့ရှိ၏။ ယင်းအမိန့် များထဲမှ တစ်ခုမှာ ဒိုင်မျိုခေါ် မြေရှင်ပဒေသရာဇ်ကြီးများအား နိုင်ငံ့ရေးမြို့ ယီဒိုသို့ နှစ်နှစ်တစ်ကြိမ် တစ်နှစ်တိတိ လာရောက်နေထိုင်ရမည်ဟူသော အမိန့်ဖြစ်သည်။ ထို အမိန့်အရ သူတို့သည် နှစ်စေ့၍ ကိုယ့်ဒေသ နယ်ပယ်သို့ ပြန်ရသည့်အခါ သူတို့၏ ဇနီးများနှင့် သားသမီးများအား တန်ဆာခံများအဖြစ် မြို့တော်၌ထားခဲ့ရသည်။ အုပ်ချုပ် နေသော စစ်အာဏာရှင်ဘုရင်အား တော်လှန်ပုန်ကန်မည်ကိုစိုး၍ ယင်းအစီအစဉ်ကို လုပ်ထားခြင်းပေတည်း။

နိုင့်ထက်စီးနင်း လုပ်လွန်းပြီး ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကို ချမှတ်လုပ်ကိုင်လျက် ရှိသော ဤခေတ်တွင် ဂျပန်နိုင်ငံသည် နှစ်ပေါင်းများစွာ ပြင်ပနိုင်ငံများနှင့် အဆက်အသွယ် မရှိတော့ပဲ အထီးကျန်ဖြစ်နေခဲ့ရသည်။ ရက်စက်ကြမ်းကြုတ်ပြီး နှိပ်စက်ကလူ ပြုလွန်း လှသော ဤခေတ်တွင် တိုကူဂါဝါ၏ ငြိမ်းချမ်းရေးကို နှောင့်ယှက်မည့်စစ်ပွဲ ကြီးကြီး

ကားမရှိခဲ့ပေ။ သို့သော်လည်း သဘာဝကို ဆန့်ကျင်သော အထီးကျန်နေထိုင်မှု ကြောင့် ဂျပန်သည် ကမ္ဘာ့သမိုင်းအလယ်တွင် ခေတ်နောက်ကျ ကျန်ရစ်ခဲ့သည်။ ထိုကြောင့်လည်း ရေနွေးငွေ့အားဖြင့် မောင်းနှင်ရသော အမေရိကန်စစ်သင်္ဘောကြီးများ ရောက်ရောက်လာသည့်အခါ ကျရောက်လာမည့်ဘေးရန်မှ မကာကွယ်နိုင်တော့သည့် အဖြစ်နှင့် ရင်ဆိုင်နေရလေတော့၏။

ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စုမှ လူများသည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကာ ဂျပန်နိုင်ငံ၏ ပိတ်ထားသော တံခါးများကို ပြင်းထန်စွာထုရိုက်၍ ဖွင့်ခိုင်း ခြင်းသည် သမိုင်းဝင်ပြက်လုံးတစ်ခုနှင့် တူလျက်ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ကာလစောစောပိုင်းက လူတို့၏ နေရာပြောင်းရွှေ့အခြေချမှုသည် ဆန့်ကျင်ဘက် ရပ်ဆီသို့ ရွှေ့လျားသွားခဲ့ခြင်းကြောင့် ဖြစ်လေသည်။

အနည်းဆုံး မြောက်အမေရိက၌ ပထမဆုံးရောက်ရှိ နေထိုင်ခဲ့ကြသော ရှေးဟောင်း လူမျိုးများသည် ဂျပန်ကျွန်းစုများ၌ အစပြုနေထိုင်ခဲ့ကြသူများ ဖြစ်သည်ဟု ဆိုကြ၏။ ယင်းအဆိုပြုချက်ကို ထောက်ခံနိုင်သည့် သက်သေခံ အထောက်အထားလည်းရှိသည်။ ပစိဖိတ်သမုဒ္ဒရာတွင်း၌ 'ကူရိုရှီဝို' သို့မဟုတ် 'ဂျပန်အနက်ရောင် ရေစီးကြောင်း' ဟုခေါ်သည်ဖြင့် ရေစီးကြောင်း တစ်ခုရှိသည်။ ထိုရေစီးကြောင်းသည် ဂျပန်ကျွန်းစုများဘေးမှ ဖြတ်သန်းစီးဆင်းခဲ့ပြီးနောက် ဆက်လက်စီးဆင်းသည့်အခါ အေလီယူရှီယန်ကျွန်းစု များနှင့် အလတ်စကာနယ်ကို ဖြတ်သန်းကာ အိုရီဂွန်းနှင့်ကယ်လီဖိုးနီးယားပြည်နယ် များဆီသို့ စီးဆင်းသည်။

ထောင်နှင့်ချီ၍ရှိနေသည့် နှစ်ကာလများအတွင်း အရှေ့အာရှကမ်းခြေများဘက်မှ လာသော မရေမတွက်နိုင်လောက်အောင် များပြားလှသည့် တုန်ကင်းကြီးများနှင့် တံငါ လှေအများအပြားသည် အရှေ့ဘက်မှလာသော တိုင်ဖွန်းမုန်တိုင်းများကြောင့် ကူရိုရှီဝို ရေစီးကြောင်း၏ စုပ်ယူဝါးမြိုခြင်းကို ခံကြရသည်။ မြောက်ပစိဖိတ်သမုဒ္ဒရာတွင်း၌ ဝဲလည်လည်ဖြစ်ကာ နောက်ဆုံးတွင် လှေများပျက်ပြီး အမေရိကန်အနောက်ပိုင်း ကမ်းခြေများတွင် သောင်တင်သွားကြသည်။

ဂျပန်တချို့နှင့် မြောက်အမေရိကန် အင်ဒီးယန်းတချို့၏ မျက်နှာများ ရုပ်ချင်း ဆင်နေမှုသည် ထူးခြားသော အချက်တစ်ချက်ဟု ဆိုနိုင်ဖွယ်ရာရှိ၏။ ယင်းအချက်အရ ကိုလံဘတ်မဖော်ထုတ်မီခေတ်က လူတို့၏ပြောင်းရွှေ့နေထိုင်မှုသည် ဤသမုဒ္ဒရာရေစီးကြောင်း အတိုင်း လိုက်လာပြီး အခြေစိုက်ခဲ့ကြလေသလားဟု တွေးထင်ဖွယ်ရာ ရှိနေပေသည်။

ဤရှေးဟောင်း လူမျိုးနှစ်မျိုးသည် ဘာသာအယူဝါဒများ၊ ဓလေ့ထုံးများနှင့် ယုံကြည်မှုများတွင် တူညီကြသည့် လက္ခဏာရှိသည်။ ထို့ပြင်လည်း ဤလူမျိုး နှစ်မျိုးစလုံးသည် နေနှင့်သဘာဝစွမ်းအင်များကို ဆည်းကပ်ကိုးကွယ်ကြသည်ဟုလည်း သိရသည်။ ထိုမျှသာမကသေး အင်ဒီးယန်းနှင့် ဂျပန်ဘာသာစကားများတွင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်တည်း တူညီသော စကားလုံးများရှိနေသည်သာမက မြေခွေးစသော သင်္ကေ များပါဝင်သည့် တိရစ္ဆာန်ပုံပြင်များတွင်လည်း တူညီမှုရှိနေသည်ကို တွေ့ရ၏။ အင်ဒီးယ တို့၏ ရိုးရာအထိမ်းအမှတ်ပစ္စည်းများ၊ တံဆိပ်များနှင့် ရုပ်ပုံစာများသည်လည်း အ ပိုင်းခေတ်က ဂျပန်လူမျိုး အသုံးပြုခဲ့သည့် ပစ္စည်းများ ရေးသားခဲ့သည့် ရုပ်ပုံစာများ တူညီနီးစပ်နေသည်ကို တွေ့ကြရ၏။

ဤသမုဒ္ဒရာရေစီးကြောင်းခရီးလမ်းသည် ဂျပန်နှင့်အမေရိကန်၏ မူလလူမျိုးမျ ကြား၌ တိုက်ရိုက်ဆက်သွယ်မှုရှိခဲ့သည်ဟု ယူဆလျှင် ရ–မရ မသိရသေးသော်လ ယင်းတို့၏ ဘိုးဘွားများသည် အာရှမြောက်ပိုင်းမှလာသော မွန်ဂိုများကြား၌ နေ ခဲ့ကြသည်ကိုမူ သိခဲ့ကြရ၏။ ထို့ကြောင့်လည်း ဤလူမျိုးများသည် ရိုးတူမျိုးတူ သွေ များ ဖြစ်သည်ဟု ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

သို့တစေလည်း ၁၈၅၃–ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုမှ ဂျပန် ရောက်လာသော အင်အားကြီးမားသည့် အမေရိကန်ရေတပ်မှာမူ မြောက်အမေရိ အင်ဒီးယန်းများအား သူတို့ပိုင် ဇာတိမြေကို လက်လွှတ်သွားအောင် တိုက်ခိုက်လ ခဲ့ကြသူများဖြစ်၏။ အကယ်၍သာ မိမိတို့ ကျွန်းနိုင်ငံ၏ ကမ်းခြေများပေါ်ရှိ စ များနှင့် ကတုတ်များဆီမှနေ၍ စစ်သင်္ဘောများကို မျက်ခြည်မပြတ် စောင့်ကြည့်ရ သော ဂျပန်တို့သည် မထင်မရှား မပြတ်မသား ရှိနေဆဲဖြစ်သော ထိုသမိုင်းကြောင် သိသွားကြပါမူကား အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်လာဖွယ်ရာရှိ၏။ သူ အနေဖြင့် မြောက်အမေရိက ကျယ်ပြန့်သောမြေပြင်ထက်မှ သူတို့နှင့် သွေးဝေး ညီအစ်ကိုဝမ်းကွဲများနည်းတူ အင်အားကြီးမားသော နိုင်ငံခြားသား လူဖြူများ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် ခုခံတိုက်ခိုက်ကြပေလိမ့်မည်။

ဂျပန်သည် တောင်များထူထပ်သည့် ကျွန်းနိုင်ငံတစ်နိုင်ငံ ဖြစ်ချေသည်။ ထို့ကြေ လည်း ယဉ်ကျေးမှုအရရော အမျိုးသားစိတ်ဓာတ်အရပါ စည်းလုံးညီညွတ်မှုရှိသေ နိုင်ငံဖြစ်၏။ ထို့ပြင်လည်း တောင်ထူထပ်မှုကြောင့် နိုင်ငံခြားရန်သူများအား တိုက်ခိုက်နိုင်သည့် သဘာဝခံတစ်ခုကို အမှီပြုနိုင်သော အခြေအနေရှိလေသည်။

မည်သို့ပင်ဖြစ်စေ၊ နိုင်ငံရပ်ခြား တိုင်းပြည်တစ်ပြည်၏ စစ်ရေးနှင့် စက်မှုရေးရ မြင့်မားသာလွန်နေမှုကို ရုတ်တရက် တွေ့မြင်သိရှိလိုက်ရသည့်အခါ သူတို့၏ အသိသ ရှင်သန်နိုးထလာသည်။ ဂျပန်များကြားရှိ လိမ္မာပါးနပ်သော ဂျပန်အများစုသည် သာလွန်မှုအန္တရာယ်ကို ချက်ခြင်းသိမြင်ခဲ့ကြသည်။ တတိယနေ့တွင် ယီဒိုပင်လယ်ကွေ့ အတွင်း၌ ကျောက်ဆူးချ၍ ရပ်နားကာ ခြိမ်းခြောက်လျက်ရှိနေကြသော မီးခိုးတလူ ထွက်နေသည့် စစ်သင်္ဘောများကဲ့သို့ပင် အလွန်ကြောက်စရာကောင်းသည့် အန္တရာယ် သိမြင်နားလည်လာကြသည်။

(၂၆)

ဆတ်စ်ကွိဟန်နာ ၏အပေါ်ကုန်းပတ်ပေါ်မှ ကျောက်ဆူးကြိုး တင်ချစက် ပေါ်တွင် အနီ၊ အဖြူနှင့် အပြာရောင် သုံးမျိုးရောစပ်နေသည့် အမေရိကန်ပြည်ထောင်စု အလံလွှမ်းထားသည်။ တနင်္ဂနွေနေ့ နံနက်ခင်းဖြစ်၏။ ဖွေးဖွေးလှုပ်နေသော မြူနှင်း များသည် ယီဒိုပင်လယ်ကွေ့အား ဖုံးကွယ်ထားသည်။ အမေရိကန်အလံ၏ အရောင် များသည် သင်္ဘောသားနှင့် မရိန်းတပ်သားသုံးရာ၏ မျက်လုံးများကို ရိုက်ခတ်နေလိမ့် မည်ဟုထင်ရ၏။ သင်္ဘောပေါ်ရှိလူအားလုံး ဤနေရာ၌ စနစ်တကျ စုဝေးရောက်ရှိ နေကြခြင်းမှာ ခရစ်ယာန်ဘာသာဝင်တို့၏ ထုံးစံအတိုင်း ဝတ်ပြုပွဲကျင်းပရန် ဖြစ်လေသည်။

တပ်စု၏ ဘင်ခရာအဖွဲ့မှ ငွေရောင်နှင့်ကြေးဝါရောင် တူရိယာပစ္စည်းများသည် နံနက်ခင်းနေရောင်နှင့်ထိတွေ့ကာ တလက်လက် တောက်ပနေကြသည်။ သင်္ဘောသား များနှင့် အပြာရောင်ဂျက်ကက်အကျႌဝတ် မရိန်းတပ်သားများ၏ အထက်ဖက်တွင် တပ်စုအရာရှိများသည် ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီနှင့်အတူ စနစ်တကျ တန်းစီကာ ရပ်နေကြသည်။ ကွန်မိုဒိုပါရီသည် မောက်မာလွန်းလှသည့် မျက်နှာထားဖြင့် သူ့ရှေ့ တည့်တည့်မှ ကမ်းခြေဆီသို့ စူးစူးရဲရဲ ကြည့်နေသည်။

ဂျပန်တပ်များသည် တပ်စုတပ်ခွဲအလိုက် သူ့နေရာနှင့်သူ နေရာယူကာ ဖြန့်ချ ထားသည်။ ယူရာဂါပတ်ပတ်လည်ရှိ ကမ်းပါးများနှင့် သဲသောင်ပြင်များပေါ်၌ ဖြန့်ချ ထားခြင်းဖြစ်၏။ သူသည် တပ်သားများ သီဆိုနေကြသည့် ဓမ္မတေးသံများကို ဂရုစိုက် နားစွင့်နေသော်လည်း ကမ်းခြေဘက်မှ လာနေကြသည့် ခရာသံများနှင့် စစ်မောင်းသံ များကိုလည်း သတိမပြုပဲ မနေနိုင်။ ဤအခိုက်မှာပင် အလှမ်းဝေးလှသော ကမ်းခြေ ဆီမှ အမြောက်သံတစ်ချက် ထွက်လာသည်။ ထိုအမြောက်သံသည် ကမ်းခြေထက်ရှိ တောင်ကုန်းများကြားအထိ ပဲ့တင်သံများ ရိုက်ခတ်သွားသည်။ သို့သော်လည်း လူ တို့ရာ၏ သံပြိုင်သီဆိုနေမှုကိုမူ အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း မပြုနိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com

'ထာဝရ ဘုရားသခင်ရဲ့ . . .
ကြောက်စဖွယ် ပလ္လင်တော်ရှေ့မှောက်ဝယ် . . .
သင်တို့အမျိုးသားအားလုံး
မြတ်သော ပျော်ရွှင်စိတ်ဖြင့်
ဦးညွှတ်ကြပါကွယ် . . .
ယေရှုခရစ်တော်ဟာလေ . . .
တစ်ပါးတည်းသော ဘုရားသခင်ပါ . . .ကွယ်
သူ့ဘဝလေ . . . ဖန်တီးနိုင်စွမ်းရှိနေသလို
ဖျက်စီးနိုင်စွမ်းလည်း ရှိလို့နေပါတယ်'

အရာရှိတစ်စု၏ နောက်ဖက်၌ ရပ်နေသည့် ဆင်မြူရယ် အမ်းစထရောင်းသည် ဓမ္မတေးကို ရော၍ဆိုနေရာမှ ပင်လယ်အော်၏ အထက်မိုင်ဝက်ခန့်အထိ တက်သွားသော မီးခိုးလုံးကို စောင်းငဲ့၍ ကြည့်သည်။ ဤအမြောက်ပစ်သံသည် ရန်ပြုမည့် ရည်ရွယ်ချက် ရှိပုံမရဟု သူ မှန်းဆသည်။ သူသည် ကမ်းခြေထက်မှ လှုပ်ရှားနေကြသော အုပ်စုများကို တစ်ချက်လှမ်းကြည့်သည်။ ထိုအုပ်စုသည် ဒိုင်းများနှင့် လှံရှည်ကြီးများကို ကိုင်ထားကြသည်။ အချက်ပြမီးဖိုများမှာလည်း အရှိန်သေ မသွားသေး။ တောင်ကုန်းများနှင့်တောင်တန်းများအား ကောင်းစွာမမြင်နိုင်အောင် ဖုံးကွယ်နေသည့် မြူနှင်းများကြားမှနေ၍ တထိန်ထိန်တညီးညီး တောက်လောင်နေကြဆဲ . . .။

'ယူရာဂါရဲ့ တောင်ဘက်က တပ်ခွဲမှာ အမြောက်သစ်တွေ ရှိမယ်လို့ထင်တယ်။ လက်ဖတင်နင်' ဟု အမ်းစထရောင်းက သူ့ဘေး၌ရပ်နေသည့် ဗျူန်ရိုက်စ်အား လေသံဖြင့် ပြောသည်။ 'ခ်တပ်တွေရဲ့ ပတ်လည်က လှုပ်ရှားပုံတွေဟာလည်း အရင်ကထက် ပိုများလာတယ်'

လက်ဖတင်နင်ရိုက်စ်သည် အမ်းစထရောင်းစကားကို ကြားသော်လည်း ဘာမှ ပြန်မပြော၊ ဆိုလက်စ ဓမ္မတေးကိုသာ ဆက်ဆိုနေသည်။ ဤအခမ်းအနားသည် ကွန်မိုဒို၏ ဆန္ဒအရ လုပ်ကြရခြင်းဖြစ်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လုပ်သွားမည့်ပုံလည်း ရှိ၏။ အမေရိကန်တို့၏ အင်အားနှင့်ယုံကြည်မှုကို ကမ်းခြေထက်မှ ဂျပန်များမြင်အောင် ပြသနေသည့် သဘောဖြစ်လေသည်။ ထို့ကြောင့်လည်း ဤအခမ်းအနား ကျင်းပသည့် အခါတိုင်း အရာရှိများရော တပ်သားများပါ ယူနီဖောင်းများကို စနစ်တကျ အပြည့်အစုံ ဝတ်ရမည်ဟု အမိန့်ထုတ်ထားခြင်း ဖြစ်လေသည်။

လက်ဖတင်နင်ရိုက်စ်သည် ဓမ္မတေးကို အများနှင့်ရော၍ သီဆိုလျက်ရှိသဖြင့် အမ်းစထရောင်းအား စကားပြန်မပြောနိုင်သော်လည်း အမ်းစထရောင်း ညွှန်ပြခဲ့သည့် ချောက်ကမ်းပါးထိပ်ကိုမူ တစ်ချက်လှမ်းကြည့်သည်။ သို့သော်လည်း သူလုပ်နေရသည့်

တာဝန်ကို ပျက်သွားမည်စိုးသဖြင့် ကြာကြာတော့မကြည့်၊ တစ်ခဏမျှသာကြည့်ပြီး သူ့အကြည့်သည် သူ့လက်ထဲမှ စာရွက်ပေါ်ရှိ ဓမ္မတေးနောက်ဆုံးအပိုဒ်ပေါ်သို့ ပြန်ရောက်သွားသည်။

နောက်ဆုံးအပိုဒ် သီဆိုသံများသည် တဖြည်းဖြည်းနှင့်လွင့်ပါး ပျောက်ကွယ်သွားသည်။ ထိုအခါ တပ်ခွဲသင်းအုပ်ဘုန်းကြီးသည် အလံလွှမ်းခြုံထားသည့် ကျောက်ဆူးကြီးတင်အချစက်ရှိရာသို့ တက်သွားပြီး ရှေ့တည့်တည့်တွင်ရပ်ကာ ထိုနေ့ ဓမ္မဆောင်ပုဒ်ကိုဖတ်ကြားသည်။ အမ်းစထရောင်းသည် ကွန်မိုဒိုမက်သူးပါရီအား တစ်ချက် လှမ်းကြည့်သည်။

ပါရီသည် အရပ်ပုပု၊ တောင့်တောင့်ရောင့်ရောင့်နှင့် ကျစ်ကျစ်လစ်လစ် ရှိသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း တောင့်တင်းမာကြောလှ၏။ နပိုလီယံနှင့်တူလှသော သူသည် သူ့ညာလက်ကို ရင်ပတ်၌တင်ကာ . . .သူ့ရှေ့တည့်တည့်ကို စူးစိုက်လျက်ရှိ၏။

'ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကောင်းကင်ဘုံမှ ဖခင်အား ဤရေပြင်ထက်၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အားပေးတော်မူဖို့ ဆုတောင်းလျက် ရှိရပါသည်' ဟု တပ်ခွဲသင်းအုပ်ဘုန်းကြီးက ဖတ်ကြားသည်။ 'ကျွန်ုပ်တို့ ကွန်မိုဒိုပါရီသည် ကျွန်ုပ်တို့အား ကောင်းစွာဦးဆောင်မှု ပြုနိုင်ပါစေသတည်း'

အမ်းစထရောင်းသည် မက်သူးပါရီအား အသေအချာကြည့်သည်။ ပါရီသည် မျက်လုံးများကို စုံမှိတ်ကာ မလှုပ်မရှက် ရပ်နေသည်။ ရေတပ်သားများနှင့် မရိန်းတပ်သားများသည် ပါရီအားလှမ်းကြည့်ကာ သူ့အသံကို နားစွင့်နေကြသည်။

'ကျွန်ုပ်တို့အား ဘုရားသခင် စောင်မတော်မူပါစေသတည်း' ဟူသော ကွန်မိုဒို၏ အသံထွက်လာသည်။ 'ကျွန်ုပ်တို့သည် ထူးခြားပြီး တသီးတခြားဖြစ်နေသော ဤလူများအား ယဉ်ကျေးသော လူမျိုးများကြားသို့ မိသားစုအဖြစ် စည်းရုံးသိမ်းသွင်းရန် အားထုတ်ကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အားထုတ်မှုသည် သွေးမြေမကျပဲ အောင်မြင်အောင် စောင့်ရှောက်တော်မူပါ၊ ကျွန်ုပ်တို့အားလုံး၏ အတွေးအခေါ်၊ စိတ်ဓါတ်နှင့် အပြုအမူများကို မြင့်မားအောင်လည်း မြှင့်တင်ပေးတော်မူပါ အာမင်'

ကုန်းပတ်ဆီမှ 'အာမင်' ဟူသော အသံများသည် ကျယ်လောင်စွာ တပြိုင်နက်တည်း ထွက်ပေါ်လာသည်။ ထို့နောက် သင်းအုပ်ဘုန်းကြီး၏ ဆုတောင်းသံသည် ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်လာသည်။

ဆုတောင်းသံကို နားစွင့်နေကြသော သင်္ဘောသားများအဖို့တော့ သူတို့တပ်မှူး ပါရီ၏ စစ်မှုထမ်းဘဝသည် စိတ်ဝင်စားစရာဖြစ်လိမ့်မည်ဟု အမ်းစထရောင်း တွေးနေပါသည်။ တကယ်တော့ တပ်မှူးပါရီ၏ စစ်မှုထမ်းဘဝသည် ဒဏ္ဍာရီဆန်သည်ဟုသည် အသက်ဆယ့်လေးနှစ်သားအရွယ်တွင် အသက်အငယ်ဆုံး အရာခံဗိုလ်လေး

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် အမေရိကန်ရေတပ်တွင် ထင်ရှားကျော်ကြားခဲ့သူ ဖြစ်လေသည်။

၁၈၁၂–ခုနှစ်တွင် သူသည် ရဲဝံ့စွန့်စားဖြင့် တိုက်ခိုက်ခဲ့သော လူငယ်အရာရှိ တစ်ဦး အဖြစ် ထပ်မံထင်ရှားလာခဲ့ပြန်သည်။ ထို့နောက် မကြာသေးခင်က ဖြစ်ပွားခဲ့သည့် မက္ကဆီကိုစစ်ပွဲတွင် အုတ်အော်သောင်းနင်းဖြစ်ခဲ့ရသည်အထိ ကြီးမားသော အောင်ပြင်မှု ကို ရရှိခဲ့ပြန်၏။ ထိုစဉ်က သူသည် အမေရိကန်၏ အကြီးမားဆုံးသော ရေတပ်ကို အုပ်ချုပ်ကာ ပင်လယ်ပြင်သို့ထွက်၍ စစ်ပွဲကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

သူသည် အမေရိကန်ရေတပ်၏ ပထမဆုံး ပင်လယ်သမုဒ္ဒရာသွား စစ်သင်္ဘော ကြီးများဖြစ်သည့် မစ်စစ္စပီနှင့် မစ်ဇူရီ မီးသင်္ဘောကြီးများကို တည်ဆောက်ရာ၌ ကိုယ်တိုင် ကြီးကြပ်၍ ဆောက်လုပ်ခဲ့သူဖြစ်၏။ ထိုစဉ်က သူ့အပေါ်၌ မယုံကြည်သူများက ယင်း သင်္ဘောကြီးများသည် ပင်လယ်ထဲရောက်သည်နှင့် တစ်ပြိုင်နက် ပျက်စီးလိမ့်မည်ဟု ထွက်ကြသည်။ သို့သော်လည်း မစ်စစ္စပီသင်္ဘောဖြင့် ကမ္ဘာကိုပတ်ခဲ့ရာ၌ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး မက်သူးပါရီသည် ပို၍ထင်ရှားကျော်ကြားလာခဲ့သည်။ ဤသို့ဖြင့် သူ့အား 'အမေရိကန်ရေတပ် မီးသင်္ဘောတို့၏ဖခင်' ဟူသော အမည်ကို လူအများက ပေးခဲ့ ကြလေသည်။

ထိုစဉ်က အာရှတိုက်၏ နယ်ပယ်ဒေသ အတော်များများသည် ဥရောပတန်ခိုးကြီး နိုင်ငံများ၏ လက်အောက်သို့ ကျရောက်လျက် ရှိကြသည်။ ထိုဖြစ်ရပ်များသည် ပါရီ အတွက် စိတ်ဝင်စားစရာဖြစ်ခဲ့သည်သာမက အားကျစရာလည်း ဖြစ်ခဲ့သည်။ သူ့ စစ်မှုထမ်းဘဝတွင် အမေရိကန်တို့၏ ဩဇာအာဏာကို ဥရောပနိုင်ငံများလိုပင် အာရှ၌ ကြီးစိုးကာ နေရာယူချင်စိတ် ဖြစ်လျက်ရှိသည်။ အထူးသဖြင့် အာရှတွင် ခြေချရာ၌ အမေရိကန်နိုင်ငံအား ဥရောပနိုင်ငံများနှင့် အဆင့်အတန်း ညီမျှစေချင်သောဆန္ဒ ပါ ရင်တွင် ကိန်းအောင်းလျက်ရှိလေသည်။

အမေရိကန် ကုန်သွယ်မှုလုပ်ငန်း တိုးချဲ့ရေးကို ရှေ့ရှု၍ သူသည် အရှေ့အာရှနိုင်ငံ များ၏ ဆိပ်ကမ်းမြို့များနှင့် ရေတပ်အခြေချစိုက်စခန်းများ ဖွင့်လှစ်နိုင်မည့် မြို့များ စာရင်းကို အသေးစိတ်ပြုစုကာ အစီအစဉ်တစ်ခုကို တင်ပြခဲ့သည်။ အစိုးရကလည်း သူတင်ပြသည့် အစီအစဉ်ကို များစွာသဘောကျသဖြင့် လက်ခံသဘောတူခဲ့၏။ ဤသို့ဖြင့် သူရေးဆွဲထားသည့် အစီအစဉ်ကို သူကိုယ်တိုင် အကောင်အထည်ဖော်ရမည့် အဆင့်သို့ ရောက်လာခဲ့၏။ ပထမဦးဆုံး သူသည် နားလည်ရခက်လောက်အောင် လျှို့ဝှက်လွန်းသည့် ဂျပန်နိုင်ငံနှင့် ရင်ဆိုင်ရမည်ဖြစ်၏။ တကယ်တော့ ဂျပန်သည် နှစ်ပေါင်းနှစ်ရာမျှ တစ်ခြားနိုင်ငံများနှင့် လုံးဝအကူးအလူး အဆက်အဆံမရှိသော နိုင်ငံ ဖြစ်သည့် အားလျော်စွာ အကယ်၍လိုအပ်ပါက ပါရီအနေဖြင့် လက်နက်အင်အားကို သုံးပိုင်ခွင့်ရှိသည်ဟု အမေရိကန်အစိုးရက ခွင့်ပြုထားခဲ့ပြီး ဖြစ်လေသည်။

အမှန်တော့. . .ဤကိစ္စသည် သူ၏ ပုဂ္ဂိုလ်ရေး ရည်မှန်းချက်ဖြစ်၏။ ထိုရည်မှန်း ကိုပင် အမျိုးသားရေး ရည်မှန်းချက်အဖြစ် အသွင်ပြောင်းကာ သူသည် ပင်လယ်အော် ထွက်၍ ဂျပန်တို့နှင့် ရင်ဆိုင်နေခြင်းဖြစ်၏။ သူ့အဖို့ အခုအချိန်တွင် ဘာပဲဖြစ်ဖြစ် ချင်တာ ဖြစ်ပစေတော့ဟု သဘောထားသည်။ လိုအပ်ပါက အမေရိကန်တို့၏ သိက္ခာမြင့်မားရေးအတွက် အမေရိကန် လက်နက်ကိုင်အင်အားကို အသုံးပြုလိမ့်မည် ယသည်။

အမ်းစထရောင်းသည် သူ့တပ်မှူးမက်သူးပါရီအားကြည့်ကာ ရောက်တတ်ရာရာ နေမိရာမှ လူငယ်အရာရှိတစ်ဦးဖြစ်သော ရောဘတ်အီဒင်ကို သတိရသည်။ ယခု ပတ်ပေါ်၌ တန်းစီ၍ ရပ်နေကြသော အရာရှိများထဲ၌ ရောဘတ်အီဒင် မပါ. . .။ စထရောင်းသည် အီဒင်၏ မွေးရာဒေသ၊ ရောနေသည့်သွေး. . .၊ တရားမျှတမှုကို လားသည့် ပြင်းထန်သည့်စိတ်၊ မာန်မာနကြီးသော လူမျိုးအပေါ်၌ သူထားရှိနေမည့် ယ်ချင်းစာတရား စသည်. . .စသည်တို့သည် အီဒင်အား ဤလူစုနှင့် ကင်းကွာစေ မည်ဟုပင်ထင်၏။

မည်သို့ပင်ဖြစ်စေ ရောဘတ်အီဒင်၏ စိတ်နေစိတ်ထားသည် တရားမျှတမှုကို လားခြင်းထက် ထက်သန်သည်။ ဤအတွက်ကြောင့်များ ဖြစ်လေမလား၊ မပြောတတ်၊ သည် သောကြာနေ့ည မှောင်ကြီးကျချိန်တွင် သင်္ဘောပေါ်မှ ပျောက်သွားခဲ့၏။ သည် ကမ်းခြေဆီသို့ သွားလိမ့်မည်ဟုပင် ယူဆရသည်။ ဆင်ဖြူရယ်အမ်းစထရောင်း ည့် ရောဘတ်အီဒင်၏ သတ္တိနှင့်တည်ငြိမ်သော စိတ်ကို သိနေသည့် အားလျော်စွာ ကိုပင် အားကျသလိုလို ဖြစ်နေမိလေ၏။

နောက်ဆုံးတွင်မှ သူသည် သူ့တပ်မှူး၏ အပြုအမူကိုကြည့်ကာ သူ့စိတ်ထဲမှာ ရှိသမျှကို သူ့ဘေးမှ လက်ဖတင်နင်ရိုက်စ်အား ဆုတောင်းပွဲ ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် ထုတ်ဖော်၍ ပြောမိသည်။ 'ဂျပန်တွေအနေနဲ့ တို့တပ်မှူးရဲ့ အခုအနေ ထားနဲ့ ပုံပန်းသဏ္ဍာန်ကို မမြင်တာ ကံကောင်းတယ်လို့ ထင်တယ်၊ အခုပုံကိုသာ မြင်လို့ကတော့ သမ္မတရဲ့စာကိုလက်ခံဖို့ ကိစ္စမှာ အခုအခါ လုံးဝလုပ်လိမ့်မယ် မထင်ဘူး'

ဤတစ်ကြိမ်တွင်လည်း အမ်းစထရောင်း၏စကားကို နားထောင်လျက်ရှိသော လက်ဖတင်နင်ရိုက်စ်သည် ဘာထင်မြင်ချက်မှ မပေးချေ၊ သူသည် အသစ်ကူးပြောင်း၍ ဒီဆိုနေသည့် ဓမ္မတေးအသစ်တစ်ပိုဒ်ကိုသာ နားစွင့်နေသည်။ ထိုအခိုက်မှာပင် သူသည် အမ်းစထရောင်းကြည့်နေသည့်ဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်မိ၏။ ဂျပန်လောင်း လှေကြီးတစ်စီးသည် ဆိပ်ကမ်းမှထွက်ခွာပြီး ဆတ်စ်ကွီဟန်နာသင်္ဘောဆီသို့ လာနေ သည်ကို မြင်ရသည်။ လှေပေါ်တွင် ပိုးသားဝတ်ရုံကြီးများ ဝတ်ဆင်ထားသည့် ဂျပန် အရာရှိတချို့ ပါလာသည်ကိုပါ တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကွန်မိုဒိုကတော့၊ အခုလောလောဆယ် သူ့မူဝါဒကို ပြောင်းမယ့်လက္ခ မရှိဘူး' ဟု ရိုက်စ်က ပြန်ပြောသည်။ 'သူ့အနေနဲ့ ဂျပန်တွေနဲ့ အဆက်အဆံ နေသွားလိမ့်ဦးမယ်လို့ ကျွန်တော်ကတော့ ထင်တယ်'

ဒါဆိုရင် အခု တို့ဆီကို လာနေတယ်လို့ ယူဆရတဲ့ ဂျပန်အရာရှိတွေလာ တို့က ဘာပြောရမလဲ' ဟု အမ်းစထရောင်းက လေ့ကို မျက်ခြည်မပြတ် ကြည့်နေ ပြန်မေးသည်။ 'သူတို့နဲ့ ငါများ စကားပြောနေရမလား'

'ကွန်မိုဒိုကတော့ ဘုရားသခင်နေ့မှာ ဂျပန်တွေနဲ့ စကားဆက်သွယ်ပြီး ပြော မထင်ဘူး...' ဟု ရိုက်စ်က ပြန်ဖြေသည်။ 'သူ ပြောထားတဲ့အတိုင်းဆိုရင် ကျွန်တော် သင်္ဘောလေးစီးပေါ်ကို မနက်ဖြန်အထိ ဘယ်ညှော်သည်မှ တက်ခွင့်ပြုမှာ မဟုတ် ကက်ပတိန်ကို သွားပြောခိုင်းရင်လည်း ဒီနေ့တော့ လက်မခံဘူးလို့ ပြောခိုင်းမှာ မနက်ဖြန်အထိတော့ သူတို့စောင့်ရမှာပဲ'

အရာရှိများနှင့် သင်္ဘောသားများ အပါအဝင် လူသုံးရာ၏ မြွှေတေးသီဆိုသံ လည်း သောသောညံလျက်ရှိသည်။ အမ်းစထရောင်းသည် အောက်ထပ်သို့ ဆင်း ခဲ့ပြီး လှေပေါ်မှ အရာရှိများအား လှမ်းကြည့်သည်။ ဂျပန်အရာရှိများမှာ လေးဦးဖြစ် အားလုံးပင် ပန်းပွင့်ပန်းခက်များဖြင့် တန်ဆာဆင်ထားသည့် ပိုးသားဝတ်ရုံကြီး ဝတ်ထားပြီး အနက်ရောင် ယွန်းဦးထုပ်များ ဆောင်းထားသည်။ သုံးဦးမှာ သူ မတွေ့ သေးသည့် လူများဖြစ်သော်လည်း တစ်ဦးမှာ ယခင်ရက်များအတွင်းက သူတွေ့ ခဲ့သည့် စကားပြန်ဟာနီဝါရာတိုကူမာဖြစ်သည်။ အမ်းစထရောင်းကို မြင်လိုက်သ အခါ တိုကူမာသည် လှေဦးဘက်သို့ ခပ်သွက်သွက်လျှောက်ပြီး လက်ဟန်ခြေဟန် သူတို့ကို လက်မခံဘူးလားဟု မေးသည်။

'ခင်ဗျားတို့ ဘာပြုလို့ ဒီနေ့လာကြတာလဲ ဟာနီဝါရာ–ဆန်' ဟု အမ်းစထရော က ဒတ်ချ်ဘာသာစကားဖြင့် လှမ်းမေးသည်။ 'ခင်ဗျားတို့ အခုလာတာ ဘာကိစ္စ'

'ကျွန်တော်တို့ အထက်အရာရှိကြီးတွေက ကတ်ပတိန်တို့ရဲ့ ရေတပ်ဗိုလ်ချု နောက်ထပ် ဘာတွေလုပ်ဖို့ ရည်ရွယ်သလဲဆိုတာ သိချင်ကြပါတယ်' ဟု စကားပြန် ပြန်ပြောသည်။ 'အတိအကျပြောရရင်၊ လူကြီးမင်းတို့ ဗိုလ်ချုပ်အနေနဲ့ ရေမှတ်တိုင်း လက်နက်ကိုင်လှေတွေကို ဆက်လွှတ်နေဦးမှာပဲလားဆိုတာ သိချင်နေကြတယ်'

လှေသမားတစ်ဦးက ကြိုးတစ်ချောင်းကို အမ်းစထရောင်းထံ ပစ်ပေးသည်။ အ စထရောင်းက ကြိုးကို ဆီးဖမ်းပြီး သင်္ဘောလက်ရန်း၌ ယာယီသဘော ချည်ထားလို သည်။ ထို့နောက် လှေဆီသို့ လှမ်းပြောသည်။ 'ဒီနေ့တော့ အမေရိကန်ရေတပ် သင်္ဘော တွေပေါ်ကို ဘယ်ညှော်သည်မှ လက်မခံရဘူးလို့ ကျွန်တော်တို့ အမိန့်ပေးထားတယ် မနက်ဖြန်မနက်အထိ ဘယ်လိုဆက်သွယ်မှုမျိုးကိုမှ လက်မခံရဘူးလို့ ညွှန်ကြားထားတာ'

ထိုစကားကြောင့် အံ့အားသင့်လျက်ရှိသော ဟာနီဝါရာက 'ဘယ်လို အကြောင်း ကြောင့်လဲ... အဲသလို လုပ်ထားတာလဲ' ဟု ပြန်မေးသည်။

'သီတင်းပတ်တိုင်း ကျွန်တော်တို့မှာ ဘုရားသခင်ကို ပူဇော်ကန်တော့တဲ့ပွဲ ရှိပါ ယ်။ ခင်ဗျားလည်း မြင်ကောင်းမြင်မှာပါ၊ မြွှေတေးဆိုသံတွေလည်း ကြားမယ် ပါတယ်။ အခုကိုပဲ အပေါ်ကုန်းပတ်ဆီက မြွှေတေးသံတွေ ခင်ဗျား ကြားမှာပါ'

စကားပြန်က အမ်းစထရောင်း၏စကားကို လှေပေါ်၌ ထိုင်နေကြသည့် သူ့အရာရှိ အား ရှင်းပြသည်။ ထို့နောက် အမ်းစထရောင်းဘက်သို့ ပြန်လှည့်ပြီး တည်ငြိမ် သော မျက်နှာထားဖြင့် ကြည့်နေသည်။

'ကျွန်တော်တို့အရာရှိတွေက လူကြီးမင်းတို့ ဗိုလ်ချုပ်ကို သတိပေးဖို့ လာတာလို့ ပါတယ်။ တကယ်လို့ ခင်ဗျားတို့ရဲ့ ရေမှတ်တိုင်းလှေတွေဟာ ကမ်းခြေဘက်ကို ကပ်လာရင် တိုက်ပွဲဖြစ်လာဖို့ ရှိနေပါတယ်...တဲ့'

'ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်' ဟု အမ်းစထရောင်းက ပြောသည်။

'ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်ကလည်း အခုထိ ဘုရားသခင်ကန်တော့တဲ့နေ့မှာ များရဲ့အရာရှိတွေနဲ့ ဆက်သွယ်မှုပြုတာကို လုပ်လိမ့်မယ် မထင်ပါဘူး'

ဟာနီဝါရာက အမ်းစထရောင်းအား စိုက်ကြည့်နေသည်။ 'အခု တို့ပြန်မှုအတွက် တော့်ရဲ့ အထက်အရာရှိကြီးတွေက စိတ်မကောင်း ဖြစ်နေကြပါတယ်။သူတို့က ျားတို့ရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့ ခိုင်မာတိကျတဲ့ အာမခံချက်တွေ လိုချင် ကြပါတယ်'

'ကျွန်တော်ကလည်း သူ အမိန့်ပေးထားတာတွေထက် ပိုပြီးမပြောနိုင်ပါဘူး၊ လူကြီးမင်းတို့နဲ့ အဆက်အသွယ် မလုပ်နိုင်သေးတာကလွဲလို့ တခြားဘာမှ သိပေးလို့ မရပါဘူး' ဟု အမ်းစထရောင်းက ပြန်ပြောသည်။ သူ့အသံတွင် တောင်းပန် သည့် သဘောပါနေသည်။ 'ဒါပေမယ့် ကျွန်တော့်အနေနဲ့ သိချင်တာတစ်ခုက ကျွန်တော်တို့ ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ အဆင့်မြင့်အရာရှိဆီက ပြန်ကြားချက်ရပြီ းဆိုတဲ့ အချက်ပါပဲ'

'အခုထိ ပြန်ကြားချက် မရသေးဘူး...' ဟု စကားပြန်က ပြောသည်။ 'အချိန်က လောက်တော့...'

'ခဏနေပါဦး...' ဟု အမ်းစထရောင်းက တားသည်။ 'နောက်ထပ် မေးခွန်း ခု မေးချင်ပါတယ်'

'ဘာမေးခွန်းလဲ'

'ကျွန်တော်တို့ဘက်က ပျောက်သွားတဲ့အရာရှိနဲ့ ပတ်သက်လို့ သတင်းတွေ ဘာ ရပါသလား' အမ်းစထရောင်းသည် သူ့စကားကို သင်္ဘောပေါ်မှ လူများ မကြား

www.burmeseclassic.com

www.burmeseclassic.com

စေရန် ခါးကို ကုန်း၍ ပြောနေခြင်းဖြစ်သည်။ 'သူ့ကို တွေ့ကောတွေ့ပြီလား'

စကားပြန်ဟာနီဝါရာတိုကူမာသည် အမ်းစထရောင်းအား မော့ကြည့်သည်။ ထို့နောက် အသံကိုနိမ့်၍ အဖြေပေးသည်။ 'ဒီကိစ္စက ကံသိပ်မကောင်းဘူး၊ ခင်ဗျား။ အရာရှိက ယူရာဂါတစ်ပိုက်က ခံတပ်တွေကို လာပြီးထောက်လှမ်းတယ်၊ အဲဒီမှာ တိုက်ပွဲဖြစ်တယ်'

'သူ သေသွားသလား'

'မသေဘူး၊ လွတ်သွားတယ်၊ နောက်ပိုင်းကျတော့ သူ့ကို ကုန်းပိုင်းမှာ လှုပ်ရှားနေတာ ထပ်တွေ့တယ်၊ တိုက်ပွဲဖြစ်တယ်၊ သူ လွတ်သွားပြန်တယ်၊ သူ့ကို ဖမ်းလို့ မမိလိုက်. . .'

အမ်းစထရောင်းက သက်ပြင်းချလိုက်သည်။ 'အခုကော သူ ဘာဖြစ်သွားတာလို့ ကြားသေးလဲ'

'သူ့နောက်ကို လိုက်နေကြတုန်းပဲ' ဟု ဟာနီဝါရာက ပြန်ပြောသည်။ 'သူ့ကို တပ်သားတွေက လိုက်ရှာနေကြတယ်။ ဘာတွေဖြစ်လာမယ်ဆိုတာ ပြောလို့မရဘူး'

အမ်းစထရောင်းသည် မျက်လုံးများကိုပင့်၍ ကမ်းခြေဆီသို့ မျှော်ကြည့်သည်။ ချောက်ကမ်းပါးများ၏ အပေါ်ဘက်မှာ အခုအချိန်ထိ ဖွေးဖွေးလှုပ်နေသည့် မြူနှင်းများက လွှမ်းထားဆဲ. . .။ ကမ်းခြေထက်မှ တောင်ကုန်းများနှင့် တောင်တန်းကြီးများအား အပီအပြင် မမြင်ရသေး။

'ကျေးဇူးတင်ပါတယ်၊ ဟာနီဝါရာ–ဆန်'ဟု အမ်းစထရောင်းက ပြန်ပြောပြီး စောစောက သူချည်ထားခဲ့သည့် လှေပေါ်မှ ကြိုးကို ပြန်ဖြေပေးသည်။ 'အခုပေးတဲ့ သတင်းအတွက် ခင်ဗျားကို အများကြီး ကျေးဇူးတင်ပါတယ်'

စကားပြန်သည်. . . အမ်းစထရောင်းဘက်လှည့်၍ ဦးခေါင်းကို မသိမသာ ညွတ်လိုက်သည်။ ထို့နောက် သူသည် အရာရှိများ၏ ဘေးသို့သွား၍ ထိုင်ချလိုက်သည်။ ကိုယ်အထက်ပိုင်း ဗလာကျင်းနေသည့် ဂျပန်လှေသမားများသည် လှော်ခတ်လာကြသည်။ သူတို့လှေသည် နောက်ပြန်ကွေ့ကာ ကမ်းခြေဆီသို့ ဦးတည်၍ ရွေ့လျားသွားနေသည်။

အမ်းစထရောင်း၏ ဦးခေါင်းအပေါ်ဘက်မှ ဓမ္မတေးသီဆိုသံများသည် ထွက်ပေါ်လာနေဆဲ . . .။ သူသည် ကမ်းခြေဘက်သို့ လှည့်၍ ကြည့်နေမိပြန်၏။ ဖြူဖွေးဖွေး မြူနှင်းများသည် လွှမ်းခြုံနေဆဲ . . . ၊ ရောဘတ်အီဒင်တစ်ယောက် ဘယ်နေရာမှာများ ရောက်နေပါလိမ့် . . . ဟူသော အတွေးသည် သူ့ခေါင်းထဲဝင်လာသည်။ သူ့ပါးစပ်မှ 'အီဒင်'ဟူသော နာမည်ထွက်လာသည်၊ သူသည် မျက်လုံးများကို မှိတ်လိုက်သည်။ ထို့နောက် အပေါ်ထက်ရှိ ဓမ္မတေးသီဆိုနေသူများထံ လှေခါးမှ ပြန်တက်သွားသည်။

(၂၇)

'မြူနှင်းတွေက အတော်ကြောက်စရာကောင်းတာပဲ–ဆင်တာရို၊ အခု ကျွန်တော်တို့ သွားနေတာ လမ်းမှန်မှ ဟုတ်ရဲ့လား . . .'

ရောဘတ်အီဒင်သည် သူ့မြင်းဇက်ပေါ်သို့ မှေးမှိကာ ရှေ့တည့်တည့်ရှိ မြူနှင်းများဆီသို့ မျှော်ကြည့်သည်။ နံနက်ခင်းဖြစ်သော်လည်း ပိန်းပိတ်အောင်ကျဆင်းလျက်ရှိသော ဆီးနှင်းများကြောင့် ပတ်ပတ်လည်မှောင်မဲလျက်ရှိ၏။ သူသည် ယခုအချိန်ထိ ဦးထုပ်ကို မေးသိုင်းကြိုးဖြင့် တအားချည်ထားပြီး မျက်နှာကို မမြင်သာအောင် ပဝါကွယ်ကွယ် ခပ်ငိုက်ငိုက် ဆောင်းထားသည်။

'ဟုတ်ကဲ့ မာစတာ . . . ကျွန်တော်တို့သွားနေတာ လမ်းမှန်ပါဘဲ'

ဆင်တာရိုသည် အီဒင်အား အဖြေပေးပြီးသော် သူ့ရှေ့တည့်တည့်သို့ လှမ်းကြည့်သည်။ သစ်ပင်အနည်းငယ်မှတစ်ပါး ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ အားလုံးမှုန်ဝါးနေသည်။ မြက်ခင်းကွင်းပြင်တစ်ခွင်လုံးသည် ဆီးနှင်းများဖြင့် ပြည့်နေသည်။ မြင်းခွာသံများသည် မြက်ခင်းပြင်တလျှောက် ပြေးသွားလျက်ရှိ၏။ သူတို့ မြင်းစီးသွားနေသည့် လမ်းဘေးဝဲယာတွင် မီးတောင်မှ ကျထားသည့် ပြာမှုန်များ . . .

'မနေ့က နေဝင်ချိန်ကစပြီး ဖူဂျီဆန်ကို မမြင်ရတော့ဘူး' အီဒင်က နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။ 'ရုတ်တရက် ပျောက်သွားသလိုဘဲ'

သူတို့ဦးခေါင်းများ၏ အပေါ်ဘက် တစ်နေရာဆီမှ မိုးစွေငှက်တစ်ကောင်၏ …ားဆိုသံကို ကြားနေရသည်။ အလွန်အမင်း တိတ်ဆိတ်လျက်ရှိသဖြင့် အလွန်သေးငယ်သော ထိုငှက်သံနှင့်သူတို့၏ မြင်းခွာသံများမှတစ်ပါး အခြားဘာသံမှ မကြားရ။ သူတို့သည် တစ်ညလုံး တပင်တပန်း မြင်းများကို နှင်လာခဲ့ရခြင်းဖြစ်၍ အရုဏ်ဝင်လာချိန်တွင် လှေခါးထစ်စပါးခင်းများကို ကျော်ဖြတ်လာခဲ့ကြရသည်။ ခမောက်များ

www.burmeseclassic.com

ဆောင်းကာ ဦးခေါင်းများကိုပင် မမော့နိုင်အောင် အလုပ်များနေကြသည်။ စပါး ရိတ်သိမ်းနေကြသော လယ်သမားများကိုပင် မြင်တွေ့ခဲ့ကြရလေသည်။

ထို့နောက် သူတို့သည် တောအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖြတ်သန်း ကြသည်။ ဝက်သစ်ချပင်များနှင့် ထင်းရှူးပင်ကြီးများ၏ အကိုင်းအခက် အရွက်အ များနှင့် မတိုးမတိုက်မိအောင် ခါးများကို ကုန်း၍ ခေါင်းများကို ငုံ့၍ ဖြတ်လာခဲ့ ရခြင်းဖြစ်၏။ ဤသစ်တောကြီးများကြား၌ မကြာခဏဆိုသလို ခေါင်မိုးမြင့်မြင့် တစ်စုချင်းစီ ပြန့်ကြဲနေသော လယ်သမားအိမ်များကို မြင်ကြရ၏။ သို့သော်လည်း မြင်းများအား နှင်လာနေသည့် အရှိန်ကိုမလျှော့ . . .။

ဆင်တာရီသည် တစ်ခါတရံတွင် လမ်းစရှာရန် သို့မဟုတ် စားစရာ တစ်ခု ဝယ်ရန် ခဏတဖြုတ်ရပ်တန့်လေ့ရှိ၏။ ထိုအခါမျိုးတွင် အီဒင်သည် နောက်ချန်၍ဖြစ်စေ ရှေ့သို့ဆက်စီးသွား၍ဖြစ်စေ လူချင်းခွာထားလေ့ရှိသည်။ အကယ်၍ ဘေးပတ်ဝန်းကျင် မှ လူများရှိနေ၍ မြင်ခဲ့သည်ရှိသော် သံသယမဝင်အောင် ရှောင်ခြင်းဖြစ်လေသည်။

သူတို့လာနေရသော လမ်းသည် ယခုအချိန်ထိ ညီညာချောမွေ့ခြင်း မရှိသေး နိမ့်တစ်ချီ မြင့်တစ်လှည့်ဖြစ်ကာ လှိုင်းထလျက်ပင်ရှိနေဆဲ . . . ပတ်ဝန်းကျင် တစ်ခွင်လုံးသည် မြူနှင်းများ၏အောက်၌ ရောက်နေဆဲ . . .၊ သူတို့သည် ကုန်းမြင့်များ ထက်မှ ရှုခင်းများကို သဲကွဲစွာ မမြင်ရ။ ဤကြားထဲမှပင် မိုးသည် ကြိုကြား . . . ကြိုကြား တစ်ဖွဲဖွဲရွာလာတတ်သဖြင့် သူတို့ အဝတ်များသည် ရွှဲစိုလျက်ရှိလေသည်။

'ကျွန်တော်တို့ ခြောက်သွေ့တဲ့ အဝတ်တွေရဖို့တော့ လုပ်မှဖြစ်တော့မယ် မာစတာ' ဟု တစ်ကိုယ်လုံး တုန်ယင်နေသော ဆင်တာရီက ပြောသည်။ 'ကီမိုနိုနှစ်စုံလောက်ရှိ ခြောက်သွေ့တဲ့ တာဘီ အနည်းအပါးတော့ ရမှဖြစ်မှာ၊ အပေါ်ဘက်ရောက်လေ–လေ အေး သိပ်အေးလာလေဖြစ်နေပြီ၊ အခုဆိုရင် ကျွန်တော်တို့ဟာ ပင်လယ်ရေပြင်ရဲ့အထက် ပေလေးထောင်အမြင့်လောက်မှာ ရောက်နေပြီ၊ ဖူဂျီ–ဆန်ထိပ်မှာဆိုရင် ဆောင်းလယ်မှာ အေးတဲ့ အအေးမျိုးနဲ့ တွေ့ရမှာ'

သူကိုယ်တိုင်ပင် တုန်ယင်လျက်ရှိသော အီဒင်က ဆင်တာရီစကားကို ခေါင်းညိတ် ၍ထောက်ခံသည်။ 'ဒါပေမယ့် ခင်ဗျားပြောတဲ့ အဝတ်တွေကို ဘယ်မှာ သွားရှာကြမလဲ'

'ဒီဘက်အပိုင်းမှာ ထမင်းဆိုင်တွေနဲ့ တည်းခိုရိပ်သာတွေ အများကြီး ရှိတယ် ဘုရားဖူးတွေအတွက် ဖွင့်ထားတာ . . .'

သူတို့သည် မြင်းများအား စီးကာ ခရီးကိုဆက်ကြသည်။ သူတို့ရှေ့မှ မြူနှင်းများ သည် တဖြည်းဖြည်းနှင့်ပါးလာသည်။ အီဒင်သည် သူ့ရှေ့ရှိ မြက်ခင်းကွင်းပြင်အထက်မှ မဲနက်သော ကောင်းကင်ကို သတိထားနေမိသည်။ ထို့နောက် သူမြင်နေရသည့်အရာမှာ

ဖူဂျီတောင်ဖြစ်နေသည်ကို သိလိုက်သည်။

'မာစတာ မြင်လား . . .၊ ကျွန်တော်တို့လာနေတဲ့ လမ်းဟာ မှန်တယ်' ဟု ဆင်တာရီက ပြောသည်။ 'အခုဆိုရင် ဖူဂျီ–ဆန်ဟာ ဘွားခနဲ ပေါ်လာပြီး ကျွန်တော် တို့ကို လမ်းပြနေပြီ'

အီဒင်က ခေါင်းညိတ်လိုက်သော်လည်း ပါးစပ်မှတော့ အဖြေမပေး၊ ဖူဂျီတောင်ကို ထင်းကနဲ ကပ်ကပ် မြင်လိုက်ရခြင်းသည် သင်္ဘောပေါ်၌ နေခဲ့စဉ်က သူ့အိပ်မက်ကို ဖြည့် ဆည်းပေးခြင်းဟု သူ့စိတ်တွင် ထင်ဟပ်လာသည်။ သူသည် ဆီးနှင်းများ ဖုံးအုပ် ထားသော တောင်ထိပ်ကို ကြည့်ကာ တအံ့တသြ ဖြစ်လျက်ရှိ၏။ ထို့နောက် တစ်ခဏမျှ ကြာသောအခါ ဖြူဖွေးသော မြူနှင်းများကြောင့် ဖူဂျီ–ဆန်သည် သူ့မျက်စိထဲတွင် ပျောက်ကွယ် မမြင်ရ ဖြစ်သွားပြန်လေ၏။

ပထမဆုံးအကြိမ် သူသည် ဖူဂျီတောင်ပေါ်သို့ တက်လိုသည့် သူ့ဆန္ဒအပေါ် သူကိုယ်တိုင်လည်းဆန်းစစ်ကာ အံ့သြနေမိသည်။ ဤမီးတောင်ပေါ်သို့ သူတက်လျှင် အန္တရာယ် ကြုံတွေ့မှုရှိနိုင်မည်နည်း။ သူသည် မျက်လုံးများကို စုံမှိတ်ကာ ဤကိစ္စကို စဉ်းစားနေမိ၏။ မည်သို့ပင်ဖြစ်စေ သူ့အတွင်းစိတ်ကတော့ ဖူဂျီတောင်ပေါ်သို့တက်လိုသည့် ဆန္ဒကို စွန့်လွှတ်ပါဟု တောင်းဆိုခြင်းမပြု။ သူသည် မြင်းကိုနှင်နေရင်းမှ သူ့ပခုံးများကို တွန့် လိုက်မိသည်။ ဖူဂျီတောင်ကို မတက်နှင့်ဟူသော ဟန့်တားမှုများကို ဖြစ်ပေါ်စေသည့် အတွေးများကို သူ့စိတ်ထဲမှ မောင်းထုတ်ပစ်နေသည်။

'ဟိုရှေ့မှာ တွေ့လား–မာစတာ' ဟု ဆင်တာရီက သူ့ရှေ့တည့်တည့်မှ ဘုရားဖူး များအတွက် ဖွင့်ထားသည့် ခပ်သေးသေးဆိုင်ငယ်တစ်ခုကို လက်ညှိုးထိုးပြပြီး ပြော သည်။

'ကျွန်တော် ခဏရပ်ပြီး ကျွန်တော်တို့အတွက် အဝတ်ပိုရအောင် ရှာချင်တယ်'

ယခုအခါ အီဒင်ကိုယ်တိုင်ပင် မခံမရပ်နိုင်အောင် အအေးဒဏ်ကို ခံနေရပြီဖြစ်၍ ရပ်ဆိုင်းမပြတ် တုန်နေသည်။ သူသည် သစ်ပင်ကြီးများကြား၌ ခပ်ကွယ်ကွယ် ရပ်နေ သည်။ ဆင်တာရီသည် ထမင်းဆိုင်ဆီသို့ သူ့မြင်းကို စီးသွားပြီး မြင်းပေါ်မှ ဆင်း သည်။ နောက်ဆယ့်ငါးမိနစ်ခန့်အကြာတွင် သူသည် သွားကိုဖြီကာ ပြန်ရောက်လာ သည်။

သူ့မြင်း၏လည်ပင်းတွင် ကီမိုနိုအနက်နှစ်ထည် ရိုးရာဓလေ့ထုံးစံအရ ဘုရား ဖူးများဝတ်လေ့ရှိသည့် သူတို့ခြေထောက်များ၌ပတ်ရန် အဖြူရောင် သိုးမွေး တာဘီများ နှင့် ကောက်ရိုးလွှာချင်း ဖိနပ်အရံများစွာကို ခွတင်ထားသည်။ လက်တဖက်ကမူ ရှည်လျားသော ဝါးသစ်တစ်လုံးနှင့် လမ်းလျှောက်တုတ်များ ကိုင်ထားသည်။ သူ့လည်ပင်း၌

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ပတီးသဖွယ် ဆွဲထားသည်များမှာ ကြိုးနှင့်သီထားသည့် ကြက်ဥပြုတ်များဖြစ်၏။

သူတို့သည် ကီမိုနိုများနှင့် ဝတ်ရုံကြီးများကို ဝတ်ကြသည်။ သိုးမွေးခြေအိတ်များ ကိုစွပ်ကြသည်။ ဆင်တာရိုက အီဒင့်ဘက်လှည့်ကာ ဦးခေါင်းကိုညွတ်၍ အရိုအသေ ပေးလိုက်ပြီး ရယ်ကြဲကြဲလုပ်၍ ကြက်ဥပြုတ် တစ်ကုံးကို အီဒင့်လည်ပင်းအား ချိတ်ပေး လိုက်သည်။ ထို့နောက် တစ်ခဏမျှ ရပ်နားကာ ကြက်ဥပြုတ်ကို တစ်ယောက် တစ်လုံး စားကြသည်။

'ကျွန်တော့်အိတ်ထဲမှာ ထမင်းနဲ့ဟင်းသီးဟင်းရွက်တွေလည်း ပါလာတယ် မာစတာ၊ တောင်တက်တော့မယ်ဆိုရင် –အစားအစာကို ကြိုပြီးလုပ်သွားလို့ရတာပဲ' ဟု ဆင်တာရိုက ပြောသည်။ 'ဒါပေမယ့် ဆိုင်ရှင်ကတော့ သတိပေးလိုက်တယ်၊ လမ်း မပါဘဲ တောင်ပေါ်တက်လို့ကတော့ ဘယ်အချိန် ဘယ်ကာလပဲ တက်တက် အန္တရာယ် အလွန်များတယ် . . .တဲ့။ အထူးသဖြင့် ဆီးနှင်းတွေ တအားထုထပ်ရင် အန္တရာယ် ပိုများတယ် . . .တဲ့၊ ပြီးတော့ ဒီနှစ် ဆီးနှင်းတွေကျတာ တောင်ထိပ်နားရောက်မှ ထုထပ်လေပဲလို့လည်း ပြောတယ်'

'ကိစ္စမရှိဘူး၊ ကိုယ့်ဖာသာကိုယ် လမ်းရှာပြီး တက်ရုံပဲ၊ လမ်းပြထားရင် သူက ကျွန်တော်တို့ကို သစ္စာဖောက်ဦးမှာ'

အီဒင်သည် သူ့မြင်းအား မြင်းနှင်ဘိနပ်ဆူးဖြင့် တစ်ချက်မျှ ဆွလိုက်သည်။ မြင်းသည် ဖျတ်ခနဲ ပြေးထွက်သွားသည်။ ဆင်တာရိုကလည်း သူ့မြင်းကို ခပ်သွက်သွက် နှင်ကာ နောက်မှလိုက်သည်။ သူတို့သည် စကားမပြောကြတော့ မြင်းများကို ဘေးချင်း ယှဉ်၍စိုင်းသွားကြသည်။ လမ်းတလျှောက် ဝဲယာတွင် အနက်ရောင် ချော်ခဲများနှင့် ပြာများသည် စောစောကနေရာများထက် ပို၍များလာနေသည်ကို နှစ်ဦးစလုံး သတိထား နေမိကြလေ၏။

'လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာငါးဆယ်လောက်တုန်းက ဖူဂျီ–ဆန် ပေါက်ကွဲခဲ့ တယ်။ အဲဒီတုန်းက ချော်ရည်ချော်ခဲတွေဟာ ဒီဘက်ပိုင်းကို ဆင်းတာများတယ်' ဟု ဆင်တာရိုက ပြောသည်။ 'ပြာတွေက ဒီဘက်ပိုင်း တစ်ပိုင်းလုံးကို မိုးရွာသလို ကျလာ တာ မိုင်ပေါင်းများစွာ အထိဘဲတဲ့၊ ယီဒိုက အိမ်တွေရဲ့ ခေါင်မိုးတွေတောင်မှ ပြာများ ဖုံးသွားသတဲ့၊ စောစောက ကျွန်တော်ဝင်ခဲ့တဲ့ ထမင်းဆိုင်ရှင်က ပြောတယ်၊ ဒီနယ် တစ်ခုလုံးကို ချော်ခဲတွေ ဖုံးသွားလိုက်တာ၊ လူတစ်ယောက်ရပ်လောက်အောင် မြင့်သတဲ့ –မာစတာ'

မြင်းခွာများသည် မီးတောင်မှကျထားသည့် ပြာများပေါ်သို့ မြုပ်ဝင်သွားကြ ကြသည်။ ထို့ကြောင့်လည်း မြင်းခွာသံများကို မကြားရ၊ သူတို့သည် အရှိန်ကိုလျှော့

လျှော့ချလိုက်ကြသည်။ ချက်ခြင်းဆိုသလိုပင် စောစောကတွေ့ခဲ့ရသည့် သစ်ပင်များ သည် ကွယ်ပျောက်သွားကြသည်။ အမြင့်ပိုင်းသို့ရောက်လာသည့်အခါ ဖူဂျီ၏ အရောင် သည် စောစောကလို မဟုတ်တော့ပဲ အနက်ရောင်ဖြစ်လာသည်။

အောက်ဖက်ဆင်ခြေလျှောများမှ မြင်ရသည်မှာ အချိုးအစား ပြေပြစ်လှပသည့် ကန်တော့ပုံဖြစ်နေသော တောင်ထိပ်သည် ပြာများ၊ ချော်ရည်များနှင့် မီးသွေးများ ဖုံးလွှမ်း လျက်ရှိ၏။ အပေါ်ဘက် အမြင့်ပိုင်း မိုင်ပေါင်းများစွာအကွာမှ အရောင်သည် ဆီနှင်းများ ဖုံးနေသည့် တောင်ထိပ်ကြောင့်လေလားမသိ။ ဖွေးဖွေးလှုပ်မျှ ဖြူဖွေးလျက်ရှိလေသည်။

'ကျွန်တော်တို့မြင်းတွေကို တစ်နေရာမှာ ထားခဲ့ပြီး ခြေလျင်ဆက်တက်မှ ဖြစ်တော့ မယ် . . . မာစတာ' ဟု ဆင်တာရိုက တောင်ထိပ်ကို မော့ကြည့်ပြီး ပြောသည်။

'ကျွန်တော့်ကို ပြောလိုက်တဲ့အတိုင်းဆိုရင် မြင်းတွေကို အပ်ထားခဲ့ဖို့ နောက်ဆုံး ထမင်းဆိုင်က တစ်ဆိုင်ပဲ ရှိတော့မယ် . . .'

နောက်နာရီဝက်ခန့်ကြာသောအခါ ဆင်တာရိုသည် မြင်းများကို မြင်းဇောင်းထဲ၌ ဘေးချင်းယှဉ်၍ ထားပြီးသွားလေပြီ။ ထို့နောက်တော့ သူတို့သည် တောင်ဝှေးများကို ထောက်ကာ ချော်ရည်ချော်ခဲနှင့်ပြာများပေါ်အတိုင်း ခရီးဆက်ကြသည်။ သူတို့ ခြေထောက်များသည် ခြေလှမ်း လှမ်းလိုက်တိုင်း ပျော့နေသော ပြာများထဲသို့ နစ်ဝင် သွားကာ အသံမြည်တက်သည်။ အေးမြသောလေသည် ဖြည်းဖြည်းချင်း တိုက်ခတ်စ ပြုလာသည်။ မြူများကို လွင့်စင်သွားအောင် မောင်းထုတ်လျက်ရှိနေ၏။ ပတ်ဝန်းကျင် တွင် လူသူလေးပါး အရိပ်အရောင်ကို မမြင်ရ။

'ကျွန်တော်တို့ ဘယ်ဘက်က တက်မလဲ . . .မာစတာ' ဟု ဆင်တာရိုက မေးသည်။ 'မာစတာ စဉ်းစားပြီးပြီးလား'

အီဒင်က ချက်ခြင်း အဖြေပြန်မပေး သို့သော်လည်း သူသည် သူသွားနေသည့် လမ်းကို လက်ထဲမှ တောင်ဝှေးဖြင့်ထောက်ပြကာ 'ဒီလမ်းအတိုင်း သွားမယ်၊ ခင်ဗျား ကျွန်တော့်နောက်က ကပ်ပြီးသာလိုက်ခဲ့' ဟု ပြောသည်။

နောက်တစ်ခဏမျှအတွင်းတွင် အီဒင်သည် သူကောင်းမည်ထင်သော လမ်းကို သွားလျက်ရှိသည်။ ဆင်တာရိုသည် ဘာစကားမှ မပြောပဲ နောက်မှ လိုက်သွားသည်။ လေသည် သူတို့မျက်နှာများဆီသို့ ပြေးလာရိုက်ခတ်သည်။ ခြေလှမ်းတစ်လှမ်း လှမ်း လိုက်တိုင်း သူတို့ခြေထောက်များသည် ပျော့လွန်းလှသည့် ပြာမြေအတွင်းသို့ နစ်ဝင် သွားလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် သံခမောက်ဆောင်း ဆာမူရိုင်းစစ်သည်တော် နှစ်ဆယ်အား ဦးဆောင်လာသော မင်းသားတာနာကာသည် ထူထပ်သော မြူနှင်းများကိုဖြတ်၍ သူ့မြင်းကို စိုင်းလာခဲ့သည်။ သူသည် ဘုရားဖူးများအတွက် ဖွင့်ထားသည့် မြက်ခင်းပြင်ကြီး၏ အစွန်ရှိ ထမင်းဆိုင်ကို မတွေ့၊ သူသည် ထမင်းဆိုင်ကိုကျော်သွားသည်။ သို့သော်လည်း အုပ်စု၏နောက်ဆုံးမှ လိုက်လာလျက်ရှိသော ဂိုတာရိုသည် ထမင်းဆိုင်ငယ်ကို မြင်လိုက်သည်။

'အို ကာမိ–ဆန် . . .၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ' ဟု နောက်မှနေ၍ မြင်းဇက်ကို သတ်ထားပြီး လှမ်းအော်သည်။ 'ထမင်းဆိုင်တစ်ဆိုင် တွေ့နေပါတယ် . . .အရှင်၊ ကျွန်တော်တို့ ခဏရပ်ပြီး စုံစမ်းကြရင် ကောင်းမယ်ထင်ပါတယ်'

တာနာကာသည် သူ့မြင်းကို ဇက်သတ်ကာ နောက်ပြန်လှည့်လာသည်။ ဂိုတာရိုသည် မင်းသားတာနာကာ သူ့အနားရောက်လာသည်အထိ တရိုတသေ စောင့်ကြို လျက်ရှိသည်။ တာနာကာသည် မြင်းပေါ်မှဆင်းပြီး တေရို (ပိုင်ရှင်) ထံ လျှောက်သွားနေသည့်အခါ နောက်မှလိုက်သွားသည်။ တာနာကာ၏ကိုယ်ပေါ်မှ တခမ်းတနား ဝတ်ဆင်ထားသည့် ဂျင်ဘာအိုရီ သံခမောက်ဆောင်း နောက်လိုက်စစ်သည်များကို မြင်လိုက်ရသော ထမင်းဆိုင်ရှင်သည် လက်နှစ်ဖက်ကို ယှက်၍ တလေးတစား ဆီးကြိုသည်။ ကာကိုမျိုးနွယ် ဘွဲ့တံဆိပ်တပ်ထားသည်ကို မြင်လိုက်ရသည့်အခါတွင်မူကား ဆိုင်ရှင်၏ လေးစားမှုသည် တိုး၍လာသည်။ သူသည် ဒူးထောက်၍ ထိုင်ချလိုက်ကာ နံဖူးနှင့်ကြမ်းပြင်ကို ငါးကြိမ်မျှထိ၍ အရိုအသေပေးလိုက်ပြီး သူ့အား မင်းသားတာနာကာက စကားစ၍ မပြောမချင်း ဦးခေါင်းကိုငုံ့ကာ ငြိမ်ဆိတ်လျက်ရှိလေသည်။

'ထ' ဟု တာနာကာက ခပ်ကြမ်းကြမ်းလေသံဖြင့် အမိန့်ပေးသည်။ 'ဗိုလ်မင်းကို

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းတစ်ခု၊ နှစ်ခုလောက် မေးချင်တယ်'

တေရှီ သည် ခိုင်းလိုက်သည့်အတိုင်း ထိုင်ရာမှ ထရပ်သည်။ တောင့်တောင့်မတ်မတ် မဟုတ်၊ ခါးကိုင်းထားဆဲ . . .၊ အလွန်ဂုဏ်သရေမြင့်မားသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် သူ့ဆိုင်သို့ရောက်လာခြင်းကို သူ့အနေဖြင့် ဂုဏ်ယူမဆုံးဖြစ်လျက် ရှိသည်။

'လောလောဆယ် မင်းတို့ဆိုင်ရဲ့ ဝန်ဆောင်မှုကို တို့မလိုသေးဘူး တေရှီ–ဆန်' ဟု တာနာကာက ပြောသည်။ 'တို့ သိချင်တာ တစ်ခုပဲရှိတယ်။ လူစိမ်းတွေ မင်းတို့ဆီဝင်ပြီး နားသွားသလား၊ စားသွားသလား . . .၊ ဒါမှမဟုတ် ဒီအနားက ဖြတ်သွားခဲ့ကြတာ ဒီနေ့ရှိသလား'

'လောလောဆယ်မှာတော့ လူသူအရောက်အပေါက်နည်းတဲ့ ဒီဒေသဟာ တိတ်တိတ်ဆိတ်ဆိတ် နိုင်လွန်းလှပါတယ် . . . အို ကာမိ–ဆန်' ဟု တေရှီက ဦးခေါင်းကိုင့်၍ ပြန်ပြောသည်။ 'ဖူဂျီ–ဆန်တောင်ပေါ်က ဆီးနှင်းတွေ အရည်ပျော်ကျပြီဆိုတဲ့အချိန်ကျမှသာ ဘုရားဖူးတွေက လာနေကျအတိုင်း လာကြတာပါ။ ဒါပေမယ့် ဒီနေ့တော့ ရှားရှားပါးပါး ဧည့်သည်တစ်ယောက် ကျွန်တော့်ဆိုင်ကို ရောက်လာခဲ့ပါတယ်'

'အဲဒီလူက ဘယ်လိုလူစားလဲ' ဟု ဂိုတာရိုက ကြားဖြတ်မေးသည်။ 'သူ့ပုံက ဘယ်လိုပုံမျိုးလဲ . . .၊ ဘန်ဇိုကုနဲ့ တူသလား၊ နိုင်ငံခြားသား ခါးပြအရိုင်းတစ်ကောင်လို . . .လေ'

တာနာကာသည် သူ၏ အစောင့်တပ် အကြီးအကဲအား ဒေါသတကြီး လှမ်းကြည့်သည်။ ဆိုင်ရှင်၏ မျက်လုံးများသည် သူ့လူ၏ မေးခွန်းကြောင့် ကြောက်ရွံ့ခြင်းကို ဖော်ပြနေကြပြီ မဟုတ်ပါလား . . .၊ ဆိုင်ရှင်သည် ဦးခေါင်းကို တစ်ချက်မျှ ညွှတ်လိုက်သည်။

'ကျွန်တော့်ဆိုင်ကို ဒီနေ့ဝင်လာတာက သာမန်နိပွန်တစ်ယောက်ပါ၊ လယ်သမား–ယာသမား တံငါသည် တစ်ယောက်ဖြစ်ဖို့များမယ်လို့ ထင်ပါတယ်'

'သူက ဘာလိုချင်သတဲ့လဲ' ဟု တာနာကာက ပြန်မေးသည်။

'သူ ဘာပြုလို့ ဆိုင်ကို ဝင်လာရတာလဲ'

'အဝတ်အထည်တချို့ဝယ်တာ –အို ကာမိ–ဆန်၊ တောင်ပေါ်တက်ဖို့ပါ၊ အစားအစာတချို့လည်း ဝယ်သွားပါတယ်။ ကျွန်တော်ကတောင် လမ်းပြမပါပဲ တောင်ပေါ်တက်ရင် သူတို့အတွက် ဘေးအန္တရာယ် သိပ်များတယ်လို့ ပြောလိုက်မိပါသေးတယ်'

'ဘာကြောင့် မင်းက သူတို့ လို့ပြောရတာလဲ'

'ဘာကြောင့်လဲဆိုတော့ သူဝယ်တာ အဝတ်ကော၊ အစာကော၊ နောက်တစ်ယောက်စာပါ ပိုဝယ်လို့ပြောရတာပါ၊ ပြီးတော့ သူကပြောပါတယ်၊ သူ့အဖေါ်

စ်ယောက်နဲ့ တောင်ပေါ်တက်မယ်လို့ . . .ဆိုတော့ . . .'

တေရှီ သည် စကားကို မဆက်ပဲ ရပ်ထားသည်။ တာနာကာ၏ မျက်နှာကို ယ မျက်လုံးများဖြင့် ကြည့်နေသည်။ ထို့နောက် စကားကို ဆက်ပြောသည်။

'ဟုတ်ပါတယ် . . .အို ကာမိ–ဆန်၊ ကျွန်တော့်တပည့် ဆိုင်အလုပ်သမားယောက်ကလည်း လာဝယ်တဲ့လူနဲ့အတူ အဖော်တစ်ယောက် ပါလာတာ မြင်လိုက်ယ်လို့ ပြောပါတယ်။ အဲဒီအဖော်က ဆိုင်မှာမရပ်ပဲ သူ့မြင်းကို ဆက်စီးသွားတာ'

'သူတို့ကို ရောင်းလိုက်ရတာက ဘယ်လိုအဝတ်မျိုးတွေလဲ'

'ခြောက်သွေ့တဲ့ အဝတ်တွေပါ အို ကာမိ–ဆန်၊ ဘုရားဖူး ဝတ်ရုံကြီးတွေရယ်၊ ဘိရယ်၊ ကီမိုနိုအထူစားတွေရယ် . . .'

'မင်း မတွေ့လိုက်ရတဲ့ လူအတွက် ဘယ်လို အရွယ်အစားတွေ ဝယ်သလဲ'

'အားလုံး အကြီးစားအရွယ်တွေချည်းဝယ်တာ တွေ့ရပါတယ်'

'ဒါဆိုရင် ဘန်ဇိုကုပဲဖြစ်ရမယ် . . .အို ကာမိ–ဆန်' ဟု ဂိုတာရိုက ဝင်ပြောည်။

'ဒီကောင်ဟာ ဖူဂျီ–ဆန်တောင်ပေါ်ကို တက်ပြီး အဆိုးဆုံး ရာဇဝတ်မှုကို ထပ်ပြီး လွန်လိမ့်ဦးမယ် ထင်တယ် . . .'

'သူတို့ ဖြတ်သွားတာ ဘယ်လောက်ကြာပြီလဲ ' ဟု တာနာကာက ထပ်မေးည်။

တေရှီသည် တစ်ခဏမျှ စဉ်းစားနေသည်။ 'သုံးနာရီကျော်လောက်တော့ ရှိပြီလို့ င်တယ် အို ကာမိ–ဆန်၊ အနည်းဆုံး လေးနာရီပေါ့။ အဲဒီထက်တော့ မပိုပါဘူး'

'သူတို့ ဘယ်ဖက်ကို သွားကြသလဲ'

တေရှီ က မြောက်ဘက်ကို လက်ညှိုးထိုးပြသည်။ အဲဒီဘက်ကို သွားကြတယ် ကာမိ–ဆန်'

တာနာကာသည် သူ့ခါးပတ်တွင် ချိတ်ထားသည့် အိတ်ထဲသို့ နှိုက်၍ ငွေဒင်္ဂါးပြားကို ထုတ်ယူကာ တေရှီအား လှမ်းပေးသည်။ 'မင်းရဲ့ ကူညီမှုအတွက် ဆုပေးတာ ဘယ်သူ့ကိုမှ မပြောဘူးလို့ ငါမျှော်လင့်တယ်'

'အို ကာမိ–ဆန် ၊ ကျွန်တော့်ကို ဂုဏ်ပြုခြင်းလို့ ကျွန်တော် ယူဆပါတယ် ’

တေရှီ သည် ငွေဒင်္ဂါးများကို လက်ဝါးနှစ်ဖက်ဖြန့်၍ ခံယူသည်။ သူသည် သသမှုဖြင့် ဦးခေါင်းကို ညွှတ်ထားသည်။ တာနာကာ မြင်းပေါ်တက်ပြီး၍ လုံး မြင်းများကို စိုင်းထွက်သွားချိန်အထိ သူ့ဦးခေါင်းကို ပြန်မမော့။ သူသည်း

www.burmeseclassic.com

www.burmeseclassic.com

. . . မြင်းခွာသံများကို နားစွင့်နေသည်။ မြင်းခွာသံများသည် တဖြည်းဖြည်း ဝေးသွ
လုံးဝပျောက်သွားသည်။ ထိုအခါ တေရှီ သည် တာနာကာနှင့် စကားပြောရေ
တလျှောက်လုံး တံခါးနောက်မှ စောင့်၍ နားထောင်နေသည့် သူ့တပည့်အား လှမ်း
သည်။

'မြင်းတစီး ကုန်းတင်လိုက်' ဟုခိုင်းသည်။ 'ရဲတိုက်က အရှင့်ဆီကို အမြန်
နိုင်ငံခြားသား အရိုင်းကောင်ဟာ သူ့အဖေါ် တံငါသည်နိုပွန်နဲ့အတူ ဒီမနက် တို့အ
က ဖြတ်သွားတယ်လို့ပြောပြ၊ သူတို့ ဖူဂျီ–ဆန်တောင်ပေါ် တက်သွားတာလည်း မြ
တယ်လို့ပြော၊ ပြီးတော့ ကာဂိုအနွယ်ဝင် မင်းသားတစ်ယောက်လည်း သူရဲ့ ဆာမူ
စစ်သည်နှစ်ဆယ်နဲ့ အဲဒီလူ နှစ်ယောက်နောက်က လိုက်သွားတယ်လို့လည်း ပြော

'ဟုတ်ကဲ့ပါ– မာစတာ' ဟု သူ့တပည့်က ပြန်ပြောသည်။

'ကျွန်တော် အခု ချက်ခြင်း ထွက်ပါမယ်'

သူသည် မြင်းဇောင်းဆီသို့ ပြေးသွားကာ မြင်းတစ်ကောင်ကို ပြင်သည်။ သုံး
ခန့်ကြာသောအခါ သူ့မြင်းသည် ထမင်းဆိုင်ဝင်းထဲမှ ကဆုန်စိုင်း၍ ထွက်သွားသ
သူသွားသည်မှာ မင်းသားတာနာကာ ထွက်သွားသည့် ဘက်ကိုမဟုတ်၊ ဆန့်ကျင်
အရပ်ဆီသို့ ဖြစ်သည်။

(၂၉)

လူလေးယောက်ထမ်းလာသည့် အနက်ရောင်ယွန်းထည် နိုရီမိုနို (ဝေါ) ယာဉ်
ည့် ယူရာဂါ၏ အထက်ဘက်မှ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော မြူမှုန်များကို
သန်းကာ လျှင်မြန်စွာ ပြေးသွားလျက်ရှိသည်။ ပြတင်းပေါက်မပါသော ယာဉ်သည်
ထမ်းသမားများ လှုပ်ရှားသည်နှင့်အမျှ ခါလိုက်၊ ခုန်လိုက်ဖြစ်လျက်ရှိ၏။ ယာဉ်မှာ
ထမ်းသမားလေးဦး ထမ်းရသည့်ယာဉ် ဖြစ်လေသည်။

ဤယာဉ်အမျိုးအစားမှာ ဂျပန်နိုင်ငံ၏ ဘုရင်၊ အိမ်ရှေ့မင်းသား၊ မှူးမတ်နှင့်
ရှိကြီးများ ခရီးသွားလျှင် စီးနင်းသည့်ယာဉ်ဖြစ်၏။ ရိုးရာဓလေ့ထုံးစံအရ ဖြစ်ပေါ်
သည့် ဤယာဉ်ကို ထီးသုံးနန်းသုံး ခရီးသွားယာဉ်အဖြစ် ဂျပန်တို့ အသုံးပြုလာခဲ့
သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့လေပြီ . . .၊ ယာဉ်၏ပတ်ပတ်လည်တွင်
ယာဉ်နှင့်ကပ်၍ လိုက်ပါလာနေသည့် မြင်းသည်တော်များမှာ ဟိုင်ဖူးမှ လော့ဒ်ဒိုင်ဇို၏
နွယ်ဝင်တပ်သားများ ဖြစ်ပေသည်။

ဝါးလုံးကြီးများ တပ်ထားသည့် ဝေါယာဉ်အား အထမ်းသမားများက ရှေ့
ယောက်၊ နောက်နှစ်ယောက်ခွဲ၍ ထမ်းလာကြခြင်းဖြစ်၍ ဘေးမှ လိုက်ပါလာကြသော
စောင့်မြင်းတပ်သား ဆာမူရိုင်းများသည် အရပ်လေးမျက်နှာကို မျက်ခြေမပြတ် ကြည့်
လျက် ရှိကြ၏။ အလွန်အလှမ်းဝေးကွာလှသည့်နေရာရှိ တောင်ကုန်းထိပ်ပေါ်မှ
ဇို ၏ ရဲတိုက်ကိုမူ ခပ်ရေးရေးမျှသာ မြင်တွေ့ကြရသည်။ ထိုအခိုက်မှာပင် ခံတပ်ကို
လိုက်ရသော ဆာမူရိုင်းကတ်ပတိန်သည် အထမ်းသမားများဘက်လှည့်၍ ခြေလှမ်း
ကို ပို၍သွက်သွက်မြန်မြန် လှမ်းကြရန် အော်ဟစ်ပြီး အမိန့်ပေးလျက်ရှိလေ၏။

တလှုပ်လှုပ်ဖြစ်ကာ ယိမ်းထိုးလျက်ရှိသော နိုရီမိုနို အတွင်းဘက်တွင် ပိန်သွယ်သွယ်
စာတတ်ပေတတ် မျက်နှာမျိုးပိုင်ရှင် ဟာနီဝါရာတိုကူမာသည် ထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် အမေရိကန်သင်္ဘောနက်ကြီးများပေါ်သို့ ဂျပန်အာဏာပိုင်များသွားသ အခါတိုင်း စကားပြန်လုပ်ရသူဖြစ်၏။ သူသည် ဝေါယာဉ်အတွင်း၌ ကျပ်ကျပ်သပ်သပ် ထိုင်ကာ ဟိုယိမ်းသည်ယိမ်း ဖြစ်လျက်ရှိသည်။ သူ့ခေါင်းမှ ယွန်းဘိုးအနက် ဦးထု ကျွတ်ကျမသွားအောင်လည်း လက်တဖက်ဖြင့် ထိန်းနေရလေသည်။

သို့တစေလည်း ဆာမူရိုင်းကက်ပတိန် အမိန့်ပေးသံကို ကြားလိုက်ရသည့်အ သူသည် တိုး၍ စိတ်လှုပ်ရှားလာသည်။ သူ့အနေဖြင့် ဝေါထဲမှနေ၍ ဘာကိုမှမမြ ရသော်လည်း သူတို့အားလုံး ခရီးအဆုံးသို့ ရောက်တော့မည်ကို ခန့်မှန်းပြီး သိနေ ဖြစ်၏။

အမှန်တော့ အစောင့်တပ်စုတစ်စုနှင့် နီရီမိုနီသည် သူ ယူရာဂါရှိ ဘုရင်ခံနေး စည့်ဆောင်၌ စည့်သည်အဖြစ် တည်းခိုနေခိုက် မမျှော်လင့်ပဲ ဆိုက်ရောက်လာ ဖြစ်သည်။ ဤအတွက် သူသည် အံ့အားသင့်ခဲ့သည်မှာ မှန်သော်လည်း ထိတ်လန့် ကားမဖြစ်ခဲ့ချေ။

တပ်စုခေါင်းဆောင် ဆာမူရိုင်းကက်ပတိန်သည် သူ့အား ဦးညွှတ်၍ အရိုအသေ ပေးကာ နှုတ်ဆက်သည်။ သူ့အား ဟိုင်ဖူးလော့ဒ်ဒိုင်မိုမှ သူနှင့် လာတွေ့ရန် အမိ လွှတ်လိုက်သည်ဟု အသိပေးသည်။ သို့သော်လည်း နန်းတော်မှ ထွက်ခွာလာသည် တပြိုင်နက် နီရီမိုနီသည် အရှိန်ကို ပြင်းစွာမြှင့်၍ သွားလျက်ရှိသည်သာမက ဘာကြော အမြန်သွားနေရတာလဲဟု မေးသည်ကိုလည်း ပြန်ပြောခြင်း မရှိကြပေ။

သူသည် ထိုမေးခွန်းကို အကြိမ်ကြိမ် အော်မေးသော်လည်း အဖြေမရသည့်အ အရှိန်ကို လျှော့၍ ဖြည်းဖြည်းသာသာ သွားကြဖို့ မေတ္တာရပ်ခံပြန်သည်။ သို့သော်လ ဝေါထမ်းသမားများရော စစ်သည်များပါ အရှိန်ကို မလျှော့ကြချေ။ ထိုအခါ သူသ ကြောက်စိတ်ဝင်လာသဖြင့် နောက်ထပ် ဘာမှမပြောတော့ပဲ နှုတ်ဆိတ်လာခဲ့ တော့သည်။

ဝေါထမ်းသမားများသည် မြေပြန့်သို့ ဆင်းလာခဲ့ကြပြီးနောက် တဖြည်းဖြ အမြင့်ပိုင်းသို့ တက်လာပြန်သည်။ ထို့နောက် နီရီမိုနီ သည် အစောင့်များစွာချ သည့် ဝင်ပေါက်ထွက်ပေါက် အများအပြားကို ကျော်ဖြတ်လာခဲ့သည်။ နောက်ဆုံးတ နီရီမိုနီသည် ရပ်သွားသည်။ ဆာမူရိုင်းကက်ပတိန်သည် ရဲတိုက်ဝင်းအတွင်း ရောက်လျ ရောက်ချင်း နီရီမိုနီ ၏ တံခါးသေးသေးကို ဆွဲဖွင့်လိုက်ပြီး လက်ဟန်ခြေဟန်ပြ အပြင်သို့ ထွက်စေ်သည်။ သူသည် ရှိသေကိုင်းရှိုင်းမှုကို မပြတော့ပေ။

'ခင်ဗျား ကျွန်တော့်နောက်က လိုက်ခဲ့' ဟု လေသံမာမာဖြင့် လှမ်းပြောသည်။

'ခင်ဗျားကို လော့ဒ်ဒိုင်မိုက ချက်ခြင်းအတွေ့ခံလိမ့်မယ်'

အခြားဆာမူရိုင်းသုံးယောက်သည် ဟာနီဝါရာတိုကူမာ၏ နောက်၌ရပ်နေကြ သူတို့လက်များသည် ဓါးတွင်ချိတ်ထားသည့် ဓါးရိုးများပေါ်တင်လျက် . . .။ ဝါရာတိုကူမာသည် သူတို့နှင့်အတူ ရဲတိုက်တွင်းသို့ ဝင်ခဲ့ရသည်။ သူတို့ဝင်လာ လမ်းတလျှောက်တွင် လှံနှင့်ဓါးလက်နက်များ၊ မျိုးနွယ်တံဆိပ်များ ထွင်းထား ဒိုင်းများ ချိတ်ဆွဲထားလေသည်။

သူတို့သည် လှေခါးထစ်များကို တထစ်ပြီး တထစ်တက်လာခဲ့ကြပြီးနောက် သေးသေး စည့်ဆောင်တွင်းသို့ ဝင်လာခဲ့ကြသည်။ နက်ပြာရောင် ပိုးသားကီမိုနို ဆင်ထားသည့် လော့ဒ်ဒိုင်မိုသည် စင်မြင့်ပေါ်ရှိ ကူရှင်ထိုင်ခုံပေါ်တွင် တင်ပလ္လင်ခွေ လျက်ရှိသည်။

လော့ဒ်ဒိုင်မို၏ သား အရပ်မြင့်မြင့်နှင့် ငယ်ရွယ်နုပျိုသော ကိုယ်ခန္ဓာပိုင်ရှင် ယာကာ သည် သူ့ဖခင်၏ နောက်၌ ရပ်လျက်ရှိသည်။ သူသည် သံချပ်အင်္ကျီများ ဝတ်ထားပြီး ခါးနှစ်လက်ကို ချိတ်ထားသည်။ သူ့ဟန်အမူအရာနှင့် မျက်နှာထားသည် ဖေကဲ့သို့ပင် ရန်လိုသော အနေအထားကို ပြလျက်ရှိလေသည်။

ဆာမူရိုင်းအစောင့်လေးယောက်သည် တံခါးဝင်ပေါက် တစ်ဖက်တစ်ချက်တွင် ခွဲ၍ ရပ်လိုက်ကြသည်။ သူတို့ကပင် ဟာနီဝါရာတိုကူမာအား ရှေ့သို့ တိုးသွား လက်ဟန်ခြေဟန် ပြ၍ခိုင်းသည်။ စကားပြန်သည် ဦးခေါင်းညွှတ်လိုက်ပြီး ဒ်ဒိုင်မိုဘက်လှည့်၍ ထိုင်ကာ တာတာမီမြက်ဖျာနှင့် သူ့နဖူး သုံးကြိမ်တိတိ ထိ၍ သေ ပြုလိုက်သည်။ ထို့နောက်သူသည် သောကမကင်းသည့် မျက်နှာဖြင့် ဒိုင်မို လှမ်းကြည့်နေသည်။

'နိပွန်နိုင်ငံရဲ့ မြတ်သော ဥပဒေတွေဟာ . . .နိုင်ငံခြားသား လူရိုင်းတွေကို ဒီမြေပေါ် ချရဘူးလို့ တားမြစ်ထားတယ်' ဟု ဒိုင်မိုက စကားပြန်၏ မျက်နှာကို စေ့စေ့ကြည့် ပြောသည်။ 'ဒါပေမယ့်လို့ . . . အခုဆိုရင် အဲဒီမြတ်သော ဥပဒေတွေကို အရိုးဖေါက် ရပြီ၊ အင်ပါယာစကောဇ်ဘုရင်ရဲ့ ဂုဏ်သိက္ခာဟာလည်း အများကြီး ထိခိုက်နေရပြီ'

ဒိုင်မိုသည် စကားကိုဖြတ်၍ရပ်ကာ သူ့ရှေ့မှ စကားပြန်မျက်နှာကို စူးစူးရဲရဲ ကြည့်နေပြန်သည်။ ထို့နောက် 'အခုစကားကို မင်းသဘောတူတယ် မဟုတ်လား ဝါရာ –ဆန်' ဟုမေးသည်။

'အရှင်ပြောတဲ့ စကားဟာ အမှန်ပါဘဲ . . .အရှင်' ဟု ဟာနီဝါရာက ဇဝေဇဝါ ဖြင့် ဖြေသည်။

'တကယ်လို့ တို့အနေနဲ့ တို့ရဲ့အင်ပါယာစကောဇ်ဘုရင်မင်းမြတ်ကို ရိုသေမြတ်နိုး ဆိုရင် နတ်ဘုရားများရဲ့ မြေပေါ်ကို အလွန်အကျည်းတန်တဲ့ နိုင်ငံခြားသား

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ခြေချလိုက်လို့ ကျက်သရေယုတ်သွားတယ်ဆိုရင် အဲဒီကောင်ကို ပါ မောင်းထုတ်ရမယ်. . .' ဒိုင်မျို သည် စကားကို ဖြတ်ထားပြီး စကားပြန်အား ကြ နေပြန်သည်။ 'ငါ့အခု ပြောနေတဲ့စကားဟာကော . . . မှန်တယ် မဟုတ်လား ဟ ဝါရာ–ဆန်'

'မှန်ပါတယ် . . . အရှင်' ဟု စကားပြန်က ဒိုင်မျို နှင့် မျက်လုံးချင်းဆို မကြည့်ပဲ ပြောသည်။

'မင်း အဲသလို တွေးတဲ့အတွက် ငါဝမ်းသာတယ် . . . ဒါဆိုရင် မင်း ငါ့ကိုကူ လွယ်မှာပါ'

'ကူညီဖို့ အသင့်ပါ အရှင်၊ ကူညီချင်တာဟာ ကျွန်တော့်ဆန္ဒပါ' ဟု စကားပြ မျက်လွှာကိုချ၍ ပြောသည်။

'အေး–ကောင်းတယ်' ဟု ဒိုင်ဇိုက ပြောသည်။ 'ငါ မင်းကို ခေါ်ရတာက နိုင်ငံ သားလူရိုင်းသူလျှိုတစ်ယောက်ဟာ သင်္ဘောနက်ကြီးတွေပေါ်က ဆင်းလာပြီး ကမ် တက်လာတယ်ဆိုတာ သိရလို့ပဲ၊ သူ့ကို ရှာဖွေရာမှာ မင်းက ကူညီဖို့ဘဲ'

စကားပြန်က မော့ကြည့်သည်။ ကြောင့်ကျပူပန်မှုများ တိုးလာသည်ကို မျက်နှာက ဖော်ပြနေသည်။ 'ကျွန်တော် အဲဒီကိစ္စကို ဘယ်လိုနည်းနဲ့ ကူညီနိုင်မှာ . . . အရှင်

'ကြည့်ကြမယ်လေ . . .လေ' ဟု ဒိုင်ဇိုက ပြန်ပြောသည်။ 'အခုလို ဘေးအန္တရာ များနေချိန်မှာ လိုအပ်မယ်ထင်လို့ ယီဒိုက မင်းမယားနဲ့ကလေးတွေဆီကို အစောင့် လွှတ်လိုက်တယ်။ သူတို့ကို ငါရဲ့ကာကွယ်စောင့်ရှောက်မှု အောက်မှာထားပြီးပြီ တော့ ငါ့ကို ကူညီတဲ့အခါမှာ သူတို့လုံခြုံရေးအတွက် မင်း ပူစရာမလိုတော့ အေးအေးဆေးဆေး ကူညီနိုင်လိမ့်မယ်' သူတို့ကို လျှို့ဝှက်တဲ့ နေရာတစ်နေရာမှာ ပို့ လိုက်တယ်။ အဲဒါမှလည်း အခု တို့ပြောနေတဲ့စကားတွေကို ဘေးလူတစ်ယောက် မရောက်မှာ . . .'

ဟာနီဝါရာ၏ မျက်နှာသည် ဖြူယော်ယော်ဖြစ်သွားသည်။ သူ့မိသားစုသ ရက်စက်ကြမ်းကြုတ်သော ဒိုင်မျို ၏လက်တွင်း၌ ဓါးစာခံများ ဖြစ်နေရလေပြီ။ ဒိုင်မို မျက်လုံးအစုံတွင် လက်ဦးမှုရယူလိုက်ရသည့်အတွက် ကျေနပ်အားရခြင်းကို ဖေ နေသည်။ စကားပြန်သည် သူ၏မှန်ကန်သော ခံစားချက်များကို ဒိုင်ဇို မမြင်စေလိုသ ခေါင်းကိုငုံ့ထားသည်။

'ကျွန်တော် အချစ်ဆုံးမိသားစုကို အခုလို စောင့်ရှောက်ပေးတဲ့အတွက် အရှင် ကျေးဇူးတင်ပါတယ်. . .ခင်ဗျာ၊ ကျွန်တော် အရှင့်ကို ဘယ်လိုကူညီနိုင်မလဲဆို

ပါရစေအရှင်' ဟု စကားပြန်က အလိုက်သင့် ပြန်ပြောသည်။

'မနေ့က ငါရဲ့ အတော်ဆုံး ဆာမူရိုင်းကို နိုင်ငံခြားသား လူရိုင်းကောင် ရောက်လာပြီး ဟျှိုလုပ်သွားခဲ့တဲ့ နယ်မြေထဲ လွှတ်လိုက်တယ်။ ဒါပေမယ့် သူပျောက်သွားတယ်၊ ရာခဲလို့ မရဘူး၊ ဒီအကောင် . . . သင်္ဘောနက်တွေဆီကို တိတ်တိတ်ကြိတ်ပြီး သွားသလား၊ အဲဒါ ငါသိချင်တယ်'

ဟာနီဝါရာသည် မျက်လွှာကို ချမြဲတိုင်း ချထားသည်။ ဒိုင်မျိုနှင့် မျက်လုံးချင်း ၍ မကြည့်မိအောင် ရှောင်နေခြင်းဖြစ်၏။ 'အဲဒီလူ သူ့သင်္ဘောကို ပြန်မရောက်သေး ဘူး–အရှင်၊ ဒီနေ့မနက် လူရိုင်းစကားပြန်က ကျွန်တော့်ကို တိတ်တိတ်ကလေး တယ်၊ အဲဒီလူနဲ့ ပတ်သက်လို့ ဘာသတင်းမှ မရဘူးလား . . .တဲ့၊ အခုဆိုရင် ်ခြေတလျှောက်လုံးမှာ အစောင့်တွေ အများကြီးချထားတယ်'

'ဒါပေမယ့်လို့ သူ့ကို အခုထက်ထိ မတွေ့သေးဘူး' ဟု ဒိုင်ဇိုက ဒေါသသံဖြင့် ပြောသည်။ 'အဲဒီသူလျှိုအကြောင်း သူတို့ဘက်က ဘာတွေပြောသေးလဲ . . .'

'သူတို့ကတော့ အဲဒီလူဟာ သူလျှို မဟုတ်ဘူးလို့ ငြင်းဖို့ကြိုးစားနေတုန်းပဲ အရှင်၊ သူ ကမ်းပေါ်တက်သွားတာ ခွင့်ပြုချက်မရပဲ ထွက်သွားတာတဲ့၊ နိပွန်တွေနဲ့ ငံခြားသား လူရိုင်းတွေကြားမှာ မဟာမိတ်ဖြစ်ဖို့နဲ့ ငြိမ်းချမ်းရေးရဖို့ လုပ်မယ်ဆိုပြီး က်သွားတာ . . .တဲ့'

'အဲဒီစကားတွေဟာ အလိမ်တွေကွ' ဟု ဒိုင်ဇိုက အော်သည်။ 'အဲဒါဟာ သူတို့ရဲ့ မှုပဲ။ အဲဒီစကားပြောပြီး ငါတို့ကို မျက်စိလည်အောင်လုပ်တာ။ သူတို့ရင်ထဲမှာ တဲ့ စိတ်ရင်းအမှန်ကို မသိအောင်လုပ်တာ'

'ဟုတ်ကဲ့ပါ၊ အရှင်ပြောတာ မှန်ဖို့များပါတယ်' ဟု စကားပြန်က လေပျော့ လေးဖြင့် ပြောသည်။ 'ကျွန်တော်ကတော့ သူတို့ပြောတဲ့ စကားကိုပဲ သတင်းပို့ ပါ–အရှင်'

'နိုင်ငံခြားသား လူရိုင်းတွေဟာ တရုတ်နဲ့အိန္ဒိယနိုင်ငံက လူတွေကို ကျွန်တွေ ပ်ထားကြပြီ' ဟု ဒိုင်ဇိုက ပြောသည်။ 'အခု သူတို့က နိပွန်နိုင်ငံကိုလည်း ကျွန် ချင်နေတယ်၊ အခုဆိုရင် သူတို့ဘက်က ခြိမ်းခြောက်လိုက်၊ ညာလိုက်၊ လိမ်လိုက်နဲ့ ပါးနပ်နပ် လုပ်နေကြပြီ၊ ကျွန်အပြုမခံချင်ကြရင် တို့အားလုံး သူတို့ကို သေသည် ယ် ခုခံတိုက်ခိုက်မှ ဖြစ်မှာ' တို့ဘက်က အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး'

'ကျွန်တော်ကတော့ ကိုယ့်တာဝန်ကိုယ်လုပ်ရင်းနဲ့ တခြားလူတွေရဲ့ အမိန့် လုံးကို လိုက်နာနေပါတယ် . . .အရှင်' ဟု စကားပြန်က ရှင်းပြသည်။ 'အခု လောဆယ်မှာတော့ ကျွန်တော်ဟာ ယူရာဂါဘုရင်ခံဆီမှာ အမှုတော်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ရပါတယ်၊ ကျွန်တော်အနေနဲ့ ဘာလုပ်ရမယ်လို့ ပြောပိုင်ခွင့် မရှိပါဘူး၊ အဲဒီတာ ကို အရှင် မေ့ကောင်းမေ့နေပါလိမ့်မယ်'

'မင်းကို ဖေးနေတဲ့ အမိန့်တွေနဲ့ မင်း ခစားနေတဲ့ ဘုရင်ခံဆိုတဲ့လူရဲ့ အမိန့် စေ့စပ်ရေးဘဲ၊ ဘုရင်ခံဆိုတဲ့လူကလည်း လူကြောက်အသိုင်းအဝိုင်းက လာ ဘာထူးလို့လဲ . . .' ဟု ဒိုင်ဇိုက အံကြိတ်၍ပြောသည်။ 'အခုဆိုရင် ရှိုးဂန်းက နီးနေပြီ။ ဒီလူရိုင်းတွေကိုစွန့်ပစ်သက်လို့ ဘာမှ အဆုံးအဖြတ် မပေးနိုင်တော့ အဲဒါကြောင့်မို့လည်း ငါတို့ရဲ့ အုပ်ချုပ်ရေးကောင်စီဟာ မရေမရာဖြစ်ပြီး ဘာကိုမှ ဖြတ်နိုင်တော့ဘူး'

'သူဖြေ ဘာထွက်မယ်ထင်ပါသလဲ . . .အရှင် ' ဟု ဟာနီဝါရာက မျက်နှာ မော့၍မေးသည်။

'ဒီနေ့ထိတော့ ကြောက်လန့်နေကြတဲ့ မှူးမတ်တွေက 'ချော့မော့ဆက်ဆံရေး ကို . . .ရှေ့တန်း တင်ထားကြတယ်၊ သူတို့ကပဲ အသာစီးရနေတယ်' ဟု ဒိုင် ဒေါသတကြီး ပြောသည်။ 'သူတို့က နိုင်ငံခြားသား လူရိုင်းတွေကို ချော့မော့ပြီး အ ဆွဲဖို့ တို့ကို တိုက်တွန်းချင်နေတယ်' အချိန်ဆွဲလို့ရရင် အဲဒီအချိန်အတွင်းမှာ လူရိုင် ဆီက လျှို့ဝှက်ချက်အားလုံးကို သိလာအောင် လုပ်မယ်၊ သိလာတာနဲ့အမျှ သူ ရင်ဘောင်တန်းနိုင်အောင် တို့လူမျိုးရဲ့အင်အားကို တည်ဆောက်မယ်လို့ ဆိုနေကြ အဲသလောက် အချိန်တွေ ကြာသွားရင် .. ကိုယ့်လူမျိုးကို...ကယ်တင်ဖို့ နောက် သွားမှာ သေချာတယ်၊ အဲဒီတော့ကာ ..ဒိုင်ဇိုရှိုတိုမိဆိုတဲ့ ဟိုင်ဖူးနယ်ပိုင်ရှင် ငါက အဲဒီကြန့်ကြာမှုကို လုံးဝခွင့်မပြုနိုင်ဘူး –ဟေ့'

'အရှင် ဘာလုပ်မယ်လို့ စိတ်ကူးပါသလဲ . . .'

'ငါ –ဟိုနိုင်ငံခြားသား သူလျှိုကို ရအောင်ဖမ်းမယ်၊ မိရင် ယူရာဂါကို ခေါ် မယ်၊ သူတို့ဘက်က မမှန်မကန်ဘူးဆိုတာ ငါတို့လူတွေ သိအောင်ပြမယ်၊ အဲဒါဆို လူတိုင်းက နိုင်ငံခြားသား လူရိုင်းတွေကို ခုခံတိုက်ခိုက်ဖို့ကလွဲပြီး တခြားနည်း မရှိဘူးဆိုတာ သိကုန်ကြမှာဘဲ'

ဒိုင်မျိုသည် . . . ဟာနီဝါရာအား ခက်ထန်တင်းမာသော မျက်နှာထား ကြည့်နေသည်။ သူ့နောက်၌ရပ်နေသော သူ့သားကလည်း သူ့အဖေနည်းတူပင် စ ပြန်အား မျက်စိပေါက် ကျဉ်းကျဉ်းဖြင့် စူးစူးရဲရဲ စိုက်ကြည့်နေသည်။

'ခင်ဗျား သိနေတဲ့ အခြားအချက်အလက်တွေနဲ့ ကျွန်တော်တို့ကို ကူညီချင် ကူ နိုင်မှာပေါ့' ဟု ဒိုင်ဇို၏သားက တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။

'ခင်ဗျားကို ဒီနေ့ ဒီခေါ်လာတော့ ခင်ဗျားစိတ်ထဲမှာ နားမလည်တာ

ရှိမယ်၊ သောကလည်း ရှိမှာပဲ၊ အဲဒီတော့ တချို့အချက်တွေကို မပြောပဲ ချန်ထားချင် ကြားမယ်လို့ ထင်တယ်'

'အရှင့် စိတ်ထဲမှာ ဘာရှိနေပါသလဲ' ဟု ဟာနီဝါရာက ဒိုင်ဇိုသားအား ပြန်ကြည့် မေးသည်။

ယာကာမိုချီသည် မျက်တောင်ကို တဖျပ်ဖျပ် ခတ်နေသည်။ 'ခင်ဗျား သတိ ပြီး ထပ်စဉ်းစားပါအုံး၊ တခုခုတော့ ရှိဦးမှာပါ၊ ခင်ဗျား တကယ်ချစ်တဲ့ မိသားစုရဲ့ ဖြိုးရေးနဲ့ အသက်ရှင်ရေးအတွက် အထောက်အကူ ပြုနိုင်မယ့် အချက်တစ်ခုခုကို ပြောတာပါ'

သူပြောလိုက်သည့် စကားထဲတွင် ခြိမ်းခြောက်မှုက အဲထင်အရှားပါနေသည်။ စကားပြန်အဖို့ အားကိုးရာမဲ့သလို ဖြစ်သွားသည်။ 'ဟုတ်ပါတယ် . . .အရှင် . . . ချက်တစ်ခု ရှိနေပါသေးတယ်၊ အခု နောက်ဆုံး သိထားရတဲ့ အချက်တစ်ချက်က နိုင်ငံခြားသား လူရိုင်းသူလျှိုဟာ ဖူဂျီ–ဆန်တောင်ရဲ့ နယ်မြေအတွင်းမှာ ရောက်နေတယ် လို့ ဆက်သားတစ်ယောက် သတင်းပို့သွားတယ်လို့ ကြားခဲ့ရပါတယ်'

'ဖူဂျီ–ဆန် . . .' ဟု ဒိုင်ဇိုက ဒေါသတကြီး ရေရွတ်သည်။ 'မင်း အဲဒီအချက်ကို ဟာစောက ဘာပြုလို့ မပြောတာလဲ . . .ကွ'

'သိပ်ပြီး မရေရာတဲ့ သတင်းကြောင့် အရှင်တို့ အလွဲအမှား ပြုမိမှာ စိုးရိမ်လို့ပါ . . .ခင်ဗျာ ' ဟု စကားပြန်က ထစ်တီးထစ်ငေါ ဖြေသည်။ 'ကောလဟာလ သတင်း တွေက အများကြီးပါ . . .အရှင်၊ အခု ဒီသတင်းမှာလည်း အတည်ပြုချက်က မရသေး ပါဘူး'

'ဖူဂျီ–ဆန်က လာတဲ့ ဆက်သားက ဘာပြောသွားသလဲ . . .' ဟု ဒိုင်ဇိုက ဟောက်ပြီးမေးသည်။ 'ပြောစမ်း . . .၊ မြန်မြန်ပြောလေ . . .ကွာ'

'ဆက်သားပြောတာက နိုင်ငံခြားသားလူရိုင်းကို ဖူဂျီတောင်ရဲ့ အရှေ့တောင် ဘက်က တောင်တက်လမ်းမှာ မြင်ခဲ့ရတယ် . . .တဲ့၊ သူက လယ်သမားယောင် ဆောင်ထားတယ် . . .တဲ့၊ သူနဲ့အတူပါလာတဲ့ နိပ္ပွန်လူမျိုးအဖော်က တောင်တက်ဖို့ ပိုပစ္စည်းတွေ လာဝယ်သွားတယ် . . .တဲ့၊ သူတို့နောက်ကို ကာဂိုမျိုးနွယ်ဝင် မင်းသား ဂစ်ပါးက ဆာမူရိုင်းစစ်သည် နှစ်ဆယ်လောက်နဲ့ လိုက်သွားတာ တွေ့ရတယ်လို့လည်း ဆက်သားက ပြောသွားတယ်'

'အဲဒါ –တာနာကာ' ဟု ဒိုင်ဇိုက ဒေါသဖြင့် ရေရွတ်လိုက်ပြီး သူ့သားဘက် လှည့်လိုက်သည်။

'မင်း အခုချက်ခြင်း ထွက် . . . ။ သတ္တိအကောင်းဆုံး စစ်သည်ငါးဆယ်ကို

www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွား၊ အရင်လွှတ်ထားတဲ့ ရှာဖွေရေးအဖွဲ့ဆီကို ဆက်သားတွေလွှတ်၊ သူ အားလုံးကို ဖူရီ–တောင်ရဲ့ အရှေ့တောင်ဘက်က တောင်တက်လမ်းမှာ မင်းအဖွဲ့ အမြန်ဆုံး ဆက်သွယ်ရမယ်လို့ ပြော. . .အမိန့်ပေး၊ ငါ့ဆီကိုလည်း ဆက်သား မှန်မှန်လွှတ်ပြီး အခြေအနေအရပ်ရပ်ကို မပြတ်သတင်းပို့ နားလည်လား'

ယာကာမိုရှီသည် သူ့အဖေအား ခေါင်းတစ်ချက်ညွှတ်၍ အရိုအသေပေးလိုက်ပြီး အခန်းထဲမှ လျှင်မြန်စွာ ထွက်သွားသည်။ ဒိုင်မျိုကတော့ စောစောက ပုံစံအတိုင်း ကူရှင်ပေါ်၌ တင်ပလ္လင်ခွေထိုင်ကာ စိတ်မသက်မသာ ဖြစ်နေသော စကားပြန်အား စိုက်ကြည့်နေသည်။ ထို့နောက် တွေးတွေးဆဆရှိပုံရသော စကားများကို ဆက်ပြော သည်။

'မင်း သင်္ဘောနက်တွေပေါ်ကို သုံးကြိမ်တက်ခဲ့ပြီးပြီ ဟာနီဝါရာ–ဆန်၊ မင်းအနေ နဲ့ သင်္ဘောတွေပေါ်မှာ စစ်သည် စုစုပေါင်း ဘယ်လောက် ပါသလဲဆိုတာ ခန့်မှန်းပြီး သိနေလောက်ပြီ၊ ငါမေးတာ မင်းဘယ်လို သဘောရသလဲ'

စကားပြန်သည် စိတ်မသက်သာသော မျက်နှာဖြင့် တာတာမီဖျာပေါ်၌ လှုပ်လှုပ် ရွရွဖြစ်နေသည်။ 'ကျွန်တော်ဟာ စစ်ရေးစစ်ရာ ကိစ္စတွေ မကျွမ်းကျင်ပါဘူး. . .အမှု လူရိုင်းတွေရဲ့ စစ်သည်အင်အားဟာ ရာဂဏန်းတော့ရှိမယ်လို့ ထင်ပါတယ်၊ တစ်ထောင် အောက် နည်းနည်းပဲ လျော့ဖို့များပါတယ်'

ဒိုင်ဗိုက ကျေနပ်အားရစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။ 'တို့ဘက်က ယီဒိုကမ်းခြေတလျှောက်မှာ ချထားခဲ့တဲ့ လက်နက်ကိုင်တပ်သား တစ်သိန်းကျော်ရှိပြီး နောက်ထပ်လည်း တပ်သားအများကြီး ထပ်ရောက်လာဖို့ ရှိသေးတယ်။ မနက်ဖြန်ဆိုရင် အင်အားဟာ တစ်သိန်းငါးသောင်းဖြစ်လာမယ် . . .၊ နောက်တစ်ရက်ကျရင် နှစ်သိန်း အထိ ဖြစ်လာနိုင်တယ်'

ဒိုင်မျိုသည် စကားကို ဆက်မပြောပဲ ရပ်ထားသည်။ ရဲတိုက်၏ ကျောက်စရစ် ဝင်းခြံပေါ်ကျလာနေသော မြင်းခွာသံများကို နားစွင့်နေသည်။ အော်ဟစ်အမိန့်ပေးနေ သော အသံသည် လေနှင့်အတူ လွင့်မျောကာ ပြတင်းပေါက်မှနေ၍ ဧည့်ဆောင်တွင်းသို့ ဝင်လာသည်။ သူ့သားဦးဆောင်သော ဆာမူရိုင်းတပ်သားများသည် သူ့အမိန့်အတိုင်း ရဲတိုက်အတွင်းမှ ထွက်ခွာသွားကြလေပြီ . . .ဒိုင်မျို၏ မျက်နှာသည် ကျေနပ်အားရခြင်း ကြောင့် ဝင်းလက်နေသည်။

'မကြာခင်မှာ လူရိုင်းသူလျှိုဟာ ငါ့အကျဉ်းသား ဖြစ်တော့မယ် – ဟာနီဝါရာ ဆန်' ဟု ဒိုင်ဗိုက ပြောသည်။ 'အဲဒါဆိုရင် သံသယနဲ့နေကြတဲ့ လူတွေ နိုးကြား လာကြတော့မှာ သေချာတယ်၊ နိုင်ငံခြားသားလူရိုင်းတွေရဲ့ သင်္ဘောတွေအပေါ် အလွန်

ကောင်းတဲ့ လက်နက်အသစ်အဆန်းတွေ ဘယ်လောက်ပဲများများ တို့ဘက်က စစ်သည်နှစ်သိန်းရဲ့ တိုက်ခိုက်မှုကို ဘယ်ခံနိုင်မလဲ'

သူပြောချင်တာ ပြောပြီးသည်နှင့် တပြိုင်နက် လော့ဒ်ဒိုင်ဗိုသည် သူ့ ဧည့်သည် ခေါင်းတစ်ချက်ဆက်ပြပြီး ပြန်ခိုင်းသည်။ မကြာခင်မှာပင် စိတ်ရှုတ် စိတ်ညစ် ဖြစ်ရှိသော စကားပြန်သည် အနက်ရောင် နိုရိမိုနို(ဝေါ)ပေါ်သို့ ပြန်ရောက်သွားသည်။ အထမ်းသမားများမှာ လူသစ်များဖြစ်သော်လည်း စောစောက လူများလိုပင် ဆာမူရိုင်း အစောင့်တပ်စိတ်၏ အမိန့်အာဏာအောက်၌ ရှိနေသည်။

အထမ်းသမားများသည် တောအုပ်များ လွှမ်းခြုံထားသည့် တောင်ကုန်းများဆီမှ ဆင်းကာ ယူရာဂါဘက်သို့ ရှေ့ရှု၍ ခရီးနှင်လျက်ရှိ၏။ သူတို့သည် စထွက် ကတည်းက ခြေလှမ်းများကို အမြန်လှမ်းကြသည်။ လမ်းခုလတ်တွင် ခဏတဖြုတ် နားခြင်းလည်းမရှိ။ အထမ်းသမားများသည် သီချင်းတစ်ပုဒ်ကို တဟို . . .ဟို လာနေကြသည်။

စည်းလွတ်ဝါးလွတ် သွားနေကြသော အထမ်းသမားများသည် လူမပါသည့် ဝေါကို ထမ်းလာကြသည်ဟု ထင်မှတ်ကြလေသလားမသိ။ စည်းမရှိ ကမ်းမရှိ သွားနေ သည်ဖြစ်ရာ ဝေါထဲမှ စကားပြန်မှာ ရှေ့တိုးနောက်ငင် ဟိုယိမ်းသည်ယိုင် ဖြစ်လျက် သည်။ နောက်ဆုံးတွင် သူသည် အထိတ်ထိတ်အလန့်လန့်ဖြစ်ကာ တောင့်တောင့် မတ် မထိုင်ရဲတော့ပဲ ဝပ်လျက်သာ လိုက်ပါလာရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

အီဒင်နှင့် သူ့အဖေ၊ ဆင်တာရိုတို့သည် အနီရောင်နှင့် အနက်ရောင်ပြာများ ဖုံးပုသည့် မတ်စောက်စောက် ကွေ့ကောက်ကောက် လမ်းအတိုင်း ဖြတ်သန်းလာနေကြသည်။ တောင်တက်လမ်းသည် အလွန်မတ်စောက်ရုံမျှမက ကွေ့ကောက်လွန်းလှသဖြင့် သတိကြီးစွာထား၍ လျှောက်နေကြရ၏။ လမ်းပေါ်၌ စုပုံနေသော ပြာများမှာ ပါးတောင်ပြာများ ဖြစ်၍ နင်းရသည်မှာ ပျော့လွန်းလှသည်ဖြစ်ရာ မကြာခဏ ချော်တတ်ပေလသည်။

သူတို့သည် တောင်တက်တုတ်များကို အမြဲတစေ အားပြုကြရသည်။ အထူးသဖြင့် နောက်ပြန်ချော်မကျအောင် တုတ်ကို မြေပေါ်၌ စိုက်မိအောင် ပြုပြီးမှ ခြေလှမ်းကိုလှမ်းကြရသည်။ အပေါ်ဘက် ကောင်းကင်ယံတွင် ဖြူဖွေးသော တိမ်များသည် ဖွေ့လျားနေကြသည်။ ရူးရှသော လေသည် ပြင်းစွာ တိုက်ခတ်လျက်ရှိ၏။

နှစ်ဦးစလုံး အသက်ကိုပင် မှန်မှန်မရှူနိုင်ကြ–နှစ်ဦးစလုံးတွင် ချွေးများဖြင့် စိုရွှဲနေကြသည်။ ချော်ရည်များ စုပုံကာ လျှိုငယ်လေးတစ်ခုသဖွယ် ဖြစ်နေသည့် နေရာသို့ အရောက်တွင် အီဒင်သည် လေးဘက်တွား၍ တက်သည်။ ထိပ်ဘက်ရှိ ကျောက်တုံးများအနီးသို့ ရောက်သည့်အခါ သူသည် တောက်တက်တုတ်ကိုထောက်၍ ရပ်ကာ သူ့နောက်မှ တက်လာနေသော ဆင်တာရိုအား စောင့်ကြည့်နေသည်။

ဆင်တာရို၏ ကောက်ရိုးညှပ်ဖိနပ်မှာ ပုံပန်းပျက်လောက်အောင် စုတ်ပြဲနေလေပြီ။ ခြေထောက်နှစ်ဖက်လုံးမှာလည်း ကျောက်စကျောက်နများ ရှသဖြင့် ဒဏ်ရာအနာတရများရကာ သွေးအလိမ်းလိမ်း ဖြစ်နေသည်။ အီဒင်သည် သူ့ခြေထောက်များကို ငုံ့ကြည့်သည်။ ခြေတစ်ဖက်မှာ ကျောက်စွန်းနှင့်ထိုးမိထားသဖြင့် လတ်လတ်ဆတ်ဆတ် သွေးများ စိမ့်ထွက်နေသည်။

'ဒီကျောက်တုံးပေါ် ခဏထိုင်နားအုံး ဆင်တာရို' ဟု အင်ဒီက သူ့ဘေးသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာသည့် ဂျပန်အဖော်အား ပြောသည်။ 'ခင်ဗျားရဲ့ခြေထောက်တွေကို ကြည့်ချုံမှ ဖြစ်မယ်'

ဆင်တာရို ကျောက်တုံးပေါ် ထိုင်မိသည်နှင့်တပြိုင်နက် အီဒင်သည် ဆင်တာ ရှေ့၌ ဒူးထောက်ထိုင်ချကာ ခြေထောက်မှ ဒဏ်ရာများကို ကြည့်သည်။ သောက်ရေဘူး ကိုဖွင့်ကာ အဝတ်စတစ်စပေါ်သို့ အနည်းငယ်လောင်းချသည်။ ထို့နောက် ရေစိုအဝတ် ဖြင့် သွေးများကို စင်ကြယ်သွားအောင် သုတ်ပေးပြီး ကောက်ရိုးလွှာချင်း ဖိနပ်တစ်ရံ ထုတ်၍ ဆင်တာရို့ ခြေထောက်နှစ်ဘက်တွင် စွပ်ပေးသည်။ ထို့နောက် သူ့ခြေတစ်ဖက် မှ ဒဏ်ရာကို ဆေးကြောကာ လွှာချင်းဖိနပ်တစ်ရံ ထုတ်၍စီးသည်။

'ကျေးဇူးအများကြီးတင်ပါတယ် မာစတာ' ဟု ဆင်တာရိုက ပြောသည်။

'ကျွန်တော့်အပေါ်မှာ မာစတာ သိပ်ပြီးစောင့်ရှောက်ပါတယ်'

အီဒင်က ဆင်တာရိုအား ကြည့်နေသည်။ 'ခင်ဗျားဟာ သတ္တိကောင်းတဲ့ လူ တစ်ယောက်ပါ. . .ဆင်တာရို၊ သစ္စာရှိတဲ့ မိတ်ဆွေကောင်း တစ်ယောက်ပါ။ ခင်ဗျား ကျွန်တော့်ကို ပေးခဲ့တဲ့ အကူအညီအားလုံးအတွက် ခင်ဗျားရဲ့ ကျေးဇူးဟာ ကျွန်တော့် အပေါ်မှာ အများကြီး တင်နေပါတယ်' သူသည် စကားကို မဆက်ပဲ ရပ်ထားကာ အဝေးတစ်နေရာဆီသို့ ကြည့်နေသည်။ 'ခင်ဗျား ကျွန်တော့်ကို 'မာစတာ' လို့ ခေါ်ဖို့ မလိုပါဘူး၊ မိတ်ဆွေနှစ်ဦးကြားမှာ ဒီလို အခေါ်အဝေါ်မျိုးနဲ့ ရှိသေကိုင်းရှိုင်းမှုမျိုးဟာ မလိုအပ်ပါဘူး'

အီဒင်သည် အောက်ဖက်အနိမ့်ပိုင်းဆီသို့ လှမ်းကြည့်နေသည်။ တိမ်ညိုနှင့် တိမ်ဖြူများသည် လှည့်ပတ်သွားလာလျက်ရှိ၏။ ယင်းတို့ ရွေ့လျားသွားသည့်အခါ အနိမ့်ပိုင်းမှ တောင်စောင်း ဆင်ခြေလျောများကို မြင်တွေ့လာရသည်။ အပေါ်ဘက် တောင်မကြီးမှာမူ ရေခိုးရေငွေ့များ ထူထပ်စွာ ကာဆီးထားသဖြင့် ပီပီပြင်ပြင် မမြင်ရ။ ထိုအရာနှစ်ခုကို မြင်ခါမှပင် သူတို့ရောက်နေသော နေရာသည် အတော်ကလေး မြင့်မှန်း ပထမဆုံးအကြိမ် သတိထားလိုက်မိလေသည်။

'အခုလို ကရုဏာရှိတဲ့ စကားတွေပြောတဲ့အတွက် မာစတာကို ကျွန်တော် ကျေးဇူးတင်ပါတယ် . . .မာစတာ' ဟု ဆင်တာရိုက ဦးခေါင်းကိုညွှတ်၍ အရိုအသေ ပေးပြီးပြောသည်။ 'ဒါပေမယ့် ကျွန်တော် အဲသလို ခေါ်နေတာဟာ လူကောင်း တစ်ယောက်ကို လေးစားကြည်ညိုမှု ပြတဲ့အနေနဲ့ ခေါ်တာပါ . . .'

သူတို့သည် အခုထိ ကျဆင်းနေဆဲ မြူများကို အချိန်အတန်ကြာမျှ ငေးမောပြီး ကြည့်နေကြသည်။ ထို့နောက် ဆင်တာရိုသည် ထိုင်နေရာမှ ဖြုန်းခနဲ ခုန်ထလာပြီး အောက်ဖက်အနိမ့်ဆုံး အပိုင်းမှ အမဲစက်များကို လက်ညှိုးထိုးပြသည်။

'အောက်ဖက်ကိုကြည့်ပါ . . .မာစတာ၊ ဟိုး . . .အောက်ဖက်ကို ပြောတာပါ'

အီဒင်က ဆင်တာရို ပြောသည့်နေရာ လှမ်းကြည့်သည်။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ 'ဘာလဲ . . .ဆင်တာရို၊ ခင်ဗျား ဘာမြင်လို့လဲ'

ဆင်တာရိုသည် အီဒင့်အနားသို့ကပ်ကာ သူမြင်နေရသည့်အရာကို လက်ညှိုး ထိုးပြသည်။ 'လူတန်းတစ်တန်း . . .မာစတာ၊ တောင်ပေါ်ကို အမြန်တက်နေကြတယ်'

အီဒင် ထပ်ကြည့်ပြန်သည်။ လူတစ်ဒါဇင်ခန့်ရှိမည်။ ဝေးကွာလွန်း၍ အမဲစက် ကလေးများသဖွယ် ဖြစ်နေသော်လည်း တောအုပ်ကြားမှ လှုပ်ရှားနေပုံကို ကြည့်ရ ခြင်းအားဖြင့် လူများဖြစ်သည်မှာ ထင်ရှားသည်။ အီဒင်သည် ထိုင်ရာမှ ထကာ ဆင်တာရိုအားခေါ်၍ ကျောက်တုံးကြီး တစ်တုံးပေါ်၌ အလျားမှောက်ပြီး ငုံ့ကြည့် သည်။

ထိုအခါကျမှပင် အသေအချာ မြင်ရသည်။ လူတန်း၏ရှေ့ဆုံးမှ လူသုံးဦးသည် အဖြူရောင်ဝတ်စုံများ ဝတ်ထားကြသည်။ သုံးဦးစလုံးသည် လျှင်မြန်စွာ လျှောက်သွား လျက်ရှိကြ၏။ နောက်မှလိုက်ပါနေသူများသည် အဝတ်မဲများ ဝတ်ဆင်ထားကြသည်။ ရှေ့ဆုံးမှသွားနေကြသော အဝတ်ဖြူနှင့်လူသုံးဦးသည် မကြာမခဏရပ်ကာ ကောင်းကင် ရှိ တိမ်များကို မော့ . . .မော့ကြည့်ကြသည်။

'အဝတ်ဖြူနဲ့ လူတွေဟာ ဂိုရိကီ တွေဖြစ်မယ် . . .မာစတာ' ဟု ဆင်တာရိုက ပြောသည်။ 'သူတို့ဟာ တောင်ပေါ်သားတွေပါ၊ တောင်တက်သမား လမ်းပြတွေ လုပ် ကြတယ်၊ သူတို့က တောင်တက်လမ်းတွေ အားလုံးကို သိကြတယ်'

'ဒါပေမယ့် တခြားလူတွေက ဆာမူရိုင်းတွေ' ဟု အီဒင်က အိတ်ထဲမှ မှန်ပြောင်းကို ထုတ်ယူပြီး ကြည့်နေရင်းမှ ပြန်ပြောသည်။ 'ကျွန်တော် အသေအချာ မြင်နေရတယ်၊ ဓါးနှစ်လက် ချိတ်ထားတောင် တွေ့ရတယ်'

'သူတို့ ကျွန်တော်တို့နောက်ကို လိုက်လာကြတာပဲ . . .မာစတာ' ဟု ဆင်တာရို က ပြောသည်။ 'ကျွန်တော်တို့ ဒီနေရာ ရောက်နေပြီဆိုတာ သူတို့သိသွားပြီ ထင်တယ်'

အီဒင်က အောက်မှ လူတန်းကိုကြည့်ရင်း ခေါင်းတစ်ချက်ညိတ်သည်။ 'ခင်ဗျား ပြောတာ မှန်လိမ့်မယ် . . .ဆင်တာရို၊ ဒါပေမယ့် ဒီတောင်က အကြီးကြီးပဲ . . . ပုန်းစရာနေရာတွေ အများကြီးရှိမှာပေါ့၊ ကျွန်တော်တို့ ရှေ့က လွတ်အောင်သွားဖို့ အချိန် တွေအများကြီးရှိတယ်၊ ပြီးတော့ ဒီနေ့ တိမ်တွေသိပ်ထူတယ်'

'မာစတာ ဘယ်လိုစီစဉ်မယ်လို့ စိတ်ကူးသလဲ' ဟု ဆင်တာရိုက မေးသည်။

'ကျွန်တော်တို့ လွတ်နိုင်ပါ့မလား'

အီဒင်သည် စောစောက မြူများဆိုင်းနေရာမှ အပြင်သို့ ပြူထွက်လာသော တောင်မကြီးကို မော့ကြည့်သည်။ လူတစ်ယောက် လမ်းလျှောက်သာရုံမျှသာ ကျယ် သည့် . . . တောင်စွယ်တစ်ခုကို မြင်သည်။ ထိုတောင်စွယ်သည် ကွေ့ကာပတ်ကာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အခြားတစ်ဖက်ရှိ တောင်နှာမောင်းဆီသို့ ရောက်သွားသည်ကို မြင်ရ၏။ သူသ
ဆင်တာရိဘက်လှည့်၍ ပြောသည်။ 'ဖူဂျီဆန်ပေါ်တက်နိုင်တဲ့ လမ်းတွေဟာ အများ
ရှိမယ်ထင်တယ်၊ ကျွန်တော် ထင်တာ မှန်သလား'

'ဟုတ်ပါတယ်-မာစတာ၊ တောင်တက်လမ်းတွေဟာ အနည်းဆုံး ငါးလ
ခြောက်လမ်းတော့ ရှိပါတယ်၊ တောင်ရဲ့နေရာအနှံ့ တက်နိုင်တဲ့လမ်းတွေပါ၊ ဖူဂျီ-ဆ
လာတဲ့ ဘုရားဖူးတွေက နေရာအနှံ့က လာကြတာမဟုတ်လား -မာစတာ'

'ဟုတ်တာပေါ့'ဟု အီဒင်က ပြန်ပြောကာ ခေါင်းတစ်ချက် ညိတ်လိုက်သ
ခါးကိုကုန်း၍ ကျောက်တုံးနောက်တွင် ကွယ်ပြီးရပ်လိုက်သည်။ ထို့နောက် သူ့လ
တစ်ဖက်ဖြင့် စောစောကမြင်ခဲ့သည့် တောင်စွယ်ဆီကို ယမ်းပြသည်။ 'ကျွန်တော်
အခုကစပြီး မြောက်ဖက်ကို သွားမယ်။ ဒီအမြင့်မှာပဲ နောက်ထပ် ဟိုတစ်ဖက်မှာ တေ
တက်လမ်းတစ်လမ်း မတွေ့မချင်း နေကြမယ်။ အဲဒီလမ်းက အဲသလိုသွားရင် ဘယ်သူ
မမြင်ပဲ တောင်ထိပ်ရောက်မယ်၊ ပြန်ဆင်းရင်လည်း သူတို့နဲ့ မတွေ့နိုင်တဲ့ လမ်
ဆင်းလို့ရမယ်'

သူသည် ကျောက်တုံးဆီသို့ထပ်သွားပြီး အောက်ဖက်ရှိ လူတန်းကို လှမ်းကြ
သည်။ အဖြူရောင်ဝတ်စုံနှင့် ဂိုရီကီ များ၏ ဦးဆောင်မှုနှင့်လူများသည် တောင်ပေါ်
တက်မြဲတိုင်း တက်နေကြသည်။ ဂိုရီကီများ၏ ပခုံးများတွင် ကြိုးခွေကြီးများ ချိတ်ထ
သည်။ သူတို့သည် တချို့နေရာများတွင် ကြိုးများကို အသုံးပြုကာ ဆာမူရိုင်းများအ
အပေါ်ဘက်ရောက်အောင် ကူညီကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့လူစု တက်မ
ကြသည်မှာ မြန်ဆန်လွန်းလှပေ၏။

အီဒင်သည် နောက်ပြန်လှည့်ကာ သူ့လူဆင်တာရို၏ ပခုံးကို လှမ်းပုတ်လို
သည်။ 'သူတို့ ကျွန်တော်တို့ကို မှီလာမှာ စိုးရတယ် . . .' သူတို့ထက် မြန်မြန်သွ
နိုင်ဖို့ ကြိုးစားမှ ဖြစ်မယ်။

'ကျွန်တော် နားလိုက်ရလို့ အားပြည့်သွားပြီ . . . မာစတာ၊ ဆက်တက်
အသင့်ပဲ'ဟု ဆင်တာရိုက ပြန်ပြောသည်။

အီဒင်က သူ့ဖော်၏ မျက်နှာကို ကြည့်၍ အကဲခတ်သည်။ သူ့လူ၏ မျက်လုံ
အစုံသည် မိမိပြောသည့်အတိုင်း ယုံကြည်စိတ်ချစွာဖြင့် လုပ်မည့်အနေအထားကို ဖော်ပြ
နေသည်။

'ကောင်းပြီ . . . ဆင်တာရို၊ ကျွန်တော်တို့ ခရီးဆက်ကြမယ်'

အီဒင်သည် သူ့အဖော်၏ လက်မောင်းကို လက်သီးဖြင့် အသာအယာ လှမ်းထို
လိုက်ပြီး မြောက်ဖက်သို့ မျက်နှာပြုလျက်ရှိသော တောင်ကြောဆီသို့ ဦးတည်၍
လျှောက်သွားသည်။

(၃၁)

ဟိုင်ဖူးလော့ဒ်ဒိုင်ဖို၏ အမွေကိုခံယူမည့် သားကြီးယာကာမိုချိသည် သူ့ခေါင်း
အထက်ဘက်မှ အုပ်မိုးလျက်ရှိသော ဖူဂျီတောင်အား စိတ်ဆိုးမာန်ဆိုးဖြင့် မော့ကြည့်
သည်။ တောင်၏အထက်ပိုင်းများမှာ တိမ်လွှာများ၏အောက်၌ မြုပ်နေဆဲ . . .။
အောက်ဖက်မှ ကြည့်သည့်အခါ မင်းသားတာနာကာ၏ ဆာမူရိုင်းများနှင့် သူတို့၏
လမ်းပြ ဂိုရီကီများ တောင်ပေါ်သို့ လျှင်မြန်စွာ တက်သွားနေကြသည်ကို မြင်နေရ၏။
ယာကာမိုချိသည် တာနာကာအုပ်စုအား လှမ်းမျှော်ကြည့်ကာ ဒေါပွလျက်ရှိသည်။

'ဒီကာဂိုနွယ်ဝင်လူစုက ငါတို့ရှေ့ ဘယ်လောက်ဝေးဝေးမှာ ရောက်နေကြမယ်
ထင်သလဲ'ဟု ယာကာမိုချိက ရှေ့မှရွေ့လျားနေသော အမဲစက်ကလေးများအား လှမ်း
ကြည့်နေရာမှ သူ့လူများအား မေးသည်။ 'သူတို့ အခုရောက်နေတဲ့နေရာကို ရောက်
အောင် ငါတို့ ဘယ်နှစ်နာရီကြာကြာ တက်ရမလဲ'

'အနည်းဆုံး နှစ်နာရီကြာကြာ လျှောက်ရပါလိမ့်မယ် . . .အရှင်'ဟု တုတ်ခိုင်ခိုင်
အုပ်စုခေါင်းဆောင်ကဖြေသည်။ 'တကယ်လို့ မြူနှင်းတွေ ထပ်ကျလာရင်တော့ သုံးနာရီ
လောက်လျှောက်ရဖို့ ရှိပါတယ်'

ယာကာမိုချိ၏ မျက်နှာသည် ရှုံ့မဲ့သွားသည်။ တောင်နံရံများသည် များစွာ
မတ်စောက်လာနေပြီဖြစ်သဖြင့် မြင်းများနှင့် ခရီးဆက်၍ ဖြစ်-မဖြစ် ချိန်ဆနေရလေပြီ။
သူသည် သူ့မြင်းကို ဇက်သပ်ကာ တစ်ခဏမျှ ရပ်နေလိုက်၏။ သူ့နောက်မှ တပ်သား
ငါးဆယ်၏ မြင်းများသည်လည်း ရပ်သွားကြသည်။

အားလုံး၏ဘေးမှ ခြေလျင်လိုက်ပါလာကြသည့် ဘုန်းကြီးများသည်လည်း
ရပ်သွားကြသည်။ သူတို့သည် တောင်အနီးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ လမ်းပြ
များအဖြစ် ငှားလာခဲ့ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

'ဟိုး . . .ရှေ့က သွားနေတဲ့ လူစုကို တပည့်တော်တို့ မှီနိုင်ပါ့မလား' ဟု ယာကာမိုချီက ခေါင်းဆောင်ဘုန်းကြီးအား မေးသည်။ 'တကယ်လို့ မြင်းတွေပေါ်က ဆင်းပြီး ခြေလျင်အမြန်ဆုံးလျှောက်ပြီး လိုက်ကြမယ်ဆိုရင် . . . ပြောတာ'

ဘုန်းကြီးသည် မီးတောင်၏ အလွန်မတ်စောက်နေသော အထက်ပိုင်းကို မော့ကြည့်သည်။ 'လမ်းပြတွေက ဒီဘက်အပိုင်းတွေမှာ အတွေ့အကြုံ အရင့်ကျက်ဆုံးလို့ ဆိုရမယ့် လူတွေပါ အရှင် . . .သူတို့ဟာ ဂိုရိုကီတွေပါ၊ စနစ်တကျ လေ့ကျင့်ထားတဲ့ တောင်တက်သမားတွေပါ၊ အဲသလို လူတွေကို ငှားပြီးတက်သွားတာဆိုတော့ အတော်ကြီးမြင့်တဲ့နေရာကို ရောက်နေကြပါပြီ၊ သူတို့တောင်ထိပ်မရောက်ခင် မီဖို့ဆိုတာ မဖြစ်နိုင်ပါဘူး အရှင်'

ယာကာမိုချီသည် တစ်ခွန်းမျှ ကျိန်ဆဲလိုက်ပြီး မိုးကောင်းကင်ဆီသို့ မော့ကြည့်သည်။ တစ်ကောင်တည်းသော လင်းယုန်ငှက်သည် မြူမှုန်ကင်းစင်ရာနေရာ၌ ငြိမ်ဆိပ်စွာပျံဝဲလျက်ရှိသည်။ သူသည် လင်းယုန်ငှက်အား အချိန်အတော်ကြီးကြာမျှ စိုက်ကြည့်နေသည်။

'တကယ်လို့ ငါတို့မှာ လင်းယုန်ငှက် အတောင်မျိုးတွေရှိနေရင် ဟိုအကောင် နိုင်ငံခြားသား လူရိုင်းကို အမြန်ဆုံးရှာလို့ရမှာ သေချာတယ်' ဟု ယာကာမိုချီက မချင့်မရဲ ဖြစ်နေသည့် လေသံဖြင့် ရေရွတ်သည်။ သူကြည့်နေသော လင်းယုန်ငှက်သည် အနိမ့်ပိုင်းရှိ တိမ်များကို ဖြတ်ကာ ပျံသန်းလျက်ရှိသည်။ 'ငါတို့လို မြေကြီးပေါ်မှာသာ သွားနိုင်လာနိုင်တဲ့ ကောင်တွေကျတော့ ဒီလောက်ထူထပ်တဲ့ မြူနှင်းတွေကြားမှာ အကန်းတွေပဲ ဖြစ်နေမှာ 'ဟု စိတ်ပျက်သံဖြင့် ဆက်ပြောသည်။

'အရှင့်အနေနဲ့ လင်းယုန်ငှက်တစ်ကောင်လို ကမ္ဘာလောကကြီးကို အပေါ်က စီးပြီးကြည့်ချင်တယ်ဆိုရင် ကိုယ့်ဖာသာကိုယ် အတောင်တပ်ပြီး ကောင်းကင်ဆီ ပျံတက်သွားပေါ့ အပေါ်ရောက်မှ တိမ်တွေ အပေါ်ကနေပြီး ငုံ့ကြည့်'

'ဒါပဲရှိတော့တယ်'

'ခင်ဗျား ဘာဆိုလိုတာလဲ' ဟု ယာကာမိုချီက ခေါင်းဆောင်ဘုန်းကြီးအား ဖျတ်ခနဲ ငုံ့ကြည့်လိုက်ပြီး မေးသည်။ ဘုန်းကြီးကတော့ အေးအေးဆေးဆေးပင် . . .

'ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး တိမ်တွေအပေါ်ကို ရောက်အောင် ပျံနိုင်မှာလဲ'

'အခုလိုနေ့မျိုးတွေမှာ ဖူဂျီ–ဆန်ရဲ့ တောင်ထိပ်ဟာ အမြဲတန်း တိမ်တွေရဲ့ အထက်မှာရှိတယ် . . .အရှင်'

'ခင်ဗျားပြောတာ မှန်လောက်ပါတယ်၊ ဒါပေမယ့် အဲဒါကို ကျွန်တော်တို့က ဘယ်လိုလုပ်ကြရမှာလဲ' ဟု ယာကာမိုချီက စိတ်မရှည်သံဖြင့် ပြောသည်။

ဘုန်းကြီးက ယာကာမိုချီ၏ လူရိုင်းကက်ပတိန် ဆွဲယူလာသော စီးသူမဲ့ မြင်းနှစ်ကောင်အား လက်ဖြင့်ဝှေ့ယမ်းပြသည်။ 'ဒီမြင်းနှစ်ကောင်ကို တွေ့ခဲ့တဲ့ စားသောက်ဆိုင်ပိုင်ရှင်က နိုင်ငံခြားသားလူရိုင်းနဲ့ သူ့အဖော် ဂျပန်ဟာ လမ်းပြမပါဘဲ ဖူဂျီ–ဆန်ပေါ် တက်သွားကြတယ်လို့ ပြောခဲ့တယ် . . .ဆို၊ အဲဒါဆိုရင် သူတို့ဟာ ဖြည်းဖြည်းပဲ တက်နိုင်ကြမှာ၊ ခင်ဗျားတို့က မြင်းတွေကို ခပ်မြန်မြန်စီးသွားပြီး တောင်ထိပ်ကို အမြန်ရောက်နိုင်တဲ့ လမ်းအတိုင်း လိုက်ပေါ့၊ အဲဒီလမ်းကို လူနည်းနည်း သိတာမို့ ...'

'ခင်ဗျား အဲဒီလမ်းကို သိသလား'

'သိပါတယ်–အရှင်၊ အဲဒီလမ်းကိုသာ အရှင်တို့သုံးလိုက်ရင် ကာဂိုမျိုးနွယ်ဝင် ပင်းသားရဲ့ အဖွဲ့ကိုရော နိုင်ငံခြားသားလူရိုင်းကိုပါ တစ်ပြိုင်တည်း မိနိုင်တယ်၊ တစ်ချက် ခုတ်နှစ်ချက်ပြတ် . . . ပေါ့၊ အရှင်တို့အနေနဲ့ တောင်ထိပ်ကနေပြီး အောက်က တက်လာမှတဲ့ ရန်သူတွေကို သူတို့က မမြင်ခင် ဆင်းဖမ်းလိုက်ရုံပဲ'

မျက်နှာထားတင်းတင်းဖြင့် ဘုန်းကြီးအား ကြည့်နေသော ယာကာမိုချီ၏ မျက်နှာသည် ဝင်းလက်သွားသည်။ 'သိပ်အဖိုးတန်တဲ့ အကြံပြုချက်ပဲ . . .' 'နိုင်ငံခြားသား အရိုင်းကောင် တောင်ထိပ်မရောက်အောင်လည်း တားလို့ရသွားမယ်၊ ကျွန်တော်တို့ ရှိတ်ဘုရားတွေ စံမြန်းရာ မြတ်သောမြေကို ဒီအကောင် ခြေမချနိုင်အောင် လုပ်နိုင်တဲ့ အခြေအနေပဲ'

'ကျုပ်တို့ကလည်း အဲသလိုဖြစ်ပါစေလို့ ဆုတောင်းထားပါတယ် . . .အရှင်'

ဘုန်းကြီးက ဦးညွှတ်၍ ပြောသည်။ သူသည် တောင်ပေါ်သို့ မော့ကြည့်ပြန်၏။ ရှေ့မှသွားနေသော အလွန်အလှမ်းဝေးသည့်နေရာမှ တောင်တက်သမားများသည် အောက်ဖက်သို့ နိမ့်ဆင်းလျက်ရှိသော တိမ်ကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

'ကျုပ်တို့ အချိန်နဲ့ထွက်ကြရင် ဖြစ်သွားမှာပါ . . .အရှင်၊ ကဲ . . .အခုပဲ သွားကြပါစို့'

'သွားကြမယ် . . .လေ၊ ခင်ဗျား မြင်းစီးတတ်သလား'

'စီးတတ်ပါတယ် . . .အရှင်'

'ဒါဆိုရင် . . .ဟိုနိုင်ငံခြားသား အရိုင်းကောင်စီးခဲ့တဲ့ မြင်းကို ခင်ဗျားယူပြီးစီး'

ယာကာမိုချီသည် သူ့အစောင့်တပ်မှ ကက်ပတိန်ဘက်လှည့်၍ အရိပ်ပြသည်။ ကက်ပတိန်သည် စီးသူမဲ့ မြင်းတစ်ကောင်ကို ယူလာသည်။ ခေါင်းဆောင်ဘုန်းကြီးသည် ခြေနင်းကွင်းကို နင်းကာ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

'မင်းတို့လူစုက စောစောက လွှတ်ထားတဲ့ ရှာဖွေရေးတပ်စိတ် ရောက်အလာကို ဒီကနေ . . .စောင့်' ဟု ယာကာမိုချီက သူ့ကက်ပတိန်အား အမိန့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျန်ဘုန်းကြီးတွေအတွက် မြင်းတွေ လုံလောက်အောင်ရှာ . . .၊ ဟိုတပ်စိပ် ရောက်လာရင် သူတို့နဲ့အတူ ဘုန်းကြီးတွေကိုပါခေါ်ပြီး မြင်းတွေကို အမြန်စီးပြီ၊ လိုက်ခဲ့ကြ၊ ငါပြောတာ နားလည်လား'

'နားလည်ပါတယ် . . .အရှင်'

အစောင့်တပ်ကက်ပတိန်သည် ဦးခေါင်းကို ညွှတ်၍ ညွှန်ကြားချက်များကို နားလည်ကြောင်း အသိပေးသည်။ သူ့ဦးခေါင်း ပြန်မမော့မီ အတွင်းမှာပင် ယာကာမို၏ နှင့် ခေါင်းဆောင်ဘုန်းကြီးတို့သည် သူတို့မြင်းများကို ဆွဲလှည့်ကာ . . . အရှေ့မြောက် ဘက်သို့ ဦးတည်၍ စိုင်းသွားကြသည်။ မြင်းခွာများသည် မဲနက်နေသော မီးတောင် ပြာများပေါ်သို့ ဖြတ်၍ နင်းသွားကြသည်။ အခြား ဆာမူရိုင်းစစ်သည်အားလုံးသည် သူတို့မြင်းများကိုနှင်၍ နောက်မှ ကဆုန်စိုင်းပြီး လိုက်သွားကြလေ၏။

(၃၂)

အပေါ်ဘက် အမြင့်ပိုင်းရောက်လေလေ ဖြူဖွေးသော မြူနှင်းများလာလေ . . . ဗျာဘတ်အီဒင်သည် သူ့နှလုံးခုန်မြန်လာသည်နှင့်အမျှ အသက်ရှုကျပ်လာနေသည်ကို တိထားမိလာ၏။ သူသည် အနီးရှိ ကျောက်တုံးတစ်တုံးတွင် မှီ၍ထိုင်ကာ အမော ဖြေသည်။ သူ့ဦးခေါင်းသည် ကိုက်ခဲစပြုလာသည်။ သူ့အောက်ရှိ မတ်စောက်သော ပင်ခြေလျှောများသည် လှုပ်ရှားလျက်ရှိကြ၏။ သူ့မျက်စိများရှေ့ရှိ မြူများသည်လည်း ပျာဗျာလည်နေကြလေသည်။

သူသည် နောက်ဖက်သို့ လှည့်ကြည့်သည်။ ဆင်တာရိုသည် အတော်အလှမ်း ဝေးသော တစ်နေရာမှ တက်လာလျက်ရှိ၏။ ဆင်တာရိုနှင့်သူသည် ပေသုံးဆယ်ခန့် ကွာမည်ထင်၏။ သူသည် ဆက်မလျှောက်သေးပဲ ဆင်တာရိုအား စောင့်နေသည်။ ဤခဏအတွင်းတွင် သူသည် သူတို့နောက်မှ လိုက်လာသူများအား မျက်စိရှာသည်။ သို့သော်လည်း ဘာအရိပ်အရောင်ကိုမျှ မမြင်ရ။ သူသည် သူ့အကြည့်ကို ဖြည်းဖြည်း ချင်းတက်လာနေသော ဆင်တာရိုဘက်သို့ လှည့်လိုက်လေ၏။

သူတို့နှစ်ယောက်သည် အီဒင့်စိတ်ကူးအတိုင်း ကျဉ်းမြောင်းသော တောင်ကြော လျှောက် လိုက်လာခဲ့ကြခြင်းဖြစ်သည်။ စောစောက ဆာမူရိုင်းစစ်သည်အုပ်စုကို ရှောင်ခဲ့ရသည်ဖြစ်ရာ ထိုအချိန်မှစ၍ အီဒင်သည် တောင်တက်အရှိန်ကို မြန်သည်ထက် မြန်အောင် မြှင့်ခဲ့၏။ သူ့ခြေလှမ်းများကို မမှီသော ဆင်တာရိုသည် မကြာခဏနောက် ကျကျန်ရစ်ခဲ့တတ်သဖြင့် အီဒင်သည် မကြာခဏရပ်၍ စောင့်နေရတတ်လေသည်။

တောင်တက်လမ်းသည် မတ်စောက်လာပြီး အအေးဓါတ်ကလည်း လွန်ကဲလာ လေရာ ဆင်တာရို၏ တောင်တက်နှုန်းသည် သိသာစွာ နှေးကွေးလာသည်။ မိနစ် အနည်းငယ် တက်ပြီးတိုင်း မနားရ၍မရ။ တစ်ခဏမျှ နားလိုက်ပါမှ ခရီးကို ဆက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အနေဖြင့် သူတို့သွားနေကြသည့်လမ်း မှန်မမှန်ကိုလည်း မသိ။ ပြောင်းခဲ့သော လမ်းကြောင်းသည် . . .အီဒင်ရွေးချယ်ခဲ့သည့်လမ်းမှ ဟုတ်ပါလေစ' . . .ဘယ့်နှယ့်လဲ . . .ဆင်တာရို အဆင်ပြေရဲ့လား'ဟု အီဒင်က သူ့အနားရောက်လာသည့် ဆင်တာရို အား ဆီးမေးသည်။

'ပြေပါတယ်. . .မာစတာ၊ ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့်ရင်ဘတ်ထဲက နည်းနည်းနာတာပဲရှိပါတယ်'

'သိပ်မြင့်လာရင် လေက ပါလာတယ်၊ အသက်ကို ဖြည်းဖြည်းမှန်မှန်ရှူမှ ဖြစ်မယ်၊ ကြာရင်တော့ ခင်ဗျား ရိုးသွားမှာပါ'

ပြောပြောဆိုဆို အီဒင်က ဆင်တာရို၏ပခုံးကို ပုတ်၍ အားပေးသည်။ ထို့နောက် နှစ်ယောက်သား ဆက်၍တက်ကြသည်။ တစ်ခါတံရဲ လေးဘက်ထောက်ကာ တွားရွှ တက်ကြသည်။ မိုးသည် ခပ်ကြဲကြဲ ရွာချလာသည်။ လေကလည်း ထန်လာသည်။ မိုးစက်များသည် သူတို့မျက်နှာများကို ရိုက်ပုတ်လျက်ရှိလေသည်။

အီဒင်သည် မဲနက်နေသော ချော်ရည်များဖြင့် ပြည့်နေသည့် နံရံကို ဖက်၍ တွယ်ကပ်ပြီးတက်သည်။ စက္ကန့်အနည်းငယ်မျှအတွင်း မိုးသည် အရှိန်ပြင်းလာသည်၊ မိုးသီးများပါလာသည်။ မိုးသီးများသည် ရေခဲတုံးအစအနများသဖွယ်ဖြစ်ကာ သူတို့ ပတ်ပတ်လည်တွင် အဆက်မပြတ် ကျလာသည်။ ရုတ်တရက် နောက်မှ ဆင်တာရို၏ အော်သံကို ကြားလိုက်ရသည်။ အီဒင်လှည့်လိုက်သည့်အခါ လိမ့်ကျသွားသော ဆင်တာရိုကို မြင်လိုက်ရ၏။ သူသည် မဲနက်နေသော ကျောက်တုံးကျောက်ခဲများ ကြား၌ မှောက်လျက်လဲကျကာ မလှုပ်မယှက် ဖြစ်နေလေပြီ။

အီဒင်သည် လျှင်မြန်စွာ လျှောဆင်းသွားကာ ဆင်တာရိုဘေး၌ ဒူးထောက်ထိုင် လိုက်သည်။ ဆင်တာရိုအား ပွေ့ပူလိုက်ပြီး ဒူးပေါ်တင်၍ ပက်လက်လှန်လိုက်သည်။ ဆင်တာရို၏ ညာဘက်နားထင်တွင် သုံးလက်မခန့် အရှည်ရှိသည့် ကွဲနေသော ဒဏ်ရာ တစ်ခု . . .၊ ဆင်တာရိုမျက်လုံးအစုံသည် ပြာနှမ်းနေကြသည်။ အတန်ကြာသည့်အခါ ဆင်တာရိုမျက်လုံးများသည် ပွင့်လာသည်။ အီဒင်သည် သူ့လူအား ချီမကာ ထိုင်လျက် ဖြစ်အောင် အားထုတ်သည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ–မာစတာ . . .၊ ဘာတွေဖြစ်လို့လဲ'

'စကားမပြောနဲ့၊ ဟု အီဒင်က အော်သည်။ 'ခင်ဗျား ချော်ကျပြီး နားထင်မှာ ခိုက်မိသွားတယ်၊ ကျွန်တော်တို့ လေကွယ်တဲ့နေရာ ရှာမှဖြစ်မယ်'

လေသည် အရှိန်ပြင်းစွာ တိုက်ခတ်လာသည်။ ဆင်တာရိုသည် သူ့ရှေ့ရှိ မီးတောင် ချော်ရည်ချော်ခဲပုံများဆီသို့ လက်ညှိုးထိုးပြပြီး အော်ပြောသည်။

'ဟိုမှာမြင်လား . . . မာစတာ၊ ဘုရားဖူးတွေနားတဲ့ တဲတစ်လုံး'

အီဒင်သည် ဆင်တာရို လက်ညှိုးထိုးပြရာသို့ လှမ်းကြည့်သည်။ တောင်နံရံ ကွင်းသို့ဝင်ရာ ဥမင်လိုဏ်ခေါင်း သေးသေးလေးတစ်ခုဟု ထင်ရ၏။ သူသည် ဆင်တာရို အားပွေ့ချီပြီး တောင်စောင်းအတိုင်း လေကိုဆန်၍ အပြေးတက်သည်။ ဆင်တာရို ညွှန်ပြသည့် နေရာအနီးသို့ ကပ်သွားမိသည့်အခါ သူစောစောက ဥမင်လိုဏ်ခေါင်း လေးဟု ထင်ထားခဲ့သော အရာသည် လေးဒေါင့်စပ်စပ် သစ်သားတံခါး တစ်ချပ် ဖြစ် နေသည်။ နှစ်ကာလကြာ၍ပေလားမသိ၊ သစ်သားမှာ အရောင်အဆင်းဟူ၍ လုံးဝ မရှိတော့ပေ။

တံခါးသည် တဲငယ်တစ်လုံး၏ ဝင်ပေါက်ဖြစ်၏။ တဲမှာ ချော်ရည်၊ ချော်ခဲများနှင့် ကျောက်တုံး၊ ကျောက်ခဲများကြား၌ နေသဖြင့် တောင်ဆင်ခြေလျှော၏ အစိတ်အပိုင်း တစ်ခုသဖွယ် ဖြစ်နေသည်။ အီဒင်သည် တံခါးကို အားကုန်သုံး၍ တွန်းဖွင့်ကာ အတွင်း သို့ ဝင်ရောက်သွားသည်။ အထဲတွင်ကား ခြောက်သွေ့လျက်ရှိ၏။ ထင်းစည်းများနှင့် ဘုရားဖူးများ အသုံးပြုရန် ပစ္စည်းပစ္စယများ ချိတ်ထားသည်ကိုလည်း တွေ့ရလေသည်။

ဝါးများကို ကျောက်ထူထပ်သော ကြမ်းပေါ်တွင် ခင်းထားသည်။ အလယ်တွင် ကျောက်မီးဖိုကြီး တစ်လုံးရှိသည်။ အီဒင်သည် သူ့အပေါ်ဆင်တာရိုအား ပွေ့ထားရာ ဝါးဖျာတစ်ချပ်ပေါ် ချပေးသည်။ ထို့နောက် တဲတံခါးကို သွား၍ပိတ်သည်။

'ဖူဂျီ–ဆန်ရဲ့ နတ်ဘုရားတွေက ကျွန်တော်တို့ကို ကရုဏာ ထားကြပါတယ်– မာစတာ' ဟု ဆင်တာရိုက ပြုံး၍ပြောသည်။ 'သူတို့က ကျွန်တော်တို့ကို အကာ အကွယ်ပေးကြပါတယ်။ ကျွန်တော်တို့မှာ အလိုအပ်ဆုံးအရာကို ပေးခဲ့တာပါ၊ ကျွန်တော် မီးမွှေးပြီး အစာနည်းနည်းပါးပါးတော့ လုပ်မှဖြစ်မယ်'

အသက်ရှူပြင် မမှန်သေးသော ဆင်တာရိုသည် ထရပ်ရန် ကြိုးစားသည်။ သို့ သော်လည်း အလွန်အားနည်းနေသဖြင့် သူ့ကိုယ်သူ မဟန်နိုင်။ ဖျာပေါ်သို့ ပြန်လဲကျ သွားပြီး အအေးဒဏ်ခံနေရသဖြင့် တစ်ကိုယ်လုံး တုန်နေသည်။

အပြင်ဘက်တွင် လေသည် အော်ငြီးလျက်ရှိရုံမျှမက ပြင်းစွာတိုက်ခတ်လျက် ရှိ၏။ မိုးသီးများသည် တဲတံခါးများကို ပြင်းစွာရိုက်ခတ်လျက်ရှိသည်။ လေရူး တစ်ချက် ဝှေ့လိုက်တိုင်း ကျောက်ခဲနှင့်သလဲများသည် တဲခေါင်မိုးပေါ်သို့ တဖြန်းဖြန်း ကျဆင်းလျက် ရှိလေသည်။

'အားပြန်ပြည့်လာအောင် ခင်ဗျားနားဖို့လိုတယ်'ဟု အီဒင်က ပြောကာ တဲခေါင် မိုးဒိုင်းတွင် ချိတ်ထားသည့် ညစ်ပတ်ပေရေနေသော ဂွမ်းစောင်အထုပ်ကိုချ၍ တစ်ထည် ကိုဆင်တာရိုအားပေးသည်။ 'ဒီဟာကို ခင်ဗျားခြုံထား . . .။ ကျွန်တော် မီးမွှေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်ဦးမယ်'

အီဒင်သည် ခါးတွင်ချိတ်ထားသည့်အိတ်ထဲမှ မီးခြစ်ဘူးကိုယူကာ ထင်းခြောက်များဖြင့် မီးမွေးသည်။ မကြာခင် မီးခိုးတလူလူ ထွက်နေသည့် မီးဖိုကို မြင်ရသည်။ မကြာမီ အအေးဒဏ် ခံနေရသော ကိုယ်ခန္ဓာများသည် အနွေးဓါတ်ကို ရလာလေ၏။

ဆင်တာရိုဘေး၌ ဒူးထောက်ထိုင်ချကာ နားထင်မှ ဒဏ်ရာကို ကြည့်သည်။ ဒဏ်ရာမှ သွေးများစွာ မထွက်သော်လည်း ယောင်ကိုင်းလျက်ရှိ၏။ 'အစာစားပြီးရင်တော့ ခင်ဗျား အိပ်မှဖြစ်မယ်' ဟု အီဒင်က ပြောသည်။ 'ခင်ဗျားရဲ့ ဒဏ်ရာကို ကျွန်တော်ခဏကြာရင် ရေနွေးနဲ့ ဆေးပေးမယ်'

အမိုးဒိုင်းထုပ်တန်းပေါ်၌ တင်ထားသည့် ပစ္စည်းများတွင် သံဒယ်အိုးများ၊ ဟင်းအိုးများ၊ သစ်သားပန်းကန်များနှင့် မုန့်အိမ်တစ်လုံး စသည်များကို တွေ့ရသည်။ အီဒင်သည် အိုးတစ်လုံးဖြင့် ကြက်ဥများပြုတ်၍ ဟင်းတစ်ခွက်ဖြစ်အောင် ချက်ကာ ထမင်းအိုးတစ်လုံး တည်သည်။ သူသည် အသင့်ရှိနေသော ရေနွေးဖြင့် ဆင်တာရို၏ ဒဏ်ရာကို ဆေးကြောကာ ပတ်တီးစည်းပေးသည်။ ချက်ပြုတ်ထားသည့် အစားအစာများကို စားအပြီးတွင် ဆင်တာရိုသည် မီးဖိုဘေး၌လှဲကာ အိပ်မောကျသွားလေ၏။

အပြင်ဘက်တွင် မုန်တိုင်းသည် ထန်ဆဲ . . .၊ မိုးသီးကျသံများသည် ဆူညံနေသည်။ ပြင်းထန်သော လေကြောင့် တဲသည် ကျွတ်ထွက်သွားလေမလား ထင်ရလောက်အောင်ပင် ယိမ်းထိုးနေသည်။ အီဒင်သည် ဂွမ်းစောင်တစ်ထည်ဖြင့် သူ့ကိုယ်ကို အားမတ်ကာ မီးဖိုဘေး၌ ထိုင်သည်။ မီးဖိုထဲသို့ ထင်းများကို အဆက်မပြတ် ထည့်နေသဖြင့် မီးတောက်များသည် သေမသွား။

ဆင်တာရိုသည် အိပ်စက်ကောင်းပုံမပေါ်၊ အိပ်နေသော်လည်း ပါးစပ်မှ တညီးညီး . . . တညူညူ . . .၊ လူကလည်း တလူးလူး . . .တလွန့်လွန့် . . . အီဒင်သည် ဆင်တာရိုအား စောင့်ကြည့်နေသည်။ သူသည် လေဒဏ်ကြောင့် ခါယမ်းနေသော တဲနံရံများနှင့် အမိုး၊ ဒိုင်း၊ ယက်မ စသည်များကို ကြည့်ကာ ပြိုကျသွားမှဖြင့် ဟူသော အတွေးဖြင့် ကြောက်စိတ်ပင် ဝင်လာမိသည်။

သူမှတ်မိနေသည်။ ပထမဆုံး လရောင်ဖြင့် အပီအပြင် မြင်လိုက်ရသည်။ ဖူဂျီတောင် . . .၊ လျှပ်တစ်ပြတ် မြင်လိုက်ရသလို ခံစားခဲ့ရ၏။ သူ့မျက်စိထဲမှာရော စိတ်အာရုံထဲမှာပါ ဘာနှင့်မှနှိုင်းယှဉ်၍ မရအောင် ပြိုင်ဘက်ကင်းသော အလှဖြစ်ချေသည်။ ထိုအလှသည် သူ့အာရုံများကို လွှမ်းမိုးခဲ့လေရာ ဘုရားသခင်က ဖန်ဆင်းပေးပြီး ပြလိုက်သည့် စကြွာအာရုံတစ်ခုပေလားဟူပင် ထင်မှတ်မှားခဲ့ရ၏။ တကယ်တော့ သူသည် ယင်းကဲ့သို့ ထင်ခဲ့ပေမယ့်လည်း ဘုရားသခင်အား ပစ်ပယ်ထားခဲ့သည်မှာ ကြာပြီ

းလေပြီ။

မည်သို့ပင်ဖြစ်စေ–ထိုစဉ်က သူ့စိတ်ထဲ၌ ခံစားခဲ့ရသည့် အရာတစ်ခုကို သတိရမိပြန်သည်။ သူ ခံစားခဲ့ရသည်မှာ သံသယဖြစ်၏။ ထိုအမြင်သည် သူ–သို့မဟုတ် အမေရိကန် စစ်သင်္ဘောများ –သို့မဟုတ် သူ့ကိုရော စစ်သင်္ဘောများကိုပါ သတိပေးလိုက်သည့် အချက်ပြ မီးနီတစ်ခုလေလား . . .၊ ကြောက်စရာကောင်းသည့် အဖြစ်ဆိုးတစ်ခုနှင့် ကြုံရလိမ့်မည်ဟု သတိပေးလိုက်ခြင်းများလား . . .။

ဘာကြောင့်ရယ်တော့မသိ၊ ထိုစဉ်က သူမြင်လိုက်ရသောအလှသည် သူ့အားယဲ့ထဲဝင်ဝင် ဆွဲငင်အား ကောင်းခဲ့၏။ ထို့ကြောင့်လည်း သူသည် အခုဆိုလျှင် သူ့အားဖျဲ့ဆောင်ခဲ့သည့် ဖူဂျီတောင်ပေါ်၌ ရောက်နေခဲ့ရပြီ၊ အခုလို အထက်အရာရှိများထံမှ ခွင့်ပြုချက်မရှိဘဲ ထွက်ခွာလာခဲ့ရခြင်းအတွက် စိတ်အနှောင့်အယှက်လည်းမဖြစ်၊ နောင်တလည်းမရ . . .၊ ထိုကဲ့သို့ ဖြစ်နေအောင် မိမိမမြင်နိုင်သော အရာများက မိမိအား ချုပ်ကိုင်ဖန်တီးထားလေရော့သလား . . .၊

ရောက်တတ်ရာရာ အတွေးများဖြင့် ပင်လယ်ဝေလျက်ရှိသော အီဒင်သည် ဆင်တာရိုညီးသံကြောင့် သတိပြန်ဝင်လာသည်။ ကျောက်ခဲသလဲများစွာသည် တဲခေါင်မိုးထက်သို့ တစ်ချိုကျလာပြန်သည်။ ခေါင်မိုးမှတဆင့် တဲအတွင်းသို့ သက်ဆင်းလာသော သဲနှင့်ခဲများသည် မီးဖိုနှင့်ဆင်တာရို၏ ချွေးဆို့နေသော မျက်နှာပေါ် ကျလာကြသည်။ သို့တစေလည်း ဆင်တာရိုသည် အိပ်ပျော်နေရာမှ မနိုး၊ သူသည် ဆင်တာရိုမျက်နှာကို တစ်ချက်မျှ ငုံ့ကြည့်သည်။ ထို့နောက် အေးဆေးတည်ငြိမ်မှု ပြန်ဝင်လာပြီး အတွေးရေယာဉ်သည် ပြန်လည်စီးဆင်းလာသည်။

အခုဆိုလျှင် ဆင်တာရိုသည် ဒဏ်ရာရနေသည်။ သူတို့နောက်မှ ဆာမူရိုင်းတွေကလည်း ခြေရာခံ၍ လိုက်နေကြသည်။ ထိုအန္တရာယ်သည် သေးလှသည်မဟုတ်။ ထို့ကြောင့်လည်း မူလက ဆုံးဖြတ်ထားသလို တောင်ထိပ်အထိ တက်ဖို့ မကြိုးစားတော့ပဲ မုန်တိုင်းစဲသွားသည်နှင့် တပြိုင်နက် အောက်သို့ ပြန်ဆင်းရလျှင် အကောင်းဆုံးဖြစ်မည်ထင်၏။

သူတို့သည် ဖူဂျီတောင်၏ အမြင့်ပိုင်းကိုရောက်နေကြပြီဖြစ်ရာ ဖူဂျီ၏ ထူးခြားသော အစွမ်းသတ္တိကို မြင်တွေ့နေကြရပြီဖြစ်သည်။ အကယ်၍ ဆက်တက်မည်ဆိုပါမူကား အခုထက်ပို၍ ထူးခြားဆန်းကြယ်သော အရာများကို တွေ့ရမြင်ရလိမ့်ဦးမည်ထင်၏။ သို့သော်လည်း အခုရောက်နေသောနေရာက ပြန်ဆင်းခဲ့ပါမူ သူတို့အတွက် ကျရောက်လာမည့် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်မည့် အခွင့်အရေးကို ရလိမ့်မည်မှာမလွဲ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် တောင်ဆီမှ ကျယ်လောင်သော အသံတစ်သံ ကြားလိုက်ရသည်။ တဲတစ်တဲလုံး လှုပ်ရှားခါယမ်းသွားသည်။ နောက်တစ်ခဏတွင် ကျောက်ခဲကျောက်ခဲများ၊ ချော်မှုန်၊ ပြာမှုန်များနှင့်သဲများသည် တဲခေါင်မိုးထက်သို့ ဒလဟော ထိုးကျလာသည်။ ထိုမှတဆင့် တဲအတွင်းသို့ ဆက်၍ ကျလာခဲ့လေရာ မှန်အိမ်မီးရောမီးဖိုပါ ငြိမ်းကုန်သည်။

တဲအတွင်း၌ ချက်ခြင်းပင် မှောင်ကြီးကျသွားလေရာ ရုတ်တရက် လန့်နိုးလာသော ဆင်တာရိုသည် အလန့်တကြား အော်သည်။ အီဒင်သည် ဆင်တာရို့အနီးသို့ အပြေးအလွှားရောက်သွားပြီး ဦးခေါင်းကို အသာအယာ မ–ပေးထားသည်။

'ဘာမှ မဟုတ်ဘူး . . .၊ မကြောက်နဲ့' ဟု အီဒင်က အော်ပြောသည်။

'ဘာတွေဖြစ်နေတာလဲ . . .မာစတာ' ဟု ဆင်တာရိုက မေးသည်။ 'ကျွန်တော်တို့ အခုဘယ်ရောက်နေကြလဲ'

'မုန်တိုင်းကြောင့် မီးငြိမ်းသွားတာ' ဟု ထပ်အော်ပြောသည်။ 'ကျွန်တော်တို့ တဲထဲမှာပဲ . . .လေ'

ထို့နောက် . . .အဆပေါင်းများစွာသော ခဲ၊ သလဲများ၊ ချော်မှုန်၊ ပြာမှုန်များနှင့် ကျောက်စကျောက်နများသည် အဆက်မပြတ် ကျလာနေသည်။ သစ်သားနံရံများသည် တလှုပ်လှုပ်ဖြစ်ကာ တဖျစ်ဖျစ်မြည်နေကြ၏။ အခုချက်ခြင်း ပြိုလဲကျသွားလေမလားဟု ထင်ရသည်။ ထို့နောက် . . . ဖြစ်စကလိုပင် ဖျတ်ခနဲ ရပ်သွားသည်။ မုန်တိုင်းသည် ဖြည်းဖြည်းချင်း စဲသွားသည်။ လေသည်လည်း ဖြည်းဖြည်းချင်း အရှိန်လျော့လာသည်။ မိနစ်အနည်းငယ်အတွင်း အပြင်မှ ကြောက်စရာအသံများသည် ပျောက်သွားသည်။ တဲခေါင်မိုးပေါ် တပေါက် . . .ပေါက်ကျနေသည့် မိုးသံမှ တစ်ပါး အခြားဘာသံမှ မကြားရ။

နောက်တစ်ခဏမျှ အကြာတွင် မိုးသံသည် ရပ်သွားသည်။ ချက်ခြင်းလိုလိုပင် အပြင်မှ အလင်းရောင်သည် တဲအတွင်းမှ အမှောင်ထုကို ထိုးဖောက်ကာ ဝင်ရောက်လာသည်။ ကြည်လင်တောက်ပသော ထိုအရောင်သည် ဆင်တာရို့မျက်နှာပေါ်သို့ ကျလာသည်။

'ဘယ်သူလဲ . . .မာစတာ'

'ဘယ်သူမှ မဟုတ်ပါဘူး၊ ပူစရာလည်း မရှိတော့ပါဘူး၊ နေရောင်ပါ'

(၃၃)

လင်းယုန်ငှက်သည် လေထဲတွင် အလိုက်သင့်မျောကာ လှည့်ပတ်ပျံဝဲလျက်ရှိ၏။ ၎င်းသည် အတောင်များကို ခတ်ခြင်းမပြုပဲ ဝဲပျံနေခြင်းဖြစ်သည်။ သူသည် အချိန်ပေါင်းများစွာကြာသည်အထိ တစ်စိုက်မတ်မတ် ပျံဝဲအပြီးတွင် အောက်ဖက်ရှိ ဖူဂျီတောင်ဆီမှ မြင့်ထွက်လာနေသော တိမ်ပင်လယ်ဆီသို့ စိုက်ဆင်းသွားသည်။

အီဒင်သည် အောက်ဖက်ပေပေါင်းများစွာ ဝေးကွာသော မြေပြင်ထက်ရှိ တဲတံခါးဝမှ ရပ်ကာ လင်းယုန်ငှက်၏ အစွမ်းနှင့်ကျက်သရေရှိလှသော လှုပ်ရှားမှုကို တအံ့တဩ မေးကြည့်နေသည်။ 'လင်းယုန်ငှက်ကို မြင်သလား ဆင်တာရို' ဟု အီဒင်က လှမ်းမေးသည်။

'ဘယ်မှာလဲ –မာစတာ' ဟုမေးကာ ဆင်တာရိုသည် ခြုံထားသည့်စောင်ကို ဖယ်၍ တံခါးဆီ လှမ်းကြည့်ပြီး မေးသည်။

'ဟိုးမှာ–လာကြည့်လှည့်'

အီဒင်က မိုးကုပ်စက်ဝိုင်းဆီသို့ စိုက်ဆင်းသွားနေသော လင်းယုန်ငှက်ဆီသို့ လက်ညှိုးထိုးပြသည်။ ဆင်တာရိုသည် ငှက်ကိုမြင်လိုက်သည့်အခါ တအံ့တဩ ရေရွတ်သည်။ 'လင်းယုန်ငှက် ပျံတာကို အရင်က အခုလို မကြည့်ဖူးဘူး . . .မာစတာ' ဟု ရေရွတ်သည်။ 'ကျွန်တော်တို့ကမ္ဘာကို နတ်ဘုရားတွေက ငှက်ယောင်ဖန်ဆင်းပြီး ကြည့်တာဖြစ်မယ်'

နေသည် အနောက်ဖျားဆီသို့ ငုပ်ဆင်းစ ပြုနေပြီ။ အောက်ဖက်ရှိ မြစ်များနှင့် ရေကန်များ၊ တောင်ကြားများနှင့် တောင်စွန်းများ သစ်တောကြီးများနှင့် တောင်ကုန်းများပေါ်တွင် ရွှေရောင်ဝင်းနေသည်။ အချို့အပိုင်းများမှာ အမှောင်ရိပ်အောက် ရောက်နေကြပြီး အချို့မှာမူ ဝင်လုဆဲနေရောင်၏ တောက်ပမှုအောက်တွင် လင်းလက်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ဦးခေါင်းများ အထက်ဘက်ရှိ ခေါင်မိုးကြီးသဖွယ်ဖြစ်နေသော ကောင်းကင်ပြင်အပြာရောင်သည် တဖြည်းဖြည်းနှင့် အဖြူနုရောင်သို့ အသွင်ပြောင်းလာသည်။ အီဒင်သည် အဆမတန်ကြီးမားသည့် တောင်၏ အောက်ဖက်ကို တစ်ချက်ငုံ့ကြည့်သည်။ နိမ့်စောင်းနေသော တောင်ဆင်ခြေလျှောသည် သူ့အတွက် အံ့ဩစရာတစ်ခုဖြစ်သည်။

'ခင်ဗျားတို့ နိပွန်တွေအနေနဲ့ ဖူဂျီ–ဆန်ကို နတ်ဘုရားတွေရဲ့ မြတ်သောနေရာလို့အမြဲတွေးကြတာ ဘာကြောင့်လဲဆိုတာ ကျွန်တော်နားလည်သွားပြီ ဆင်တာရို' ဟု အီဒင်က ပြောသည်။ 'ကျွန်တော်တွေ့ဖူးသမျှထဲမှာ ဖူဂျီ–ဆန်လို အနေအထားမျိုး ဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူး။ အခုဟာက အင်မတန်လှပြီး အင်မတန် ပြေပြစ်ချောမွေ့တဲ့ ဆင်ခြေလျှောတွေ ရှိနေတာပဲ'

'ကျွန်တော်တို့ နိပွန်တွေက ပြောကြတယ် . . .၊ အဆင်းလမ်းမှာ အကောင်းမဲ့ဆင်ခြေလျှောတွေရှိတယ် . . .တဲ့၊ သဲတွေကလည်း သိပ်နူးညံ့တော့ အောက်ခြေရောက်တဲ့အထိ လျှောဆင်းသွားလို့ရတယ် . . .တဲ့'

အီဒင်သည် ငြိမ်ဆိတ်နေသည်။ သူသည် တဲတံခါးဝ၌ ရပ်နေရာမှ အပြင်ဘက်သို့ထွက်လာပြီး တောင်ထိပ်ဆီသို့ မျှော်ကြည့်သည်။ သူတို့နောက်မှ လိုက်လာသူများ၏ အကြောင်းသည် သူ့ခေါင်းထဲသို့ ဝင်လာသည်။ သူသည် တဲဘက် ပြန်လျှောက်လာသည်။ သူ့မျက်နှာသည် အတွေးတစ်ခု ဝင်နေကြောင်း ဖော်ပြလျက်ရှိ၏။ သူသည် ဆင်တာရိုအား လှမ်းကြည့်သည်။

'ခင်ဗျား အိပ်နေတုန်းက ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိတယ်–ဆင်တာရို' ဟုပြောသည်။ 'ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်တက်လို့ကတော့ မိုက်မဲရာ ကျလိမ့်မယ်ထင်တယ်' ကျွန်တော်တို့ ရွေးရမယ့်အကောင်းဆုံးလမ်းက တခြားမဟုတ်ဘူး၊ အမှောင်ဖုံးနေတုန်း တောင်အောက်ပြန်ဆင်းကြဖို့ပဲ၊ ပြီးရင် ကျွန်တော်က သင်္ဘောကို ပြန်၊ ခင်ဗျားက ယူရှုတာကီကိုပြန်'

ဆင်တာရိုသည် အီဒင်အား ဘာမှပြန်မပြောပဲ ကြည့်နေသည်။ သူ့မျက်နှာသည် ဖြူယော်ယော်ဖြစ်နေဆဲ . . .၊ ချွေးတွေကတော့ ပို၍ထွက်နေသည်။

'မာစတာ . . .ဖူဂျီတောင်ထိပ်အထိ တက်ချင်နေတာကို ကျွန်တော်သိတယ်၊ အဲဒါကို ဘယ်လိုလုပ်ကြမလဲ' ဟု ဆင်တာရိုက ပြောသည်။

'ခင်ဗျားရဲ့ လုံခြုံရေးက ပိုပြီးအရေးကြီးတယ် . . .ဆင်တာရို၊ အခုလို ဖျားနေတော့ တောင်ခြေကို အမြန်ဆုံးရောက်မှ ဖြစ်မှာ' ဟု အီဒင်က ပြန်ပြောသည်။

ဆင်တာရိုက ဦးခေါင်းတစ်ချက်ညွတ်၍ အရိုအသေပေးသည်။ 'ကျေးဇူးတင်ပါတယ် . . .မာစတာ' ဟု ပြောသည်။ 'ကျွန်တော်ကိုယ်တိုင်လည်း ဖူဂျီ–တောင်ထိပ်အထိ တက်ပြီး ဆုတောင်းချင်နေပါတယ်။ အဲဒါတော့ မာစတာ သိထားသင့်ပါတယ်'

'မဟုတ်သေးဘူး . . .ဆင်တာရို၊ တောင်ထိပ်အထိ ဆက်တက်ဖို့ ခင်ဗျားမှာ အားမရှိသေးဘူး ထင်တယ်'

'ဒါပေမယ့်–မာစတာ၊ ကျွန်တော် ပြောတာနားထောင်ပါဦး' ဟု ဆင်တာရိုက ပြောသည်။ 'ကျွန်တော်ဟာ ကိုယ့်ဇာတိနိုင်ငံနဲ့ နှစ်ပေါင်းများစွာဝေးကွာနေပြီး အခုမှ ဟာအလှကို ပြန်မြင်ရတဲ့လူပါ။ ဘယ်လောက်ပဲ အန္တရာယ်များများ ဒီနေရာဟာ ကျွန်တော့်နေရာပါ။ နောက်တစ်ချက်က ကျွန်တော်ဟာ မာစတာရဲ့ နိုင်ငံအကြောင်း နည်းအပါးသိတဲ့လူပါ၊ အဲဒီတော့ တခြားလူတွေကို ကျွန်တော်သိထားသလို သိသွားအောင်လုပ်နိုင်စရာရှိပါတယ်၊ ကျွန်တော့်အနေနဲ့တော့ ဖူဂျီ–ဆန် တောင်ထိပ်အထိ သွားပြီး အဲဒီဟာတွေအားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ဆုတောင်းထားချင်ပါတယ်။ ကျွန်တော်ပြောတာကို မာစတာ သဘောပေါက်ပါသလား . . . မာစတာ'

အီဒင်သည် ဆင်တာရို၏ ယောင်ယမ်းနေသော မျက်နှာကို ကြည့်နေသည်။

'ကျွန်တော် နားလည်ပါတယ် . . .ဆင်တာရို၊ ဒါပေမယ့် တောင်ပေါ် ဆက်တက်ဖို့ကတော့ မသင့်ဘူးလို့ထင်တယ် . . .၊ အခု လောလောဆယ် ခဏနားပါ။ ပြီးရင် ပြန်ဆင်းမယ်'

'ဒါဆိုရင် . . .မာစတာ တစ်ယောက်ထဲ တောင်ထိပ်ကို တက်ပါ' ဟု ဆင်တာရိုက ပြောသည်။ 'ကျွန်တော် ဒီနေရာက စောင့်နေမယ်'

အီဒင်က ခေါင်းယမ်းသည်။ ထိုအခါ ဆင်တာရိုက 'အခုလောလောဆယ် တဲရဲ့ အထက်ဘက်အထိတက်ပြီး တောင်ထိပ်ကို ကြည့်ပါ . . .မာစတာ၊ ဒီနေရာနဲ့ ဘယ်လောက်ဝေးလဲဆိုတာ သိအောင်ပေါ့၊ နေက အခုပဲ ဝင်တော့မှာ' အနည်းဆုံး အဲသလောက်တော့ လုပ်သင့်ပါတယ် . . .မာစတာ'

အီဒင်သည် တုံ့ဆိုင်းနေသည်။ ထို့နောက် ပြုံးရယ်ပြီး ဆင်တာရို၏ ပခုံးကို တစ်ချက်ပုတ်လိုက်သည်။ 'ကောင်းပြီလေ . . .၊ ကျွန်တော်သွားကြည့်မယ်၊ ခင်ဗျားက စောင့်နေခဲ့၊ နွေးနွေးထွေးထွေးလည်းနေ'

တဲအနီးမှ ထွက်လာခဲ့သော အီဒင်သည် တောင်အောက်သို့ ငုံ့ကြည့်သည်။ သူတို့နောက်မှ လိုက်လာနေသည့် ဆာမူရိုင်းများကို မမြင်ရ။ သူသည် ချောက်ကမ်းပါးဘက်သို့တက်ကာ ကျောက်တုံးကြီးများကြားမှ ပုန်းကွယ်ပြီး လျှောက်ခဲ့သည်။ နေသည် အနောက်ဖက် အနိမ့်ပိုင်းရှိ တိမ်များကြားသို့ ငုပ်လျှိုးဝင်ရောက်စ ပြုနေလေပြီ။

အီဒင်သည် အပေါ်ဘက်ဆီသို့ မော့ကြည့်သည်။ သူတွေ့လိုက်ရသည့်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အံ့သြခြင်းဖြစ်ကာ စိတ်လှုပ်ရှားမှုအသစ် ဝင်လာသည်။ သူတို့သည် သူ၏ လိုလားသော ပန်းတိုင်နှင့်အလွန်နီးကပ်နေသည်ကို မသိ . . .။ အခုမှ သိလိုက်ရ ဖြစ်၍ ရင်ထဲတွင် အေးခနဲ ဖြစ်သည်အထိ တုန်လှုပ်ရ၏။ သူတို့သည် မီးတောင်၏ ထိပ်ဝကြီးနှင့်အကွာဝေးသည် ပေငါးရာပင် ပြည့်လိမ့်မည်မထင်ပေ။ ခွန်အား မထုတ်ရပဲ မိနစ်အနည်းငယ်မျှနှင့်တောင်ထိပ်သို့ ရောက်သွားနိုင်သည်ကို အတိ သိလိုက်ရပြီ မဟုတ်ပါလား . . .။

ထိုအသိ ဝင်လာလိုက်သည့် အချိန်အတွင်းမှာပင် အီဒင်သည် မီးတောင်ဝ၏ နှုတ်ခမ်းတစ်ဖက်၌ အလွန်သေးငယ်သော ရုပ်လွှာကို မြင်လိုက်ရ၏။ ထို့နောက် ယင်း၏ နောက်မှ လိုက်ပါလာသော ဒုတိယရုပ်လွှာကို မြင်ရပြန်သည်။ ထို့နောက် တတိယ ရုပ်လွှာ . . .၊ အားလုံး လူသုံးယောက်ဖြစ်သည်။ သူတို့သည် ထိုနေရာမှ ရုပ် မိမိပုန်းအောင်းနေသည့်နေရာကို လှမ်းကြည့်နေလေသလား . . .။ ထို့နောက် သူ အားလုံးပျောက်ကွယ်သွားသည်။ သို့သော်လည်း သူ့ကိုမမြင်စေရန် ကျောက်တုံး နောက်သို့ ဖျတ်ခနဲ ဝပ်ချလိုက်သော အီဒင်နှလုံးခုန်သံသည် အလွန်မြန်ဆန်လျ ရှိလေ၏။

ထိုရုပ်လွှာများကို မြင်လိုက်ရသည့်အတွက် အီဒင်သည် သူ၏ မူလခန့်မှန်း အကွာအဝေးကို ပြန်၍ဆင်ခြင်ပြန်သည်။ မိမိရောက်နေသောနေရာနှင့် တောင်ထိ အကွာအဝေးသည် ပေငါးရာတော့ ကမည်မထင်။ အနည်းဆုံး ပေတစ်ထောင် နီး တော့ ရှိလိမ့်မည်ဟု ယူဆသည်။ ထိုပြင်လည်း သူမြင်လိုက်ရသော လူသုံးယောက်သ ဦးချိတပ်သံခမောက်များ ဆောင်းထားသည်မှာ သေချာ၏။ သူတို့အားလုံး ဆာမူရိုင် များကိုင်လေ့ရှိသည့် ဓါးနှစ်လက်စီကို ဓါးများရှိ ဓါးအိမ်များထဲ၌ ထည့်ထားသ မှာလည်း သေချာလျက်ရှိပေသည်။

(၃၄)

ဖူဂျီတောင်ထိပ်၏ မြောက်ဖက်ခြမ်း မီးတောင်နှုတ်ခမ်းဝ၌ ရောက်နေသော ဒိုင်ဖို ယာကာမိုချီသည် အမောတကောဖြစ်ကာ အသက်ပင်မှန်အောင် မရှူနိုင်၊ သူသည် ချိန်အထိ နိုင်ငံခြားသားလူရိုင်း၏ အရိပ်အခြည်ကိုပင် မမြင်ရသေး၊ သူ့မျက်နှာ သည် စိတ်လက်မကြည်မလင်ဖြစ်နေခြင်းကို ဖော်ပြလျက်ရှိလေသည်။

တောင်ပေါ်သား ဘုန်းကြီးများအုပ်စုတွင် အရပ်ပုပုတုတ်ခိုင်ခိုင် ဘုန်းကြီးသည် ခေါင်းဆောင်ဖြစ်၏။ သူသည် ယာကာမိုချီနှင့် သူ့ဆာမူရိုင်းအဖွဲ့အား တောင်ထိပ်သို့ မြန်ဆုံးရောက်အောင် ဖြတ်လမ်းများမှ လမ်းပြ၍ ခေါ်ဆောင်လာခြင်းဖြစ်သည်။ ဘုန်းကြီးသည် ယာကာမိုချီအား မာကာဘီမျိုးနွယ်အမွေဆက်မည့် ပုဂ္ဂိုလ်မှန်း သိနေ သည့်အားလျော်စွာ . . . အမြဲတစေ သတိထား၍ ရိုသေသမှုပြုသည်။ သူသည် ယာကာမိုချီနှင့် ဘေးချင်းယှဉ်၍ မြင်းစီးလေ့မရှိ၊ ယာကာမိုချီ၏ မြင်းအနောက်မှ အနည်းဆုံး ခြေလှမ်းသုံးလှမ်းစာမျှ ခွာ၍လိုက်သည်။

'ဘယ်လိုလဲ . . .၊ ကျွန်တော်တို့ အခုထက်ထိ နိုင်ငံခြားသား အရိုင်းကောင်ကို အစအနတောင် မမြင်ရသေးဘူး၊ ဘာဖြစ်လို့လဲ' ဟု ယာကာမိုချီက စိတ်မရှည်သံဖြင့် ရွတ်သည်။

'မုန်တိုင်းကျနေလို့ တစ်နေရာရာမှာ ခိုနေတာ ဖြစ်ချင်ဖြစ်မယ် . . .အရှင်' ဟု ဘုန်းကြီးက လေအေးဖြင့်ပြောသည်။ 'တိမ်တွေစင်သွားတဲ့ အထိတော့ သူခိုနေမှာဘဲ။ အခုလိုအချိန်မှာ တစ်ဦးကိုတစ်ဦး မြင်ရဖို့ဆိုတာလည်း သိပ်မလွယ်ပါဘူး'

'သူ့ကိုမြန်မြန်တွေ့အောင် မရှာနိုင်လို့ မဖြစ်ဘူး၊ အခုပဲ မိုးချုပ်တော့မယ်' ဟု ယာကာမိုချီက ပြောသည်။ 'ညပိုင်းမှာ ရှာဖို့က မဖြစ်နိုင်ဘူး သိပ်ခက်သွားလိမ့်မယ်'

ဘုန်းကြီးသည် ဒယ်အိုးသဏ္ဌာန်ဖြစ်နေသော တွင်းဝဆီသို့ တစ်ချက် ငေး

www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည်။ ထို့နောက် ကျောက်တုံး၊ ကျောက်ခဲများ၊ ချော်ရည်ချော်ခဲပုံကြီးများ နောက်သို့ လှမ်းကြည့်ကာ မျက်စိရှာသည်။ သူ့လမ်းပြများနှင့် ဆာမူရိုင်းတစ်စုသည် တစ်နေရာ၌ ပုန်းနေကြသည်။ ဒုတိယရှာဖွေရေးအုပ်စုနှင့် ပေါင်းလိုက်သည့်အခါ ပူ အင်အားသည် ခုနစ်ဆယ်ကျော်သွားခဲ့လေပြီ။

ထိုအင်အားစုထဲမှ တချို့သည် ကျောက်တုံးများနောက်၌ ဝပ်၍ ပုန်းနေဆဲ အချို့မှာ ရေခဲနေသော မြေပြင်ပေါ်၌ အလျားမှောက်နေကြသည်။ ထိုသို့နေရာမှ တချို့လူများသည် အသာကလေးထရပ်ကာ မြင်သာနေသည့် တောင်တက်လမ်းများနှင့် တောင်ကြောများဆီသို့ လှမ်း၍ကြည့်ကြသည်။ သူတို့၏ လက်ရှိနေရာသည် အမြင့်မှ ဖြစ်သဖြင့် အားလုံးကို အပေါ်မှ စီး၍ မြင်နေရလေသည်။

'ကျုပ်ချပေးထားတဲ့ အစောင့်အားလုံးဟာ နိုးကြားတက်ကြွကြပါတယ် . . . အရှင်' ဟု ဘုန်းကြီးက ပြောသည်။ 'ဒီတောင်ထိပ်ဆီကို ဘယ်ဘက်ကပဲတက်လာ . . . တက်လာ . . . ကျုပ်တို့ရဲ့ စောင့်ကြည့်နေတဲ့ မျက်လုံးတွေ အောက်ကလာကြမှာပါ'

'ကာဂိုမြို့နယ်ဝင်တွေရဲ့ လှုပ်ရှားမှုနဲ့ပတ်သက်လို့ နောက်ဆုံး ဘာသတင်း ရသေးလဲ' ဟု ယာကာမိုချိက မီးတောင်တွင်းဝဆီသို့ ကြည့်နေရင်းမှ မေးသည်။ 'သူတို့ က အခု ဘယ်လမ်းကို လိုက်နေကြသလဲ'

'သူတို့လည်း အခုထိ မနားကြသေးဘူး၊ တောင်ရဲ့ မြောက်ဖက်လမ်းကို ယူပြီး သွားနေကြတယ် . . . အရှင်၊ သူတို့ ဦးတည်ထားတာက အနောက်ဖက် . . . အမှတ်မိမှာပါ၊ မုန့်တိုင်းမကျခင်က ကျုပ်အဖွဲ့ထဲက ဘုန်းကြီးတစ်ပါး သူတို့ကို မြင်ခဲ့တာ . . . လေ၊ သူတို့လူစုဟာ ချွတ်ပစ်ထားခဲ့တဲ့ လွှာချင်းဖိနပ်တွေကို တွေ့တာနဲ့ တပြိုင်နက် လမ်းကြောင်းပြောင်းသွားခဲ့ကြတယ် မဟုတ်လား . . .

ခေါင်းဆောင်ဘုန်းကြီးသည် စကားကို ဆက်မပြောပဲ ရပ်သွားသည်။ အလှမ်း အဝေးသော နေရာတစ်နေရာမှ ရုတ်တရက် ဆာမူရိုင်းနှစ်ဦး ဘွားခနဲ ပေါ်လာခြင်း ဖြစ်သည်။ ထိုနှစ်ယောက်ပေါ်လာသောနေရာသည် တောင်ထိပ်တွင်းဝ၏ အနောက်ဘက်တစ်နေရာဖြစ်၏။ သူတို့နှစ်ဦးသည် ဆီးနှင်းပြင်ပေါ်မှ ဖြတ်ကာ သောချင်းယှဉ်၍ ပြေးလာနေကြခြင်းဖြစ်သည်။ ခေါင်းဆောင်ဘုန်းကြီးသည် တစ်စုံတရာ ဝေဖန်ပြောဆိုခြင်းမပြုပဲ ဆာမူရိုင်းနှစ်ဦး သူတို့ဘက် ဦးတည်၍ ပြေးလာနေမှန်း သေချာပေါက် သိလာရသည်အထိ ဆက်ကြည့်နေဆဲ . . .'

'ကျုပ်ထင်ပါတယ် . . . အရှင်၊ ကျုပ်တို့ စိတ်ရှည်ရှည်နဲ့ သည်းခံလိုက်မယ် ဆိုရင် နေမဝင်ခင် အကျိုးရှိလာဖို့ရှိပါတယ် . . .

ယာကာမိုချိက ဘုန်းကြီး၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။ 'ခင်ဗျား

ဘာဆိုလိုတာလဲ . . .

သူ့မေးခွန်းကို မဖြေပဲ ဘုန်းကြီးက ပြေးလာနေသူနှစ်ဦးဘက်သို့ ခေါင်းဆတ်ပြသည်။ တစ်ဦးမှာ ယာကာမိုချိ၏ အစောင့်တပ်မှူးကက်ပတိန်ဖြစ်၏။ သူတို့၏ ခြေသံများ ကြားရသည့်အခါ ယာကာမိုချိက လှည့်ကြည့်သည်။ သူ့ရှေ့ရောက်လာသော ဆာမူရိုင်းများသည် ဆီးနှင်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ကာ သူ့အား အရိုအသေပေးလျက်ရှိကြ၏။ ယာကာမိုချိကတော့ စိတ်မရှည်စွာဖြင့် လက်တစ်ဖက် ယမ်း၍ပြီး ထခိုင်းသည်။

'မင်းမှာ ပေးစရာ ဘာသတင်းပါလာသလဲ–မိုတိုဟီရို–ဆန်' ဟု ယာကာမိုချိက မေးသည်။ 'အရေးကြီးတာ တစ်ခုခုကို မြင်ခဲ့ရသလား'

'ဟုတ်ကဲ့ပါ –အရှင်' ဟု ကက်ပတိန်မိုတိုဟီရိုက ဖြေသည်။ 'တွင်းထိပ် အနောက်ဘက်များအောက်ဖက်က လူတစ်ယောက် တက်လာနေပါတယ်။ သူဟာ ကျောက်တုံးတွေကြားမှာ ပုန်းပုန်းပြီး လာနေတာပါ'

'သူ တစ်ယောက်တည်းဆိုတာ မင်းသေချာရဲ့လား' ဟု ယာကာမိုချိက မေးသည်။

'သေချာပါတယ် . . . အရှင်၊ သူနဲ့အတူ ဘယ်သူမှ ပါမလာပါဘူး'

'မင်းမြင်ခဲ့တာ နိုင်ငံခြားသား လူရိုင်းကောင်လား'

'အသေအချာ ပြောလို့ကတော့ မရပါဘူး . . . အရှင်' ဟု မိုတိုဟီရိုက ပြန်ပြောသည်။ 'ဝတ်ထားတာ အဖြူရောင်ဝတ်စုံပါ။ မြက်ဦးထုပ်အကြီးကြီး ဆောင်းထားတယ်၊ ကြည့်ရတာ လူကောင်သိပ်ထွားကျိုင်းတဲ့ အနေအထားပဲ'

'တောင်ရဲ့အောက် ဘယ်လောက်အကွာမှာ ရှိမယ်ထင်လဲ' ဟု ဘုန်းကြီးက ဝင်မေးသည်။

'ဆီးနှင်းပြင်စတဲ့ နေရာလောက်မှာ မြင်တာပါ' ဟု ပြောတာ မိုတိုဟီရိုက သူ့ဖေါ်ဘက်လှည့်၍ 'ငါပြောတာမှန်လား' ဟု မေးသည်။ ကျန်ဆာမူရိုင်းက ခေါင်းညိတ်သည်။

'တောင်ထိပ်ကဆိုရင် ပေပေါင်း တစ်ထောင်လောက်တော့ ဝေးမယ်' ဟု ဘုန်းကြီးကပြောသည်။ 'အဲဒီနေရာမှာ ဘုရားဖူး ခဏတဖြုတ်ခိုဖို့ တဲတစ်လုံးရှိတယ်။ အဲဒီနေရာဟာ ကာဂိုမြို့နယ်ဝင်လူစု သွားရာလမ်းဘက်မှာရှိနေတာ'

'မင်းမြင်ခဲ့တဲ့ လူဟာ တို့ဘက်ကို လာနေသလား' ဟု ယာကာမိုချိက မေးသည်။

'မလာပါဘူး –အရှင်၊ သူဟာ အပေါ်ကို နည်းနည်းတက်လာပါတယ်၊ ပြီးတော့ ကျောက်တုံးတွေကြားမှာ ပုန်းနေပါတယ်၊ ကျွန်တော်တို့တပ်သားတွေကို စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

နေဖို့မှာထားခဲ့ပါတယ်'

'ဒါဆိုရင် သူ့ကို ဖမ်းမိဖို့ ငါတို့ အမြန်ဆုံးအောက်ကို ပြန်ဆင်းရမယ်၊ တို့မြန်မြန် မသွားရင် ဒီအကောင် ကာကိုအုပ်စုဝင်တွေလက်ထဲ ရောက်သွားလိမ့်မယ်'

ယာကာမိုရီသည် ခေါင်းဆောင်ဘုန်းကြီးဘက် လှည့်ကြည့်ပြီး ကျွန်တော့် စမ်သည်တွေထဲက သွက်လက်ဖြတ်လက်တဲ့ လူတစ်ဒါဇင်လောက်ကို ခေါင်းဆောင်ပြီ၊ ခင်ဗျားကိုယ်တိုင် အမြန်ဆင်းသွားစေချင်တယ်' ဟု ပြန်ပြောသည်။

'ကောင်းတဲ့အစီအစဉ်တစ်ခုပါဘဲ အရှင်၊ ဒါပေမယ့် ဒီထိပ်ကနေပြီး အောက်ကို ဆင်းရမယ့်ကိစ္စဟာ သိပ်ပြီးအန္တရာယ်များတဲ့ အလုပ်တစ်ခု ဖြစ်နေပါတယ်' ဟု ဘုန်းကြီးကပြောသည်။ 'မဖြစ်နိုင်စရာတော့ မရှိပါဘူး၊ အထူးသတိထားပြီး ဆင်းရမှာ ဖြစ်ပါတယ်၊ အရှင့်လက်နက်ကိုင်တွေကို ခေါင်းဆောင်သွားစေချင်တဲ့ ဆန္ဒရှိနေရင်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါမယ်'

ယာကာမိုရီသည် သူ့ဆာမူရိုင်းကက်ပတိန်ဘက်လှည့်၍ အမိန့်ပေးသည်။ 'ဒီမယ် မိုတိုဟီရို . . .၊ အတော်ဆုံးစစ်သည် ဆယ့်နှစ်ယောက်ရွေးလိုက်၊ အောက်မှာရှိနေတဲ့ နိုင်ငံခြားသား လူရိုင်းကို သွားဖမ်း၊ ဖြစ်နိုင်ရင် အရှင်ရအောင်ဖမ်း၊ မလွှတ်စေနဲ့ ၊ ကာကိုနွယ်ဝင်ရဲ့ လက်အောက်က စစ်သည်တွေလက်ထဲလည်း မကျစေနဲ့ . . .၊ လိုအပ်ရင် သူ့အလောင်းကို ယူရာဂါစစ်ပွဲမှာ တို့သုံးနိုင်မယ်'

'ကျွန်တော် နားလည်ပါတယ် –အရှင်' ဟု မိုတိုဟီရိုက သူ့ခါးမှ ဓါးရိုးကို ဆုပ်ကိုင်ပြီး ပြောသည်။

ယာကာမိုရီသည် ကျန်ဆာမူရိုင်းအရာရှိဘက်လှည့်၍ 'မင်းက ကျန်တဲ့စစ်သည် တွေနဲ့ ဒီမှာနေခဲ့' ဟု အမိန့်ပေးသည်။ 'ဒီဘက်ကို တက်လာတဲ့ လူတွေကို သတိနဲ့ စောင့်ကြည့်၊ နိုင်ငံခြားသားလူရိုင်းကို သွားဖမ်းတဲ့အဖွဲ့က လိုအပ်ရင် ဖြစ်စေ၊ ကာကို စစ်သည်တွေ ရောက်လာရင်ဖြစ်စေ တပ်အင်အား ဖြည့်ပေးရမယ်'

ဒုတိယအရာရှိက ဦးခေါင်းကိုညွှတ်၍ အမိန့်ကိုနာခံသည်။ ယာကာမိုရီက ဘုန်းကြီးဘက်လှည့်၍ 'ကျွန်တော်ကိုယ်တိုင် ခင်ဗျားနဲ့လိုက်မယ်' ဟု ပြောသည်။

'နိုင်ငံခြားသား လူရိုင်းကောင်ကို ဖမ်းတာ၊ ဆီးတာ၊ သတ်တာကို ကျွန်တော် ကြည့်ချင်တယ်'

(၃၅)

သူတွေးလိုက်သည့်အခါ သူ့ဘဝသည် လုံခြုံမှုရှိနေသည်။ ရောဘတ်အီဒင်သည် သတိကြီးစွာထား၍ ချော်ရည်ချော်ခဲများ နောက်တွင် ပုန်းကွယ်နေရာမှ တောင်ထိပ်သို့ မော့ကြည့်သည်။ နောက်ထပ် လှုပ်ရှားမှုများကို မမြင်ရ၊ သို့သော်လည်း သူ မမြင်ရသော မျက်လုံးများသည် သူ့အား ကြည့်နေမည်ဆိုပါမူကား . . .သူ့အတွက် သက်သာစရာ အကြောင်းမရှိ။

သူ့အဖို့ စဉ်းစားဆင်ခြင်စရာတွေက ရှိနေသည်။ သူတို့နောက်မှ လိုက်လာနေကြသော စစ်သည်အဖွဲ့များသည် ဘာကြောင့် တောင်ထိပ်ကို အလျှင်အမြန် ရောက်ရှိသွားကြတာပါလိမ့် . . .။ ထိုလူစုသည် နှစ်စုခွဲကာ တစ်စုက တောင်ထိပ်ကို ဦးစွာ ရောက်အောင်သွား၍ ကျန်တစ်စုက သူနှင့်ဆင်တာရို၏ နောက်မှ ဆက်၍လိုက်ကာ ရှစ်ဖက်ပိတ်၍ ဖမ်းမလို့လား . . . ။

ထိုအတွေးဝင်လာသောအခါ အီဒင်သည် သူ့ခေါင်းကို မသိမသာထောင်၍ တောင်၏အောက်ဖက်သို့ တိတ်တခိုးကြည့်သည်။ လူစလူနဟူ၍ အရိပ်အရောင်ပင် မမြင်ရ၊ သူ တွေ့မြင်နေရသော မဲနက်နက်ဆင်ခြေလျှော အားလုံးပေါ်တွင် ရှင်းလင်းလျက် ရှိ၏။

တောင်စူးရူးဆီသို့ လှမ်းကြည့်လိုက်သောအခါ နေဝင်သွားနေစဉ်အတွင်းမှာပင် ထူထပ်စွာ ဖွဲ့စည်းလျက်ရှိနေသော တိမ်များသည် တစ်စစီကွဲကာ လွင့်မျောသွားနေကြသည်ကို မြင်ရသည်။ တောနှင့်တောင်နှင့် သစ်တောကြီးများဘက်တွင်မူ ဝင်လုဆဲ နေရောင်၏ ကျဆင်းနေမှုကို မြင်တွေ့နေရလေသည်။

ရှုခင်းအားလုံးသည် အီဒင့်အကြည့်အောက်တွင် ပြားပြားဝပ်ကာ တမျှော်တခေါ ကြီး ဖြစ်လျက်ရှိ၏။ အားလုံးသည် အရပ်ရှစ်မျက်နှာဆီသို့ ဖြန့်ကျက်အုပ်မိုးထားသည့် အရောင်တစ်လက်လက်ထွက်ကာ ရွှေရောင်လှိုင်းထနေသည့် တောင်ဘက်မြင်မှု ကျယ်ဝန်းပြန့်ပြူးလျက်ရှိနေသော ယီဒိုပင်လယ်အော်နှင့် ကမ်းရိုးတန်းများကို မြင်နေ

www.burmeseclassic.com

www.burmeseclassic.com

ရသည်သာမက တုန်ကင်းများ၊ လှေများနှင့် အခြားအမျိုးအစား ရေယာဉ်များ ရွေ့လျား နေကြသည်ကိုပင် မြင်နေရပေသည်။

သူသည် ပင်လယ်အော်၏ ရေပြင်ဆီသို့ ပိုက်စိပ်တိုက်၍ ကြည့်နေသည်။ သူနှင့် အမြဲတစေ ရင်းနှီးနေသော မြင်ကွင်းကို မြင်တွေ့ရသည်။ မဲမဲနက်နက် ပုံသဏ္ဌာန်ကြီး နှစ်ခု . . .။ တလိပ်လိပ်တက်နေသော မီးခိုးများ . . .၊ ထိုမီးခိုးများသည် **'ဆတ်စ်ကွီ ဟာန်နာ '** နှင့် **'မစ်စစ္စပီ'** သင်္ဘောများမှ ထွက်နေသော မီးခိုးများပေတည်း၊ သူသည် အချိန်အတော်ကြာသည်အထိ သင်္ဘောကြီးများအား ကြည့်နေမိလေ၏။

သူ အခုပုန်းနေသော နေရာသည် စစ်သင်္ဘောကြီးများနှင့် ဘယ်လောက်ဝေး ပါလိမ့် . . .၊ သူ ခန့်မှန်းမိသည့် အတိုင်းဆိုပါက မိုင်ငါးဆယ် ခြောက်ဆယ်ထက်တော့ လျော့လိမ့်မည်မထင် . . .၊ ထိုမျှမက ဝေးလိမ့်မည်ဟုပင် တွေးလိုက်မိ၏။ တိမ်ဖြူဖြူ လွလွများသည် အလွန်ကြီးမားကျယ်ပြန့်သော 'သဘာဝပန်းချီကားကြီး' ထက်၌ ပုံ တစ်ဖွဲ့ သည်တစ်စု အုပ်စုခွဲကာ လွင့်မျောရွေ့လျားနေကြဆဲ . . .။

အီဒင်အကြည့်သည် အငူအစွန်းနှစ်ခုကို လှမ်းမြင်သည်။ ပြီးတော့– ကမ်းရိုး တန်းများ၊ ထို့နောက် ပင်လယ်အော်အဝမှ မှုန်ရီရီဖြစ်နေသော အဆောက်အဦများ ...၊ ထိုနေရာသည် ယီဒိုမြို့ ဖြစ်လိမ့်မည်ဟု အီဒင်က မှန်းဆပြီး ကောက်ချက်ချသည်။

ပင်လယ်အော်နှင့် မြေပြင်ကြားရှိ ရှုခင်းများကို ပိုက်စိပ်တိုက်၍ ကြည့်နေသော အီဒင့်စိတ်တွင် အတွေးတစ်ခု ဝင်လာသည်။ မိမိကိုယ်တိုင် စစ်သင်္ဘောများအား ကြည့် နေစဉ် အတွင်းတစ်ဖက်ရှိ သင်္ဘောသားများကလည်း သူ့ဆီကို ပြန်၍များ ကြည့်နေမလေ မလား . . .၊ ဘယ်နည်းနှင့်မဆို၊ သူတို့သည် ဖူဂျီဟုခေါ်သော မီးတောင်ထိပ်ကိုတော့ ကြည့်နေကြမည်မှာမလွဲ၊ ထိုသို့ . . .ကြည့်နေလျှင် **ဆတ်စ်ကွီဟာန်နာ** သင်္ဘောပေါ်မှ ပျောက်သွားသောအရာရှိကို သတိရနေကြလိမ့်မည်ထင်၏။

ထိုအတွေးများ ဝင်လာသည့်အခါ–သူ့စိတ်တွင် ဆန္ဒတစ်ခုဝင်လာသည်။ သူ့ သင်္ဘောများဆီသို့ မီးခိုးများနှင့်ဖြစ်စေ–မှန်တစ်ချပ်နှင့်ဖြစ်စေ မိမိ ဤနေရာ၌ ရောက်ရှိ နေကြောင်းကို အချက်ပြလိုသော ဆန္ဒဖြစ်၏။ သို့သော်လည်း သူသည် ထိုဆန္ဒကို ဘေးအန္တရာယ် များလွန်းသဖြင့် မိုက်မဲသောဆန္ဒအဖြစ် သတ်မှတ်ကာ ခေါင်းထဲမှ ချက်ခြင်း ထုတ်ပစ်လိုက်သည်။ အကယ်၍ ထိုဆန္ဒကို အကောင်အထည် ဖေါ်ညားအံ့ . . .၊ မိမိ အချက်ပြနေသည်ကို ဆာမူရိုင်းများ မြင်သွားပေလိမ့်မည်။ သို့ဆိုလျှင် မိမိ ပုန်းနေသည့်နေရာကို ဆာမူရိုင်းများ တွေ့သွားကြပေတော့မည်။

စစ်သင်္ဘောကြီးများဆီသို့ ကြည့်နေသော အီဒင့်ရင်ထဲတွင် အခြားအတွေးနှင့် မေးခွန်းများသည် ထွေးလုံးရစ်ပတ်ဖြစ်နေသည်။ ဗျေစပ်ဆွေးနွေးခြင်းသည် ဘယ်လို ဖြစ်လာမလဲ . . .။ နှစ်ဦးနှစ်ဖက် သဘောတူညီမှု တစ်ခုကို ရကြပြီလား . . .၊ အမေရိကန်ပြည်ထောင်စုသမ္မတ၏ သဝဏ်လွှာအား ဂျပန်အင်ပါယာဧကရာဇ်ဘုရင်

ကို့သို့ ဘယ်လိုပေးကြရမည်နည်း . . .၊ အကယ်၍ စာကို လက်ခံပြီဆိုလျှင် ပ်းခြေတလျှောက်၌ ရှိနေသော တင်းမာမှုများသည် လျော့နည်းသွားစရာရှိ၏။

အီဒင်သည် လက်တစ်ဖက်ဖြင့် မျက်စိများကိုကာ၍ ဝင်လုဆဲနေရောင်ကို မျှော် ကြည့်သည်။ ထိုအခိုက်မှာပင် သူသည် ကမ်းခြေတလျှောက်၌ အခိုင်အမာ လုပ်ထား ည့် ခံတပ်များကို မြင်ရသည်။ ခံတပ်များမှာ ဝေးကွာလွန်းလှသဖြင့် လက်နက် ပ်ဆင်မှု အခြေအနေ အသေးစိတ်များကိုကား မမြင်ရချေ။ မည်သို့ပင်ဖြစ်စေ ခံတပ် ုင်းလို၌ စစ်သည်အင်အားများကို တိုးချထားသည်ကို သူ ကောင်းစွာသိထားသည်။

အလင်းရောင်သည် ဖြည်းဖြည်းချင်း ဆုတ်ခွါသွားနေသည်။ အရှေ့ဘက်ဆီမှ ုလိပ်အသစ်များသည် ရွေ့လျားလာနေကြ၏။ မြေပြင်နှင့်ပင်လယ်ပြင်တို့မှ ရှုခင်း များသည် မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားနေကြပြီ။ နောက်မိနစ်အနည်းငယ်မျှ တွင်းမှာပင် ယီဒိုပင်လယ်အော်တစ်ခုလုံးသည် အမှောင်၏ လွှမ်းခြုံမှုအောက်သို့ ်ရောက်သွားသည်။ အီဒင့်အဖို့တော့ အလွန်ကြီးမားသည့် သဘာဝခြုံပဝါကြီးတခုက ုမ်းကာသွားသည်နှင့် အတူတူပင် ဖြစ်ချေသည်။

သူ တိတ်တဆိတ် ထွက်လာခဲ့သည့် ခရီးလမ်းတလျှောက်၌ ရင်ဆိုင်ခဲ့ရသမျှကို ၍စဉ်းစားလိုက်သည့်အခါ သူ့ရင်ထဲတွင် တစ်မျိုးတစ်ဖုံ ဖြစ်လာရသည်။ တစ်နေရာ ၌ သူသည် ရင်ဆိုင်တိုက်ပွဲလို ပွဲတစ်ပွဲနှင့်ကြုံခဲ့ရ၏။ ထို့နောက် လရောင်ရိပ်အောက် ကျီတစ်ခုထဲ၌ ကြုံခဲ့ရသည့်အဖြစ်၊ ကျီသည် ပျက်စီးယိုယွင်းနေပြီ။ ထိုကျီထဲတွင်...၊

သူ့လက်တွင်း၌ ရောက်နေသည့် တိုကီဝါ . . .။ တွေ့လိုက်ရသည့်မှာ တဒင်္ဂ ထိုတဒင်္ဂသည် . . .သူ့စိတ်ခံစားမှုသည် မည်သို့ရှိခဲ့ပါသနည်း၊ တကယ်တော့ ိုကီဝါ၏ အလှသည် သူ့စိတ်ကို များစွာယစ်မူးစေခဲ့သည် မဟုတ်ပါလား . . .။ ို့ပင် နောက်ဆုံး၌ သူမသည်လည်း သူ့စိတ်နှင့် များစွာ အလှမ်းဝေးသွားသည်ဟု ဝင်မိ၏။

မည်သို့ပင်ဖြစ်စေ တိုကီဝါသည် နှစ်ပေါင်းများစွာ သေသလို ဖြစ်သွားခဲ့သည့် သူ၏ဆန္ဒရမ္မက်ကိုမှ များစွာလှုပ်ရှားစေခဲ့၏။ ခံစားမှုဟူ၍ မရှိတော့သလိုဖြစ်သွား ရသည့်စိတ်သည်လည်း ပြန်လည်အသက်ဝင်ကာ လှုပ်ရှားလာခဲ့ရ၏။ သူ လုံးဝ မျှော်လင့်သော ပြန်လည်အသက်ဝင်မှုမျိုးဖြစ်သဖြင့် သူ့အနေဖြင့် အံ့သြ၍မဆုံး ...

တကယ်တန်းချ၍ စဉ်းစားလိုက်သည့်အခါ ဂျပန်လူမျိုးများသည် 'နိုင်ငံခြား သားလူရိုင်းများဟု ခေါ်နေကြသော မိမိတို့အတွက် စဉ်းစားကြပါမည်လော . . .၊ သူတို့သည် မိမိတို့လူမျိုးအကြောင်းကို အနည်းငယ်မျှသာ သိနေကြသူများဖြစ်၏။ ပြီးတော့ နှစ်နိုင်ငံစလုံးတွင် မတူညီသော အတွေ့အကြုံများနှင့် သမိုင်းကြောင်း နောက်ခံ များရှိခဲ့ကြ၏။ သို့ဆိုလျှင် ဤနှစ်နိုင်ငံကြား၌ 'နားလည်မှု၊ မိတ်ဆွေဖြစ်မှုနှင့် ချစ်ကြည် ရင်းနှီးမှုများ' ကို တည်ဆောက်၍ ရနိုင်ပါမည်လော . . .'

www.burmeseclassic.com

www.burmeseclassic.com

အတွေးပေါင်းစုံနှင့် မေးခွန်းပေါင်းစုံတို့၏ ဖိစီးနှိပ်စက်မှုကြောင့် အီဒင့်ရင်သ တင်းကျပ်လာသည်။ သူ အဖြေမထုတ်နိုင်သော မေးခွန်းများသည် တစ်ခုပြီးတစ် ပေါ်လာလျက်ရှိလေရာ ကြာတော့လည်း သူ့စိတ်သည် ခံနိုင်ရည်မရှိ ဖြစ်လာသ ရုတ်တရက် ခံစားနေရသည့် အအေးဒဏ်ကြောင့် သူ့တစ်ကိုယ်လုံး တုန်ယင်လာသ

အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ ထူထပ်သော တိမ် အဝေးထဲသို့ ဝင်ရောက်သွားသည့်နေကို မြင်ရသည်။ နေ၏အလင်းရောင်သည် လျှင် စွာပင် ပျောက်ကွယ်သွားသည်။ တစ်ခဏအတွင်း ဆည်းဆာချိန် ဝင်ရောက်လာသ တစ်ခုတည်းသော ကြယ်သည် ကောင်းကင်တွင် တစ်လက် . . .လက် . . .။

ကောင်းကင်ယံမှ တစ်လုံးတည်းသော ကြယ်ကို မြင်လိုက်ရသော အီဒင်သ တောင်ထိပ်ဆီသို့ မော့ကြည့်မိသည်။ အခုလို မှောင်စပျိုးချိန်တွင် သံခမောက်ဆော စစ်သည်များကို အစအနပင် မမြင်ရ။ သူသည် တောင်အဆင်း ဆင်ခြေလျှောများ အထူးသတိထား၍ ကြည့်နေရာမှသည် . . . ဘာအရိပ်လက္ခဏာကိုမျှ မမြင်ရသည်း ပုန်းနေသည့် နေရာမှ ဖျတ်ခနဲထွက်လိုက်သည်။

သူ ဆင်တာရီအား တစ်ယောက်တည်းထားပြီး ထွက်လာခဲ့သည်မှာ အ အတော်ကြီးကြာခဲ့ပြီ။ ထိုအသိဝင်လာသည့်အခါ ကပြာကရာ ပြန်ဆင်းသည်၊ ဆင်တာ အား စစ်သဘော်ကြီးတွေကို သူမြင်ခဲ့ရကြောင်း ပြန်၍အသိပေးလိုက်ချင်၏ ။ တဲ ပြန်ရောက်သည့်အခါ တဲတံခါးပွင့်နေသည်ကို သူ သတိထားမိသည်။ သူသည် တံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်ရောက်ခဲ့လေ၏ ။

'ဆင်တာရီ . . .၊ ကျွန်တော်တို့သဘော်တွေကို ကျွန်တော်မြင်ခဲ့တယ်' ဟု အီ က မီးဖိုဘေး၌ ဒူးထောက်၍ ထိုင်လိုက်ပြီး ပြောသည်။ သူသည် ထင်းချောင်းသစ် ကိုစု၍ မီးဖိုထဲထည့်သည်။ 'တိမ်တွေ ပြန်ရောက်လာကြပြန်ပြီ၊ မိုင်တစ်ရာလော ကတောင်မှ မြင်နိုင်တယ်၊ ဒါပေမယ့် ဆာမူရိုင်းတွေကတော့ တောင်ထိပ်ကို ရောက် ကြပြီ'

သူ့စကားကို ဖြေမည့်သူမရှိ၊ တဲထဲတွင် တိတ်ဆိတ်မှုသည်သာလျှင် စိုးမိုးလျ ရှိ၏ ။ အီဒင်သည် နောက်သို့လှည့်ကြည့်သည်။ မှန်အိမ်သည် မှုန်ဝါးဝါးလင်းနေမ သို့သော်လည်း အမှောင်ရိပ်များထဲမှ စကားပြန်ပြောသံကိုမူ လုံးဝမကြားရ၊ သူသ အလန့်တကြား ထရပ်ကာ မှန်အိမ်ကို ကောက်ယူပြီး အပေါ်သို့ မြှောက်၍ ကြည့်သ

မှန်အိမ်မီးရောင်ဖြင့် တဲတစ်တဲလုံး၏ လေးဖက်လေးတန်ကို မြင်ရ၏ ။ ဆင်တာ ခြုံသွားသော စောင်များသည် ဖရိုဖရဲဖြစ်ကာ နံရံတစ်ဖက်တွင် ပုံလျက် . . .၊ အီဒင်၏ ပစ္စည်းအားလုံးသည် သူထားခဲ့သောနေရာတွင် ခြေရာလက်ရာမပျက် ရှိနေကြသည်၊ ဆင်တာရီကိုမူ . . .လုံးဝမတွေ့ရ။

(၃၆)

ကြွပ်ကြွပ်ရွရွဖြစ်နေသည့် ဆီးနှင်းခဲများသည် အီဒင်စီးထားသည့် လှေချင်းဖိနပ် ဘက်တွင် ကြေမွကုန်ကြသည်။ ထုထောင်းထား၍ မွမွကြေနေသော မှန်ကွဲအစအန များနှင့် တူလှချေသည်။ အီဒင်သည် ဘုရားဖူးများ ခိုနားရာတဲ၏ အထက်ပေလေးဆယ် ကွာရှိ ချော်ခဲများဖြင့် ပြည့်နေသည့် ချောင်းငယ်တစ်ခုဆီသို့ လေးဘက်တွား၍ တက် ဖြင်းဖြစ်၏ ။ သူသည် တောင်ဝှေးကို အားပြုထားသဖြင့် ချော်လဲမည်ကို မစိုးရိမ်ရ။ သို့သော်လည်း ရန်သူနှင့်တွေ့လိုက်လျှင် အလျင်အမြန် ခုခံကာကွယ်နိုင်ရန်အတွက် မှ သေနတ်ကိုရော ဓါးကိုပါ အလွယ်တကူ ဆွဲထုတ်နိုင်ရန် စီစဉ်ထားလေသည်။

သူသည် တက်သွားနေရင်းမှပင် အရပ်လေးမျက်နှာကို အထူးသတိထား၍ ကြည့် ွားသည်။ အထူးသဖြင့် သူသည် အောက်ဖက်သို့ဆင်းရာ တောင်စောင်း ဆင်ခြေ လျှောများကို ဂရုထား၍ ကြည့်သည်။ သူ့အဖော် ဆင်တာရီအား ရှာနေခြင်းပေတည်း။ သူသည် မီးတောင်၏ အရှေ့ဘက်နှင့် အနောက်ဘက် တစ်ကြောကိုလည်း မျက်ခြေ ပြတ်မခံပဲ ကြည့်သွားသည်။ သို့သော်လည်း . . .ဆင်တာရီကို မတွေ့ရ။ အခြားသော သူတို့၏လှုပ်ရှားမှုများကိုလည်း မမြင်ရ။ သူ့တွင် ပါလာသည့် အဝေးကြည့်မှန်ပြောင်း ကိုလည်း သုံးသည့်အခါသုံး၏ ။ သို့တစေလည်း ဘာကိုမှ မတွေ့ရ။

နေရောင်သည် မေးမှိန်လာကာ ဖြည်းဖြည်းချင်း ပျောက်ကွယ်စ ပြုလာပြီ။ နေရောင်မှိန်သွားသည်နှင့်အမျှ ကောင်းကင်ရှိ တိမ်များကြားတွင် ကြယ်များ ပို၍များလာ သည်။ စိတ်ဓါတ်ကျခြင်းတည်းဟူသော ခံစားမှုဖြင့် အီဒင်သည် နောက်သို့လှည့်ကာ သူ့ပေါ်ဘက် ပေနစ်ရာ၊ သုံးရာအကွာမှ ဆီးနှင်းများ ဖုံးလွှမ်းနေသော နေရာဆီသို့ တစ်ချက်မျှ မော့ကြည့်လိုက်မိ၏ ။

သူ့မျက်လုံးများသည် ယင်းဆီးနှင်းပြင်ပေါ်မှ လှုပ်ရှားနေသော အရာတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲ တွေ့လိုက်ရသည်။ ပထမတော့ ဒဏ်ရာရထားသည့် တိရစ္ဆာန်တစ်ကော င်ဖြစ်လေသလားဟု တွေးလိုက်မိသည်။ အသေအချာ ထပ်ကြည့်လိုက်သည့်အခါ မူကား တောင်စောင်းကို လေးဘက်တွား၍ တက်နေသော လူတစ်ယောက် ဖြစ်မှ သည်ကို သတိထားလိုက်မိလေ၏။

အီဒင်သည် တစ်စက္ကန့် နှစ်စက္ကန့်ကြာမျှ မယုံကြည်နိုင်သော မျက်လုံးများဖြ င့်ကြည့်နေမိသည်။ တက်နေသူမှာ ကောက်ရိုးခမောက်ဆောင်းပြီး ရှည်လျားမ ဝတ်ရုံအကျႌကြီး ဝတ်ထားသည်။ သူသည် မှန်ပြောင်းဖြင့် အသေအချာ ထပ်ကြ ည့်ပြန်သည်။ တက်သွားနေသူသည် လူလုံးလူဖန် ခပ်သေးသေးဖြစ်၍ မည်သူမည် ဖြစ်သည်ကို သံသယဝင်စရာမလိုတော့ပဲ သိရမည်ဖြစ်၏။

တစ်ချိန်တည်းလိုလိုပင် သူ့အာရုံသည် နောက်ထပ်လှုပ်ရှားမှုတစ်ခုကို မြင်လို က်ရပြန်သည်။ သူသည် မှန်ပြောင်းကို မျက်စိတွင် ကပြာကယာ ကပ်၍ သတိထား ကြည့်သည်။ သွက်လက်ဖြတ်လက်စွာ တောင်ထိပ်မှ ဆင်းလာသော လူတန်းတစ် . . .၊ အားလုံးဆယ့်ငါးယောက်ခန့် ရှိမည်ဟု ခန့်မှန်းရ၏။ သူတို့သည် လေးဘက်တွား တက်လာနေသော လူဆီသို့ ဦးတည်၍ ဆင်းနေဟန် ရှိလေသည်။

အောက်ဘက်မှ တက်လာနေသူသည် သူ့ဆီသို့ ချဉ်းကပ်လာနေသည့် ထိုလူမ ကို မြင်ဟန်မတူ၊ အီဒင်ကတော့ အသေအချာ မြင်နေရ၏။ အားလုံးထဲမှ သုံးလေး ယောက်တွင် လက်နက်မပါကြ၊ ကျန်လူစုမှာမူ သံခမောက်ဆောင်းထားသည့် ဆာမူရိုင်း များဖြစ်၍ သူတို့ထဲတွင် ဓါးများနှင့်လေးမြားများ ပါလာသည်ကို အီဒင်သတိထား မိသည်။

လက်နက်ကိုင် တစ်စုကို ကြည့်နေသည့် အီဒင့်ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ အခုအချိန်သည် အနောက်ဖက်ဆင်ခြေလျှောတစ်လျှောက် ခပ်မြန်မြန် ပြေးဆင်းသွားမည်ဆိုပါက –ဘယ်သူမှ မမြင်ပဲ တောင်၏ခြေရင်းသို့ ရောက်သွား နိုင်ဘွယ်ရာရှိ၏။ ထိုမှတဆင့် အမှောင်ရိပ်ကိုခိုခို၍ မိမိ၏သင်္ဘော ဆတ်စ်ကွီဟန်နာ သင်္ဘောဆီသို့ ပြန်သွားမည်ဆိုက ဘေးမသီရန်မခပဲ ရောက်သွားနိုင်ဖို့ရှိ၏။

သူသည် အနောက်ဘက် တောင်ဆင်းလမ်းကို မျှော်ကြည့်နေရာမှ နောက်အတွေး တစ်ခုရလာပြန်သည်။ သူ အခုကြည့်နေသော အောက်ခြေဘက်မှ တောင်တက်သမား များ ထပ်၍ ပေါ်လာခဲ့သည်ရှိသော် . . .၊ သူသည် လေးဘက်တွား၍ တက်နေသူဆီသို့ တစ်ချက်လှမ်းကြည့်ပြန်သည်။ ထိုသူသည် ဆီးနှင်းပြင်ထဲသို့ မကြာခဏ နစ် . . . နစ်ပြီးလာနေရသဖြင့် ခဏ . . . ခဏ နားနေရသည်ကို တွေ့ရလေသည်။

လက်နက်ကိုင်ဆာမူရိုင်းများသည် ထိုသူ၏အဖြစ်ကို မြင်ကြဟန်တူ၏။ သူတို့

ထိုသူအား ကြားမှဖြတ်၍ တားရန်အားထုတ်နေကြပုံပေါ်၏။ အီဒင်သည် အချိန် ကြာသည်အထိ စောင့်ကြည့်နေရာမှ ဖျတ်ခနဲ ထလိုက်သည်။ ပုန်းအောင်း ရာမှထွက်ကာ ချောက်တစ်ခုကြားသို့ ခုန်ဆင်းလိုက်သည်။

'ဆင်တာရို' ဟု အီဒင်က သူ့ဦးခေါင်းထက်သို့ လက်နှစ်ဖက်ကို မြှောက်၍ ယမ်းပြကာ အော်ခေါ်သည်။ 'ပြန်လှည့်ခဲ့ . . .၊ ပြန်လှည့်ပြီး ဒီဘက်ကို အမြန်ဆင်းခဲ့'

အီဒင့်အော်သံသည် ဆီးနှင်းများဖြင့်ပြည့်နေသော ဖူဂျီတောင် မျက်နှာပြင်ပေါ်တွင် ပဲ့တင်ထပ်သွားသည်။ ဆင်တာရိုကတော့ သူ့ဘက်သို့ လှည့်မကြည့် . . .၊ သူမြင်ရ သလောက်အတိုင်းဆိုလျှင် ခဏမျှရပ်ကာ ကျောက်တုံးတစ်တုံးကို မှီထားသည်။ အဆမတန် မောပန်းနေသည့်ပုံရှိ၏။ ထို့နောက် ဒယီးဒယိုင်ဖြင့် ဆက်သွားပြန်သည်။ အီဒင့်အမြင် တွင် ဆင်တာရိုသည် အားအင်ရှိတော့ဟန်မတူ၊ အကြွင်းအကျန် အင်အားကလေးကို ကောင်းဖြစ်ညှစ်ပြီး သုံးစွဲနေရပုံပေါ်၏။

ဆင်တာရို ရောက်နေသည့်နေရာ၏ အထက်ဘက်မှ ဆာမူရိုင်းအုပ်စုသည် စက္ကန့် အနည်းငယ်မျှ တန့်သွားသည်။ အော်သံလာရာ အီဒင့်ဆီသို့ ငုံ့ကြည့်နေကြသည်။ ထို့နောက် လှုပ်လှုပ်ရွရွဖြစ်သွားကာ အချင်းချင်း အော်ဟစ်အမိန့်ပေးသံများ ကြားရ သည်။ ချက်ခြင်းပင် လျှင်မြန်စွာ ဆက်ဆင်းလာကြသည်။ အီဒင်သည် တိုး၍ စိတ်ပူ ပြီဖြစ်ရာ နောက်ထပ် ထပ်အော်ပြန်ရုံမျှမက တောင်ဝှေးကို မြှမြှောက်ကာ ခုန်ဆင်း သည်။

သို့သော်လည်း ထိုအချိန်ထိ ဆင်တာရိုသည် မရပ်သေး၊ နောက်ကိုလည်း လှည့် ကြည့်သေး၊ အီဒင်သည် ချောက်ထဲမှတက်ရန် တာစူလိုက်သည်။ နေသည် လုံးဝ ပျောက်ကွယ်သွားပြီဖြစ်၏။ လေသည် ထန်လာလျက်ရှိရာ ဆီးနှင်းအချပ်အလွှာများ သည် လေနှင့်ပါလာပြီး အီဒင့်မျက်နှာကို ရိုက်ခတ်လျက်ရှိလေပြီ။

သူ့ပတ်ဝန်းကျင်တွင် လှုပ်ရှားမှုများရှိသော်လည်း ဆင်တာရိုသည် သိဟန် မပြဟန်မတူ၊ သူ့လမ်းကိုသာ သူ သွားလျက်ရှိသည်။ သူသည် အရှေ့ဘက်ဆီသို့ ဦးတည်ကာသွားနေခြင်းဖြစ်၍ လှုပ်ရှားမှုမှာလည်း ယိမ်းယိုင်ကာ နှေးကွေး လေးလံ နေသည်ကို အီဒင်သတိထားနေမိသည်။ ဆင်တာရိုသည် သူ့ဦးခေါင်းကို လုံးဝ လှည့်ခြင်းမရှိ။ သူ့အဖြစ်သည် အံ့သြစရာကောင်းနေ၏။ ဦးခေါင်း၌ ရရှိခဲ့သော ဒဏ်ရာ ကြောင့် ဦးနှောက်ချို့ယွင်းကာ ခံစားမှုအာရုံတွေ ကစင့်ကလျား ဖြစ်ကုန်လေရော့ သလား. . .

ဆင်တာရို လမ်းကြောင်းပြောင်းသွားသည်ကို တွေ့လိုက်ရသော ဆာမူရိုင်းအုပ်စု သည် တစ်ခဏမျှရပ်၍ ဆွေးနွေးတိုင်ပင်ကြဟန်တူ၏။ သူတို့ပြန်လည်လှုပ်ရှားလာ

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါတွင်မူ နှစ်ခုဖြစ်သွားသည်။ လူအင်အား နှစ်ဒါဇင်ဝက်ခန့် ပါဝင်‌ေ ဆာမူရိုင်းတစ်စုသည် လမ်းပြနှစ်ဦး ခေါင်းဆောင်ကာ ဆင်တာရိုဆီသို့ ဦးတည် သွားနေကြသည်။ ကျန်တစ်စုသည် ဆင်တာရိုနောက်ရင်းသို့ ပြန်လာလျှင် ပိတ် နိုင်ရန် နောက်ဖက်သို့ ကွေ့ပတ်ပြီး လာနေကြသည်။ အီဒင်သည် ချက်ခြင်းပင် ခြေလှမ်းများကို သွက်သွက်လှမ်းကာ အပေါ်မှဆင်းလာနေသည့် ဆာမူရိုင်းအုပ် မရောက်မီ သူက ဦးစွာ ဆင်တာရိုထံရောက်ရန် အားထုတ်သည်။

သုံးမိနစ်ခန့်မျှအတွင်း အီဒင်သည် မီးတောင်ထိပ်ဝ၏ ဘေးတစ်ဖက်သို့ ရော သွားသည်။ ရုတ်တရက် သူသည် သူ့အပေါ်ဘက် ပေတစ်ရာခန့်အကွာ၌ ရောက် သော ဆင်တာရိုအား လှမ်းမြင်သည်။ ဆင်တာရိုသည် မဲနက်သော ကျောက် တစ်တုံးဘေး၌ ဒူးထောက်ထိုင်ကာ ဦးခေါင်းကို ငုံ့ထားသည်။ ဆုတောင်းနေသ ပုံစံမျိုးဖြစ်၏။

ထိုခဏမှာပင် ဆာမူရိုင်းအုပ်စုတစ်စုသည် အီဒင့်မြင်ကွင်းအတွင်းသို့ ဝင် သည်။ သူတို့သည် အားအင်ကိုများစွာထုတ်ကာ အလျင်အမြန် ဆင်းလာနေကြ သူတို့အနေဖြင့် ဆင်တာရိုနှင့်အီဒင်အား မြင်သွားကြပြီဖြစ်၏။ အီဒင်ကလည်း သူ နှင့်တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် သူတို့အား မြင်သည်။ သူတို့ထံမှ စိတ်လှု စွာဖြင့် အော်လိုက်သော အသံများသည် ထွက်ပေါ်လာသည်။

'သစ္စာဖေါက်ကောင်ကို သတ်ပစ်' ဟု တစ်ဦးက အော်သည်။

'နိုင်ငံခြားသား လူရိုင်းကို ဖမ်းကြ . . .ဟေ့' ဟု နောက်တစ်ဦးက အော်သ

'နှစ်ယောက်စလုံးကို အရှင်ပဲဖြစ်ဖြစ် အသေပဲဖြစ်ဖြစ် မိအောင်ဖမ်းကြ' ဟု တ တစ်ဦးက အော်သည်။

ဆာမူရိုင်းများသည် တအားကုန် အော်ဟစ်ကာ ဆင်းလာနေကြသည်။ ဆင် ကမူ မလှုပ် . . .၊ အီဒင်သည် ဆင်တာရိုဆီသို့ ပြေးဆင်းသည်။

'ဆင်တာရို . . .၊ ထ . .လေ၊ ထ' ဟု ဂျပန်စကားဖြင့် အော်ပြောသည်။

'မြန်မြန်ထတော့၊ ခင်ဗျားဆီကို ဆာမူရိုင်းတွေ ဆင်းလာကုန်ပြီ၊ ဒီဘက် လာခဲ့တော့'

ဆင်တာရိုထံမှ တုံ့ပြန်သံမကြားရ။ သူ့ခေါင်း ထောင်လာခြင်းလည်း မရှိ။ သ နည်းဖြင့် လှုပ်ရှားမှုများကိုလည်း မမြင်ရ။ ဆာမူရိုင်းများ၏ အော်သံများသည် လက်ထွက်ပေါ်လာနေဆဲ . . .၊ အီဒင်က သူတို့ရှိရာဘက်သို့ မော့ကြည့်သ ဆာမူရိုင်းတစ်ယောက်သည် ခြေချော်ကာ တောင်စောင်းအတိုင်း လိမ့်ကျသွားသ ဒလိမ့်ခေါက်ကွေး ကျသွားဖြစ်၏။ သူ့အော်သံသည် ဆူညံစွာ ထွက်ပေါ်လာနေသ

ကျန်ဆာမူရိုင်းများနှင့် လမ်းပြနှစ်ဦးသည် ဆက်မသွားပဲ ရပ်လိုက်ကြသည်။ ကျသွားသူနှင့် သူ့နောက်မှ တပ်ကြပ်မကွာ လိုက်ပါသွားကြသည့် ရေခဲတုံးများနှင့် ကျောက်တုံးကျောက်ခဲများကို ထိတ်လန့်တကြား ငေးကြည့်နေကြသည်။ နောက် ခဏမျှအတွင်းတွင် ရေခဲတုံးကြီးတစ်တုံး ပြိုကျယံကြားရသည်။ လိမ့်ကျသွားသော ဆာမူရိုင်း၏ လှုပ်ရှားမှုကြောင့် လန့်ပြီးပြိုကျလာခြင်းဖြစ်၏။ ထို့နောက် ဆက်တိုက် ပင် ရေခဲတုံးများသည် မိုးခြိမ်းသံတမျှ ကျယ်လောင်သော အသံကိုပြုကာ ကျလာ ကြလေသည်။

ကြောက်မက်ဖွယ်ကောင်းလှသော ရေခဲတုံးကြီးများ ပြိုသံကြောင့် ဆင်တာရို ည် အလန့်တကြား ထလာသည်။ ရေခဲတုံးတစ်တုံး၏ အစိတ်အပိုင်း တစ်ခုသည် ထံသို့ တိုက်ရိုက်ပြေးဆင်းလာနေသည်ကို မြင်လိုက်သောအခါ သူသည် နောက်သို့ ညို၍ပြေးသည်။

'ဒီဘက်ကို . . .လာ' အီဒင်က သူ့လက်များကို ဝှေ့ယမ်းပြကာ အော်ပြောသည်။

ဆင်တာရိုသည် ပြေးနေရင်းမှ သူ့ဘက်သို့ ဆင်းလာနေသော ရေခဲတုံးကို က်ပြန်လှည့်ကြည့်မိသဖြင့် ခလုတ်တိုက်ကာ ဟပ်ထိုး . . .ဟပ်ထိုး ဖြစ်သွားသည်။ အချိန်တွင် ရေခဲတုံးသည် ဆင်တာရိုနှင့် ကိုက်ငါးဆယ်ပင် မဝေးတော့ချေ။ အီဒင် ားသို့ ရောက်သွားသည့်အခါ ဆင်တာရိုမှာ အမောနှင့်အကြောက် ဖိစီးခံထားရ ဖြင့် အားပြတ်လုနီးပါး ဖြစ်လျက်ရှိလေပြီ။

'ကျွန်တော့်ကို မှီထား'ဟု အီဒင်က ပြောကာ ဆင်တာရို၏ လက်မောင်းတစ်ဖက် သူ့ပခုံးပေါ်တင်၍ ဖက်ထားစေသည်။ ထို့နောက် အသာတွဲ၍ ကျောက်တုံးကြီးများ ာက်သို့ ခေါ်သွားပြီး မြေပေါ်ထိုင်ခိုင်းထားသည်။ သူတို့ပတ်ဝန်းကျင်တွင် ဆီးနှင်း ကြီးများ ပြိုကျသံနှင့် ကျောက်တုံးများ ကျသံတို့ကို ကြားနေရ၏။ စက္ကန့်ပေါင်းများစွာ ကြာသည်အထိ အသံများသည် မစဲ။ ထို့နောက် ကြားနေရသော အသံများသည် ုံးခနဲ ရပ်သွားကာ ငြိမ်ဆိတ်သွားလေ၏။

'ကျေးဇူးတင်ပါတယ်–မာစတာ' ဟု ဆင်တာရိုက တိုးတိုးရေရွတ်သည်။

'စကားမပြောနဲ့ဦး' ဟု အီဒင်က သတိပေးသည်။ 'အသက်ကို မှန်မှန်ရှူနိုင်အောင် ပ်ထား၊ ကျွန်တော်တို့ အဲဒါမှ အောက်ကို အမြန်ဆုံးဆင်းလို့ရမယ်'

အီဒင်သည် နောက်ထပ် နားများကို စွင့်ကာ လှုပ်ရှားမှု တစ်ခုခု ကြားရလို ားရငြား နားထောင်သည်။ ဘာသံမှ မကြားရသည့်အခါ သူသည် ရေဗူးကိုဖွင့်၍ င်တာရိုအား ရေတိုက်သည်။ ဆင်တာရို ရေသောက်အပြီးတွင် ဘာကြောင့် ဒီနေရာ ထိ တက်လာရတာလဲ ဟုမေးသည်။ 'ကျွန်တော်က ဆာမူရိုင်းတွေကို မြင်လို့

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားကို သတိပေးမယ်ဆိုပြီး ဆင်းလာတာ၊ တဲကိုရောက်တော့ တဲထဲမှာ ဘယ်... မရှိတော့ဘူး' ဟု ပြောသည်။

'ကျွန်တော်က မာစတာ့ ဆန္ဒပြည့်အောင်လို့ လုပ်တာပါ' ဟု ပြန်ဖြေသည်။

'မာစတာက တောင်ထိပ်ကို ရောက်အောင်တက်ချင်နေတယ်၊ ဒါပေမဲ့ ကျွန်တော်က အခုလိုဖြစ်လိုက်တော့–လက်လျှော့လိုက်တယ် မဟုတ်လား . . . တကယ်လို့ ကျွန်တော်သာ ဆက်တက်မယ်ဆိုရင် မာစတာ လိုက်လာမှာပဲမို့ ... တက်လာတာ'

'အဲသလိုမျိုး ခင်ဗျား မလုပ်သင့်ဘူးလို့ . . . 'အီဒင်သည် စကားကို မဆုံး... ရပ်ထားလိုက်ပြီး ဆင်တာရိအား ဆိတ်ဆိတ်နေရန် လက်ပြသည်။

သူတို့ ဦးခေါင်းများ၏ အထက်ဘက်ရှိ ဆီးနှင်းပြင်ပေါ် ဖော့၍ နင်းသွားနေ... ခြေသံများ ကြားကြရ၏။ အီဒင်သည် သူ့ဓါးရိုးကို ဆုပ်ကိုင်ကာ အထူးသတိထား... နားစွင့်သည်။ အနည်းဆုံး လူလေးငါးယောက် ခြေသံများဖြစ်လိမ့်မည်ဟု ခန့်မှန်းသ... သူတို့နှင့် ပေအနည်းငယ်မျှသာ ကွာပေလိမ့်မည်ထင်၏။

ခဏမျှအတွင်းမှာပင် သူတို့ကြားနေရသော အသံများ မှန်ကန်ကြောင်း အပေါ်... ပြနိုင်လာသည်။ စစ်သံခမောက်ဆောင်း ဆာမူရိုင်းများဖြစ်၏။ မျက်နှာဖုံးများ... နောက်ကွယ်မှ ကျဉ်းမြောင်းသော မျက်လုံးများဖြင့် အီဒင်နှင့်ဆင်တာရိတို့အား အပေါ်... စီး၍ ကြည့်နေကြလေပြီ။ လောဒ့်ဒိုင်ခို၏ မြင်းသည်တော် ဆာမူရိုင်းများပေတည်း... ရုတ်တရက် ထွက်ပေါ်လာသည့် အမိန့်ပေးသံ . . .၊ ဓါးများ၌ ချိတ်ထားသည့် ဓါး... များမှ ဆွဲထုတ်လိုက်သည့် ဓါးခြောက်လက်. . .၊

'ဒီနှစ်ကောင်ကို ဝိုင်းထား၊ နိုင်ငံခြားသားလူရိုင်းသူလျှိုဆီက လက်နက်... သိမ်းလိုက်၊ ဟို –သစ္စာဖောက်ကို ဘာမှမလုပ်နဲ့၊ ငါကိုယ်တိုင် သူ့ကိုသတ်မယ်'

အသံမှာ ဒိုင်ဗိုယာကာမိုချီ၏ အသံပေတည်း။ သူ့အမိန့်ကြောင့် ဆာမူရိုင်း... ငါးယောက်သည် အီဒင်အား ဝိုင်းထားလိုက်ကြသည်။ ဓါးများကို ရှေ့၌ဆန့်ထုတ်... အီဒင့်ထံ လျှောက်လာနေကြသည်။

'ဒီဘက်ကိုလာခဲ့–ဆင်တာရို' ဟု အီဒင်က သူ့ဓါးကို ဓါးအိမ်မှ ထုတ်... ကျောက်တုံးဆီသို့ နောက်ပြန်ဆုတ်လာခဲ့သည်။ 'ကျွန်တော့်နောက်မှာနေ'

နိုင်ငံခြားသား လူရိုင်းတစ်ယောက်၏နှုတ်မှ သူတို့၏ ဘာသာစကားကို ပြော... လိုက်ရသည့်အခါ ဆာမူရိုင်းအားလုံး အံ့အားသင့်ကာ တန့်သွားကြသည်။ ဆင်တာ... သည် အီဒင့်စကားအတိုင်း အီဒင့်နောက်မှဝင်ရပ်ကာ ကျောက်တုံးကို ကျောပေး... သည်။

'ဆင်တာရိုဟာ သစ္စာဖေါက် မဟုတ်ဘူး' ဟု အီဒင်က ဂျပန်စကားဖြင့် ပြန်ပြော... သည်။ 'သူဟာ လှေမှောက်လို့ ပင်လယ်ထဲမှာ ဒုက္ခရောက်နေတဲ့ တံငါသည် ...ယောက်၊ သူ့ကို အမေရိကန်သင်္ဘောတစ်စီးက ကယ်ထားခဲ့တာ' 'အခု သူဟာ ...ဖြစ်တဲ့ ဇာတိနိုင်ငံကို ပြန်လာတာ'. . .

ယာကာမိုချီသည် ရှေ့သို့တိုးလာပြီး အီဒင့်အား စူးစူးရဲရဲကြည့်သည်။ 'မင်းဟာ ...မင်းတို့ သင်္ဘောဆီကိုလာတုန်းက ငါ့ဓါးကို လုယူသွားတဲ့ လူရိုင်းကောင်ပါလား' ...အံ့တသြရေရွတ်သည်။ 'အခုကျတော့ မင်းက သူလျှိုတစ်ယောက် ဖြစ်လာတယ် ...ပါတော့ ဟုတ်လား'

အီဒင်သည် ဆာမူရိုင်းယာကာမိုချီအား ပြန်ကြည့်သည်။ မျက်စိပေါက်များက ...ကျဉ်း . . .နှုတ်ခမ်းများက ပါးပါး. . .ဦးခေါင်း၏ရှေ့ပိုင်းကို ရိုးရာဓလေ့ထုံးစံ ...ပြောင်နေအောင် ရိတ်ထားပြီး ကျစ်ဆံမြီးရှည်ကြီးကို နောက်ဖက်တွင် တွဲလောင်းချ ...သည်။ သူ သင်္ဘောပေါ်၌ မက်ခဲ့သော အိပ်မက်ထဲ၌ တွေ့မြင်ခဲ့ရသည့် ရက်စက် ...ကြုတ်လှသော ဂျပန်၏မျက်နှာပေတည်း။

အိပ်မက်ထဲမှ ဂျပန်မျက်နှာနှင့် တစ်ထေရာတည်း . . .။ တိုက်ဆိုင်လွန်းလှသဖြင့် ...သည် များစွာအံ့အားသင့်လျက်ရှိသည်။ ဆတ်စ်ကွီဟာန်နာ သင်္ဘောပေါ် လာစဉ် ...သူ့ဓါးကို မိမိသိမ်းလိုက်ခြင်းသည် သူ့အရှက်နှင့်ဂုဏ်သိက္ခာ ကင်းမဲ့မှုကို ဖြစ်စေ ...ဟု ယူဆကာ သူ့အား လက်စားချေလိုစိတ် ပြင်းပြနေဟန်ရှိလေသည်။

'ကျွန်တော် ခင်ဗျားကို မှတ်မိပါတယ်' ဟု အီဒင်က ယာကာမိုချီ၏ ဓါးကိုင်... ...ကြည့်ကာ ပြန်ပြောသည်။ 'ဒါပေမယ့် . . .ကျွန်တော် ကမ်းပေါ်တက်ပြီး သူလျှို ...တယ်လို့ ထင်နေတာကတော့ ခင်ဗျားမှားနေတယ်'

'ငါတို့ဘာသာသာစကားကို ပြောနေတတ်တဲ့ လူရိုင်းတစ်ယောက်က ကမ်းပေါ် ...တိတ်တိတ်တက်လာတယ်။ ငါတို့ကြားမှာ လျှို့ဝှက်စွာ လှုပ်ရှားနေတယ်။ ဒီကိစ္စ ...သူလျှိုလုပ်ဖို့ကလွဲပြီး တခြားဘာအကြောင်းမှ မရှိနိုင်ဘူး' ဟူသော ပြောသံ ...သူတို့အပေါ်ဘက်ရှိ ကျောက်တုံးများကြားမှ ပေါ်လာသည်။ 'ငါဟာ ..ဒိုင်ဗို ...ကာမိုချီရဲ့ ကိုယ်ရံတော်တပ်က ကက်ပတိန်မိုတိုဟိရို . . .ဘဲ၊ ယာကာမိုချီဆိုတာ ...ဖူးနယ်ရဲ့ အမွေခံအရှင်သခင်ဘဲ။ အခု မင်းဟာ မင်းလက်ထဲက ဓါးကိုချပြီး အးမ်းခံ ...မလိမ်အညာစကားတွေနဲ့ ငါတို့ကို စော်ကားမနေနဲ့တော့'

အီဒင်က မော့ကြည့်သည်။ အရပ်မြင့်မြင့်၊ ဆံပင်ကို ထုံးထားသည့် လူပ...... ...ကျက်သည် ခြေထောက်များကိုခွဲ၍ ရပ်နေသည်။ သူကား မိုတိုဟိရို ဆိုသူပေ... ...မျက်နှာထားသည် သူတို့လိုချင်နေသည့်လူကို ရသဖြင့် အောင်မြင်မှု ရ...

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာထားဖြစ်ပေသည်။

'ကျွန်တော် လိမ်မပြောဘူး' ဟု အီဒင်က ပြောသည်။ 'ကျွန်တော်လာ... နားလည်မှုကို ရှာဖို့လာတာ။ အဲဒါကြောင့်လည်း ဖူဂျီ–ဆန်တောင်ပေါ်အထိ ... တာပေါ့'

'မင်း လိမ်နေတာပဲ၊ မင်းတို့နှစ်ယောက်စလုံး သူလျှိုတွေပဲ' ဟု ယာကာမို... ဝင်ပြောသည်။

အီဒင်က ခေါင်းယမ်းသည်။ 'ကံကြမ္မာက ဆင်တာရိုကို ကျွန်တော်တို့နိုင်ငံ... လေးနှစ်တိတိနေအောင် လုပ်ခဲ့တယ်။ သူဟာ –အသစ်အဆန်းပေါင်းများစွာကို ... သိရှိခဲ့ရတယ်။ အဲဒါကြောင့်လည်း သူဟာ နိပွန်နိုင်ငံပေါ်မှာ နားလည်မှုရှိလာ... ကျွန်တော့်ကို ကူညီချင်တဲ့ဆန္ဒ ပြင်းပြခဲ့တယ်။ သူက ကျွန်တော့်ကို နိပွန်စကားသင်... ခဲ့တယ်။ လူမျိုးချင်း မတူပေမယ့် ညီအစ်ကိုတွေဖြစ်နိုင်တယ်ဆိုတာကိုလည်း သူ နား... လာခဲ့တယ်။ အဲဒီအချက်ကို သူနားလည်သလို နိပွန်နိုင်ငံသားတွေ နားလည်... လုပ်ပေးချင်နေတယ်'

'လူရိုင်းပြောနေတာ အမှန်တွေချည်းပါဘဲ အရှင်' ဟု ဆင်တာရိုက ရဲဆေး... ဝင်ပြောသည်။ 'ကျွန်တော်ဟာ အင်ပါယာဧကရာဇ်ဘုရင်မင်းမြတ်ကို ရိုသေပြ... ဆဲပါ၊ နတ်ဘုရားတွေရဲ့ မြေဖြစ်တဲ့ မြင့်မြတ်သော နိုင်ငံတော်ကိုလည်း ကျွန်... ချစ်မြတ်နိုးဆဲပါ။ ဒီမြေဟာ ကျွန်တော့်ကို မွေးခဲ့တဲ့ မြေပါ။ အမှန်အတိုင်းပြော... ကျွန်တော်ဟာ သူလျှို မဟုတ်ပါဘူး'

'မင်းဟာ အောက်တန်းစား သစ္စာဖောက်တစ်ကောင်ပဲ၊ နိပွန်နိုင်ငံခြား လူရိုင်... နဲ့ ပူးပေါင်းပြီး နိပွန်နိုင်ငံကို သစ္စာမဲ့တဲ့ကောင်' ဟု မိုတိုဟီရိုက သူ့ဓါးကို ခေါင်းပေါ်... မြှောက်၍ ဆင်တာရိုအား ချိန်ရွယ်ကာ ဒေါသတကြီး ပြောသည်။

မိုတိုဟီရိုနှင့် ယာကာမိုချီတို့သည် ဆာမူရိုင်းနောက်လိုက်များနှင့်အတူ ရှေ့... တိုးလာကြသည်။ အီဒင်ကလည်း နောက်မဆုတ်။ သူသည် သူ့ဓါးဦးကို ယာကာ... ဘက်သို့ ရွယ်ထားသည်။ 'ခင်ဗျား ဆင်တာရိုကို သတ်ချင်ရင် ကျွန်တော့်ကို ... သတ်ရလိမ့်မယ်'

'မင်းက သေချင်နေရင် သေပေါ့ . . .ကွာ' ဟု ယာကာမိုချီက ခြေတစ်... ရှေ့တိုးပြီး ပြောသည်။ 'မင်းအလောင်းကို သံကြိုးတွေနဲ့တုတ်ပြီး ယူရာဂါမှာ ပြရမ... ...၊ သဘောင်္ကနက်တွေရဲ့ သစ္စာမဲ့မှုအတွက် သင့်တော်တဲ့ အပြစ်ဒဏ်ပဲပေါ့၊ အဲဒီ... ပြီးသွားရင် နိပွန်လူမျိုးတစ်မျိုးလုံးက မင်းတို့နိုင်ငံခြားသား လူရိုင်းတွေကို ... ထုတ်ကြမှာပါ'

ပြောပြောဆိုဆို ယာကာမိုချီသည် အီဒင့်ဘက်သို့ ခုန်၍ တိုးလိုက်ပြီး ဓါးနှင့် ...လိုက်သည်။ အီဒင်အား တစ်ချက်တည်းနှင့် အသေသတ်ရန် ရည်ရွယ်ထားခြင်း ...၏။ အီဒင်သည် ဖျတ်ခနဲငုံ့ကာ တစ်ဖက်သို့ တိမ်းလိုက်ပြီး လက်ထဲမှ ဓါးနှင့် ...၍ ခံလိုက်ကာ အရှိန်ပြင်းစွာဖြင့် ရိုက်ထုတ်လိုက်သည်။

ယာကာမိုချီ၏ ဓါးသည် လက်ထဲမှ လွင့်ထွက်သွားသည်။ လူလည်း အရှိန် ...ကာ ဆီးနှင်းပြင်ထက်သို့ ဒူးတစ်ဖက်ထောက်လျက် လဲကျသွားသည်။ ထိုအခိုက်မှာ ...ပါဘက်မှ ဓအာ်သံတစ်ချက်သည် အီဒင့်နားထဲသို့ ဝင်လာသည်။ ရုတ်တရက် ...ယ်သို့ ဝင်လာသော မိုတိုဟီရို၏ ဓါးချက်ကို မြင်လိုက်ရသည်။ သူသည် ဖျတ်ခနဲ ...ငုံ့ကာ ရှောင်လိုက်သော်လည်း အရှောင်နောက်ကျသွားသည်။ ပြင်းထန်သော ...ချက်ကို တစ်ပိုင်းတစ်စမျှသာ ရှောင်လိုက်နိုင်သည်။

ဓါးနှစ်လက်သည် အရှိန်ပြင်းစွာ ထိမိကြသည်။ အချိန်အတော်ကြာသည်အထိ ...သွားချင်းထိကာ အားပြိုင်လျက်ရှိကြရာမှ ဆာမူရိုင်း၏ တွန်းအားကြောင့် အီဒင ...ည် နောက်ဖက်ရှိ ကျောက်တုံးဆီသို့ အရှိန်ဖြင့် လွင့်ထွက်သွားသည်။ သူ့လက်ထဲမှ ...သည် ဆီးနှင်းပြင်ထက်သို့ လွင့်ကျသွားပြီး သူကတော့ ရှေ့သို့ ငိုက်ကျသွားသည်။ ...မျက်နှာသည် သူ့ပြိုင်ဘက်၏ မျက်နှာနှင့်နီးကပ်သွားသည်။

'မင်းက သစ္စာဖောက်ကောင်အတွက် အသေခံချင်နေတာဆိုတော့ ငါက မင်း ...ကို ဖြည့်ပေးရမှာပေါ့ . . .ကွာ' ဟု သူ့ပြိုင်ဘက်က ပြောသည်။

မိုတိုဟီရိုသည် နောက်သို့ တစ်လှမ်းဆုတ်၍ အားယူလိုက်ပြီး သူ့ဓါးကို အားကုန် ...ကာ အီဒင့်လည်ပင်းကို ခုတ်သည်။ အီဒင်က ဓါးနှစ်ချက်နှင့်လွဲအောင် ရှောင်ကာ ...၍ ရှောင်လိုက်သည်။ ဆာမူရိုင်းကက်ပတိန်၏ ဓါးသည် ကျောက်တုံးမျက်နှာပြင် ...ကို ခုတ်မိသဖြင့် မီးပွင့်များ ဖြာထွက်လာသည်။

အီဒင်သည် လွတ်ကျသွားသော သူ့ဓါးကို ပြေးကောက်ရန် တာစူသည်။ သို့သော် ...ည်း မိုတိုဟီရိုက ရှေ့မှကာဆီးထားသည်။ တစ်ခွန်းမျှ ကျယ်လောင်စွာ ကျိန်ဆဲ ...က်ပြီး နောက်တစ်ချက်ဓါးနှင့် ခုတ်ရန်ရွယ်သည်။ ထိုအခိုက်မှာပင် မြားနှစ်ချောင်း ...ချောင်းခန့် အီဒင့်ခေါင်းအထက်မှ ကျောက်တုံးမျက်နှာပြင်ကို လာမှန်သည်။ မြား ...ဝင်ဝက်ခန့်သည် အားမရပ်ကြည့်နေကြသော မာကာဘီဆာမူရိုင်းများ၏ ကိုယ်ခန္ဓာ ...နှင့် သံချပ်အင်္ကျီများကို ထိမှန်သည်။

မာကာဘီဆာမူရိုင်းများသည် မမျှော်လင့်သော မြားများ ကျလာသဖြင့် ကစင် ...လျားဖြစ်ကုန်သည်။ အလန့်တကြား အော်သူကလည်း အော်သည်။ နောက်ထင် ...အနည်းငယ်သည် ဆီးနှင်းပြင်ကို ဝင်စိုက်ကြ၍ မြားတစ်လက်သည် နောက်...၍

www.burmeseclassic.com

www.burmeseclassic.com

မိုတိုဟီရို၏ လည်ပင်းကိုထိမှန်သည်။ မြားဦးသည် လည်ပင်းကိုဖေါက်ကာ အောက်သို့ ထွက်လာသည်။ မိုတိုဟီရို၏ လည်ပင်းမှ သွေးများသည် ဖြူဖွေး ဆီးနှင်းပြင်ထက်သို့ ကျဆင်းလာသည်။ ထို့နောက် မိုတိုဟီရိုသည် လက်ထဲမှ လွှတ်ကျသွားပြီး အီဒင်နှင့် ပေအနည်းငယ်ကွာနေရာထက်သို့ မှောက်လျက် သွားလေသည်။

'ကျွန်တော်တို့နောက်က လိုက်လာနေတဲ့ ကာဂိုမျိုးနွယ်အုပ်စုက လူ မာစတာ' ဟု ဆင်တာရိုက တောင်စောင်းဆင်ခြေလျှောဆီမှ လူတစ်စုဆီသို့ လက် ထိုးပြပြီး ပြောသည်။

အီဒင်မော့ကြည့်လိုက်သည့်အခါ ဓါးများကိုယ်စီကိုင်၍ လာနေကြ သံခမောက်ဆောင်း ကာဂိုဆာမူရိုင်းနှစ်ဆယ်ကို မြင်ရသည်။ ကျောက်တုံး၊ ကျော ဆောင်များကြား၌ ပုန်းအောင်းနေခဲ့ကြသော လေးသမားများသည်လည်း အပြ ထွက်ကာ မားမားမတ်မတ်ရပ်၍ ယာကာမိုချီနှင့်သူ့နောက်လိုက်များဆီသို့ လေးမျာ အဆက်မပြတ် ပစ်နေကြဆဲ . . .။

အချို့လူများသည် မီးတုတ်များကို ကိုင်လာကြသည်ဖြစ်ရာ ပတ်ဝန်း အမှောင်ထုသည် မီးတုတ်များဆီမှ လာနေသော မီးရောင်များကြောင့် လင်းလာသ ဆာမူရိုင်းများ၏ ကိုယ်၊ ဒိုင်းနှင့် သံချပ်အင်္ကျီများပေါ်မှ ကာဂိုမျိုးနွယ်ဝင် အမှတ်အသ တံဆိပ်များကိုလည်း မြင်နေရ၏။ ဤမီးရောင်များကြောင့်ပင် အီဒင်သည် ဆာမူရိုင်း များ၏ရှေ့မှ အပြေးအလွှားလာနေသော မင်းသားတာနာကာအား မြင်နေရခြင်း တည်း။

'ဟိုကျောက်တုံးတွေကြား သွားနေ ဆင်တာရို' ဟုအီဒင်က ကျောက်တုံးမျ ဘက်လက်ညှိုးထိုးပြပြီးပြောသည်။ 'ခင်ဗျား တက်သွားနိုင်ရင် တောင်စောင်းအတိုင်း ဆင်းသွားနှင့်၊ ကျွန်တော် နောက်ကလိုက်လာခဲ့မယ်'

'ကာဂိုစစ်သည်တွေက ကျွန်တော်တို့ကို လာကယ်တာလား–မာစတာ' ဟု ဆင်တာရိုက မေးသည်။

အီဒင်က ခေါင်းခါသည်။ 'သူတို့ စိတ်ကူးနဲ့သူတို့ အကြောင်းရှိလို့ လာကြတာ ဖြစ်မယ်၊ ကျွန်တော်တို့ကို ကယ်ဖို့တော့ မဖြစ်နိုင်ဘူး၊ ကဲ . . .သွားတော့၊ နောက်က သွားမယ်'

ဆင်တာရိုထွက်သွားသည့်အခါ အီဒင်သည် ကျောက်စွန်းတစ်ခုပေါ် တွယ်တက် ပြီး အမိန့်သစ်များ ပေးလျက်ရှိသော ယာကာမိုချီကို မြင်သည်။ သူ့ဆာမူရိုင်းသည် ကာဂိုနွယ်ဝင်အုပ်စုများဘက်လှည့်ကာ လေးများဖြင့် ချိန်ထားကြလေပြီ၊ စောစော

စင့်ကလျှားဖြစ်သွားကြသော မာကာဘီတစ်စုမှာလည်း ပြန်လည်စုစည်းကာ ကာဂိုအဖွဲ့ဝင်များအား ဆီးကြိုတိုက်ခိုက်ရန် ပြင်ဆင်နေကြလေပြီ။

'မာကာဘီရဲဘော်တွေ . . . ၊ ရဲရဲတိုက်ကြ၊ တိုက်'

ယာကာမိုချီ၏အမိန့်သံဖြစ်၏။ သူ့လူများက အမိန့်နာခံပြီး တိုက်ကြသည်နှင့် ပြိုင်နက် ယာကာမိုချီသည် သူ့ဓါးကို မြှောက်ကာ အီဒင့်ဆီသို့လှမ်းကြည့်သည်။ ထို့နောက် နောက်သို့လှည့်၍ အမိန့်တစ်ခု ထပ်ပေးပြန်သည်။ သူ၏ သံခမောက်ဆောင်း ဆာမူရိုင်းအုပ်စုထဲမှ သုံးယောက်သည် ဓါးများဖြင့် ထွက်လာကြသည်။ အီဒင်ရှိရာ ဘက်သို့ အသံကုန်ဟစ်၍အော်ကာ ခုန်ဆင်းလာကြလေသည်။

အီဒင်သည် သူ့ဓါးကိုအသင့်ပြင်ကာ ဆာမူရိုင်းများနှင့် ရင်ဆိုင်သည်။ အခြား တစ်ဖက်မှ အော်သံဟစ်သံများ၊ ဓါးချင်းထိမိ ခုတ်မိသံများသည် သောသောညံလျက် ရှိနေလေပြီ။ မျိုးနွယ်မတူသော ဆာမူရိုင်းနှစ်အုပ်စုသည် တစ်ဖက်နှင့်တစ်ဖက် အမဲဖျက် နေကြလေပြီ။ လေးသမားများမှာလည်း သူတို့၏လေးနှင့်မြားများကို မသုံးနိုင်ကြတော့ပဲ ဓါးများဖြင့် အနီးကပ်တိုက်ပွဲတွင် ပါဝင်နေကြရပြီဖြစ်၏။

အီဒင်သည် သူ့ထံသို့ ပထမဆုံးလူ ပြေးမဝင်လာမီမှာပင် သူ့ညာဘက်ဘေးရှိ ကျောက်တုံးများကြားမှ ဆင်တာရို ပြေးထွက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ ဆင်တာရိုသည် ဆီးနှင်းပြင်ပေါ်မှ ဖြတ်၍ တောင်အောက်ဆီသို့ မှန်းဆကာ ပြေးဆင်း သွားခြင်းဖြစ်၏။ ထိုအခါ အီဒင့်ခေါင်းထဲသို့ ဖျတ်ခနဲ အတွေးတစ်ခု ဝင်လာသည်။ အကယ်၍ မိမိသည် ဆင်တာရို နောက်သို့ ပြေးလိုက်သွားပါက ဤအမှောင်ထုထဲတွင် အားမသိရန်မခ လွတ်မြောက်နိုင်ဘွယ်ရာရှိ၏။ လွတ်မြောက်ပါကလည်း မိမိ၏ အခြေ နေသည် အကောင်းဘက်သို့ ရှေ့ရှုနိုင်စရာ ရှိလာလိမ့်မည် မဟုတ်ပါလား . . .။

သူ့ထံပြေးဝင်လာသည့် ဆာမူရိုင်းသည် ဓါးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ စစ်အော်သံပေး၍ ပြေးဝင်လာခြင်းဖြစ်သည်။ ဆာမူရိုင်း၏ ဦးတည်ချက်သည် အီဒင့် ပခုံးကို ခုတ်နိုင်ရန် ဖြစ်၏။ အီဒင်သည် နောက်ဆုံးအချိန်တွင် ဘေးတစ်ဖက်သို့ အနည်း ငယ်မျှ တိမ်းလိုက်ပြီး ရန်သူ၏ ဦးခေါင်းကို လွှဲခုတ်လိုက်သည်။ မာကာဘီစစ်သည်၏ သံခမောက်သည် ကြေမွသွားရုံမျှမက လူမှာလည်း ဒူးထောက်လဲကျကာ သတိလစ် သွားသည်။ သူ့နောက်မှ ပြေးလိုက်လာသော မာကာဘီစစ်သည်မှာလည်း ဒူးထောက် လဲကျကာ သတိလစ်သွားသည်။ သူ့နောက်မှ ပြေးလိုက်လာသော မာကာဘီစစ်သည် မှာလည်း ရှေ့မှလဲကျသွားသူကို ခလုတ်ဝင်တိုက်ကာ မှောက်ရက်လဲကျလု နီးပါး ဖြစ်သွားသည်။

ဟပ်ထိုး . . .ဟပ်ထိုးဖြစ်သွားသော မာကာဘီသည် သူ့လက်ထဲမှ ဓါးဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အီဒင့်ဦးခေါင်းကို လှမ်းခုတ်သည်။ အီဒင်ကလည်း ဘေးတစ်ဖက်သို့ တိမ်းလိုက်ပြ၊ သူ့ဓါးဖြင့် ပြန်ခုတ်သည်။ သူ့ဓါးချက်သည် မာကာဘီ၏ ပခုံးထဲသို့ နစ်ဝင်သွားသ... မာကာဘီသည် ဆီးနှင်းပြင်ထက်သို့ နှစ်ပတ်ခန့်လိမ့်ကျသွားသည်။ သူ့လက်မှ ဓါးသ... လည်းလွတ်ကျသွားလေ၏။

တတိယမာကာဘီသည် အီဒင့်ထံသို့ ပြေးဝင်လာပြီး လက်ထဲမှဓါးဖြင့် နလုံးသ... ဆီသို့ ချိန်ရွယ်ပြီး ထိုးသည်။ အီဒင်၏ ဖျတ်လက်သော ရှောင်တိမ်းမှုကြောင့် ဓါးချက်မှ လွတ်သွားသော်လည်း အရှိန်ပြင်းစွာနှင့်ပြေးဝင်လာသော မာကာဘီနှင့် လူချင်းဝင်တို... မိကာ နှစ်ဦးစလုံး လဲကျသွားသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး ဖက်တွယ်က... ထွေးလုံးရစ်ပတ် သတ်ပုတ်ကြသည်။ ယခုအချိန်ထိ လွတ်ထွက်မသွားသေးသည့် ဓါ... များဖြင့် တစ်ယောက်ကိုတစ်ယောက် ထိုးနိုင်ရန် အားထုတ်နေကြသည်။

ဆာမူရိုင်း၏ လက်တစ်ဖက်သည် အီဒင့်လည်ပင်းကို ညှစ်ထားပြီး ကျန်လက် တစ်ဖက်နှင့်ကိုင်ထားသော ဓါးကို အီဒင့်လက်မှ လွတ်ရန် ရုန်းကန်နေသည်။ အီ... ကလည်း ဆာမူရိုင်းကဲ့သို့ပင် ဆာမူရိုင်းလည်ပင်းကို ညှစ်ကာ ဆာမူရိုင်း၏ လက်ထဲမှ ဓါးကိုင်ထားသည့် သူ့လက်ကို လွတ်မြောက်ရန် ကြိုးပမ်းလျက်ရှိ၏။

နှစ်ဦးသား ဆီးနှင်းပြင်ထက်၌ လူးလိမ့်နေစဉ်အတွင်းမှာပင် သူအပေါ်က ရော... သွားသည့်အခိုက်တွင် ဒေါသတကြီးဖြစ်ကာ အော်ဟစ်အမိန့်ပေးနေဆဲ ယာကာမိုချီ... မြင်ရသည်။သူ့ဘက်သို့လှည့်၍ အော်ဟစ်နေခြင်းဖြစ်ရာ ထိုခဏအတွင်းမှာပင် ဆာမူရို... ခြောက်ဦးခန့် ခုန်ဆင်းလာသည်ကို မြင်လိုက်ရသည်။

ထို့နောက် ယာကာမိုချီဘေး၌ လေးသမားများကို မြင်ရပြန်၏။ ယာကာမိုချီသ... တောင်အဆင်း လမ်းဘက်သို့ လက်ညှိုးထိုးပြကာ တစ်စုံတရာ အမိန့်ပေးလျက်ရှိသည်။ နောက်တစ်ကြိမ် သူအပေါ်စီးရချိန်တွင် ယာကာမိုချီသည် ဆင်တာရို ဆင်းသွားရာဘက် သို့ လက်ညှိုးထိုးပြလျက်ရှိသည်ကို မြင်ရသည်။

လေးသမားများသည် ယာကာမိုချီညွှန်ပြရာဘက်သို့ လှမ်းပစ်နေကြလေပြီ။ နောက်တစ်ခဏမျှအတွင်းမှာပင် ဆင်တာရိုသည် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက် ကာမှောက်လျက် လဲကျသွားသည်။ ဆင်တာရို၏ နောက်ကျောအလယ်၌ စိုက်ဝင် နေသော မြားကိုပင် သူမြင်လိုက်ရ၏။ ထို့နောက် လှုပ်ရှားခြင်းမရှိတော့သည့် ဆင်တာရို။

သူမြင်နေရသည့်အတိုင်းဆိုလျှင် ယာကာမိုချီထံတွင် ဆာမူရိုင်းစစ်သည် နှစ်ဒါဇ... ခန့်ရှိနေသေး၏။ အင်အားမှာ ယာကာမိုချီဘက်မှ များနေသည်ဖြစ်ရာ မင်းသားတာနာကာ ဦးဆောင်သော အဖွဲ့သည် ယှဉ်နိုင်ပါမည်လော . . .၊ မည်သို့ပင်ဖြစ်စေ လောလော... ဆယ်တွင် လူနည်းစုမျှသာဖြစ်သော မင်းသားတာနာကာ၏ စစ်သည်များ လက်ချက်ဖြင့်...

...ကာဘီဆယ်ယောက်ခန့် လဲကျနေသည်ကို မြင်ရသည့်အခါ အီဒင် အံ့သြနေမိသည်။ ...ို့တစေလည်း ရေရှည်တွင် အသာစီးရရေးမှာ လွယ်မည်မထင်။

အီဒင်သည် နောက်ဆုံးအနေဖြင့် သူ့ရန်သူလက်မှ လွတ်မြောက်ရန် တအားကုန် ...ားထုတ်သည်။ သူ့အားအပေါ်မှ ဖိထားသော ရန်သူသည် နောက်သို့လန်ကာ မြေ ...ပေါ်သို့ ကျသွားသည်။ အီဒင်သည် မျက်စိများကိုမှိတ်ကာ သူ့ရန်သူအား သူ့ဓါးဖြင့် ...ိုးလိုက်သည်။ မျက်လုံးများကို ပြန်ဖွင့်လိုက်သည့်အခါ သူ့အား တိုက်ခိုက်ခဲ့ကြသည့် ...ာကာဘီ သုံးဦးစလုံး သေဆုံးနေကြသည်ကို တွေ့ရလေ၏။

မော့ကြည့်လိုက်သောအခါ မီးတုတ်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ မာကာဘီ ...ာမူရိုင်းများနှင့် ရင်ဆိုင်နေရသည့် မင်းသားတာနာကာကို မြင်ရသည်။ သူနှင့်အတူ ...ဆင်ရိုတာရိုနှင့် ကာဂိုဆာမူရိုင်းသုံးဦးသည် မာကာဘီများအား ခုခံတိုက်ခိုက်လျက် ...ရှိကြသည်။ အီဒင်သည် လဲကျနေရာမှထရန် တာစူလျက်ရှိလေ၏။

ထိုအခိုက်မှာပင် အီဒင်သည် ယာကာမိုချီ၏ လှုပ်ရှားမှုများကို သတိထားမိသည်။ ...ာကာမိုချီသည် သူ၏လက်ကျန် မာကာဘီဆာမူရိုင်းတချို့အား တာနာကာကို ...ိုက်ခိုက်ရန် ထပ်မံအမိန့်ပေးနေသည်။ အီဒင်သည် ဒူးထောက်၍ ထိုင်ပြီးမှ ထရပ် သည်။ ထို့နောက် တိုက်ခိုက်နေကြသူများနှင့် ဆန့်ကျင်ဘက်အရပ်ဆီသို့ ပြေးထွက် ...ာသည်။ အကယ်၍ ဒဏ်ရာရထားသော ဆင်တာရိုထံ အချိန်မီရောက်သွားမည် ...ိုပါက ဤအမှောင်ထုကြားတွင် နှစ်ဦးစလုံး လွတ်မြောက်နိုင်ကြလေမလား . . .။

သူ့ရှေ့တွင် ဆင်တာရိုနောက်သို့ လိုက်သွားနေကြသော ဆာမူရိုင်းနှစ်ယောက် ကိုလှမ်းမြင်နေရသည်။ သူသည် အပြေးကို မရပ်ပဲ ဆက်ပြေးသည်။ သူ့ညာဘက် ...ပေါင်မှ နာကျင်မှုသည် ပြင်းထန်လာနေပြီ. . .၊ ငုံ့ကြည့်လိုက်သည့်အခါ အဖြူရောင် ...ကီမိုနိုအောက်မှ ထွက်လာနေသော သွေးများကို မြင်နေရ၏။

သူ့ခေါင်းသည် ရီဝေဝေ . . .မူးနောက်နောက် ဖြစ်လာသည်။ ထိုအခိုက်မှာပင် သူ့နောက်မှ အော်သံဟစ်သံများ ကြားရသည်။ ယာကာမိုချီတို့လူစုသည် သူ့အား ပြင်သွားကြဟန်တူ၏။ သူ့နောက်မှလိုက်ရန် မာကာဘီတချို့ကို စေလွှတ်လိုက်ဟန် ကူသည်။ သူ့ခေါင်းသည် အခုထိ မူးနောက်ရီဝေနေဆဲ . . .၊ လွတ်မြောက်လိမ့်မည်ဟု ယုံကြည်ထားခဲ့သော သူ့မျှော်လင့်ချက်များသည် ပျက်ပြားစ ပြုလာလေပြီ။

ထိုအချိန်တွင် ယာကာမိုချီ စေလွှတ်လိုက်သော ဆာမူရိုင်းနှစ်ယောက်သည် ဆင်တာရိုထံ ရောက်သွားကြလေပြီ။ ဆာမူရိုင်းတစ်ဦးက ဓါးကိုကိုင်ကာ ဘေးမှရပ်စောင့် နေသည်။ ကျန်တစ်ဦးက မှောက်လျက်ဖြစ်နေသော ဆင်တာရိုအား မီးတောင်...ေး... တစ်ဖက်သို့ ဆွဲယူလာပြီး ချထားသည်။ အီဒင်သည် ဆာမူရိုင်းများ လုပ်...သမျှကို

www.burmeseclassic.com

www.burmeseclassic.com

အလန့်တကြား ကြည့်နေမိ၏။

ထိုအခိုက်မှာပင် ဆာမူရိုင်းနှစ်ယောက်သည် အီဒင်အား မြင်သွားကြသည်။ အီ သည် သူ့ခါးမှ ဓါးကိုဆွဲထုတ်ကာ ဆာမူရိုင်းများဆီသို့ ပြေးဆင်းသည်။ သူ့ပေါင်မှ နာကျင်မှုကိုပင် သတိမရ၊ ဓါးကို ခေါင်းပေါ်မြှောက်ကာ အသံကုန်ဟစ်၍ အော်က ပြေးဆင်းနေခြင်းဖြစ်၏။ သူ့စိတ်တွင် ဆင်တာရိုအား သတ်ကြမည့်အရေးကိုစွမှတစ်ပါ အခြားဘာကိုမှမသိ။

သူပြေးဆင်းသွားနေခိုက်တွင် ဆီးနှင်းပြင်ထက်၌ နှစ်ကြိမ်မျှ ဒူးထောက်၍ သည်။ စိတ်ကဆောင်လျက်ရှိသဖြင့် ချက်ခြင်းပြန်ထနိုင်သည်။ သူ့နောက်မှ အော်သံ များ ထပ်ကြားနေရသော်လည်း သူ့နားများမှ ကြားဟန်မတူ။ သူ့နောက်မှ လိုက်လာ သူသည် သူ့အနီးသို့ ရောက်လာပြီး လက်ထဲမှဓါးဖြင့် သူ့ဦးခေါင်းအားချိန်၍ ခုတ် သည်။ ဓါးချက်ကျလာသည့်အခါ သူသည် နောက်သို့ပြန်လှည့်လိုက်၏။ သူမြင် ရသည်မှာ မီးတောင်၏ထောင်ထိပ် . . .။

သူ့လက်နှစ်ဖက်သည် အထက်သို့မြှောက်သွားသည်။ လက်ထဲမှ ဓါးသည် လွင့် ထွက်သွားပြီး မှောင်ရိပ်ထဲသို့ ကျသွားသည်။ သူ့လက်များသည် အိပ်မက်ထဲက ပုံ အတိုင်း ကောင်းကင်နှင့်မရေမတွက်နိုင်လောက်အောင် များပြားသော ကြယ်များဆီ သို့ရောက်သွားသည်။ သူသည် ဆီးနှင်းပြင်ထဲသို့ နစ်ဝင်သွားနေသည်။

ကြယ်များသည် ပိုးသားတမျှ နူးညံ့လှချေသည်။ သူ့လက်ထဲတွင် တလက်လက် တောက်ပနေကြသည်။ ထို့နောက် သူ့ဦးခေါင်း၏ ဘေးတစ်ဖက်ပေါ် ကျလာသည့် ဓါးချက်. . .၊ သန်းပေါင်းများစွာသော ကြယ်များသည် သူ့မျက်စိရှေ့တွင် ပေါက်ကွဲ သွားသည်။ ထိုတစ်ခဏမှာပင် ဖူဂျီတောင်သည် အေးမြသော လဟာပြင်ကြီးတစ်ခု ဖြစ်သွားလေသည်။

အပိုင်းလေး

သင်္ဘောနက်များကမ်းကပ်ခြင်း

၁၂-၁၇၊ ဇူလိုင်-၁၈၅၃

၁၈၅၃-ခုနှစ်၊ ဇူလိုင်လ အလယ်ပိုင်း၏ ဖတ်ဆန်ဆန် နွေရာသီနေ့ရက်များသည် ကျော်စရက်ပြီးတစ်ရက် ကုန်ဆုံးသွားနေသည်။ ယီဒိုပင်လယ်အော်အတွင်း၌ ကျောက်ချ ရပ်နားလျက်ရှိကြသည့် အမေရိကန်စစ်သင်္ဘောကြီးများမှ သင်္ဘောသားများသည် ရက် ကြာလာသည့်အခါ တင်းမာမှုများ ရှိလာသည်။ သို့တစေလည်း ထိုတင်းမာမှုများကို ပြေပျောက်စေရန်အလို့ငှာ သင်္ဘောများသည် ကမ်းပေါ်မှ ရှေးအလွန်ကျသော စစ်ပြင်ဆင် မှုများကိုကြည့်၍ စိတ်ဝင်စားကြခြင်း၊ ပြောင်လှောင်ရယ်မောနေကြခြင်း စသည်များကို ပြုကာ စိတ်ဖြေစရာရှာ၍ နေကြလေသည်။

ကမ်းခြေတလျှောက်တွင် အလံများသည် တလူလူ လွင့်နေကြသည်။ နိုင်ငံ့ အလံများ၊ တပ်အလံများ၊ တပ်ခွဲလိုက်အလံများ မျိုးနွယ်တူအုပ်စုအလံများ စသည်ဖြင့် အမျိုးစုံဖြစ်၏။ ယင်းတို့ထဲတွင် အမျိုးအနွယ်အုပ်စုလိုက် တံဆိပ်ကြီးများကိုလည်း သူ့နေရာနှင့်သူ စိုက်ထူထားကြသည်။ ယင်းတို့၏အောက်တွင် ဂျပန်စစ်သည်များသည် ကိုယ့်အုပ်စုနှင့်ကိုယ် နေရာယူထားကြသည်။

မည်သို့ပင်ဖြစ်စေ ထိုအပြင်အဆင် အမွှမ်းအမံများသည် ခေတ်သစ်ဖြစ်သော ဆယ့်ကိုးရာစုနှစ် စစ်ရေးစစ်ရာ ရှုထောင့်မှကြည့်လိုက်လျှင် ခေတ်စနစ်နှင့် အလွန်အံမဝင် သည့် အသွင်အပြင်မျိုး ဖြစ်နေသည်။ ထိုအပြင်အဆင်အားလုံးသည် အင်္ဂလန်နိုင်ငံ၏ ပြည့်ရှင်ဘုရင် အာသာခေတ်က စီးချင်းထိုးပွဲများ ကျင်းပသည့်အခါ တခမ်းတနား ပြုလုပ်ထားသည့် ပွဲလမ်းသဘင် ဆင်ယင်မှုမျိုးနှင့် တူလျက်ရှိပေသည်။

ဂျပန်တို့၏ ခေတ်နောက်ကျမှုသည် . . .အမေရိကန်တို့၏ သာလွန်မြင့်မားမှု

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်မှန်ကြောင်း သက်သေထူသလို ဖြစ်လျက်ရှိ၏။ သို့သော်လည်း နှစ်ပေါင်းနှစ်ရာ ငါးဆယ်ကျော်မျှ သူတို့ဖာသာသူတို့ ပြင်ပကမ္ဘာနှင့်မဆက်ဆံပဲ အထီးကျန်နေမှု မူဝါဒကို ကျင့်သုံးနေထိုင်ခြင်းသည် ဂျပန်တို့အတွက်ကတော့ မှန်ကန်ပြီး အရေးပါသော မူတစ်ရပ်ပင် ဖြစ်ချေသည်။

သမိုင်း၏ အရေးကြီးသော ကာလတစ်ခုမှာ ဥရောပတိုက်သားများက ကြီးမား ကျယ်ပြန့်သော အာရှတိုက်၏နယ်မြေအများအပြားကို ကိုလိုနီနယ်များအဖြစ် ဝင်ရောက် သိမ်းပိုက်နေခြင်းပင်ဖြစ်သည်။ ထိုကာလတွင် မိမိတို့ဖာသာ မိမိပတ်ဝန်းကျင်နှင့် အကူ အလူးအဆက်အဆံမရှိပဲ နေထိုင်ခြင်းသည် သူတို့အတွက် အကျိုးရှိစေသည်ဟု ဆိုနိုင် ၏။ ထိုကာလအတွင်းတွင် သူတို့သည် အမျိုးသားအကျင့်စရိုက်လက္ခဏာများကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း သူတို့သည် ဆယ်စုနှစ် အနည်းငယ်မျှနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ပခုံးချင်းယှဉ်နိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာအောင် တည်ဆောက်နိုင်ခဲ့ခြင်းပေတည်း။

အလယ်ခေတ်က တည်ရှိခဲ့သော မြေရှင်ပဒေသရာဇ်စနစ်တွင် ရိုးရာတူ သို့မဟုတ် မျိုးနွယ်တူ အုပ်စုစနစ်သည် တည်ရှိခဲ့၏။ ယင်းစနစ်တွင် တာဝန်သိမှု၊ သစ္စာရှိမှု၊ နာခံ တတ်မှုနှင့် စည်းကမ်းရှိမှုစသော 'မူများ' ရှိခဲ့ရာ ထိုမူများကို ဂျပန်လူမျိုးတိုင်း၏ စိတ်၌ စွဲမြဲသွားအောင် ရိုက်သွင်းပေးခဲ့သည်။

ယင်းအရည်အသွေးများသည် ရှေးဦးစွာ သူတို့အား မြေယာများ ခွဲဝေချထားပေး သည့် မြေရှင်ပဒေသရာဇ်များထံ၌ ထင်ဟပ်လျက်ရှိသည်။ ထို့နောက် တစ်မျိုးသား လုံး၏ အကြီးအကဲဖြစ်သည့် မြတ်သောအင်ပါယာ ဧကရာဇ်ဘုရင်မင်းမြတ်ထံတွင် ထင်ဟပ်လာသည်။ ဂျပန်တို့အဖို့ ဧကရာဇ်ဘုရင်သည် 'နေမင်းမှ မွေးဖွားသန့်စင်လာ သည့်မြေပေါ်၌' ရှင်သန်နေထိုင်လျက်ရှိသော နတ်ဘုရားများ၏ ကိုယ်စားလည်း ဖြစ် သည် မဟုတ်ပါလား'

ယင်းယုံကြည်မှုအား အမျိုးသားဘာသာအယူဝါဒဖြစ်သည့် ရှင်တိုဘာသာက သိမ်းယူပြီး ပြုစုပျိုးထောင်ပေးလိုက်သည့်အခါ ဂျပန်တိုင်းသည် မြတ်သောအမျိုးသား မိသားစုဝင် တစ်ဦးအဖြစ် သူ့ကိုယ်သူ မြင်လာလေတော့သည်။ ကမ္ဘာ့သမိုင်းတွင် နှစ် ပေါင်းနှစ်ရာ့ငါးဆယ်ကာလအတွင်း ဆာမူရိုင်းနှင့်မိမိကိုယ်မိမိသာ အားကိုးသော စိတ် များရရှိလာသည့် လူမျိုးဟူ၍ ဂျပန်မှတစ်ပါး အခြားလူမျိုး မရှိခဲ့ချေ။ ထိုစိတ်ဓါတ် သည် လူတစ်ဦးချင်း စိတ်အတွင်း၌ အခိုင်အမာတည်ရှိသွားခဲ့လေရာ အရိုးစွဲနေပြီ ဖြစ်သော အမျိုးသားစိတ်ဓါတ်အဖြစ် ရပ်တည်လာခဲ့လေ၏။

'ဆာမူရိုင်း' ဟူသော ဝေါဟာရကို 'အစေခံ၊ ကျေးကျွန်၊ လက်ပါးစေ' ဟု

ယည်းကောင်း၊ 'မြေကျွန်၊ အစေအပါး၊ နောက်လိုက်' ဟု လည်းကောင်း တစ်နည်းအား ဖြင့် 'တိုက်ခိုက်သူ' ဟု လည်းကောင်း အနက်အဓိပ္ပါယ် ပြန်ဆိုနိုင်သည်။

ဂျပန်တို့၏ ရိုးရာဓလေ့ထုံးစံ အစဉ်အလာအရ ဆာမူရိုင်းသည် မြေရှင်ပဒေသရာဇ် ယတ် ဂျပန်နိုင်ငံတွင် အထက်တန်းစား လူ့အဖွဲ့အစည်း၌ ပါဝင်သည်။ ဧကရာဇ်ဘုရင် ၂ ချီးမြှင့်ကာ သူကောင်းပြုထားသည့် ဒိုင်းမျိုး တို့၏အောက် တစ်ဆင့်နိမ့်သည်။ သို့သော်လည်း မင်းမျိုးမင်းနွယ်များနှင့် မင်းစိုးရာဇာများသည် ဆာမူရိုင်းတို့၏ အတတ် ပညာများကို လေ့လာသင်ယူလေ့ ရှိကြလေသည်။

မည်သို့ပင်ဖြစ်စေ ဂုဏ်သိက္ခာမြင့်မားသော ထိုအဆင့်ကို ရရှိရန်မှာ မလွယ်လှပေ။ နှစ်ကာလကြာမြင့်စွာ လေ့ကျင့်မှုနှင့်သင်ကြားမှုများကို ဖွဲကောင်းကောင်း စိတ်ရှည်ရှည် ဖြင့် လေ့ကျင့်သင်ယူဖို့ လိုအပ်သည်ဖြစ်ရာ အသက်ခပ်ငယ်ငယ်ကတည်းက ထိုဘဝကို အစပြုရန် လိုပေသည်။

အားလုံးသော မလိုလားအပ်သည့် အယူသည်းမှုများနှင့် သေခြင်းကို ကြောက် သည့် စိတ်များကို ဖယ်ရှားပစ်ရန်အတွက် ကလေးသူငယ်များအား အသက်ငါးနှစ်သား အရွယ်ကတည်းက အများပြည်သူရှေ့၌ ခေါင်းဖြတ်သတ်သည့်ပွဲများကို ကြည့်ခိုင်း သည်။ တစ်ခါတရံတွင် ဖြတ်ထားသော လတ်လတ်ဆတ်ဆတ် ဦးခေါင်းများစွာကို အကြောက်အလန့် မရှိစေရန် သယ်ယူခိုင်းသည်။

ကြောက်စိတ်ကင်းစေရန်အတွက် တစ်ခါတစ်ရံတွင် လူသတ်ကွင်းများစီသို့ ည သန်းခေါင်ယံအချိန်တွင် တစ်ယောက်တည်း သွားခိုင်းသည်။ ခံနိုင်ရည်ရှိစေရန်အတွက် တစ်ကိုယ်လုံး အဝတ်များချွတ်၍ အလွန်အေးသော နေရာများသို့သွားစေခြင်း၊ ရက် အနည်းငယ်မျှ အစာငတ်၊ ရေငတ်ထားခြင်းနှင့် တစ်ညလုံးမအိပ်ဘဲနေစေခြင်း စသည် တို့ကိုလည်း ပြုလုပ်ခိုင်းသည်။ ထိုစမ်းသပ်မှုများကို အောင်မြင်ပါက အသက်ဆယ့် ငါးနှစ်အရွယ်တွင် ဓါးများကို ကိုင်ဆောင်ခွင့်ရသည်။

လက်ရွေးစင်လူများအတွက် အထူးဖွင့်ထားသည့် ကျောင်းများတွင် ကွန်ဖြူးစီယန် အယူဝါဒနှင့် ဇင်ဗုဒ္ဓဘာသာ ဈာန်ဝါဒများကိုသာမက ရှင်တိုဘာသာ၏ အခြေခံမူဝါဒ များကိုပါ သင်ကြားပေးသည်။ အာနာပါန ဝင်လေထွက်လေ မှန်မှန်ရှူခြင်းနှင့် ကမ္မဋ္ဌာန်း ထိုင်ခြင်းများသည်လည်း ဆာမူရိုင်းများအား စွမ်းအား၏ သဘောသဘာဝများကို သိမြင်နားလည်စေရုံမျှမက သဘာဝကမ္ဘာမြေကြီးနှင့် စကြဝဠာဆက်ဆံရေးများကိုပါ နားလည်စေနိုင်သည်။

ထိုအရာအားလုံးသည် သူ၏အကြီးမြင့်ဆုံးရည်မှန်းချက်ကို ရရှိအောင် ကူညီနိုင် ရန် စီမံထားခြင်းဖြစ်၏။ သူ့လက်နက်များကို အသုံးပြုရာ၌ အတွေးနှင့်လှုပ်ရှားမှုကို

www.burmeseclassic.com

www.burmeseclassic.com

သူ့အလိုအလျောက် ဖြစ်ထွန်းလာစေနိုင်မည့် ထူးကဲသော အသိအာရုံကို ရရှိစေရန် အတွက်ဖြစ်၏။

ဆာမူရိုင်းတစ်ယောက်သည် မည်သည့်တိုက်ပွဲအမျိုးအစားဖြစ်မဆို အများတကာ ထက် ပို၍တော်အောင် ပို၍ ထက်မြက်ကျွမ်းကျင်အောင်လည်း သင်ကြား ကြရသည်။ လက်သီးချင်းယှဉ်ပြိုင်ထိုးသတ်ရသည့် ပွဲမျိုးမှာပင် ဆာမူရိုင်းက သာလွန်အောင် သင်ကြားထားရသည်။ ဆာမူရိုင်းတစ်ဦးသည် အမြဲတစေ နိုးကြားဖျတ်လက်မှု ရှိနေရ၏။ အိပ်ပျော်နေစဉ်အတွင်းမှာပင် သူသည် ဖျတ်လက်နိုးကြားနေရမည်ဖြစ်ရာ အကယ်၍ သူ့အားလာ၍တိုက်ခိုက်ခဲ့ပါက ဖြုန်းခနဲ ခုန်ထကာ ရန်သူကို ပြန်လည်၍ လက်တုံ့ ပြန်နိုင်ရမည်ဖြစ်၏။

ဆာမူရိုင်းတို့ လိုက်နာကျင့်သုံးရမည့် နိတိကျမ်းစာအား 'ဘူရှီဒို သို့မဟုတ် စစ်သည်ကျင့်ဝတ်' ဟုသိထားကြသည်။ သာမန်ဂျပန်အရပ်သားများအဖို့ ဆာမူရိုင်း များအား 'ဘူရှီ' သို့မဟုတ် 'စစ်သည်တော်သူရဲကောင်း' ဟု အသိအမှတ် ပြုထားကြ သည်။ ထိုဆာမူရိုင်းများသည် မြေရှင်ပဒေသရာဇ်ခေတ်၏ စစ်တပ်များတွင် အရာရှိများ ဖြစ်လာခဲ့လေရာ သူတို့၏ စည်းကမ်းနှင့်ကျင့်ဝတ်များသည် အခြားအဆင့် စစ်သည် များထံ ကူးစက်ပျံ့နှံ့သွားကြလေသည်။

ဂျပန်တို့၏ အထီးကျန်နေထိုင်မှု အချိန်ကာလသည် ရှည်ကြာခဲ့၏။ သို့တစေ လည်း ထိုကာလ ကုန်ဆုံးသွားချိန်အထိ ဂျပန်တို့၏ ဘူရှီဒိုစိတ်ဓါတ်ကို အမျိုးသား တစ်ရပ်လုံး၏ ထူးခြားသော ဝိသေသလက္ခဏာရပ်အဖြစ် တွေ့ရှိနေရသည်။ သူတို့သည် ရန်သူ၏အင်အား၊ အားသာချက်နှင့် အားနည်းချက်များကို စနစ်တကျ လေ့လာကာ အနိုင်ရရှိစေရန်အတွက် လက်ဦးအောင် တိုက်ခိုက်တတ်လေသည်။

ယင်းမူဝါဒကို ဂျပန်ရေတပ်သည် ၁၉၀၅ခုနှစ်၊ မေလတွင် လက်တွေ့ကျင့်သုံးခဲ့၏။ ထိုစဉ်က ရုရှားဘော်လတစ်စစ်သင်္ဘောများသည် အင်အားအကြီးဆုံးနှင့်(ထိုအချိန်က) ခေတ်အမီဆုံး ရေတပ်အုပ်စုဖြစ်သည်။ ယင်းရေတပ်အုပ်စုသည် ကျဉ်းမြောင်းသော ဂျပန်ရေလက်ကြားမှ ဖြတ်အသွားတွင် ရုတ်တရက်တိုက်ခိုက်ခံရသဖြင့် သင်္ဘောအားလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရလေသည်။

ထို့နောက် နှစ်ပေါင်းလေးဆယ်နီးပါးမျှအကြာ ၁၉၄၁–ခုနှစ်ထဲတွင် 'လက်ဦး အောင် ရှောင်တခင်ဝင်တိုက်' ဟူသော ဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးခဲ့ပြန်၏။ ပါးလ် ဟာဘာဆိပ်ကမ်းရှိ အမေရိကန်ပစိဖိတ်ရေတပ်၏ ဇာတ်ရာခိုင်နှုန်းသည် လုံးဝပျက်စီး သွားခဲ့ရသည်။ ဂျပန်နိုင်ငံ၏ သံတမန်များက ဝါရှင်တန်သို့လာ၍ လိမ်လည်လှည့်ဖျား သော နည်းပရိယာယ်ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ လုပ်နေစဉ်အတွင်း ဂျပန်လေတပ်

ရှင့်ရေတပ်တို့က ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။

နှစ်ဆယ်ရာစုနောက်ပိုင်းကာလတွင် ကမ္ဘာပေါ်ရှိ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်း ထိပ်ဆုံးနေရာသို့ ရောက်ရှိရေးသည် အလွန်ခြားနားသော အခြေအနေ များကို တည်မှီ၍ လျှောက်လှမ်းနေကြရ၏။ ယင်းအခြေအနေထဲမှာပင် ဂျပန်တို့သည် သူတို့အား ယနေ့ခေတ်တွင် အမျိုးသားတစ်ရပ်အဖြစ် သတ်မှတ်ရေး၌ တသီးတခြား ဖြစ်အောင် တွန်းအားပေးနေဆဲဖြစ်သော မြေရှင်ပဒေသရာဇ်ခေတ်စနစ်၏ အစဉ်အလာ ရိုးရာလေ့ထုံးစံများနှင့် တသီးတသန့်ဖြစ်နေသော အခြေအနေများဆီမှ 'အား' ကို ထုတ်လက်ယူနေဆဲဖြစ်လေသည်။

သို့တစေလည်း ဤသို့သောအခြေအနေများကို (ထိုခေတ်) ၁၈၅၃–ခုနှစ်၏ အမေရိကန်သင်္ဘောသားများ မမြင်နိုင်ကြချေ။ သူတို့မြင်နေကြသည်မှာ ဂျပန်မြေရှင် ပဒေသရာဇ်စနစ်၏ အပြင်အဆင် အမွှမ်းအမံများကိုသာဖြစ်၏။ ထို့ပြင်လည်း သူတို့ အခြေအနေဖြင့် ယီဒိုပင်လယ်အော်အတွင်းသို့ အခိုက်အတန့် ကျူးကျော်ဝင်ရောက်လာ မှုသည် ဂျပန်နိုင်ငံအား ပြုပြင်ပြောင်းလဲမှု နယ်ပယ်အတွင်းသို့ ရောက်ရှိသွားအောင် တွန်းအားပေးလိုက်ခြင်း ဖြစ်လာလိမ့်မည်ဟုလည်း သဘောပေါက် နားလည်ကြ လိမ့်မည်မဟုတ်ပေ။ ထိုပြောင်းလဲမှုများသည် ဂျပန်လူမျိုး တစ်မျိုးလုံးအား လျှင်မြန်စွာ စိုးဆင်းနေသော ကမ္ဘာ့သမိုင်းရေစီးကြောင်းထဲသို့ ကြောက်စရာကောင်းသူများအဖြစ် ဝင်ရောက်သွားအောင် ဆောင်ယူသွားလိမ့်မည်ဟုလည်း သိရှိကြလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

ဆတ်စ်ကွိဟန်နာ သဘော်တက်မအခန်းဘက်ရှိ အခန်းငယ်လေးထဲတွင် အိပ်စင်လေးတစ်ခုရှိ၏။ ထိုအိပ်စင်ပေါ်တွင် ဆင်မြူရယ်အမ်းစထရောင်းသည် တလူးလူးတလိမ့်လိမ့် ဖြစ်လျက်ရှိသည်။ အိပ်တစ်ဝက် နိုးတစ်ဝက်အဖြစ်နှင့် ရင်ဆိုင်နေရခြင်းပေတည်း။ သူ့မျက်နှာတွင် ချွေးသီးချွေးပေါက်များ စို့လျက်ရှိ၏။ တစ်ခါတရံတွင် သူ့ထံမှ ကယောင်ကတန်းပြောသံများနှင့် ညီးညူသံများထွက်. . .ထွက်လာတတ်သည်။ ထိုအခိုက်မှာပင် အပြင်မှ တုံးခေါက်သံတစ်ချက် ထွက်လာလေရာ အိပ်မွှံစုံမွှားဖြစ်နေသောစိတ်ကို လက်နှင့်ပုတ်၍ လှုပ်လိုက်သလို ဖြစ်သွားရလေ၏။

အသံသည် အနီးအနားကလိုလို အဝေးကြီးက လိုလိုဖြစ်၏။ သစ်သားများပေါ် ထုရိုက်နေသည့် အသံမျိုးနှင့်တူသည်။ အသံသည် ပဲ့တင်ထပ်လျက်ရှိလေရာ ပင်လယ်အော်ရေပြင်ကိုဖြတ်၍ လာနေသည်ဟုထင်ရသည်။ အသံသည် တကယ်လား . .. သို့မဟုတ် အိပ်မက်လား . . .။ သူသည် အိပ်ပျော်နေရာမှ အပီအပြင် နိုးမလာသေး။ သို့တစေလည်း ယနေ့သည် ဇူလိုင်လ(၁၂)ရက်၊ အင်္ဂါနေ့ဖြစ်သည်ကို သတိထားမိသည်။ ကွန်မိုဒိုပါရီက ဂျပန်တို့အား သူပေးပို့ထားသည့် ရာဇသံကိုပြန်ကြားရန် သတ်မှတ်ပေးထားသည့် နောက်ဆုံးရက် မဟုတ်ပါလား။ အမေရိကန်သမ္မတ၏ ပေးစာကို လက်ခံမလား–လက်မခံဘူးလားဟု ပြန်ကြားရန် နာရီပိုင်းမျှသာ လိုတော့၏။ အကယ်၍ အကြောင်းတစ်စုံတစ်ရာ မပြန်ကြားခဲ့ပါမူ အမေရိန်ကန်ရေတပ်သည် ကမ်းပေါ်သို့ တက်ကာ စာကို ပေးရပေတော့မည်။

'ဒီနေ့ ငြိမ်းချမ်းရေးပဲ ဖြစ်လာမလား၊ စစ်ပဲတိုက်ရမလားဆိုတာ အတိအကျသိရတော့မယ်' ဟု အမ်းစထရောင်းက တွေးသည်။ 'ငါတို့ မရိန်းတပ်သားတွေရဲ့ သဘော်သားတွေဟာ ယီဒိုကို ဝင်ဖို့ တိုက်ကြ ခိုက်ကြရတော့မှာလား . . .'

www.burmeseclassic.com

www.burmeseclassic.com

သူသည် အိပ်တစ်ဝက်နိုးတစ်ဝက် ဖြစ်သဖြင့် ပီပီပြင်ပြင် မတွေးနိုင်၊ အကယ်၍ စစ်တိုက်ကြရတော့မည်ဆိုပါမူကား ထိခိုက်ဒဏ်ရာရသူများနှင့် သေကြေပျက်စီးသူ အရေအတွက်သည် များပြားဘွယ်ရာရှိ၏။ သို့ဆိုလျှင် သင်္ဘောပေါ်မှ လက်သမားဆရာများအား စောစောစီးစီးထ၍ ခေါင်းများစပ်ကြရန် အမိန့်ပေးထားလေပြီလား။

ယမန်နေ့က သူသည် ဆတ်စ်ကွီဟန်နာ သင်္ဘောကုန်းပတ်ပေါ်၌ စိတ်မငြိမ် မဆိတ်ဖြစ်လွန်းသဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေခဲ့ရ၏။ ပင်လယ်အော်၏ ကမ်းခြေဘက်ရှိ ခံတပ်များကို လှမ်းကြည့်လိုက်သည့်အခါတိုင်း လှုပ်ရှားနေကြသည့် စစ်တပ်များမှာ နည်းနည်းနောနောမဟုတ်၊ လေးသည်တော်များ၊ လှံတပ်သားများနှင့် မတ်စကတ် သေနတ်ကိုင်တပ်သားများ စသည်ဖြင့် စစ်သည်မျိုးစုံပါဝင်သည်။ သူတို့ ကြားထဲတွင် ရံဖန်ရံခါ ရောက်လာကြသော မြင်းသည်တော်များကိုပါ မြင်နေရလေသည်။

ခန့်မှန်းခြေအားဖြင့် ကမ်းထက်ရှိ ဂျပန်စစ်သည်အင်အားသည် စုစုပေါင်း တစ်သောင်းနှင့် တစ်သောင်းငါးထောင်ကြား ရှိလိမ့်မည်ဟု ယူဆရ၏။ အကယ်၍ ထိုအချက်သာ မှန်ကန်ပါက မိမိတို့စစ်သင်္ဘောများပေါ်မှ စစ်သည်အင်အားသည် အရေအတွက်အားဖြင့် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ကွာခြားလျက်ရှိသည်။ အနည်းဆုံး ဆယ်ယောက်တစ်ယောက်နှုန်းလောက်သာ ရှိပေလိမ့်မည်။ နောက်တစ်ချက်မှာ ဂျပန်တို့အနေဖြင့် မြင်ကွင်းထဲ၌ မထားပဲ တစ်နေရာရာ၌ ဝှက်ထားသည့် အရန်စစ်သည်များ ရှိလိမ့်ဦးမည်ဖြစ်ရာ ဂျပန်တို့ဘက်မှ စစ်သည်အင်အားသည် အတိအကျ ပြော၍ ရနိုင်ဖွယ်ရာ မရှိချေ။

ယမန်နေ့ မနက်ပိုင်းက ပါရီ၏အမိန့်အရ မစ်စစ္စပီ သင်္ဘောသည် ယီဒိုဘက်သို့ သွားခဲ့သည်။ ဘေးတစ်ဖက်တစ်ချက်မှ လက်နက်ကိုင်သင်္ဘောများ ခြံရံကာ ထွက်သွားခဲ့ခြင်းဖြစ်၏။ ထိုအခါ ဂျပန်အရာရှိများသည် လှေများနှင့် ဒလကြမ်းထွက်လာပြီး စုံစမ်းမေးမြန်းခဲ့ကြသည်။ ထိုစဉ်က မိမိကိုယ်တိုင် ဆတ်စ်ကွီဟန်နာသင်္ဘော ကက်ပတိန်၏သဘောထားကို ဘာသာပြန်၍ ပြောပြခဲ့ရသည်။ ယခုဆောင်ရွက်မှုသည် ပင်လယ်အော်ကို ပိတ်ထားခြင်းဖြစ်ကြောင်း သို့မှသာလျှင် လိုအပ်လာချိန်တွင် အမေရိကန်တပ် အနေဖြင့် ယီဒိုဆိပ်ကမ်းဆီသို့ တိုက်ရိုက်ဝင်ရောက်သွားနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြခဲ့ရခြင်းဖြစ်၏။

ယင်းကဲ့သို့ ရှင်းပြအပြီးတွင် ဂျပန်ကမ်းခြေစောင့် စစ်လှေများသည် အများအပြား ထွက်လာခဲ့သည်။ မစ်စစ္စပီ သင်္ဘောနောက်မှ ပိုင်း၍လိုက်လာကြသည်။ ကမ်းခြေတွင်လည်း စစ်သည်အင်အားများ တိုး၍ချထားခဲ့ကြသည်။ သို့သော်လည်း မစ်စစ္စပီသည်

ဂျပန်ကမ်းခြေစောင့်တပ်လှေများနှင့် တင်းမာမှုကြီးစွာဖြစ်ခဲ့ရပြီးနောက် မိုးမချုပ်မီ ဘေးရန်ရာယ်တစ်စုံတစ်ရာ မတွေ့ရပဲ ပြန်ရောက်လာခဲ့လေသည်။

ထို့နောက်တော့ ထိုညတစ်ညလုံး ကမ်းခြေထက်ဆီမှ အချက်ပြမီး အများအပြား သည် ကောင်းကင်ဆီကို အမြဲတစေ ထိုးတက်လာနေသည်။ စစ်မောင်းသံများနှင့် တံတက်ကွန်းများဆီမှ ခေါင်းလောင်းသံများလည်း တိုးတက်များပြားလာနေခဲ့၏။ တနင်္ဂနွေ နေ့တွင်မူ ထိုအသံအားလုံး ရပ်စဲသွားပြီးသော် နောက်ရက်မှစ၍ ထပ်မံအသက်ဝင်လာ ခဲ့ပြန်၏။ ထို့နောက် ဆတ်စ်ကွီဟန်နာသင်္ဘောသည် လိုအပ်သည့် ကြိုတင်ပြင်ဆင် မှုများကို ပြုလုပ်ခဲ့ရာမှအစ ဂျပန်တို့ဘက်မှ ကင်းစခန်းများ နှစ်ဆတိုးချခြင်း၊ စစ်သင်္ဘော ပေါ်ပေါ်ရှိ လေးစီးစလုံးအား မျက်ခြေမပြတ် စောင့်ကြည့်သူများအဖို့ တိုး၍ချထားခြင်း စသည်များ ကိုပါ လုပ်လာခဲ့ကြလေသည်။

တစ်ညလုံးနီးပါး မအိပ်နိုင်ခဲ့သည့် အမ်းစထရောင်းသည် ကြားနေရသမျှအားလုံး ကိုမယ်မယ်ရရ မသိ။ အိပ်မက်လိုလို ဘာလိုလို ဖြစ်နေရစဉ်အတွင်း ခေါက်သံတစ်ခုကို ကြားရ၏။ ထိုအသံသည် ဘယ်ကလာသနည်း။ သူ့အိပ်မက်ထဲတွင် ဂျပန်တို့သည် အမေရိကန်စစ်သည်များအတွက် ကမ်းပေါ်၌ကြိုးစင်များ တည်ဆောက်လျက် ရှိကြသည်။ သို့သော်လည်း ချက်ခြင်း သူသတိထားမိသည်။ ဂျပန်တို့သည် ကြိုးပေးသည့် ဓလေ့ထုံးစံမရှိ။

'မစ္စတာအမ်းစထရောင်း . . . ခင်ဗျား' ဟူသောခေါ်သံကို ကြားရသည်။ အရာခံဗိုလ်ဟာရစ္စ၏အသံဖြစ်၏။ 'မစ္စတာအမ်းစထရောင်း... အဆင်ပြေတယ် မဟုတ်လား . . .ခင်ဗျာ၊ အိပ်ရာကကော နိုးပြီမဟုတ်လား...ခင်ဗျာ'

'အေး...နိုးနေပြီ' ဟုပြန်ပြောကာ သူသည် မျက်လုံးများကိုဖွင့်၍ ထထိုင်သည်။

'ဝင်ခဲ့လေ... ရတယ်'

အခန်းလေးထဲမှ ကြည့်လိုက်လျှင် ဖူဂျီတောင်ကို မြင်နေရသည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် မြူများကြားမှ ထိုးထွက်လာသည့် အလှပေတည်း။ သူသည် ဖူဂျီကို ငေးကြည့်နေရင်းမှပင် တူထုသံများကို ကြားနေရ၏။ သူ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေစဉ်က ကြားခဲ့ရသမျှသည် အခုပင် တကယ်အစစ်မှန်း သိလာသည်။ သူသည် အခန်းထဲရောက်လာပြီး ရပ်နေသည့် အရာခံဗိုလ်အား လှည့်ကြည့်သည်။ အရာခံဗိုလ်သည် စစ်လက်နက်ပစ္စည်းများကို အသင့်တပ်ဆင်ထားသည်ကို တွေ့နေရလေသည်။

'ကျုပ်အိပ်မက် မကောင်းဘူး မစ္စတာဟာရစ္စ' ဟု အမ်းစထရောင်းက ပြောသည်။

'ကျုပ် ခင်ဗျားအတွက် ဘာလုပ်ပေးနိုင်မလဲ'

www.burmeseclassic.com

www.burmeseclassic.com

'လက်ဖတင်နင်ရိုက်စ်က လွှတ်လိုက်လို့လာတာပါ...ခင်ဗျာ' ဟု အရာခံဗိုလ်က ပြောသည်။ 'သူ့အနေနဲ့ မစ္စတာအမ်းစထရောင်းနဲ့ တွေ့ချင်ပါတယ် ...တဲ့၊ ခပ်မြန်မြန်ကလေး သူ့အခန်းကို လာခဲ့ပါ ...လို့ ပြောလိုက်ပါတယ်'

အမ်းစထရောင်းသည် မျက်လုံးများကို ပွတ်လိုက်ပြီး အိပ်စင်ပေါ် ဆင်းလာသည်။ အိပ်စင်ဘေး၌ ရပ်နေသည်။ 'အရေးကြီးတဲ့ ကိစ္စပေါ်လာလို့လား' ဟု ပြန်မေးသည်။

'ကျွန်တော်တို့ ကွန်မိုဒိုဟာ ဂျပန်ဧကရာဇ်ဘုရင်ကိုပေးဖို့ မနေ့ညက စာတစ်စောင် အသစ်ထပ်ရေးတယ်လို့ သိရပါတယ်' ဟု အရာခံဗိုလ်ဟာရစ္စက ပြောသည်။

'စာကို လက်ဖတင်နင်ရိုက်စ် ရထားပါပြီ၊ ဂျပန်ကိုယ်စားလှယ်အဖွဲ့ ရောက်မလာခင် စာကို ဘာသာပြန်ထားဖို့ လိုနေပါတယ်'

'ဂျပန်အဖွဲ့ လာဖို့ရှိနေသလား' ဟု အမ်းစထရောင်းက မေးသည်။ 'သူတို့ရောက်လာနေတဲ့ အရိပ်အရောင်ကို မြင်ရပြီလား'

'အခုထက်ထိတော့ မမြင်ရသေးပါဘူး၊ ဒါပေမဲ့ ကွန်မိုဒိုကတော့ သံကိုယ်စားလှယ်အဖွဲ့ မကြာခင် ရောက်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်'

အမ်းစထရောင်းသည် သက်ပြင်းချသည်။ အင်း . . . သူမှန်မယ်လို့ ကျွန်တော်ထင်တယ်။ အမေရိကန်တစ်ထောင်ရဲ့ အသက်တွေဟာ အဲဒီအပေါ်မှာ တည်ကောင်းတည်လိမ့်မယ်'

'လက်ဖတင်နင်က ကျွန်တော့်ကို တစ်ခုမှာလိုက်ပါသေးတယ်၊ ဒီနေ့ကိစ္စမှာ ပါဝင်ပတ်သက်လာရမယ့်လူတွေကို တက်နိုင်သမျှ အမြန်ဆုံး အသိပေးထားဖို့လည်း ကွန်မိုဒိုကလိုလားနေပါတယ် ...တဲ့'

'ကျေးဇူးတင်တယ် ...မစ္စတာဟာရစ္စ' ဟု အမ်းစထရောင်းက ပြောသည်။

'ခင်ဗျားဟာ သိပ်ကို အကူအညီရတဲ့သူ တစ်ယောက်ပါပဲ'၊ အရာခံဗိုလ်သည် နောက်သို့ ပြန်လှည့်ရန် ဟန်ပြင်လိုက်သည်။ အမ်းစထရောင်းက လက်လှမ်းပြီး တားသည်။

'ခင်ဗျား ထုသံ၊ ရိုက်သံတွေ ကြားလိမ့်မယ်ထင်ပါတယ်'

'ဟုတ်ကဲ့ ကြားပါတယ်၊ တစ်ညလုံးနီးပါး ကြားနေရတာပါ'

'အဲဒါ ဘာသံတွေလဲ . . .၊ ခင်ဗျား သိသလား'

'မသိဘူး –ခင်ဗျာ။ ဘယ်သူမှလည်း သိကြမယ် မထင်ဘူး၊ ကမ်းခြေဘက်က လာနေတာပါ၊ ပင်လယ်အော်ရဲ့အောက်ဖက် ကမ်းနဖူးနောက်က ထွက်ပေါ်လာရတာပါ'၊ 'အသံတွေတော့ ရေပြင်ပေါ်က ဖြတ်ပြီး ထွက်လာနေတာပါ'

အမ်းစထရောင်းက ခေါင်းညိတ်သည်။ 'ကမ်းခြေဆီက ရန်သူရဲ့ တိုက်ခိုက်ရေးလုပ်ငန်းတွေက ဘယ်လိုလဲ၊ သူတို့ ဒီနေ့မနက် ဘယ်လို အနေအထားမျိုး ရှိမယ်ထင်သလဲ' ဟုမေးသည်။

'သူတို့ကြည့်ရတာ တတ်တတ်ကြွကြွပဲ . . . ခင်ဗျ။ သူတို့အနေနဲ့ ခုခံတိုက်ခိုက်ဖို့ စဉ်းစားနေတဲ့ပုံပဲ'

'အေး–ဟုတ်ပြီ၊' 'ကျုပ်အခု အဝတ်အစားလဲပြီး ချက်ခြင်းလာခဲ့မယ်လို့ ပြောလိုက်ပါ'

'ကောင်းပါပြီ . . .ခင်ဗျား'

အရာခံဗိုလ်ဟာရစ္စ ထွက်သွားသည့်အခါ အမ်းစထရောင်းသည် ဂျက်ကတ်အကျီကို ချွတ်လိုက်ပြီး ကြွေခွက်တစ်လုံးထဲသို့ ရေအေးများထည့်ကာ မျက်နှာသစ်သည်။ လက်ဆေးသည်။ ထို့နောက် ကမ်းခြေဆီမှ လာနေသော ထုသံရိုက်သံများကို နားစွင့်ရင်း အဝတ်လဲသည်။ ဘာသံတွေပါလိမ့်ဟုလည်း တွေးသည်။ နောက်ဆုံးတွင် သူသည် ချွတ်ချထားသည့် ဂျက်ကတ်အကျီကို ပြန်ဝတ်ကာ လက်ဖတင်နင်ရိုက်စ်ထံ သို့သွားသည်။ သူ အခန်းထဲဝင်သွားချိန်တွင် ရိုက်စ်သည် ယမန်နေ့က တိုင်းထွာရရှိသော ရေအတိမ်အနက် တိုင်းထွာချက်များကို သင်္ဘောရေကြောင်းပြ မြေပုံထဲတွင် ထည့်သွင်းလျက်ရှိသည်။

'ပင်လယ်အော်ထဲမှာ ဆယ့်နှစ်မိုင်အထိတော့ ရေအတိမ်အနက် တိုင်းပြီးသွားပြီ . . . မစ္စတာအမ်းစထရောင်း၊ အောက်ခြေမှာတော့ မြေကပျော့တယ်။ ဒါပေမဲ့ ရေကြောင်းသွားပုံကတော့ အခုတွေ့နေရတဲ့အတိုင်း ဆက်သွားလိမ့်မယ်လို့ တွက်တယ်'

'ဒီအချက်က အရေးကြီးလို့လား' ဟု အမ်းစထရောင်းက မလိုတမာသံဖြင့် မေးသည်။

'အရေးကြီးတာပေါ့ . . . .၊ ခဲကြိုးက ရေစီးကြောင်းရဲ့ အလယ်တည့်တည့် အနက်နှစ်ဆယ်ဖာသင်အထိရောက်တာ . . . ၊ ဘေးတစ်ဖက်တစ်ချက် ပတ်ပတ်လည်မှာ ရှိနေတဲ့ကမ်းခြေမှာက ငါးဖာသင်လောက်ပဲရှိတယ်၊ အဲဒီတော့ ကျွန်တော်တို့ စစ်သင်္ဘောတွေအားလုံးဟာ ယီဒိုအထိတော့ ချောချောမောမောရောက်အောင် သွားနိုင်ဖို့ရှိတယ်'

'ပြင်းထန်တဲ့ အလုပ်မျိုးတွေ ပေါ်မလာပါစေနဲ့လို့ ကျွန်တော် ဆုလည်းတောင်းတယ်။ မျှော်လည်းမျှော်လင့်တယ် . . .၊ လက်ဖတင်နင်' ဟု အမ်းစထရောင်းက ပြောသည်။ 'ကျွန်တော်တို့က နှစ်ဖက်ဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းစွာ သွားနိုင်မယ့် နည်းလမ်းတွေကိုပဲ သုံးချင်တာ မဟုတ်လား . . .၊ တကယ်တော့ အဲဒါဟာ ကျွန်တော်တို့ လိုချင်နေတဲ့ အကြီးမားဆုံး ဂုဏ်သိက္ခာပဲ'

www.burmeseclassic.com

www.burmeseclassic.com

ရိုက်စ်သည် မြေပုံထက်သို့ ပြန်ငုံ့ကာ တိုင်းထွာချက် ဂဏန်းတစ်ခုကို ရေးထည့်လိုက်သည်။ 'ကျွန်တော်တို့ ကွန်မိုဒိုကလည်း ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်တဲ့ နည်းကို အကောင်းဆုံးလို့ပဲ တွက်ပါတယ်၊ ဒါပေမယ့် လိုအပ်ရင် ရဲရဲဝံ့ဝံ့နဲ့ ပြတ်ပြတ်သားသား လုပ်ဖို့အတွက်ကတော့ ကြိုတင်ပြင်ဆင်မှု ရှိထားရမယ်လို့ သူက ယူဆတာကို'

'ကွန်မိုဒိုက အမေရိကန်ရာပေါင်းများစွာရဲ့ အသက်တွေကိုတော့ ထည့်မတွက်ဖူးတဲ့လား' ဟု အမ်းစထရောင်းက မေးသည်။

'ကွန်မိုဒိုရဲ့ပါးစပ်က ထုတ်ပေါ်မပြောသေးတဲ့ အတွေးနဲ့ စိတ်ထူးတိုင်းကို ကျွန်တော်သိနေပါတယ်လို့ ဟန်မဆောင်ချင်ပါဘူး' ဟု ရိုက်စ်က ပြောသည်။ 'ခင်ဗျားပြောလိုက်တဲ့ အမေရိကန်တွေထဲမှာ သူ့အသက်လည်း ပါနေတယ်ဆိုတာတော့ သတိရပါ။ တိုက်ခိုက်တဲ့နေရာမှ အဆင့်သင့်ဖြစ်ခြင်းဟာ အကောင်းဆုံးကာကွယ်မှုနည်းပဲ ဆိုတဲ့စကားရှိတယ်၊ သူက အဲဒီအဆိုကို ယုံကြည်နေတဲ့လူပဲ'

'ကမ်းခြေပေါ်မှာ ချထားနေကြတဲ့ အင်အားတွေက တစ်နာရီပြီး တစ်နာရီ ယှဉ်လို့မရအောင် တိုးလာနေတယ်။ လက်ဖတင်နင်' ဟု အမ်းစထရောင်းက ဖွတ်တိုးပြောသည်။ 'လက်နက်ကိုင်စစ်သည်အရေအတွက်က သူတို့ဘက်မှာ မရေမတွက်နိုင်လောက်အောင် ရှိချင်ရှိနေမှာ။ သူတို့လက်နက်တွေ ရှေးကျတာတော့ မှန်ပါတယ်။ ဒါပေမဲ့ တစ်ဦးချင်း တစ်စုချင်း ယှဉ်ပြိုင်တိုက်ခိုက်တဲ့နေရာမှာ အင်မတန် ကြောက်စရာကောင်းတယ်လို့ နာမည်ကြီးကြတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘာပြုလို့ စွန့်စားနေတော့မှာလဲ . . .၊ ငြိမ်းချမ်းတဲ့နည်းကို ရအောင်သာ မကြိုးပမ်းသင့်ကြဘူးလား'

ရိုက်စ်သည် သူ့မြေပုံနှင့်ဆက်၍ အလုပ်ရှုပ်လျက်ရှိနေရာမှ စကားပြန်ပြောသည့်အခါ သူ့လေသံသည် တင်းမာလာသည်။ 'ကွန်မိုဒိုကတော့ အယူလွဲနေသူတွေကို စိတ်ပြောင်းလဲသွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ခင်ဗျားကို ပြောပြတတ်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး– မစ္စတာအမ်းစထရောင်း၊ လောလောဆယ် ခင်ဗျားရဲ့ အယူအဆကို ခဏလောက် မေ့ထားတာ အကောင်းဆုံးဖြစ်လိမ့်မယ်ထင်တယ်'

'ဒါဆိုရင် သူလိုချင်တဲ့ အဖြေကို နောက်ထပ် ဘယ်လောက်ကြာကြာ စောင့်ရမယ်ဆိုတာ ကွန်မိုဒိုက အတိအကျပြောပြီလား' ဟု အမ်းစထရောင်းက မေးပြန်သည်။

'မနေ့က မစ်စစ္စပီ သင်္ဘောနဲ့ ခြောက်လုံးတစ်လုံးတော့ လွှတ်ခဲ့ပြီးပြီ' ဟု ရိုက်စ်က ပြောသည်။ 'စစ်သင်္ဘောဟာ မြို့တော်ယီဒိုအထိ ဝင်သွားလိမ့်မယ်လို့ ထင်အောင် လုပ်ပေးလိုက်တာပဲ။ သင်္ဘောက ယီဒိုပင်လယ်အော်ရဲ့ အထက်ဘက်အထိ သွားပြလိုက်တယ်။ နိုင်ငံခြားသင်္ဘော တစ်စီးတလေမှ မရောက်သေးတဲ့နေရာအထိ ရောက်အောင် သွားပြခဲ့တယ်'

'တကယ်လို့ အကျိုးသက်ရောက်မှုဟာ အဆိုးဖြစ်နေရင် ဒီလုပ်ရပ်ကို မဟာအောင်မြင်မှုတစ်ရပ်လို့ မပြောနိုင်ဘူး' ဟု အမ်းစထရောင်းက ခေါင်းတယမ်းယမ်းလုပ်၍ပြောသည်။

'ရည်ရွယ်ချက်က ကျွန်တော်တို့ တောင်းဆိုထားတဲ့အတိုင်း သမ္မတရဲ့စာ လက်ခံရေးအပေါ် ဂျပန်တွေနဲ့စစ်တပ်က တုံ့ပြန်ဖို့ လှုံ့ဆော်ပေးလိုက်တာပဲ' ဟု ရိုက်စ်က အေးအေးဆေးဆေး ပြန်ပြောသည်။ 'လှုံ့လုံးက အလုပ်တော့ဖြစ်ပါတယ်၊ ဂျပန်တပ်တွေ အခုအထိ ပျာလောင်ခတ်နေတုန်းပဲ၊ အဲဒါကိုကြည့်ပြီး ကွန်မိုဒိုကတော့ အဖြေရဖို့ သိပ်ကြာကြာစောင့်ရမှာ မဟုတ်ဘူးလို့ မျှော်လင့်နေတယ်'

'ဘာမှ ရေရေရာရာမရှိတဲ့ နေရာတစ်နေရာကို ခြေတစ်လှမ်း ချလိုက်ခြင်းဟာ လွန်ကြီးမားတဲ့ စွန့်စားမှုကြီးတစ်ခုကို လုပ်လိုက်တာပဲ၊ ဘေးအန္တရာယ်တွေ သိပ်များမယ်' ဟု အမ်းစထရောင်းက ပြောသည်။ 'မနေ့ညက ကျွန်တော် အိပ်မက်ဆိုးတစ်ခု မက်တယ်၊ ကြောက်စရာ သိပ်ကောင်းတယ်၊ ကျွန်တော်တို့ ဒီမှာလုပ်နေတဲ့ လုပ်ရပ်တွေအတွက် ကားစင်တင်ခံရသလို ခံစားနေရတယ်'

'ကွန်မိုဒိုဟာ မက္ကဆီကိုနိုင်ငံရဲ့ ကမ်းတက်တိုက်ပွဲတွေအတွက် အောင်ပွဲတွေရပြီး ထင်ရှားကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဘဲ' ဟု ရိုက်စ်ကပြောသည်။ 'အာဖရိက နိုင်ငံမှာရော လက်နက်ကိုင်တပ်ဖွဲ့နဲ့ တက်တိုက်ခဲ့တယ်၊ ပင်လယ်ဓါးပြတွေရဲ့ ခံတပ်အခိုင်မာကြီးကိုဝင်စီးပြီး သိမ်းယူခဲ့တယ်'

'အာဖရိကမှာရှိတဲ့ ပင်လယ်ဓါးပြတွေရဲ့ သားရဲတွင်းနဲ့ ဂျပန်ရေမြေကရားဟာ အလွန်ခြားနားတယ်ဆိုတာ သိသင့်တယ် . . . လက်ဖတင်နင်' ဟု အမ်းစရောင်းက မကျေနပ်သံဖြင့် ပြန်ပြောသည်။'

'နှိုင်းယှဉ်ရခက်တယ်ဆိုတာကို . . .'

'အဲဒီနှစ်နိုင်ငံစလုံးမှာ ကွန်မိုဒိုဟာ သူ့ရည်မှန်းချက်တွေကို စစ်သည်အကျအဆုံးနည်းနည်းနဲ့ အောင်မြင်မှုရအောင် ဆောင်ရွက်ခဲ့တာပဲ . . . မဟုတ်လား၊ ခင်ဗျားအနေနဲ့ သိထားရမှာက သူဟာ သူ့အတွေ့အကြုံအရ သူဘာလုပ်နေတယ်ဆိုတာ ကောင်းကောင်းကြီး သိနေတဲ့လူလို့ နားလည်ထားရမှာပါ'

လက်ဖတင်နင်ရိုက်စ်သည် စကားကိုဖြတ်လိုက်ပြီး ကွန်မိုဒိုပါရီ၏ လက်ရေးဖြင့် ရေးထားသော စာတိုတစ်စောင်ကို အမ်းစထရောင်းလက်သို့ လှမ်းပေးသည်။

'ကွန်မိုဒို မေတ္တာရပ်ခံပါသည်။ ဂျပန်ဧကရာဇ်ဘုရင်အား ပေးရန် ရေးထားသည့် ဤစာအသစ်ကို ဒတ်ချ်နှင့်ဂျပန်ဘာသာသို့ ပြန်ဆိုပေးပါ။ သို့မှသာ ကိုယ်စားလှယ်အဖွဲ့ ရောက်လာလျှင် လာခြင်း ဤစာကို ပေးနိုင်ပါလိမ့်မည်'

www.burmeseclassic.com

www.burmeseclassic.com

အမ်းစထရောင်းသည် ပါရီ၏ လက်မှတ်နှင့်စာကို လျှင်မြန်စွာ ယူ၍ဖတ်သည်။ အမေရိကန်ပြည်ထောင်စုရေတပ် အရှေ့အိန္ဒိယတပ်မဟာ၏ စစ်သေနာပတိချုပ်သည် ဂျပန်အင်ပါယာနိုင်ငံတော်မှ အမြင့်ဆုံးအရာရှိကြီးတစ်ဦးနှင့် အမြန်ဆုံးတွေ့၍ အမေရိကန် ပြည်ထောင်စုသမ္မတ၏ ရာဇသံကို ပေးအပ်ရန် ဆန္ဒရှိနေပါကြောင်း တစ်ချိန်တည်း မှာပင် မိမိ၏ယုံကြည်မှုစာလွှာကိုပါ ပေးအပ်လိုပါကြောင်း စသည်ဖြင့် ရေးထားသည်။ အမ်းစထရောင်းက နောက်တစ်ကြိမ်ထပ်၍ ကပြာကရာ ဖတ်ပြန်သည်။ ထို့နောက် ဘဝင်မကျသည့် မျက်နှာထားဖြင့် ရိုက်စ်အား လှမ်းကြည့်သည်။

'ဒီစာအရဆိုရင် သိပ်ပြီးထူးခြားလာတာ မရှိဘူး –လက်ဖတင်နင်၊ ဒီစာရဲ့ နောက် မှာ ဘာရည်မှန်းချက် ရှိနေသလဲ'

'ကျွန်တော်တို့ ဒီရောက်တာ သုံးရက်ရှိပြီ– ဂျပန်တွေနဲ့ အဆက်အသွယ် နည်းနည်းပါးပါးပဲ ရသေးတယ်၊' ဟု ရိုက်စ်က လက်ထဲမှ မင်တံကို ဘေးသို့ချထား လိုက်ကာ အမ်းစထရောင်းကိုကြည့်၍ ပြောသည်။ 'ကျွန်တော်ထင်တာကတော့ ကွန်မိုဒို ဟာ သူ့ရဲ့မူလတောင်းဆိုချက်တွေကို ထပ်ပြီးအလေးအနက် ပြုချင်ပုံ ပေါ်ပါတယ်၊ ချုပ်လိုက်ရင်တော့ ယီဒိုပင်လယ်အော်ထဲမှာပဲ သူ့အတွက် ကျေနပ်လောက်တဲ့ အဖြေ အနေကို ရလိုပုံ ပေါ်ပါတယ်၊ သူက ကျွန်တော့်ကို မှာလိုက်တာက ဒီစာကို အတိအကျ ဘာသာ ပြန်ပေးဖို့ ခင်ဗျားကိုပြောပါ .. တဲ့'

လက်ဖတင်နင်ရိုက်စ်၏ လေသံကို နားထောင်ရခြင်းအားဖြင့် ဤကိစ္စတွင် ဖိ ဘက်မှ ငြင်းခုံနေ၍မဖြစ်ဟု အမ်းစထရောင်း သဘောပေါက်သည်။ ထိုတာဝန်ကို လုပ်ပေးရန် ချက်ခြင်းပင် လက်ခံလိုက်သည်။

'တကယ်လို့ ဒီနေ့ဆွေးနွေးပွဲတွေဖြစ်လာရင် အရင်တစ်ကြိမ်တုန်းက ပုံစံအတိုင်း လုပ်လိမ့်မယ်လို့ ကျွန်တော်ယူဆရမလား' ဟု အမ်းစထရောင်းက မေးသည်။

'ဟုတ်တယ်၊ ကွန်မိုဒိုပါရီက အရင်လိုပဲ သူ့အခန်းထဲကနေပြီး ကြီးကြပ်လိမ့်မယ်၊ သူ့ကို တစ်ဖက်လူတွေ မမြင်အောင်ပဲ နေမှာ၊ ဂျပန်တွေဘက်က အချိန်ဆွဲတဲ့ နည်းတွေသုံးဖို့ ကြိုးစားလိမ့်ဦးမယ်လို့ သူက ထင်နေတယ်၊ ဒါမှမဟုတ်လဲ တခြားနည်း သုံးပြီး အချိန်ဆွဲလိမ့်ဦးမယ်လို့ တွက်နေတယ်။ ပြီးတော့ ဂျပန်တွေဘက်က ကျွန်တော် တို့ကို နာဂါစကီးသွားဖို့ ထပ်ပြောလိမ့်ဦးမယ်လို့ သူထင်နေတယ်။ အဲဒီတော့ ဒီတစ်ကြိမ် မှာလည်း မစ္စတာအမ်းစထရောင်းရဲ့ ဘာသာပြန်ဆိုချက်တွေဟာ ကျွန်တော်တို့ရဲ့ ရပ်တည်မှု ခိုင်မာကြောင်း ပြနိုင်ဖို့ လိုလိမ့်မယ်။ ကျွန်တော်ပြောတာ ရှင်းပါတယ် .. နော်'

'ရှင်းပါတယ်–လက်ဖတင်နင်' ဟု အမ်းစထရောင်းက ဖြေသည်။ 'ကျွန်တော်

ခုပဲ အခန်းကိုပြန်ပြီး စာကို ဘာသာပြန်ဖို့ လုပ်တော့မယ်' အမ်းစထရောင်းသည် ခါးဆီသို့ လျှောက်သွားရာမှ ဖျင်းခနဲရပ်ကာ လှည့်ကြည့်သည်။ 'တစ်ခု မေးပါရစေ လက်ဖတင်နင်' ဟုပြောသည်။ 'ကွန်မိုဒိုက ရောဘတ်အီဒင်အကြောင်း မေးပါသလား'

ရိုက်စ်သည် ခေါင်းခါသည်။ 'ဟင့်အင်း . . . မမေးဘူး . . .မစ္စတာအမ်းစ ထရောင်း၊ ကျွန်တော့်ရှေ့မှာတော့ ကွန်မိုဒိုက ရောဘတ်အီဒင်အကြောင်း စကားစပ် ပြောတာ မကြားဘူး၊ ဒီမေးခွန်းကို မေးကာ အကြောင်းထူးရှိလို့လား'

'မရှိပါဘူး' ဟု အမ်းစထရောင်းက ပခုံးတစ်ချက်တွန့်ပြီး ပြောသည်။ 'သူ ပျောက် သွားတာ သုံးရက်ရှိသွားပြီ၊ သူ မရှိတာကို သင်္ဘောသားတွေက သတိထားမိနေကြပြီ၊ ပင်တာတွေလည်း ပြောကုန်ကြပြီ၊ တကယ်လို့ ဂျပန်ကိုယ်စားလှယ်အဖွဲ့လာရင် သူနဲ့ ပတ်သက်ပြီး တရားဝင်သတင်းများ ရှိမလားလို့ မေးရင်ကောင်းမလား'

လက်ဖတင်နင်ရိုက်စ်က ခေါင်းယမ်းသည် ။ 'ဒီနေ့ အစည်းအဝေးမှာ ပေးလိုက်တဲ့ ကွန်မိုဒိုရဲ့အမိန့်တွေက သိပ်ပြီးရှင်းပါတယ်၊ အဓိက စေ့စပ်ဆွေးနွေးမှုတွေကို မဆိုင်တဲ့ ပြဿနာနဲ့ မပတ်သက်တဲ့ အကြောင်းအရာတစ်ခုကြောင့် အပျက်စီး မခံနိုင်ဘူးတဲ့'

'ကျွန်တော် ခင်ဗျားကို ကျွန်တော်ရထားတဲ့ သတင်းတစ်ခု တနင်္ဂနွေနေ့က ပြောထားခဲ့တယ်၊ အဲဒီသတင်းပေါ်မှာ ကွန်မိုဒိုက ထင်မြင်ချက် သဘောထား မပေးဘူး လား' ဟု အမ်းစထရောင်းက မကျေနပ်သံဖြင့် မေးသည်။ 'လက်ဖတင်နင် အီဒင်ကို ယူရာဂါအထက်နားမှာ မြင်ခဲ့ရတယ်ဆိုတဲ့ သတင်းပေါ် စိတ်မဝင်စားကြဘူးလို့ ထင် တယ်'

'အခုထိတော့ အဲဒီကိစ္စအပေါ်မှာ ဘာပြောသံမှ မကြားရသေးဘူး' ဟု ရိုက်စ်က ဖြေသည်။

'အဲဒါဘာကြောင့်လဲ' ဟု အမ်းစထရောင်းက စိတ်ဆိုးမာန်ဆိုး မေးသည်။

'လူတိုင်းက အီဒင့်ကံကြမ္မာအပေါ် ဥပေက္ခာပြုနေပုံရတယ်၊ အဲဒါဘာဖြစ်လို့လဲ'

'အဲဒီပြဿနာက သိပ်နူးညံ့တယ်–မစ္စတာ အမ်းစထရောင်း' ဟု ရိုက်စ်က ပြော သည်။ 'ပြီးတော့ ခင်ဗျားပေးတဲ့ သတင်းကလည်း တရားဝင်မဟုတ်တော့ ခက်တယ်'

အမ်းစထရောင်းသည် တစ်စုံတစ်ခုပြန်ပြောတော့မည့်ဟန် ပြင်လိုက်သည်။ သို့သော်လည်း ချက်ခြင်းပင် စိတ်ပြောင်းသွားဟန်တူ၏ ။ တံခါးဝ၌ ရပ်နေရင်းမှ မောင်းသံဗုံသံများနှင့် ထွက်နေသည့် လူထုသံများကို နားစွင့်နေသည်။ ထို့နောက် . . . 'ဗုံတီးသံတွေက ဘာစောကထက် ပိုပြီးကျယ်လာသလိုပဲ' ဟု ရေရွတ်သည်။

ရိုက်စ်ကပါ နားစွင့်နေသည်။ ထို့နောက် မြေပုံစားပွဲနောက်တွင် ထိုင်နေရာမှ ထလာသည်။ မျက်နှာထားမှာလည်း သိမ်မွေ့လာသည်။ 'လက်တွေ့ဖြစ်စဉ်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကတော့ ရောဘတ်အီဒင်နဲ့ ဆင်တာရီတို့ကို 'ပျောက်ဆုံးစာရင်း' မှာ ထည့်ထားတ . . . ၊ အကယ်၍ သူတို့သင်္ဘောကို ပြန်ရောက်လာရင် အမိန့်မနာခံမှုနဲ့ ဖမ်းပြီး စ ကြည့်ရမယ်၊ တရားဝင်ပြောဆိုမှု မရှိတာကတော့ ဖြစ်လာတဲ့ အခြေအနေအရဘဲ။ လေ လောဆယ်ဆယ် ဒီကိစ္စနဲ့ပတ်သက်လို့ ခဏလျစ်လျူရှုထားတာ အကောင်းဆုံးနည်း' သူသည် စကားကိုဖြတ်ထားလိုက်ပြီး သာသနာပြုအမ်းစထရောင်းအား ကြည့်မ သည်။ 'ခင်ဗျားကော ဂျပန်စကားပြန်ဆီက ဘာသတင်းမှ မရဖူးလား'

အမ်းစထရောင်းက သက်ပြင်းချကာ ခေါင်းခါသည်။ 'ဟင့်အင်း . . . ဘာ မရဘူး၊ မနေ့က ဆုံမိလို့ မစ္စတာဟာနီဝါရာကို မေးဖို့ကြိုးစားခဲ့သေးတယ်၊ ဒါ သူတို့က သင်္ဘောပေါ်မှာ မိနစ်နည်းနည်းပဲ နေသွားတာ . . .။ ပြီးတော့လည်း ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်၊ တနင်္ဂနွေနေ့မနက် တွေ့တုန်းက အီဒင့်အကြော ကျွန်တော်ပြောပြသမျှကို ဂရုစိုက်ပြီး နားထောင်ခဲ့တယ်၊ သတင်းတစ်ခုကိုလည်း သွားလို့ အဲဒီသတင်း ခင်ဗျားကို ပြောပြခဲ့တယ်။ အခုတစ်ခါမှာတော့ သူက ကျွန် မေးခွန်းတွေကို လုံးဝဖြေမသွားဘူး။ သူ့အမူအရာက တစ်မျိုးဖြစ်နေတယ်။ သူတစ်ခု ဖုံးထားတယ်လို့ စိတ်ထဲမှာ ထင်နေမိတယ်'

လက်ဖတင်နင်ရိုက်စ်၏ မျက်နှာတွင် စိုးရိမ်ထိတ်လန့်စိတ် ဝင်လာသည်။ သို့သော်လည်း အနီးဆုံးလှေခါးမှ ဆင်းလာနေသော ခြေသံများကြောင့် ဘာစကာ ပြောဆိုခြင်းမပြု၊ ခဏအကြာတွင် အရာခံဗိုလ်ဟာရစ္စရောက်လာပြီး သူ့အား အလေ သည်။

'ကျွန်တော့်ကို ခွင့်ပြုပါ . . .၊ ခင်ဗျာ' ဟု ပြောသည်။ 'ဂျပန်ကိုယ်စားလှ အဖွဲ့ရောက်လာပါပြီ၊ သူတို့လှေ သင်္ဘောဆီကို ကပ်လာနေပါတယ်'

'ကျေးဇူးပဲ မစ္စတာဟာရစ္စ' ဟု ရိုက်စ်က ပြောသည်။ 'အပေါ်ကုန်းပတ်ပေါ် စောင့်ပြီး ဧည့်သည်တွေကို ကက်ပတိန် အခန်းထဲပို့ပေးပါ။ အရင်တစ်ခါတုန်းက ပေါ့'

အရာခံဗိုလ်ထွက်သွားသည့်အခါ ရိုက်စ်သည် အမ်းစထရောင်းအား ကြ သည်။ 'ကျွန်တော်တို့ထင်တဲ့အတိုင်း တုံ့ပြန်မှုက ချက်ခြင်းပဲရောက်လာပြီး မစ္စ အမ်းစထရောင်း၊ ဒါကိုကြည့်ခြင်းအားဖြင့် ကွန်မိုဒိုရဲ့ နည်းပရိယာယ်ဟာ အလ ဖြစ်ကြောင်း သက်သေပြတာပဲ' မှ

'ဂျပန်ဘက်က တုံ့ပြန်မှုရဲ့ သဘောသဘာဝကို အတိအကျ မသိရသေး ချီးကျူးစကား မပြောပါရစေနဲ့ဦး' ဟု အမ်းစထရောင်းက ပြန်ပြောကာ အခန်းဝ လက်ဖတင်နင်ရိုက်စ်နှင့်အတူ ထွက်လိုက်သွားလေသည်။

(၃၈)

ယူရာဂါဘုရင်ခံသည် သူ့ကိုယ်သူ ယပ်တောင်ဖြင့်ခပ်ရင်း စကားပြောနေရာမှ လက်ဖတင်နင်ရိုက်စ်ဘက်လှည့်၍ ဦးညွှတ်လိုက်သည်။ သူပြောစရာရှိသမျှကို ပြောပြီး ပါပြီဟု အသိပေးလိုက်ခြင်းဖြစ်၏။ သူ့အကြည့်သည် သူ့ဘေး၌ ထိုင်နေသော စကားပြန် ဟာနီဝါရာတိုကူမာထံ ရောက်သွားသည်။ တိုကူမာသည် ဘုရင်ခံပြောသွားသည့် စကားများကို ဒတ်ချ်ဘာသာစကားဖြင့် ဘာသာပြန်၍ ပြောပြလျက်ရှိသည်။

ဂျပန်များနှင့်ပေအနည်းငယ်အကွာတွင် ထိုင်နေသော ဆင်မြူရယ် အမ်းစထရောင်း သည် ဂျပန်စကားပြန်ဟာနီဝါရာတိုကူမာ၏ ဘာသာပြန်ဆိုချက်များကို အထူးဂရုစိုက် ၍ နားထောင်လျက်ရှိ၏။ သူသည် လက်ဖတင်နင်ရိုက်စ်၏ စားပွဲတစ်ဖက်အစွန်း၌ ထိုင်နေခြင်းဖြစ်၍ သူ့ဦးခေါင်းသည် သူ့ရှေ့ရှိ စာရေးစက္ကူများပေါ် ငုံ့ထားသည်။

အပြင်အဆင်အနေအထားမှာ ယခင်တစ်ကြိမ်ကလိုပင်ဖြစ်၏။ ဘေးတစ်ဖက် တစ်ချက်တွင် အရာခံဗိုလ်ဟာရစ္စအပါအဝင် မရိန်းတပ်သား လေးယောက်က အစောင့် တာဝန်ယူထားကြသည်။ အမ်းစထရောင်းသည် ဘုရင်ခံစကားပြောနေစဉ်က တချို့ အချက်များကို လိုက်၍ မှတ်သားထားသည်။ အခုလည်း ဒတ်ချ်ဘာသာပြန်ဆိုချက်ကို အထူးသတိထား၍ နားထောင်လျက်ရှိသည်။ ကမ်းခြေဘက်မှ တုံသံများနှင့် မောင်းသံ များသည် ရပ်မသွား . . .။ အဆက်မပြတ် တီးနေဆဲ . . .တင်းမာမှုသည် လျော့နည်း သွားခြင်း မရှိသေးပါတကား . . .။

'ဘုရင်ခံရဲ့ စကားတွေက မရှင်းဘူး၊ ပြောလေရှုပ်လေပဲ၊ တစ်ခါတလေ သူ သုံးသွားတဲ့ စကားတွေက ယူဆရတာ သိပ်ကိုခက်တယ်' ဟု အမ်းစထရောင်းက စိတ်မရှည်တော့သည့် မျက်နှာဖြင့် ရိုက်စ်အား ကြည့်၍ပြောသည်။ 'သူ ပြောနေတာ တွေက ရှည်လည်းရှည်တယ်၊ ဝေ့လည်ကြောင်ပတ် သိပ်နိုင်တယ်၊ သူပြောသွားတာက

www.burmeseclassic.com

www.burmeseclassic.com

သူ့အထက်အရာရှိကြီးတွေအနေနဲ့ ကျွန်တော်တို့သမ္မတရဲ့ စာကို မှုအားဖြင့် လက်ခံဖို့ ပြင်ဆင်နေကြပါတယ် . . .တဲ့၊ ဒါပေမယ့် အဲဒီလူတွေက . . .တောင်းဆိုချက်တွေရဲ့ ခြွင်းချက်တွေ အများကြီးတင်ပြဖို့ အားထုတ်နေကြတယ်'

'တောင်းဆိုချက်တွေက ဘာတွေလဲ' ဟု ရိုက်စ်က လေသံတင်းတင်းဖြင့် ပြန်မေးသည်။ 'ဘာတွေဆိုတာကော ပြောသလား' 'ပြောတယ်' ဟု အမ်းစထရောင်းက သူ ရေးထားသည့် မှတ်စုများကို ပြန်ကြည့်ပြီးပြောသည်။

'သူတို့ပြောနေတာက စာကို ဒီမှာ လက်ခံလို့ရပေမယ့် ပြန်ကြားစာကိုတော့ နာဂါစကီးမှာရှိတဲ့ ဒတ်ချ် (သို့မဟုတ်) တရုတ်စတဲ့ ကြားခံလူတွေကတဆင့် နောက်ပိုင်းကျမှ ပေးနိုင်မယ် . . .တဲ့၊ ပြီးတော့ သူတို့က စာမိတ္တူကို မူရင်းစာမပေးခင် ကြိုပေးချင်တယ်ဆိုတဲ့ ကွန်မိုဒိုရဲ့ဆန္ဒကိုလည်း မလိုက်လျောဘူးလို့ ပြောနေတယ်'

'ဘာကြောင့်လို့ ပြောသလား'

'ဟင့်အင်း . . . အတိအကျ မပြောဘူး။ ဒါပေမယ့် သူတို့အနေနဲ့ အဲဒီတောင်းဆိုချက်ရဲ့ နောက်ကွယ်မှာ မသမာမှု တစ်ခုရှိလိမ့်မယ်လို့ သံသယဝင်နေပုံ ရတယ်'

'သူတို့အနေနဲ့ အဖြစ်မှန်ကို သံသယဝင်တာမျိုး ဖြစ်ချင်ဖြစ်မယ်' ဟု ရိုက်စ်က ပြောကာ အမ်းစထရောင်း၏ အနီးသို့ကပ်၍ အခြားလူများ မကြားအောင် နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။ 'ကွန်မိုဒိုအနေနဲ့ အခုထိ . . .သမ္မတရဲ့ရာဇသံကို ယီဒိုမှာပဲ လက်ခံလာအောင် ကြိုးစားနေတယ်ဆိုတာ ထင်ရှားနေတယ်'

'ဖြစ်ကောင်းဖြစ်မယ်' ဟု အမ်းစထရောင်းက တီးတိုးပြန်ပြောသည်။ 'သူတို့ ဖွတ်ပေ ်င်းခံနေတာက မိတ္တူတွေရော၊ ဘာသာပြန်ဆိုချက်ရော၊ မူရင်းရော အားလုံးကို တစ်ချိန်တည်းမှာ တစ်စုတည်း ရချင်တယ် . . .တဲ့၊ ပြီးတော့ . .သူတို့အနေနဲ့ ကျွန်တော်တို့ရဲ့ စစ်သေနာပတိကို 'ဂုဏ်သရေရှိ ရေတပ်ဗိုလ်ချုပ်ကြီး' လို့ ထပ်တလဲလဲ သုံးနေတာ ကြားနေရတုန်းပဲ'

လက်ဖတင်နင်ရိုက်စ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စာရွက်တစ်ရွက်ကို ဆွဲယူကာ ပြောသမျှစကားကို အတိုချုပ်ရေးလိုက်သည်။ ချက်ခြင်းစာကို အရာခံဗိုလ် ဟာရစ္စလက်သို့ လှမ်းပေးသည်။ 'ဒီစာကို ကွန်မိုဒိုဆီသွားပေး၊ သူ့ပြန်ကြားချက်ကို စောင့်ယူခဲ့' ဟု ပြောသည်။

အရာခံဗိုလ်ဟာရစ္စ ထွက်သွားသည့်အခါ အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ နံနက်ခင်းသည် နေထွက်လာပြီဖြစ်၍ ပူစပြုလာပြီ၊ လှင့်နေသည့် အပေါက်မှ ပျားကြီး တစ်ကောင်ဝင်ရောက်လာပြီး လူအားလုံး၏ ခေါင်းများထက်၌ တဝီဝီပျံလျက်ရှိ၏။

ကမ်းခြေဆီမှ လာနေသည့် ဗုံတီးသံများနှင့် တူထုသံများသည် စဲသွားသည်ဟူ၍ မရှိ။ အခန်းထဲရှိ မျက်လုံးများသည် တခြားလုပ်စရာ ဘာမှမရှိသဖြင့် ပျံဝဲနေသော ပျားဆီသို့ လိုက်ကြည့်နေကြသည်။

'လူကြီးမင်းများအနေနဲ့ ကေရာဇ်ဘုရင်မင်းမြတ်က အခုလို မမျှော်လင့်တဲ့ ပြဿနာတွေ တင်လာတဲ့အတွက် ကျွန်တော်တို့ဘက်က ရေတပ်ဗိုလ်ချုပ်ကြီးဆီအထိ တင်ပြပြီး ညွှန်ကြားမှုကို ခံယူနေရပါတယ်' ဟု နောက်ဆုံးတွင် ရိုက်စ်က အမ်းစထရောင်းဘက်လှည့်၍ ပြောသည်။ 'ဒီကိစ္စမှာ ဘယ်လိုလုပ်ရမယ်ဆိုတာ ရေတပ်ဗိုလ်ချုပ်ကြီး စဉ်းစားနေတုန်း . . .စိတ်ရှည်ရှည်နဲ့သည်းခံပြီး စောင့်ဖို့တော့ လိုပါလိမ့်မယ်'

ရိုက်စ်၏စကားကို အမ်းစထရောင်းက ဘာသာပြန်၍ ဟာနီဝါရာတိုကူမာအား ပြန်ပြောသည်။ ဟာနီဝါရာတိုကူမာသည် သူ့ဘုရင်ခံနှင့်အဖွဲ့အား ဆက်၍ရှင်းပြသည်။ နောက်ထပ် မိနစ်ပေါင်းအများအပြား ကုန်လွန်သွားသည့်အခါ အရာခံဗိုလ်ခြေသံများ ကြားရသည်။ အခန်းထဲဝင်လာသည့်အခါ သူ့လက်ထဲ၌ စာရွက်တစ်ရွက် ပါလာသည်။ ကွန်မိုဒို၏ ညွှန်ကြားချက်ပေတည်း။

'ခုပေးလိုက်တဲ့ အမှာစာကို ဒတ်ချ်ဘာသာပြန်ပြီး ဘုရင်ခံနဲ့အဖွဲ့ကို ဖတ်ပြလိုက်ပါလို့ ကွန်မိုဒိုက အမိန့်ပေးလိုက်ပါတယ်' ဟု ဟာရစ္စကပြောကာ သူ့လက်ထဲမှ စာရွက်ကို လက်ဖတင်နင်ရိုက်စ်ရှေ့၌ ချပေးသည်။

'ပြီးတော့ ကွန်မိုဒိုက ပြောလိုက်ပါသေးတယ်' အဲဒီဘက်က ပြောလာတဲ့ အချက်တွေဟာ ဆွေးနွေးစေ့စပ်လို့ ရမယ်မထင်ဘူး . . တဲ့၊ အဲဒီစကားကိုလည်း ဘာသာပြန်ပြီး အသိပေးလိုက်ပါ . . .တဲ့'

ရိုက်စ်သည် ညွှန်ကြားစာကို အစအဆုံး ဖတ်သည်။ အမ်းစထရောင်းက သူ ဘာသာပြန်ပေးရန် အဆင့်ဆင့်ဖြစ်ပြီဟု မျက်ရိပ်ပြလိုက်သည့်အခါ လက်ဖတင်နင်သည် ဘုရင်ခံဘက် လှည့်လိုက်သည်။

'ဂုဏ်သရေရှိ ဘုရင်ခံမင်းကြီးခင်ဗျား' ဟု ရိုက်စ်က စကားစသည်။ 'ဂုဏ်သိက္ခာကြီးမြင့်သော ရေတပ်ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို လူကြီးမင်းငို့အား အချက်လေးချက် ပြန်ကြားဖို့ ညွှန်ကြားလိုက်ပါတယ်။ ပထမအချက်က ရေတပ်ဗိုလ်ချုပ်ကြီးအနေနဲ့ မည်သည့်အကြောင်းနဲ့မှ နာဂါစကီးကို သွားလိမ့်မယ် မဟုတ်ပါဘူး။ ဘယ်လိုဆက်သွယ်မှုမျိုးကိုပဲဖြစ်ဖြစ် ဒတ်ချ် (သို့) တရုတ်တွေဆီက ယူလိမ့်မယ် မဟုတ်ပါဘူး

'ဒုတိယအချက်က –ရေတပ်ဗိုလ်ချုပ်ကြီးဆီမှာ၊ အမေရိကန်ပြည်ထောင်စုသမ္မတ

www.burmeseclassic.com

www.burmeseclassic.com

က ဂျပန်ဧကရာဇ်ဘုရင်ကို သို့မဟုတ် သူ့ရဲ့နိုင်ငံခြားရေးရာဝန်ကြီးကို သို့မဟုတ် အလားတူရာထူးနဲ့ အဆင့်တူအဆင့်မြင့် အရာရှိကြီးတစ်ဦး လက်ကိုပေးလိုက်တဲ့ စာ တစ်စောင်ပါလာတယ်။ အဲဒီမူရင်းစာကို အထက်ဖော်ပြပါ ပုဂ္ဂိုလ်များမှတစ်ပါး အခြား မည့်သူ့ကိုမှ ပေးလိမ့်မည်မဟုတ်'

ရိုက်စ်သည် ထိုနေရာတွင် စာကိုဆက်မဖတ်ပဲ ရပ်ထားလိုက်သည်။ အမ်းစ ထရောင်း ဘာသာပြန်ပေးရန် စောင့်နေခြင်းဖြစ်၏။ ရိုက်စ်က ဂျပန်များဘက်မှ ဘယ်လို အမူအရာမျိုးပြကြသည်ကို အကဲခတ်သည်။ အပြင်ပန်းအားဖြင့် ဘယ်လိုမှ အကဲခတ်၍ မရ၊ အချို့အဖွဲ့ဝင်များကတော့ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်သည်။

'တတိယအချက်က ရေတပ်ဗိုလ်ချုပ်ကြီးအနေနဲ့ သုံးရက်အတွင်း ပြန်ကြားချက် ရဖို့ မျှော်လင့်နေပါတယ်။ အဲဒီပြန်ကြားချက်ကို ယီဒိုပင်လယ်အော်ပတ်ဝန်းကျင်မှ တစ်ပါး တခြားဘယ်နေရာက လာတာကိုမှ လက်ခံလိမ့်မယ် မဟုတ်ပါဘူး'

တတိယပိုဒ်ကို ဘာသာပြန်ဆိုပေးနေသည့်အခါ ဘုရင်ခံ၏ မျက်လုံးအစုံသည် ပို၍ကျဉ်းမြောင်းသွားသည်ကို ရိုက်စ် သတိထားလိုက်မိ၏။

'နောက်ဆုံးအချက်ကတော့ အမေရိကန်ပြည်ထောင်စုသမ္မတက ဂျပန်ဧကရာဇ် ဘုရင်မင်းမြတ်ထံ ပေးပို့တဲ့ မဟာမိတ်ရာဇသံကို လက်ခံရယူခြင်းလည်းမပြု သင့်တော် လျောက်ပတ်သော ပြန်ကြားမှုကိုလည်း မပြုဘူးဆိုရင် ရေတပ်ဗိုလ်ချုပ်ကြီးအနေနဲ့ သူ့နိုင်ငံအား စော်ကားခြင်းလို့ ယူဆရလိမ့်မည်ဖြစ်ကြောင်းနဲ့ နောက်ဆက်တွဲ ဖြစ်ပေါ် လာမယ့် ကိစ္စအရပ်ရပ်အတွက် သူ တာဝန်ယူလိမ့်မယ် မဟုတ်ကြောင်း အသိပေးလိုက် ဖို့ ကျွန်တော့်ကို အမိန့်ပေးထားပါတယ်'

လက်ဖတင်နင်ရိုက်စ် နောက်ဆုံးပြောလိုက်သည့်လေသံသည် တင်းမာသကဲ့သို့ ဘာသာပြန်၍ပြောပြသူ အမ်းစထရောင်း၏ အသံကလည်း တင်းတင်းမာမာရှိသည်။ စကားပြန်ဟာနီဝါရာတိုကူမာ၏ မျက်နှာသည် တစ်မျိုးတစ်ဖုံ ဖြစ်လျက်ရှိ၏။

စက္ကန့်အတန်ကြာမျှ –ဂျပန်များသည် ငြိမ်ဆိတ်နေကြသည်။ ဘုရင်ခံသည် သူ့ မျက်နှာကို ယပ်တောင်နှင့်ကွယ်ကာ သူ့စကားပြန်အား နှစ်ကိုယ်ကြားလေသံဖြင့် စကား ပြောသည်။ ခဏမျှအကြာတွင် တီးတိုးပြောသံများ ပေါ်လာသည်။ ဘုရင်ခံသည် ထရပ်ကာ အမေရိကန်များဘက်လှည့်၍ ဦးညွတ်ပြီး နှုတ်ဆက်သည်။ ကျန်အဖွဲ့ဝင်များ ကလည်းထ၍ရပ်ကာ ဘုရင်ခံလုပ်သလို လုပ်ကြသည်။

'ဘုရင်ခံကြီးက ပြောပါတယ်၊ သူ ကမ်းခြေကို ပြန်ပြီး သူ့အထက်က အရာရှိကြီး တွေနဲ့ ဆွေးနွေးပါဦးမယ် –တဲ့'၊ လူကြီးမင်းတို့ရဲ့ တောင်းဆိုချက်တွေကို သဘောတူ

(လ)က်ခံဖို့ သူ့မှာအာဏာမရှိပါဘူး . . .တဲ့၊ ကမ်းခြေမှာ ဆွေးနွေးပြီးရင် ကျွန်တော်တို့ (န)စ်နာရီ သုံးနာရီအတွင်း ပြန်လာခဲ့ပါမယ် . . .တဲ့'

ဟာနီဝါရာတိုကူမာသည် သူ ပြောစရာရှိသည်များ ပြောအပြီးတွင် အမ်းစထရောင်း ဘာသာပြန်၍ ပြောနေသည်ကိုပင် မစောင့်တော့ပဲ ရှေ့မှသွားနှင့်သည့် ဘုရင်ခံနှင့်အဖွဲ့ (နော)က်သို့ လျှင်မြန်စွာ လိုက်သွားလေသည်။

1

ဆင်မြူရယ်အမ်းစထရောင်းသည် အိပ်စင်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ (နေ)ရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။ ဂျပန်အဖွဲ့ ပြန်သွားပြီးနောက် အိပ်ပျော်သွားခဲ့သော (အ)မ်းစထရောင်းသည် အခုမှ နိုးလာခြင်းဖြစ်၏။ ဗုံတီးသံများနှင့် မောင်းထုသံများကို (မ)ကြားရ။ အလှမ်းဝေးဝေးတစ်နေရာမှ ထွက်လာနေလေ့ရှိသော တူထုသံများကိုလည်း (မ)ကြားရ။ တိတ်ဆိတ်ပုံသည် ထူးဆန်းလွန်းလှချေသည်။ **ဆတ်စ်ကွီဟန်နာ** သင်္ဘော ၏ ပဲ့ပိုင်းဆီသို့ ပြေးလာရိုက်ခတ်နေသည့် လှိုင်းပုတ်သံများမှတပါး အခြားဘာသံမှ မကြားရ။

သူသည် အိပ်စင်ပေါ်ထထိုင်ကာ မနက်က ကြုံခဲ့ရသည်များကို ပြန်၍စဉ်းစား နေမိသည်။ အစည်းအဝေးထဲ၌ ထိုင်နေစဉ်က ကိုက်နေသော ခေါင်းသည် အိပ်ရေးဝဝ အိပ်လိုက်ရသဖြင့် ကြည်လင်လန်းဆန်းလျက်ရှိပြီ။ သူသည် အိတ်ဆောင်နာရီကို ထုတ် ကြည့်သည်။ သူအိပ်ခဲ့သည်မှာ နှစ်နာရီတိတိပင် ရှိခဲ့ပါပကောလား . . .။

ဂျပန်အဖွဲ့ ရုတ်တရက် ထပြန်သွားကတည်းက **ဆတ်စ်ကွီဟန်နာ** သင်္ဘောပေါ် ၌ တင်းမာမှုသည် ပို၍တိုးလာခဲ့၏။ သူသည် စိတ်ရှုပ်ထွေးစွာဖြင့် သူ့အခန်းသို့ ပြန် ခဲ့သော်လည်း အခုလောက်အထိ အချိန်ကြာမြင့်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား လိမ့်မည်ဟုမထင်ခဲ့။ ထို့ကြောင့်လည်း အခုနိုးလာသည့်အခါ သူ့ကိုယ်သူ အံ့ဩ၍မဆုံး ဖြစ်ခဲ့ရလေသည်။

အစည်းအဝေးပြီးသွားစဉ်က သူသည် ဂျပန်များနောက်သို့ အပြေးအလွှား လိုက် သွားခဲ့သေးသည်။ စကားပြန်ဟာနီဝါရာတိုကူမာအား ရေဘတ်အီဒင့်သတင်း တိတ် တဆိတ်ကပ်၍ မေးလို၍ဖြစ်သည်။ သို့သော်လည်း သူရောက်သွားသည့်အခါ ဂျပန် များ၏လှေသည် ထွက်ခွာသွားနှင့်ပြီ။

သူသည် ဂျပန်များနှင့်ပတ်သက်၍ ရောက်တက်ရာရာများကို တွေးနေမိပြန်သည်။ မိမိယုံကြည်လက်ခံထားသော ခရစ်ယာန်တရားအရ လူသားတို့အား ကူညီကယ်တင် ခြင်းသည် အဓိက မျှော်မှန်းချက်ဖြစ်၏။ အခြေခံရည်မှန်းချက်တစ်ခုဟုလည်း ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း ဤကမ္ဘာမြေပေါ်ရှိ လူမျိုးများအား အထီးကျန်ဖြစ်နေလျှင် ကမ္ဘာ့အတွင်းသို့ ဝင်ဆန့်လာအောင် ကူညီရေးသည် လမ်းမှန်တစ်ခုဟု ယူဆမည်ဆိုလျှင် ယူဆနိုင်၏။ သို့တစေလည်း နေ့စဉ်နှင့်အမျှ လက်နက်ဖြင့်ခြိမ်းခြောက်သည့် သဘော ပြနေခြင်းမှာမူ မသင့်ဟု ထင်ကာ သူ့ရင်တွင် ဘဝင်မကျဖြစ်နေမိလေ၏။

ခရစ်ယာန်ဘာသာ အယူဝါဒအရဆိုလျှင် ကွဲပြားခြားနားလျက်ရှိသော လူမျိုး များကြားတွင် ချစ်ခင်လေးစားမှုနှင့် ငြိမ်းချမ်းမှုသာလျှင် ရှိရပေလိမ့်မည်။ စစ်ပြဿနာ ဆိုသည်မှာ ရှိသင့်ရှိအပ်သော အရာမဟုတ်ဟုပင် သူထင်၏။ သို့ဆိုလျှင် သမိုင်းဝင် လာမည့်ဖြစ်ရပ်၌ သူ ပါဝင်ပတ်သက်နေခြင်းသည် သူ့အတွက် ဂုဏ်သိက္ခာကျစရာ အကြောင်းများ ဖြစ်လာလေမလား . . .၊ တကယ်တော့ မိမိပါဝင်ကပြနေရသည့် အခန်းသည် 'စကားပြန်အလုပ်'သာဖြစ်၏။ သို့ဆိုပါက . . .

သို့တည်းမဟုတ် မိမိ၏တာဝန်ကို ပြန်အပ်ပြီး ဤအလုပ်မှ နှုတ်ထွက်လိုက်လျှင် မိမိ၏ဂုဏ်သိက္ခာသည် မြင့်မားလာလေမလား . . .၊ သို့တည်းမဟုတ် . . .ဂုဏ်သိက္ခာ အကြီးမားဆုံး နည်းလမ်းကိုညွှန်ပြပြီး သူတို့အားလုံးကို လိုက်နာဆောင်ရွက်လာအောင် ဦးဆောင်ပေးရလျှင် ကောင်းလေမလား. . .၊ အထူးသဖြင့် ရောဘတ်အီဒင်လုပ်သွား သည့်ပုံစံမျိုးလို ခြားနားသော လုပ်ရပ်တစ်ခုကို လုပ်ရလျှင် ကောင်းလေမလား . . .။

ထိုအတွေးများသည် သာသနာပြုဆင်မြူရယ်အမ်းစထရောင်း၏ စိတ်ထဲတွင် တစ်ရစ်ပတ်ပတ် ဖြစ်နေသည်။ သူသည် သူ့စိတ်ပြေစေရန်အလို့ငှာ ဂျပန်ဧကရာဇ်ဘုရင် အားပေးရန် ကွန်မိုဒိုရေးသားထားသည့် ပေးစာအသစ်ကို ဘာသာပြန်ဆိုသည်။ မိနစ် နှစ်ဆယ်ခန့်အကြာတွင် ပြီးသွားခဲ့၏။ စိတ်တိုင်းကျဖြစ်သွားသဖြင့် သူသည် သူ့ကိုယ်သူ များစွာကျေနပ်အားရလျက်ရှိလေသည်။

ထို့နောက်တော့ သူသည် သူ့မှတ်စုစာအုပ်ကို ထုတ်ကာ သူ့ထင်မြင်ချက် ယူဆ ချက်များကို ရေးသည်။ သူ့စိတ်၌ နောက်ဆုံးခံစားနေရသည်များကို မှတ်တမ်းတင် သည်။ ထို့နောက် ဂျက်ကတ်အင်္ကျီကိုချွတ်ကာ အိပ်စင်ပေါ်တွင် အညောင်းဆန့်သည်။ မိနစ်အနည်းငယ်မျှ နားမည်ဟူသော စိတ်ကူးနှင့်ဖြစ်၏။ သို့သော်လည်း နှစ်နာရီမျှ ကြာသည်အထိ သူအိပ်ပျော်သွားခဲ့လေ၏။

အိပ်ရာမှနိုးလာသည့်အခါ သူသည် အစားအစာ အနည်းငယ်စားသည်။ ပင်လယ် အော်တက်မှ ဆိတ်ငြိမ်မှုကို သူအံ့သြလျက်ရှိသည်။ ထိုအခိုက်မှာပင် တံခါးခေါက်သံ ကြားရ၏။ ယူရာဂါဘုရင်ခံသည် ယခုပင် သူ့အဖွဲ့နှင့် ဆိုက်ရောက်လာသဖြင့် ကက်ပတိန် အခန်းသို့ပို့ကာ နေရာချထားပေးပြီးပြီဟု သတင်းလာပို့ခြင်းဖြစ်သည်။ သတင်းပို့သူမှာ

ရာခံဗိုလ် ဟာရစ္စပေတည်း။

အမ်းစထရောင်းသည် စောစောကလိုပင် လက်ဖတင်နင်ရိုက်စ်၏ စားပွဲ၌ နေရာ ယူသည်။ ယူရာဂါဘုရင်ခံ၏ မျက်နှာထားသည် ထူခြွေကြီးလွန်းလှ၏။ စကားပြန် ဟာနီဝါရာတိုကူမာ၏ မျက်နှာမှာမူ မည်သည့်အရာကိုမှ ဖော်ပြခြင်းမရှိ။

လက်ဖတင်နင်ရိုက်စ်က–ရှေးဦးစွာ နှုတ်ဆက်စကားပြောရာ အမ်းစထရောင်းက ဘာသာပြန်ပေးသည်။ ဘုရင်ခံသည် စကားစပြောရာ သူ့စကားများကို ဟာနီဝါရာ တိုကူမာက ဘာသာပြန်ပေးသည်။ သူသည် အမ်းစထရောင်း၏ မျက်လုံးများနှင့်မဆိုင် ပါအောင် ရှောင်လျက်ရှိလေသည်။

'ဘုရင်ခံအနေနဲ့ မနက်က ပြောခဲ့တဲ့စကားကိုပဲ ထပ်ပြောနေတာပဲ'ဟု အမ်းစ ထရောင်းကပြောသည်။ 'ဘုရင်ခံပြောနေတာက စာတွေရဲ့မိတ္တူတွေကို ယီဒိုကိုပို့တာရယ်၊ ပြီးမှ မူရင်းတွေကို ပို့တာရယ် . . .၊ အားလုံးဟာ အချိန်တွေအများကြီး ကုန်လိမ့်မယ် . . .တဲ့၊ အဲဒါကြောင့်မို့ စာမူရင်းတွေနဲ့ မိတ္တူတွေကို အတူတူပေါင်းပြီး အဆင့်မြင့်ဆုံး အရာရှိကြီးဆီ ပို့ပေးဖို့ အကြံပြုနေတယ်'

'ဘုရင်ခံကြီးကို ပြောပြပါ၊ အဲဒါ လုံးဝလုပ်လို့ မဖြစ်နိုင်ဘူး–လို့'ဟု ရိုက်စ်က ပြန်ပြောသည်။ 'သူ့ကို ပြောပြပါ . . .'ကျွန်တော်တို့ရဲ့ ရေတပ်ဗိုလ်ချုပ်ကြီးက မိတ္တူ တွေကို အင်ပါယာဧကရာဇ်ဘုရင်ထံ သူ့စာနဲ့အတူ ပို့ပေးဖို့ ဆန္ဒရှိနေပါတယ်–လို့ ...၊ ရေတပ်ဗိုလ်ချုပ်ကြီးဟာ ဧကရာဇ်ဘုရင့်ထံ လူကိုယ်တိုင် သို့မဟုတ် ဧကရာဇ်ဘုရင် မင်းမြတ်က ခန့်အပ်ထားတဲ့ အဆင့်အမြင့်ဆုံး အရာရှိထံ သူကိုယ်တိုင်ပေးအပ်ဖို့ လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်း ခံထားရတဲ့ ပုဂ္ဂိုလ်ပါ'

ရိုက်စ်ပြောနေစဉ်အတွင်း အမ်းစထရောင်းသည် ဘုရင်ခံ၏မျက်နှာကို အသေအချာ ကြည့်၍အကဲခတ်သည်။ သူ့မျက်နှာသည် ဖြူယော်ယော် . . .၊ ကျန်ဂျပန်အရာရှိ များမှာလည်း ရိုက်စ်၏ စကားကို နားမလည်ကြသော်လည်း ပြောဟန်ဆိုဟန်နှင့် လေယူလေသိမ်းကို နားထောင်ကာ ထိတ်လန့်နေသည့် အမူအရာကို ဖော်ပြနေကြ လေသည်။

'ကျွန်တော် တစ်ခုပြောပါရစေ–လက်ဖတင်နင်၊ ခင်ဗျားရဲ့ စကားကို ဘာသာပြန် မပြောခင်မှာ . . .သူတို့စကားပြန်ကို မေးခွန်းအနည်းအကျဉ်း မေးဖို့ ခွင့်ပေးချင်တယ်' ဟုအမ်းစထရောင်းက ပြောသည်။ 'အဲဒါ ခင်ဗျား သဘောတူပါသလား'

'ရည်ရွယ်ချက်က ဘာလဲ'

'တကယ်လို့ ကျွန်တော်တို့ဘက်က ခပ်အေးအေးသွားရင်း နှစ်ဖက်သဘောတူ

www.burmeseclassic.com

www.burmeseclassic.com

နိုင်မယ့် အခြေအနေကို တွေ့နိုင်မယ် ထင်လို့ပါ' ဟု အမ်းစထရောင်းက ပြန်ပြောသည်။

'အခုဆိုရင် သူတို့လန့်နေကြပြီလို့ ကျွန်တော်ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့လိုပဲ သူတို့မှာလည်း ပြင်းထန်တဲ့ မာန်မာနကတော့ ရှိနေတယ်။ ပြီးတော့ ကျွန်တော်တို့လိုပဲ ဂုဏ်သိက္ခာကင်းမဲ့သည်အထိ အရှက်ခွဲခံရအောင်တော့ သူတို့ကိုယ်သူတို့ အဖြစ်ခံမယ် မထင်ဘူး'

'ကွန်မိုဒိုရဲ့ အမိန့်တွေက ရှင်းပါတယ်' ဟု ရိုက်စ်က ပြောသည်။ 'ကျွန်တော်တို့ဘက်က အလျှော့မပေးဖို့ အဓိကဘဲ'

'ကျွန်တော် ကြိုးစားကြည့်ပါရစေ' ဟု အမ်းစထရောင်းက ဇွတ်အတင်းပြောသည်။ 'တကယ်လို့၊ သူတို့ နောက်တစ်ကြိမ် ပြန်သွားဦးမယ်ဆိုရင် ရန်လိုမှုကို ရှောင်တိမ်းလို့ ရနိုင်မှာမဟုတ်တော့ပါဘူး'

'ကောင်းပြီလေ' ဟု ပြောကာ ရိုက်စ်က ခေါင်းညိတ်သည်။ 'ဒါပေမယ့် မေးသမျှ ပြောသမျှအားလုံးကိုတော့ ကျွန်တော့်ကို အသိပေးပါ'

အမ်းစထရောင်းက ဟာနီဝါရာတိုကူမာဘက်လှည့်၍ ဒတ်ချ်ဘာသာဖြင့် စတင်စကားပြောသည်။ 'ဘုရင်ခံကြီးက လွန်ခဲ့တဲ့အချိန် မကြာသေးခင်က ပြောသွားခဲ့တယ်၊ အလွန်အဆင့်မြင့်တဲ့ အရာရှိတစ်ဦးက ကျွန်တော်တို့သမ္မတရဲ့ ပေးစာကို မိတ္တူနဲ့ အတူ လက်ခံရုံမကဘူး၊ ကျွန်တော်တို့ရေတပ်ဗိုလ်ချုပ်ကြီးရဲ့စာကိုပါ လက်ခံလိမ့်မယ်လို့ ပြောခဲ့တယ်. . .၊ အဲဒါမှန်တယ်နော်'

'ဟုတ်ပါတယ်၊ အမှန်ပါဘဲ' ဟု ဟာနီဝါရာက စကားကို သတိနှင့်ပြန်ပြောသည်။

'အင်ပါယာဘုရင်မင်းမြတ်ကို ကိုယ်စားပြုတဲ့ အရာရှိကြီးတစ်ယောက်ဟာ စာတွေကိုလက်ခံရယူဖို့ ဒီကိုလာနေပါပြီ၊ ဒါပေမဲ့ သူ့ကို တာဝန်လွှဲအပ်လိုက်တာက စာယူရင်းနဲ့မိတ္တူတွေကို တစ်ချိန်တည်း တပြိုင်တည်း လက်ခံရယူဖို့ပါ၊ သီးခြားစီခွဲပြီး လက်ခံဖို့ မဟုတ်ပါဘူး'

'ဒါဆိုရင် အဲဒီအရာရှိကြီးဆီမှာ ဒီစာတွေကို လက်ခံဖို့ ဘုရင်မင်းမြတ်က ပေးထားတဲ့ တံရားဝင်လွှဲအပ်စာ ပြနိုင်တယ်ပေါ့'

ဂျပန်စကားပြန်က ခေါင်းညိတ်သည်။ သူ့လက်တစ်ဖက်ကို မြှောက်၍အင်္ကျီလက်ပွပွကြီးအတွင်း စာလိပ်သေးသေးလေးတစ်ခုကိုပြသည်။ 'ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့တံဆိပ်တော်နဲ့ဒီစာ ကျွန်တော်တို့ဆီမှာ အခိုင်အမာ သက်သေပြနိုင်ဖို့ ပါလာခဲ့ပါတယ်'

'အဲသလိုဆိုရင် . . .အဲဒီအဆင့်မြင့်အရာရှိကြီးက စာတွေ လက်ခံရယူဖို့ သင်္ဘောဆီကိုလာမှာလား'

'မလာဘူး၊ သူက စာတွေကို ကမ်းပေါ်ကနေ လက်ခံမှာ'

'ဒါဆိုရင် ကမ်းပေါ်မှာ ဆုံကြရမယ့်ကိစ္စက ဘယ်တော့ဖြစ်မှာလဲဆိုတာ၊ အတိအကျပြောနိုင်မလား' ဟု အမ်းစထရောင်းက မေးသည်။ 'ကျွန်တော်တို့ဘက်က ကြိုပြီး သိထားဖို့ အရေးကြီးတယ်'

'အထူးအခမ်းအနားကျင်းပပြီး လက်ခံဖို့ လောလောဆယ် ဒီနေရာနဲ့ သိပ်မဝေးတဲ့ ကမ်းခြေတစ်နေရာမှာ မဏ္ဍပ်တစ်ခု ဆောက်နေပါတယ်' ဟာနီဝါရာသည် စကားကို ဖြတ်၍ရပ်ထားပြီး ဦးခေါင်းကိုထောင်၍ တုထုသံ၊ ရိုက်သံများကို နားစွင့်နေသည်။

'မဏ္ဍပ်ဆောက်နေတဲ့ ကျွန်တော်တို့ လက်သမားတွေ ဘယ်လောက်အလုပ်များ နေတယ်ဆိုတာ နားထောင်လိုက်ရင် သိနိုင်ပါတယ်'

'ကျွန်တော်တို့ ကြားနေရပါတယ်' ဟု အမ်းစထရောင်းက ထူးဆန်းသော ခံစားမှုတစ်ခုဖြင့် ပြန်ပြောသည်။ လေးလံလျက်ရှိသော စိတ်သည် ပေါ့ပါးသွားသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ ကြားပါတယ်ဟု ထပ်ပြောသည်'

'အဲဒီအထူးမဏ္ဍပ်မှာ ကျွန်တော်တို့ရဲ့ အဆင့်မြင့်အရာရှိကြီးက ရေတပ်ဗိုလ်ချုပ်ကြီးကို ထိုက်တန်တဲ့ ဧည့်ခံမှုတစ်ခု ပြုပါလိမ့်မယ်' ဟု ဟာနီဝါရာက အမ်းစထရောင်း၏မျက်လုံးများနှင့် ရင်ဆိုင်၍ မကြည့်ပဲပြောသည်။ 'ဒါပေမဲ့- နာဂါစကီးဟာ နိုင်ငံခြားတိုင်းပြည်တွေက ပေးလာသမျှ စာတွေကို လက်ခံရယူဖို့ အသင့်တော်ဆုံးနေရာပါ၊ အဲဒါကြောင့် ဧည့်ခံပွဲအခမ်းအနားပြီးသွားတဲ့အခါမှာ ကျွန်တော်တို့ အရာရှိကြီးဟာ ရေတပ်ဗိုလ်ချုပ်ကြီးနဲ့ စေ့စပ်ဆွေးနွေးခြင်း မပြုနိုင်ပါဘူး'

အမ်းစထရောင်းက ခေါင်းညိတ်သည်။ 'အဲဒီစကားတွေကို ပြန်ပြီးရှင်းပြပါမယ်၊ အခုလို ရှင်းလင်းသွားအောင် အဖြေပေးတဲ့အတွက် ခင်ဗျားကို သိပ်ကျေးဇူးတင်ပါတယ်'

အမ်းစထရောင်းသည် လက်ဖတင်နှင့်ရိုက်စ်ဘက် ပြန်လှည့်ကာ ဟာနီဝါရာ၏ စကားများကို ရှင်းပြသည်။ ရိုက်စ်၏မျက်နှာတွင် သံသယဖြစ်နေသော အရိပ်အရောင်များဝင်လာသည်။

'သူတို့မဏ္ဍပ်က ထောင်ချောက်တစ်ခု ဖြစ်ချင်ဖြစ်နေမှာ' ဟု ရိုက်စ်က ပြောသည်။

'သူတို့က ကျွန်တော်တို့ကို ဖြားယောင်းသွေးဆောင်ပြီး ကမ်းခြေပေါ် ခေါ်သွားမယ်၊ ဟိုရောက်တော့မှ ပိုင်းတိုက်မယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ သူတို့နဲ့ သင်္ဘောပေတွေခင်မှာ သတင်းကို ပို့ပြီးအတိအကျရအောင်လုပ်ဖို့ လိုလိမ့်မယ်' သူတို့ မဏ္ဍပ်ဆောက်တာ ဘယ်နေရာမှာလဲ စတာမျိုးပေါ့'

'ဒါပေမဲ့ အနည်းဆုံး သူတို့ဘက်က ကျွန်တော်တို့ကွန်မိုဒိုရဲ့ တောင်းဆိုချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ပတ်သတ်လို့ အနည်းဆုံးသမ္မတရဲ့စာကို တခမ်းတနား လက်ခံရမယ်ဆိုတာကို အ
ပေးလိုက်လျှောတဲ့ သဘောရှိလာတယ် မဟုတ်လား . . . လက်ဖတင်နင်'
အမ်းစထရောင်းက ပြောသည်။ 'အဲဒီအချက်ကို ကွန်မိုဒို ဘယ်လိုသဘောထား
ဆိုတာကတော့ မေးသင့်တယ်၊ ခင်ဗျား သူ့ဆီသွားမေးနေတုန်း သတင်းပို့ရ
မေးထားမယ်'

လက်ဖတင်နင်ရိုက်စ်သည် ရုတ်တရက် ထရပ်လိုက်သည်။ 'မဏ္ဍပ်ဆောက်
နေရာကို အတိအကျသိအောင် လုပ်ဖို့လိုမယ်၊ မစ္စတာအမ်းစထရောင်း' ဟု ထပ်
သည်။ 'အဲဒါမှ ကျွန်တော်တို့ဘက်က စစ်ရေယာဉ်လွှတ်ပြီး နေရာထိုင်ခင်းရဲ့ အ
အနေကို စီစစ်ထားနိုင်မှာ၊ အဲဒီအချက်ကို ခင်ဗျားက အသေအချာသိအောင် လုပ်ပေး
အရာခံဗိုလ် ဟာရစ္စကို ဆတ်စ်ကွီဟန်နာ သင်္ဘောတပ်မှူးဆီလွှတ်ပြီး အကြောင်း
ပြောပြရမယ်၊ အရေးပေါ်ဖြစ်လာရင် ကျွန်တော်တို့အမြောက်တွေက မဏ္ဍပ်ဆီ
လက်လှမ်းမှီနိုင်တဲ့နေရာမှာ ကျောက်ချထားဖို့လိုမယ်။ ကဲ . . . ကျွန်တော် ကွန်မိုဒို
သွားပြီး ဆွေးနွေးကြည့်ဦးမယ်'

ရိုက်စ်ထွက်သွားသည်နှင့်တပြိုင်နက် အမ်းစထရောင်းသည် ဟာနီဝါရာတိုကူ
ဘက်လှည့်၍ ဒတ်ချ်ဘာသာဖြင့် စကားစပြောသည်။ 'ခင်ဗျား စောစောကပြော
အချက်ပေါ်မှာ ကျွန်တော်တို့ကွန်မိုဒိုက လက်ခံနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်
တာပဲ။ ဒါပေမဲ့ ပထမဆုံး ကျွန်တော်တို့ မေးထားချင်တာက မဏ္ဍပ်ဆောက်ရ
နေရာကို အတိအကျပြောဖို့ပါ'

ဂျပန်စကားပြန်သည် ဘုရင်ခံနှင့်တီးတိုးစကားပြောသည်။ ထို့နောက် အမ်း
ထရောင်းဘက်လှည့်၍ မေးထားသည့် မေးခွန်းကို ဖြေသည်။ 'မဏ္ဍပ်က ယူရာဂါမြို့ရဲ့
တောင်ဘက်က ကူရီဟာမာရွာရဲ့ အရှေ့မှာပါ'

'အဲဒီနေရာကို ဘာကြောင့် ရွေးတာလဲ' ဟု အမ်းစထရောင်းက မေးသည်။ 'မဏ္ဍပ်
ကို ယူရာဂါမှာဆောက်ရင်ဖြစ်လျက်နဲ့ ဘာပြုလို့ မဆောက်တာလဲ'

'နိုင်ငံခြားသင်္ဘောတွေကို သာမန်အားဖြင့် ကူရီဟာမာရွာရဲ့ ဟိုဘက်ကို သွား
မပြုတဲ့ ထုံးစံကြောင့်ပါ' ဟု စကားပြန်က အမ်းစထရောင်း၏ မျက်နှာကို မကြည့်
ဖြေသည်။

'ဒီသင်္ဘောနဲ့ဆို ဘယ်လောက်ဝေးမလဲ'

'သိပ်မဝေးပါဘူး . . .၊ ဂျပန်မိုင်နဲ့တွက်ရင် တစ်မိုင်တောင်မှ မဝေးပါဘူး--
နေကြည့်ရင်တော့ မမြင်နိုင်ပါဘူး၊ ဘာပြုလို့လည်းဆိုတော့ ရွာက--တောင်ကုန်း

ကုန်းကြားမှာ တည်နေလို့ပါ'

အမ်းစထရောင်းက သူရထားသည့် သတင်းကို အရာခံဗိုလ် ဟာရစ္စအား ပြောပြ
ဆတ်စ်ကွီဟန်နာ သင်္ဘောတပ်မှူးထံ လွှတ်၍ပြောခိုင်းလိုက်သည်။ ထို့နောက်
နီဝါရာတိုကူမာဘက် လှည့်၍ရင်ဆိုင်သည်။

'ကျွန်တော်တို့သမ္မတရဲ့ စာကို လက်ခံရယူမယ့်-အဆင့်မြင့်အရာရှိကြီးဆိုတာ
ယ်သူလဲ . . .။ ခင်ဗျားနာမည် ပြောပြနိုင်မလား'

'သူ့နာမည်က အစ်ဇုမင်းသားတိုဒါပါ'

'သူ့ရာထူးအဆင့်က ဘာလဲ၊ သူ့ကိုပေးထားတဲ့ ရာထူးကကော . . .'

'မင်းသားတိုဒါက ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ပထမတန်း အကြံပေးအရာရှိကြီးပါ၊
နဲ့အတူလာမယ့်ပုဂ္ဂိုလ်က အီဝါမီမင်းသားအီဒူပါ'

'မင်းသားတိုဒါက စာတွေကို ဘယ်ရက်မှာ လက်ခံမှာလဲ . . .'

'အတိအကျတော့ ကျွန်တော် မပြောနိုင်ပါဘူး၊ မနက်ဖြန် သို့မဟုတ် သန်ဘက်ခါ'

ခပ်ပြင်းပြင်းနင်း၍ လျှောက်လာနေသော ခြေသံကြောင့် စကားပြန်နှစ်ဦး စကား
ပြောရပ်သွားသည်။ လက်ဖတင်နင်ရိုက်စ်သည် အခန်းတွင်းသို့ဝင်လာပြီး စားပွဲ
င်ထိုင်ကာ ဘုရင်ခံအား ကြည့်သည်။

'ဘုရင်ခံကြီးကို ပြောပြပါ၊ ကျွန်တော်အခုပဲ ရေတပ်ဗိုလ်ချုပ်ကြီးနဲ့ စကားပြော
ပါတယ်' ဟု ရိုက်စ်က အမ်းစထရောင်းအား တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။
လ်ချုပ်ကြီးက ပြောပါတယ်၊ မူရင်းစာနဲ့မိတ္တူတွေကို လက်ခံရယူဖို့ ကိစ္စအပေါ်မှာ
ဒီဘက်က နားလည်မှုလွဲနေပုံရပါတယ် . . .တဲ့၊ ဒါပေမယ့် ကိစ္စမရှိပါဘူးတဲ့၊ ဧကရာဇ်
ရင်မင်းမြတ်ရဲ့ အဆင့်မြင့်အရာရှိကြီးတစ်ဦး ဒီကိုလာပြီး စာတွေလက်ခံဖို့ ခန့်ထား
ကြောင်း သက်သေခံစာပါရင် ဗိုလ်ချုပ်ကြီးက အခုဖြစ်နေတဲ့ နှစ်ဖက်အငြင်းပွား
မှာ တစ်ထစ်လျှော့ပေးပါမယ်တဲ့၊ ဒီနေရာမှာပဲ သမ္မတကြီးရဲ့ မူရင်းစာကိုရော
ဘာသာပြန်ကော်ပီတွေရော သူကိုယ်တိုင်ကပေးဖို့ ရေးထားတဲ့စာကိုပါ ပေးအပ်
လိုက်ပါ့မယ် . . .တဲ့'

'ဒီလိုဆိုရင် ကွန်မိုဒိုအနေနဲ့ မူရင်းစာကို သူကိုယ်တိုင် ယီဒိုမှာ လာပေးဖို့ဆိုတဲ့
ဆုံးဖြတ်ချက်ကို စွန့်လွှတ်လိုက်တဲ့ သဘောလား' ဟု အမ်းစထရောင်းက အံ့အားသင့်
သည့်လေသံဖြင့် တိုးတိုးကပ်မေးသည် ။

'ဟုတ်တယ်၊ အဲဒီသဘောပဲ' ဟု ရိုက်စ်က ပြန်ပြောသည်။ 'ကွန်မိုဒိုက
ကျွန်တော့်ကို ပြောခိုင်းလိုက်တဲ့ စကားအတိုင်းသာ ဘာသာပြန်ပြီး ပြောလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com

အမ်းစထရောင်းက ခေါင်းကို လျှင်မြန်စွာညိတ်၍ ရိုက်စ်၏စကားကို ဘာသာ ပြန်ပြောသည်။ ထိုဘာသာပြန်စကားကို ကြားရသည့်အခါ ဘုရင်ခံ၏ မျက်နှာသည် စိတ်လက်ပေါ့ပါးသွားခြင်းကို ပြသည်။ ထို့နောက် သူ့မျက်နှာသည် အမ်းစထရောင်း၏ ဘာသာပြန်၍ ပြောလိုက်သည့်စကားများအား လက်ခံကြောင်း ဖော်ပြသည်။

'စာတွေကို ကမ်းပေါ်မှာ မပေးခင် အင်ပါယာဧကရာဇ် ဘုရင်မင်းမြတ်ရဲ့ အဆင့်မြင့်အရာရှိကြီးကို တရားဝင်ခန့်အပ်ကြောင်း စာလွှာတွေကို ဒတ်ချ်ဘာသာ စကားနဲ့ ဘာသာပြန်ပြီး လက်မှတ်ထိုးထားတဲ့ စာရွက်တွေကို ကြိုတင်ပေးရပါတယ်။ ကျွန်တော်ပြောတာ ရှင်းပါသလား'

ဘုရင်ခံက သူ နားလည်ကြောင်း ဦးခေါင်းကို ဆတ်ပြခြင်းဖြင့် ပြန်၍ အသိပေးသည်။

'ဘာပဲဖြစ်ဖြစ် အဲဒီမှာ ဆွေးနွေးပွဲ ရှိဖို့မလိုအပ်ဘူးလို့ ဗိုလ်ချုပ်ကြီးက ပြောခိုင်း ပါတယ်။ သမ္မတရဲ့စာနဲ့ ပတ်သက်လို့ တုံ့ပြန်မှုကို ချက်ခြင်းရဖို့ ဗိုလ်ချုပ်ကြီးက မျှော်လင့်မထားပါဘူး။ စာကို လက်ခံရရှိကြောင်း ပြန်စာလောက်ပဲ လိုပါတယ် ...တဲ့။ အင်ပါယာဧကရာဇ်ဘုရင်မင်းမြတ်ရဲ့အဖြေ အပြည့်အစုံကို ရဖို့ကတော့ သူပြန်လာ ခဲ့ပါမယ် ...တဲ့'

'ရေတပ်ဗိုလ်ချုပ်ကြီးက ဘယ်တော့ပြန်လာမှာလဲ' ဟု စကားပြန်က သူ့ဘုရင်ခံ နှင့်အချိန်အတန်ကြာမျှ ဆွေးနွေးပြောဆိုအပြီးတွင် မေးသည်။

'မြန်မြန်ပြန်လာမှာလား'

'နောက်လအနည်းငယ်လောက်ကြာရင် ပြန်လာမယ်လို့ ပြောပါတယ်' ဟု ရိုက်စ် ကဖြေသည်။ 'နောက်တစ်ကြိမ်ပြန်လာရင်တော့ စစ်သင်္ဘောတွေအများကြီး ယူလာ မယ်လို့ ပြောပါတယ်'

ဂျပန်များ၏ကြားတွင် ဆွေးနွေးပြောဆိုသံများ ထွက်လာသည်။ တီးတိုးပြောသံ များလည်း ကြားလာရ၏။ လက်ဖတင်နင်ရိုက်စ်က အမ်းစထရောင်း၏လက်ကို တို့၍ သတိပေးသည်။

'ကွန်မိုဒိုက ပြောလိုက်တယ်၊ သူတို့ဆီက အဖြေကို မစောင့်နဲ့တော့ ...တဲ့။ တကယ်လို့ စောင့်လိုက်ရင် သူတို့ကို နောက်ထပ်အချိန်ဆွဲပြီး ကျွန်တော်တို့ကို လှည့်စား ဖို့အချိန်ပေးသလို ဖြစ်သွားမယ် ...တဲ့၊ ကျွန်တော်တို့မှာ ရိက္ခာနည်းလာနေပြီ ... တဲ့၊ ' 'အဲဒီတော့ ဆုံရမယ့် နေရာကို သဘောတူပြီဆိုရင် နေရာရဲ့အနေအထားကို စစ်ဆေးမယ်၊ မက္ကာ့ပ်နဲ့အနီးဆုံးနေရာမှာ သင်္ဘောတွေကို ကျောက်ချပြီး ရပ်မယ်၊ အဲဒါကို အသိပေးဖို့လိုလိမ့်မယ်'

'နောက်တစ်ချက်က ရေတပ်ဗိုလ်ချုပ်ကြီးက ကမ်းပေါ်တက်မယ်၊ မက္ကာ့ပ်ကို သူ့ သံအဖွဲ့အပြင် လက်နက်ကိုင် တပ်ဖွဲ့တစ်စုနဲ့အတူ လျှောက်လာမယ်၊ အဲဒါတွေကိုတော့ အသိပေးထားဖို့ လိုလိမ့်မယ်'

အမ်းစထရောင်းက ခေါင်းညိတ်သည်။ နောက်ဆုံး–ရေတပ်ဗိုလ်ချုပ်ကြီးသည် အစောင့်တပ်ဖွဲ့များနှင့် စစ်သင်္ဘောများရှိ လက်နက်ကြီးများ၏ စောင့်ရှောက်မှုကို ရယူကာ ကမ်းပေါ်တက်လာလိမ့်မည်ဟု သိလိုက်ရသည့်အခါ သူတို့အချင်းချင်း ဆွေးနွေး ငြင်းခုန်နေကြသည်။

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး ဆုံးဖြတ်ရမယ့် အချက်က တစ်ချက်ပဲ ကျန်တယ်၊ ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ကိုယ်စားလှယ်က ရေတပ်ဗိုလ်ချုပ်ကြီးကို ဘယ်နေ့တွေမလဲဆိုတဲ့ အချက်ပဲ၊ သန်ဘက်ခါဆိုရင် သင့်တော်မလား' ဟု အမ်းစထရောင်း ကကြားဖြတ်ပြောသည်။

'မှန်ပါတယ်၊ ဘုရင်မင်းမြတ်ရဲ့ ပထမအဆင့် အတိုင်ပင်ခံအနေနဲ့ သမ္မတရဲ့စာကို လက်ခံဖို့ သန်ဘက်ခါမနက်ဟာ အသင့်တော်ဆုံးဖြစ်မှာပါ' ဟု စကားပြန် ဟာနီဝါရာ ကဘုရင်ခံနှင့်ဆွေးနွေးအပြီးတွင် ပြန်ပြောသည်။ 'မနက်ရှစ်နာရီဟာ အသင့်ဆုံးအချိန်ပါ၊ ခင်ဗျားတို့သင်္ဘောမှာ အလံလွှင့်တင်လိုက်တာနဲ့တပြိုင်နက် ဘုရင်ခံကိုယ်တိုင် လာခေါ် ပါလိမ့်မယ်'

'သိပ်ကောင်းပါတယ်' ဟု လက်ဖတင်နင်ရိုက်စ်က ထိုင်ရာမှထရပ်ပြီး ပြော သည်။ 'ဒါဆိုရင် ဒီဆွေးနွေးပွဲဟာ အောင်မြင်စွာ ပြီးဆုံးသွားပါပြီ၊ ဘုရင်ခံကြီးနဲ့ သူ့ အဖွဲ့ဝင်တွေကို ကျေးဇူးအထူးတင်ကြောင်း ကျွန်တော်ပြောပါရစေ'

ဘုရင်ခံသည် လက်ဖတင်နင်ရိုက်စ်ဘက်လှည့်ကာ ဦးညွှတ်၍ နှုတ်ဆက်သည်။ ထို့နောက် သူ့ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်၍ ထွက်သွားသည်။ ဆင်မြူရယ် အမ်းစထရောင်းသည် အချိန်အကုန်မခံတော့ပဲ နောက်မှလိုက်သွားသည်။ ဟာနီဝါရာ တိုကူမာအား မှီသည်နှင့်တပြိုင်နက် သူသိချင်သော အရာကိုမေးသည်။

'ခင်ဗျား–လက်ဖတင်နင်အီဒင်အကြောင်း နောက်ထပ် ဘာများကြားသေးလဲ' ဟု မေးသည်။ သူ့အသံကို တခြားလူများ မကြားအောင် အသံကို တိုးနိုင်သမျှ တိုးထား သည်။ 'ခင်ဗျားဆီက ကြားရသမျှကို ကျွန်တော်လျှို့ဝှက်ထားပါမယ်'

'ခင်ဗျား ကျွန်တော့်ကို အခုလိုပြောဖို့ နောက်ထပ် မကြိုးစားသင့်တော့ဘူး' ဟု ဂျပန်စကားပြန်က ပြန်ပြောသည်။ 'ကျွန်တော့်ကို ဒုက္ခမပေးစေချင်တော့ပါဘူး'

'ဝမ်းနည်းပါတယ် –၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားကို ဒီတစ်ခါတော့ ပြောလိုက်ပြော

www.burmeseclassic.com

www.burmeseclassic.com

ရတော့မှာပဲ' ဟု အမ်းစထရောင်းက တီးတိုးပြန်ပြောသည်။ 'အခုဆိုရင် သုံးရက်ရှိသွားပြီ၊ သူ့အကြောင်း သတင်းတစ်ခုခုတော့ ထပ်ကြားသင့်တယ်'

ဟာနီဝါရာ၏ ဦးခေါင်းသည် ထောင်လာပြီး ပထမဆုံးအကြိမ် အမ်းစထရော၊်အား မျက်နှာချင်းဆိုင်၍ ကြည့်သည် ။ သူ့မျက်နှာသည် ဖြူလျော်လျော် . . .

'ခင်ဗျားသိချင်တာကို ကျွန်တော်က ပြောအောင်လုပ်နေတာဟာ ကျွန်တော့်ဇနီးနဲ့သားသမီးတွေကို ဒုက္ခရောက်အောင် ခြိမ်းခြောက်နေတာနဲ့ အတူတူပါဘဲ' ဟု ဟာနီဝါရာက ပြောသည်။ 'မမေးပါနဲ့တော့၊ ကျွန်တော့်အတွက် အန္တရာယ်သိပ်ကြီးနေပါတယ်၊ ဒီကိစ္စ တခြားလူတွေကိုလည်း အသိမပေးပါနဲ့'

ပြောပြောဆိုဆို ဂျပန်စကားပြန် ဟာနီဝါရာတိုကူမာသည် အံ့အားသင့်နေသော၊ ဆင်မြူရယ်အမ်းစထရောင်းရှေ့မှ ဖြတ်သွားသည်။ သူသည် နောက်သို့ လှည့်မကြည့် . . .၊ သူ့ရှေ့မှလူများအား မိုရန်သာ အမောတကော လိုက်သွားလျက်ရှိလေသည်။

(၃၉)

မပီမပြင် မသဲမကွဲအသံများသည် အလွန်တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ ထွက်ပေါ်လျက်ရှိ၏။ လူများ၏ စကားပြန်ပြောသံဖြစ်သည်။ နာကျင်မှုဝေဒနာကို ခံစားနေရသည့်ကြားမှ ကြားရခြင်းဖြစ်၍ ရောဘတ်အီဒင်အဖို့ သူ့ဦးခေါင်း၏အပြင်မှ လာခြင်းလား၊ အတွင်းမှလာခြင်းလား ဝေခွဲ၍မရ။

သူ့ပတ်ပတ်လည်တွင် အမှောင်ထုက လွှမ်းခြုံထားသည်။ သူ့နားထဲတွင် မြင်းခွာသံများကိုပါ ကြားနေရသလိုလိုရှိသည်။ မြင်းများသည် အသားကျပုံမှန်သွားနေကြခြင်းဖြစ်၍ အခါအားလျော်စွာ နှာမှုတ်သံများ ကြားနေရ၏။ ကကြိုးတန်ဆာများသည် မြင်းများ လှုပ်ရှားသည့်အခါအတိုင်း မြည်လျက်ရှိသည်။ တစ်ခုပဲရှိ၏။ သူကြားနေရသော အသံများသည် တကယ့်အစစ်အမှန်တွေလား သို့မဟုတ် စိတ်ကူးယဉ်မှုတွေလား။

သူခံစားနေရသည့် နာကျင်မှုသည် သူ့ဦးခေါင်းထဲမှ ဖြစ်သည်။ နောက်တစ်နေရာမှာ သူ့ခါးအောက်ပိုင်းတွင်ဖြစ်၏။ ခြောက်နေသော သွေးနံ့ကိုသာမက၊ ဖုန်နံ့လိုလို ဘာလိုလို အနံ့ဆိုးတစ်ခုကိုပါ သူ့နှာခေါင်းမှ ရှူရှိုက်နေရ၏။ ဤကြားထဲမှပင် သူလှုပ်ရှားလိုက်တိုင်း နာကျင်မှုဝေဒနာသည် စူးစူးရှရှ ပေါ်လာတတ်လေသည်။

သူတည်ရှိနေသည်မှာ အမှောင်ထုကြီး လွှမ်းခြုံထားသည့် လေဟာပြင်ကြီးတစ်ခုထဲ၌ ဖြစ်သည်ဟု ထင်သည်။ သူ ဘာဖြစ်နေတာလဲ . . . ၊ သူသေပြီလား။ သို့မဟုတ်၊ မျောနေတာလား . . .၊ သူ့စိတ်တွင် မှတ်ဉာဏ်သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် ကင်းမဲ့လျက်ရှိ၏။ မဝေးသေးသည့် အတိတ်ကာလက ဖြစ်ရပ်ကလေးများကို သတိမရတော့ပါကလား . . .

သူ့တစ်ကိုယ်လုံး ထုံကျင်နေသည်။ ကိုယ်ရောစိတ်ပါ လွတ်လွတ်လပ်လပ်လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com

၍မရ။ သူ့တွင် လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်မှ ရှိပါလေသေး၏။ သူ့ကိုယ်သည် လှုပ်ရှား၍ မရသလိုပင် သူ့ဦးခေါင်းသည်လည်း တိမ်း၍ စောင်း၍ ရွေ့ရှား၍မရ။ သူ့နားထဲတွင် ဖြည်းဖြည်းမှန်မှန် အသက်ရှူသံ တစ်သံကိုလည်း ကြားနေရ၏။ ထိုအသံရှင်သည် ဘယ်သူများပါလိမ့်။ နောက်ဆုံးကျတော့ သူသိလာရ၏။ ထိုအသက်ရှူသံ ပိုင်ရှင်သည် မိမိကိုယ်တိုင်ပင် ဖြစ်နေသည် မဟုတ်ပါလား။

သူသည် အမှောင်ထုအတွင်းသို့ ထိုးဖေါက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းကြည့်ပြန်သည်။ မရပဲဖြစ်နေသည့်အခါ သူသည် သူ့ကိုယ်သူ နက်ရှိုင်းလွန်းလှသော သတိမေ့မျောခြင်း ချောက်ကမ်းပါးအတွင်းသို့ နစ်ဆင်းသွားပြန်သည်။ ထိုတစ်ခဏမှာပင် ရုပ်ပုံလွှာများသည် သူ့စိတ်အတွင်းသို့ ထင်ဟပ်လာသည်။

ပထမတော့ သူမြင်နေရသည်များကို ဘာတွေမှန်းမသိ။ ထို့နောက်တော့ သူမြင်နေရသည်များမှာ တိရစ္ဆာန်အရေများနှင့်လုပ်ထားသည့် အင်ဒီးယန်းတဲများ ဖြစ်သည်ကို သိလာသည်။ မီးခိုးများသည် ထိုတဲများ၏ ထွက်ပေါက်များမှ တလူလူထွက်ကာ ကောင်းကင်ဆီသို့ တလိပ်လိပ်တက်သွားနေကြသည်။

ထိုခဏမှာပင် သူ့နားထဲသို့ မြင်းခွာသံများ ဝင်လာသည်။ ထိုမြင်းခွာသံများ ကြောင့် တဲများအတွင်းမှ အင်ဒီးယန်းအမျိုးသမီးကြီးများနှင့် ခပ်ငယ်ငယ် ခပ်ရွယ်ရွယ် မိန်းကလေးများသည် အပြေးအလွှား ထွက်လာကြသည်။ ရွာလည်လမ်းမအတိုင်း ဝင်လာနေကြသော မြင်းများနှင့် ယင်းတို့အပေါ်မှ ထိုင်လျက်လိုက်ပါလာကြသော အိုင်ရိုကွားဝစ္စ စစ်သည်များကို မြင်ရလေသည်။

စစ်သည်များသည် ဦးခေါင်းတွင် ငှက်တောင်များ စိုက်ထားသည်။ မျက်နှာများ နှင့်ခန္ဓာကိုယ်များတွင် အရောင်မျိုးစုံဖြင့် ဆေးခြယ်ထားသည်။ ရိုးရာခလေ့ ထုံးစံအရ စစ်ထွက်သည့် လုပ်နေကျအတိုင်း ပြုလုပ်ထားကြခြင်းပေတည်း။ သူတို့လက်များသည် လှံများ၊ ပုဆိန်များနှင့်လေးများကို ကိုင်ထားကြသည်။ မြားဗူးများကိုမူ သူတို့ လက်မောင်းများ၌ လွယ်ထားကြပြီး ခုတ်ဓါးများကိုမူ ခါးများတွင် ချိတ်ထားကြလေသည်။

ထိုအခိုက်အတန့်အတွင်းမှာပင် သူ့အာရုံများသည် သူ့ပတ်ဝန်းကျင်၌ စိတ်ဝင်စားလာသည်။ သူ ဘယ်သူလဲ –သူ ဘယ်ရောက်နေသလဲ စသည်များကို သိလာသည်။ လူဖြူကျူးကျော်သူများသည် အိုင်ရိုကွားဝစ္စတို့၏ မြေများကို တိုက်ခိုက်သိမ်းယူနေကြသည်။ မိမိတို့က ဆီးကြိုပြီး ခုခံတိုက်ခိုက်ကြရာမှအစ စစ်ပွဲဖြစ်လာသည်။

သူသည် ထိုစစ်ပွဲတွင် ကျဆုံးခဲ့သည်။ သူ့အလောင်းအား သူတို့လူမျိုးများ၏ ရှေးဟောင်းသုသာန်မြေပေါ်သို့ သယ်ဆောင်ခဲ့ကြ၏။ သူ့အလောင်းကို ထမ်းစင်တစ်ခု

ပေါ်တင်၍ မြင်းအိုကြီးတစ်ကောင်နှင့် ဆွဲယူစေခဲ့ခြင်းဖြစ်၏။ ထမ်းစင်မှာ သစ်ကိုင်းများ ရှယ်ပင်များဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ အသုဘအခမ်းအနားတွင် လိုက်ပါပို့ဆောင် သူတို့၏ စကားပြောဆိုသံများသည် တိုးတိုးမျှသာဖြစ်၍ သဲသဲကွဲကွဲမရှိ၊ တကယ်တော့ ယူအသုဘလိုက်ပို့သူများကြားတွင် အရှက်သိက္ခာကင်းမဲ့မှုသည် လွှမ်းမိုးလျက်ရှိလေသည်။

သူတို့အားလုံး အရှက်သိက္ခာ ကင်းမဲ့နေကြခြင်းမှာ တခြားကြောင့်မဟုတ် မိမိ လူမျိုးများအပေါ်၌ သစ္စာကင်းမဲ့ခဲ့သော 'သစ္စာဖောက်' မိမိကြောင့်ဖြစ်၏။ အသုဘ ပို့သူများသည် မိမိအလောင်းကို ကြည့်နေကြသည်။ အမှန်တော့ မိမိအား သတ်ခဲ့ သူများသည် မိမိ၏ အိုင်ရိုကွားဝစ္စအင်ဒီးယန်းလူမျိုးစစ်သည်များပင် ဖြစ်သည်မဟုတ် ပါလော။

သူသည် သူတို့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်လာခဲ့သည့် လူဖြူများအား မိမိတို့ လူမျိုးစုက ခုခံတိုက်ခိုက်ပြီး မောင်းမထုတ်နိုင်သော အခြေအနေကို အစောကြီး ကတည်းက သိမြင်နားလည်ခဲ့သည်။ ဤအချက်ကြောင့်လည်း သူ့အား သူ့လူမျိုး များက သတ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်စရာရှိလေသည်။

သူသည် သစ်တောထဲ၌ စကားအေးအေးဆေးဆေးသာ ပြောတတ်သော လူဖြူ တစ်ဦးနှင့် တိတ်တဆိတ် တွေ့ဆုံခဲ့၏။ ထိုလူဖြူနှင့်သူသည် သူတို့မြင်းများကို ရေ တိုက်ရန်အလာ ဒရေကန်ငယ်တစ်ကန်ဘေး၌ ဆုံမိခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ထိုလူဖြူ သည် သူ့လက်နက်ကို ဘေး၌ချထားခဲ့သည်ကို သူတွေ့ခဲ့ရ၏။

ထို့နောက်တော့ သူသည် ထိုလူဖြူနှင့် မကြာခဏ တိတ်တဆိတ်လျှို့ဝှက်ပြီး တွေ့ဆုံခဲ့မိသည်။ အကြောင်းမှာ လူဖြူများနှင့် မိမိလူမျိုးများကြား အဓိပ္ပါယ်ကင်းမဲ့သော သတ်ဖြတ်မှုများကို ရှောင်ရှားနိုင်မည့် နည်းလမ်းတစ်ခုရလို၍ ဖြစ်သည်။ ဤလူမျိုးများ တစ်ဦးကိုတစ်ဦး နားလည်ကာ ငြိမ်းချမ်းစွာ အတူတကွနေနိုင်ရန် ကြိုးစားအားထုတ် ကြည့်သည်။ ဤဆောင်ရွက်မှုကြောင့်ပင် သူ့လူမျိုး စစ်သည်များ၏ သတ်ဖြတ်မှုကို သူခံခဲ့ရလေသည်။

သူသည် ပါးစပ်ကိုအားယူ၍ ဟကာ အော်ဟစ်ရန် အားထုတ်သည်။ သို့သော် လည်း အလောင်းဖုံးသည့်အဝတ်က သူ့မျက်နှာကို တင်းကြပ်စွာ ထုတ်ပတ်ထားသဖြင့် အသံထွက်၍မရ။ သူ့အလောင်းအား ဆွဲယူလာခိုက်တွင် မိန်းမများက သူ့အား ရွံ့ရှာ စက်ဆုတ်သည့် အမူအရာဖြင့်ကြည့်ကာ တံတွေးထွေးကြသည်။ သူ့ရင်ထဲတွင် ဖြစ်ပေါ် ခံစားလိုက်ရသည့် နာကျင်မှုသည် ပြင်းထန်လွန်းလှချေသည်။

ခပ်ငယ်ငယ်မိန်းမများထဲမှ တစ်ဦးတည်းသော မိန်းမချောသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com

စိတ်ထိခိုက်ခြင်းကို ဖော်ပြလျက်ရှိသည်။ သူသည် နို့စို့ကလေးတစ်ယောက်ကို မျှော်ထားသည်။ ကလေးငယ်ကိုကြည့်ကာ သူ့နှလုံးသားသည် ကွဲအက်ရချေတော့မည်။

တကယ်တော့ မိမိမှန်သည်ကို အီဒင်ကောင်းစွာသိသည်။ မိမိအပေါ် ဒေါသဖြစ်နေသူများ၊ မိမိအပေါ် တံတွေးထွေးနေသူများသာလျှင် မှားသည်ကို မိမိသိနေသည်။ ထို့ပြင်လည်း မိမိ၏ကြိုးစားအားထုတ်မှုကို သူတို့တတွေ နားလည်သဘောပေါက်လာအောင် ဘယ်လိုနည်းနှင့်မှ သူလုပ်၍ မရနိုင်သည်ကိုလည်း သူသိနေပါ၏။

သူ အော်ဟစ်ရန် ကြိုးစားသော်လည်းမရ။ သူ့ဦးခေါင်းနှင့်ခန္ဓာကိုယ်ထဲမှ နာကျင်မှုများသာလျှင် တိုး၍ပြင်းထန်လာသည်။ သူ့ကိုယ်ခန္ဓာ လှုပ်ရှားနေသည်ကိုတော့ သူသတိထားမိ၏။ ထို့ပြင်လည်း မမြင်ရသော စကားပြောသံများနှင့် မြင်းခွာသံများကိုကား ကြားနေရဆဲ . . .၊ ဤအသံများသည် သူ အိပ်မက် မက်နေခြင်း မဟုတ်ကြောင်း သက်သေခံနေကြသည် မဟုတ်ပါလား။

သူသည် သူ့ခေါင်းနှင့်သူ့ပခုံးများကို ထူ၍ ထရန်ကြိုးစားသည်။ မရ၊ အော်ရန် ကြိုးစားပြန်သော်လည်း ထွက်လာသည့်အသံမှာ ယဲ့ယဲ့မျှသာဖြစ်၍ ဘယ်သူမှ ကြားနိုင်ပုံမပေါ် . . .။ သူ့အာရုံတွင် သဘော်နက်ကြီးတွေကို မြင်လာသည်။ ပင်လယ်အော်ထဲ၌ ကျောက်ဆူးချ၍ ရပ်ကာ အကာအကွယ်မဲ့နေသော ကမ်းခြေဘက်သို့ အမြောက်ကြီးများဖြင့် ချိန်ရွယ်ထားကြသည်။

သူသည် ဂျပန်အများအပြား လှုပ်ရှားနေကြသည်ကို မြင်ရပြန်၏။ ဆီးနှင်းများဖုံးလွှမ်းနေသည့် တောင်ထိပ်၏ ပတ်လည်တွင်ဖြစ်သည်။ အများစုသည် ဓါးများ၊ လှံများ၊ လေးများနှင့် မြားများ ကိုင်ဆောင်ထားကြသည်။ သူသည် အိုင်ရိုကူးဝစ္စနှင့် ဂျပန်စပ်နေသည့် ကပြားမလေးနှင့် ရေထဲရောက်နေသည်။ ထိုဂျပန်ကပြားမလေးသည် ကျိုပျက်ထဲ၌ ဆုံခဲ့ရသည့် မတ်ဆူမူရာ တိုကီဝါဖြစ်နေသည်။ သူနှင့်မတ်ဆူမူရာ တိုကီဝါသည် တောင်ထိပ်တွင် လက်နက်ကိုင်လူများ သဲကြီးမဲကြီး တိုက်ခိုက်လျက်ရှိသည်ကို မြင်နေရသဖြင့် နှစ်ဦးသား လှမ်း၍ ကြည့်နေမိကြလေသည်။

အချို့လူများသည် မြားများထိမှန်၍ လဲကျကုန်သည်။ အချို့မှာ လှံနှင့်ဓါးဒဏ်ရာများရကာ သေသူများကသေ၍ ဒူးထိုးမှောက်ခုံဖြစ်နေသူများက ဖြစ်ကုန်သည်။ ထိုခဏတွင် ဘာလက်နက်မှမပါသော ဂျပန်တစ်ယောက်သည် တိုက်ပွဲနှင့်ဝေးရာသို့ ထွက်ပြေးသည်။ သို့သော်လည်း ထိုဂျပန်သည် မြားမှန်၍ လဲကျသွားသည်ကို တွေ့လိုက်ရ၏။

'ဟော . . .အဲဒါ ဆင်တာရိုပဲ' ဟု အော်လိုက်သည်။ အော်လိုက်သော အသံသည် . . .သူ့အသံ–။ 'အဲဒါ–ဆင်တာရိုပါလား'

သူ့ဘေးနားရှိ အင်ဒီးယန်း–ဂျပန်ကပြားမလေး၏ မျက်နှာပေါ်မှ အပြုံးရိပ်သည် ပျောက်သွားသည်။ 'ဟုတ်တယ် . . .အဲဒါဆင်တာရိုပဲ၊ ဆင်တာရိုက နားလည်ဖို့ ကြိုးစားနေတာ . . .၊ တခြားလူတွေ နားလည်လာအောင်လည်း အားထုတ်နေတယ်၊ ကြိုး–လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရှင့်ရဲ့ အဘိုးအိုင်ရိုကူးဝစ္စစတ်သည် လုပ်သလို လုပ်ပေ့ရှာတာ . . .၊ ဝမ်းနည်းဖို့ကောင်းတာက သူ့ခမြာလည်း ရှင့်အဘိုးရဲ့ ကံကြမ္မာလို ဖြစ်ရရှာတယ် . . .'

'အဲဒါ ဘာကြောင့်လဲ' ဟု အီဒင်က ပြန်မေးသည်။

'ဘာကြောင့်လည်းဆိုတော့ ညီအစ်ကိုချင်း တစ်ဦးကို တစ်ဦး ပြည့်စုံလုံလောက်တဲ့ မေတ္တာမရှိကြလို့ပေါ့' ဟု သူမက ဖြေသည်။ 'လူသားအားလုံးဟာ မိသားစုတစ်စုတည်းက ပေါက်ဖွားလာကြတာပါ၊ အသားအရောင်က ဖြူချင်ဖြူမယ်၊ ဝါချင်ဝါမယ်၊ နီချင်နီမယ် . . .ဒါပေမဲ့ အားလုံးဟာ တစ်မိသားစုထဲက လာတာပဲ'

တစ်နေရာရာမှ မိုးခြိမ်းသံတမျှ ကျယ်လောင်သော အသံတစ်သံ ကြားရသည်။ ပြင်းထန်ကြီးမားသော အသံကြီးဖြစ်၏။ ဖူဂျီတောင် ပေါက်ကွဲလေသလားဟု အီဒင်က တွေးသည်။ သို့တစေလည်း ဖူဂျီသည် လှုပ်ရှားခြင်းမရှိ။ ခါတိုင်းကဲ့သို့ပင် ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိနေသည်။ ဖူဂျီတောင်ပေါ်၌ ဆင်တာရိုသေဆုံးခြင်းသည် လွန်ခဲ့သောအနှစ်တစ်ရာကျော်က အိုင်ရိုကူးဝစ္စအင်ဒီးယန်းစစ်သည်တစ်ဦး သေဆုံးရခြင်းနှင့် ဘာများခြားနားပါသနည်း။ ယင်းအဖြစ်နှစ်ခု ဖြစ်ပျက်ခဲ့သည့် နေရာနှစ်ခုကြားထဲတွင် ဗိုင်ထောင်ပေါင်းများစွာ ကွာလှမ်းခြင်းတစ်ခုသာလျှင် ခြားနားသည် မဟုတ်ပါလား။

'အားကြီးသူက အားနည်းသူကို အမြဲဖိနှိပ်တယ်၊ ဘာကြောင့်လည်းဆိုတော့ အလွန်အမင်းကြောက်လို့၊ မေတ္တာစိတ်သိပ်နည်းလို့' ဟု ကပြားဂျပန်မလေးက တိုးတိုးပြောသည်။ သူ့အမြင်အာရုံထဲတွင် အင်ဒီးယန်းမလေးနှင့်ကျောပိုးထားသည့် ကလေးငယ်သားအမိ ပေါ်လာပြန်သည်။ ထို့နောက် ခဏမျှအကြာတွင် ပျောက်ကွယ်သွားပြန်သည်။

သူသည် လှုပ်ရှားရန်းကန်ရန် ကြိုးစားကြည့်ပြန်သည်။ သို့သော်လည်း သူ့တစ်ကိုယ်လုံးအား တင်းကြပ်စွာ ချည်နှောင်ထားခြင်း ခံနေရသည့်နှယ်၊ နည်းနည်းလေးမှလှုပ်၍မရ။ ထို့ပြင်လည်း သူ့တစ်ကိုယ်လုံးသည် ခွန်အားလုံးဝမရှိတော့သလို ဖြစ်နေသည်။ နာကျင်မှုသည် ပြင်းထန်စွာ ဖိစီးလာပြန်သည်။ ထို့နောက်တော့ သူသည် နောက်တစ်ကြိမ် သတိလစ်သွားပြန်လေ၏။

၂

ဆာမူရိုင်းမြင်းတပ်သားများ၏ အလယ်တွင် လူခြောက်ဦးထမ်းလာသည့် ဂိုရိုမိုနိုသည် ရွှေ့လျားလျက်ရှိ၏။ နိုရီမိုနို ဘေးမှ သူ့မြင်းဇက်ကြိုးကို ထိန်း၍လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com

နေသော ဒိုင်ဇိုယာကာမိုချီသည် 'အထမ်းသမားများအား လက်ပြ၍ရပ်နိုင်းသည်။ အထမ်းသမားများ ရပ်သွားသည့်အခါ ယာကာမိုချီသည် မီးအိမ်သမားအားခေါ်၍ နိုရိမိုနို၏တံခါးကိုဖွင့်ရန် အမိန့်ပေးသည်။

ယာကာမိုချီသည် သူ့မြင်းပေါ်မှရှေ့သို့ကုန်းကာ မီးအိမ်အလင်းရောင်ဖြင့် အတွင်း၌ ရှိနေသော ရောဘတ်အီဒင်အား စက္ကန့်ပေါင်း အတော်ကြာသည်အထိ အသေအချာ ချောင်းကြည့်သည်။ သတိလစ်နေသော အမေရိကန်အရာရှိ၏ တစ်ကိုယ်လုံး ဦးခေါင်းမှ ခြေဖျားအထိ ကြိုးများဖြင့် အထပ်ထပ်ရစ်ပတ်၍ တင်းကြပ်စွာ ချည်နှောင်ထားသည့် ဖြစ်ရာ နည်းနည်းမှ လှုပ်ရှားနိုင်သည့် အနေအထားမရှိ။

သူ့ဦးခေါင်းတွင် စည်းထားသည့် ပတ်တီးတွင် အတွင်းမှ ပေါက်ထွက်လာသည့် သွေးစများသည် ခြောက်သွေ့နေကြလေပြီ။ သူ့ခြေတစ်ဖက်တွင် စည်းထားသည့် ပတ်တီးမှာ မသေမသပ်။ သူသည် လှုပ်ရှားခြင်းမရှိ။ သူ့မျက်နှာပေါ် ကျလာနေသည့် အလင်းရောင်ကိုလည်း မြင်ဟန်မတူ။

'နိုင်ငံခြားသား လူရိုင်းက အခုထက်ထိ အသက်ရှုနေတုန်းပဲ' ဟု မီးအိမ်သမားကပြောသည်။ 'ဒါပေမယ့်လို့ သတိကတော့ မရတစ်ချက်–ရတစ်ချက် ဖြစ်နေတယ်'

'သူ ဘယ်လိုအခြေအနေ ဖြစ်နေတယ်ဆိုတာက အရေးမကြီးပါဘူး' ဟု ယာကာမိုချီက ပြောသည်။ 'အရေးကြီးတာက သူ့ကို မနက်ဖြန်အခမ်းအနားမှာ ထုတ်လာနိုင်ဖို့ပဲ' အဲဒါဟာ နိပ္ပွန်ရဲ့ထောင်ချီရှိနေတဲ့ စစ်သည်တွေက အမေရိကန်ကျူးကျော်သူတွေကို တိုက်ခိုက်မယ့်ပွဲပဲ . . .၊ ကဲ . . .အခု တံခါးကိုပိတ်လိုက်တော့၊ သူ့ကို ကောင်းကောင်း စောင့်ထားကြ၊ ငါတို့မှာ အချိန်ကို အလဟဿ ဖြုန်းတီးလို့ မဖြစ်ဘူး၊'

ယာကာမိုချီသည် နိုရိမိုနို ၏တံခါးကို ပိတ်ပြီးသည်အထိ စောင့်ကြည့်နေသည်။ ထို့နောက် သူ့မြင်းကို ဘိနပ်သံချွန်ဖြင့်တို့ကာ အမှောင်ထုအတွင်းသို့ ဒုန်းစိုင်း၍ ဝင်ရောက်သွားလေသည်။

(၄၀)

ဥယျာဉ်အတွင်းရှိ ယာယီကနဖျင်းတဲ၌ရှိနေသော မတ်ဆူမူရာတိုကီဝါသည် အဝတ်မပါ ဗလာကျင်းလျက်ရှိသော သူ့ခန္ဓာကိုယ်အား စေ့စေ့စပ်စပ်ကြည့်လျက် ရှိသည်။ သူသည် စောစောကမှ အမွှေးနံ့သာများ ထည့်ထားသော ရေကိုချိုးပြီး ဤနေရာသို့ ရောက်လာခြင်းဖြစ်၏။ ညအိပ်ရာမဝင်မီ ခဏတာဖြုတ်လာ၍ ကိုယ်စိတ်နှစ်ပါး အပန်းဖြေနေခြင်း ဖြစ်လေသည်။

မတ်ဆူမူရာတိုကီဝါသည် သူ့တစ်ကိုယ်လုံးအား အထူးအဆန်းတစ်ခုသဖွယ် ကြည့်ရှုလျက်ရှိရာမှ စိတ်ထဲတွင် ထူးဆန်းသော ခံစားမှုသည် ဝင်ရောက်လာနေသည်။ ထိုခံစားမှုသည် မိမိ၏စိတ်ကူးယဉ်မှု သက်သက်လား . . .၊ သို့တည်းမဟုတ် တကယ့်ကို ဖြစ်ပေါ်လာနေသည့် ခံစားမှုအသစ်ပေပဲလား . . .။ သို့တည်းမဟုတ် စောစောကမှ ချိုးလာခဲ့သော ရေ၏အရှိန်ဖြင့် ပေါ်လာနေသည့် အကျိုးဆက်တွေများလား . . .။

သူသည် မျက်လုံးများကို စုံမှိတ်ကာ သူ့စိတ်ခံစားမှုကို ပြန်လည်ဆန်းစစ်နိုင်ရန် ကြိုးစားကြည့်နေသည်။ အမှန်တော့ သူသည် ဤနေရာ၌ အခိုက်အတန့်လာ၍ နားခြင်းမျှသာဖြစ်၏။ သူရောက်လျှင်ရောက်ချင်း သူ့အိမ်စေ၊ လယ်သူမကလေးက သူ့တစ်ကိုယ်လုံး၌ စိုရွှဲနေသည့် ရေများကို ခြောက်သွေ့သွားအောင် သုတ်ပေးနေပြီ၊ အပြင်ဘက်တွင်ကား လရောင်မဲ့နေသော အမှောင်ထုသည် စိုးမိုးလျက်ရှိ၏။ ထို့ကြောင့်လည်း ဖူဂျီ၏ထိပ်ဝကို မမြင်ရ။

တိတ်ဆိတ်လျက်ရှိသော ဥယျာဉ်ထဲတွင် စမ်းရေစီးကျသံကို ကြားနေရ၏။ သာယာသော ရေကျသံကို နားစွင့်လျက်ရှိသော တိုကီဝါသည် သူ့အိမ်စေမလေးအီကို အနေဖြင့် မိမိ၏ခံစားမှုကိုများ ရိပ်မိလေမလားဟု တွေးနေမိသည်။ သူသည် သူ့အား ယာဒိုယာ ရွာမှ လွတ်မြောက်အောင် ကူညီခဲ့သော သူ့အိမ်စေမလေးအား လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com

ပြီးအကဲခတ်သည်။ အီကို၏ အမူအရာမှာ ဘာမှထူးခြင်းမရှိ။ မိမိ၏အဖြစ်ကို သ
ထားမိသည့် အရိပ်လက္ခဏာ မမြင်ရ။

လွန်ခဲ့သော တစ်ရက်နှစ်ရက်မှစ၍ တိုကီဝါသည် ထူးဆန်းသော သို့မဟု
စိတ်သာယာချမ်းမြေ့ဘွယ်ကောင်းသော ဤခံစားမှုကို တွေ့ထိသိရှိလာခဲ့ရခြင်းဖြစ်
အနုဆိုလျှင် အကြိမ်ပေါင်းများစွာ ရှိခဲ့ပြီ။ ဤကြားထဲမှာပင် သူသည် ယီဒိုပင်လယ်
အတွင်း၌ ရောက်နေသည့် သင်္ဘောနက်ကြီးများနှင့် ကမ်းခြေထက်ရှိ နေရာများ
စုရုံးနေကြသည့် နိပွန်စစ်သည် ထောင်ပေါင်းများစွာအကြောင်းကို မတွေးပဲ မနေ

ထိုအခါ သောကသည် သူ့စိတ်အား လွှမ်းမိုးချုပ်ကိုင်လာသည်။ လောလော
သူ့အတွက်ကတော့ ဘေးအန္တရာယ်နှင့်အလှမ်းဝေးရာသို့ ရောက်နေပြီဖြစ်၍ ပူပင်
မရှိပေ။ သို့သော်လည်း သူနှင့်ဆုံမိလိုက်သော မျက်လုံးပြာပြာနှင့် နိုင်ငံခြားသား လူ
အတွက်တော့ စိတ်မအေးဖြစ်မိသည်။ ထိုလူတွင် တစ်ခုခုတော့ ဖြစ်လိမ့်မည်ထင်
ဘာများဖြစ်လေမည်နည်း။

မင်းသားတာနာကာ ထွက်ခွာသွားသည်မှာ သုံးရက်မျှရှိခဲ့ပြီ။ တာနာကာ
ကတည်းက မိမိနှင့်အဆက်အသွယ်ရှိသူမှာ ဤလယ်သူမကလေး တစ်ဦးသာရှိ
အီကိုအား တိုကီဝါကိုယ်တိုင်၏ မေတ္တာရပ်ခံချက်အရ တာနာကာ၏ ဆာမူရိုင်းတစ်
ကသွား၍ခေါ်ဆောင်လာပြီး သူ့ထံပို့ပေးခဲ့ခြင်းဖြစ်၏။ ထို့ကြောင့်လည်း သူသည် အီ
အား အလွန်နွေးထွေးစွာ ဆီးကြိုခဲ့လေသည် ။

အမှန်တော့လည်း ယာဒိုယာ မှ တိုကီဝါ တိတ်တဆိတ် ထွက်ပြေးခဲ့ခြင်းသ
အလွန်အန္တရာယ်များ၏။ ထိုအန္တရာယ်ကို တိုကီဝါသည် အီကိုနှင့်မျှဝေပြီး ယူခဲ့ရ
ဖြစ်လေရာ တစ်ဦးအပေါ်တစ်ဦး အရင်ကထက်တိုး၍ သံယောဇဉ် ဖြစ်လာကြသည်
အဆန်းမဟုတ်တော့ပေ။ အီကိုကလည်း သူ့အား တိုကီဝါကိုယ်တိုင်က အဖော်အဖြစ်
ရွေးချယ်လိုက်ခြင်းအတွက် များစွာကျေးဇူးတင်ကာ ဂုဏ်ယူမဆုံး ဖြစ်လျက်ရှိလေ
. . .နေ့စဉ်နေ့တိုင်း တိုကီဝါ၏ ဝတ်ကြီးဝတ်ငယ်များကို အထူးဂရုစိုက်၍ ကျေပွန်အော
ဆောင်ရွက်ပေးလျက် ရှိလေသည်။

တိုကီဝါသည် အီကိုရောက်လာသည့်အတွက် စိတ်ချမ်းသာမှု ရရှိခဲ့သည်
မှန်သော်လည်း မင်းသားတာနာကာ့အကြောင်း စဉ်းစားလိုက်သည့်အခါ တွေးစရ
ဝင်လာသည်။ တာနာကာသည် နိုင်ငံခြားသားလူရိုင်းအား လိုက်လံရှာဖွေနေလိ
မည်မှာမလွဲ၊ ဤရှာဖွေမှုမှ တစ်စုံတစ်ခုသော ရလာဒ်ကတော့ ထွက်လာလိမ့်မည်ဖြစ်ရ
ဘယ်လိုဟာမျိုး ဖြစ်လာဖွယ်ရာရှိပါလိမ့် . . .

အစောင့်ဆာမူရိုင်းများသည် မိမိအား ယခင်ကလို အနီးကပ်၍ တင်းတင်

ပြုပ်ကြပ်စောင့်ကြပ်ခြင်း မပြုကြပေ။ သို့တစေလည်း မျက်ခြည်အပြတ်တော့ မခံ။
ပွဲမားသော အုတ်တံတိုင်းကြီးများနှင့် ပိတ်ထားသော ဂိတ်တံခါးများသည် တိုကီဝါ
အား အကျဉ်းချထားသလို ဖြစ်လျက်ရှိလေရာ သူ့စိတ်ထဲတွင် ကျဉ်းကျပ်သလို
ဖြစ်လျက်ရှိလေသည်။

အီကိုမှာ သူနှင့်အတူတူနေသည်မဟုတ်။ ရဲတိုက်ဝင်းထဲရှိ အစေခံတန်းလျား၌
ခြားအိမ်စေများနှင့် နေရသည်ဖြစ်ရာ အမြဲတစေ ထိတွေ့နေရသည်မဟုတ်၊ တာဝန်
ရ သူ့ထံရောက်လာသည့်အခါများတွင် တိုကီဝါသည် ပြင်ပမှ သတင်းများကို
းလေ့ရှိ၏။ သို့သော်လည်း အီကို့ထံမှရရှိသော သတင်းများမှာ အတင်းအဖျင်းနှင့်
ကလဟာလများမှ မွေးဖွားလာသည့် သတင်းများသာ ဖြစ်ပေသည်။ အားလုံး ခြုံ
လိုက်သည့်အခါ နိပွန်စစ်သည်အမြောက်အများသည် နိုင်ငံခြားသား ကျူးကျော်သူ
များအား ခုခံတိုက်ခိုက်ရန် ကမ်းခြေ၌ စုရုံးနေကြပြီဟူသော သတင်းတစ်ခုသာလျှင်
ဖြစ်လေသည်။

'နိုင်ငံခြားသား သင်္ဘောတွေကအကြောင်း ဒီည ဘာကြားသေးလဲ . . .အီကို'
ဟု တိုကီဝါက သူ့လက်မောင်းများမှ ရေများကို မျက်နှာသုတ်ပဝါနုနုဖြင့် သုတ်ပေး
ရသော အီကိုအား မေးသည်။ 'သတင်းအသစ်တွေ နောက်ထပ် မကြားရဖူးလား'

'မကြားရဘူး–တိုကီဝါ–ဆန်၊ ဘာသတင်း အသစ်မှ မကြားရဘူး' ဟု အီကိုက
ပြန်ပြောသည်။ 'ဒါပေမဲ့ မင်းသားတာနာကာ ရောက်လာရင် သူ့ဆီက သတင်းစုံ ရမှာပါ'

တိုကီဝါက နောက်လှည့်ကြည့်သည်။ 'ဘာပြုလို့ မင်းသားတာနာကာအကြောင်း
ထည့်ပြောရတာလဲ၊ သူ့သတင်း မကြားရတာ ရက်တွေ အများကြီး ကြာသွားပြီ'

'ကျွန်မကို ခွင့်လွှတ်ပါ–အို တိုကီဝါ–ဆန်' ဟု အီကိုက တောင်းပန်သည်။

'ကျွန်မက အိုတိုကီဝါ–ဆန် သိပြီထင်လို့ပါ၊ မင်းသားတာနာကာဟာ လွန်ခဲ့တဲ့
တစ်နာရီလောက်ကပဲ သူ့ဆာမူရိုင်းအုပ်စုနဲ့ ပြန်ရောက်လာပါတယ်၊ တချို့ဒဏ်ရာ ရလာ
ကြပါတယ်၊ အားလုံးသိပ်ပင်ပန်းလာပုံရပါတယ်၊ ကျွန်မထင်တာက မင်းသားတာနာကာ
က ရေမိုးချိုးအနားယူပြီးရင် ဒီည အိုတိုကီဝါ–ဆန်ဆီ အလည်လာမယ်လို့ စာပို့ထားပြီ
လားလို့ပါ'

'ငါ–ဘာမှ မကြားရ မသိရသေးဘူး' ဟု တိုကီဝါက ခံရေရွတ်သည် ။

နှစ်ယောက်စလုံး ငြိမ်ဆိတ်သွားကြသည်။ တိုကီဝါသည် သူ့ခန္ဓာကိုယ်ထဲမှ
ားလည်ရခက်သော အရာတစ်ခုကို သတိထားမိလာပြန်သည်။ သူသည် လက်
တစ်ဖက်ဖြင့် သူ့နံကြားကို စမ်းကြည့်သည်။ ရင်သားများ၏ အောက်ဖက်ရှိ နူးညံ့သော
နေရာများကိုပါ ထိတွေ့ကြည့်သည်။ ယခုတစ်ကြိမ်တွင် သူသည် သူ့ကိုယ်သူ သိရှာ

www.burmeseclassic.com

www.burmeseclassic.com

သလောက်ဖြစ်သွားသည်။ သူသည် ဦးခေါင်းကိုမော့ကာ မျက်လုံးအစုံကို မှိတ်ထား သည်။ သူ့ရင်တွင်းဝယ် ချမ်းမြေ့သာယာသော ခံစားမှုသည် လှုပ်ရှားလျက် ရှိလေသည်။

'ရှင်ဟာ သိပ်ကိုလုတာပဲ အို တိုကီဝါ–ဆန်' ဟု အီကိုက တိုကီဝါအား အံ့ဩ အားကျသည့် မျက်နှာဖြင့် ကြည့်၍ပြောသည်။ 'ရွှေဇည့်ဂေဟာကို လာသမျှ ဧည့်သည် တွေအနေနဲ့ ရှင့်ကို ဘာကြောင့် ချစ်ကြသလဲဆိုတာ အခုမှပဲ ကျွန်မ နားလည်တော့ . . .၊ မင်းသားတာနာကာက သူ့ရဲ့ အနှစ်သက်ဆုံးအဖြစ် ရွေးထားတာလဲ၊ ဒါကြောင့် ဖြစ်မှာပါ။ ဒီညလည်း . . .သူ လာတွေ့မှာ သေချာပါတယ်'

'ညည်းပြောတာ မှန်လိမ့်မယ်လို့ ထင်ပါတယ်' ဟု ပြောကာ တိုကီဝါသည် အီကိုအား လှည့်ကြည့်သည်။ သူ့လက်သည် သူ့ဝမ်းဗိုက်ပေါ် တင်ထားဆဲ။ 'ဟိုဘက် ကရက်တွေနဲ့စာရင် ငါ့မှာ ထူးခြားမှု တစ်ခုခုရှိလာတာ ညည်း သတိထားမိသလား . . .အီကို ' ဟု မေးသည်။

'ထူးခြားချက် . . .ဟုတ်လား အို တိုကီဝါ–ဆန်' ဟု အီကို ပြန်မေးသည်။

'ဘာပြုလို့ ထူးခြားတာ တစ်ခုရှိရမှာလဲ . . .ရှင်'

'ငါစိတ်ကူးယဉ်တာ မဟုတ်ဖူးဆိုရင် ငါ့ခန္ဓာကိုယ်ထဲမှာ ထူးဆန်းတာတစ်ခု ရှိသလို ဖြစ်နေလို့ . . .'

'ဘယ်လိုဟာမျိုးလဲ အိုတိုကီဝါ–ဆန်၊ ကျွန်မမြင်နေတာတော့ အရင်လိုပါဘဲ'

'ကိုယ်ခံစားနေရတာကို ဘယ်လိုရှင်းပြရမှန်း မသိဘူး၊ ကိုယ့်ခန္ဓာကိုယ်ကတော့ သိနေသလိုပဲ'

'ရောဂါတစ်ခုခု ဖြစ်နေတဲ့အခါမှာ ဖြစ်တဲ့ ခံစားမှုမျိုးလား'

တိုကီဝါက ခေါင်းခါသည်။ 'ဖျားတာ၊ နာတာတွေ မဟုတ်ဘူး၊ ခံစားနေရတာက အကောင်းဘဲ၊ ဘာမှန်းမသိတာ တစ်ခုဘဲ'

'ရာသီလာဖို့ အချိန်နီးနေပြီလား'

တိုကီဝါက ခေါင်းညိတ်သည်။ 'ဟုတ်တယ် . . .၊ လာဖို့အချိန်ကျနေပြီ၊ ရက် နည်းနည်းတောင်လွန်နေပြီ'

အီကိုသည် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ပြုံးသည်။ 'ကျွန်မ နားလည်ပြီ အို– တိုကီဝါဆန် . . .'

'ဘာကို နားလည်တာလဲ'

'ကျွန်မရဲ့အစ်မဟာ အဲသလိုပဲ ခံစားခဲ့ရဖူးတယ်၊ အခု အို–တိုကီဝါ–ဆန် ဖြစ်သလို ခံစားနေရတယ်၊ နောက်ဆုံးကျမှ သိရတယ်၊ သူ့မှာ ကလေးရှိနေတာကို'

တိုကီဝါသည် အိမ်စေလယ်သူမလေးအား ကြည့်နေသည်။ ကြားလိုက်ရသော

စကားအတွက် အံ့အားသင့်သွားခြင်း ဖြစ်မလား။

'အို တိုကီဝါ–ဆန် . . .ရှင့်မှာ ကလေးရှိနေပြီ'

တိုကီဝါက ခေါင်းညိတ်သည်။

'ဒါဆိုရင် ကလေးအဖေက မင်းသား တာနာကာယိုရှီအိုလား' ဟု အီကိုက တိုးတိုးကပ်၍ မေးသည်။ 'သူ့သားသာဆိုရင်တော့ ကလေးရဲ့အနာဂတ်ဘဝဟာ လုံခြုံ မှာသေချာ . . .'

တိုကီဝါသည် ဘာမှပြန်မပြော သူသည် အတန်ကြာမျှ ငြိမ်နေသည်။ ထို့နောက် အီကို့မျက်နှာကို စိုက်ကြည့်နေသည်။

'မင်းသားတာနာကာဟာ ငါနဲ့ ကလေးရချင်မှာ မဟုတ်ဘူး' ဟု တိုကီဝါက ပြောသည်။

'သူ သိသွားရင် သိပ်ပြီးစိတ်ဆိုးမှာ၊ ငါ့ရဲ့လျှို့ဝှက်ချက်ကို လူမသိအောင် ထိန်းထားပေးပါ၊ ဒီကိစ္စ ဘယ်သူ့ကိုမှ မပြောပါနဲ့'

အီကိုသည် အံ့အားသင့်လျက်ရှိရာမှ ခေါင်းတစ်ဆတ်ဆတ်ညိတ်သည်။ 'မပြော ပါဘူး အိုတိုကီဝါ–ဆန်၊ ကျွန်မရဲ့ သစ္စာရှိမှုအပေါ် ယုံကြည်ပါ'

အီကိုသည် တိုကီဝါ၏ ညဝတ်ကီမိုနိုအကျီကို ယူလာသည်။ 'အို တိုကီဝါ– ဆန် လာခဲ့ရတဲ့ ခရီးက သိပ်ကြမ်းတော့ ဒီကီမိုနိုမှာ ရွှံ့တွေ စင်ထားတာအများကြီးပဲ၊ ကလနားတွေလည်း စုတ်ပြဲနေတယ်၊ ကျွန်မလျှော်ပြီး အစုတ်တွေကိုလည်း ဖာထား တယ်၊ ဝတ်မယ်ဆိုရင် ဝတ်လို့ရသွားပြီ'

တိုကီဝါသည် သူ့ကီမိုနိုအား ငုံ့ကြည့်သည်။ ဤကီမိုနိုကို မြင်သည့်အခါ လွန်ခဲ့ သော ရက်များအတွင်းက ကြုံခဲ့ရသမျှကို သတိရသည်။ အထူးသဖြင့် မျက်လုံးပြာပြာ နှင့်နိုင်ငံခြားသားလူရိုင်း၏ ရုပ်ပုံလွှာကို မြင်ယောင်လာသည်။ ထိုအခါ သူသည် မှိတ် ထားသည့် မျက်လုံးများကို ဖွင့်လိုက်သည်။ သူ့အား အပြာရောင်ကီမိုနို လှမ်းပေး နေသည့် အီကို . . .။

'ငါ့အဖြစ်ကို အကုန်လုံး ပြောမပြရသေးဘူး . . .အီကို' ဟု တိုကီဝါက ပြော သည်။ 'နိုင်ငံခြားသား လူရိုင်းတွေနဲ့ စစ်ဖြစ်တော့မယ်ဆိုတဲ့ သတင်းကြောင့် လူတွေ ထိတ်လန့်ပြီး ထွက်ပြေးကုန်ကြတာကိုပဲ ပြောခဲ့တာ၊ ငါ့ဘဝမှာ အလွန်အရေးကြီးမယ့် အကြောင်းတစ်ခုကိုတော့ မပြောပဲ ချန်ထားခဲ့တယ်'

'အဲဒီအကြောင်းက ဘာလဲ အို တိုကီဝါ–ဆန်'

တိုကီဝါသည် သူ့အိမ်ဖော်မလေး၏ မျက်နှာကို တစ်မိနစ်–နှစ်မိနစ်ခန့် စိုက်ကြည့် နေသည်။ 'ကိုယ့်အကြောင်းကို ကိုယ့်ဝမ်းထဲမှာပဲ ထားတာ ကောင်းတယ်လို့ထင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဘယ်သူမှ မပြောပဲ နေခဲ့တာ၊ ဒါပေမယ့် ကိုယ် အယုံကြည်ရဆုံး ဖြစ်နိုင်မဲ့ လူကျတော့ သိပ်ပြီး ရင်ဖွင့်ချင်တယ်'

'ရှင် ကျွန်မကို ယုံကြည်စိတ်ချတယ်ဆိုတာဟာ ကျွန်မကို ဂုဏ်သိက္ခာမြင့်မား အောင်လုပ်ပေးတာပါ–အိုတိုကီဝါ–ဆန်' ဟု အီကိုက ပြောသည်။ 'ကျွန်မ အဲဒီ ယုံကြည်မှုအပေါ် ဘယ်တော့မှ သစ္စာမဖေါက်ပါဘူး'

အီကိုက သူ့သခင်မအား ကီမိုနိုကို ဝတ်ပေးသည်။ တိုကီဝါသည် အီကိုအား ကျေးဇူးတင်သော မျက်နှာထားဖြင့် ပြုံး၍ကြည့်နေသည်။ ထို့နောက် သူ့ ဆံမြိတ်ကို ယူ၍ အသာအယာ တီးနေသည်။

'ငါ ရေတံခွန်အောက်ဝင်ပြီး ရေချိုးနေတုန်း ဘေးက ကြည့်တာခံနေရတယ်၊ ငါက မသိဘူး၊ ညည်းကို ပြောခဲ့တာက မင်းသားတာနာကာရဲ့ ကင်းတပ်က အကြီး အကဲ ဂိုတာရိုအကြောင်းပဲ၊ သူက ငါ့ကို ပြန်ဖမ်းဖို့ ရောက်လာတာ . . .၊ ဒါပေမယ့် အဖြစ်မှန်က ဒီလို၊ ဂိုတာရိုက ငါ့ကို ဖမ်းဖို့ကြိုးစားတယ်။ အဲဒီအချိန်မှာ မမျှော်လင့်ပဲ ဘေးက ဝင်တိုက်တဲ့လူ ပေါ်လာတယ်'

'ဘယ်သူလဲ–ဟင်' ဟု အီကိုက တအံ့တသြဖြစ်ကာ တိုးတိုးမေးသည်။

'နိုင်ငံခြားသား လူရိုင်းတစ်ယောက် ၊ ငါ့ကို သူ ကယ်သွားခဲ့တယ်'

အီကို့မျက်လုံးများသည် ပြူးသွားသည်။ 'ရှင့်ကို သူက ဘယ်လိုကယ်ခဲ့တာလဲ၊ နိုင်ငံခြားသား လူရိုင်းတွေအားလုံးဟာ ယီဒိုပင်လယ်အော်ထဲက သင်္ဘောနက်ကြီးတွေ ပေါ်မှာပဲ နေတာမဟုတ်လား'

. . .ထိုအခါ တိုကီဝါသည် သူကြားသိထားသမျှကို ပြောသည်။ နိုင်ငံခြားသား လူရိုင်းသည် တိတ်တိတ်ကလေးရေကူးကာ ကမ်းခြေသို့ တက်လာကြောင်း ၊ နိပ္ပွန်နိုင်ငံမှ ယောကျ်ားများထက် အရပ်အမျှားကြီးမြင့်ကြောင်း၊ နိုင်ငံခြားသားလူရိုင်းတွင် ဂျပန် တံငါသည် အဖေါ်တစ်ယောက်ပါလာကြောင်း၊ ထိုလူ့မျက်လုံးများသည် မိုးကောင်းကင် ကဲ့သို့ အပြာရောင်ဖြစ်ကြောင်း၊ အမူအရာမှာ ယဉ်ကျေးသိမ်မွေ့ကြောင်း စသည်ဖြင့် ပြောပြသည်။

'အီကိုသည် တိုကီဝါ၏ မျက်နှာကို အလန့်တကြားကြည့်သည်။ တစ်ချိန်လုံး သူနဲ့နှစ်ယောက်ထဲ နေခဲ့ရလို့လား' ဟု မေးသည်။

တိုကီဝါသည် ကျိုပျက်ထဲ၌ သူနှင့်နိုင်ငံခြားသားလူရိုင်းတို့ နောက်ထပ် ဆုံမိခဲ့ ကြပုံကို ဆက်လက်ပြောပြသည်။ ထို့နောက် နိုင်ငံခြားသားလူရိုင်းမက်ခဲ့သည့် အိပ်မက် အကြောင်း ၊ ထိုအိပ်မက်ထဲတွင် နိုင်ငံခြားသားလူရိုင်းနှင့် မိန်းမချော ဂျပန်မကလေးတို့ ဆုံမိခဲ့ကြသည့်အကြောင်း . . .။ နောက်ဆုံးတွင်မူ သူနှင့်နိုင်ငံခြားသားလူရိုင်းတို့

ပွေ့ဖက်ကျူးခဲ့ရသည့်အဖြစ်နှင့် ယခုလောလောဆယ် မိမိတွင် ကလေးရှိနေသည့်အဖြစ်...။

အီကို၏ မျက်လုံးများသည် ပို၍ပင် ပြူးသွားကြသည်။ သူသည် အလွန့်အလွန် ယိတ်လန့်ကြောက်ရွံ့နေသည့် မျက်နှာထားဖြင့် တိုကီဝါအား ကြည့်နေသည်။ 'ဒါဆိုရင် ကလေးရဲ့ အဖေဟာ မင်းသားတာနာကာလို့ ရှင် မထင်ဘူးပေါ့'

ဂေရှာမယ်တိုကီဝါက ခေါင်းခါသည်။ သို့သော်လည်း အီကိုအား မျက်နှာချင်း ဆိုင်ပြီး မကြည့် . . .။ 'အခုတော့ ဒီပြဿနာအတွက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်ရတော့မယ်' ဟု ပြောသည်။ သူသည် လက်ဝါးနှစ်ဖက်ဖြင့် သူ့မျက်နှာကို အုပ်ထားသည်။

'နိုင်ငံခြားသားလူရိုင်းကို စဉ်းစားလိုက်ပြန်တော့လည်း သူ့ကို မေ့လို့က . . .'

'အခုလို ဖြစ်ခဲ့တာကို မင်းသား တာနာကာသိသလား အိုတိုကီဝါ–ဆန်' ဟု အီကိုက မေးသည်။

'ငါ–သူ့ကို လိမ်ပြောခဲ့တယ်' ဟု တိုကီဝါက ပြောသည်။

'ဘယ်လိုဖြစ်ပြီး သူသိသွားတာလဲ'

'သူနဲ့ဂိုတာရိုတို့က နိပ္ပွန်တံငါသည်ကို ဖမ်းမိသွားရာကစပြီး ကျိုပျက်ထဲ ရောက် လာတာ။ အဝတ်အစား မလုံ့တစ်လုံ့ဖြစ်နေတာ တွေ့သွားတော့ သူ့ဒေါသဖြစ်သွား တယ်၊ ဒါပေမယ့် သူ အချိန်မီရောက်လာတဲ့အတွက် နိုင်ငံခြားသားလူရိုင်းရဲ့ အစော်ကား ခံရမယ့် ဘေးကလွတ်သွားတယ်လို့ မင်းသားတာနာကာကို လိမ်ပြောလိုက်မိတယ်'

'သူက ယုံရဲ့လား'

'ယုံတယ်လို့ ထင်တာပဲ၊ ငါ့အသက် အန္တရာယ်ဖြစ်မှာစိုးလို့ အဲသလို ပြောလိုက် မိတာပါ'

ဒါကတော့ ရှင်လုပ်တာ မှန်ပါတယ်၊ မမှန်တာပြောလိုက်လို့ ရှင့်အသက်ကို ရှင် ကယ်သလို ဖြစ်သွားတာ'

'ဒါပေမယ့် လိမ်ပြောလိုက်တဲ့အတွက် ငါ့ကိုယ်ငါ အရှက်ရအောင် လုပ်သလို ဖြစ်ခဲ့ရတယ်'

'အဲသလို မတွေးပါနဲ့ ...၊ ကာမိရဲ့အလိုဆန္ဒက ရှင့်ကို မသေစေချင်လို့ အခုလို ကြံဖန်ပြီး ဖြစ်လာရတာပါ၊ ဂုဏ်သိက္ခာ ထိခိုက်တယ်လို့ မပြောနိုင်ပါဘူး'

တိုကီဝါသည် ဦးခေါင်းကိုငုံ့ကာ ငိုကြွေးလျက်ရှိသည်။ အီကိုကတော့ တိုကီဝါ စိတ်ငြိမ်သွားသည်အထိ စောင့်ကြည့်နေသည်။ အပြင်ဘက်မှ ခပ်ဖေါ့ဖေါ့နင်း၍ လျှောက် လာနေသော ခြေသံ . . .။ မော့ကြည့်လိုက်သည့်အခါ အထဲသို့ ဝင်လာနေသည့် မင်းသားတာနာကာ . . .။

သူ၏ မရယ်မပြုံးသော မျက်နှာသည် ပင်ပန်းနွမ်းနယ်နေခြင်းကို ဖော်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဝတ်ထားသည်မှာ စစ်သည်ဝတ်စုံ အသစ်များဖြစ်သည်။ ခါးတွင် ပါ၊ နှစ်လက် ချိတ်ထားသည်။ သူ့ကိုမြင်လိုက်သည့်အခါ တိုကီဝါနှင့် အိမ်ဖော်တို့သ၊၊ လျှင်မြန်စွာ ထရပ်လိုက်ကြပြီး ဦးခေါင်းများကိုညွတ်၍ နှုတ်ဆက်လိုက်ကြသ၊၊ ထို့နောက် အိမ်စေမလေး အီကိုသည် အခန်းထဲမှ ထွက်သွားလေ၏။

'နေကောင်းရဲ့လား ... အိုတိုကီဝါ–ဆန်'ဟု မင်းသားတာနာကာက နှုတ်ဆ၊၊ စကားဆိုသည်။ 'ကိုယ် အခုလာတာ ခဏပဲ၊ အလွန်အရေးကြီးတဲ့ ကိစ္စတွေကြော၊၊ ချက်ခြင်း ခရီးပြန်ထွက်ရလိမ့်မယ်၊ မင်း နေမှကောင်းရဲ့လားလို့ ခဏလာကြည့်တာ၊'

'ကျွန်မ နေကောင်းပါတယ်၊ အိုကာမိ–ဆန်။ တကယ်လို့ မင်းမှာ လိုအပ်တာ၊ ရှိရင်ပြောပါ။ ကိုယ်မသွားခင် မင်းအတွက် မှာစရာရှိတာ မှာပေးခဲ့မယ်'

'မလိုပါဘူး၊ အိုကာမိ–ဆန်၊ ဒါပေမယ့် ဒီမှာနေရတာ ကိုယ့်ပတ်ဝန်းကျင်မှ၊ ဘာတွေဖြစ်နေမှန်းတောင် မသိရတော့ စိတ်ဆင်းရဲနေပါတယ်'

'ဒီမှာ လာထားတာ မင်း လုံခြုံရေးအတွက်ပါ'အခုကိုပဲ တို့ရန်သူတွေက အရေး၊၊ ခရာရောက်တဲ့ အရာရှိတစ်ယောက်ရဲ့ မိန်းမနဲ့ ကလေးတွေကို ပြန်ပေးဆွဲသွားတယ်၊ ၎တို့လိုချင်တာနိုင်းဖို့ လုပ်ကြတာ၊ သူတို့အနေနဲ့ မင်းကိုလည်း ပြန်ပေးဆွဲသွား၊၊ န်လေးကြမှာ မဟုတ်ဘူး'

တိုကီဝါက ဖျတ်ခနဲ မော့ကြည့်သည်။ 'နိုင်ငံခြားသားလူရိုင်းတွေနဲ့ စစ်ပွဲက၊ ဲစ်နေပြီလား'

'မဖြစ်သေးပါဘူး'ဟု တာနာကာက ပြောသည်။ 'ဒါပေမယ့်၊ မနက်ဖြန်မနက် ဘာစောအချိန်ဟာ အရေးကြီးဆုံးပဲ၊ နာရီအနည်းငယ်အတွင်းမှာပဲ စစ်ဖြစ်မယ် မဖြစ် ၃းဆိုတာ ငါတို့သိကြရတော့မှာ'

'မနက်ဖြန် ဘာဖြစ်မှာမို့လဲ အိုကာမိ–ဆန်'

'မနက်ဖြန်ကျရင် နိုင်ငံခြားသား လူရိုင်းတွေဟာ အင်အားကြီးတဲ့ လက်နက်ကိုင် ၁ပ်တွေနဲ့ ကူရီဟာမာ ကမ်းခြေကို လာကြလိမ့်မယ်။ သူတို့ကို သူတို့ရဲ့ ရေတပ်ဗိုလ်ချုပ် ၁ဦးဆောင်လာမှာ၊ တို့ရဲ့ဧကရာဇ်ဘုရင်မင်းမြတ်ကို စာတစ်စောင် ဆက်သဖို့ ၇ို့ကတော့ သဘောတူထားလိုက်ပြီ'

'ဒါဆိုရင် ... အဲဒီအခမ်းအနားက စစ်ဖြစ်တဲ့အထိ ရောက်သွားနိုင်ပါ့မလား'

'ရောက်သွားနိုင်တယ်၊ လူအင်အားကိုတွက်ရင် သူတို့က တို့ကို မယှဉ်နိုင်ဘူး။ ါကြောင့်မို့ သူတို့သင်္ဘောကြီးတွေကို တို့ကမ်းခြေနဲ့ အနီးဆုံးနေရာအထိ လာကြမှာ၊ ၁ဘော်ပေါ်မှာပါလာတဲ့ အမြောက်တွေနဲ့ ကမ်းခြေဘက်ကို အသင့်ချိန်ထားကြ ပိမ့်မယ်၊ တို့ဘက်က ကမ်းခြေမှာ ချထားတဲ့ လူအင်အားက တစ်သိန်းရှိနေပြီ၊ သူတို့ကို

၊ပျမမြင်အောင် ချထားတာ။ သူတို့ဘက်က ရာဂဏန်းလောက်ပဲရှိမယ်၊ နှစ်ဖက်စလုံးမှာ ၊ပမှားအယွင်း အတိမ်းအစောင်း နည်းနည်းကလေးရှိရုံနဲ့ ထပြီးပေါက်ကွဲသွားမှာ စိုးရိမ် ၊ရတယ်'

'တကယ်လို့ စစ်ဖြစ်လာရင် ဘာတွေဆက်ဖြစ်လာမလဲ အိုကာမိ–ဆန်'

တာနာကာ၏မျက်နှာသည် မှုန်မှိုင်းသွားသည်။ 'စစ်ပွဲမှာ တို့ဘက်က လူ အင်အားများတယ်၊ သူတို့ဘက်က လက်နက်အင်အားသာတယ်၊ သူတို့ဘက်က တို့ကမ်းခြေပေါ်မှာရှိနေတဲ့ ရွာတွေကို သူတို့အမြောက်တွေနဲ့ပစ်ရင်း အသေအကြေ အပျက်အစီးတွေ သိပ်များမယ်၊ တကယ်လို့ သူတို့ဘက်က အရေးနိမ့်ရင်တောင်မှ အမြောက်တွေနဲ့ စစ်သင်္ဘောတွေ အများကြီး ထပ်ရောက်လာနိုင်တယ်'

နှစ်ဦးသားကြားတွင် တိတ်ဆိတ်မှု ဝင်ရောက်လာသည်။ တိုကီဝါသည် သူ့တွင် ကလေးရှိနေကြောင်း ဖွင့်ပြောလိုက်ချင်၏။ သူ့ဘက်က ဘယ်လိုတုံ့ပြန်မည်ကို သိလို စိတ်ပြင်းပြလျက်ရှိသည်။ သို့တစေလည်း သူ့စိတ်ကို ထိန်းချုပ်ထားမှ ဖြစ်မည့်အခြေ အနေကို သူနားလည်နေမည် မဟုတ်ပါလား ...။ မည်သို့ပင်ဖြစ်စေ နိုင်ငံခြားသား လူရိုင်းအား ရှာဖွေဖမ်းဆီးရန် ထွက်သွားခဲ့သည့် တာနာကာသည် အောင်မြင်မှုရခဲ့ပါ၏ လော . . .။ နိုင်ငံခြားသားလူရိုင်းကို သတ်များ သတ်ပစ်ခဲ့လေပြီလား . . .။

'အရှင်သွားပြီး ဆောင်ရွက်ခဲ့တဲ့ကိစ္စ အောင်မြင်ခဲ့ပါရဲ့လား အိုကာမိ–ဆန်'ဟု တိုကီဝါက သူ့ရည်ရွယ်ချက်အမှန်ကို မသိစေရန် အသံကိုထိန်း၍ မေးသည်။

'သူ့ကို မမိခဲ့ဘူး၊ တိုကီဝါ–ဆန်'ဟု တာနာကာက ဖြေသည်။ 'သူရော သူ့ အဖော်တံငါသည်ရော၊ သိပ်မိုက်တယ်၊ ကိုယ်ပေးလိုက်တဲ့ အမိန့်ကို မလိုက်နာကြဘူး၊ သင်္ဘောကိုမပြန်ပဲ ဖူဂျီတောင်ကိုတက်ဖို့ အားထုတ်ကြတယ်၊ သူတို့နောက်က အဆိုးဆုံး ရန်သူ ဒိုင်ဗိုရဲ့သားနဲ့ အဖွဲ့လိုက်လာတော့ တောင်ပေါ်မှာ အကြီးအကျယ် တိုက်ပွဲ ဖြစ်ကြတယ်'

'ဒီလိုဆို အားလုံးသေကုန်ကြပြီလား'

'တံငါသည်က မြားထိတယ်၊ သူ့ကို ချောက်ထဲပစ်ချပစ်တယ်၊ ဟိုနိုင်ငံခြားသား လူရိုင်းကိုလည်း အမဲဖျက်သလို ဖျက်တော့မလို့၊ ကိုယ်နဲ့ကိုယ့်လူတွေက ဝင်တိုက်ကြ တော့၊ သူ့ဘက်က လူတစ်ချို့ရဲ့လက်ချက်နဲ့ လဲကျသွားတာ တွေ့လိုက်ရတယ်၊ တို့ဘက်က လူအင်အားနည်းတော့ ဆုတ်လာခဲ့ရတယ်။ ဒါပေမဲ့ သူတို့နောက်ကို လိုက်ဖို့ ကြိုးစားကြသေးတယ်၊ မရဘူး၊ မှောင်ထဲမှာ မျက်ခြည်ပြတ်သွားတယ်'

'ဒါဆို .. ဟိုနိုင်ငံခြားသား သေသွားပြီလား'

တာနာကာက ခေါင်းခါသည်။ 'ဒိုင်ဗိုလူတွေက ဒဏ်ရာနဲ့ သယ်သွားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ထင်ရတာပဲ၊ သူ့ကိုလိုက်ရှာတာ သုံးရက်ကြာခဲ့တယ်၊ ဖူဂျီ–ဆန်နဲ့ ယီဒိုပင်လယ်အော်ကြားမှာ ပိုက်စိတ်တိုက်ပြီး ရှာခဲ့တာ၊ မတွေ့ခဲ့ဘူး'

'သည်လိုဆို သူ့ကို ဘာလုပ်ကြမယ် ထင်သလဲ'

'ဒိုင်မိုသားဟာ နိုင်ငံခြားသားလူရိုင်းကို ဖုက်ထားလိမ့်မယ်လို့ ကိုယ်ထင်တယ်၊ သယ်ရင်တောင် နေ့ခင်းဘက်သယ်မှာ မဟုတ်ဘူး။ ညကျမှ သယ်မှာ၊ ဒီအကောင်သူ့ကို ကူရီဟာမာ အထိသယ်လိမ့်မယ်လို့ ယူဆရတယ်'

'အဲသလို သူလုပ်တာ ဘာ့ကြောင့်လဲ အိုတာနာကာ–ဆန်'

မင်းသားတာနာကာသည် သက်ပြင်းချသည်။ 'ဘာပြုလို့လဲဆိုတော့ သူ့အဖေ လော့ဒ်ဒိုင်မိုက နိုင်ငံခြားသားတွေကို အပြင်းအထန် ဆန့်ကျင်တဲ့လူ၊ တို့ကြားရတဲ့ ကောလဟာလ သတင်းတွေအရဆိုရင် လော့ဒ်ဒိုင်မိုက သူဖမ်းထားတဲ့ သုံ့ပန်းကို ကူရီဟာမာအခမ်းအနားစတာနဲ့ တပြိုင်နက် သံကြိုးတွေချည်ပြီး ထုတ်ပြမယ် . . လို့ သိရတယ်၊ သူ့အနေနဲ့ အဲဒီပွဲမှာ နိုင်ငံခြားသားလူရိုင်းတွေရဲ့ သစ္စာမဲ့မှုကို သက်သေနဲ့ တင်ပြပြီး ရှုတ်ချမယ် . . .။ ပြီးရင် အခမ်းအနားမှာရှိနေတဲ့ နိပ္ပွန်နိုင်ငံရဲ့ ဆာမူရိုင်းတွေက ရန်သူတွေကို အခုချက်ခြင်း ထတိုက်ဖို့ သွေးတိုးလှုံ့ဆော်မယ်'

'ကြောက်စရာ သိပ်ကောင်းပါလား အို ကာမိ–ဆန်' ဟု တိုကီဝါက တိုးတိုးကလေးရေရွတ်သည်။

တာနာကာက ခေါင်းညိတ်သည်။ 'အခုလောက်ဆိုရင် ကိုယ့်မှာ အချိန်မရဘူး ဆိုတာ မင်း နားလည်ရောပေါ့၊ ကိုယ့်မှာ မျိုးတူအုပ်စုခေါင်းဆောင်တွေရဲ့ ထောက်ခံမှုကို အခုထိရနေတုန်းဆိုတော့ သူတို့ရဲ့ နောက်လိုက်စစ်သည်တွေကို စည်းရုံးသိမ်းသွင်းပြီး နိုင်ငံခြားသားလူရိုင်းကို မဖြစ်မနေ လိုက်ရှာဦးမယ်၊ ဒီည တစ်ညလုံး ရှာပါမှ မနက်ဖြန်မနက် ဖြစ်လာမယ့် စစ်ရေးကိစ္စကို ရှောင်လို့ရမှာ'

'အရှင် အောင်မြင်ပါစေလို့ တိုကီဝါ ဆုတောင်းပါတယ်'

တာနာကာသည် နောက်သို့လှည့်၍ ထွက်သွားရန်ပြင်သည်။ သို့သော်လည်း ချက်ခြင်းပြန်လှည့်လာပြီး တိုကီဝါအား စူးစူးရဲရဲကြည့်သည်။ 'မင်းကြည့်ရတာ ဖြူဖတ်ဖြူယော်နဲ့ နေကောင်းရဲ့လား' ဟု မေးသည်။

'နည်းနည်းစိတ်ပင်ပန်းတာပါ အို ကာမိ–ဆန်' ဟု တိုကီဝါက အလိုက်သင့်ဖြေသည်။

တာနာကာသည် တိုကီဝါအား စိုက်၍ကြည့်နေဆဲ . . .။ 'ဒီအချိန်ဟာ သိပ်ကို အရေးကြီးနေတဲ့အချိန်ပဲ အို တိုကီဝါ–ဆန်' ဟု အေးစက်တင်းမာသော လေသံဖြင့် ပြောသည်။ 'မင်းကို အခုလိုထားတဲ့အတိုင်းပဲ နေစေချင်တယ်၊ အခုမေးနေတဲ့မေးခွန်း

တွေကြားရတော့ မင်းစိတ်ဟာ' . . .။

'ဘာကိုဆိုလိုချင်ပါသလဲ အို ကာမိ–ဆန်' ဟု တိုကီဝါက ကြားဖြတ်မေးသည်။

'ငါ ဘာကိုဆိုလိုတယ်ဆိုတာ မင်းနားလည်မယ်လို့ ထင်ပါတယ်' ဟု တာနာကာက စောစောကလေသံနှင့်ပင်ပြောသည်။ 'မင်းအနေနဲ့ နိုင်ငံခြားသားလူရိုင်း သူလျှိုတစ်ယောက်အပေါ် ဘာပြုလို့ သိပ်စိတ်ဝင်စားနေရတာလဲ'

'ကျွန်မ မေးတာတွေဟာ အရှင့်အကြောင်းနဲ့ အရှင့်ကိစ္စတွေကို စိတ်ဝင်စားပြီး မေးတာပါ အရှင်' ဟု တိုကီဝါက ဖြေသည်။

'နိုင်ငံခြားသားလူရိုင်းနဲ့မင်း ဆုံမိတာဟာ မင်းကိုသေတွင်းထဲ ရောက်သွားစေနိုင်တယ်ဆိုတာ သိရမယ်။ အဲဒီနိုင်ငံခြားသားလူရိုင်းကို မင်းကပါ လိုလိုလားလားနဲ့ အဝတ်ချွတ်ပေးခဲ့တာလားလို့ မေးတုန်းက မဟုတ်ရပါဘူးလို့ မင်းဖြေခဲ့တယ်၊ အဲဒီအဖြေဟာ အမှန်အတိုင်းဖြေတာ ဖြစ်ပါစေလို့ ငါမျှော်လင့်ပါတယ်။ တကယ်လို့သာ အဲဒီတုန်းက မင်းပါးစပ်က ဟုတ်ပါတယ်လို့ ဆိုလိုက်ရင် ငါမင်းကို ချက်ခြင်းသတ်မှာ၊ အဲဒါကို မင်း နားလည်ရဲ့လား'

'နားလည်ပါတယ် . . အို ကာမိ–ဆန်'

တာနာကာသည် တိုကီဝါအား ထပ်မံ၍ ကြည့်နေပြန်သည်။ 'နောင်တစ်ချိန်ကျခါမှ အဲဒီတုန်းက ပြောခဲ့တာ မမှန်ဘူးလို့ သိရရင်လည်း မင်းကို ငါသတ်မှာပဲ၊ အဲဒါကိုကော မင်းနားလည်ရဲ့လား'

'နားလည်ပါတယ် . . အရှင်'

မင်းသားတာနာကာသည် နောက်ပြန်လှည့်ကာ လာလမ်းအတိုင်း မှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ တိုကီဝါသည် တာတာမီဖျာပေါ်သို့ ဖြည်းဖြည်းချင်း ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးများဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေးသည်။ သူ့ငိုသံကြောင့် အီကိုသည် သူ့ဆီပြန်ရောက်လာသည်။ သူ့ဘေး၌ ဒူးထောက်၍ထိုင်ကာ သူ့အား လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄၁)

'မင်းနဲ့ကျုပ် ယူရမယ့်တာဝန်တွေကတော့ အလွန့်ကိုခက်ခဲလိမ့်မယ်လို့ ကျုပ်ထင်တယ် . . ဟာနီဝါရာ–ဆန်' ဟု ယူရာဂါဘုရင်ခံက သူ့စကားပြန်၏ နားနားသို့ ကပ်၍ နှစ်ကိုယ်ကြားပြောသည်။ 'အီဒါဇု မင်းသားတူဒါနဲ့ အိုင်ဂါမီက မင်းသားအိုင်ဒုတို့က နိုင်ငံခြားသားလူရိုင်းတွေ ကမ်းပေါ်ရောက်လာတဲ့အခါ သူတို့နဲ့ မျက်နှာချင်းဆိုင်ပြီး ထိုင်ကြရမယ်၊ ဒါပေမဲ့ ကျုပ်တို့ ဥပဒေတွေနဲ့ ဂုဏ်သိက္ခာရော ရာထူးပါ ကြီးမြင့်တဲ့ ပုဂ္ဂိုလ်နှစ်ယောက်စလုံးကို နိုင်ငံခြားသားလူရိုင်းတွေနဲ့ စကားလုံးဝမပြောရဘူးလို့ အမိန့်နဲ့တားမြစ်ထားတယ်'

ဟာနီဝါရာတိုကုမာ၏ ပိန်ကြုံကြုံမျက်နှာသည် သိပ်ပြီးရွှင်ရွှင်လန်းလန်း မရှိ။

'ဒီအချက်ကို ကြိုပြီးသတိပေးထားတဲ့အတွက် ကျေးဇူးကြီးမားလှပါတယ် ရာချိ–ဆန်၊ ဒီစကားရဲ့ဆိုလိုချက်က အခမ်းအနားပြုလုပ်နေစဉ်အတွင်း တစ်ချိန်လုံးမှာ အဲဒီမင်းသားနှစ်ဦးစလုံး စကားမပြောကြဘူးလို့ ယူဆရမှာလား'

'မှန်တယ် . . ဟာနီဝါရာ–ဆန်' ဟု ဘုရင်ခံက ပြန်ပြောသည်။ 'ရှိုးဂန်းကောင်စီက အမိန့်တစ်ရ ထုတ်ထားတယ်၊ နိုင်ငံခြားသား လူရိုင်းတွေရှိနေတုန်းမှာ စကားတစ်လုံးတောင်မှ မဟာရဘူးတဲ့၊ သူတို့ရဲ့ လုပ်ပိုင်ခွင့်က ဆီးကြိုနှုတ်ဆက်ဖို့နဲ့ အပြန်နှုတ်ဆက်ဖို့အတွက် မတ်တပ်ထပြီး ဦးခေါင်းညွတ်ရုံပဲ၊ စကားပြောဖို့က မင်းနဲ့ကျုပ် နှစ်ဦးတည်းသာ စကားပြောခွင့်ရှိတယ်'

အခမ်းအနားအတွက် အမြန်ဆုံးပြီးစီးသွားအောင် ဆောက်လုပ်သော ယာယီမဏ္ဍပ်ထဲ၌ ဘုရင်ခံနှင့်အတူ ရပ်နေသည့် စကားပြန်သည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ လှည့်ကြည့်သည်။ သန်းခေါင်ယံအချိန် ကုန်လွန်သွားခဲ့ပြီ၊ စက္ကူမီးပုံးများ၏ အလင်းရောင်ဖြင့် အလုပ်သမားများသည် တူများ၊ လွှများနှင့် အခြားကိရိယာများကို သုံး၍ အလျှင်အမြန် လုပ်နေကြဆဲ . . .။ တကယ်တော့ မဏ္ဍပ်အား အပြီးသတ်အ[illegible]ထည်

www.burmeseclassic.com

www.burmeseclassic.com

ကိုင်နေကြခြင်းပေတည်း။

စကားပြန်ဟာနီဝါရာနှင့်ဘုရင်ခံတို့သည် အလွန်ကြီးမားကျယ်ပြန့်သော အဝပ်ခန်းမကြီးထဲသို့ ရပ်နေကြခြင်းဖြစ်၏။ သူတို့အောက်ရှိကြမ်းပြင်ကို အဖြူရောင်အဝတ်များ ခင်းထားသည်။ အတွင်းဘက် ဧည့်ဆောင်ခန်းမကို အရောင်မျိုးစုံဖြင့် ခြယ်လှယ်ထားပြီး အနီရောင် ကော်ဇောကြီးများကို ခန်းလုံးပြည့် ခင်းထားသည်။ အတွင်းဘက်ရှိ ဧည့်ခံခန်းမ ဆေးရေးပန်းချီများဖြင့် တန်ဆာဆင်ထားသော ပိုးသားခန်းဆီးကြီးများ ကာရံထားသည်။ ထိုခန်းမကြီး၏ တစ်ဖက်အစွန်တွင် ကြီးမားသော ကြက်သွေးရောင် ယွန်းသေတ္တာကြီးတစ်လုံး ချထားလေသည်။

'အဲဒီသေတ္တာဟာ အရေးကြီးတဲ့ အခန်းကဏ္ဍနှစ်ခုမှာ ပါဝင်လိမ့်မယ်။ တစ်ခုက အခမ်းအနား ကျက်သရေရှိပြီး တင့်တယ်ဖွယ်ရာဖို့၊ တစ်ခုက လျှို့ဝှက်ဖို့' ဟု ဘုရင်ခံက သေတ္တာကို လက်ညှိုးထိုးပြပြီး ပြောသည်။

'ဒီသေတ္တာက ဘာအတွက်လဲ ရှာချီ–ဆန်' ဟု စကားပြန်က မေးသည်။

'နိုင်ငံခြားလူရိုင်းတွေရဲ့ စာကို ဒီသေတ္တာထဲ ထည့်ရမှာလား'

'သေတ္တာထဲကို မဟုတ်ဘူး ဟာနီဝါရာ–ဆန်' ဟု ဘုရင်ခံက ပြန်ဖြေသည်။

'သေတ္တာအပေါ်မှာ တင်ရမှာ။ သူတို့အားလုံး ရောက်လာပြီး နေသားတကျ ထိုင်ပြီးတဲ့အခါမှာ မင်းရဲ့ ပထမဦးဆုံးလုပ်ရမယ့်တာဝန်က ဧကရာဇ်မင်းမြတ်ရဲ့ ကိုယ်စားလှယ်တော်များ နာမည်တွေကို ကြေညာဖို့ပဲ၊ အဲဒီနောက် မူရင်းစာနဲ့ ဘာသာပြန်ဆိုချက်တွေပေးဖို့ အသင့်ဖြစ်ပြီလားလို့ သူတို့ကို မေးရမယ်'

'သူတို့က အသင့်ဖြစ်နေပြီလို့ ဖြေရင် ကျွန်တော် ဘယ်လိုပြန်ပြောရမလဲ'

'မင်းက မင်းသားတူဒါအနေနဲ့ စာတွေကို လက်ခံဖို့ အဆင်သင့်ပါပဲလို့ ပြော။ ဒါပေမဲ့ မင်းသားတူဒါအနေနဲ့ စာတွေကို လက်နဲ့တောင်မှထိမှာ မဟုတ်ဘူး၊ သူတို့က လည်း မင်းသားဆီချဉ်းကပ်ဖို့ မလိုဘူး၊ အဲဒါကို သူတို့နားလည်အောင် မင်းက လုပ်ပေးရမယ်၊ ကြက်သွေးရောင် သေတ္တာကြီးမှာ အဖုံးရှိတယ်၊ သူတို့ကိုယ်တိုင် အဲဒီအဖုံးကနေ ထည့်လိုက်ဖို့သာ သူတို့ကို သဘောပေါက်အောင် ရှင်းပြပါ'

'ကျွန်တော် နားလည်ပါပြီ ရှာချီ–ဆန်၊ အားလုံးကို မှတ်မိအောင် လုပ်ထားပါမယ်'

ဘုရင်ခံက ခေါင်းညိတ်သည်။ သူသည် သေတ္တာရှေ့သို့ သွားရပ်ကာ ဘယ်ဘက်ဆီး၌ ချထားသည့် ထိုင်ခုံနှစ်လုံးကို လက်ညှိုးထိုးပြသည်။ 'အခမ်းအနား တစ်လျှောက်လုံး မင်းသားတူဒါနဲ့ မင်းသားအိုင်ဒူတို့ဟာ ဒီထိုင်ခုံတွေပေါ်မှာပဲ ထိုင်ကြမယ်။ ရေတပ်ဗိုလ်ချုပ်နဲ့ခေါင်းဆောင်ပိုင်းက နိုင်ငံခြားသား လူရိုင်းနှစ်ယောက်ကို သေတ္တာရဲ့ညာဘက် မင်းသားတွေနဲ့ မျက်နှာချင်းဆိုင်ကုလားထိုင်တွေမှာ ထိုင်ကြဖို့ ဖိတ်ခေါ်ရမယ်။ သူတို့

ထိုင်ရမယ့် ကုလားထိုင်တွေက သူ့ကို့နိုင်ငံမှာ သူတို့ထိုင်နေကျတွေနဲ့ အနီးစပ်ဆုံးပုံတွေပဲ။ ဒီကုလားထိုင်တွေကို ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်းက ငှားလာတာ၊ ကျောင်းမှာတော့ အသုဘချတဲ့ ပွဲတွေလုပ်တဲ့အခါ ဘုန်းကြီးတွေ သုံးတယ်'

'နိုင်ငံခြားသားလူရိုင်းတွေက သူတို့စာတွေ သေတ္တာထဲထည့်ပြီးရင် အခမ်းအနားက ပြီးပြီလား'

'မပြီးသေးဘူး၊ စာတွေထည့်ပြီးသွားရင် ကျုပ်က မင်းသားအိုင်ဒူ လက်ထဲက ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ တံဆိပ်တော်နှိပ်ပြီး ပိတ်ထားတဲ့ စာတွေလက်ခံ ရရှိကြောင်း ပြန်ကြားစာကို ယူရမယ်၊ အဲဒီစာကိုယူပြီး ကျုပ်ကိုယ်တိုင် နိုင်ငံခြားသား လူရိုင်း ဂိုလ်ချုပ်ကြီးဆီ သွားပေးရမယ်၊ မင်းကိုလည်း မိတ္တူတစ်စောင်ပေးထားမှာမို့ ကျုပ်ကပေးအပြီးမှာ စာထဲဘာတွေ ရေးထားတယ်ဆိုတာ မင်းက ဘာသာပြန်ပေးရမယ်'

'ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ စာက ဘာပြောထားပါသလဲ . . . ရှာချီ–ဆန်'

'သူတို့ပေးတဲ့စာကို ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ကိုယ်စား လက်ခံရရှိကြောင်း နိုင်ငံခြားတိုင်းပြည်တွေနဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှကို ထုံးစံအားဖြင့် နာဂါစကီးမှာသာ ပြုလုပ်သင့်ကြောင်း၊ ယခု ဤစာများကို ဤနေရာ၌ လက်ခံရယူခြင်းသည် နိပ္ပွန်နိုင်ငံ၏ဥပဒေများကို ဆန့်ကျင်၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤနေရာသည် စေ့စပ်ညှိနှိုင်းမည့်နေရာလည်း မဖြစ်နိုင်သကဲ့သို့ ဖြေဖျော်စရာများဖြင့် ဧည့်ခံရမည့် နေရာလည်း မဖြစ်နိုင်သဖြင့် နိုင်ငံခြားသားများသည် စာများကို ပေးပြီးလျှင်ပြီးချင်း ကျွန်ုပ်တို့ကမ်းခြေမှ အမြန်ဆုံး ထွက်ခွာသွားစေလိုကြောင်း စတဲ့အချက်တွေကို ပြောထားတယ်'

'လေသံတွေက ပြောင်ပြောင်တင်းတင်း မဖြစ်လွန်းပေဖူးလား . . ခင်ဗျာ' ဟု စကားပြန်က ဘဝင်မကျဖြစ်ဟန်ဖြင့် မေးသည်။

'ဟုတ်တယ် . . . ။ အဲဒါဟာ ရှိုးဂန်းကောင်စီက သူ့ဆန္ဒအရ တမင်သက်သက် ပြောင်ပြောင်တင်းတင်းနဲ့ ရှင်းရှင်းဘွင်းဘွင်း ရေးထားတာပဲ။ အဲဒီအပိုဒ်ကို မင်းဖတ်တဲ့ အခါမှာလည်း လေသံရော အမူအရာပါ တင်းမာဖို့လိုတယ်' ဟု ဘုရင်ခံက ပြောသည်။

'အခမ်းအနားက ဘယ်အခါမှာပြီးမလဲ ရှာချီ–ဆန်'

'ကျုပ်က သူတို့စာတွေထည့်ပြီးထားတဲ့ သေတ္တာကို ပိတ်လိုက်မယ်။ အဲဒါဟာ အခမ်းအနားပြီးဆုံးပြီလို့ ပြောလိုက်တာပဲ။ အဲဒီအချိန်မှာ မင်းက နောက်ထပ် ဘာမှ လုပ်စရာမရှိတော့ဘူးလို့ သူတို့ကို ပြောပြရမယ်'

'အဲဒီနောက်ကော . . .'

'မင်းနဲ့ကျုပ်က မဏ္ဍပ်ဝင်ပေါက်ဆီ လမ်းလျှောက်သွားကြရမယ်။ ကျုပ်တို့ နောက်က သူတို့လိုက်လာဖို့လည်း ကျုပ်တို့က အသိပေးကြရမယ်၊ ပြီးတော့ သူတို့

www.burmeseclassic.com

www.burmeseclassic.com

သဘော်တွေဆီ အမြန်ပြန်ဖို့ ပြောပြရမယ်၊ သူတို့သွားတော့မယ်လို့ မတ်တပ်ရပ်လိုက်၍ အခါ မင်းသားနှစ်ယောက်က ဦးခေါင်းညွတ်ပြီး နှုတ်ဆက်ကြရမယ်၊ အဲဒါပဲ'

စကားပြန်သည် စိတ်မသက်သာသော မျက်နှာထားဖြင့် ကြက်သွေးရောင် သေတ္တာဆီ လှမ်းကြည့်နေသည်။ ထို့နောက် ဘုရင်ခံအား စိတ်ရှုပ်နေဟန်ဖြင့် ဖေ့ ကြည့်သည်။ 'ဒီသေတ္တာမှာ လျှို့ဝှက်ချက်ရှိတယ်လို့ ပြောထားတယ်၊ အဲဒီလျှို့ဝှက်ချက် ရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ကျွန်တော် မသိရဘူးလား ရှာချို–ဆန်'

ဘုရင်ခံ ခေါင်းညိတ်သည်။ သူ့မျက်နှာထားသည် တည်ငြိမ်ရင့်ကျက်သွားသည်။ သူသည် စကားပြန်အား သူ့နောက်မှ လိုက်လာရန် လက်ပြပြီး သေတ္တာကြီးနောက်သို့ ရှေ့မှလျှောက်သွားသည်။ သေတ္တာကြီးနှင့်နောက်ဖက်မှ နံရံကို ဖုံးထားသည့် ပိုးသား ခန်းဆီးများကြားသို့ ရောက်သည့်အခါ အောက်သို့ ငုံ့လိုက်သည်။ ကော်ဇောနီတစ်ချပ် အားဘေးသို့ ဆွဲဖယ်လိုက်သည်။ ထိုအခါ သစ်သားကြမ်းပြင်နှင့်ဆက်ထားသည့် ပတ္တာ တပ်ထားသော တံခါးဝှက်ပေါ်လာသည်။ ဘုရင်ခံက တံခါးကိုဆွဲဖွင့်လိုက်ပြီး နောက်သို့ ဆုတ်၍ရပ်လိုက်သည်။ စကားပြန်သည် အောက်ဖက်မှ အတော်နက်နက်ကြီး တူးထား သည့် မှောင်နှင့်မဲမဲဖြစ်နေသော မြေတိုက်ခန်းဆီသို့ဆင်းရာ လှေခါးထစ်များကို မြင်ရ လေ၏။

'ဒီနေရာမှာ ဟောဒီကြက်သွေးရောင် သေတ္တာကြီးချထားခြင်းရဲ့ လျှို့ဝှက် ရည်ရွယ်ချက်က တခြားမဟုတ်ဘူး၊ ဒီဝင်ပေါက်ကို မမြင်အောင် ဖုံးကွယ်ထားချင်လို့ပဲ' ဟု ဘုရင်ခံကပြောကာ လှေခါးထစ်များကို နင်း၍ဆင်းသွားသည်။ 'မင်းလိုက်ခဲ့ ...။ ကျုပ်ပြမယ်၊ ဒီအောက်မှာ လက်နက်ကိုင် ဆာမူရိုင်း ဆယ်ယောက် ကောင်းကောင်းကြီး ပုန်းနေလို့ရတယ်၊ အခမ်းအနားလုပ်နေချိန်မှာ သူတို့ဟာ ဖြုန်းခနဲ ထွက်လာပြီး တိုက်ခိုက်လို့ရတယ်'

စကားပြန်သည် မလှုပ်မယှက်ရပ်လျက်ရှိနေရာမှ မှောင်မဲနေသော မြေအောက် ခန်းကို ငုံ့ကြည့်နေသည်။ သူ့မျက်လုံးများသည် အလွန်အမင်း ထိတ်လန့်ခြင်းကို ဖေါ်ပြနေသည်။

'ဘာလဲ . . ဟာနီဝါရာ–ဆန်' ဟု ဘုရင်ခံက တအံ့တသြမေးသည်။ 'မင်း ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ'

'ဒီနေရာမှာ အခုလို ပြင်းထန်တဲ့ အလုပ်မျိုး ရှိလာလိမ့်မယ်လို့ ကျွန်တော် လုံးဝမမျှော်လင့်ခဲ့ပါဘူး ရှာချို–ဆန်' ဟု စကားပြန်က ကြောက်ရွံ့စွာဖြေသည်။

'ကဲပါ...လေ၊ အောက်ဆင်းပြီး ကိုယ်တိုင်ကြည့်ပါဦး' ဟုပြောကာ ဘုရင်ခံသည် ရှေ့မှဆင်းသွားသည်။ 'ကျုပ် မင်းနားလည်အောင် အပြည့်အစုံရှင်းပြမယ်' ဟု

ယည်းပြောသည်။

စကားပြန်သည် အောက်ဆင်းဖို့အတွက် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ထိုအခိုက် ဟပင် မဏ္ဍပ်အဝင်ခန်းမတံခါးဆီမှ လှုပ်ရှားသံများ ကြားလိုက်ရသဖြင့် လှည့်ကြည့် သည်။ တခန့်တငြား ဝတ်ဆင်ထားသည့် ဒိုင်းမျိုး များပေတည်း။ ဒိုင်းမျိုး အုပ်စုသည် တစ်ဦးချင်းစီတွင် ဓါးနှစ်လက်ကိုင် ဆာမူရိုင်းအစောင့် နှစ်ဦးစီပါသည်။

ဒိုင်းမျိုး များသည် မဏ္ဍပ်တည်ဆောက်မှုလုပ်ငန်းကို ကြီးကြပ်နေသည့် အရာရှိ နှင့် မဏ္ဍပ်တံခါးဝ၌ ရပ်၍စကားပြောနေကြသည်။ ထိုလူစုကြားတွင် ပုတိုတို တုတ်ခိုင်ခိုင် လော့ဒ်ဒိုင်ဖိုကို မြင်လိုက်ရသော စကားပြန်ဟာနီဝါရာသည် အထိတ်တလန့် ဖြစ်သွား သည်။ လော့ဒ်ဒိုင်ဖိုသည် လွန်ခဲ့သော နှစ်ရက်ကမှ မိမိ၏ဇနီးနှင့်သားသမီးများအား ဓါးစာခံ ခေါ်ဆောင်သွားသူ မဟုတ်ပါလား၊ သူသည် ကြာကြာရပ်၍ ကြည့်မနေနိုင်ချေ။ ဘုရင်ခံက သူ့အားဆင်းလာရန် ခေါ်နေပြီ . . . ။

'လာလေ၊ မြန်မြန်ဆင်းခဲ့ပါ၊ မင်းကိုယ်တိုင် ကြည့်စမ်းပါ၊ ဟာနီဝါရာ–ဆန်' ဟု ပြောသည်။ ဘုရင်ခံသည် စကားပြန်၏အကြည့်ကို သတိထားမိသည်။ 'ဒိုင်းမျိုး တွေက ဆောက်လုပ်ရေးလုပ်ငန်းကို လာပြီး စစ်ဆေးကြတာပါ။ သူတို့ ဒီကို ချက်ခြင်း ရောက်မလာသေးပါဘူး၊ မြန်မြန်လာ'

သူတို့ရောက်သွားသည့်အခါ နံရံတစ်ဖက်၌ ကပ်၍စုထားသည့် ဓါးရှည်ကြီး များနှင့် လှံကြီးများကိုသာမက ဒိုင်းများကိုပါ မြင်ရသည်။ နောက်တစ်ခုမှာ မြေအောက် ခန်းတွင်းသို့ နောက်ဖက်မှ ဝင်လာနိုင်သော အပေါက်ဖြစ်၏။

'ဒီလက်နက်တွေက ဘာလုပ်ဖို့ စုထားတာလဲ ရှာချို–ဆန်' ဟု စကားပြန်က စိတ်မသက်မသာ အမူအရာဖြင့် လက်နက်များနှင့်ဒိုင်းများကို ကြည့်ပြီးမေးသည်။

'ကျွန်တော်တို့ အစီအစဉ်ထဲမှာ နိုင်ငံခြားသားလူရိုင်းတွေကို ရုတ်တရက် ဝင်တိုက်ပြီး အားလုံးကို သတ်ပစ်ဖို့ လုပ်ငန်းတစ်ရပ်အနေနဲ့ ပါနေပါသလား ရှာချိုဆန်'

'ရှိုးဂန်းကောင်စီက အဲသလို ဘေးအန္တရာယ်များမယ့် အလုပ်မျိုး မလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်' ဟု ဘုရင်ခံက တိုးတိုးကပ်ပြောသည်။ 'အနည်းဆုံး လက်နက်ကိုင် ဆာမူရိုင်းဆယ်ယောက်ကိုပဲ အခမ်းအနားမစခင် ဒီနေရာမှာ ပုန်းပြီးနေခိုင်းထားမှာ'

'သူတို့က ဘယ်လိုတာဝန်ကို ယူကြရမှာလဲ ရှာချို–ဆန်' ဟု စကားပြန်က ထပ်မေးသည်။

'သူတို့က မင်းသားတူဒါရဲ့အမိန့်ကို နာခံပြီး လုပ်ရကိုင်ရမှာ၊ အကြောင်း မလုံလောက်ပဲနဲ့ လုံးဝထတိုက်ရမှာ မဟုတ်ဘူး၊ သူတို့ဘက်က အကြမ်းပြုမယ့် အရိပ် လက္ခဏာရှိလာမှသာ ဆာမူရိုင်းတွေက ထွက်လာပြီး ရေတပ်ဗိုလ်ချုပ်နဲ့ သူ့လူတွေကို

www.burmeseclassic.com

www.burmeseclassic.com

သတ်ပစ်ကြရမယ်'

'စကားပြန်သည် တစ်ခဏမျှ ငိုင်၍စဉ်းစားနေသည်။ 'တကယ်လို့ လိုအပ်လာလို့ တိုက်ရမယ်ဆိုရင် ဆာမူရိုင်းတွေကို ဘယ်သူက အမိန့်ပေးမှာလဲ'ဟု တုန်ယင်သော အသံဖြင့်မေးသည်။

'အဲဒီတာဝန်ကလည်း အခမ်းအနားမှူးတွေအဖြစ် တာဝန်ယူထားနေရတဲ့ ကျုပ်တို့နှစ်ယောက်မှာပဲ ရှိလိမ့်မယ်'ဟု ဘုရင်ခံက ပြောသည်။ 'နိုင်ငံခြားသား လူရိုင်းတွေရဲ့ အနီးဆုံးရှိနေမှာက ကျုပ်တို့နှစ်ဦးပဲ၊ အဲဒီတော့ လိုအပ်လာရင် မင်းနဲ့ကျုပ်ကပဲ အဲဒီအမိန့်ကိုပေးဖို့ တာဝန်ရှိလာလိမ့်မယ် ထင်တာပဲ'

'ဒီအမိန့်ကို ကျွန်တော်တို့ဖာသာ ကျွန်တော်တို့ ဆုံးဖြတ်ပြီး ပေးရမှာတော့ မဟုတ်ဘူး ထင်ပါရဲ့နော်၊ အဆင့်မြင့် အရာရှိကြီးတစ်ဦးဦးက အချက်ပေးမှ လုပ်ရမှာ မဟုတ်လား'ဟု စကားပြန်က အလွန်ထိတ်လန့်နေသည့် မျက်နှာထားဖြင့် မေးသည်။

'ဒီလောက်ကြီး ကြောက်မနေစမ်းပါနဲ့ ဟာနီဝါရာ-ဆန်'ဟု ဘုရင်ခံက သူ့စကားပြန်အား ငေါက်သည်။

ရုတ်တရက် တံခါးဝက်ဆီမှ ပေါ်လာနေသော စကားပြောသံများကြောင့် ဘုရင်ခံနှင့်စကားပြန်သည် အပေါ်သို့ ပြန်တက်လာကြသည်။ တံခါးဝက်နှင့် မလှမ်းမကမ်းရှိ သေတ္တာကြီးပတ်ပတ်လည်၌ စု၍ရပ်နေကြသော ဒိုင်မျိုလေးငါးယောက် . . .' 'သူတို့သည် ကျင်းပမည့် အခမ်းအနားအစီအစဉ်များကို ပြောဆိုနေကြခြင်း-'ထိုလူစုထဲတွင် ပုပုအိုင့်အိုင့်နှင့် တုတ်ခိုင်ခိုင်လော့ဒ်ဒိုင်ဗို ပါလာသည်။ စကားပြန်သည် လော့ဒ်ဒိုင်ဗိုအား မကြည့်ပဲ မျက်စိများကို လွှဲထားသည်။ လော့ဒ်ဒိုင်ဗိုကတော့ သူ့အား မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသည်။

'ကျုပ်တို့မှာ လိုအပ်လာရင် အရေးအကြီးဆုံး အမိန့်ကို သယ်ယူပို့ဆောင်ပေးရမယ့် လူတစ်ယောက်လိုနေတယ် . . .မဟုတ်လား' အဲဒီလူနေရာမှာ ဟာနီဝါရာတိုကူမာကိုထားဖို့ ကျုပ် အဆိုပြုချင်တယ်'ဟု ဒိုင်ဗိုက ပြောသည်။

သူ့စကားကြားသည့်အခါ ကျန်ဒိုင်မျိုများက စကားပြန်ဘက် လှည့်ကြည့်ကြသည်။ သိပ်ပြီးစိတ်ဝင်စားသည့် လက္ခဏာတော့မရှိ။ သို့သော်လည်း ဒိုင်ဗိုအဆိုပြုချက်ကို ထောက်ခံသည့် အမူအရာကို ဖော်ပြကြသည်။ ဘုရင်ခံအပါအဝင် အားလုံးက ခေါင်းညိတ်ကြသည်။

'ဘယ်လိုလဲ . . .မင်းကရော လော့ဒ်ဒိုင်ဗိုရဲ့ အကြံပြုချက်ကို သဘောတူတယ် မဟုတ်လား . . .ဟာနီဝါရာ-ဆန်'ဟု ဘုရင်ခံက မေးသည်။ 'မင်းကို ဂုဏ်ပြုရာရောက်တဲ့ ဒီတာဝန်ပေးမှုကို မင်းလက်ခံတယ် မဟုတ်လား'

သူ့ရင်ထဲ၌ များစွာနာကျင်လျက်ရှိသော စကားပြန်သည် မျက်လွှာကိုချ၍ ငြိမ်နေသည်။ အချိန်အတန်ကြာခါမှ အားလုံးဘက်လှည့်၍ ဦးညွှတ်ကာ တာဝန်ကို လက်ခံသည့် အမူအရာဖော်ပြသည်။

ထိုအခါ ဝတ်ရုံအင်္ကျီရှည်ကြီးဝတ်ထားသည့် အရာရှိကြီးက 'ကောင်းပြီ၊ ဒါဆိုရင် လျှို့ဝှက်လုပ်နည်း လုပ်ဟန်ကို ပြောပြမယ်'ဟု ရေရွတ်လိုက်သည်။ 'ကျွန်တော်က မင်းသားတူဒါရဲ့ နေရာမှာထိုင်ပြီး တူဒါအဖြစ် လုပ်မယ်၊ ကျွန်တော့် ညာဘက်လက်ကို ဟောဒီသလို မြှောက်လိုက်မယ်၊ ပြီးတော့ ရင်ပတ်ရှေ့ကဖြတ်ပြီး ဘယ်ဖက်ပခုံးကို ဟောဒီသလို ကိုင်လိုက်မယ်၊ အဲဒီအခါမှာ ဟာနီဝါရာ-ဆန်က ယွန်းသေတ္တာကြီးရဲ့ နောက်ကိုသွားရမယ်၊ ပြီးရင် တံခါးဝက်ပေါ်ကို ခင်ဗျားရဲ့ဖနောင့်နဲ့ သုံးချက်ပေါက်ပြီး အချက်ပေးလိုက်ရမယ်'

အရာရှိကြီး၏ အစီအစဉ်အရ သူတို့သည် လိုအပ်လာလျှင် လုပ်ကြရမည့် အလုပ်ကို လက်တွေ့စမ်းသပ်လေ့ကျင့်ကြရသည်။ သူတို့လက်တွေ့ လေ့ကျင့်နေကြသည်ကို မဏ္ဍပ်ကို အချောထိုင်နေကြသည့် အလုပ်သမားများက သူတို့အလုပ်များ ခဏမျှ ရပ်၍ လှမ်းကြည့်နေကြသည်။

'လိုအပ်လာလို့ အချက်ပေးရတဲ့အခါမှာ နိုင်ငံခြားသားလူရိုင်းတွေ သံသယဖြစ်မသွားအောင် ပိပိရိရိလုပ်ဖို့ သတိထား . . .နော်'ဟု သူ့ဘေး၌ရပ်နေသော ဘုရင်ခံက သူ့စကားပြန်အား သတိပေးသည်။

စကားပြန်က ခေါင်းညိတ်လိုက်သော်လည်း သူ့ရင်ထဲတွင်ကား ဘဝင်မကျ။ သူ့ဇနီးနှင့်သားသမီးများအား ဓါးစာခံအဖြစ် ဖမ်းထားသည့် လော့ဒ်ဒိုင်ဗိုအပေါ် လုံးဝမကျေနပ်။ သူ့စိတ်သည် ထိုမကျေနပ်မှုကြောင့် လှုပ်ရှားလျက်ရှိရ၏။ မည်သို့ပင်ဖြစ်စေ အရာရှိကြီးက ညာလက်ဖြင့် ဘယ်လက်ပခုံးကို ကိုင်လိုက်သည့်အခါ သူသည် စောစောကပြောထားသည့်အတိုင်း တံခါးဝက်ဆီသို့သွားကာ ဖနောင့်ဖြင့် သုံးချက်ပေါက်၍ အချက်ပေးလိုက်သည်။

မြေအောက်ခန်းထဲမှ စစ်သည်ဒါဇင်ဝက်ခန့်သည် အပြေးအလွှား ထွက်လာကြပြီး စိတ်ကူးဖြင့် ဖန်တီးထားသော နိုင်ငံခြားသားလူရိုင်းရန်သူများအား ဓါးများဖြင့် လွှဲ၍ . . .လွှဲ၍ ခုတ်ကြသည်။ ထို့နောက် လာလမ်းအတိုင်းပြန်၍ တံခါးဝက်မှနေပြီး မြေအောက်ခန်းထဲသို့ ဆင်းသွားကြလေသည်။

'ကျေနပ်စရာပါဘဲ'ဟုဝတ်ရုံနှင့်အရာရှိကြီးက ရေရွတ်သည်။ 'တစ်ခုပဲ ရှိတယ် နိုင်ငံခြားသားလူရိုင်းတွေက ကျွန်တော်တို့ကို အခုလို လုပ်ခွင့်ရအောင် မလုပ်ကြပါစေနဲ့လို့ မျှော်လင့်ကြရတော့မှာဘဲ'

www.burmeseclassic.com

www.burmeseclassic.com

ဟာနီဝါရာတိုကူမာသည် စကားပြောနေကြသည့် ဒိုင်မျိုး များအား လှမ်းကြည့်နေသည်။ လော့ဒ်ဒိုင်ဗိုအား မြင်လိုက်သည့်အခါတွင်မူ သူ့မျက်နှာသည် ညိုသွားသည်။ ထိုခဏမှာပင် လော့ဒ်ဒိုင်ဗိုသည် သူ့ထံသို့ လျှောက်လာနေသည်ကို မြင်ရလေ၏။

'ငါ မင်းကို အရေးကြီးတဲ့ဟာတစ်ခု ပြောစရာရှိနေတယ်၊ ဟာနီဝါရာ–ဆန် မင်၊ အထူးဂရုစိုက်ပြီး နားထောင်' သူ့အနားသို့ ရောက်လာသော ဒိုင်ဗိုက နှစ်ကိုယ်ကြား လေသံဖြင့် စကားပြန်အား ပြောသည်။

'ဟုတ်ကဲ့ပါ–အရှင်' ဟု စကားပြန်က အလွန် စိတ်မချမ်းမြေ့စွာဖြင့် ပြန်ပြောသည်။

'ဒါဆိုရင် ငါတို့ ဟိုအကောင် နိုင်ငံခြားသားလူရိုင်းကို အခု မိထားပြီ၊ သူ့လျှိုလာလုပ်တဲ့ကောင်လေ'၊ 'ငါပြောတာ နားလည်လား'

စကားပြန်က လော့ဒ်ဒိုင်ဗိုအား မော့မကြည့်ပဲ ခေါင်းညိတ်သည်။ 'ဟုတ်ကဲ့ . . . နားလည်ပါတယ်' ဟုလည်း ပြောသည်။

'ကောင်းတယ် . . .ငါတို့ သူ့ကို အခမ်းအနားပြီးဆုံးခါနီးမှာ ဒီကိုခေါ်လာပြီ၊ ပြဖို့ စီစဉ်ထားတယ်။ သူ့ကိုမြင်ရင် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်မှာ သေချာတယ်။ အဲသလိုဖြစ်နေတုန်းမှာ ငါက မဏ္ဍပ်ဝင်ပေါက်မှာ ရောက်လာမယ်။ မင်းက ငါရောက်အလာကို သတိထားပြီး စောင့်ကြည့်နေရမယ်၊ အခု ငါပြောတဲ့အထိ မင်းရှင်းတယ် . . . နော်'

'ဟုတ်ကဲ့ပါ–အရှင်'

'ငါက စောစောက မင်းလုပ်ခဲ့တဲ့ အချက်ပေးပုံမျိုးနဲ့ အချက်ပေးမယ်၊ အဲဒီအခါမှာ မင်းက တံခါးဝက်ဆီကို သွားပြီး ဖနောင့်နဲ့ သုံးချက်ပေါက်ပြီး အချက်ပေးရမယ်၊ နားလည်လား၊ ငါ အခုပေးတဲ့အမိန့်ကို မလိုက်နာရင် မင်းမိန်းမနဲ့ ကလေးတွေအားလုံး နာရီပိုင်းအတွင်း သတ်ပစ်မယ်' လော့ဒ်ဒိုင်ဗိုက စကားပြန်အား စူးစူးဝါးဝါးကြည့်သည်။

'ငါပြောတာ အားလုံးကို မင်း နားလည်ရဲ့လား'

'ကျွန်တော် နားလည်ပါတယ် ခင်ဗျာ၊ အရှင်ခိုင်းတဲ့အတိုင်း လုပ်ပေးပါမယ်'

'အေး . . .ကောင်းတယ်၊ မင်းဟာ လူလိမ္မာ ပညာရှိတစ်ယောက်ပဲ'

လော့ဒ်ဒိုင်ဗိုသည် ရှေ့မှထွက်သွားကြသော ဒိုင်မျိုး များနောက်သို့ ခပ်သုတ်သုတ်လိုက်သွားသည်။ သူ့အနေဖြင့် အခမ်းအနားပြီးခါနီးခန့်တွင် နိုင်ငံခြားသားလူရိုင်းခေါင်းဆောင်များအား သတ်ဖြတ်ပစ်ရန် ပေးထားခဲ့သည့် သူ့အမိန့်များကို လုံးဝသတိမရတော့သည့်နှယ် အခြားဒိုင်မျိုးများနှင့် အခြေမပျက် စကားပြောသွားလျက် ရှိလေ၏။

(၄၂)

ဆတ်စ်ကွီဟာန်နာ သင်္ဘော၏ သီးသန့်ပွဲပိုင်း ကုန်းပတ်တွင် ရပ်နေသော ဆင်မြူရယ်အမ်းစထရောင်းသည် တယ်လီစကုပ် အဝေးကြည့်မှန်ပြောင်းကို သူ့မျက်လုံးများ၌အပ်ကာ ကမ်းခြေဆီသို့ လှမ်းကြည့်နေသည်။ အချိန်မှာ အရုဏ်တက်ပြီးစ ဖြစ်၏။ မြူနှင်းများ မကွဲသေးသဖြင့် အဝေးရှိ တောင်ကုန်းများနှင့်တောင်ကြားများကို မမြင်နိုင်သေး၊ သို့တစေလည်း နေကတော့ ထွက်စပြုနေပြီ။

လေတိုက်ခတ်ခြင်း မရှိသေးသဖြင့် ရေပြင်သည် ငြိမ်ဆိတ်လျက်ရှိ၏။ တောင်ဘက်သို့ ထိုးထွက်နေသော အမူ၏ ဟိုတစ်ဖက် အလှမ်းဝေးသော ကမ်းခြေထက်ဆီမှ တူထုသံများမှာ ထွက်ပေါ်လာနေဆဲ . . .။ အမ်းစထရောင်းသည် ကြားနေရသော အသံများကို အထူးဂရုထား၍ နားစွင့်လျက်ရှိသည်။ သို့သော်လည်း သူ့စိတ်ကို ထိုအသံများအပေါ်၌ ကြာရှည်မထားနိုင် . . .။

ဆတ်စ်ကွီဟာန်နာ သင်္ဘောသည် ကျန်စစ်သင်္ဘောသုံးစီးဖြင့် ရင်ဘောင်တန်း၍ ရပ်နေခြင်းဖြစ်၏။ သင်္ဘောအားလုံးသည် အရေးအကြောင်းပေါ်လာ၍ လှုပ်ရှားရမည်ဆိုပါက အလွယ်တကူ လှုပ်ရှားနိုင်ရန် အားလုံးကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။ အမြောက်စသော လက်နက်ကြီးများကိုသာမက မရိန်းတပ်သားများနှင့် သင်္ဘောသားများကိုပါ ယူနီဖောင်းအပြည့်ဝတ်ကာ လိုအပ်သည့် လက်နက်များကို တပ်ဆင်ပေးထားပြီး ဖြစ်၏။

အမ်းစထရောင်းသည် သူ့နောက်မှ ကြားလိုက်ရသော ခြေသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ သူ့ထံသို့ လျှောက်လာနေသော ကွန်မိုဒိုမက်သူးပါရီကို မြင်ရသည်။ ကွန်မိုဒိုသည် ယူနီဖောင်းအပြည့်ဝတ်ထားသော်လည်း ဦးထုပ်နှင့်ဓါးပါမလာချေ။

'မင်္ဂလာ နံနက်ခင်းပါ–ကွန်မိုဒို' ဟု အမ်းစထရောင်းက ဆီး၍ နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟိုခံတပ်တွေဘက်က အရင်နေ့တွေကထက်ပိုပြီး လှုပ်လှုပ်ရှားရှား ရှိနေပုံဘဲ'

မက်သူးပါရီက ပြန်၍နှုတ်ဆက်သော်လည်း အမ်းစထရောင်း၏ နောက်ဆက်တွဲ စကားကိုတော့ တုံ့ပြန်ခြင်းမရှိပေ။ သူသည် မြူနှင်းများဆီသို့ အတန်ကြာမျှ စူးစိုက်၍ ကြည့်နေရာမှ ဦးခေါင်းကိုမော့ကာ ကောင်းကင်ကို လှမ်းကြည့်သည်။

'ဒီမနက်မှာ လုံးဝ လေမတိုက်ပါလား–မစ္စတာအမ်းစထရောင်း' ဟုရေရွတ်သည်။

'ဒီပုံဆိုရင် စစ်သင်္ဘောတွေ ကမ်းခြေနားကပ်မိတဲ့အထိ သွားနိုင်ဖို့ မလွယ်ဘူး၊ အဲဒီတော့ **ပလိုင်းမောက်** ကို ဒီမှာထားမယ်၊ သူ့အမြောက်တွေနဲ့ ယူရာဂါကို ထိန်းထားပေးမယ် . . .' သူသည် စကားဖြတ်ထားပြီး ကမ်းခြေ၏မြောက်ဘက် တကြောကို လှမ်းကြည့်သည်။ **ဆာရာတိုဂါ** သင်္ဘောက သူ့အမြောက်တွေနဲ့ ဟိုဘက်က မြို့ကိုရော ပတ်ဝန်းကျင်ခံတပ်တွေကိုပါ ထိန်းထားနိုင်စရာရှိတယ်'

'မြေပုံပေါ်မှာ တွေ့ရတာကတော့ အဲဒီမြို့ကို ဟူမေးလို့ခေါ်တယ် ထင်တာပဲ'ဟု အမ်းစထရောင်းက ပြောသည်။

'အဲသလိုဆိုရင် ဟူမေးကို **ဆာရာတိုဂါ** သင်္ဘောက ထိန်းချုပ်ထားရမယ်'

ကွန်မိုဒိုသည် နှုတ်ဆိတ်နေပြန်သည်။ သူ့အာရုံသည် ယူရာဂါ၏ အထက်ဘက်တွင် လှုပ်ရှားနေသော ခံတပ်များ၌ စစ်သည်အရေအတွက် တိုးလာနေသည်ကို စူးစိုက်နေပုံရ၏။ သို့သော်လည်း ဝေဖန်သုံးသပ်သည့် စကားတော့မပြော . . .။

' ပြဿနာရှိလာလိမ့်မယ်လို့ ထင်နေပါသလား . . .ကွန်မိုဒို' ဟု အမ်းစထရောင်းက အရဲစွန့်၍ မေးသည်။'

'အဲသလောက်တော့ ကျုပ် မထင်ပါဘူး၊ ဒီနေ့လုပ်မယ့် အခမ်းအနားမှာလည်း စစ်နဲ့အဆုံးသတ်မယ့် လက္ခဏာတော့ ရှိမယ်မထင်ပါဘူး။ ကျုပ်တို့ဘက်က အင်အားကြီးကြောင်းကို သူတို့သိသွားအောင် လိမ္မာပါးနပ်စွာနဲ့ ပြထားဖို့လည်း စီစဉ်ထားတာပဲ' ဟု ပါရီက ပြန်ဖြေသည်။

ယမန်နေ့ညက ကွန်မိုဒိုသည် စစ်သင်္ဘောလေးစီးမှ ကက်ပတိန်အားလုံးကို ခေါ်၍ **ဆတ်စ်ကွီဟန်နာ** သင်္ဘောပေါ်၌ အရေးပေါ်အစည်းအဝေး လုပ်ခဲ့သည်ကို အမ်းစထရောင်း သိထားသည်။ ကွန်မိုဒိုသည် ကင်းထောက်အဖွဲ့ပါသော တိုက်သင်္ဘောလေးတစ်စီးကို ကူရီဟာမာပင်လယ်အော်ဘက်သို့ စေလွှတ်ခဲ့၏။ ထိုသင်္ဘောလေးစီး ပြန်ရောက်လာ၍ သတင်းအချက်အလက်များစုံခါမှ အစည်းအဝေးကို လုပ်ခဲ့ခြင်းဖြစ်၏။

ကွန်မိုဒို စေလွှတ်ခဲ့သော ထိုအဖွဲ့သည် ရေအနက်တိုင်းထွာခြင်း၊ မဏ္ဍပ်၏ တည်နေရာကို ထောက်လှမ်းခြင်းနှင့် ပတ်ဝန်းကျင်ခံတပ်များအား လေ့လာခြင်း စသည်များကိုပြုလုပ်ခဲ့ကြသည်။ သူတို့ရလာသော အချက်အလက်များကို အခြေခံ၍ ကွန်မိုဒိုနှင့်သူ့အရာရှိများသည် အရေးကြီးသော စစ်ရေးနည်းဗျူဟာများကို ချမှတ်ခဲ့ကြသည်။

စစ်ရေးစစ်ရာကိစ္စများနှင့်ပတ်သက်၍ အမ်းစထရောင်းသည် ဘာသတင်းကိုမှ

တိတိကျကျ မရခဲ့ပေ။ မည်သို့ပင်ဖြစ်စေ သူသိထားခဲ့ရသည့်အတိုင်းဆိုပါက မက်သူးပါရီသည် အလွန်ရဲရင့်သူ ဖြစ်သည်။ သတ္တိကလည်း အလွန်ကောင်း၏။ ယင်းအရည်အသွေးများကြောင့် သူသည် အောင်မြင်မှုရခဲ့သည်က များ၏။

'ကျွန်တော့်ကို မေးခွင့်ပြုစေချင်ပါတယ်–ကွန်မိုဒို၊ ကျွန်တော်တို့ရဲ့ အင်အားကို ကွန်မိုဒို ဘယ်လိုပြဖို့ စီစဉ်ထားပါသလဲ' ဟု အမ်းစထရောင်းက မေးသည်။ 'အဲဒါကို ကြိုသိထားရင် ဘာသာပြန်ရတဲ့အခါ အဖက်ဖက်မှာ သတိထားပြီး ပြောနိုင်မယ်ထင်လို့ပါ . . .ခင်ဗျာ'

'ဒီလို စီစဉ်ထားတယ်–မစ္စတာ အမ်းစထရောင်း' ဟု ပါရီက ပြန်ပြောသည်။

'ကျုပ်တို့က **မစ်စစ္စပီ** သင်္ဘောကို ကူရီဟာမာပင်လယ်အော်ရဲ့ အဝင်ဝမှာ ကျောက်ချထားမယ်။ ပြီးတော့ အမြောက်တွေကို ကမ်းဘက်လှည့်ပြီး လူမြင်သူမြင် ချထားမယ်။ အဲဒီနောက် လက်နက်ကိုင် မော်တော်တွေပေါ်မှာ ဟော်ဝစ်ဇာအမြောက်တွေကိုတင်ပြီး သူတို့ဘက် လှည့်ထားမယ်။ ကျုပ်တို့ကမ်းပေါ်တက်တဲ့အခါမှာ စစ်သင်္ဘောတွေဟာ ကျုပ်တို့နောက်ဘက်မှာ တန်းစီပြီး အသင့်ပုံစံနဲ့ရှိနေမယ်၊ လိုအပ်တာနဲ့တပြိုင်နက် ချက်ခြင်းထတိုက်မယ့် အနေအထားမျိုးနဲ့ နေကြမယ်'

'ကမ်းပေါ်ကို လူဘယ်လောက်များများ ခေါ်သွားမယ်လို့ စိတ်ကူးထားပါသလဲ ကွန်မိုဒို'

'လူသုံးရာကျော် ခေါ်သွားမယ်၊ မရိန်းတပ်သားက တစ်ရာတစ်ဆယ် . . .၊ သင်္ဘောသား တစ်ရာနှစ်ဆယ်၊ စစ်သင်္ဘောနှစ်စီးက ဘင်ခရာအဖွဲ့ဝင် လူလေးဆယ်နဲ့ အရာရှိတော်တော်များများပါမယ်၊ လူတစ်ဦးချင်းစီမှာ ဓါးတစ်လက်နဲ့ ပစ္စတိုတစ်လက် ဒါမှမဟုတ် မတ်စကတ်သေနတ်တစ်လက်စီ ဆောင်ရမယ်၊ သေနတ်အားလုံးမှာ ကျည်ဆံအပြည့် ထည့်ထားကြရမယ်၊ တစ်ဖွဲ့လုံးအတွက် ကျည်ဆံတစ်ထောင် ယူသွားမယ်၊ လှေဆယ့်ငါးစီးက အပိုကျည်ဆံတွေ တင်လာကြရမယ်'

'အဲဒီအရေအတွက်တွေက မများလွန်းဘူးလား –ကွန်မိုဒို၊ 'ဟု အမ်းစထရောင်းကပြောသည်။ 'မဟာမိတ်ရာဇသံ စာတစ်စောင်ကို အေးအေးဆေးဆေး ပေးရမယ့် အခမ်းအနားမှာ အဲသလောက် ယူသွားလို့ သင့်ပါ့မလား၊ တကယ်လို့ မပြေလည်မှုတွေရှိလာရင် ဂျပန်တွေဘက်မှာက အနည်းဆုံး လက်နက်ကိုင် လူအင်အားတစ်သောင်းလောက်ရှိမယ်၊ အဲဒါတောင် အမြင်ခံထားတဲ့အင်အား . . .၊ ဝှက်ထားတာတွေ ဘယ်လောက်များ ရှိနေမလဲဆိုတာ ကျွန်တော်တို့ သိတာမှ မဟုတ်တာ'

'ကျုပ်အနေနဲ့ကတော့ ဒီအတိုင်းပဲ လုပ်သွားမှာပဲ'

'ကျွန်တော်ဟာ ကွန်မိုဒိုရဲ့ဘေးမှာ အမြဲရှိခဲ့တဲ့လူပါ' ကွန်မိုဒိုအနေနဲ့ ဂျပန်တွေရဲ့ တိုက်ရည်ခိုက်ရည်နဲ့ စိတ်ဓါတ်အင်အားကို လျှော့မတွက်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်၊ သူတို့ဟာ တိုက်ရည်ခိုက်ရည် အလွန်ကောင်းတယ်လို့ နာမည်ကျော်ကြားတဲ့လူမျိုးပါ'

www.burmeseclassic.com

www.burmeseclassic.com

'လူချင်းယှဉ်တဲ့ ကိစ္စပြောကြမယ်ဆိုရင်တော့ . . .ခင်ဗျားမှာ သံသယရှိနေတုန်းပဲ ထင်ပါရဲ့' ဟု ကွန်မိုဒိုက ပြောသည်။ 'လူဘယ်လောက်ပဲများများ သဘော်ဘေး တစ်ဖက်က အမြောက်တွေကို တစ်ပြိုင်တည်းသာ ပစ်လိုက်ရင် . . .အားလုံး ကစင့်ကလျား ဖြစ်ကုန်တာချည်းပါဘဲ'

'တကယ်လို့ ရောဘတ်အီဒင်သာ အသက်ရှင်နေသေးရင်တော့. . .ကျုန်တော့် အယူဝါဒကို သဘောတူထောက်ခံမှာ သေချာတယ်' ဟု အမ်းစထရောင်းက ပြောသည်။

စကားပြန်သည် ရောဘတ်အီဒင်နှင့်ပါတ်သက်၍ ပါရီ၏သဘောထားကို အကဲခတ်လို၍ ပြောလိုက်ခြင်းဖြစ်၏။ သို့သော်လည်း ပါရီ၏မျက်နှာတွင် ထူးခြားသည့် အရိပ်လက္ခဏာကို မမြင်ရ။ ပါရီသည် စကားတစ်ခွန်းမှ ပြန်မပြောပဲ အဝေးကြည့် မှန်ပြောင်းဖြင့်သာ ကမ်းခြေဆီသို့ ကြည့်နေသည်။

'ကျုပ်ရဲ့လက်အောက်က လူတွေရဲ့ တိုက်ရည်ခိုက်ရည်နဲ့ ရဲစွမ်းသတ္တိတွေ အပေါ်မှာ ကျုပ်ယုံကြည်မှု အပြည့်ရှိတယ်။ မစ္စတာ အမ်းစထရောင်း' ဟု ကွန်မိုဒိုက စကားပြန်သာသနာပြု၏ မျက်နှာကို စေ့စေ့ကြည့်၍ပြောသည်။ 'ကျုပ်တို့ရဲ့ ပစ်အားသာလွန်ကြီးမားမှုအပေါ်မှာလည်း ကျုပ်ယုံကြည်မှု အပြည့်ရှိတယ်။ ဒီနေ့ပွဲမှာ စကားပြန်လုပ်ပေးမယ့် ခင်ဗျားအပေါ်မှာလည်း ကျုပ် ယုံကြည်မှုအပြည့် ရှိနေတယ်၊ ကဲ . ..ကျုပ်မှာ ပြင်ဆင်စရာတွေ ရှိနေသေးတယ်၊ ခွင့်လွှတ်တော့'

အမ်းစထရောင်းသည် သူ့အနီးမှထွက်သွားသော တုတ်ခိုင်ခိုင် ကွန်မိုဒိုအား လှမ်းကြည့်သည်။ လွန်ခဲ့သော ခြောက်ရက်က ပျောက်သွားသည့် လက်ဖတင်နှင့် ရောဘတ်အီဒင်သည် သူ့ခေါင်းထဲ ဝင်လာပြန်သည်။ ချက်ခြင်း ခေါင်းထဲမှ ပြန်ထုတ်ပစ်သည်။ မြူများသည် တောင်ကုန်းများနှင့်တောင်ကြားများပေါ် လွှမ်းခြုံထားဆဲ– ကမ်းခြေထက်မှ လှုပ်ရှားမှုများကိုကြည့်ကာ မြေရှင်ပဒေသရာဇ်ဂျပန်တို့၏ တိုက်ရည်စွမ်းအားကို တွေးမိပြန်သည်။ ထိုအခိုက်မှာပင် မစ်စစ္စပီသင်္ဘော်ဆီမှ သူခုတ်မောင်းတော့မည်ဟု အသိပေးလိုက်သည့် ဥသြသံ စူးစူးရှရှကို ကြားလိုက်ရလေသည်။

အမ်းစထရောင်းသည် နောက်ထပ် မိနစ်အနည်းငယ်ကြာသည်အထိ သီးသန့်ကုန်းပတ်ထက်၌ ရပ်နေသည်။ သူ့စိတ်တစ်ဝက်သည် သူ့အတွေးနှင့်သူ့စိတ်ကို ပြောင်းလဲချင်နေသည်။ ဤပွဲတွင် သူ့အားလုံလောက်သော အကာအကွယ် ပေးလိမ့်မည်ဟု ပြောနေသည်။ ထိုအခိုက်မှာပင် စစ်သင်္ဘောကြီးနှစ်စီးသည် ခေါင်းတိုင်များဆီမှ မီးခိုးလုံးကြီးများမှုတ်ထုတ်ကာ ကူရီဟာမာပင်လယ်အော်ဆီသို့ ဦးတည်ပြီး ခုတ်မောင်းသွားလျက်ရှိလေ၏။

အမ်းစထရောင်းသည် သူ့အတွေးနှင့်သူ ဦးခေါင်းကို တစ်ချက်မျှ ယမ်းလိုက်သည်။ ထို့နောက် သူ့အတွက် အရာရှိယူနီဖေါင်း အပြာရောင်ဝတ်စုံတစ်စုံနှင့် သင့်တော်သော ဓါးတစ်လက် တောင်းယူရန် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

(၄၃)

မင်းသားတာနာကာသည် ကူရီဟာမာ အပေါ်ဘက် တောင်ကုန်းတစ်လျှောက်ရှိ တောအုပ်အတွင်းမှ လမ်းအတိုင်း သူ့မြင်းကိုနှင်လာလျက်ရှိ၏။ အချိန်မှာ နံနက်ခင်း လင်းစ ဖြစ်သည်။ ထိုအခိုက်မှာပင် မစ်စစ္စပီ သင်္ဘောဆီမှ မှုတ်လိုက်သော ဥသြသံ စူးစူးရှရှကို သူကြားလိုက်ရလေသည်။

သူသည် သူ့ဆာမူရိုင်းတပ်စု၏ ရှေ့မှ ဦးဆောင်၍ သွားနေခြင်းဖြစ်သည်။ လမ်းကျယ်ဆီရောက်၍ ကွေ့ချိုးလိုက်သည့်အခါ တာနာကာသည် သူ့မြင်းကို အရှိန်သတ်လိုက်ကာ ပင်လယ်ဘက်သို့ လှမ်းကြည့်သည်။ မြူများကြားမှနေ၍ နိုင်ငံခြားသား လူရိုင်းများ၏ ကြီးမားသော စစ်သင်္ဘောကြီးများကို လှမ်းမြင်နေရသည်။ နှစ်စီးစလုံး၏ခေါင်းတိုင်ကြီးများဆီမှ မီးခိုးလုံးကြီးများသည် ကောင်းကင်ဆီသို့ တစ်လိပ်လိပ် တက်သွားနေကြလေသည်။

'တို့မှာ အချိန်သိပ်မရှိတော့ဘူး' ဟု တာနာကာက သူ့ဘေးမှပါလာသည့် ဂိုတာရိုအားလှမ်းပြောသည်။ 'သင်္ဘောနက်ကြီးတွေတောင်မှ သူတို့အမြောက်တွေနဲ့ ကူရီဟာမာဘက်ကို ချိန်ထားဖို့ ပြင်ဆင်နေကြပြီ . . .'

အစောင့်တပ်ဖွဲ့ ကက်ပတိန်ဂိုတာရိုက ခေါင်းညိတ်ပြသည်။ နှစ်ဦးစလုံးသည် မြင်းကို အမြန်စီးခဲ့ရသော အရှိန်ဖြင့် မောဟိုက်လျက်ရှိလေရာ တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ကြပေ။ သူတို့ရောက်သွားသည့် လမ်းပေါ်တွင် ကြည်းတပ်မှ လက်နက်ကိုင်စစ်သားများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့နေရ၏။

'နောက်ကင်းစခန်းက ဒီနေရာနဲ့ တစ်မိုင်လောက်ကွာမယ်' ဟု တာနာကာက သူ့လူများအား ပြောသည်။ သူတို့သည် တောအုပ်တွင်းမှ လမ်းပေါ်သို့ နောက်တစ်ကြိမ် ရောက်ခဲ့ပြန်ပြီဖြစ်ရာ တာနာကာသည် သူ့မြင်းကို ခပ်မြန်မြန်နှင်လျက် ရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com

သူ့လူများကိုလည်း သူ့နောက်မှ အမြန်စီး၍ လိုက်ကြရန် မကြာခဏ တိုက်တွန်းလျက် ရှိလေသည်။

အမှန်တော့ တာနာကာသည် သူ၏အကောင်းဆုံး မြင်းစစ်သည် ဆာမူရိုင်၊ နှစ်ဆယ်၊ သုံးဆယ်ခန့်အား ရှေ့မှသွားစေပြီး လမ်းဆုံတိုင်း၌ တာဝန်ချထားကာ၊ သတင်းများကို ရအောင်ယူခိုင်းထားခဲ့ခြင်းဖြစ်၏။ သူ့အနေဖြင့် ဖမ်းဆီးရမိထားသော နိုင်ငံခြားသား လူရိုင်းအား ကူရီဟာမာသို့ ပို့ဆောင်မည့် လက်နက်ကိုင်တပ်အား တွေ့ပါက ချက်ခြင်းသူ့ထံ အမြန်သတင်းပို့ရမည်ဟု စစ်သည်များအား မှာထားခဲ့သည်။ မိမိတို့က ဦးစွာတိုက်ခိုက်ခြင်း မပြုရဟုလည်း တင်းကြပ်စွာ အမိန့်ပေးထားခဲ့၏။

အခုဆိုလျှင် သူ တာဝန်ချထားခဲ့သည့် စစ်သည်အတော်များများကို ကျော်လာခဲ့ပြီ၊ အားလုံးက သူတို့တွေ့မြင်ခဲ့ရသမျှကို သတင်းပေးခဲ့ကြသည်။ အခုလည်း သူသည် လမ်းဘေးတစ်နေရာရှိ ချုံပုတ်ထဲမှ စစ်သည်တစ်ဦးနှင့် တွေ့ဆုံလျက်ရှိသည်။

'သံသယဖြစ်စရာ ဘာတစ်ခုမှ မတွေ့ဖူးလား' ဟု တာနာကာက လမ်းမကြီးပေါ်၌ အစုလိုက်သွားနေကြသော လယ်သမားများကို တစ်ချက်လှမ်းကြည့်ကာ သူ့လူအားမေးသည်။

'မတွေ့ပါဘူး အို ကာမိ–ဆန်' ဟု သူ့လူက ဖြေသည်။ 'ဒီလမ်းပေါ်မှာ သွားလာနေကြတဲ့ လူစုကိုရော တစ်ဦးချင်းစီကိုပါ ကျွန်တော်အထူးသတိထားပြီး ကြည့်နေပါတယ်၊ အရှင်ပြောတဲ့ ပုံစံမျိုးကို အစအန တောင် မမြင်ရပါဘူး . . .'

တာနာကာက ခေါင်းညိတ်သည်။ ထိုအခိုက်တွင် ဒုန်းစိုင်းလာသည့် မြင်းခွာသံများကြားကြရသည်။ တောင်ဘက်မှနေ၍ လမ်းမအတိုင်း လာနေခြင်းဖြစ်၏။ နှစ်ဦးစလုံး အသံများလာရာဘက်သို့ လှမ်းကြည့်ကြသည်။ နောက်ဆုံး ကင်းစခန်းဟု ဆိုရမည့် တစ်မိုင်ခန့် အကွာနေရာမှ ကာဂိုမျိုးနွယ်ဝင် ဆာမူရိုင်းနှစ်ဦးဖြစ်သည်။ ရှေ့ဆုံးမြင်းပေါ်တွင် ခြေနှစ်ဖက်နှင့်လက်နှစ်ဖက်ကို ကြိုးနှင့်တုပ်၍ မြင်းပေါ်မှောက်လျက်တင်ထားသော အကျဉ်းသားတစ်ဦး ပါလာသည်။ ပိန်ပိန်ပါးပါး လူတစ်ယောက်ဖြစ်၍ အပေါ်တွင် အင်္ကျီမပါချေ။ မြင်းသမားသည် သူ့မြင်းပေါ်မှ ခုန်ဆင်းကာ တာနာကာ ရှေ့၌ရပ်၍ အရိုအသေပေးသည်။

'ဒါ ဘယ်လိုဖြစ်တာလဲ၊ မင်း ဖမ်းထားတဲ့လူက ဘယ်သူလဲ' ဟု တာနာကာက မေးသည်။

ခေါင်းဆောင်ဆာမူရိုင်းသည် မြင်းပေါ်မှ လူအား ဆွဲချလာပြီး တာနာကာ့ရှေ့၌ ဒူးထောက်ထိုင်ခိုင်းသည်။ 'ဒီကောင်က ဝေါထမ်းတဲ့ကောင်ပါ အို ကာမိ–ဆန်၊ သူ့ကို မိတာ မကြာသေးဘူး၊ မိနစ်ပိုင်းပဲရှိသေးတယ်၊ ကျွန်တော်တို့ တာဝန်ကျနေတဲ့

မပေါ်ဘက်က တောင်ကုန်းတွေပေါ်မှာ တွေ့တာ' ဟု ဆာမူရိုင်းက ပြောသည်။

သူသည် လမ်းမ၏အပေါ်ဘက်ရှိ သစ်ပင်များ ဖုံးလွှမ်းနေသော အမြင့်ပိုင်းများဆီသို့ လက်ညှိုးထိုးပြသည်။ 'လော့ဒ်ဒိုင်ဗိုရဲ့ အဖွဲ့တံဆိပ်တွေတပ်ထားတဲ့ အစောင့်တပ်တစ်တပ်ကို ကျွန်တော်တို့ မြင်ခဲ့ရပါတယ် အို ကာမိ–ဆန်' ဟု ပြောသည်။

'သူတို့နဲ့အတူ တစ်ယောက်ထိုင် နိုရီမိုနိုတစ်ခု ပါလာတယ်။ မြူတွေကျနေလို့ ကျွန်တော်တို့ကို မမြင်ပေမယ့် ကျွန်တော်တို့ကတော့ အသေအချာမြင်ခဲ့ရတယ်'

'သူတို့အုပ်စုထဲမှာ ဝေါထမ်းဖို့ လူပိုတွေအများကြီး ပါလာတယ်၊ အဲဒီထဲမှာ ဒီကောင်လည်းပါတယ်၊ ကျွန်တော်တို့က သူ့ကို သူ့လူတွေ မသိအောင် အလစ်ဝင်ဖမ်းလာခဲ့တာ၊ ဒီကောင်ပြောတာကတော့ သူတို့အရေးသိပ်ကြီးတဲ့ အကျဉ်းသား ဖ·စ်ယောက်ကိုသယ်လာတာ. . . တဲ့၊ အကျဉ်းသားကို ကူရီဟာမာအထိ သွားပို့ရမှာ . . .တဲ့ ၊ သူ အဲဒီထက် ပိုမပြောနိုင်ဘူးလို့ ပြောတယ်၊ အများကြီးပြောလိုက်ရင် လော့ဒ်ဒိုင်ဗိုက သူ့ကိုသတ်မှာ သေချာတယ် . . .တဲ့'

'အေး . . .သူ့ပါးစပ်ကိုပိတ်ပြီး ရေငုံနှုတ်ပိတ် လုပ်နေလို့ကတော့ အခုချက်ခြင်း သူ အသတ်ခံရတော့မှာ . . .ပဲ' ဟု တာနာကာက ပြောကာ သူ့ဓါးရှည်ကို ဆွဲထုတ်ပြီး ဒူးထောက်ထိုင်နေသော ဝေါသမားထံ လျှောက်သွားသည်။

ဝေါသမားသည် တာနာကာ၏လက်ထဲမှ ဓါးကို ကြောက်လန့်တကြား ကြည့်နေသည်။ တာနာကာ၏ဓါးသည် သူ့လည်ပင်းနှင့် ခြောက်လက်မခန့်အကွာထိ ရောက်လာသည်။ ထို့နောက် လည်ပင်းပေါ်ကျလာပြီး ရှပ်တိုက်၍ ဆွဲလိုက်သည်။ ဓါးသွားတွင် သွေးစများ စွန်းလာသည်ကို မြင်ရ၏။

'မင်းသိသမျှ အကုန်ပြောဟု တာနာကာက ပြောသည်'

ဝေါသမားသည် ကြောက်စိတ်ဖြင့် တုန်လှုပ်လျက်ရှိသည်။ လည်ပင်းမှ သွေးသည် သူ့ရင်ဘတ်တလျှောက် စီးဆင်းလာသည်ကို မြင်ရပြီဖြစ်၏။

'ဒိုင်ဗိုရဲ့ အကျဉ်းသားဟာ နိုင်ငံခြားသား လူရိုင်းတစ်ယောက် မဟုတ်လား'ဟု တာနာကာက ဓါးသွား၏ဖိအားကို မသိမသာ တိုးလိုက်ပြီး မေးသည်။ 'ငါမေးတာ ပြော မပြောရင် မင်းသေပြီမှတ်'

'ဟုတ်ပါတယ် အို ကာမိ–ဆန်' ဟု ဝေါသမား၏ နှုတ်မှ ဖြေသံကြားရသည်။

'လော့ဒ်ဒိုင်ဗိုရဲ့ အကျဉ်းသားဟာ နိုင်ငံခြားသား လူရိုင်းတစ်ယောက်ပါ'

'အေး–ဟုတ်ပြီ၊ သူ အသက်ရှင်လျက်ပဲ မဟုတ်လား'

'ဟုတ်ပါတယ် အို ကာမိ–ဆန် ဒဏ်ရာတော့ အပြင်းအထန် ရထားပါတယ်၊ သူ့မျက်နှာကိုလည်း အဝတ်စည်းထားပါတယ်၊ ဒါပေမယ့် သေတော့ မသေသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

'သူ့ကို ဘယ်နေရာက သယ်လာတာလဲ'

'ဖူဂျီတောင်ပေါ်ကပါ အို ကာမိ–ဆန်၊ ကျွန်တော်တို့က သူ့ကို လူမြင်မှာစိုးလို့ ညပိုင်းကျမှ သယ်ကြရပါတယ်'

တာနာကာသည် ဝေါသမား၏လည်ပင်းပေါ်၌ တင်ထားသော ခေါင်းသွား၏ ဖိအားကို လျှော့ပေးလိုက်သည်။ 'နိုင်ငံခြားသား လူရိုင်းရဲ့ အခြေအနေကို အသေးစိတ် သိချင်တယ်၊ မင်းသိထားသလောက် ပြောစမ်း' ဟု မေးသည်။

'သူက ခေါင်းနဲ့ခြေထောက်မှာ ဒဏ်ရာတွေ ရထားပါတယ် အိုကာမိ–ဆန်၊ ဒဏ်ရာတွေကို ပတ်တီးစီးပေးထားပေမယ့် သွေးတွေကတော့ ထွက်နေတုန်းပါ၊ ကျွန်တော်တို့ နားချိန်ကျရင် သူ့ကိုရေတိုက်တယ်၊ ထမင်းတို့ ကြက်ဥပြုတ်တို့ ကျွေးတယ်၊ ဒါပေမယ့် သူက မကြာ . . .မကြာ သတိလစ် . . .လစ်သွားတယ်၊ သူ့ကို ရပ်ခိုင်းတဲ့အခါကျရင်လည်း ကောင်းကောင်း မရပ်နိုင်ဘူး၊ အရမ်းအားနည်းနေတယ်'

'သူ့မှာ အခုထက်ထိ နီပွန်လယ်သမားဝတ်စုံ ဝတ်ထားတုန်းပဲလား'

'ဝတ်ထားတုန်းပါပဲ အိုကာ–မိဆန်'

တာနာကာ၏အကြည့်သည် ဝေါသမားအား ဖမ်းခေါ်လာသည့် ဆာမူရိုင်းဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။ 'လက်နက်ကိုင်တပ်ဖွဲ့ ဆင်းနေတဲ့နေရာက သစ်တော တွေကလည်း ဖုံးနေတယ်၊ မတ်လည်းမတ်စောက်နေတယ် ဟုတ်လား' ဟု မေးသည်။

'ဟုတ်ပါတယ် အို ကာမိ–ဆန်' 'သစ်တောတွေ ထူထပ်ပါတယ်၊ သိပ်ပြီးလည်း မတ်စောက်ပါတယ်'

'လမ်းတွေက သိပ်ကျဉ်းသလား၊ လူတွေနဲ့မြင်းတွေ ရှေ့နောက်တန်းစီပြီး အတန်းတစ်တန်းထဲ သွားလို့ရတဲ့လမ်းမျိုးလား'

ဆာမူရိုင်းက ခေါင်းညိတ်သည်။ 'ဟုတ်ပါတယ် အို ကာမိ ဆန်'

'နိုင်ငံခြားသား လူရိုင်းကို သယ်လာတာ ဘယ်လိုယာဉ်မျိုးလဲ'

'မြူတွေဆိတ်နေလို့ ကောင်းကောင်း မမြင်ရဘူး' ဟု ဆာမူရိုင်းက ပြောသည်။

'ရိုးရိုးထမ်းစင်ပဲ ဖြစ်မယ်၊ အနက်ရောင် နိုရီမိုနို တစ်ခုပဲ'

'ကျွန်တော့်ကို ခွင့်လွှတ်ပါ အို ကာမိ–ဆန်' ဟု ဂိုတာရိုက ရုတ်တရက် ကြားဖြတ်ပြောသည်။

'ကျွန်တော်တို့ ကင်းချထားတဲ့ တပ်သားတွေ အားလုံးကို စုလိုက်ရမလား ...၊ သိပ်နောက်မကျခင် ဝင်တိုက်နိုင်မှ ဖြစ်မယ်လို့ ထင်ပါတယ် . . .အရှင်'

တာနာကာက ခေါင်းခါသည်။ 'ပြောင်တိုက်လို့က မဖြစ်သေးဘူး၊ အဲသလို သွားလိုက်ရင် ပြည်တွင်းစစ်တစ်ခု ဖြစ်အောင် ဆွပေးလိုက်သလို ဖြစ်သွားလိမ့်မယ်၊

ဒါဆိုရင် နိုင်ငံခြားသားလူရိုင်းတွေကို တိုက်ဖို့နဲ့သတ်ဖို့ အကြောင်းရှာနေတဲ့ ဒိုင်ဗို အတွက် အခွင့်အရေးပေးလိုက်သလို ဖြစ်မှာစိုးရတယ်'

'အို ကာမိ–ဆန် သဘောအတိုင်းပါပဲ' ဟု ဂိုတာရိုက ပြန်ပြောသည်။ 'ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ'

တာနာကာသည် အချိန်ယူပြီး တွေးတောကြံဆနေရာမှ လမ်းမပေါ်၌ ဖြတ်သွား နေကြသည့် ဝေါများကို လှမ်းကြည့်နေသည်။ ထို့နောက် သူ့လူဖမ်းလာသည့် ဝေါထမ်း သမား၏ပခုံးပေါ် ခေါင်းတင်၍ 'နိုင်ငံခြားသားလူရိုင်းကို သယ်လာတဲ့ နိုရီမိုနို ဟာ ဘယ်လိုအမျိုးအစားလဲ' ဟု မေးသည်။ 'ဟိုလမ်းပေါ်မှာ သွားနေကြတဲ့ ဝေါတွေထဲက တယ်ဟာနဲ့တူသလဲ'

ဝေါသမားက လမ်းပေါ်လှမ်းကြည့်သည်။ 'ဟိုးမှာသွားနေတဲ့ အနက်ရောင် နိုရီမိုနို လို ရိုးရိုးအမျိုးအစားပါ . . . အို ကာမိ–ဆန်' ဟု ပြောသည်။

'ဂိုတာရို ... ဟိုဝေါသမားတွေကို အခုချက်ခြင်းဖမ်း၊ ကြိုးနဲ့တုပ်ပြီး သစ်ပင်တွေ ကြားမှာ အစောင့်နဲ့ထား' ဟု တာနာကာက ဖြန်းခနဲ အမိန့်ပေးလိုက်သည်။

ဂိုတာရိုသည် သူ့ဓါးကို ဆွဲထုတ်ကာ သူ့လူခြောက်ယောက်ကို ခေါ်၍ ရပ်ခိုင်း ထားသော ဝေါဆီသို့ ပြေးသွားပြီး ဝိုင်းထားလိုက်သည်။ ဆာမူရိုင်းတစ်ဦးက ထမ်းစင် တံခါးကို ဆွဲဖွင့်လိုက်ပြီး အထဲမှ အထိတ်တလန့် ဖြစ်နေသော မုတ်ဆိတ်ဖွေးဖွေးနှင့် ပိုးသားဝတ်ရုံကြီးဝတ်ထားသည့် အရာရှိအား ဆွဲထုတ်လိုက်သည်။ ထို့နောက် အထမ်း သမားများနှင့် နိုရီမိုနို ကိုရော အရာရှိကိုပါ သစ်ပင်များအောက်သို့ ဆွဲခေါ်လာ သည်။

'ဟို အကျဉ်းသား ဝေါသမားရဲ့သွေးကို သူ့ခေါင်းစည်းနဲ့ သုတ်ပေးလိုက်၊ ပြီးရင် သူ့ခေါင်းမှာ ပြန်စည်းပေးထား' ဟု တာနာကာက ထိုဝေါသမားအား ဖမ်းလာသည့် ဆာမူရိုင်းအား ခိုင်းသည်။

'သွေးစတွေနဲ့ပတ်တီးတွေကို သူ့ခြေထောက်မှာ စည်းပေး . . .။ လမ်းပေါ်မှာ သွားနေတဲ့ လယ်သမားတစ်ယောက်ဆီက ဝတ်စုံကို ရအောင်ယူ . . .။ ပြီးရင် ဒီကောင့် မျက်နှာကို အဝတ်စည်းပြီး အခုမင်းတို့ သိမ်းလာတဲ့ နိုရီမိုနိုထဲထည့်ထား . . .၊ ငါပြောတာရှင်းရဲ့လား'

သူ အမိန့်ပေးလိုက်သည့် ဆာမူရိုင်းသည် တာနာကာ၏ အမိန့်အတိုင်း ချက်ခြင်း ဆောင်ရွက်သည်။ အကျဉ်းသားဝေါသမားအား နိုရီမိုနို ထဲသွင်းအပြီးတွင် တာနာ ကာသည် သူ့ဆာမူရိုင်းများအား စေ့စေ့စပ်စပ်ကြည့်သည်။ 'ငါနဲ့တူတူတွဲဖို့ လူခြောက် ယောက်လိုတယ် ' ဟု ပြောသည်။ 'တို့လူစုက နိုရီမိုနိုကို ထမ်းကြရမယ်၊ ခေါင်းကိုင်

www.burmeseclassic.com

www.burmeseclassic.com

စစ်သည်တွေကို လက်နက်မပါပဲ ယှဉ်ရဲတဲ့ သတ္တိမျိုးတော့ ရှိဖို့လိုတယ်၊ ငါတို့ဂျပန် ဟိုမှာဖမ်းထားတဲ့ အထမ်းသမားတွေရဲ့ ခေါင်းစည်းတွေနဲ့ လန်ကွက်တီတွေ ဝတ်ပြီး အထမ်းသမားတွေအဖြစ် ရုပ်ဖျက်ကြရလိမ့်မယ်'

ပြောပြောဆိုဆို တာနာကာသည် မြင်းပေါ်မှ ခုန်ဆင်းသည်။ သူကြိုက်ရာ ခြောက်ဦးရွေးသည်။ သူ့အပါအဝင် အားလုံးသည် အထမ်းသမားများအဖြစ် ရုပ်ဖျက်ကြသည်။ သူတို့သည် အထဲ၌ ထိုင်နေသော လယ်သမားအသွင် ဝတ်ဆင်ထားသည့် အထမ်းသမားများအား အသေအချာကြည့်သည်။ ထို့နောက် နီရီမိုနီကိုမကာ ပခုံးများပေါ်တင်လိုက်ကြလေသည်။

'ဒိုင်ဖိုလူတွေနဲ့ ဘယ်လောက်ဝေးသလဲ' ဟု တာနာကာက အထမ်းကို ဖမ်းလာသည့် ဆာမူရိုင်းအားမေးသည်။

'နှစ်ရီလောက်ဝေးပါတယ် အရှင်'

မင်းတို့က ရှေ့က ဦးဆောင်ပြီးသွား၊ မြန်မြန်သာ သွား'

တာနာကာသည် ဂိုတာရိုနှင့်ကျန်ဆာမူရိုင်း နှစ်ဆယ်အား သူတို့နောက်မှ လိုက်ရန်လက်ပြသည်။ 'တို့နောက်က နည်းနည်းခွာပြီး လိုက်၊ တို့က သစ်ပင်တွေကြား ကဖြတ်ပြီး တိတ်တိတ်ကလေး ချဉ်းကပ်နိုင်ဖို့ ကြိုးစားမယ်' ဟု ပြောသည်။

(၄၄)

ဆတ်စ်ကွိဟန်နာ နှင့် မစ်စစ္စပီ စစ်သင်္ဘောကြီးနှစ်စီးသည် စောစောက သူတို့အား ကူရီဟာမာ ပင်လယ်အော်ကို မမြင်နိုင်အောင် ဖုံးကွယ်သည့် ကုန်းစွန်းအငူကို ကျွေပတ်ကာ ခုတ်မောင်းလာခဲ့ကြသည်။ ရုတ်တရက် ချက်ခြင်းပင် သင်္ဘောများ ထက်သို့ ဆိတ်ငြိမ်မှုသည် ကျဆင်းလာသည်။

သင်္ဘောသားများနှင့်မရိန်းတပ်သားများသည် သူတို့၏ လက်နက်များနှင့် ကိရိယာတန်ဆာပလာများ ပြင်ဆင်ခြင်း၊ အမြောက်များကို ကမ်းခြေဆီသို့ ချိန်ရွယ်နိုင်ရန် စီမံခြင်း၊ စသည်များဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။ တပ်သားအားလုံးသည် ဤနေရာသို့ ရောက်ခါမှ ကမ်းခြေမှ အသင့်ပြင်၍ စောင့်နေကြသော ဂျပန်တပ်သားများကို မြင်တွေ့ရခြင်းဖြစ်ရာ များစွာအံ့အားသင့်လျက် ရှိကြလေ၏။

ထောင်နှင့်ချီ၍ ရှိနေသော ဂျပန်စစ်သားများမှာ အမျိုးစုံဖြစ်သည်။ ခြေလျင်တပ်သားများ၊ လေးတပ်သားများ၊ လှံကိုင်ခြေလျင်စစ်သည်များနှင့် လှံကိုင်မြင်းသည်တော်များဖြစ်၏။ အားလုံးသည် ပင်လယ်ကမ်းခြေ သဲသောင်ပြင်ထက်၌ မလှုပ်မယှက် ရပ်နေကြခြင်းဖြစ်သည်။

ပင်လယ်ကမ်းစပ် တလျှောက်တွင်လည်း လက်နက်ကိုင် တပ်သားများ ပါဝင်သည့် လှေများဆိုက်ကပ်ထားသည်ကို မြင်ရ၏။ ယင်းတို့အားလုံးသည် အမေရိကန်စစ်သင်္ဘောများအား မျက်နှာချင်းဆိုင်ကာ အသင့်အနေအထား၌ ရှိနေကြလေသည်။

အပြာနှင့်အဖြူရောင် ရွက်ထည်များဖြင့် တခမ်းတနား ဆောက်လုပ်ထားသည့် ခည့်ခံမဏ္ဍပ်ကိုလည်းကောင်း၊ မလှမ်းမကမ်းရှိ ကူရီဟာမာ ကျေးရွာကိုလည်းကောင်း၊ အပီအပြင် မြင်တွေ့နေရ၏။ ယူရာဂါအပေါ်ဘက် အမြင့်ပိုင်းမှ ခံတပ်များကဲ့သို့သော ထိုကျေးရွာ ပတ်ဝန်းကျင် တစ်ခွင်တွင်လည်း အမြောက်များ ချထားကြလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ယူဆရပေသည်။

မည်သို့ပင်ဆိုရစေကာမူ ပင်လယ်အော်၏ အလယ်လောက်ဆီတွင် ယာယီဗောတံတားတစ်ခုကို ကောက်ရိုးအိတ်များနှင့်သဲအိတ်များကို အသုံးပြုကာ စနစ်တကျတည်ဆောက်ထားသည်။ ထိုယာယီတံတားပေါ်တွင် လမ်းတစ်ခုကိုပါ မြင်သာအောင်ပြုလုပ်ပေးထား၍ ထိုလူသွားလမ်းသည် မဏ္ဍပ်ဝင်ပေါက်ဆီသို့ ဦးတည်ထားလေသည်။

'ကြည့်ရတာ မြင်ရတာတွေကတော့ဖြင့် ကျွန်တော်တို့ရဲ့ ဦးခေါင်းတွေကို ခြသေ့်ပါးစပ်ပေါက်ထဲ ထိုးထည့်ပေးလိုက်သလိုမျိုး ဖြစ်နေမလား မသိဘူး၊ မေဂျာပီယာဆဲလ်၊ ခင်ဗျားဘယ်လိုထင်လဲ' ဟု စကားပြန်ဆင်မြူရယ်အမ်းစထရောင်းက မေးသည်။ သူတို့သည် အရာရှိများအတွက်ထားသော သီးသန့်ကုန်းပတ်တွင် ရပ်နေကြခြင်းဖြစ်၍ ကမ်းပေါ်မှ မြင်ကွင်းများကို ကြည့်နေသော အမ်းစထရောင်းက စိတ်ပူလာသဖြင့် မေးလိုက်ခြင်း ဖြစ်လေသည်။

'သိပ်ပြီး စိုးရိမ်စရာတော့ မရှိပါဘူး–မစ္စတာ အမ်းစထရောင်း' ဟု အဝေးကြည့်မှန်ပြောင်းဖြင့် ကမ်းခြေတစ်လျှောက်ကို ပိုက်စိတ်တိုက်၍ ကြည့်နေသော မေဂျာပီယာဆဲလ်ကပြန်ဖြေသည်။ 'ခင်ဗျား အသေအချာကြည့်၊ သူတို့တပ်တွေချထားပုံက လျော့တိလျော့ရဲ သိပ်နိုင်တယ် လုံးဝ စနစ်မရှိဘူး'

မေဂျာပီယာဆဲလ်သည် ရင်အုပ်ကျယ်ကျယ်နှင့်အရပ်ခြောက်ပေခန့်မှာ မြင့်သူဖြစ်၏။ သူသည် မျက်လုံးများတွင် အပ်ထားသည့် မှန်ပြောင်းကို ချလိုက်ပြီး အမ်းစထရောင်းဘက် လှည့်ကြည့်သည်။ လူလုချင်းယှဉ်လို့ကတော့ ကျွန်တော်တို့က လူလုံးလူထည် ပိုကြီးတယ်၊ ပိုပြီး အားသန်တယ်၊ ပြီးတော့ ကျွန်တော်တို့က ပိုပြီးစည်းကမ်းစနစ်ကောင်းတယ်၊ တကယ်လို့ ခြသေ့်က ကိုက်ဖို့အားထုတ်ရင် ကျွန်တော်တို့က သူ့အမြီးကို လိမ်ချိုးကြတာပေါ့'

'မြေရှင်ပဒေသရာဇ်ခေတ်နဲ့ ခေတ်သစ်ကမ္ဘာရဲ့ အင်အားသစ်တို့ ထိပ်တိုက်တွေ့ကြတဲ့ပွဲဟာ ကျွန်တော်တို့ရှေ့ရောက်နေတာပဲ' ဟု အမ်းစထရောင်းက သူ့ခဏ ယူကြည့်နေသည့် မှန်ပြောင်းကို မေဂျာလက်သို့ ပြန်ပေးရင်း ပြောသည်။

'ကျွန်တော်က ဘုရားသခင်ကို ယုံကြည်တယ်' ဟု မေဂျာပီယာဆဲလ်က ပြောသည်။ 'ပြီးတော့ ကျွန်တော့်လူတွေရဲ့ ပစ်ခတ်မှုနဲ့ သူတို့ရဲ့ အလေ့အကျင့်တွေပေါ်မှာလည်း စိတ်ချယုံကြည်တယ်'

သူသည် အောက်ဖက်ကုန်းပတ်ဆီသို့ ဆင်းသွားသည့် ကမ်းတက်အဖွဲ့အတွက် လူရွေးထားပြီးပြီဖြစ်၍ ထိုအဖွဲ့ဝင်များအား အစမ်းလေ့ကျင့် သင်ကြားပေးနေပြီ ဖြစ်၏။ အမ်းစထရောင်းသည် လေ့ကျင့်နေသော အဖွဲ့သားများအား အနီးကပ်ကြည့်ရှုလေ့လာ

လျက်ရှိသည်။ ဤလူစုမှာ ကွန်မိုဒိုပါရီကိုယ်တိုင် သူ့အားမှလိုက်ရန် သူကိုယ်တိုင်စိတ်တိုင်းကျ ရွေးချယ်ထားသူများဖြစ်၏။

ထိုလူစုထဲမှ သူ့သက်တော်စောင့်ကိုယ်ရံတော်အဖြစ် ရွေးထားသူနှစ်ဦးမှာ အရပ်ခုနစ်ပေနီးပါးရှိ၍ အများတကာထဲတွင် အထူးခြားဆုံးနှင့် ခွန်အားဗလအကြီးဆုံးလူများအဖြစ် အသိအမှတ်ပြုရမည့် လူနှစ်ဦး ဖြစ်နေသည်။ ယင်းနှစ်ဦးမှာ လူမည်းသင်္ဘောသားများဖြစ်ပေသည်။

နောက်သင်္ဘောသား လူဖြူနှစ်ဦးမှာ လူမည်းနှစ်ဦးလောက်နီးပါး အရပ်မြင့်သူများဖြစ်၍ သူတို့သည် အမေရိကန်အလံကိုကိုင်ကာ အဖွဲ့၏ရှေ့ဆုံးမှ ချီတက်ရမည့်လူများဖြစ်၏။ သူတို့နှစ်ဦးကြားမှ လိုက်ပါရမည့် သင်္ဘောဝန်ထမ်းနှစ်ဦးမှာ အမေရိကန်သမ္မတနှင့်ကွန်မိုဒိုပါရီ၏ စာများကို သယ်ယူလာကြလိမ့်မည်ဖြစ်သည်။

ရှေ့ဆုံး၌နေရာယူထားသည့် ဘင်ခရာအဖွဲ့ . . .။ အားလုံးနေသားတကျ နေရာယူအပြီးတွင် ကုန်းပတ်ပေါ်၌ လှည့်ပတ်၍ ချီတက်ကြသည်။ စနစ်တကျ ခြောက်ကြိမ်ခန့်လေ့ကျင့်ချီတက်ကြခြင်းဖြစ်၏။ မေဂျာပီယာဆဲလ်သည် လူမည်းကိုယ်ရံတော်နှစ်ဦး၏အလယ်၌ရပ်ကာ ကွန်မိုဒိုပါရီအဖြစ် ချီတက်လျက်ရှိလေသည်။

'ကျွန်တော်တို့ ကျောက်ဆူးချခါနီးပြီ မစ္စတာအမ်းစထရောင်း' ဟု လက်ဖတင်နင်ရိုက်စ်က ပြောသည်။ ဆတ်စ်ကွီဟန်နာသင်္ဘောသည် ကမ်းခြေနှင့်အေးချင်းတိုက် ဖြစ်သွားသည်အထိ လှည့်လိုက်သည်။ 'ကျွန်တော်တို့ ကမ်းပေါ်အတက်မှာ လမ်းပြပေးမယ့် ဂျပန်အရာရှိတွေ မကြာခင် ရောက်လာတော့မယ်'

ဆိပ်ကမ်းဘက်မှ ဂျပန်လှေခြောက်စီး ထွက်လာသည်။ လှေနှစ်စီးပေါ်တွင်ကား အမ်းစထရောင်း သိနေသည့် ယူရာဂါဘုရင်ခံနှင့်သူ့စကားပြန် ဟာနီဝါရာတိုကူမာတို့ လိုက်ပါလာသည်။ လှေထိပ်တွင်မူ ယူရာဂါဘုရင်ခံအလံ . . .၊ ကျန်လှေ လေးစီးမှာ အစောင့်လှေများ ဖြစ်သည်။ လှေအားလုံး သင်္ဘောအနီးသို့ ရောက်လာသည်။

'သူတို့ သင်္ဘောပေါ် တက်အလာကို ကျွန်တော် ဆင်းပြီးကြိုရင် ကောင်းမလား၊ ကွန်မိုဒို ဆန္ဒကဘယ်လိုရှိမလဲ မသိဘူး' ဟု အမ်းစထရောင်းက လက်ဖတင်နင်ရိုက်စ်အားမေးသည်။

'ဒီနေ့မနက် ကမ်းပေါ်မရောက်ခင်ကြားမှာ ဘယ်ဂျပန်နဲ့မှ စကားမပြောရဘူးလို့ ကွန်မိုဒိုက အမိန့်ထုတ်ထားတယ်'

'ဘာကြောင့်လဲ လက်ဖတင်နင် ရိုက်စ်'

'ဂျပန်စဉ်သည်သည်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ အမြောက်တွေနဲ့ အဲဒီအမြောက်တွေက ကမ်းခြေကို ချိန်ရွယ်ထားပုံတွေကလွဲပြီး အခြားကိစ္စတွေအပေါ်မှာ အာရုံမရောက်

www.burmeseclassic.com

www.burmeseclassic.com

စေချင်ဘူးလို့ ကွန်မိုဒိုကပြောတယ်။ ကျွန်တော်တို့ရဲ့ စစ်ပြင်ဆင်မှုကို သူတို့နားလည်သွားစေချင်တယ် . . .တဲ့'

အမ်းစထရောင်းက ခေါင်းညိတ်သည်။ လက်ဖတင်နင်ရိုက်စ်က အမ်းစထရောင်းကို ကြည့်၍ပြုံးသည်။ 'သူတို့အနေနဲ့ သင်္ဘောပေါ်မှာ ကြာကြာနေဖို့ အကြောင်းမရှိဘူး၊ ခဏပဲနေပြီးရင် ပြန်ကြရမှာ၊ ခင်ဗျားက ကျွန်တော်တို့ရဲ့ ရှေ့ဆုံးလှေမှာ **ဆတ်စ်ကွီဟန်နာ သင်္ဘောတပ်မှူး မေဂျာပီယာဆဲလ်နဲ့** လိုက်ရမယ်၊ အဲဒီပေါ်မှာ ကျွန်တော်ရဲ့ **မစ်စစ္စပီ** သင်္ဘောရဲ့ တပ်မှူးလည်းပါမယ်'

'ကမ်းပေါ်ကို ပထမဆုံး တက်ရမယ့်လူတွေထဲမှာ ပါတာဟာ ဂုဏ်ပြုမှု ခံရသလိုပါဘဲ . . .လက်ဖတင်နင်' ဟု အမ်းစထရောင်းက ပြန်ပြောသည်။

နောက်တစ်ခဏမျှအကြာတွင် ယူရာဂါဘုရင်ခံနှင့်အဖွဲ့သည် သီးသန့်ကုန်းပတ်ပေါ်ရှိ ထိုင်ခုံများတွင် နေရာယူကြသည်။ ဘုရင်ခံ၏အဝတ်များမှာ ယခင်အခေါက်ကထက်ပို၍ တစ်ခမ်းတနား ရှိလာသည်။ ကတ္တီပါ ပိုးသားဝတ်စုံကြီးမှာ မျိုးနွယ်တံဆိပ်များ ထိုးထားသဖြင့် ထယ်ဝါခန့်ညားလှသည်။

ဘုရင်ခံဘေးမှ လိုက်ပါလာသူမှာ ဘုရင်ခံ၏စကားပြန်ဟာနီဂါရာတိုကူမာ။ သူသည် အနက်ရောင် ဖဲဝတ်စုံကြီး ဝတ်ထားပြီး အနက်ရောင် ပိုးဦးထုပ် ဆောင်းထားသည်။ သူ့မျက်နှာသည် ခါတိုင်းထက်ပို၍ ဖျော့တော့တော့ ဖြစ်နေသည်။ ဘုရင်ခံသည် ယခင်အခေါက်များကလိုပင် ဦးခေါင်းကိုညွှတ်၍ နှုတ်ဆက်သည်။ ဂျပန်စကားပြန်မှာမူ အရိုအသေပေး၍ နှုတ်ဆက်သော်လည်း ဘယ်သူ့မျက်နှာကိုမှမကြည့် သူ့အကြည့်ကို ကုန်းပတ်ကြမ်းပြင်ထက်၌ စူးစိုက်ထားလေသည်။

နောက်ဆုံးတွင် ဆတ်စ်ကွီဟန်နာပေါ်မှ လှေများကို အောက်သို့ချကြသည်။ အရာရှိများ၏ အော်ဟစ်အမိန့်ပေးသံများကိုလည်း ကြားနေကြရ၏။ ကမ်းပေါ်တက်မည့်အဖွဲ့ဝင်များအား စီစဉ်ပေးထားသည့် လှေအလိုက် နေရာယူခိုင်းနေခြင်းဖြစ်သည်။ ယူရာဂါဘုရင်ခံနှင့်သူ့လူများမှာလည်း သူတို့လှေများပေါ် ပြန်ရောက်ကုန်ကြလေပြီ။ မကြာခင်မှာပင် မေဂျာပီယာဆဲလ်နှင့်အမ်းစထရောင်းတို့သည်လည်း သူတို့လှေပေါ် ရောက်သွားကြသည်။

လှေအားလုံးသည် အစီအစဉ်အတိုင်း ကမ်းခြေဘက်သို့ ဦးတည်၍ လှော်ခတ်သွားနေကြသည်။ ဂျပန်လှေများသည် ရှေ့ဆုံးမှဖြစ်၍ အမေရိကန်လှေများသည် နောက်မှ . . .၊ အမေရိကန်လူငယ်ဟာပ်သားတချို့သည် ဤတစ်နေ့တာ ဘယ်လိုအဆုံးသတ်မည်ကို စဉ်းစားတွေးတောနေကြပုံရသည်ဟု အမ်းစထရောင်း ထင်နေမိသည်။

မြူများသည် ကူရိဟာမာ၏ အထက်ဘက်တွင် လွှမ်းခြုံနေဆဲ . . .။ နေရောင်ကတော့ ပင်လယ်ရေပြင်ထက်သို့ သက်ဆင်းစပြုနေပြီ။ နေရောင်ကြောင့် လှိုင်းများသည် တောက်ပလာနေသကဲ့သို့ အရာရှိများ၏ ဦးထုပ်များနှင့် ရွှေရောင်တံဆိပ်များသည်လည်း တဖျပ်ဖျပ်လက်ကာ ဝင်းလက်နေကြသည်။

ထိုအခိုက်မှာပင် ဆတ်စ်ကွီဟန်နာ၏ အမြောက်တစ်လက်ဆီမှ ပစ်ခတ်လိုက်သော အသံသည် ထွက်ပေါ်လာသည်။ ကမ်းခြေထက်မှ ရပ်ကြည့်နေကြသော ဂျပန်အရပ်သူ၊ အရပ်သားများသည် အထိတ်တလန့်ဖြစ်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးကုန်ကြသည်။ အမြောက်သံသည် ပင်လယ်အော်တစ်ခုလုံးကို လှုပ်ရှားစေသည်။ တစ်ဆက်တည်းပင် . . .ဒုတိယအမြောက်ဆီမှ ပစ်ခတ်သံတစ်ချက် ကြားရပြန်သည်။ ထို့နောက် တတိယအမြောက်ဆီမှ တတိယတစ်ချက် . . .၊ အားလုံးကွန်မိုဒိုအားအလေးပြုသည့်အနေဖြင့် ဆယ့်သုံးချက်တိတိ ပစ်လိမ့်မည်ဖြစ်၏။ ကွန်မိုဒိုပါရီသည် သူ့သင်္ဘောပေါ်မှ အခုပင် ဆင်းလာနေပြီ မဟုတ်ပါလား . . .။

ဆတ်စ်ကွီဟန်နာပေါ်မှ ဆင်းလာသော ကွန်မိုဒိုသည် လှေပေါ်ဆီသို့ တက်၍ နေရာမယူမီ ကမ်းခြေဆီသို့ တစ်ချက်မျှရပ်၍ လှမ်းကြည့်သည်။ ခြောက်ဆယ့်လေးပေါင်ဒါအမြောက်သံများသည် တစ်ချက်ပြီးတစ်ချက် ထွက်လာနေဆဲ . . .၊ အမ်းစထရောင်းသည် ကမ်းခြေဆီသို့ လှမ်းကြည့်သည်။ အရပ်သူ၊ အရပ်သားများသည် စောစောကနေရာတွင် ပြန်လည်စုရုံးနေကြသည်ကို မြင်ရ၏။ နိုင်ငံခြားသားလူရိုင်းများသည် အမြောက်သံပေးခြင်းမျှသာဖြစ်၍ ဘယ်သူ့ကိုမှ ဒဏ်ရာအနာတရဖြစ်အောင် ပစ်ခတ်နေခြင်း မဟုတ်လေသည်ကို နားလည်သွားကြပြီ မဟုတ်ပါလော . . .။

www.burmeseclassic.com

www.burmeseclassic.com

(၄၅)

'အဲဒီ သေနတ်သံတွေက ဘာတွေလဲ အို ကာမိ–ဆန်'

ကူရီဟာမာရှာ၏ အပေါ်ဘက် မြူဆိုင်းနေသော တောအုပ်ကြီးများအတွင်းမှ ဖြတ်သွားနေသည့် တာနာကာ့ဘေးမှ လိုက်ပါလာနေသော ဆာမူရိုင်းလူငယ်က အမြောက်သံများ ကြားသည့်အခါ ထိတ်လန့်အံ့ဩစွာဖြင့်မေးသည်။

'ငါမသိဘူး' ဟု တာနာကာက ဖြေသည်။ 'မြူတွေ မပြယ်မချင်း သိဖို့မလွယ်ဘူး'

ဆာမူရိုင်းလူငယ်၏ ညာဘက်ပခုံးမှာ တာနာကာ့ပခုံးကဲ့သို့ပင် နီရဲပွန်းပဲ့လျက်ရှိသည်။ နိုရီမိုနို တင်ထားသည့် ဝါးလုံးကို ထမ်းလာရသဖြင့် အနာတရ ဖြစ်လာခဲ့ခြင်းပေတည်း။ တာနာကာအပါအဝင် နိုရီမိုနိုကို ထမ်းလာသူအားလုံးသည် မတ်စောက်သော တောင်ကုန်းဆင်ခြေလျှောအတိုင်း ပင်ပန်းကြီးစွာ ဆင်းလာနေကြခြင်းဖြစ်၍ ပခုံးများ ပေါက်ပြဲကာ နာကျင်လျက် ရှိကြလေသည်။

'အို ကာမိ–ဆန် ၊ နိုင်ငံခြားသားလူရိုင်းတွေက ကျွန်တော်တို့ကို စတိုက်နေပြီလား၊ ကျွန်တော်တို့ နောက်ကျသွားပြီလား' ဟု ဆာမူရိုင်းလူငယ်က ထပ်မေးပြန်သည်။

တာနာကာက သူ့လူများအား ခေတ္တရပ်ခိုင်းပြီး အမြောက်သံများကို နားစွင့်သည်။

'တစ်ခုခုအချက်ပြဖို့ အချက်ပေးနေတာလို့ ထင်တယ်' ဟု မှတ်ချက်ချသည်။

'နိုင်ငံခြားသား လူရိုင်းတွေ သင်္ဘောတွေပေါ်ကဆင်းပြီး ကမ်းပေါ်တက်ကြပြီနဲ့တူတယ်' ဟု လူငယ်က ရေရွတ်သည်။ 'ကျွန်တော်တို့ မှီမှမှီပါတော့မလား'

'အေး . . .ဟုတ်တယ်' ဟု တာနာကာက ရေရွတ်သည်။ 'တို့ အမြန်ဆုံးသွားကြမှဖြစ်မယ်'

သူတို့သည် နိုရီမိုနို အားပြန်၍ထမ်းကာ တောင်ကုန်းဆင်ခြေလျှောအတိုင်း ဆက်ဆင်းကြသည်။ သူတို့ရှေ့တွင် လမ်းပြဆာမူရိုင်း၏ မြင်းကို မြင်ရ၏။ မြင်းများ

www.burmeseclassic.com

www.burmeseclassic.com

သည် အခုချိန်ထိ မပြယ်သေး . . .၊ မြင်းသမားဆာမူရိုင်းသည် မြင်းပေါ်မှဆင်း၍ တောင်ကုန်း၏ မတ်စောက်သော ဘေးအဆင်းများကို ချောင်းကြည့်နေသည်။

'ဒီနေရာဟာ ကူရီဟာမာရွာဆီကို ရောက်ခါနီးလမ်းပဲ အို ကာမိ–ဆန်' ဟု ၎င်း အနားကို နိုရီမိုရို ရောက်သွားသည့်အခါ လမ်းပြဆာမူရိုင်းက တာနာကာအား ပြော ပြောသည်။ 'ဒီလမ်းက လမ်းနှစ်ခွရှိတယ်၊ နှစ်လမ်းစလုံး ရွာကိုရောက်တယ်၊ သိပ်လည်း မဝေးတော့ဘူး၊ လမ်းက ဒီလျှိုကို ဖြတ်သွားတယ်'

'လက်နက်ကိုင်အုပ်စုကို မင်းတွေ့တာ . . .ဘယ်နေရာလဲ' ဟု တာနာကာက မေးသည်။

'ဒီနေရာရဲ့အထက် လေးရီ လောက်အကွာမှာပါ အို ကာမိ–ဆန်'

တာနာကာသည် နိုရီမိုရို အား မြေပေါ်ချခိုင်းပြီး အတန်ကြာမျှ စဉ်းစားနေ သည်။ သူသည် မြူများကြားသို့ ငုံ့ကြည့်ကာ အသံကိုနားစွင့်သည်။ ဘာသံမှ မကြားရ။

'သူတို့ဒီနေရာကို လွန်သွားပြီထင်တယ်၊ အခုလောက်ဆိုရင် ကူရီဟာမာကို ရောက်ချင်ရောက်နေမှာ'

'ကျွန်တော်တို့ လျှိုထိပ်က လမ်းအတိုင်း အမြန်သွားရင် ကောင်းမယ် အိုကာမိ– ဆန်၊ သူတို့ကို မှီချင်မှီမှာ' ဟု လူငယ်ဆာမူရိုင်းက ပြောသည်။ 'အဲဒါဆိုရင် ကျွန်တော် တို့ နောက်ကျမယ် မထင်ဘူး'

တာနာကာသည် မျက်လုံးများကိုစုံမှိတ်ကာ စဉ်းစားလျက်ရှိပြန်၏။ အကယ်၍ လက်နက်ကိုင်အဖွဲ့သည် ဤနေရာမှဖြတ်သွားပြီး ကူရီဟာမာရွာ၏ ကမ်းခြေသဲသောင် ပြင်ဘက်သို့ နီးကပ်သွားခဲ့ပါမူ . . .၊ ထိုကဲ့သို့မဟုတ်ပဲ လက်နက်ကိုင်အဖွဲ့သည် သူတို့၏ အပေါ်ဘက်တစ်နေရာရာ၌ ရှိနေခဲ့သေးသည်ရှိသော် . . .၊ သူသည် ဘယ်လို လုပ်ရမည်ကို စဉ်းစား၍မရ။ တိကျပြတ်သားသည့် အဆုံးအဖြတ်တစ်ခုကိုလည်း မပြုနိုင်။

အလွန်အမင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်မှ သတ္တုပစ္စည်း ချင်း ပွတ်တိုက်မိသံ သဲ့သဲ့လေး ကြားလိုက်ရသည်။ သူသည် စိတ်အာရုံကို တအားကုန် ထိန်းချုပ်ကာ နားစွင့်ထားသည်။ အချိန်အနည်းငယ်မျှကြာသောအခါ မြက်များပေါ် ဖြတ်လာနေသည့် မြင်းခွာသံများကို ခပ်သဲ့သဲ့ကြားရပြန်သည်။

တာနာကာသည် လုံးဝလှုပ်ရှားခြင်းမပြုပဲ ငြိမ်ဆိတ်ကာ ဆက်၍နားစွင့်နေပြန် သည်။ မြင်းကကြိုးတန်ဆာပလာချင်း ထိမိခိုက်မိသံများ ကြားလာရသည်။ နောက်ဆုံး တွင် ယောကျ်ားချင်း စကားပြောသံများ . . .။ အသံများသည် အဆက်ပြတ်သွားခြင်း မရှိ။ သူ့နောက်လိုက် ဆာမူရိုင်းအားလုံးသည် နားစွင့်နေကြသည်ကို သူ သတိထား

မိသည်။

သူတို့အားလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသော်လည်း စကား တစ်ခွန်းမျှမပြောကြ၊ တာနာကာက မြေပေါ်၌ ဝပ်နေရန် လက်ဟန်ခြေဟန်ပြ၍ အမိန့်ပေး သည်။ သူသည် ဂိုတာရိုနှင့်မြင်းစီးတပ်သားများအား တိတ်ဆိတ်နေကြရန်လည်း အမှု အရာဖြင့်ပင် အမိန့်ပေးသည်။ ထို့နောက် လျှိုနှုတ်ခမ်းဆီသို့ လေးဘက်တွားရွ၍ သွားကာ အောက်ဖက်သို့ ငုံ့ကြည့်သည်။ သူ့မျက်စိအမြင်မလွဲနိုင်၊ အောက်ဖက်မြူများကြားမှ ထွက်လာသူမှာ ဒိုင်မိုယာကာမိုချီ . . .။ သူသည် မာကာဘီဆာမူရိုင်း တပ်သားများ၏ ရှေ့မှနေပြီး သူ့မြင်းကို ခပ်ဖြည်းဖြည်း နှင်လျက်ရှိသည်။

တာနာကာသည် ယာကာမိုချီ၏ နောက်မှ စစ်သည်များကို ရေတွက်ကြည့်သည်။ အားလုံးသုံးဆယ်တိတိရှိ၏။ သူတို့နောက်လိုက် နှစ်ဆယ်အကွာတွင် လူလေးယောက် ထမ်းလာသည့် အနက်ရောင်ရိုးရိုး နိုရီမိုရို . . .၊ သူစောင့်ကြည့်နေခိုက်မှာပင် နိုရီမိုရိုသည် သူတို့ပုန်းအောင်းနေသောနေရာ၏ အောက်ဖက်မှနေ၍ ဖြတ်သွားခဲ့လေပြီ။

နိုရီမိုရိုထဲ၌ ဘယ်သူပါလာသည်ကို စဉ်းစားစရာမလို၊ တာနာကာသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ မိမိရလိုသည့် သားကောင်ကိုတော့ တွေ့ရပြီ . . .၊ တာနာကာသည် မိမိတို့နှင့်မည်မျှ ကွာဝေးသည်ကို မှန်းဆကြည့်နေသည်။ ထို့နောက် ကပြာကရာ နောက်ပြန်ဆုတ်ကာ သူတို့အား လမ်းပြထားခဲ့သည့် ဆာမူရိုင်းထံ ပြန်သွား သည်။

'ဒီနေရာကနေပြီး လမ်းဆုံလမ်းခွအထိ ဘယ်လောက်ဝေးသလဲ' ဟုမေးသည်။

'တစ်နာရီလောက်တော့ ဝေးမယ်ထင်တယ် အို ကာမိ–ဆန်' ဟု ဆာမူရိုင်းက ဖြေသည်။ 'နှစ်လမ်းစလုံး အတူတူပဲလား'

'မတူဘူး၊ ညာဘက်လမ်းက ပင်လယ်ထဲကို စီးဆင်းသွားတဲ့ချောင်းကို ရောက် တယ်၊ ဘယ်ဘက်လမ်းက ရွာနဲ့ကမ်းခြေကို တည့်တည့်ကြီး ရောက်သွားတယ်'

တာနာကာသည် ဂိုတာရိုဘက် လှည့်ကြည့်သည်။ 'လူတစ်ယောက်ကို ကမ်းခြေ သောင်ပြင်မှာ ချထားတဲ့ ငါတို့ရဲ့ ကာဂိုလှေတွေဆီကို လွှတ်လိုက်၊ တစ်စီးကို ချောင်း အထက်ဘက်ကို လွှတ်ပေး' ဟု ပြောသည်။

'ဟုတ်ကဲ့ပါ –အို ကာမိ–ဆန်'

ဂိုတာရိုသည် သူ့လက်အောက်မှ လူတစ်ယောက်အား သူ့သခင်ခိုင်းသည့် အတိုင်း အမိန့်ပေးသည်။ ထိုလူသည် ချက်ခြင်းပင် သစ်တောများအတွင်းသို့ ဝင်သွားသည်။

'ဒီနေရာနဲ့ လမ်းဆုံလမ်းခွကြားမှာ ဒီလမ်းဟာ တစ်ဖြောင့်တည်း သွားသလား' ဟု တာနာကာက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'မဖြောင့်ဘူး၊ တစ်လမ်းလုံး ကွေ့ကွေ့ကောက်ကောက်ပဲ'

'ဒါဆိုရင် တို့မြန်မြန်သွားမှဖြစ်မယ်၊ တကယ်လို့ တို့ကလမ်းဆုံကို သူတို့အရင် ရောက်အောင်သွားနိုင်ရင် အဆိုးဆုံးအခြေအနေကို ရှောင်နိုင်စရာရှိတယ်'

တာနာကာသည် ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်ကာ သူတာဝန်ယူထားသည့် ရှေ့ပိုင်းမှနေ၍ နိုရီမိုနီ ၏ဝါးလုံးကို ဝင်ထမ်းသည်။ ထို့နောက် တောအုပ်များအတွင်းမှ ဖြတ်ကာ လျှို၏အောက်ဖက်အနိမ့်ပိုင်းဆီသို့ ခရီးဆက်သည်။

1

'မြူတွေရှင်းသွားပါပြီ အရှင်၊ နောက်ငါးမိနစ်လောက်ဆိုရင် နိုင်ငံခြားသား လူရိုင်းတွေ ကမ်းပေါ်တက်ကြလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့ အမြန်သွားရင် ကောင်းမယ်ထင်တယ်'

တပ်ဖွဲ့၏ ကက်ပတိန်အသစ်က သူ့သခင်ယာကာမိုချီအားလှမ်း၍ ပြောလိုက်ခြင်းဖြစ်၏။ ယာကာမိုချီသည် ပင်လယ်အော်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ခေါင်းခါသည်။ 'မလိုဘူး ဆာဝါရာ–ဆန်' ဟုပြောသည်။' ငါ့အမေ ပေးထားတဲ့အမိန့်က အခမ်းအနားပြီးခါနီးကျမှ ဘွားခနဲ ရောက်လာအောင် လုပ်ရမယ် . . .တဲ့၊ အဲဒီတော့ ငါစီစဉ်ထားတဲ့အတိုင်း အချိန်မီရောက်မှာပါ'

ယာကာမိုချီသည် သူ့ကိုယ်ရံတော်တပ်သားများကိုကျော်၍ နောက်ဖက်သို့ မျှော်ကြည့်သည်။ အနက်ရောင် နိုရီမိုနီသည် လမ်းအကွေ့မှ ပေါ်လာသည်။ အထမ်းသမားများ၏ အော်သံကိုပင် ကြားနေရသည်။ လျှို၏အထက်ဆီသို့ ကြည့်လိုက်သည့်အခါ မြူများသည် ဆင်ခြေလျှောလမ်းများကို ဖုံးလွှမ်းထားနေဆဲ. . .။

'ဒီမနက်တော့ ဒီတောင်ကုန်းတွေရဲ့ ကာမိက ငါတို့ရဲ့ မြတ်သောမြေကို ကာကွယ်စောင့်ရှောက်နိုင်အောင် ကူညီနေတယ်' ဟု ယာကာမိုချီကပြောသည်။ 'မွန်ဂိုတွေ ကျူးကျော်လာတုန်းက **ကာမိကာဇေး** (မြတ်သောလေ)နဲ့ မွန်ဂိုတွေကို ရှင်းလင်းသုတ်သင်ပေးခဲ့တယ်၊ အခု ဒီတစ်ခါတော့ 'မြတ်သောမြူကို' နတ်ဘုရားတွေက လွှတ်ပေးနေတယ်၊ ဒီမြူတွေကြောင့် လူရိုင်းအကျဉ်းသားကို သယ်ရတာ လူသူလေးပါး မမြင်ပဲ သယ်လို့ရလာတယ်'

ယာကာမိုချီသည် နောက်တစ်ကြိမ် ပင်လယ်အော်ဆီသို့ မျှော်ကြည့်ပြန်သည်။ မြူနှင်းများသည် အောက်ခြေဘက်တွင် မရှိတော့ပေ။ အားလုံးဖြည်းဖြည်းချင်း ပျက်ပြယ်လျက်ရှိသည်။ သူ့မျက်လုံးများ၏ အကြည့်သည် တန်းစီ၍ ထွက်လာနေကြသော အမေရိကန်လှေများကို မြင်နေရသည်။ သူ့နှုတ်မှ အလွန်ကျေနပ်အားရနေသည့် လေသံဖြင့် ရေရွတ်လိုက်သည့် စကားတစ်ခွန်း ထွက်လာသည်။

'ဒီကောင်တွေ –ငါတို့ ထောင်ချောက်ထဲ ဝင်လာတော့မယ်'

(၄၆)

အမေရိကန်စစ်သင်္ဘောကြီးများဆီမှ ရေယာဉ်အုပ်စုသည် ကောက်ရိုးများ၊ သဲအိတ်များဖြင့် ပြုလုပ်ထားသော ယာယီသုံး သင်္ဘောဆိပ်ခံတံတားဆီသို့ ဆိုက်ရောက်လာကြသည်။ ကွန်မိုဒိုပါရီ၏ လှေကြီးသည် ရှေ့ဆုံးမှဖြစ်၍ ဆိပ်ခံတံတားဆီရောက်လိုက်သည်နှင့် တပြိုင်နက် လှေကြီးပေါ်မှပါရီသည် သူ့ထိုင်ခုံမှ ထရပ်သည်။ သူသည် ကမ်းထက်သို့ တစ်ချက်မျှဝေ့ကြည့်သည်။ ကမ်းပေါ်မှ ထောင်ပေါင်းများစွာသော ဂျပန်လက်နက်ကိုင်စစ်သည်များကလည်း ပါရီအား အထူးအဆန်းတစ်ခုသဖွယ် စူးစူးရဲရဲ ကြည့်နေကြသည်။

ထိုလှေကြီးပေါ်၌ ကွန်မိုဒိုပါရီနှင့်အတူလိုက်ပါလာသော စကားပြန် အမ်းစထရောင်းသည် ဂျပန်များ၏ ရန်လိုသော အကြည့်ကိုသတိထားမိသည်။ ဆတ်စ်ကွဲဟန်နာ စစ်သင်္ဘော၏ တပ်မှူးမေဂျာပီယာဆဲလ်သည် ရှေ့သို့တစ်လှမ်းတိုးပြီး တစ်ခဏမျှ ရပ်နေသည်။ ထို့နောက် သူ့ရှေ့မှ ကွန်မိုဒိုနှင့်အတူ လှေကြီးထက်မှ ဆိပ်ခံတံတားပေါ်သို့ဆင်းသည်။ သူတို့နှစ်ဦး ခြေချလိုက်မိသည့်အခါ ဂျပန်စစ်သည်များထံမှ မနှစ်မြို့သည့် အာမေဍိတ်သံများ ထွက်လာသည်။

မေဂျာပီယာဆဲလ်က အမ်းစထရောင်းအား လှည့်ကြည့်သည်။ 'မြန်မြန်လုပ်ပါ မစ္စတာ အမ်းစထရောင်း' ဟု ပြောသည်။ 'ခင်ဗျား ဆင်းလာရင် ခေါင်းကို မော့ထားဖို့ မမေ့ပါနဲ့'

အမ်းစထရောင်းသည် မေဂျာပီယာဆဲလ် ပြောသည့်အတိုင်း လိုက်နာသည်။ သူသည် လှေကြီးပေါ်မှ ဆင်းကာ အရာရှိနှစ်ဦး၏နောက်မှ ကပ်၍လိုက်လာခဲ့သည်။ မေဂျာပီယာဆဲလ်၏ အရိပ်အကဲကိုကြည့်၍ သူရပ်လျှင် ရပ်သည်။ သူသွားလျှင် သွားသည်။ တကယ်တော့လည်း သူသည် ကွန်မိုဒိုပါရီ၏နောက်မှ အစီအစဉ်အတိုင်း လိုက်ပါရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဒါဝင်ခန့်ရှိသော အမေရိကန်နှင့်ဂျပန်အရာရှိများသည် မေဂျာပီယာဆဲလ်၏ ဘေးတစ်ဖက်တစ်ချက်မှ လိုက်ပါလာကြသည်။ ယူဂါရာဘုရင်ခံနှင့်သူ့အဖွဲ့သ… ကမ်းခြေတွင် အသင့်နေရာယူကာ စောင့်ကြိုနေကြသည်။ သူတို့လည်း အမေရိ… အရာရှိများ ရောက်လာသည့်အခါ အားလုံးကို မဏ္ဍပ်ဆီသို့ ခေါ်ဆောင်သွား… စောင့်နေကြခြင်း ဖြစ်လေသည်။

အမ်းစထရောင်းသည် ဘုရင်ခံနှင့်အဖွဲ့ကြားတွင် ဂျပန်စကားပြန် ဟာနီဝါရ… တိုကူမာ ပါ–မပါ အသေအချာကြည့်သည်။ ဟာနီဝါရာတိုကူမာအား ထိုလူစုထဲတွ… မမြင်ရပေ။ သို့သော်လည်း အတန်ကြာသည့်အခါ ဂျပန်စကားပြန်အား မြင်ရသည်။ သို့တစေလည်း ဂျပန်စကားပြန်၏ အပြုအမူများသည် ယခင်ကလိုမဟုတ်။ သူ့ကို ကြည့်ရသည်မှာ တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်ဟု ထင်မှတ်ရသဖြင့် အမ်းစထရောင်… စိတ်ထဲတွင် အစဉ်းစားရ ခက်လျက်ရှိလေ၏။

ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီသည် ခြေကို တစ်လှမ်းချင်းလှမ်းကာ တခ… တည်း လျှောက်သွားလျက်ရှိသည်။ ဘင်ခရာအဖွဲ့၏တီးမှုတ်သံများကိုလည်း ကြားရ… ရပြီ။ ကွန်မိုဒို၏နောက်မှ လက်ဖတင်နင်ရိုက်စ်နှင့် မေဂျာပီယာဆဲလ်. . .၊ သူတို့နောက်မှ… အရာရှိငယ်များ . . .၊ ကွန်မိုဒို၏ ဘေးတစ်ဖက်တစ်ချက်တွင်မူ အရပ်ကြီးတွေ မိုးထိ… နေသည့် လူမည်းသက်တော်စောင့်နှစ်ဦး . . .၊ အမေရိကန်အလံကို သယ်ဆောင် လာသူများနောက်တွင် သမ္မတ၏စာနှင့်ကွန်မိုဒို၏ စာများကို သယ်ဆောင်လာသူ သင်္ဘောသားနှစ်ယောက် . . .

အမေရိကန်အဖွဲ့အား ဆီးကြိုနေကြသူများမှာ ယူရာဂါဘုရင်ခံ ဦးဆောင်သော ဂျပန်အရာရှိများ ဖြစ်သည်။ သူတို့သည် ကွန်မိုဒိုနှင့်အဖွဲ့အား မဏ္ဍပ်အတွင်းသို့ ခေါ် ဆောင်သွားကြလိမ့်မည်ဖြစ်၏။ ထိုအဖွဲ့ထဲမှ စကားပြန်ဟာနီဝါရာတိုကူမာအား ကြည့် ရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်ဟု အမ်းစထရောင်း ထင်နေဆဲပင်ဖြစ်၏။ သူ့အမူ အရာသည် ယခင်ကလိုမဟုတ် . . .၊ ပြုံး၍ ရယ်၍ နှုတ်ဆက်ခြင်းမပြု၊ တစ်ခါတရံ တွင် တိတ်တဆိတ်ခိုး၍ ကြည့်သည်မှတစ်ပါး အခြားအရိပ်လက္ခဏာကို မမြင်ရ။

ကမ်းစပ်သဲသောင်ပြင်ပေါ်တွင် အမေရိကန်အလံသည် တဖျပ်ဖျပ်လွင့်လျက် ရှိ၏။ ထိုအလံ၏အောက်တွင်မူ စနစ်တကျ တန်းစီ၍ ရပ်နေသော အမေရိကန်မရိန်း တပ်သားသုံးရာ . . .။ မြင်နေတွေ့နေရသည်မှာ တခမ်းတနား ရှိလှပါဘိခြင်း။

အမ်းစထရောင်း၏မျက်လုံးများသည် ကမ်းခြေတစ်ဝိုက်နှင့် မဏ္ဍပ်ပတ်ပတ်လည် ရှိ ဂျပန်စစ်သည်များထံ ရောက်သွားသည်။ သူတို့အား တပ်ဖွဲ့အလိုက်နေရာချပေး ထားခြင်းဖြစ်၏။ မတ်စကတ်သေနတ်ကိုင်တပ်သားများ၊ လှံကိုင် ခြေလျင်တပ်သားများ၊ လေးမြားတပ်သားများနှင့်မြင်းတပ်သားများဖြစ်သည်။ လက်နက်များမှာမူ ခေတ်မမီ

…ဘာသည့် ရှေးဟောင်းလက်နက်များချည်းဖြစ်သည်။

တပ်ဖွဲ့များအလိုက် ကိုင်ဆောင်ထားကြသည်မှာ တံဆိပ်မျိုးစုံနှင့် အရောင်မျိုးစုံ …လံများဖြစ်သည်။ တံဆိပ်များသည် ကြယ်များ၊ ရဲတိုက်များ၊ သစ်ရွက်များနှင့် ပန်း …များဖြစ်သည်။ အကွဲကွဲအပြားပြားဖြစ်နေသော အလံတံဆိပ်များနှင့် အနက်ရောင်များ …ကို ကြည့်ရှုမှုဖြင့် ဤစစ်သည်အားလုံးသည် ကွဲပြားခြားနားသော ဒိုင်မြိုများ၏ စစ်တပ် …များမှ ခေါ်ယူလာခြင်းဖြစ်သည်မှာ ထင်ရှားလျက်ရှိပေ၏။

မဏ္ဍပ်၏ဝင်ပေါက် တစ်ဖက်တစ်ချက်တွင် လေးပေါင်ဒါ အမြောက်များချထား သည်။ ရှေးခေတ်သုံး စပိန်လုပ် အမြောက်များဖြစ်၏။ အမြောက်ပြောင်းများထဲတွင် ဘာမှမရှိပေ။ ထိုကြေးအမြောက်များ၏ ပြောင်းဝများတွင် နေတံဆိပ်များ၊ တပ်ဆင် ထားသည်။ မဏ္ဍပ်ဝင်ပေါက်ကြီးသည် သွားများကို ဖြဲပြနေသည့် နဂါးကြီးတစ်ကောင် ၏ပါးစပ်ပေါက်နှင့်တူသည်ဟု အမ်းစထရောင်း ထင်မိလေသည်။

'သဘောကျတဲ့ မျက်နှာထားနဲ့ပဲ ကြည့်ပါ– မစ္စတာအမ်းစထရောင်း 'ဟု သူ့ ဘေးမှ မေဂျာပီယာဆဲလ်က တိုးတိုးကပ်ပြောသည်။

'ခင်ဗျားအနေနဲ့ ဒီလိုပွဲမျိုးကို နောက်ထပ် မြင်ရတွေ့ရလိမ့်မယ်တော့ မျှော်လင့် လို့ မရနိုင်ဘူး'

အမ်းစထရောင်းက ကပြာကရာ ခေါင်းညိတ်သည်။ သူ့ရှေ့တွင် ကွန်မိုဒိုမက်သူး ကဲလ်ဘရိတ်ပါရီ၊ ရှေ့တစ်ဖက်တွင်မူ ဘင်ခရာအဖွဲ့၏ တီးခတ်သံနှင့် စည်းချက်ကျကျ ချီတက်သွားနေကြသည့် မရိန်းတပ်သားများ . . .၊ အများနှင့်ရောနှောပြီး သွားလာ လှုပ်ရှားနေရသော်လည်း အမ်းစထရောင်း၏ စိတ်သည် ဂဏှာမငြိမ်၊ သူ့စိတ်ထဲတွင် ဘုရားသခင်အား အာရုံပြု၍ ဆုတောင်းလျက်ရှိလေသည်။

၂

'အားလုံး ငြိမ်ငြိမ်နေ၊ ဘာအသံမှ မထွက်ကြစေနဲ့' ဟု မင်းသားတာနာကာက သူနှင့်အတူ သစ်ပင်များနှင့်ခြုံများကြား၌ ဝပ်နေကြသော သူ့လူများအား တိုးတိုးအမိန့် ပေးသည်။ 'ငါတို့ သိပ်အကြာကြီး စောင့်ရမှာ မဟုတ်ပါဘူး'

အကျီမပါ ဗလာဖြစ်နေသည့် တာနာကာ့ရင်အုံသည် လှိုဏ်ခေါင်းထဲသို့ ရီရီမိုရီ ကိုထမ်း၍ အပြေးအလွှား ဆင်းလာခဲ့ရသဖြင့် မောကြီးပန်းကြီးဖြစ်ကာ နိမ့်ချီမြင့်ချီ ဖြစ်လျက်ရှိ၏။ အောက်သို့ရောက်သည်နှင့်တပြိုင်နက် သူသည် အထမ်းသမားယောင် ရုပ်ဖျက်ထားသည့် သူ့လူများနှင့်အတူ ထမ်းလာခဲ့သည့် ရီရီမိုရီ အား ချုံပုတ်များ ကြား၌ ချထားလိုက်ကြသည်။ အနီးအနားရှိ သစ်ပင်များမှ သစ်ကိုင်းများကို ချိုးကာ အပေါ်မှထပ်၍ အုပ်ပေးလိုက်ကြသည်။ ထို့နောက် သူတို့အားလုံး ချုံပုတ်များကြား၌ ဝပ်ကာပုန်းအောင်းနေကြသည်။ ထို့နောက် လှိုဏ်အတွင်းသို့ ကွေ့ကွေ့ကောက်ကောက်

www.burmeseclassic.com

www.burmeseclassic.com

ဆင်းလာသော လမ်းဆီသို့ မြူများကြားမှ မျှော်ကြည့်နေကြလေ၏။

ယခုအခါတွင် သူတို့သည် အမေရိကန် စစ်တီးဝိုင်းအဖွဲ့နှစ်ဖွဲ့မှ တီးခတ်နေသော ဘင်ခရာသံများကိုပင် ကြားနေကြရလေပြီ။ အသံများသည် သောင်ပြင်ဆီမှ လာနေပြီ ဖြစ်၏။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကြားနေရသည့် များအတွက် တအံ့တဩ ဖြစ်နေကြလေသည်။

'နိုင်ငံခြားသား လူရှိန်းတွေ ကမ်းပေါ်တက်နေကြလေပြီ' ဟု တာနာကာက တီးတိုးလေသံဖြင့် ပြောသည်။ 'ဒါဆိုရင် အချိန်သိပ်မရှိတော့ဘူး'

တာနာကာသည် လမ်းဘက်သို့ မျှော်ကြည့်သည်။ မြူနှင်းများသည် တဖြည်းဖြည်းနှင့်ကွဲစပြုနေပြီ။ သူသည် ဦးခေါင်းကိုမော့ကာ လမ်းဆီသို့ မျှော်ကြည့်ရင်း နား ကိုပါစွင့်ထားသည်။ ပင်လယ်အော်ဘက်မှ ဘင်ခရာသံများသည် ထူးထူးခြားခြား တိတ်ဆိတ်နေသော လျှိုမြောင်ပတ်ဝန်းကျင်အတွင်းသို့ ကျူးကျော် ဝင်ရောက်လာ နေသည်။ သို့သော်လည်း အသံများသည် ကျယ်ကျယ်လောင်လောင်မဟုတ်၊ ထိုအခိုက်တွင် တာနာကာရော သူ့လူများပါ သူတို့ဘက်သို့ လာနေသော မာကာဘီစစ်သည်များ၏ အသံဗလံများ ကြားလာကြသည်။

'ကျွန်တော်တို့မသိတဲ့ တခြားလမ်းတစ်လမ်းက ထွက်သွားမှာ မစိုးရိမ်ရဘူးလား၊ အိုကာဒါ-ဆန်' ဟု သူ့အနီး၌ ဝပ်နေသော လူငယ်ဆာမူရိုင်းက တာနာကာအား ကပ်၍ တိုးတိုးမေးသည်။

တာနာကာက ခေါင်းယမ်းကာ အပေါ်ဘက်မှ ထိုးထွက်နေသော ကျောက်တုံး ကြီးဆီ မော့ကြည့်သည်။ 'ငါလွှတ်ပြီး ကြည့်ခိုင်းထားတဲ့သူက ဒီနယ်ကို ကောင်းကောင်း ကျွမ်းတယ်၊ ဒီလမ်းကလွဲပြီး ထွက်စရာ တခြားလမ်း တစ်လမ်းမှ မရှိဘူး' ဟု တိုးတိုး ပြန်ပြောသည်။

အသံများသည် ကျယ်လောင်လာသည်။ သူတို့ဘက်သို့ နီးကပ်လာနေပြီ၊ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ တာနာကာက သူတို့နိုရိမိုနိတံခါးကို လက်တစ်ဖက်ပြ၍ ဖွင့်ခိုင်းသည်။ လူငယ်ဆာမူရိုင်းက တံခါးကို ဖွင့်လိုက်သည်။ အထဲမှ အကျဉ်းသားသည် လဲကျလျက်ရှိပြီး သူ့ပါးစပ်ကို ပိတ်ချည်ထားသည့် အဝတ်မှာ လည်းပြေကျလျက်ရှိ၏။ သူ့ဦးခေါင်းသည် ဘယ်ပြောင်းညာလူးဖြစ်ကာ မျက်လုံး များမှာလည်း ကြောက်စိတ်ဖြင့် ပြူးကြောင်ကြောင် ဖြစ်နေကြသည်။ သူ့ပါးစပ်မှ ညည်းသံများမှာ အဆက်မပြတ် . . .။

'သူ့ အသံမထွက်စေနဲ့' ဟု တာနာကာက အမိန့်ပေးသည်။ 'ပါးစပ်ကို အဝတ်နဲ့ ပြန်စည်း၊ ဒီတစ်ခါ ခိုင်အောင်စည်း၊ နောက်ထပ် အသံထွက်ရင် တစ်ခါထဲ သတ်ပစ် မယ်လို့ ပြောထား'

လူငယ်ဆာမူရိုင်းသည် သူ့ခါးကြားမှခါးမြှောင်ကို ထုတ်ကာ အကျဉ်းသား၏ ရင်ဘတ်ကို ဒူးတစ်ဖက်ဖြင့် ဖိထားပြီး လည်ပင်းကို ခါးမြှောင်ဖြင့် ထောက်ထားသည်။ ဒုတိယဆာမူရိုင်းက အဝတ်ဖြင့် ပါးစပ်ကိုတင်းကြပ်စွာ ထပ်၍ စည်းလိုက်သည်။ ထို့နောက် နားဝသို့ကပ်ကာ နောက်ထပ်အသံထွက်လျှင် သတ်ပစ်မည်ဟု သတိပေး သည်။ အကျဉ်းသားထံမှ ညည်းသံတစ်ခွန်းမှ ထွက်မလာတော့ချေ။ ထိုအခိုက်မှာပင် လော့ဒ်ဒိုင်ဖို၏ လက်နက်ကိုင်တပ်ဖွဲ့မှ ခေါင်းဆောင်မြင်းသမားသည် ကျောက်တောင် ကျောက်စွန်းများကြားမှ ထွက်လာသည်ကို မြင်လိုက်ကြရလေ၏။

'ငါပေးမယ့် အမိန့်ကိုစောင့်' ဟု တာနာကာက ပြောကာ သူတို့အောက်ဖက် လမ်းတွေထဲမှ ထွက်လာနေသော ယာကာမိုချိနှင့်အဖွဲ့အား စောင့်ကြည့်နေသည်။

'အသင့်ပြင် ' ဟူသော အမိန့်ပေးသံ တာနာကာ့ထံမှ ထွက်လာသည်။ အနက် ရောင် နိုရိမိုနို သည် မြင်ကွင်းထဲသို့ ရောက်လာလေပြီ။ အထမ်းသမားများသည် ရှေ့လူများ၏နောက် ကိုက်နှစ်ဆယ်၊ သုံးဆယ်ခန့်အကွာ၌ ရှိနေသည်။ ရှေ့ဆုံးမှ အထမ်းသမား နှစ်ဦးမှာ ခပ်သေးသေးဖြစ်၏။ အောက်မှ ပါလာသူနှစ်ဦးမှာ အရံများ ဖြစ်လေသည်။

'သူတို့အနေအထား၊ ထမ်းပုံထမ်းနည်းနဲ့ လျှောက်ပုံ လျှောက်နည်း ဟန်ပန် အမူအရာတွေကို မှတ်ထားကြ' ဟု တာနာကာက သူ့လူများအား သတိထပ်ပေးသည်။

'သူတို့လှုပ်ရှားပုံအတိုင်း အတုယူပြီး လျှောက်ဖို့လိုတယ်'

တာနာကာသည် ထမ်းလာသည့် နိုရိမိုနို နှင့် နောက်မှလိုက်လာသော တပ်ဖွဲ့ဝင် များ၏ အကွာအဝေးကို စောင့်ကြည့်နေသည်။ သူတို့ပုန်းနေသည့်နေရာ၏ အောက် တည့်တည့်သို့ . . .၊ နိုရိမိုနို ရောက်လာခဲ့ပြီ၊ သို့သော်လည်း နောက်မှ လိုက်လာသည့် လက်နက်ကိုင်များကို မမြင်ရသေး။

'မင်းတို့က ရှေ့နေရာကိုယူ' ဟု တာနာကာက အားကောင်းမောင်းသန် နှစ်ဦး အားပြောသည်။ 'မင်းနဲ့ငါက နောက်ကနေမယ်'ဟု လူငယ်ဆာမူရိုင်းအား ပြောသည်။

'ကဲ လာ ငါတို့ နိုရိမိုနို ပေါ်မှာ အုပ်ထားတာတွေကို ဖယ်ကြစို့'

သူတို့သည် နိုရိမိုနို ပေါ်၌ အုပ်ထားသည့် သစ်ကိုင်းများကို ဖယ်ရှားကာ ဘေးတစ်ဖက်စီတွင် ချထားလိုက်ကြသည်။ ထိုအလုပ်ပြီးသွားသည့်အခါ တာနာကာက နိုရိမိုနိုကို မရန် လက်ဟန်ခြေဟန်ပြသည်။ သို့သော်လည်း သူသည် နောက်ဆုံးအမိန့် ကို ရုတ်တရက် မပေးရဲ၊ မာကာဘီ နိုရိမိုနို လာနေပုံမှာ နှေးကွေးလွန်းလှသည်ဖြစ်ရာ သူ အမိန့်ပေးပြီးခါမှ အစောင့်တပ် ဘွားခနဲ ပေါ်လာခဲ့သည်ရှိသော် . . . ဟူသော အတွေးကြောင့် နောက်တွန့်လျက်ရှိသည်။

မာကာဘီအထမ်းသမားများသည် သူတို့နှင့် ဆယ့်ငါးကိုက်ခန့်အကွာသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာပြီ၊ နောက်ဖက်မှ ဆာမူရိုင်းများ ပါလာသည်ကို မမြင်ရ။ တာနာကာသည် သူ့လက်ကိုမြှောက်ကာ အမိန့်ပေးသည်။ သူကိုယ်တိုင်လည်း ဝါးလုံးကိုထမ်းထားသဖြင့် သူ့လူများနှင့်အတူ သစ်ပင်များကြားမှ တိုးထွက်လာခဲ့ပြီး၊ မတ်စောက်စောက် လမ်းအတိုင်း၊ ဒရွတ်သီထိုးဆင်းသည်။ သစ်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့ဖြတ်သန်းပြီး၊ ဆင်းရခြင်းဖြစ်၍ အားလုံးမှာ သက်သာခြင်းမရှိ၊ နောက်ဆုံးတွင် သူတို့သည် လူသွားလမ်းပေါ်သို့ ရောက်ရှိလာပြီး၊ လမ်းချိုးအကွေ့တစ်ခုအတွင်းသို့ ဝင်လာခဲ့သည်။

'ခပ်ဖြည်းဖြည်းသွား'ဟု တာနာကာက သူ့လူများအား အမိန့်ပေးသည်။

'ဒါပေမယ့် နောက်ကလိုက်လာမယ့် အစောင့်တပ်သားတွေ မမြင်အောင် သွားဖို့တော့ လိုလိမ့်မယ်'

သူသည် အပေါ်ဘက်ရှိ ကျောက်တုံးကျောက်ဆောင်များကြား၌ ချထားသည့် သူ့အစောင့်အား မော့ကြည့်သည်။ အစောင့်က တာနာကာတို့ လမ်းကြောင်းယူထားပုံ မှန်သည်ဟု အချက်ပြသည်။ တာနာကာသည် စိတ်ချလက်ချပင် ရှေ့ခရီးကို ဆက်သည်။ နောက်ထပ် လမ်းကွေ့တစ်ခုနှင့် ဆုံမိပြန်သဖြင့် ကွေ့ဝင်လာခဲ့သည်။ သူတို့ရှေ့မှ နီရိုမိုနီကို မျက်ခြည်မပြတ်သေး။

'ဖြေးဖြေးလျှောက်ကြ'ဟု တာနာကာက သူ့လူများအား သတိပေးသည်။ 'ငါတို့ လမ်းနှစ်ခွရှိတဲ့ ဧရိယာထဲ ရောက်လာပြီ။ မကြာခင် ဂိုတာရိုနဲ့ သူ့တပ်သားတွေ ပုန်းပြီး စောင့်နေတဲ့နေရာကို ရောက်တော့မယ်၊ တို့လှုပ်ရှားရမယ့်အချိန်ဟာ ကပ်နေပြီ၊ စက္ကန့်ပိုင်းပဲလိုတော့တယ်'

နောက်မိနစ်အနည်းငယ်မျှအတွင်း၊ နောက်မှလိုက်လာသည့် မာကာဘီ တပ်စုသည် တာနာကာ၏ မြင်ကွင်းထဲသို့ ရောက်လာသည်။ တာနာကာက သူ့လူများအား အချက်ပေးလိုက်သည်။ သူရော သူ့လူများပါ ချက်ခြင်းပင် ရှေ့မှသွားနေသည့် နီရိုမိုနီ အထမ်းသမားများ ပုံစံအတိုင်း အသွင်ပြောင်းသွားသည်။

သူတို့သည် အရှိန်မပျက် ဟန်မပျက် ဆက်၍သွားနေကြသည်။ နောက်မှ လိုက်လာနေသော၊ ကာဂိုအစောင့်တပ်ဖွဲ့သားများ၏ အသံများသည်ပို၍ . . . ပို၍ ကျယ်လောင်လာနေသည်။ တာနာကာသည် သူ့လူများတွင် စိုးရိမ်စိတ် မဝင်စေရန်၊ အားပေးစကားများ အဆက်မပြတ် ပြောလာသည်။

'စိတ်မပူကြနဲ့'ဟု တာနာကာက ပြောသည်၊ 'မြူတွေဆိုင်းနေတဲ့အတွက် တို့ကို မြင်ဖို့ မလွယ်ဘူး'

တာနာကာသည် သူတို့လှုပ်ရှားရမည့် အချိန်ကာလကို ခန့်မှန်းလျက်ရှိသည်။ သူသိထားသည့်အတိုင်းဆိုပါက စက္ကန့်အနည်းငယ်မျှအတွင်း ဂိုတာရိုနှင့်သူ့လူများသည် သူတို့ပုန်းအောင်းနေသည့် နေရာမှ ထွက်လာကြပေတော့မည်။ သူနှင့် သူ့အထမ်း

သမားများသည် နောက်မှလိုက်လာနေသည့် တပ်သားများ မမြင်နိုင်တော့သည့် လမ်းကွေ့အတွင်းသို့ ချိုးဝင်ခဲ့ကြသည်၊ ထိုအခါ တာနာကာသည် . . . အရံထားသည့် လူများထဲမှ တစ်ဦးအား အချက်ပြ၍ သူ့နေရာသို့ ဝင်ခိုင်းသည်။ ထို့နောက် တာနာကာသည် သူထမ်းလာသည့် ဝါးလုံးအောက်မှ ဖျတ်ခနဲထွက်ကာ ဘေးတစ်ဖက်သို့ ခုန်ထွက်သည်။

'မင်းတို့လုပ်တာ ပိပိရိရိရှိတယ်'ဟု တာနာကာက သူ့လူများအား လှမ်းပြောသည်။ 'အဲဒီအတိုင်းပဲ၊ လုပ်နိုင်သလောက်၊ ဆက်လုပ်သွားကြ၊ သူတို့က အမှန်အတိုင်း တွေ့သွားကြတဲ့အခါကျရင် အသက်သေသည်အထိ ခံတိုက်ချင်တိုက် ထွက်ပြေးချင်ပြေး၊ မင်းတို့ကြိုက်သလို လုပ်ပိုင်ခွင့်ရှိတယ်'

စကားဆုံးသည်နှင့်တပြိုင်နက် တာနာကာသည် ထိုနေရာမှ ပြေးထွက်သွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူသည် လမ်း၏တစ်ဖက်ရှိ လမ်းကွေ့အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

1

ဆင်မြူရယ်အမ်းစထရောင်းအနေဖြင့် ပထမဆုံး တွေ့မြင်စတွင် ကြက်သွေးရောင် သေတ္တာကြီးဘေး၌ လူအရွယ်အစား ရုပ်တုကြီးနှစ်ခုရပ်နေသည်ဟု ထင်မိ၏။ အသေအချာ ကြည့်လိုက်သည့်အခါတွင်မူကား ထိုနှစ်ခုမှာ ရုပ်တုများမဟုတ်ပဲ တောင့်တောင့်မတ်မတ်ကြီး ရပ်နေသည့် ဂျပန်ဧကရာဇ်ဘုရင်၏ ကိုယ်စားလှယ်တော်ကြီးများ ဖြစ်နေသည်။

ကွန်မိုဒိုမက်သူးပါရီနှင့် သူ၏အစောင့်တပ်သားသုံးရာသည် မဏ္ဍပ်၏ ဝင်ပေါက်ဆီသို့ လျှောက်လာနေကြသည်။ ဘင်ခရာအဖွဲ့၏ တီးမှုတ်သံများမှာ ရပ်မသွားသေး။ မဏ္ဍပ်၏အတွင်းပိုင်းသည် ခပ်မှောင်မှောင်ဖြစ်သော်လည်း အပြင်အဆင် အမွှမ်းအမံနှင့် ကိုယ်စားလှယ်နှစ်ဦးကိုကောင်းစွာ မြင်တွေ့နေရပေသည်။

မဏ္ဍပ်အဝင်ဝသို့ ရောက်သည့်အခါ ကွန်မိုဒိုနှင့်အဖွဲ့သည် ရပ်လိုက်သည်။ ဘင်ခရာတီးမှုတ်သံများသည်လည်း ရပ်သွားသည်။ ကမ်းခြေတစ်လျှောက်တွင် တိတ်ဆိတ်မှုကြီးသည် ပြန်လည်လွှမ်းမိုးသွားသည်။ မဏ္ဍပ်အဝင်ဝမှ အစောင့်တပ်သားများသည် သူတို့ရှေ့၌ ရပ်နေကြသည့် နိုင်ငံခြားသားလူရိုင်းများအား စူးစူးစိုက်စိုက် ကြည့်နေကြလေသည်။

အမ်းစထရောင်းသည် မဏ္ဍပ်၏ဝင်ပေါက်သို့ ရောက်ခါမှပင် ဝင်ပေါက်ဘေးမှ ရပ်၍ မိမိတို့အား ဆီးကြိုနေသော ဘုရင်ခံနှင့်စကားပြန် ဟာနီဝါရာတိုကူမာတို့ကို မြင်သည်။ စကားပြန်မှာ သူထင်ထားသည့်အတိုင်းပင် ယခင်တွေ့စဉ်ကလိုမဟုတ်၊ သူ့စိတ်ထဲ၌ ရှိနေသည့် ဘဝင်မကျစရာ ခံစားမှုတစ်ခုခုအတွက် အတင်းမျိုသိပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ဟန်ဆောင်နေရသည့် သဘောရှိလေသည်။

အမ်းစထရောင်းကတော့ သူတို့ကို မြင်လိုက်သည့်အခါ ယခင်က တွေ့ဖူးခဲ့သည်များကို ချက်ခြင်းသတိရသည်။ ထို့ကြောင့်လည်း လှိုက်လှိုက်လှဲလှဲ ဦးညွတ်၍ နှုတ်ဆက်သည်။ ရှေးဦးစွာ ဘုရင်ခံ . . .၊ ထို့နောက် စကားပြန် . . .။

'ဘုရင်ခံကြီးအနေနဲ့ ဘယ်လိုအစီအစဉ်တွေ ရှိထားတယ်ဆိုတာ ပြောချင်တဲ့ဆန္ဒ ရှိကောင်း ရှိလိမ့်မယ်လို့ ထင်ပါတယ်'ဟု အမ်းစထရောင်းက ဂျပန်စကားဖြင့် ပြောသည်။ 'တကယ်လို့ ရှိနေရင် ပြောပြနိုင်ပါတယ်၊ ကျွန်တော်တို့ဘက်က အားလုံးချောချောမွေ့မွေ့ ဖြစ်သွားအောင် လုပ်ပေးနိုင်ပါတယ်'

'ကြိုတင်ပြီး၊ ရှင်းပြဖို့ မလိုအပ်ပါဘူး'ဟု ဘုရင်ခံက ပြန်ပြောသည်။ 'ခင်ဗျားတို့ရဲ့ ရေတပ်ဗိုလ်ချုပ်ကြီးနဲ့ သူ့အရာရှိတွေကို သူတို့ထိုင်ခုံတွေဆီ ခေါ်သွားပြီး နေရာချထားပေးရမယ့် တာဝန်က ကျွန်တော်အရင်ဆုံး လုပ်ရမှာပါ'

'အဲဒါပြီးရင်ကော'ဟု အမ်းစထရောင်းက ဂျပန်စကားပြန်ဘက် တစ်ချက်လှည့်ကြည့်ပြီးပြောသည်။ 'ဘာတွေဆက်လုပ်ဖို့ လိုပါသလဲ'

'ဘာလုပ်ရမယ်ဆိုတာ ရှင်းသွားမှာပါ'ဟု ဘုရင်ခံက မဏ္ဍပ်တွင်းသို့ဝင်ရာ လှေခါးထစ်များကို တက်နေရာမှ စိတ်မရှည်သံဖြင့် ပြန်ပြောသည်။ 'ခင်ဗျားတို့ ပေးရမယ့်စာတွေကို ဘယ်အချိန်မှာ ဘယ်လိုပေးရမယ်ဆိုတာ ကျွန်တော်တို့က ညွှန်ပြပါမယ်။ စာပေးပြီးရင် စာလက်ခံရရှိကြောင်း ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ပြန်စာကို ခံပေးပါမယ်။ ဒါပေမယ့် မည်သည့်ဆွေးနွေးမှုမျိုးမှ လုပ်လို့မရပါဘူး၊ ကဲ ... ရောက်ပြီ၊ နေရာယူကြပါစို့'

အမ်းစထရောင်းသည် ဘုရင်ခံ၏စကားကို လက်ဖတင်နှင်ရိုက်စ်အား ရှင်းပြသည်။ ထို့နောက် ကွန်မိုဒိုပါရီနှင့်အဖွဲ့ မဏ္ဍပ်အတွင်းဘက် ဧည့်ဆောင်သို့ ဝင်ရောက်နေရာယူသည်ကို စောင့်ကြည့်နေသည်။ ထိုအခိုက်မှာပင် ဂျပန်စကားပြန်သည် ရှေ့သို့တိုးလာသည်။ အမ်းစထရောင်းက ဂျပန်စကားပြန်နှင့်ယှဉ်မိသည့်အခါ ဒတ်ချ်ဘာသာစကားကို အသုံးပြုကာ နှစ်ကိုယ်ကြားလေသံ ကပ်ပြောသည်။

'ကျွန်တော့်ကို ယုံကြည်စိတ်ချပါ၊ ဟာနီဝါရာ-ဆန်၊ တကယ်ပြောတာပါ၊ ကျွန်တော်တို့အားလုံး ဘေးအန္တရာယ်ကြီးထဲ ရောက်မလို ဖြစ်နေပါတယ်။ ကျွန်တော်စွမ်းအားရှိသရွေ့ ဖြစ်မလာအောင် ကူညီဖို့ ကတိပြုပါတယ်'

ဂျပန်စကားပြန်သည် အမ်းစထရောင်းအား လှည့်မကြည့်၊ ကော်ဇောအခင်းကိုသာ ငုံ့ကြည့်နေသည်။ 'ဘယ်သူက ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာလဲ'ဟု သူ့နှုတ်မှ နောက်ဆုံးတွင် စကားတစ်ခွန်း ထွက်လာသည်။

'အခုဆို သိပ်နောက်ကျနေပြီ'

'ခင်ဗျားနဲ့ ကျွန်တော်က ချစ်ကြည်ရေးကို ဦးစားပေးတဲ့ လူတွေပါ'ဟု အမ်းစထရောင်းက ဖွတ်တိုး၍ ပြောသည်။ 'ငြိမ်းချမ်းရေးအတွက် အတူလက်တွဲလုပ်ရမယ့် တာဝန်ဟာ ကျွန်တော်တို့မှာ ရှိနေပါတယ်'

သူတို့သည် အတွင်းဧည့်ဆောင်ထဲသို့ ရောက်ခဲ့ကြပြီ၊ အမေရိကန်အရာရှိများသည် သူတို့အတွက် ပေးထားသည့် ကုလားထိုင်များအနီး၌ ရပ်နေကြပြီး၊ ထိုအချိန်မှာပင် သူတို့နှင့်မျက်နှာချင်းဆိုင်ဘက် နံရံတွင် နေရာယူလာကြသည့် ဆံထုံးနှင့်မှူးမတ်များ၊ အရာရှိများကို မြင်ကြရ၏။

ထိုတစ်ဒင်္ဂမှာပင် 'ခင်ဗျားတို့အရာရှိ အီဒင်ကို ဖမ်းမိထားတယ်'ဟူသော တီးတိုးစကားတစ်ခွန်းသည် ဂျပန်စကားပြန်၏နှုတ်မှ ထွက်လာသည်။ အမ်းစထရောင်းက ဖုတ်ခနဲ လှည့်ကြည့်သည်။

'ဒါဆိုရင် သူ အသက်ရှင်နေတုန်းပဲပေါ့'ဟု အမ်းစထရောင်းက တအံ့တဩ ပြန်မေးသည်။

'အခု သူဘယ်မှာလဲ'

ဒီနဲ့သိပ်မဝေးဘူး'ဟု ဟာနီဝါရာက တီးတိုးပြန်ဖြေသည်။ 'ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ရန်အလိုဆုံး ဒိုင်မျိုး တစ်ယောက်က သူ့ကို သံကြိုးတွေနဲ့တုတ်ပြီး ဒီကို သယ်လာလိမ့်မယ်၊ သူ ဒီကို ရောက်လာလို့ကတော့ သတ်ဖြတ်ပွဲကြီးကို ဘယ်သူမှ တားလို့ရမှာ မဟုတ်တော့ဘူး'

အမ်းစထရောင်းက စကားပြန်မပြောနိုင်မီ မဏ္ဍပ်ထဲတွင် ထိုင်နေသည့် ဂျပန်ဧကရာဇ်ဘုရင်၏ ကိုယ်စားလှယ်တော်နှစ်ဦးသည် မတ်တပ်ရပ်ကာ အမေရိကန်ကွန်မိုဒိုအား ခါးညွတ်၍ ဦးခေါင်းကိုငုံ့ပြီး နှုတ်ဆက်သည်။ ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီကလည်း ဦးခေါင်းကို မဆိုစလောက်မျှသာ ငုံ့၍တုံ့ပြန်သည်။ ထိုအပြုအမူအပေါ် မကျေမနပ်သည့် အသံများသည် ဂျပန်များဘက်မှ တိုးတိုး တိုးတိုး ထွက်လာသည်။

အမ်းစထရောင်းသည် သူ့ဘေးမှ သူ့စကားပြန်အား လှည့်မကြည့်ဘဲမေးသည်။

'ခင်ဗျားပြောတဲ့ ဒိုင်မျိုး ဟာ ဟိုလူစုတွေထဲမှာ ပါသလား'

'ပါတယ်'ဟု ဟာနီဝါရာက ကြောက်ရွံ့နေသည့် အသံဖြင့် တိုးတိုးကလေး ပြန်ပြောသည်။ 'ဒါပေမယ့် သူ့အကြောင်းကိုတော့ ခင်ဗျား ဒီမှာပြောလို့မဖြစ်ဘူး၊ သူက ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ဓါးစာခံအဖြစ် ပြန်ပေးဆွဲထားတယ်၊ သူ့စကားကို မလိုက်နာရင် သူတို့ကို သူက သတ်ပစ်မှာ'

အမ်းစထရောင်းသည် တခြား ဒိုင်မျိုးများနှင့် မရောပဲ မဏ္ဍပ်ဝင်ပေါက်အနီး၌ ကပ်၍ရပ်နေသော လော်ဒ့်ဒိုင်ဗိုအား ကရုဏာထားပြီး ကြည့်မိသည်။ သူကလည်း မိမိနှင့်ဟာနီဝါရာတို့အား မျက်ခြည်မပြတ် ကြည့်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

'သူ ခင်ဗျားကို ပေးထားတဲ့အမိန့်က ဘာတဲ့လဲ'ဟု အမ်းစထရောင်းက ထပ်မေးသည်၊ 'ခင်ဗျားက ဘာလုပ်ပေးရမှာတဲ့လဲ'

'ကာကွယ်ဖို့အတွက် လက်နက်ကိုင် စစ်သည်တွေကို ဒီမဏ္ဍပ်ထဲမှာ လျှို့ဝှက်ပြီး ပုန်းခိုင်းထားတယ်'ဟု ဟာနီဝါရာက ပြန်ပြောသည်။ 'ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ကာယ်ဆယ်ဖို့အတွက်၊ ကျွန်တော်က သူတို့ကို ဝင်တိုက်ဖို့ လျှို့ဝှက်အချက်ပေးရမယ်. . .လို့ ခိုင်းထားတယ်'

အားလုံးနေရာယူပြီးကြပြီဖြစ်၍ အမ်းစထရောင်းသည် ဂျပန်စကားပြန်နှင့်တွဲ၍ ရပ်နေရာမှ ခွာသွားပြီး ကွန်မိုဒို၏ ကုလားထိုင်နောက် ခြေနှစ်လှမ်းအကွာခန့်တွင် ရပ်နေသည်။ သူသည် ဟာနီဝါရာ၏ အဆုံးမသတ်သေးသော စကားအတွက် ရင်ထဲတွင် လှိုင်းထနေဆဲ . . .။

ဧည့်ဆောင်ထဲတွင် တိတ်ဆိတ်မှုသည် လွှမ်းခြုံလာသည်။ ဟာနီဝါရာ ပြောလိုက်သည့် ပုန်းအောင်းနေသော စစ်သည်များအကြောင်း တွေးမိသည်။ ဤမဏ္ဍပ်ထဲ ဘယ်နေရာ၌ ပုန်းနေကြပါလိမ့် . . .၊ ကွန်မိုဒို၏ နားနားသို့ကပ်၍ ထိုဘေးအန္တရာယ်အကြောင်း အသိပေးလိုက်ရလျှင် ကောင်းလေမလား . . .။ သို့သော်လည်း မိမိအနေဖြင့် ဟာနီဝါရာအား ပေးခဲ့သည့်ကတိနှင့် ဟာနီဝါရာ၏ယုံကြည်မှုများကိုမူကား လေးစားရလိမ့်မည်ဖြစ်၏။ သို့ဖြစ်ရာ သူသည် အခြေအနေအားလုံးကို စောင့်ကြည့်ခြင်းဖြင့်သာ အချိန်ကို ကုန်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ အခြေအနေအရပ်ရပ်သည် အကောင်းဘက်သို့ ရောက်လာပါစေဟူ၍ကား ဆုတောင်းလျက်ရှိလေသည်။

ထိုအတောအတွင်း ဘုရင်ခံသည် သူပြောစရာရှိသည်များကို ပြောပြလျက်ရှိ၏။

'မင်းသားတူဒါနဲ့အိုင်ဒူတို့ဟာ ဧည့်သည်တော်များကို ဆီးကြိုလက်ခံရတဲ့ အိမ်ရှင်တွေပါ . . .။ ဘယ်ဖက်က မင်းသားတူဒါဟာ ဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ပထမတန်းစား အတိုင်ပင်ခံလူကြီးပါ'

ဤအခိုက်တွင် စကားပြန်ဟာနီဝါရာတိုကူမာသည် ဘုရင်ခံနှင့်တစ်ခဏမျှ ဆွေးနွေးတိုင်ပင်ပြီး ဒတ်ချ်ဘာသာစကားဖြင့် မေးသည်။ 'ခင်ဗျားတို့ပေးရမယ့် တရားဝင်စာတွေကို ပေးဖို့အဆင်သင့်ဖြစ်ပြီလား'

'ဖြစ်နေပြီဆိုရင် မင်းသားတူဒါက အဲဒီစာတွေကို လက်ခံရယူဖို့ အသင့်ဖြစ်နေပြီ'

ထိုစကားကို ပြောနေစဉ်အတွင်း ဂျပန်စကားပြန်သည် အမ်းစထရောင်းနှင့် မျက်လုံးချင်းဆိုင်၍မကြည့်၊ သူသည် နောက်ထပ်ပြောစရာရှိသည်များကို ကပျာကယာ ပြောသည်။

'ကျွန်တော်တို့ဘက်က ပြောချင်နေတာက မင်းသားတူဒါဟာ ခင်ဗျားတို့ရဲ့ စာတွေကို လက်ဖျားနဲ့တောင် ထိမှာမဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ စာတွေကို သယ်လာတဲ့ လူတွေက ဒူးထောက်ထိုင်ပြီး ဒီနေရာမှာ တင်ထားပေးရမှာပါ'

'ကျွန်တော်တို့နိုင်ငံမှာ ဒူးထောက်ထိုင်တဲ့ အရာမျိုးမရှိပါဘူး၊ ကျွန်တော် ကိုယ်တိုင်ရော၊ ကျွန်တော့်လူတွေပါ၊ လူလူချင်း ဒူးထောက်ထိုင်တဲ့ လေးစားမှုမျိုး မကျင့်သုံးပါဘူး'ဟု ကွန်မိုဒိုက ပြန်ပြောသည်။

ပါရီ၏စကားကြားသည့်အခါ ဒူးထောက်ထိုင်နေသော ဘုရင်ခံသည် ပြန်ထလာပြီး သူ့စကားပြန်ဘေး၌ လာရပ်သည်။ နောက်တစ်ခဏမျှအကြာတွင် ကွန်မိုဒိုသည် စာများသယ်ဆောင်လာသည့် သင်္ဘောသား လူငယ်နှစ်ဦးအား လက်ပြလိုက်သည်။ လူငယ်များသည် သက်တော်စောင့် လူမည်းနှစ်ဦးခြံရံကာ ကြက်သွေးရောင် သေတ္တာဆီသို့လျှောက်သွားပြီး၊ သေတ္တာရှေ့၌ ရပ်နေကြသည်။ လူငယ်များ၏ နားထဲတွင် ယနေ့မနက်က ကြားခဲ့ရသော ကွန်မိုဒို၏စကားများကို ပြန်လည်ကြားယောင်နေသည်။

မင်းတို့နှစ်ယောက် သမ္မတကြီးရဲ့စာကို၊ ကမ်းခြေအရောက် သယ်ပို့ပေးရမယ်၊ ဂျပန်နိုင်ငံရဲ့ ပိတ်ထားတဲ့ တံခါးကို ဖွင့်ပေးရမယ့်သော့ကို သယ်ယူပို့ဆောင်ပေးရခြင်းလို့' သဘောထားပြီး ဂုဏ်ယူပါ။

လူငယ်သင်္ဘောသားနှစ်ဦးသည် သေတ္တာကြီးနားရောက်သည့်အခါ အထူးတလည် လှပနေအောင် မွမ်းမံခြယ်လှယ်ထားသည့် အထုပ်နှစ်ထုပ်ကို သက်တော်စောင့် လူမည်းများလက်သို့ ပေးလိုက်သည်။ သက်တော်စောင့်များသည် သက္ကလပ်အထူစားဖြင့် ပတ်ထားသည့် အထုပ်များကိုဖြည်၍ အတွင်းမှ ရွှေချထားသည့် နှင်းဆီသားသေတ္တာများကို ထုတ်ယူသည်။ ထို့နောက် သေတ္တာများကိုဖွင့်၍ အတွင်းမှ သမ္မတ၏စာနှင့် ကွန်မိုဒို၏ ပေးစာများကို အများမြင်သာအောင်ပြသည်။ ထို့နောက် ကြက်သွေးရောင် သေတ္တာထက်သို့ တင်ထားပေးလိုက်ပြီး၊ လူငယ်သင်္ဘောသားနှစ်ယောက်၏ ဘေး၌ ပြန်လည်နေရာယူလိုက်ကြသည်။

'မင်းသားတူဒါအား အကြောင်းကြား အသိပေးအပ်ပါတယ်။ အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတကြီးရဲ့စာနဲ့ ကျွန်ုပ်ရဲ့ပေးစာများကို ပေးအပ်ပြီးပါပြီ'ဟု ကွန်မိုဒိုပါရီက သူ့ထိုင်ခုံမှထရပ်ကာ စကားပြန်အမ်းစထရောင်းဘက်သို့လှည့်၍ ဦးညွှတ်ပြီး ပြော သည်။ 'ကြီးမြင့်တော်မူသည့် မင်းသားအား ထပ်မံအသိပေး ပြောကြားလိုသည်မှာ ထိုစာအားလုံးကို ဒတ်ချ်ဘာသာနှင့်တရုတ်ဘာသာများသို့ ပြန်ဆိုထားပြီးဖြစ်သော မိတ္တူများကိုပါ ထည့်သွင်းပေးထားပါတယ်'

ထိုစကားများကို အမ်းစထရောင်းက ဒတ်ချ်ဘာသာဖြင့် ဟာနီဝါရာအား ပြန်ပြောသည်၊ ဟာနီဝါရာက ဘုရင်ခံအား၊ ဂျပန်လို ပြန်ပြော၍ ဘုရင်ခံက မင်းသားတူဒါအား ဆက်လက်၍ ရှင်းပြသည်။ အပြင်ဘက်မှ အော်ဟစ်ကြွေးကြော်သံများ ပေါ်လာသော်လည်း ကွန်မိုဒိုသည် အခြေပျက်မသွား၊ သူ ပြောစရာရှိသည်များကို ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကြီးမြင့်တော်မူသော မင်းသားတူဒါအား ကျွန်ုပ်တို့သမ္မတ၏ ပေးစာကို ပတ်သက်၍ ထပ်မံရှင်းပြလိုပါတယ်။ ကျွန်ုပ်တို့နှင့်ဂျပန်နိုင်ငံတို့ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေ့ရှု၍ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှု ပြုကြရန် ဆန္ဒရှိကြောင်း၊ ကျွန်ုပ်တို့သမ္မတက သူ့စာတွင် ပြောကြားထားပါတယ်'ဟု ကွန်မိုဒိုက ရှင်းလင်းပြောပြသည်။ 'ဒါ့အပြင် . . . ဂျပန်နိုင်ငံအနီးမှ ဖြတ်သွားဖြတ်လာ ပြုလုပ်နေကြတဲ့ ကျွန်ုပ်တို့၏သင်္ဘောများမှာ လိုအပ်လာတဲ့အခါ ကျောက်မီးသွေးနှင့်ရိက္ခာများ ရောင်းချပေးစေလိုတဲ့ ဆန္ဒရှိကြောင်းလည်း သူ့စာမှာ ဖော်ပြထားပါတယ်။ အကယ်၍ အမေရိကန်သင်္ဘောများပျက်လို့ အမေရိကန်သင်္ဘောသားတွေ ဂျပန်ကမ်းခြေသို့ ရောက်လာပါက ယဉ်ကျေးဖွယ်ရာသော ကာကွယ်မှုကို ပေးစေလိုပါကြောင်းလည်း သူ့စာမှာ ဖော်ပြထားပါတယ်။

ပါရီသည် သူပြောပြီးသား စကားများကို ဘာသာပြန်ပြီးသည်အထိ စောင့်ဆိုင်းနေသည်။ ပြီးသွားသည့်အခါ သူပြောရမည့် စကားများကို ဆက်ပြောသည်။

'ကျွန်ုပ်က ဧကရာဇ်ဘုရင်မင်းမြတ်ထံပေးတဲ့ စာတွေမှာတော့ ကျွန်ုပ်တို့ဟာ ဂျပန်နိုင်ငံနဲ့ မိတ်ဆွေအဖြစ် ငြိမ်းချမ်းစွာ ဆက်ဆံပြီး နေထိုင်သွားလိုကြောင်း ဖော်ပြထားပါတယ်။ အမေရိကန်နိုင်ငံသားတွေအပေါ်မှာ အဆိုးဆုံး ရန်သူတွေလို မြင်နေသမျှ ကာလပတ်လုံးတော့ဖြင့် ဂျပန်နိုင်ငံနဲ့မိတ်ဆွေအဖြစ် ဆက်ဆံရေးဟာ မဖြစ်နိုင်ကြောင်း၊ ဖော်ပြထားပါတယ်'

'နောက်ပြီးတော့ သင်္ဘောပျက်လို့ ရောက်လာကြတဲ့ အမေရိကန်သင်္ဘောသားတွေကို လှောင်ချိုင့်ထဲထည့်ပြီး၊ လူအများကို ပြသတာတွေ ဆက်မလုပ်ဖို့နဲ့ အလည်ရောက်လာတဲ့ အမေရိကန်သင်္ဘောတွေကို ပင်လယ်ပြင်ဘက် ဖွတ်အဓမ္မ မောင်းထုတ်တာတွေ နောက်ထပ် ဆက်မလုပ်ဖို့ စတာတွေကိုလည်း ပြောထားပါတယ်၊ ပြီးတော့ ကျွန်ုပ်တို့ အခုရောက်လာတာဟာ အငယ်စားသင်္ဘောလေးစီးနဲ့သာ လာခဲ့တာပါ။ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးရေးကို ကျွန်ုပ်တို့ဘက်က လိုလားကြောင်း ပြသလိုတဲ့အတွက် အင်အားအနည်းငယ်မျှနဲ့ လာခဲ့တာပါ။ ဒါပေမယ့် အမှန်တကယ် လိုအပ်လာပြီဆိုရင် ကျွန်ုပ်တို့အနေနဲ့ အခုထက် အင်အားကြီးမားတဲ့ စစ်သင်္ဘောများစွာနဲ့ ပြန်လာနိုင်ကြောင်း ဖော်ပြထားပါတယ်'

အမ်းစထရောင်းသည် ကွန်မိုဒို၏ ကြေညာချက်ကို ဆက်လက်၍ ဘာသာပြန်ပေးလျက်ရှိသည်။ အပြင်ဘက်မှ ဆူဆူညံညံအသံများသည် တိုး၍သာလာနေ၏။ အမ်းစထရောင်းသည် မဏ္ဍပ်ဝင်ပေါက်ဆီမှ လှုပ်လှုပ်ရှားရှားဖြစ်နေမှုကို သတိထားလိုက်မိသည်။ မျက်နှာထားတင်းတင်းနှင့် လော့ဒ်ဒိုင်ဇိုအား မမြင်ရတော့ချေ။

'ခင်ဗျားအနေနဲ့ စာအားလုံးကို ကိုယ်စားလှယ်တွေ နားလည်သွားအောင် အပြည့်

အစုံဖတ်ပြစေချင်တယ်'ဟု လက်ဖတင်နင်ရိုက်စ်က အမ်းစထရောင်းအား တိုးတိုးပြောသည်။ 'အပြင်က အသံတွေကို လုံးဝဂရုမစိုက်ပါနဲ့၊ ကွန်မိုဒိုရဲ့ဆန္ဒက ကျွန်တော်တို့ဘက်က လူတွေအားလုံး တုန်လှုပ်ခြင်း လုံးဝမရှိဘူးဆိုတာ ထင်ရှားအောင် ပြစေချင်တယ်၊ ဘာသာပြန်တဲ့ကိစ္စအတွက် ခင်ဗျားအချိန်လိုသလောက်ယူပါ အမြန်လုပ်ဖို့မလိုပါဘူး'

1

မဏ္ဍပ်၏ နောက်ဖက်တွင် ရှိနေသော လေးစစ်သည်များနှင့် လှံစစ်သည်များကြားမှ ဖြတ်၍ မြင်းကိုဒုန်းစိုင်းလာနေသော လော့ဒ်ဒိုင်ဇိုသည် သူ၏ရိုးရာတံဆိပ်အလံကို ကိုင်၍ လာနေကြသော စစ်သည်အုပ်စုကို မြင်လိုက်သည့်အခါ များစွာကျေနပ်အားရသွားသည်။ ထို့ပြင်လည်း သူ့တပ်သားများ ကိုင်ဆောင်လာသည့် ရိုးရာတံဆိပ် အလံငယ်ကလေးများလည်း လေထဲတွင် တစ်လူလူ လွင့်လျက်ရှိသည်ကို တွေ့နေရပြန်သည့်အခါ သူ့မျက်နှာသည် များစွာဝင်းလက်သွားသည်။

တစ်ချိန်တည်းမှာပင် သူသည် အနက်ရောင် နီရီမိုနီ ကို မြင်နေရပြီး၊ ယင်း၏နောက်မှ လိုက်ပါလာနေသော သူ့သားယာကာမိုချီကိုပါ မြင်နေရ၏။ ဆိပ်ကမ်းသောင်ပြင်ထက်တွင် စုဝေးနေကြသော ပရိတ်သတ်မှာ နည်းနည်းပါးပါးမဟုတ်၊ သူသည် သူ့သားနှင့်အဖွဲ့အား ဆီးကြိုရန် မြင်းကိုစိုင်းလာနေခြင်းဖြစ်၏။ သူသည် သူ့သားအား နိုင်းလိုက်စဉ်က နိုင်ငံခြားသားလူရိုင်းဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးလာရန် ညွှန်ကြားလိုက်သည်ဖြစ်ရာ၊ ယခုအခါတွင် 'ဆန်းနိုဂျို-အီ၊ ဆန်းနိုဂျို-အီ' ဧကရာဇ်ဘုရင်မင်းမြတ်ကို မြတ်နိုးကြ၊ ကြောက်စရာကောင်းတဲ့ နိုင်ငံခြားသားတွေကို မောင်းထုတ်ကြ'ဟူသော ကြွေးကြော်သံများကို သူကြားနေရလေပြီ။

လော့ဒ်ဒိုင်ဇိုသည် သူ့သက်တော်စောင့် တပ်သားသုံးဦးနှင့်သဲတောင်ကုန်းများကြားသို့ သူ့မြင်းကိုစိုင်း၍ ဝင်လာခဲ့၏။ သားအဖဆုံမိကြသည့်အခါ သူ့သားက မြင်းပေါ်မှနေ၍ ဦးခေါင်းကိုညွတ်၍ နှုတ်ဆက်သည်။ သူ့ကက်ပတိန်သစ် ဆာဝါရာကလည်း ထိုနည်းပင် နှုတ်ဆက်သည်။

'ငါ့သား တာဝန်ကျေပါပေတယ်၊ ယာကာမိုချီရယ်'ဟု လော့ဒ်ဒိုင်ဇိုက ခေါင်းတညိတ်ညိတ်ဖြင့် ဆီးပြောသည်။ 'တကယ့်အချိန်ကောင်းမှာ ငါ့သား ရောက်လာတာပဲ'

'ကျေးဇူးတင်ပါတယ် အိုကာမိ-ဆန်'ဟု ယာကာမိုချီက ပြန်ပြောသည်။ 'အဖေ ခိုင်းတာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လို့ သား သိပ်ဝမ်းသာပါတယ်'

'မင်း နိုင်ငံခြားသား လူရိုင်းကောင်ကို လူတွေမြင်အောင် ပြပြီးပြီလား'ဟု လော့ဒ်ဒိုင်ဇိုက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'မပြရသေးပါဘူး အိုကာမိဆန်'ဟု ယာကာမိုရှိက ပြန်ပြောသည်။ 'ဒါပေမယ့် သားတို့ အဲဒီအကောင်ကိုဖမ်းပြီး ဒီအထဲမှာ သယ်လာတယ်ဆိုတာကိုတော့ လူတွေ သိနေကြပါပြီ'

'ငါတို့ နိပွန်တွေရဲ့ ဒေါသသံတွေကို မဏ္ဍပ်ထဲက ကောင်တွေ အများကြီးကြားဖို့ လိုနေတယ်'ဟု ဒိုင်ဖိုကပြောသည်။ 'အခုချက်ခြင်း ဒီကောင်ကို လူတွေမြင်အောင် ပြလိုက်ကြတော့'

ယာကာမိုရှိက ဆာဝါရာအား ခေါင်းဆတ်ပြသည်။ ဆာဝါရာသည် မြင်းပေါ်မှ ဆင်းကာ နီရိမိုနီဆီသွား၍ တံခါးကို ဖွင့်လိုက်သည်။ ထို့နောက် တစ်ကိုယ်လုံး တောင့်တင်းသွားသည်ကို မြင်လိုက်ကြရ၏။ သူသည် အတွင်းမှလူကိုပါ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရာမှ သူ့သခင်နှစ်ဦးအား လှည့်ကြည့်သည်။ အတွင်းမှလူကို အပြင်သို့ ဆွဲထုတ်လာသည်။ တစ်ကိုယ်လုံး တုန်ယင်နေသော အမည်မသိ ဂျပန်တစ်ယောက်ပေတည်း . . .။

ဂျပန်မှာ မျက်စိများကို အဝတ်စီးထားဆဲ၊ လက်နှစ်ဖက်ရော ခြေနှစ်ဖက်ပါ ကြိုးများဖြင့် တုတ်ထားသည်။ သူသည် သူ့ခြေထောက်များပေါ် ငြိမ်ငြိမ်မတ်မတ် မရပ်နိုင် . . . လော့ဒ်ဒိုင်ဖို၊ ယာကာမိုရှိ ဝိုင်းအုံပြီး ရပ်နေကြသော စစ်သည်များနှင့်ပရိတ်သတ်များသည် ထိုဂျပန်အား ငေးကြည့်နေကြသည်။

'ဒီကောင် ဘယ်သူလဲ'ဟု ဒိုင်ဖိုက ဒေါသတကြီး အော်ကြီးဟစ်ကျယ် မေးသည်။

ဆာမူရိုင်းကက်ပတိန်သည် ဂျပန်၏မျက်နှာ၌ စည်းထားသည့် အဝတ်ကို ဆွဲဖြုတ်လိုက်သည်။ အူကြောင်ကြောင်နှင့်ဖြစ်နေသည့် မျက်နှာထား၊ သူသည် ကြောက်ဒူးတုန်လျက်ရှိလေရာ၊ ကက်ပတိန်က လှမ်းမဆွဲလိုက်လျှင် လဲကျလုနီးပါး ဖြစ်သွားသည်။

'ဘယ်မှာလဲ . . . ကွ၊ နိုင်ငံခြားသား လူရိုင်းကောင်'ဟု ဒိုင်ဖိုက အော်သည်။

'မင်းတို့ကောင် လေထဲမှာ ပျောက်သွားသလား'

ထိတ်လန့်အံ့ဩလျက်ရှိသော ယာကာမိုရှိသည် မျက်စိမျက်နှာပျက်လျက်ရှိ၏။

'ကျွန်တော် လုံးဝနားမလည်တော့ဘူး၊ ဘယ်လိုဖြစ်ကုန်တာလဲ . . .'ဟု ရေရွတ်သည်။

'ဒီကောင်ဟာ၊ ကျွန်တော်တို့ အထမ်းသမားတွေထဲက တစ်ယောက်ပါ အိုကာမိ-ဆန်'ဟု ဆာဝါရာက အကျဉ်းသားအား စိုက်ကြည့်ပြီး ပြောသည်။ 'ဒါပေမယ့် . . . ကျန်တဲ့ကောင်တွေ ဘယ်ရောက်ကုန်လဲ'

'ဟိုမှာ ... မြင်လား'ဟု ဒိုင်ဖိုက မြင်းပေါ်မှနေ၍ လှမ်းပြောသည်။ 'ထွက်ပြေးကုန်ကြပြီ'

ရုပ်ဖျက်ထားသည့် ကာဂိုဆာမူရိုင်းများသည် အနီးရှိ လူအုပ်များကြားသို့ တိုးဝင်ပျောက်ကွယ်ကုန်သည်။ သူတို့သည် အနီးရှိ တောင်ကုန်းများဆီသို့ ဦးတည်ပြီး သွားကြခြင်းဖြစ်၏။ 'ရုပ်ဖျက်ထားတဲ့ ဆာမူရိုင်းတွေ . . . ကွ၊ ဒီကောင်တွေကို လိုက်သတ်၊ တစ်ယောက်ယောက်တော့ အရှင်ချန်ထား'ဟု ယာကာမိုရှိက အမိန့်ပေးသည်။

မာကာဘီ တပ်သားနှစ်ဒါဇင်ခန့်သည် မြင်းများကိုစိုင်းကာ တောင်ကုန်းများဆီသို့ အပြေးအလွှား ထွက်သွားကြသည်။ အနီးရှိ ပရိတ်သတ်သည် ကစင့်ကလျား ထွက်ပြေးကုန်ကြ၏။ ယာကာမိုရှိသည် သူ့ဓါးကို ထုတ်လိုက်ပြီး၊ အကျဉ်းသားဂျပန်၏ ဆံပင်ကို ဆုပ်ဆွဲထားသည်။

'ဘယ်လိုဖြစ်တာလဲ . . .၊ အမှန်အတိုင်းပြော'

'ဟုတ်ကဲ့ပါ . . . အရှင်၊ သူတို့က ကျွန်တော့်ကို အရုဏ်တက်ချိန်မှာ အလစ်ဝင်ဖမ်းကြတာပါ'

'မင့်ကို ဘယ်သူတွေက ဖမ်းတာလဲ'

'ကာဂိုအနွယ်ရဲ့ လူတွေပါ၊ ကျွန်တော့်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ပြီး နိုင်ငံခြားလူရိုင်း အကျဉ်းသားအကြောင်း မေးပါတယ်'

'မင်းက အကုန်ပြောပြတယ်ပေါ့၊ ဟုတ်လား'

အထမ်းသမားက ခေါင်းညိတ်သည်၊ 'သူတို့က ကျွန်တော်တို့ နီရိမိုနီ နဲ့တူတဲ့ နီရိမိုနီ တစ်ခုကို လမ်းကဖြတ်ပြီး လုပါတယ်။ ကျွန်တော့်ရဲ့ ခြေတွေ၊ လက်တွေကို ကြိုးနဲ့တုတ်ပြီး အဲဒီ နီရိမိုနီ ထဲထည့်ပါတယ်။ ပြီးတော့ အရှင်တို့နောက်က လိုက်လာပြီး အလစ်မှာ လဲယူသွားကြတာပါ'

ယာကာမိုရှိသည် အထမ်းသမား၏ ဆံပင်ကို ဆုပ်ဆွဲထားရာမှ လွှတ်လိုက်သည်။ အထမ်းသမားသည် သူ့ရှေ့၌ ဒူးထောက်ကာ ငိုကြွေးလျက်ရှိ၏။ သူသည် အထမ်းသမားအား ဒေါသတကြီး ကြည့်လျက်ရှိလေ၏။

'မင်း မာကာဘီအနွယ်တွေကိုရော နတ်ဘုရားတွေရဲ့မြေကိုပါ သစ္စာဖောက်တဲ့ကောင်'ဟု ပြောသည်။

'ကျွန်တော် မှားပါတယ် အရှင်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'ဒီလို ယုတ်ညံ့တဲ့သတ္တိကြောင်မှုကို ခွင့်လွှတ်ခြင်းဆိုတာ မရှိဘူး . . . ကွ' ပြောပြောဆိုဆို ယာကာမိုရှိ၏ လက်ထဲမှဓါးသည် အထမ်းသမား၏ လည်ကုပ်ပေါ် ကျသွားသည်။ အထမ်းသမား၏ ဦးခေါင်းသည် ခန္ဓာကိုယ်မှ လွင့်ထွက်သွားသည်။ ခေါင်းမရှိသောကိုယ်သည် သဲပြင်ထက်သို့ လဲကျသွားသည်။ ထို့နောက် သူ့ဓါး၌ ပေနေသော သွေးများကို အထမ်းသမားများ၏ အကျီနှင့်ပွတ်၍ သုတ်လိုက်သည်။

ယာကာမိုရှိသည် သူ့ကက်ပတိန်၏ မျက်လုံးနှင့်ဆိုင်၍ စူးစူးရဲရဲကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရက်စက်လွန်းလှသော အပြစ်ပေးမှုကိုကြည့်ကာ မျက်နှာပျက်နေသော ကက်ပတိန်ဆာဝါရာသည် ယာကာမိုရိျ၏အကြည့်ကို နားလည်သည်။ သူသည် သဲပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ခါးမှဓါးကို ဆွဲထုတ်လိုက်သည်။

'အကျွန်ုပ်ဆာဝါရာသည် မာကာဘီမျိုးနွယ်၏ အမှုတော်ကို တာဝန်ယူ ထမ်းဆောင်ရာ၌ ကျေပွန်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ယခုလုပ်ရပ်ကို မရှောင်မလွှဲသာပဲ လုပ်ရပါသည်'ဟု လေသံအေးအေးဖြင့် ပြောသည်။

ထို့နောက် သူသည် လက်နှစ်ဖက်ဖြင့် ဓါးရိုးကိုဆုပ်ကိုင်ကာ အသည်းနှင့်န[illegible]ုံးစသော အသက်၏ သွေးကြောများတည်ရာ နေရာသို့ ထိုးစိုက်လိုက်ပြီး [illegible]ငဘတ်ကို ထိုးခွဲလိုက်သည်။ ကက်ပတိန်ဆာဝါရာသည် အသံတစ်ချက်[illegible]လေးမှ မထွက်ပဲ၊ ဆိတ်ငြိမ်စွာပင် အသက်ထွက်သွားလေ၏။

ကြောက်မက်ဖွယ်သော တိတ်ဆိတ်မှုသ[illegible]ည် စုအုံနေကြသည့် ပရိတ်သတ်ပေါ် ကျရောက်လာသည်။ လူအများသ[illegible] အသက်ကင်းမဲ့နေသော အလောင်းများကို အတန်ကြာမျှ ရပ်ကြည့်ေ[illegible]ကြသည်။ ထို့နောက် အားလုံးပင် တစ်ယောက်ပြီး တစ်ယောက် ထွက်[illegible]သွားကြသည်။

အ[illegible]ပးတွင်မူကား တောင်ကုန်းခြေရင်းတစ်ဝိုက်၌ ပြေးသူများကပြေး၍ [illegible]ပုက်သူများက လိုက်နေကြသည်။ လိုက်သူများ ကိုင်ထားသည့် ဓါးသွားများသည် နံနက်ခင်းနေရောင်တွင် ဝင်းခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက် ဖြစ်နေကြသည်။ ထို့နောက် အားလုံးသည် သစ်ပင်များကြားသို့ ဝင်ရောက်ပျောက်ကွယ်ကုန်သည်။

'သိပ်ပြီး နောက်မကျသေးဘူး'ဟု လော့ဒ်ဒိုင်ဗိုက သူ့သားအား တိုးတိုးကပ်ပြောသည်။ 'နောက်ထပ် လူများများလွှတ်ပြီး၊ တောင်ကုန်းတွေကြားမှာ ထပ်ရှာခိုင်း'

'ဟုတ်ကဲ့ပါ၊ အိုကာမိ–ဆန်'ဟု ယာကာမိုရိျက ပြန်ပြောသည်။

'တို့အနေနဲ့ မဏ္ဍပ်ထဲမှာ တိုက်မယ်ဆိုရင် တိုက်လို့ရနိုင်သေးတယ်'ဟု ဒိုင်ဗိုက မြင်းပေါ်မှငုံ့၍ သူ့သားအား ထပ်ပြောသည်။ 'အကျဉ်းသား နိုင်ငံခြားသားလူရိုင်းကောင်ကို မပြပဲလဲ တိုက်လို့ရတာပဲ''ဟို . . .စကားပြန်ကောင်ဟာ ငါပေးထားတဲ့ အမိန့်အတိုင်း အချက်မပြပဲ မနေဘူး။ သူ အချက်ပြတာနဲ့တပြိုင်နက် မဏ္ဍပ်အောက်မှာ ပုန်းနေတဲ့ကောင်တွေ ထွက်လာပြီး တိုက်ကြလိမ့်မယ်၊ မင်းဆီမှာ ကျန်နေတဲ့လူတွေ အားလုံးကိုခေါ်ပြီး၊ ငါ့နောက်လိုက်ခဲ့'

လော့ဒ်ဒိုင်ဗိုသည် သူ့မြင်း၏ ဇက်ကြိုးကိုဆွဲကာ အခမ်းအနားကျင်းပနေသည့် ယာယီမဏ္ဍပ်ဆီသို့ ခေါင်းလှည့်ပေးလိုက်သည်။ ထို့နောက် မဏ္ဍပ်ဆီသို့ နောက်တစ်ကြိမ် ပြန်လာခဲ့ပြန်လေသည်။

(၄၇)

ဖမ်းယူရရှိလာသော မာကာဘီ နိုရီမိုနီ ဘေးမှကပ်၍ တောင်ကုန်းလမ်းအတိုင်း ခြေလျင်ဆင်းလာနေသော မင်းသားတာနာကာသည် နောက်သို့ မကြာခဏ လှည့် . . . လှည့်ကြည့်လာသည်။ သူတို့နောက်မှ ရန်သူများ လိုက်လာနေသည့် အရိပ်အရောင်များမမြင်ရ။ အခုအတိုင်းဆိုပါက သူ၏လှည့်ကွက်သည် အတော်ကြီး အလုပ်ဖြစ်သွားပြီဟု ဆိုရပေတော့မည်။

နိုရီမိုနီ ဘေးမှကပ်၍ စောင့်ကြပ်လာနေသူများမှာ ဂိုတာရိုနှင့်ကာဂိုတပ်သားတစ်ဒါဇင်ခန့်ဖြစ်၏။ သူတို့သည် စတင်ဖမ်းယူလာခဲ့သည့် အချိန်မှစ၍ ယခုအချိန်ထိ ဓါးများကိုဝင့်ကာ အထမ်းသမားများအား ခြိမ်းခြောက်၍ ခရီးကို အမြန်နှင်ခိုင်းလျက်ရှိသည်။ မာကာဘီအထမ်းသမားများသည် ကြောက်လန့်တကြားဖြစ်ကာ နိုရီမိုနီကုလားထိုင်၏ အလေးဒဏ်ကိုခံ၍ ပင်လယ်အော်ဘက်ဆီသို့ အပြေးအလွှား သွားနေကြလေသည်။

'ဟိုးမှာ ကြည့်ပါဦး၊ အိုကာမိ –ဆန်'ဟု ဂိုတာရိုက သူ့ရှေ့ရှိ လမ်းချိုးတစ်ခုဆီ လက်ညှိုးထိုးပြပြီး ပြောသည်။ 'တဲတားတစ်ခု'

တဲတားမှာ ချောင်းငယ်တစ်ခုပေါ် ဖြတ်ကူးရသည့် သစ်သားတံတားဖြစ်ပြီး ရေစီးသန်လာသော ချောင်းဖြစ်ရုံမျှမက ရေယာဉ်များစွာ ဝင်ထွက်၍ ရလောက်အောင် ကျယ်သော ချောင်းဖြစ်၏။ တာနာကာသည် ဂိုတာရိုစကား ကြားသည့်အခါ အပြေးအလွှား သွားနေရာမှ ခေါင်းညိတ်သည်။ ကာဂိုဆာမူရိုင်း တစ်ဒါဇင်ခန့် လှော်ခတ်လာနေသော လှေကိုမြင်လိုက်သည့်အခါ ဝမ်းသာအားရ အော်ဟစ်ရေရွတ်သည်။

'အဲဒါ . . . ငါတို့လှေ . . . ကွ၊ မြန်မြန်လာကြ'

တာနာကာမှာ အခုအချိန်ထိ အထမ်းသမားအဖြစ် ရုပ်ဖျက်ထားဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း သူတံတားဆီ ရောက်သွားသည့်အခါ လှေလှော်လာကြသူ ဆာမူရိုင်းများက သူ့အား ချက်ခြင်းမမှတ်မိကြ၊ ဦးခေါင်းတွင် ပတ်ထားသည့် အဝတ်စကို ဖြုတ်လိုက်ခါမှာပင် တာနာကာမှန်း သိသွားကြသည်။

'ရေစီးသိပ်သန်တယ်၊ မင်းတို့အဆန်ကို အမြန်ရောက်အောင် လှော်လာနိုင်တာ ချီးကျူးစရာပဲ'ဟု တာနာကာက ကမ်းပေါ်မှ လှမ်းအော်ပြောသည်။ 'ငါမင်းတို့ကို အလုပ်တာဝန်တစ်ခု ပေးစရာရှိနေတယ်'

'ဘာ တာဝန်ပါလဲ အိုကာမိ–ဆန်' လှေတပ်ဖွဲ့ခေါင်းဆောင်က ပြန်မေးသည်။

တာနာကာသည် စိုးရိမ်စိတ်ဖြင့် တောင်ကုန်းဆီသို့ တစ်ချက်လှည့်ကြည့်သည်။ အထမ်းသမားများသည် သူတို့ပခုံးများထက်မှ နိုရီမိုနို ကို တံတားဘေး မြေပြင်ပေါ်သို့ ချသည်။ ထိုအခါကျမှ တာနာကာက 'မင်းတို့နိုင်ငံခြားသား လူရိုင်းအကျဉ်းသားကို လှေပေါ်တင်ပြီး အနီးဆုံးသင်္ဘောနက်ကြီးဆီ အမြန်ပို့ပေးရမယ်'ဟု ပြောသည်။ 'သူ့ကို ဘေးလူတွေ လုံးဝမမြင်စေနဲ့၊ သင်္ဘောနက်ကြီးဆီ ရောက်တဲ့အခါ သင်္ဘောပေါ်ကို ဘာမှမဖြစ်စေပဲ တင်ပေးကြရမယ်၊ ကိစ္စပြီးရင် လှေကိုအမြန်ဆုံးလှော်ပြီး ထွက်သွားကြ၊ ဘာတွေမှ ရှင်းပြမနေကြနဲ့၊ ငါပြောတာ ရှင်းရဲ့လား'

'ရှင်းပါတယ် အိုကာမိ–ဆန်'ဟု လှေခေါင်းဆောင်က ပြန်ပြောသည်၊ 'အခု သူဘယ်မှာလဲ'

'ခဏနေဦး'

တာနာကာသည် သူ့စစ်ဝတ်တန်ဆာများနှင့် လက်နက်များ သိမ်းဆည်းထားသည့် ဆာမူရိုင်းထံသွား၍ သူ့ဓါးကို ဓါးအိမ်ထဲမှ ဆွဲထုတ်ယူသည်။ နိုရီမိုနို ဆီသို့သွား၍ ဂိုတာရိုနှင့် အစောင့်တစ်ဦးတို့အား အသင့်နေရာယူထားရန် မျက်ရိပ်မျက်ခြည်ပြသည်။ ထို့နောက် တံခါးကိုဖွင့်ကာ အတွင်းမှလူကို အသေအချာ ကြည့်သည်။ ထို့နောက် ဂိုတာရိုအား အကျဉ်းသားကို အပြင်သို့ထုတ်ခိုင်းသည်။

'သူ့ကို တောင့်တောင့်မတ်မတ် ရပ်နေနိုင်အောင် တွဲထား'ဟု တာနာကာက အမိန့်ပေးသည်။ ဂိုတာရိုသည် သူ့တပည့် ဆာမူရိုင်းအကူအညီဖြင့် ရောဘတ်အီဒင်အားအပြင်သို့ ဆွဲထုတ်သည်။

ပထမတော့ အီဒင်သည် ဂိုတာရို လက်ထဲတွင် ပျော့ခွေ . . . ခွေ။ တာနာကာသည် သူ့လက်ထဲမှ ဓါးဦးဖြင့် အမေရိကန်ခြေထောက်များမှ ကြိုးကိုဖြတ်ပေးလိုက်သည်။ ထို့နောက် မျက်နှာတွင် စည်းထားသည့် အဝတ်စကို ဖြတ်ပေးသည်။ နောက်ပြန်ကြိုးတုပ်ထားသော လက်နှစ်ဖက်မှ ကြိုးကိုဖြတ်မပေး . . . ။

အီဒင်သည် မျက်တောင်များကို တဖျပ်ဖျပ်ခတ်ကာ သူ့ရှေ့၌ ရပ်နေသည့်

ပင်းသားတာနာကာအား ကြည့်နေသည်။ တာနာကာအား မှတ်မိသည့် အရိပ်လက္ခဏာကို သူ့မျက်နှာတွင် မြင်ရသည်။

'နောက်ဆုံးအကြိမ် ကျွန်တော်တို့တွေ့ခဲ့တုန်းက နိပွန်နိုင်ငံထဲဝင်ပြီး သူလျှိုလုပ်ရင် သေဒဏ်အပေးခံရမယ်လို့ ပြောခဲ့တာ မှတ်မိမယ်လို့ထင်တယ်၊ အီဒင်–ဆန်'ဟု တာနာကာက ပြောသည်။ 'အစောပိုင်း တွေ့ကြတုန်းက ခင်ဗျားရဲ့ အပြုအမူတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ ခင်ဗျားကို ခင်ဗျားရဲ့သင်္ဘော ပြန်ဖို့လွှတ်ပေးခဲ့တယ်။ ခင်ဗျား ဘာပြုလို့ ကျွန်တော့်စကား နားမထောင်ခဲ့တာလဲ'

အီဒင်သည် တာနာကာမျက်နှာကို မရှေမရာ မျက်နှာထားဖြင့် ကြည့်နေသည်။

'ကျွန်တော် ကုန်းပိုင်းကို ပြန်ဝင်ခဲ့တယ်၊ ခင်ဗျားတို့ အထွဋ်အမြတ် ပြုထားတဲ့ တောင်ပေါ်ကို တတ်ချင်စိတ်ရှိလို့ပါ၊ အိုကာမိ–ဆန်'ဟု ပြောသည်။

'အခုလို စစ်ပြင်နေကြတဲ့ အချိန်ကာလမျိုးမှာ ခင်ဗျား အဲဒီအလုပ်မျိုး လုပ်တာဟာ မိုက်မဲမှုတစ်ခုပဲ' ဟု တာနာကာက တအံ့တသြ ပြန်ပြောသည်။

'လုပ်ပြီးသွားပြီး . . . ရုတ်တရက် ဖြစ်လာတဲ့ စိတ်တွန်းအားကြောင့် ဖြစ်မြောက်သွားခဲ့တာပါ'ဟု အီဒင်က ပြန်ပြောသည်။ 'ကျွန်တော်ကတော့ အဲဒီအလုပ်ဟာ ခင်ဗျားရဲ့နိုင်ငံနဲ့ လူမျိုးကို နားလည်အောင် ကူညီနိုင်မယ်လို့ ထင်ခဲ့တယ် . . .လေ၊ တကယ်လို့ အဲသလိုလုပ်တာကို သူလျှိုလို့ စွပ်စွဲကြရင်တော့လည်း၊ ကျွန်တော်ဟာ သူလျှိုတစ်ယောက်ပဲပေါ့'

တာနာကာသည် သူ့ဓါးကိုမြှောက်၍ ရှေ့သို့တိုးသွားသည်။ 'ကျိုဖျက်ထဲမှာ တွေ့ကြတုန်းက ခင်ဗျားကို နောက်တစ်ခါထပ်ပြီး ဖမ်းမိရင် အသက်ဘေးက ကင်းလွတ်ခွင့်မပြုတော့ဘူးလို့ ပြောခဲ့ဖူးတယ် . . . နော်၊ ခင်ဗျားလုပ်ပုံက ပညာရှိ မဆန်လိုက်တာ'

အီဒင်ကလည်း တာနာကာအား ပြန်ကြည့်သည်။ 'ကျွန်တော်သေဖို့ ပြင်ဆင်ပြီးနေလာခဲ့တာ နှစ်ပေါင်းအများကြီး ကြာခဲ့ပြီ။ အိုကာမိ–ဆန်၊ သတ်မဲ့အရေးမှာ ဘာပြုလို့ အချိန်ကုန်ခဲ့ပြီး အကြာကြီး စောင့်နေရတာလဲ'

'ခင်ဗျား ဘာမှနားမလည်ဘူး'ဟု တာနာကာက ပြောသည်။ 'လွန်ခဲ့တဲ့ မိနစ်အနည်းလောက်က ခင်ဗျားဟာ လော့ဒ်ဒိုင်ဇိုရဲ့ အကျဉ်းသားဖြစ်နေခဲ့တယ်။ ဒိုင်ဇိုရဲ့အရှုံးဆန္ဒက ခင်ဗျားတို့နိုင်ငံနဲ့ စစ်ဖြစ်ချင်တယ်။ သူ့ဆန္ဒ ပြည့်ဖို့အတွက် ခင်ဗျားကို အသုံးချဖို့ သူစီစဉ်ခဲ့တာ'

'သူက ဘယ်လိုလုပ်မှာတဲ့လဲ'

'ခင်ဗျားတို့ရဲ့ ရေတပ်ဗိုလ်ချုပ်ကြီးနဲ့ အမေရိကန်သုံးရာဟာ လွန်ခဲ့တဲ့ နာရီဝက်လောက်ကပဲ၊ ဒီအနီးအနားတစ်ဝိုက်မှာ အခမ်းအနားတစ်ခု တက်ဖို့ရောက်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

လော့ဒ်ဒိုင်ဖိုလူတွေက ခင်ဗျားကို ဖူဂျီတောင်ပေါ်မှာ အရှင်ရအောင် ဖမ်းခဲ့ကြတယ်။ ဒါမှ ခင်ဗျားကို အဲဒီအခမ်းအနားမှာ သူလျှိုတစ်ယောက်အဖြစ် တင်ပြပြီး သက်သေထူနိုင်မယ် မဟုတ်လား။ အဲသလို တင်ပြလိုက်တာနဲ့တစ်ပြိုင်နက် အဲဒီမှာ စုထားတဲ့ နိပွန်တပ်တွေက ဖြုန်းခနဲ ဝင်တိုက်ကြမယ်'

'အခုဆိုရင် သူ့ကို အဲသလို မလုပ်နိုင်အောင် ခင်ဗျားက တားလိုက်ပြီဆိုပါတော့. . .၊ ဒါဆိုရင် ခင်ဗျားကကော ဘာပြုလို့ အဲသလို လုပ်ရတာလဲ'

တာနာကာ့မျက်လုံးများသည် ဒေါသဖြင့် တလက်လက် တောက်ပလာသည်။

'ဘာကြောင့်လည်းဆိုတော့ ခေတ်မီလက်နက်တွေရှိပြီး အင်အားကြီးတဲ့ နိုင်ငံခြားသားလူရိုင်းတွေနဲ့ စစ်ဖြစ်တာဟာ အရူးအမိုက်တွေရဲ့အလုပ်လို့ ယုံကြည်နေလို့ပဲ၊ အနည်းဆုံး နိပွန်နိုင်ငံမှာ အင်အားကြီးပြီး ခေတ်မီတဲ့ စစ်သင်္ဘောတွေနဲ့ အမြောက်တွေကို ပိုင်ဆိုင်လာသည်အထိတော့ စောင့်ရမှာဘဲလို့ ယူဆတယ်'

'အေးလေ ... ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာလည်း အပြစ်ရှိတာပဲ အိုကာမိ–ဆန် ခင်ဗျားလည်း လော့ဒ်ဒိုင်ဖိုလို အရူးလုပ်ရပ်မျိုးကို လုပ်ခဲ့တာပဲ'ဟု အီဒင်ကပြောသည်။

'ကျွန်တော် ဖူဂျီ–ဆန်ပေါ် တက်စဉ်က သင်ခန်းစာရခဲ့တယ် . . .၊ အဲဒီ သင်ခန်းစာဟာ ကျွန်တော် မျှော်လင့်မထားခဲ့တဲ့ဟာပဲ'

'ခင်ဗျား ဘာကိုဆိုလိုနေတာလဲ'

'ဖူဂျီ–ဆန်ပေါ်မှာ လော့ဒ်ဒိုင်ဖိုရဲ့ လူတွေဟာ သူတို့နိုင်ငံသားတစ်ယောက်ကို သတ်ပြီး မီးတောင်ထဲ ပစ်ချခဲ့ကြတယ်၊ အဲဒီလူ ဆင်တာရိုဟာ လူရိုး၊ လူကောင်းပါ၊ ဒါပေမယ့် အရေးကြီးတဲ့ အချက်ကို သူနားလည်တယ်၊ အဲဒါ ဘာလည်းဆိုတော့ လူမျိုးချင်း မတူသူတွေနဲ့ အမျိုးသားတွေကြားမှာ စစ်မှန်တဲ့ မဟာမိတ် ဖြစ်နိုင်တယ်ဆိုတဲ့အချက်ပေါ့၊ သူ အသတ်ခံရတာ ဘာကြောင့်လည်းဆိုတော့ သူဟာ စေတနာစစ်မှန်လို့ဘဲ'

'အဲဒါ . . . ကျုပ်အတွက် ဘာအရေးကြီးလို့လဲ၊ သူ့ကို ကျုပ်မှ မသတ်တာ'ဟု တာနာကာက အေးစက်စက် လေသံဖြင့် ပြန်ပြောသည်။

'မဆိုင်ဘူးလေ၊ အခုနက ခင်ဗျားလေ့သမားတွေကို အမိန့်ပေးနေတာ ကျွန်တော်ကြားတယ်'ဟု အီဒင်က ပြန်ပြောသည်။ 'ကျွန်တော် ခင်ဗျားကို ပြောခဲ့တယ်၊ ကမ်းပေါ်တက်လာတာ ရန်ပြုဖို့ မဟုတ်ဘူး၊ ငြိမ်းချမ်းရေးအတွက် လာတာလို့ အဲဒါတောင်မှ ခင်ဗျားက ကျွန်တော့်ကိုသတ်ပြီး အလောင်းကို သင်္ဘောနက်တွေဆီ ပို့ချင်နေတယ်'

'ဖူဂျီတောင်ပေါ်မှာ ခင်ဗျားဟာ ကျွန်တော့်အသက်ကို ကယ်ဆယ်ဖို့ ကြိုးစားနေခဲ့တယ်လို့ ခဏခဏအချိန်ထိ ကျွန်တော်ထင်နေတုန်းပဲ၊ ဒါပေမယ့် အခုကျတော့မှ

ခင်ဗျားလည်း လော့ဒ်ဒိုင်ဖိုလိုပဲ ကျွန်တော့်ကို သတ်ချင်နေတာပဲဆိုတာ သိလာရတယ်'

တာနာကာ ဘာမှပြန်မပြော။ အီဒင့်မျက်နှာကိုသာ ဒေါသတကြီးဖြင့် စူးစူးဝါးဝါး ကြည့်နေသည်။ 'စကားပြောတာ လုံလောက်နေပြီ'ဟု တာနာကာက ပြောသည်။

'လက်တွေ့ပါဖို့ပဲလိုတယ်'

'ကျွန်တော်ကလည်း သဘောတူပါတယ် အိုကာမိ–ဆန်၊ အသင့်ပါဘဲ'

ပြောပြောဆိုဆို၊ အီဒင်သည် နောက်ဖက်တွင် ပူးချည်ထားသည့်လက်ကို ဆောင့်၍ရုန်းလိုက်ပြီး သူနှင့်အနီးဆုံးနေရာ၌ ရပ်နေသူ ဂိုတာရိုခါးမှ ဓါးကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ ထို့နောက် တာနာကာဘက်လှည့်၍ ရင်ဆိုင်သည်။ ဂိုတာရိုသည် သူ့တွင် ကျန်ရှိနေခဲ့သည့် ဓါးမြှောင်ကို ဆွဲထုတ်ကာ အီဒင်အား ခုန်အုပ်ရန် ဟန်ပြင်သည်။ တာနာကာက လက်တစ်ဖက်မြှောက်ကာ လှမ်း၍ဟန့်သည်။

'ခဏနေဦး ဂိုတာရို သူ့ကို ငါတာဝန်ယူတယ်၊ သူ့မှာ နို့စို့ကလေးခွန်အားပဲရှိတယ်'

အီဒင်သည် ဓါးကို အသင့်အနေအထားကိုင်၍ တံတား၏ အစွန်းတစ်ဖက်သို့ ဆုတ်လာခဲ့သည်။ တာနာကာကလည်း သူ့ဓါးကို မြှောက်၍လိုက်လာသည်။ အီဒင်သည် သူ့ကိုယ်သူ မထိန်းနိုင် . . . ။ ယိမ်းယိုင်လျက်ရှိ၏။ သူသည် လဲကျသွားတော့မလို ဖြစ်လျက်ရှိနေလေပြီ။

လူနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်နေကြသော်လည်း စကားမပြော။ တာနာကာသည် အီဒင်ဘက်သို့ ဆက်၍ တိုးမလာတော့ပဲ ရပ်နေသည်။ ထို့နောက် သူ့လက်ထဲမှဓါးကို သူ့စစ်ဝတ်တန်ဆာများ ထိန်းထားသည့် ဆာမူရိုင်းလက်သို့ လှမ်းပေးပြီး ဓါးအိမ်ထဲ ပြန်ထည့်ခိုင်းသည်။ လှေပေါ်ရှိ တပ်စုမှ ခေါင်းဆောင်အား လက်ယပ်ခေါ်သည်။

'မင်း နိုင်ငံခြားသား လူရိုင်းကို သူ့သင်္ဘောဆီ ပြန်ပို့ပေးလိုက်'ဟု အမိန့်ပေးသည်။ သူသည် အီဒင်ဘက်လှည့်၍ 'အီဒင်–ဆန်၊ လက်ထဲက ဓါးကို ဂိုတာရိုဆီ ပြန်ပေးလိုက်ပါ။ ခင်ဗျားရဲ့သတ္တိကို အသိအမှတ်ပြုတဲ့အနေနဲ့ ခင်ဗျားကို ခင်ဗျားရဲ့ သင်္ဘောဆီ အသက်ရှင်လျက် ပြန်ပို့ပေးဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်'

အီဒင်သည် တာနာကာနှင့်သူ့တပည့်ဂျပန်များအား တစ်ယောက်ချင်းစီ စေ့စေ့စပ်စပ်ကြည့်သည်။ ထို့နောက် သူ့ဓါးကို ဂိုတာရိုအား ပြန်ပေးသည်။ လှေအဖွဲ့ခေါင်းဆောင်ခေါ်ရာနောက်သို့ လိုက်ပါသွားသည်။ တာနာကာသည် အထမ်းသမား အဝတ်များကိုချွတ်၍ သူ့စစ်ဝတ်တန်ဆာများကို ပြန်ဝတ်သည်။ ထို့နောက် ကမ်းမှခွါ၍ ထွက်သွားသောလှေကို မျက်စိတစ်ဆုံး မျှော်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်စိအောက်မှ လေ့ပျောက်သွားသည်နှင့်တစ်ပြိုင်နက် တာနာကာသည် သူ့မြင်းထက်သို့ ခုန်တက်လိုက်သည်။ ဂိုတာရှိနှင့်သူ့ဆာမူရိုင်းများကိုလည်း သူတို့ မြင်းများပေါ်သို့ တက်ကြရန် လက်ပြသည်။

'ငါတို့အားလုံး မဏ္ဍာပ်ဆီ အမြန်ဆုံးရောက်အောင် သွားကြမယ်'ဟု သူ့လူများ ဘက်လှည့်၍ပြောသည်။ 'အခုလောက်ဆိုရင် လော့ဒ်ဒိုင်မိုနဲ့ သူ့စစ်သည်တွေ မဏ္ဍာပ်ပေါ် ရောက်နေလောက်ပြီ'

(၄၈)

ဆင်မြူရယ်အမ်းစထရောင်းသည် အမေရိကန်ပေးစာများကို သတိကြီးစွာထား၍ဘာသာပြန်ဆိုပေးလျက်ရှိသည်။ ကွန်မိုဒိုပါရီကတော့ သူ့ကုလားထိုင်၌ ထိုင်ကာ သူ့ရှေ့မှ မင်းသားနှစ်ဦးကို အေးအေးဆေးဆေးပင် ကြည့်နေသည်။သူ့နားများကတော့ သူပေးသောစာကို ဖတ်ပြနေသော အမ်းစထရောင်း၏ အသံကို နားစွင့်လျက်ရှိလေသည်။

'ကျွန်တော်တို့ ရေတပ်ဗိုလ်ချုပ်ကြီးက အခုလို ဆက်လက်ဖော်ပြထားပါတယ်'

"အမေရိကန်ရဲ့ကုန်သွယ်မှုဟာ ဒီနိုင်ငံနဲ့ အဆက်မပြတ် ဖြစ်လာပြီဆိုရင် ဂျပန် ပင်လယ်ပြင်တစ်ခုလုံးမှာ ကျွန်ုပ်တို့ရဲ့ သင်္ဘောတွေနဲ့ ပြည့်လာမှာပါ။ ကျွန်ုပ်တို့ရဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေဟာ ဂျပန်နိုင်ငံကို ဆယ့်ရှစ်ရက်၊ ရက်နှစ်ဆယ်နဲ့ ရောက် နိုင်ပါတယ်၊ ဒါကြောင့်မို့ အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံဟာ တစ်နေ့တစ်ခြား တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကျွန်ုပ်တို့သမ္မတဟာ သင်တို့ရဲ့ အင်ပါယာဧကရာဇ်ဘုရင် မင်းမြတ်နဲ့ မဟာမိတ်ဖွဲ့ပြီး ငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းနေထိုင်ဆောင်ရွက်လိုတဲ့ ဆန္ဒ ပြင်းပြနေခြင်း ဖြစ်ပါတယ်။ ဒါပေမယ်လို့ အထက်မှာ ကျွန်ုပ်တင်ပြခဲ့ပြီးတဲ့အတိုင်း ဂျပန်နိုင်ငံအနေနဲ့ အမေရိကန်တွေအပေါ်မှာ ရန်သူတွေလိုမြင်ပြီး ရန်သူလို ဆက်ဆံ နေတာတွေကို မရပ်သမျှ ကာလပတ်လုံး မဟာမိတ်အဖြစ် ကြာရှည်ရပ်တည်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး'

'အဲဒီမူဝါဒဟာ မူလက ဘယ်လောက်ပဲမှန်မှန် အခုအချိန်မှာကတော့ မမှန်နိုင် ပါဘူး။ လက်တွေ့လည်း မကျတဲ့ မူဝါဒဖြစ်နေပါပြီ။ ဘာကြောင့်လည်းဆိုတော့ ဒီနှစ် နိုင်ငံခြားဆက်သွယ်မှုဟာ အခုအချိန်မှာ အလွန်လွယ်ကူပြီး မြန်မြန်ဆန်ဆန် ဖြစ်နိုင် နေတဲ့အတွက်ပါ'

www.burmeseclassic.com

အမ်းစထရောင်းသည် ထိုစာပိုဒ်အဆုံးတွင် ခေတ္တရပ်ထားသည်။ ဟာနီဝါရ တိုကူမာက ဒတ်ချ်ဘာသာပြန်ဆိုထားသည့် စာကို ဂျပန်ဘာသာဖြင့် ပြောပြနေ ဖြစ်သည်။ ဟာနီဝါရာတိုကူမာသည် ဘာသာပြန်၍ ပြောနေသော်လည်း စိတ်ဂနာမငြိမ် ပုံမရ။ သူ့မျက်လုံးအစုံသည် မဏ္ဍပ်ဝင်ပေါက်ဆီသို့ မကြာခဏ လှမ်းကြည့်လျက် ရှိ၏။ မည်သို့ပင်ဖြစ်စေ၊ သူ့ဂျပန်ဘာသာဖြင့် ပြန်ဆိုပေးနေရသည့်တာဝန် ပြီးမြောက် သွားလေပြီဖြစ်ရာ အမ်းစထရောင်းသည် သူလုပ်ရမည့် တာဝန်ကို ဆက်၍လုပ်ရ သည်။

'ဗိုလ်ချုပ်ကြီးက သူ့စာကို ရှင်းလင်းပြတ်သားစွာ အဆုံးသတ်ထားပါတယ်'ဟု အမ်းစထရောင်းက ဆက်ပြောသည်။ 'သူပြောတာက ဒီလိုပါ "ကျွန်ုပ်သည် အမေရိကန်၊ အိန္ဒိယ၊ တရုတ်နှင့်ဂျပန်ပင်လယ်ပြင်တို့၏ စစ်သေနာပတိအဖြစ် တာဝန်ယူထားရသူ ဖြစ်ရာ၊ ဂျပန်အစိုးရဘက်မှ ဤအချက်များကို မြင်စေလိုသောဆန္ဒ ရှိနေပါသည်။ အထူး သဖြင့် ကျွန်ုပ်တို့ နှစ်နိုင်ငံကြား ရန်သူအဖြစ် ဆက်ဆံရေးကို လုံးဝမလိုလားကြောင်း သိနားလည်စေချင်ပါသည်။

'စစ်ရေးစစ်ရာ ပြင်ဆင်မှုနှင့်ပတ်သက်၍ စစ်သင်္ဘောအကြီးစားများကို ဂျပန်နိုင်ငံ ပင်လယ်ပြင်သို့ စေလွှတ်ခြင်း မပြုသေးပါ။ ကျွန်ုပ်တို့အနေဖြင့် အသေးစား စစ်သင်္ဘော လေးစီးမျှသာ ယူလာခြင်းသည် မဟာမိတ်ဖြစ်လိုသည့် သဘောကို အထင်အရှား ဖော်ပြထားခြင်း ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ လိုအပ်လာပါက ယခုလာမည့် နွေဦးပေါက် ရာသီတွင် ယခုထက် အင်အားကြီးမားသော ရေတပ်အင်အားဖြင့် ယီဒိုသို့ ပြန်လာရန် ရှိကြောင်း သိစေအပ်ပါသည်။

'သို့သော်လည်း သင်တို့၏ အင်ပါယာစကေရာဇ်ဘုရင်မင်းမြတ်အနေဖြင့် ကျွန်ုပ် တို့သမ္မတကြီး၏ စာထဲတွင် ပါသည်များအပေါ် ကျိုးကြောင်းနိုင်လုံစွာနှင့် ငြိမ်းချမ်းစွာ ပြန်ကြားမည်ဆိုပါက နှစ်နိုင်ငံ၏ကြား၌ အဆင်ပြေကြဖို့သာရှိပါသည်။

'ကျွန်ုပ်အနေဖြင့် သင်တို့၏ မြင့်မြတ်လှစွာသော စကေရာဇ်ဘုရင်မင်းမြတ်အား လေးစားသမှုပြုပါသည်။ သူ့အနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး သာယာ ပျော်ရွှင်ပါစေကြောင်း ဆုတောင်းပါ၏။ ဤစာ၏ အောက်တွင် ကျွန်ုပ်မက်သူးကဲလ် ဘာရိတ်ပါရီကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်ပါသည်။

အမ်းစထရောင်းသည် ထိုနောက်ဆုံးအပိုဒ်အား ဂျပန်ဘာသာပြန်ဆိုပေးနေသည့် ဟာနီဝါရာတိုကူမာ၏အသံကို နားစွင့်လျက်ရှိသည်။ ထိုအခိုက်မှာပင် မဏ္ဍပ်ဝင်ပေါက် ဆီမှ လှုပ်လှုပ်ရှားရှား အသံများကြားရသဖြင့် လှည့်ကြည့်သည်။

မဏ္ဍပ်ဝင်ပေါက်မှ ဝင်လာသူမှာ လော့ဒ်ဒိုင်စိုဖြစ်သည်။ သူနှင့်ပါလာသူမှာ သူ့

သားယာကာမိုရှီဖြစ်၏။ နှစ်ဦးစလုံး၏ မျက်နှာထားသည် ရန်လိုခြင်းကို ဖော်ပြနေ ကြသည်။ သူတို့ကို မြင်လိုက်သည့်အတွက် အခြေအနေပျက်သွားသူမှာ ဟာနီဝါရာ တိုကူမာ . . .။ သူသည် မျက်စိမျက်နှာပျက်ကာ စကားပြောသံ ထစ်တီးထစ်ငေါ့ ဖြစ်လျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ၊ ဘာသာပြန်မှု ပြီးသွားသည်နှင့်တစ်ပြိုင်နက် ယူရာဂါဘုရင်ခံ သည် ရှေ့သို့ထွက်လာပြီး၊ မင်းသားတူဒါ၏ ထိုင်ခုံရှေ့သွားကာ ကော်ဇောနီပေါ်ထိုင်၍ သူ့နဖူးနှင့်ကော်ဇောထိသည်အထိငုံ့ကာ အချိန်အတော်ကြာမျှ ငြိမ်နေသည်။ အခြေ အနေကိုကြည့်၍ ဘဝင်မကျဖြစ်လျက်ရှိသော အမ်းစထရောင်းသည် ဂျပန်စကားပြန် ဆီသို့လျှောက်သွားသည်။

'ဘာဖြစ်နေသလဲ၊ ဟာနီဝါရာ–ဆန်'ဟု အမ်းစထရောင်းက မေးသည်။ 'ခင်ဗျား တို့ မင်းသားက ရေတပ်ဗိုလ်ချုပ်ကြီးကို ပေးစာတွေ လက်ခံရရှိကြောင်း ပြန်ကြားစာ ပေးရဦးမယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားအတွက် ဘာသာပြန်ဆိုချက်စာလည်း ကျွန်တော့်မှာ အဆင်သင့်ရှိပါတယ်'ဟုပြောကာ သူ့လက်မောင်းထဲမှ ဒတ်ချ်ဘာသာပြန်စာလိပ်ကို ထုတ်ပေးသည်။ 'ခင်ဗျားနေရာကိုသာ ပြန်ပါတော့'

'ဖြစ်လာမယ့်အန္တရာယ်ကို တားနိုင်အောင် ကျွန်တော် ကူညီချင်ပါတယ်' ဟု အမ်းစထရောင်းက သူရထားသည့် ဘာသာပြန်ဆိုချက် စာကိုကြည့်၍ မရှင်းသည့် အချက်အလက်များ မေးလေဟန်ဆောင်ကာ စကားပြောသည်။

ဂျပန်စကားပြန်သည် ကြံရာမရ ဖြစ်နေသည့် မျက်နှာထားဖြင့် မော့ကြည့်နေ သည်။ အတန်ကြာမှ 'သူတို့က အချက်ပေးလိုက်ရင် ကျွန်တော်က ထောင်ချောက် တံခါးကို ကျွန်တော့်ခြေထောက်နဲ့ သုံးကြိမ်ပေါက်လိုက်ရမယ်'ဟု ပြောသည်။ 'မလုပ် လို့ မဖြစ်ဘူး၊ ကျွန်တော် လုပ်ပေးရလိမ့်မယ်'

'ထောင်ချောက်တံခါးက ဘယ်နေရာမှာလဲ'ဟု အမ်းစထရောင်း ဘာသာပြန် စာရွက်ပေါ်လက်ညှိုးဖြင့် ထောက်ပြပြီး ထပ်မေးသည်။ 'နေရာကို အတိအကျ ပြောပါ'

'သေတ္တာနီကြီးရဲ့နောက်မှာ'ဟု ဂျပန်စကားပြန်က ပြန်ပြောသည်။ 'ခင်ဗျားတို့ ရေတပ်ဗိုလ်ချုပ်ကြီးရဲ့ ကုလားထိုင်နဲ့ အလွန်နီးတယ်'

မင်းသားတူဒါသည် သူ့ဝတ်ရုံအကျီလက်မောင်းပွကြီးထဲမှ စာရွက်လိပ်ကို ထုတ်ယူပြီး၊ ဘုရင်ခံအား လှမ်းပေးသည်။ ဘုရင်ခံသည် စက္ကူအိတ်ကိုယူ၍ ထရပ် သည်။ နောက်သို့ပြန်လှည့်ကာ ကွန်မိုဒိုပါရီထံ လျှောက်သွားသည်။ သူသွားနေခိုက် တွင် အမ်းစထရောင်းက မဏ္ဍပ်ဝင်ပေါက်ဆီ တစ်ချက်လှမ်းကြည့်သည်။ ဂေါ့ဒ်ဒိုင်စို

www.burmeseclassic.com

www.burmeseclassic.com

သည် ဟာနီဝါရာတိုကူမာက သူ့အားပြန်ကြည့်စေလိုသော မျက်နှာထားဖြင့် ဂျပန်စကားပြန်အား စူးစူးဝါးဝါးကြည့်နေသည်။

'ကျွန်တော် ထောင်ချောက်တံခါးပေါ်သွားပြီး အပေါ်က ပိတ်ရပ်ထားမယ်'ဟု အမ်းစထရောင်းက တိုးတိုးကပ်ပြောသည်။ 'ဒါဆိုရင် ခင်ဗျားအချက်ပေးလို့ မဖြစ်နိုင်တော့ဘူး'

ဂျပန်စကားပြန်၏ မျက်လုံးများသည် ပြူးသွားသည်။ 'ဟာ . . . မလုပ်နဲ့လေ၊ မလုပ်နဲ့၊ သွားလုပ်လိုက်ရင် အရင်ဆုံး သေရမယ့်လူက ခင်ဗျားဖြစ်သွားမှာ'

အမ်းစထရောင်းသည် ခပ်ဖြည်းဖြည်း ပြန်လျှောက်လာပြီး သေဗ္ဗာနီရှေ့၌ ခဏရပ်သည်။ လက်ထဲမှစာရွက်များကို ထပ်တလဲလဲဖြန့်၍ကြည့်သည်။ အမှန်တော့ သူငုံ့ကြည့်ပြီးရှာနေသည်။ ထောင်ချောက်တံခါး . . .၊ ပထမဆုံးအကြိမ် တံခါးကိုမြင်လိုက်ရသည့်အခါ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူသည် ဘာကိုမှထပ်၍ စဉ်းစားမနေတော့ပဲ ထောင်ချောက်တံခါးပေါ် ပိတ်၍ ရပ်ထားလိုက်လေသည်။

'အခုပေးမှာ ဘာလဲ၊ မစ္စတာအမ်းစထရောင်း'ဟု လက်ဖတင်နင် ရိုက်စ်ကမေးသည်။

'သမ္မတကြီးရဲ့စာကို လက်ခံရရှိကြောင်း၊ ဂျပန်အင်ပါယာဧကရာဇ်ဘုရင်မင်းမြတ်ရဲ့ ပြန်ကြားစာပါ'ဟု အမ်းစထရောင်းက ပြန်ပြောသည်။ 'ကျွန်တော့်ဆီမှာ ဒတ်ချ်ဘာသာပြန်စာလည်း ရထားပါပြီ၊ ဘုရင်ခံဆီက မူရင်းစာကို ကွန်မိုဒိုက လက်ခံဖို့လိုအပ်ပါတယ်'

ကွန်မိုဒိုပါရီသည် ယူရာဂါဘုရင်ခံ ပေးဆက်သည့်စာကို တလေးတစား လက်ခံရယူသည်။ စာပေးအပြီးတွင် ဘုရင်ခံသည် နောက်သို့ပြန်ဆုတ်လာပြီး သူ့စကားပြန်အေး၍ရပ်နေသည်။ ဟာနီဝါရာတိုကူမာသည် တုန်ယင်နေသော လက်များဖြင့် စာရွက်ကိုကိုင်ကာဖတ်ပြနေသည်။

'ဧကရာဇ်ဘုရင်မင်းမြတ်က စာများ လက်ခံရရှိကြောင်း ပြန်ကြားစာတွင် ဤကဲ့သို့ရေးသားပြန်ကြားအပ်ပါသည်။ "အမေရိကန်သမ္မတကြီးမှ အင်ပါယာဘုရင်မင်းမြတ်ထံပေးစာကို ယခု ဤနေရာတွင် လက်ခံရရှိပါသည်။ နိုင်ငံခြားတိုင်းပြည်များနှင့် ပတ်သက်သောစာများကို ယီဒိုပင်လယ်အော်အတွင်းရှိ အရပ်ဒေသများ၌ ပေး၍မရပဲ နာဂါစကီးမြို့တစ်နေရာတည်း၌သာ ပေးအပ်၍ရကြောင်း၊ ကျွန်ုပ်တို့က အသင်တို့အား အကြိမ်ပေါင်းများစွာ ဆက်သွယ်ပြောဆိုခဲ့ပြီးပြီ ဖြစ်ပါသည်။

'မည်သို့ပင်ဖြစ်စေ ပေါ်ပေါက်လာသည့် အခြေအနေကို ထောက်ထား၍ ရေတပ်ဗိုလ်ချုပ်ကြီးအား အမေရိကန်သမ္မတကြီး၏ သံအမတ်ကြီးအဖြစ် ယူဆမည်ဆိုပါက

ဤပေးစာကို ဤနေရာ၌ လက်ခံရယူခြင်း မပြုဘဲ၊ ငြင်းပယ်လိုက်မည်ဆိုလျှင် မဖွယ်မရာပြုသလို ဖြစ်သွားမည်ကို ထောက်ထားသည့် အားလျော်စွာ ပေးစာများကို ဤကဲ့သို့ ကူရီဟာမာအရပ်၌ လက်ခံခဲ့ခြင်း ဖြစ်ပေသည်။ ယင်းသို့လက်ခံခြင်းသည် ဂျပန်နိုင်ငံ၏ ဥပဒေများကို ချိုးဖောက်ရာ ရောက်နေပါကြောင်း သိစေအပ်ပါသည်။

အမ်းစထရောင်းက တစ်ခဏမျှရပ်၍ လှမ်းကြည့်သည်။ ကွန်မိုဒိုပါရီက ထိုအချက်ကို အသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ကျန်အရာရှိများကလည်း ထိုအချက်နှင့်ပတ်သက်၍ သဘောကျသည့် လက္ခဏာကို ဦးခေါင်းများ ညိတ်ပြခြင်းဖြင့် ဖော်ပြကြသည်။ ထိုအချိန်တွင် မဏ္ဍပ်ပေါက်မှ လော့ဒ်ဒိုင်ဖိုသည် မဏ္ဍပ်တွင်းသို့ ခြေနှစ်လှမ်း သုံးလှမ်းမျှ ဝင်လာခဲ့လေပြီ။

'နောက်ဆုံးစာတစ်ပိုဒ်ပဲ ကျန်ပါတော့တယ်၊ ကွန်မိုဒို'ဟု အမ်းစထရောင်းက ပြောသည်။ 'စာပိုဒ်က တိုတိုနဲ့လိုရင်းကို ပြောထားပါတယ်၊ ရိုးရိုးရှင်းရှင်းလေးပါ။ ဤနေရာသည် နိုင်ငံခြားသားများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ စည်းဝေးကျင်းပခြင်း၊ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပခြင်း၊ စသည်များကို ခွင့်မပြုသောနေရာဖြစ်ပါသည်။ သို့ပါ၍ ပေးစာကို လက်ခံပြီးပြီဖြစ်သဖြင့် လူကြီးမင်းတို့အားလုံး ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားကြစေလိုပါသည်'

ဤစကားများသည် ကွန်မိုဒိုအား ဒေါပွစေသည်မှာ မြင်ရုံမျှဖြင့် သိသာနေ၏။ ကွန်မိုဒိုသည် သူ့အရာရှိ တပ်မှူးနှစ်ဦးဘက်လှည့်ကာ စကားတီးတိုး ပြောလျက်ရှိသည်။ အမ်းစထရောင်း၏အကြည့်သည် မဏ္ဍပ်ပေါက်မှ လော့ဒ်ဒိုင်ဖိုထံ ရောက်သွားသည်။ လော့ဒ်ဒိုင်ဖိုသည် ဒေါပွနေသည့် မျက်နှာထားဖြင့် ဟာနီဝါရာတိုကူမာအား လှမ်းကြည့်နေသည်။

ဂျပန်စကားပြန်သည် အမ်းစထရောင်းအား လှမ်းကြည့်သည်။ သူ့မျက်နှာထားသည် ကြံရာမရဖြစ်နေခြင်းကို ဖော်ပြလျက်ရှိ၏။ မဏ္ဍပ်ထဲတွင် ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိလေရာ၊ ကွန်မိုဒိုနှင့်သူ့တပ်မှူးများ၏ တီးတိုးစကားပြောသံများမှတစ်ပါး အခြားဘာသံမှ မကြားရ။

အမ်းစထရောင်း၏အာရုံသည် ဟာနီဝါရာတိုကူမာဆီ ရောက်သွားပြန်သည်။ အပြင်ပန်းအသွင်အပြင်အရ ဂျပန်စကားပြန်သည် အနည်းငယ် ပြောင်းသွားပုံရသည်။ စောစောကထက် စိတ်တည်ငြိမ်သွားသည့် သဘောကို မြင်နေရ၏။ လော့ဒ်ဒိုင်ဖိုဘက်သို့ပြန်ကြည့်ပုံမှာလည်း အာခံလိုသည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။

လော့ဒ်ဒိုင်ဖိုကလည်း စကားပြန်၏ အာခံလိုသော အမူအရာကို သိဟန်တူသည်။ သူ့မျက်နှာသည် ချက်ခြင်းမဲသွားသည်။ သူသည် သူ့ညာလက်ကို ရင်ပတ်ပေါ်တင်၍

www.burmeseclassic.com

www.burmeseclassic.com

အချက်ပြသည်။ သို့သော်လည်း ဟာနီဝါရာတိုကူမာသည် ဒိုင်ဖိုအား ကျောပေးလိုက်ပြီး သူ့ဘေးမှ ဘုရင်ခံဘက်လှည့်ကာ စကားပြောလျက်ရှိသည်။

လော့ဒ်ဒိုင်ဖိုသည် မယုံကြည်နိုင်ဖြစ်နေသည့် မျက်နှာဖြင့် မဏ္ဍပ်ထဲသို့ လှမ်းကြည့်နေသည်။ ထို့နောက် သူ့သားဘက်သို့ ဒေါသတကြီးလှည့်၍ စကားပြောနေသည်ကို အမ်းစထရောင်းမြင်ရ၏။ သူ့သားယာကာမိုချီကလည်း ချက်ခြင်းထွက်ခွာသွားကြပါဟု ပြောလိုက်သဖြင့် မကျေမနပ်ဖြစ်နေဟန်ရှိသော အမေရိကန်အရာရှိများအား မျက်နှာထားတင်းတင်းဖြင့် လှမ်းကြည့်နေသည်။ ထို့နောက် သူ့အဖေဘက်လှည့်၍ ဦးညွှတ်လိုက်ပြီး မဏ္ဍပ်ထဲမှ ရေးကြီးသုတ်ပြာ အမူအရာဖြင့် ထွက်သွားသည်။

၂

အခမ်းအနားကျင်းပရာ၌ မဏ္ဍပ်၏ မြေအောက်ခန်းဆီသို့ဝင်ရာ လှေကားဝှက် အပေါက်သည် မဏ္ဍပ်၏နောက်ဖက် ကိုက်တစ်ရာအကွာ၌ တည်ရှိသည်။ သဲသောင်ပြင် တစ်ပြင်လုံး ဆိတ်ငြိမ်လျက်ရှိ၏။ ထောင်နှင့်ချီ၍ရှိနေကြသော ဂျပန်လက်နက်ကိုင်များ နှင့်အရပ်သူအရပ်သားများသည် မဏ္ဍပ်ထဲ၌ ဘာတွေဖြစ်နေပါလိမ့်ဟု တွေးကာ မျှော်လင့်ချက်ကြီးစွာဖြင့် နားစွင့်နေကြလေသည်။

မဏ္ဍပ်တွင်းမှ ရှေ့လောတကြီး ထွက်လာသော ယာကာမိုချီသည် မဏ္ဍပ်အရိပ် တွင် ခိုနေသည့် သူ၏အကြီးအကဲအား လက်ပြပြီးခေါ်သည်။ 'ဘာရှာနေပါသလဲ . . . အရှင်'ဟု အကြီးအကဲက မေးသည်။ 'ကျွန်တော် ဘာအကူအညီပေးရမလဲ'

'မြေအောက်အခန်းကို ချက်ခြင်းဝင်ခွင့်ရနိုင်မယ့် စကားဝှက်ရချင်တယ်၊ တို့ ဆာမူရိုင်းအစောင့်တွေထဲက ပြောနိုင်လိမ့်မယ်'ဟု ယာကာမိုချီက ပြန်ပြောသည်။

'ဘာဖြစ်လို့ပါလဲ အရှင်'

'နိုင်ငံခြားသား . . . လူရိုင်းတွေကိုသတ်ဖို့ ဝင်ရမယ့်အပေါက် ရှာမတွေ့လို့ သတ်ဖြတ်မယ့်တပ်စုကို ငါတို့ကိုယ်တိုင် ခေါင်းဆောင်ရတော့မှာမို့လို့'

အစောင့်သည် ချက်ခြင်းပြေးထွက်သွားပြီး မာကာဘီဆာမူရိုင်း အစောင့် တစ်ယောက်အား သွားမေးသည်။ ထို့နောက် ယာကာမိုချီထံ ပြန်ရောက်လာသည်။

'စကားဝှက်က **ကုရုဖူနီ** (သဘော်နက်တွေ)ပါ၊ ဥမင်လိုဏ်ခေါင်းရဲ့ အဆုံးတံခါး အတွက်ကတော့ **ကာမိကာဇေ** (မြတ်သောမုန်တိုင်း)ပါ'

ယာကာမိုချီသည် သူ့လူကိုခေါ်၍ စကားဝှက်များကို အသုံးပြုကာ အတွင်းသို့ ရောက်သွားသည်။ အတွင်းဘက်မှ လက်နက်ကိုင်တစ်ဒါဇင်သည် သူ့အား လှည့်ကြည့်ကြသည်။ စစ်သည်များထဲမှ တချို့သည် ထောက်ချောက်တံခါးဝ၌ ဝပ်နေကြသည်

ကိုတွေ့ရ၏။ အပေါ်မှ အချက်ပေးလိုက်လျှင် ပြေးတက်သွားကြမည့် အနေအထား ရှိနေကြသည်။

'တိုက်ဖို့ အမိန့်ပေးပြီးပြီ'ဟု ယာကာမိုချီက ပြောသည်။ 'သစ္စာဖောက်အရာရှိ တစ်ယောက်က အမိန့်ကို မပေးပဲထားလို့ ကြန့်ကြာကုန်ရတယ်။ ငါ့ကိုလွှတ်ပြီး မင်း တို့ကို ခေါင်းဆောင်ခိုင်းလိုက်တယ်'

သူသည် ဓါးကိုထုတ်ကာ သစ်သားလှေခါးထစ်များမှ တက်သွားသည်။ ထိုခဏ မှာပင် မင်းသာတာနာကာယိုရှီအိုသည် အမှောင်ရိပ်ထဲမှထွက်လာကာ သူ့လက်ထဲမှ ဓါးဖြင့် ယာကာမိုချီအား တားထားသည်။ တာနာကာ၏နောက်မှ ဓါးကိုင်ထားသော ဂိုတာရိုကိုပါ မြင်နေရသည်။

'မင်း နိုင်ငံခြားသားလူရိုင်းတွေကို သတ်ချင်တယ်ဆိုရင် ငါတို့ကို ပထမဆုံး သတ်မှရမယ်'ဟု တာနာကာက ပြောသည်၊ 'ငါတို့ မင်းကို တက်သွားခွင့် မပေးနိုင်ဘူး'

တာနာကာသည် တည်ငြိမ်တင်းမာသော မျက်နှာထားဖြင့် ယာကာမိုချီအား မျက်နှာချင်းဆိုင်ကာ စူးစူးရဲရဲ ကြည့်လျက်ရှိသည်။

'ခင်ဗျားက နိုင်ငံခြားသား လူရိုင်းတွေကို အတော်ကြီးချစ်နေတာ ဘာပြုလို့ပါလဲ အိုကာမိ–ဆန်'ဟု ယာကာမိုချီက ပြန်ပြောသည်။ 'ဒီလောက် ရွံ့ရှာစက်ဆုပ်ဖို့ ကောင်းပြီး ယုတ်ညံ့တဲ့ သစ္စာဖောက်မှုကို ကျူးလွန်နေတာ ဘာကြောင်းရှိလို့လဲ'

'အခုအချိန်မှာ လူရိုင်းတွေကို တိုက်မယ်ဆိုရင် ရှုံးတာပဲ၊ သူတို့ရဲ့ အဆပေါင်း များစွာ သာလွန်နေတဲ့ လက်နက်တွေနဲ့ သင်္ဘောတွေကိုသုံးပြီး ငါတို့ကို ကျူးကျော်မယ်၊ ပြီးရင် ရာစုနှစ်ပေါင်းများစွာ ကျေးကျွန်အဖြစ် ငါတို့ကိုထားမယ်'ဟု တာနာကာက ပြောသည်။ 'ငါတို့က သူတို့ကို သွားတိုက်ရင်၊ သူတို့က တို့ကို အဲသလို လုပ်မှာပဲ၊ မာန်မာနကြီးတဲ့ တို့တစ်မျိုးသားလုံးဟာ ပျက်သုဉ်းသွားမှာ သေချာတယ်'

'ကျွန်တော်တို့က မတိုက်ရင်ကော. . .'ဟု ယာကာမိုချီက ပြန်မေးသည်။

'သူတို့က ကျွန်တော်တို့ကို သတ္တိမရှိဘူး၊ အင်အားမရှိဘူးလို့ မြင်ပြီး၊ ကျွန်ထက် ပိုဆိုးတဲ့အဖြစ်ကို ရောက်အောင်လုပ်မှာပဲ မဟုတ်ဖူးလား'

တာနာကာ၏ဓါးဦးထိပ်သည် ယာကာမိုချီ၏ ရင်ဘတ်အလယ်တည့်တည့်သို့ ချိန်ရွယ်ထားသည်။ 'သူတို့အမြောက်တွေနဲ့ စစ်သင်္ဘောကြီးတွေကြောင့် ဒီနိုင်ငံခြားသား လူရိုင်းတွေဟာ အခုလောလောဆယ်၊ တစ်ကမ္ဘာလုံးမှာ ဗိုလ်ဖြစ်နေတာ . . .တို့အနေနဲ့ သူတို့နဲ့ အင်အားတူလာတဲ့ တစ်နေ့မှာ ငါတို့ သူတို့ကို ပြန်တိုက်ကြရမယ်'

'ခင်ဗျားမှားနေပြီ ... အိုကာမိ–ဆန်'ဟုပြောကာ ယာကာမိုချီသည် လှေခါး တစ်ထစ်ကို ခုန်တက်လိုက်သည်။ 'ပထမဆုံး လက်ဦးအောင် တိုက်တာဟာ အကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆုံးနည်းပဲ၊ ဒီတိုက်ပွဲမှာ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကို နင်းချေပစ်ရမယ်'

ယာကာမိုရီသည် ပြောပြောဆိုဆိုပင် သူက လက်ဦးအောင်တိုက်သည်။ သူ့တိုက်ကွက်မှာ တာနာကာအား ခြေလွတ်လက်လွတ်ဖြစ်ကာ လေ့ခါးမှ ကျသွားအောင် လုပ်လိုက်ခြင်းဖြစ်၏။ သို့သော်လည်း တာနာကာသည် သူထင်သလို ဖြစ်မသွားဘဲ ယာကာမိုရီ၏ ဓါးချက်ကို ရှောင်လိုက်သည်။ ဓါးချက်သည် တာနာကာ၏ မျက်နှာနှင့် လက်မအနည်းငယ်ကွာမှ ဖြတ်သွားသည်။

ယာကာမိုရီသည် တာနာကာ၏ လည်ပင်းဆီသို့ ချိန်ရွယ်၍ ခုတ်လိုက်ပြန်သည်။ တာနာကာ၏ လျှင်မြန်သွက်လက်သော ခုန်ရှောင်မှုကြောင့် လွတ်သွားသည်။ တာနာကာ၏ဓါးဦးသည် ယာကာမိုရီ၏ရင်ဘတ်ထဲသို့ ဓါးရိုးအထိ စိုက်ဝင်သွားသည်။ ယာကာမိုရီ၏ဓါးသည် မြေပြင်ထက်သို့ လွတ်ကျသွားသည်။

သူကိုယ်တိုင်လည်း ဓါး၏ဘေးသို့ လဲကျသွားသည်။ သူ့ပါးစပ်သည် ဟလျက်–

'နိုင်ငံခြားသား လူရိုင်းတွေကို တိုက်ချင်တဲ့လူ ရှိသေးသလား၊ ရှိရင်ပြော'ဟု တာနာကာက ဓါးကိုဝင့်လျက်မေးသည်။ အဖြေပေးသူ တစ်ဦးမှမရှိ၊ သူသည် သူ့ဓါးမှ သွေးကို ယာကာမိုရီ၏ ဝတ်ရုံဖြင့် သုတ်လိုက်သည်။

1

အပေါ်ဘက်မဏ္ဍပ်၏ ပင်မခန်းမကြီးထဲတွင် ကွန်မိုဒိုနှင့်သူ့အရာရှိများသည် ဆွေးနွေးဆဲ၊ ထို့နောက် ကွန်မိုဒိုပါရီသည် ထိုင်ရာမှ ထရပ်လိုက်ပြီး၊ ဂျပန်ဘုရင့်ကိုယ်စားလှယ်မင်းသားနှစ်ဦးနှင့် မျက်နှာချင်းဆိုင်သည်။သူ့မျက်နှာသည် တင်းမာလျက်. . .

'ယီဒိုပင်လယ်အော်က ထွက်ခွာဖို့အချိန်က ကျွန်ုပ်ကြိုက်သလို ရွေးချယ်ရမယ့်ကိစ္စပါ'ဟု ကွန်မိုဒိုကပြောသည်။ 'ကျွန်ုပ်ရဲ့ စစ်သင်္ဘောတွေဟာ ဒီနေ့ကစပြီး နောက်နှစ်ရက်၊ သုံးရက်ကြာမှ ထွက်ခွာမယ်၊ ပင်လယ်အော်ရဲ့ ရေကြောင်းတိုင်းထွာမှုအားလုံး ပြီးစီးမှပဲ ထွက်ခွာမယ်'

သူသည် အမ်းစထရောင်းဘာသာပြန်၍ ပြောနေသည်ကို စောင့်၍နားထောင်သည်။ ဆုံးသွားသည့်အခါ တစ်ဖက်ရှိ ဂျပန်ကိုယ်စားလှယ်များထံမှ ဘာသံမှ မကြားရ။

'အဆုံးသတ်အနေနဲ့ ပြောလိုတာက ကျွန်ုပ် ဒီကို အခုလာမယ့် နွေဦးပေါက်မှာ ပြန်လာခဲ့မယ်ဆိုတာ ကြေညာလိုက်ပါတယ်။ ဧပြီ (သို့မဟုတ်)မေလထဲမှာ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ အဲဒီထက်စောပြီး ရောက်ချင်လည်း ရောက်လာဖို့ရှိတယ်။ ကျွန်ုပ်တို့သမ္မတကြီးရဲ့ပေးစာနဲ့ ပတ်သက်လို့ ကျွန်ုပ်တို့ ယုံကြည်ထားတဲ့အတိုင်း အလားအလာကောင်းတဲ့ ပြန်ကြားချက် ရ၊ မရ သိချင်လို့ ပြန်လာမှာပါ။ ကျွန်ုပ်ပြောချင်သမျှ အားလုံး

ဟာ ဒါအကုန်ပဲ'

ကွန်မိုဒိုသည် ကုလားထိုင်တွင် ပြန်ထိုင်သည်။ အမ်းစထရောင်း ဘာသာပြန်၍ အပြီးတွင်မှ ဘုရင်ခံနှင့်သူ့စကားပြန်သည် အပြန်အလှန် စကားပြောနေကြသည်။ ထို့နောက် စကားပြန်က အမ်းစထရောင်းနှင့်ကွန်မိုဒိုဘက်လှည့်၍ ဦးညွှတ်ပြီး ပြောသည်။

'ရေတပ်ဗိုလ်ချုပ်ကြီး နွေဦးပေါက် ပြန်လာတဲ့အခါကျရင် အခု စစ်သင်္ဘောလေးစီးနဲ့လာမှာလားလို့ ဘုရင်ခံကြီးက မေးခိုင်းပါတယ်'

'ကျွန်ုပ် အဲဒီလေးစီးနဲ့ ပြန်လာချင်လာမယ်၊ စစ်သင်္ဘောအရေအတွက်ဟာ အဲဒီထက်ပိုချင်လည်းပိုမယ်'ဟုပြောကာ စကားကို ရပ်ထားသည်။ 'အခုလာတဲ့ စစ်သင်္ဘောလေးစီးဟာ အသေးအဖွဲ့ပဲဆိုတာ သူတို့နားလည်အောင် ပြောပြလိုက်ပါ'

ထိုစကား ပြောအပြီးတွင် ဘုရင်ခံနှင့်စကားပြန်သည် တီးတိုးပြောကြပြန်သည်။ ထို့နောက် နှစ်ဦးစလုံးက ကွန်မိုဒိုဘက်လှည့်၍ ဦးညွှတ်သည်။ ဘုရင်ခံသည် သေတ္တာဆီသို့သွားကာ ကြက်သွေးရောင်အဝတ်ဖြင့် ပတ်၍စည်းထားသော အမေရိကန်စာများကို ယူလာ၍ ပြန်လျှောက်လာသည်။ ကွန်မိုဒိုဘက် ဦးညွှတ်ကာ ဂျပန်ဘာသာဖြင့် စကားတစ်ခွန်းပြောသည်။

'ဘုရင်ခံကြီးက ပြောပါတယ်၊ 'ဒီနေရာမှာ နောက်ထပ် ဆက်လုပ်စရာ ဘာမှမရှိတော့ပါဘူးတဲ့'ဟု အမ်းစထရောင်းက ဘာသာပြန်၍ ပြောသည်။ 'သူက မဏ္ဍပ်ရဲ့ အပြင်ဘက်ကို လိုက်ပို့မှာမို့ သူ့နောက်လိုက်ခဲ့ပါတဲ့၊ အခမ်းအနားကတော့ ပြီးဆုံးသွားပါပြီတဲ့'

ဘုရင်ခံနှင့်ဟာနီဝါရာတိုကူမာသည် ဘေးချဉ်းယှဉ်ကာ ရှေ့မှလျှောက်သွားကြသည်။ စကားပြန်၏မျက်နှာသည် ဖြူယော်ယော် ဖြစ်နေသေးသော်လည်း၊ အစောပိုင်းကနှင့်စာလျှင် သူ့စိတ်သူများစွာ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း သိသာ၏။ အမေရိကန်များ ထွက်ခွာသွားကြသည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဘုရင့်ကိုယ်စားလှယ်နှစ်ဦးသည် မတ်တပ်ထရပ်ကြသည်။ ကွန်မိုဒိုက သူတို့အား ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်သည့်အခါ သူတို့ကလည်း ဦးညွှတ်၍ နှုတ်ဆက်ကြလေသည်။

မဏ္ဍပ်အပြင်သို့ထွက်သည့်အခါ ဝင်ပေါက်အဝ၌ ရပ်နေသော လော့ဒ်ဒိုင်ဗိုအား အမ်းစထရောင်း သတိထားလိုက်မိသည်။ ဒိုင်ဗိုသည် စကားပြန် ဟာနီဝါရာတိုကူမာ၏ မျက်နှာကိုသာ ဒေါသအလွန်ဖြစ်နေသည့် မျက်နှာထားဖြင့် စူးစူးဝါးဝါး ကြည့်လျက်ရှိသည်။ စကားပြန်ကတော့ သူ့အားလုံးဝပြန်မကြည့်။

သဲသောင်ပြင်ထက်သို့ ကွန်မိုဒိုဆင်းသွားသည့်အခါ မရိန်းတပ်သားများနှင့်

www.burmeseclassic.com

www.burmeseclassic.com

သဘော်သားများ၏ အလေးပြုသံများ ထွက်ပေါ်လာသည်။ ထို့နောက် ဘင်ခရာသံများ၊ စစ်ချီသံများ၊ စိတ်သက်သာရာ ရလျက်ရှိသော အမ်းစထရောင်းသည် သူ့မိတ်ဆွေဟာနီဝါရာတိုကူမာအား မျက်စိရှာသည်။ လူထုပရိတ်သတ်များကြားတွင် အလွယ်တကူ ရှာ၍မရ။

နောက်ဆုံးတွင် အမ်းစထရောင်းသည် ဟာနီဝါရာတိုကူမာအား တွေ့သွားသည်။ မဏ္ဍပ်နှင့်ကိုက်တစ်ရာခန့်အကွာတွင် ဘုရင်ခံနှင့်တွဲ၍ ရပ်နေခြင်း . . .။ နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး မြင်ကြသည်။ ဟာနီဝါရာတိုကူမာ၏ မျက်နှာသည် အမ်းစထရောင်း၏စိတ်ကို များစွာထိခိုက်စေသည်။ ဂျပန်စကားပြန်သည် သူ့မိသားစုအတွက် စိုးရိမ်သောကရှိနေဆဲဖြစ်သော်လည်း သူ့တွင်ရှိနေသည့် မာန်မာနက သူ့အားထိန်းချုပ်ပေးထားပုံရသည်။ ဘယ်လောက်ပဲ ကြောက်စရာကောင်းသည့် အဖြစ်မျိုးတွေနှင့် ကြုံရစေကာမူ သူ့နိုင်ငံအတွက် မြင့်မားသော ရည်မှန်းချက်ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ရခြင်းအတွက် ဂုဏ်ယူဟန်ရှိပေ၏။

ဤအဖြစ်ကို ရိပ်စားမိသော အမ်းစထရောင်းသည် ဟာနီဝါရာတိုကူမာဘက်သို့ ဦးညွတ်လိုက်မိသည်။ ဟာနီဝါရာတိုကူမာကလည်း အမ်းစထရောင်းဘက် မသိမသာ လှည့်၍ ဦးပြန်ညွတ်သည်။ သဘော်များဆီသို့ ဆက်လက်၍ လျှောက်လာနေသော အမ်းစထရောင်းသည် ဟာနီဝါရာတိုကူမာ၏ ရဲရင့်ပြတ်သားသလောက် နာကျည်းကြေကွဲနေသော မျက်နှာကို တစ်သက်တာ ပတ်လုံးမေ့၍ ရတော့မည်မဟုတ်။

(၄၉)

ဆက်စ်ကွီဟာန်နာသဘော်နောက်ပိုင်း စက်ခန်း(တက်မခန်း) အပေါ်ဘက်ရှိ အခန်းကျဉ်းကလေးထဲတွင် ဆင်မြူရယ်အမ်းစထရောင်းသည် သူ့နေ့စဉ်မှတ်တမ်းတွင် ရေသွင်းစရာရှိသမျှကို ရေးသွင်းခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ တက်မခန်းဆီမှ ထွက်လာနေသော စက်သံများသည် သူ့စိတ်အာရုံကို အနှောင့်အယှက်မပေးနိုင်။ သူသည် သူ့လက်ထဲမှမင်တံနှင့်နေ့စဉ်မှတ်တမ်းစာအုပ်ကြီးထဲမှ စက္ကူထိတွေ့နေခြင်း အပေါ်၌သာ စူးစိုက်လျက်ရှိလေသည်။

အခန်း၏နောက်ဘက်ရှိ အပေါက်မှကြည့်လိုက်လျှင် သူ့နေရာနှင့်သူ ယီဒိုပင်လယ်အော်၏ အလယ်၌ကျောက်ချပြီး ရပ်နားနေကြသော ဆာရာတိုဂါ၊ မစ်စစ္စပီနှင့် ပလိုင်းမောက် တိုက်သဘော်များကို မြင်တွေ့နေရသည်။ သဘော်အားလုံးသည် အပြောကျယ်လှသော ပင်လယ်ပြင်ကြီးဆီသို့ ဦးတည်ထားသည်။ ထိုမှတဆင့် ဟောင်ကောင်၊ ကန်တုံနှင့်ရှန်ဟိုင်းစသောနေရာများဆီသို့ ဆက်လက်သွားရောက်ရန် တာဆူလျက်ရှိပေသည်။

ထိုနေ့သည် ၁၈၅၃–ခုနှစ်၊ ဇူလိုင်လ–၁၇ ရက်၊ တနင်္ဂနွေနေ့နံနက်ဖြစ်၏။ လေသည် ငြိမ်လျက်ပင် ရှိနေသေးသဖြင့် ကမ်းခြေ၌ ပင်လယ်ပြင်သို့ထွက်ရန် တာစူနေကြသည့် ဂျပန်တံငါလှေများသည် ရုတ်တရက် မထွက်နိုင်။ သူတို့သည် တောင်စူးစူးသို့ ဦးတည်၍ လှုပ်ရှားစပြုနေကြသော သဘော်နက်ကြီးများအား စိတ်ဝင်တစား လှမ်းမျှော်ကြည့်လျက်ရှိကြလေ၏။

ထိုပြင်လည်း သဘော်ကြီးများထွက်တော့မည်ဟု သတင်းရ၍ လာရောက်ကြသော လယ်သမား၊ ယာသမားများနှင့် မြို့သူမြို့သားအများအပြားတို့၏ လှေများကိုလည်း ကမ်းခြေ၌တွေ့မြင်နေရ၏။ သူတို့အားလုံးသည် နိုင်ငံခြားသားလူမျိုး‌များ၏

www.burmeseclassic.com

www.burmeseclassic.com

အဆမတန် အင်အားကြီးမားသော စက်များ၏ အလုပ်လုပ်ပုံကို ကြည့်မြင်လိုရှ၍ အပင်ပန်းခံကာ လာရောက်ခဲ့ကြခြင်းပေတည်း။

ယူရာဂါမြို့၏အထက်ဘက် ငါးမိုင်အကွာ၌ သင်္ဘောအားလုံး ကျောက်ချပြီး ကတည်းက ဆက်စ်ကွီဟန်နာ၏ ဦးပိုင်း၌ရပ်နေခဲ့သော အမ်းစထရောင်းသည် ထိုရှုခင်းကိုမြင်ခဲ့ရ၏။ ဖြစ်ပြီးခဲ့သမျှအားလုံးကို ပြန်လည်စဉ်းစားမိသည့်အခါ သူ့စိတ်သည် များစွာကြည်လင်ပေါ့ပါးသွားခဲ့သည်။

စစ်သင်္ဘောများသည် ဂျပန်နိုင်ငံမှ ယနေ့ပင်ထွက်ခွာတော့မည်ကို သူသိထားခဲ့ရပြီးပြီ။ ရက်ပေါင်းဆယ်ရက်တိတိမျှ တင်းမာသော အခြေအနေများနှင့် ထိပ်တိုက်တွေ့ကာ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသလို ဖြစ်နေခဲ့သောကာလသည် ပြီးဆုံးသွားခဲ့ရပြီ။ အထူးသဖြင့် စကားပြန်အဖြစ် တာဝန်ယူခဲ့ရသောသူသည် အတွင်းစိတ်ပဋိပက္ခများနှင့် အမြဲတစေ ရင်ဆိုင်နေခဲ့၏။ အခုတော့ဖြင့် ထိုဘဝကို ကျော်လွှားနိုင်ခဲ့ပြီ။

ထိုအသိကြောင့် စိတ်အေးနားအေးဖြစ်သွားခဲ့သော ဆင်မြူရယ်အမ်းစထရောင်းသည် သူ့နေ့စဉ်မှတ်တမ်းကို သတိရလာသည်။ ကြုံခဲ့ရသည့်ဖြစ်ရပ်များနှင့် သူ့အတွေးများကိုသူမှတ်တမ်း မတင်၍မဖြစ်။ ဤသို့ဖြင့် သူသည် သူ့အခန်းထဲသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်လေသည်။

သူသည် နေ့စဉ်မှတ်တမ်းစာအုပ်ကိုဖွင့်ကာ မိနစ်ပေါင်းများစွာ ကုန်သွားသည်အထိ သူ့ခေါင်းထဲမှ ပေါ်လာသမျှကို ရေးချလျက်ရှိ၏။ သို့သော်လည်း ဆက်စ်ကွီဟန်နာသင်္ဘော အရှေ့ဘက်သို့ ဦးလှည့်ပြီး ပင်လယ်အော် အောက်ဘက်သို့ ခုတ်မောင်းလာသည့်အခါ သူ့စိတ်အာရုံသည် ရုတ်တရက်ပြောင်းသွားသည်။

သူ့အခန်းပေါက်မှ လှမ်းကြည့်လိုက်လျှင် အနောက်ဘက်ကမ်းခြေကို ထင်ထင်ရှားရှားမြင်နေရ၏။ သူ့အဖို့ ဆန်းသစ်သောရှုခင်းဖြစ်နေသည့်အားလျော်စွာ သူမကြည့်ပဲ မနေနိုင်. . .။ တစ်တောင်ပေါ်တစ်တောင်ဆင့်ကာ လှိုင်းထသလိုဖြစ်နေသော စိုပြည်စိမ်းလန်းသည့် တောင်ကုန်းများ . . .၊ ထိုတောင်ကုန်းများကြား၌ စနစ်တကျ ပြုပြင်စိုက်ပျိုးထားသည့် လှေကားထစ်စပါးခင်းများ. . .၊ ယင်းရှုခင်းအလှသည် ယူရာဂါ၏အပေါ်ဘက် တစ်လွှား၌တည်ရှိနေခြင်းပေတည်း။

ဤကြားထဲမှပင် သူ့အကြည့်သည် ဖူဂျီတောင်ဆီသို့ ရောက်သွားသည်။ ဖူဂျီ၏အလှသည် အမြဲတစေ သူ့အားဆွဲဆောင်မှုရှိခဲ့သည်သာများ၏။ အခုလည်း သူသည် စာရေးခြင်းကိုရပ်ကာ လက်ထဲမှမင်တံကို ဘေးသို့ချထားလိုက်ပြီး အပေါက်ဆီသို့သွားရပ်နေမိသည်။ သူသည် ဖူဂျီတောင်ဆီသို့ တွေဝေငေးမောနေမိပြန်၏။ တစ်ခဏမျှကြာသောအခါ ဆတ်စ်ကွီဟန်နာသည် သူ့ရေလမ်းကြောင်းကိုပြောင်း

လိုက်လေရာ အနောက်ပိုင်းရှုခင်းများသည် ပျောက်သွားသည်။ ထိုအခါ သူသည် စားပွဲ၌ပြန်ထိုင်ပြီး စောစောက ရေးထားသမျှကို ပြန်ဖတ်နေမိသည်။

လွန်ခဲ့သည့် သုံးရက်အတွင်းက ကျွန်ုပ်ရရှိခံစားခဲ့ရသော ပျော်ရွှင်ခြင်းနှင့်ဝမ်းသာကြည်နူးခြင်းတို့မှာ တခြားကြောင့်မဟုတ် ကူရီဟာမာမှ သင်္ဘောပေါ် ပြန်ရောက်လျှင်ရောက်ခြင်း ရောဘတ်အီဒင်တစ်ယောက် ကျွန်ုပ်တို့ မရှိခိုက်တွင် သင်္ဘောပေါ်သို့ ထူးဆန်းစွာ ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရှိရခြင်းကြောင့် ဖြစ်ပေသည်။

ထိုစဉ်က ကျွန်ုပ်သည် ဘုရားသခင်ထံ၌ ကျွန်ုပ်ကိုယ်တိုင် အပြင်းအထန် တောင်းခံခဲ့သော ဆုနှစ်ခုကို ဘုရားသခင်က ပေးအပ်ခြင်း ခံခဲ့ရပြီဟုပင် ထင်ခဲ့မိပါ၏။ ပထမဆုနှင့်ပတ်သက်၍ အစိုကကျသော ပဋိပက္ခမှုကြီးတစ်ခုသည် ကမ်းခြေထက်တွင် ဖြစ်လုနီးပါးအခြေအနေ ရှိနေခဲ့ရာမှ သီသီကလေး လွတ်မြောက်ခဲ့ရ၏။ နောက်တစ်ခုမှာ ရဲရင့်သော နယူးအင်္ဂလန်ပြည်နယ်သား အရာရှိလက်ဖတင်နင် ရောဘက်အီဒင်သည် ခုနှစ်ရက်တိတိ ပျောက်ဆုံးနေရာမှ သင်္ဘောပေါ်သို့ အသက်ရှင်လျက် ပြန်ရောက်လာခြင်းပေတည်း။

ကျွန်ုပ်သည် ဝမ်းသာကြည်နူးမှုကို အပြည့်အဝခံစားခဲ့ရသည်ဟူ၍ ကားမဆိုသာပါ။ လက်ဖတင်နင်အီဒင်သည် အသက်အန္တရာယ် ဖြစ်စေနိုင်လောက်အောင် ပြင်းထန်သည့် ဒဏ်ရာရလာခဲ့သည်ဟူသော နောက်ဆက်တွဲသတင်းကြောင့် ဖြစ်ပါ၏။ ယနေ့မနက်ဆိုလျှင် အီဒင်သည် အောက်ထပ်ကုန်းပတ်ရှိ အရေးကြီးလူနာများအခန်း၌ သူ့အသက်ရှင်ရေးအတွက် အပြင်းအထန် ရုန်းကန်နေရရှာသည်ဟူသော သတင်းကို ထပ်မံကြားသိခဲ့ရပြန်ပါသည်။

အီဒင်အား အမည်မသိဂျပန်တစ်စုက လာပို့ခဲ့ခြင်းဖြစ်၍ သင်္ဘောပေါ်အရောက်တွင် တအံ့တသြဖြစ်နေသော အစောင့်စစ်သည်များက အောက်ထပ်အရေးတကြီး လူနာအခန်းသို့ သယ်ပို့ခဲ့ရသည်ဟု ဆိုပါသည်။ ယခုအခါတွင် ကာဘိုင်သေနတ်များနှင့် ဓားများကိုင်ဆောင်ထားသည့် သင်္ဘောသားသုံးဦးက သင်္ဘောအကျဉ်းထောင်နှင့်ဆက်စပ်နေသော အထူးလူနာခန်းကုတင်ပေါ်ရှိ အီဒင်အား နှစ်ဆယ့်လေးနာရီလုံးလုံး အလှည့်ကျ စောင့်ကြပ်လျက်ရှိသည်။

ယင်းအစီအစဉ်ကို လုပ်ခြင်းမှာ အီဒင်သင်္ဘောပေါ် ပြန်ရောက်လာလျှင်

www.burmeseclassic.com

www.burmeseclassic.com

ချက်ခြင်းဖမ်းဆီး၍ တင်းကြပ်စွာအစောင့်အရှောက်နှင့် ထားရမည်ဟု ကြိုတင်၍ ထုတ်ထားခဲ့သော အမိန့်ကြောင့် ဖြစ်ပေသည်။ လက်ဖတင်နှင် ရိုက်စ်ထံမှ ကျွန်ုပ်ကြားသိခဲ့ရသည်မှာ ဒဏ်ရာရလာသော လက်ဖတင်နှင် အီဒင်သည် သူ့အကြောင်းကို အနည်းငယ်မျှသာ ပြောပြနိုင်ကြောင်းနှင့် ယခုအထိ တိတိကျကျနှင့်စုံစုံစိစိ မသိရသေးကြောင်း စသည်တို့ ဖြစ်လေသည်။

အကယ်၍ သူပြန်လည်ကျန်းမာလာပါက တပ်ပြေးအဖြစ် စစ်ခုံရုံးသို့ အတင်ခံရမည်ဖြစ်၏။ ထွက်ရှိလာမည့် အကျိုးတရားမှာ ထောင်ဒဏ်ကျခံရမည်ဖြစ်ပြီး အလားအလာကောင်းသော ရေတပ်အရာရှိဘဝ နိဂုံးချုပ်ရပေလိမ့်မည်။

အမ်းစထရောင်းသည် စာဖတ်ခြင်းကို ရပ်ထားလိုက်သည်။ သူ့အာရုံသည် အီဒင့်ထံရောက်သွားသည်။ အီဒင့်အပေါ် အားကျခြင်းနှင့်ကရုဏာဖြစ်ခြင်းတို့သည် သူ့စိတ်၌ပေါ်လာသည်။ လူငယ်အရာရှိဖြစ်သော အီဒင်သည် သူ့အသက်နှင့်ရင်း၍ စွန့်စားမည်ဟူသော စိတ်ဓါတ်ဖြင့် သင်္ဘောပေါ်မှ ရဲရင့်စွာ ထွက်ခွာသွားခဲ့ခြင်းဖြစ်၏။ မိမိသာဆိုလျှင် လက်နက်မပါဘဲနှင့် ကမ်းပေါ်သို့ တက်ဝံ့လိမ့်မည်မဟုတ်။ ယင်းသို့တွေးမိသော အခါ သူ့ကိုယ်သူ စက်ဆုတ်ခြင်း ဖြစ်မိသည်။ သူသည် စားပွဲ၌ပြန်ထိုင်ကာ သူရေးထားသည့် နေ့စဉ်မှတ်တမ်းကို ငုံ့ကြည့်မိပြန်သည် . . .

အခြေအနေကို ပို၍ဆိုးဝါးစေသည်မှာ တခြားမဟုတ် သူ့ဦးခေါင်းနှင့် ခြေထောက်ဒဏ်ရာများကို ခွဲစိတ်ကုဆရာဝန်များက ခွဲစိတ်ကုသပေးအပြီးတွင် အဖျားပြင်းစွာ ဝင်လာခြင်းဖြစ်၏။ ယမန်နေ့ညနေခင်းပိုင်းတွင် အီဒင်၏အဖျားအပူချိန်သည် အမြင့်ဆုံးအမှတ်ကို ကျော်သွားခဲ့သည်။ အခုချိန်ထိ သူသည် နာကျင်မှုဒဏ်နှင့် သွေးထွက်လွန်မှုဒဏ်များကြောင့် များစွာအားနည်းလျှက် ရှိနေဆဲဟု သိရလေသည်။

ကျွန်ုပ်သည် အီဒင့်ထံကိုရော ခွဲစိတ်ကုဆရာဝန်ကြီးများထံကိုပါ အကြိမ်ကြိမ်စာများ ရေးခဲ့ပါသည်။ သာသနာပြု ခရစ်ယာန်ဘုန်းကြီး အနေဖြင့် စိတ်ပိုင်းဆိုင်ရာပြုစုကုသမှုကို ရှေ့ရှု၍ ကိုယ်တိုင်လာရောက်ကြည့်ရှုခွင့်ပေးရန် ခွင့်တောင်းစာများ ဖြစ်ပါသည်။ သို့သော်လည်း သူတို့ဘက်မှ အကြောင်းပြန်ကြားမှုကို မရခဲ့ပေ။

ဤအဖြစ်သည် ကျိုးကြောင်းဆီလျော်မှု မရှိသလို ဖြစ်နေသဖြင့် ကျွန်ုပ်၏စိတ်သည် များစွာဘဝင်မကျ ဖြစ်နေခဲ့ရပါသည်။ လွန်ခဲ့သော

ဆယ်ရက်အတွင်းက ဝဏ္ဏဆန်ဆန်ဖြစ်ခဲ့ရသည့် ဖြစ်ရပ်များအပေါ် ခံစားခဲ့ရသည်များထက်ပို၍ စိတ်မသက်မသာ ဖြစ်ရသည်ဟုပင် ကျွန်ုပ်ထင်မိပါသည်။

ရောဘတ်အီဒင်သည် သူယုံကြည်သည့်အတိုင်း အားလုံးကို စွန့်လွှတ်ကာ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့် နည်းလမ်းနောက်သို့ လိုက်ခဲ့၏။ သို့သော်လည်း ကျွန်ုပ်သည် မိမိလုပ်ခဲ့သည့် အလုပ်အပေါ်၌ နစ်မျို့ခြင်းကင်းခဲ့သည်မှာ မှန်သော်လည်း ကျွန်ုပ်အနေဖြင့် လက်နက်ဖြင့် ခြိမ်းခြောက်ခဲ့သော လုပ်ရပ်များတွင် ကြံရာပါတစ်ဦးအဖြစ် ထိပ်ပိုင်းမှ ပါဝင်ခဲ့သည်မှာအမှန်ပင် ဖြစ်ပါ၏။

ကျွန်ုပ်မျှော်လင့်နိုင်သည့် အရာတစ်ခုတော့ ရှိပါသည်။ ကျွန်ုပ်သည် လျှို့ဝှက်သော ကြံစည်အားထုတ်မှုများဖြင့် ဟာနီဝါရာတိုကူမာအား ကူညီခဲ့သည်ဖြစ်ရာ၊ ယင်းကူညီမှု မဖြစ်စလောက်ကလေးသည် ကျွန်ုပ်ပါဝင်ကပြခဲ့ရသော လက်နက်ဖြင့် ခြိမ်းခြောက်မှုအတွက် အထိုက်အလျောက် ခွင့်လွှတ်နိုင်သည့် ဖြေဆေးလေးတစ်ခု ဖြစ်လာကောင်းပါရဲ့ဟု မျှော်လင့်မိခြင်း ဖြစ်ပါသည်။

အမ်းစထရောင်းသည် နေ့စဉ်မှတ်တမ်းကို ဖတ်နေရာမှ အာရုံပြောင်းသွားပြန်သည်။ ညည့်ခံမဏ္ဍပ်ထဲ၌ 'သင်တို့သမ္မတကြီး၏ ပေးစာကို လက်ခံပြီးပြီဖြစ်၍ သင်တို့အားလုံး ယခုပင် ဤနေရာမှ ထွက်ခွာသွားကြပါတော့' ဟူသော ဂျပန်တို့ဘက်မှ စကားကို သတိရမိသည်။ ထိုစကားကို ကြားလိုက်ရသော ကွန်မိုဒိုပါရီသည် မခံမရပ်နိုင်လောက်အောင် ဒေါပွသွားခဲ့သည် မဟုတ်ပါလား။

ထိုစကားအပေါ်တွင် မကျေမချမ်းဖြစ်နေခဲ့သော ကွန်မိုဒိုသည် သူ့စစ်သင်္ဘောလေးစီးစလုံးအား ယီဒိုမြို့နှင့်ဆယ်မိုင်အကွာအထိ ကျောက်ဆူးချ၍ ရပ်ခိုင်းထားခဲ့သည်။ ထိုမျှသာမက သင်္ဘောအားလုံးသည် လက်နက်တပ်ဆင်ထားသော လှေပေါင်းတစ်ဒါဇင်ခန့်ကို ကမ်းခြေအနီးသို့လွှတ်ကာ ရေအနက်ကို တိုင်းထွာစေခဲ့သည် မဟုတ်ပါလား။

ထိုစဉ်က ကြောက်လန့်တကြားဖြစ်နေသော ယူရာဂါဘုရင်ခံသည် မိမိတို့သင်္ဘောဆီရောက်လာပြီး သူတို့တောင်းဆိုသည့်အတိုင်း သင်္ဘောများ မထွက်ခွာသည်မှာ ဘာကြောင့်လဲဟု လာမေးသည်။ ကွန်မိုဒိုပါရီက အမ်းစထရောင်းအား အမိန့်ပေးထားသည့်အတိုင်း ယခုထက်ပို၍ကြီးမားသော စစ်သင်္ဘောကြီးများသည် နောက်လအနည်းငယ်အတွင်း ပြန်လာကြလိမ့်မည်ဖြစ်ရာ ယင်းတို့ပြန်လာသည့်အခါ ကျော[illegible]ရမည့်

www.burmeseclassic.com

www.burmeseclassic.com

နေရာများကို ကြိုတင်သိရှိထားရန် တိုင်းထွာနေ၍ ဖြစ်သည်ဟု ပြန်ကြားခဲ့သည်။

နောက်နေ့တွင် ကွန်မိုဒိုပါရီသည် သူ့စစ်သင်္ဘော မစ်စစ္စပီအား နေရာရွှေ့ခဲ့၏။ မူလနေရာမှ ပင်လယ်အော်၏အထက် ဆယ်မိုင်ကွာအထိ ဆန်တက်ခိုင်းကာ ကျောက်ချစေခဲ့သည်။ အမေရိကန်စစ်သင်္ဘောများအား မြို့တော်နှင့်အလှမ်းမကွာသည့် နေရာအထိ ခုတ်မောင်းစေပြီး ရပ်ထားနိုင်သည်ကို သက်သေပြလိုက်ခြင်း ဖြစ်လေသည်။

ဤကာလအတွင်း ဘုရင်ခံနှင့်သူ့အရာရှိအချို့သည် ခွင့်ပြုချက်ရသည့်အတိုင်း ဆတ်စ်ကွီဟန်နာသင်္ဘောပေါ်သို့ ရောက်လာခဲ့ကြသည်။ ဘုရင်ခံနှင့်အတူ စကားပြန် ဟာနီဝါရာတိုကူမာ ပါမလာချေ။ အမ်းစထရောင်းက မေးသည့်အခါ သူ့တာဝန်များမှ ခေတ္တအနားယူခွင့်ရထားပါသည်ဟု ဘုရင်ခံကဖြေသည်။ သူနှင့်ပါလာသည့် စကားပြန်မှာအသစ်ဖြစ်လေသည်။ ထူးခြားနေသည်ကား ဘုရင်ခံသည် ယခင်ကထက်ပို၍ ယဉ်ကျေးသိမ်မွေ့နေခြင်းပင် ဖြစ်ပေ၏။

ရေတပ်အုပ်စု ပြန်လည်မထွက်ခွာမီ ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် သင်္ဘောများဆီသို့ နှစ်ကြိမ်မျှ ရောက်လာခဲ့သေးသည်။ နှစ်ကြိမ်စလုံးပင် အမေရိကန် ဝိုင်အရက်များ၊ ဝီစကီများနှင့် ဧည့်ခံရုံမျှမက အမေရိကန်အစားအစာများနှင့်ပါ တည်ခင်းကျွေးမွေးခဲ့ကြသည်။ ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နှစ်ခြိုက်ခြိုက် စားသောက်ကြလေသည်။

ဂျပန်တို့အား သင်္ဘောအင်ဂျင်များကိုသာမက လက်နက်မျိုးစုံကိုပါ ပြသခဲ့ကြရာ များစွာ စိတ်ပါဝင်စားကြသည်ကို တွေ့ရ၏။ ဘုရင်ခံ၏စကားပြန်သည် နားနေအားနေသည်မရှိ အဖွဲ့ဝင်ဂျပန်အရာရှိတို့က မေးနေသည့် မေးခွန်းများကို အဆက်မပြတ် ဘာသာပြန်ပေးနေရသဖြင့် အလုပ်များလျက် ရှိနေ၏။ ဤကြားထဲမှပင် အမြောက်ကြီးများ၏အရွယ်အစားပမာဏ၊ ဘယ်လိုထုတ်လုပ်သည်၊ သင်္ဘောအင်ဂျင်များ၏ အတိုင်းအထွာနှင့် လည်ပတ်မှု စသည်များကို စာအုပ်တစ်အုပ်ဖြင့် မှတ်သားပေးရသေး၏။

ထို့ပြင်လည်း ခင်မင်လာမှုကို အကြောင်းပြု၍ တစ်ဘက်နှင့်တစ်ဘက် လက်ဆောင်များ ပေးလာကြသည်။ အမေရိကန်တို့ဘက်မှ သစ်စေ့များနှင့် သမိုင်းစာအုပ်များပေးခဲ့၍ ဂျပန်တို့ဘက်မှ ယပ်တောင်များ၊ ယွန်းထည်ပစ္စည်းများနှင့် ဆေးတံများ ပေးခဲ့သည်။ ယင်းလုပ်ရပ်များနှင့်ပတ်သက်၍ အမ်းစထရောင်းသည် သူ့နေ့စဉ်မှတ်တမ်းတွင် ဤသို့ရေးမှတ်ထားသည်ကို ပြန်၍ဖတ်မိသည်။

ဤအပြန်အလှန် ပေးကမ်းမှုများ၏ နောက်ကွယ်မှ အမှန်တရားကို ကွန်မိုဒိုပါရီက ယမန်နေ့ညက အာပေါင်အာရင်းသန်သန်နှင့် ဝေဖန်ပြောဆိုသွားသည်။ 'ဂျပန်တွေ ကျိုးကြောင်းဆင်ခြင်မှု ရှိလာစေဖို့အတွက်

အကြောက်တရားတွေရဲ့ ဩဇာလွှမ်းမိုးမှုကို အသုံးပြုရလိမ့်မယ်' ဟု သူက မှတ်ချက်ချသွားသည်။

ထို့ပြင်လည်း သူက ဂျပန်တွေအနေနဲ့ သူတို့ရဲ့ ပင်လယ်ကမ်းခြေဟာ အင်အားကြီးမားတဲ့ ရေတပ်ကြီးတစ်တပ်ရဲ့အောက်မှာ လုံးဝလုပ်သမျှခံရလိမ့်မယ်ဆိုတဲ့ အချက်ကို သိမြင်နားလည်သွားအောင်၊ ယုံကြည်သွားအောင်လုပ်ရမယ်။ အဲဒီလိုဆိုရင် သူတို့ဆီက ဘာတွေပဲတောင်းတောင်း ပေးလာမှာပါ' ဟု ထင်မြင်ချက်ပေးသည်။

စစ်ကြေညာရန်ကိစ္စမှာ အမေရိကန်ပြည်ထောင်စု ကွန်ဂရက်တစ်ခုတည်းကသာ ပြုလုပ်နိုင်သော ကိစ္စဖြစ်၏။ အမှန်အားဖြင့်လည်း ကွန်ဂရက်သည် ဂျပန်နိုင်ငံအား စစ်ကြေညာခြင်း မပြုခဲ့ပေ။ သို့တစေလည်း လွန်ခဲ့သော ဆယ်ရက်အတွင်းက ကွန်မိုဒိုပါရီ၏ လုပ်ရပ်အားလုံးသည် စစ်ကြေညာသည်နှင့် တူလျက်ရှိသည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။

"ဂျပန်နိုင်ငံဟာ နောက်ဆုံးကျရင် တစ်ကိုယ်ကောင်းဆန်တဲ့ အထီးကျန်ဝါဒကို စွန့်လွှတ်ပြီး ယဉ်ကျေးသိမ်မွေ့မှုကို ဦးစားပေးတဲ့ နိုင်ငံတကာ တရားဥပဒေကို ရိုသေလိုက်နာလာမှာပါ" ဟူသော စကားကို အထက်တန်းအရာရှိတစ်ဦး၏ နှုတ်မှ လွန်ခဲ့သောညက အမှတ်မထင် ထွက်လာသည်ကို ကျွန်ုပ်ကြားလိုက်ရ၏။ သို့သော်လည်း ခရစ်ယာန်ဘာသာ၏ အဆိုးနှင့်အကောင်း ခွဲခြားတတ်သောစိတ်အရ ကျွန်ုပ်အနေဖြင့် ထိုစကားကို လက်မခံနိုင်ပါ။ ခြောက်ဆယ့်လေးပေါင်ဒါ အမြောက်များဖြင့် "ယဉ်ကျေးသိမ်မွေ့သော နိုင်ငံတကာ တရားဥပဒေ" ကို လက်ခံလာအောင် လုပ်ခြင်းသည်လည်း မှန်ကန်လိမ့်မည်ဟု ကျွန်ုပ်မထင်ပါ။

အမ်းစထရောင်းသည် ထိုစာပိုဒ်ကို ဖတ်မိသည့်အခါ စာဖတ်ခြင်းကို ရပ်လိုက်ပြန်သည်။ သူ့အတွေးသည် အမေရိကန်ရေတပ်ဖွဲ့များ၏ လုပ်နည်းလုပ်ဟန်များကို ပြန်၍တွေးနေမိပြန်သည်။ အကယ်၍ ဆင်ခြေဆင်လက်များနှင့်သာ ပြောကြမည်ဆိုပါက ယင်းလုပ်ရပ်များ မှန်ကန်ခြင်း ရှိမရှိ အငြင်းပွားဖွယ်ရာများ ရှိလာပေလိမ့်မည်။

ဤခရီးကို ထွက်လာနေစဉ်အတွင်းက ဤရှို့ယွင်းချက်များ သူ ဘာကြောင့်မမြင်ခဲ့ပါလိမ့်။ ထိုစဉ်က ယင်းကဲ့သို့ မမြင်ခဲ့ခြင်းသည် သူလက်ခံနိုင်သည့် လုပ်ငန်းအပေါ်၌ ဆန့်ကျင်ဘက်စိတ်ထားနှစ်ခု ပြိုင်တူထားမိ၍ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သူသည် ထိုအတွေးကို ရင်ဝယ်ပိုက်ကာ သူ့နေ့စဉ်မှတ်တမ်းဆီသို့ အာရုံရောက်သွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောဘတ်အီဒင်သည် ငယ်ရွယ်သူဖြစ်သဖြင့် သူ့ဆန္ဒကို အလွန်ရဲရင့်ပြတ်သားစွာ လုပ်နိုင်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။ တကယ်တော့ ကျွန်ုပ်လည်း ဘာသာရေးဆိုင်ရာ ပဋိပက္ခများကို နှစ်ဦးနှစ်ဘက်ကြား၌ ပြေလည်အောင် ညှိနှိုင်းစေ့စပ်ပေးခြင်းဖြင့် ငြိမ်းချမ်းအောင် လုပ်ခဲ့ဖူးသူ ဖြစ်ပါသည်။ နှစ်ဦးနှစ်ဘက် ဖျန်ဖြေခြင်းဖြင့် ပြီးငြိမ်းအောင် လုပ်သောနည်းသည် ကျွန်ုပ်၏ ဘဝတစ်ခုလို ဖြစ်နေသည်မှာ ကာလအားဖြင့်ကြာခဲ့ပြီ။ ထိုနည်းသည် အတွေ့အကြုံက သင်ကြားပေးခဲ့သောနည်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

စေ့စပ်ဆွေးနွေးပြီး ငြိမ်းအေးစေခြင်းသည် ကျွန်ုပ်တို့အတွက် ရှက်ကြောက်သင့်သည့် သတ္တိနည်းမှုပုံသဏ္ဍာန်တစ်ခုလေလား . . .။ အရေးကြီးသော အခြေခံမှုများအား ဘယ်တော့မှ စေ့စပ်ဆွေးနွေးခြင်းဖြင့် မပြီးစေသင့်။ အကယ်၍များ ပို၍စိတ်ဓါတ်ဖြူစင်သော၊ ရဲရင့်စွန့်စားစိတ်ပို၍ကြီးမားသော ရောဘတ်အီဒင်များ ပို၍များလာပါက ဤကမ္ဘာသည် အကောင်းဆုံး နေရာတစ်ခု ဖြစ်လာဖို့ရှိပါသည်။

အီဒင့်အထက်မှ အရာရှိများကမူ အုပ်ချုပ်သူအရာရှိများအား အသိမပေးပဲ၊ ကိစ္စအရပ်ရပ်ကို ကိုယ့်သဘောနှင့်ကိုယ် လုပ်ခြင်းသည် မှားသည်ဟုဆိုပေလိမ့်မည်။ ဤသို့ လုပ်လိုက်ခြင်းသည် စစ်ဖြစ်ပွားဖို့ နီးသည်ဟုလည်း စွပ်စွဲကြပေလိမ့်မည်။

သို့တစေလည်း အီဒင်ကတော့ ဤကိစ္စတွင် သူ့အထက်မှ အရာရှိများ၏အပြုအမူ၊ လုပ်ရပ်များသည် မှားပါသည်ဟု တုံ့ပြန်ပေလိမ့်မည်။ ဤသို့ဖြင့် သူ့အထက်အရာရှိများ၏ လုပ်ရပ်များကြောင့် ဖြစ်ထွန်းလာခဲ့သည့် အကျိုးဆက်များကို လျော့ပါးသွားစေနိုင်လိမ့်မည်ဟု ယူဆရပေသည်။

မည်သို့ပင်ဖြစ်စေ၊ ရှေ့ဆက်လာမည့် နှစ်များအတွင်း ဂျပန်လူမျိုးတို့သည် ပထမဆုံး ချဉ်းကပ်လာသည့် အမေရိကန်တို့၏ လုပ်ရပ်များကို ရုတ်တရက် မေ့သွားလိမ့်မည် မထင်ပေ။ ဤကိစ္စတွင် ကျွန်ုပ်ကိုယ်တိုင်လည်း အတွင်းကျကျနှင့် နီးကပ်စွာ ပါဝင်ခဲ့သည်ဖြစ်သဖြင့် ယင်းကဲ့သို့ တွေးထင်မိခြင်း ဖြစ်ပါ၏။

ကျွန်ုပ်အနေဖြင့်မူကား တစ်သီးတစ်ခြား အထီးကျန် နေထိုင်ရေးဟူသော မူဝါဒကို ဂျပန်လူမျိုးစွန့်လွှတ်ရန် ဘုရားသခင်က ဝင်ရောက်

ကူညီပါစေဟု ဆုတောင်းပေးရုံမှတစ်ပါး အခြားလုပ်ပေးနိုင်သော အရာမရှိပါ။ ဘုရားသခင်သည် ဂျပန်တို့အား ကမ္ဘာပေါ်ရှိ ကျန်လူမျိုးများနှင့် အမုန်းမပွား သွေးထွက်သံယိုမှုများ မဖြစ်စေပဲ မိတ်ဆွေများအဖြစ် ပေါင်းသင်းလာနိုင်အောင် ပြုပြင်ပေးတော်မူပါဟု ဆုတောင်းပေးရန်သာလျှင် ရှိပါတော့သည်။

အပြင်မှ တံခါးခေါက်သံကြားရသည်။ အမ်းစထရောင်းသည် စာဖတ်ခြင်းကို ရပ်ကာ ထိုင်ရာမှထ၍ တံခါးကို သွားဖွင့်သည်။ တံခါးဝ၌ ရပ်နေသူမှာ အရာခံဗိုလ်ဟာရစ္စဖြစ်၏။ သူသည် အမ်းစထရောင်းအား ဆီး၍အလေးပြုသည်။

'လက်ဖတင်နင်ရိုက်စ်က လွှတ်လိုက်လို့ပါ။ မစ္စတာအမ်းစထရောင်း'ဟု အရာခံဗိုလ်ကပြောသည်။ 'မစ္စတာ အမ်းစထရောင်းက လက်ဖတင်နင်ရောဘတ်အီဒင်ဆီ လာဖို့ ခွင့်တောင်းခဲ့တယ် မဟုတ်လား၊ အဲဒါ အခု ခွင့်ပြုလိုက်ပြီလို့ လာပြောတာပါ'

'ကောင်းပါတယ်'ဟု အမ်းစထရောင်းက အလိုက်သင့် ပြန်ပြောသည်။ 'ဒါဆိုရင် လက်ဖတင်နင်အီဒင်ဟာ ဘေးအန္တရာယ်ကင်းသွားပြီဆိုပါတော့ . . . ဟုတ်လား'

ဟာရစ္စက ခေါင်းခါသည်၊ 'အဲသလိုတော့ မဟုတ်ပါဘူး . . . ခင်ဗျာ'ဟု ပြောသည်။ 'သူ့အခြေအနေက နည်းနည်းပိုဆိုးလာတယ်လို့ သိထားရပါတယ်၊ ဆရာဝန်ကြီးတွေကတော့ သူ့အခြေအနေဟာ ငါးဆယ် . . . ငါးဆယ်ဘဲ ရှိတယ်လို့ ပြောထားပါတယ်'

'အခြေအနေဆိုးလာလို့ သူ့ဆီလာတွေ့ဖို့ ခေါ်တဲ့သဘောပေါ့၊ ဟုတ်လား'ဟု အမ်းစထရောင်းက ပြန်ပေးသည်။

'မဟုတ်ပါဘူး . . . ခင်ဗျာ၊ ကျွန်တော် နားလည်ထားတာကတော့ လက်ဖတင်နင်အီဒင်ကိုယ်တိုင်က မစ္စတာအမ်းစထရောင်းနဲ့ တွေ့ချင်တယ်လို့ ပြောဟန် တူပါတယ်'

သာသနာပြုစကားပြန် အမ်းစထရောင်း၏ မျက်နှာသည် မှုန်မှိုင်းသွားသည်။

'ဒါဆိုရင် ကျုပ် သူ့ကိုဘယ်အချိန် လာတွေ့ရမှာလဲ'ဟု မေးသည်။

'လက်ဖတင်နင်ရိုက်စ်ကတော့ အခုချက်ခြင်း ခေါ်လာရမယ်လို့ ကျွန်တော့်ကို အမိန့်ပေးလိုက်ပါတယ်'ဟု အရာခံဗိုလ်က ပြန်ပြောသည်။ 'ကျေးဇူးပြုပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com

(၅၀)

ဆတ်စ်ကွီဟာန်နာ၏ လူနာခန်းသည် အောက်ကုန်းပတ်တွင် တည်ရှိသည်။
သူတို့ရောက်သွားသည့်အခါ အရာခံဗိုလ်ဟာရစ္စက အမ်းစထရောင်းအား ခဏစောင့်
ခိုင်းထားခဲ့ပြီး သက်နက်ကိုင်အစောင့်များနှင့်သွား၍ စကားပြောသည်။ သူတို့က
သဘောတူခါမှပင် အကျဉ်းထောင် လူနာကုတင်ဆီသို့ ဝင်ခွင့်ရသည်။

ရောဘတ်အီဒင်သည် ခေါင်းအုံးတွေ အများအပြားထပ်၍ ခုထားသည့် အပေါ်၌
ခေါင်းတင်၍ လှဲနေသည်။ ဦးခေါင်းတွင်လည်း ပတ်တီးတွေ အထပ်ထပ် စီးထားသည်။
အရာခံဗိုလ်က ကုတင်ဘေး၌ ချထားသည့် ခွေးခြေကို လက်ညှိုးထိုးပြပြီး ထိုင်ခိုင်းသည်၊
ထို့နောက် ထပ်၍ အလေးပြုသည်။

'ငါးမိနစ် နေခွင့်ရှိပါတယ်၊ မစ္စတာ အမ်းစထရောင်း'ဟု ဟာရစ္စက ပြောသည်။

'ဆရာဝန်ကြီးတွေ ချမှတ်ပေးထားတဲ့ စည်းကမ်းအတိုင်းပါ'

'ကျေးဇူးဘဲ ... မစ္စတာဟာရစ္စ သိပ်ကိုကျေးဇူးတင်တယ်'

သူ့နောက်မှ အခန်းတံခါး ပိတ်သွားသည့်အခါ အမ်းစထရောင်းသည် ခွေးခြေ
တွင်ထိုင်ကာ အီဒင့်မျက်နှာကို ငြိမ်ဆိတ်စွာ ကြည့်နေမိသည်။ အီဒင်သည် လှုပ်ရှားခြင်း
မရှိ၊ မျက်လုံးအစုံကိုလည်း မဖွင့်၊ စောင်ထူထပ်စွာ ခြုံပေးထားသော်လည်း ခြေတစ်ဖက်
ကို ပတ်တီးအထပ်ထပ် စီးထားမှန်း မြင်ရုံမျှဖြင့် သိသာသည်။ ပါးနှစ်ဖက်စလုံးတွင်
ချွေးများ စို့လျက်ရှိသည်ကိုလည်း မြင်နေရ၏။ နောက်ဆုံးတွင် သူ့မျက်လုံးများ ပွင့်လာ
သည်။ သူ့အသက်ရှင်ရေးအတွက် များစွာလှုပ်ရှားရုန်းကန်နေရသည်ကို သူ့မျက်လုံး
များက ဖော်ပြနေကြသည်။

'ကျွန်တော်နဲ့ တွေ့ချင်တယ်ဆိုတာ သိရလို့ သိပ်ဝမ်းသာတယ် . . . ရော
ကျွန်တော် ခင်ဗျားရဲ့ သတ္တိကို ချီးကျူးပါတယ်'ဟု အမ်းစထရောင်း အီဒ
လက်မောင်းကို အသာအယာကိုင်၍ပြောသည်။ 'အမေရိကန်ရေတပ် ကျွန်တော

www.burmeseclassic.com

www.burmeseclassic.com

မြင်သလို မမြင်ကြဘူး။ သူတို့အနေနဲ့က ခင်ဗျားဟာ တင်းကြပ်စွာ ချထားတဲ့အမိန့်တွေကို ချိုးဖောက်ပြီး ဘေးအန္တရာယ်ကြီးမားအောင် လုပ်တယ်လို့ ဆိုကြမှာပဲ'

အီဒင်က ခေါင်းကိုအသာလှည့်ကာ၊ အမ်းစထရောင်းအား ကြည့်နေသည်၊ စကားတော့မပြော။

'ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်တော်ကတော့ ခင်ဗျားရဲ့ မြင့်မြတ်တဲ့ စေတနာကို နားလည်ပါတယ်၊ ဘုရားသခင်ရဲ့ မျက်လုံးတွေထဲမှာတော့ ခင်ဗျားဟာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးသမားတစ်ယောက်ပါ'

အီဒင့်ထံမှ စကားသံ မကြားရ၊ သာသနာပြု၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။

'ခင်ဗျား ဘေးအန္တရာယ် မဖြစ်ပဲ ပြန်ရောက်လာဖို့ ကျွန်တော် အကြိမ်ပေါင်းများစွာ ဆုတောင်းခဲ့ပါတယ် ရေဘတ်'ဟု အမ်းစထရောင်းက ဆက်ပြောသည်။ 'ဒါပေမယ့် ဆုတောင်းပြည့်လိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ရဲဘူး။ ခင်ဗျား သင်္ဘောကို ပြန်ရောက်လာတယ်လို့ ကြားလိုက်ရတော့ ကျွန်တော် သိပ်ဝမ်းသာသွားတယ်။ ခင်ဗျားရောကမ်းပေါ်မှာ အခက်အခဲတွေနဲ့ ကြုံတုန်းက ဆုတောင်းခဲ့သေးလား'

အီဒင်က သူ့ခေါင်းကို ဖြည်းညှင်းစွာခါသည်။ အမ်းစထရောင်းကတော့ ရုတ်တရက် ဘာဆက်ပြောရမှန်းမသိ၊ အတန်ကြာမှ 'အခုကော ခင်ဗျားအတွက် ကျွန်တော် ဆုတောင်းပေးရဦးမလား၊ ခင်ဗျားကော ကျွန်တော်နဲ့အတူတူ ဆုတောင်းချင်သလား'

'ဟင့်အင်း . . . ဆုမတောင်းတော့ပါဘူး . . . ကျေးဇူးတင်ပါတယ်'ဟု အီဒင်က ဖြည်းဖြည်းချင်း ပြောသည်။ 'အဲဒီကိစ္စမျိုးတွေမှာ ရှိနေတဲ့ . . . ကျွန်တော့်ခံစားချက်တွေဟာ မပြောင်းလဲဘူး'

အမ်းစထရောင်းသည် တစ်ခဏမျှ ဦးခေါင်းကိုငုံ့ကာ နှုတ်မှ တတွတ်တွတ်ရွတ်ဆိုလျက်ရှိသည်။ သူ ဆုတောင်းနေခိုက်တွင် အီဒင်သည် အပေါက်မှ လှမ်းမြင်နေရသော စိုပြည်စိမ်းလန်းသည့် အနောက်ဘက်ကမ်းခြေကို လှမ်းကြည့်နေသည်။

'ခင်ဗျား လုပ်မိခဲ့တဲ့ကိစ္စအတွက် စိတ်မကောင်း ဖြစ်နေသလား'

'မဖြစ်ပါဘူး'

'တခြား စိတ်ထိခိုက်စရာများ ရှိနေသေးလို့လား'

'သူတို့ . . . ဆင်တာရိုကို . . . သတ်ပစ်ကြတယ် . . . ကျွန်တော် စိတ်ပိုထိခိုက်ခဲ့ရတယ်'

အမ်းစထရောင်းသည် အီဒင့်ထံမှ ရသည့်သတင်းအတွက် စိတ်မကောင်းဖြစ်ရသည်။ သူသည် အီဒင်အား ကရုဏာမကင်းစွာဖြင့် ကြည့်နေသည်။

'အဲဒါကြောင့် . . . ကျွန်တော်နဲ့ . . . လာတွေ့ဖို့ . . . ခင်ဗျားကို မှာတာပါ'ဟု

အီဒင်က ဖြည်းဖြည်းချင်း ဆက်ပြောသည်။ 'ဆင်တာရိုဟာ . . . လူရိုးတစ်ယောက်ပါ...၊ ဒါပေမယ့် . . .သူက အသိဉာဏ်ရှိတဲ့ လူတွေသာ နားလည်တဲ့ဟာမျိုးတွေကို နားလည်တယ်၊ သူ သေရတာဟာ . . . အဲဒါကြောင့်ပါ . . .'

'ကျွန်တော် အဲဒီကိစ္စမှာ ဘယ်လိုကူညီနိုင်မလဲ'ဟု အမ်းစထရောင်းက ပြန်မေးသည်။ 'ကျွန်တော် လုပ်ပေးနိုင်တာ အားလုံးလုပ်ပေးပါ့မယ်'

'သူသေတာကို . . . သိတဲ့လူတွေက . . . ဘယ်သူမှ ဂရုမစိုက်ကြဘူး . . . သူ့အလောင်း ဘယ်ထဲကျသွားတယ်ဆိုတာတောင်မှ မသိကြဘူး . . .' အီဒင်သည် မောလာသဖြင့် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ 'သူ့ဇနီးနဲ့ သားသမီးတွေက . . . အနောက်ဖက်ကမ်းခြေက . . . ယူရှူတာကီ . . . လို့ခေါ်တဲ့ . . . ရွာတစ်ရွာမှာ . . . နေကြတယ်။ သူ . . . ရဲပွဲစွန့်စားစွာနဲ့ သေသွားရတယ်ဆိုတာ သူတို့သိသင့်တယ်'

'ကျွန်တော်က သူတို့ဆီကို အကြောင်းကြား ပေးစေချင်သလား'

အီဒင်က ခေါင်းညိတ်ပြသည်။ 'ဆင်တာရိုဟာ သူ့နတ်ဘုရားတွေဆီမှာ ဆုတောင်းလေ့ရှိတယ် . . . သူ့အတွက် ခင်ဗျားက တစ်ခါတစ်လေ ဆုတောင်းပေးပါ'

'ကျွန်တော် ဆုတောင်းပေးပါ့မယ်'ဟု အမ်းစထရောင်းက ပြောသည်။ 'သူ့မိသားစုဆီကိုလည်း အကြောင်းကြားပေးပါမယ်'

'သူ ဘယ်လိုသေရတာလဲ'

'သူတို့က . . . ဆင်တာရို့ခေါင်းကိုဖြတ်ပြီး . . . မီးတောင်ဘေးဖက်က တွင်းကြီးထဲ . . . ပစ်ချလိုက်တယ်'

'ဘာပြုလို့ သူတို့က အဲသလို လုပ်ကြတာလဲ'

'နိုင်ငံခြားသား ... လူရိုင်းတွေနဲ့ပေါင်းလို့ ... တဲ့'

'သူ့အလောင်းက ဘယ်မှာလဲ'

အီဒင်က အပေါက်ဆီသို့ လှမ်းကြည့်ကာ ခေါင်းဆတ်ပြသည်။ သူ ပြသည့်မှာ ဖူဂျီတောင် ... 'ကျွန်တော်တို့ ...တောင်ပေါ်ကို ... အတူတူ ... တက်ကြတာ ...'ဟု ပြောကာ မျက်လုံးများကို မှိတ်ထားသည်။'တောင်ထိပ်ကို ... မရောက်ကြဘူး ... သူတို့က ထောင်ချောက်ဆင်ထားတယ်'

အမ်းစထရောင်းသည် အီဒင့်စကားကို မယုံကြည်သလို ဖြစ်သွားသည်။ လက်ဖတင်နင်အီဒင်သည် ဒဏ်ရာများကြောင့် ဂယောင်ချောက်ခြားဖြစ်ကာ ပြောနေလေသလား . . . 'ခင်ဗျား တကယ်ကို ဖူဂျီတောင်ပေါ် တက်ခဲ့သလား . . . ရေဘတ် တကယ်ဟုတ်ရဲ့လား'

အီဒင်က ခေါင်းညိတ်သည်။ 'တောင်ပေါ်မတက်ခင်မှာ . . . ဆင်တာရိုကို ကွန်မိုဒိုဆီ . . . သတင်းတစ်ခု ပို့ခိုင်းဖို့ ကြိုးစားခဲ့သေးတယ်၊ သတင်းက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့တာ ပြောပြဖို့ပါ၊ ချောက်ကမ်းပါးတွေပေါ်မှာ ချထားတဲ့ ဂျပန်အမြောက်တွေ အများစုဟာ အတုလုပ်ထားတဲ့ သစ်သားအမြောက်တွေပါ၊ သူတို့အနေနဲ့ ကျွန်တော်တို့ကိုကြောက်လန့်ပြီး လုပ်ထားတာပါ၊ သူတို့ရဲ့ ကာကွယ်ရေးအစီအစဉ်တွေက သနားဖို့တောင် ကောင်းပါတယ်'

'ကျွန်တော် ဖူဂျီ ... တောင်ပေါ်တက်တာ ... ကိုယ့်အကြောင်းနဲ့ကိုယ်ပါ ... တစ်ယောက်တည်း တက်ဖို့ပါ....၊ ဒါပေမယ့် ... ဆင်တာရိုက ကျွန်တော့် အမိန့်မနာခံပဲ လိုက်လာခဲ့တာပါ၊ ကျွန်တော်တို့ တောင်ထိပ်ရောက်ခါနီးမှာ သူတို့က တွေ့သွားပြီး ဝိုင်းတိုက်ကြတာပါ'

အီဒင့်စကားကြောင့် အမ်းစထရောင်းသည် အပြင်ရှိ ဖူဂျီတောင်ကို လှမ်းကြည့်မိပြန်သည်။

'ဒါဆိုရင် ခင်ဗျားသင်္ဘောကို ဘယ်လို ပြန်ရောက်လာတာလဲ'ဟု မေးသည်။

အီဒင်သည် ရုတ်တရက် အဖြေမပေးနိုင်။ အချိန်အတန်ကြာမျှ ငြိမ်နေသည်။ ထို့နောက် မှိတ်ထားသည့် မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

'ရိုးရာအဖွဲ့ဝင် လူတွေ ... သူတို့ချင်း ... တိုက်ကြတယ်၊ တချို့က ... ကျွန်တော်တို့ကို ... တိုက်ချင်ကြတယ် ... ကျန်တဲ့လူတွေက ... အဲဒီလူတွေကို ... တားကြတယ်၊ ကျွန်တော့်ကို ... မိသွားတော့ ... ပေါတစ်ခုပေါ် ... ဝုက်တင်ပြီး ... ကမ်းခြေဘက် ခေါ်သွားတယ်'

'ပြီးတော့ ဘယ်လိုလွတ်လာသလဲ'

'ကျွန်တော် ... မလွတ်ဘူး၊ ကျွန်တော့်ကို ဖမ်းသွားတဲ့ လူစုကို နောက်တစ်ဖွဲ့က ဝင်တိုက်တယ်၊ သူတို့က ဖမ်းပြီး ဒီသင်္ဘောကို သူတို့ဖာသာသူတို့ လာပို့သွားတာ'

အမ်းစထရောင်းသည် ချက်ခြင်းပင် ကြုံခဲ့ရသည်များကို ပြေး၍သတိရသည်။

'အခုမှပဲ ရှင်းသွားတယ်၊ ကျွန်တော်တို့အားလုံး ပျက်စီးမယ့် ဘေးကြီးတစ်ခုက သီသီကလေးကပ်ပြီး လွတ်လာခဲ့တာပါလား။ ကျွန်တော်တို့အနေနဲ့ စိတ်ဓါတ်ကောင်းတဲ့ လူမျိုးတွေကိုသွားပြီး ခြိမ်းခြောက်တာဟာ အလွန်ကြီးမားတဲ့ အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့ကြတာပဲ'

အီဒင်က ခေါင်းညိတ်သည်။ 'သူတို့ဟာ . . . ခေတ်နောက်ကျချင် ကျမယ်၊ ဒါပေမယ့် သူတို့ဟာ သတ္တိကောင်းတယ်၊ ရဲရင့်တယ်၊ မာန်မာနရှိတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်နိုင်ငံထဲမှာ တိုင်းရင်းသားအင်ဒီးယန်းတွေအပေါ်မှာ ဒီအမှားမျိုးတွေ ကျူးလွန်ခဲ့ပြီးပြီ . . .'

အမ်းစထရောင်းသည် လက်ဖတင်နင်ရောဘတ်အီဒင်အား အချိန်အတော်ကြာမျှ [illegible]ကြည့်နေသည်။ 'ခင်ဗျား ဘာပြုလို့ ဖူဂျီတောင်ပေါ်ကို တက်ရတာလဲ . . . ရောဘတ်'

ဟုမေးသည်။

'ဘယ်လိုစိတ်နဲ့ ဒီလိုအထူးအဆန်း အလုပ်တစ်ခုကို လုပ်ရတာလဲ'

'ကျိုးကြောင်းဆီလျော်အောင်တော့ . . . ကျွန်တော် ရှင်းမပြတတ်ဘူး'ဟု အီဒင်က ပြောသည်။ 'ကျွန်တော်တို့ ပထမဆုံး ဒီကိုရောက်လာတော့ ဖူဂျီကို မြင်ခဲ့တယ်။ လရောင်ထဲမှာ အင်မတန်လှတဲ့ အမြင်အာရုံတစ်ခုပါ။ အဲဒီညက ကျွန်တော် အလွန့်ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်ခဲ့တယ် . . . အိပ်မက်က ဖူဂျီတောင်အကြောင်းပဲ အဲဒီကတည်းက ကျွန်တော့်စိတ်ထဲမှာ အင်အားအလွန်ကြီးမားတဲ့ ခံစားမှုတွေ ဝင်လာခဲ့ပါတယ်'

'ဘယ်လို ခံစားမှုမျိုးတွေလဲ'

'အလွန်ထူးဆန်းတဲ့ နားလည်မှုတစ်ခုပေါ့ . . . ဆီးနှင်းတွေကြားထဲက ဖူဂျီတောင်ထိပ်ပေါ်မှာ ကျွန်တော် . . . ရောက်နေတယ် . . . ညရဲ့ကောင်းကင်လွှာကြီးကို ကျွန်တော်ဆွဲချပြီး တစ်ကိုယ်လုံးမှာ ပတ်ထားတယ်။ အဲဒီအိပ်မက်ကို နေ့စဉ်မှတ်တမ်းထဲမှာ ရေးထားဖို့ ကျွန်တော်ကြိုးစားခဲ့သေးတယ်'

အီဒင်သည် ခေါင်းအုံးပေါ်မှ ဦးခေါင်းကိုထူသည် 'ခင်ဗျားနားလည်မှာ မဟုတ်ဘူး၊ မစ္စတာ အမ်းစထရောင်း'ဟု ပြောသည်။ 'အခုမှ ကျွန်တော်ပိုသိလာတယ်၊ အဲဒီ ခံစားမှုတွေကြောင့် ကျွန်တော်ကမ်းခြေဆီ ရေကူးပြီး တက်သွားခဲ့တာ'

အမ်းစထရောင်းသည် စိတ်လှုပ်ရှားနေသော အီဒင်ကိုကြည့်ကာ စိတ်ပူလာသည်။ ကပြာကရာထ၍ အီဒင့်ပခုံးများကိုကိုင်ကာ အိပ်ရာပေါ် ပြန်လှဲသွားအောင် အားထုတ်သည်။ သို့သော်လည်း မရ။ အီဒင်သည် ဖျတ်ခနဲ ထိုင်ကာ အပေါက်မှနေ၍ အပြင်သို့ မျှော်ကြည့်နေသည်။

'ကျွန်တော်တို့ဟာ ကြောက်စရာ အလွန်ကောင်းတဲ့ အမှားတွေကိုပဲ ထပ်တလဲလဲ လုပ်နေခဲ့ကြတာပဲ၊ အဓိပ္ပာယ်မရှိပဲ တစ်ယောက်ကိုတစ်ယောက် သတ်ကြ၊ ဖြတ်ကြ၊ ဒုက္ခရာအနာတရဖြစ်အောင် လုပ်ကြနဲ့၊ မှားပြီးရင်း မှားနေကြတုန်းပဲ၊ ဘာကြောင့်လည်းဆိုတော့ ရိုးရိုးရှင်းရှင်းကလေး ရှိနေတဲ့အမှန်တရားကို နားမလည်ကြလို့ပါ'

'ကျွန်တော့်လူတွေရဲ့ သဘောသဘာဝတွေထဲမှာ ဆိုးဝါးတဲ့ အပိုင်းတစ်ပိုင်းက ရှိနေတယ်၊ အဲဒီအပိုင်းက သတ်ဖြတ်နေရတဲ့ အလုပ်ကို သိပ်ပြီးနှစ်သက်တယ်၊ ဒါပေမဲ့ အဲဒီဆိုးယုတ်မှုကို ကျော်လွှားအောင်မြင်နိုင်ပါတယ်' သူသည် စကားဆက်တိုက်ပြောလိုက်ရသဖြင့် ပင်ပန်းသွားဟန်ရှိ၏။ ဖျတ်ခနဲ စကားကိုဖြတ်ကာရပ်ထားသည်။

'အဲဒါကို ကျွန်တော်တို့နားလည် သဘောပေါက်အောင် မကြိုးစားကြရင် ဘဝရဲ့ အလှတွေအားလုံးဟာ နောက်ဆုံးမှာ ပျက်စီးခြင်းနဲ့ ကြောက်မက်ဖွယ်ကောင်းခြင်း ဆိုတဲ့ အဆိုးတရားတွေရဲ့ ဝါးမျိုခြင်းကို ခံရပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

'ခဏနေပါဦးလား ရောဘတ်အီဒင်၊ ခင်ဗျားခဏနားလိုက်ပါဦး'ဟု အမ်းစထရောင်းက ချော့ချော့မော့မော့ပြောသည်။

အီဒင်အနေဖြင့် ရှိသမျှခွန်အား ကုန်ခမ်းသွားဟန်တူ၏။ သူသည် ခေါင်းအုံးများထက်သို့ ပြန်၍လဲကျသွားသည်။ 'ကျွန်တော့်ဒဏ်ရာတွေ သိပ်ပြင်းထန်တယ်ဆိုတာ ကျွန်တော် ... သိ ... သိပါတယ်'ဟု ပြောသည်။ 'ကျွန်တော် ... နောက်ဆုံးတစ်ခု မေတ္တာရပ်ခံပါရစေ။

'ပြောပါ ... ရပါတယ်'

'ဒီခရီးတစ်လျှောက်လုံး ရေးလာခဲ့တဲ့ ကျွန်တော့်နေ့စဉ်မှတ်တမ်းစာအုပ်၊ ကျွန်တော့်အခန်းထဲမှာရှိပါတယ်၊ တကယ်လို့ ဒီဒဏ်ရာတွေကြောင့် ကျွန်တော် သေသွားရင် အဲဒီစာအုပ်ကို ခင်ဗျားယူပါ၊ ကျွန်တော့်သား ဂျိုနသန် အရွယ်ရောက်လာတဲ့အခါ၊ သူ့ကို ဖတ်ပြပါ ... ပြီးရင် ခင်ဗျားသိထားသမျှကို ရှင်းပြပေးပါ'

'တာဝန်ယူပေးပါ့မယ်'

ထိုခဏမှာပင် လူနာအခန်းတံခါးပွင့်သွားပြီး အတွင်းသို့ အရာခံဗိုလ်ဟာရစ္စ ဝင်လာသည်။ အမ်းစထရောင်းအား အလေးပြုကာ ဘေးတစ်ဖက်သို့ ရွှေ့ရပ်သည်။

'ပေးထားတဲ့အချိန် ငါးမိနစ်ပြည့်သွားပါပြီ မစ္စတာအမ်းစထရောင်း ပြန်ဖို့ မေတ္တာရပ်ခံပါတယ်'

သာသနာပြုသည် ထိုင်ရာမှ ထရပ်လိုက်သည်။ အီဒင်အား သောကအလွန်မကင်းသည့် မျက်နှာထားဖြင့် ငုံ့ကြည့်သည်။ 'ခင်ဗျားပြန်ပြီး နေကောင်းလာအောင်ရော၊ ဆင်တာရိုရဲ့ ဝိညာဉ်အတွက်ပါ ကျွန်တော်ဆုတောင်းပေးပါမယ်။ လောလောဆယ်မှာတော့ . . . ခင်ဗျားကို ဘုရားသခင်က ကောင်းချီးပေးတော်မူပါစေ'

'ကျေးဇူးတင်ပါတယ် . .. မစ္စတာအမ်းစထရောင်း'ဟု အီဒင်က ပြန်ပြောသည်။ သူသည် မစ္စတာအမ်းစထရောင်းဘက်သို့ လှည့်မကြည့်။ 'တစ်နေ့ကျရင် ကျွန်တော် ဆင်တာရိုကို ဂုဏ်ပြုတဲ့အနေနဲ့ ဖူဂျီတောင်ကို တက်ရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အဲဒီတစ်ခေါက်ဆိုရင် ကျွန်တော်တောင်ထိပ်ကို မရောက်ပဲ မနေဘူး၊ ရောက်ကို ရောက်ရမယ်'

အမ်းစထရောင်းက အီဒင့်ပခုံးကို နှုတ်ဆက်သည့်အနေဖြင့် အသာအယာတို့သည်။ ထို့နောက် အရာခံဗိုလ်၏နောက်မှလိုက်သွားသည်။ သူသည် တံခါးကို မပိတ်မီ နောက်သို့တစ်ကြိမ် လှည့်ကြည့်သည်။ အီဒင်သည် အိပ်ရာထက်တွင် ငြိမ်ဆိတ်စွာ လဲလျောင်းလျက်ရှိသည်။

အီဒင့်မျက်နှာသည် ဖြူဖတ်ဖြူယော် အမ်းစထရောင်း၏စိတ်ဘွင် အီဒင် တစ်ယောက် အသက်ရှူရပ်သွားပြီဟု ထင်နေမိ၏။ အီဒင့်မျက်လုံးအစုံသည် ပွင့်နေ

သော်လည်း မျက်တောင်ခပ်ခြင်းမရှိဟု သူထင်သည်။ အီဒင်သည် ဆီးနှင်းများ ဆောင်းထားသည့် တောင်ထိပ်ကို ကြည့်နေလေသလား။

ဆတ်စ်ကွဲဟန်နာ အပါအဝင် သင်္ဘောလေးစီးသည် ယီဒိုပင်လယ်အော် တလျှောက် အောက်ဘက်သို့ ရွေ့လျားလျက်ရှိ၏။ စစ်သင်္ဘောကြီးများ ဦးတည် နေကြသည်မှာ ပစိဖိတ်သမုဒ္ဒရာဆီသို့ . . . .

မောင်ထွန်းသူ

၁၊ စက်တင်ဘာလ–၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ

ဤကဲ့သို့သော ဝတ္ထုကြီးတစ်ပုဒ်ကို ရေးရာ၌ တစ်ခုတည်းသော သမိုင်းဖြစ်ရပ် အပေါ်၌သာ အဓိကထား၍ အခြေခံရပါသည်။ သို့ဖြစ်ရာ ဝတ္ထုနှင့်သမိုင်းကြား ကွာခြားမှု နှင့်ပတ်သက်၍ ဘယ်နေရာ၌ မျဉ်းသားရမည်ကို အငြင်းပွားဖွယ်ရာများ ပေါ်လာကောင်း ပေါ်လာနိုင်ဖွယ်ရာရှိပါသည်။ ဤဝတ္ထုတွင်ပါရှိသည့် ဂျပန်နှင့်အမေရိကန်ကြား ပထမဆုံး ဖြစ်ပွားခဲ့ရသည့် ဓာတ်ဆန်ဆန်ပဋိပက္ခ၏ အချက်အလက်များမှာ လူသိ သိပ်မများ သေးပါ။

ဥပမာပြရလျှင် ထိုဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် နှစ်ပေါင်းများစွာကြာခါမှ ထို ဖြစ်ရပ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော ဂျပန်ဆာမူရိုင်းတစ်ဦးက ကူရိုပြာမာရှာ၌ ကျင်းပပြုလုပ်ခဲ့စဉ်က မဏ္ဍပ်အောက်၌ လျှို့ဝှက်၍ တွင်းတစ်တွင်း တူးထားခဲ့သည့် အချက်ကို ဖော်ထုတ်ပြောပြခဲ့ပါသည်။

ထိုစဉ်က လူသတ်ဓါးများ ကိုင်စွဲထားသည့် လက်နက်ကိုင်စစ်သည်များသည် အမှန်အတိုင်း ပြောရမည်ဆိုပါက ကွန်မိုဒိုပါရီထိုင်နေသည့် ကုလားထိုင်အောက် တွင်းထဲ၌ ဝပ်နေကြခြင်းဖြစ်၏။ အမှန်တော့ ပါရီသည် ထိတ်လန့်တကြား ဖြစ်နေ ရှာသော အိမ်ရှင်များအား အတင်းအကြပ်ပြုကာ ရှေးယခင်က အစဉ်အလာမရှိခဲ့သော အထူးအခွင့်အရေး တစ်ရပ်ကို ရယူခဲ့သူ ဖြစ်ပေသည်။

နောက်ပိုင်းတွင် ထိုစဉ်က ကွန်မိုဒိုကိုယ်တိုင် စီးနင်းလိုက်ပါလာသော 'ဦးစီး သင်္ဘော' (Flagship) ဆတ်စ်ကွီဟာန်နာ ပေါ်သို့ စေလွှတ်ခြင်းခံခဲ့ရသည့် ဆာမူရိုင်း တစ်ဦးကလည်း အဖြစ်မှန်တစ်ခုကို ပြောပြခဲ့သည်။ ဒုတိယအခေါက် သွားခဲ့ရသည့်အခါ အဓိပ္ပါယ်ကင်းမဲ့သည့် လူသတ်မှု ကျူးလွန်သော အနေအထားမျိုး ရောက်သွားတော့ မလိုဖြစ်ခဲ့ရပါသည်ဟု သူက ထုတ်ဖော်ဝန်ခံခဲ့လေသည်။

မြန်မာ့ဂူစာစုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု စစ်သင်္ဘောများ ဆိုက်ရောက်လာခဲ့သည့် သမိုင်းဝင်ညက ကောင်းကင်ယံတွင် အလွန်ထူးဆန်းသည့် အပြာရောင်အလင်းတန်းကြီးတစ်ခု အလွန်တောက်ပစွာ ပေါ်ပေါက်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ဤဖြစ်ရပ်ကို ဂျပန်သမိုင်းမှတ်တမ်းစာအုပ် အများအပြားတွင် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရသည်။ ဤတစ်ချက်မှာ စိတ်ကူးယဉ်မှုထက်ပို၍ ဆန်းကြယ်သော ဖြစ်ရပ်တစ်ခု ဖြစ်ပေသည်။

အမှန်တော့ သမိုင်းဝတ္ထုဆိုသည်မှာ သမိုင်းနှင့်ခြားနားသော ပုံသဏ္ဌာန် (သို့မဟုတ်) ပုံစံ (Form) တစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းပညာရှင်များ ကိုယ်တိုင်က အကြောင်းအရာများကို စိတ်ကြိုက်ရွေးချယ်ကာ သူတို့ဝတ္ထုများကို မိမိတို့လိုရာ ရှုဒေါင့်မှ အမြင်များဖြင့် ရေးထားခြင်းကြောင့်ပေတည်း။ တကယ်တော့လည်း ထိုဖြစ်ရပ်များ ဖြစ်ပွားခဲ့စဉ်က ကျွန်တော်တို့သည် ထိုနေရာ၌ ရှိနေခဲ့ကြသည်မဟုတ်။

သို့တစေလည်း ရေကြောင်းအတိမ်အနက်ကို တိုင်းတွာသည့် ဖြစ်ရပ်များမှာ အမှန်တကယ်ပြုလုပ်ခဲ့သည့် လုပ်ရပ်များ ဖြစ်ပေသည်။ ဤနေရာတွင် ကျွန်တော်ပြောလိုသောအချက်မှာ ဤဝတ္ထုတွင်ပါရှိသော ဇာတ်ကောင်အားလုံး၏ အမည်များသည် ကျွန်တော့်စိတ်ကူးမှ ထွက်လာသောအမည်များ ဖြစ်ပါသည်။ ချွင်းချက်ဟူ၍ တစ်ခုတည်းသာရှိရာ ယင်းမှာ အဓိကဇာတ်ဆောင် ကွန်မိုဒိုမက်သူးကဲလ်ဘရိတ်ပါရီ ဖြစ်သည်။

ပါရီနှင့်ပတ်သက်နေသည့် ဖြစ်ရပ်အများစုသည် စာရေးဆရာတစ်ဦး၏ စိတ်ကူးယဉ်မှုမှ ဖန်တီးပေါက်ပွားလာသည်ဟု ထင်မှတ်ဖွယ်ရာရှိသော်လည်း အမှန်အားဖြင့် တကယ်ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များက ပိုများပါသည်ဟု ဆိုနိုင်စရာ ရှိလေသည်။ ထို့ပြင်လည်း ဤဝတ္ထုထဲ၌ ပါရှိနေသည့် သူ့ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များမှာလည်း တကယ့်ဘဝ ဖြစ်စဉ်များထဲ၌ သူနှင့်တွဲဖက် ပါဝင်ခဲ့ကြသူများဖြစ်သော်လည်း ဝတ္ထုဇာတ်ကောင်များအဖြစ်သာ ရယူထားခြင်း ဖြစ်လေသည်။

သမိုင်းတွင် အလွန်ထူးခြားခဲ့သည့် ဤဖြစ်ရပ်များနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သည့် အချိန်ကာလ၊ ဖြစ်ပွားခဲ့ရာ နေရာဒေသနှင့် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်များ (စကြဝဠာအတွင်းမှ ဖြစ်ပေါ်လာသည့် သဘာဝဖြစ်စဉ် အပါအဝင်)အပေါ် ကျွန်တော်အပီအပြင် နားလည်နိုင်ရေးအတွက် ကျွန်တော်အမှီပြုခဲ့ရသည့် ပုဂ္ဂိုလ်များ၊ စာအုပ်စာတမ်း အများအပြားရှိခဲ့ပါသည်။

ကျွန်တော့်အတွက် ကျေးဇူးအကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးမှာ 'လူရိုင်းများ ရောက်ရှိလာပြင်း၊ ဂျပန်နိုင်ငံတွင်း၌ အနောက်ပိုင်းဒေသမှ အခြေလာချသူတိုင်း၏

တတ်လမ်း ၁၈၅၃-၁၈၇၀' 'The Coming of the Barbarians. The Story of Western Settlement in Japan 1853-1870' အမည်ရှိ ထူးခြားထင်ရှားသော စာအုပ်ရေးခဲ့သူ စာရေးဆရာပက်ဘား (Pat Barr) ဖြစ်ပါသည်။

ယင်းစာအုပ်ကို ဗြိတိန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၌ ၁၉၆၀-ပြည့်နှစ်များအတွင်း ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က အကောင်းဆုံးသော ဂျပန်သမိုင်းစာအုပ်ဖြစ်သည်။ ဤဝတ္ထုအတွက် လန်ဒန်စာကြည့်တိုက်များသို့ လှည့်လည်သွားလာပြီး သုတေသနလုပ်နေစဉ်အတွင်း ထိုစာအုပ်သည် ကျွန်တော့်လက်ထဲရောက်လာခဲ့ခြင်း ဖြစ်လေသည်။

တစ်ရက်တွင် ကျွန်တော်သည် ကျွန်တော့်မွေးရပ်ဇာတိ နော်ဝစ်ချ်မြို့သို့ အလည်ရောက်သွားခဲ့ရာ မြို့ထဲရှိ စာအုပ်အရောင်းသမားတစ်ဦးက စာရေးဆရာပက်ဘားမှာလည်း နော်ဝစ်ချ်မြို့သားပင် ဖြစ်သည်ဟု ပြောပြခဲ့သည်။ ထိုစဉ် ပက်ဘားသည် ဂျပန်နိုင်ငံ၌ နှစ်ပေါင်းများစွာ သွားရောက်နေထိုင်ခဲ့ခြင်း အပါအဝင် နိုင်ငံရပ်ခြားတိုင်းပြည်များ၌သာ အချိန်ကုန်လျက်ရှိသဖြင့် နော်ဝစ်ချ်သို့ ပြန်ရောက်မလာခဲ့။

မကြာသေးခင်ကမှ ပက်ဘားသည် နော်ဝစ်ချ်သို့ပြန်လာပြီး နေထိုင်သည်။ ကျွန်တော်နှင့်တွေ့ဖို့ ချိန်းလိုက်သည့်အခါ အဆင်ပြေသည်။ လူချင်းဆုံမိကြသည့်အခါ သူမနှင့်ကျွန်တော်သည် ကလေးဘဝက ဗိုက်ဟောလမ်းထောင့်တွင် တစ်အိမ်နှင့်တစ်အိမ် ကိုက်နှစ်ဆယ်အကွာ၌ နေထိုင်ခဲ့ကြဖူးသည်ကို စကားစပ်မိခဲ့ပြီး သိရှိခဲ့ကြရပါသည်။

တကယ်တော့ ကျွန်တော်တို့နှစ်ယောက်သည် တစ်နှစ်၊ နှစ်နှစ်ခန့်၊ တစ်ကျောင်းတည်း အတူတူ တက်ခဲ့ဖူးသည်။ နှစ်ဦးစလုံး၏ မိဘများနှင့်မိသားစုများသည် အချင်းချင်း သိကျွမ်းကြသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့နှစ်ယောက်သည် ကျောင်းသို့ အခြားကလေးများနှင့်အတူ လမ်းလျှောက်၍ သွားလေ့ရှိကြသည်။

ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ကြပြီး နောက်ပိုင်း မကြာခင်မှာပင် ပက်သည် အသက်ဆုံးဖို့နီးသည့် ရောဂါတစ်ခု ရရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် ဂျပန်နှင့်ပတ်သက်၍ သူ့အသိ၊ သူ့အမြင်များကို ဆွေးနွေးသိနားလည်ခွင့် ရခဲ့ပါသည်။ ပက်သည် တရုတ်နှင့်အိန္ဒိယနိုင်ငံများအကြောင်း စာအုပ်အတော်များများ ရေးခဲ့ဖူး၏။ ဂျပန်နှင့်ပတ်သက်၍ The Deer Cry Pavilion - A Story of Westerners in Japan 1868-1905 အမည်ရှိ စာအုပ်တစ်အုပ်လည်း ရေးသားခဲ့ဖူးသည်ဖြစ်ရာ ထိုစာအုပ်မှာလည်း စာအုပ်ကောင်းအဖြစ် အသိအမှတ်ပြု ခံခဲ့ရလေသည်။

ထို့နောက် ပက်သည် ဆယ့်ကိုးရာစု၏ဝတ္ထုတစ်ပုဒ်ဖြစ်သော 'ကင်ချိုရို (Ko[illegible]o)'

www.burmeseclassic.com

www.burmeseclassic.com

ကိုရေးသားခဲ့သည်။ ယင်းစာအုပ်များသည်လည်း ဂျပန်နိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာ၌ ထင်ရှားကျော်ကြားခဲ့သော စာအုပ်များပင်ဖြစ်၏။ သို့ဖြစ်ရာ ကျွန်တော့်အဖို့ ကြီးမားထူးခြားသော နားလည်မှုများကို အများကြီးရရှိခဲ့ပါသည်။

ဤဝတ္ထုအတွက် နောက်ခံကားရှာဖွေရာ၌ များစွာအထောက်အကူပြုခဲ့သော သမိုင်းစာအုပ်များလည်း ရှိပါသည်။ ယင်းတို့အထဲတွင် **'Narrative of the Expodition an American Squadron to the China Seas and Japan — performed in the years 1852, 1853 and 1854 by Francis L. Hacoks (New York, 1856) The Mikado's Empire, Book 1, History of Japan 660 BC to 1872 (New York, 1887) by Willam Eliot Griffs, India, China and Japan (1857) by Bayard Taylor** (သူသည် သင်္ဘောနက်ကြီးများနှင့် လိုက်ပါသွားခဲ့ဖူးသည်)နှင့် **A Journal of the Perry Expedition to Japan published by Wills Williams** (သင်္ဘောနက်ကြီးများတွင် ပါသွားခဲ့သည့် စကားပြန်)စသည်တို့ ပါဝင်လေသည်)

ဤဘက်ခေတ်ကျခါမှ ထုတ်ဝေခဲ့သော **Black ships off Japan by Arthur Walworth** စာအုပ်သည်ထူးခြားသည်။ အလားတူ ထူးခြားထင်ရှားခဲ့သည့် မက်သူးကဲလ်ဘရိတ်ပါရီ၏ အတ္ထုပ္ပတ္တိ စာအုပ်နှစ်အုပ်မှာ **Old Bruin by S.E Marrism** နှင့် **The Great Commodre by EdM Barrows** တို့ဖြစ်ပေသည်။

ဂျပန်တို့၏သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ အခြားသောအမြင်များအတွက် ကျွန်တော် ကျေးဇူးတင်ရမည့်ပုဂ္ဂိုလ်များမှာ လန်ဒန်မြို့ဗြိတိသျှစာကြည့်တိုက်မှ အရှေ့တိုင်းနှင့် အိန္ဒိယဆိုင်ရာပစ္စည်းများ စုဆောင်းရေးဌာန ဒါရိုက်တာအင်သိုနီဖာရင်တန်ဖြစ်သည်၊

နောက်ဆုံး အလွန်ဝမ်းနည်းကြေကွဲစွာဖြင့် ကျေးဇူးတင်ရှိကြောင်း ကျွန်တော် မှတ်တမ်းတင်ရမည့်ပုဂ္ဂိုလ်မှာ အသက်နှစ်ဆယ့်နှစ်နှစ်မျှသာရှိသေးသော ကျွန်ုပ်၏ ဇနီးသည် ရှာလေဖြစ်ပေသည်။ ကျွန်ုပ်၏ဇနီးသည်မှာ ဤဝတ္ထုအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နေစဉ်အတွင်း ကင်ဆာရောဂါနှင့် ခင်းရသည့်စစ်ပွဲ၌ ရဲရင့်စွာ ခုခံတိုက်ခိုက်ရင်း ကွယ်လွန်သွားခဲ့ရရှာပေသည်။

ကျွန်ုပ်ရေးသားခဲ့သည့် **'ပီကင်းမှဓါးစာခံ Hostage in Peking'** စာအုပ်မှ ဤစာအုပ် **'တိုကျို Tokyo Bay'** အထိ အားလုံးပေါင်း ဆယ်အုပ်ရှိခဲ့ရာ ကျွန်ုပ်၏ ဇနီးသည် ရှာလေသည် စာအုပ်များ ပြီးစီးရေးအတွက် အားပေးခြင်းနှင့်အပြုသဘော ဆောင်သုံးသပ်ပေးခြင်း စသည်များကို ပြုလုပ်ပေးခဲ့ပါသည်။

ဤသို့သော အားပေးကူညီမှုကို လင်မယားချင်း တရားဝင်ကွာရှင်းပြီးသည့် နောက်ပိုင်းတွင်လည်း ဆက်လက်၍ ရရှိနေခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့ ဇနီးမောင်နှံသည်

နွေးထွေးသော မိတ်ဆွေဘဝကို တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရလိမ့်မည် ဖြစ်ပါသည်။ ကျွန်ုပ်နှင့်ကျွန်ုပ်တို့၏သမီးနှစ်ယောက်ဖြစ်သော ကလာရစ်ဘာနှင့်လူစီတို့ အဖို့တော့ ထာဝစဉ် လွမ်းဆွတ်တသတမ်းတ နေရမည့်သူဖြစ်ပါ၏။

Anthony Grey

လန်ဒန်–နွေဦး၊ ၁၉၉၆

www.burmeseclassic.com

www.burmeseclassic.com

"ဂေ" ဆိုတာ

အနုပညာဖြစ်ပြီး

"ရှာ" ဆိုတာ

တတ်ကျွမ်းနားလည်သူလို့ အဓိပ္ပာယ်

"ဂေရှာမယ်" ဆိုတာ မိမိတို့ ခန္ဓာကိုယ်ကို

ရောင်းစားတဲ့ ပြည့်တန်ဆာမဟုတ်ဘဲ

ယောကျ်ားတွေကို ဖျော်ဖြေပေးတဲ့ အနုပညာရှင် . . .

MEMOIRS OF A

GEISHA

ARTHUR GOLDEN

ရဲမြလွင်

မြန်နှာစာအုပ်တိုက်
ဖုန်း- ၇၀ ၁၀ ၃၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တိုကျို

မောင်ထွန်းသူ



TOKYO BAY

BY ANTHONY GREY

www.burmeseclassic.com